ပိဋကတ္တယ၊ ဓမ္မပရိယတ်
ဟောတိုင်းတတ်၍၊ ပဋိပတ်ဂုဏ်၊ လောက်လုံထင်ပေါ်
တိုင်းလုံးကျော်သော၊ လဒ္ဓိပေသလ၊ သိက္ခာကာမ
သီလဝန္တအစစ် ဖြစ်တော်မူသော

## သီးလုံးဆရာတော်ဘုရားကြီး

ရေးသားပြုစုတော်မူအပ်သော

# ဂမ္ဘီရတ္ထဒေသနာ

ပဌမပိုင်း, ဒုတိယပိုင်း, တတိယပိုင်းနှင့် စတုတ္ထပိုင်း၊
၄-ပိုင်းလုံးကို ၁-အုပ်တည်းပေါင်းထားသည်။

BUDDHIST LITERATURE GROUP
B.L.G
ဗုဒ္ဓစာပေအဖွဲ့

ကောဇာ ၁၃၇၂ သာသနာတော်နှစ် ၂၅၅၄ ခရစ်နှစ် ၂၀၁၀

## ကျေးဇူးတော်ရှင် သီးလုံးဆရာတော်ဘုရားကြီး လွန်တော်မူ နှစ် (၁၅၀) ပြည့် နှင့် ရွှေကျင်နိကာယသာသနာ နှစ် (၁၅၀) ပြည့် အထိမ်းအမှတ်အဖြစ်

သီးလုံးဆရာတော်ဘုရားကြီး(၁၁၄၈-၁၂၂၂) ရေးသားပြုစုတော်မူအပ်သော
ဤဂမ္ဘီရတ္ထဒေသနာကျမ်းကြီးကို စဉ်ဆက်မပြတ်လည်ပတ်ထုတ်ဝေနိုင်စေရန်
ရည်သန်လျက် ရဟန်းတော်များ စောင့်စည်းထိန်းသိမ်းအပ်သည့်
(၂၂၇)သွယ်သော ဝိနည်းသိက္ခာပုဒ်တော်တို့ကို ကြည်ညိုပူဇော်သောအားဖြင့်
လှူဒါန်းငွေကျပ် (၂၂၇)သိန်းတို့ကို စုပေါင်းပါဝင် ကူညီအားဖြည့်ကြသော

## တိပိဋက ယောဆရာတော် နှင့်
## ရွှေမင်းဝံ ဆရာတော်

တို့အား အမှူးထားသည့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့သည်

ဗုဒ္ဓသာသနာ နှစ်ပေါင်း(၅၀၀၀)ကျော် အရှည်တည်တံ့စည်ပင်ပြန့်ပွားနိုင်စေရန် နှင့်
ဗုဒ္ဓ၏တရားတော်များ ကမ္ဘာတဝှမ်း ပျံ့နှံ့ထင်ရှား၍
ထပ်ဆင့်ဟောကြားကြပြီးလျှင် နာယူ, မှတ်သား, ဆောင်ထား, ကျင့်သုံးနိုင်ကြစေရန်

### ငြိမ်းအေးရာမှန် မြတ်နိဗ္ဗာန် ရည်သန်ပဏ္ဍာပါရမီ အလှူတော်အဖြစ်

ဤကျမ်းစာအုပ်ပေါင်း (၅၀၀၀)ကျော်ကို ရိုက်နှိပ်ထုတ်ဝေ လှူဒါန်းကြပါကုန်၏။

# ဂမ္ဘီရဒ္ဓဒေသနာ

## သီးလုံးဆရာတော်ဘုရားကြီး

ပိဋကတ္တယ၊ ဓမ္မပရိယတ်
ဟောတိုင်းတတ်၍၊ ပဋိပတ်ဂုဏ်၊ လောက်လုံထင်ပေါ်
တိုင်းလုံးကျော်သော၊ လဇ္ဇီပေသလ၊ သိက္ခာကာမ
သီလဝန္တအစစ် ဖြစ်တော်မူသော

**သီးလုံးဆရာတော်ဘုရားကြီး**

ရေးသားပြုစုတော်မူအပ်သော

# ဂမ္ဘီရတ္ထဒေသနာ

ပထမပိုင်း, ဒုတိယပိုင်း, တတိယပိုင်းနှင့် စတုတ္ထပိုင်း၊
၄-ပိုင်းလုံးကို ၁-အုပ်တည်းပေါင်းထားသည်။

BUDDHIST LITERATURE GROUP
B.L.G
ပိဋကစာပေအဖွဲ့

၁၃၇၂ ၂၀၁၀

# ပုံနှိပ်မှတ်တမ်း

## ၁။ ပထမအကြိမ်

| | |
|---|---|
| ပထမပိုင်း | ၁၂၇၀-ပြည့်နှစ်၊ သီတင်းကျွတ်လ၊ (၁၉၀၈-ခုနှစ်)၊<br>ကဝိမျက်မှန်စာပုံနှိပ်တိုက်၊ ရန်ကုန်။ |
| ဒုတိယပိုင်း | ၁၂၆၆-ခုနှစ်၊ တန်ဆောင်မုန်းလ၊ (၁၉၀၄-ခုနှစ်)၊<br>ကဝိမျက်မှန်စာပုံနှိပ်တိုက်၊ ရန်ကုန်။ |
| တတိယပိုင်း | ၁၂၆၉-ခုနှစ်၊ ဝါခေါင်လ၊ (၁၉၀၇-ခုနှစ်)၊<br>ကဝိမျက်မှန်စာပုံနှိပ်တိုက်၊ ရန်ကုန်။ |
| စတုတ္ထပိုင်း | ၁၂၆၉-ခုနှစ်၊ တော်သလင်းလ၊ (၁၉၀၇-ခုနှစ်)၊<br>ကဝိမျက်မှန်စာပုံနှိပ်တိုက်၊ ရန်ကုန်။ |

## ၂။ ဒုတိယအကြိမ်

| | |
|---|---|
| ၄-ပိုင်းတွဲ | ၁၃၄၆-ခုနှစ်၊ ပြာသိုလ၊ (၁၉၈၄-ခုနှစ်)၊<br>ပဒေသာပိဋကတ်စာပုံနှိပ်တိုက်၊ မန္တလေး။ |

## ၃။ တတိယအကြိမ်

| | |
|---|---|
| ၄-ပိုင်းတွဲ | ၁၃၇၂-ခုနှစ်၊ ( ၂၀၁၀-ခုနှစ် )၊<br>အုပ်ရေ (၆,၄၀၀)။ |

ဓမ္မသုဝဏ်ကျောင်းက သန့်စင်သည်အထိ ကွန်ပျူတာစာစီ လှူဒါန်းသည်။
ဗုဒ္ဓစာပေအဖွဲ့ဝင် ဦးမြင့်စိုး၊ ဦးသိန်းအောင်၊ ဦးစိုးတင့်တို့ ကြီးကြပ်ပြင်ဆင်သည်။

ရန်ကုန်မြို့၊ ကမ္ဘာအေး သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးပုံနှိပ်တိုက်အတွက် ညွှန်ကြားရေးမှူး ဦးဝင်းနိုင် မှတ်ပုံတင်အမှတ်(၀၃၈၄၃)က
ပုံနှိပ်၍ ဗုဒ္ဓစာပေအဖွဲ့ ဦးညွန့်မောင် ယာယီမှတ်ပုံတင်အမှတ်(၁၃၈၅)က ထုတ်ဝေသည်။

# နိဒါန်း (ကဝိမျက်မှန်ပုံနှိပ်တိုက်)

**ဘဝတု သဗ္ဗမင်္ဂလံ။** ။ခပ်သိမ်းကုန်သော၊ သမ္မာသမ္ဗုဒ္ဓ၊ အတုလခေါင်ဖျား၊ ရှင်တော်မြတ်ဘုရားတို့၊ ၄-ပါးသစ္စာ၊ မုံအာချပ်ဆင့်၊ ပွင့်တော်မူရာ၊ မဟာမဇ္ဈိမ၊ အောင်ဌာနမှ၊ ဖြန့်ကြွစကြာ၊ ပြောင်းခဲ့ခွါ၍၊ မြန်မာတို့ ခမ်းဝါ၊ ဧရာဝတီ၊ နဒီကမ်းထိပ်၊ ချမ်းရိပ်အေးကြည်၊ တကောင်းပြည်ကို၊ တည်ထောင်ဖန်ဆန်း၊ စံမြန်းစိုးမိုးတော်မူသော၊ သကျသာကီဝင်၊ ထွန်းထင်သမ္မာ၊ ကံရာဇာကြီး,, ကံရာဇာငယ်၊ မင်း ၂-သွယ်မှ၊ ဆက်နွယ်ညွှန့်ညောက်၊ မင်းသားငယ်တစ်ယောက်သည်၊ တောချောက်မြိုင်ဖျား၊ လှည့်ပတ်သွားရာတွင်၊ ဘုရား ၉-ဆူ၊ ရွှေဂူ ၉-လုံး၊ တွက်ကျုံးမခန်း၊ ပယ် ၉-သန်းနှင့်၊ တင့်မြန်းပျော်ခင်း၊ ဒီပဲရင်းမြို့နယ်၊ အံ့ဖွယ်မဆုံး၊ **လက်ယက်ကုန်းရွာ**၊ နာတိဒူရ၊ အရညဝါသီ၊ တောမှီရိပ်အောင်း၊ ကျောင်းနေ မထေရ်မြတ်ထံသို့ရောက်က၊ တတ်မြောက်ပညာ၊ ဖြစ်စိမ့်ငှာ-ဟု၊ ကရုဏာဇော၊ သက်ကျလျှော၍၊ 'နမော ဗုဒ္ဓါယ သိဒ္ဓံ'-ကို၊ နှုတ်သံရွရွ၊ သင်ပို့ချ၏။

ကာလမြင့်ကြာ၊ ပညာတတ်ပွါး၊ ထိုမင်းသားသည်၊ ပြန်သွားတုံ့လည်၊ တကောင်းပြည်သို့၊ ရောက်သည်ကာလ၊ ရာဇဘူပတိ၊ သိရီသမ္ပတ်၊ မင်းဖြစ်လတ်သော်၊ ပတ်ပတ်နစ်နော၊ နမော ဗုဒ္ဓါ၊ သင်ရာဌာန၊ သတိရသည်ဖြစ်ရကား၊ ကြည်ဆွမနော၊ သဒ္ဓါဇောဖြင့်၊ နမောစေတီ ၁-ဌာန၊ ဗုဒ္ဓစေတီ ၁-ဆူ၊ တည်တော်မူသည်က စ၍၊ အရညဝါသီ၊ ခိုမှီပျော်အောင်း၊ ကျောင်းလည်း နမော၊ သဘောမြတ်ကြည်၊ ကျောင်းနေ ထေရ်လည်း၊ ပွါးစည်ပြန့်ပြော၊ **နမောဆရာတော်**၊ ဟိုးဟိုးကျော်၏။

ထိုရော်အစ၊ တည်ထွန်းပလျက်၊ အာစရိယပရမ္ပရာ၊ ဆက်ကာဆက်ကာ၊ ထွန်းခဲ့ရာတွင်၊ ရတနာသီခ၊ ပထမမြို့တည်,,နန်းတည်၊ အောင်စည်ရိုက်ခြောင်း၊ အလောင်းမင်းတရားကြီး၏၊ သားတော် ဩရသ၊ အမရပုရ၊ ပထမမြို့တည်,,နန်းတည်၊ ရန်နှည်ပယ်ချိုး၊ ဘိုးတော်ကြီးဘုရားလက်ထက်တော်ကစ၍၊ မြေးတော် မှန်နန်းရှင်၊ ညီတော် ရွှေဘိုမင်းလက်ထက်တိုင်တိုင်၊ နိုင်ငံဝန်းကျင်၊ မြေပြင်အလုံး၊ ပတ်ကုံးနှံ့သိ၊ ကိတ္တိသဒ္ဒ၊ ကျော်ပေါက်ပြသော၊ ပရိယတ္တိ၊ ဗျတ္တိဗလ၊ သတ္တိမန္တ၊ သိက္ခာကာမ၊ သီလဝန္တအစစ်၊ ဖြစ်တော်မူသော၊ **နမောဆရာတော်ဘုရားကြီး**၏၊ တောင်မီးပမာ၊ နေဝါ,,လရောင်၊ ထွန်းလင်းပြောင်သို့၊ တန်ဆောင်ပညာ၊ ခဲရာခဲခက်၊ ဆစ်မျက်အဖု၊ တစ်ခုမကျန်၊ ဝေဖန်ခွဲခြမ်း၊ နည်းလမ်းဉပဒေ၊ ဆွတ်ယူချေတတ်သော၊ အမွေခံတပည့်ကြီးအစစ်လည်း ဖြစ်ထသော—

ရတနာသီခ၊ ရန်စနင်းဖြို့ ရွှေဘိုမြို့၏ အနောက်မြောက်ယွန်း၊ တည်ထွန်းသာသနာ၊ **သီးလုံးရွာ**၏အနီး၊ သီးလုံးမင်းကြီး- မဟာမင်းလှမင်းခေါင်၊ တည်ထောင်ဆောက်လှူအပ်သော၊ ၄-ထပ်ကျောင်းကြီး၊ ၎င်းမင်းကြီး၏ အစ်ကို၊ ကြည်ညိုဝမ်းမြောက်၊ ဆောက်လှူအပ်သော၊ ၄-ထပ်ကျောင်းကြီး၊ ဝိုက်ဆီးပတ်ခြံ၊ ကျောင်းရံအများ၌၊ ပျော်ပါးခြိမ့်အုန်း၊ ပျားပိတုန်းတို့ ရှုန်းရှုန်းပျံ့ဝဲ၊ သဲသဲဆူလှယ်၊ ပန်းဝတ်သယ်သို့၊ ပေါယယ်သံဃာ၊ ပညာဝတ်ရည်၊ စုပ်ချွေသည်နှင့်၊ တမည်ကျင့်ဝတ်၊ ပဋိပတ်နည်း၊ နိဿရည်းလက်ဆုပ်၊ သရုပ်ဥပဒေ၊ ပြပေတတ်စွာ၊ ပရိယတ္တိအရာ၊ နက်စွာစူးရှ၊ ဂမ္ဘီရဉာဏ်ိက၊ တိက္ခပညာ၊ သိက္ခာကာမ၊ အာစာရအရိယာ၊ သမာဓိခန်၊ သီလဝန်-ဟု၊ အမွန်အမြတ်၊ ထုတ်ခတ်ဇမ္ဗူ၊ ကျွတ်ကျွတ်ဆူမျှ၊ နှံ့ကြူမြောက်ချီး၊ ကောင်းချီးတွန်ကြွေး၊ တြင်း,နဝင်း၊ သတင်းမွှေးသည်လည်း ဖြစ်ထသော—

ဤသို့ ဂုဏ်ထူး၊ ကျေးဇူးထဲနှစ်၊ ရဲရဲလှစ်သော၊ **သီးလုံးဆရာတော်ဘုရားကြီးသည်** **မန္တလေးရတနာပုံ**၊ ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက်၊ ၁၂၂၂-ခုနှစ်၌၊ အသစ်တဖန်၊ ပျံလွန်ပြောင်းကြွ၊ ဘဝတသွန်၊ မလွန်မီကာလ၊ ရှေးမဆွကပင်၊ သာသနာ့ရိပ်ခို၊ များပုဂ္ဂိုလ်တို့၊ ကုသိုလ်ဓမ္မ၊ ဒါန,သီလ၊ စသည်များစွာ၊ အရာရာ၌၊ လိမ္မာတတ်သိ၊ မှတ်မိစေငှာ၊ ကျမ်းလာပိုင်ပိုင်၊ အခိုင်အမာ၊ ဆိုင်ရာ,ဆိုင်ရာ၊ ပဒေသာသို့၊ ချေကာဆွတ်ချူယူနိုင်ကြစေ၊ ထွေထွေစီးဖြာ၊ ကရုဏာစက်မွန်၊ ထက်သွန်လှုံ့ဆော်အပ်သည်ဖြစ်ရကား၊ ဓမ္မသာရ ဖော်ပြနှစ်ဆီ၊ **ဂမ္ဘီရတ္ထဒေသနာ**၊ ကျမ်းရွှေစာကို၊ ပညာရှေ့သွား၊ အရင်းထား၍၊ ရေးသားစီရင်တော်မူသည်ကို၊ တိုင်းပြည်,မြို့,ရွာ၊ ရပ်တကာ၌၊ ချမ်းသာမျှော်မှန်း၊ လူ,ရဟန်းတို့ မပန်းလွယ်ကူ၊ သုံးယူကြည့်ရှုကြစေခြင်းကို၊ အရင်းသဘောထား၍၊ စည်ကားပြောဟုန်၊ **ရန်ကုန်မြို့ကြီး**၊ တသီးတခမ်း၊ လမ်း-၂၅၊ တရားသံချို၊ ဉာဏ်နဂိုနှင့်၊ စာဆိုတန်း ပဋိဘာန်၊ **ကဝိမျက်မှန်ပုံနှိပ်တိုက်က**၊ သိုက်မြိုက်သေချာ၊ အက္ခရာဝလိ၊ ပြင်ဆင်ညှိ၍၊ သတိမကွာ၊ ပုံနှိပ်စာအုပ်၊ ပြုလုပ်ပါသည်၊ သာဓုဇန၊ သဒ္ဓမ္မဖွေရှာ၊ သူတော်စွာတို့၊ ဖတ်နာကြည့်ရှု သဒ္ဒါလုဖြင့်၊ ကောင်းမှုတိုးပွါး၊ အကျိုးများသည် ဖြစ်ကြပါစေသောဝ်။

**နိဒါန်း ပြီး၏။**

* * * * * *

# ရွှေသုဝဏ်ဆရာတော်၏ အမှာစာ

## ရတနာ-ဟူသည်

**မြန်မာအဘိဓာန်အကျဉ်းချုပ်တွင်—**

"၁၊ နှစ်သက်မြတ်နိုးဖွယ်အရာ။ ဘုရား၊ တရား၊ သံဃာ-ဟူသော မြတ်နိုးကြည်ညိုဖွယ် ၃-ပါး။

၂၊ နှစ်သက်တန်ဖိုးထားသော ရွှေ၊ ငွေ-စသည် သက်မဲ့ဝတ္ထုပစ္စည်း။

၃၊ နှစ်သက်တန်ဖိုးထားသော သား,သမီး၊ ဆင်၊ မြင်း-စသော သက်ရှိအရာ"-

ဟု ဖွင့်ဆိုရှင်းလင်းပြသထားသည်။

**ရတနာ**-ဟူသော မြန်မာစကားလုံးမှာ ရတန-ဟူသော ပါဠိမှ ဆင်းသက်လာသော စကားဖြစ်သည်။ ရတိံ ဇနေတိ = နှစ်သက်စေတတ်, ပျော်ရွှင်စေတတ်သောကြောင့် ရတနာ-ဟု ပါဠိသဒ္ဒါ (ဂရမ္မာ)နည်းအရ ရှင်းပြကြသည်။

၁။ အရိုအသေအလေးအမြတ် ပြုထိုက်ခြင်း,

၂။ တန်ဖိုးများစွာထိုက်ခြင်း,

၃။ အတု(အတူ) မရှိခြင်း,

၄။ တွေ့မြင်ရရန် ခဲယဉ်းခြင်း,

၅။ အဆင့်မြင့်မားသူတို့သာ သုံးဆောင်ထိုက်ခြင်း၊ -

ဤအင်္ဂါ ၅-ပါးလုံးနှင့် ပြည့်စုံမှသာ ရတနာ မည်ပေသည်။

လောကီကျောက်မျက်, သတ္တု၊ သား, သမီး၊ ဆင်, မြင်းများမှာ အထက်ပါ အင်္ဂါတို့နှင့် ယေဘုယျပြည့်စုံခြင်းကြောင့် ရတနာ မည်ပေသည်။ သို့သော် ဤထက် ပိုမိုမြင့်မားသည့် ရတနာနှင့် နှိုင်းယှဉ်လျှင် ရတနာတန်းဝင် အဆင့်မှ ပြုတ်ကျမသွားစေကာမူ လွန်မင်းစွာ နိမ့်ကျသွားလေသည်။ "စိတ္တီကတံ မဟဂ္ဃဉ္စ၊ အတုလံ ဒုလ္လဘဒဿနံ။ အနောမသတ္တ-ပရိဘောဂံ၊ ရတနံ တေန ဝုစ္စတိ"။ (ဒီ၊ဋ္ဌ၊၂။၃၅။)

## ရတနာအစစ်၏ နှစ်သက်ဖွယ်ဂုဏ်ရည်

### ၁။ အရှိအသေအလေးအမြတ်ပြုထိုက်ခြင်း

လောကီရတနာများသည် လှပတင့်တယ်ခြင်း, ကြာရှည်ခံခြင်း, အားကိုးရခြင်းနှင့် နောက်ပါမည့် အမှတ် ၂။ ၃။ ၄။ ၅။-အချက်များနှင့် ပြည့်စုံသဖြင့် အရှိအသေပေးထိုက်သည်။ ထိုမှတပါး ဤထက် လေးစားထိုက်သော ရတနာအစစ်လည်း ရှိသေးသည်။

သဗ္ဗညုဘုရားသခင်သည် စိတ်၏အညစ်အကြေး မကောင်းမှု စိတ်ယုတ်မာမှန်သမျှကို ဝါသနာနှင့်တကွ အကြွင်းမဲ့ ပယ်သတ်တော်မူခဲ့သည်။ ဤသည်မှာ အလွန့်အလွန် ခက်ခဲလှသော လုပ်ငန်းရပ် ဖြစ်၏။ ကိုယ်တွင်းရှိ မကောင်းမှု နာမ်တရားများကို ပယ်သတ်လိုသောပုဂ္ဂိုလ်သည် ဉာဏ်, ဝီရိယ မည်မျှထား၍ အသက်စွန့်ကာ အားထုတ်ပယ်သတ်သော်လည်း ထိုထို့ဤဤ နည်းအမျိုးမျိုးတို့ဖြင့် မည်သို့မျှ ပယ်သတ်၍ မရ၊ နည်းမှန်ဖြင့် စနစ်တကျ အဆင့်ဆင့် ပယ်သတ်မှ မကောင်းမှုများမှာ အမြစ်အရင်းနှင့်တကွ ထာဝရ စင်ကြယ်သွားရပေမည်။

သဗ္ဗညုဘုရားရှင် ပယ်သတ်တော်မူခဲ့သော ပယ်သတ်နည်း အမှန်လမ်းစဉ် ထိုအချိန်က မရှိသေး။ ၄-သင်္ချေနှင့် ကမ္ဘာ ၁-သိန်းကာလပတ်လုံး ဖြည့်ကျင့်ဆည်းပူးထားသည့် ပါရမီတော် ၁၀-ပါး အထောက်အကူဖြင့်သာ လမ်းစဉ်မှန်မဇ္ဈိမပဋိပဒါကို ကိုယ်တော်တိုင် ထွင်၍ သိရှိတော်မူရသည်။ ဤလမ်းစဉ်မှန်ဖြင့် စနစ်တကျ အဆင့်ဆင့် ပယ်သတ်တော်မူခဲ့ရသည်။ တပါးသူတို့အဖို့ လမ်းစဉ်ကို သိရှိရန် ခဲယဉ်းရုံမျှမက ထိုထို့ဤဤ ဘယ်လိုနည်းနှင့်မျှ ပယ်သတ်၍ မရနိုင်ချေ။ ဘုရားရှင်အား မကောင်းမှုကို ပယ်သတ်နိုင်သည့် ဤဂုဏ်တော် ၁-ပါးတည်းကြောင့်ပင် အရှိအသေ အလေးအမြတ် ပြုထိုက်လှသည်။ သဗ္ဗညုဘုရားရှင်မှာ ဤဂုဏ်တော်အပြင် "မဟာဗြဟ္မာ၊ လျှာကုဋ္ဌေဖြင့်၊ ဆန်းနေဂိုဏ်းညီ၊ ဂါထာသီ၍၊ မြွက်ချီကျူးဖော်၊ ဆိုလှည့်သော်လည်း၊ ဘုန်းတော်ကဲလွန်၊ အနေကန်ကို၊ ဝေဘန်ချီးမြှောက်၊ ပြီးမရောက်"နိုင်လောက်အောင် များပြားလှသည့် အခြားသော ဂုဏ်တော်ပေါင်း အသင်္ချေအနန္တ ရှိနေပါသည်။ ဘုရားရတနာနှင့် တဆက်တည်းဖြစ်နေသော ဤဘုရားရှင် ဟောထားသည့် တရား ရတနာတော်ကိုလည်းကောင်း, ဤဘုရား၏ ဩဝါဒအတိုင်း လိုက်နာကျင့်သုံးကြကုန်သော သံဃာရတနာကိုလည်းကောင်း အလေးအမြတ် ပြုထိုက်လှသည်၊ မြတ်နိုးအပ်လှသည်။

## ၂။ တန်ဖိုးများစွာ ထိုက်တန်ခြင်း

လူသားတို့ အသိအမှတ်ပြုသော ကျောက်မျက်, သတ္တု- စသော ရတနာများသည် ဘူမိသက်တမ်း နှစ်ပေါင်းမြောက်မြားစွာသော ကာလမှ အမတေတည်၍ တဖြည်းဖြည်း ရင့်မာလာပြီး အဆင့်မီသည့်တိုင်အောင် စောင့်ယူရသည့် အရာဝတ္ထုများ ဖြစ်ကြသည်။ သစ်ပွင့်, သစ်သီးများကဲ့သို့ ကာလအနည်းအတွင်း မဖြစ်ထွန်းနိုင်။ တိရစ္ဆာန်ထွက် ပုလဲ ရတနာ-စသည်မှာမူ ကာလတိုအတွင်း ရရှိနိုင်သော်လည်း ရေရှည်မခံ၊ နှစ်မကြာမီအတွင်း ဆွေးမြေ့ပျက်စီးသွားတတ်သည့် အမျိုးအစားဖြစ်သည်။ အရည်လျှံပြေး၊ အသွေးဖြိုးလျှံ၊ အမျိုးမှန်သောကြောင့် ကျောက်မျက်-စသော ရတနာများသည် အဖိုးတန်ပေသည်။

ထို့ထက် အဖိုးများစွာထိုက်သော ရတနာအစစ် ရှိသေးသည်။ ယင်းမှာ သဗ္ဗညု ဘုရားရှင် ဖြစ်သည်။ အဖိုးထိုက်ပုံကို သိရှိစေရန် ဤဂမ္ဘီရတ္ထဒေသနာ၊ စာမျက်နှာ ၅၁၆-၅၁၇-မှ ထုတ်ဆောင်ပြပါမည်။

"ဘိက္ခဝေ၊ ချစ်သား ရဟန်းများတို့။ အပ္ပမာဒေန၊ မမေ့မလျော့သော သတိရှိသဖြင့်။ သမ္ပာဒေထ၊ ပြည့်စုံကြစေကုန်လော့။ လောကသ္မိံ၊ လောက၌။ ဗုဒ္ဓုပ္ပါဒေါ၊ ဘုရားဖြစ်သော အခါကို။ ဒုလ္လဘော၊ ရခဲ၏။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား 'ငါ၏ချစ်သား ရဟန်းများတို့၊ မမေ့မလျော့သော သတိရှိသည်ဖြစ်၍ ပြည့်စုံစေအပ်သော ဒါန, သီလ, သမထဘာဝနာ, ဝိပဿနာဘာဝနာ, မဂ်,ဖိုလ်တို့ကို ပြည့်စုံစေကုန်လော့။ လောက၌ ဘုရားဖြစ်သောအခါ ကို ရခဲ၏။ ဘုရားဖြစ်သော ကာလ၌ ကြုံကြိုက်ကုန်သော သင်တို့သည် မေ့လျော့၍ မနေကြ ကုန်လင့်။ ဗုဒ္ဓုပ္ပါဒနဝမခဏကို မလွန်ကြစေကုန်လင့်'ဟု ဟောတော်မူသည်။

အဘယ်သို့ ဘုရားဖြစ်သောအခါကို ရခဲသနည်းဟူမူကား—

- ဘုရားသခင်တို့သည် ကမ္ဘာအသင်္ချေ လွန်လေသော်လည်း အလုံးစုံသော ကမ္ဘာတို့၌ မဖြစ်ကုန်။ သာရကမ္ဘာ, မဏ္ဍကမ္ဘာ, ဝရကမ္ဘာ, သာရမဏ္ဍကမ္ဘာ, ဘဒ္ဒကမ္ဘာတို့၌သာ လျှင် ဖြစ်တော်မူကုန်သောကြောင့် ကမ္ဘာအားဖြင့်လည်း ဘုရားဖြစ်သော ကမ္ဘာကို ရခဲ၏။

- အနန္တစကြဝဠာတို့၌ မဖြစ်၊ ဤငါတို့ စကြဝဠာ၌သာလျှင် ဖြစ်သောကြောင့် စကြဝဠာ အားဖြင့်လည်း ရခဲ၏။

- အသက် ၁၀၀-အထက်, အသက် ၁-သိန်းမှအောက် ကာလအတွင်း၌သာလျှင် ဖြစ်သောကြောင့် **ကာလအားဖြင့်လည်း** ဘုရားဖြစ်သောအခါကို ရခဲ၏။(ဗုဒ္ဓဝံ၊၄၊၃၁၈)

- နတ်ဘုံ, ပြဟ္မာ့ဘုံတို့၌ မဖြစ်ကုန်။ လူ့ဘုံ၌သာလျှင် ဖြစ်သောကြောင့် **ဘုံအားဖြင့်**လည်း ဘုရားဖြစ်သောအခါကို ရခဲ၏။

- သူဌေး,သူကြွယ်-အစရှိသော အမျိုးတို့၌ ဘုရားတို့သည် မဖြစ်ကုန်။ မင်းမျိုး, ပုဏ္ဏားမျိုးတို့၌သာလျှင် ဖြစ်သောကြောင့် **အမျိုးအားဖြင့်လည်း** ရခဲ၏။ (ဗုဒ္ဓဝံ၊၄။၃၁၉)

- ပစ္စန္တရစ်ဒေသ၌ ဘုရားတို့သည် မဖြစ်ကုန်။ အဝန်း ၉၀၀-ရှိသော မဇ္ဈိမဒေသ၌သာလျှင် ဖြစ်သောကြောင့် **ဒေသအားဖြင့်လည်း** ရခဲ၏။ (ဗုဒ္ဓဝံ၊၄။၃၁၈)

- အဝန်း ၉၀၀-ရှိသော မဇ္ဈိမဒေသ၌လည်း တပါးသော အရပ်ဌာန၌ ဘုရားတို့သည် မဖြစ်ကုန်။ ဗောဓိမဏ္ဍိုင်၌သာလျှင် ဖြစ်သောကြောင့် **ဌာနအားဖြင့်လည်း** ရခဲ၏။

အဘယ်ကြောင့် ဤသို့စင် ဘုရားဖြစ်သောအခါကို ရခဲလေသနည်းဟူမူကား **ဘုရားအဖြစ်သို့ ရောက်အောင် ကျင့်သောသူ ရှားသောကြောင့်** ဘုရားဖြစ်သောအခါကို ရခဲ၏။ ဘုရားအဖြစ်သို့ ရောက်အောင် အဘယ်သို့ ကျင့်ရသနည်းဟူမူကား—

ကိုယ်တော်နှင့် အသက် ငဲ့ကွက်ခြင်း မရှိမူ၍ ပါရမီ ၁၀-ပါး, အပြား-၃၀, စွန့်ခြင်းကြီး ၅-ပါး, စရိယ ၃-ပါးတို့ကို နဟုတအကုဋေတို့ဖြင့် ရေတွက်အပ်သော ၄-သင်္ချေနှင့် ကမ္ဘာ ၁-သိန်း၊ ၈-သင်္ချေနှင့် ကမ္ဘာ ၁-သိန်း၊ ၁၆-သင်္ချေနှင့် ကမ္ဘာ ၁-သိန်းတို့ပတ်လုံး မပြတ်မစဲ ဖြည့်ကျင့်ရကုန်၏။ ထိုဘုရားဖြစ်ခြင်းအကြောင်းဖြစ်သော ပါရမီ, စရိယ, စွန့်ခြင်းကြီးတို့ကို ကိုယ်တိုင်ဆောက်တည်၍ ကျင့်ဝံ့သောသူကို မဆိုထားဘိဦး။ 'ကျင့်အံ့'-ဟု ဆိုဝံ့, ကြံဝံ့သောသူသည်ပင် အလွန်ခဲယဉ်း၏။ ထို့ကြောင့် ဘုရားဖြစ်သောအခါကို ရခဲ၏။" ထို့ကြောင့် အဖိုးများစွာ ထိုက်၏။ (အဓိပ္ပါယ်ဆက်စပ် သိဖွယ်ရာများကို ဤကျမ်း၊ နှာ ၅၁၇-မှစ၍ ဆက်လက်ကြည့်ရှုပါရန်။)

တပည့်သာဝက သံဃာများလည်း ဘုရားရှင် ညွှန်ပြသည့်အတိုင်း အဆင့်အတန်းအလိုက် ဖြည့်ကျင့်ခဲ့ရသည်ဖြစ်ရာ ယင်းသံဃာတို့ တန်ဖိုးလည်း မဟဂ္ဃပင် ဖြစ်သည်။ ဓမ္မရတနာနှင့် ပတ်သက်၍ ချိန်ဆကြည့်လျှင် "မဂ်,ဖိုလ်ရနိုင်ကြောင်း အကျင့်ပဋိပဒါမှာ ငါ့ဘုရား သာသနာမှတပါး အခြားဘယ်သာသနာတွင်မှ မရှိ"ဟု မဟာသီဟနာဒသုတ်တော်တွင် သီဟနာဒ ရဲရဲတောက် မိန့်တော်မူခဲ့သည်ကို တွေ့မြင်နိုင်သည်။ ထို့ကြောင့် ဓမ္မရတနာလည်း မဟဂ္ဃပင် ဖြစ်လေသည်။

## ၃။ အတု(အတူ) မရှိခြင်း

လောကီရတနာအစစ်ကိုပင် မီအောင် တုပရန် ခဲယဉ်းလှသည်။ လောကုတ္တရာ ရတနာမှာမူ သဗ္ဗညုဘုရားနှင့် တူညီသူ မရှိကြောင်း အမှတ် ၁။-နှင့် ၂။-အရဖြင့်ပင်လျှင် ထင်ရှားလှလေသည်။ ဓမ္မနှင့် သံဃာလည်း နည်းတူပင်။

လောကသားတို့အတွက် အကျိုးစီးပွါးဖြစ်စေခြင်း, ချမ်းသာသုခပေးခြင်းကို အပေါင်းလက္ခဏာ(+)၊ အကျိုးမဲ့စေခြင်း, ဆင်းရဲဒုက္ခပေးခြင်းကို အနုတ်လက္ခဏာ(–) ဆိုကြပါစို့။ သို့ ဆိုရာတွင် အပေါင်းလက္ခဏာသည် ကောင်းမြတ်လှသည်၊ အနုတ်လက္ခဏာ သည် ဆိုးညစ်ယုတ်မာသည်။ သဗ္ဗညုဘုရားရှင်မှာမူ လောကဟိတာယ၊ လောကသုခါယ၊ လောကသားတို့အတွက် ဟိတ, သုခအလို့ငှာ အပေါင်းလက္ခဏာဆောင်လျက် ပွင့်ထွန်းပေါ် ပေါက်တော်မူလာသည်။ ပွင့်ပေါ်ပြီးနောက် ၄၅-ဝါပတ်လုံး မွန်မြတ်များပြားသော လောက ဟိတ၊ လောကသုခကို လုပ်ဆောင်တော်မူခဲ့ပါသည်။ အပေါင်းလက္ခဏာနှင့် နှိုင်းယှဉ်လျှင် ဘုရားထွန်းပေါ် ရာခေတ်တွင် တူနိုင်သည့်ပုဂ္ဂိုလ် လုံးဝမရှိ။ ဤအချက် တစ်ခုတည်းဖြင့်ပင် အနှိုင်းမဲ့ အတုလရတနာ ဖြစ်တော်မူသည်။ ညွှန်ပြသည့် ဓမ္မရတနာမှာ အပေါင်းလက္ခဏာ ဖြစ်သကဲ့သို့ လိုက်နာ ကျင့်ကြံ၍ သာသနာတည်တံ့, ပြန့်ပွါးစေတတ်သည့် သံဃာရတနာ သည်လည်း အပေါင်းလက္ခဏာပင် ဖြစ်ပေသည်။

## ၄။ တွေ့မြင်ရရန် ခဲယဉ်းခြင်း

ကျောက်မျက်-စသော ရတနာများသည် အဖိုးထိုက်တန်သဖြင့် နေရာတကာတွင် မထားရှိပေ။ အဆင့်မြင့်မားသူတို့ထံမှာသာ ရှိသဖြင့် တွေ့မြင်ရန် ခဲယဉ်းသည်။ ဘုရားရတနာ မှာ အခါခပ်သိမ်း အမြဲတမ်း ၁-ဆူပြီး ၁-ဆူ ပွင့်နေသည် မဟုတ်၊ ကပ်ကမ္ဘာ ၁-ခုတွင် အများဆုံး ၅-ဆူသာ ပွင့်ပေါ်သည်။ ၁-ဆူ, ၂-ဆူ, ၃-ဆူ, ၄-ဆူ အသီးသီးပွင့်သောကမ္ဘာ၊ ဘုရားလုံးဝ မပွင့်သော သုညကမ္ဘာများလည်း အများပင် ကြားခံနေသေးသည်။ ပွင့်ပေါ် ခိုက်မှာလည်း ဖူးတွေ့ရရန် အလွန်ခဲယဉ်းသည်။ ပရိနိဗ္ဗာန် စံတော်မူပြီးနောက်တွင်ကား ဆိုဖွယ်ရာပင် မရှိတော့ချေ။

## ၅။ အဆင့်အတန်း မြင့်မားသူတို့သာ သုံးဆောင်ထိုက်ခြင်း

ရခဲ, မြင်ခဲသည့်ရတနာကို အဆင့်နိမ့်သူများကား မသုံးဆောင်နိုင်။ အကယ်၍ အကြောင်းတစ်စုံတစ်ရာကြောင့် ရရှိပိုင်ဆိုင်ထားလျှင်လည်း ကြာရှည်စွာ သုံးဆောင်ရရိုးမရှိ။

ရန်သူမျိုး ၅-ပါးကြောင့်လည်းကောင်း, ရောင်းချစားသုံးသဖြင့်လည်းကောင်း စသည်-တစ်နည်းနည်းဖြင့် ရတနာနှင့် ဝေးကွာသွားရမြဲတည်း။

ဗုဒ္ဓရတနာကို သုံးဆောင်ခြင်း ပရိဘောဂ-ဟူသည်မှာ ဘုရားရှင်ထံ ဆည်းကပ်ချဉ်းကပ်ခြင်း, ဆုံးမချက်ကို ခံယူခြင်း, ဆုံးမချက်အတိုင်း ကျင့်ကြံကာ မဂ်အရသာ, ဖိုလ်အရသာကို ရယူခြင်းပင် ဖြစ်သည်။ ယင်းသို့ ရယူနိုင်သူမှာလည်း မုချ ဥပနိဿယရှိသူ, မဂ်,ဖိုလ်ရထိုက်သူ, သာဝက, မဟာသာဝက-စသော အဆင့်မြင့်မားသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

နှစ်သက်မြတ်နိုးအပ်သော ရတနာများသည် လောကသားတို့ကို အကျိုးပြုတတ်သည်။ ကျောက်မျက်-စသော ရတနာများသည် လှပတင့်တယ်စေရန် အဆင်းတန်ဆာအဖြစ် အကျိုးပြုသည်။ သား,သမီးရတနာများသည် မျိုးရိုးဂုဏ် ထိန်းသိမ်းခြင်း, မျိုးနွယ်နှင့် ဓနဥစ္စာများကို အဆင့်မလျှော့ကျစေဘဲ တိုးတက်စေသောအားဖြင့် အကျိုးပြုသည်။ သား,သမီးများက အမှုအတန်း ပေးဝေခြင်း-စသည်အားဖြင့် အကျိုးပြုသည်။ ဆင်ဖြူ-စသော ယာဉ်ရတနာများသည် လိုရာခရီး ရောက်စေခြင်း, စစ်ပွဲ-စသည်တွင် စစ်အောင်နိုင်ရန် ကူညီခြင်း အားဖြင့် အကျိုးပြုသည်။ သို့သော်လည်း လောကသားတို့၏ အပူဒုက္ခ-ဟူသမျှကို လုံးဝကင်းပျောက်အောင် အကျိုးမပြုနိုင်ကြချေ။

ဘုရား-စသော လောကုတ္တရာရတနာများမှာမူ လောကဒုက္ခ အဝဝကို ကင်းပအောင် လမ်းစဉ်ချပေး၍ အကျိုးပြုနိုင်သည်။ ထို့ကြောင့် နှစ်သက်အပ်ဖွယ် ရတနာအစစ်ဖြစ်ပေသည်။

လောကသားတို့ကို ပူဇာတ်သိမ်း၍ ငြိမ်းအေးနိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော သဗ္ဗညုဘုရားရှင်သည် ယနေ့မှ ထောက်သော် လွန်ခဲ့သည့်နှစ်ပေါင်း ၂၅၉၉-နှစ်မြောက်က ပေါ်ထွန်းတော်မူခဲ့သည်။ ဘုရားရှင်သည် သိစရာမှန်သမျှ အကုန်သိတော်မူသည်ဖြစ်၍ အပူငြိမ်းကြောင်း သဘောတရားကို လောကသားတို့အား ညွှန်ပြတော်မူခဲ့သည်။ တဖန် မိမိဟောကြားမည့် တရားတော်များ ရေရှည်ထိန်းသိမ်းနိုင်ရန် သံဃာ့အဖွဲ့အစည်းကို တည်ထောင်တော်မူသည်။

ဘုရားရှင်က အပူငြိမ်းလမ်းစဉ်ကို ဟော၊ သံဃာတော်များက ထိုအတိုင်း လိုက်နာကျင့်သုံးပြီး အပူငြိမ်းကြ၊ ထို့အတူ ပါရမီဓာတ်ခံ ဥပနိဿယရှိကြကုန်သော လူသားနှင့် နတ်ဒေဝါများလည်း အပူငြိမ်းကြကုန်သည်။ ထိုသို့ အပူငြိမ်းကြသဖြင့် အပူငြိမ်းကြောင်း သဘောတရားကိုလည်းကောင်း, တရားဒေသနာရှင် ဘုရားနှင့် စပ်သမျှကိုလည်းကောင်း အလွန်အလေးအမြတ်ပြုပြီး ထိန်းသိမ်းတော်မူလာကြသည်။

ဘုရားသခင်သည် ၄၅-ဝါ(၄၅-နှစ်)ကြာ ထွန်းပေါ်ကာ သာသနာပြုပြီးနောက် ရှင်ဥပါလိ, ရှင်ဒါသက, ရှင်သောဏ-စသော အရှင်မြတ်တို့က သာသနာတော်ကို မကွယ်ပ အောင် ထမ်းဆောင်တော်မူလာကြသည်။ ဆက်လက်၍ မဇ္ဈိမဒေသသာသနာနှင့် မြန်မာနိုင်ငံအစောပိုင်း သာသနာသည် ဆယ်အင်းရွာကျောင်း၊ အရှင်ပုညာရမ္မမထေရ်အထိ ဆိုက်ရောက်လာသည်။

"ဒီပရင်(ဒီပရင်း) နဂရေ 'နမော'ဣစ္စာဘိဓာနဘောဂဂါမေ နိဝုတ္ထော ဂဏပါမောက္ခော ဂဏာစရိယော နမောဆရာတော်'တိ ဝေါဟရိတော ဝိစာရိန္ဒတ္ထေရော၊ တဿိသော မဟာပုညော သမန္တပ္ပါသာဒိကော သဗ္ဗတော ပရိသုဒ္ဓေါ သီလသမာဓိပညာကရုဏာခန္တိ-သောရစ္စာဒိသပ္ပုရိသဂုဏောဟိ နဘော စန္ဒော ဝိယ သကရံသိယာ သကလမြမ္မရဋ္ဌေ ပါကဋော သီးလုံးဣစ္စာဘိဓာနဂါမသမီပါရညာယတနေ နိဝုတ္ထတ္တာ သီးလုံးဆရာတော်'တိ ဝေါဟရိ-တော စန္ဒိမာလင်္ကာရတ္ထေရော။" (ဝိသုဒ္ဓါရုံထေရုပ္ပတ္တိကထာကျမ်း၊ ထေရဝံသကထာ၊ နှာ-၂၇၃)

ဒီပဲရင်းမြို့၊ နမောရွာ၊ ဓမ္မာစရိယ နမောဆရာတော် အရှင်ဝိစာရိန္ဒအထိ ဆရာတော်အဆက်ဆက်တို့သည် ပိဋကတ်တော်တို့ကို စောင့်ရှောက်ကာ သန့်ရှင်းစင်ကြယ်သည့် သံဃာ့အနွယ်ကို စောင့်ရှောက်တော်မူလာကြသည်။

"ဤနမောဆရာတော်၏ တပည့်အဖြစ် ရွှေဘိုမြို့အနောက်မြောက်ဘက်ရှိ သီးလုံးရွာ၊ သီးလုံးမင်းကြီးနှင့် မင်းတုန်းဘုရင်မင်းမြတ်တို့ ဆောက်လုပ်လှူဒါန်းအပ်သော တောရကျောင်း၌ သီတင်းသုံးတော်မူ၍ လဇ္ဇီ, သီလဝန်, ပညဝန်, ဂုဏဝန်, ထူးချွန်သော ဘုန်းကံ, လောကီပြည့်စုံသော သပ္ပုရိသဂုဏ်သခင်, ကောင်းကင်ပြင်၌ နေ,လအလား မြန်မာနိုင်ငံ၌ ထင်ရှားကျော်စောတော်မူသော သီးလုံးဆရာတော် အရှင်စန္ဒိမာလင်္ကာရအရှင် ပေါ်ထွန်းတော်မူလာခဲ့သည်။" (ဝိသုဒ္ဓါရုံထေရုပ္ပတ္တိကထာ၊ အဆက်အနွယ်ပြ အာဂမသုဒ္ဓိခန်း၊ နှာ-၃၀၃)

## ရွှေဘိုမင်းလက်ထက် သီးလုံးဆရာတော်အကြောင်း

"ဘကြီးတော်လက်ထက်ကပင် **သီးလုံးဆရာတော်**မှာ တောရဆောက်တည်လျက် **အရညဝါသီဂဏဝိမုတ်**နေတော်မူကာ တောရဂိုဏ်း အရညဝါသီသာသနာပြုတော်မူခဲ့သည့်အပြင် ညီတော်ရွှေဘိုမင်းလက်ထက်မှာလည်း ဆရာတော်ဘုရားကို သီးခြားဂဏဝိမုတ်အမိန့်တော်ထုတ်၍ အရညဝါသီဆရာတော်အဖြစ်ဖြင့် ကိုးကွယ်တော်မူပြီး နောက်အခါ၌ 'စန္ဒိမာဘိဝံသသိရီသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု'-ဟူသော ဘွဲ့တံဆိပ်တော်မြတ် ကပ်လှူပူဇော်တော်မူခဲ့လေသည်။

ငင်းဆရာတော်ဘုရားမှာ ဒုတိယနံမော်ဆရာတော် အရှင်ဝိစာရိန္ဒ၏ တပည့်ရင်းဖြစ်၍ များစွာသော လင်္ဂီပေသလ သိက္ခာကာမဂုဏ်နှင့် ပြည့်စုံတော်မူကြသော တောရဆရာတော်များထံ တပည့်ခံလျက် သာသနာတော် စင်ကြယ်စေရန် ဝိနယဂရုကပဋိပတ္တိဓမ္မအားထုတ်တော်မူကာ များစွာသော သီလဝန်, ဂုဏဝန်မထေရ်များထံမှ ရအပ်သော လဒ္ဓါ-ပဒေသ ရရှိတော်မူသည့်အားလျော်စွာ အရညဝါသီတောရ သာသနာပြုတော်မူခဲ့လေသည်။

ငင်းမထေရ်မြတ်နှင့် စပ်လျဉ်း၍ ဆရာစဉ်ဆက် ပြောဆိုမှတ်သားကြသည်မှာ 'ဆရာတော်ငယ်ရွယ်စဉ်က ရှင်သာမဏေအဖြစ်ဖြင့် စာပေပရိယတ် ကြိုးစားအားထုတ်တော်မူကာ ပညာရှာဖွေသောအချိန်၌ နောင်တော်မင်းတရားလက်ထက် 'အာဒိစ္စဝံသာဘိဇ-မဟာဓမ္မရာဇာဓိရာဇဂုရု'ဘွဲ့တံဆိပ်တော်ရ ငါးခုနှစ်ရွာလျှင် ဖွားရာဇာတိရှိ၍ ငါးခုနှစ်ဆရာတော်ဟု ကျော်ကြားသော ဆရာတော်ဘုရားထံ နည်းနာခံလျက် စာပေသင်ကြားနေခဲ့ရာ ငင်းဆရာတော်ဖြစ်မည့် ရှင်သာမဏေ ငယ်စဉ်ကပင် အလွန်နူးညံ့သော နှလုံးသားနှင့် သည်းခံခြင်းတရား ပြည့်စုံသည် ဖြစ်ပေရာ အတူသီတင်းသုံးဖော် ရှင်သာမဏေတစ်ပါးက စမ်းသပ်လိုသောအားဖြင့် ငင်းရှင်သာမဏေ ရှင်စန္ဒိမာ ဆွမ်းစားနေခိုက် ဆွမ်းလုံးနှင့်တကွ သပိတ်ဆေးရေဖြင့် ဦးခေါင်းမှ ဖြိုလောင်းလိုက်ရာ ငင်းရှင်သာမဏေကား စိတ်ထားပြောင်းခြင်းမရှိဘဲ ထ၍ ဆွမ်းလုံးများ ခါပြီးလျှင် 'ကိုရင်၊ အကျွန်ုပ် ကိုရင်အပေါ်၌ တစ်စုံတစ်ခုအပြစ်များ ပြုဖူးပါသလော၊ အကယ်၍ ပြုဖူးက တောင်းပန်ပါသည်'-ဟု တောင်းပန်ပြောဆိုရာတွင် 'ကိုရင်၊ အပြစ်မရှိပါ။ ကိုရင့်သဘော သိလို၍ ပြုမိပါသည်၊ သည်းခံပါ'-ဟု တောင်းပန်ပြီးမှ ကိုရင်စန္ဒိမာသည် ဆွမ်းစားမြဲတိုင်း စားပြီး ပြုနေကျဝတ်များ ပြုလုပ်အားထုတ်ကြောင်း' ဆရာတော်ကြီးများ မိန့်ကြားသည်ကို နာယူခဲ့ရသည်။

ငင်းပြင် သည်းခံတော်မူရခြင်း အကျိုးကိုလည်း 'ငင်းဆွမ်းလုံးရေဖြင့် လောင်းသောကိုရင်မှာ လူထွက်ပြီး မင်းထံခစား၊ ကံအားလျော်စွာ မှူးမတ်ငယ်ဖြစ်လာ၍ သူငယ်စဉ်ကပြစ်မှားခဲ့ဖူးသော ကိုရင်ကို သတိရသဖြင့် စုံစမ်းရာ ငင်းမှာ ယခု သီးလုံးဆရာတော်-ဟုကျော်ကြားသော မထေရ် ၁-ပါးဖြစ်ကြောင်း သိရသောအခါ ငင်းမထေရ်သည် ငယ်စဉ်ကပင် သည်းခံခြင်းဂုဏ် ပြည့်စုံသည်ကို ယုံကြည်လျက် ထက်မြက်သော သဒ္ဓါအလျောက်လှည်း ၄-စီးတိုက် ရဟန်းတို့အား အပ်သော ပရိက္ခရာများ တင်ဆောင်ကာ သွားရောက်ကန်တော့ပြီးလျှင် အမြဲပစ္စည်း ၄-ပါး ဒကာအဖြစ် ဖိတ်ကြားပြီး နောက်အခါ၌ ကျောင်းဆောက်လှူဒါန်းကြောင်း' ဆရာတော်ကြီးများ ပြောဆိုမိန့်ကြားသည်ကို နာယူခဲ့ရသည်။

ငင်းဆရာတော်ဘုရားမှာ ဂဏဝိမုတ် သမုတ်အပ်သော်လည်း ဂိုဏ်းသီးဂိုဏ်းခြားအနေအားဖြင့် မဟုတ်ဘဲ ဂါမဝါသီမထေရ်တို့၏ ဆင့်ဆိုအမိန့်ပေးသည်ကို ဂိုဏ်းဂဏ

အရေးအားဖြင့် ဆောင်ရွက်ပြုလုပ်ရခြင်း တာဝန်မှ ကင်းလွတ်လျက် သဘာဝဖြစ်သော အရညဝါသီမထေရ်များနှင့် အေးချမ်းစွာ ပဋိပတ္တိတရားအားထုတ်ရခြင်း, ဂိုဏ်းဂဏကိစ္စများအတွက် မဆောင်ရွက်ရခြင်းမျှသာ ဖြစ်၍ ထိုစဉ်အခါက ဂါမဝါသီ, အရညဝါသီဂိုဏ်းတို့မှာ သမာနသံဝါသက-တူမျှသော ပေါင်းဖော်ခြင်း ရှိကြကုန်သည်။

၎င်းဆရာတော်၏ ရှေးဖြစ်သော ဆရာအစဉ်အဆက်များမှာလည်း အရှင်ဝိစာရိန္ဒမထေရ်မှ စ၍ ဝိနယကုက္ကုစ္စ လဇ္ဇီပေသလ သိက္ခာကာမ အရညဝါသီမထေရ်များ၏ အနွယ်ဝံသသာဖြစ်သဖြင့် အရှင်အရဟံသို့ တိုင်အောင်သော မထေရ်များ၏ အဆက်အနွယ်များ ဖြစ်ကြောင်း" (ဗုဒ္ဓနိုင်ငံတော်၊ တတိယတွဲ၊ နှာ-၁၇၅)

မြန်မာနိုင်ငံသာသနာ အလွန်ထင်ပေါ်ကျော်ကြားတော်မူကြသော အရှင်ဇာဂရ (ရွှေကျင်ဆရာတော်), အရှင်ပဏ္ဍိတ (ဗန်းမော်ဆရာတော်), အရှင်အဂ္ဂဓမ္မ (သင်္ဂဇာဆရာတော်), အရှင်သုဇာတ (သုဓမ္မာမတ္တရာဆရာတော်), အရှင်ဥ ယျဓမ္မ (သက်ပန်းဆရာတော်), အရှင်သုမန (စက်ရုံဆရာတော်), အရှင်ပဒုမ (မဟာဗိုလ်ဆရာတော်), အရှင်နန္ဒ (ရုမ်းကလေးကျွန်းဆရာတော်), အရှင်မာလာ (တောင်တော်သာသနာပိုင်ဆရာတော်), အရှင်ဝိသုဒ္ဓါစာရ (မဟာဝိသုဒ္ဓါရုံဆရာတော်), အရှင်က္ကန္ဒက (ထရံကာဆရာတော်)နှင့် အရှင်သာသန (ကျောင်းတော်ရာဆရာတော်) (၌ကျမ်း၊ နှာ [၁၆]-ရှု) စသော ဆရာတော်တို့သည် ကျေးဇူးတော်ရှင် ဤသီးလုံးဆရာတော် မထေရ်အရှင်မြတ်ကြီး၏ ပရိယတ်,ပဋိပတ် သာဝကတပည့်ကြီးများဖြစ်ကြသည်။ ထိုမှတပါး မထင်ရှားသော်လည်း သီလဝန်, ဂုဏဝန် တပည့်တပန်းပုဂ္ဂိုလ်များများစွာ ကျန်ရှိနေသေးပေမည်။

ပဋိပတ္တိ နည်းခံဆရာတော်မှာ အရှင်မဥ္ဇူသာ (မင်းကွန်းအလယ်တောရဆရာတော်) စသည်တို့ ဖြစ်ကြသည်။ ဤဆရာတော်မြတ်၏ ပဋိပတ်နည်းကို သင်ယူကျင့်ကြံလိုကြသော်လည်း အကြောင်းမညီညွတ်သဖြင့် အခွင့်မသာ ဖြစ်ခဲ့ကြရသော ဆရာတော်များ များစွာကျန်ရှိသေးသည်။

"အုဂ်ဖိုရ်ဆရာတော်ဘုရားကြီးသည် စစ်ကိုင်းမြို့၊ ထူပါရုံဆရာတော်ဘုရားကြီးထံ၌ ကလာပ်ဝိဒဂ်- အစရှိကုန်သော နာဂရီ, ဗင်္ဂလီကျမ်းများကို တတ်မြောက်ကျွမ်းကျင်အောင် သင်ကြားတော်မူသည်။ ထိုထူပါရုံဆရာတော်ဘုရားကြီး အရှင်ပုညာရမ္မကား တောင်တွင်းပုဂ္ဂိုလ်ကျော်အနွယ်ဖြစ်၍ အာစရိယပရံပရဝံသအဆက် မပျက်မယွင်း သန့်ရှင်းကောင်းမွန်လှသည်။ အကျင့်သီလ အာစာရနှင့် စုံညီသဖြင့် လဇ္ဇီ သီလဝန္တလည်း ဖြစ်သောကြောင့် ထိုဆရာတော်ဘုရားကြီးထံ၌ သိက္ခာသစ်တဖန် ထပ်မံတင်ယူပြီးနောက် ပဋိပတ္တိအခဏ်း၌

ကျော်စောတော်မူသော **သီးလုံးဆရာတော်ဘုရားကြီး**ထံ သွားရန် ကြံစည်တော်မူသည်။ သို့သော်လည်း ထိုဆရာတော်ဘုရားကြီး၏ နေရာအရပ်သည် ကျေးတောဖြစ်၍ ဥတုမညီမမျှသော အကြောင်းကြောင့် မသွားဖြစ်ပဲ ထိုဆရာတော်ဘုရားကြီးကဲ့သို့ပင် ပဋိပတ္တိအရာ၌ လွန်စွာကျော်စောတော်မူလှသော အဝမြို့ လက်ဆောင်ယူ မလယ်တောရဆရာတော် ဘုရားကြီး **အရှင်ဥတ္တမမထေရ်မြတ်**ထံ သွားရောက်ဆည်းကပ်၍ ပဋိပတ္တိနည်းများကို ကောင်းစွာ လေ့လာနာယူတော်မူလျက်ပင် 'သာရဝေါမြို့ ရွာကလေးရွာ၌ ငါ၏ ဉာတိပဝါရိတပုဂ္ဂိုလ်များ ရှိသည်။ ထိုပုဂ္ဂိုလ်များကို ငါ့စကားဖြင့် ပြောကြား၍ ကျောင်းကန်ဆောက်လုပ်နိုင်စေရမည်'ဟု ဒိပဲရင်းဆရာတော် ဦးသုမနကို အလျင်ရှေးဦး စေလွှတ်တော်မူလိုက်သည်။" (မဟာဒွါရနိကာယ သာသနဝံသဒီပနီ၊ နှာ-၃၃၁)

သင်္ဂဇာဆရာတော်နှင့် ဗန်းမော်ဆရာတော်- စသော ဆရာတော်အရှင်မြတ်တို့သည် မိမိတို့ဆရာ သီးလုံးဆရာတော်ဘုရားကြီး၏ အဆုံးအမများကို မြတ်နိုးစွာ ခံယူ၍ ပြုမူနေထိုင်ကြကုန်သည်။

"သပိတ်လွယ်၍ ဣန္ဒြေရရ ဆွမ်းခံသော **သီးလုံးဆရာတော်ဘုရားကြီး၏အနွယ်အလာ သင်္ဂဇာဆရာတော်၊ သက်ပန်းဆရာတော်၊ ရွှေကျင်ဆရာတော်တို့၏**တပည့် ဂိုဏ်းသံဃာများကို နန်းတော်နှင့်တကွ သဒ္ဓါကြည်ညိုကြသူများ၍ မနာလိုဝန်တိုသော ရဟန်းများကြ၏။ တရံရောအခါ **သာသနာပိုင်ဦးဥ ယျက** သင်္ဂဇာဆရာတော်ကို-

'ဟဲ့ အဂ္ဂ၊ နင့်တပည့်များကို သပိတ်အိတ်နှင့် ဆွမ်းမခံစေနှင့်၊ မအပ်ဖူး။ ရှေးကတောကျောင်းဘုန်းကြီးများ ရွာသို့ ဆွမ်းခံသွားသည့်အခါ **ရွာအနီးသို့ ရောက်လျှင် သပိတ်အိတ်ကို ချွတ်၍ ရွာသို့ ဝင်ကြကြောင်း အရညကဝတ်၌** လာသည်'-ဟု ဆိုလေလျှင် သင်္ဂဇာဆရာတော်က အကျိုးလို၍ဆိုသော စကား မဟုတ်မှန်းသိ၍ သီးလုံးဆရာတော်ဘုရားကြီးရှိရာ လက်အုပ်ချီ၍ 'ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်တို့ကို ထိုးထွင်း၍ ခေါင်ချဉ်းအောင်တတ်တော်မူသော ကျေးဇူးရှင် သီးလုံးဆရာတော်ဘုရားကြီး၏ နည်းတော်။ ငါ့တပည့်များ **အရဟတ္တဖိုလ်သို့ ရောက်သည့်တိုင်အောင် သပိတ်အိတ်လွယ်၍ ခံကြလေ**'-ဟု သာသနာပိုင်ဦးဥ ယျရှေ့တွင် မိန့်ဆိုကြောင်းများကို တဆင့်စကား ကြားလိုက်ရ၏။

**ဗန်းမော်ဆရာတော်လည်း-**

> '**အာရညိကဝတ်မှာလာသော သပိတ်အိတ်ကား** သပိတ်မပွန်းရုံ ထည့်ထားရသော သူတောင်းစားများ အိတ်ကြီးနှင့် တူသောအိတ်ဖြစ်၍ အိတ်နှင့်တကွ ဆွမ်းခံ၍ မဖြစ်သောကြောင့် ချွတ်ရသည်။ မအပ်၍၊ အာပတ်သင့်၍ ချွတ်ရသည် မဟုတ်။ **ယခုကာလ အိတ်များကား** ဆွမ်းခံ၍လည်း ဖြစ်၏။ သပိတ်လွယ်၍ ဆွမ်းခံ

လျှင် ဣန္ဒြေရ၍ **သမဏသာရုပ္ပ**လည်း ဖြစ်လှ၏။ လက်ညောင်းသက်သာ ကိုယ်ချမ်းသာ၍ လွန်စွာကျေးဇူးလည်း များလှ၏'-စသည်ဖြင့် အဆုံးအဖြတ်ရေးသည်ကို ရှေးငယ်စဉ်က တွေ့ရဖူးပေ၏။" (ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ နှာ-၉၁-၉၂)

သီးလုံးဆရာတော်ဘုရားကြီး၏ ဆရာအဆက်ဆက်မှာ ရှင်အရဟံတိုင်အောင်, ထိုမှတဆင့်ထောက်၍ အရှင်ဥပါလိတိုင်အောင် သိက္ခာကာမအနွယ်တော်များ ဖြစ်ကြသည်။ သီးလုံးဆရာတော်မှာ ဤသို့ လာခြင်းကောင်းတော်မူသည်။ 'ဆရာကောင်းတပည့် ဖြစ်ခဲလှ၏'ဟု ဆိုသော်လည်း ဤဒုလ္လဘအချက်ကို ကျော်လွန်ပြီး ဆရာကောင်းတပည့် ဖြစ်ခဲ့ရသည်။ ဤတူ တပည့်ကောင်း၏ဆရာ ဖြစ်ရန်မှာ ပို၍ ခက်ခဲသကဲ့သို့ ဖြစ်၏။ သို့ပါသော်လည်း သီးလုံးဆရာတော်မှာ ယင်းဒုလ္လဘကို ကျော်လွန်ပြီး တပည့်ကောင်းများ၏ဆရာ ဖြစ်ခဲ့ရပြန်သည်။

တပည့် **ရွှေကျင်ဆရာတော်ဘုရားကြီး**မှ မဟာဝိသုဒ္ဓါရုံဆရာတော်, ဒီပဲရင်းဆရာတော်, ကျိုက္ကစ်ဆရာတော်- စသော ရွှေကျင်ဂိုဏ်း သာသနာပိုင်ဆရာတော် အဆက်ဆက်သည် သိဿာနုသိဿ (သိဿ + အနုသိဿ။ သိဿ၊ တပည့်။ အနုသိဿ၊ တပည့်၏ တပည့်။ တပည့်စဉ်ဆက်)များ ဖြစ်ကြသည်။ "ဥ ရွှေကျင် ဥ ဝိသုဒ္ဓါရုံ ဒီပဲရင်း ကျိုက္ကစ် အလုံ။ ချမ်းသာလှတော ပစ္ဆိမာရုံ" စသည် ယခုမျက်မှောက်ခေတ် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဇယမေဒနီဝါဆိုကျောင်း၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ စုဒ္ဒသမရွှေကျင်သာသနာပိုင် ဆရာတော်ဗရားကြီးအထိ ရွှေကျင်ဂိုဏ်းဝင် စာရင်းများအတိုင်း ဖြစ်၏။ (ဤကျမ်း၊ ပုံအမှတ် ၅၊ ၆-တွင် ရှု။)

တပည့် **သင်္ဂဇာဆရာတော်ဘုရားကြီး**မှ မော်လမြိုင်၊ ဝဇီရာရာမဆရာတော်, တောင်ပေါက်ဆရာတော်-စသော သိဿာနုသိဿများ။ **မင်းကွန်းအလယ်တောရဆရာတော်**မှ မင်းကွန်းဇေတဝန်ဆရာတော်, တောင်ပုလုဆရာတော်, မဟာစည်ဆရာတော်- စသော ပဋိပတ္တိသိဿာနုသိဿများ ပေါ်ထွန်းခဲ့သည်။ (ဤကျမ်း၊ ပုံအမှတ် ၇-တွင် ရှု။)

ယခုခေတ် အိန္ဒိယ, သီရိလင်္ကာ, ဂျပန်, အမေရိက, အာဖရိက, ဩစတေးလျ-စသော ပြည်ပနိုင်ငံများတွင် ထူးချွန်စွာ သာသနာပြုကြသော ဆရာတော်များမှာ ဤဆရာတော်၏ သိဿာနုသိဿများပင် ဖြစ်သည်။ (ဤကျမ်း၊ ပုံအမှတ် ၂၈-တွင် ရှု။)

ထို့ကြောင့် သီးလုံးဆရာတော်ဘုရားကြီးသည် ဆရာကောင်းများ၏တပည့် ဖြစ်ခဲ့ရသကဲ့သို့ တပည့်ကောင်းများ၏ဆရာလည်း ဖြစ်ခဲ့ရပြန်သည်။

ဤသီးလုံးဆရာတော်ဘုရားကြီး၏ ပရိယတ်,ပဋိပတ်ဂုဏ်တော်များမှာ ပြဆိုပြီးအစိတ်အပိုင်းများအရပင် သိသာလှပါပြီ။ အခွန့်ရှည်စွာ စာချ, လက်တွေ့ကျင့်ကြံ, လက်တွေ့

၂၇၃၆၅

တရားပြလုပ်ငန်းတော်များကြောင့် အလွန်ကျော်ကြားတော်မူခဲ့သည်။ ဆရာတော်သည် "စာတတ် ငါးခုန်၊ စာစုံ မကျည်းတော၊ စာပြော သဲအင်း"အဆိုအရ နိုင်ငံတော်တဝှမ်းတွင် ပညာရှိချင်းပင် စာတတ်-ဟု သမုတ်ခံရသော ငါးခုန်ဆရာတော်ထံတွင် ထက်မြက်သော ပညာဉာဏ်ဖြင့် ကြိုးစားလုံ့လပြု၍ လေ့လာသင်ကြား တတ်မြောက်ထားတော်မူသည်။

သင်ရိုးကျမ်းစာများနှင့် ပိဋကတ် ၃-ပုံကို အဋ္ဌကထာ, ဋီကာနှင့်တကွ အခွန့်ရှည်စွာ စာပေပို့ချမှုများလေလေ၊ စာသင်သားများအတွက် အကျိုးများလေလေဖြစ်သည်။ ထို့အတူ လက်တွေ့ နှစ်ပေါင်းများစွာ ကျင့်ကြံလေလေ၊ ကျမ်းဂန် အဆိုအမိန့် သီဝရီနှင့် လက်တွေ့ ကျင့်ကြံမှု တွဲစပ်မိပြီး ဝသီဘာဝပတ္တ ဝသီဘော် မြောက်လေလေ ဖြစ်သည်။ တဖန်တုံ ကျင့်ကြံပြီး, သိပြီးကို နည်းပေးလမ်းပြ တရားပြသက်တမ်း ကြာလေလေ၊ ယောဂီများအဖို့ အကျင့်ထူး, ဉာဏ်ထူးနည်းများ ရလေလေ ဖြစ်သည်။

မြို့ကြီးပြကြီး ပညာသင်ဌာနကြီးများတွင် တပည့်များအား သင်ကြားပို့ချပါမူ တော်လျှင် တော်သည့်အလျောက် ကျော်ကြားလွယ်သည်။ နေပြည်တော်နှင့်လည်း ဝေး, မြို့ပြမဟုတ်သည့် တောကျေးလက်ဇနပုဒ်တွင် အထက်တန်းကျမ်းဂန်များကို စာပေပို့ချမှု ပြုလိုသော် တပည့်တပန်းရရှိဖို့ပင် ခဲယဉ်းလှသည်။ ကျော်ကြားရန်မှာမူ ပို၍ ဝေးပါသည်။ လွန်ကဲသော သဒ္ဓါဝီရိယ, ထက်မြက်သော ပညာပြည့်စုံလွန်းသဖြင့်သာ တပည့်တပန်းများ ပျားနှယ်အုံပြီး သိမ့်သိမ့်တုံခပ် ပွဲတင်ထပ်အောင် ကျော်ကြားတော်မူလာခဲ့ရသည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီးအား နိုင်ငံနှင့် အဝှမ်းက အလေးအမြတ်ပြုကြသည်။ အဖိုးမဟဏ္ဍ သဘောထားကြသည်။ မျက်မှောက်ခေတ် သာသနာလောက၌ သည်းခံမှု, ပညာချွန်မှု အရာတွင် သာလွန်သူ မရှိ-ဟု ထဲထဲဝင်ဝင် ကြည်ညိုလေးစားကြသည်။

ဤမျှ ကျော်ကြားသော ဆရာတော်သည်လည်း သခါရပင်ဖြစ်ရာ နောင်ရေးမျှော် ခေါ်၍ နမောဆရာတော်က လက်စ,လက်ရာများကျန်အောင် ကျမ်းပြုရန် တိုက်တွန်းသဖြင့် စာကြည့်,စာချအသိနှင့် လက်တွေ့အကျင့်အမြင် ၂-ရပ် ပေါင်းစပ်၍ ဤဂမ္ဘီရတ္ထဒေသနာကျမ်း ကို နောင်သားတို့အကျိုးငှာ ပြုစုတော်မူခဲ့ပါသည်။ ကျမ်းစာတော်မှာ စာရှုသူ မျက်မှောက်သို့ ရောက်နေပြီဖြစ်၍ အထူးချီးမွမ်းပေးရန် မလို။ ချီးမွမ်းလိုက်ပြန်လျှင် ကျမ်းဂန်၏ နက်နဲမှု ဂမ္ဘီရကို မှီအောင် မလိုက်နိုင်သဖြင့် အလင်္ကာ မမြောက်သည့်ပြင် အဗျာပိတ-စသော ဒေါသ, မလိုလားအပ်သော အပြစ်များ တန်ပြန် ကျရောက်လာပေမည်။ ဆရာတော် ဘုရားကြီး၏ ဂမ္ဘီရဉာဏ်တော်မှ ပြေပြစ်ချောမော သဘောရှင်းလင်းစွာ ထွက်ပေါ်လာသော စာတော် ရတနာ၊ ဂမ္ဘီရတ္ထဒေသနာကျမ်းကိုသာ ဆက်လက်၍ ကြည့်ရှုပူဇော် ချီးမွမ်းကြပါရန် ဖြစ်သည်။

ဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ရာနှင့် ကျမ်းဂန်စာများကို အလွန်လေးစား မြတ်နိုးကြသော ဒါယကာတစ်စုတို့သည် ယင်းသည့်ကျမ်းဆရာ, ယင်းကျမ်းစာတို့နှင့် ပကတူပနိဿယပစ္စယသတ္တိ ပဋ္ဌာန်းဆက် ရှိကြသဖြင့် မြုပ်ကွယ်နေသော ရတနာရွှေအိုးကို ထုတ်ဖော်လိုက်သကဲ့သို့ အသစ်တဖန် ရိုက်နှိပ်ရန် စေတနာသန်ကြသည်။ "လိုလျှင်ကြံဆ၊ နည်းလမ်းရ"ဆိုရိုးအတိုင်း ဇွဲမလျှော့ဘဲ အားထုတ် နေမှုကြောင့် ဆရာဦးအောင်မွန်မှတဆင့် ဗုဒ္ဓစာပေအဖွဲ့နှင့် ဆက်သွယ်ရန် နည်းလမ်းရလာပါသည်။ ဗုဒ္ဓစာပေအဖွဲ့ကလည်း ကွန်ပျူတာ စာစီခြင်း, ဆဋ္ဌသင်္ဂါယနာမူ ပါဠိတော်-စသည်များနှင့် တိုက်ဆိုင်ခြင်း, အကိုး ပါဠိတော်-စသည်များ၏ အထောက်အထား စာမျက်နှာ ထည့်သွင်းခြင်း-စသည်ဖြင့် တတ်အားသမျှ အားစိုက်ကူညီပေးကြပါသည်။ ကျမ်းဆရာနှင့် ကျမ်းစာတန်ခိုးတော်ကြောင့် လည်းကောင်း, အကျိုးဆောင်ပုဂ္ဂိုလ်တစ်စု၏ သဒ္ဓါဓာတ်ကြောင့်လည်းကောင်း ပုံနှိပ်ရန် ဓမ္မဒါနအလှူငွေများသည်လည်း မျှော်လင့်သည်ထက်ပင် ပို၍ ပြည့်စုံလာသည်။

"ထို (**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**)ဒေသနာတော်မြတ်ပါဠိ၀ယ် အဓိပ္ပါယ်သော်ကား 'နတ်တို့ကို အစိုးရသော သိကြားမင်း! ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်း ၄-ပါးတည်း ဟူသော အလုံးစုံသော အလှူမျိုးတို့ထက် တရားတော်ကို သင်ခြင်း, နာခြင်း, ဆွေးနွေးမေး မြန်းခြင်း, သူတပါးတို့အား ဟောပြောပြသ ဆုံးမခြင်းတည်းဟူသော ဓမ္မဒါနသည် ကြီးမြတ် သည်ဖြစ်၍ အောင်နိုင်၏။ အဘယ့်ကြောင့်နည်းဟူမူကား စကြဝဠာတိုက်၌ မြေပြင်မှသည် အကနိဋ္ဌပြဟ္မာ့ပြည်တိုင်အောင် အခြားမရှိ စည်းဝေးကုန်သော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ အရှင်မြတ်တို့အား ဌက်ပျောဖက်ညွှန့်နှင့် တူကုန်သော အလွန်သိမ်မွေ့နူးညံ့စွာသော **သင်္ကန်း**တို့ကို လှူလေရာ၏။ ထိုအလှူသည် ၄-ပါဒအတိုင်းအရှည်ရှိသော ဂါထာကို ဟောသော ကောင်းမှုကို ၁၆-စိတ်စိတ်၍ ၁-စိတ်သော အကျိုးကိုမျှ မမီနိုင်။ ထိုတရားကို ဟောခြင်း, သင်ခြင်း, ဆွေးနွေးမေးမြန်းခြင်း, နှလုံးသွင်းခြင်းတည်း-ဟူသော ဓမ္မဒါနသည် သာလျှင် ကြီးမြတ်သော အကျိုးရှိ၏။ ထို့ကြောင့် **သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**'-ဟု ဟောတော် မူသည်။

ထိုဆိုအပ်ခဲ့ပြီးသော များလှစွာသော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာသခင်တို့၏ သပိတ်ကို အလွန်မွန်မြတ်လှသော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ပြည့်စုံစေ၍ လှူအပ်သော **ဆွမ်း**-ဟူသော အလှူထက်လည်းကောင်း၊

ထိုအရှင်တို့၏ သပိတ်တို့ကို ဆီဦး, ထောပတ်, ပျား, တင်လဲ-အစရှိသော **ဆေး**တို့ကို ပြည့်စုံစေ၍ လှူသော အလှူထက်လည်းကောင်း၊

သိန်းယိုင်ဋ္ဌကျွန်း၌ မဟာဝိဟာရနှင့်တူသော **ကျောင်း**တို့ကိုလည်းကောင်း, ကြေးပြာသာဒ် နှင့်တူသော ပြာသာဒ်တို့ကိုလည်းကောင်း, အရာအထောင်မက များလှစွာသော

ကျောင်း, များလှစွာသော ပြာသာဒ်တို့ကို လှူသော ဒါနထက်လည်းကောင်း၊ အနာ-ထပိဏ်သူဌေး-အစရှိကုန်သော သူတို့သည် ဆောက်အပ်သော ဇေတဝန်ကျောင်း-အစရှိသည်တို့ကို အကြောင်းပြု၍ ပြုအပ်သော များလှစွာသော ပေးကမ်း စွန့်ကြဲခြင်းထက်လည်းကောင်း၊

၄-ပါဒရှိသော ဂါထာကို ဟောခြင်း-အစရှိသည်တို့၏ အစွမ်းအားဖြင့် ဖြစ်စေအပ်သော ဓမ္မဒါနသည်သာလျှင် ကြီးမြတ်သော အကျိုးရှိ၏။

အဘယ့်ကြောင့်နည်းဟူမူကား ဤသို့သဘောရှိကုန်သော ဆွမ်း,သင်္ကန်း,ကျောင်း, ဆေး၊ ပစ္စည်း ၄-ပါးဟူသော အထူးထူးသော အလှူမျိုးတို့ကို လှူကုန်သောသူတို့သည် တရားကို နာရသောကြောင့်သာလျှင် လှူခြင်းကို ပြုကုန်၏။ မနာရသည်ရှိသော် မပြုကုန်ရာ။ စင်စစ်အားဖြင့် သတ္တဝါတို့သည် တရားကို မနာရကုန်သည်ရှိသော် ၁-ယောက်ချိုမျှသော ယာဂုကိုလည်းကောင်း, ၁-ယောက်မမျှသော ဆွမ်းကိုလည်းကောင်း မလှူကုန်ရာ။ ထို့ကြောင့်လည်း အလုံးစုံသော အလှူမျိုးတို့ထက် တရား-ဟူသော ဓမ္မဒါနသည်သာလျှင် ကြီးမြတ်သော အကျိုးရှိ၏။

စင်စစ်အားဖြင့် မဟာဝိဟာရနှင့် တူသော ကျောင်းအရာ, အထောင်တို့သည်လည်းကောင်း၊ ဇေတဝန်ကျောင်းတော်နှင့် တူကုန်သော ကျောင်းအရာ, အထောင်တို့သည်လည်းကောင်း၊ မဟာစေတီနှင့် တူကုန်သော စေတီအရာ, အထောင်တို့သည်လည်းကောင်း သာသနာတော်ကို တည်စေခြင်းငှာ မတတ်နိုင်။ ပရိယတ္တိသည်သာလျှင် သာသနာတော်ကို တည်စေခြင်းငှာ စွမ်းနိုင်၏။ ထို့ကြောင့် **မဟာဝိဟာရသဒိသံ ။ပ။ သာသနံ ပတိဋ္ဌာပေတုံ သက္ကောတိ**-ဟု ဟောတော်မူအပ်ပြီ။

တစ်နည်းလည်း ဘုရားရှင်တို့ကိုလည်းကောင်း, ပစ္စေကဗုဒ္ဓါတို့ကိုလည်းကောင်း ထား၍ အာယုကပ်ပတ်လုံး ရွာသော မိုးရည်,မိုးပေါက်၊ တစ်ကမ္ဘာပတ်လုံး ရွာသော မိုးရည်, မိုးပေါက်တို့ကို ရေတွက်ခြင်းငှာ စွမ်းနိုင်သော ပညာနှင့်ပြည့်စုံသော အရှင်သာရိပုတ္တရာ မထေရ်မြတ်-အစရှိကုန်သော သာဝကတို့သည်လည်း မိမိတို့၏ သဘောဓမ္မတာအားဖြင့် သောတာပတ္တိဖိုလ်-အစရှိကုန်သော လောကုတ္တရာတရား ၉-ပါးတို့ကို ထိုးထွင်း၍ သိခြင်းငှာ မစွမ်းနိုင်ကုန်။ အရှင်မဟာအဿဇိ-အစရှိကုန်သော မဟာထေရ်မြတ်တို့သည် ဟောအပ်သော တရားဒေသနာကို ကြားနာရ၍သာလျှင် သောတာပတ္တိဖိုလ်-အစရှိကုန်သော လောကုတ္တရာတရား ၉-ပါးတို့ကို ထိုးထွင်း၍ သိကုန်၏။ မြတ်စွာဘုရား၏ တရားဒေသနာတော်ဖြင့်သာလျှင် သာဝကပါရမီဉာဏ်ကို မျက်မှောက်ပြုနိုင်ကုန်၏။ ဤအကြောင်းကြောင့်လည်း အာမိသဒါနထက် ဓမ္မဒါနသာလျှင် သေဋ္ဌဇေဋ္ဌဖြစ်၍ ထူးမြတ်လွန်ကဲသော အကျိုးကျေးဇူးရှိ၏။ ထို့ကြောင့် **သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**-ဟု ဟောတော်မူသည်။

လူ့ပြည်၌ ဖြစ်ကုန်သော အဆင်း,အနံ့နှင့် ပြည့်စုံကုန်သော လူတို့၏ အရသာမျိုးတို့သည်လည်းကောင်း, နတ်ပြည်၌ဖြစ်ကုန်သော နတ်တို့၏ အလွန်အကဲအားဖြင့် ကောင်းမြတ်သော သုဓာဘုတ်ဘောဇဉ်-အစရှိသော အရသာမျိုးတို့သည်လည်းကောင်း ရှိကုန်၏။ ထိုအရသာမျိုးတို့ကို ခံစားသဖြင့် လျှာအလိုလိုက်၍ မိုက်ကြကုန်သော သတ္တဝါအပေါင်းတို့သည် အပါယ်ငရဲ၌ ကျခြင်း, ဝဋ်ဆင်းရဲ၌ ကျ၍ သံသရာဝဋ် ရှည်လျားခြင်းဖြင့် အပါယ်ဆင်းရဲ, ဝဋ်ဆင်းရဲ-အစရှိသော အလုံးစုံသော ဆင်းရဲအပေါင်းတို့ကို ခံစားရခြင်း၏ အကြောင်းသာ ဖြစ်ကုန်၏။ ၃၇-ပါးကုန်သော ဗောဓိပက္ခိယတရား-ဟု ဆိုအပ်သော အရသာ, လောကုတ္တရာတရား ၉-ပါးဟု ဆိုအပ်သော အရသာသည်ကား အလုံးစုံသော အပါယ်ဆင်းရဲ, ဝဋ်ဆင်းရဲမှ ကင်းလွတ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် အလွန်လျှင် မြတ်၏။ ထို့ကြောင့် **သဗ္ဗရသံ ဓမ္မရသော ဇိနာတိ**-ဟု ဟောတော်မူသည်။

သမီး,သား,မယားတို့နှင့် မွေ့လျော်ခြင်း၊ ကခြင်း, သီခြင်း, တီးမှုတ်ခြင်း-အစရှိသော ပွဲလမ်းသဘင်တို့ကို ကြည့်ရှု၍ မွေ့လျော်ခြင်း၊ ရွှေ,ငွေ,ဥစ္စာ လယ်ယာ,ကိုင်းကျွန်း နွား,ကျွဲ, ဆင်,မြင်း-အစရှိသော သက်ရှိ,သက်မဲ့ဥစ္စာတို့ကို ကြည့်ရှု၍ မွေ့လျော်ခြင်းသည် အပါယ် ၄-ပါးသို့ လားခြင်း, သံသရာဝဋ်ဆင်းရဲ ရှည်လျားခြင်းကို ဖြစ်စေ၍ ကြီးမားလှစွာသော ဒုက္ခဝေဒနာကို ခံစားရခြင်း၏အကြောင်းသာ ဖြစ်သောကြောင့် ထိုအလုံးစုံသော မွေ့လျော်ခြင်းတို့ကို ကြောက်အပ်သည်သာ ဖြစ်၏။

၄-ပါဒရှိသော ဂါထာဖြင့် ရေတွက်အပ်သော တရားတော်ကို သင်ခြင်း,နာခြင်း, ဆွေးနွေးမေးမြန်းခြင်း, ဟောပြောခြင်းကို ပြုသောသူ၏ ကိုယ်တွင်း၌ ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေတတ်သော ခုဒ္ဒိကာပီတိ, ခဏခဏကာလ၌ဖြစ်သော ခဏိကာပီတိ, မျက်ရည်ယိုခြင်း, ကိုယ်၏တက်ကြွခြင်းကို ဖြစ်စေတတ်သော ဩက္ကန္တိကာပီတိ- အစရှိသော အကြင်ပီတိသည် ဖြစ်၏။ ထိုပီတိသည် ဝဋ်ဆင်းရဲ၏အဆုံးကို ပြု၍ အရဟတ္တဖိုလ်ဆုံးသည်တိုင်အောင် များစွာသော အကျိုးရှိသောကြောင့် အလုံးစုံသော မွေ့လျော်ခြင်းတို့ထက် တရားကို အာရုံပြု၍ မွေ့လျော်နှစ်သက်ခြင်း ပီတိသည်သာလျှင် အလွန်မြတ်၏။ ထို့ကြောင့် **သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ**-ဟု ဟောတော်မူသည်။

တဏှာ,လောဘ,ရာဂ မကင်းကုန်သော သတ္တဝါအပေါင်းတို့သည် အပါယ်ဆင်းရဲ, ဝဋ်ဆင်းရဲတို့၌ ကြီးမားစွာသော ဒုက္ခဝေဒနာကို ခံစားရခြင်း၏အကြောင်း ဖြစ်၏။ တဏှာ, လောဘ,ရာဂတရားကို ကုန်စေတတ်သော အရဟတ္တမဂ်၏အဆုံး၌ဖြစ်သော အရဟတ္တဖိုလ်သည် အလုံးစုံသော အပါယ်ဆင်းရဲ,ဝဋ်ဆင်းရဲကို နှိမ်နင်း၍ ဖြစ်ခြင်းကြောင့် သေဋ္ဌဇေဋ္ဌဖြစ်၍ အလွန်လျှင် မြတ်၏။ ထို့ကြောင့် **တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ**-ဟု ဟောတော်မူသည်။

ထိုဒေသနာတော်၏ အဆုံး၌ ၈၄,၀၀၀-ကုန်သော သတ္တဝါအပေါင်းတို့သည် သစ္စာ ၄-ပါးကို ထိုးထွင်း၍ သိသဖြင့် အကျွတ်တရားကို ရကြလေကုန်၏။ သိကြားမင်းသည်လည်း ဘုရားသခင်၏ တရားဒေသနာတော်ကို ကြားနာရ၍ အလွန်ရှိသေစွာ ရှိခိုးလျက် 'ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဤသို့ပင် ဓမ္မဒါနသည် အကျိုးကြီးသည် ဖြစ်လျက် ဓမ္မဒါနကို ပြုရာ၌ အဘယ့်ကြောင့် အကျွန်ုပ်တို့အား ထိုဓမ္မဒါနအဖို့ကို မဝေဘဲ နေကုန်ဘိသနည်း။ ဤနေ့ကို အစပြု၍ ရဟန်းသံဃာတို့ ဓမ္မဒါနကို ပြုပြီးသော ကောင်းမှုအဖို့ကို ဝေပါစေကုန်'ဟု နားတော်လျှောက်၏။ သိကြားမင်း လျှောက်ထားသည်ကို အကြောင်းပြု၍ ဘုရားသခင်လည်း ရဟန်းသံဃာတော်တို့ကို စည်းဝေးစေ၍ 'ငါ၏ချစ်သား ရဟန်းများတို့၊ ယနေ့ကို အစပြု၍ ဓမ္မဒါနကို ပြုသည်ရှိသော် အလုံးစုံသော သတ္တဝါတို့အား ထိုဓမ္မဒါနအဖို့ကို ပေးဝေကြလေကုန်'ဟု မိန့်တော်မူ၏။

ထို့ကြောင့် ယခုအခါ အကြင်ပညာရှိ သူတော်ကောင်းအပေါင်းတို့သည် အလုံးစုံသော အလှူမျိုးတို့ထက် တရားတည်းဟူသော အလှူသည်သာလျှင် မြတ်သောကြောင့် တရားကို သင်ခြင်း, နာခြင်း, ဆွေးနွေးမေးမြန်းခြင်း, သူတပါးတို့အား ဟောပြောပြသဆုံးမခြင်းတည်းဟူသော ဓမ္မဒါနကို အားထုတ်ကုန်ရာသည်။ အလုံးစုံသော အရသာမျိုးထက် ဓမ္မရသသည်သာလျှင် သာလွန်သောကြောင့် ဓမ္မရသကို ခံစားရခြင်းအကျိုးငှာ အားထုတ်ကုန်ရာသည်။ အလုံးစုံသော မွေ့လျော်ခြင်းတို့ထက် တရားဖြင့် မွေ့လျော်ခြင်းသည်သာလျှင် သာလွန်သောကြောင့် တရားကို အမှီပြု၍ ပီတိ,ပါမောဇ္ဇဖြစ်အောင် အားထုတ်ကုန်ရာသည်။ တဏှာ,လောဘ, ရာဂ၏ကုန်ခြင်းသည် အလုံးစုံသော ဒုက္ခကို ကုန်စေတတ်သောကြောင့် တဏှာ,လောဘ, ရာဂတရားတို့ကို ကုန်စေခြင်းငှာ အားထုတ်ကုန်ရာသည်။"
(ဤကျမ်း၊ နှာ ၅၊ ၆၊ ၇-နှင့် ၅၅၀-ရှု)

အကျိုးဆောင်ပုဂ္ဂိုလ်များ၏ နှိုးဆော်မှုကြောင့် ရတနာမျိုးတွင် အထက်တန်းကျကျ ပါဝင်သော ကျမ်းပြုဆရာတော်ဘုရားကြီး၏ ရတနာအစစ်ပင်ဖြစ်သော ကျမ်းစာတော်ကို အသစ်တဖန် ပုံနှိပ်ရိုက်နှိပ်ပြီးခြင်းအားဖြင့် ဓမ္မဒါနကုသိုလ် ရရှိကြပေပြီ။ ကူညီပါဝင်ကြသော ပုဂ္ဂိုလ်များလည်း ဓမ္မဒါနကုသိုလ် ရရှိကြပေပြီ။ နတ်လူသာဓုခေါ်စေသောဝ်။

* ဤဓမ္မာနုဓမ္မပဋိပတ်ဖြင့် ရတနာ ၃-ပါးအား ပူဇော်ပါ၏။
* ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ရတနတ္တယံ ပူဇေမိ။ ။

ဘဒ္ဒန္တသဒ္ဓိယ
(၄-၁၀-၂၀၁၀)

[ ၂၇ ]

# သီးလုံးတောရဆရာတော်ကြီး အရှင်စန္ဒိမာ၏ ထေရုပ္ပတ္တိအကျဉ်း

လွန်ခဲ့သောနှစ်ပေါင်း ၂၀၀-ကျော်ကာလ၊ သက္ကရာဇ် ၁၁၄၈-ခုနှစ်က သာယာဝတီမင်း, ပုဂံမင်း, ပဥ္စမသင်္ဂါယနာတင်မင်းတုန်းမင်းတို့လက်ထက်တွင် အာရညိက, ဓုတင်္ဂဓရ, လဇ္ဇီပေသလ, သိက္ခာကာမ, ဗျတ္တိပဋိဗလ, ပိဋကပါရဂူ-စသော ဂုဏ်အမျိုးမျိုးတို့ဖြင့် ထင်ရှားကျော်စောတော်မူ၍ ရွှေကျင်နိကာယကြီး၏ အမွန်အစ ပဘာဝလည်းဖြစ်တော်မူသော သီးလုံးတောရဆရာတော်ကြီး*၁သည် ရတနာသိယ်၊ ရွှေဘိုနန်းမြို့တော်ကြီး၏*၂ မြောက်ဘက်၊ ရွှန်းရွှန်းတက်ရွာ*၃နေ ခမည်းတော် ဦးပု၊ မယ်တော်ဒေါ်ငွေဥ*၄ တို့၌ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။

သီးလုံးဆရာတော်ကြီး လောင်းလျာသည် သက်တော် ၈-နှစ်, ၉-နှစ်အရွယ်၌ ရွှန်းရွှန်းတက်ရွာ ရွာဦးကျောင်းဆရာတော်ထံ မိဘတို့ ကြည်ရွှင်နှူးညွတ် ခွင့်ပြုအပ်သည်ဖြစ်၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ ရှင်ဘွဲ့မှာ **ရှင်စန္ဒိမာ**ဟူ၍ ဖြစ်သည်။

---

*၁ ရှေးက 'သီလုံး'ဟု ရေးသား၍ 'သလုံး'ဟု အသံထွက်ရွတ်ဖတ်ကြသည်။ ယခုအခါ 'သီးလုံး'ဟူ၍ပင် ရေးသားရွတ်ဖတ်ကြပါသည်။

*၂ ရတနာသိယ် ရွှေဘိုနန်းမြို့တော်ကြီးကို သက္ကရာဇ် ၁၁၁၅-ခုနှစ် (ဥဩအော်မည်-ကုန်းဘောင်တည်)၌ အလောင်းမင်းတရား တည်ထောင်၍ အလောင်းမင်းတရား, နောင်တော်ကြီးမင်း, ဆင်ဖြူရှင်မင်း, သာယာဝတီမင်းတို့ စံမြန်းခဲ့ကြသည်။ ဆင်ဖြူရှင်မင်းလက်ထက်၌ အင်းဝသို့ နန်းမြို့သစ် ရွှေ့ပြောင်းတည်ထောင်ခဲ့သော်လည်း ရွှေဘိုနန်းမြို့တော်ကြီးမှာ ကုန်းဘောင်မင်းအဆက်ဆက် လက်ထက်တော် အဝဝတို့တွင် ဝင့်ကြွားထည်ဝါ ခမ်းကြီးနားကြီးရှိသော အောင်မြေဌာနလည်း ဖြစ်ခဲ့ပါသည်။

*၃ ရွှံ့စက်ရွာ-ဟုလည်း ခေါ်ကြသည်။ ရွှန်းရွှန်းတက်ရွာသည် စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ ဘုတ်ကုန်းရွာအနီး၌ တည်ရှိခဲ့ပြီး ယခုအချိန်၌ ထိုရွှန်းရွှန်းတက်ရွာ ကွယ်ပျောက်ခဲ့ပြီ ဖြစ်သည်။

*၄ အချို့က မယ်တော်ကြီး၏ အမည်ကို ဒေါ်ငွေရီ-ဟုလည်း ဖော်ပြကြသည်။

ရှင်စန္ဒိမာသည် သာမဏေဘဝကပင် 'စာတတ် ငါးခုန်၊ စာကုန် မန်ကျည်းတော၊ စာပြော သဲအင်း'-ဟု စာချိုးလောက်အောင် ပိဋကတ်စာပေတတ်ကျွမ်းရာ၌ အကျော်တစောရှိတော်မူသော "အာဒိစ္စဝံသာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"တံဆိပ်တော်ရ ပထမငါးခုန်ဆရာတော်ကြီး*၁ အရှင်အာဒိစ္စဝံသထံတော်၌ ဆည်းကပ်၍ နေခဲ့ဖူးလေသည်*၂။

ငါးခုန်ဆရာတော်ကြီးသည်ကား လောဘ, ဒေါသနည်းပါး၍ သမ္မာသမ္ဗောဓိဆုကို ပန်ဆင်ထားသော ပုဂ္ဂိုလ်သူမြတ်ကြီးဖြစ်သည်။ ပါပညစ်ကျူး မကောင်းမှုကို ပြုမည်ဝေးစွ၊ စိတ်ထဲ၌ပင် ဖြစ်ခွင့်မရအောင် ဂန္ထဓုရ, ဝိပဿနာဓုရ ဓုရ ၂-ပါးတို့ဖြင့်သာ အချိန်ကို ကုန်လွန်စေ၏။ တခါတရံ မိမိသန္တာန်၌ ပုထုဇဉ်အလျောက် ဒေါသတရား-စသည်ဖြစ်အံ့၊ ကြာရှည်လေးမြင့်စွာ လက်သင့်မခံဘဲ ဘုရားရှေ့တော်မှောက်သို့ ဝင်ရောက်ပြီးလျှင် "ဘုန်းတော်နေဝန်း ထွန်းတောက်တော်မူသော မြတ်စွာဘုရား၊ ဘုရားတပည့်တော် ငါးခုန်၏ သန္တာန်၌ ယုတ်မာဆိုးဝါး ဒေါသတရားတို့သည် ဝင်ရောက်နှောင့်ယှက် ဖျက်ဆီးကြပါကုန်သည်ဘုရား။ ဒေါသကင်းဝေးတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား အကြိမ်ကြိမ်ရှိခိုးကန်တော့ပါ၏ဘုရား။ ဘုရားတပည့်တော်၏ သန္တာန်၌ စွဲလမ်းကပ်ငြိ ဆိုးဝါးဘိသော ဤဒေါသတဏှာ ကိလေသာကို ကယ်မပယ်ချွတ်တော်မူပါဘုရား"စသည်ဖြင့် ဒေါသအာဃာတကို တဒင်္ဂပဟာန်ဖြင့် မငြိမ်းမချင်း ဘုရားရှင်၏ရှေ့တော်၌ ဝတ်ပြုလျက် နေလေ့ရှိသည်။ ထို့ပြင် ငါးခုန်ဆရာတော်ကြီးအား စောင်းချိတ်၍ "ကေစိ၊ အချို့သော ငါးခုန်မျက်ခမ်း ပါတုရန်းတို့သည်။ ဝဒန္တိ၊ မိန့်ဆိုကြကုန်၏"*၃ဟု ရွတ်ဆိုစာချသည်ကို ကြားကြကုန်သော တပည့်တို့က မကျေနပ်သဖြင့် ဆရာတော်ထံ လျှောက်ထားကြလျှင် ငါးခုန်ဆရာတော်ကြီးက "ငါ့တပည့်တို့၊ စိတ်မဆိုးကြလင့်။ ငါတို့ကို အလွန်ချစ်၍သာ စာထဲ,ပေထဲ ထည့်၍ ချီးမြှင့်ကြပေသည်"ဟု ဝမ်းမြောက်ဝမ်းသာစကား မိန့်ကြားတော်မူလေ့ရှိသည်*၄။

---

*၁ ပထမငါးခုန်ဆရာတော်ကြီးသည် ပရမတ္ထသူဒနီမည်သော ခုဒ္ဒကပါဌဋီကာ, ဗုဒ္ဓဝင်အဋ္ဌကထာ နိသျခေါ် မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး ၃-တွဲတို့ကို စီရင်ရေးသားတော်မူခဲ့ပါသည်။ ဦးယံ၏ ပိဋကတ်တော်သမိုင်း။ ၁၉၅၉။ (အပိုဒ်-၂၁၃၊ ၆၅၅)။

*၂ အရှင်သီရိဓမ္မနှင့် လယ်တီပဏ္ဍိတတို့၏ မဟာဝိသုဒ္ဓါရာမိကထေရုပ္ပတ္တိဒီပနီ။၁၉၇၅။ (စာ-န)။ ယခုအခါ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ငါးခုန်ကျေးရွာ၊ ဒက္ခိဏာရာမကျောင်းတိုက် အဖြစ် တည်ရှိပါသည်။

*၃ အချို့သောစာတို့တွင် အပရေထိုး၍ "အပရေ = ငါးခုန်မျက်ခမ်း တာတေရမ်းတို့သည်။ ဝဒန္တိ ကိရ = ဆိုကုန်သတတ်"ဟုလည်း ဖော်ပြထားပါသည်။ လယ်တီဦးလှပိုင်၏ ပုခန်းသာသနာဝင်။ ၁၉၈၁။ (စာ-၂၀၇)။

*၄ မဟာသီဝဆရာတော်၏ မဂ္ဂဗောဓကကျမ်း။ ၁၂၉၇။ (စာ-၁၅၄)။

ရှင်စန္ဒိမာသည် ငါးခုနှ်ဆရာတော်ကြီးထံ၌ ငယ်စဉ်ကပင် ဆည်းကပ်ခွင့် ရခဲ့သောကြောင့် ငါးခုနှ်ဆရာတော်ကြီး၏ သူမတူအောင် ဒေါသမာန်မာန နည်းပါး၍ ခန္တီတရားပြည့်စုံမှုတို့သည် ရှင်စန္ဒိမာ၏ နုနယ်သော နှလုံးသား၌ စွဲဝင်ကူးစက် ကိန်းဝပ်ခဲ့လေသည်။ ထိုအခါ သီတင်းသုံးဖော်အချို့က ရှင်စန္ဒိမာ၏ ခန္တီတရားလက်ကိုင်ထားနိုင်ပုံကို စမ်းသပ်သောသဘောဖြင့် တစ်ခုသောဆွမ်းဝိုင်း၌ ပစ္စဝေက္ခဏာဆင်ခြင်လျက် ငြိမ်သက်သောဣန္ဒြေဖြင့် ဆွမ်းဘုဉ်းပေးနေသော ရှင်စန္ဒိမာ၏ ခေါင်းပေါ်သို့ ဆွမ်းလုံးတို့ ရောပြွမ်းလျက်ရှိသော သပိတ်ဆေးရေကို သွန်လောင်းချလိုက်သည်။ ရှင်စန္ဒိမာသည် စိတ်ဆိုးသောအမူအရာမပြ၊ သင့်တော်ရာသို့ ထသွားပြီးလျှင် ဆွမ်းလုံးတို့ကို ခါချ၊ သင်္ကန်းကို ကောင်းစွာ ပြင်ရမ်းပြီးလျှင် ထိုပြုမူလိုက်သော ရှင်သာမဏေရှေ့၌ သင်္ကန်းကို လက်ကတော့ထိုး ဆောင့်ကြောင့်ထိုင်ရှိခိုးလျက် "ကိုရင်၊ ကိုရင့်အပေါ်မှာ တပည့်တော် တစ်စုံတစ်ရာ ပြစ်မှားဖူးပါသလား။ အကယ်၍ ပြစ်မှားမိဖူးပါက တပည့်တော် တောင်းပန်ပါတယ်။ တပည့်တော်ကို သနားသောအားဖြင့် သည်းခံကျေနပ် ခွင့်လွှတ်တော်မူပါ"ဟု ရိုသေခယ တောင်းပန်တော်မူခဲ့သည်။ သာမဏေမျှအရွယ်၌ သီးလုံးဆရာတော်ကြီးလောင်းလျာ ရှင်စန္ဒိမာ၏ ခန္တီဂုဏ်ကား စံတင်လောက်ပါပေစွ၊ ကြားရသူတို့ ကြက်သီးထခမန်း ကျောချမ်းစဖွယ်တည်း*၁။

ထို့ပြင် ရှင်စန္ဒိမာ၏ ခန္တီဂုဏ်ကို စမ်းသပ်သောအားဖြင့် ရှင်စန္ဒိမာ ရေချိုးဆဲအခိုက် သင်္ကန်းဝှက်ထားပြီး ကျီစယ်စမ်းသပ်ကြသည်။ အချို့ကလည်း ရှင်စန္ဒိမာ ရေချိုးပြီး၍ ဧကသီ, သင်းပိုင်လဲလှယ်ကာ ကျောင်းပြင်သို့ ထွက်လာစဉ် ဖြုန်းခနဲ ကိုယ်ပေါ်သို့ ရေလောင်းချပြီးလည်း စမ်းသပ်ကြပြန်သည်။ မည်သို့ပင် စမ်းသပ်ကြစေကာမူ ရှင်စန္ဒိမာသည် ဒေါသအမျက်တစ်စက်မျှ မထွက်၊ အပြုံးမပျက်ဘဲ အေးဆေးတည်ငြိမ်စွာ တုံ့ပြန်တော်မူခဲ့ပါသည်*၂။

ရှင်စန္ဒိမာသည် သက်တော်-၂၀ ပြည့်ဖြိုးကြွယ်၍ ရဟန်းပြုရန်အချိန်သို့ ရောက်သော် ဒီပဲရင်းမြို့နယ်၊ လက်ယက်ကုန်းရွာအနီး ဒုတိယနံမော်*၃ဆရာတော်

*၁ အရှင်သိရိဓမ္မနှင့် လယ်တီပဏ္ဍိတတို့၏ မဟာဝိသုဒ္ဓါရာမိကထေရုပ္ပတ္တိဒီပနီ။၁၉၇၅။ (စာ-န)။

*၂ ဓမ္မာစရိယဦးငွေလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ။ ၁၉၈၉။ (စာ-၁၄၆)။

*၃ နံမော်-ဟူသည် ရှမ်းစကား။ 'နံ=ရေ၊ မော်=တွင်း'ကို ဆိုလို၍ ရှမ်းပြည်နယ်၊ ရောက်စောက်မြို့အနောက်အရပ်၊ ရွှေအင်းတောင်စေတီအနီးရှိ ရွာကျောင်းကို ဆိုလိုသည်။ ထိုရွာ၌ သီတင်းသုံးသော အရှင်ဓမ္မပါလ၏ တပည့်အစဉ်သည် မိမိတို့ဆရာ သီတင်းသုံးရာ နံမော်ကျောင်းကို စွဲယူ၍ နံမော်ဆရာတော် အစဉ်အဆက် (တစ်နည်း) နံမော်ဂိုဏ်း-ဟူ၍လည်း ခေါ်တွင်ခဲ့ကြသည်။ တတိယနံမော်ဆရာတော်၏ သီလဝိသောဓနီကျမ်း။၁၉၉၂။ (စာ-၁၅၉)။ ကာလကြာသော် 'နံမော်'ကို 'နမော' ဟူ၍လည်း ခေါ်ဝေါ်ခဲ့ကြသည်။ ယခုအခါ စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်အတွင်း တည်ရှိပါသည်။

အရှင်ဝိစာရိန္ဒ*[၁]ထံတော်၌ ရဟန်းအဖြစ်ကို ရရှိခဲ့ပါသည်။ ဥပဇ္ဈာယ်ဆရာတော်အပါအဝင် နံ့မော်ဂိုဏ်းဝင် ဆရာအစဉ်အဆက်တို့သည် ဝိနည်းသိက္ခာကို လေးစား၍ သီလကို အသက်တမျှ ခင်မင်ကြသည်ဖြစ်ရာ အရှင်စန္ဒိမာအဖို့မှာလည်း ထိုနံ့မော်ဆရာတော်တို့၏ ခြေတော်ရင်းတွင် ဝပ်စင်း၍ စာသင်နည်းယူရစဉ်အတွင်း စာပေပရိယတ်ဘက်၌သာ ကျနစွာ တတ်ကျွမ်းခဲ့သည်မဟုတ်ဘဲ အကျင့်သီလ, ဝိနည်း, သိက္ခာဘက်ကလည်း ဆိုဖွယ်ရာမရှိအောင် အချိုးတကျ လိမ္မာကျွမ်းကျင်ပြီး ဖြစ်ခဲ့ပါသည်။ ဤသို့လျှင် သီးလုံးဆရာတော်ကြီးလောင်းလျာ အရှင်စန္ဒိမာသည် ဒုတိယနံ့မော်ဆရာတော် အရှင်ဝိစာရိန္ဒ၏ထံတော် ရောက်၍ တပည့်ဖြစ်ရခြင်းဖြင့် ဝိနည်းဇတဒဂ်ရ အရှင်ဥပါလိမထေရ်၏အနွယ်သို့ သက်ဝင်မိခြင်းလည်း ဖြစ်တော့သည်*[၂]။

အရှင်စန္ဒိမာသည် ဒီပဲရင်းမြို့နယ်၊ လက်ယက်ကုန်းရွာအနီးရှိ နံ့မော်တောရကျောင်း၌ ရဟန်းဖြစ်သည်မှ ၁၃-နှစ်တိုင် သီတင်းသုံးနေတော်မူခဲ့ပါသည်။ သက္ကရာဇ် ၁၁၈၁-ခုနှစ်၊ အရှင်စန္ဒိမာ ၁၃-ဝါအရတွင် ဒီပဲရင်းစီရင်စု၊ သီးလုံးရွာ*[၃]၊ ရွာအုပ်ဦးဝိုက်*[၄]က နံ့မော်ဆရာတော် အရှင်ဝိစာရိန္ဒထံမှ ခွင့်တောင်းပြီး အရှင်စန္ဒိမာအား သီးလုံးရွာသို့ ပင့်ဆောင်ကာ သီးလုံးရွာထိပ်၌ ကျောင်း ၁-ကျောင်းဆောက်လုပ်၍ ကိုးကွယ်ဆည်းကပ်ခဲ့သည်။ ဦးဝိုက် ဆောက်လှူသော ကျောင်းကို ယခုအခါ **အရှေ့ကျောင်း** သို့မဟုတ် **ကန်ရင်းကျောင်း**-ဟု ခေါ်တွင်ကြပါသည်။

---

*၁. အချို့က ဒီပဲရင်းမြို့နယ် ပထမနံ့မော်ဆရာတော် အရှင်ပုညာရမ္ဘထံတွင် ရဟန်းဖြစ်သည်-ဟု ရေးကြသော်လည်း ပထမနံ့မော်ဆရာတော် အရှင်ပုညာရမ္ဘမှာ အရှင်စန္ဒိမာမဖွားမြင်မီ သက္ကရာဇ် ၁၁၄၃-ခုနှစ်ကပင် လွန်တော်မူခဲ့ပြီ ဖြစ်သည်။ ဦးအာလောက၏ သာသနာဝင်ကျမ်း။ ၁၉၂၆။ (စာ-၇၆)။ ယခုအခါ ဒီပဲရင်းမြို့နယ်၊ ညောင်လှကျေးရွာတွင် နံ့မော်တောင်ကျောင်းနှင့် နံ့မော်မြောက်ကျောင်းအဖြစ် တည်ရှိပါသည်။

*၂ သီးလုံးဆရာတော်ကြီးသည် နံ့မော်ဆရာတော်၏ တပည့်ဖြစ်ကာမျှ ဝိနယဇတဒဂ် အရှင်ဥပါလိ၏ အနွယ်အဆက်၌ သက်ဝင်မိပုံကို ရွှေဟင်္သာဆရာတော်ကြီး၏ ရွှေကျင်နိကာယသာသနာဝင်။ ၁၃၂၅။ (စာ-၆-၈)၌ ရှုပါ။

*၃ ယခုအခါ စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ ရွှေဘိုမြို့အနီး၌ တည်ရှိပါသည်။

*၄ သီးလုံးကျောင်းဒကာကို ဦးပိုက်၊ ဦးစိုက်-စသည်ဖြင့်လည်း ရေးကြသည်။ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ၌ 'သီးလုံးရွာအုပ် ငဝိုက်'ဟု ဖော်ပြထားသည်။ ယင်း။ (စာ-၅၀၇)။ ဤကျောင်းဒကာ ဦးဝိုက်သည် နောင်အခါ သီးလုံး ၇-ရွာစား ရွှေတောင်သင်္ဂဟအနုရုဒ္ဓ ဘွဲ့ရပုဂ္ဂိုလ် ဖြစ်သည်။

သက္ကရာဇ် ၁၁၉၀-ပြည့်နှစ်တွင် မူလသီးလုံးကျောင်းဒကာ ဦးဝိုက်၏ညီ၊ နေမျိုးရွှေတောင်ကျော်သူဘွဲ့ခံ၊ သီးလုံးစစ်ကဲ ဦးစိုး*[၁]နှင့် ဇနီး ဒေါ်မယ်စီတို့ကလည်း သီးလုံးရွာ၌ ဘုံ ၇-ဆင့်ပါ ကျောင်းဦးပြာသာဒ်နှင့် တကွသော **မဟာဝေယံဘုံသာကျောင်းကြီး**ကို ဆောက်လုပ်လှူဒါန်းခဲ့ကြပါသည်။ ထိုကျောင်းကို ယခုအခါ **အနောက်ကျောင်း** သို့မဟုတ် **မင်းကြီးကျောင်း**-ဟု ခေါ်တွင်ကြပါသည်။

ထိုအချိန်တွင် သာယာဝတီမင်းသည် နောင်တော် စစ်ကိုင်းမင်းခေါ် ဘကြီးတော်မင်းအား ခြားနား၍ ရတနာသိယံမြို့၌ ခေတ္တစံမြန်းနေပြီး ရတနာသိယံမြို့အနီးရှိ ဆရာတော်သံဃာတော်တို့ကို ဆည်းကပ်ရာ သီးလုံးတောရကျောင်းဆရာတော် အရှင်စန္ဒိမာအားလည်း **"စန္ဒိမာဘိဝံသ သိရီသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"**တံဆိပ်တော်နှင့် ဂိုဏ်းအုပ်,ဂိုဏ်းထောက်တို့၏ အဆင့်အဆိုက ကင်းလွတ်စေခြင်းအလို့ငှာ ဂဏဝိမုတ်အမိန့်တော်ကိုပါ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း အမှတ်အသားရှိပါသည်။ သီးလုံးဆရာတော်ကြီးသည် သီးလုံးတောရကျောင်း၌ သီတင်းသုံးနေတော်မူစဉ်အတွင်း—

သက္ကရာဇ် ၁၁၉၃-ခုနှစ်တွင် သာရတ္ထဇီယဓမ္မတ္တရကထာကျမ်း,
သက္ကရာဇ် ၁၁၉၆-ခုနှစ်တွင် မူလပဏ္ဏာသအဋ္ဌကထာနိဿယကျမ်း*[၂],
သက္ကရာဇ် ၁၁၉၈-ခုနှစ်တွင် ဂမ္ဘီရတ္ထဒေသနာကျမ်း,
သက္ကရာဇ် ၁၂၀၅-ခုနှစ်တွင် ပဋိပတ္တိပကာသနီကျမ်း,
သက္ကရာဇ် ၁၂၀၇-ခုနှစ်တွင် ကဒ္ဒါထွက်ပုံ,တက်ပုံကျမ်း —

စသည်ဖြင့် ကျမ်းဂန်များစွာတို့ကို ရေးသားတော်မူခဲ့ပါသည်*[၃]။

---

*၁ ထိုကျောင်းဒကာ ဦးစိုးကို ဦးစို-ဟုလည်း ရေးကြသည်။ သက္ကရာဇ် ၁၁၉၈-ခုနှစ်တွင် သာယာဝတီမင်းထံ ခိုဝင်သဖြင့် မင်းလှကျော်သူဘွဲ့ခံ အတွင်းဝန်ဖြစ်ပါသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ။ (စာ-၅၀၇)။ သာယာဝတီမင်းလက်ထက်မှာပင် ဝန်ထောက်၊ ရွှေမြို့တော်ဝန်ရာထူးများ ရရှိခဲ့သည်။ သို့သော် ပုဂံမင်းလက်ထက်၌ ရာထူးမှကျခဲ့ပြီး မင်းတုန်းမင်းလက်ထက်၊ ၁၂၁၄-ခုနှစ်၌ သတိုးမင်းကြီးမဟာရာဇသင်္ကြန်ဘွဲ့ဖြင့် ဝန်ကြီးရာထူး၊ ဗိုလ်ချုပ်ရာထူးတို့ကို ရရှိခဲ့သည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ တတိယတွဲ။ (စာ-၁၂၇)။ ၁၂၁၈-ခုနှစ်၌ မိုင်းလုံမြို့နှင့် မိုးညှင်းမြို့တို့ကို စားရပြီး မိုင်းလုံမြို့စားမင်းကြီး-ဟု ခေါ်တွင်ခဲ့သည်။ သို့သော် ဇာတိရပ်ရွာ 'သီးလုံး'ကို အကြောင်းပြု၍ 'သီးလုံးမင်းကြီး၊ သီးလုံးဝန်ကြီး'ဟူ၍သာ ထင်ရှားခဲ့သည်။ တင်နိုင်တိုး၏ ရတနာပုံခေတ် ထိပ်တန်းနန်းတွင်းအရာရှိကြီးများ။ ၂၀၀၉။ (စာ-၈)။

*၂ ဦးယံ၏ ပိဋကတ်တော်သမိုင်း (အပိုဒ်-၅၀၂)၌ သက္ကရာဇ် ၁၁၉၉-ခုနှစ်တွင် ထိုကျမ်းကို ပြုစုကြောင်း ဖော်ပြထားသည်။

*၃ သီးလုံးဆရာတော်ကြီး ပြုစုတော်မူခဲ့သော ကျမ်းစာစုစုပေါင်းမှာ ၆၄-ကျမ်းဖြစ်ကြောင်း အမှတ်အသားရှိပါသည်။

ဤသို့ ကျမ်းဂန်စာပေတို့ကို ပြုစုရုံမျှမက စာပေပရိယတ် သင်ကြားပို့ချပေးတော်မူသောကြောင့် သီးလုံးဆရာတော်ကြီးထံတော်သို့ တပည့်များစွာ ခိုဝင်ရောက်ရှိလာကြပါသည်။ ထိုတပည့်များစွာတို့တွင် ဘုန်းကံပါရမီနှင့် ပြည့်စုံသော တပည့်များ, နောင်အခါ သာသနာ့ဝန်ကို ထူးချွန်စွာ ထမ်းဆောင်နိုင်မည့် တပည့်များစွာလည်း ပါဝင်ခဲ့ကြောင်း တွေ့ရပါသည်။ ထိုတပည့်တို့တွင် ဘုန်းကံပါရမီလည်းပြည့်စုံ, နောင်အနာဂတ်သာသနာ၌လည်း ထင်ရှားမည့် ပုဂ္ဂိုလ် ၁-ပါးအဖြစ် လှတောကြီး ၅-ရွာအဝင် ရွှေကျင်ရွာမှ သက်တော် ၁၈-နှစ်အရွယ်ရှိ ရှင်ဇာဂရကို ပမာပြရပေမည်။ ထိုရှင်ဇာဂရသည် သီးလုံးတောရသို့ ရောက်မလာမီ ညဉ့်တွင် စက်ရုံဆရာတော်လောင်းလျာ အရှင်သုမန*၁၌ "ကကြိုးတန်ဆာပြည့်စုံစွာဆင်ထားသော ဆင်ဖြူတော်ကလေးတစ်စီး ကျောင်းတိုက်တွင်းသို့ ဝင်လာသည်" ဟူသောအိပ်မက် မြင်မက်ခဲ့သည်။ ထိုအိပ်မက်ကို သီးလုံးဆရာတော်ကြီးထံ လျှောက်ထားသောအခါ "ယနေ့ ရောက်လာသောပုဂ္ဂိုလ် လူဖြစ်စေ၊ သာမဏေဖြစ်စေ၊ ရဟန်းဖြစ်စေ ငါ့ထံအရောက်ပို့ရမည်"ဟု အမိန့်ရှိထားသည်။ ထိုနေ့မှာပင် ရှင်ဇာဂရသည် စာပလွေကို ထမ်း၍ သီးလုံးတောရသို့ရောက်ရှိရာ သီးလုံးဆရာတော်ကြီးထံ ပို့ကြလေသည်။ ထိုအခါ ဆရာတော်ကြီးက "ဤသာမဏေ နောင်အခါ သာသနာ၌ အလွန်ထင်ရှားသော ပုဂ္ဂိုလ် ဖြစ်လိမ့်မည်"ဟု သံယာ့အလယ်တွင် မိန့်ကြားတော်မူပါသည်။*၂ သီးလုံးဆရာတော်ကြီး မိန့်ကြားတော်မူသည့်အတိုင်းပင် ရှင်ဇာဂရသည် နောင်သောအခါ ဝိနယနိဝါသ သဒ္ဓမ္မပဇ္ဇောတ ရွှေကျင်နိကာယတည်းဟူသော သာသနာအဖွဲ့အစည်းကြီးကို ဦးဆောင် တည်ထောင်တော်မူသည့် ဂဏသမုဋ္ဌာပက ရွှေကျင်ဆရာတော်ကြီး ဖြစ်တော်မူခဲ့ပါသည်။

ထိုစဉ်က သီးလုံးဆရာတော်ကြီး၏ ဘုန်းတော်ရိပ်သို့ ခိုဝင်လာကြသော တပည့်များစွာတို့တွင် ရွှေကျင်ဆရာတော်ကြီးလောင်းလျာ ရှင်ဇာဂရ သာမက—

[ ဗန်းမော်ဆရာတော်လောင်းလျာ အရှင်ပဏ္ဍိတ၊
သင်္ဂဇာဆရာတော်လောင်းလျာ အရှင်အဂ္ဂဓမ္မ၊
သုဓမ္မာ မတ္တရာဆရာတော်လောင်းလျာ အရှင်သုဇာတ၊
သက်ပန်ဆရာတော်လောင်းလျာ အရှင်ဥဇ္ဇုယျဓမ္မ၊

---

*၁ ဤအရှင်သုမနသည် နောင်အခါ မန္တလေးမြို့မြောက်ဘက်၊ မန္တလေးတောင်ခြေရှိ စက်ရုံကျောင်းတိုက်၏ အာရာမာဓိပတိဆရာတော်ကြီး ဖြစ်တော်မူပါသည်။ တံဆိပ်တော်မှာ 'သုမနာဘိဓဇသိရီ-သဒ္ဓမ္မဓဇအရည်ဝါသီမဟာဓမ္မရာဇာဓိရာဇဂုရု' ဖြစ်သည်။ မဟာဝိသုဒ္ဓါရာမိကထေရုပ္ပတ္တိဒီပနီ။ ၁၉၇၅။ (စာ-၁၂၅)။

*၂ ဦးမာနိတသိရီ၏ ပထမရွှေကျင်ဆရာတော်။ ၁၉၉၄။ (စာ-၁၆)။

စက်ရုံဆရာတော်လောင်းလျာ အရှင်သုမန၊
မဟာဗိုလ်ဆရာတော်လောင်းလျာ အရှင်ပဒုမ၊
ရှမ်းကလေးကျွန်းဆရာတော်လောင်းလျာ အရှင်နန္ဒ၊
တောင်တော်သာသနာပိုင်ဆရာတော်လောင်းလျာ အရှင်မာလာ] *၁၊
မဟာဝိသုဒ္ဓါရုံဆရာတော်လောင်းလျာ အရှင်ဝိသုဒ္ဓါစာရ*၂၊
ထရံကာဆရာတော်လောင်းလျာ အရှင်ကူနန္ဒက*၃၊
မင်းကွန်းအလယ်တောရဆရာတော်လောင်းလျာ အရှင်မဥ္စူသာ*၄၊
ကျောင်းတော်ရာဆရာတော်လောင်းလျာ အရှင်သာသန*၅ –

စသည့် အရှင်မြတ်တို့ ပါဝင်တော်မူကြပါသည်။ ဤသို့လျှင် သီးလုံးဆရာတော်ကြီးနှင့်တကွ ဆရာတော်ကြီးအား ခြံရံ၍ဖြစ်ပေါ်လာသော တပည့်များစွာတို့ကို နောင်အခါ "သီးလုံးဂိုဏ်း" ဟူ၍ တစ်ဂိုဏ်းတစ်ဖွဲ့အနေဖြင့် ခေါ်ဝေါ်သုံးစွဲခဲ့ကြပါသည်။

သီးလုံးဆရာတော်ကြီးသည် ဖြည့်ကျင့်ဆည်းပူးရမည့် ရဟန်းကျင့်ဝတ်တို့ကို မလွတ်တမ်း ဖြည့်ကျင့်တော်မူလျက် ကြွင်းသောကာလတို့၌ ကျမ်းဂန်စာပေပြုစု, တပည့်များအား သွန်သင်ဆုံးမ, စာဝါများပို့ချ-စသော ပရိယတ်လုပ်ငန်းခွင်၌ မွေ့လျော်ပျော်ပိုက်တော်မူ လျက်ရှိရာ ထိုအချိန်၌ သီးလုံးဆရာတော်ကြီးထံတော်သို့ ငယ်စဉ်အခါ နံမော်ရွာကျောင်းတွင် အတူနေခဲ့ဖူးသော စာသင်ဖက် ချစ်ခင်လေးမြတ် တစ်ယောက်အကျိုးကို တစ်ယောက် ကြည့်တတ်သော မိတ်ကောင်းဆွေစစ် ပိယဘာဏိတ အတ္ထက္ခာယိက ဒဠှမိတ္တ အရှင်ခေမာ မဟာထေရ်မြတ်သည် ရွှေမြင်တောင်၏အရှေ့ဘက်၊ ဧရာဝတီမြစ်ကမ်းနဖူးရှိ ကင်းရွာ*၆ တောရကျောင်းမှနေ၍ မကြာမကြာ ကြွရောက်တော်မူပါသည်။

---

*၁ ဦးမာနိတသိရီ၏ ပထမရွှေကျင်ဆရာတော်။ ၁၉၉၄။ (စာ-၁၅)။

*၂ မဟာဝိသုဒ္ဓါရာမိကထေရုပ္ပတ္တိဒီပနီ။ ၁၉၇၅။ (စာ-၃)။

*၃ ရဝေထွန်း၏ ထရံကာဆရာကြီး ဦးအုန်းညွန့် (ဆောင်းပါး)။ ဉာဏ်လင်းမဂ္ဂဇင်းစာပဒေသာ၊ ၁၉၈၅။ (စာ-၈၀)။

*၄ အရှင်တိက္ခာစာရ၏ မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ။၁၉၅၉။ (စာ-၁၉၇)။

*၅ မောင်ဖိုးကျား၏ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီး၏ထေရုပ္ပတ္တိ။ ၁၂၈၇။ (စာ-၁၄)။

*၆ စစ်ကိုင်းခရိုင်၊ မင်းကွန်းတိုက်နယ်၊ မင်းကွန်းရွာမြောက်ဘက်၌ တည်ရှိသည်။

ထိုကင်းတောရဆရာတော်အရှင်ခေမာသည် ငယ်စဉ်က သီးလုံးဆရာတော်နှင့် အတူ နံမော်ကျောင်း၌ ပရိယတ်ကျမ်းဂန်တို့ကို သင်ယူခဲ့သော်လည်း ယခုအခါ ပဋိပတ် အကျင့်ဘက်သို့ ဦးလှည့်ပြီး ဘာဝနာတရားများနှင့် မွေ့လျော်နေသော အပ္ပမာဒဝိဟာရီ အရည်ဝါသီ ဧကစာရီပုဂ္ဂိုလ် ဖြစ်လေသည်။ ကင်းတောရဆရာတော်သည် တပည့်ပရိသတ် အခြံအရံတို့နှင့် စာပေပရိယတ်ဘက်၌ မွေ့လျော်နေသော မိတ်ဆွေ သီးလုံးဆရာတော်အား မိမိနည်းတူ ပဋိပတ်လုပ်ငန်းခွင်သို့ ဝင်နိုင်ရန်အတွက် မိတ်ဆွေကောင်းပီပီ သတိပေး ပြောကြားတော်မူခဲ့သည်။ ကင်းတောရဆရာတော်က သီးလုံးဆရာတော်အား "အရှင်ကဲ့သို့ စာသင်တပည့်ပရိသတ်နှင့်, မင်းဆရာအဖြစ်နှင့်, ဂန္ထဓုရမှုနှင့် တပည့်တော် မသေဝံ့သေးပါ ဘုရား"စသည်ဖြင့်လည်း သတိပေးပြောကြားခဲ့ပါသည်။

ကင်းတောရဆရာတော်သည် သီးလုံးဆရာတော်ထံသို့ မကြာမကြာ ကြွလာ၍ လောကုတ္တရာအသိဉာဏ်နှင့်စပ်သော မဂ်,ဖိုလ်,နိဗ္ဗာန်တရားများ၊ ရံခါ ဈာန်တရားများ၊ သမထ,ဝိပဿနာနှင့် သက်ဆိုင်ရာ သိပုံ,မြင်ပုံ,ထင်ပုံ,အာရုံပြုပုံတို့ကို သတိပေးသောအားဖြင့် အကြောင်းရှာကာ ပြောကြားပေးလေ့ရှိသည်။ သီးလုံးဆရာတော်ကမူ ဤသမထဈာန်နှင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်သဘောတရားတို့ကို ပါဠိ, အဋ္ဌကထာ, ဋီကာ-စသော ကျမ်းဂန်တို့နှင့် ညီညွတ်မှသာလျှင် ဟုတ်မှန်နိုင်မည်ဖြစ်ကြောင်းဖြင့် ကျမ်းဂန်တို့ကို ကိုးကား ၍သာ များစွာသောနည်းတို့ဖြင့် ဝေဖန်လျှောက်ထားနေလေသည်။ ကင်းတောရဆရာတော်က "အရှင်ဘုရား၊ ကိုယ်တိုင်အားထုတ်ရာ၌ ထင်မြင်ပိုင်းခြားပုံမှာ မိမိသိရှိသော ကျမ်းဂန်များ အဆိုနှင့် တိုက်ရိုက် မညီနိုင်ပေ။ ကျမ်းဂန်-ဟူသည် ပုဂ္ဂိုလ်အစားစား, စရိုက်အစားစား, ဉာဏ်အစားစားတို့နှင့် သင့်လျော်သော ယေဘုယျနည်းကိုသာ ဖွင့်ဆိုရေးသားကြပါသည်" စသည်ဖြင့် တုံ့ပြန်၍ ရှင်းလင်းဖြေကြားတော်မူခဲ့ပါသည်။ စာပေကျမ်းဂန်တို့ကိုချည်း ခုတုံးလုပ်၍ လက်တွေ့တရားအားထုတ်ကြည့်ရန် ငြင်းဆန်နေသော မိမိ၏မိတ်ဆွေချစ် သီးလုံးဆရာတော်အား ကင်းတောရဆရာတော်သည် "အရှင်ဘုရား၊ ကိုယ်တိုင်ကိုယ်ကျ အားမထုတ်ရသေးသူတိုင်း ဤသို့ ပြောကြမြဲ ဖြစ်သည်။ ကိုယ်တိုင် လက်တွေ့အားထုတ် ကြည့်ပါက ထိုတရားတို့ကို အကျအန အလုံးစုံ တဖြောင့်တည်း သိနိုင်ပါလိမ့်မည်"ဟု မိန့်ကြားတော်မူပါသည်။

ဤသို့ဖြင့် ကာလကြာလတ်သော် တစ်ကြိမ်သောအခါ ကင်းတောရဆရာတော် ကင်းတောရသို့ ပြန်ကြွမည်ရှိရာ သီးလုံးဆရာတော်က လိုက်ပို့နေကျ ဌာနသို့ အနောက်မှ လိုက်ပို့ရာ ကျောင်းဥပစာမှ လွန်မြောက်၍ တောစပ်သို့ အရောက်တွင် "သီးလုံး ဆရာတော်၊ ကောင်းမြတ်သော လုံ့လ, မြဲမြံသော သတိတရားနှင့် သာသနာတော်တွင် ဉာဏ်ယှဉ်၍

နေရစ်ပေတော့”ဟု နောက်ဆုံးစကားပြောကြားပြီး သက်နှိုကို ခါတွက်လျက် အထက်ကောင်းကင်သို့ ကြွသွားတော်မူ၏။ သီးလုံးဆရာတော်မှာ ကင်းတောရဆရာတော် ပြန်ကြွသည်ကို ငေး၍ကြည့်ပြီး “ဩော်. . . သီးလုံး သီးလုံးနဲ့ ဘာမှအသုံးမကျပါတကား။ ကိုခေမာတို့များ သာသနာတော်နှင့် ကြုံကြိုက်ရကျိုးနပ်ပါပေသည်”ဟု မြည်ယောင်တမ်းတ တော်မူလေသည်။*၁ ကင်းတောရဆရာတော်သည် ထိုည အရဏ်တက်လောက်တွင် ပရိနိဗ္ဗာန် စံဝင်တော်မူပါသည်။

သီးလုံးဆရာတော်ကြီးသည် ကင်းတောရဆရာတော်၏ အကြောင်းခြင်းရာများကို မိမိမျက်မှောက်ထင်ထင် တွေ့မြင်သိရှိသောအချိန်မှစ၍ သတိရတော်မူကာ မိမိ၏ သက်တော်ရွယ်တော်ကိုလည်း ဆင်ခြင်တော်မူခဲ့သည်။ ထိုအချိန်၌ သီးလုံးဆရာတော်ကြီးမှာ သက်တော် ၆၁-နှစ်၊ သိက္ခာဝါ ၄၁-ဝါ ရှိခဲ့လေပြီ။ မရှိမအရွယ် လွန်ခဲ့လေပြီ။ သို့ပါ၍ ထိုအခါမှစ ဂန္ထဓုရ အဝဝသော စာသင်,စာချမှုနှင့် နဝကမ္မကိစ္စများကို လျစ်လျူရှုထားပြီး သင့်လျော်ရာ တောနေရာအရပ်၌ လျောက်ပတ်မျှတဖွယ်သော ဧကစာရီအဖြစ်ဖြင့် သမဏ ကိစ္စ ဘာဝနာမှုကိုသာ အာရုံပြုလျက် နေ့,ညမကွာ ကြိုးစားအားထုတ်တော်မူခဲ့ပါသည်*၂။ ထိုစဉ်က သီးလုံးဆရာတော်ကြီး တောရဝင်တော်မူသောနေရာကား စဉ့်ကူးမြို့အနီး၊ ဧရာဝတီမြစ်လယ်ရှိ ခက်သင်တောရ*၃ ဖြစ်သည်။

သီးလုံးဆရာတော်ကြီးသည် အလုပ်အကျွေးအဖော် ကပ္ပိယတစ်ဦးမျှနှင့် ခက်သင်တောရကြီးအတွင်း၌ သက္ကရာဇ် ၁၂၀၉-ခုနှစ်မှ ၁၂၁၅-ခုနှစ်အထိ ၆-နှစ်တာ ကာလပတ်လုံး သီတင်းသုံး၍ တရားဓမ္မအားထုတ် ကျင့်ကြံတော်မူရာ “ပါရမီကူထောက် ဉာဏ်စွမ်းမြောက်ပြီး ဝမ်းမြောက်နှစ်သက် ကျေနပ်ချက်ရရှိကာ ကျမ်းဂန်အလို အဆိုနှင့်ညီစွာ သဘာဝ လက္ခဏာတို့ကို အသိအထင် အမြင်မှန်ပေါ် ပေါက်၍ အဘိညာဏ်သမာပတ်သို့ပင် ရောက်ရှိ တော်မူလေသတဲ့”ဟု အဆိုအမိန့်များ ရှိခဲ့လေသည်။*၄

ခက်သင်တောရကြီးအတွင်း ပဋိပတ်လုပ်ငန်းခွင်၌ မွေ့လျော်ပျော်ပိုက်နေတော်မူခဲ့ သော သီးလုံးဆရာတော်ကြီး၏ ပဋိပတ်ဂုဏ်နှင့်စပ်၍ ဆရာတော်ကြီးနှင့်အတူ နေထိုင်ခွင့် ရခဲ့သော အလုပ်အကျွေး ကပ္ပိယဖိုးသူတော်ကြီး၏ ကိုယ်တွေ့ပြောကြားချက်အချို့ကို

---

*၁ အရှင်တိက္ခာစာရ၏ မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ။၁၉၅၉။ (စာ-၁၉၀)။

*၂ ယင်း။ ၁၉၅၉။ (စာ-၁၉၄)။

*၃ ခက်သင်တောရသည် ယခုအခါ မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်အတွင်း တည်ရှိပါ သည်။

*၄ အရှင်တိက္ခာစာရ၏ မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ။ (စာ-၁၉၄)

ဤနေရာ၌ ဖော်ပြရန် သင့်သည်-ဟု ထင်မိပါသည်။ အခါတပါး ပူအိုက်လှသော နွေရာသီတွင် ညအခါ လသာခိုက် ကျောင်းနှင့် အတော်ဝေးလှသောရေကန်သို့ ကပ္ပိယလူသူတော် ရေချိုးရန်သွားရာ ရေကန်သို့ အရောက်တွင် သီးလုံးဆရာတော်ကြီး ရေသုံးသပ်တော်မူနေသည်ကို ရုတ်တရက် တွေ့မြင်လိုက်ရာ အံ့အားသင့်လျက် ဆင်ခြင်စဉ်းစားမိလေသည်။ ညအခါကာလ၌ ဤမျှ ဝေးကွာလှသောရေကန်သို့ အိုမင်းမစွမ်းဖြစ်သော ဆရာတော်ကြီးသည် ဘယ်ခရီးဖြင့် ဘယ်နည်းနှင့် ကြွရောက်တော်မူနေနှင့်သနည်း-ဟု စဉ်းစားတွေးတောမိခြင်းဖြစ်သည်။ ထိုစဉ် ရေသုံးသပ်တော်မူပြီးသော ဆရာတော်ကြီးက "ဟဲ့ သူတော်၊ ဤအကြောင်းအရာများကို ငါအသက်ရှည်သမျှပတ်လုံး မည်သူ့ကိုမျှ မသိစေနှင့်။ မပြောလေလင့်"ဟု နှုတ်ပိတ်စကား မိန့်ကြားတော်မူပြီး ကောင်းကင်ခရီးဖြင့် ပြန်ကြွတော်မူလေသည်။ ဤအခြင်းအရာများကို ဆရာတော်ကြီး ပျံလွန်တော်မူပြီးမှ ကပ္ပိယလူသူတော်က ထုတ်ဖော်၍ ပြောသဖြင့် အများ သိရှိကြသတဲ့-ဟူ၏။*၁

သီးလုံးဆရာတော်ကြီး၏ ပဋိပတ်ဂုဏ်ကို အဘိဓဇရွှေဟင်္သာတိုက်သစ်ဆရာတော်ကြီးကမူ ရွှေကျင်နိကာယသာသနာဝင်ကျမ်း၌ "သီးလုံးဆရာတော်ဘုရားကြီးက လောကီအဘိညာဏ်မျှ မဟုတ်မူ၍ အာသဝက္ခယအဘိညာဏ်နှင့်တကွ ဆဠဘိညပုဂ္ဂိုလ်မဖြစ်ဘူး-ဟူ၍ မဆိုဝံ့ချေ။ သူတော်ကောင်းတို့၏လက္ခဏာမှာ အလွန်လျှို့ဝှက်စောင့်စည်းသော အခြင်းအရာ ရှိတော်မူတတ်ကြသည်"ဟူ၍ ထုတ်ဖော်ရေးသားထားတော်မူပါသည်။*၂

ထိုမှတပါး သီးလုံးဆရာတော်ကြီး၏ ပဋိပတ်ဂုဏ် ထွန်းလင်းတော်မူခဲ့ပုံကို မဟာစည်ဆရာတော်ကြီး၏ ဝိပဿနာရှုနည်းကျမ်း၊ ကျမ်းဦးနိဒါန်း၌ ဖော်ပြထားပုံမှာလည်း "ဘုရားပရိနိဗ္ဗာန်စံတော်မူသည်မှ နောက်၌ အနှစ် ၁,၀၀၀-ကျော်တိုင်အောင် ဤအပ္ပမာဒတရားကို ဗုဒ္ဓဘာသာဝင် လူ,ရှင်,ရဟန်းတို့ အထူးလေ့လာပွားများခဲ့ကြသည်-ဟူ၍လည်းကောင်း၊ ထိုပုဂ္ဂိုလ်မြတ်တို့၏ နှလုံးဓာတ်တို့၌ ဤအပ္ပမာဒတရား ကိန်းဝပ်ကွန့်မြူးခဲ့ပြီ-ဟူ၍လည်းကောင်း၊ အဋ္ဌကထာ,ဋီကာ, ဒီပဝင်,မဟာဝင်, သာသနာဝင်-စသော ကျမ်းတို့ဖြင့် ထင်ရှား၏။ . . . . ။ထိုအနှစ် ၁,၀၀၀-ကျော်မှ နောက်ကာလ၌ကား ထိုသို့သော ပြဆိုချက်ကို များစွာ မတွေ့ရသောကြောင့် အပ္ပမာဒအလုပ်ကို အားထုတ်သူ နည်းပါးခဲ့သည်-ဟု ယူဆဖွယ်ရှိ၏။ . . . . ။ သို့သော်လည်း 'ဤအပ္ပမာဒတရား လုံးဝ ကွယ်သွားပြီ'-ဟူ၍ကား မမှတ်အပ်ပေ။ အတ္တဟိတအစစ်အမှန်ကို ရှာမှီးလေ့ရှိသော ပုဂ္ဂိုလ်မြတ်တို့၏ သန္တာန်၌ကား

---

*၁ အရှင်တိက္ခာစာရ၏ မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၏ထေရုပ္ပတ္တိ။ (စာ-၁၉၅)။

*၂ ရွှေဟင်္သာဆရာတော်ကြီး၏ ရွှေကျင်နိကာယသာသနာဝင်။ ၁၃၂၅။ (စာ-၉၇)။

ဤအပွမာဒသည် တည်လျက်ပင် ရှိခဲ့ပေသည်။ တည်ရှိပုံကို အနီးကာလအားဖြင့် ဖော်ပြရလျှင် သီးလုံးတောရဆရာတော်ဘုရားကြီးသည် ဤအပွမာဒပဋိပတ်အရာ၌ နေ,လ- အလားကဲ့သို့ ထင်ရှားတော်မူခဲ့လေပြီ”ဟူ၍ ဖြစ်ပါသည်။*၁

သက္ကရာဇ် ၁၂၁၄-ခုနှစ်တွင် နောင်တော် ပုဂံမင်းကို နန်းချ၍ မင်းတုန်းမင်း နန်းတက်လာသည်။ မင်းတုန်းမင်းသည် ငယ်စဉ် ခမည်းတော် ရွှေဘိုမင်းလက်ထက် မင်းသားကြီးတို့နေရာ၌ ခစားခွင့်ရပြီး လွှတ်ရုံးတက်ရောက် တရားစီရင်စဉ်အခါကပင် သီးလုံးဆရာတော်ကြီးအား ကြည်ညိုရင်းစွဲရှိသောကြောင့် မိမိအထွတ်အမြတ်ရောက်ချိန်တွင် နန်းမြို့တော်သို့ ပင့်ဆောင်လိုသောသဘောဖြင့် သီးလုံးဆရာတော်ကြီးအကြောင်းကို စုံစမ်းတော်မူသည်။ ထိုအခါ သီးလုံးဆရာတော်ကြီးသည် သီးလုံးရွာကျောင်း၌ မရှိဘဲ ခက်သင်တောရတွင် သီတင်းသုံးနေကြောင်း သိရလေသည်။ ထို့ကြောင့် သီးလုံးဆရာတော်ကြီး၏ ငယ်တပည့် သင်္ဂဇာဆရာတော်အား ခက်သင်တောရသို့ ကြွစေပြီး “သီးလုံးဆရာတော်ကြီး၏ အခြေအနေကို စုံစမ်းတော်မူပါ”ဟု လျှောက်ထားခဲ့သည်။

သင်္ဂဇာဆရာတော်လည်း ခက်သင်ရွာမှ ခက်သင်တောရသို့ လှေဖြင့်ကူးပြီး ကြွသွားကာ သီးလုံးဆရာတော်ကြီးအား ဖူးတွေ့ခဲ့ပါသည်။ ရောက်သွားသောအချိန်မှာ နံနက်ခင်း အချိန်ဖြစ်ပြီး သီးလုံးဆရာတော်ကြီး ဒန်ပူသပ်နေတော်မူသည်။ ဒန်ပူသပ်လျက်ပင် သင်္ဂဇာဆရာတော် မေးလျှောက်သော ပရိယတ္တိနှင့် ပဋိပတ္တိပြဿနာတို့ကို ဖြေကြားတော်မူသည်။ ထို့ပြီးနောက် သင်္ဂဇာဆရာတော်က ပြန်မည်-ဟု ဝတ်ပြုလျှင် “သင်္ဂဇာ၊ ခက်သင်ရွာက ဆွမ်းစားပင့်ထားသည်။ ဆွမ်းစားလိုက်ပြီးမှ ပြန်လေ”ဟု မိန့်တော်မူသည်။ “ယခု ဘာနှင့် ကူးလာခဲ့သလဲ”ဟု မေးရာ “လှေဖြင့် ကူးလာခဲ့ပါသည်ဘုရား”။ “အေး၊ သို့ဖြင့် လှေဖြင့်ပဲ ကူးသွားနှင့်လေ”ဟု အမိန့်ရှိတော်မူရာ သင်္ဂဇာဆရာတော်မှာ လှေဖြင့် ခက်သင်တောရမှ ခက်သင်ရွာသို့ ပြန်၍ ကူးလာခဲ့ရသည်။ သင်္ဂဇာဆရာတော် စီးလာသောလှေ ခက်သင်ရွာ ဆိပ်သို့ မဆိုက်ရောက်မီ သီးလုံးဆရာတော်ကြီးသည် ခက်သင်ရွာလှေဆိပ်၌ သက်န်းရုံနေတော်မူပါသည်။*၂

တခါသော် ရှိမ်းမကားရွာတွင် သိမ်သမုတ်ရန်ကိစ္စအတွက် မန္တလေး, စစ်ကိုင်း, မင်းကွန်း-စသော ဌာနတို့မှ ရာဇဂုရုတံဆိပ်တော် ရ,မရ ဆရာတော်များကို ပင့်ဖိတ်ရာ အသီးအသီး ဆရာတော်များ ကြွရောက်တော်မူကြပြီး သိမ်သမုတ်ရန် စုဝေးမိကြသောအခါ

*၁ မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်း၊ ပထမတွဲ၊ ၁၃၆၉-သတ္တမအကြိမ် (စာ-ခ)။ ၁၃၀၅-ပထမအကြိမ်။

*၂ ဦးမာနိတသိရီ၏ ပထမရွှေကျင်ဆရာတော်။ ၁၉၉၄။ (စာ-၁၃)။

သံဃာတော်အရှင်မြတ်များက သီးလုံးဆရာတော်ကြီးအား တရားဟော ချီးမြှင့်တော်မူပါရန် လျှောက်ထားတောင်းပန်ကြသည်။ သီးလုံးဆရာတော်ကြီးက တရားမဟောမီ စကားပလ္လင်ခံ မိန့်တော်မူလေသည်မှာ "တရားဟောရာ၌ မိမိသဘောကျ အားထုတ်နေကျ နှလုံးသွင်းလျက် ရှိသော တရားများကိုသာ ဟောမည်"ဟု ဝန်ခံတော်မူပြီး အနာဂါမိမဂ်,ဖိုလ်တိုင်အောင် ဝိပဿနာရှုပုံ, ဉာဏ်ဖြစ်ပုံ, မဂ်,ဖိုလ်သို့ ဆိုက်ရောက်ပုံ, ဖလသမာပတ်ဝင်စားပုံများကိုပါ ကျနကုန်စင်အောင် ဟောပြတော်မူလေသည်။

ဤသို့ သီးလုံးဆရာတော်ကြီး ဟောကြားတော်မူအပ်သော မဂ်,ဖိုလ်, နိဗ္ဗာန်နှင့် စပ်သော တရားတော်ကို ကြားနာရသူတို့တွင် သင်္ဂဇာဆရာတော် အရှင်အဂ္ဂဓမ္မလည်း အပါအဝင်ဖြစ်ရာ သင်္ဂဇာဆရာတော်က သီးလုံးဆရာတော်ကြီးအား "ဆရာတော်ဘုရား၊ ယခုဟောကြားသော တရားတော်ကို ကျမ်းဂန်ရေးသား၍ ဖြန့်ဖြူးဝေငှတော်မူပါလျှင် သာသနာတော်မှာ လွန်စွာ ကျေးဇူးများဖွယ်ရှိမည် ဖြစ်ပါသည်ဘုရား"ဟု လျှောက်ထားလေသည်။ ထိုအခါ ဆရာတော်ကြီးက "မောင်အဂ္ဂ၊ ပြောမှု,ဟောမှု,ကျင့်မှုကတော့ ကိုယ်သဘောကျတဲ့အတိုင်း ဟောနိုင်,ပြောနိုင်,ကျင့်နိုင်ကြလေသည်။ ကျမ်းဂန်ရေးသားမှုကတော့ မလွယ်လှဘူး။ ကျမ်းဂန်ရေးသားလျှင် သူတပါးကျမ်းဂန်နှင့် တူညီစေရသည်။ မတူညီ၍ ဝိဝါဒ ဖြစ်နေကြပါလျှင် ငါတို့ရှိခိုက်မှာ နားလည်အောင် ဖြေရှင်းဟောပြောနိုင်သော်လည်း မကြာမီ ငါတို့က သေကြရလိမ့်မည်။ ထိုအခါတွင် ထူးထွေသောတရားများ၌ ငြင်းခုန်မှု ဖြစ်ပွားနေကြမည်ကို စိုးရိမ်ရသည်"*၁ဟု မိန့်ကြားတော်မူပါသည်။

အထက်ပါစကားတို့ကို ထောက်ဆသောအားဖြင့် 'သီးလုံးဆရာတော်ကြီးသည် မိမိ၏အားထုတ်ပုံကို ကျမ်းဂန်မရေးခဲ့'ဟု ထင်ရှားသိရ၏။ စင်စစ်သီးလုံးဆရာတော်ကြီး၏ အားထုတ်ပုံတို့သည် ကျမ်းဂန်စာပေအနေအားဖြင့် ထင်ရှားမကျန်ရစ်ခဲ့သော်လည်း သီးလုံးဆရာတော်ကြီး လက်တွေ့ကျင့်သုံးအပ်သော အပ္ပမာဒပဋိပတ် သတိပဋ္ဌာန်နည်းတို့သည်ကား တပည့်အနွယ်အစဉ်အဆက်တို့ လက်ဆင့်ကမ်း အားထုတ်တော်မူခဲ့ကြခြင်းဖြင့် ယနေ့တိုင် ထင်ရှားလျက် ရှိလေသည်။ ထိုစဉ်အခါက သီးလုံးဆရာတော်ကြီး၏ တပည့်များစွာတို့တွင် မင်းကွန်းအလယ်တောရဆရာတော် ဦးမဥ္ဇူသာသည် အပ္ပမာဒပဋိပတ်သက်သက်ကိုသာ လက်ဆင့်ကမ်း အမွေခံခဲ့သော တပည့်ကြီး ဖြစ်လေသည်။

---

*၁ ဤအချက်ကို ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ရွာ၊ အင်ကြင်းတောတိုက်သစ်ဆရာတော်ထံမှ ရရှိကြောင်း အမှတ်အသားရှိပါသည်။ မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်း၊ ပထမတွဲ။ ၁၃၆၉-သတ္တမအကြိမ် (စာ-ယ)။ ၁၃၀၅-ပထမအကြိမ်။

ထိုအလယ်တောရဆရာတော်ကြီးထံမှ သတိပဋ္ဌာန်အားထုတ်ပုံ နည်းနိဿယည်းကို မှတ်သားနည်းယူခဲ့သော တပည့်မှာ မူလမင်းကွန်းဇေတဝန်ဆရာတော်ကြီး ဦးနာရဒဖြစ်လေသည်။ ထိုမူလမင်းကွန်း ဇေတဝန်ဆရာတော်ကြီးထံ ၄-လခန့် သီတင်းသုံးလျက် အပ္ပမာဒပဋိပတ်နည်းနိဿျကို ဆက်လက်အမွေခံယူတော်မူ၍ ထိုအပ္ပမာဒပဋိပတ်သတိပဋ္ဌာန်ဝိပဿနာအလုပ်ကို ကမ္ဘာနှံ့အောင် ကြိုးပမ်းအားသစ်တော်မူခဲ့သော အရှင်မြတ်မှာ ကျေးဇူးတော်ရှင် ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ကြီး ဖြစ်တော်မူပါသည်။

သီးလုံးဆရာတော်ကြီးသည် သက္ကရာဇ် ၁၂၁၅-ခုနှစ်တွင် ခက်သင်တောရမှ ထွက်ခွာတော်မူကာ ရွှေဘိုနယ်၊ သီးလုံးတောရကျောင်းသို့ပြန်လည်ရွှေ့ပြောင်း သီတင်းသုံးတော်မူခဲ့ပါသည်။ သီးလုံးတောရကျောင်းသို့ သီးလုံးဆရာတော်ကြီး ဆိုက်ရောက်တော်မူနေကြောင်း သတင်းစကားကို မင်းတုန်းမင်းကြီး ကြားသိလျှင် သီးလုံးဆရာတော်ကြီးအား "**စန္ဒိမာဘိလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု**"ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်၍ သာယာဝတီမင်းလက်ထက်က လျှုဒါန်းခဲ့သော ဂဏဝိမုတ်အမိန့်တော်ကိုလည်း ဆက်လက်၍ တည်မြဲစေခဲ့ပါသည်။ ထို့ပြင် ရတနာသိယ် ရွှေဘိုနန်းတော်ရှိ အလောင်းမင်းတရားကြီး တည်ခဲ့သော မြေနန်းပြာသာဒ်တော်မှ သစ်တိုင်များကို ဘုရားဆူရေ ၁၅၀-ဆူ, ရဟန္တာဆူရေ ၉၈-ဆူ ထုလုပ်ပြီး သစ်စေးသားရိုး ရွှေချမွမ်းမံ အနေကဇာတင်၍ ရတနာသိယ် ရွှေဘိုမြို့နှင့် နီးရာအရပ်ရပ်၌ ပို့ဆောင်ကိန်းဝပ်စေရာတွင် သီးလုံးရွာ တောရကျောင်းသို့လည်း ဘုရားဆင်းတုတော် ၁-ဆူ မင်းတုန်းမင်းအမိန့်ဖြင့် ပူဇော်ထားရှိရန် ပို့ဆောင်လာပါသည်။*[၁]

ထိုမှတပါး ၁၂၁၆-ခုနှစ်တွင် မင်းတုန်းမင်းကြီးသည် သီးလုံးကျောင်းအတွင်း သီတင်းသုံးလျက်ရှိသော သံဃာတို့အား နေ့ဆွမ်း, နံနက်ဆွမ်း ၁-လသင့်ငွေတော် ၃-ပိဿာ, ၁-ကျပ်, ၅-မူး၊ တိစီဝရိတ်သင့်-၁၁၄၊ သာမဏေ-၂၉၊ ဧကသီ,သင်းပိုင် ၂-ထည်သင့်-၅၈၊ ၂-စုသက်န်း-၁၇၂၊ ကွမ်းသီးချိန် ၅၂-ပိဿာ၊ ကျပ် ၅၀-တို့ကို မိုင်းလုံမြို့စား ဝန်ကြီး ဦးစိုး၏အစ်ကို ဦးဝိုက်ကို တဆင့် လှူစေသည်။*[၂] ထို့ပြင် မင်းတုန်းမင်းကြီးသည် သီးလုံးတောရဆရာတော်ကြီး၏ သီလ, သမာ, ပညာဂုဏ်သတင်းအရပ်ရပ်ကို ကြည်ညိုသည်ဖြစ်၍ နေပြည်တော်၌ အမြဲသီတင်းသုံးရန် ပင့်ဆောင်သည်။ ဆရာတော်ကြီးသည် အမရပူရနန်းမြို့တော်သို့ ကြွရောက်၍ သီတင်းသုံးတော်မူပါရန် အကြိမ်ကြိမ်ပင့်သော်လည်း မကြွမလာ

---

*၁ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ။ (စာ-၁၆၆)။

*၂ ကန္တီစစ်ကဲ မင်းထင်ရာဇာ၏ မန္တလေးရတနာပုံ မဟာရာဇဝင်တော်ကြီး။ ၁၃၃၀။ (စာ-၅၂)။

သောကြောင့် မင်းတုန်းမင်း လက်လျှော့၍ သီးလုံးရွာမှာပင် ရတနာဘုံစံကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။*၁

သာသနာ့ဒါယကာ မင်းတုန်းမင်းကြီးသည် သီးလုံးဆရာတော်ကြီးအား နှစ်သက်ကြည်ညိုရာတွင် သီးလုံးဆရာတော်ဘုရားကြီး၏ ပိဏ္ဍစာရိကဝတ်ဖြည့်ကျင့်ကာ ဆွမ်းခံကြွရာ၌ သပိတ်ကို အိတ်နှင့် ထည့်လွယ်၍ ဣန္ဒြေရရ ဆွမ်းခံကြွလာသော အလေ့အမူကို အလွန်လျှင် နှစ်သက်ကြည်ညိုခြင်းသည်လည်း တပါးအပါအဝင် ဖြစ်ပါသည်။

ဤသို့ သီးလုံးဆရာတော်ကြီးတို့လက်ထက်မှစ၍ သပိတ်လွယ်၍ ဆွမ်းခံကြွသည်ကို အတုလိုက်ကြကာ သီးလုံးဆရာတော်ကြီး၏ တပည့်အစဉ်အဆက်ဖြစ်ကြသော သင်္ဂဇာဆရာတော်, သက်ပန်ဆရာတော်, ရွှေကျင်ဆရာတော်တို့နှင့် တပည့်ဂိုဏ်းသံဃာများသည်လည်း သပိတ်လွယ်၍ပင် ဣန္ဒြေရရ ဆွမ်းခံကြွတော်မူခဲ့ကြပါသည်။

ဤသို့လျှင် သပိတ်လွယ်၍ နန်းတော်သို့ ဆွမ်းခံကြွလာသည်ကို မနာလိုဝန်တိုသော ရဟန်းများလည်း ရှိ၏။ တရံရောအခါ သာသနာပိုင် ဦးဧ ယျက သင်္ဂဇာဆရာတော်ကို "ဟဲ့ အဂ္ဂ၊ နင့်တပည့်များကို သပိတ်အိတ်နှင့် ဆွမ်းမခံစေနှင့်၊ မအပ်ဘူး။ ရှေးက တောကျောင်းဘုန်းကြီးများ ရွာသို့ ဆွမ်းခံသွားသည့်အခါ ရွာအနီးသို့ ရောက်လျှင် သပိတ်အိတ်ကို ချွတ်၍ ရွာသို့ ဝင်ကြကြောင်း အရညကဝတ်*၂ ၌ လာသည်"ဟု ဆိုလေလျှင် သင်္ဂဇာဆရာတော်က အကျိုးလို၍ ဆိုသောစကား မဟုတ်မှန်း သိ၍ သီးလုံးဆရာတော်ဘုရားကြီးရှိရာ ရည်ရော်မှန်းဆ လက်အုပ်ချီ၍ "ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းဂန်တို့ကို ထိုးထွင်း၍ ခေါင်ချဉ်းအောင် တတ်တော်မူသော ကျေးဇူးရှင် သီးလုံးဆရာတော်ဘုရားကြီး၏ နည်းတော်၊ ငါ့တပည့်များ အရဟတ္တဖိုလ်သို့ ရောက်သည့်တိုင်အောင် သပိတ်အိတ်လွယ်၍ ခံကြလေ"ဟု သာသနာပိုင် ဦးဧ ယျရှေ့တွင် မိန့်ဆိုကြောင်း-စသည် ရှေးစကားများ ရှိလေသည်။*၃

---

*၁ ဦးအာလောက၏ သာသနာဝင်ကျမ်း။ (စာ-၈၁)။ မင်းတုန်းမင်းကြီးသည် သီးလုံးဆရာတော်ကြီးကို ပင့်ဆောင်၍ မရသဖြင့် ဆရာတော်ကြီး၏ တပည့်ဖြစ်သူ ရှမ်းကလေးကျွန်းဆရာတော် ဦးနန္ဒကို ပင့်ဆောင်၍ ကိုးကွယ်ခဲ့ပါသည်။

*၂ "ကာလသေဝဉ္စာယ ပတ္တံ ထဝိကာယ ပက္ခိပိတွာ"။ ဝိ၊ ၄။ ၃၈၅။

*၃ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓါရုံအဆုံးအဖြတ်။ ၁၃၄၆။ (စာ-၁၀၃)။

သာသနာ့ဒါယကာ မင်းတုန်းမင်း နန်းတက်ပြီး ၈-နှစ်အကြာ ဝိနယနိဝါသ သဒ္ဓမ္မ ပဇ္ဇောတ ရွှေကျောင်ဂိုဏ်းတည်းဟူသော သာသနာ့အဖွဲ့အစည်းကြီး ပေါ်ထွန်းရန် ၁-လခန့် အလို*၁ သက္ကရာဇ် ၁၂၂၂-ခုနှစ်၊ နယုန်လဆန်း၊ ၁-ရက်နေ့တွင် သီးလုံးဆရာတော်ကြီး သည် သက်တော် ၇၅-နှစ်၊ သိက္ခာဝါတော် ၅၅-ဝါ၌ စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခဲ့ပါသည်။ သီးလုံးဆရာတော်ကြီး စုတိကမ္မဇရုပ် ချုပ်ငြိမ်းကြောင်းကို မင်းတုန်းမင်းကြီး သိကြားတော် မူလျှင် မင်းမိန့်ဖြင့် လှုပခမ်းနားစွာ လုပ်ဆောင်၍ သင်္ဂြိုဟ်စေပါသည်။*၂ ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဓာတ်တော်တို့ကို အဖိုး ၁-သိန်းထိုက်သည့် မြသပိတ်၌ ထည့်၍ ဌာပနာပြီး ဉာဏ်တော်အမြင့် ၇၅-တောင်ရှိ မြသိန်းတန်ဓာတုစေတီတော်ကြီးကို သီးလုံးရွာ၌ တည်ထားခဲ့ကြပါသည်။

ဦးအောင်မွန် (မြတ်ဆုမွန်)

---

*၁ ရွှေကျောင်နိကာယကြီးသည် သက္ကရာဇ် ၁၂၂၂-ခုနှစ်၊ (အင်းကြင်းခက်ကျိုင်း-ရွှေကျောင်ဂိုဏ်း) ဝါဆိုလပြည့်နေ့၌ စတင် ပေါ်ထွန်းလာသည်-ဟု ဥုးမာနိတသိရီ၏ ပထမရွှေကျောင်ဆရာတော် စာအုပ်၌ ဖော်ပြထားပါသည်။ ယင်း။ (စာ-၇၂)။

*၂ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ တတိယတွဲ။ (စာ-၂၈၇)။

# အထူးကျေးဇူးတင်ရှိခြင်းမှတ်တမ်း

ကျေးဇူးတော်ရှင် သီးလုံးဆရာတော်ဘုရားကြီး၏ ဤ"ဂမ္ဘီရဂါထာဒေသနာ"ကျမ်းစာအုပ်ကို တတိယအကြိမ် ပြန်လည် ရိုက်နှိပ်ထုတ်ဝေနိုင်ရန်—

- ☐ သာသနာတော်အတွက် အလွန်ကျေးဇူးများလှသည့် ကျမ်းဂန်များကို တစိုက်မတ်မတ် ရှာဖွေစုဆောင်းရိုက်နှိပ်၍ ထိုကျမ်းများကိုလည်း နောင်အစဉ်အမြဲ ထိန်းသိမ်းစောင့်ရှောက်မည့် ဗုဒ္ဓစာပေအဖွဲ့၏ နာယကဆရာတော်လည်း ဖြစ်တော်မူသော၊ ဤ"ဂမ္ဘီရဂါထာဒေသနာ"ကျမ်းအပါအဝင် ဗုဒ္ဓစာပေအဖွဲ့မှ ရိုက်နှိပ်ပြီးသမျှ ကျမ်းဂန်များအပေါ် သန့်စင်ပြီး စာမူချောရသည်အထိ ကွန်ပျူတာစာစီဆောင်ရွက်မှုများကို မေတ္တာ, စေတနာတရား ကြီးမားစွာဖြင့် ပင်တိုင် လှူဒါန်းမှုပြုနေသည့် ဆရာတော်လည်း ဖြစ်တော်မူသော၊ ဤကျမ်းစာအုပ်ကြီး၏ အမှာစာကိုလည်း ရေးသားချီးမြှင့်ပေးတော်မူသော. . . . . ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ပုညနိမ္မိတာရုံ ရွှေသုဝဏ်ကျောင်းဆရာတော် ဘဒ္ဒန္တသဒ္ဓိယ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)နှင့်
- ☐ ကျမ်းပေါင်းများစွာကို ညှိနှိုင်း၍ ကျမ်းကိုးခိုင်မာအောင် ဖော်ပြအပ်သော သီးလုံးဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို မေတ္တာ, စေတနာတရား ကြီးမားစွာဖြင့် ရေးသားပူဇော်ပေးသော ဆရာဦး**အောင်မွန်** (**မြတ်ဆုမွန်**)တို့အား

အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းပြုအပ်ပါသည်။

**ကျေးဇူးတော်ရှင် သီးလုံးဆရာတော်ဘုရားကြီး၏**
**"ဂမ္ဘီရဂါထာဒေသနာ"ကျမ်းစာအုပ် ပြန်လည်ရိုက်နှိပ်ပူဇော်နိုင်ရန် နှီးဆော်ကြသူများ**

# ကျေးဇူးတင်ရှိခြင်းမှတ်တမ်း

ကျေးဇူးတော်ရှင် သီးလုံးဆရာတော်ဘုရားကြီး၏ ဤ"ဂမ္ဘီရတ္ထဒေသနာ"ကျမ်း စာအုပ်ကို တတိယအကြိမ် ပြန်လည် ရိုက်နှိပ်ထုတ်ဝေနိုင်ရန်အတွက် လိုအပ်သည့် အကြံဉာဏ်၊ အဆက်အသွယ်၊ ဓာတ်ပုံ၊ မြေပုံနှင့် ပေစာအထောက်အထားများကို ကူညီမှုပြုခဲ့ကြသည့်–

(၁) ဓမ္မစကြာရိပ်သာဆရာတော် ဘဒ္ဒန္တဉာဏသာမိ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

(၂) ဦးသိရိကဥ္စန၊ တိုက်အုပ်ဆရာတော်၊ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၊ ဗဟန်း

(၃) ရွှေဘိုမြို့နယ်၊ သီးလုံးကျေးရွာ၊ ကန်ရင်းကျောင်းတိုက်နှင့် မဟာဝေယံဘုံသာ ကျောင်းတိုက်တို့မှ ပဓာနနာယကဆရာတော်များ

(၄) စဉ့်ကူးမြို့နယ်၊ ခက်သင်ကျေးရွာ၊ တောရကြီးကျောင်းတိုက်နှင့် မြောက်တောရလေး မဟာစည်သာသနာ့ရိပ်သာတို့မှ ပဓာနနာယကဆရာတော်များ

(၅) ဗုဒ္ဓစာပေအဖွဲ့မှ ပညာရှင်ပုဂ္ဂိုလ်များ

(၆) ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌကြီး ဦးဝင်းထိန်

(၇) ဆရာကျော်နန္ဒအောင်

(၈) ရန်ကုန်တက္ကသိုလ်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ ဆရာဦးကျော်ဝင်း၊ ဆရာမဒေါ်ဖြူဖြူနှင့် ဆရာမဒေါ်ခင်အေးမူ

(၉) ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ကျေးရွာမှ ဆရာဦးသာချို့နှင့် ဆရာဦးမြင့်အောင်

(၁၀) စဉ့်ကူးမြို့နယ်၊ ခက်သင်ကျေးရွာမှ ဦးသောင်းနွယ်နှင့် ကိုသိန်းဆန်းဦး (ဓာတ်ပုံ သိန်းကိုကို)

(၁၁) တိ-နိ ပုံနှိပ်တိုက်မှ ကိုနေမျိုးဝင်း

(၁၂) သစ္စာမဏ္ဍိုင်စာအုပ်ဆိုင်

(၁၃) သီရိတိပိဋကစာပုံနှိပ်တိုက်မှ ဦးဝင်းနိုင်

(၁၄) စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် "ငြိမ်းအေးရာမှန် မြတ်နိဗ္ဗာန် ရည်သန် ပညာပါရမီအလှူတော်"ကို စုပေါင်းပါဝင်ကူညီအားဖြည့် ဆောင်ရွက်ခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပမှ အလှူရှင်များအားလုံးကို

ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

**ကျေးဇူးတော်ရှင် သီးလုံးဆရာတော်ဘုရားကြီး၏**

**"ဂမ္ဘီရတ္ထဒေသနာ"ကျမ်းစာအုပ် ပြန်လည်ရိုက်နှိပ်ပူဇော်နိုင်ရန် နိုးဆော်ကြသူများ**

# ဂမ္ဘီရတ္ထဒေသနာ၊ မာတိကာ

-------


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - နိဒါန်း (ကဝိမျက်မှန်) | [ ၉ ] |
| | - ရွှေသုဝဏ်ဆရာတော်၏ အမှာစာ | [ ၁၁ ] |
| | - သီးလုံးတောရဆရာတော်ကြီး အရှင်စန္ဒိမာ၏ ထေရုပ္ပတ္တိအကျဉ်း | [ ၂၇ ] |
| | **ပထမပိုင်း** | |
| [ ၁ ] | ဓမ္မကထိကအင်္ဂါ ၅-ပါး | ၁ |
| [ ၂ ] | ခန္ဓဝဂ္ဂသံယုတ်၊ အညတရဘိက္ခုဝတ္ထု | ၂ |
| [ ၃ ] | ဓမ္မဒါနတရား | ၄ |
| [ ၄ ] | အပုတ္တကသူဌေးတရား | ၁၀ |
| [ ၅ ] | သံဃိကကျောင်းလှူတရား | ၁၇ |
| [ ၆ ] | သီလ၏ အကျိုး,အပြစ်တရား | ၂၃ |
| [ ၇ ] | ဂါမဏိရွာသူကြီးတရား | ၂၉ |
| [ ၈ ] | ဒါနအပြားကို ပြသောတရား | ၃၅ |
| [ ၉ ] | ဒါနအပြားကို ပြသော တရားတစ်မျိုး | ၄၆ |
| [ ၁၀ ] | ဘတ္တဂ္ဂဝတ်ထက် သာရဏီယဝတ်က သာလွန်ကြောင်းတရား | ၅၃ |
| [ ၁၁ ] | ဆီမီးလှူတရား | ၆၁ |
| [ ၁၂ ] | သူတော်ကောင်း ဥစ္စာ ၇-ပါးတရား | ၆၄ |
| [ ၁၃ ] | သီလတရား | ၆၇ |
| [ ၁၄ ] | သီလတရားတစ်မျိုး | ၇၁ |
| [ ၁၅ ] | သီလကို စင်ကြယ်စွာ ဆောက်တည်အပ်ကြောင်းတရား | ၇၈ |
| [ ၁၆ ] | ပုဂ္ဂိုလ် ၄-ပါး အခွဲတရား | ၈၃ |
| [ ၁၇ ] | ပဋ္ဌင်းခံရှင်ပြုတရား | ၈၇ |
| [ ၁၈ ] | မဟာနာမ်မင်းအား ဟောသောတရား | ၉၀ |
| [ ၁၉ ] | မဟာနာမ်မင်းအား ဒုတိယဟောသောတရား | ၉၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| [ ၂၀ ] | ဂုဏ်တော်၏အကျိုးကြီးမြတ်ကြောင်းတရား | ၉၇ |
| [ ၂၁ ] | ဒီဃာဝုသီတင်းသည်ဝတ္ထုတရား | ၁၀၁ |
| [ ၂၂ ] | နန္ဒိယသာကီဝင်မင်းသားဝတ္ထုတရား | ၁၀၆ |
| [ ၂၃ ] | ကာဠပက္ခနှင့် သုက္ကပက္ခတရား | ၁၁၂ |
| [ ၂၄ ] | အနာထပိဏ်သူဌေးအား ဟောသောတရား | ၁၁၄ |
| [ ၂၅ ] | ဒုစရိုက် ၁၀-ပါးကို ရှောင်ကြဉ်အပ်ကြောင်းတရား | ၁၂၁ |

ဒုတိယပိုင်း

| | | |
|---|---|---|
| [ ၁ ] | ဇာဏုဿောဏိဝတ္ထုတရား | ၁၃၂ |
| [ ၂ ] | နိဇ္ဇရဝတ္ထုမှ ၁၀-ပါးတရား | ၁၃၈ |
| [ ၃ ] | တောင့်တ၍မရသော အကြောင်း ၅-ပါးတရား | ၁၄၂ |
| [ ၄ ] | ဓမ္မောသမူပမဒေသနာတရား | ၁၅၂ |
| [ ၅ ] | ပဥ္စနီဝရဏဒေသနာတရား | ၁၅၉ |
| [ ၆ ] | ပဥ္စမစ္ဆရိယဒေသနာတရား | ၁၇၀ |
| [ ၇ ] | ဆအဇ္ဈာသယဒေသနာတရား | ၁၇၈ |
| [ ၈ ] | ဗြာဟ္မဏပုစ္ဆာဒေသနာတရား | ၁၈၈ |
| [ ၉ ] | ဝေးခြင်း ၄-ပါးတရား | ၁၉၄ |
| [ ၁၀ ] | ပန္ထောပမဒေသနာတရား | ၂၀၁ |
| [ ၁၁ ] | ရာဓထေရပုစ္ဆာဒေသနာတရား | ၂၀၈ |
| [ ၁၂ ] | ခန္ဓာဒီနဝဒေသနာတရား | ၂၁၃ |
| [ ၁၃ ] | ဖေဏပိဏ္ဍူပမာဒိနယတရား | ၂၁၆ |
| [ ၁၄ ] | ခန္ဓာ ၅-ပါးသည် မိမိဥစ္စာမဟုတ်ကြောင်းတရား | ၂၂၁ |
| [ ၁၅ ] | သမထ,ဝိပဿနာဘာဝနာ ၂-ပါးတရား | ၂၃၀ |
| [ ၁၆ ] | မရဏာဿတိကမ္မဋ္ဌာန်းတရား | ၂၃၄ |
| [ ၁၇ ] | ဝဓကောပမာဒိနယတရား | ၂၃၉ |
| [ ၁၈ ] | ဗဟုဒုက္ခသာဓာရဏတရား | ၂၄၄ |

## ဗုဒ္ဓမြတ်စွာသာသနာ မြန်မာနိုင်ငံသို့ ထေရ်အစဉ်အဆက် သက်ဆင်းမှုကိုဖော်ပြသော သာသနာဝင်အကျဉ်းချုပ်

ရှေးဦးစွာဆရာစဉ်ဟူသော မထေရ်မြတ်တို့၏ သာသနာဝင်အကျဉ်းချုပ် ဇယားကိုပြပါမည်။

၁။ မဇ္ဈိမဒေသ မထေရ်မြတ်တို့၏အစဉ် သာသနာဝင် (၅) ဆက်။
၂။ သထုံပြည် မထေရ်မြတ်တို့၏အစဉ် သာသနာဝင် (၁၀) ဆက်။
၃။ ပုဂံပြည် မထေရ်မြတ်တို့၏အစဉ် သာသနာဝင် (၈) ဆက်။
၄။ ပုခန်းကြီး မထေရ်မြတ်တို့၏အစဉ် သာသနာဝင် (၇) ဆက်။
၅။ ဒီပဲရင်း မထေရ်မြတ်တို့၏အစဉ် သာသနာဝင် (၂) ဆက်။
၆။ ရွှေဘို မထေရ်မြတ်တို့၏အစဉ် သာသနာဝင် (၂) ဆက်။

### မဇ္ဈိမဒေသ သာသနာဝင်(၅)ဆက်

၁။ အရှင်မဟာကဿပထေရ်, အရှင်အာနန္ဒာထေရ်, အရှင်ဥပါလိထေရ်။
၂။ အရှင်ဒါသကထေရ်။
၃။ အရှင်သောဏကထေရ်။
၄။ အရှင်သိဂ္ဂဝထေရ်နှင့် အရှင်စဏ္ဍဝဇ္ဇီထေရ်။
၅။ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်။

### သထုံပြည် သာသနာဝင်(၁၀)ဆက်

၁။ အရှင်သောဏထေရ်, အရှင်ဥတ္တရထေရ်။
၂။ အရှင်သောဘိတထေရ်။
၃။ အရှင်သောမဒတ္တထေရ်။
၄။ အရှင်သုမနတိဿထေရ်။
၅။ အရှင်သောပါကထေရ်။
၆။ ဒုတိယအရှင်သောမဒတ္တထေရ်။
၇။ အရှင်အနောမဒဿီထေရ်။
၈။ အရှင်အဓိသီလထေရ်။
၉။ အရှင်ပြာဏဒဿီထေရ်။
၁၀။ အရှင်မဟာကာလထေရ်, အရှင်သီလဗုဒ္ဓိထေရ်။

# ဗုဒ္ဓမြတ်စွာသာသနာ မြန်မာနိုင်ငံသို့ ထေရ်အစဉ်အဆက် သက်ဆင်းမှုကိုဖော်ပြသော သာသနာဝင်အကျဉ်းချုပ်

## ပုဂံပြည် သာသနာဝင်(၈)ဆက်

၁။ အရှင်အရဟံထေရ်။

၂။ အရှင်ဂုဏသာရထေရ်။

၃။ အရှင်အဂ္ဂပဏ္ဍိတထေရ်။

၄။ အရှင်အဂ္ဂဝံသထေရ်။

၅။ အရှင်ဥတ္တရာဇီဝထေရ်။

၆။ ပထမဆပ္ပဒ အရှင်သဒ္ဓမ္မပါလထေရ်။

၇။ ဒုတိယဆပ္ပဒ အရှင်သဒ္ဓမ္မဉာဏထေရ်။

၈။ တတိယဆပ္ပဒ အရှင်ဓမ္မသိရီထေရ်။

## ပုခန်းကြီး သာသနာဝင်(၇)ဆက်

၁။ အရှင်သုဓမ္မစာရီထေရ်။

၂။ အရှင်အဂ္ဂဓမ္မာလင်္ကာရထေရ်။

၃။ အရှင်ဓမ္မနန္ဒထေရ်။

၄။ အရှင်ပုညဝါသီထေရ်။

၅။ အရှင်ဇမ္ဗုဓဇထေရ်။

၆။ အရှင်ဉာဏာလင်္ကာရထေရ်။

၇။ အရှင်ဉာဏဝရထေရ်။

## ဒီပဲရင်း သာသနာဝင်(၂)ဆက်

၁။ ပထမနမောဆရာတော် အရှင်ပုညာရမ္မထေရ်။

၂။ ဒုတိယနမောဆရာတော် အရှင် ဝိစာရိန္ဒထေရ်။

## ရွှေဘို သာသနာဝင်(၂)ဆက်

၁။ (ဂုဏဝိမုတ်) သီးလုံးတောရဆရာတော် အရှင်စန္ဒိမာထေရ်။

၂။ (ဂုဏဝိမုတ်) ရွှေကျင်ဆရာတော် အရှင်ဇာဂရထေရ်။

※ ရွှေဟင်္သာဆရာတော် ဘုရားကြီး၏ ရွှေကျင်နိကာယ သာသနာဝင်။ ၁၃၂၅။ (စာ-၆-၈)။

## သီးလုံးတောရဆရာတော်ကြီးအရှင်စန္ဒိမာ၏ ထေရုပ္ပတ္တိမှတ်စု

၁၁၄၈ ရွှေဘိုမြောက်ဘက် ဘုတ်ကုန်းရွာအနီး ရွှန်းရွှန်းတက်ရွာ၌ ခမည်းတော် ဦးပု၊မယ်တော် ဒေါ်ငွေဥတို့က ဖွားမြင်ခဲ့သည်။ ရွှန်းရွှန်းတက်ရွာ ရွာဦးဘုန်းကြီးကျောင်း၌ ရှင်သာမဏေဖြစ်ခဲ့သည်။ သီးလုံးဆရာတော် ငယ်စဉ်သာမဏေဘဝက ငါးခုန်ဆရာတော်ကြီး ထံ၌ ပညာသင်နေထိုင်ဖူးသည်။ထိုစဉ် သီးလုံးဆရာတော်လောင်းလျာ ကိုရင်၏ကိုယ်ပေါ်သို့ဆွမ်းများ လောင်းချခံရဖူးသည်။

၁၁၆၈ ဒီပဲရင်းမြို့နယ်၊ လက်ယက်ကုန်း ကျေးရွာ အနီးနံမော်ဆရာတော် ဦးဝိစာရိန္ဒထံ ရဟန်းဖြစ်ခဲ့သည်။(၁၃)ဝါရသည်အထိ နံမော်ကျောင်း၌ သီတင်းသုံးသည်။

၁၁၈၁ သီးလုံးရွာအုပ် ဦးဝိုက်က သီးလုံးကျေးရွာသို့ပင့်၍ ရွာထိပ်အရှေ့ ကျောင်း(ကန်ရင်းကျောင်းတိုက်)ဆောက်၍လှူသည်။

၁၁၉၀ ဦးဝိုက်၏ညီ ဦးစိုးနှင့်ဇနီးဒေါ်မယ်စီတို့ကအနောက်ကျောင်း (မဟာဝေယံဘုံသာကျောင်းတိုက်)ကိုဆောက်လှူသည်။ သာယာဝတီမင်းလက်ထက် "စန္ဒိမာဘိဝံသ သိရီသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇဓိ ရာဇဂုရု "တံဆိပ်နှင့် ဂဏဝိမုတ် အမိန့်တော်ကပ်လှူသည်။

၁၁၉၃ သာရဏီယ ဓမ္မုတ္တရကထာကျမ်းရေးပြီးသည်။

၁၁၉၆ မူလပဏ္ဏာသ အဋ္ဌကထာနိဿျကျမ်း ရေးပြီးသည်။

၁၁၉၈ ဂမ္ဘီရတ္ထဒေသနာကျမ်းရေးပြီးသည်။

၁၂၀၁ သီးလုံးကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သက်တော် ၅၄ နှစ် အရွယ်အရှင်အဂ္ဂဓမ္မ(သင်္ဂဇာ ဆရာတော်လောင်းလျာ)ရောက်ရှိ၍ တစ်ဝါခန့်နေထိုင်ခဲ့သည်။

၁၂၀၂ သီးလုံးကျောင်း၌သီတင်းသုံးစဉ် သက်တော်၁၈နှစ်အရွယ် ရှင်ဇာဂရ ( ရွှေကျင်ဆရာတော်လောင်းလျာ ) ရောက်ရှိသည်။ ရှင်ဇာဂရ ရောက်မည်ဆိုသောအခါစက်ရုံဆရာတော်ဆင်ဖြူတော်ဝင်လာ ကြောင်း အိပ်မက်ရသည်။

၁၂၀၅ ပဋ္ဌပတ္တိပကာသနီကျမ်းရေးပြီးသည်။

၁၂၀၇ ကခ်ါထွက်ပုံတက်ပုံကျမ်းရေးပြီးသည်။

## သီးလုံးတောရဆရာတော်ကြီးအရှင်စန္ဒိမာ၏ ထေရုပ္ပတ္တိမှတ်စု

ဤသီးလုံးကျောင်းတိုက်၌ နေစဉ်အခိုက် မင်းကွန်းကင်းတောရ ဆရာတော်ဦးခေမာလာရောက်၍တရားပြဆုံးမဟာန် လက္ခဏာရှိသည်။

၁၂၀၉ ရွှေဘိုနယ် ၏တဖက်ကမ်း ခက်သင်တောရ (ကျွန်း) ၌ သီတင်းသုံး သည်။၁၂၁၅ခုနှစ် အထိခြောက်နှစ်သီတင်းသုံးသည်။

ဤခက်သင်တောရ၌ နေစဉ်အတွင်း သင်္ဖာဆရာတော်ကြွလာ၍ သီးလုံး ဆရာတော်အား စုံစမ်းဟာန်လက္ခဏာရှိသည်။

၁၂၁၃ သစ်ဆိမ့်ကြီးရွာသို့ခေတ္တကြွရောက်၍ဝါဆိုနေသောသီးလုံးဆရာတော် ထံသို့ အသက် (၈)နှစ်အရွယ် မောင်ရွှေသိန်း (ကျောင်းတော်ရာ ရွှေကျင်ဆရာတော်လောင်းလျာ) လူ့ဘဝဖြင့် ရောက်ရှိသည်။

၁၂၁၅ သီးလုံးကျောင်း၌ သီတင်းသုံးစဉ် မင်းတုန်းမင်းက "စန္ဒိမာဘိလင်္ကာရ ကဝိဓဇမဟာဓမ္မရာဇာဓိ ရာဇဂုရု" ဘွဲ့တံဆိပ်ဆက်ကပ်၍ ဂဏဝိမုတ် အမိန့် ကိုတည်မြဲစေသည်။

၁၂၁၆ မင်းတုန်းမင်းက မြို့တော်သို့အကြိမ်ကြိမ်ပင့်သော်လည်း မကြွသည့် အတွက် သီးလုံးကျေးရွာတောင်ဘက် ယခု တောရကျောင်းနေရာ၌ ရတနာ ဘုံစံကျောင်းဆောက်လှူသည်။

၁၂၁၆ မင်းတုန်းမင်း သီးလုံးကျောင်းတိုက်အတွင်း သံဃာတို့အားဆွမ်းစရိတ် ငွေ သုံးပိဿာ၊ တစ်ကျပ်ငါးမူး၊ တိစီဝရိတ်သင်္ကန်း ၁၁၄စုံ၊ရှင်သာမဏေ ၂၉ပါး အတွက် ကေသီသင်းပိုင် ၅၈စုံ ၊ ကွမ်းသီး၅၂ပိဿာ ၅၀၊ မိုင်းလုံ မြို့စားဝန်ကြီး ဦးစိုး၏ အစ်ကို ဦးပိုက်ကို လှူစေသည်။

၁၂၁၉ သီးလုံးကျောင်း၌ သီတင်းသုံး နေတော်မူစဉ် ရှင်က္ကန္ဒက (ထရံကာ ဆရာတော်လောင်းလျာ၊ နောင် ဦးအုန်းညွန့်)ရှင်ဘဝဖြင့် ရောက်ရှိ သည်။ထိုမှ ရွှေကျင်ဆရာတော်ထံ အပ်နှံပေးသည်။

၁၂၂၁ သီးလုံးကျောင်း၌ သီတင်းသုံးနေတော်မူစဉ်ရဟန်းဖြစ်စ အရှင်ဝိသုဒ္ဓ (မဟာဝိသုဒ္ဓါရုံ ဆရာတော်လောင်းလျာ) လာရောက်ဆည်းကပ်သည်။

၁၂၂၂ နယုန်လဆန်း ၁ရက်၊ သက်တော် ၇၅၊ ဝါတော် ၅၅ဝါ၌ ပျံလွန်တော် မူသည်။မင်းတုန်းမင်း၏ မင်းမိန့်ဖြင့် အန္တိမဈာပန ကျင်းပသည်။

# ကျေးဇူးတော်ရှင်သီးလုံးဆရာတော်ဘုရားကြီး၏ တပည့်စဉ်ဆက်
# ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးများ

| ရွှေကျင်သာသနာပိုင် | ဘွဲ့အမည် | ဆောင်ရွက်သောကာလ |
|---|---|---|
| ပထမ | ရွှေကျင်ဆရာတော်ဘုရားကြီးအရှင်ဇာဂရ<br>(၁၁၈၄ - ၁၂၅၅) | ၁၂၂၂ - ၁၂၅၅<br>(၃၃နှစ်၈လ) |
| ဒုတိယ | မဟာဝိသုဒ္ဓါရုံဆရာတော်အရှင်ဝိသုဒ္ဓါစာရ<br>(၁၂၀၀ - ၁၂၇၈) | ၁၂၅၆ - ၁၂၇၈<br>(၂၁နှစ်၄လ) |
| တတိယ<br>(အထက်မြန်မာပြည်) | ဒီပဲယင်းဆရာတော် အရှင်ဉာဏဝရ<br>(၁၂၁၄ - ၁၂၈၉) | ၁၂၇၈ - ၁၂၈၉<br>(၁၀နှစ်၉လ) |
| တတိယ<br>(အောက်မြန်မာပြည်) | ကျိုက္ကစံဆရာတော်အရှင်ဥတ္တမ<br>(၁၂၁၄ - ၁၂၇၉) | ၁၂၇၈ - ၁၂၇၉<br>(၁နှစ်) |
| စတုတ္ထ | အလုံဆရာတော် အရှင်တိဿ<br>(၁၂၁၂ - ၁၂၉၀) | ၁၂၈၉ - ၁၂၉၀<br>(၉လ) |
| ပဉ္စမ | ချမ်းသာကြီးဆရာတော် အရှင်ဇလိန္ဒ<br>(၁၂၀၄ - ၁၂၉၁) | ၁၂၉၁ - ၁၂၉၁<br>(၃လ) |
| ဆဋ္ဌမ | လှတောကြီးဆရာတော်အရှင်ရာဇိန္ဒ<br>(၁၂၁၃ - ၁၂၉၅) | ၁၂၉၄ - ၁၂၉၅<br>(၁နှစ်၇လ) |
| သတ္တမ | ကျိုက်လတ်ပစ္ဆိမာရုံဆရာတော်အရှင်ကေလာသ<br>(၁၂၂၆ - ၁၃၁၁) | ၁၂၉၅ - ၁၃၁၁<br>(၁၅နှစ်၇လ) |
| အဋ္ဌမ | ကန္နီဆရာတော် အရှင်ကောသလ္လ<br>(၁၂၂၇ - ၁၃၁၃) | ၁၃၁၁ - ၁၃၁၃<br>(၁နှစ်၂လ) |
| နဝမ | စံကင်းဆရာတော် အရှင်စန္ဒာဘိဝံသ<br>(၁၂၃၂ - ၁၃၃၄) | ၁၃၁၃ - ၁၃၃၄<br>(၂၁နှစ်၇လ) |
| ဒသမ | မြောင်းမြဆရာတော် အရှင်ဉာနဝံသ<br>(၁၂၅၀ - ၁၃၃၇) | ၁၃၃၄ - ၁၃၃၇<br>(၂နှစ်၁၁လ) |
| ဧကာဒသမ | ကြေးမြင်ဆရာတော် အရှင်ဇောတယ<br>(၁၂၄၇ - ၁၃၅၁) | ၁၃၃၇ - ၁၃၅၁<br>(၁၄နှစ်) |
| ဒွါဒသမ | ရွှေဟင်္သာဆရာတော် အရှင်ပဏ္ဍိတသိရီ<br>(၁၂၅၅ - ၁၃၅၇) | ၁၃၅၁ - ၁၃၅၇<br>(၆နှစ်၁၀လ) |
| တေရသမ | ညောင်ရွှေကန်ကြီးဆရာတော် အရှင်ဝိမလ<br>(၁၂၇၃ - ၁၃၆၅) | ၁၃၅၇ - ၁၃၆၅<br>(၈နှစ်) |
| စုဒ္ဒသမ | ဝါဆိုကျောင်းဆရာတော် အရှင်အဂ္ဂိယ<br>(၁၂၇၉ - ယနေ့ထိ) | ၁၃၆၆ - ယနေ့ထိ |

၁၃၇၁ - ခုနှစ် ဝါဆိုသံဃာစာရင်းအရ ရွှေကျင်ကျောင်းတိုက် (၃၂၇၈)၊ ရဟန်း (၂၂၃၀၉)၊
သာမဏေ (၂၅၄၆၉) ရှိကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

## ကျေးဇူးတော်ရှင်သီးလုံးဆရာတော်ဘုရားကြီး၏ တပည့်စဉ်ဆက် တွဲဖက်ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးများ

| ဘွဲ့အမည် | | ဆောင်ရွက်သောကာလ |
|---|---|---|
| ကျိုက်လတ်ပစ္ဆိမာရုံဆရာတော်အရှင်ကေလာသ | (၁၂၂၆-၁၃၁၁) | ၁၂၉၄-၁၂၉၅ (၁နှစ်၇လ) |
| ကန္နီဆရာတော် အရှင်ကောသလ္လ | (၁၂၂၇-၁၃၁၃) | ၁၂၉၄-၁၃၁၁ (၁၇နှစ်၃လ) |
| စံကင်းဆရာတော် အရှင်စန္ဒာဘိဝံသ | (၁၂၃၂-၁၃၃၄) | ၁၂၉၄-၁၃၁၃ (၁၉နှစ်) |
| အဘယာရာမဆရာတော် အရှင်အဂ္ဂဓမ္မ | (၁၂၄၀-၁၃၀၅) | ၁၂၉၄-၁၃၀၅ (၁၁နှစ်၅လ) |
| ရွှေဟင်္သာစံကျောင်းဆရာတော် အရှင်ဝါယာမ | (၁၂၃၅-၁၃၀၉) | ၁၃၀၈-၁၃၀၉ (၄လ) |
| စည်ရှင်ဆရာတော် အရှင်ကောသလ္လ | (၁၂၅၀-၁၃၁၁) | ၁၃၀၈-၁၃၁၁ (၂နှစ်၈လ) |
| မြောင်းမြဆရာတော် အရှင်ဉာဏဝံသ | (၁၂၅၀-၁၃၃၇) | ၁၃၁၄-၁၃၃၄ (၁၉နှစ်၄လ) |
| ရွှေဟင်္သာဆရာတော် အရှင် ပဏ္ဍိတသိရီ | (၁၂၅၅-၁၃၅၇) | ၁၃၃၇-၁၃၅၁ (၁၄နှစ်၁လ) |
| မဟာဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသ | (၁၂၆၁-၁၃၃၉) | ၁၃၃၇-၁၃၃၉ (၂နှစ်၁လ) |
| ပိုက်ကျုံးဆရာတော်အရှင်ဇာနေယျဗုဒ္ဓိ | (၁၂၆၄-၁၃၅၄) | ၁၃၃၇-၁၃၅၄ (၁၆နှစ်၉လ) |
| အသောကာရုံဆရာတော်အရှင်သုဝဏ္ဏဇောတိ | (၁၂၆၄-၁၃၃၉) | ၁၃၃၇-၁၃၃၉ (၁နှစ်၉လ) |
| ဗာရာဏသီဆရာတော် အရှင်အာနန္ဒပဏ္ဍိတ | (၁၂၆၄-၁၃၅၅) | ၁၃၄၂-၁၃၅၅ (၁၃နှစ်၂လ) |
| ရွှေဟင်္သာတောရဆရာတော် အရှင်ဝိမလ | (၁၂၆၅-၁၃၅၀) | ၁၃၄၂-၁၃၅၀ (၇နှစ်၉လ) |
| သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ | (၁၂၇၂-၁၃၅၆) | ၁၃၅၃-၁၃၅၆ (၂နှစ်၁၁လ) |
| ညောင်ရွှေကန်ကြီးဆရာတော် အရှင်ဝိမလ | (၁၂၇၃-၁၃၆၅) | ၁၃၅၃-၁၃၅၇ (၃နှစ်၈လ) |
| ပထမဂန္ဓာရုံဆရာတော် အရှင်သုပညိန္ဒာဘိဝံသ | (၁၂၇၅-၁၃၆၅) | ၁၃၅၇-၁၃၆၅ (၈နှစ်) |
| ဝါဆိုကျောင်းဆရာတော် အရှင်အဂ္ဂိယ | (၁၂၇၉-ယနေ့ထိ) | ၁၃၆၁-၁၃၆၆ (၅နှစ်) |
| ရွှေဟင်္သာသီရိမန္တစံကျောင်းဆရာတော်အရှင်ရာဇိန္ဒ | (၁၂၇၈-၁၃၇၁) | ၁၃၆၁-၁၃၇၁ (၉နှစ်၉လ) |
| ပဲခူးကြခတ်ဝိုင်းဆရာတော်အရှင်ဇောတိပါလ | (၁၂၈၃-ယနေ့ထိ) | ၁၃၆၄-ယနေ့ထိ |
| စစ်ကိုင်းမဟာသုတောဓါရုံဆရာတော်အရှင်နာရဒ | (၁၂၈၆-၁၃၇၁) | ၁၃၇၀-၁၃၇၁ (၅လ) |


ကျမ်းကိုး ➡ ညောင်ရွှေကန်ကြီးပရိယတ္တိစာသင်တိုက် သာသနာပြုနှစ်(၅၀)ခရီး။၁၃၅၉။
(စာ-၅၄-၆၈)၊ ရေးသားပြုစုသူ - ဦးမာနိတသိရီ

## ကျောင်းဒကာတော်ရှင်သီးလုံးဆရာတော်ဘုရားကြီး၏ တပည့်စဉ်ဆက် ပြည်တွင်းပြည်ပ မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယ ဆရာတော်ကြီးများ

| ဘွဲ့အမည် | ဆောင်ရွက်သောကာလ |
| --- | --- |
| မဟာစည်ဆရာတော်ဘုရားကြီး အရှင်သောဘန | ၁၃၁၁ - ၁၃၄၄ |
| (၁၂၆၆ - ၁၃၄၄) | (၃၃ - နှစ်) |
| ဆရာတော်အရှင်သုဇာတ | ၁၃၄၄ - ၁၃၄၄ |
| (၁၂၇၁ - ၁၃၄၄) | (၁ - ရက်) |
| ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ | ၁၃၄၄ - ၁၃၅၁ |
| (၁၂၈၃ - ယနေ့ထိ) | (၇ - နှစ်) |
| ပုသိမ် သဒ္ဓမ္မသီတဂူဆရာတော် အရှင်အာစိဏ္ဏ | ၁၃၅၁ - ၁၃၅၈ |
| (၁၂၆၉ - ၁၃၅၈) | (၇ - နှစ်) |
| ချမ်းမြအောင်စည်ဆရာတော် အရှင်သံဝရ | ၁၃၅၁ - ၁၃၇၁ |
| (၁၂၈၂ - ၁၃၇၁ နှောင်းတန်ခူး) | (၂၀ - နှစ်) |
| ရွှေရေးဆောင်ဆရာတော် အရှင်ပညာသာမိ | ၁၃၅၈ - ၁၃၆၀ |
| (၁၂၇၆ - ၁၃၆၀) | (၂ - နှစ်) |
| ရေဦးပါဠိဝိဇ္ဇာဆရာတော် အရှင်ပညာသိပ္ပ | ၁၃၅၈ - ၁၃၆၃ |
| (၁၂၈၁ - ၁၃၆၃) | (၅ - နှစ်) |
| ဓမ္မာနန္ဒဝိဟာရဆရာတော် အရှင်သီလာနန္ဒာဘိဝံသ | ၁၃၅၈ - ၁၃၆၇ |
| (၁၂၈၉ - ၁၃၆၇) | (၉ - နှစ်) |

၁၃၇၁ - ခုနှစ် မှတ်တမ်းအရ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် မဟာစည်ဩဝါဒခံ သာသနာ့ရိပ်သာ စုစုပေါင်း (၅၁၂) ရှိကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

## သီးလုံးတောရဆရာတော်ကြီး ဖွားတော်မူစဉ်မှစ၍ လွန်တော်မူသည်အထိ သီတင်းသုံးတော်မူခဲ့သော ဌာနများ




ဘုတ်ကုန်းရွာအနီး ရွှန်းရွှန်းတက်ရွာ - သီးလုံးဆရာတော်ကြီး ဖွားမြင်တော်မူရာဌာန

ငါးနှန် - သီးလုံးဆရာတော်ကြီး သာမဏေဘဝက ပထမငါးနှန်ဆရာတော်ကြီးထံ တပည့်ခံ၍ ဆည်းကပ်တော်မူခဲ့ရာဌာန

ညောင်လု - သီးလုံးဆရာတော်ကြီး ဒုတိယနံမော် ဆရာတော်ကြီးထံ၌ ရဟန်းဖြစ်တော်မူသည်မှ စ၍ ရဟန်း (၁၃)ဝါ အထိ သီတင်းသုံးတော်မူခဲ့သောဌာန

သီးလုံး - ရဟန်း (၁၃)ဝါမှစ၍ သက်တော်(၇၅) သိက္ခာတော် (၅၅)ဝါ လွန်တော်မူသည်အထိ သီတင်းသုံးတော်မူခဲ့ရာဌာန

ခက်သင် - ရဟန်း (၄၁)ဝါမှစ၍ (၄၇)ဝါ အထိ (၆)နှစ်တောရဆောက်တည်တော်မူခဲ့ရာဌာန


ရှိမ်းမကား - သိမ်သမုတ်ရန်ကိစ္စအတွက် မန္တလေး၊ စစ်ကိုင်း၊ မင်းကွန်း စသောဌာနတို့မှ ဆရာတော် သံဃာတော်များ စုဝေးမိရာတွင် သီးလုံးဆရာတော်ကြီး အား လျှောက်ထားတောင်းပန် ကြသဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန် နှင့် စပ်သော တရားတော်များ ဟောကြားရာဌာန

မင်းကွန်း - သီးလုံးဆရာတော်ကြီး ၏ မိတ်ဆွေမွန် ကင်းတောရဆရာတော်အရှင်ခေမာ သီတင်းသုံးတော်မူရာ ဌာန

အမရပူရ - သီးလုံးဆရာတော်ကြီးအား မင်းတုန်းမင်းတရားကြီး အကြိမ်ကြိမ် ပင့်သော်လည်း ကြွတော်မမူခဲ့သည့် အမရပူရနန်းမြို့တော်

ရွှေကျင် - ရွှေကျင်ဆရာတော်လောင်းလျာ မောင်သန့် ဖွားမြင်ရာဌာန

ဆိပ်ခွန် - မဟာစည်ဆရာတော်လောင်းလျာ မောင်သွင် ဖွားမြင်ရာဌာန




သီးလုံးတောရဆရာတော်ကြီး ဖွားတော်မူစဉ်မှစ၍ လွန်တော်မူသည်အထိ သီတင်းသုံးတော်မူခဲ့သော ဌာနများပြသည့်မြေပုံ



သီးလုံးဆရာတော်ကြီး သာမဏေဘဝကသီတင်းသုံးတော်မူခဲ့သော ပထမငါးခုန်ဆရာတော်ကြီး၏
ကျောင်းတိုက်မုခ်ဦး (စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ငါးခုန်ကျေးရွာ)



သီးလုံးဆရာတော်ကြီး သာမဏေဘဝကသီတင်းသုံးတော်မူခဲ့သော ပထမငါးခုန်ဆရာတော်ကြီး၏ ကျောင်းတိုက်


( ဓါတ်ပုံဖော်ပြခွင့်ပြုသော ဝိသုဒ္ဓါရုံရွှေဘုန်းဝန်ကျောင်းတိုက် စည်ရှင်ဆရာတော် ဦးအဂ္ဂဉာနာဘိဝံသ နှင့် ဦးသုဝဏ္ဏ တို့အား ကျေးဇူးတင်ရှိပါသည်။ )



ဥပဇ္ဈာယ် ဒုတိယနံမော်ဆရာတော်ကြီး အရှင်ဝိစာရိန္ဒထံ၌ သီးလုံးဆရာတော်ကြီး ရဟန်းပြစ်တော်မူခဲ့ရာဌာန
( စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ ညောင်လှကျေးရွာ၊ နမောမြောက်ကျောင်း )




သီးလုံးဆရာတော်ကြီး ရဟန်းဖြစ်တော်မူရာဌာန စစ်ကိုင်းတိုင်း၊ ဒီပဲရင်းမြို့နယ်၊ ညောင်လှကျေးရွာ
နမောကျောင်းတိုက်အတွင်းရှိ စာတိုက်ဘီဒိုများ



ဒိပဲရင်းမြို့နယ်၊ ညောင်လှကျေးရွာ၊ နမောကျောင်းတိုက်အတွင်း သီးလုံးဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သော ရွှေကျောင်းကြီးနေရာ ( ဒုတိယကမ္ဘာစစ်အတွင်း ဗုံးဒဏ်ကြောင့်ပျက်စီးခဲ့ရသည် )



နမောကျောင်းတိုက်အတွင်းရှိ ဤရေတွင်းနေရာ၌ သီးလုံးဆရာတော်ကြီး သာမဏောဘဝက သပိတ်ဆေးရေဖြင့် သွန်းလောင်းခြင်းခံခဲ့ရသည်ဟု ဆိုရိုးရှိပါသည်။




စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ဒီပဲရင်းမြို့နယ်

နမောဘုရားသမိုင်းနှင့် နမောသာသနာဝင်မော်ကွန်းတင်ကျောက်စာ

( နမောကျောင်းတိုက်ဆရာတော်များနှင့် ဦးဇော်မြင့်၊ ဦးခင်မောင်ထူး တို့အား ကျေးဇူးတင်ရှိပါသည်။ )



ရွှေဘိုမြို့နယ်၊ သီးလုံးရွာ ကန်ရင်းကျောင်းကြီးပေါ်၌
ကိန်းဝပ်စံမွှယ်တော်မူသော
နရပတိမင်းကောင်းမှု သမိုင်းဝင် သစ်ကနက်ရုပ်ပွားတော်
( ၁၁၉၀ ပြည့်နှစ်တွင် သီးလုံးဆရာတော်ကြီး ထပ်မံပြုပြင် ကိုးကွယ်ပူဇော်တော်မူသည် )



ကျေးဇူးတော်ရှင်သီးလုံးဆရာတော်ကြီး(၁၁၄၈–၁၂၂၂)၏ ခေတ်တော်တို့ကို ဌာပနာ၍
သီးလုံးတောင်ရွာထိပ်တွင် တည်ထားသော မြသိန်းတန်စေတီတော်



ကျေးဇူးတော်ရှင် သီးလုံးဆရာတော်ကြီးအား ၁၁၈၁–ခုနှစ်တွင် ဦးစွာပထမလှူဒါန်းသော
သီးလုံးခုနစ်ရွာစား ရွှေတောင် သင်္ဂဟအနုရုဒ္ဓဘွဲ့ခံ ဦးဝိုက်နှင့် ဒေါ်အေးတို့၏ ကန်ရင်းကျောင်းကြီး



သီးလုံးဆရာတော်ကြီးအား ၁၁၉၀–ခုနှစ်တွင် ဒုတိယမြောက်လှူဒါန်းသော သီးလုံးဝန်ကြီး ဗိုလ်ချုပ်
သတိုးမင်းကြီး မဟာရာဇသင်္ကြန်ဦးစိုးနှင့် ဝန်ကတော် ဒေါ်မယ်စီတို့၏ မဟာဝေယံဘုံသာကျောင်းတော်ကြီး



သီးလုံးဆရာတော်ကြီး တောရဆောက်တည်ခဲ့ရာဌာန အထိမ်းအမှတ် စေတီနှင့်
တောရကျောင်းကလေး ( သီးလုံးရွာ )



ရွှေဘိုမြို့နယ်၊ သီးလုံးရွာရှိ မဟာဝေယံဘုံသာကျောင်းကြီးပေါ်၌ ကိန်းဝပ်စံပယ်တော်မူသော
ချမ်းသာကြီးဆုတောင်းပြည့်မံဘုရားကြီး




ရွှေဘိုမြို့နယ်၊ သီးလုံးရွာ မဟာဝေယံဘုံသာကျောင်းကြီးပေါ်ရှိ ရွှေချထားသောသစ်လုံးကျောင်းတိုင်ကြီးများ



မိုင်းလုံမြို့စား သီးလုံးဝန်ကြီး ဗိုလ်ချုပ် သတိုးမင်းကြီးမဟာရာဇသင်္ကြန် ကျောင်းဒါယကာကြီး ဦးစိုးနှင့် ဝန်ကတော် ဒေါ်မယ်စီတို့ ဘွဲ့အမည်ကို ကမ္ဗည်းရေးထိုးထားသော တိုင်လုံးကြီး




ကျေးဇူးတော်ရှင် သီးလုံးဆရာတော်ကြီး ပြုစုတော်မူခဲ့သော ကျမ်းစာများ




ရွှေဘိုမြို့နယ်၊ သီးလုံးရွာ မဟာဝေယံဘုံသာကျောင်းရှိ
ကျေးဇူးတော်ရှင် သီးလုံးဆရာတော်ကြီး ပြုစုတော်မူခဲ့သော
ပေစာထုပ်များ ထည့်ထားသည့် စာတိုက်သေတ္တာ





၁၂၀၉–ခုနှစ်တွင် သီးလုံးဆရာတော်ကြီး စက်သင်တောရ၌
ရှေးဦးပထမ သိတင်းသုံးတော်မူရာဌာန အထိမ်းအမှတ်ကျောက်တိုင်




မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်၊ ခက်သင်ကျေးရွာအနီးရှိ ရွှေတောင်ဦးတောင်တော် ( ခက်သင်တောရ )



စက်သင်တောရကြီးကျောင်းတိုက်အတွင်း သီးလုံးဆရာတော်ကြီး သမုတ်တော်မူခဲ့သော သိမ်တော်



စက်သင်တောရကြီးကျောက်းတိုက်အတွင်း သီးလုံးဆရာတော်ကြီး
သမုတ်တော်မူခဲ့သော သိမ်ကျောက်စာ (၁၂၁၁–ခုနှစ်)



စက်သင်ရွာ ရွှေအင်းမဘုရားအနီး၌ သီးလုံးဆရာတော်ကြီး
သမုတ်တော်မူခဲ့သော သိမ်တော်

## ကျေးဇူးတော်ရှင်သီးလုံးဆရာတော်ဘုရားကြီး၏
## တပည့်စဉ်ဆက်
## ပြည်တွင်းပြည်ပဗုဒ္ဓသာသနာပြုဆရာတော်သံဃာတော်များ

| | | |
|---|---|---|
| ပထမရွှေကျင်ဆရာတော် | မဟာဝိသုဒ္ဓါရုံဆရာတော် | သုံးဆယ်မောင်းထောင်ဆရာတော် |
| အဘယာရာမဆရာတော် | စည်ရှင်ဆရာတော် | စံကျောင်းဆရာတော် |
| ကျိုက်လတ်ပဌ္ဌာနရုံဆရာတော် | တိုက်အုပ်အရှင်ပညာ | အနီးစခန်းဆရာတော် |
| တောင်ပုလုဆရာတော် | မဟာစည်ဆရာတော် | အောင်မြေဘုံစံဆရာတော် |
| နောင်ဂါးဆရာတော် | ကုသိနာရုံအရှင်စန္ဒိမုနိ | ကိုလံဘိုမကုဋာရာမဆရာတော် |
| ပြည်ဗာရာဏသီဆရာတော် | ရွှေဟသ်ာဆရာတော် | မဟာဂန္ဓာရုံဝိပဿနာဆရာတော် |
| ဝါဆိုကျောင်းဆရာတော် | မဟာစည်နာယကအရှင်ဇဝန | မြောင်းမြဆရာတော်အရှင်ဉာဏိက |
| ပဋ္ဌာနရုံအရှင်နန္ဒက | ဂျပန်သာသနာပြုအရှင်ဝေပုလ္လ | ဂျပန်သာသနာပြုအရှင်ခေမိန္ဒ |
| ထိုင်းသာသနာပြုအရှင်ဓမ္မာနန္ဒ | ရွှေတောင်ကုန်းဆရာတော် | သဒ္ဓမ္မရံသီရိပ်သာဆရာတော် |
| ကျောက်မဲအရှင်ပညာဝံသ | သုဇောဓါရုံအရှင်နာရဒ | အရှင်သီလာနန္ဒာဘိဝံသ |
| ချမ်းမြေ့ဆရာတော် | ဘီးလင်းဆရာတော် | ဂျပန်သာသနာပြုအရှင်ဝိဇ္ဇာနန္ဒ |
| ကုသိနာရုံအရှင်ဉာဏိဿရ | အရှင်ဂမ္ဘီရဗုဒ္ဓိ | အရှင်ဩဘာသ |
| သာဝတ္ထိဇေတဝန်အရှင်မဟိန္ဒ | ဗုဒ္ဓဂယာအရှင်တိလောက | ဗာလာရမ်ပူဆရာတော်ဦးအာစယ |
| ဘုံဘေအရှင်ဝဇီရဗုဒ္ဓိ | သီရိလင်္ကာအရှင်ဉာဏိန္ဒ | ကနေဒါအရှင်နန္ဒ |
| ပဏ္ဍနားဆရာတော် | ဝပ်ပလုပ်ကျောင်းအရှင်သုဝဏ္ဏ | လန်းပန်းအရှင်ဉာဏိက |
| သီတဂူဆရာတော် | အရှင်နန္ဒမာလာဘိဝံသ | အရှင်ပဏ္ဍိတဝရာဘိဝံသ |
| တိပိဋကဓရအရှင်သုမင်္ဂလ | အရှင်သဒ္ဓနသာရ | ဆားတောင်အရှင်နန္ဒာသဘ |
| အရှင်မဟောသဓပဏ္ဍိတ | သစ္စဝါဒီဆရာတော် | ကျူစွာဆရာတော်အရှင်လက္ခဏ |
| အရှင်ကုဏ္ဍလာဘိဝံသနှင့် မဟာဂန္ဓာရုံပဓါနနာယက (၄) ပါး | | ဝါရှင်တန်ဒီစီ အရှင်ကေလာသ |
| မောင်းထောင်အရှင်ကေသရ | နယူးယောက် အရှင်ဣန္ဒက | အရှင်ကဝိသာရနှင့် ဆရာတော် (၃)ပါး |
| အရှင်လောကနာထ | အရှင်ပညာသာမိ | အရှင်ဓမ္မပီယ |
| အရှင်ရာဇိန္ဒ | အရှင်အာသဘာစာရ | အရှင်အဘယာလင်္ကာရ |
| အရှင်ပဋောဘာသ | အရှင်ပညာနန္ဒ | အရှင်ဓမ္မရက္ခိတ |

ကျမ်းကိုး ➡ ရွှေကျင်ရာပြည့်စာတမ်းများ၊ ၁၃၅၅။ (ဦးကဝိသာရ)။ ရွှေကျင်စာတမ်းများ၊ ၁၃၆၅။ (ဦးမဟောသဓပဏ္ဍိတ)။
တောင်ပုလုဆရာတော်နှင့် မဟာစည်ဆရာတော် (၂)ပါးကို သီးခြားထည့်သွင်းဖော်ပြအပ်ပါသည်။

# သီးလုံးဆရာတော်ဘုရားကြီး

# ဂမ္ဘီရတ္ထဒေသနာ

## ပထမပိုင်း

### [ ၁ ] ဓမ္မကထိကအင်္ဂါ ၅-ပါး

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ခေါ၊ အကယ်မလွဲသဖြင့်။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မံ၊ တရားကို။ ဒေသေတုံ၊ ဟောခြင်းငှာ။ န သုကရံ၊ မလွယ်။ အာနန္ဒ၊ အာနန္ဒာ။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မံ၊ တရားကို။ ဒေသေန္တေန၊ ဟောလိုသော ရဟန်းသည်။ ပဥ္စဓမ္မေ၊ ၅-ပါးသော တရားတို့ကို။ အဇ္ဈတ္တံ၊ ကိုယ်တွင်း၌။ ဥပဋ္ဌာပေတွာ၊ ကောင်းစွာထား၍။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မော၊ တရားကို။ ဒေသေတဗ္ဗော၊ ဟောအပ်၏။ ပဥ္စ၊ ၅-ပါးတို့-ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား—

၁။ **အနုပုဗ္ဗိကထံ**၊ အစဉ်အတိုင်းသော တရားစကားကို။ ကထေဿာမိ၊ ဆိုအံ့။ က္ကတိ၊ ဤသို့။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မော၊ တရားကို။ ဒေသေတဗ္ဗော၊ ဟောအပ်၏။

၂။ ပရိသာယ၊ ပရိသတ်ကို။ ဒဿာဝီ၊ ရှု၍။ ကထံ၊ တရားစကားကို။ ကထေဿာမိ၊ ဟောအံ့။ က္ကတိ၊ ဤသို့။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မော၊ တရားကို။ ဒေသေတဗ္ဗော၊ ဟောအပ်၏။ (ပရိယာယဒဿာဝီ- အံ၊၂။၁၆၂။ အံ၊၃၊၃။၅၅)

၃။ **အနုဒ္ဒယတံ၊** အစဉ်သနားသည်၏အဖြစ်ကို။ ပဋိစ္စ၊ စွဲ၍။ ကထံ၊ တရားစကားကို။ ကထေဿာမိ၊ ဟောအံ့။ ဣတိ၊ ဤသို့။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မော၊ တရားကို။ ဒေသေတဗ္ဗော၊ ဟောအပ်၏။

၄။ **အာမိသန္တရော၊** ပစ္စည်း ၄-ပါး လျှုလတ္တံ့-ဟူ၍ ငဲ့သည်ဖြစ်၍။ ကထံ၊ တရားစကားကို။ ကထေဿာမိ၊ ဟောအံ့။ ဣတိ၊ ဤသို့။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မော၊ တရားကို။ န ဒေသေတဗ္ဗော၊ မဟောအပ်။

၅။ အတ္တာနဥ္စ၊ မိမိကိုယ်ကိုလည်းကောင်း။ ပရဥ္စ၊ သူတပါးကိုလည်းကောင်း။ **အနုပဟစ္စ၊** မချီးမြှောက်,မကဲ့ရဲ့သည်ဖြစ်၍။ ကထံ၊ တရားစကားကို။ ကထေဿာမိ၊ ဟောအံ့။ ဣတိ၊ ဤသို့။ ဓမ္မော၊ တရားကို။ ဒေသေတဗ္ဗော၊ ဟောအပ်၏။ (အံ၊၂။၁၆၂)

**အာယတကေန၊** ရှည်ရှည်လျားလျားသော။ ဂီတဿရေန၊ သီချင်းသံဖြင့်။ ဓမ္မော၊ တရားကို။ န ဒေသေတဗ္ဗော၊ မဟောအပ်။ (ဝိ၄။၂၄၃။ ဤအပို ၁-ခုသည် အင်္ဂါမဟုတ်)

★ ★ ★ ★ ★ ★ ★

## *[ ၂ ] (ခန္ဓဝဂ္ဂသံယုတ်၊ အညတရဘိက္ခုဝတ္ထု)*

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။ အထ ခေါ အညတရော ဘိက္ခု ယေန ဘဂဝါ၊ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နော ခေါ သော ဘိက္ခု ဘဂဝန္တံ ဧတဒဝေါစ "ဓမ္မကထိကော ဓမ္မကထိကော'တိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ ဘန္တေ ဓမ္မကထိကော ဟောတီ"တိ။

ရူပဿ စေ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဓမ္မံ ဒေသေတိ၊ "ဓမ္မကထိကော ဘိက္ခူ"တိ အလံ ဝစနာယ။ ရူပဿ စေ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ပဋိပန္နော ဟောတိ၊ "ဓမ္မာနုဓမ္မပ္ပဋိပန္နော ဘိက္ခူ"တိ အလံ ဝစနာယ။ ရူပဿ စေ ဘိက္ခု နိဗ္ဗိဒါ ဝိရာဂါ နိရောဓာ အနုပါဒါ ဝိမုတ္တော ဟောတိ၊ "ဒိဋ္ဌဓမ္မနိဗ္ဗာနပ္ပတ္တော ဘိက္ခူ"တိ အလံ ဝစနာယ။

ဝေဒနာယ စေ ဘိက္ခု ။ပ။ သညာယ စေ ဘိက္ခု။ သင်္ခါရာနံ စေ ဘိက္ခု။ ဝိညာဏဿ စေ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဓမ္မံ ဒေသေတိ၊ "ဓမ္မကထိကော ဘိက္ခူ"တိ အလံ ဝစနာယ။ ဝိညာဏဿ စေ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ပဋိပန္နော ဟောတိ၊ "ဓမ္မာနုဓမ္မပ္ပဋိပန္နော ဘိက္ခူ"တိ အလံ ဝစနာယ။

ဝိညာဏဿ စေ ဘိက္ခု နိဗ္ဗိဒါ ဝိရာဂါ နိရောဓာ အနုပါဒါ ဝိမုတ္တော ဟောတိ၊ 'ဒိဋ္ဌဓမ္မနိဗ္ဗာနပ္ပတ္တော ဘိက္ခူ'တိ အလံ ဝစနာယာတိ။

(ခန္ဓဝဂ္ဂသံယုတ်၊ ဓမ္မကထိကသုတ်)

ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ အာရာမေ၊ အာရာမ်ဖြစ်သော။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရတိ၊ နေတော်မူ၏။ အထ ခေါ၊ ထိုသို့ နေတော်မူသောအခါ၌။ အညတရော၊ တစ်ဦးသော။ ဘိက္ခု၊ ရဟန်းသည်။ ယေန၊ အကြင် အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုအရပ်သို့။ ဥပသင်္ကမိ၊ ကပ်လေ၏။ ဥပသင်္ကမိတ္ဂာ၊ ကပ်လေပြီး၍။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သောအရပ်၌။ နိသီဒိ၊ နေ၏။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သောအရပ်၌။ နိသိန္နော ခေါ၊ နေပြီးသော။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဧတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ နားတော်လျှောက်၏။ 'ဘန္တေ မြတ်စွာဘုရား။ ဓမ္မကထိကော ဓမ္မကထိကော'တိ၊ ဓမ္မကထိက, ဓမ္မကထိက-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဘန္တေ မြတ်စွာဘုရား။ ကိတ္တာဝတာ၊ အဘယ်မျှသော အတိုင်းအရှည်ဖြင့်။ ဓမ္မကထိကော၊ ဓမ္မကထိကမည်သည်။ ဟောတိ နု ခေါ၊ ဖြစ်သနည်း။' ဣတိ၊ ဤသို့။ အဝေါစ၊ နားတော်လျှောက်၏။

"ဘိက္ခု၊ ရဟန်း။ စေ၊ အကယ်၍။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ရူပဿ၊ ရုပ်ကို။ နိဗ္ဗိဒါယ၊ ငြီးငွေ့စိမ့်သောငှာ။ ဝိရာဂါယ၊ တပ်ခြင်း ကင်းစိမ့်သောငှာ။ နိရောဓာယ၊ ချုပ်စေခြင်းငှာ။ဓမ္မံ၊ တရားကို။ ဒေသေတိ၊ ဟော၏။ ဘိက္ခု၊ ရဟန်း။ သော ဘိက္ခု၊ ထိုရဟန်းကို။ ဓမ္မကထိကောတိ၊ ဓမ္မကထိက-ဟူ၍။ ဝစနာယ၊ ဆိုခြင်းငှာ။ အလံ၊ သင့်၏။ ဘိက္ခု၊ ရဟန်း။ စေ၊ အကယ်၍။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ရူပဿ၊ ရုပ်ကို။ နိဗ္ဗိဒါယ၊ ငြီးငွေ့စိမ့်သောငှာ။ ဝိရာဂါယ၊ တပ်ခြင်း ကင်းစိမ့်သောငှာ။ နိရောဓာယ၊ ချုပ်စေခြင်းငှာ။ ပဋိပန္နော၊ ကျင့်သည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခု၊ ရဟန်း။ သော ဘိက္ခု၊ ထိုရဟန်းကို။ ဓမ္မာနုဓမ္မပ္ပဋိပန္နောတိ၊ မဂ်,ဖိုလ်, နိဗ္ဗာန်အား လျော်သောအကျင့်ကို ကျင့်၏-ဟူ၍။ ဝစနာယ၊ ဆိုခြင်းငှာ။ အလံ၊ သင့်၏။ ဘိက္ခု၊ ရဟန်း။ စေ၊ အကယ်၍။ ယော ဘိက္ခု၊ အကြင်ရဟန်း သည်။ ရူပဿ၊ ရုပ်ကို။ နိဗ္ဗိဒါ၊ ငြီးငွေ့ခြင်းကြောင့်။ ဝိရာဂါ၊ တပ်ခြင်း ကင်းခြင်းကြောင့်။ နိရောဓာ၊ ချုပ်ခြင်းကြောင့်။ အနုပါဒါ၊ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍။ ဝိမုတ္တော၊ ကိလေသာ တို့မှ လွတ်သည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခု၊ ရဟန်း။ သော ဘိက္ခု၊ ထိုရဟန်းကို။ ဒိဋ္ဌဓမ္မနိဗ္ဗာ- နပ္ပတ္တောတိ၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌ နိဗ္ဗာန်သို့ရောက်သော ရဟန်း-ဟူ၍။ ဝစနာယ၊ ဆိုခြင်းငှာ။ အလံ၊ သင့်၏။

ဘိက္ခု၊ ရဟန်း။ စေ၊ အကယ်၍။ ဝေဒနာယ၊ ဝေဒနာကို ။ပ။ သညာယ၊ သညာကို။ ဘိက္ခု၊ ရဟန်း။ စေ၊ အကယ်၍။ သင်္ခါရာနံ၊ သင်္ခါရတို့ကို။ ဘိက္ခု၊ ရဟန်း။ စေ၊ အကယ်၍။ ဝိညာဏဿ၊ ဝိညာဉ်ကို။ နိဗ္ဗိဒါယ၊ ငြီးငွေ့စိမ့်သောငှာ။ ဝိရာဂါယ၊ တပ်ခြင်း ကင်းစိမ့်သောငှာ။ နိရောဓာယ၊ ချုပ်စေခြင်းငှာ။ ဓမ္မံ၊ တရားကို။ ဒေသေတိ၊ ဟော၏။ ဘိက္ခု၊ ရဟန်း။ သော ဘိက္ခု၊ ထိုရဟန်းကို။ ဓမ္မကထိကောတိ၊ ဓမ္မကထိက-ဟူ၍။ ဝစနာယ၊ ဆိုခြင်းငှာ။ အလံ၊ သင့်၏။

ဘိက္ခု၊ ရဟန်း။ စေ၊ အကယ်၍။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဝိညာဏဿ၊ ဝိညာဉ်ကို။ နိဗ္ဗိဒါယ၊ ငြီးငွေ့စိမ့်သောငှာ။ ဝိရာဂါယ၊ တပ်ခြင်း ကင်းစိမ့်သောငှာ။ နိရောဓာယ၊ ချုပ်စေခြင်းငှာ။ ပဋိပန္နော၊ ကျင့်သည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခု၊ ရဟန်း။ သော ဘိက္ခု၊ ထိုရဟန်းကို။ ဓမ္မာနုဓမ္မပ္ပဋိပန္နောတိ၊ မဂ်,ဖိုလ်,နိဗ္ဗာန်အား လျော်သောအကျင့်ကို ကျင့်၏-ဟူ၍။ ဝစနာယ၊ ဆိုခြင်းငှာ။ အလံ၊ သင့်၏။

စေ၊ အကယ်၍။ ဘိက္ခု၊ ရဟန်း။ စေ၊ အကယ်၍။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဝိညာဏဿ၊ ဝိညာဉ်ကို။ နိဗ္ဗိဒါ၊ ငြီးငွေ့ခြင်းကြောင့်။ ဝိရာဂါ၊ တပ်ခြင်း ကင်းခြင်းကြောင့်။ နိရောဓာ၊ ချုပ်ခြင်းကြောင့်။ အနုပါဒါ၊ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍။ ဝိမုတ္တော၊ ကိလေသာတို့မှ လွတ်သည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခု၊ ရဟန်း။ သော ဘိက္ခု၊ ထိုရဟန်းကို။ ဒိဋ္ဌဓမ္မနိဗ္ဗာနပ္ပတ္တောတိ၊ မျက်မှောက် သောကိုယ်၏အဖြစ်၌ နိဗ္ဗာန်သို့ ရောက်သော ရဟန်း-ဟူ၍။ ဝစနာယ၊ ဆိုခြင်းငှာ။ အလံ၊ သင့်၏။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

★ ★ ★ ★ ★ ★ ★

## [ ၃ ] ဓမ္မဒိန္နတရား

"ပဉ္စမာရေ ဇိနာတီတိ ဇိနော။"

ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ပဉ္စမာရေ၊ ဒေဝပုတ္တမာရ်, ကိလေသမာရ်, ခန္ဓမာရ်, မစ္စုမာရ်, အဘိသင်္ခါရမာရ်တည်းဟူသော ၅-ပါးသော မာရ်တို့ကို။ ဇိနာတိ၊ အောင်တော်မူတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဇိနော၊ ဇိန မည်တော်မူ၏။

ဤသို့လျှင် ဒေဝပုတ္တမာရ်, ကိလေသမာရ်, ခန္ဓမာရ်, မစ္စုမာရ်, အဘိသင်္ခါရမာရ်တည်းဟူသော ၅-ပါးသော မာရ်တို့ကို အောင်တော်မူသော သတ္တိကြောင့် ဇိန-ဟူသော

အမည်နာမ ဝိသေသအထူးကို ရတော်မူသော ဘုရားသခင်သည် ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်, ဝိနည်း, အဘိဓမ္မာ-ဟူ၍ ၃-ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင် သုတ္တန်ဒေသနာတော်နည်းအားဖြင့် ဟောတော်မူလိုသည်ဖြစ်၍—

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။**
**သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊ တဏှာက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။ ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်ကို အဘယ်အရပ်ဌာနၞ ဟောတော်မူလေသနည်းဟူမူကား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ ဟောတော်မူသည်။ အဘယ်သူတို့ကို အကြောင်းပြု၍ ဟောတော်မူသနည်းဟူမူကား တစ်သောင်းသော စကြဝဠာမှ စည်းဝေးရောက်လာကုန်သော နတ်,သိကြား, ဗြဟ္မာအပေါင်းတို့ဖြင့် ခြံရံလျက် မြတ်စွာဘုရားရှိရာ ဇေတဝန်ကျောင်းတော်သို့ သွား၍ ဘုရားသခင်အား လျှောက်ထားသော သိကြားမင်းကို အကြောင်းပြု၍ ဟောတော်မူသည်။

သိကြားမင်းသည် အဘယ့်ကြောင့် လျှောက်ထားလေသနည်းဟူမူကား တရံရောအခါ တာဝတိံသာနတ်ပြည်၌ များစွာသော နတ်အပေါင်းတို့သည် သုဓမ္မာနတ်ပွဲသဘင်၌ စည်းဝေးကုန်လျက်—

- ခပ်သိမ်းကုန်သော အလှူမျိုးတို့တွင် အဘယ်မည်သော အလှူသည် မြတ်လေသနည်း။
- ခပ်သိမ်းသော အရသာမျိုးတို့တွင် အဘယ်မည်သော အရသာသည် မြတ်လေသနည်း။
- ခပ်သိမ်းသော မွေ့လျော်ခြင်းတို့တွင် အဘယ်မည်သော မွေ့လျော်ခြင်းသည် အကြီးဖြစ်၍ မြတ်လေသနည်း။
- တဏှာ၏ ကုန်ခြင်းကို အဘယ်အကြောင်းကြောင့် အကြီးဖြစ်၍ မြတ်၏-ဟူ၍ ဆိုသနည်း။

ဤ ၄-ပါးသော အမေးပုစ္ဆာ ပြဿနာတို့သည် ဖြစ်ကုန်၏။ ထို ၄-ပါးသော အမေးပုစ္ဆာ ပြဿနာတို့ကို တစ်စုံတစ်ယောက်သော နတ်သည်လည်းကောင်း, သိကြားသည်လည်းကောင်း, ဗြဟ္မာသည်လည်းကောင်း ဖြေဆိုခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍ အဆက်ဆက်သော နတ်တို့သည် အချင်းချင်း တစ်ယောက်သည် တစ်ယောက်ကို ဆွေးနွေးမေးမြန်းကုန်လျက် တစ်သောင်းသော စကြဝဠာ၌ ၁၂-နှစ်တို့ပတ်လုံး လှည့်လည်သွားလာ မေးမြန်းကုန်သော်လည်း ပြဿနာတို့၏ အကြောင်း,အကျိုးကို မသိမမြင်နိုင်ကုန်သည်ဖြစ်၍ ထိုတစ်သောင်း

သော စကြဝဠာ၌ နေကုန်သောနတ်တို့သည် အညီအညွတ် စည်းဝေးစေကုန်၍ စာတုမဟာရာဇ်နတ်မင်းကြီးတို့အား မေးလေကုန်၏။ စာတုမဟာရာဇ်နတ်မင်းကြီးတို့သည်လည်း ထိုပုစ္ဆာပြဿနာကို မသိနိုင်ကုန်သောကြောင့် ထိုတစ်သောင်းသော စကြဝဠာမှ စည်းဝေးရောက်လာကုန်သော နတ်,သိကြား, ဗြဟ္မာအပေါင်းတို့နှင့်တကွ သိကြားမင်းကြီးထံ ချဉ်းကပ်၍ မေးလေကုန်၏။

သိကြားမင်းကြီးသည်လည်း မသိ,မမြင်သည်ဖြစ်၍ ထိုတစ်သောင်းသော စကြဝဠာမှ စည်းဝေးရောက်လာကြကုန်သော နတ်,သိကြား, ဗြဟ္မာအပေါင်းတို့နှင့်တကွ မြတ်စွာဘုရားရှိရာ ဇေတဝန်ကျောင်းတော်သို့ သွားလေ၍ ညဉ့်ဦးယံ လွန်ပြီးသော သန်းခေါင်ယံအခါ၌ ဇေတဝန်ကျောင်းတော်ကို ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းစေ၍ သဗ္ဗညုမြတ်စွာဘုရားအား ဤ ၄-ပါးသော ပြဿနာတို့ကို လျှောက်ထားလေ၏။

ထိုအခါ သစ္စာ ၄-ပါး, ၅-ပါးသော ဉေ ယျဓမ္မတို့ကို အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ဖြင့် မိမိအလိုလိုသာလျှင် မဖောက်မပြန် ထိုးထွင်း၍ အကုန်အစင်သိမြင်တော်မူပြီးသော မြတ်စွာဘုရားသည် "သဗ္ဗဒါနံ ဓမ္မဒါနံ"အစရှိသော ဂါထာဒေသနာတော်ကို သိကြားမင်းအမှူးရှိသော တစ်သောင်းသော စကြဝဠာမှ ရောက်လာကုန်သော နတ်,သိကြား, ဗြဟ္မာအပေါင်းတို့အား ဟောတော်မူသည်။

ဒေဝါနမိန္ဒ၊ နတ်တို့ကို အစိုးရသော။ သက္က၊ သိကြားမင်း။ သဗ္ဗဒါနံ၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး၊ ပစ္စည်း ၄-ပါးတည်း-ဟူသော အလုံးစုံသော အလှူမျိုးကို။ ဓမ္မဒါနံ၊ တရားတည်းဟူသော အလှူသည်။ ဇိနာတိ၊ အောင်နိုင်၏။ သဗ္ဗရသံ၊ အလုံးစုံသော အရသာမျိုးကို။ ဓမ္မရသော၊ ဗောဓိပက္ခိယတရား, ၉-ပါးသော လောကုတ္တရာတရားတည်း-ဟူသော အရသာသည်။ ဇိနာတိ၊ အောင်နိုင်၏။ သဗ္ဗရတိံ၊ အလုံးစုံသော မွေ့လျော်ခြင်းကို။ ဓမ္မရတိ၊ တရားကို မှီ၍ဖြစ်သော မွေ့လျော်ခြင်းသည်။ ဇိနာတိ၊ အောင်နိုင်၏။ တဏှာက္ခယော၊ တဏှာကို အကြွင်းမဲ့ကုန်စေတတ်သော အရဟတ္တမဂ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်သည်။ သဗ္ဗဒုက္ခံ၊ အလုံးစုံသော ဝဋ်ဆင်းရဲကို။ ဇိနာတိ၊ အောင်နိုင်၏။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "နတ်တို့ကို အစိုးရသော သိကြားမင်း၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး၊ ပစ္စည်း ၄-ပါးတည်းဟူသော အလုံးစုံသော အလှူမျိုးတို့ထက် တရားတော်ကို သင်ခြင်း, နာခြင်း, ဆွေးနွေးမေးမြန်းခြင်း, သူတပါးတို့အား ဟောပြောပြသ ဆုံးမခြင်းတည်းဟူသော ဓမ္မဒါနသည် ကြီးမြတ်သည်ဖြစ်၍ အောင်နိုင်၏။ အဘယ့်ကြောင့်နည်းဟူမူကား စကြဝဠာတိုက်၌ မြေပြင်မှသည် အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင် အခြားမရှိ စည်းဝေးကုန်သော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာအရှင်မြတ်တို့အား

ငှက်ပျောဖက်ညွန့်နှင့် တူကုန်သော အလွန်သိမ်မွေ့နူးညံ့စွာသော သင်္ကန်းတို့ကို လှူလေရာ၏။ ထိုအလှူသည် ၄-ပါဒအတိုင်းအရှည်ရှိသော ဂါထာကို ဟောသော ကောင်းမှုကို ၁၆-စိတ်စိတ်၍ ၁-စိတ်သော အကျိုးကိုမျှ မမီနိုင်။ ထိုတရားကို ဟောခြင်း, သင်ခြင်း, ဆွေးနွေးမေးမြန်းခြင်း, နှလုံးသွင်းခြင်းတည်း-ဟူသော ဓမ္မဒါနသည်သာလျှင် ကြီးမြတ်သော အကျိုးရှိ၏။ ထို့ကြောင့် **"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"**ဟု ဟောတော်မူသည်။

ထိုဆိုအပ်ခဲ့ပြီးသော များလှစွာသော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာသခင်တို့၏ သပိတ်ကို အလွန်မွန်မြတ်လှသော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ပြည့်စုံစေ၍ လှူအပ်သော ဆွမ်း-ဟူသော အလှူထက်လည်းကောင်း၊

ထိုအရှင်တို့၏ သပိတ်တို့ကို ဆီဦး, ထောပတ်, ပျား, တင်လဲ-အစရှိသော ဆေးတို့ကို ပြည့်စုံစေ၍ လှူသော အလှူထက်လည်းကောင်း၊

သိန်းယိုင်ငွကျွန်း၌ မဟာဝိဟာရနှင့်တူသော ကျောင်းတို့ကိုလည်းကောင်း, ကြေးပြာသာဒ်နှင့်တူသော ပြာသာဒ်တို့ကိုလည်းကောင်း, အရာအထောင်မက များလှစွာသော ကျောင်း, များလှစွာသော ပြာသာဒ်တို့ကို လှူသော ဒါနထက်လည်းကောင်း၊

အနာထပိဏ်သူဌေး-အစရှိကုန်သော သူတို့သည် ဆောက်အပ်သော ဇေတဝန်ကျောင်း-အစရှိသည်တို့ကို အကြောင်းပြု၍ ပြုအပ်သော များလှစွာသော ပေးကမ်း စွန့်ကြဲခြင်းထက်လည်းကောင်း၊

၄-ပါဒရှိသော ဂါထာကို ဟောခြင်း-အစရှိသည်တို့၏ အစွမ်းအားဖြင့် ဖြစ်စေအပ်သော ဓမ္မဒါနသည်သာလျှင် ကြီးမြတ်သော အကျိုးရှိ၏။

အဘယ့်ကြောင့်နည်းဟူမူကား ဤသို့သဘောရှိကုန်သော ဆွမ်း,သင်္ကန်း,ကျောင်း, ဆေး၊ ပစ္စည်း ၄-ပါးဟူသော အထူးထူးသော အလှူမျိုးတို့ကို လှူကုန်သောသူတို့သည် တရားကို နာရသောကြောင့်သာလျှင် လှူခြင်းကို ပြုကုန်၏။ မနာရသည်ရှိသော် မပြုကုန်ရာ။ စင်စစ်အားဖြင့် သတ္တဝါတို့သည် တရားကို မနာရကုန်သည်ရှိသော် ၁-ယောက်ချိုမျှသော ယာဂုကိုလည်းကောင်း, ၁-ယောက်မမျှသော ဆွမ်းကိုလည်းကောင်း မလှူကုန်ရာ။ ထို့ကြောင့်လည်း အလုံးစုံသော အလှူမျိုးတို့ထက် တရား-ဟူသော ဓမ္မဒါနသည်သာလျှင် ကြီးမြတ်သော အကျိုးရှိ၏။

စင်စစ်အားဖြင့် မဟာဝိဟာရနှင့် တူသော ကျောင်းအရာ, အထောင်တို့သည်လည်းကောင်း၊ ဇေတဝန်ကျောင်းတော်နှင့် တူကုန်သော ကျောင်းအရာ, အထောင်တို့သည်လည်းကောင်း၊ မဟာစေတီနှင့် တူကုန်သော စေတီအရာ, အထောင်တို့သည်လည်းကောင်း

သာသနာတော်ကို တည်စေခြင်းငှာ မတတ်နိုင်။ ပရိယတ္တိသည်သာလျှင် သာသနာတော်ကို တည်စေခြင်းငှာ စွမ်းနိုင်၏။

ထို့ကြောင့်–

**မဟာဝိဟာရသဒိသံ ဝိဟာရသဟဿမ္ပိ သာသနံ ပတိဋ္ဌာပေတုံ န သက္ကောတိ။ မဟာစေတိယသဒိသံ စေတိယသဟဿမ္ပိ သာသနံ ပတိဋ္ဌာပေတုံ န သက္ကောတိ၊ ပရိယတ္တိမေဝ သာသနံ ပတိဋ္ဌာပေတုံ သက္ကောတိ။**

ဟု ဟောတော်မူအပ်ပြီ။

တစ်နည်းလည်း ဘုရားရှင်တို့ကိုလည်းကောင်း, ပစ္စေကဗုဒ္ဓါတို့ကိုလည်းကောင်း ထား၍ အာယုကပ်ပတ်လုံး ရွာသော မိုးရည်,မိုးပေါက်၊ တစ်ကမ္ဘာပတ်လုံး ရွာသော မိုးရည်, မိုးပေါက်တို့ကို ရေတွက်ခြင်းငှာ စွမ်းနိုင်သော ပညာနှင့်ပြည့်စုံသော အရှင်သာရိပုတ္တရာ မထေရ်မြတ်-အစရှိကုန်သော သာဝကတို့သည်လည်း မိမိတို့၏ သဘောဓမ္မတာအားဖြင့် သောတာပတ္တိဖိုလ်-အစရှိကုန်သော လောကုတ္တရာတရား ၉-ပါးတို့ကို ထိုးထွင်း၍ သိခြင်းငှာ မစွမ်းနိုင်ကုန်။ အရှင်မဟာအဿဇိ-အစရှိကုန်သော မဟာထေရ်မြတ်တို့သည် ဟောအပ်သော တရားဒေသနာကို ကြားနာရ၍သာလျှင် သောတာပတ္တိဖိုလ်-အစရှိကုန်သော လောကုတ္တရာတရား ၉-ပါးတို့ကို ထိုးထွင်း၍ သိကုန်၏။ မြတ်စွာဘုရား၏ တရားဒေသနာ တော်ဖြင့်သာလျှင် သာဝကပါရမီဉာဏ်ကို မျက်မှောက်ပြုနိုင်ကုန်၏။ ဤအကြောင်းကြောင့် လည်း အာမိသဒါနထက် ဓမ္မဒါနသာလျှင် သေဋ္ဌဇေဋ္ဌဖြစ်၍ ထူးမြတ်လွန်ကဲသော အကျိုး ကျေးဇူးရှိ၏။ ထို့ကြောင့် "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"ဟု ဟောတော်မူသည်။

လူ့ပြည်၌ ဖြစ်ကုန်သော အဆင်း,အနံ့နှင့် ပြည့်စုံကုန်သော လူတို့၏ အရသာမျိုးတို့ သည်လည်းကောင်း, နတ်ပြည်၌ဖြစ်ကုန်သော နတ်တို့၏ အလွန်အကဲအားဖြင့် ကောင်းမြတ် သော သုဓာဘုတ်ဘောဇဉ်-အစရှိသော အရသာမျိုးတို့သည်လည်းကောင်း ရှိကုန်၏။ ထိုအရသာမျိုးတို့ကို ခံစားသဖြင့် လျှာအလိုလိုက်၍ မိုက်ကြကုန်သော သတ္တဝါအပေါင်း တို့သည် အပါယ်ငရဲ၌ ကျခြင်း, ဝဋ်ဆင်းရဲ၌ ကျ၍ သံသရာဝဋ် ရှည်လျားခြင်းဖြင့် အပါယ် ဆင်းရဲ, ဝဋ်ဆင်းရဲ-အစရှိသော အလုံးစုံသော ဆင်းရဲအပေါင်းတို့ကို ခံစားရခြင်း၏ အကြောင်းသာ ဖြစ်ကုန်၏။ ၃၇-ပါးကုန်သော ဗောဓိပက္ခိယတရား-ဟု ဆိုအပ်သော အရသာ, လောကုတ္တရာတရား ၉-ပါးဟု ဆိုအပ်သော အရသာသည်ကား အလုံးစုံသော အပါယ် ဆင်းရဲ, ဝဋ်ဆင်းရဲမှ ကင်းလွတ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် အလွန်လျှင် မြတ်၏။ ထို့ကြောင့် "သဗ္ဗရသံ ဓမ္မရသော ဇိနာတိ"ဟု ဟောတော်မူသည်။

သမီး,သား,မယားတို့နှင့် မွေ့လျော်ခြင်း၊ ကခြင်း, သီခြင်း, တီးမှုတ်ခြင်း-အစရှိသော ပွဲလမ်းသဘင်တို့ကို ကြည့်ရှု၍ မွေ့လျော်ခြင်း၊ ရွှေ,ငွေ,ဥစ္စာ လယ်ယာ,ကိုင်းကျွန်း နွား,ကျွဲ, ဆင်,မြင်း-အစရှိသော သက်ရှိ,သက်မဲ့ဥစ္စာတို့ကို ကြည့်ရှု၍ မွေ့လျော်ခြင်းသည် အပါယ် ၄-ပါးသို့ လားခြင်း, သံသရာဝဋ်ဆင်းရဲ ရှည်လျားခြင်းကို ဖြစ်စေ၍ ကြီးမားလှစွာသော ဒုက္ခဝေဒနာကို ခံစားရခြင်း၏အကြောင်းသာ ဖြစ်သောကြောင့် ထိုအလုံးစုံသော မွေ့လျော်ခြင်းတို့ကို ကြောက်အပ်သည်သာ ဖြစ်၏။

၄-ပါဒရှိသော ဂါထာဖြင့် ရေတွက်အပ်သော တရားတော်ကို သင်ခြင်း,နာခြင်း, ဆွေးနွေးမေးမြန်းခြင်း, ဟောပြောခြင်းကို ပြုသောသူ၏ ကိုယ်တွင်း၌ ကြက်သီးမွေးညင်း ထခြင်းကို ဖြစ်စေတတ်သော ခုဒ္ဒိကာပီတိ, ခဏခဏကာလ၌ဖြစ်သော **ခဏိကာပီတိ**, မျက်ရည်ယိုခြင်း, ကိုယ်၏တက်ကြွခြင်းကို ဖြစ်စေတတ်သော ဩက္ကန္တိကာပီတိ- အစရှိသော အကြင်ပီတိသည် ဖြစ်၏။ ထိုပီတိသည် ဝဋ်ဆင်းရဲ၏အဆုံးကို ပြု၍ အရဟတ္တဖိုလ်ဆုံးသည် တိုင်အောင် များစွာသော အကျိုးရှိသောကြောင့် အလုံးစုံသော မွေ့လျော်ခြင်းတို့ထက် တရားကို အာရုံပြု၍ မွေ့လျော်နှစ်သက်ခြင်း ပီတိသည်သာလျှင် အလွန်မြတ်၏။ ထို့ကြောင့် "**သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ**"ဟု ဟောတော်မူသည်။

တဏှာ,လောဘ,ရာဂ မကင်းကုန်သော သတ္တဝါအပေါင်းတို့သည် အပါယ်ဆင်းရဲ, ဝဋ်ဆင်းရဲတို့၌ ကြီးမားစွာသော ဒုက္ခဝေဒနာကို ခံစားရခြင်း၏ အကြောင်းဖြစ်၏။ တဏှာ, လောဘ,ရာဂတရားကို ကုန်စေတတ်သော အရဟတ္တမဂ်၏အဆုံး၌ဖြစ်သော အရဟတ္တဖိုလ် သည် အလုံးစုံသော အပါယ်ဆင်းရဲ,ဝဋ်ဆင်းရဲကို နှိမ်နင်း၍ ဖြစ်ခြင်းကြောင့် သေဋ္ဌဇေဋ္ဌဖြစ်၍ အလွန်လျှင် မြတ်၏။ ထို့ကြောင့် "**တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ**"ဟု ဟောတော်မူသည်။

ထိုဒေသနာတော်၏ အဆုံး၌ ၈၄,၀၀၀-ကုန်သော သတ္တဝါအပေါင်းတို့သည် သစ္စာ ၄-ပါးကို ထိုးထွင်း၍ သိသဖြင့် အကျွတ်တရားကို ရကြလေကုန်၏။ သိကြားမင်းသည်လည်း ဘုရားသခင်၏ တရားဒေသနာတော်ကို ကြားနာရ၍ အလွန်ရှိသေစွာ ရှိခိုးလျက် "ဘုန်း တော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဤသို့ပင် ဓမ္မဒါနသည် အကျိုးကြီးသည် ဖြစ်လျက် ဓမ္မဒါနကို ပြုရာ၌ အဘယ့်ကြောင့် အကျွန်ုပ်တို့အား ထိုဓမ္မဒါနအဖို့ကို မဝေဘဲ နေကုန်ဘိသနည်း။ ဤနေ့ကို အစပြု၍ ရဟန်းသံဃာတို့ ဓမ္မဒါနကို ပြုပြီးသော ကောင်းမှု အဖို့ကို ဝေပါစေကုန်"ဟု နားတော်လျှောက်၏။ သိကြားမင်း လျှောက်ထားသည်ကို အကြောင်းပြု၍ ဘုရားသခင်လည်း ရဟန်းသံဃာတော်တို့ကို စည်းဝေးစေ၍ "ငါ၏ချစ်သား ရဟန်းများတို့၊ ယနေ့ကို အစပြု၍ ဓမ္မဒါနကို ပြုသည်ရှိသော် အလုံးစုံသော သတ္တဝါတို့အား ထိုဓမ္မဒါနအဖို့ကို ပေးဝေကြလေကုန်"ဟု မိန့်တော်မူ၏။

ထို့ကြောင့် ယခုအခါ အကြင်ပညာရှိ သူတော်ကောင်းအပေါင်းတို့သည် အလုံးစုံသော အလှူမျိုးတို့ထက် တရားတည်းဟူသော အလှူသည်သာလျှင် မြတ်သောကြောင့် တရားကို သင်ခြင်း, နာခြင်း, ဆွေးနွေးမေးမြန်းခြင်း, သူတပါးတို့အား ဟောပြောပြသဆုံးမခြင်းတည်းဟူသော ဓမ္မဒါနကို အားထုတ်ကုန်ရာသည်။ အလုံးစုံသော အရသာမျိုးထက် ဓမ္မရသသည်သာလျှင် သာလွန်သောကြောင့် ဓမ္မရသကို ခံစားရခြင်းအကျိုးငှာ အားထုတ်ကုန်ရာသည်။ အလုံးစုံသော မွေ့လျော်ခြင်းတို့ထက် တရားဖြင့် မွေ့လျော်ခြင်းသည်သာလျှင် သာလွန်သောကြောင့် တရားကို အမှီပြု၍ ပီတိ,ပါမောဇ္ဇဖြစ်အောင် အားထုတ်ကုန်ရာသည်။ တဏှာ,လောဘ, ရာဂ၏ ကုန်ခြင်းသည် အလုံးစုံသော ဒုက္ခကို ကုန်စေတတ်သောကြောင့် တဏှာ,လောဘ, ရာဂတရားတို့ကို ကုန်စေခြင်းငှာ အားထုတ်ကုန်ရာသည်။ ဤသည်ကား သုတ္တန်ဒေသနာတော်ဖြစ်သည်။ (ဓမ္မပဒပါဠိတော် နှာ-၆၄၊ ၎င်းအဋ္ဌကထာ။၂။၃၅၂-၃)

★★★★★★★

## [၄] အပုတ္တကသူဌေးတရား

အလုံးစုံသောတရားအပေါင်းတို့ကို သိတော်မူပြီးသော မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်, ဝိနည်း, အဘိဓမ္မာ-ဟူ၍ ၃-ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင် သုတ္တန်နည်းအားဖြင့် ဟောတော်မူလိုသည်ဖြစ်၍—

**ဟနန္တိ ဘောဂါ ဒုမ္မေဓံ၊ နော စ ပါရဂဝေသိနော။**
**ဘောဂတဏှာယ ဒုမ္မေဓော၊ ဟန္တိ အညေဝ အတ္တနံ။ ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်ကို အဘယ်အရပ်၌ာနန္ဒ ဟောတော်မူလေသနည်းဟူမူကား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ ဟောတော်မူလေသည်။ အဘယ်သူကို အကြောင်းပြု၍ ဟောတော်မူလေသနည်းဟူမူကား သားမရှိသော အပုတ္တကသူဌေးကို အကြောင်းပြု၍ ဟောတော်မူသည်။ ထိုအပုတ္တကသူဌေး၏ သေကြောင်းကို ကြား၍ ပသေနဒီကောသလမင်းကြီးသည် "သားမရှိသောသူ၏ သက်ရှိ,သက်မဲ့ဥစ္စာအပေါင်းသည် အဘယ်သူအားရောက်ကုန်သနည်း"ဟု မှူးမတ်တို့အား မေးသည်ရှိသော် "မင်းအား ရောက်၏"ဟူသောစကားကို ကြား၍ ၇-ရက်တို့ပတ်လုံး ထိုသူဌေးအိမ်မှ ရွှေ,ငွေ,ဥစ္စာ, ဘဏ္ဍာတို့ကို မင်းအိမ်တော်သို့ ဆောင်စေပြီး၍ ပသေနဒီကောသလမင်းကြီးသည် ဘုရားသခင်အထံတော်သို့ သွားလေ၍ တင့်အပ်လျောက်ပတ်သောအရပ်၌ ၅-ပါးသော ရှိခိုးခြင်းတို့ဖြင့် ရိုသေစွာ

ရှိခိုး၍ နေလေ၏။ "မြတ်သောမင်းကြီး၊ အဘယ်အရပ်မှ လာခဲ့သနည်း"ဟု အမေးတော်ရှိသည်။

ထိုအခါ မင်းကြီးလည်း "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဤသာဝတ္ထိပြည်၌ သားမရှိသော အပုတ္တကသူဌေး သေလွန်ရာ မင်းအားထိုက်သော ရွှေ,ငွေ, ဥစ္စာ,ဘဏ္ဍာတို့ကို သိမ်းဆည်း၍ လာခဲ့ပါ၏။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ ဤသူဌေးကြီးအား ပကတေ့အတိုင်း ထားအပ်သော ရွှေ,ငွေ,အသပြာတို့သည် အသိန်းအရာမက များလှစွာ၏။ ရွှေချောင်း, ငွေချောင်း, ရွှေလိပ်ရုပ်, ငွေလိပ်ရုပ်, ကြေးနီ, ကြေးမဲမှစ၍ ထားအပ်သော ရွှေ,ငွေ, ရွှေခွက်, ငွေခွက်-အစရှိသော ရတနာမျိုးတို့ကား ဆိုဖွယ်ရာမရှိ၊ အလွန်လျှင် များပါ၏။

ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဤသူဌေးကြီးသည် ရွှေလင်ပန်းဖြင့် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို သုံးဆောင်စိမ့်သောငှာ ကျွန်အမှုလုပ်တို့သည် ယူဆောင်၍ လာသည်ရှိသော် ဥစ္စာပျက်စီးအံ့သည်မှ ကြောက်သောကြောင့် အလွန်ပင်ပန်းခြင်းရှိသည်ဖြစ်၍ ထိုသူအား ခြိမ်းခြောက်မောင်းမဲ၍ ပြေးစေပြီးမှ ပအုန်းရည်လျှင် ၂-ခွက်မြောက်သော ဆန်ကွဲထမင်းကိုသာ သုံးဆောင်ပါသည်။ သိမ်မွေ့နူးညံ့ မွန်မြတ်လှစွာသော ကာသိတိုင်း, ကောဋုမ္ဗရာဇ်တိုင်းမှဖြစ်သော ပုဆိုးတို့ကို ဝတ်ရုံသုံးဆောင်စိမ့်သောငှာ ယူဆောင်ခဲ့သည်ရှိသော် ထိုသူတို့ကို ခြိမ်းခြောက်ပြေးစေ၍ အစုတ်အစုတ်အပြတ်ပြတ် ချုပ်စပ်အပ်သော ပိုက်ဆံလျှော်ဖြင့် ပြီးသော ပုဆိုးတို့ကိုသာ ဝတ်ဆင်၏။

မွန်မြတ်သော ယာဉ်,သန်လျင်း,ဆင်,မြင်း,ရထားတို့ကို ယူဆောင်ခဲ့သည်ရှိသော် ထိုသူတို့ကို ခြိမ်းခြောက်ပြေးစေ၍ ဆွေးရိဆိုးဝါးသော ယာဉ်,သန်လျင်း, ဆင်,မြင်း,ရထားဖြင့်သာ သွားလေ့ရှိ၏။ ကောင်းမြတ်တင့်တယ်သော ထီးကို ဆောင်းစိမ့်သောငှာ ယူဆောင်၍ လာသည်ရှိသော် ထိုသူတို့ကို ခြိမ်းခြောက်ပြေးစေ၍ ဟောင်းနွမ်းဆိုးရွားသော ထန်းရွက်ဖြင့် ပြီးသော ထီးကိုသာ ဆောင်းလျက် သွားလေ၏။

ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ထိုသူဌေးကြီးအား များစွာသော ဥစ္စာနှစ်နှင့် ပြည့်စုံသော သူဌေး၏အဖြစ်ကို အဘယ်အကြောင်းကြောင့် ရပေသနည်း? မွန်မြတ်သော ခဲဖွယ်,ဘောဇဉ်,အသုံးအဆောင်, အဝတ်ပုဆိုးတို့ကို သုံးဆောင်ခြင်းငှာ စိတ်မညွတ်သည်ဖြစ်၍ ဆိုးရွားဟောင်းနွမ်း ယုတ်ကြမ်းစုတ်ပြတ် အစပ်အဖာ ယာဉ်,သန်လျင်း, ဆင်,မြင်း,ရထား, အစား,အဝတ်တို့ကိုသာ သုံးဆောင်ရခြင်းသည် အဘယ်အကြောင်းကြောင့် ဖြစ်လေသနည်း။ အဘယ်အကြောင်းကြောင့် အမွေခံသား,သမီးမှ ကင်းလေသနည်းဘုရား" ဟူ၍ လျှောက်ထားသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် "မြတ်သောမင်းကြီး၊ ရှေး၌ ဖြစ်ဖူးလေသည်ကို ဟောတော်မူပေအံ့"ဟု မိန့်တော်မူပြီး၍–

"ရှေးလွန်လေပြီးသောအခါ ပဒုမဝတီမိဖုရားကြီး၏သားဖြစ်သော တဂ္ဂရသိခီပစ္စေကဗုဒ္ဓါအား မွန်မြတ်သော ဆွမ်းကို လှူဖူးသော ကောင်းမှုကြောင့် ရွှေ,ငွေ-အစရှိသော များလှစွာသော ရတနာမျိုး, များလှစွာသော အသုံးအဆောင်တို့နှင့် ပြည့်စုံသော သူဌေးစည်းစိမ်ကို ရ၏။ ထိုအရှင်ပစ္စေကဗုဒ္ဓါအား ပေးလှူပြီး၍ နှမြောစုံမက်ခြင်း, နှလုံးမသာယာခြင်း, နောင်တတဖန် ပူပန်ခြင်းရှိသောကြောင့် ပြည့်စုံသော ဥစ္စာပစ္စည်း အသုံးအဆောင်မျိုးတို့ကို သုံးဆောင်ခြင်းငှာ စိတ်သည် မညွတ်။ ထိုအခါ အစ်ကို၏ သားငယ်ကို ဥစ္စာနှစ်ကို အမှီပြု၍ သတ်ဖြတ်ခြင်း-ဟူသော အကြောင်းကြောင့် အမွေခံသား,သမီးမှ ကင်း၏"ဟု အကျဉ်းအားဖြင့် ဟောတော်မူပြီး၍ အကျယ်အားဖြင့် ဟောတော်မူသည်။

အဘယ်သို့ ဟောတော်မူသနည်းဟူမူကား "ရှေးလွန်လေပြီးသောအခါ ထိုသူဌေးကြီးသည် နေ့တိုင်း,နေ့တိုင်း တဂ္ဂရသိခီအရှင်ပစ္စေကဗုဒ္ဓါကို မြင်၍ ပေးလှူလိုသောစိတ်မျှ မဖြစ်။ တနေ့သ၌ ထိုအရှင်ပစ္စေကဗုဒ္ဓါသည် ဂန္ဓမာဒနတောင်၌ နေ့အဖို့ကို ဖလသမာပတ်ဖြင့် လွန်စေ၍ မိုးသောက်ထအခါ၌ အနောတတ်အိုင်၌ မျက်နှာသစ်တော်မူ၍ ဆေးဒန်း,မြင်းသီလာ ကျောက်ဖြာအပြင်၌ သင်္ကန်း,သင်းပိုင်တို့ကို ပြင်ဝတ်တော်မူ၍ တန်ခိုးအဘိညာဉ်တို့ကို ဝင်စားပြီး၍ ကောင်းကင်ခရီးဖြင့် ကြွတော်မူလာပြီးသော် မြို့တံခါး၏အနီး၌ သင်္ကန်းကို ရုံတော်မူ၍ မြို့နေ လူအပေါင်းတို့၏ ကြည်ညိုဖွယ်ကို ရွက်ဆောင်တတ်သော အသွင်အပြင်ဖြင့် ကြွတော်မူလတ်သော် အစဉ်အတိုင်း သူဌေးကြီးအိမ်သို့ ရောက်လေ၏။

ထိုအခါ သူဌေးကြီးသည်လည်း မွန်မြတ်သော ခဲဖွယ်,ဘောဇဉ် အစာအာဟာရကို သုံးဆောင်၍ အိမ်တံခါးမုခ်၌ ခင်းအပ်သောနေရာ၌ နေလေသော် အရှင်ပစ္စေကဗုဒ္ဓါကို မြင်၍ လှူလိုသောစိတ်ဖြစ်သဖြင့် သူဌေးမကို ခေါ်ပြီးသော် "ဤရဟန်းအား ဆွမ်းလှူဘိ"ဟု ဆို၍ မင်းအိမ်သို့ သွားလေ၏။ သူဌေးမသည်လည်း "ငါသည် ဤမျှလောက်သော ကာလပတ်လုံး 'ဤသူအား ပေးလော့'-ဟူသော စကားကိုမျှ မကြားစဖူး။ ယနေ့မူကား 'မြတ်လှစွာသော အရှင်ပစ္စေကဗုဒ္ဓါသခင်အား လှူလော့'-ဟု ဆိုသော စကားကို ကြားရပေ၏"ဟု အလွန်မွန်မြတ်သော ခဲဖွယ်,ဘောဇဉ်တို့ကို စီရင်၍ ရိုသေစွာ ရှိခိုး၍ အိမ်တွင်းသို့ ပင့်ဆောင်၍ ခင်းထားအပ်သော လျောက်ပတ်သောနေရာ၌ နေစေပြီးသော် သပိတ်တော်ကို နံ့သာတို့ဖြင့် တန်ဆာဆင်၍ အရှင်ပစ္စေကဗုဒ္ဓါအား လှူလေ၏။ အရှင်ပစ္စေကဗုဒ္ဓါသည်လည်း တပါးသော ပစ္စေကဗုဒ္ဓါတို့အား ချီးမြှင့်လိုသည်ဖြစ်၍ မဘုဉ်းပေးဘဲ ဂန္ဓမာဒနတောင်သို့ ကြွတော်မူလေ၏။

ထိုသူဌေးကြီးသည်လည်း မင်းအိမ်တော်မှ ပြန်ခဲ့သည်ရှိသော် ခရီးအကြား၌ ပစ္စေ-ကဗုဒ္ဓါကိုလည်း တွေ့ပြန်၍ "ဆွမ်းရခဲ့ပါ၏လော"ဟု မေး၏။ "ရကြောင်း"ကို ပြန်ကြားလေသော် လည်ကို မော်၍ ကြည့်၏။ ထိုအခါ ဆွမ်း၏အနံ့သည် လှိုင်လာ၏။ သူဌေးကြီးကား ဝမ်းမြောက်ခြင်း မရှိမူ၍ "ငါ၏ လုပ်သားကျေးကျွန်တို့ကို စားစေရသည်ရှိသော် အမှုကိစ္စတို့ကို လွန်စွာအားထုတ်၍ လုပ်ဆောင်ရာ၏။ ဤရဟန်းမူကား ဤမွန်မြတ်လှစွာသော ခဲဖွယ်,ဘောဇဉ်ကို စားပြီးသော် အိပ်၍သာ နေရာသည်တကား"ဟု နှမြောစုံမက်ခြင်းနှင့် တကွ နှလုံးမသာမယာခြင်းသည် ဖြစ်လေ၏။

ဤကောင်းမှုကြောင့် သူဌေးကြီးသည် နတ်ပြည်၌ ၇-ကြိမ် နတ်တို့၏စည်းစိမ်ကို ခံစားရ၏။ ဤသာဝတ္ထိပြည်၌ သူဌေးကြီးစည်းစိမ်ကို ၇-ကြိမ် ခံစားရ၏။ ဤဘဝ၌ ရှေးအဟောင်းဖြစ်သော ကုသိုလ်ကံသည်လည်း ကုန်လေပြီ။ အသစ်ဖြစ်သော အလှူဒါနကောင်းမှုကို ပြုခြင်း မရှိရကား နောင်အခါ၌ ဖြစ်လတ္တံ့သော လူချမ်းသာ, နတ်ချမ်းသာတို့မှ ကင်းလေ၏။

ထိုအရှင်ပစ္စေကဗုဒ္ဓါကို ဆွမ်းလှူသော ဘဝ၌ပင်လျှင် ဥစ္စာဘဏ္ဍာတို့ကို မခွဲမဝေမီ အမိ,အဘတို့ သေလွန်လေသော် အစ်ကို၏ မိန်းမနှင့် အညီအညွတ် အိမ်ရာသင့်ခြင်းကို ပြု၏။ ထိုအစ်ကို၏ တစ်ယောက်သော သားငယ်သည် ရှိ၏။ ထိုသူငယ်သည် "ဤဥစ္စာကား ငါ၏ဥစ္စာ၊ ဤကျွန်, ဤယာဉ်, ဤလယ်ယာ, ကိုင်းကျွန်း-အစရှိသော အလုံးစုံသော ဥစ္စာဘဏ္ဍာတို့ကား ငါ၏ဥစ္စာချည်း"ဟု ဆိုလေ၏။

ထိုစကားကို သူဌေးကြီးကြား၍ "ဤသူငယ်ကား ယခုကပင် ဤသို့ သဘောရှိသော စကားကို ဆိုသည်ရှိသော် ကြီးမြင့်သောအရွယ်သို့ ရောက်သောအခါ ငါ၏ဥစ္စာနှစ်ကို ခွဲဝေလတ္တံ့"ဟု တောအရပ်သို့ လှည့်ပတ်ယူဆောင်၍ သတ်ဖြတ်လေ၏။ ထိုမကောင်းမှုကံကြောင့် များစွာသော နှစ်အရာ, နှစ်အထောင်, နှစ်အသောင်း, နှစ်အသိန်းတို့ပတ်လုံး ငရဲ၌ ခံရလေ၏။ ထိုမကောင်းမှုကံအကျိုးကြွင်းဖြင့် သူဌေးစည်းစိမ်ကို ရပါငြားသော်လည်း အမွေခံသား,သမီးမှ ကင်းလေ၏။ ဤဘဝမှ စုတေသည်၏အခြားမဲ့၌ ရောရုဝငရဲကြီး၌ ဖြစ်လေပြီ"ဟု ဟောတော်မူပြီး၍ "ဟနန္တိ ဘောဂါ ဒုမ္မေဓံ"အစရှိသော ဓမ္မပဒလာ ဂါထာဒေသနာတော်ကို ဟောတော်မူသည်။

ထိုဒေသနာတော်၏အဆုံး၌ များစွာကုန်သော သတ္တဝါအပေါင်းတို့သည် သောတာ-ပတ္တိဖိုလ်-အစရှိသော လောကုတ္တရာတရားကို ရကြလေကုန်သည်။ ထိုဒေသနာတော်ကို ကြားရ၍ ပသေနဒိကောသလမင်းကြီးသည်—

**"အဟော ဘန္တေ ဘာရိယံ ကမ္မံ၊ ဧတ္တကေ နာမ ဘောဂေ ဝိဇ္ဇမာနေ နေဝ အတ္တနာ ပရိဘုဥ္ဇိ၊ န တုမှာဒိသေ ဗုဒ္ဓေ ဓုရဝိဟာရန္တေ (ဓုရဝိဟာရေ ဝိဟရန္တေ) ပုညကမ္မံ အကာသိ"တိ။ — (ဓမ္မ၊ဋ္ဌ၊၂။၃၅၅)ဟူသော စကားကို လျှောက်ထားလေ၏။**

"ဘန္တေ၊ ရှင်ဘုန်းတော်ရှင်။ ဘာရိယံ၊ ဝန်လေးစွာထသော။ ကမ္မံ၊ အကုသိုလ်ကံသည်။ အဟော၊ အံ့ဖွယ်ရှိပေစွတကား။ ဧတ္တကေ နာမ ဘောဂေ၊ ဤမျှလောက် များသော ဥစ္စာသည်။ ဝိဇ္ဇမာနေ၊ ထင်ရှားရှိလျက်။ အတ္တနာ၊ မိမိသည်။ နေဝ ပရိဘုဥ္ဇိ၊ မသုံးဆောင်ရ။ တုမှာဒိသေ၊ ကိုယ်တော်သခင်တို့ကဲ့သို့ သဘောရှိသော။ ဗုဒ္ဓေ၊ အလျှုခံပုဂ္ဂိုလ်မြတ်ဖြစ်သော ဘုရားရှင်သည်။ ဓုရဝိဟာရန္တေ၊ အနီး(ကျောင်း)၌ သီတင်းသုံး၍ နေတော်မူပါလျက်။ ပုညကမ္မံ၊ ကောင်းမှုကံကို။ န အကာသိ၊ မပြု။" က္တတိ၊ ဤသို့။ အာဟ၊ နားတော်လျှောက်၏။

"မဟာရာဇ မင်းမြတ်။ ဘောဂါ စ၊ စည်းစိမ်တို့သည်လည်း။ ဒုမ္မေဓံ၊ ပညာမရှိသော သူကို။ ဟနန္တိ၊ ဖျက်ဆီးကုန်၏။ ယေ၊ အကြင်ပညာရှိ သူတော်ကောင်းတို့သည်။ ပါရဂဝေသိနော၊ နိဗ္ဗာန်ကို ရှာလေ့ရှိကုန်၏။ တေ၊ ထိုပညာရှိသူတော်ကောင်းတို့ကို။ ဘောဂါ၊ စည်းစိမ်ဥစ္စာတို့သည်။ နော ဟနန္တိ၊ မဖျက်ဆီးနိုင်ကုန်။ ဘောဂတဏှာယ၊ စည်းစိမ်ဥစ္စာကို မှီ၍ဖြစ်သော တဏှာဖြင့်။ ဒုမ္မေဓော၊ ပညာမရှိသောသူသည်။ အတ္တာနံ၊ ကိုယ်ကို။ အညေဝ၊ မိမိရန်သူဖြစ်သောသူတို့ကဲ့သို့။ ဟန္တိ ဟနတိ၊ ဖျက်ဆီးလေ၏။ ဝါ၊ သတ်လေ၏။" က္တတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "မြတ်သောမင်းကြီး၊ စည်းစိမ်ဥစ္စာတို့မည်သည်ကား ပညာမရှိသောသူကို သတ်ဖြတ်ဖျက်ဆီးတတ်၏။ နိဗ္ဗာန်ကို ရှာလေ့ရှိကုန်သော ပညာရှိသူတော်ကောင်းတို့ကိုမူကား စည်းစိမ်ဥစ္စာတို့သည် သတ်ဖြတ်ဖျက်ဆီးခြင်းငှာ မတတ်နိုင်ကုန်။ စည်းစိမ်ဥစ္စာကို မှီ၍ဖြစ်သော တဏှာ,လောဘ,ရာဂဖြင့် ပညာမရှိသောသူသည် မိမိ၏ ရန်သူဖြစ်သောသူတို့ကဲ့သို့ မိမိကိုယ်ကို သတ်ဖြတ်ဖျက်ဆီးတတ်၏"။

အဘယ်သို့ သတ်ဖြတ်ဖျက်ဆီးတတ်သနည်းဟူမူကား ဥစ္စာကို အမှီပြု၍ သူတပါးတို့အား အမျက်ထွက်ခြင်း, စောင်းမြောင်းခြင်း, မာန်မူခြင်း, ချုပ်ချယ်ခြင်း-အစရှိသော အကုသိုလ် ပါဏာတိပါတ်, အဒိန္နာဒါန်-အစရှိသော များစွာသော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏။ ထိုအကုသိုလ်တရားတို့၏ ဖြစ်ခြင်းကြောင့် ငရဲဘုံ, တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံ, အသုရကာယ်ဘုံတည်းဟူသော အပါယ် ၄-ဘုံသို့ ရောက်၍ ကြီးမားစွာသော ဒုက္ခဝေဒနာကို ခံရကုန်၏။ လူချမ်းသာ, နတ်ချမ်းသာ, မဂ်,ဖိုလ်,နိဗ္ဗာန်ချမ်းသာတို့ကို မရမူ၍ များစွာသော အဟိတ အနတ္ထ အကျိုးစီးပွါးမဲ့တို့ကိုသာ ရ၍ ပျက်စီးခြင်းသို့ ရောက်လေကုန်၏။

ထိုဥစ္စာပစ္စည်းတို့နှင့် ပြည့်စုံခြင်း-ဟူသော အကြောင်းကြောင့် မိမိလည်း အကျိုးမရှိ, သူတပါးလည်း အကျိုးမရှိ။ အဘယ်သို့ အကျိုးမရှိသနည်းဟူမူကား အုန်းသီးကို ရသော မြေခွေးကဲ့သို့လည်းကောင်း, ပတ္တမြားတုံးကိုရသော မျောက်ကဲ့သို့လည်းကောင်း, ရွှေကိုရသော သမင်ကဲ့သို့လည်းကောင်း, ရွှေတောင်၏အနီး၌နေသော ဝက်ကဲ့သို့လည်းကောင်း, ရွှေတောင်၏အပေါ်၌ နားသော ခင်ပုပ်,ချိုးငှက်ကဲ့သို့လည်းကောင်း လူမိုက်အား စည်းစိမ်ဥစ္စာ ပြည့်စုံခြင်းကြောင့် မိမိမှာ အကျိုးမရှိ ဘီးလူးစောင့်သော ရေကန်ကဲ့သို့, နတ်ဘီလူးတို့ သိမ်းဆည်းအပ်သော ရွှေအိုး, ငွေအိုးကဲ့သို့ သူတပါးတို့မှာလည်း အကျိုးမရှိ။

စင်စစ်အားဖြင့်ကား လူမိုက်တို့၏ ရွှေ,ငွေ-အစရှိသော အသုံးအဆောင်မျိုးတို့နှင့် ပြည့်စုံခြင်းသည် ဟိမဝန္တာတော၌ ပင်လုံးကျွတ် အသီးနှင့်ပြည့်စုံသော ညောင်ကြတ်ပင်သို့ ရောက်သော မယုကမည်သော ငှက်ကဲ့သို့ မိမိပင်ပန်းခြင်း၏အကြောင်းလည်း ဖြစ်၏။ ဥစ္စာကို အမှီပြု၍ သူတပါးတို့အား ဥစ္စာဖြင့် နှိပ်စက်ညှဉ်းဆဲ ဖျက်ဆီးသောအခါ သူတပါးတို့ ပင်ပန်းခြင်းအကြောင်းလည်း ဖြစ်၏။

အဘယ်သို့ မယုကငှက်ကဲ့သို့ ဥစ္စာပစ္စည်းကို အမှီပြု၍ မိမိကိုယ်,စိတ်ပင်ပန်းခြင်း အကြောင်း ဖြစ်လေသနည်းဟူမူကား ဟိမဝန္တာတော၌ ပင်လုံးကျွတ် အသီးကို ဆောင်သော ညောင်ကြတ်ပင်သည် ရှိ၏။ ထိုညောင်ကြတ်ပင်သို့ တစ်ခုသော မယုကမည်သော ငှက်သည် ရောက်လေရာ၏။ ထိုမယုကမည်သော ငှက်သည် အဆင်း,အနံ့,အရသာနှင့် ပြည့်စုံသော ညောင်ကြတ်သီးကို ဝစွာ သုံးဆောင်စားသောက်ရပါမည်ကို မစားရက်,မသုံးဆောင်ရက်မူ၍ "ဤအကိုင်းလည်း ငါ၏အကိုင်း, ဤအရွက်လည်း ငါ၏အရွက်, ဤအသီးလည်း ငါ၏အသီး"ဟု ပြင်းပြစွာ တဏှာ,လောဘ,ရာဂတရားတို့ဖြင့် စွဲလမ်း၍နေစဉ် များစွာသော ငှက်အပေါင်းတို့သည် ဝိုင်းဝန်း၍ လာကုန်ပြီးသော် အသီး,အရွက်အပေါင်းတို့ကို အကုန်အစင် စားသောက်၍ ပြန်ကြလေကုန်၏။

ထိုအခါ မယုကမည်သော ငှက်သည် "ငါ၏ဥစ္စာဖြစ်သော အရွက်,အသီးတို့ကို ငှက်အပေါင်းတို့သည် သုံးဆောင်စားသောက်၍ ကုန်လေဘိသည်"ဟု စိုးရိမ်ပင်ပန်း ငိုမြည်တမ်းခြင်း-ဟူသော သောက,ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ဖြင့် နှိပ်စက်အပ်သည် ဖြစ်၍ သေသော်လည်း သေရာ၏။ သေလောက်ရုံမျှသော ဘေးကိုသော်လည်း တွေ့ရာ၏။ ထို့အတူ ဤလူ့ပြည်၌ သမင်, ခွေး, ဝက်, ကျီးငှက်မက မိုက်လှစွာသော လူတို့သည် စပါး, ဆန်,ရေ ရွှေ,ငွေ,ဥစ္စာ လယ်ယာ,ကိုင်းကျွန်း နွား,ကျွဲ,ဆင်,မြင်း ကျွန်သင်းပင်း-အစရှိသော သက်ရှိ,သက်မဲ့ ဥပဘောဂ, ပရိဘောဂ ဥစ္စာဘဏ္ဍာမျိုးတို့နှင့် ပြည့်စုံလေရာ၏။

ထိုမိုက်လှစွာသော လူတို့အား ဥစ္စာဘဏ္ဍာတို့ကို အမှီပြု၍ ဒါန, သီလ-အစရှိသော ကုသိုလ်တရားတို့ကို အားမထုတ်မူ၍ "ဤရွှေလည်း ငါ၏ရွှေဖြစ်သည်၊ ဤငွေလည်း ငါ၏ ငွေဖြစ်သည်၊ ဤလယ်,ယာ, နွား,ကျွဲ,ဆင်,မြင်း, ကျွန်သင်းပင်း-အစရှိသော ဥစ္စာဘဏ္ဍာမျိုးတို့သည်လည်း ငါ၏ဥစ္စာဘဏ္ဍာဖြစ်သည်"ဟု ပြင်းပြစွာ တဏှာ,လောဘ, ရာဂတရားတို့ဖြင့် စွဲလမ်း၏။

မင်း, ခိုးသူ, ရေ, မီး, မချစ်မနှစ်လိုသောသူတည်းဟူသော ရန်သူမျိုး ၅-ပါးတို့သည် အကုန်အစင် နှိပ်စက်ဖျက်ဆီး၍ ယူလတ်သော် အလွန်လျှင် ရင်တီးလက်ခတ် စိုးရိမ်ပင်ပန်း ငိုမြည်တမ်းခြင်း-ဟု ဆိုအပ်သော သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ သေသော်လည်း သေရာ၏။ သေလောက်ရုံမျှသော ဘေးကိုသော်လည်း တွေ့ရာ၏။ ထို့ကြောင့် ဟိမဝန္တာတော၌ ညောင်ကြွတ်ပင်ထက် မယုကငှက်နှင့် တူသည်-ဟု မှတ်ရာ၏။

'မယှံ မယှံ ကန္ဒတီတိ မယှကော။' ယော သကုဏော၊ အကြင်ငှက်သည်။ မယှံ မယှံ၊ 'ငါ၏ဥစ္စာ, ငါ၏ဥစ္စာ'-ဟု။ ကန္ဒတိ၊ မြည်တွန်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော သကုဏော၊ ထိုငှက်သည်။ မယှကော၊ မယှက မည်၏။

ထို့ကြောင့် ယခုအခါ ပညာရှိသူတော်ကောင်းတို့သည် ရှေးရှေးသောဘဝက ပေးချလာအပ်ပြီးသော ကုသိုလ်ကံသည် မဖောက်မပြန် အကျိုးပေးခြင်းကြောင့် လူ,နတ်တို့သည် အလေးအမြတ်ပြုအပ်သော ရွှေ,ငွေ,ဥစ္စာ,ဘဏ္ဍာတို့နှင့် ပြည့်စုံသည်ဖြစ်အံ့၊ ထိုဥစ္စာတို့ကို အမှီပြု၍ ကျေးဇူးချေခြင်း, မာန်မူခြင်း, မထီမဲ့မြင်ပြုခြင်း, လှည့်ပတ်ခြင်း, အပြိုင်ပြုခြင်း, သူ့အသက်ကို သတ်ခြင်း, သူ့ဥစ္စာကို ခိုးခြင်း, သူ့သားအိမ်ရာကို ပြစ်မှားခြင်း-အစရှိသော အကုသိုလ်ဒုစရိုက်တို့မှ ကြဉ်ရှောင်၍ မိမိ,သူတပါး ၂-ပါးစုံ အကျိုးစီးပွါးရှိစေခြင်းငှာ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းချီးမြှင့်ခြင်း, မဂ်,ဖိုလ်ကို ရခြင်းအကြောင်း ကောင်းသော ဒါန,သီလ, သမထ, ဝိပဿနာ ဘာဝနာတရားတို့ကို လွန်စွာလွန်စွာ အားထုတ်ကုန်ရာသည်။ ဤသည်ကား သုတ္တန်ဒေသနာတော်မြတ်တည်း။

**အဘိဓမ္မာဒေသနာနည်းအားဖြင့် ဟောတော်မူလိုသော ဘုရားသခင်သည်—**

> **ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော၊ ကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ မဂ္ဂပစ္စယေန ပစ္စယော။ —**

အစရှိသည်ဖြင့် ဟောတော်မူသည်။ ဤသို့လျှင် အလွန်တရာ ကြားနာရခဲလှစွာသော သုတ္တန်ဒေသနာ, အဘိဓမ္မာဒေသနာတော်မြတ်ကို နာခံရခြင်းတည်းဟူသော ဓမ္မဿဝန-

ကုသိုလ်ကံစေတနာ၊ ၃-ပါးသော သရဏဂုံ, ၅-ပါးသော သီလတို့ကို ကျင့်ဆောက်တည်ရခြင်းတည်းဟူသော သီလကုသိုလ်ကံစေတနာ၊ ပေးလှူပူဇော်ကြောင်းဖြစ်သော ဒါနကုသိုလ်ကံစေတနာအပေါင်းတို့ကြောင့် ၁၁-ပါးသော မီးတို့၏ ကင်းရာ,ကုန်ရာ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည် ရှိ၏။ ထိုနိဗ္ဗာန်ကို ရလွယ်ပါလိုသော-ဟု ဆုတောင်းကြကုန်။ (ဓမ္မပဒပါဠိတော်၊ နှာ-၆၄။ ဂုင်းအဋ္ဌကထာ ၂။၃၅၃-၄။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၉၂-၃)

★★★★★★★

## [ ၅ ] သံဃိကကျောင်းလှူတရား

**“ဝေနေယျာနံ ဟိတသုခံ** *(နာထတိ)* **အာသိသတိ ပတ္ထေတီတိ နာထော”**ဟူသော ဝိဂြိုဟ်ဝစနတ်ပါဠိ လာသည်နှင့်လျော်ညီစွာ ဝေနေယျသတ္တဝါအပေါင်းတို့၏ ကောင်းကျိုးစီးပွါးကို တောင့်တရှာမှီးတော်မူတတ်သော သတ္တိကြောင့် **နာထ**-ဟူသော အမည်နာမ ဝိသေသထူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် တရံရောအခါ ရာဇဂြိုဟ်ပြည်ကြီးကို ဆွမ်းခံရွာအမှီပြု၍ **ဝေဠုဝန်ကျောင်းတော်**၌ သီတင်းသုံး၍ နေတော်မူသည်။ ထိုသို့နေတော်မူသောအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား နေရာကျောင်းကို ခွင့်ပြုတော်မမူသေး။

ထိုအခါ ရဟန်းတို့သည် တော, သစ်ပင်ရင်း, တောင်ခေါင်း, သုသာန်, တောအုပ်, လွင်တီးပြင်, ကောက်ရိုးအုံ-အစရှိသော အရပ်တို့၌ နေကုန်၍ ကြည်ညိုဖွယ်ကို ရွက်ဆောင်တတ်သော ဣရိယာပုထ်ဖြင့် မိမိတို့၏ နေရာအရပ်မှ ထွက်၍ အသီးအသီး လာလတ်သည်တို့ကို ရာဇဂြိုဟ်သူဌေးကြီးသည်မြင်၍ ကြည်ညိုသောစိတ်ရှိသည်ဖြစ်သောကြောင့် ထိုရဟန်းတို့ ရှိရာအရပ်သို့ ချဉ်းကပ်လေ၍ “အရှင်ဘုရားတို့အား ကျောင်းကို ဆောက်လုပ်ပါကုန်အံ့။ အကျွန်ုပ်၏ကျောင်း၌ နေပါကုန်အံ့လော”ဟု လျှောက်ထားလေ၏။

ထိုအခါ ရဟန်းတို့သည် “ဒါယကာသူဌေးကြီး၊ မြတ်စွာဘုရားအား မလျှောက်ထားရသေး”ဟု ဆိုကုန်လေသော် “အကြင်အခါ၌ မြတ်စွာဘုရားကို လျှောက်ထားရ၏။ ထိုအခါအကြောင်းကို ကြားပါကုန်”ဟု လျှောက်ထားလေ၏။ ရဟန်းတို့သည်လည်း မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထား၍ ၅-ပါးသော နေရာကျောင်းတို့ကို ဘုရားခွင့်ပြုတော်မူလေသော် သူဌေးကြီးအား အကြောင်းကို ကြားပေ၏။

သူဌေးကြီးသည်လည်း အဆောင် ၆၀-သော ကျောင်းတို့ကို ၁-ရက်ချင်းဖြင့်သာလျှင် အပြီးအဆုံးသို့ ရောက်အောင် ဆောက်လုပ်စီရင်စေ၍ ဘုရားသခင်အထံတော်သို့

ချဉ်းကပ်လေ၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေပြီးသော် "ဘုန်းတော်အလွန်ကြီး မြတ်တော်မူလှသော မြတ်စွာဘုရား၊ နက်ဖြန် ကောင်းမှုအကျိုးငှာ အကျွန်ုပ်၏ဆွမ်းကို ရဟန်းသံဃာနှင့်တကွ ခံတော်မူပါ"ဟု နားတော်လျှောက်၏။

မြတ်စွာဘုရားသည်လည်း ဆိတ်ဆိတ်ဖြစ်၍ ဝန်ခံတော်မူ၏။ သူဌေးကြီးသည်လည်း မြတ်စွာဘုရား၏ ဝန်ခံတော်မူချက်ကို သိ၍ ဘုရားသခင်ကို အလွန်ရိုသေစွာ ရှိခိုးပြီး၍ မိမိ၏အိမ်သို့ ပြန်နှင့်ပြီးသော် ထိုညဉ့်ကို လွန်စေ၍ မွန်မြတ်သော ခဲဖွယ်,ဘောဇဉ်တို့ကို စီရင်စေ၍ "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဆွမ်းဘုဉ်းပေးအံ့သော အခါ တန်ပါပြီ"ဟု ဆွမ်းဘုန်းပေးအံ့သောအခါကို လျှောက်ကြားစေ၏။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားလည်း သင်းပိုင်တော်ကို ပြင်ဝတ်၍ သပိတ်,သင်္ကန်းကို ဝတ်ရုံ,လွယ်၍ ရဟန်းသံဃာနှင့်တကွ သူဌေးကြီးအိမ်သို့ ကြွတော်မူ၍ ခင်းထားအပ်သောနေရာ၌ နေတော်မူ၏။ သူဌေးကြီးသည်လည်း ဘုရားအမှူးရှိသော ရဟန်းသံဃာအပေါင်းကို မွန်မြတ်သော ခဲဖွယ်,ဘောဇဉ်ဖြင့် လုပ်ကျွေးပြီး၍ တင့်အပ်လျောက်ပတ်သော အရပ်၌ နေပြီးသော် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ကောင်းမှုကို အလိုရှိသောကြောင့်, နတ်ရွာနိဗ္ဗာန်ကို အလိုရှိသောကြောင့် ဤအဆောင် ၆၀-သော ကျောင်းတို့ကို ဆောက်လုပ်စီရင်စေပါသည်။ ထိုကျောင်းတို့၌ အကျွန်ုပ်သည် အဘယ်သို့ ကျင့်ရပါသနည်း"ဟု နားတော်လျှောက်၏။

သဗ္ဗညုဘုရားသခင်သည်လည်း "သူဌေးကြီး၊ သင်သည် ကောင်းမှုကို အလိုရှိသည် ဖြစ်အံ့။ လူ,နတ်,နိဗ္ဗာန် ၃-တန်သောချမ်းသာကို အလိုရှိသည်ဖြစ်အံ့။ ဤအဆောင် ၆၀-သော ကျောင်းတို့ကို ရောက်ပြီး, ရောက်လတ္တံ့ဖြစ်သော အရပ် ၄-မျက်နှာ၌နေသော ရဟန်းသံဃာအား လှူဘိလော့"ဟု မိန့်တော်မူ၏။ သူဌေးကြီးသည်လည်း မြတ်စွာဘုရား မိန့်တော်မူတိုင်း အာဂတာနာဂတ စာတုဒ္ဒိသာသံဃာအား လှူလေ၏။ ထိုအခါ ဘုရားသခင်သည်လည်း သူဌေးကြီးကို အကြောင်းပြု၍—

သီတံ ဥဏှံ ပဋိဟနတိ၊ တတော ဝါဠမိဂါနိ စ။
သရီသပေ စ မကသေ၊ သိသိရေ စာပိ ဝုဋ္ဌိယော။ ။

တတော ဝါတာတပေ ဃောရေ၊ သဉ္ဇာတေ ပဋိဟနတိ။
လေဏတ္ထဉ္စ သုခတ္ထဉ္စ၊ ဈာယိတုဉ္စ ဝိပဿိတုံ။ ။

ဝိဟာရဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။
တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထ'မတ္တနော။ ။

**ဝိဟာရေ ကာရယေ ရမ္မေ၊ ဝါသယေ'တ္ထ ဗဟုဿုတေ။**
**တေသံ အန္နဉ္စ ပါနဉ္စ၊ ဝတ္ထသေနာသနာနိ စ။**
**ဒဒေယျ ဥဇုဘူတေသု၊ ဝိပ္ပသန္နေန စေတသာ။ ။**

**တေ တဿ ဓမ္မံ ဒေသေန္တိ၊ သဗ္ဗဒုက္ခာပနူဒနံ။**
**ယံ သော ဓမ္မံ ဣဓညာယ၊ ပရိနိဗ္ဗာတိ အနာသဝေါတိ။ -**

ဟူသော ဂါထာဒေသနာတော်ကို ဟောတော်မူသည်။ (ဝိ၊၄။၂၉၁-၂)

**သီတံ ဥဏှံ ပဋိဟနတိ၊ တတော ဝါဠမိဂါနိ စ။**
**သရီသပေ စ မကသေ၊ သိသိရေ စာပိ ဝုဋ္ဌိယော။ ။**

ဂဟပတိ၊ သူဌေးကြီး။ ဝိဟာရော၊ ကျောင်းသည်။ ပဋိဂ္ဂဟဏာနံ၊ ကျောင်းနေရဟန်းတို့၏။ သီတံ၊ အချမ်းကို။ ပဋိဟနတိ၊ ဖျောက်ပေတတ်၏။ ဥဏှံ၊ အပူကို။ ပဋိဟနတိ၊ ဖျောက်ပေတတ်၏။ တတော ပရံ၊ ထိုမှတပါး။ ဝါဠမိဂါနိ စ၊ သားရဲဘေးရန်တို့ကိုလည်းကောင်း။ သရီသပေ စ၊ မြွေ,ကင်း,သန်းတို့ကိုလည်းကောင်း။ မကသေ စ၊ ဖြုတ်, ခြင်,ယင်ရဲတို့ကိုလည်းကောင်း။ သိသိရေ စာပိ၊ မိုးဖွဲ, လေချမ်းတို့ကိုလည်းကောင်း။ ဝုဋ္ဌိယော စ၊ ဖြောင့်စွာရွာသော မိုးတို့ကိုလည်းကောင်း။ ပဋိဟနတိ၊ ဖျောက်ပေတတ်၏။

**တတော ဝါတာတပေ ဃောရေ၊ သဉ္ဇာတေ ပဋိဟနတိ။**
**လေဏတ္ထဉ္စ သုခတ္ထဉ္စ၊ ဈာယိတုဉ္စ ဝိပဿိတုံ။ ။**

တတော ပရံ၊ ထိုမှတပါး။ ဃောရေ၊ ပြင်းစွာသော။ ဝါတာတပေ၊ လေ,နေပူသည်။ သဉ္ဇာတေ၊ ဖြစ်လတ်သော်။ ပဋိဟနတိ၊ ဖျောက်ပေတတ်၏။ လေဏတ္ထဉ္စ၊ ကိန်းအောင်းခြင်းငှာလည်းကောင်း။ သုခတ္ထဉ္စ၊ ချမ်းသာစွာ နေခြင်းငှာလည်းကောင်း။ ဈာယိတုဉ္စ၊ ဈာန်ကို စီးဖြန်းခြင်းငှာလည်းကောင်း။ ဝိပဿိတုဉ္စ၊ ဝိပဿနာကို ရှုခြင်းငှာလည်းကောင်း။ ဟောတိ၊ ဖြစ်၏။

**ဝိဟာရဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။**
**တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထ'မတ္တနော။ ။**

သံဃဿ၊ သံဃာတော်အား။ ဝိဟာရဒါနံ၊ ကျောင်း-ဟူသော အလှူကို။ အဂ္ဂံ၊ မြတ်၏-ဟူ၍။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ယသ္မာ၊ အကြင်ကြောင့်။ ဝဏ္ဏိတံ၊ ချီးမွမ်းတော်မူအပ်၏။ တသ္မာ ဟိ-တသ္မာ ဧဝ၊ ထို့ကြောင့်သာလျှင်။ အတ္တနော၊ မိမိ၏။ အတ္ထံ၊ အကျိုးစီးပွါးကို။ သမ္ပဿံ သမ္ပဿမာနော၊ ကောင်းစွာမြင်သော။ ပဏ္ဍိတော၊ ပညာရှိသော။

ပေါသော၊ ယောက်ျားသည်။ ရမ္မေ၊ နှလုံးမွေ့လျော်ဖွယ်ရှိကုန်သော။ ဝိဟာရေ၊ ကျောင်းတို့ကို။ ကာရယေ၊ ဆောက်လုပ်ရာ၏။

**ဝိဟာရေ ကာရယေ ရမ္မေ၊ ဝါသယေ'တ္ထ ဗဟုဿုတေ။**
**တေသံ အန္နဉ္စ ပါနဉ္စ၊ ဝတ္ထသေနာသနာနိ စ။**
**ဒဒေယျ ဥဇုဘူတေသု၊ ဝိပ္ပသန္နေန စေတသာ။ ။**

ဧတ္ထ ဧတေသု ဝိဟာရေသု၊ ထိုကျောင်းတို့၌။ ဗဟုဿုတေ၊ များသော အကြား အမြင်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဝါသယေ၊ နေစေရာ၏။ ဥဇုဘူတေသု ဥဇုဘူတာနံ၊ ဖြောင့်သော နှလုံးရှိကုန်သော။ တေသံ၊ ထိုရဟန်းတို့အား။ အန္နဉ္စ၊ ဆွမ်းကိုလည်းကောင်း။ ပါနဉ္စ၊ အဖျော်ကိုလည်းကောင်း။ ဝတ္ထသေနာသနာနိ စ၊ အဝတ်, သင်္ကန်း, အိပ်ရာ, နေရာ, ညောင်စောင်း, အင်းပျဉ်တို့ကိုလည်းကောင်း။ ဝိပ္ပသန္နေန၊ ကြည်ညိုစွာသော။ စေတသာ၊ စိတ်ဖြင့်။ ဒဒေယျ၊ ပေးလှူရာ၏။

**တေ တဿ ဓမ္မံ ဒေသေန္တိ၊ သဗ္ဗဒုက္ခာပနူဒနံ။**
**ယံ သော ဓမ္မံ ဣဓ'ညာယ၊ ပရိနိဗ္ဗာတိ အနာသဝေါ'တိ။ ။**

တေ ဘိက္ခူ၊ ထိုကျောင်းနေ ရဟန်းတို့သည်။ တဿ၊ ထိုကျောင်းဒါယကာအား။ သဗ္ဗဒုက္ခာပနူဒနံ၊ အလုံးစုံသော ဝဋ်ဆင်းရဲကို ဖျောက်ပေတတ်သော။ ယံ ဓမ္မံ၊ အကြင်တရားကို။ ဒေသေန္တိ၊ ဟောကုန်၏။ သော၊ ထိုကျောင်းဒါယကာသည်။ တံ ဓမ္မံ၊ ထိုတရားကို။ ဣဓ၊ ဤသာသနာတော်၌။ အညာယ၊ သိ၍။ အနာသဝေါ၊ အာသဝေါတရား ၄-ပါး မရှိသည်ဖြစ်၍။ ပရိနိဗ္ဗာတိ၊ ပရိနိဗ္ဗာန်ပြု၏။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "ဒါယကာသူဌေးကြီး၊ မိမိ၏ လောကီ,လောကုတ္တရာ အကျိုးစီးပွါးကို ကောင်းစွာမြင်သည်ဖြစ်၍ အလိုရှိသော ပညာရှိသောသူသည် နှလုံးမွေ့လျော်ဖွယ်ရှိသော ကျောင်းကို ဆောက်လုပ်၍ ရဟန်းသံဃာအား ပေးလှူရာ၏။ အဘယ့်ကြောင့်နည်းဟူမူကား သံဃာအား ကျောင်းလှူသော အလှူကို မြတ်စွာဘုရားသည် ချီးမွမ်းအပ်သော အလှူဖြစ်သောကြောင့်တည်း။ သုံးဆောင်သော ရဟန်းတို့မှာ အဘယ်အကျိုးရှိသနည်းဟူမူကား အဇ္ဈတ္တသန္တာန်၌ ချောက်ချားခြင်းကြောင့် ဖြစ်သော အချမ်း,အပူ၊ ဗဟိဒ္ဓသန္တာန်၌ ဥတုဖောက်ပြန်ခြင်းကြောင့်ဖြစ်သော အချမ်း,အပူကို ဖျောက်ပေတတ်၏။ ဖျောက်ခြင်းကြောင့် ကိုယ်,စိတ်တို့၏ ပင်ပန်းခြင်းသည် မဖြစ်။ ကိုယ်, စိတ်တို့၏ မပင်ပန်းခြင်းကြောင့် မပျံ့လွင့်သောစိတ်ရှိသည်ဖြစ်၍ အသင့်အားဖြင့် ကမ္မဋ္ဌာန်းကို အားထုတ်ရခြင်း အကျိုးရှိ၏။ သားရဲဘေးရန်တို့ကိုလည်းကောင်း၊ မြွေ,ကင်း,သန်းတို့ကို

လည်းကောင်း၊ ဖြုတ်,ခြင်,ယင်ရဲတို့ကိုလည်းကောင်း၊ မိုးဖွဲ,လေချမ်းတို့ကိုလည်းကောင်း၊ ဖြောင့်စွာရွာသော မိုးတို့ကိုလည်းကောင်း၊ ပြင်းစွာသော လေ,နေပူတို့ကိုလည်းကောင်း ဖျောက်၍ ချမ်းသာစွာ နေရသဖြင့် ဈာန်ကို စီးဖြန်းရခြင်း, ဝိပဿနာကို ပွါးစေရခြင်း အစရှိသော များစွာသော အကျိုးရှိ၏။

ဤသို့ များစွာသော အကျိုးရှိသော ကျောင်း၌ အဘယ်သို့သော သဘောရှိသော ရဟန်းတို့ကို နေစေရသနည်းဟူမူကား များသော အကြားအမြင်ရှိသည်ဖြစ်၍ စင်စစ်ဖြောင့်သော အကျင့်, စိတ်နှလုံးရှိကုန်သော ရဟန်းတို့ကို နေစေရာ၏။ ထိုရဟန်းတို့ကို ဆွမ်း, သင်္ကန်း, အိပ်ရာ, နေရာ, ဖထိုင်, ညောင်စောင်း, အဖျော်, ဘောဇဉ်တို့ကို ကြည်ညိုစွာသော စိတ်ဖြင့် လှူဒါန်းပူဇော်ရာ၏။ ဤပစ္စည်း ၄-ပါးတို့ဖြင့် လှူဒါန်းပူဇော် ထောက်ပင့်သဂြိုဟ်ခြင်းကို ပြုကုန်သော ဒါယကာတို့အား အလုံးစုံသော ဝဋ်ဆင်းရဲတို့ကို ဖျောက်ပေတတ်သော တရားကို ရဟန်းတို့ ဟောကြားကုန်သည်ဖြစ်၍ နာရသောကြောင့် ထိုကျောင်းဒါယကာတို့သည် အာသဝေါတရား ၄-ပါး မရှိကုန်သည်ဖြစ်၍ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုရာ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် သံဃာအား ကျောင်း-ဟူသောအလှူကို မြတ်၏ဟူ၍ ချီးမွမ်းတော်မူအပ်၏။

ထိုကျောင်းကို လှူသော ဒါယကာသည် ကျောင်း-ဟူသော အလှူကို လှူသည်ရှိသော် အလုံးစုံသောဒါနကို လှူသည်မည်၏။ အဘယ်သို့ မည်သနည်းဟူမူကား ၂-ရွာ, ၃-ရွာ၌ ဆွမ်းအလို့ငှာ သွား၍ တစ်စုံတစ်ခုကိုမျှ မရခဲ့လျှင် အရိပ်,ရေနှင့် ပြည့်စုံသော အာရာမ်သို့ ဝင်၍ ရေချိုးပြီးသော် ကျောင်းတွင်း၌ အတန်ငယ် အိပ်ပြီးလျှင် ထ၍နေသော ရဟန်းအား ကာယဗလကို ဆောင်၍ ထည့်သွင်းဘိသကဲ့သို့ ဖြစ်၏။ ကျောင်း၏အပသို့ သွားသောရဟန်း၏ ကိုယ်အဆင်းသည် မြေဓာတ်, လေ, နေပူတို့ကြောင့် ပင်ပန်းဖောက်ပြန်ခြင်းသို့ ရောက်၏။ ကျောင်းတွင်းသို့ ဝင်ပြီးသော် တံခါးကို ပိတ်၍ တခဏမျှ အိပ်သော ရဟန်းအား သဘောမတူသော ရုပ်အဆင်းသဏ္ဌာန်သည် ငြိမ်းလေ၏။ ကိုယ်အဆင်း-ဟူသော ဓာတ်ကို ဆောင်၍ ထည့်သွင်းပြီးသကဲ့သို့ ဖြစ်၏။

ကျောင်း၏အပသို့ လှည့်လည်သွားလာသော ရဟန်းအား ခြေကို ဆူးစူး၏။ သစ်ငုတ်ကို တိုက်မိ၏။ မြွေ,ကင်း,သန်း-အစရှိသော ဘေးရန်တို့သည်လည်းကောင်း၊ ခိုးသူဘေး, မင်းဘေးတို့သည်လည်းကောင်း ဖြစ်၏။ ကျောင်းတွင်းသို့ ဝင်ပြီးသော် တံခါးကို ပိတ်၍နေသော ရဟန်းအား ထိုအလုံးစုံသော ဘေးရန်တို့သည် မဖြစ်ကုန်။ ကျောင်း၏အပသို့ လှည့်လည်သွားလာသော ရဟန်း၏ကိုယ်၌ ချွေးတို့သည် ယိုကုန်၏။ မျက်စိတို့သည်လည်း ဝေကုန်၏။ ကျောင်းတွင်းသို့ ဝင်သောခဏ၌ ညောင်စောင်း, အင်းပျဉ်တို့ကို မထင်

မြင်ကုန်။ တခဏမျှ ကျောင်း၌နေမိသော ရဟန်းအား စင်္ကြံပသာဒကို ဆောင်၍ ထည့်သကဲ့သို့ တံခါးမ, လေသာတံခါး, ညောင်စောင်း, အင်းပျဉ်တို့ကို ထင်မြင်ကုန်၏။

ကျောင်းတွင်း၌ နေ၍ ပါဠိကို သရဇ္ဈာယ်သော ရဟန်းအား ပရိယတ္တိဓမ္မကို မှီ၍ဖြစ်သော ပီတိသုခသည်လည်းကောင်း, ကမ္မဋ္ဌာန်းကို နှလုံးသွင်းသော ရဟန်းအား စိတ်၏ငြိမ်သက်ခြင်း-ဟူသော သုခသည်(လည်းကောင်း) ဖြစ်၏။ ဤသို့သော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ရဟန်းတို့ကို မြင်၍ ၄-ပါးသော ပစ္စည်းတို့ဖြင့် ရိုသေစွာ လှူဒါန်းပူဇော်လုပ်ကျွေးကုန်ရာ၏။ ဤသို့လျှင် ကျောင်းကို လှူသော ဒါယကာသည် အလုံးစုံသော အလှူမျိုးကို လှူသည် မည်၏။ ထို့ကြောင့် **"သော စ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ"**ဟူ၍ ဟောတော်မူသည်။ (သံ၊၁။၂၉)

ယော၊ အကြင် ဒါယကာသည်။ ဥပဿယံ၊ ကျောင်း-ဟူသော အလှူကို။ ဒဒါတိ၊ လှူ၏။ သော စ၊ ထိုကျောင်းဒါယကာသည်လည်း။ သဗ္ဗဒဒေါ၊ အလုံးစုံမျိုးကို လှူသည် မည်သည်။ ဟောတိ၊ ဖြစ်၏။

ယုတ်သော အပိုင်းအခြားအားဖြင့် အခင်းမရှိသော မြေပြင်၌ ဆောက်အပ်သော သစ်ရွက်မိုးသော ကျောင်း၏လည်းကောင်း, သစ်ခက်မိုးသော မဏ္ဍပ်၏လည်းကောင်း အကျိုးအာနိသံသမည်သည်ကို ပိုင်းခြားခြင်းငှာ မတတ်ကောင်း။ အဘယ်ကြောင့်နည်းဟူမူကား အလုံးစုံသော ဒါနကို လှူသည်မည်သောကြောင့်လည်းကောင်း၊ သက်တော်ထင်ရှားဘုရားသခင် သီတင်းသုံးနေတော်မူသည်လည်းကောင်း၊ သက်တော်ထင်ရှား ဘုရားမရှိသည်ရှိသော် ရုပ်ပွါးဆင်းတုတော်တို့သည် ကိန်းဝပ်တော်မူသောကြောင့်လည်းကောင်း၊ ဘုရား, သံဃာတို့ သီတင်းသုံးနေသည်ရှိသော် တရားတော် သီတင်းသုံးနေသည် မည်သောကြောင့် ရတနာ ၃-ပါးတို့အား ပူဇော်သည် မည်သောကြောင့် ခပ်သိမ်းသော အလှူမျိုးကို လှူရ၍ များစွာသော အကျိုးရှိ၏။

ဘုရားသခင်ကို ထား၍ တစ်စုံတစ်ယောက်သောသူသည် ကျောင်း-ဟူသော အလှူ၏အကျိုးကို ခံတွင်း ၁-သိန်း ဖန်ဆင်း၍ ဟောပြောသော်လည်း ကုန်စေခြင်း အပြီးအဆုံးသို့ ရောက်စေခြင်းငှာ မစွမ်းနိုင်။ အကြင်သူသည် သံဃာအား ကျောင်း-ဟူသော အလှူကို လှူ၏။ ထိုသူသည် အာယု, ဝဏ္ဏ, သုခ, ဗလ, ပဋိဘာနတို့ကို လှူသည် မည်၏။ အဘယ်သို့ မည်သနည်းဟူမူကား-

သီတ, ဥဏှ-အစရှိသော အသက်၏ ဥပဒ္ဒဝေါဘေးရန်ကို ကျောင်းသည် တားမြစ်တတ်သောကြောင့် **အသက်**-ဟူသော အလှူကို လှူသည်မည်၏။

အချမ်း,အပူ မရှိသော လေတိတ်သောကျောင်း၌ နေရသည်ရှိသော် ခွန်အားဗလ အဆင်းပညာတို့သည် ဖြစ်ကုန်ရာ၏။ ထို့ကြောင့် ကျောင်း-ဟူသော အလှူကို လှူသော သူသည် ခွန်အားဗလ အဆင်းပညာကို လှူသည်မည်၏။

ကျောင်း-ဟူသော အလှူသည် အချမ်း,အပူ, ခြင်, မှက်, လေ, နေပူ, တံလှပ်,မြွေ, ကင်း, သန်း-အစရှိသော ဘေးရန်တို့ကြောင့်ဖြစ်သော များလှစွာသော ဆင်းရဲအပေါင်းကို တားမြစ်၍ အခါမပြတ် ချမ်းသာကို ပေးတတ်၏။ ထို့ကြောင့် ချမ်းသာကို လှူသည်မည်၏။

အကြင်သူသည် လောဘနှင့်တကွ မစ္ဆေရအညစ်အကြေးကို ပယ်စွန့်၍ သီလ, သမာဓိ, ပညာ-ဟူသော ဂုဏ်ကျေးဇူးတို့၏ တည်ရာဖြစ်သော ရဟန်းအား ကျောင်း-ဟူသော အလှူကို လှူ၏။ ထိုသူသည် ပစ်အပ်သော မြားကဲ့သို့လည်းကောင်း, လက်ဖြင့် ဆွဲငင်အပ်သော ဝတ္ထုကဲ့သို့လည်းကောင်း သူတပါးတို့ထက် စိုးရိမ်ခြင်း ကင်းသည်ဖြစ်၍ လူ့ပြည်,နတ်ပြည်တို့၌ အလွန်လျှင် နှလုံးမွေ့လျော်ဖွယ်ရှိသော စည်းစိမ်ချမ်းသာတို့ကို အဖန်ဖန် ခံစားရ၍ အလုံးစုံသော ဆင်းရဲအပေါင်းတို့၏ ငြိမ်းရာဖြစ်၍ အတိဉတ္တမသုခ ဖြစ်၍ အလွန်မွန်မြတ်လှစွာသော အမတသုခနိဗ္ဗာန်ချမ်းသာကို ခံစားရလေ၏။

ထို့ကြောင့် ယခုအခါ အကြင်ပညာရှိ သူတော်ကောင်းအပေါင်းတို့သည် ဆိုအပ်ခဲ့ပြီးသော မွန်မြတ်လှစွာသော အကျိုးထူးကို အလိုရှိကုန်သည်ဖြစ်အံ့။ နှလုံးမွေ့လျော်ဖွယ်ရှိသော ကျောင်းတို့ကို ဆောက်လုပ်၍ များစွာသော အကြားအမြင်ရှိသော, ဗဟုသုတနှင့် ပြည့်စုံသော, ဖြောင့်သော အကျင့်, စိတ်နှလုံးရှိကုန်သော ရဟန်းတို့အား ပေးလှူပူဇော်ကုန်ရာသည်။ ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (စူဠဝါပါဠိတော်၊ နှာ-၂၉၀-၂။ဝင်း၄၊၅၈-၉။ သံ၊၁။၂၉။ ဝင်း၄၊၇၈-၉)

★★★★★★★

## [ ၆ ] သီလ၏ အကျိုး,အပြစ်တရား

တရံရောအခါ သဗ္ဗညုဘုရားသခင်သည် ၁,၂၅၀-ကျိပ် အတိုင်းအရှည်ရှိသော ရဟန်းတို့ဖြင့် ခြံရံလျက် မဂဓရောဇ်တိုင်း၊ ရာဇဂြိုဟ်ပြည်၏အတွင်း၌ ဒေသစာရီ ကြွတော်မူသည်ရှိသော် အစဉ်သဖြင့် ပါဋလိရွာသို့ ရောက်လေ၏။ ပါဋလိရွာ၌ နေကုန်သော ဒါယကာတို့သည်လည်း ဘုရားသခင် ရောက်လာတော်မူကြောင်းကို ကြားကုန်၍ ဘုရားသခင်အထံတော်သို့ ချဉ်းကပ်လေ၍ တင့်အပ်လျောက်ပတ်သောအရပ်၌ ရှိသေစွာ ရှိခိုးလျက် နေလေကုန်၏။ ဘုရားသခင်သည်လည်း ထိုဒါယကာတို့အား လျောက်ပတ်သော တရားစကားဖြင့် ဟောကြားတော်မူ၏။

ထိုဒါယကာတို့သည်လည်း "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ အကျွန်ုပ်တို့၏ အသစ်ဖြစ်သော ဧည့်သည်တို့၏ တည်းရာဖြစ်သော ဇရပ်ကို ရဟန်းသံဃာနှင့်တကွ ၁-နေ့, ၁-ညဥ့်မျှ စံတော်မူပါ"ဟု နားတော်လျှောက်ကုန်၏။ ဘုရားသခင်သည်လည်း ဆိတ်ဆိတ်ဖြစ်၍ ဝန်ခံတော်မူ၏။

ထိုအခါ ပါဋလိရွာ၌ နေကုန်သော ဒါယကာတို့သည် ဘုရားသခင်၏ သည်းခံခြင်းကို သိ၍ ပြန်လေကုန်ပြီးသော် ဧည့်သည်တို့ တည်းနေရာ ဇရပ်ကို အလုံးစုံခင်း၍, ဘုရားသခင်၏ နေရာတော်ကို အလယ်သည်တိုင်၌ ခင်း၍, ရေအိုးစရည်းကြီးတို့ကို တည်ထား၍ ဆီမီးတို့ကို ထွန်းညှိ၍ မြတ်စွာဘုရားအား အခါကို ကြားလျှောက်ပေ၏။ ဘုရားသခင်သည်လည်း ဧည့်သည်တို့၏ တည်းနေရာဇရပ်သို့ ရဟန်းသံဃာနှင့်တကွ ကြွတော်မူ၍, ခြေတော်ကို ဆေးပြီးသော် ဝင်တော်မူ၍, အလယ်သည်တိုင်ကို မှီ၍ အရှေ့မျက်နှာသို့ ရှေးရှုနေတော်မူ၏။

ရဟန်းသံဃာတို့သည်လည်း ခြေကိုဆေး၍ ဝင်ပြီးသော် အနောက်နံရံကို မှီ၍ မြတ်စွာဘုရားရှိရာ အရှေ့အရပ်သို့ ရှေးရှုမျက်နှာမူ၍ နေကုန်၏။ ပါဋလိရွာ၌ နေကုန်သော ဒါယကာတို့သည်လည်း ခြေကို ဆေးပြီးသော် ဝင်၍ အရှေ့နံရံကို မှီ၍ ဘုရားသခင်ရှိရာ အရပ်သို့ ရှေးရှု, အနောက်အရပ်သို့ မျက်နှာမူ၍ နေလေကုန်၏။

ထိုအခါ ဘုရားသခင်သည်လည်း ပါဋလိရွာသား ဒါယကာတို့ကို ခေါ်တော်မူ၍ သီလမရှိခြင်း၌ အပြစ် ၅-ပါးတို့ကိုလည်းကောင်း, သီလ၏ ပြည့်စုံခြင်း၌ ၅-ပါးသောအကျိုးတို့ကိုလည်းကောင်း ပြတော်မူလိုသည်ဖြစ်၍—

**ပဉ္စိမေ ဂဟပတယော အာဒီနဝါ ဒုဿီလဿ သီလဝိပတ္တိယာ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (ဒီ၊၂။၇၂-၃)

ဂဟပတယော၊ ဒါယကာတို့။ ဒုဿီလဿ၊ သီလမရှိသောသူ၏။ သီလဝိပတ္တိယာ၊ သီလ၏ ပျက်စီးခြင်းကြောင့်။ အာဒီနဝါ၊ အပြစ်တို့သည်။ ဣမေ ပဉ္စ၊ ဤ ၅-ပါးတို့တည်း။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "ပါဋလိရွာ၌ နေကုန်သော ဒါယကာတို့၊ သီလမရှိသောသူ၏ သီလပျက်ခြင်းကြောင့် ဖြစ်ကုန်သော အပြစ်တို့သည် ဤဆိုလတ္တံ့သော ၅-ပါးတို့တည်း။ ၅-ပါးတို့ဟူသည် အဘယ်သည်တို့နည်းဟူမူကား—

၁။ သီလပျက်စီးသည်ဖြစ်၍ သီလမရှိသောသူသည် မေ့လျော့ခြင်း-ဟူသော အကြောင်းကြောင့် မရသေးသော ပစ္စည်းတို့ကိုလည်း မရ။ ရပြီးသော များစွာသော စည်းစိမ်ဥစ္စာတို့၏ ဆုံးပါးခြင်း, ပျက်စီးခြင်းသို့ ရောက်ခြင်းလည်း ၁-ပါး၊

၂။ မကောင်းသော ကျော်ဇောသတင်း အပျံ့အနှံ့ ကျော်စောခြင်းသို့ ရောက်ခြင်းလည်း ၁-ပါး၊

၃။ မင်း, ပုဏ္ဏား, သူကြွယ်, ရဟန်း-တည်းဟူသော ၄-ပါးသော ပရိသတ်တို့၏ အလယ်သို့ ဆည်းကပ်ရသည်ရှိသော မရဲရင့်သည်ဖြစ်၍ ကြောက်ခြင်း, လန့်ခြင်း, ထိတ်ခြင်း မကင်းမူ၍ မျက်နှာမသာမယာရှိသည်ဖြစ်၍ ဆည်းကပ်ရခြင်းလည်း ၁-ပါး၊

၄။ သေခါနီးရောက်သည်ရှိသော် ကြောက်ခြင်း, ထိတ်လန့်ခြင်း မကင်းမူ၍ မိန်းမော တွေဝေလျက် သေရခြင်းလည်း ၁-ပါး၊

၅။ ဥပါဒိန္နကခန္ဓာကိုယ်ပျက်၍ စုတေမနေ၊ သေလွန်သည်မှ အခြားမဲ့ဖြစ်သော နောင်ကာလ၌ အလုံးစုံသော ချမ်းသာအပေါင်းမှ ကင်းသော ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ် ၄-ဘုံ၌ ဖြစ်ရခြင်းလည်း ၁-ပါး၊

ဤသို့အားဖြင့် သီလမရှိသောသူ၏ သီလပျက်စီးခြင်းကြောင့် ၅-ပါးသော **အပြစ်**တို့သည် ဖြစ်ကုန်၏"ဟူ၍ ဟောတော်မူသည်။

သီလမရှိသောသူ၏ ၅-ပါးသော အပြစ်တို့ကို ဟောတော်မူပြီး၍ သီလရှိသောသူ၏ သီလနှင့် ပြည့်စုံခြင်းကြောင့်(ရသော) အကျိုးအာနိသံသ တရား ၅-ပါးတို့ကို ဟောကြားတော်မူလိုသော ဘုရားသခင်သည်—

**ပဉ္စိမေ ဂဟပတယော အာနိသံသာ သီလဝတော သီလသမ္ပဒါယ။**

အစရှိသော တရားဒေသနာမြတ်ကို ဟောတော်မူသည်။ (ဒီ၊၂။၇၃)

"ဂဟပတယော၊ ဒါယကာတို့။ သီလဝတော၊ သီလရှိသောသူ၏။ သီလသမ္ပဒါယ၊ သီလနှင့် ပြည့်စုံခြင်းကြောင့်။ အာနိသံသာ၊ အကျိုးတို့သည်။ ဣမေ ပဉ္စ၊ ဤဆိုလတ္တံ့သည့် ၅-ပါးတို့တည်း။"

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "ပါဠိလိရှာ၌ နေကုန်သော ဒါယကာတို့၊ သီလရှိသောသူ၏ သီလနှင့်ပြည့်စုံခြင်းကြောင့် အကျိုးအာနိသံသတို့သည် ဤဆိုလတ္တံ့သော ၅-ပါးတို့တည်း။ ၅-ပါးတို့-ဟူသည် အဘယ်သည်တို့နည်းဟူမူကား—

၁။ သီလနှင့် ပြည့်စုံသည်ဖြစ်၍ သီလရှိသောသူသည် မမေ့မလျော့ခြင်း-ဟူသော အကြောင်းကြောင့် မရသေးသော ဥစ္စာတို့ကို ရစေသည်ဖြစ်၍ ရပြီးသော များစွာသော ဥစ္စာစည်းစိမ်အစုတို့ကို မပျက်မစီးရအောင် စောင့်ရှောက်နိုင်ခြင်းသည်လည်း ၁-ပါး၊

၂။ ကောင်းမြတ်သော ကျေးဇူးသတင်း၏ အပျံ့အနှံ့ကျော်စောခြင်းသို့ ရောက်ခြင်းလည်း ၁-ပါး၊

၃။ မင်း, ပုဏ္ဏား, သူကြွယ်, ရဟန်းတည်း-ဟူသော ၄-ပါးသော ပရိသတ်တို့၏ အလယ်သို့ ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိ၊ ရဲရင့်သည်ဖြစ်၍ ကြည်လင်ရွှင်လန်းသော မျက်နှာဖြင့် ဆည်းကပ်ရခြင်းလည်း ၁-ပါး၊

၄။ သေခါနီးသို့ ရောက်သောအခါ စိုးရိမ်ပင်ပန်းခြင်း ကင်းသည်ဖြစ်၍ မိန်းမောတွေဝေခြင်း မရှိ၊ သေရခြင်းလည်း ၁-ပါး၊

၅။ ဥပါဒိန္နကခန္ဓာကိုယ်ပျက်သည်မှ အခြားမဲ့ဖြစ်သော နောင်ကာလ၌ လူပြည်, နတ်ရပ် မြတ်လှစွာသော သုဂတိဘဝသို့ လားရခြင်းလည်း ၁-ပါး၊

ဤသို့လျှင် သီလနှင့် ပြည့်စုံခြင်းကြောင့် ၅-ပါးသော **အာနိသံ**သတို့ကို ဟောတော်မူသည်။

ဤသို့လျှင် ဘုရားသခင် ပါဋလိရွာ၌နေကုန်သော ဒါယကာတို့ကို များစွာသော ညဉ့်ပတ်လုံး တရားစကားဖြင့် ဟောကြားတော်မူပြီး၍ ပြန်လည်စေ၏။ ထိုအခါ ဘုရားသခင်သည် ပါဋလိရွာ၌နေကုန်သော ဒါယကာတို့ ပြန်လည်ဖဲသွား၍ မကြာမြင့်မီ ဆိတ်ငြိမ်ရာအရပ်သို့ ဝင်တော်မူလေ၏။

ထိုအခါ **သုနိဓ,ဝဿကာရ**အမည်ရှိကုန်သော မဂဓရာဇ်အမတ်ကြီးတို့သည် ဝဇ္ဇီမင်းတို့ကို တားမြစ်ခြင်းငှာ ပါဋလိရွာ၌ မြို့ကို ဖန်ဆင်းကုန်၏။ ဘုရားသခင်လည်း မိုးသောက်ထအခါ၌ ထတော်မူ၍ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် အိမ်ရာ,နေရပ်တို့ကို သိမ်းဆည်းကုန်သော များစွာကုန်သော နတ်တို့ကို မြင်တော်မူ၏။ အဘယ်သို့ အိမ်ရာ,နေရပ်တို့ကို သိမ်းဆည်းသည်တို့ကို မြင်တော်မူသနည်းဟူမူကား–

"အကြင်အရပ်၌ ကြီးသော တန်ခိုးရှိကုန်သော နတ်တို့သည် အိမ်ရာ,နေရပ်တို့ကို သိမ်းဆည်းကုန်၏။ ထိုအရပ်၌ ကြီးသောတန်ခိုးရှိကုန်သော မင်းတို့၏လည်းကောင်း, မင်းအမတ်တို့၏လည်းကောင်း စိတ်တို့သည် အိမ်တို့ကို ဖန်ဆင်းခြင်းငှာ ညွတ်ကုန်၏။

အကြင်အရပ်၌ အလတ်ဖြစ်သော ဘုန်းတန်ခိုးအာနုဘော်ရှိကုန်သော နတ်တို့သည် အိမ်ရာ,နေရပ်တို့ကို သိမ်းဆည်းကုန်၏။ ထိုအရပ်၌ အလတ်ဖြစ်သော ဘုန်းတန်ခိုးအာနုဘော်ရှိကုန်သော မင်းတို့၏လည်းကောင်း, မင်းအမတ်တို့၏လည်းကောင်း စိတ်တို့သည် အိမ်ကို ဖန်ဆင်းခြင်းငှာ ညွတ်ကုန်၏။

အကြင်အရပ်၌ နည်းသော ဘုန်းတန်ခိုးအာနုဘော်ရှိကုန်သော နတ်တို့သည် အိမ်ရာ,နေရပ်တို့ကို သိမ်းဆည်းကုန်၏။ ထိုအရပ်၌ နည်းသော ဘုန်းတန်ခိုးအာနုဘော်ရှိကုန်သော မင်းတို့သည်လည်းကောင်း, မင်းအမတ်တို့သည်လည်းကောင်း စိတ်တို့သည် အိမ်ကို ဖန်ဆင်းခြင်းငှာ ညွတ်ကုန်၏" ဤအလုံးစုံသော အခြားအရာတို့ကို မြင်တော်မူလေ၏။

ထိုအခါ ဘုရားသခင်သည် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ "ငါ၏ချစ်သား ညီတော်အာနန္ဒာ၊ ပါဋလိရွာ၌ အဘယ်သူတို့သည် မြို့ကို ဖန်ဆင်းကုန်သနည်း"ဟု မေးတော်မူသည်။ အရှင်အာနန္ဒာသည်လည်း "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ သုနိဓ, ဝဿကာရ အမည်ရှိကုန်သော အမတ်ကြီးတို့သည် ဝဇ္ဇီမင်းတို့ကို တားမြစ်ခြင်းငှာ ပါဋလိရွာ၌ မြို့ကို ဖန်ဆင်းပါသည်"ဟု နားတော်လျှောက်၏။

ဘုရားသခင်သည်လည်း "ငါ၏ချစ်သား ညီတော်အာနန္ဒာ၊ ထိုအမတ်ကြီးတို့သည် တာဝတိံသာနတ်တို့နှင့် တိုင်ပင်ညီညွတ်၍ တည်သကဲ့သို့ ဖြစ်ကုန်၏"ဟု မိန့်တော်မူပြီးမှ မိုးသောက်ထအခါ၌ အသီးအသီး နတ်တို့သည် အိမ်ရာ,နေရပ်တို့ကို မှတ်ယူသိမ်းဆည်းသောအခါ အခြင်းအရာကို မိန့်တော်မူ၏။ ထို့နောင်မှ "ငါ၏ချစ်သား ညီတော်အာနန္ဒာ၊ ဤပါဋလိပုတ် အမည်ရှိသောမြို့သည် မြတ်သောမြို့ကြီး ဖြစ်လတ္တံ့။ များစွာသော ကုန်သည် အပေါင်းတို့၏ စုဝေးရာ ဖြစ်လတ္တံ့။ မမြင်စဖူး ထူးမြတ်သော ဉစ္စာဘဏ္ဍာထုပ်တို့ကို ဖြေရာ ဖြစ်လတ္တံ့။ မီးကြောင့်လည်းကောင်း, ရေကြောင့်လည်းကောင်း, အတွင်း၌ဖြစ်သော သူတို့၏ အချင်းချင်း ဖျက်ဆီးခြင်းကြောင့်လည်းကောင်း၊ ဤ ၃-ပါးသော အန္တရာယ်တို့သည် ဖြစ်လတ္တံ့"ဟု မိန့်တော်မူ၏။

ထိုအခါ သုနိဓ, ဝဿကာရ အမည်ရှိသော မဂဓရာဇ်အမတ်ကြီးတို့သည် ဘုရားသခင် အထံတော်သို့ ချဉ်းကပ်လေ၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေပြီးသော် ၅-ပါးသော ရှိခိုးခြင်းတို့ဖြင့် ရိုသေစွာ ရှိခိုး၍ "ဘုန်းတော်အလွန်ကြီးမြတ်တော်မူပေသော အရှင်ဂေါတမ၊ ယနေ့ ကောင်းမှုအကျိုးငှာ အကျွန်ုပ်တို့၏ ဆွမ်းကို ရဟန်းသံဃာနှင့်တကွ ခံတော်မူပါ"ဟု နားတော်လျှောက်၏။ ဘုရားသခင်သည်လည်း ဆိတ်ဆိတ်ဖြစ်၍ ဝန်ခံတော်မူ၏။

သုနိဓ, ဝဿကာရ အမည်ရှိကုန်သော မဂဓရာဇ်အမတ်ကြီးတို့သည်လည်း မြတ်စွာဘုရား၏ ဝန်ခံခြင်းကို သိ၍ မိမိတို့၏နေရာ၌ မွန်မြတ်သော ခဲဖွယ်,ဘောဇဉ်တို့ကို စီရင်စေပြီး၍ ဆွမ်းဘုဉ်းပေးအံ့သောအခါကို လျှောက်ကြားကုန်၏။ ဘုရားသခင်သည်လည်း သပိတ်, သင်္ကန်းတို့ကို ဝတ်ရုံ,လွယ်တော်မူ၍ သုနိဓ, ဝဿကာရ အမည်ရှိကုန်သော မဂဓရာဇ်အမတ်ကြီးတို့၏ ဆွမ်းကျွေးရာအရပ်သို့ ကြွတော်မူ၍ ခင်းထားအပ်သော နေရာ၌

ရဟန်းသံဃာနှင့်တကွ နေတော်မူလေ၏။ သုနိဓ,ဝဿကာရ အမည်ရှိကုန်သော အမတ်ကြီး တို့သည်လည်း ဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်,ဘောဇဉ်ဖြင့် လုပ်ကျွေးပြီးသော် တင့်အပ်လျောက်ပတ်သောအရပ်၌ နေလေကုန်၏။ ထိုအခါ ဘုရား သခင်သည်လည်း ထိုအမတ်ကြီးတို့အား အနုမောဒနာဒေသနာ၏ အစွမ်းအားဖြင့်–

ယသ္မိံ ပဒေသေ ကပ္ပေတိ၊ ဝါသံ ပဏ္ဍိတဇာတိယော။
သီလဝန္တေ'တ္ထ ဘောဇေတွာ၊ သညတေ ဗြဟ္မစာရယော။ ။

ယာ တတ္ထ ဒေဝတာ အာသုံ၊ တာသံ ဒက္ခိဏ'မာဒိသေ။
တာ ပူဇိတာ ပူဇယန္တိ၊ မာနိတာ မာနယန္တိ နံ။ ။

တတော နံ အနုကမ္ပန္တိ၊ မာတာ ပုတ္တံ'ဝ သြရသံ။
ဒေဝတာနုကမ္ပိတော ပေါသော၊ သဒါ ဘဒြာနိ ပဿတိ။ – (ဒီ၊၂။၇၅)

ဟူသော ဂါထာဒေသနာတော်မြတ်ကို ဟောတော်မူသည်။

သုနိဓဝဿကာရာ၊ သုနိဓ, ဝဿကာရ အမည်ရှိကုန်သော။ မဂဓမဟာမတ္တာ၊ မဂဓရာဇ်အမတ်ကြီးတို့။ ယသ္မိံ ပဒေသေ၊ အကြင်အရပ်၌။ ပဏ္ဍိတဇာတိယော၊ ပညာနှင့် ပြည့်စုံသော သဘောရှိသောသူသည်။ ဝါသံ၊ နေခြင်းကို။ ကပ္ပေတိ၊ ပြု၏။ ဧတ္ထ၊ ဤအရပ်၌။ သညတေ၊ ကိုယ်,နှုတ်,နှလုံး ၃-ပါးတို့ကို စောင့်သုံးကုန်သော။ ဗြဟ္မစာရယော၊ မြတ်သော အကျင့်ကို ကျင့်လေ့ရှိကုန်သော။ သီလဝန္တေ၊ သီလဝန္တပုဂ္ဂိုလ်တို့ကို။ ဘောဇေတွာ၊ ဆွမ်းလုပ် ကျွေးပြီး၍။

တတ္ထ၊ ထိုအရပ်၌။ ယာ ဒေဝတာ၊ အကြင်နတ်တို့သည်။ အာသုံ၊ ရှိသည်ဖြစ်ကုန် ၏။ တာသံ ဒေဝတာနံ၊ ထိုနတ်တို့အား။ ဒက္ခိဏံ၊ အလှူကောင်းမှုအဖို့ကို။ အာဒိသေ၊ ပေးဝေရာ၏။ ပူဇိတာ၊ ပူဇော်အပ်ကုန်သော။ တာ ဒေဝတာ၊ ထိုနတ်တို့သည်။ နံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ပူဇယန္တိ၊ ပူဇော်ကုန်၏။ မာနိတာ၊ မြတ်နိုးအပ်ကုန်သော။ တာ ဒေဝတာ၊ ထိုနတ်တို့သည်။ နံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ မာနယန္တိ၊ မြတ်နိုးတုံ့ မြတ်နိုးကုန်၏။

တတော၊ ထိုသို့ မြတ်နိုးခြင်းကြောင့်။ နံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ မာတာ၊ အမိသည်။ သြရသံ၊ ရင်၌ ဖြစ်သော။ ပုတ္တံ၊ သားကို။ အနုကမ္ပတိ ဣဝ၊ အစဉ်စောင့်ရှောက်သကဲ့သို့။ အနုကမ္ပန္တိ၊ အစဉ်စောင့်ရှောက်ကုန်၏။ ဒေဝတာနုကမ္ပိတော၊ နတ်တို့သည် အစဉ် စောင့်ရှောက်အပ်သော။ ပေါသော၊ ယောကျာ်းသည်။ သဒါ၊ အခါခပ်သိမ်း။ ဘဒြာနိ၊ ကောင်းသောအာရုံတို့ကို။ ပဿတိ၊ မြင်ရ၏။

ထိုဒေသနာတော်မြတ်ပါဠိ၏ဝယ် အဓိပ္ပါယ်သော်ကား "သုနိဓ, ဝဿကာရ အမည်ရှိ ကုန်သော အမတ်ကြီးတို့ အကြင်အရပ်၌ မြို့သစ်, ရွာသစ်, အိမ်သစ်တို့ကို တည်ထားပြုလုပ်

စီရင်၍ နေခြင်းကို ပြုလေရာ၏။ ထိုအရပ်၌ ပညာအဆင်အခြင်နှင့် ပြည့်စုံသောသူသည် ကိုယ်,နှုတ်,နှလုံးကို စောင့်သုံးကုန်သည်ဖြစ်၍ မြတ်သောအကျင့်ကို ကျင့်လေ့ရှိကုန်သော သီလဝန္တပုဂ္ဂိုလ်တို့ကို ဆွမ်း-အစရှိကုန်သော ဒါနဝတ္ထုတို့ဖြင့် လှူဒါန်းပူဇော်ပြီး၍ ထိုအရပ်၌ ရှိကုန်သော နတ်တို့အား ကောင်းမှုအဖို့ကို ပေးဝေကုန်ရာ၏။ ပေးဝေခြင်းကြောင့် ပူဇော်အပ်, မြတ်နိုးအပ်ကုန်သော နတ်တို့သည် ထိုကုသိုလ်၏အဖို့ကို ပေးဝေသောသူကို ပူဇော်တုံ့, မြတ်နိုးတုံ့ ပူဇော်မြတ်နိုးကုန်၏။ ရင်၌ဖြစ်သော သားကို စောင့်ရှောက်သော အမိကဲ့သို့ နတ်တို့သည် ချစ်မြတ်နိုး၍ အခါမပြတ် စောင့်ရှောက်အပ်သော ယောက်ျားသည် မကောင်းသော အာရုံကို မမြင်မူ၍ အခါခပ်သိမ်း ကောင်းသောအာရုံတို့ကို မြင်လေ၏”ဟု ဒေသနာတော် အမိပ္ပါယ်လာသည်။

ထို့ကြောင့် ယခုအခါ အကြင်ပညာရှိသူတော်ကောင်းအပေါင်းတို့သည် သီလမရှိခြင်း၌ ၅-ပါးသော အပြစ်တို့ကိုလည်းကောင်း, သီလ၏ ပြည့်စုံခြင်း၌ ၅-ပါးသော အကျိုးအာနိသံသတို့ကို ရသည်၏အဖြစ်ကိုလည်းကောင်း အသင့်အားဖြင့် ဆင်ခြင်၍ ဒုဿီလအဖြစ်ကို ပယ်၍ စင်ကြယ်သော သီလနှင့်ပြည့်စုံအောင် ကောင်းမွန်ကြပ်တည်းစွာ ဆောက်တည်ပြီးသော် အကြင်အရပ်၌ မြို့သစ်, ရွာသစ်, အိမ်သစ်တို့ကို ပြုလုပ်စီရင်၍ အစဉ်မပြတ်နေခြင်းကို ပြုလေရာ၏။

ထိုအရပ်၌ မြတ်သော အကျင့်ရှိသည်ဖြစ်၍ ကိုယ်,နှုတ်,နှလုံးတို့ကို စောင့်သုံးကုန်သော သီလဝန္တအရှင်တို့အား ဆွမ်း-အစရှိသော ဒါနဝတ္ထုတို့ဖြင့် လှူဒါန်းပူဇော်၍ ထိုကောင်းမှုကုသိုလ်၏အဖို့ကို ထိုအရပ်၌နေကုန်သော နတ်တို့အား အမျှပေးဝေခြင်းကို ပြုကုန်ရာသည်။ ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (သုတ်မဟာဝါပါဠိတော်၊နှာ-၇၁-၅)

★★★★★★★

## [၇] ဂါမဏိရွာသူကြီးတရား

အလုံးစုံသော ဥေယျဓမ္မတရားတို့ကို အကုန်အစင် သိမြင်တော်မူပြီးသော ဘုရားသခင်သည် တရံရောအခါ နာလန္ဒမြို့ကို ဆွမ်းခံရွာအမှီပြု၍ နေတော်မူသည်။ ထိုသို့နေတော်မူသောအခါ နာလန္ဒမြို့၊ အနောက်မျက်နှာနိဂုံး၌ **အဿဘဏ္ဍိကမြင်းထိန်း**၏ သားဖြစ်သော ရွာသူကြီးသည် ဘုရားသခင်ကို ဤသို့ နားတော်လျှောက်၏။

“ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ နာလန္ဒမြို့အနောက် နိဂုံး၌နေကုန်သော ပုဏ္ဏားတို့သည် ကရားကို လက်စွဲကုန်လျက် မှော်ပန်း,ကြာပန်းတို့ကို ပန်ကုန်

၍ ရေသို့ ဆင်းသက်၍ မကောင်းမှုကို ဆေးလျှော်ကုန်သော်လည်းကောင်း, မီးကို လုပ်ကျွေး ကုန်ပြီးသော်လည်းကောင်း သေ၍ တမလွန်ဘဝသို့ ပြောင်းလေကုန်ပြီးသောသူသို့ ကပ်၍ 'နတ်ပြည်သို့ သွားပါလေကုန်'-ဟု တောင်းပန်ခြင်းကို ပြုကုန်၏။ ထိုသို့ တောင်းပန်ခြင်းသည် နတ်ပြည်သို့ တင်သည် မည်ကုန်၏။ နတ်ပြည်ကို သိစေသည် မည်ကုန်၏။ နတ်ပြည်သို့ သက်ဝင်စေသည် မည်ကုန်၏။

ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရားသည်လည်း အလုံးစုံသော သတ္တဝါအပေါင်းတို့သည် အကြင်အကြင်သို့သော အခြင်းအရာဖြင့် ပြုသည်ရှိသော် ဥပါဒိန္နကခန္ဓာကိုယ်ပျက်၍ သေသည်မှ နောက်ကာလ၌ သုဂတိဘဝ-ဟု ဆိုအပ်သော နတ်ပြည်သို့ ရောက်ရာ၏။ ထိုသို့သော အခြင်းအရာဖြင့် ထိုပုဏ္ဏားကဲ့သို့ ရောက်အောင် ပြုခြင်းငှာ စွမ်းနိုင်ပါမည်လောဘုရား"ဟု လျှောက်ထားသည်။

ထိုသို့ လျှောက်ထားသောအခါ သဗ္ဗညုမြတ်စွာဘုရားသခင်သည် ထိုဂါမဏိရွာသူ ကြီးကိုပင် မေး၍ သိစေတော်မူလိုသည်ဖြစ်၍–

**တေန ဟိ ဂါမဏိ တံယေဝေ'တ္ထ ပဋိပုစ္ဆိဿာမိ၊ ယထာ တေ ခမေယျ၊ တထာ နံ ဗျာကရေယျာသိ။**

အစရှိသည်ဖြင့် မေးသောအားဖြင့် ဟောကြားတော်မူသည်။

ဂါမဏိ၊ နိဂုံးရွာသူကြီး။ တေန ဟိ၊ ထိုသို့ ဆိုတပြီးကား။ တံ ယေဝ၊ သင့်ကိုပင်လျှင်။ ဧတ္ထ၊ ဤသင်မေးလျှောက်သော စကား၌။ ပဋိပုစ္ဆိဿာမိ၊ တဖန် မေးတော်မူအံ့။ ယထာ၊ အကြင်အခြင်းဖြင့်။ တေ၊ သင်၏။ စိတ္တံ၊ စိတ်သည်။ ခမေယျ၊ နှစ်သက်ရာ၏။ တထာ၊ ထိုအခြင်းဖြင့်။ ဗျာကရေယျာသိ၊ ဖြေကြားလော့။

ဤသို့ အကျဉ်းအားဖြင့် မေးတော်မူပြီး၍ အကျယ်အားဖြင့် မေး၍ သိစေတော် မူလိုသော ဘုရားသခင်သည်–

**တံ ကိံ မညသိ ဂါမဏိ၊ ဣဓဿ ပုရိသော ပါဏာတိပါတီ အဒိန္နာဒါယီ ကာမေသု မိစ္ဆာစာရီ မုသာဝါဒီ ပိသုဏာဝါစော ဖရုသဝါစော သမ္ဖပ္ပလာပီ အဘိဇ္ဈာလု ဗျာပန္န- စိတ္တော မိစ္ဆာဒိဋ္ဌိကော၊ တမေနံ မဟာဇနကာယော သင်္ဂမ္မ သမာဂမ္မ အာယာစေယျ ထောမေယျ ပဉ္စလိကော အနုပရိသက္ကေယျ "အယံ ပုရိသော ကာယဿ ဘေဒါ ပရံမရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတူ"တိ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (သံ၊၂။၄၉၈။ ဂါမဏိသံယုတ်)

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "ဂါမဏိအမည်ရှိသော နိဂုံးရွာသူကြီး၊ ငါဆိုလတ္တံ့သော စကားကို သင်သည် အဘယ်သို့ အောက်မေ့မည်နည်း။ ဤလောက၌ တစ်စုံတစ်ယောက်သော ယောကျ်ားသည်—

- သူ့အသက်ကို သတ်လေ့ရှိ၏။
- အရှင်သည် ကိုယ်,နှုတ်တို့ဖြင့် မပေးအပ်သော လူဇာတ်ဖြစ်သော သူတပါးတို့၏ ဥစ္စာကို ခိုးယူလေ့ရှိ၏။
- သူတပါးတို့၏ သား,မယားကို ပြစ်မှားလွန်ကျူး ဖျက်ဆီးခြင်းကို ပြုလေ့ရှိ၏။
- မဟုတ်မမှန် ဖောက်ပြန်ချွတ်ယွင်းသော စကားကို ဆိုလေ့ရှိ၏။
- သူ ၂-ယောက်တို့၏ အညီအညွတ် ဖြစ်သည်ကို မညီညွတ်အောင် အချစ်ကို ဖျက်၍ ချောပစ်ကုန်းတိုက်ခြင်းကို ပြုလေ့ရှိ၏။
- လွှကဲ့သို့ အတွေ့ရှိသော ရုန့်ရင်းကြမ်းတမ်းသော စကားကို ဆိုလေ့ရှိ၏။
- အနှစ်သာရမရှိသော အနှစ်သာရမှကင်းသော ပြိန်ဖျင်းသော စကားကို ဆိုလေ့ရှိ၏။
- သူတပါးတို့၏ စည်းစိမ်ဥစ္စာ ဘဏ္ဍာတို့ကို 'ငါ၏ ဥစ္စာဘဏ္ဍာ ဖြစ်ပါလေသော် ကောင်းလေ၏'-ဟု မိမိသို့ ညွတ်စေ၍ ရှေးရှုကြံခြင်း အဘိဇ္ဈာတရား များ၏။
- 'သူတပါးတို့ သေကြေပျက်စီးပါလေသော် ကောင်းလေ၏'-ဟု ပြစ်မှားသော ဗျာပါဒနှင့်ယှဉ်သော ဒေါသစိတ် ရှိ၏။
- မိစ္ဆာဝါဒီ မညီမညွတ် ယွင်းချွတ်ဖောက်ပြန်သော အယူကို ယူလေ့ရှိ၏။

သေခါနီးသို့ရောက်သော ထိုသူကို များစွာသော လူအပေါင်းတို့သည် ဝိုင်းဝန်းစည်းဝေး၍ 'အချင်းယောကျ်ား၊ သင်သည် သေသည်မှ အခြားမဲ့၌ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ် ၄-ဘုံသို့ မလားပါလေလင့်။ သေသည်၏ အခြားမဲ့၌ သုဂတိဘဝ-ဟု ဆိုအပ်သော လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံသို့ လားပါလော့'-ဟု လက်အုပ်ချီ၍ တောင်းပန်ခြင်း, ချီးမွမ်းခြင်း, အစဉ်လိုက်ခြင်းကို ပြုလေ၏။ ထိုသို့ ပြုခြင်းကြောင့် အပါယ် ၄-ဘုံသို့ မလားမူ၍ လူ့ပြည်,နတ်ရပ် မြတ်သောသုဂတိဘဝသို့ လားရာမည်လော"ဟု မေးတော်မူလေ၏။

ထိုအခါ ဂါမဏိရွာသူကြီးသည် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ထိုအကုသိုလ် ဒုစရိုက်တရားတို့ကို များစွာပြုလေ့ရှိသော ယောကျ်ားသည် သေသည်မှ အခြားမဲ့၌ သူတို့ ဝိုင်းဝန်း၍ တောင်းပန်ခြင်း, ချီးမွမ်းခြင်း, အစဉ်လိုက်ခြင်း-ဟူသော အကြောင်းကြောင့် သုဂတိဘဝ-ဟု ဆိုအပ်သော လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်သို့ မရောက်

ပေရာ။ ထိုအကုသိုလ် ဒုစရိုက်တရားတို့ကို များစွာပြုလေ့, ကျင့်လေ့ရှိသောသူသည် သေ
သည်မှ အခြားမဲ့၌ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်-ဟု ဆိုအပ်သော အပါယ် ၄-ဘုံ
သို့သာ လားရချေသည်ဘုရား"ဟူ၍ လျှောက်ထားသည်။

ထိုအခါ ဘုရားသခင်သည် ဥပမာဖြင့် သိစေတော်မူလိုသည်ဖြစ်၍—

**သေယျထာပိ ဂါမဏိ ပုရိသော မဟတိံ ပုထုသိလံ ဂမ္ဘီရေ ဥဒကရဟဒေ ပက္ခိပေယျ၊**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်မြတ်ပါဠ်ဝယ် အဓိပ္ပါယ်သော်ကား "ဂါမဏိမည်သော ရွာသူကြီး၊ ဥပမာမည်သည်ကား ဤလောက၌ တစ်စုံတစ်ယောက်သော ယောကျာ်းသည် ကြီးလေးလှစွာသော ကျောက်ဖျာကို နက်လှစွာသော ရေအိုင်သို့ ပစ်ချလေရာ၏။ ထိုကျောက်ဖျာကြီးကို များစွာသော လူအပေါင်းတို့သည် ဝိုင်းဝန်းစည်းဝေး၍ လာပြီးသော် 'အချင်းကျောက်ဖျာကြီး၊ သင်သည် ရေထဲသို့ မနစ်ပါကုန်လင့်။ ရေအပေါ်၌ ပေါလောပေါ်ပါကုန်။ ဤမှာဘက်ကမ်းသို့ လာပါကုန်၊ ထိုမှာဘက်ကမ်းသို့ ကူးသန်းပါလေကုန်။ အညာသို့ ဆန်ပါကုန်၊ အောက်သို့ စုန်ပါကုန်'-ဟူ၍ လက်အုပ်ချီခြင်း, ရှိခိုးခြင်း, ချီးမွမ်းခြင်း, တောင်းပန်ခြင်းကို ပြုလေရာ၏။ ထိုလူအပေါင်းတို့သည် လက်အုပ်ချီခြင်း, ရှိခိုးခြင်း, တောင်းပန်ခြင်း-ဟူသော အကြောင်းကြောင့် ရေအတွင်းသို့ နစ်ရာသလော, ပေါ်ရာသလော"ဟု မေးတော်မူ၏။

ထိုအခါ ဂါမဏိရွာသူကြီးသည် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ ထိုလူအပေါင်းတို့သည် လက်အုပ်ချီခြင်း, ရှိခိုးခြင်း, ချီးမွမ်းခြင်း, တောင်းပန်ခြင်း-ဟူသော အကြောင်းကြောင့် ထိုကျောက်ဖျာကြီးသည် ပေါလောပေါ်ရာသော သဘော မရှိ။ စင်စစ်အားဖြင့် နစ်ရာသလျှင်ကတည်း"ဟု နားတော်လျှောက်၏။

"ဂါမဏိအမည်ရှိသော ရွာသူကြီး၊ ရေထဲသို့ ပစ်ချအပ်သော ကျောက်ဖျာသည် ပေါ်ခြင်းငှာ ခဲယဉ်းသကဲ့သို့ ဤလောက၌ တစ်စုံတစ်ယောက်သော ယောကျာ်းသည် သူ့အသက်ကို သတ်ခြင်း, သူတပါးတို့၏ ဥစ္စာကို ခိုးယူခြင်း, သူတပါးတို့၏ သား,မယားတို့ကို ပြစ်မှားလွန်ကျူးခြင်း-အစရှိသော အကုသိုလ်ဒုစရိုက်တရားတို့ကို ပြစ်မှားလွန်ကျူး၍ ကျင့်လေ့ရှိ၏။ သေခါနီးသို့ ရောက်သော် ထိုသူတို့ 'သုဂတိဘဝ-ဟု ဆိုအပ်သော လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံတို့၌ ဖြစ်ပါလေ'-ဟု များစွာသော လူအပေါင်းတို့သည် အညီအညွတ် ဝိုင်းဝန်းစည်းဝေး၍ လက်အုပ်ချီခြင်း, ရှိခိုးခြင်း, ချီးမွမ်းခြင်း, တောင်းပန်ခြင်းကို ပြုကုန်သော်လည်း နတ်ပြည်သုဂတိသို့ မရောက်ပေရာ။ စင်စစ်အားဖြင့် အကုသိုလ်ဒုစရိုက်တရားတို့ကို များစွာပြုကျင့်လေ့ရှိသော ယောကျာ်းသည် သေသည်မှ အခြားမဲ့၌ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ် ၄-ဘုံသို့သာ လားရာသည်"ဟု ဟောတော်မူသည်။

ဤသို့လျှင် ကဏှပက္ခ၌ အကျယ်အားဖြင့် မေး၍ ဖြေတော်မူပြီး၍ သုက္ကပက္ခ၌ အကျယ်ကို မေး၍ သိစေသောအားဖြင့် ဟောကြားတော်မူလိုသော ဘုရားသခင်သည် **"တံ ကိံ မညသိ ဂါမဏိ၊ ဣဓ ပုရိသော ပါဏာတိပါတာ ပဋိဝိရတော"**အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်မြတ်ပါဠ်ဝယ် အဓိပ္ပါယ်သော်ကား "ဂါမဏိအမည်ရှိသော နိဂုံးရွာသူကြီး၊ ငါဟောတော်မူလတ္တံ့သော စကားကို အဘယ်သို့ အောက်မေ့မည်နည်း။ ဤလောက၌ တစ်စုံတစ်ယောက်သော ယောကျာ်းသည်–

- **သူ၏အသက်ကို သတ်ခြင်းမှ** ကြဉ်၏။
- ဥစ္စာရှင်သည် ကိုယ်,နှုတ်တို့ဖြင့် မပေးအပ်သော လူဇာတ်ဖြစ်သော **သူတပါး၏ဥစ္စာကို ခိုးခြင်းမှ** ကြဉ်၏။
- မသွားလာ,မလွန်ကျူးအပ်သော ၂၂-ကျိပ်, ၁-ယောက်သော မိန်းမတို့၌ သွားလာလွန်ကျူး ပြစ်မှားခြင်း-ဟု ဆိုအပ်သော **ကာမေသု မိစ္ဆာစာရမှ** ကြဉ်၏။
- မဟုတ်မမှန် ဖောက်ပြန်ချွတ်ယွင်းသော စကားကို ပြောဆိုခြင်း-ဟု ဆိုအပ်သော **မုသာဝါဒမှ** ကြဉ်၏။
- သူ ၂-ယောက်တို့၏ ညီညွတ်ခြင်းကို ပျက်စီးစေခြင်းငှာ **ချောပစ်ကုန်းတိုက်ခြင်း**-ဟု ဆိုအပ်သော ပိသုဏဝါစာမှ ကြဉ်၏။
- လွှကဲ့သို့ ကြမ်းတမ်းသော အတွေ့ရှိသော, ရုန့်ရင်းသော စကားကို ဆိုခြင်း-ဟု ဆိုအပ်သော **ဖရုသဝါစာမှ** ကြဉ်၏။
- အနက်ဒြပ်မှ ကင်းသည်ဖြစ်၍ ပြိန်ဖျင်းသော စကားကို ဆိုခြင်း-ဟု ဆိုအပ်သော **သမ္ဖပ္ပလာပမှ** ကြဉ်၏။
- သူတပါးတို့၏ ဥစ္စာဘဏ္ဍာကို 'ငါ၏ဥစ္စာဖြစ်လေသော် ကောင်းလေ၏'-ဟု မိမိသို့ ရှေးရှုညွတ်စေခြင်း-ဟု ဆိုအပ်သော **အဘိဇ္ဈာမှ** ကြဉ်၏။
- 'သူတပါးတို့ သေကြေပျက်စီးပါလေသော် ကောင်းလေ၏'-ဟု ကြံခြင်း-ဟု ဆိုအပ်သော **ဗျာပါဒမှ** ကြဉ်၏။
- မိစ္ဆာဝါဒီ မညီမညွတ် ယွင်းချွတ်ဖောက်ပြန်သော အယူကို ပယ်၍ စင်ကြယ်သော သမ္မာဒိဋ္ဌိနှင့် ပြည့်စုံ၏။

ထိုသူကို သေခါနီးသို့ ရောက်သည်ရှိသော် 'အချင်းယောကျာ်း၊ သင်သည် သေသည်၏အခြားမဲ့၌ ချမ်းသာမှ ကင်းသော ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်၊ အပါယ် ၄-ပါးတို့၌ ဖြစ်ပါလေကုန်'-ဟု လူအပေါင်းတို့သည် အညီအညွတ် စည်းဝေးလာလတ်ကုန်၍

လက်အုပ်ချီခြင်း, ရှိခိုးခြင်း, ချီးမွမ်းခြင်း, တောင်းပန်ခြင်း, အစဉ်လိုက်ခြင်းကို ပြုကုန်ရာ၏။ ထိုလူအပေါင်း တောင်းပန်ခြင်း, လက်အုပ်ချီခြင်း, ရှိခိုးခြင်း, ချီးမွမ်းခြင်း, အစဉ်လိုက်ခြင်း-ဟူသော အကြောင်းကြောင့် သေသည်၏ အခြားမဲ့၌ အပါယ် ၄-ပါးသို့ လားရမည်လော"ဟု မေးတော်မူ၏။

ထိုအခါ ဂါမဏိအမည်ရှိသော ရွာသူကြီးသည် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ ထိုလူအပေါင်းတို့ တောင်းပန်ခြင်း-ဟူသော အကြောင်းကြောင့် ကုသိုလ်သုစရိုက်တရားတို့ကို များစွာဆောက်တည်၍ ကျင့်လေ့ရှိသောသူသည် သေသည်မှ အခြားမဲ့၌ အပါယ် ၄-ပါးသို့ မလားပေ"ဟု နားတော်လျှောက်၏။ ထိုအခါ သဗ္ဗညုတ မြတ်စွာဘုရားသည်လည်း ဥပမာအားဖြင့် ဂါမဏိအမည်ရှိသော ရွာသူကြီးအား ဟောကြားညွှန်ပြ ဆုံးမတော်မူလိုသည်ဖြစ်၍-

**သေယျထာပိ ဂါမဏိ ပုရိသော သပ္ပိကုမ္ဘံ ဝါ တေလကုမ္ဘံ ဝါ ဂမ္ဘီရေ ဥဒကရဟဒေ ဩဂါဟေတွာ ဘိန္ဒေယျ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်မြတ်ပါဌ်ဝယ် အဓိပ္ပါယ်သော်ကား "ဂါမဏိအမည်ရှိသော နိဂုံးရွာသူကြီး၊ ဥပမာမည်သည်ကား တစ်စုံတစ်ယောက်သောယောကျ်ားသည် ထောပတ်အိုးကိုလည်းကောင်း, ဆီအိုးကိုလည်းကောင်း နက်လှစွာသော ရေအိုင်သို့ ဆင်းသက်ငုပ်ဝင်၍ ခွဲလေရာ၏။ ထိုထောပတ်အိုး, ဆီအိုးတို့၌ ကွဲသော အိုးခြမ်းအပေါင်းတို့သည် အောက်သို့ နစ်သည် ဖြစ်ရာ၏။ ထောပတ်,ဆီတို့သည် ရေ၏အပေါ်သို့ တက်သည်ဖြစ်ရာ၏။ ထိုရေပေါ်သို့ တက်လာ,ပေါ်လာသော ထောပတ်,ဆီတို့ကို လူများအပေါင်းသည် အညီအညွတ် ဝိုင်းဝန်းစည်းဝေး၍ 'အချင်း ထောပတ်ဆီအပေါင်းတို့၊ သင်တို့သည် ရေ၏အတွင်းသို့ နစ်ပါလေကုန်'-ဟု လက်အုပ်ချီခြင်း, ရှိခိုးခြင်း, တောင်းပန်ခြင်း, ချီးမွမ်းခြင်း, အစဉ်လိုက်ခြင်းကို ပြုလေရာ၏။ ထိုသို့ ပြုခြင်း-ဟူသော အကြောင်းကြောင့် ထိုထောပတ်,ဆီတို့သည် ရေ၏အတွင်း၌ နစ်ကုန်ကြမည်လော"ဟု မေးတော်မူ၏။

ထိုအခါ ဂါမဏိအမည်ရှိသော နိဂုံးရွာသူကြီးသည် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ ထိုလူအပေါင်းတို့ လက်အုပ်ချီခြင်း, ရှိခိုးခြင်း, ချီးမွမ်းခြင်း, တောင်းပန်ခြင်း, အစဉ်လိုက်ခြင်း-ဟူသော အကြောင်းကြောင့် ထောပတ်,ဆီတို့သည် ရေ၏ အတွင်းသို့ မနစ်ကုန်ပေရာ။ ပေါ်ကုန်ရာသည်သာလျှင်တည်း"ဟု နားတော်လျှောက်၏။

"ဂါမဏိအမည်ရှိသော ရွာသူကြီး၊ ထို့အတူပင်လျှင် ဤလောက၌ အကြင်တစ်စုံတစ်ယောက်သောသူသည် ပါဏာတိပါတမှ ကြဉ်ခြင်း-အစရှိသော ကုသိုလ်သုစရိုက်တရား

တို့ကို များစွာဆောက်တည်၍ ကျင့်လေ့ရှိ၏။ ထိုသူတို့ သေခါနီးကာလသို့ ရောက်သည်ရှိသော် 'အချင်းယောကျ်ား၊ သင်သေသည်မှ အခြားမဲ့၌ အပါယ် ၄-ပါးသို့ လားပါလေကုန်'-ဟု လူအပေါင်းတို့သည် ဝိုင်းဝန်းစည်းဝေး၍ လက်အုပ်ချီခြင်း, ရှိခိုးခြင်း, ချီးမွမ်းခြင်း, တောင်းပန်ခြင်း, အစဉ်လိုက်ခြင်းကို ပြုကုန်သော်လည်း ထိုသုစရိုက်တရားကို များစွာဆောက်တည်၍ ကျင့်လေ့ရှိသောသူသည် သေသည်မှ အခြားမဲ့၌ အပါယ် ၄-ပါးသို့ မလားပေရာ။ သုဂတိဘဝ-ဟု ဆိုအပ်သော လှပြည့်,နတ်ရပ် မွန်မြတ်သောဘဝသို့ လားရာသည်" ဟု ဟောတော်မူသည်။

ထို့ကြောင့် ယခုအခါ သူတော်ကောင်းအပေါင်းတို့သည် အပါယ် ၄-ပါးသို့ လားခြင်း၏အကြောင်းဖြစ်သော မကောင်းမှုအကုသိုလ် ဒုစရိုက်တရားတို့မှ ဝေးစွာကြဉ်ရှောင်ကြကုန်သည်ဖြစ်၍ လူ့ပြည်,နတ်ရပ် မြတ်သောသုဂတိဘဝသို့ ရောက်၍ မဂ်ဉာဏ်,ဖိုလ်ဉာဏ်, နိဗ္ဗာန်ချမ်းသာကို ပေးတတ်သော ကုသိုလ်သုစရိုက်တရားတို့ကို ကြိုးစားအားထုတ်ကုန်ရာသည်။ ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (ဂါမဏိသံယုတ်)

★★★★★★★

## [ ၈ ] ဒါနအပြားကို ပြသောတရား

"ဝေနေယျာနံ သာသတီတိ သတ္ထာ။"

ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ဝေနေယျာနံ၊ ဝေနေယျသတ္တဝါအပေါင်းတို့ကို။ သာသတိ၊ ဆုံးမတော်မူတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သတ္ထာ၊ သတ္ထာ မည်၏။

ဤသို့လျှင် ဝေနေယျသတ္တဝါအပေါင်းတို့ကို ထိုက်သည်အားလျော်စွာ ဆုံးမတော်မူတတ်သည်၏အဖြစ်ကြောင့် သတ္ထာ-ဟူသော ဂုဏ်တော်နာမ ဝိသေသအထူးနှင့် ပြည့်စုံတော်မူသော ဘုရားသခင်သည် လောက၌ ဗေဒင်အတတ်ကို သင်တတ်ကုန်သော ဒိသာပါမောက္ခဆရာကြီးတို့သည် ပုဏ္ဏားလုလင်တို့အား ဗေဒင်အတတ်ကို သင်ကုန်သည်ရှိသော် ၁-ခု, ၁-လီ၊ ၂-ခု, ၂-လီ၊ ၃-ခု, ၃-လီမှစ၍ ၉-ခု, ၉-လီတိုင်အောင် အစဉ်အတိုင်း သင်လေ့ဘိသကဲ့သို့ ထို့အတူ ဝေနေယျသတ္တဝါအပေါင်းတို့အား ဆုံးမတော်မူသည်ရှိသော် "အနုပုဗ္ဗိကထံ ကထေသိ"အစရှိသော ပါဠိတော်နှင့်အညီ သုတ္တန်, ဝိနည်း, အဘိဓမ္မာအားဖြင့် ၃-ပါးသော ဒေသနာတို့၌ အစဉ်သော ဒေသနာတော်ဖြင့် ဆုံးမတော်မူသည်။

အဘယ်သို့ အစဉ်သော ဒေသနာတော်ဖြင့် ဆုံးမတော်မူလေသနည်းဟူမူကား ရှေးဦးစွာ **ဒါနကထာ**ဖြင့် ဆုံးမတော်မူသည်။

အလှူပေးခြင်း၌ မွေ့လျော်သည်ဖြစ်၍ နူးညံ့သော စိတ်နှလုံးရှိသောသူအား သီလကို ဆောက်တည်ခြင်း၌ မခဲယဉ်းသည်ဖြစ်၍ စွမ်းနိုင်သောသဘော ရှိ၏။ ထို့ကြောင့် ဒါနကထာ၏ အခြားမဲ့၌ **သီလကထာ**ကို ဟောတော်မူ၏။

ဒါန, သီလတို့ကို အားထုတ်၍ ဖြည့်ကျင့်ဆည်းပူးခြင်း၌ အဘယ်မည်သော အကျိုးအာနိသံသကို ရပ်လေသနည်းဟူသော လူ,နတ်,ဗြဟ္မာ သတ္တဝါတို့၏ တွေးတောယုံမှားဖွယ်ကို ပယ်ဖျောက်တော်မူလိုသော ဘုရားသခင်သည် ဒါနကထာ, သီလကထာတို့၏ အခြားမဲ့၌ လူ့ပြည်,နတ်ပြည်၌ဖြစ်သော ချမ်းသာ-ဟု ဆိုအပ်သော **သဂ္ဂကထာ**ကို ဟောတော်မူသည်။

ထို့နောင် "လူ့ပြည်,နတ်ပြည်၌ဖြစ်သော ချမ်းသာကို ရပါငြားသော်လည်း အမြဲအရှည် မတည်၊ များစွာ ညစ်ညူးပူပန်ခြင်း, ဆင်းရဲပင်ပန်းခြင်းနှင့်တကွ ဖြစ်ကုန်၏"ဟု **အာဒီနဝ ဩကာရ သံကိလေသကထာ**ကို ဟောတော်မူသည်။ ထို့နောင် လူ့ပြည်,နတ်ပြည်၌ဖြစ်သော ချမ်းသာတို့သည် များသောအပြစ်ရှိသည်ဖြစ်၍ ညစ်ညူးပင်ပန်းခြင်းနှင့်တကွ ဖြစ်သည်ရှိသော် "အဘယ်အရပ်ဌာန၌ ငါတို့အား သက်သာရာကို ရပါအံ့နည်း"ဟု သံဝေဂဉာဏ်ဖြင့် ပူပန်ထိတ်လန့်ကုန်သော အမျိုးသားတို့အား သက်သာရာကို ရစိမ့်သောငှာ ထိုကာမဂုဏ် ၅-ပါး ဝဋ်တရားတို့မှ ထွက်ကြောင်းဖြစ်သော ပဗ္ဗဇ္ဇာဥပသမ္ပဒ, ဈာန်အဘိညာဉ်, ဝိပဿနာ မဂ်,ဖိုလ်,နိဗ္ဗာန်တည်း-ဟူသော **နေက္ခမ္မအာနိသံသကထာ**ကို ပြ၍ ဟောတော်မူသည်။

ထိုအစဉ်အားဖြင့် ဟောတော်မူအပ်သော ဒေသနာတော်၌ မလိမ္မာသေးသောသူတို့အား ဒါနအရာ၌ လိမ္မာစိမ့်သောငှာ ဒါနအပြားကို ခွဲခြမ်းဝေဖန်၍ ဟောကြားတော်မူသည်။ အဘယ်သို့ ဟောသနည်းဟူမူကား ရတနာ ၃-ပါးတို့အားလည်းကောင်း, ဖုန်းတောင်း ယာစကာ- အစရှိသော အလှူခံပုဂ္ဂိုလ်တို့အားလည်းကောင်း နည်းသည်ဖြစ်စေ, များသည် ဖြစ်စေ မိမိ၏ဥစ္စာဖြစ်သော ပစ္စည်းဝတ္ထုတို့ကို ပေးလှူစွန့်ကြဲခြင်းသည် ဒါနမည်၏။ စာဂ လည်း မည်၏။

"ဒါနံ သီလဉ္စ ဘာဝနံ"အစရှိသော ပုညကိရိယာတရားတို့၌လည်းကောင်း, "ဒါနံ သီလဉ္စ နေက္ခမ္မံ"အစရှိသော ပါရမီတရားတို့၌လည်းကောင်း အလုံးစုံသော ပေးလှူစွန့်ကြဲခြင်းသည် ဒါနမည်၏။

စာဂါနုဿတိအရာ၌လည်းကောင်း, 'စာဂိယ ဝိပုလံ ခနံ'ဟူသော ပါဠိအရာ၌လည်းကောင်း အလုံးစုံသော ပေးလှူစွန့်ကြဲခြင်းသည် စာဂမည်၏။ ရာဇဓမ္မ ၁၀-ပါး၌ကား-

"ဒါနံ ပရိစ္စာဂံ"ဟု အသီးအခြားပင် ဖြစ်၏။ သဘောလက္ခဏာအားဖြင့်ကား "ဝတ္ထု-**ပရိစ္စာဂလက္ခဏံ ဒါနံ**"ဟူသော ပါဠိနှင့်အညီ မိမိ၏ပစ္စည်းဝတ္ထုကို စွန့်ခြင်းသဘောအားဖြင့် ဖြစ်ရကား ဒါန,ပရိစ္စာဂသည် မိမိ၏ပစ္စည်းဝတ္ထုကို စွန့်ခြင်းလက္ခဏာအားဖြင့် ၁-ပါးသာ အဖို့ရှိ၏။

**ဉာဏဝိပ္ပယုတ်ဒါန, ဉာဏသမ္ပယုတ်ဒါန**-ဟူ၍ ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင် အလှူခံပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူးကို မသိ၊ ဒါနဝတ္ထု, ဒါနစေတနာ၏အကျိုးကို မသိ၊ တပါးသောသူတို့၏ အတုသို့ လိုက်၍သာ လှူဒါန်းပူဇော်သောလူ၏ ဒါနသည် ဉာဏ်နှင့် မယှဉ်သော **ဉာဏဝိပ္ပယုတ်ဒါန** မည်၏။ သမ္မာဒိဋ္ဌိ အယူရှိသည်ဖြစ်၍ အလှူခံပုဂ္ဂိုလ်တို့၏ ကျေးဇူးဂုဏ်တို့ကိုလည်းကောင်း၊ ဒါနဝတ္ထု, ဒါနစေတနာ၏ အကျိုးတို့ကိုလည်းကောင်း သိသဖြင့် ဉာဏ်နှင့်ယှဉ်၍ လှူသောသူ၏ ဒါနသည် **ဉာဏသမ္ပယုတ်ဒါန** မည်၏။ ထို ၂-ပါးတို့တွင် ဉာဏသမ္ပယုတ်ဒါနသည် ထူးမြတ်လွန်ကဲသော အကျိုးရှိ၏။

တစ်နည်းလည်း ဒါနသည် **သောမနဿသဟဂတဒါန, ဥပေက္ခာသဟဂတဒါန** အားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင် ဝမ်းမြောက်ဝမ်းသာ ကြည်လင်ရွှင်လန်းသော စိတ်ဖြင့် လှူဒါန်းပူဇော်သောသူ၏ ဒါနသည် **သောမနဿသဟဂတဒါန** မည်၏။ ဝမ်းမြောက်ဝမ်းသာ ကြည်လင်ရွှင်လန်းသောစိတ် မရှိမူ၍ လှူဒါန်းပူဇော်သောသူ၏ ဒါနသည် **ဥပေက္ခာ-သဟဂတဒါန** မည်၏။ ထို ၂-ပါးတို့တွင် သောမနဿသဟဂတဒါနသည် ထူးမြတ်လွန်ကဲသော အကျိုးရှိ၏။

တစ်နည်းလည်း ဒါနသည် **သသင်္ခါရိကဒါန, အသင်္ခါရိကဒါန**အားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင် လှူဖွယ်ဝတ္ထုတို့၌ ကပ်ငြိသော စိတ်ရှိသည်ဖြစ်၍ လွတ်လွတ်မစွန့်နိုင်ခြင်းကြောင့် မိမိစိတ်ကို မိမိတိုက်တွန်းရခြင်း, သူတပါးတို့ တိုက်တွန်းရခြင်းတည်းဟူသော ပုဗ္ဗပယောဂရှိသည်ဖြစ်၍ ပေးလှူပူဇော်သောသူ၏ ဒါနသည် **သသင်္ခါရိကဒါန** မည်၏။ လှူဖွယ်ဝတ္ထုတို့၌ တွယ်တာကပ်ငြိခြင်း မရှိမူ၍ ဆုတ်နစ်တွန့်တိုခြင်း မရှိ လွတ်လွတ်စွန့်နိုင်သည်၏အဖြစ်ကြောင့် မိမိစိတ်ကို မိမိတိုက်တွန်းရခြင်း, သူတပါးတို့ တိုက်တွန်းရခြင်းတည်းဟူသော ပုဗ္ဗပယောဂ မရှိသောသူ၏ ဒါနသည် **အသင်္ခါရိကဒါန** မည်၏။ ထို ၂-ပါးတို့တွင် အသင်္ခါရိကဒါနသည် ထူးမြတ်လွန်ကဲသော အကျိုးရှိ၏။

တစ်နည်းလည်း ဒါနသည် **ဩမကဒါန, ဥက္ကဋ္ဌဒါန**-ဟူ၍ ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင် လှူဒါန်းပူဇော်သောကာလ ရှေ့အဖို့, နောက်အဖို့တို့၌ ကုသိုလ်ဇောဝါရ အခြံအရံနည်းသည်ဖြစ်၍ လှူပြီးသော နောက်ကာလ၌ ဝမ်းမြောက်ဝမ်းသာ မဆင်ခြင် မအောက်မေ့သောသူ၏ ဒါနသည် **ဩမကဒါန** မည်၏။ လှူစဉ်ကာလ ရှေ့အဖို့ နောက်အဖို့

တို့၌ ကုသိုလ်စေတနာ ဝိရ အခြံအရံများသည်ဖြစ်၍ လှူပြီးသော နောက်ကာလ၌ ဝမ်းမြောက်ဝမ်းသာ ဆင်ခြင်အောက်မေ့သောသူ၏ ဒါနသည် ဥက္ကဋ္ဌဒါန မည်၏။ ထို ၂-ပါးတို့တွင် ဥက္ကဋ္ဌဒါနသည် ထူးမြတ်လွန်ကဲသော အကျိုးရှိ၏။

တစ်နည်းလည်း ဒါနတရားသည် **အစမ္မိယဒါန, စမ္မိယဒါန**အားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင် ၃-ပါးသော ဒုစရိုက်တို့နှင့် စပ်ယှက်သည်ဖြစ်၍ အစမ္မိယလဒ္ဓအားဖြင့် မတရားသောအမှုကို ပြုကျင့်၍ ရအပ်သော မစင်ကြယ်သော ဝတ္ထုပစ္စည်းတို့ကို လှူဒါန်းပူဇော်သောသူ၏ ဒါနသည် **အစမ္မိယဒါန** မည်၏။ ၃-ပါးသော ဒုစရိုက်တို့နှင့် မစပ်ယှက်သက်သက်သော သုစရိုက်တို့ဖြင့် စမ္မိယလဒ္ဓအားဖြင့် စင်ကြယ်စွာ ရအပ်သော ဝတ္ထုတို့ကို လှူဒါန်းပူဇော်သောသူ၏ ဒါနသည် **စမ္မိယဒါန** မည်၏။ ထို ၂-ပါးတို့တွင် စမ္မိယဒါနသည် ထူးမြတ်လွန်ကဲသော အကျိုးရှိ၏။

တစ်နည်းလည်း ဒါနသည် **ဗာဟိရဒါန, အဇ္ဈတ္တိကဒါန**အားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင် မိမိကိုယ်မှတပါး သား,မယား,ဥစ္စာပစ္စည်းတို့ကို ပေးလှူသောသူ၏ ဒါနသည် **ဗာဟိရဒါန** မည်၏။ မိမိ၏ မျက်စိ,ခြေ,လက်အင်္ဂါ, နား,နှာခေါင်း, နှလုံးသည်းပွတ် အစရှိသည်တို့ကို ပေးလှူသောသူ၏ ဒါနသည် **အဇ္ဈတ္တိကဒါန** မည်၏။ ထို ၂-ပါးတို့တွင် အဇ္ဈတ္တိကဒါနသည် ထူးမြတ်လွန်ကဲသော အကျိုးရှိ၏။

တစ်နည်းလည်း ဒါနသည် **အဇီဝိတဒါန, ဇီဝိတဒါန**အားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင် မိမိအသက်, သူတပါးအသက်မှ တပါးသော ဝတ္ထုပစ္စည်းတို့ကို လှူဒါန်းပူဇော်သောသူ၏ ဒါနသည် **အဇီဝိတဒါန** မည်၏။ မိမိအသက်ကို စွန့်၍လည်းကောင်း, အသက်သေအံ့သော သတ္တဝါတို့၏ သေဘေးမှ လွတ်စေ၍လည်းကောင်း လှူဒါန်းပူဇော်သောသူ၏ ဒါနသည် **ဇီဝိတဒါန** မည်၏။ ထို ၂-ပါးတို့တွင် ဇီဝိတဒါနသည် ထူးမြတ်လွန်ကဲသော အကျိုးရှိ၏။

တစ်နည်းလည်း ဒါနသည် **ဒါနဒါသ, ဒါနသဟာယ, ဒါနပတိ**သာမိအားဖြင့် ၃-ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင် မိမိမူကား အကောင်းအမြတ်ကို သုံးဆောင်၍ အလှူခံပုဂ္ဂိုလ်တို့အား ကျွန်အမှုလုပ်တို့ကို ပေးသကဲ့သို့ ရှုန့်ကြမ်းဆိုးရွားသည်ဖြစ်၍ ယုတ်သောဝတ္ထုကို လှူဒါန်းပူဇော်သောသူ၏ ဒါနသည် **ဒါနဒါသ** မည်၏။ အဆွေခင်ပွန်းတို့အားပေးသကဲ့သို့ မိမိသုံးဆောင်သော ဝတ္ထုနှင့်တူသော ဝတ္ထုကို ပေးလှူသောသူ၏ ဒါနသည် **ဒါနသဟာယ** မည်၏။ မိမိမူကား ဟုတ်ဟုတ်ငြားငြားသော ဝတ္ထုပစ္စည်းကို သုံးဆောင်၍ အရှင်သခင်ကို ဆက်သသကဲ့သို့ အလှူခံပုဂ္ဂိုလ်တို့အား အကောင်းအမြတ်ကို လှူဒါန်းပူဇော်

သောသူ၏ ဒါနသည် **ဒါနပတိသာမိ** မည်၏။ ထို ၃-ပါးတို့တွင် ဒါနပတိသာမိသည် ထူးမြတ်လွန်ကဲသော အကျိုးရှိ၏။

တစ်နည်းလည်း ဒါနသည် **အသက္ကစ္စဒါန, သက္ကစ္စဒါန**အားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင် အလှူခံဝတ္ထု, အလှူခံပုဂ္ဂိုလ်တို့၌ မရိုမသေပြု၍ လှူဒါန်းပူဇော်သောသူ၏ ဒါနသည် **အသက္ကစ္စဒါန** မည်၏။ အလှူခံဝတ္ထု, အလှူခံပုဂ္ဂိုလ်တို့၌ ရိုသေစွာ လှူဒါန်းပူဇော်သောသူ၏ ဒါနသည် **သက္ကစ္စဒါန** မည်၏။ ထို ၂-ပါးတို့တွင် သက္ကစ္စဒါနသည် ထူးမြတ်လွန်ကဲသော အကျိုးရှိ၏။

တစ်နည်းလည်း ဒါနသည် **အသပ္ပုရိသဒါန, သပ္ပုရိသဒါန**အားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင် ယုတ်မာသောအားဖြင့် နှလုံးသွင်းခြင်းရှိသည်ဖြစ်၍ လှူဒါန်းပူဇော်သောသူ၏ ဒါနသည် **အသပ္ပုရိသဒါန** မည်၏။ 'ဘုရား-အစရှိသော သူတော်ကောင်းတို့ကဲ့သို့ လူ,နတ်,နိဗ္ဗာန် ၃-တန်သောချမ်းသာကို ပေးလတ္တံ့'-ဟု ကောင်းသော နှလုံးသွင်းခြင်းရှိသည်ဖြစ်၍ လှူဒါန်းပူဇော်သောသူ၏ ဒါနသည် **သပ္ပုရိသဒါန** မည်၏။ ထို ၂-ပါးတို့တွင် သပ္ပုရိသဒါနသည် ထူးမြတ်လွန်ကဲသော အကျိုးရှိ၏။

တစ်နည်းလည်း ဒါနသည် **ဟီနဒါန, မဇ္ဈိမဒါန, ပဏီတဒါန**အားဖြင့် ၃-ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင် လူပြည်၌ ချီးမွမ်းခြင်း, ထင်ပေါ်ကျော်စောခြင်းကို တောင့်တ၍ လှူသောသူ၏ ဒါနသည် **ဟီနဒါန** မည်၏။ လူချမ်းသာ, နတ်ချမ်းသာတို့ကို တောင့်တ၍ လှူသောသူ၏ ဒါနသည် **မဇ္ဈိမဒါန** မည်၏။ မဂ်,ဖိုလ်,နိဗ္ဗာန်ကို တောင့်တ၍ လှူသောသူ၏ ဒါနသည် **ပဏီတဒါန** မည်၏။

**တစ်နည်းလည်း** နံ့သော **ဆန္ဒ, စိတ္တ, ဝီရိယ, ပညာ**တို့ဖြင့် လှူဒါန်းပူဇော်သောသူ၏ ဒါနသည် ဟီနဒါန မည်၏။ အလတ်ဖြစ်သော ဆန္ဒ, စိတ္တ, ဝီရိယ, ပညာတို့ဖြင့် လှူဒါန်းပူဇော်သောသူ၏ ဒါနသည် မဇ္ဈိမဒါန မည်၏။ မြတ်သော ဆန္ဒ, စိတ္တ, ဝီရိယ, ပညာတို့ဖြင့် လှူဒါန်းပူဇော်သောသူ၏ ဒါနသည် ပဏီတဒါန မည်၏။

**တစ်နည်းလည်း** "ငါကား ဒါနတရားနှင့် ပြည့်စုံ၏။ သူတပါးကား မပြည့်စုံ"ဟု မိမိကိုယ်ကို ချီးမြှင့်၍ သူတပါးတို့အား နှိပ်စက်ပြစ်တင်ခြင်းကို ပြု၍ ညစ်ညူးသောစိတ်ဖြင့် လှူဒါန်းပူဇော်သော ဒါနသည် ဟီနဒါန မည်၏။ မိမိကိုယ်ကို ချီးမြှင့်ခြင်း, သူတပါးတို့အား ကဲ့ရဲ့ရှုတ်ချခြင်း မရှိမူ၍ လူပြည်,နတ်ပြည်၌ဖြစ်သော စည်းစိမ်ချမ်းသာကို တောင့်တ၍ လှူသောသူ၏ ဒါနသည် မဇ္ဈိမဒါန မည်၏။ ဝဋ်ဆင်းရဲမှ ကင်းခြင်းကို တောင့်တ၍ ပါရမီအဖြစ်သို့ ရောက်အောင် လှူဒါန်းပူဇော်သောသူ၏ ဒါနသည် ပဏီတဒါန မည်၏။ ထို ၃-ပါးတို့တွင် ပဏီတဒါနသည် ထူးမြတ်လွန်ကဲသော အကျိုးရှိ၏။

ဤသို့ အစရှိသည်ဖြင့် ဒါနအရာ၌ မလိမ္မာသော သတ္တဝါအပေါင်းတို့အား ဒါနအရာ၌ လိမ္မာစေခြင်းငှာ အထူးထူးအပြားပြား ခွဲခြားဝေဖန်၍ ပြတော်မူသည်။

ဒါနကထာကို ဟောတော်မူသော ဘုရားသခင်သည် ဒါနအပြားကိုသာ ခွဲခြမ်းဝေဖန်၍ ပြတော်မူသည် မဟုတ်သေး။ ဒါနတရား၏ ဂုဏ်ကျေးဇူးကိုလည်း အထူးအားဖြင့် ချီးမွမ်း၍ ဟောတော်မူသည်။ အဘယ်သို့ ချီးမွမ်း၍ ဟောတော်မူသနည်းဟူမူကား—

**ဣဒံ ဒါနံ နာမ သုခါနံ နိဒါနံ၊ သမ္ပတ္တီနံ မူလံ၊ ဘောဂါနံ ပတိဋ္ဌာ၊ ဝိသမဂတဿ တာဏံ လေဏံ ဂတိ ပရာယဏံ၊ ဣဓလောကပရလောကေသု ဒါနသဒိသော အဝဿယော ပတိဋ္ဌာ အာရမ္မဏံ တာဏံ လေဏံ ဂတိ ပရာယဏံ နတ္ထိ။**

ဟူသော မဟာဝဂ္ဂအဋ္ဌကထာပါဠ် မိန့်အပ်သည်နှင့်အညီ "ဒါနတရား မည်သည်ကား ချမ်းသာသုခတို့၏လည်းကောင်း, ပြည့်စုံခြင်း သမ္ပတ္တိတို့၏လည်းကောင်း အကြောင်းရင်းဖြစ်၏။ စည်းစိမ်ဥစ္စာတို့၏ တည်ရာဖြစ်၏။ ဝဋ်ဆင်းရဲ၌ လားရသောသူ၏ စောင့်ရှောက်ပုန်းအောင်း လဲလျောင်းမှီခိုရာလည်း ဖြစ်၏။ ဤပစ္စုပ္ပန်လောက, တမလွန်လောကတို့၌ ဒါနတရားနှင့်တူသော မှီရာ,တည်ရာ, အာရုံပြုရာ, စောင့်ရှောက်ရာ, ပုန်းအောင်းလဲလျောင်းရာမည်သည် မရှိ"ဟု ချီးမွမ်းတော်မူသည်။ (ဒီဋ္ဌ၊၂။၆၂)

အဘယ်သို့ မှီရာဖြစ်လေသနည်းဟူမူကား "**ဣဒဉှိ အဝဿယဋ္ဌေန ရတနမယသီဟာသနသဒိသံ နာမ**"ဟူသော မဟာဝဂ္ဂအဋ္ဌကထာပါဠ် မိန့်အပ်သည်နှင့်အညီ ကေသရာဇာခြင်္သေ့မင်း၏နေရာ ရတနာရွှေဂူသည် ရန်သူအပေါင်းနှင့် မဆက်ဆံသည်ဖြစ်၍ ရတနာမျိုးတို့ဖြင့် ဆန်းကြယ်တင့်တယ်သည်ဖြစ်၍ နှလုံးမွေ့လျော်ဖွယ်ရာ ဖြစ်သကဲ့သို့ ထို့အတူ ဤဒါနစေတနာသည် ယခုပစ္စုပ္ပန် ကိုယ်သန္တာန်တွင် ဖြစ်ဆဲခဏ၌လည်း လောဘ, ဒေါသ, မောဟ-အစရှိသော ကိလေသာ ရန်သူတို့နှင့် မဆက်ဆံ၊ သတိ, ဉာဏ်, သဒ္ဓါ, ဝီရိယ-အစရှိသော တရားရတနာမျိုးတို့ဖြင့် တင့်တယ်ဆန်းကြယ်သည်ဖြစ်၍ နှလုံးမွေ့လျော်ဖွယ်ရှိခြင်း၊ တမလွန်ဘဝသို့ ရောက်၍ လူ့ပြည်,နတ်ရပ် မွန်မြတ်သော ဘဝတို့၌ ရန်သူမျိုး ၅-ပါးတို့နှင့် မဆက်ဆံသော သူဌေးသူကြွယ်, ပဒေသရာဇ်မင်း, ဧကရာဇ်မင်း, စကြာမင်း, သိကြားမင်းတို့၏ စည်းစိမ်ချမ်းသာ ဥစ္စာရတနာမျိုးတို့ကို ပေးပေတတ်သောကြောင့် အဖိုးအတိုင်းမသိ ထိုက်ပေရကား ခြင်္သေ့မင်း၏နေရာ ရတနာရွှေဂူနှင့် တူ၏။

"**ပတိဋ္ဌာနဋ္ဌေန မဟာပထဝိသဒိသံ ဒါနံ**"ဟူသော အဋ္ဌကထာပါဠ် မိန့်အပ်သည်နှင့်အညီ မြေကြီးသည် သစ်ပင်,သတ္တဝါ, တော,တောင်,ရေ, သမုဒ္ဒရာ, သီဒါ, သတ္တရဘန်, မြစ်ကြီး,မြစ်ငယ်တို့၏ တည်ရာဖြစ်သကဲ့သို့ ထို့အတူ လူ့ပြည်,နတ်ရပ် မွန်မြတ်သော ဘဝတို့၌

သူဌေးသူကြွယ်, ပဒေသရာဇ်မင်း, ဧကရာဇ်မင်း, စကြာမင်း, သိကြား, အသုရာ-အစရှိသော လူ,နတ်တို့သည် ဒါနစေတနာတည်းဟူသော တည်ရာအခံမြေ၏ အပေါ်၌သာလျှင် လူ,နတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစား၍ နေကြရကုန်သည်။ သာဝက, ပစ္စေကဗုဒ္ဓါ, သမ္မာသမ္ဗုဒ္ဓ အရှင်တို့သည်လည်း ဒါနစေတနာတည်းဟူသော တည်ရာမြေ၌သာလျှင် တည်ကုန်၍ သာဝကပါရမီဉာဏ်, ပစ္စေကဗောဓိဉာဏ်, သမ္မာသမ္ဗောဓိဉာဏ်, နိဗ္ဗာန်ကို ရှာတော်မူကြရကုန်သည်။ ထို့ကြောင့် ဒါနစေတနာသည် တည်ရာ အခံမြေနှင့်လည်း တူ၏။

"**အာရမ္မဏဋ္ဌေန အာလမ္ဗနရဇ္ဇုသဒိသံ ဒါနံ**"ဟူသော အဋ္ဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ အားနည်း၍ အိုမင်းမစွမ်းသူတို့သည် နိမ့်ရာအရပ်မှ မြင့်ရာအရပ်သို့, မြင့်ရာအရပ်မှ နိမ့်ရာအရပ်သို့ တက်လို,သက်လိုသည်ဖြစ်အံ့၊ ထခြင်း,ရပ်ခြင်း, သွားခြင်း,လာခြင်းငှာ အလိုရှိသည်ဖြစ်အံ့။ ကြိုးစကို ဆွဲ၍ဆွဲ၍ တက်ခြင်း, သက်ခြင်း, ထခြင်း, ရပ်ခြင်း, သွားခြင်း ကိစ္စကို ပြုရလေကုန်ဘိသကဲ့သို့ ထို့အတူ ဒါနစေတနာတည်းဟူသော ကြိုးစကို ဆွဲ၍ဆွဲ၍ လူပြည်,နတ်ပြည်သို့ လူ,နတ်တို့သည် တက်ကြ, သက်ကြရကုန်သည်။ ဘုရား-အစရှိသော အရိယာသခင်တို့သည်လည်း ဒါနစေတနာတည်းဟူသော ကြိုးစကို ဆွဲ၍ဆွဲ၍ သဗ္ဗညုတဉာဏ်, နိဗ္ဗာန်ကို ရှာတော်မူကြရကုန်သည်။ ထို့ကြောင့် ဒါနစေတနာသည် ဆွဲရာ ကြိုးနှင့်လည်း တူ၏။ (ဒီ၊ဋ္ဌ၊၂။၆၃)

"**ဣဒ္ဓိ ဒုက္ခနိတ္ထရဏဋ္ဌေန နာဝါ**"ဟူသော အဋ္ဌကထာပါဌ်နှင့်အညီ လှေသင်္ဘောသည် ကူးခပ်နိုင်ခဲသော ပင်လယ်သမုဒ္ဒရာကို အသာလွယ်ကူ ကူးခပ်စေ၍ မိမိတို့ နေလိုရာအရပ်သို့ သင်္ဘောသားတို့အား တခဏချင်း ရောက်စေဘိသကဲ့သို့ ထို့အတူ ဒါနစေတနာသည် အပါယ်ငရဲ, ဝဋ်ဆင်းရဲတို့၌ နစ်မွန်းမျောပါကုန်သော သတ္တဝါအပေါင်းတို့ကို ထိုအပါယ်ငရဲ, ဝဋ်ဆင်းရဲတို့မှ ထုတ်ဆောင်၍ နိဗ္ဗာန်တည်းဟူသော လိုရာအရပ်သို့ ရောက်စေတတ်သောကြောင့် လှေသင်္ဘောနှင့်လည်း တူ၏။

"**သမဿာသဋ္ဌေန သင်္ဂါမသူရော**"ဟူသော အဋ္ဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ စစ်မြေပြင်၌ သူရဲသည် အလုံးစုံသော ရန်သူအပေါင်းကို နှိမ်နင်း၍ ကောင်းခြင်းမင်္ဂလာနှင့်ပြည့်စုံသော တူရိယာမျိုးတို့ဖြင့် အောင်ပွဲခံလျက် မိမိအခြွေအရံဖြစ်သောသူတို့အား သက်သာရာကို ရစေသကဲ့သို့လည်းကောင်း၊ ဘီလူး,သရဲ,မိကျောင်း, လင်းပိုင်, ငါး, လိပ်, မကာန်း-အစရှိသော ဘေးရန်တို့နှင့် ရောပြွမ်းဆက်ဆံသော မြစ်ဝှမ်းကို မကူးမသန်းဝံ့ ကြောက်ရွံ့သည်ဖြစ်၍ ပေါင်းရုံးစည်းဝေး၍ နေကုန်သော လူအပေါင်းတို့၏ ရှေ့မှ သန်လျက်ကို စွဲ၍ ဘီလူး,သရဲ, မိကျောင်း, လင်းပိုင်-အစရှိကုန်သော ရန်သူအပေါင်းကို သတ်ဖြတ်လျက်

ကမ်းတဘက်သို့ ထိုလူအပေါင်းတို့ကို ချမ်းသာစွာ ရောက်စေသကဲ့သို့လည်းကောင်း ထို့အတူ ဒါနစေတနာသည်လည်း ကိလေသာတည်းဟူသော ဘေးရန်တို့ကို ပယ်ဖျောက်၍ နိဗ္ဗာန်တည်းဟူသော တဘက်ကမ်းသို့ ရောက်စေ၍ ပစ္စဝေက္ခဏာဉာဏ်ဖြင့် သက်သာရာကို ရစေတတ်သောကြောင့် စစ်မြေပြင်၌ သူရဲကောင်းနှင့်လည်း တူ၏။

"**ဘယပရိတ္တာဏဋ္ဌေန သုသခ်ိတနဂရံ**"ဟူသော အဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ ပစ္စင်ရင်တား, တံခါး, ကျုံး,မြောင်း, တန်ဆောင်း, ပြအိုး-အစရှိသည်တို့ဖြင့် ကောင်းစွာ စီရင်အပ်သော မြို့၏အတွင်းသို့ တစ်စုံတစ်ယောက်သော ရန်သူသည် မဆက်ဆံ, မဝင်နိုင်သကဲ့သို့ ထို့အတူ ဒါနစေတနာသည် မိမိနှင့် ဆက်ဆံသော သတ္တဝါသန္တာန်သို့ ကိလေသာတည်းဟူသော ဘေးရန်၊ အပါယ်ဆင်းရဲ, ဝဋ်ဆင်းရဲတည်းဟူသော ဘေးရန်တို့ကို မဆက်ဆံ, မဝင်စေတတ်သည်ဖြစ်၍ တားမြစ်ပေတတ်သောကြောင့် ကောင်းစွာစီရင်အပ်သော မြို့နှင့်လည်း တူ၏။

"**မစ္ဆေရမလာဒီဟိ အနုပလိတ္တဋ္ဌေန ပဒုမံ**"ဟူသော အဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ ပဒုမာကြာဖက်သည် မိုးပေါက်,ဆီးနှင်းရေတို့ဖြင့် မလိမ်းကျံသည်ဖြစ်၍ တခဏချင်း လျှော၍ ကင်းလေဘိသကဲ့သို့ ထို့အတူ ဒါနစေတနာသည်လည်း လောဘ,မစ္ဆေရ အစရှိကုန်သော အညစ်အကြေးတို့ဖြင့် မလိမ်းကျံသည်ဖြစ်၍ သန့်ရှင်းစင်ကြယ်စေတတ်သောကြောင့် ပဒုမာကြာနှင့်လည်း တူ၏။

"**တေသံ နိဒဟနဋ္ဌေန အဂ္ဂိ**"ဟူသော အဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ မီးသည် အစိမ်း,အခြောက်ဖြစ်ကုန်သော သစ်ပင်,မြက်,သစ်ရွက်,အမှိုက်တို့ကို မရွေးမူ၍ လောင်သကဲ့သို့ ထို့အတူ လောဘ,မစ္ဆေရ-အစရှိကုန်သော ကိလေသာအမှိုက်တို့ကို လောင်တတ်သောကြောင့် ဒါနစေတနာသည် မီးနှင့်လည်း တူ၏။

"**ဒုရာသဒဋ္ဌေန အာသီဝိသော**"ဟူသော အဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ အဆိပ်ထန်သော မြွေ၏အနီးသို့ တစ်စုံတစ်ယောက်သော သတ္တဝါသည် ချဉ်းကပ်ဝံ့ခဲသကဲ့သို့ ထို့အတူ ဒါနစေတနာသည်လည်း လောဘ, မစ္ဆေရ-အစရှိသော ကိလေသာတို့သည် ချဉ်းကပ်ဝံ့ခဲသောကြောင့် အဆိပ်ထန်သော မြွေနှင့်လည်း တူ၏။

"**အသန္တာသနဋ္ဌေန သီဟော**"ဟူသော အဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ ကေသရာခြင်္သေ့မင်းသည် ကြောက်ရွံ့ထိတ်လန့်ခြင်း ကင်းသကဲ့သို့ ထို့အတူ ဒါနစေတနာသည် ကြောက်ရွံ့ထိတ်လန့်ခြင်း မဖြစ်စေတတ်သောကြောင့် ကေသရာဇာ ခြင်္သေ့မင်းနှင့်လည်း တူ၏။

**"ဗလဝန္တဋ္ဌေန ဟတ္ထိ"**ဟူသော အဋ္ဌကထာပါဌ်၌ မိန့်အပ်သည်နှင့်အညီ ဆဒ္ဒန်ဆင်မင်းသည် အလွန်အားကြီးသည်ဖြစ်၍ မိမိ၏အပေါ်၌ များစွာသော သတ္တဝါအပေါင်းတို့ကို တင်၍ မြစ်,သမုဒ္ဒရာ, ထုံးအိုင်,ရွံ့,ညွန်တို့ကို တခဏချင်း လွန်စေဘိသကဲ့သို့ ထို့အတူ ဒါနစေတနာသည်လည်း အလွန်အားကြီးသည်ဖြစ်၍ များစွာသော သတ္တဝါအပေါင်းတို့ကို မိမိအပေါ်၌ တင်ထား၍ အပါယ် ၄-ပါး ကာမဂုဏ်ဝဋ္ဋရားတို့မှ တခဏချင်း ကင်းအောင် ဆောင်ပေတတ်သောကြောင့် ဆဒ္ဒန်ဆင်မင်းနှင့်လည်း တူ၏။

**"အဘိမင်္ဂလသမ္မတဋ္ဌေန သေတဥသဘော"**ဟူသော အဋ္ဌကထာပါဌ်၌ မိန့်အပ်သည်နှင့်အညီ လောက၌ ကိုယ်လုံးဖြူသော နွားလားဥသဘကို အလွန်မင်္ဂလာ-ဟု လူတို့သည် သမုတ်အပ်သကဲ့သို့ ထို့အတူ ဒါနစေတနာသည်လည်း မကောင်းမှုကို ရိတ်တတ်,ဖြတ်တတ်သည်ဖြစ်၍ အလွန်စင်ကြယ်သော, ကောင်းမြတ်သော မင်္ဂလာ-ဟု သမုတ်အပ်သောကြောင့် ကိုယ်လုံးဖြူသော နွားလားဥသဘနှင့်လည်း တူ၏။

**"ခေမန္တဘူမိသမ္ပာပနဋ္ဌေန ဝလာဟကအဿရာဇာ"** ကျမ်းလာသည်နှင့်အညီ သမုဒ္ဒရာ၏အလယ် ကျွန်းငယ်၌ ကျက်စားသော ဝလာဟကအဿရာဇာ- ကောင်းကင်ကို ပျံ၍ သွားခြင်းငှာ စွမ်းနိုင်သော မြင်းမင်းသည် သမုဒ္ဒရာ၏အလယ်၌ သင်္ဘောပျက်၍ အသက်ခံတွင်းမဆန့် သေရအံ့သော ဘေးသို့ ရောက်လေကုန်ပြီးသော သင်္ဘောသား ၅၀၀-တို့ကို အသာလွယ်ကူ မိမိကျောက်ကုန်းဖြင့် တင်ယူရွက်ဆောင်၍ မိမိတို့၏နေရာသို့ ရောက်အောင် ပို့သဖြင့် မိမိတို့၏ အခြွေအရံ သား,မယားတို့နှင့်တကွ ပျော်ပါးဝမ်းမြောက် မနောက်မကျုသော စိတ်နှလုံးဖြင့် ချမ်းမြေ့စွာ နေရဘိသကဲ့သို့ ထို့အတူ ဒါနစေတနာသည်လည်း အလုံးစုံသော ဘေးအပေါင်းတို့၏ ကင်းငြိမ်းကုန်စေရာ မဟာအမတ မြတ်လှစွာသော နိဗ္ဗာန်အရပ်သို့ ဩဃ ၄-ပါးမှ ထုတ်၍ ဆောင်ပေတတ်သောကြောင့် ဝလာဟကအဿရာဇာနှင့်လည်း တူ၏။

ဒါနစေတနာသည် ဒါနတရားကို အားထုတ်ကုန်သောသူတို့အား တောင့်တ၍မရသော အရာမည်သည် မရှိ။ လူ့ပြည်,နတ်ပြည်၌ဖြစ်သော ချမ်းသာ, စကြာမင်းတို့၏ ချမ်းသာ, သာဝကပါရမီဉာဏ်,ပစ္စေကဗောဓိဉာဏ်,သမ္မာသမ္ဗောဓိဉာဏ်ကို ပေးတတ်၏။

ထို့ကြောင့်-

> ဒါနဉ္စိ လောကေ သက္ကသမ္ပတ္တိံ မာရသမ္ပတ္တိံ ဗြဟ္မသမ္ပတ္တိံ စက္ကဝတ္တိသမ္ပတ္တိံ သာဝက-
> ပါရမိဉာဏံ ပစ္စေကဗောဓိဉာဏံ သမ္မာသမ္ဗောဓိဉာဏံ ဒေတိ။ –

ဟု မိန့်အပ်ပြီ။ (ဒီ၊ဋ္ဌ၊၂၊၆၃)

ဒါနကထာကို ဟောတော်မူသည်၏ အခြားမဲ့၌ သီလကထာကို ဟောတော်မူ၏။ ထိုသီလသည် ဂဟဋ္ဌသီလ, ပဗ္ဗဇ္ဇသီလအားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင် လူတို့သည် ကျင့်အပ်,ဆောက်တည်အပ်သော သီလသည် ဂဟဋ္ဌသီလ မည်၏။ ရဟန်းတို့သည် ကျင့်အပ်,ဆောက်တည်အပ်သော သီလသည် ပဗ္ဗဇ္ဇသီလ မည်၏။ ထို ၂-ပါးသော သီလတို့တွင် ဂဟဋ္ဌသီလသည်–

| | |
|---|---|
| ပဉ္စင်္ဂသီလ, | အဋ္ဌင်္ဂသီလ, |
| ဒသင်္ဂသီလ, | အာဇီဝဋ္ဌမကသီလ, |
| ၁၀-ပါးသော သုစရိုက်သီလ, | ၂၀-သော သုစရိုက်သီလ, |
| ၃၀-သော သုစရိုက်သီလ, | ၄၀-သော သုစရိုက်သီလ, |
| ဓမ္မတာသီလ, | သမာဒါနသီလ, |
| အသမာဒါနသီလ, | စာရိတ္တသီလ, |
| ဝါရိတ္တသီလ- | |

အစရှိသောအားဖြင့် များသောအပြားရှိသော သီလတို့ကို ခွဲခြားဝေဖန်၍ ဟောတော်မူသည်။

သီလတို့၏ အပြားကိုသာ ဟောတော်မူသည် မဟုတ်သေး။ "**သီလံ နာမေတံ အဝဿယော ပတိဋ္ဌာ အာရမ္မဏံ တာဏံ လေဏံ ဂတိ ပရာယဏံ**"အစရှိသည်ဖြင့် သီလ၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း, အကျိုးအာနိသံသကိုလည်းကောင်း များစွာချီးမွမ်း၍ ဟောတော်မူသည်။ (ဒီ၊ဋ္ဌ၊၂။၆၃)

ထိုဒါန, သီလတို့၏ အကျိုးအားဖြင့်သာလျှင် လူပြည်,နတ်ပြည်၌ဖြစ်သော ချမ်းသာကို ရ၏-ဟု ဒါနကထာ, သီလကထာတို့၏ အခြားမဲ့၌ သဂ္ဂကထာကို ဟောတော်မူသော ဘုရားသခင်သည် လူပြည်,နတ်ပြည်မည်သည်ကား လူ,နတ်တို့သည် နှစ်သက်အပ်, မြတ်နိုးအပ်သော ရွှေ,ငွေ,ဥစ္စာ ရတနာမျိုးတို့ကို အစိုးရ၍ ဥပဘောဂ, ပရိဘောဂတို့နှင့် ပြည့်စုံကုန်၏။ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်း, အခြွေအရံများခြင်း-အစရှိသော ထူးမြတ်သော ကောင်းကျိုးအပေါင်းတို့ကို ရကုန်၏။

"သဂ္ဂသမ္ပတ္တိံ ကထယန္တာနံ ဟိ ဗုဒ္ဓါနံ မုခံ နပ္ပဟောတိ"ဟူသော အဋ္ဌကထာပါဌ်မိန့်အပ်သည်နှင့်အညီ လူပြည်,နတ်ပြည်၌ဖြစ်ကုန်သော ပျော်ဖွယ်သာယာ ချမ်းသာစည်းစိမ်တို့ကို ဟောတော်မူသော ဘုရားရှင်တို့၏ ခံတွင်းတော်သည် မဆန့်နိုင်သည်သာ ဖြစ်၏။

သဂ္ဂကထာ၏အခြားမဲ့၌ **အာဒီနဝကထာ**ကို ဟောတော်မူသော ဘုရားသခင်သည်–

> **သဂ္ဂကထာယ မနုဿာနံ ပလောဘေတွာ ပုန ဟတ္ထိံ အလင်္ကရိတွာ တဿ သောဏ္ဍံ ဆိန္ဒန္တော ဝိယ "အယမ္ပိ သဂ္ဂေါ အနိစ္စော အဒ္ဓုဝေါ။ (အနဿာသိကော။ တသ္မာ) န ဧတ္ထ ဆန္ဒရာဂေါ ကာတဗ္ဗော"။ –**

အစရှိသော အဋ္ဌကထာပါဌ်၌ မိန့်အပ်သည်နှင့်အညီ သဂ္ဂကထာဖြင့် သတ္တဝါအပေါင်းတို့ကို ဖြားယောင်းတော်မူပြီး၍ ဆင်ကို တန်ဆာဆင်ပြီး၍ နှာမောင်းကို ဖြတ်ဘိသကဲ့သို့ "ဤလူ့ပြည်,နတ်ပြည်၌ဖြစ်သော ချမ်းသာသည်ကား မမြဲသောသဘော, အရှည်မတည်သော သဘောရှိ၏။ ကာမဂုဏ်ချမ်းသာတို့မည်သည်ကား အနည်းငယ်မျှ သာယာအပ်သော သဘောရှိ၏။ များသော ဆင်းရဲခြင်း, ပင်ပန်းခြင်းရှိ၏။ ဤကာမဂုဏ် ၅-ပါး တရားအစုတို့၌ များသော အပြစ်ရှိ၏၊" ဤသို့ အစရှိသည်ဖြင့် ကာမဂုဏ် ၅-ပါး တရားအစု, လူချမ်းသာ, နတ်ချမ်းသာတို့၏ ယုတ်မာသောအဖြစ်၊ ညစ်ညူးပင်ပန်းခြင်းနှင့်တကွ များပြားလှစွာသော အပြစ်တို့ကို ငဲ့၍ ဆုံးမတော်မူသည်။

သဂ္ဂကထာယ၊ သဂ္ဂကထာဖြင့်။ မနုဿာနံ၊ သတ္တဝါအပေါင်းတို့အား။ ပလောဘေ-တွာ၊ ဖြားယောင်းပြီး၍။ ဟတ္ထိံ၊ ဆင်ကို။ အလင်္ကရိတွာ၊ တန်ဆာဆင်ပြီး၍။ ပုန၊ တဖန်။ တဿ၊ ထိုဆင်၏။ သောဏ္ဍံ၊ နှာမောင်းကို။ ဆိန္ဒန္တော ဝိယ၊ ဖြတ်သကဲ့သို့။ အယမ္ပိ သဂ္ဂေါ၊ ဤလူ့ပြည်,နတ်ပြည်သည်လည်း။ အနိစ္စော၊ အမြဲမရှိ။ အဒ္ဓုဝေါ၊ အရှည်မတည်။ (အနဿာ-သိကော၊ သက်သာရာကို ရှာ၍မရ။) ဧတ္ထ၊ ဤလူ့ပြည်,နတ်ပြည်တို့၌။ ဆန္ဒရာဂေါ၊ လိုချင်မက်မောခြင်း ဆန္ဒ, ပြင်းစွာတပ်သော ရာဂကို။ န ကာတဗ္ဗော၊ မပြုအပ်။ ကာမာ၊ ကာမဂုဏ်တို့သည်။ အပ္ပဿာဒါ၊ သာယာအပ်သော သဘောကား နည်းကုန်၏။ ဗဟုဒုက္ခာ၊ များသော ဆင်းရဲခြင်းရှိကုန်၏။ ဗဟုပါယာသာ၊ များသော ပင်ပန်းခြင်း ရှိကုန်၏။ ဧတ္ထ၊ ဤကာမဂုဏ် ၅-ပါး တရားအစု၌။ အာဒီနဝေါ၊ အပြစ်သည်။ ဘိယျော၊ လွန်စွာ များ၏။

"ဤသို့ လူ့ပြည်,နတ်ပြည်၌ဖြစ်သော ချမ်းသာကာမဂုဏ်တို့သည် အပြစ်တရား များခဲ့သည်ရှိသော် အဘယ်တရားကို ရ၍ အဘယ်အရပ်ဌာနသို့ ရောက်မှ အတိဝိယဥတ္တမ ဖြစ်၍ စင်စစ်ချမ်းသာသုခကို ရပါလေကုန်အံ့နည်း"ဟု သတိသံဝေဂဉာဏ်ဖြင့် ပူပန်ထိတ်လန့်ကုန်သော အမျိုးကောင်းသားတို့အား သက်သာရာကို ရစိမ့်သောငှာ ထိုကာမဂုဏ် ၅-ပါး ဝဋ်တရားတို့မှ ကင်းလွတ်ရာကင်းလွတ်ကြောင်းဖြစ်သော ပဗ္ဗဇ္ဇဥပသမ္ပဒံ, ဈာန် အဘိညာဉ်, မဂ်,ဖိုလ်,နိဗ္ဗာန်-ဟု ဆိုအပ်သော **နေက္ခမ္မအာနိသံသကထာ**ကို ပြ၍ ဆုံးမတော်မူသည်။

ဆုံးမတော်မူတိုင်း ကျင့်ကြကုန်သော နတ်,လူ,ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ကာမဂုဏ် ၅-ပါး ဝဋ်တရားတို့မှ ကင်းလွတ်ရာဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်တရား အထူးကို ရကြလေကုန်ပြီ။

ထို့ကြောင့် ယခုအခါ အကြင်ပညာရှိ သူတော်ကောင်းတို့သည် ဤသို့ ဆိုအပ်ခဲ့ပြီး သော ကြီးမြတ်ထူးလွန်သော အကျိုးရှိသော ဒါန, သီလ, သမထ, ဝိပဿနာ ဘာဝနာတို့ကို အားထုတ်ကုန်သည်ဖြစ်၍ ကာမဂုဏ် ၅-ပါး ဝဋ်တရားတို့မှ ကင်းလွတ်ရာကင်းလွတ်ကြောင်း ဖြစ်သော ပစ္စုပ္ပန္နဥပသမ္ပဒံ, စျာန်အဘိညာဉ်, ဝိပဿနာ, မဂ်,ဖိုလ်,နိဗ္ဗာန် တရားအထူးတို့ကို ကြိုးစားအားထုတ်၍ မနေမနား ရှာကြကုန်ရာသည်။ ဤသည်ကား သုတ္တန်တည်း။ (အထူးထူး သော ကျမ်းဂန် ထင်ရှားလှပြီဖြစ်၍ မညွှန်လိုက်ပြီ။)

★ ★ ★ ★ ★ ★ ★

## [ ၉ ] ဒါနအပြားကို ပြသော တရားတစ်မျိုး

**"ကိလေသေ သာသတိ ဟိံသတီတိ သတ္ထာ။"**

ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသခင်သည်။ အတ္တနော၊ ကိုယ်တော်မြတ်၏။ သန္တာနဂတေ၊ သန္တာန်၌ဖြစ်ကုန်သော။ ကိလေသေ စ၊ ကိလေသာတို့ကိုလည်းကောင်း။ ဝေနေယျာနံ၊ ဝေနေယျသတ္တဝါတို့၏။ သန္တာနဂတေ၊ သန္တာန်၌ဖြစ်ကုန်သော။ ကိလေသေ စ၊ ကိလေသာတို့ကိုလည်းကောင်း။ သာသတိ ဟိံသတိ၊ ဖျက်ဆီးတော်မူတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်။ သတ္ထာ၊ သတ္ထာ မည်တော်မူ၏။

ဤသို့လျှင် ကိုယ်တော်၏သန္တာန်, ဝေနေယျတို့၏သန္တာန်၌ဖြစ်ကုန်သော ကိလေသာ တို့ကို အရဟတ္တမဂ်ဉာဏ်, ဒေသနာဉာဏ်တော်ဖြင့် ဖျက်ဆီးတော်မူတတ်သော သတ္တိ ကြောင့် သတ္ထာ-ဟူသော ဝိသေသဂုဏ်ထူးနှင့် ပြည့်စုံတော်မူသော ဘုရားသခင်သည် ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်, ဝိနည်း, အဘိဓမ္မာ-ဟူ၍ ၃-ပါးအပြား ရှိ၏။ ထို ၃-ပါးတို့တွင် သုတ္တန်နည်းအားဖြင့် ဟောတော်မူလိုသည်ဖြစ်၍ —

**"ဒါနံ ဒေထ၊ သီလံ ရက္ခထ၊ ဘာဝနံ ဘာဝေထ"**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ ဒါနံ၊ အလှူကို။ ဒေထ၊ ပေးကြကုန်လော့။ သီလံ၊ သီလကို။ ရက္ခထ၊ စောင့်ကြကုန်လော့။ ဘာဝနံ၊ ဘာဝနာကို။ ဘာဝေထ၊ ပွါးကြကုန်လော့။

ဤသို့လျှင် "ငါ၏ချစ်သား ရဟန်းများတို့သည် အလှူပေးခြင်းကို အားထုတ်ကြကုန်၊ သီလဆောက်တည်ခြင်းကို အားထုတ်ကြကုန်၊ ဘာဝနာတရားကို ပွါးများအောင် အားထုတ်ကြကုန်"ဟု ရှေးဦးစွာ တိုက်တွန်းတော်မူပြီး၍ ပေးကမ်းလှူဒါန်းပူဇော်အပ်သော ဒါနတရားကို အထူးထူးအပြားပြားအားဖြင့် ခွဲခြမ်းဝေဖန်၍ ဟောကြားတော်မူသည်။

ထိုသို့ ခွဲခြမ်းဝေဖန်၍ ဟောကြားတော်မူအပ်သော ဒါနသည် **အာဏတ္တိကဒါန, သာဟတ္ထိကဒါန**အားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင်—

၁။ သူတပါးတို့အား စေခိုင်း၍ အလှူဝတ္ထုတို့ကို ချက်ပြုတ်လုပ်ကိုင် စီရင်စေပြီးသည်ရှိသော် သူတပါးတို့ကို စေခိုင်း၍ အလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်းပူဇော်သောသူ၏ ဒါနသည် **အာဏတ္တိကဒါန** မည်၏။

၂။ မိမိကိုယ်တိုင် ချက်ပြုတ်လုပ်ကိုင် စီရင်ပြီးသော် မိမိကိုယ်တိုင် အလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်းပူဇော်သောသူ၏ ဒါနသည် **သာဟတ္ထိကဒါန** မည်၏။

ထို ၂-ပါးတို့တွင် သာဟတ္ထိက ကိုယ်တိုင်လှူဒါန်း ပူဇော်သောသူ၏ ဒါနသည် ထူးမြတ်လွန်ကဲသော အကျိုးရှိ၏။

တစ်နည်းလည်း ဒါနသည် **ပုဂ္ဂလိကဒါန, သံဃိကဒါန**အားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင်—

၁။ ၁-ကျိပ် ၄-ယောက်သော ပုဂ္ဂိုလ်တို့အား ရည်၍ ပေးလှူပူဇော်သောသူ၏ ဒါနသည် **ပုဂ္ဂလိကဒါန** မည်၏။

၂။ ၇-ပါးအပြားရှိသော သံဃာကို ရည်၍ လှူဒါန်းပူဇော်သောသူ၏ ဒါနသည် **သံဃိကဒါန** မည်၏။

ထို ၂-ပါးတို့တွင် သံဃိကဒါနသည် ထူးမြတ်လွန်ကဲသော အကျိုးရှိ၏။

တစ်နည်းလည်း ဒါနသည် **ဟီနဒါန, မဇ္ဈိမဒါန, ပဏီတဒါန**အားဖြင့် ၃-ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင်--

၁။ မွန်မြတ်သော အလှူဝတ္ထုများစွာရှိလျက် စုံမက်နှမြောခြင်း မကင်းရှင်းသောကြောင့် အနည်းငယ်သော ဝတ္ထု, ရုန့်ကြမ်းသော ဝတ္ထုကို ပေးလှူပူဇော်သောသူ၏ ဒါနသည် **ဟီနဒါန** မည်၏။

၂။ အတိုင်းအရှည်ကို ပြု၍ လှူဒါန်းပူဇော်သောသူ၏ ဒါနသည် **မဇ္ဈိမဒါန** မည်၏။

၃။ အတိုင်းအရှည်ထက် အလွန်များစွာသော ဝတ္ထု, မွန်မြတ်သော ဝတ္ထုပစ္စည်းတို့ကို လှူဒါန်းပူဇော်သောသူ၏ ဒါနသည် **ပဏီတဒါန** မည်၏။

ထို ၃-ပါးတို့တွင် ပဏီတဒါနသည် ထူးမြတ်လွန်ကဲသော အကျိုးရှိ၏။

တစ်နည်းလည်း ပဋိဂ္ဂါဟကဝိသုဒ္ဓိဒါန, ဒါယကဝိသုဒ္ဓိဒါန, ဥဘယအဝိသုဒ္ဓိဒါန, ဥဘယဝိသုဒ္ဓိဒါန-ဟူ၍ ၄-ပါးအပြားရှိ၏။ ထို ၄-ပါးတို့တွင်—

၁။ သီလမရှိသော အလှူပေးပုဂ္ဂိုလ်သည် သီလရှိသော အလှူခံပုဂ္ဂိုလ်အား ပေးလှူအပ်သော ဒါနသည် **ပဋိဂ္ဂါဟကဝိသုဒ္ဓိဒါန** မည်၏။

၂။ သီလမရှိသော အလှူခံပုဂ္ဂိုလ်အား သီလရှိသော အလှူပေးပုဂ္ဂိုလ်သည် ပေးလှူအပ်သော ဒါနသည် **ဒါယကဝိသုဒ္ဓိဒါန** မည်၏။

၃။ အလှူပေး, အလှူခံပုဂ္ဂိုလ် ၂-ပါးစုံ သီလမရှိဘဲ ပေးလှူသောသူ၏ ဒါနသည် **ဥဘယအဝိသုဒ္ဓိဒါန** မည်၏။

၄။ အလှူပေးပုဂ္ဂိုလ်, အလှူခံပုဂ္ဂိုလ် ၂-ပါးစုံ သီလရှိလျက် လှူဒါန်းပူဇော်သောသူ၏ ဒါနသည် **ဥဘယဝိသုဒ္ဓိဒါန** မည်၏။

ထို ၄-ပါးတို့တွင် ဥဘယဝိသုဒ္ဓိဒါနသည် ထူးမြတ်လွန်ကဲသော အကျိုးရှိ၏။

တစ်နည်းလည်း **စီဝရဒါန, ပိဏ္ဍပါတဒါန, သေနာသနဒါန, ဘေသဇ္ဇဒါန**အားဖြင့် ၄-ပါးအပြားရှိ၏။ ထို ၄-ပါးတို့တွင်—

၁။ အလျော်နှင့်တကွ ဝါချည်သင်္ကန်း, ပိုးချည်သင်္ကန်း, ကမ္ဗလာသင်္ကန်း-အစရှိသော ဇာတ်အားဖြင့် ၆-ထည်ပြားသော သင်္ကန်းတို့ကို လှူဒါန်းပူဇော်သောသူ၏ ဒါနသည် **စီဝရဒါန** မည်၏။

၂။ ၅-ပါးသော ဘောဇဉ်, ၁၂-ပါးသော ခဲဖွယ်, လျက်ဖွယ်တို့ကို အာဟာရအကျိုးငှာ လှူဒါန်းပူဇော်သောသူ၏ ဒါနသည် **ပိဏ္ဍပါတဒါန** မည်၏။

၃။ ဖထိုင်, ညောင်စောင်း, ကျောင်း,အိပ်ရာ, နေရာ, သင်ဖြူး, အနူးအညံ့ ခေါင်းအုံးတို့ကို လှူဒါန်းပူဇော်သောသူ၏ ဒါနသည် **သေနာသနဒါန** မည်၏။

၄။ သူနာတို့၏ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော ဆီ, ပျား,တင်လဲ-အစရှိသော အသက်၏အဆောက်အဦ, အခြံအရံဖြစ်သော ဆေးပစ္စည်းကို လှူဒါန်းပူဇော်သောသူ၏ ဒါနသည် **ဘေသဇ္ဇဒါန** မည်၏။

တစ်နည်းလည်း ဒါနသည် **သဒ္ဓါဒါန**, **သက္ကစ္စဒါန**, **ကာလဒါန**, **အနုဂ္ဂဟိတစိတ္တဒါန**, **အနုပဟစ္စဒါန**အားဖြင့် ၅-ပါးအပြားရှိ၏။ ထို ၅-ပါးတို့တွင်—

၁။ ကံကိုလည်းကောင်း, ကံ၏အကျိုးကိုလည်းကောင်း, ပစ္စုပ္ပန်လောက, တမလွန်လောကကိုလည်းကောင်း၊ ရတနာ ၃-ပါးတို့၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း ယုံကြည်၍ ပေးလှူသောသူ၏ ဒါနသည် **သဒ္ဓါဒါန** မည်၏။

၂။ အလှူဝတ္ထု, အလှူခံပုဂ္ဂိုလ်တို့၌ အရိုအသေပြု၍ လှူဒါန်းပူဇော်သောသူ၏ ဒါနသည် **သက္ကစ္စဒါန** မည်၏။

၃။ ဧည့်သည်ရဟန်းတို့အား ပေးလှူခြင်း, ခရီးသွားလတ္တံ့သော ရဟန်းတို့အား ပေးလှူခြင်း, နာသော ရဟန်းတို့အား ပေးလှူခြင်း, ငတ်မွတ်ခေါင်းပါးသော ရဟန်းတို့အား ပေးလှူခြင်း, သစ်သီးဦး, ကောက်ဦးတို့ကို မသုံးဆောင်မီ ရှေးအဖို့၌ ပေးလှူခြင်းကို ပြုသောသူ၏ ဒါနသည် **ကာလဒါန** မည်၏။ (အံ၊၂။၃၅)

၄။ အလှူဝတ္ထုတို့၌ နှမြောစုံမက်ခြင်း ကင်းသည်ဖြစ်၍ လွတ်လွတ်ပေးလှူသော သူ၏ ဒါနသည် **အနုဂ္ဂဟိတစိတ္တဒါန** မည်၏။

၅။ မိမိကိုယ်ကို ချီးမြှောက်ခြင်း မရှိ, သူတပါးတို့ကို ရှုတ်ချခြင်း မရှိမူ၍ လှူဒါန်းပူဇော်သောသူ၏ ဒါနသည် **အနုပဟစ္စဒါန** မည်၏။

တစ်နည်းလည်း ဒါနသည် **ရူပဒါန**, **သဒ္ဒဒါန**, **ဂန္ဓဒါန**, **ရသဒါန**, **ဖောဋ္ဌဗ္ဗဒါန**, **ဓမ္မဒါန**အားဖြင့် ၆-ပါးအပြားရှိ၏။ ထို ၆-ပါးတို့တွင်—

၁။ 'အဆင်း-ဟူသော အလှူဖြစ်ပါစေ'-ဟု နှလုံးပြု၍ အညို,အရွှေ-အစရှိသော အထူးထူးသော အဆင်းရှိသော ပန်း, အဝတ်သင်္ကန်းတို့ကို ပေးလှူခြင်းသည် **ရူပဒါန** မည်၏။

၂။ 'အသံ-ဟူသော အလှူဖြစ်ပါစေ'-ဟု နှလုံးပြု၍ စည်ကြီး,ခေါင်းလောင်း-အစရှိသည်တို့ကို စေတီပြင်၌ထား၍ လှူခြင်း၊ ဓမ္မကထိကပုဂ္ဂိုလ်တို့အား အသံကို ထွက်စေတတ်သော ဆေး,ဆီ,ပျား,တင်လဲ-အစရှိသည်တို့ကို ပေးလှူခြင်း၊ 'တရားနာကုန်'-ဟု ကြွေးကြော်ခြင်း, တရားကျမ်းဂန်တို့ကို သရဇ္ဈာယ်ခြင်း, တရားကို ဟောခြင်း, အနုမောဒနာကို ပြုခြင်းသည် **သဒ္ဒဒါန** မည်၏။

၃။ 'အနံ့-ဟူသော အလှူဖြစ်ပါစေ'-ဟု နှလုံးပြု၍ စန္ဒကူးနံ့သာ-အစရှိသည်တို့ကို ပေးလှူသောသူ၏ ဒါနသည် **ဂန္ဓဒါန** မည်၏။

၄။ 'ရသဒါန ဖြစ်ပါစေ'-ဟု နှလုံးပြု၍ ဆွမ်း,ခဲဖွယ်,ဘောဇဉ်, သစ်သီး-အစရှိသည်တို့ကို ပေးလှူသောသူ၏ ဒါနသည် **ရသဒါန** မည်၏။

၅။ 'အတွေ့-ဟူသော အလှူဖြစ်ပါစေ'-ဟု နှလုံးပြု၍ အခင်းနေရာ, ဖထိုင်, ညောင်စောင်း, ခေါင်းအုံး, သင်ဖြူး, အနူးအညံ့တို့ကို ပေးလှူသောသူ၏ ဒါနသည် **ဖောဋ္ဌဗ္ဗဒါန** မည်၏။

ဓမ္မဒါနသည် **ဩဇဒါန, ပါနဒါန, ဇီဝိတဒါန**အားဖြင့် ၃-ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင်-

၁။ ထောပတ်, ဆီ-အစရှိသည်တို့ကို ပေးလှူသောသူ၏ ဒါနသည် **ဩဇဒါန** မည်၏။

၂။ အလျှော်နှင့် တကွသော အဖျော် ၈-ပါးကို ပေးလှူသောသူ၏ ဒါနသည် **ပါနဒါန** မည်၏။

၃။ သလာကဘတ်, သံဃဘတ်-အစရှိသည်တို့ကို ပေးလှူခြင်း၊ နာသော ရဟန်းတို့အား ဆေးဝါးကုသစေခြင်းငှာ ဆေးသမားတို့ကို ခေါ်၍ ကုသစေခြင်း၊ ပိုက်ကွန်, လှံ,ဓား, လေး, မြား, လက်နက်-အစရှိသည်တို့ကို ဖျက်ဆီးစေခြင်း၊ ထိတ်,ထောင်,အနှောင် အဖွဲ့မှ လွတ်စေခြင်း၊ အသက်ကို မသတ်စိမ့်သောငှာ အရံအတားကို ပြုခြင်းသည် **ဇီဝိတဒါန** မည်၏။

တစ်နည်းလည်း ဆွမ်း,သင်္ကန်း-အစရှိသော တစ်ခုတစ်ခုသော ဝတ္ထု၌ အာရုံ ၆-ပါးတို့၏ အစွမ်းဖြင့် ၆-ပါးသော ဒါနတို့သည် ဖြစ်ကုန်၏။

တနည်းလည်း **လောဘခြံရံသော ဒါန, အလောဘခြံရံသော ဒါန, ဒေါသခြံရံသော ဒါန, အဒေါသခြံရံသော ဒါန, မောဟခြံရံသော ဒါန, အမောဟခြံရံသော ဒါန**အားဖြင့် ၆-ပါးအပြားရှိ၏။ ထို ၆-ပါးတို့တွင်—

၁။ နှစ်သက်ဖွယ်ရှိသော ရူပါရုံ, သဒ္ဒါရုံ-အစရှိသော အာရုံ ၅-ပါးတို့၌လည်းကောင်း၊ လှူဖွယ်ဝတ္ထုတို့၌လည်းကောင်း မက်မောခြင်း မကင်းသည်ဖြစ်၍ ရှေ့အဖို့, နောက်အဖို့တို့၌ လောဘအားကြီးသောသူ၏ ဒါနသည် **လောဘခြံရံသော ဒါန** မည်၏။

၂။ အာရုံ ၅-ပါးတို့၌လည်းကောင်း, လှူဖွယ်ဝတ္ထုတို့၌လည်းကောင်း တပ်မက်မောခြင်း, နှမြောစုံမက်ခြင်း မရှိမူ၍ လှူသည်မှ ရှေ့အဖို့, နောက်အဖို့တို့၌ လွတ်လွတ်စွန့်ကြဲလိုသော စိတ်ကို ဖြစ်စေ၍ ပေးလှူသောသူ၏ ဒါနသည် **အလောဘခြံရံသော ဒါန** မည်၏။

၃။ နှလုံးနှောင့်ယှက်ခြင်း, အမျက်ထွက်ခြင်းတို့၏ အစွမ်းအားဖြင့် ဒါန၏ ရှေးအဖို့တို့၌ ဒေါသ အားကြီးသောသူ၏ ဒါနသည် **ဒေါသခြံရံသော ဒါန** မည်၏။

၄။ နှလုံးနှောင့်ယှက်ခြင်း, အမျက်ထွက်ခြင်း မရှိမူ၍ အလှူခံပုဂ္ဂိုလ်တို့၌လည်းကောင်း, ခပ်သိမ်းသော သတ္တဝါတို့၌လည်းကောင်း မေတ္တာစိတ်ကို ပွါးစေ၍ ပေးလှူသောသူ၏ ဒါနသည် **အဒေါသခြံရံသော ဒါန** မည်၏။

၅။ အာရုံ၌ တွေဝေခြင်း, မေ့လျော့ခြင်းတို့၏ အစွမ်းအားဖြင့် ဒါန၏ရှေ့အဖို့, နောက်အဖို့တို့၌ ယုံမှားခြင်း, ပျံ့လွင့်ခြင်း အားကြီးသောသူ၏ ဒါနသည် **မောဟခြံရံသော ဒါန** မည်၏။

၆။ အာရုံ၌ ယုံမှားခြင်း, ပျံ့လွင့်ခြင်း ကင်းသည်ဖြစ်၍ အလှူဒါန၏အကျိုး, အလှူခံပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူးတို့ကို သိတတ်သော ပညာကို ရှေ့ထား၍ ပေးလှူသောသူ၏ ဒါနသည် **အမောဟခြံရံသော ဒါန** မည်၏။

တစ်နည်းလည်း ဒါနသည် သုတ္တန်နည်းအားဖြင့်–

| | |
|---|---|
| ၁**ဆွမ်း**-ဟူသော အလှူဒါန, | ၂**အဖျော်**-ဟူသော အလှူဒါန, |
| ၃**ကျောင်း**-ဟူသော အလှူဒါန, | ၄**သင်္ကန်း**-ဟူသော အလှူဒါန, |
| ၅**ယာဉ်**-ဟူသော အလှူဒါန, | ၆**ပန်း**-ဟူသော အလှူဒါန, |
| ၇**နံ့သာ,နံ့သာပျောင်း**-ဟူသော အလှူဒါန, | ၈**အခိုးအထုံ**-ဟူသော အလှူဒါန, |
| ၉**အိပ်ရာ,နေရာ**-ဟူသော အလှူဒါန, | ၁၀**ဆီမီး**-ဟူသော အလှူဒါန – |

အားဖြင့် ၁၀-ပါးအပြားရှိ၏။

ဤသို့ အစရှိသဖြင့် ဒါနအရာ၌ မလိမ္မာကုန်သေးသောသူတို့အား ဒါနအရာ၌ လိမ္မာစိမ့်သောငှာ "**ဒါနံ ဒေထ**"ဟူသော ပုဒ်၌ ဒါန၏အရာဖြစ်သော ဒါနတရားကို အထူးထူး အပြားပြား ခွဲခြားဝေဖန်၍ ပြတော်မူသည်။ ထိုသို့ ပြအပ်တော်မူသော ဒါနတရားတို့ကို သိပြီး၍ "မမေ့မလျော့ ဖြည့်ကျင့်အားထုတ်ကြကုန်"ဟု ဒေထ-ဟူသော ဒေသနာတော်ဖြင့် နှိုးဆော်တိုက်တွန်းတော်မူသည်။ ဘုရားသခင်သည် "လူ,နတ်,ဗြဟ္မာ သတ္တဝါအပေါင်းတို့ သင်တို့သည် မေ့လျော့၍ မနေကြကုန်လင့်။ ဒါနတရားကို အားထုတ်၍ ဖြည့်ကျင့်ကြကုန်" ဟု တိုက်တွန်းနှိုးဆော်တော်မူ၏။

ထိုဒါနတရားတို့ကို ပေးကမ်းလှူဒါန်းပူဇော်ခြင်း, အားထုတ်ခြင်းကို ပြုကုန်သော သူတို့အား အဘယ်မည်သော အကျိုးအာနိသံသများကို ရပါလေသနည်းဟူသော လူ,နတ်, ဗြဟ္မာ သတ္တဝါတို့၏ တွေးတောယုံမှားဖွယ်ကို ပယ်ဖျောက်တော်မူလိုသည်ဖြစ်၍ "**ဒါနံ ဒတွာ ကတ္ထ ဘဝေ ဥပ္ပဇ္ဇန္တိ**"အစရှိသည်ဖြင့် မေးတော်မူပြီး၍–

ဒါနံ ဒတွာ ကေစိ ဂဟပတိမဟာသာလာနံ သဟဗျတံ ဥပပဇ္ဇန္တိ။ ကေစိ ဗြာဟ္မဏမဟာသာလာနံ သဟဗျတံ ဥပပဇ္ဇန္တိ။ ကေစိ ခတ္တိယမဟာသာလာနံ သဟဗျတံ ဥပပဇ္ဇန္တိ။ ကေစိ စာတုမဟာရာဇိကာနံ ဒေဝါနံ သဟဗျတံ ဥပပဇ္ဇန္တိ။ ကေစိ တာဝတိံသာနံ ဒေဝါနံ သဟဗျတံ ဥပပဇ္ဇန္တိ။ ကေစိ ယာမာနံ၊ ကေစိ တုသိတာနံ၊ ကေစိ နိမ္မာနရတီနံ၊ ကေစိ ပရနိမ္မိတဝသဝတ္တီနံ ဒေဝါနံ သဟဗျတံ ဥပပဇ္ဇန္တိ။ ကေစိ ဗြဟ္မကာယိကာနံ ဒေဝါနံ သဟဗျတံ ဥပပဇ္ဇန္တိ။ ကေစိ သာဝကပါရမီဉာဏံ ဒေတိ။ ကဿစိ ပစ္စေကဗောဓိဉာဏံ ဒေတိ။ ကဿစိ သမ္မာသမ္ဗောဓိဉာဏံ ဒေတိ။

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "ဒါနတရားကို ပေးကမ်းလှူဒါန်းပူဇော်သောသူတို့သည် အဘယ်အရပ်ဌာနဘုံ၌ ဖြစ်လေကုန်သနည်းဟူမူကား ဒါနတရားကို ပေးကမ်းလှူဒါန်းပူဇော်သောသူတို့တွင် အချို့သောသူတို့သည် မြေ၌မြှုပ်ထားအပ်သော ကုဋေ ၄၀-သော ဥစ္စာတို့ကို မြေ၌မြှုပ်ထား၍ များစွာသော အသုံးအဆောင်မျိုးတို့နှင့် ပြည့်စုံသော သူကြွယ်မျိုးတို့၌ ဖြစ်လေကုန်၏။ အချို့သောသူတို့သည် ကုဋေ ၈၀-သောဥစ္စာတို့ကို မြေ၌မြှုပ်ထား၍ များစွာသော အသုံးအဆောင်တို့နှင့် ပြည့်စုံသော ဗြာဟ္မဏမဟာသာလအမျိုးတို့၌ ဖြစ်လေကုန်၏။ အချို့သောသူတို့သည် ကုဋေ ၁၆၀-သော ဥစ္စာတို့ကို မြေ၌မြှုပ်ထား၍ များစွာသော အသုံးအဆောင်မျိုးတို့နှင့် ပြည့်စုံသော ခတ္တိယမဟာသာလအမျိုးတို့၌လည်းကောင်း၊ ထိုမှတပါး ပဒေသရာဇ်, ကေရာဇ်, စကြာမင်းတို့၌လည်းကောင်း ဖြစ်လေကုန်၏။

အချို့သောသူတို့သည် စာတုမဟာရာဇ်နတ်ပြည်၌ ဖြစ်လေကုန်၏။ အချို့သောသူတို့သည် တာဝတိံသာနတ်ပြည်၌ ဖြစ်လေကုန်၏။ အချို့သောသူတို့သည် ယာမာနတ်ပြည်၌ ဖြစ်လေကုန်၏။ အချို့သောသူတို့သည် တုသိတာနတ်ပြည်၌ ဖြစ်လေကုန်၏။ အချို့သောသူတို့သည် နိမ္မာနရတိနတ်ပြည်၌ ဖြစ်လေကုန်၏။ အချို့သောသူတို့သည် ပရနိမ္မိတဝသဝတ္တီနတ်ပြည်၌ ဖြစ်လေကုန်၏။

အချို့သောသူတို့သည် ပထမစျာန်-အစရှိသော ဗြဟ္မာ့ဘုံတို့၌ ဗြဟ္မာအဖြစ်သို့ ရောက်လေကုန်၏။

အချို့သောသူတို့၏ ဒါနသည် သာဝကပါရမီဉာဏ်ကို ပေး၍ သာဝကအဖြစ်သို့ ရောက်လေကုန်၏။ အချို့သောသူတို့၏ ဒါနသည် ပစ္စေကဗောဓိဉာဏ်ကို ပေး၍ ပစ္စေကဗောဓိအဖြစ်သို့ ရောက်လေကုန်၏။ အချို့သောသူတို့၏ ဒါနသည် သမ္မာသမ္ဗောဓိဉာဏ်ကို ပေး၍ သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ ရောက်လေကုန်၏။

ဤသို့လျှင် "လူ,နတ်,ဗြဟ္မာ သတ္တဝါအပေါင်းတို့၊ ငါဘုရားသည် သီးသန့်ပိုင်းခြား နားလည်စေခြင်းငှာ ခွဲခြမ်းဝေဖန်၍ ဟောအပ်သော အထူးထူးအပြားပြား များလှစွာသော ဒါနတရားတို့ကို အားထုတ်၍ လျှုဒါန်းပူဇော်လေ့ရှိကုန်သောသူတို့အား လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ, သာဝကပါရမီဉာဏ်, ပစ္စေကဗောဓိဉာဏ်, သမ္မာသမ္ဗောဓိဉာဏ် တို့ကို ရစေတတ်,ပြီးစေတတ်၏"ဟု ဖြေတော်မူသည်။

ထို့ကြောင့် ယခုအခါ အကြင်ပညာရှိအပေါင်း သူတော်ကောင်းတို့သည် လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ, သာဝကပါရမီဉာဏ်, ပစ္စေကဗောဓိဉာဏ်, သမ္မာသမ္ဗောဓိဉာဏ်, နိဗ္ဗာန်ကို အလိုရှိကုန်သည်ဖြစ်အံ့၊ ယထာဗလ စွမ်းအားသတ္တိရှိသည့်အလျောက် ဒါနတရားတို့ကို ကြိုးစားအားထုတ်ကုန်ရာသည်။ ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။

★ ★ ★ ★ ★ ★ ★

## [ ၁၀ ] ဘတ္တဂ္ဂဝတ်ထက် သာရဏီယဝတ် သာလွန်ကြောင်းတရား

**"ဒါနသီလာဒိပါရပတ္တံ ဘဂ္ဂံ တေသ အတ္ထိတိ ဘဂဝါ။"**

တေသ ဗုဒ္ဓဿ၊ ထိုမြတ်စွာဘုရားအား။ ဒါနသီလာဒိပါရပတ္တံ၊ ဒါန, သီလ-အစရှိသော နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဘက်သို့ ရောက်စေတတ်သော။ ဘဂ္ဂံ၊ ပါရမီဘုန်းတော်သည်။ အတ္ထိ၊ ရှိတော်မူ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဗုဒ္ဓေါ၊ ထိုမြတ်စွာဘုရားသည်။ ဘဂဝါ၊ ဘဂဝါ မည်တော်မူ၏။

ဤသို့လျှင် ဒါန,သီလ-အစရှိသော နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဘက်သို့ ရောက်စေတတ်သော ပါရမီဘုန်းရှိတော်မူသည်၏အဖြစ်ကြောင့် ၉-တန်သော ဂုဏ်တော်တို့တွင် ၉-ဆင့်မြောက်ဖြစ်သော ဘဂဝါ-ဟူသော ဂုဏ်တော်အထူး ကျေးဇူးဝိသေသနှင့် ပြည့်စုံတော်မူသော ဘုရားသခင်သည် သာဝတ္ထိပြည်ကြီးကို ဆွမ်းခံရွာအမှီပြု၍ ဇေတမင်းသား၏ ဥယျာဉ်ရာတွင် အနာထပိဏ်သူဌေးသည် ဆောက်လုပ်စေ၍ လျှုအပ်သောကြောင့် နောက်ကာလ၌ ဇေတဝန်အမည်ရသော ကျောင်း၌ သီတင်းသုံးနေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ သာဝတ္ထိပြည်ကြီးကို အစိုးရသော ပသေနဒိကောသလမင်းကြီး၏ သမီးတော် **သုမန** မင်းသမီးသည် ၅၀၀-သော ရထားတို့ဖြင့် ၅၀၀-သော မင်းသမီးအခြံအရံ တို့နှင့်တကွ ခြံရံလျက် ဘုရားသခင်ရှိရာ ဇေတဝန်ကျောင်းတော်သို့ သွားလေ၏။

ဘုရားသခင်၏အနီး တင့်အပ်လျောက်ပတ်သောအရပ်၌ နေပြီးသော် ၅-ပါးသော ရှိခိုးခြင်းတို့ဖြင့် ရှိသေစွာ ရှိခိုး၍—

**ကုလဿု ဘန္တေ ဘဂဝတော သာဝကာ သမသဒ္ဓါ သမသီလာ သမပညာ ဧကော ဒါယကော ဧကော အဒါယကော။ တေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇေယျုံ။ ဒေဝဘူတာနံ ပန ဘန္တေ နေသံ သိယာ ဝိသေသော၊ သိယာ နာနာကရဏန္တိ။** (အံ၊၂။၂၇)

အစရှိသည်ဖြင့် လျှောက်ထားသည်ကို အကြောင်းပြု၍—

**သိယာ သုမနေတိ ဘဂဝါ အဝေါစ။ ယော သော သုမနေ ဒါယကော၊ သော အမုံ အဒါယကံ ဒေဝဘူတော သမာနော ပဉ္စဟိ ဌာနေဟိ အဓိဂဏှာတိ ဒိဗ္ဗေန အာယုနာ, ဒိဗ္ဗေန ဝဏ္ဏေန, ဒိဗ္ဗေန သုခေန, ဒိဗ္ဗေန ယသေန, ဒိဗ္ဗေန အာဓိပတေယျေန။ ယော သော သုမနေ ဒါယကော၊ သော အမုံ အဒါယကံ ဒေဝဘူတော သမာနော ဣမေဟိ ပဉ္စဟိ ဌာနေဟိ အဓိဂဏှာတိ။** (အံ၊၂။၂၇)

အစရှိသော သုမနသုတ္တန် ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုသုမနမင်းသမီးသည် အဘယ်မည်သော အကြောင်းကို အကြောင်းပြု၍ "ကုလဿု ဘန္တေ"အစရှိသော စကားအစဉ်ဖြင့် လျှောက်ထားသနည်းဟူမူကား အမိဝမ်းမှ ဖွားစသာဖြစ်သော မောင်တော်မင်းသား ၂-ဦးတို့၏ ဆိုအပ်သော စကားကို အကြောင်းပြု၍ လျှောက်ထားသည်။

ထို ၂-ဦးသော မင်းသားငယ်တို့သည် အဘယ်သို့သဘောရှိသော ကောင်းမှုကံကို ပြု၍လာသောသူ ဖြစ်လေသနည်းဟူမူကား—

ရှေးလွန်လေပြီးသောအခါ ကဿပမြတ်စွာဘုရားသည် လူတွင်ထင်ရှား ဘုရားဖြစ်တော်မူသည်။ ထိုအခါ ကဿပဘုရားသခင် သာသနာတော်တွင်း၌ ရဟန်းပြု၍ အတူတကွ နေကြကုန်သော အဆွေခင်ပွန်းရဟန်း ၂-ဦးတို့တွင် ၁-ဦးသောရဟန်းသည် ၁-ယောက်စားလောက်ရုံမျှသော ဆွမ်းကို ခံ၍ သီတင်းသုံးဖော်ရဟန်းတွေ့တိုင်း လှူ၍ **သာရဏီယဓမ္မ** ကျင့်ဝတ်ကို ဖြည့်၏။ ထိုသာရဏီယဓမ္မကို ဖြည့်သော ရဟန်းသည် ဘတ္တဂ္ဂဝတ်ကို ဖြည့်သော ရဟန်းကို "အဆွေ၊ မိမိသည် တရားနှင့်လျော်စွာ ခံ၍ရအပ်သော ဆွမ်းကို တပါးသောရဟန်းတို့အား မလှူမူ၍ မစားရာ။ သာရဏီယဓမ္မကို ဖြည့်ပါ"ဟု နှိုးဆော်တိုက်တွန်းခြင်းကို ပြု၏။

ဘတ္တဂ္ဂဝတ်ကို ဖြည့်သော ရဟန်းသည်လည်း "အဆွေ၊ သာရဏီယဓမ္မကို ဖြည့်သောသူမည်သည်ကား ဒါယကာတို့သည် သဒ္ဓါယုံကြည်၍ လှူအပ်သောဝတ္ထုကို သူတပါးတို့

အား ပေးလှူခြင်းငှာ မအပ်။ ဖျက်ဆီးသကဲ့သို့ ဖြစ်၏။ မိမိခန္ဓာကိုယ် မျှလောက်ရုံသာ ခံသဖြင့် ဘတ္တဂ္ဂဝတ်ကို ဖြည့်ရာ၏"ဟု ဆို၍ သာရဏီယဓမ္မကို မဖြည့်ဘဲ နေလေ၏။ ထို ၂-ဦးသော ရဟန်းတို့သည် အသက်ထက်ဆုံး ရဟန်းကျင့်ဝတ်ကို မကျိုးမပေါက်, မပြောက် မကျားရအောင် ဖြည့်၍ စုတေကြကုန်သည်ရှိသော် နတ်ပြည်၌ ဖြစ်ကြလေကုန်၏။ ထို ၂-ဦးသောသူတို့တွင် တရားနှင့်လျော်ညီစွာ ရသောဆွမ်းကို သူတပါးတို့အား ပေးလှူလေ့ ရှိသော သာရဏီယဓမ္မကို ဖြည့်သော ရဟန်းသည် မိမိမျှလောက်ရုံသာ ခံ၍ ဘတ္တဂ္ဂဝတ်ကို ဖြည့်သော ရဟန်းအား–

နတ်၌ဖြစ်သော အသက်ရှည်ခြင်း, နတ်၌ဖြစ်သော အဆင်းလှခြင်း,

နတ်၌ဖြစ်သော ချမ်းသာကြီးခြင်း, နတ်၌ဖြစ်သော အခြံအရံများခြင်း,

နတ်၌ဖြစ်သော အစိုးရခြင်း၊

ဤ ၅-ပါးသော အကြောင်းတရားတို့ဖြင့် လွှမ်းမိုး၍ဖြစ်သဖြင့် သာလွန်လေ၏။

ဤသို့ လူ့ပြည်,နတ်ပြည်တို့၌ လူ့,နတ်တို့သည် နှစ်သက်မြတ်နိုးအပ်သော လူ့စည်းစိမ်, နတ်စည်းစိမ်တို့ကို ခံစားပြီးမှ ငါတို့ဘုရားသခင်ဖြစ်တော်မူသောအခါ သာဝတ္ထိပြည်၌ သာရဏီယဓမ္မကို ဖြည့်သောရဟန်းသည် ပသေနဒိကောသလမင်းကြီး၏ မိဖုရားမြတ်၏ ဝမ်း၌ ပဋိသန္ဓေနေသောအားဖြင့် ဖြစ်လာ၏။ ဘတ္တဂ္ဂဝတ်ကို ဖြည့်သောရဟန်းမူကား ထိုမိဖုရားမြတ်၏ အလုပ်အကျွေးဖြစ်သော မိဖုရားငယ်၏ဝမ်း၌ ပဋိသန္ဓေနေသောအားဖြင့် ဖြစ်လာ၏။ ထိုမင်းသား ၂-ဦးတို့သည် တစ်နေ့တည်း ဖွားမြင်ကြကုန်၏။ ထိုမင်းသားတို့ကို အမည်မှည့်အံ့သောနေ့၌ ရေချိုး၍ အသရေရှိသော တိုက်ခန်း၌ အိပ်စေ၍ မင်းသားတို့၏ မယ်တော်, ခမည်းတော်, အခြွေအရံတို့သည် ပြင်အပ၌ ပူဇော်သက္ကာရဝတ္ထုတို့ကို စီရင်ကုန်၏။

ထို ၂-ဦးသော မင်းသားတို့တွင် မိဖုရားမြတ်၏ ဝမ်း၌ဖြစ်သော, သာရဏီယဓမ္မကို ဖြည့်ဖူးသော မင်းသားသည် မျက်စိကို ဖွင့်၍ ကြည့်သည်ရှိသော် အထူးထူးသော ရတနာမျိုးတို့ဖြင့် ဆန်းကြယ်သော ကနက္ကဒဏ်ထီးဖြူဆောင်းအပ်သော အသရေရှိသော တန်ဆာဆင်ခြင်းနှင့်စပ်သော မြတ်သောနေရာကို မြင်၍ မြတ်သောမင်းမျိုး၌ ဖြစ်သည်ကို သိ၍ "ငါကား အဘယ်မည်သော အကြောင်းကြောင့် ဤမင်းမျိုး၌ ဖြစ်ပေသနည်း"ဟု ဉာဏ်ဖြင့် ဆင်ခြင်သည်ရှိသော် သာရဏီယဓမ္မကို ဖြည့်ဖူးသော ကောင်းမှုကံကြောင့် ဖြစ်သည်ကို သိ၏။ "ငါ၏အဆွေကား အဘယ်မှာ ဖြစ်လေသနည်း"ဟု ဉာဏ်ဖြင့် အောက်မေ့ဆင်ခြင် သည်ရှိသော် "ယုတ်နိမ့်သော ညောင်စောင်း၌ အိပ်စေ၍ မိမိအနီး၌ဖြစ်သော သူငယ်ပင် တည်း"ဟု သိ၏။

ထိုသို့ သိသောအခါ "အဆွေ၊ သင့်အား သာရဏီယဓမ္မကို ဖြည့်စိမ့်သောငှာ တိုက်တွန်းပါလျက် မဖြည့်ခြင်းကြောင့် ဤယုတ်နိမ့်သောနေရာ၌ နေရ၏။ ငါမူကား သာရ-ဏီယဓမ္မကို ဖြည့်ခြင်းကြောင့် အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော ကနက္ကဒဏ် ထီးဖြူဆောင်းအပ်သော အသရေရှိသော အိပ်ရာ၌ နေရ၏"ဟု ဆို၏။ ယုတ်နိမ့်သောနေရာ ၌ နေရသော မင်းသားသည် "အဆွေ၊ ဤသို့ ထီးဖြူဆောင်းအပ်သော နေရာကို မှီ၍ မာန်တက်ဘိ၏။ ဤဝါးခြမ်းစိတ်တို့ဖြင့် ပြုအပ်သော, ပုဆိုးနွမ်းတို့ဖြင့် မွမ်းအပ်သော ထီးဖြူကို အဘယ်သို့ မှတ်သနည်း၊ ပထဝီဓာတ်မျှသာတကား"ဟု ဆို၏။

သုမနမင်းသမီးလည်း "မောင်တော် ၂-ဦးတို့၏ အနီး၌ တစ်စုံတစ်ယောက်သော သူမျှ မရှိလေ"ဟု တိုက်နံရံတံခါးဝကို မှီ၍နေသည်ရှိသော် မင်းသားတို့၏ ဆိုကြသောစကား ကို ကြား၍ "ငါ၏မောင်တော် မင်းသားတို့သည် ရှေးဘဝက ရဟန်းတို့, နတ်သားတို့ ဖြစ်ကြလေရာ၏"ဟု ကြံ၏။ "အကယ်၍ ငါသည် ဤသူငယ် ၂-ဦးတို့သည် ဖွားစကာလ၌ ဤသို့သော စကားကို ဆိုကုန်၏-ဟု မိဘတို့အား ကြားချေသည်ဖြစ်အံ့။ 'လူ မဟုတ်၊ ဘီလူး'-ဟူ၍သော်လည်း စွန့်ပစ်ဖျက်ဆီးကုန်ရာ၏။ ဤအကြောင်းကို ဘုရားမှ တပါးသော သူတို့သည် မသိကုန်ရာ။ ဘုရားသာလျှင် သိရာသည်"ဟူ၍ သူတပါးတို့အား မပြောကြားမူ၍ "ဉာဏ်တော်အား ၁၀-ပါးနှင့် ပြည့်စုံတော်မူသော ဘုရားသခင်အား မေးလျှောက်အံ့"ဟု ကြံ၍ နံနက်စာ ထမင်းစားပြီးသည်ရှိသော် ခမည်းတော်မင်းကြီးအထံသို့ သွားလေ၍ "ခမည်းတော်မင်းကြီး၊ အကျွန်ုပ်တို့သည် ဉာဏ်တော်အား ၁၀-ပါးနှင့် ပြည့်စုံတော်မူသော ဘုရားသခင်အထံတော်သို့ ဆည်းကပ်ချင်ပါ၏"ဟု ကြားလျှောက်လေ၏။

ခမည်းတော် ပသေနဒိကောသလမင်းကြီးသည်လည်း "၅၀၀-သော ရထားတို့ကို စီရင်လေကုန်"ဟု အမတ်တို့ကို စီရင်စေ၏။ သုမနမင်းသမီးသည်လည်း ပန်း,နံ့သာ, ခဲဖွယ်, ဘောဇဉ်-အစရှိသည်တို့ကို ယူဆောင်၍ နန်းတွင်းသူအပေါင်းတို့ဖြင့် ခြံရံလျက် ဖွားဘက် ၅၀၀-တို့ကို ရထားစီးစေ၍ ရထား ၅၀၀-တို့ဖြင့် ပုစ္ဆာပြဿနာကို မေးလျှောက်အံ့သောငှာ ဘုရားသခင်အထံတော်သို့ သွားလေ၍ ဘုရားသခင်၏အနီး တင့်အပ်လျောက်ပတ်သော အရပ်၌ နေပြီးသည်ရှိသော် ဆိုခဲ့ပြီးသောနည်းဖြင့်—

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ ဤမြတ်စွာဘုရား သာသနာတော်၌ ဘုရားတပည့်ဖြစ်ကုန်သော ရဟန်းတို့သည် တူသောသဒ္ဓါတရား ရှိကုန်၏။ တူသော သီလတရား ရှိကုန်၏။ တူသော ပညာတရား ရှိကုန်၏။ ထို ၂-ဦးသော ရဟန်းတို့ တွင် တစ်ယောက်သော ရဟန်းသည် မိမိရသော ဆွမ်း-အစရှိသော ပစ္စည်းကို တပါးသော ရဟန်းတို့အား ပေးကမ်းလှူဒါန်းပူဇော်ခြင်းကို ပြုလေ့ရှိ၏။ တစ်ယောက်သော ရဟန်းသည်

ပေးကမ်းလှူဒါန်းပူဇော်ခြင်းကို ပြုလေ့မရှိ။ ထို ၂-ဦးသော ရဟန်းတို့သည် သေခြင်းသေကြကုန်၍ နတ်ပြည်၌ ဖြစ်ကုန်သည်ရှိသော် အတူတူပင် ဖြစ်မည်လော၊ ကွဲလွဲထူးခြား ရှိကြဦးမည်လောဘုရား"ဟု လျှောက်ထားသည်ကို အကြောင်းပြု၍ ကွဲလွဲထူးခြားရှိကြောင်းကို "သိယာ သုမနေ"ဟု ဝန်ခံတော်မူ၍–

> **ယော သုမနေ ဒါယကော၊ သော အမုံ အဒါယကံ ဒေဝဘူတော သမာနော ပဉ္စဟိ ဌာနေဟိ အဓိဂဏှာတိ။** (အံ၊၂။၂၇)

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်၏ အဓိပ္ပါယ်ကား "သုမနမင်းသမီး၊ ငါဘုရား၏ သာသနာတော်၌ ရဟန်းပြုကြကုန်သော ငါဘုရား၏ တပည့်ရဟန်း ၂-ဦးတို့သည် သဒ္ဓါတရားနှင့် ပြည့်စုံကြသည်အတူတူ, သီလတရားနှင့် ပြည့်စုံကြသည်အတူတူ, ပညာတရားနှင့် ပြည့်စုံကြသည် အတူတူ၊ ထိုသို့ တူကုန်သော်လည်း ၁-ယောက်သော ရဟန်းသည် မိမိရသော ပစ္စည်းကို တပါးသော ရဟန်းတို့အား ပေးကမ်းလှူဒါန်းပူဇော်လေ့ရှိ၏။ တစ်ဦးသော ရဟန်းသည် ပေးကမ်းလှူဒါန်းပူဇော်လေ့ မရှိ။ ထို ၂-ဦးသော ရဟန်းတို့သည် သေခြင်းသေကြ၍ နတ်ပြည်၌ ဖြစ်ကုန်သည်ရှိသော် အလှူပေးသော ရဟန်းက အလှူမပေးသော ရဟန်းကို–

နတ်၌ဖြစ်သော အသက်ရှည်ခြင်း, နတ်၌ဖြစ်သော အဆင်းလှခြင်း,
နတ်၌ဖြစ်သော ချမ်းသာကြီးခြင်း, နတ်၌ဖြစ်သော အခြံအရံများခြင်း,
နတ်၌ဖြစ်သော အစိုးရခြင်း၊

ဤ ၅-ပါးသော အကြောင်းတရားတို့ဖြင့် သာလွန်၍ လွှမ်းမိုးသဖြင့် အကြီးပြုနိုင်သော အဖြစ်ကို ဟောတော်မူသည်"ဟု အဓိပ္ပါယ်လာသည်။

ဤသို့ နတ်ပြည်၌ဖြစ်သောအခါ ၅-ပါးသော အကြောင်းတရားတို့ဖြင့် သာလွန်သောအဖြစ်ကို ဟောတော်မူသည်ရှိသော် သုမနမင်းသမီးသည် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ နတ်ပြည်၌ဖြစ်သောအခါ ၅-ပါးသော အကြောင်းတရားတို့ဖြင့် သာသည်၏အဖြစ်ကို ဟောတော်မူသောကြောင့် သိရပါပြီ။ ထိုသူ ၂-ဦးတို့သည် သေခြင်းသေကြကုန်၍ လူ့ပြည်၌ ဖြစ်ကြကုန်သည်ရှိသော် အတူတူပင် ဖြစ်မည်လော၊ ကွဲလွဲထူးခြား ရှိကြဦးမည်လော မြတ်စွာဘုရား"ဟု လျှောက်ထားပြန်သည်ကို အကြောင်းပြု၍ "သုမနမင်းသမီး၊ ငါဘုရား၏ သာသနာတော်၌ ရဟန်းပြုကြကုန်သော ရဟန်း ၂-ဦးတို့သည် သဒ္ဓါတရားနှင့် ပြည့်စုံကြသည်အတူတူ, သီလတရားနှင့် ပြည့်စုံကြသည်အတူတူ, ပညာတရားနှင့် ပြည့်စုံကြသည်အတူတူ၊ ထိုသို့ တူကုန်သော်လည်း အလှူမပေးသောသူကို အလှူ

ပေးသောသူက လှူပြည့်၌ ဖြစ်သောအခါ လှူ၌ဖြစ်သော အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, အခြံအရံများခြင်း, အစိုးရခြင်း၊ ဤ ၅-ပါးသော အကြောင်းတရားဖြင့် သာလွန်လွှမ်းမိုး၍ အကြီးပြုနိုင်သောအဖြစ်"ကို ဟောတော်မူသည်။

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ လှူပြည့်၌ဖြစ်သောအခါ ၅-ပါးသော အကြောင်းတရားတို့ဖြင့် သာလွန်သောအဖြစ်ကို ဟောတော်မူသောကြောင့် သိရပါပြီ။ ထို ၂-ဦးသောသူတို့သည် အိမ်ရာထောင်သော လူတို့၏ဘောင်ကို ရှောင်ခွါ၍ ဘုရားသာသနာတော်၌ ရဟန်းပြုခြင်း ပြုကြကုန်သည်ရှိသော် အတူတူပင်ဖြစ်မည်လော၊ ကွဲလွဲထူးခြား ရှိကြဦးမည်လောဘုရား"ဟူ၍ လျှောက်ထား၏။ ထိုသို့ လျှောက်ထားသည်ကို အကြောင်းပြု၍ "သုမနမင်းသမီး၊ ထို ၂-ဦးသော သူတို့သည် အိမ်ရာထောင်သော လူတို့ဘောင်ကို ခွါရှောင်၍ ငါဘုရား၏ သာသနာတော်တွင်း၌ ရဟန်းပြုခြင်း ပြုကြကုန်သည် ရှိသော် အလှူမပေးသောသူကို အလှူပေးသောသူက ရဟန်းဖြစ်သောအခါ၌လည်း ၅-ပါးသော အကြောင်းတရားတို့ဖြင့် သာလွန်သောအဖြစ်"ကို ဟောတော်မူသည်။ အဘယ် ၅-ပါးသော အကြောင်းတရားတို့ဖြင့် သာလွန်သနည်းဟူမူကား–

များသောအားဖြင့် ဒါယကာတို့သည် "အကျွန်ုပ်၏ သင်္ကန်းကို သုံးဆောင်တော်မူပါကုန်"ဟု အတောင်းပန်ခံ၍သာလျှင် သုံးဆောင်ရ၏။ အတောင်းပန်ကို မခံဘဲ သုံးဆောင်ရသည်ကား နည်း၏။

များသောအားဖြင့် ဒါယကာတို့သည် "အကျွန်ုပ်၏ ဆွမ်းကို သုံးဆောင်တော်မူပါကုန်"ဟု တောင်းပန်အပ်သည်ဖြစ်၍သာလျှင် သုံးဆောင်ရ၏။ အတောင်းပန်ကို မခံဘဲ သုံးဆောင်ရသည်ကား နည်း၏။

များသောအားဖြင့် ဒါယကာတို့သည် "အကျွန်ုပ်၏ ကျောင်းကို သုံးဆောင်တော်မူပါ"ဟု တောင်းပန်အပ်သည်ဖြစ်၍သာလျှင် သုံးဆောင်ရ၏။ မတောင်းပန်ဘဲ သုံးဆောင်ရသည်ကား နည်း၏။

များသောအားဖြင့် ဒါယကာတို့သည် "အကျွန်ုပ်၏ ဆေးပစ္စည်းကို သုံးဆောင်တော်မူပါ"ဟု တောင်းပန်အပ်သည်ဖြစ်၍သာလျှင် သုံးဆောင်ရ၏။ မတောင်းပန်ဘဲ သုံးဆောင်ရသည်ကား နည်း၏။

အကြင်သီတင်းသုံးဖော်တို့နှင့် အတူတကွ နေ၏။ ထိုသီတင်းသုံးဖော် ရဟန်းတို့သည် အလှူပေးလေ့ရှိသော ရဟန်းအား များသောအားဖြင့် နှစ်သက်ဖွယ်သော ကာယကံ, နှစ်သက်ဖွယ်သော ဝစီကံ, နှစ်သက်ဖွယ်သော မနောကံတို့ဖြင့် ပြုကျင့်ပြောဆို အောက်မေ့ရ

ကုန်၏။ မနှစ်သက်ဖွယ်သော ကာယကံ, ဝစီကံ, မနောကံတို့ဖြင့် ပြုကျင့်ပြောဆို အောက်မေ့သည်ကား နည်း၏။ များသောအားဖြင့် နှစ်သက်ဖွယ်ကို ပြု၍ ပူဇော်လုပ်ကျွေးခြင်းကို ပြုရကုန်၏။ မနှစ်သက်သည်ကို ပြု၍ ပူဇော်လုပ်ကျွေးသည်ကား နည်း၏။ ဤ ၅-ပါးသော အကြောင်းတို့ဖြင့် သာလွန်သောအဖြစ်ကို ဟောတော်မူသည်။

ထိုအခါ သုမနမင်းသမီးသည် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ရဟန်းဖြစ်သောအခါ၌လည်း ၅-ပါးသော အကြောင်းတရားတို့ဖြင့် သာလွန်သောအဖြစ်ကို ဟောတော်မူသောကြောင့် သိရပါပြီ။ ထို ၂-ဦးသော ရဟန်းတို့သည် ရဟန်းတရားကို အားထုတ်ကြကုန်၍ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်သည်ရှိသော် အတူတူပင် ဖြစ်မည်လော၊ ကွဲလွဲထူးခြား ရှိကြဦးမည်လောဘုရား"ဟူ၍ လျှောက်ထားသည်။

ထိုသို့ လျှောက်ထားသည်ကို အကြောင်းပြု၍ "သုမနမင်းသမီး၊ အကြင်ရဟန်း ၂-ဦးတို့သည် ရဟန်းတရားကို အားထုတ်ကြကုန်၍ အရဟတ္တဖိုလ်သို့ ရောက်သောအခါ၌ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိကြကုန်သည်အတူတူ, သမုဒယသစ္စာကို ပယ်ကြသည်အတူတူ, နိရောဓသစ္စာကို မျက်မှောက်ပြုကြသည်အတူတူ, မဂ္ဂသစ္စာကို ပွါးနိုင်ကြသည်အတူတူ, နာမ်,ရုပ်ကို ပိုင်းခြား၍ သိကြသည်အတူတူ, ဖလသမာပတ်နှင့် ပြည့်စုံကြသည် အတူတူသာ ဖြစ်ကုန်၏"ဟု ဟောတော်မူသည်။ ထိုသို့ ဟောတော်မူသော ကာလ၌ သုမနမင်းသမီးသည် အလွန်ဝမ်းမြောက်သည်ဖြစ်၍ –

**အစ္ဆရိယံ ဘန္တေ အဗ္ဘုတံ ဘန္တေ၊ ယာဝဉ္စိဒံ ပုညံ ဘန္တေ အလမေဝ ဒါနာနိ ဒါတုံ၊ အလံ ပုညာနိ ကာတုံ။** (အံ၊၂။၂၈)

အစရှိသည်ဖြင့် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဒါနကောင်းမှုတို့မည်သည်ကား အရဟတ္တဖိုလ်သို့ ရောက်သောအခါ တူလေကုန်သော်လည်း နတ်ပြည်၌ဖြစ်သောအခါ ၅-ပါးသော အရာတို့ဖြင့် သာလွန်ပေသည်။ လူ့ပြည်၌ဖြစ်သောအခါ ၅-ပါးသော အရာတို့ဖြင့် သာလွန်ပေသည်။ ရဟန်းဖြစ်သောအခါ ၅-ပါးသော အရာတို့ဖြင့် သာလွန်ပေသည်။ ဤသို့ လူ့ပြည်၌ဖြစ်သောအခါ, နတ်ပြည်၌ဖြစ်သောအခါ, ရဟန်းဖြစ်သောအခါတို့၌ များစွာ ကျေးဇူးရှိသောကြောင့် အလှူကို ပေးခြင်းငှာ သင့်လှပေသည်။ ကောင်းမှုကို ပြုခြင်းငှာ သင့်လှပေသည်"ဟု လျှောက်ထားလိုသည်ဖြစ်၍ "**အစ္ဆရိယံ ဘန္တေ**" ဟု အစရှိသည်ဖြင့် လျှောက်ထားလေ၏။

ဘန္တေ၊ မြတ်စွာဘုရား။ ယာဝ စ အတိဝိယ၊ အလွန်လျှင်။ ဣဒံ ပုညံ၊ ဤကောင်းမှုသည်။ အစ္ဆရိယံ ဝတ၊ အံ့ဖွယ်ရှိပေစွတကား။ ဘန္တေ၊ မြတ်စွာဘုရား။ ယာဝ စ အတိဝိယ၊ အလွန်လျှင်။ ဣဒံ ပုညံ၊ ဤကောင်းမှုသည်။ အဗ္ဘုတံ ဝတ၊ မဖြစ်ဖူးမြဲသော သဘောသည်

ဖြစ်သကဲ့သို့ ဖြစ်စွတကား။ ဘန္တေ၊ မြတ်စွာဘုရား။ ယတြ ဟိ နာမ ယာနိ ပုညာနိ၊ အကြင် ကောင်းမှုတို့သည်။ ဒေဝဘူတဿာပိ၊ နတ်၌ဖြစ်သောသူအားလည်း။ ဥပကာရာနိ၊ ကျေးဇူး များကုန်၏။ ယတြ ဟိ နာမ ယာနိ ပုညာနိ၊ အကြင်ကောင်းမှုတို့သည်။ မနုဿဘူတဿာပိ၊ လူဖြစ်သောသူအားလည်း။ ဥပကာရာနိ၊ ကျေးဇူးများကုန်၏။ ယတြ ဟိ နာမ ယာနိ ပုညာနိ၊ အကြင်ကောင်းမှုတို့သည်။ ပဗ္ဗဇိတဿာပိ၊ ရဟန်းဖြစ်သောသူအားလည်း။ ဥပကာရာနိ၊ ကျေးဇူးများကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တာနိ၊ ထိုသို့သဘောရှိကုန်သော။ ဒါနာနိ၊ အလှူတို့ ကို။ ဒါတုံ၊ ပေးခြင်းငှာ။ အလမေဝ၊ သင့်ပေသလျှင်ကတည်း။ တာနိ၊ ထိုသို့ သဘောရှိကုန် သော။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကာတုံ၊ ပြုခြင်းငှာ။ အလမေဝ၊ သင့်ပေသလျှင်ကတည်း။ ဣတိ၊ ဤသို့။ အဝေါ စ၊ နားတော်လျှောက်၏။

ဤသို့ နားတော်လျှောက်ထားသောအခါ သုမနမင်းသမီး၏ စကားကို ဝန်ခံတော် မူလိုသည်ဖြစ်၍ **“ဧဝမေ’တံ သုမနေ အလမေဝ ဒါနာနိ ဒါတုံ၊ အလံ ပုညာနိ ကာတုံ”** အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

သုမနေ၊ သုမနမင်းသမီး။ ဧတံ၊ ဤသင်ဆိုသော စကားသည်။ ဧဝံ၊ ဤသင်ဆိုတိုင်း မှန်၏။ ဒေဝတဘူတဿာပိ၊ နတ်ဖြစ်သောသူအားလည်း။ ပုညာနိ၊ ကောင်းမှုတို့သည်။ ဥပကာရာနိ၊ ကျေးဇူးများကုန်၏။ မနုဿဘူတဿာပိ၊ လူဖြစ်သောသူအားလည်း။ ပုညာနိ၊ ကောင်းမှုတို့သည်။ ဥပကာရာနိ၊ ကျေးဇူးများကုန်၏။ ပဗ္ဗဇိတဿာပိ၊ ရဟန်းဖြစ်သော သူအားလည်း။ ပုညာနိ၊ ကောင်းမှုတို့သည်။ ဥပကာရာနိ၊ ကျေးဇူးများကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဒါနာနိ၊ အလှူတို့ကို။ ဒါတုံ၊ ပေးခြင်းငှာ။ အလမေဝ၊ သင့်သလျှင်ကတည်း။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကာတုံ၊ ပြုခြင်းငှာ။ အလမေဝ၊ သင့်သလျှင်ကတည်း။ ဣတိ ဣဒံ ဝစနံ၊ ဤသို့သော စကားကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါ စ၊ ဟောတော်မူ၏။

ဤသို့ ဟောတော်မူသော တရားတော်ကို ကြားနာရသဖြင့် သုမနမင်းသမီးသည် ပီတိ,ပါမောဇ္ဇနှင့်တကွဖြစ်သော စိတ်ဖြင့် တရားအရသာကို သုံးဆောင်ခံစားရသည်ဖြစ်၍ ဘုရားသခင်အား ရိုသေစွာ ရှိခိုး၍ ပြန်လည်လေ၏။

ထို့ကြောင့် ယခုအခါ အကြင်ပညာရှိအပေါင်း သူတော်ကောင်းတို့သည် သဒ္ဓါ, သီလ, ပညာတရားတို့ကို ကိုယ်တွင်း၌ အမြဲတည်အောင် အားထုတ်၍ မိမိတို့ ရအပ်သော ပစ္စည်းတို့ကို သူတပါးတို့အား ပေးကမ်းလှူဒါန်း ပူဇော်ခြင်းကို အားထုတ်ကုန်ရာသည်။ ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်တည်း။ (အင်္ဂုတ္တရ၊ ပဉ္စကနိပါတ်၊ ပါဠိတော်၊ နှာ၂၇-၉-နှင့် ၎င်းအဋ္ဌကထာ-၃။၁၅-၇)

★★★★★★★

## [ ၁၁ ] ဆီမီးလှူတရား

**"တိဘဝပတိတံ ကတွာ ဓမ္မေန သတ္တာနံ ရဋ္ဌေတီတိ ဓမ္မရာဇာ"**ဟူသော ဝိဂြိုဟ်ဝစနတ် ပါဠိလာသည်နှင့်ညီစွာ ဘဝ ၃-ပါး၌ အတုမရှိ အစိုးရသောအဖြစ်ကို ပြုတော်မူ၍ တရားတည်းဟူသော သင်္ဂဟတို့ဖြင့် သတ္တဝါတို့၏ နှစ်သက်မြတ်နိုး ကျိုးနွံတုပ်ဝပ်ခြင်းကို ဖြစ်စေတော်မူတတ်သော သတ္တိကြောင့် ဓမ္မရာဇာ-ဟူသော ဂုဏ်တော်နာမ ဝိသေသအထူးကို ရတော်မူသော မြတ်စွာဘုရားသခင်သည် တရံရောအခါ သာဝတ္ထိပြည်ကြီးကို ဆွမ်းခံရွာအမှီပြု၍ **ဇေတဝန်ကျောင်းတော်**၌ သီတင်းသုံးနေတော်မူ၏။ ထိုသို့ နေတော်မူသောအခါ လဆုတ်ပက္ခကာလ၌ အမိုက်မှောင်တို့ဖြင့် ပြွမ်းကုန်လျက် ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာ-ဟု ဆိုအပ်သော ပရိသတ် ၄-ပါးတို့အား တရားဒေသနာကို ဟောတော်မူ၏။

ထိုအခါ တစ်ဦးသော ဒါယိကာမသည် "အမိုက်မှောင်တို့ဖြင့် ပြွမ်းကုန်လျက် တရားမင်းဘုရားသည် ပရိသတ်တို့အား တရားဒေသနာတော်ကို ဟောတော်မူခြင်းသည် မတင့်တယ်သည်သာတည်း"ဟု အသင့်အားဖြင့် နှလုံးသွင်း၍ ၁-ခွက်သော ဆီမီးကို မိမိအိမ်မှ ယူဆောင်ခဲ့၍ ဘုရားသခင်အား ထွန်းညှိပူဇော်၏။ မိမိသည် လှူအပ်သော ဆီမီးမှ ထွက်သောအရောင်, ဘုရားသခင်ကိုယ်တော်မှ ထွက်သောအရောင်တို့ကြောင့် ပရိသတ် ၄-ပါးတို့၏အလယ်၌ အလွန်တင့်တယ်သော ဘုရားသခင်ကို မြင်၍ လွန်စွာသော ပီတိသောမနဿပြဋ္ဌာန်းသော ကုသိုလ်အလျဉ်တို့သည် ပွါးများခြင်းသို့ ရောက်၏။

ထိုဒါယိကာမသည် အသက်ထက်ဆုံးနေ၍ စုတေမနေ သေလွန်လျှင် တာဝတိံသာနတ်ပြည်၌ ဘုံဗိမာန်, ဥယျာဉ်, ရေကန်, ပဒေသာပင်, ဥပဘောဂ, ပရိဘောဂတို့ဖြင့် ပြည့်စုံ၍ များစွာသော အခြံအရံတို့နှင့်တကွ ကြီးမားစွာသော နတ်တို့၏ စည်းစိမ်ကို ရသဖြင့် ဘုန်းတန်ခိုးအာနုဘော် ကိုယ်ရောင်ကိုယ်ဝါနှင့် ပြည့်စုံသောနတ်သမီး ဖြစ်လေ၏။

ထိုအခါ ကောင်းသောအဖြစ်, မကောင်းသောအဖြစ်ကို ကြားတတ်သော ပုရောဟိတ်ပုဏ္ဏားသဖွယ်ဖြစ်သော အရှင်မဟာမောဂ္ဂလာန်သည်—

ငရဲပြည်ဒေသစာရီ,	ဟိမဝန္တာဒေသစာရီ,	သမုဒ္ဒရာဒေသစာရီ,
လူ့ပြည်ဒေသစာရီ,	နတ်ပြည်ဒေသစာရီ,	ဗြဟ္မာ့ပြည်ဒေသစာရီ—

အပေါင်းတို့တွင် နတ်ပြည်သို့ ဒေသစာရီ ကြွတော်မူသည်ရှိသော် ထိုနတ်သမီး၏ ဘုံဗိမာန်အနီးသို့ ရောက်လေ၏။ ထိုအခါ အရှင်မဟာမောဂ္ဂလာန်သည် ထိုနတ်သမီးအား "အချင်း

နတ်သမီး၊ သင်ကား အခြံအရံ, ဘုန်းအာနုဘော်, ကိုယ်ရောင်ကိုယ်ဝါ, တန်ဆာစည်းစိမ်တို့ဖြင့် တပါးသော နတ်သမီးတို့ကို လွှမ်းမိုး၍ တင့်တယ်၏။ သင်ကား လူ့ပြည်၌ဖြစ်သောအခါ အဘယ်မည်သော ကောင်းမှုကို ပြုခဲ့သနည်း"ဟု မေးတော်မူလေ၏။

ထိုသို့ အမေးတော်ရှိသောအခါ ထိုနတ်သမီးသည် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အရှင်ဘုရား၊ အကျွန်ုပ်သည် ပြုအပ်သော ကုသိုလ်ကံသည်ကား နည်းပါးလှပါသည်။ စည်းစိမ်ချမ်းသာကား ကြီးမားသည်ဖြစ်၍ မလျှောက်ထားဝံ့ပါကြောင်း"ကို လျှောက်ကြားသည်ရှိသော် "ကုသိုလ်ကံမည်သည်ကို နည်းသည်ဖြစ်စေ, များသည်ဖြစ်စေ မေးအပ်သော သင်သည် ငါ့အား ကြားရာ၏"ဟု အမိန့်တော်ရှိသော် အရှင်မဟာမောဂ္ဂလာန်အား ထိုနတ်သမီးသည် "**အဟံ မနုဿေသု မနုဿဘူတာ**"အစရှိသော ဂါထာတို့ဖြင့် ဖြေကြား၏။

ထိုစကားကို အရှင်မဟာမောဂ္ဂလာန်သည် လူ့ပြည်သို့ ဆောင်၍ ဘုရားသခင်အား လျှောက်ထား၏။ ဘုရားသခင်သည်လည်း ဆည်းကပ်လာကုန်သော ပရိသတ်တို့အား ထိုနတ်သမီးကို အကြောင်းပြု၍ "မနုဿေသု မနုဿဘူတာ"အစရှိသော ဂါထာဒေသနာတော်ကို ဟောတော်မူ၏။

ထိုဒေသနာတော် ပုဒ်အပေါင်းတို့တွင် "မနုဿေသု"ဟူသော ပါဠ်ဖြင့် **လူ့တိရစ္ဆာန်, လူ့ငရဲသူ, လူ့ပြိတ္တာ, လူ့ပရမတ္ထ**အားဖြင့် ၄-ပါးကုန်သော လူမျိုးတို့ကို ပြတော်မူ၏။ "မနုဿဘူတာ"ဟူသော ပါဠ်ဖြင့် ၄-ပါးကုန်သော လူမျိုးတို့မှ အသီးထုတ်၍ လူ့ပရမတ္ထကို ပြတော်မူ၏။

## ၁။ လူ ၄-မျိုး

ထို ၄-ပါးကုန်သော လူမျိုးတို့တွင် အဘယ်သူတို့သည် **လူ့တိရစ္ဆာန်** မည်ကုန်သနည်းဟူမူကား လောက၌ နွား,ကျွဲ,ဆင်,မြင်း-အစရှိသော သတ္တဝါတို့သည် မြက်,ရေ-ဟု ဆိုအပ်သော အစာအာဟာရ ပေါ်များရာအရပ်သို့ ရောက်လေ၏။ ထိုသတ္တဝါတို့သည် တစ်နေ့အဖို့မျှသာ ဝပြောခြင်းဖြစ်၍ နက်ဖြန်,သန်ဘက်-အစရှိသော တပါးသောနေ့အဖို့ အကျိုးငှာ မယူဆောင်တတ်သကဲ့သို့ ထို့အတူ လူတို့သည် ရှေးဘဝ၌ ပြုအပ်ပြီးသော ကုသိုလ်၏ အာနုဘော်ကြောင့် လူ့ပြည်သို့ ရောက်၍ သူဋ္ဌေးသူကြွယ်, ပဒေသရာဇ်, ဧကရာဇ်-စသော မင်းတို့၏ စည်းစိမ်ချမ်းသာကို ရပါငြားသော်လည်း မေ့လျော့ခြင်းတည်းဟူသော ပမာဒတရားနှင့် ပြည့်စုံ၍ နောက်နောင်သောဘဝ၌ ချမ်းသာခြင်းအကျိုးငှာလည်းကောင်း၊ မင်,

ဖိုလ်,နိဗ္ဗာန်အကျိုးငှာလည်းကောင်း အလှူပေးခြင်း, သီလဆောက်တည်ခြင်းကို အားမထုတ်။ ထိုသူတို့သည် တိရစ္ဆာန်တို့နှင့်သာ အလားတူသောကြောင့် **လူ့တိရစ္ဆာန်** မည်ကုန်၏။

အဘယ်သူတို့သည် **လူ့ငရဲသူ**မည်လေသနည်းဟူမူကား ငရဲဘုံ၌ ဖြစ်ကြကုန်သော ငရဲသူသတ္တဝါတို့သည် အထူးထူးအပြားပြား နှိပ်စက်ညှဉ်းဆဲခြင်းကို ခံရသဖြင့် ကြီးစွာသော ဒုက္ခဝေဒနာကိုသာ အခါမပြတ် ခံစားရသကဲ့သို့ ထို့အတူ လူတို့သည် သူ့အသက်ကို သတ်ခြင်း, သူ့ဥစ္စာကို ခိုးယူခြင်း, မင်းတို့နှင့် ဆက်ဆံခြင်း-စသော အမှုကို ပြုခြင်းကြောင့် မင်းဒဏ်သင့်၍ ထိတ်,ထောင်,နှောင်ဖွဲ့ခြင်း၊ လက်,ခြေ ဖြတ်ခြင်း-အစရှိသော ဒွတ္တိံသ-ကမ္မကရဏအပြားတို့ကို ပြု၍ ညှဉ်းဆဲခြင်းကို ခံရခြင်းသည် တစ်စိတ်အားဖြင့် ငရဲသူနှင့် တူသောကြောင့် **လူ့ငရဲသူ** မည်ကုန်၏။

အဘယ်သူတို့သည် **လူ့ပြိတ္တာ**မည်လေသနည်းဟူမူကား ပြိတ္တာဘုံ၌ ပြိတ္တာတို့သည် များစွာသော နေ့, ရက်, လ, နှစ်တို့ပတ်လုံး အစား,အဝတ်,ရေတို့ကိုသာ ပြင်းစွာတောင့်တ၍ ကာလကို လွန်စေသကဲ့သို့ ထို့အတူ ရှေးရှေးသောဘဝက ပြုအပ်ခဲ့ဖူးသော ကုသိုလ်သမ္ဘာရ အစု ကောင်းမှုအကြောင်း နည်းသောသူတို့သည် လူ့ပြည်ကိုပင် ရောက်ပါငြားသော်လည်း ဆင်းရဲသောအမျိုး၌ဖြစ်၍ အစား,အဝတ်-အစရှိသော ဥပဘောဂတို့ကို အခါမပြတ် တောင့်တ၍သာ ကာလကို လွန်စေကုန်၏။ ထိုသူတို့သည် ပြိတ္တာတို့နှင့် တစ်စိတ်အားဖြင့် တောင့်တချင်း တူသောကြောင့် **လူ့ပြိတ္တာ** မည်ကုန်၏။

အဘယ်သူတို့သည် **လူ့ပရမတ္ထ**မည်လေသနည်းဟူမူကား လူ့ပြည်၌ ဖြစ်ကုန်သော လူအပေါင်းတို့သည် စည်းစိမ်ဥစ္စာ, ဥပဘောဂ, ပရိဘောဂတို့ဖြင့် ပြည့်စုံကုန်သော်လည်း ကောင်း၊ မပြည့်စုံကုန်သော်လည်းကောင်း သဒ္ဓါ, သတိ, သံဝေဂ, ပညာ, ယောနိသော-မနသိကာရတို့ကို ဖြစ်စေကုန်လျက် မမေ့မလျော့ အကုသိုလ်ဒုစရိုက်မှ ကြဉ်၍ သုစရိုက်, သုရာဇီဝ, ဒါန, သီလ, ဘာဝနာတည်းဟူသော ကုသိုလ်တရားတို့ကို အားထုတ်ကုန်၏။ ထိုသူတို့သည် **လူ့ပရမတ္ထ** မည်ကုန်၏။ (ဝိမာန,ဋ္ဌ။၁၉၊၂၀)

ထို ၄-ပါးသော လူမျိုးတို့တွင် လူ့တိရစ္ဆာန်, လူ့ငရဲသူ, လူ့ပြိတ္တာအဖြစ်မှ ထွက်မြောက်၍ လူ့ပရမတ္ထဖြစ်စေခြင်းငှာ အကုသိုလ်ဒုစရိုက်မှ ကြဉ်၍ သုစရိုက်, သုရာဇီဝ, ဒါန, သီလ, ဘာဝနာတည်းဟူသော ကုသိုလ်တရားတို့ကို အားထုတ်ကုန်ရာသည်။ ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (ဝိမာနဝတ္ထု-၁၀၊ ၎င်းအဋ္ဌကထာ)

★★★★★★★

## [ ၁၂ ] သူတော်ကောင်း ဥစ္စာ ၇-ပါးတရား

"ဗာလေ ဥဒ္ဒရတီတိ ဗုဒ္ဓေါ။"

ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ဗာလေ၊ မလိမ္မာကုန်သောသူတို့ကို။ သံသာရဝဋ္ဋဒုက္ခတော၊ သံသရာတည်းဟူသော ဝဋ်ဆင်းရဲမှ။ ဥဒ္ဒရတိ၊ ရွေးနုတ်တော်မူ တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။

ဤသို့လျှင် မလိမ္မာကုန်သောသူတို့ကို သံသရာတည်းဟူသော ဝဋ်ဆင်းရဲမှ ရွေးနုတ် တော်မူတတ်သော သတ္တိကြောင့် ဗုဒ္ဓ-ဟူသော အမည်ကို ရတော်မူသော မြတ်စွာဘုရား သည် တပါးသောအခါ သာဝတ္ထိပြည်ကြီးကို ဆွမ်းခံရွာ အမှီပြု၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ ထိုသို့ နေတော်မူသောအခါ သာဝတ္ထိမြို့တွင်း၌ ဥဂ္ဂအမည်ရှိသော အမတ်ကြီးသည် မြတ်စွာဘုရား ရှိတော်မူရာအရပ်သို့ ကပ်လေ၍ တင့်အပ်လျောက်ပတ် သောအရပ်၌ နေပြီးသော် ၅-ပါးသော ရှိခိုးခြင်းတို့ဖြင့် ရိုသေစွာ ရှိခိုး၍ ဘုရားသခင်ကို ဤသို့ နားတော်လျှောက်၏။

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ သာဝတ္ထိမြို့တွင်း၌ ရောဟိဏသူဌေး၏ သားဖြစ်သော မိဂါရသူဌေးကား ဥစ္စာ,ရွှေ,ငွေ, အသုံးအဆောင် အလွန် ပေါ်များလှ၏။ အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲသောသဘော ဖြစ်ပေစွတကား"ဟု နားတော်လျှောက် ၏။ ထိုအခါ ဘုရားသခင်သည် "ဥဂ္ဂအမည်ရှိသော အမတ်ကြီး၊ ရောဟိဏသူဌေး၏ သား ဖြစ်သော မိဂါရသူဌေးကား အဘယ်မျှလောက်ပင် ဥစ္စာ,ရွှေ,ငွေ ပေါ်များသနည်း"ဟု မေး တော်မူ၏။

ထိုအခါ ဥဂ္ဂအမည်ရှိသော အမတ်ကြီးသည် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူ သော မြတ်စွာဘုရား၊ ရွှေရတနာသည်ကား အထောင်တို့၏ အရာရှိပါကုန်၏။ ငွေရတနာ မူကား ဆိုဖွယ်မရှိသည်သာလျှင်တည်း"ဟု နားတော်လျှောက်၏။ ထိုအခါ ဘုရားသခင်သည် "ဥဂ္ဂအမည်ရှိသော အမတ်ကြီး၊ သင်ဆိုတိုင်းပင် ထိုရွှေ,ငွေ,ရတနာတို့သည် ရှိသည်, ပေါ်များ သည် မှန်၏။ ထိုသို့ များသည်မှန်သော်လည်း ထိုဥစ္စာတို့သည် မင်း, ခိုးသူ, ရေ, မီး, မချစ် မနှစ်သက်လိုသောသူ-ဟူသော ရန်သူမျိုး ၅-ပါးတို့နှင့် ဆက်ဆံကုန်၏"ဟု မိန့်တော်မူပြီးမှ ဤသို့သော ဓမ္မဒေသနာတော်မြတ်ကို ဟောတော်မူသည်။

**သတ္တိမာနိ ခေါ ဥဂ္ဂ ဓနာနိ အသာဓာရဏာနိ အဂ္ဂိနာ ဥဒကေန ရာဇူဟိ စောရေဟိ အပ္ပိယေဟိ ဒါယာဒေဟိ။ ကတမာနိ သတ္တ? သဒ္ဓါဓနံ သီလဓနံ ဟိရိဓနံ ဩတ္တပ္ပဓနံ သုတဓနံ စာဂဓနံ ပညာဓနံ။ ဣမာနိ ခေါ ဥဂ္ဂ သတ္တ ဓနာနိ အသာဓာရဏာနိ အဂ္ဂိနာ ဥဒကေန ရာဇူဟိ စောရေဟိ အပ္ပိယေဟိ ဒါယာဒေဟိ။**

ဟူ၍ ဟောတော်မူသည်။ (အံ၊၂။၄၀၀)

ဥဂ္ဂ၊ ဥဂ္ဂအမည်ရှိသော အမတ်ကြီး။ ဣမာနိ ခေါ သတ္တ ဓနာနိ၊ ဤ ၇-ပါးကုန်သော ဥစ္စာရတနာတို့သည်။ အဂ္ဂိနာ၊ မီးနှင့်လည်းကောင်း။ ဥဒကေန၊ ရေနှင့်လည်းကောင်း။ ရာဇူဟိ၊ မင်းတို့နှင့်လည်းကောင်း။ စောရေဟိ၊ ခိုးသူတို့နှင့်လည်းကောင်း။ အပ္ပိယေဟိ၊ မချစ်မနှစ်လိုအပ်ကုန်သော။ ဒါယာဒေဟိ၊ အမွေခံဖြစ်ကုန်သော သူတို့နှင့်လည်းကောင်း။ အသာဓာရဏာနိ၊ မဆက်ဆံကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သတ္တ၊ ၇-ပါးကုန်သော ဥစ္စာတို့သည်။ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။

သဒ္ဓါဓနံ၊ သဒ္ဓါ-ဟူသော ဥစ္စာလည်း ၁-ပါး။

သီလဓနံ၊ သီလ-ဟူသော ဥစ္စာလည်း ၁-ပါး။

ဟိရိဓနံ၊ ဟိရိ-ဟူသော ဥစ္စာလည်း ၁-ပါး။

ဩတ္တပ္ပဓနံ၊ ဩတ္တပ္ပ-ဟူသော ဥစ္စာလည်း ၁-ပါး။

သုတဓနံ၊ သုတ-ဟူသော ဥစ္စာလည်း ၁-ပါး။

စာဂဓနံ၊ စာဂ-ဟူသော ဥစ္စာလည်း ၁-ပါး။

ပညာဓနံ၊ ပညာ-ဟူသော ဥစ္စာလည်း ၁-ပါး။

ဣတိ၊ ဤသို့။ ဓနာနိ၊ ဥစ္စာတို့ကား။ သတ္တ၊ ၇-ပါးတို့တည်း။ ဥဂ္ဂ၊ ဥဂ္ဂအမည်ရှိသော အမတ်ကြီး။ ဣမာနိ သတ္တ ဓနာနိ၊ ဤ ၇-ပါးကုန်သော ဥစ္စာတို့သည်။ အဂ္ဂိနာ၊ မီးနှင့်လည်းကောင်း။ ဥဒကေန၊ ရေနှင့်လည်းကောင်း။ ရာဇူဟိ၊ မင်းတို့နှင့်လည်းကောင်း။ စောရေဟိ၊ ခိုးသူတို့နှင့်လည်းကောင်း။ အပ္ပိယေဟိ၊ မချစ်မနှစ်လိုအပ်ကုန်သော။ ဒါယာဒေဟိ၊ အမွေခံဖြစ်ကုန်သော သူတို့နှင့်လည်းကောင်း။ အသာဓာရဏာနိ၊ မဆက်ဆံကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ထိုဒေသနာတော်၏ အဓိပ္ပါယ်ကား "ဥဂ္ဂအမည်ရှိသော အမတ်ကြီး၊ ရန်သူမျိုး ၅-ပါးတို့နှင့် မဆက်ဆံသော သူတော်ကောင်းတို့၏ ဥစ္စာရတနာတို့သည် ၇-ပါးတို့တည်း။ ၇-ပါးဟူသော်ကား–

၁။ ရတနာ ၃-ပါးတို့၏ ဂုဏ်တော်,ကျေးဇူးတော်တို့ကိုလည်းကောင်း၊ ကံ, ကံ၏အကျိုးတို့ကိုလည်းကောင်း ယုံကြည်ခြင်းသဒ္ဓါ-ဟူသော ဥစ္စာလည်း ၁-ပါး၊

၂။ ပဉ္စင်္ဂသီလ, အဋ္ဌင်္ဂသီလ, ၁၀-ပါးသော ဒသင်္ဂသီလတို့ကို မကျိုးမပေါက်, မပြောက်မကျားရအောင် ကြပ်တည်းစွာ စောင့်ရှောက်ဆောက်တည်ခြင်း သီလ-ဟူသော ဥစ္စာလည်း ၁-ပါး၊

၃။ ကာယဒုစရိုက် ၃-ပါး, ဝစီဒုစရိုက် ၄-ပါး, မနောဒုစရိုက် ၃-ပါးတို့ကို ကျင့်ရအံ့သည်မှ ရှက်ခြင်း ဟိရီ-ဟူသော ဥစ္စာလည်း ၁-ပါး၊

၄။ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်၊ အပါယ် ၄-ပါးတို့၌ ဖြစ်သောဘေး, သံသရာဝဋ်ဆင်းရဲ၌ ဖြစ်သောဘေးမှ ကြောက်လန့်ခြင်း ဩတ္တပ္ပ-ဟူသော ဥစ္စာလည်း ၁-ပါး၊

၅။ ပိဋကတ် ၃-ပုံ၌လာသော တရားတော်ကို သင်ခြင်း, နာခြင်း, ဆွေးနွေးမေးမြန်းခြင်း, ရွတ်ဖတ်သရဇ္ဈာယ်ခြင်း သုတ-ဟူသော ဥစ္စာလည်း ၁-ပါး၊

၆။ ရတနာ ၃-ပါးတို့အား အစွမ်းသတ္တိရှိသည့်အလျောက် နည်း,များမဆို လှူဒါန်းပူဇော်ခြင်း, သူတပါးတို့အား ပေးကမ်းစွန့်ကြဲခြင်း စာဂ-ဟူသော ဥစ္စာလည်း ၁-ပါး၊

၇။ အလှူပေးလျှင် အကျိုးရှိ၏၊ သီလဆောက်တည်လျှင် အကျိုးရှိ၏၊ ကုသိုလ်ကံသည် အကျိုးရှိ၏၊ အကုသိုလ်ကံသည် အပြစ်ရှိ၏၊ အမိ,အဘတို့ကို လုပ်ကျွေးလျှင် အကျိုးရှိ၏။ လောက၌ ဘုရား, ရဟန္တာရှိ၏-အစရှိသည်ဖြင့် အယူဝါဒ၏ ဖြောင့်မတ်စွာဖြစ်ခြင်း-ဟူသော ကမ္မဿကတာဉာဏ်ပညာ၊ အာယတန,ဓာတ်,သစ္စာ, ဣန္ဒြေတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ-ဟူ၍ သမ္မသန-အစရှိသော ဝိပဿနာဉာဏ်အဆက်ဆက်တို့ဖြင့် ရှုနိုင်သော ဝိပဿနာဉာဏ်ပညာ-ဟူသော ဥစ္စာလည်း ၁-ပါး၊

ဤသို့လျှင် သူတော်ကောင်းဥစ္စာ ရတနာတို့သည် ၇-ပါးအပြားရှိကုန်၏။ ထို ၇-ပါးသော သူတော်ကောင်းဥစ္စာ ရတနာတို့သည် အကြင်မိန်းမ, အကြင်ယောကျ်ားအားရှိ၏။ ထိုမိန်းမ, ထိုယောကျ်ားကို မဆင်းရဲသောသူ, ဥစ္စာများသောသူ-ဟူ၍ ဘုရား-အစရှိသော သူတော်ကောင်းတို့သည် ဆိုတော်မူကုန်၏။

ထို့ကြောင့်—

> ယဿ ဧတေ ဓနာ အတ္ထိ၊ ဣတ္ထိယာ ပုရိသဿ ဝါ။
> သ ဝေ အဒလိဒ္ဒေါ ဟောတိ၊ မဟဒ္ဓနောတိ ဝုစ္စတိ။

ဟူ၍ ဟောတော်မူသည်။

ဤ ၇-ပါးကုန်သော တရားတို့နှင့် ပြည့်စုံသောသူတို့သည် အဘယ်မည်သော အကျိုးတို့ကို ရလေသနည်းဟူမူကား လူ့ပြည်၌ ဖြစ်သောအခါ သူဌေးသူကြွယ်, ပဒေသရာဇ်, ဧကရာဇ်, စကြာမင်းကြီးတို့၏ စည်းစိမ်ချမ်းသာတို့တွင် မိမိတို့ အလိုရှိအပ်,တောင့်တအပ်သော စည်းစိမ်ချမ်းသာတို့ကို ပေးစွမ်းနိုင်ခြင်း သတ္တိရှိ၏။ စာတုမဟာရာဇ်, တာဝတိံသာ စသော နတ်ပြည် ၆-ထပ် နတ်ရပ်၌ဖြစ်သော နတ်တို့၏ စည်းစိမ်ချမ်းသာ, ဗြဟ္မာ့ပြည်၌ ဖြစ်သော ဗြဟ္မာမင်းကြီးတို့၏ စည်းစိမ်ချမ်းသာတို့တွင် မိမိတို့ အလိုရှိအပ်,တောင့်တအပ်သော စည်းစိမ်ချမ်းသာတို့ကို ပေးစွမ်းနိုင်ခြင်း သတ္တိရှိ၏။

သာဝကပါရမီဉာဏ်, ပစ္စေကဗောဓိဉာဏ်, သမ္မာသမ္ဗောဓိဉာဏ်, နိဗ္ဗာန်ကို သိမ်းရုံး၍ ပေးစွမ်းနိုင်ခြင်း သတ္တိရှိ၏။ လောကူပမာဆိုသော်ကား လောက၌ ဥစ္စာ,ရွှေ,ငွေ-အစရှိသော ရတနာမျိုးတို့နှင့် ပြည့်စုံသောသူသည် တောင့်တ၍ မရသော ဝတ္ထုမည်သည် မရှိသကဲ့သို့ အလုံးစုံသော လောကီ, လောကုတ္တရာအကျိုးတို့ကို အလိုရှိတိုင်း, တောင့်တတိုင်း ပြည့်စုံစေနိုင်၏-ဟု ဟောတော်မူသည်။

ထို့ကြောင့် ယခုအခါ သူတော်ကောင်းအပေါင်းတို့သည်လည်း နှစ်သက်မြတ်နိုးအပ်သော လောကီ,လောကုတ္တရာအကျိုးတို့ကို အလိုရှိကုန်သည်ဖြစ်အံ့။ ထိုအကျိုးထူးတို့ကို ရခြင်း၏အကြောင်းဖြစ်သော သူတော်ကောင်းတို့၏ ဥစ္စာရတနာ ၇-ပါးတို့နှင့် ပြည့်စုံအောင် အားထုတ်၍ ဖြည့်ကျင့်ကုန်ရာသည်။ (သတ္တက၊ အင်္ဂုတ္တိုရ်ပါဠိတော်။ အံ၊၂။၄၀၀)

★★★★★★★

## [ ၁၃ ] သီလတရား

**"ကိလေသေ နာထတိ ဟိံသတီတိ နာထော။"**

ယော ဗုဒ္ဓေါ၊ အကြင်မြတ်စွာဘုရားသည်။ အတ္တနော၊ ကိုယ်တော်မြတ်၏။ သန္တာနဂတေ၊ စိတ်အစဉ်သန္တာန်၌ ဖြစ်ကုန်သော။ ကိလေသေ စ၊ ကိလေသာတို့ကိုလည်းကောင်း။ ဝေနေယျာနံ၊ ဝေနေယျတို့၏။ သန္တာနဂတေ၊ စိတ်အစဉ်သန္တာန်၌ဖြစ်ကုန်သော။ ကိလေသေ စ၊ ကိလေသာတို့ကိုလည်းကောင်း။ နာထတိ ဟိံသတိ၊ ဖျက်ဆီးတော်မူတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဗုဒ္ဓေါ၊ ထိုမြတ်စွာဘုရားသည်။ နာထော၊ နာထ မည်တော်မူ၏။

ဤသို့လျှင် ကိုယ်တော်၏သန္တာန်, ဝေနေယျတို့၏သန္တာန်၌ဖြစ်ကုန်သော ကိလေသာတို့ကို အရဟတ္တမဂ်ဉာဏ်, ဒေသနာဉာဏ်တော်တို့ဖြင့် အကြွင်းမဲ့ ဖျက်ဆီးတော်မူတတ်သော

သတ္တိကြောင့် နာထ-ဟူသော ဂုဏ်တော်နာမ ဝိသေသအထူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်,ဝိနည်း, အဘိဓမ္မာ ဟူ၍ ၃-ပါးအပြားရှိ၏။

ထို ၃-ပါးတို့တွင် သုတ္တန်နည်းအားဖြင့် ဟောတော်မူလိုသည်ဖြစ်၍—

**ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။ ကတမေဟိ ပဉ္စဟိ? ပါဏာတိပါတီ ဟောတိ၊ အဒိန္နာဒါယီ ဟောတိ၊ ကာမေသု မိစ္ဆာစာရီ ဟောတိ၊ မုသာဝါဒီ ဟောတိ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာယီ ဟောတိ။ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (အံ၊၂။၁၅၀-၁)

ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စဟိ၊ ၅-ပါးကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ အာဘတံ၊ ဆောင်အပ်သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ချသကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေ၏။ ကတမေဟိ ပဉ္စဟိ၊ အဘယ် ၅-ပါးကုန်သော တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျသနည်း။

- ပါဏာတိပါတီ၊ သူ၏အသက်ကို သတ်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။
- အဒိန္နာဒါယီ၊ ဥစ္စာရှင်သည် ကိုယ်,နှုတ်ဖြင့် မပေးအပ်သော လူဇာတ်ဖြစ်သော သူတပါးတို့၏ဥစ္စာကို ခိုးယူလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။
- ကာမေသု မိစ္ဆာစာရီ၊ ၂-ကျိပ်,၁-ယောက်သော မသွားမလာအပ်သော မိန်းမတို့၌ သွားလာလွန်ကျူး၍ ကျင့်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။
- မုသာဝါဒီ၊ မဟုတ်မမှန်သော စကားကို ဆိုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။
- သုရာမေရယမဇ္ဇပမာဒဋ္ဌာယီ၊ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သုရာ ၅-ပါး, မေရယ ၅-ပါးတို့ကို သောက်စားလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣမေဟိ ပဉ္စဟိ ဓမ္မေဟိ၊ ဤ ၅-ပါးကုန်သော အကြောင်းတရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ အာဘတံ၊ ဆောင်အပ်သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ချသကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေ၏။

အဓိပ္ပါယ်ကား "ငါ၏ချစ်သား ရဟန်းများတို့ ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသု မိစ္ဆာစာရ, မုသာဝါဒ, သုရာမေရယတည်းဟူသော ၅-ပါးသော မကောင်းသော အကြောင်း

တရားတို့နှင့် ပြည့်စုံသောသူသည် ထမ်း၍ထားသော ဝန်ကို ချအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ကျလေ၏”ဟု ဟောတော်မူသည်။

**ပဉ္စ ဂဟပတိ ဘယာနိ ဝေရာနိ အပ္ပဟာယ “ဒုဿီလော” ဣတိ ဝုစ္စတိ၊ နိရယဉ္စ ဥပပဇ္ဇတိ။ —** (အံ၊၂။၁၈၀၊ ဝေရသုတ္တ)

ဟူသော ပါဠိတော်နှင့်အညီ ထို ၅-ပါးသော အကြောင်းတရားတို့သည် ဝေရ-ရန်လည်း မည်ကုန်၏။ ဘယ-ဘေးလည်း မည်ကုန်၏။ ထိုဘေး,ရန်တို့ကို မပယ်သောသူကို ဒုဿီလ ပုဂ္ဂိုလ်-ဟု ဆိုအပ်၏။ အပါယ်ငရဲသို့လည်း ကျစေတတ်၏။ သီလမရှိသော ဒုဿီလပုဂ္ဂိုလ်သည် ဦးခေါင်းပြတ်ပြီးသောသူနှင့်လည်း တူ၏။

ဦးခေါင်းပြတ်ပြီးသောသူသည် ပရိသတ်လူအပေါင်းတို့၏ အလယ်၌ မတင့်တယ်သကဲ့သို့ ထို့အတူ ပရိသတ် ၄-ပါးတို့၏အလယ်၌ တင့်တယ်ခြင်း မရှိ၊ သူခပ်သိမ်းတို့သည် စွန့်ပစ်အပ်သည် ဖြစ်၏။ သေသည်၏အခြားမဲ့၌လည်း အပါယ် ၄-ပါးတို့သို့ လားရလေ၏။ ထို ၅-ပါးသော မကောင်းသော အကြောင်းတရားတို့နှင့် ပြည့်စုံသောသူသည် ရှင်လျက်နှင့် ပုပ်သည် မည်၏။ ဆွေးသည်လည်း မည်၏။ ထိုလူပုပ်,လူဆွေးအပေါင်းတို့သည် သေလည်း မသေသာ။ ရှင်လည်း မရှင်သာ ဖြစ်ကုန်၏။

အဘယ်ကြောင့်နည်းဟူမူကား သေပြန်လျှင်လည်း သေသည်မှ အခြားမဲ့၌ ငရဲဘုံသို့ ဧကန်စင်စစ် ရောက်လတ္တံ့သည်ဖြစ်၍ မသေသာ ရှိလေကုန်၏။ အဘယ်ကြောင့် မရှင်သာ ရှိလေသနည်းဟူမူကား လူ့ပြည်၌ အသက်ရှည်၍ ကြာတိုင်းပင်လျှင် အကုသိုလ်ဒုစရိုက်တရား ပွါးများကုန်သည်ဖြစ်၍ ငရဲ-အစရှိသော အပါယ် ၄-ပါးတို့၌ ဖြစ်ကြကုန်၍ ရှည်ကြာလေးမြင့် ဒုက္ခဝေဒနာတို့ကို ခံစားရခြင်း၏ အကြောင်းဖြစ်ကုန်၏။

ထို့ကြောင့် ဒုဿီလအဖြစ်တည်းဟူသော လူပုပ်,လူဆွေးအဖြစ်မှ လွတ်၍ သီလနှင့် ပြည့်စုံအောင် အားထုတ်ကုန်ရာသည်။ အားထုတ်စိမ့်သောငှာလည်း–

**ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ သဂ္ဂေ။ ကတမေဟိ ပဉ္စဟိ? ပါဏာတိပါတာ ပဋိဝိရတော ဟောတိ၊ အဒိန္နာဒါနာ ပဋိဝိရတော ဟောတိ၊ ကာမေသု မိစ္ဆာစာရာ ပဋိဝိရတော ဟောတိ၊ မုသာဝါဒါ ပဋိဝိရတော ဟောတိ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော ဟောတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ သဂ္ဂေ။** (အံ၊၂။၁၅၁)

ဟူသော ဒေသနာတော်ဖြင့် “ငါ၏ချစ်သား ရဟန်းများတို့၊ အကြင်သူသည် ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသု မိစ္ဆာစာရ, မုသာဝါဒ, သုရာမေရယ-တည်းဟူသော ၅-ပါးသော

ဒုစရိုက်တရားတို့မှ ကြဉ်၍ ပဥ္စသီ ၅-ပါးနှင့် ပြည်စုံသည်ဖြစ်အံ့၊ ထိုသူသည် ထမ်း၍လာသော ဝန်ကို မြင့်ရာအရပ်သို့ ပစ်တင်သကဲ့သို့ ထို့အတူ သေသည်မှ အခြားမဲ့၌ လူ့ပြည်သုဂတိဘဝသို့ ရောက်လေ၏"ဟု အကျိုးအာနိသံသတို့ကို ပြ၍ ဆုံးမတော်မူသည်။

## ၁။ သီလသည် အဝတ်, အနံ့, အဆင်တန်ဆာ, ပန်းတို့ထက် သာလွန်မြင့်မြတ်ပုံ

"**သီလသဒိသံ ဝတ္ထံ နာမ နတ္ထိ**"ဟူသော ဒေသနာတော်မြတ်ဖြင့်လည်း ၅-ပါးသော သီလတို့နှင့် မပြည့်စုံသော နတ်,လူတို့သည် အဝတ်ပုဆိုးကင်းသော သူနှင့် တူ၏။ ပြည့်စုံသော နတ်,လူတို့သည် ကောင်းစွာ အဝတ်ပုဆိုးတို့ကို ဝတ်ရုံဖုံးလွှမ်း၍နေသော သူနှင့်လည်း တူ၏။ လောကကြီး၌ အလုံးစုံသော အဝတ်ပုဆိုးတို့သည် အရွယ် ၃-ပါး၌ ဖြစ်ကုန်သော သူတို့အား လျောက်ပတ်သည်လည်း ရှိ၏၊ မလျောက်ပတ်သည်လည်း ရှိ၏။ သီလ-ဟူသော အဝတ်ပုဆိုးမူကား ၃-ပါးသောအရွယ်၌ ဖြစ်ကုန်သောသူတို့အား တင့်တယ်လျောက်ပတ်သည်သာလျှင်တည်း။ ပြကတေ့သော ပုဆိုးသည် ဝတ်ရုံသောသူတို့အား အချမ်း,အပူ, ခြင်,မှက်, လေ,နေပူ, တံလှပ်, မြွေ,ကင်း,သန်း အတွေ့တည်းဟူသော ဘေးရန်ကိုသာ ဖျောက်တတ်၏။ သီလတည်းဟူသော အဝတ်ပုဆိုးကို ဝတ်ရုံ၍ နေကုန်သောသူတို့အား အပါယ်ဘေး, ဝဋ်ဆင်းရဲဘေးတို့ကို ပျောက်စေတတ်၏-ဟု ပြတော်မူသည်။

"**သီလဂန္ဓသဒိသော ဂန္ဓော နာမ နတ္ထိ**"ဟူသော ဒေသနာတော်ဖြင့် လူ့ပြည်,နတ်ရပ်တို့၌ ဖြစ်ကုန်သော မွှန်မြတ်သော နံ့သာထက်လည်း သီလတည်းဟူသော နံ့သာသည် သာလွန်သောအဖြစ်ကို ပြတော်မူသည်။

"**သီလာလင်္ကာရသဒိသော အလင်္ကာရော နာမ နတ္ထိ**"ဟူသော ဒေသနာတော်ဖြင့် လူ့ပြည်,နတ်ရပ်တို့၌ မွှန်မြတ်ဆန်းကြယ်သော တန်ဆာအထူးတို့သည် ရှိကုန်၏။ ထိုတန်ဆာအထူးတို့ထက် သီလတည်းဟူသော တန်ဆာသည်သာလျှင် သာလွန်သောအဖြစ်ကို ပြတော်မူသည်။

"**သီလပုပ္ဖသဒိသံ ပုပ္ဖံ နာမ နတ္ထိ**"ဟူသော ဒေသနာတော်ဖြင့် လူ့ပြည်,နတ်ရပ်တို့၌ မွှန်မြတ်ဆန်းကြယ်သော ပန်းတို့သည် ရှိကုန်၏။ ထိုပန်းတို့ထက် သီလတည်းဟူသော ပန်းသည်သာလျှင် သာလွန်သောအဖြစ်ကို ပြတော်မူသည်။ သီလတည်းဟူသော အဝတ်, သီလတည်းဟူသော နံ့သာ, သီလတည်းဟူသော တန်ဆာ, သီလတည်းဟူသော ပန်းတို့ကို ဝတ်ရုံပန်ဆင်၍ နေကုန်သောသူတို့ကို နတ်တို့နှင့်တကွသော လူတို့သည် အောက်မေ့ကြည့်ရှု၍ မရောင့်ရဲနိုင်အောင် ရှိကုန်သည်။ ထို့ကြောင့် ယခုအခါ အကြင်ပညာရှိ သူတော်ကောင်း

အပေါင်းတို့သည် ဤသို့ ကြီးမြတ်သော အကျိုးအာနိသင်ရှိသော ပဥ္စသီလကို အသက်ကဲ့သို့ မပျက်မစီး ပြည့်စုံအောင် ကြိုးစားအားထုတ်ကုန်ရာသည်။ ဤသည်ကား သုတ္တန်တည်း။ (ပဥ္စက၊ အင်္ဂုတ္တိုရ်၊ သုတ္တနိပါတ်။ ဒီ၊၄၊၂။၆၃။ မှ လာ၏။)

★★★★★★★

## [ ၁၄ ] သီလတရားတစ်မျိုး

အလုံးစုံသော ဥေ ယျဓမ္မတို့ကို အကြွင်းမရှိ ကုန်စင်အောင် သိမြင်တော်မူသော ဘုရားသခင်သည် များစွာသော ရဟန်းတို့ဖြင့် ခြံရံလျက် ကောသလတိုင်း၌ ဒေသစာရီ ကြွတော်မူသည်ရှိသော် အစဉ်သဖြင့် ဝေဠုဒွါရ အမည်ရှိသော ကောသလတိုင်းသားတို့၏ ပုဏ္ဏားရွာသို့ ရောက်လေ၏။ ထိုဝေဠုဒွါရရွာ၌ နေကြကုန်သော ပုဏ္ဏားသူကြွယ်တို့သည် "သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော ရဟန်းဂေါတမသည် များစွာသော ရဟန်းအပေါင်း တို့ဖြင့် ခြံရံလျက် အစဉ်သဖြင့် ဒေသစာရီကြွတော်မူသည်ကား ဝေဠုဒွါရရွာသို့ ရောက်လေပြီ"ဟု ကြားလေကုန်၏။

"ထိုရဟန်းဂေါတမ၏ ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ။ပ။ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ-ဟူ၍ ကောင်းသောကျေးဇူးနှင့် ပြည့်စုံသော ကျော်စောသံသည် နတ်,လူတို့၌ ပျံ့နှံ့ခြင်းသို့ ရောက်၏။ ထိုရဟန်းဂေါတမသည် နတ်နှင့်တကွသော လူအပေါင်း-ဟု ဆိုအပ်သော ဤသတ္တလောက, ဩကာသလောကကို သိ၍ အစ,အလယ်, အဆုံး ၃-ပါးသော ကောင်းခြင်းနှင့် ပြည့်စုံသော တရားကို ဟောတော်မူပေတတ်၏။ ခရုသင်းပွတ်သစ်နှင့်တူသော ဖြူစင်သန့်ရှင်းသော မြတ်သောအကျင့်ကို ပြတော်မူပေတတ်၏။

ထိုသို့ သဘောရှိသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော ရဟန္တာဖြစ်ကုန်သော ဘုရားတို့ကို ကြည်ညိုသောစိတ်ဖြင့် စက္ခုဝိညာဉ်ကို ဖွင့်၍ ကြည့်ကာမျှတည်းဖြင့် လူ,နတ်, နိဗ္ဗာန် ၃-တန်သောချမ်းသာ-ဟု ဆိုအပ်သော ကောင်းကျိုးစီးပွါးကို ရွက်ဆောင်ပေတတ်၏"ဟု မွန်မြတ်သော အဇ္ဈာသယကို ဖြစ်စေပြီး၍ ဘုရားသခင်ရှိရာအရပ်သို့ ဆည်းကပ်ကြလေကုန်၏။

ဆည်းကပ်ကုန်ပြီးသည်ရှိသော် အချို့သော ပုဏ္ဏားသူကြွယ်တို့သည် အသိပညာ သဒ္ဓါတရားနှင့် ပြည့်စုံကုန်၏။ ထိုပုဏ္ဏားသူကြွယ်တို့သည် ဘုရားသခင်နှင့် ဝမ်းမြောက်ဝမ်းသာ ပြောဟောအပ်သော, အသက်ထက်ဆုံး အောက်မေ့အပ်သော စကားကို ပြောဟော

ပြီး၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေလေကုန်၏။ အချို့သော ပုဏ္ဏားသူကြွယ်တို့သည် မိစ္ဆာဒိဋ္ဌိ, သမ္မာဒိဋ္ဌိ ၂-ပါးသော အပေါင်းအသင်းရှိကြကုန်၏။

ထိုမိစ္ဆာဒိဋ္ဌိအယူရှိသော ပုဏ္ဏားသူကြွယ်တို့သည် "တစ်ကြိမ်တဖန်မျှ တွေ့မြင်သော ရှင်ဂေါတမကို ရှိခိုးသလော"ဟု မေးကုန်သည်ရှိသော် "လက်အုပ်ချီခြင်းမျှကို ရှိခိုးသည် ဆိုမည်လော"ဟု ပြန်လှန်၍ ဆိုလိုသောကြောင့်လည်းကောင်း, သမ္မာဒိဋ္ဌိအယူရှိသောသူတို့သည် "၃၁-ဘုံ၌ အတုမရှိသော ဘုရားကို တွေ့မြင်ပါသည်ဖြစ်လျက်လည်း ရှိမခိုးဘဲ နေလေဘိသလော"ဟူ၍ ဆိုသည်ရှိသော် "မြေကြီးကို ဦးခေါင်းကျအောင် ရှိခိုးမှပင် ရှိခိုးသည် မည်သလော"ဟု ပြန်လှန်၍ ဆိုလိုသောကြောင့်လည်းကောင်း လက်အုပ်ချီခြင်းမျှကို ပြု၍ တင့်အပ်လျောက်ပတ်သော အရပ်၌ နေလေကုန်၏။

အချို့သော ပုဏ္ဏားသူကြွယ်တို့သည် ထိုအခါ၌ ဥစ္စာပစ္စည်းအားဖြင့် ဆင်းရဲနွမ်းနယ်သည်ဖြစ်၍ မထင်ရှားသောအဖြစ်သို့ ရောက်ရကုန်သည်။ ရှေးကာလ၌မူကား ထင်ရှားသောအမျိုး၌ဖြစ်၍ ပစ္စည်းဥစ္စာတို့ဖြင့် ပြည့်စုံကြွယ်ဝသောအမျိုး၌ ဖြစ်သည်-ဟု ပရိသတ်၏ အလယ်၌ အမျိုးဥစ္စာအားဖြင့် ထင်ရှားလိုသည်ဖြစ်၍ အမျိုးဥစ္စာတို့ကို ပြောကြားကုန်လျက် တင့်အပ်လျောက်ပတ်သောအရပ်၌ နေလေကုန်၏။

အချို့သော ပုဏ္ဏားသူကြွယ်တို့သည် "အရှင်ဂေါတမနှင့် တစ်စုံတစ်ခုသော စကားကို ပြောဆိုသည်ရှိသော် အကျွမ်းဝင်ရာ၏။ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သောသူတို့အား တစ်ကြိမ်မျှသော အစွမ်းအစရှိသော ပေးကမ်းလှူဒါန်းဖွယ်ကို မပေးမလှူသောသူတို့အား မသင့်လျော်ရာ။ ပေးကမ်းလှူဒါန်းပြန်လျှင်လည်း ဥစ္စာပစ္စည်း ကုန်ခန်းတော့မည်"ဟု ပစ္စည်းဥစ္စာတို့နှင့် နှမြောစုံမက်ခြင်း မကင်းသည်ဖြစ်၍ ကြမ်းတမ်းသော မစ္ဆေရရှိသောကြောင့် ဆိတ်ဆိတ်ဖြစ်ကုန်၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေလေကုန်၏။

ထိုဝေဠုဒွါရရွာ၌နေကုန်သော ပုဏ္ဏားသူကြွယ်တို့သည် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူပေသော အရှင်ဂေါတမ၊ အကျွန်ုပ်တို့သည် အိမ်ရာထောင်သော လူ၏ဘောင်၌ သား,မယားတို့နှင့် ကာမဂုဏ်ချမ်းသာကို ခံစား၍ နေလိုပါသည်။ လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း-အစရှိသည်တို့နှင့် စပါး,ဆန်,ရေ ရွှေ,ငွေ,ဥစ္စာတို့ကိုလည်း သာယာပါကုန်သည်။ ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း, နံ့သာပျောင်း လိမ်းကျံခြင်း, အဝတ်တန်ဆာ ဆင်ယင်ခြင်းတို့ဖြင့် တန်ဆာဆင်ခြင်းကို အလိုရှိပါကုန်သည်။ သေသည်မှ အခြားမဲ့၌လည်း နတ်ရွာသုဂတိဘဝသို့ ရောက်လိုပါကုန်၏။ အကျွန်ုပ်တို့နှင့် လျော်ကန်ထိုက်တန်သော စကားကို ဟောကြားတော်မူပါ"ဟု နားတော်လျှောက်လေကုန်၏။

ထိုအခါ သဗ္ဗညုဘုရားသခင်သည်—

> **အတ္တူပနာယိကံ ဝေါ ဂဟပတယော ဓမ္မပရိယာယံ ဒေသေဿာမိ၊ တံ သုဏာထ သာဓုကံ မနသိ ကရောထ၊ ဘာသိဿာမိ။**

ဟူသော ဒေသနာတော်ဖြင့် "ဝေဠုဒွါရရွာ၌နေကုန်သော ပုဏ္ဏားသူကြွယ်တို့၊ သင်တို့အား မိမိသို့ ဆောင်၍ ဆင်ခြင်အပ်သော တရားဒေသနာကို ဟောတော်မူအံ့သည်၊ နာလင့်ကြကုန်၊ ကောင်းစွာ နှလုံးသွင်းကြကုန်"ဟု တိုက်တွန်းတော်မူပြီး၍—

> **"ဧဝံ ဘော"တိ ခေါ တေ ဝေဠုဒွါရေယျကာ ဗြာဟ္မဏဂဟပတိကာ ဘဂဝတော ပစ္စဿောသုံ။**

ဟူသော ပါဠိဖြင့် ထိုဝေဠုဒွါရရွာ၌နေကုန်သော ပုဏ္ဏားတို့သည် ဘုရားစကားတော်ကို ဝန်ခံကြကုန်သည်ရှိသော် "ဝေဠုဒွါရရွာ၌နေကုန်သော ပုဏ္ဏားသူကြွယ်တို့၊ ၇-ပါးသော ရတနာတို့ကို မိမိသို့ ရှေးရှုဆောင်၍ ကျင့်ကြလေကုန်"ဟု ဟောတော်မူလိုသည်ဖြစ်၍-

> **ကတမော စ ဂဟပတယော အတ္တူပနာယိကော ဓမ္မပရိယာယော၊ ဣဓ ဂဟပတယော အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ "အဟံ ခေါ'သ္မိ ဇီဝိတုကာမော အမရိတုကာမော သုခကာမော ဒုက္ခပ္ပဋိကူလော။ ယော ခေါ မံ ဇီဝိတုကာမံ အမရိတုကာမံ သုခကာမံ ဒုက္ခပ္ပဋိကူလံ ဇီဝိတာ ဝေါရောပေယျ၊ န မေတံ အဿ ပိယံ မနာပံ။ အဟဉ္စေဝ ခေါ ပန ပရံ ဇီဝိတုကာမံ အမရိတုကာမံ သုခကာမံ ဒုက္ခပ္ပဋိကူလံ ဇီဝိတာ ဝေါရောပေယျံ၊ ပရဿပိ တံ အဿ အပ္ပိယံ အမနာပံ။**

အစရှိသော အတ္တူပနာယိက ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "ဝေဠုဒွါရရွာ၌နေကုန်သော ပုဏ္ဏားသူကြွယ်အပေါင်းတို့၊ ဤသာသနာတော်၌ ငါဘုရား၏ တပည့်ဖြစ်သောသူသည် မိမိကိုယ်သို့ ရှေးရှုဆောင်၍ အသင့်အားဖြင့် ဆင်ခြင်၍ မိမိသည် သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ရာ၏။ သူတပါးတို့ကိုလည်း သူ့အသက်ကို သတ်ခြင်းမှ ကြဉ်စေရာ၏။ အဘယ်သို့ မိမိကိုယ်သို့ ဆောင်၍ သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ရာသနည်းဟူမူကား—

## ၁။ ကိုယ်နှင့်နှိုင်း၍ ပါဏာတိပါတမှ ရှောင်ကြဉ်ပုံ

ငါသည်ကား အသက်ရှည်ခြင်းကိုသာ အလိုရှိ၏၊ သေခြင်းကို အလိုမရှိ။ ချမ်းသာခြင်းကို အလိုရှိ၏၊ ဆင်းရဲခြင်းကို စက်ဆုပ်၏။ အသက်ရှည်ခြင်းငှာ အလိုရှိသည်ဖြစ်၍

သေခြင်းငှာ အလိုမရှိ။ ချမ်းသာကို အလိုရှိသည်ဖြစ်၍ ဆင်းရဲခြင်းကို စက်ဆုပ်သော ငါ၏အထံသို့ ဇီဝိတိန္ဒြေကို ချအံ့သော တစ်စုံတစ်ယောက်သောသူသည် လာလေရာ၏။ ထိုသူ့ကို ငါသည် မချစ်မနှစ်လိုသကဲ့သို့ ထို့အတူ ငါသည် အသက်ရှည်လိုသည်ဖြစ်၍ သေခြင်းငှာ အလိုမရှိသော, ချမ်းသာကို အလိုရှိသည်ဖြစ်၍ ဆင်းရဲကို စက်ဆုပ်သော သူတပါးကို ဇီဝိတိန္ဒြေမှ ချသည်ဖြစ်အံ့၊ ငါ့အား သူတပါးသည်လည်း မချစ်မနှစ်လိုရာ။ ဤသို့လျှင် သူတပါးလည်း မနာလို၊ ကိုယ်လည်း အကျိုးမရှိသော အရာဖြစ်၍ မိမိကိုယ်သို့ ရှေးရှုဆောင်၍, အသင့်အားဖြင့် ဆင်ခြင်၍ သူ့အသက်ကို သတ်ခြင်းမှ မိမိလည်း ကြဉ်ရာ၏။ သူတပါးတို့ကိုလည်း သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ခြင်း၌ ဆောက်တည်စေရာ၏။ သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ခြင်း၏ကျေးဇူးကို ချီးမွမ်းရာ၏။ ဤသို့လျှင် မိမိလည်း သူ့အသက်ကို သတ်ခြင်းမှ ကြဉ်၍ သူတပါးတို့အားလည်း ကြဉ်စိမ့်သောငှာ နှိုးဆော်တိုက်တွန်း၍ သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ခြင်း၏ကျေးဇူးကို ချီးမွမ်းသည်ရှိသော် ၃-ပါးသော အစွန်းတို့ဖြင့် စင်ကြယ်ခြင်းသို့ ရောက်၏။

## ၂။ ကိုယ်နှင့်နှိုင်း၍ အဒိန္နာဒါနမှ ရှောင်ကြဉ်ပုံ

မိမိဥစ္စာကို သူတပါး ခိုးယူသည်ရှိသော် ထိုသူအား မချစ်မနှစ်လိုခြင်းသည် ဖြစ်လေရာ၏။ ထို့အတူ သူတပါးတို့၏ဥစ္စာကို မိမိခိုးယူသည်ရှိသော် သူတပါးတို့သည်လည်း မချစ်မနှစ်လိုခြင်းသည် ဖြစ်၏။ ဤသို့လျှင် သူတပါးတို့လည်း မနာလို၊ ကိုယ်လည်း အကျိုးမရှိသော အရာဖြစ်၍ မိမိကိုယ်သို့ ရှေးရှုဆောင်၍ အသင့်အားဖြင့် ဆင်ခြင်ပြီးသော် သူ့ဥစ္စာကို ခိုးယူခြင်းမှ မိမိလည်း ကြဉ်ရာ၏။ သူတပါးတို့ကိုလည်း သူ့ဥစ္စာကို ခိုးယူခြင်းမှ ကြဉ်ခြင်း၌ ဆောက်တည်စေရာ၏။ သူတပါးတို့၏ ဥစ္စာကို ခိုးယူခြင်းမှ ကြဉ်သောသူ၏ ဂုဏ်ကျေးဇူးကိုလည်း ချီးမွမ်းရာ၏။ ဤသို့ သူတပါးတို့၏ ဥစ္စာကို ခိုးယူခြင်းမှ မိမိကြဉ်သောသူ, သူတပါးတို့ကို ကြဉ်စေသောသူ, ကြဉ်သောသူတို့၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းသောသူ၏ ကာယကံသည် ၃-ပါးသော အစွန်းတို့ဖြင့် စင်ကြယ်ခြင်းသို့ ရောက်၏။

## ၃။ ကိုယ်နှင့်နှိုင်း၍ ကာမေသု မိစ္ဆာစာရမှ ရှောင်ကြဉ်ပုံ

မိမိသား,မယားကို သူတပါးတို့ ပြစ်မှားလွန်ကျူးသည်ရှိသော် ထိုသူအား မချစ်မနှစ်လိုသည်ဖြစ်၍ နှလုံးမသာ ဗျာပါဒသောကဖြစ်သကဲ့သို့ ထို့အတူ ငါသည် သူတပါးတို့ သား,မယားကို ပြစ်မှားလွန်ကျူးသည်ဖြစ်အံ့၊ သူတပါးတို့သည်လည်း မချစ်မနှစ်လိုသည်ဖြစ်၍ သောကဗျာပါဒတို့သည် ဖြစ်ရာ၏။ ဤသို့လျှင် သူတပါးတို့လည်း မနာလို၊ ကိုယ်လည်း

အကျိုးမရှိသော အရာဖြစ်၍ သူတပါးတို့၏ သား,မယားကို ပြစ်မှားကျူးလွန်ခြင်းမှ မိမိကိုယ်သို့ ရှေးရှုဆောင်၍ အသင့်အားဖြင့် ဆင်ခြင်ပြီးသော် ကြဉ်ရှောင်ရာ၏။ သူတပါးတို့ကိုလည်း ကြဉ်ရှောင်စေရာ၏။ ကြဉ်ရှောင်သောသူတို့၏ ဂုဏ်ကျေးဇူးကိုလည်း ချီးမွမ်းရာ၏။ ဤသို့ မိမိကိုယ်တိုင် ကြဉ်၍ သူတပါးတို့ကိုလည်း ကြဉ်စေသောသူ, ကြဉ်သောသူ၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းသောသူ၏ ကာယကံသည် ၃-ပါးသော အစွန်းတို့ဖြင့် စင်ကြယ်ခြင်းသို့ ရောက်၏။

## ၄။ ကိုယ်နှင့်နှိုင်း၍ မုသာဝါဒမှ ရှောင်ကြဉ်ပုံ

မဟုတ်မမှန်သော စကားဖြင့် မိမိအကျိုးစီးပွါးကို သူတပါးတို့ ဖျက်ဆီးလာသည်ရှိသော် မချစ်မနှစ်လိုသည်ဖြစ်၍ ဒုက္ခ, ဒေါမနဿ, ဗျာပါဒဖြစ်သကဲ့သို့ ထို့အတူ မဟုတ်မမှန်သော စကားဖြင့် သူတပါးတို့၏ အကျိုးစီးပွါးကို မိမိဖျက်ဆီးသည်ရှိသော် မချစ်မနှစ်လိုသည်ဖြစ်၍ ဒုက္ခ, ဒေါမနဿ, ဗျာပါဒတို့သည် ဖြစ်ကုန်ရာ၏။ ဤသို့လျှင် သူတပါးလည်း မနာလို၊ ကိုယ့်မှာလည်း အကျိုးမရှိသောအရာဖြစ်၍ မိမိကိုယ်သို့ ရှေးရှုဆောင်၍ အသင့်အားဖြင့် ဆင်ခြင်ပြီးသော် သူတပါးတို့အား မဟုတ်မတရား လှည့်စားခြင်းမှ မိမိလည်း ကြဉ်ရာ၏။ သူတပါးတို့ကိုလည်း ကြဉ်စေရာ၏။ ကြဉ်သောသူ၏ ဂုဏ်ကျေးဇူးကိုလည်း ချီးမွမ်းရာ၏။ ဤသို့ မိမိကိုယ်တိုင် ကြဉ်၍ သူတပါးတို့ကိုလည်း ကြဉ်စေသောသူ, ကြဉ်ရှောင်သောသူတို့၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းသောသူ၏ ဝစီကံသည် ၃-ပါးသော အစွန်းတို့ဖြင့် စင်ကြယ်ခြင်းသို့ ရောက်၏။

## ၅။ ကိုယ်နှင့်နှိုင်း၍ ပိသုဏဝါစာမှ ရှောင်ကြဉ်ပုံ

တစ်စုံတစ်ယောက်သောသူသည် ချောပစ်ကုန်းတိုက်သော စကားကို ဆိုသဖြင့် မိမိလည်း ချစ်နှစ်လိုသောသူတို့နှင့် ကွဲပြားအောင် ကုန်းတိုက်သည်ဖြစ်အံ့၊ ထိုသူတို့သည် မချစ်မနှစ်လိုသည်ဖြစ်၍ စင်စစ်မုန်းထားခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ မိမိသည်လည်း သူ ၂-ယောက်တို့၏ အချစ်ကို ပျက်စေခြင်းငှာ ပိသုဏဝါစာကို ဆိုသဖြင့် ကုန်းတိုက်သည်ဖြစ်အံ့၊ မိမိအားလည်း မချစ်မနှစ်လိုသည်ဖြစ်၍ စင်စစ် မုန်းထားရာ၏။ ဤသို့လျှင် သူတပါးလည်း မနာလို၊ ကိုယ်လည်း အကျိုးမရှိသောအရာဖြစ်၍ မိမိကိုယ်သို့ ရှေးရှုဆောင်၍ အသင့်အားဖြင့် ဆင်ခြင်ပြီးသော် ပိသုဏဝါစာမှ မိမိလည်း ကြဉ်ရှောင်ရာ၏။ သူတပါးကိုလည်း ကြဉ်ရှောင်စေရာ၏။ ကြဉ်ရှောင်သောသူတို့၏ ဂုဏ်ကျေးဇူးကိုလည်း ချီးမွမ်းရာ၏။ ဤ ၃-ပါးသော အခြင်းအရာတို့ဖြင့်ဖြစ်သော ဝစီကံသည် ၃-ပါးသော အစွန်းတို့ဖြင့် စင်ကြယ်ခြင်းသို့ ရောက်၏။

## ၆။ ကိုယ်နှင့်နှုတ်၏ ဖရုသဝါစာမှ ရှောင်ကြဉ်ပုံ

အကြင် တစ်စုံတစ်ယောက်သောသူသည် မိမိအား ဆဲရေးဝေါက်ငမ်း ကြမ်းတမ်းသောစကားဖြင့် ဆိုအပ်သည်ရှိသော် မချစ်မနှစ်လိုသည်ဖြစ်၍ စင်စစ် မုန်းထားသကဲ့သို့ ထို့အတူ သူတပါးတို့အားလည်း ဆဲရေးဝေါက်ငမ်း ကြမ်းတမ်းသောစကားဖြင့် ဆိုအပ်သည်ရှိသော် မချစ်မနှစ်လိုသည်ဖြစ်၍ စင်စစ် မုန်းထားခြင်းသို့ ရောက်ရာ၏။ ဤသို့လျှင် မိမိကိုယ်သို့ ရှေးရှုဆောင်၍ အသင့်အားဖြင့် ဆင်ခြင်ပြီးသော် မိမိကိုယ်တိုင် သူတပါးတို့အား ဆဲရေးဝေါက်ငမ်း ကြမ်းတမ်းသောစကားကို ဆိုခြင်းမှ ကြဉ်ရာ၏။ သူတပါးတို့ကိုလည်း ကြဉ်စေရာ၏။ ကြဉ်သောသူတို့၏ ဂုဏ်ကျေးဇူးကိုလည်း ချီးမွမ်းရာ၏။ ဤ ၃-ပါးသော အခြင်းအရာတို့ဖြင့်ဖြစ်သော ဝစီကံသည် ၃-ပါးသော အစွန်းတို့ဖြင့် စင်ကြယ်ခြင်းသို့ ရောက်၏။

## ၇။ ကိုယ်နှင့်နှုတ်၏ သမ္ဖပ္ပလာပမှ ရှောင်ကြဉ်ပုံ

အကြင် တစ်စုံတစ်ယောက်သောသူသည် အပြိန်အဖျင်းဖြစ်သော စကားဖြင့် မိမိအား ပြောဆိုရာ၏။ ထိုသူကို မချစ်မနှစ်လိုသည်ဖြစ်၍ စင်စစ် မုန်းထားခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ မိမိသည်လည်း သူတပါးတို့အား ပြိန်ဖျင်းသောစကားဖြင့် ခေါ်ဝေါ်ပြောဆိုသည် ဖြစ်အံ့။ မချစ်မနှစ်လိုသည်ဖြစ်၍ စင်စစ် မုန်းထားခြင်းသို့ ရောက်ရာ၏။ ဤသို့လျှင် သူတပါးလည်း မနာလို၊ ကိုယ့်မှာလည်း အကျိုးမရှိသော အရာဖြစ်၍ မိမိကိုယ်သို့ ရှေးရှုဆောင်၍ အသင့်အားဖြင့် ဆင်ခြင်ပြီးသော် သမ္ဖပ္ပလာပကို ဆိုခြင်းမှ မိမိလည်း ကြဉ်ရာ၏။ သူတပါးတို့ကိုလည်း ကြဉ်စေရာ၏။ ကြဉ်သောသူတို့၏ ဂုဏ်ကျေးဇူးကိုလည်း ချီးမွမ်းရာ၏။ ဤ ၃-ပါးသော အခြင်းအရာတို့ဖြင့်ဖြစ်သော ဝစီကံသည် ၃-ပါးသော အစွန်းတို့ဖြင့် စင်ကြယ်ခြင်းသို့ ရောက်၏။

ဤ ၇-ပါးသော တရားတို့၌ မိမိကိုယ်သို့ ရှေးရှုဆောင်၍ ကြဉ်ခြင်းကြောင့် သုစရိုက်တရား ၇-ပါးနှင့် ပြည့်စုံသောသူသည် ဘုရားသခင်၏ "အရဟံ"အစရှိသော ၉-ပါးသော ဂုဏ်တော်တို့၌ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တရားတော်၏ "သွာက္ခာတတာ"အစရှိသော ၆-ပါးသော ဂုဏ်တော်တို့၌ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ သံဃာတော်တို့၏ "သုပ္ပဋိပန္နတာ"အစရှိသော ၉-ပါးသော ဂုဏ်တော်တို့၌ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။

ဤသို့လျှင် ၇-ပါးသော တရားတို့နှင့် ပြည့်စုံ၍ ဂုဏ်တော် ၉-ပါးတို့နှင့် မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံသောသူသည် "ငါသည် ကုန်ပြီးသော ငရဲဘေးရှိ၏။ ကုန်ပြီးသော တိရစ္ဆာန်ဘေးရှိ၏။ ကုန်ပြီးသော ပြိတ္တာဘေးရှိ၏။ ကုန်ပြီးသော အသုရကာယ် ဘေးရှိ၏။ သောတာပန်ပုဂ္ဂိုလ်ကဲ့သို့ လူ့ပြည်, နတ်ပြည်တည်းဟူသော သုဂတိဘဝသို့ လားခြင်း မြဲ၏-ဟု မိမိကိုယ်ကို သူတပါးတို့အား ပြောကြားလေရာ၏။ ထိုသူ ကြားတိုင်း မဖောက်မပြန် ဟုတ်မှန်သည်သာတည်း-ဟု ဟောတော်မူသည်။

တရားဒေသနာတော်၏အဆုံး၌ ဝေဠုဒွါရရွာ၌နေကုန်သော ပုဏ္ဏားသူကြွယ်တို့ သည် အလွန်တရာ နှစ်သက်လှသည်ဖြစ်၍ "**အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါတမ**"။ ဘော ဂေါတမ၊ အရှင်ဂေါတမ။ အဘိက္ကန္တံ၊ အလွန်နှစ်လိုဖွယ်ရှိပေစွတကား။ ဘော ဂေါတမ၊ အရှင်ဂေါတမ။ အဘိက္ကန္တံ၊ အလွန်နှစ်လိုဖွယ် ရှိပေစွတကား။

အရှင်ဂေါတမ ဟောတော်မူသောကြောင့် သိရပေသည်။ ဉပမာမည်သည်ကား အောက်သို့ မျက်နှာပြုထားအပ်သော အိုးကို အထက်သို့ မျက်နှာပြု၍ ထားအပ်သကဲ့သို့ လည်းကောင်း၊ မြက်,သစ်ရွက်-အစရှိသည်တို့ကို ဖွင့်၍ ပြဘိသကဲ့သို့လည်းကောင်း၊ မျက်စိ လည်၍ ခရီးမှားသောသူကို ဤသည်ကား လမ်းခရီး-ဟူ၍ လက်ညှိုးညွှန်ပြဘိသကဲ့သို့လည်း ကောင်း၊ မျက်စိအမြင်နှင့် ပြည့်စုံသောသူတို့သည် ကမ္ဗလာအပေါ်၌ ပတ္တမြားအစစ်ကို တင်၍ ထားသည်ရှိသော် စက္ခုအမြင်နှင့် ပြည့်စုံသောသူတို့သည် တပ်တပ်ထင်ထင် မြင်ကုန် ဘိသကဲ့သို့လည်းကောင်း သိရပေသည်။ အရှင်ဂေါတမ၊ ထို့ကြောင့် အရှင်ဂေါတမကို ကိုးကွယ်ရာ-ဟူ၍ သိပါကုန်၏။ အရှင်ဂေါတမ ဟောတော်မူသော တရားတော်ကို ကိုးကွယ် ရာ-ဟူ၍ သိပါကုန်၏။ အရှင်ဂေါတမ၏ တပည့်သံဃာကို ကိုးကွယ်ရာ-ဟူ၍ သိပါကုန်၏။ ဤသို့ ၇-ပါးသော တရားတို့နှင့်တကွ သရဏဂုံကို ဆောက်တည်၍ ကျင့်ကြလေကုန်၏။

ထို့ကြောင့် ယခုအခါ အကြင်ပညာရှိအပေါင်း သူတော်ကောင်းတို့သည် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ်ဘုံ၌ဖြစ်ကုန်သော ဘေးတို့မှလည်းကောင်း၊ ဝဋ်ဆင်းရဲဘေးတို့မှလည်းကောင်း ကင်း၍ လူ,နတ်,နိဗ္ဗာန် ၃-တန်သော သုဂတိကို အလိုရှိကုန် သည် ဖြစ်အံ့။ ဆိုအပ်ခဲ့ပြီးသော ၇-ပါးသော တရားတို့ကို မိမိကိုယ်သို့ ရှေးရှုဆောင်၍ မကျိုးမပေါက်, မပြောက်မကျားရအောင် ဆောက်တည်၍ ကျင့်ပြီးသော် ရတနာ ၃-ပါးတို့ ၏ဂုဏ်၌ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်း ပသာဒတရားနှင့် ပြည့်စုံအောင် အားထုတ် ကုန်ရာသည်။ ဤသည်ကား သုတ္တန်တည်း။ (မဟာဝဂ္ဂသံယုတ်၊ ဝေဠုဒွါရေယျသုတ်၊၃၀၇-၉)

★★★★★★★

## [ ၁၅ ] သီလကို စင်ကြယ်စွာ ဆောက်တည်အပ်ကြောင်း တရား

**"စတုသစ္စဓမ္မေ ဗုဇ္ဈတီတိ ဗုဒ္ဓေါ၊ ဗောဓေတာ ပဇာယာတိ ဝါ ဗုဒ္ဓေါ"**ဟူသော ဝိဂြိုဟ်ဝစနတ် ပါဠိလာသည်နှင့်လျော်ညီစွာ အရဟတ္တမဂ်ဉာဏ်ဖြင့် ကိုယ်တော်တိုင် သစ္စာ ၄-ပါးတရားတို့ကို သိတော်မူပြီး၍ ဒေသနာဉာဏ်တော်ဖြင့် သတ္တဝါအပေါင်းကိုလည်း သစ္စာ ၄-ပါးတရားတို့ကို သိစေတော်မူတတ်သော သတ္တိကြောင့် ၉-ပါးသော ဂုဏ်တော်တို့တွင် ၈-ဆင့်မြောက်ဖြစ်သော ဂုဏ်တော် နာမဝိသေသနှင့် ပြည့်စုံတော်မူသော ဘုရားသခင်သည် ရာဇဂြိုဟ်, သာဝတ္ထိ, ဝေသာလီ, ကပိလဝတ်-အစရှိသော တိုင်းကြီး, ပြည်ကြီးတို့သို့ သစ္စာ ၄-ပါးတရားတို့ကို သိစေခြင်းငှာ ဒေသစာရီကြွသွား၍ တရားငြိမ်းဆေး တိုက်ကျွေးတော်မူသော ဘုရားသခင်သည် ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်, ဝိနည်း, အဘိဓမ္မာ-ဟူ၍ ၃-ပါးအပြားရှိ၏။

ထို ၃-ပါးတို့တွင် သုတ္တန်ဒေသနာနည်းအားဖြင့် ဟောကြားတော်မူလိုသည်ဖြစ်၍ -

> **စတူဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော အရိယသာဝကော သဗ္ဗဒုဂ္ဂတိဘယံ သမတိက္ကန္တော ဟောတိ။ ကတမေဟိ စတူဟိ? ဣဓ ဘိက္ခဝေ အရိယသာဝကော ဗုဒ္ဓေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဟောတိ "ဣတိပိ သော ဘဂဝါ ။ပ။ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ"တိ။ ဓမ္မေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဟောတိ "သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော ။ပ။ ဝိညူဟီ"တိ။ သံဃေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဟောတိ "သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ။ပ။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ"တိ။ အရိယကန္တေဟိ သီလေဟိ သမန္နာဂတော ဟောတိ အခဏ္ဍေဟိ အဆိဒ္ဒေဟိ အသဗလေဟိ အကမ္မာသေဟိ ဘုဇိဿေဟိ ဝိညုပ္ပသတ္ထေဟိ အပရာမဋ္ဌေဟိ သမာဓိသံဝတ္တနိကေဟိ။ ဣမေဟိ ခေါ ဘိက္ခဝေ စတူဟိ ဓမ္မေဟိ သမန္နာဂတော အရိယသာဝကော သဗ္ဗဒုဂ္ဂတိဘယံ သမတိက္ကန္တော ဟောတိ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (သံ၊၃။ဒုဂ္ဂတိဘယသုတ်၊၃၁၇)

ဘိက္ခဝေ၊ သံသရာဘေး၊ လေးသောဝန်ကို၊ ကြောက်ရွံ့လေ့ရှိသော တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ စတူဟိ၊ ၄-ပါးကုန်သော။ ဓမ္မေဟိ၊ အကြောင်းတရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အရိယသာဝကော၊ အရိယာ၏တပည့်သည်။ သဗ္ဗဒုဂ္ဂတိဘယံ၊ အလုံးစုံသော ဒုဂ္ဂတိဘုံ၌ ဖြစ်သောဘေးကို။ သမတိက္ကန္တော၊ ကောင်းစွာ လွန်နိုင်သည်။ ဟောတိ၊ ဖြစ်၏။

ကတမေဟိ၊ အဘယ်မည်ကုန်သော။ စတူဟိ၊ ၄-ပါးကုန်သော အကြောင်းတရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အရိယသာဝကော၊ အရိယာ၏တပည့်သည်။ သဗ္ဗံ၊ အလုံးစုံသော။ ဒုဂ္ဂတိဘယံ၊ ဒုဂ္ဂတိဘုံ၌ဖြစ်သော ဘေးကို။ သမတိက္ကန္တော၊ ကောင်းစွာ လွန်နိုင်သနည်း။

ဘိက္ခဝေ၊ သံသရာဘေး၊ လေးသောဝန်ကို၊ ကြောက်ရွံ့လေ့ရှိသော တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။ က္ကဓ၊ ဤသာသနာတော်၌။ အရိယသာဝကော၊ အရိယာ၏တပည့်သည်။ "က္ကတိပိ သော ဘဂဝါ ။ပ။ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ"-တိ၊ က္ကတိပိ သော ဘဂဝါ ။ပ။ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ-ဟူ၍။ ဗုဒ္ဓေ၊ ဘုရားရှင်၏ဂုဏ်တော်၌။ အဝေစ္စပ္ပသာဒေန၊ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ "သွာက္ခာတော ဘဂဝတာ ဓမ္မော ။ပ။ ဝိညူဟီ"တိ၊ သွာက္ခာတော ဘဂဝတာ ဓမ္မော ။ပ။ ဝိညူဟိ-ဟူ၍။ ဓမ္မေ၊ တရားတော်၏ဂုဏ်တော်၌။ အဝေစ္စပ္ပသာဒေန၊ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ "သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ။ပ။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ"တိ၊ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ။ပ။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ-ဟူ၍။ သံဃေ၊ သံဃာတော်၏ ဂုဏ်တော်၌။ အဝေစ္စပ္ပသာဒေန၊ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ အရိယကန္တေဟိ၊ အရိယာသူတော်ကောင်းတို့သည် နှစ်သက်အပ်ကုန်သော။ အခဏ္ဍေဟိ၊ မကျိုးကုန်သော။ အဆိဒ္ဒေဟိ၊ မပေါက်ကုန်သော။ အသဗလေဟိ၊ မကျားကုန်သော။ အကမ္မာသေဟိ၊ မပြောက်ကုန်သော။ ဘုဇိဿေဟိ၊ တော်လှန်ကုန်သော။ ဝိညုပ္ပသတ္ထေဟိ၊ ပညာရှိကို့သည် ချီးမွမ်းအပ်ကုန်သော။ အပရာမဋ္ဌေဟိ၊ တဏှာဒိဋ္ဌိတို့သည် မသုံးသပ်၊ မစွဲလမ်းအပ်ကုန်သော။ သမာဓိသံဝတ္တနိကေဟိ၊ သမာဓိကို ဖြစ်စေတတ်ကုန်သော။ သီလေဟိ၊ သီလတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ သံသရာဘေး၊ လေးသောဝန်ကို၊ ကြောက်ရွံ့လေ့ရှိသော တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။ စတူဟိ၊ ၄-ပါးကုန်သော။ က္ကမေဟိ ဓမ္မေဟိ၊ ဤတရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အရိယသာဝကော၊ အရိယာ၏တပည့်သည်။ သဗ္ဗံ၊ အလုံးစုံသော။ ဒုဂ္ဂတိဘယံ၊ ဒုဂ္ဂတိဘုံ၌ဖြစ်သော ဘေးကို။ သမတိက္ကန္တော၊ ကောင်းစွာ လွန်နိုင်သည်။ ဟောတိ၊ ဖြစ်၏။

ထိုဒေသနာတော်မြတ်ပါဌ်ဝယ် အဓိပ္ပါယ်ကား "သံသရာဘေး၊ လေးသောဝန်ကို၊ ကြောက်ရွံ့လေ့ရှိသော၊ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ၄-ပါးကုန်သော

အကြောင်းတရားတို့နှင့် ပြည့်စုံသော အရိယာသာဝကသည် အလုံးစုံသော ဒုဂ္ဂတိဘုံ၌ ဖြစ်သောဘေးကို လွန်နိုင်၏။ အဘယ်မည်သော ၄-ပါးကုန်သော အကြောင်းတရားနှင့် ပြည့်စုံသော အရိယာသာဝကသည် ဒုဂ္ဂတိဘုံ၌ဖြစ်သော ဘေးကို လွန်နိုင်သနည်း။ ဤသာသနာတော်၌ အရိယာ၏တပည့်သည်–

၁။ "အရဟံ သမ္မာသမ္ဗုဒ္ဓေါ"အစရှိသော ၉-ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံသော ဘုရားသခင်၏ ဂုဏ်တော်ကို မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်းလည်း ၁-ပါး,

၂။ "သွာက္ခာတတာ"အစရှိသော ၆-ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံသော ၁၀-ပါးသော တရားတော်၏ဂုဏ်ကို မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်းလည်း ၁-ပါး,

၃။ "သုပ္ပဋိပန္နတာ"အစရှိသော ၉-ပါးသောဂုဏ်တော်တို့နှင့် ပြည့်စုံသော သံဃာတော်၏ ဂုဏ်တော်ကို မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်းလည်း ၁-ပါး,

၄။ အရိယာတို့သည် နှစ်သက်အပ်သော မကျိုးမပေါက်, မပြောက်မကျားသည်ဖြစ်၍ တော်လှန်သောအဖြစ်ကို ရောက်ကုန်သော, ပညာရှိသူတော်ကောင်းတို့သည် ချီးမွမ်းအပ်ကုန်သော, တဏှာဒိဋ္ဌိတို့သည် မသုံးသပ်မစွဲလမ်းအပ်ကုန်သော, ဥပစာရသမာဓိ, အပ္ပနာသမာဓိကို ဖြစ်စေတတ်ကုန်သော သီလတို့နှင့် ပြည့်စုံခြင်းလည်း ၁-ပါး၊

ဤ ၄-ပါးကုန်သော အကြောင်းတရားတို့နှင့် ပြည့်စုံသော အရိယာသာဝကသည် အလုံးစုံသော ဒုဂ္ဂတိဘုံ၌ဖြစ်သော ဘေးကို လွန်နိုင်၏"ဟု ဟောတော်မူသည်။ ဤ ၄-ပါးသော အကြောင်းတရားတို့တွင် သီလ၌ "ကျိုးသည်, ပေါက်သည်, ပြောက်သည်, ကျားသည်"ဟူရာ၌ အဘယ်သို့ ကျိုးခြင်း, ပေါက်ခြင်း, ပြောက်ခြင်း, ကျားခြင်း ဖြစ်လေသနည်းဟူမူကား-

**ယဿ သိက္ခာပဒေသု အာဒိမှိ ဝါ အန္တေ ဝါ သိက္ခာပဒံ ဘိန္နံ ဟောတိ။ တဿ သီလံ ပရိယန္တေ ဆိန္နသာဋကော ဝိယ ခဏ္ဍံ နာမ။**

ဟူသော အဋ္ဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ အနားစွန်း၌ ပြတ်သောပုဆိုးကဲ့သို့ အကြင်သူ၏ သီလသည် အစသိက္ခာပုဒ်, အဆုံးသိက္ခာပုဒ် ပျက်သည်ဖြစ်အံ့။ ထိုသူ၏ သီလသည် ကျိုးသည် မည်၏။

**ယဿ ပန ဝေမဇ္ဈေ ဘိန္နံ၊ တဿ မဇ္ဈေ ဆိဒ္ဒသာဋကော ဝိယ ဆိဒ္ဒံ နာမ ဟောတိ။**

ဟူသော အဋ္ဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ အလယ်၌ ပေါက်သော ပုဆိုးကဲ့သို့ အကြင်သူ၏သီလသည် အလယ်၌ဖြစ်သော သိက္ခာပုဒ် ပျက်၏။ ထိုသူ၏သီလသည် ပေါက်သည် မည်၏။

**ယဿ အန္တရန္တရာ ဘိန္နာနိ၊ တဿ အန္တရန္တရာ ဝိသဘာဂဝဏ္ဏာဗိန္ဒုဝိစိတြာ ဂါဝီ ဝိယ ကမ္မာသံ နာမ ဟောတိ။**

ဟူသော အဋ္ဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ အကြားအကြား၌ သဘောမတူသော အဆင်းတို့ဖြင့် ဆန်းကြယ်စွာ ပြောက်သော နွားမကဲ့သို့ အကြင်သူ၏ သီလသည် ၁-ခုခြား, ၂-ခုခြား-စသည်ဖြင့် သိက္ခာပုဒ်တို့သည် ပျက်ကုန်၏။ ထိုသူ၏သီလသည် ပြောက်သည်မည်၏။

**ယဿ ပန ပဋိပါဋိယာ ဒွေ တီဏိ ဘိန္နာနိ၊ တဿ ပိဋ္ဌိယံ ဝါ ကုစ္ဆိယံ ဝါ ဥဋ္ဌိတေန ဝိသဘာဂဝဏ္ဏေန ကာဠရတ္တာဒိနံ အညတရသရီရဝဏ္ဏာ ဂါဝီ ဝိယ သဗလံ နာမ ဟောတိ။**

ဟူသော အဋ္ဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ ကျောက်ကုန်း၌လည်းကောင်း, ဝမ်း၌လည်းကောင်း ကွက်သော, သဘောမတူသော အဆင်းဖြင့် မည်းသောအဆင်း, နီသောအဆင်းတို့တွင် တပါးပါးသော ကိုယ်အဆင်းရှိသော နွားမကဲ့သို့ အကြင်သူ၏ သီလသည် အစဉ်အတိုင်း ၂-ပါး, ၃-ပါးသော သိက္ခာပုဒ်တို့သည် ပျက်ကုန်၏။ ထိုသူ၏ သီလသည် ကျားသည်မည်၏။

ဤ ၄-ပါးသော အပြစ်တို့မှ စင်ကြယ်သော သီလသည် မကျိုး, မပေါက်, မပြောက်, မကျားသော သီလမည်၏။

ဤသို့လျှင် အလုံးစုံသော ဒုဂ္ဂတိဘေးကို လွန်မြောက်၍ ချမ်းသာသုခအပေါင်းကို ရခြင်း၏ အကြောင်းဖြစ်ကုန်သော ၄-ပါးသော တရားတို့ဖြင့် ကိုယ်တော်တိုင် အကြိမ်ကြိမ် တိုက်တွန်းတော်မူပြီး ဝေနေယျသတ္တဝါအပေါင်းတို့အား လွန်စွာ သနားတော်မူခြင်းတည်း ဟူသော မဟာကာရုဏိကအစစ်ဖြစ်တော်မူသော ဘုရားသခင်သည် "သူတပါးကိုလည်း အဆင့်ဆင့် ဤ ၄-ပါးသော အကြောင်းတရားတို့၌ ဆောက်တည်၍ ကျင့်သဖြင့် ပြည့်စုံစေခြင်းငှာ ဟောကြားညွှန်ပြ ဆုံးမကြကုန်"ဟု တိုက်တွန်းတော်မူပြန်လိုသည်ဖြစ်၍—

**ယေ တေ ဘိက္ခဝေ အနုကမ္ပေယျာထ၊ ယေ စ သောတဗ္ဗံ မညေယျုံ မိတ္တာ ဝါ အမစ္စာ ဝါ ဉာတီ ဝါ သာလောဟိတာ ဝါ၊ တေ ဘိက္ခဝေ စတူသု သောတာပတ္တိယင်္ဂေသု သမာဒပေတဗ္ဗာ နိဝေသေတဗ္ဗာ ပတိဋ္ဌာပေတဗ္ဗာ။ ကတမေသု စတူသု? ဗုဒ္ဓေ အဝေစ္စပ္ပသာဒေ သမာဒပေတဗ္ဗာ နိဝေသေတဗ္ဗာ ပတိဋ္ဌာပေတဗ္ဗာ "ဣတိပိ သော ဘဂဝါ ။ပ။ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ"တိ။ ဓမ္မေ ။ပ။ သံဃေ ။ပ။ အရိယကန္တေသု သီလေသု သမာဒပေတဗ္ဗာ နိဝေသေတဗ္ဗာ ပတိဋ္ဌာပေတဗ္ဗာ အခဏ္ဍေသု ။ပ။ သမာဓိ-**

**သံဝတ္တနိကေသု။ ယေ တေ ဘိက္ခဝေ အနုကမ္ပေယျာထ၊ ယေ စ သောတဗ္ဗံ မညေယျုံ မိတ္တာ ဝါ အမစ္စာ ဝါ ဉာတီ ဝါ သာလောဟိတာ ဝါ၊ တေ ဘိက္ခဝေ ဣမေသု စတူသု သောတာပတ္တိယင်္ဂေသု သမာဒပေတဗ္ဗာ နိဝေသေတဗ္ဗာ ပတိဋ္ဌာပေတဗ္ဗာတိ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (သံ၊၃။မိတ္တာမစ္စ၊၃၁၇)

ထိုဒေသနာတော်မြတ်ပါဠ်ဝယ် အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သား ရဟန်းများတို့ သင်ချစ်သားတို့သည် အဆွေခင်ပွန်းတို့ကိုလည်းကောင်း၊ ချမ်းသာ,ဆင်းရဲကို ခံစားဖက် ဖြစ်ကုန်သော သူတို့ကိုလည်းကောင်း၊ မိဆွေ,ဘမျိုးဖြစ်ကုန်သော သူတို့ကိုလည်းကောင်း အစဉ်သနားအပ်ကုန်၏-ဟူ၍လည်းကောင်း, အစဉ်စောင့်ရှောက်ချီးမြှင့် ထောက်ပင့်အပ် ကုန်၏-ဟူ၍လည်းကောင်း အောက်မေ့ကုန်သည်ဖြစ်အံ့။ ထိုအဆွေခင်ပွန်း, ချစ်ကျွမ်းဝင် ကုန်သော သူတို့သည်လည်း သင်တို့၏စကားကို လိုက်နာ၍ ကျင့်ပါကုန်လတ္တံ့-ဟု အောက် မေ့ပါကုန်သည်ဖြစ်အံ့။ သောတာပတ္တိဖိုလ်ကို ရခြင်း၏ အကြောင်းဖြစ်ကုန်သော ၄-ပါးကုန် သော တရားတို့၌ ဆောက်တည်၍ ကျင့်စေအပ်ကုန်၏၊ နှလုံးသွင်းစေအပ်ကုန်၏၊ တည်စေ အပ်ကုန်၏။

အဘယ်သို့ ၄-ပါးကုန်သော အကြောင်းတရားတို့၌ ဆောက်တည်၍ ကျင့်စေ အပ်ကုန်သနည်းဟူမူကား—

၁။ ဘုရားဂုဏ်၌ မတုန်မလှုပ်သက်ဝင်၍ ကြည်ညိုခြင်းလည်း ၁-ပါး၊

၂။ တရားဂုဏ်၌ မတုန်မလှုပ်သက်ဝင်၍ ကြည်ညိုခြင်းလည်း ၁-ပါး၊

၃။ သံဃဂုဏ်တော်၌ မတုန်မလှုပ်သက်ဝင်၍ ကြည်ညိုခြင်းလည်း ၁-ပါး၊

၄။ အရိယာတို့သည် နှစ်သက်မြတ်နိုးအပ်သော မကျိုးမပေါက်, မပြောက်မကျားသော သီလလည်း ၁-ပါး၊

သောတာပတ္တိဖိုလ်ကို ရခြင်း၏အကြောင်းဖြစ်သော ဤ ၄-ပါးသော တရားတို့၌ ဆောက် တည်၍ ကျင့်စေအပ်ကုန်၏။ ဤ ၄-ပါးသော အကြောင်းတရားတို့၌ ဆောက်တည်၍ ကျင့်စေခြင်းသည်သာလျှင် အဆွေခင်ပွန်း, ချစ်ကျွမ်းဝင်သောသူ, မိဆွေဘမျိုးဖြစ်သော သူတို့အား သနားသည် မည်၏။ အစဉ်စောင့်ရှောက် ချီးမြှင့်ထောက်ပံ့သည် မည်၏။

ထို့ကြောင့် ယခုအခါ အကြင်ပညာရှိအပေါင်း သူတော်ကောင်းတို့သည် အလုံးစုံ သော ဒုဂ္ဂတိဘေးမှ လွတ်မြောက်၍ လူ့ရွာ,နတ်ရပ် မြတ်သောသုဂတိဘဝ၊ မဂ်,ဖိုလ်,နိဗ္ဗာန် ချမ်းသာကို ရလိုကုန်သည်ဖြစ်အံ့၊ ဆိုအပ်ခဲ့ပြီးသော ၄-ပါးသော အကြောင်းတရားတို့နှင့်

ပြည့်စုံအောင် အားထုတ်ကုန်ရာသည်။ မိမိ၏ အဆွေခင်ပွန်း, ချစ်ကျွမ်းဝင်သောသူတို့၏ အကျိုးစီးပွါးကို အလိုရှိသည်ဖြစ်အံ့၊ ဤ ၄-ပါးသော အကြောင်းတရားတို့၌ မြဲမြံစွာ ဆောက်တည်စေကုန်ရာသည်။ ဤသည်ကား သုတ္တန်တည်း။

(ဤ ၂-သုတ်တို့ကား မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ ရာဇကာရာမဝဂ်၌ လာ၏။ အဋ္ဌကထာကား ပရိဝါ, မူလပဏ္ဏာသအဋ္ဌကထာ၊ သီလက္ခန်အဋ္ဌကထာ၌ လာ၏။ ဝိဋ္ဌ၊၄။၁၅၄။ မဋ္ဌ၊၂။၂၉၇။)

★ ★ ★ ★ ★ ★ ★

## [ ၁၆ ] ပုဂ္ဂိုလ် ၄-ပါး အခွဲတရား

**"စတုသစ္စမေ့ ဗုဇ္ဈတီတိ ဗုဒ္ဓေါ။"**

ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ စတုသစ္စမေ့၊ သစ္စာ ၄-ပါး တရားတို့ကို။ ဗုဇ္ဈတိ ဇာနာတိ၊ သိတော်မူတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။

ဤသို့လျှင် သစ္စာ ၄-ပါး တရားတို့ကို သိတော်မူတတ်သော သတ္တိကြောင့် ဗုဒ္ဓ-ဟူသော အမည်နာမ ဝိသေသဂုဏ်ထူးကို ရတော်မူသော မြတ်စွာဘုရားသည် ဟောတော်မူသော ဒေသနာတော်သည် **ပုဂ္ဂလာဓိဋ္ဌာန်ဒေသနာ, ဓမ္မာဓိဋ္ဌာန်ဒေသနာ, ပုဂ္ဂလဓမ္မာဓိဋ္ဌာန်ဒေသနာ**-ဟူ၍ ၃-ပါးအပြားရှိသည်။ ထို ၃-ပါးတို့တွင်—

၁။ ပုဂ္ဂိုလ်သက်သက်ကိုသာ ပြ၍ ပညတ်အားဖြင့် ဟောတော်မူသော ဒေသနာသည် **ပုဂ္ဂလာဓိဋ္ဌာန်ဒေသနာ** မည်၏။

၂။ ဓမ္မသက်သက်ကိုသာ ပြ၍ ပရမတ္ထအားဖြင့် ဟောတော်မူသော ဒေသနာတော်သည် **ဓမ္မာဓိဋ္ဌာန်ဒေသနာ** မည်၏။

၃။ ပုဂ္ဂိုလ်,ဓမ္မ ၂-ပါးတို့ကို ရော၍ ဟောတော်မူသော ဒေသနာတော်သည် **ပုဂ္ဂလဓမ္မာ-ဓိဋ္ဌာန်ဒေသနာ** မည်၏။

ထို ၃-ပါးသော ဒေသနာတော်တို့တွင် ပုဂ္ဂလာဓိဋ္ဌာန်ဒေသနာနည်းအားဖြင့် ဟောတော်မူလိုသော ဘုရားသခင်သည်—

**စတ္တာရောမေ ဘိက္ခဝေ ရုက္ခူပမာ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။**

အစရှိသည်ဖြင့် ဟောတော်မူသည်။

ထိုဒေသနာတော်၏ အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ လောက၌ သစ်ပင်လျှင် ဥပမာရှိသော ပုဂ္ဂိုလ် ၄-ယောက်ဟူသည် အဘယ်နည်းဟူမူကား ငါ၏ချစ်သား ရဟန်းများတို့၊

၁။ လောက၌ အကာအတိပြည့်သော သစ်ပင်ကြီးကို အနှစ်အတိသာရှိသော သစ်ပင်ငယ်တို့ဖြင့် ခြံရံ၍ရောက်သော တောအုပ်လည်း ရှိ၏။

၂။ အနှစ်ရှိသော သစ်ပင်ကြီးကို အနှစ်မရှိသော သစ်ပင်ငယ်တို့ဖြင့် ခြံရံ၍ရောက်သော တောအုပ်လည်း ရှိ၏။

၃။ အနှစ်မရှိသော သစ်ပင်ကြီးကို အနှစ်မရှိသော သစ်ပင်ငယ်တို့ဖြင့် ခြံရံ၍ ရောက်သော တောအုပ်လည်း ရှိ၏။

၄။ အနှစ်ရှိသော သစ်ပင်ကြီးကို အနှစ်ရှိသော သစ်ပင်ငယ်တို့ဖြင့် ခြံရံ၍ရောက်သော တောအုပ်လည်း ရှိ၏။

ငါ၏ချစ်သား ရဟန်းများတို့၊ ထို့အတူ လောက၌လည်း–

၁။ အကာအတိသာရှိသော မိဘတို့ကို အနှစ်သာရရှိသော သား,သမီးတို့ဖြင့် ခြံရံသော ပုဂ္ဂိုလ်လည်း ၁-ယောက်,

၂။ အနှစ်သာရရှိသော မိဘတို့ကို အကာအတိသာရှိသော သား,သမီးတို့ဖြင့် ခြံရံသော ပုဂ္ဂိုလ်လည်း ၁-ယောက်,

၃။ အကာအတိသာရှိသော မိဘတို့ကို အကာအတိသာရှိသော သား,သမီးတို့ဖြင့် ခြံရံသော ပုဂ္ဂိုလ်လည်း ၁-ယောက်,

၄။ အနှစ်သာရရှိသော မိဘတို့ကို အနှစ်သာရရှိသော သား,သမီးတို့ဖြင့် ခြံရံသောပုဂ္ဂိုလ်လည်း ၁-ယောက်၊

ဤသို့လျှင် သစ်ပင်လျှင် ဥပမာရှိသော ပုဂ္ဂိုလ်တို့သည် ၄-ယောက် ထင်ရှားရှိကုန်၏။

## ၁။ ဖေဂ္ဂုသာရပရိဝါရပုဂ္ဂိုလ်

အဘယ်သို့လျှင် **အကာအတိသာရှိသော မိဘတို့ကို အနှစ်သာရရှိသော သားသမီး** တို့ဖြင့် ခြံရံလေသနည်းဟူမူကား မိဘဖြစ်သောသူတို့သည် ရတနာ ၃-ပါးဂုဏ်ကို ယုံကြည်၍ ကြည်ညိုခြင်း၊ အလှူပေးခြင်း၊ သရဏဂုံဆောက်တည်ခြင်း၊ ပဉ္စင်္ဂသီလ, အဋ္ဌင်္ဂသီလ, ဒသင်္ဂ သီလတို့ကို ဆောက်တည်ခြင်း မရှိ၊ သမထဘာဝနာ, ဝိပဿနာဘာဝနာတို့ကို ပွါးစေခြင်း

မရှိ၊ သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ခြင်း-အစရှိသော သုစရိုက်တရားတို့ကို အားထုတ်၍ ကျင့်ခြင်း မရှိမူ၍ စဉ်းလဲခြင်း, ဝန်တိုမိစ္ဆာရှိခြင်း, သူ့အသက်ကို သတ်ခြင်း, သူ့ဥစ္စာကို ခိုးယူခြင်း-အစရှိသော ဒုစရိုက်တရားတို့ကိုသာ ကျင့်မှား၍ နေလေ့ရှိကုန်၏။ မုဆိုး,တံငါတို့၏ အမှုကိုသာ ပြုကျင့်ကုန်၏။

ထိုသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သုစရိုက်ကို မကျင့်မူ၍ ဒုစရိုက်ကိုသာ ကျင့်ကုန်သော မိဘတို့၏ အမူအရာ, အကျင့်တို့ကို မြင်ကုန်သော်လည်း သားသမီးဖြစ်ကုန်သောသူတို့သည် အတုသို့ လိုက်သဖြင့် မကျင့်ကုန်မူ၍ ဒုစရိုက်, ဒုရာဇီဝတို့ကို ပယ်၍ သုစရိုက်, သုရာဇီဝတို့ကိုသာ ဖြစ်စေကုန်၏။ ရတနာ ၃-ပါးဂုဏ်ကို ယုံကြည်၍ ကြည်ညိုခြင်း၊ အလှူပေးခြင်း၊ သရဏဂုံကို ဆောက်တည်ခြင်း၊ ပဉ္စင်္ဂသီလ,အဋ္ဌင်္ဂသီလ, ဒသင်္ဂသီလတို့ကို ဆောက်တည်ခြင်း၊ သမထဘာဝနာ, ဝိပဿနာဘာဝနာတို့ကို ပွါးစေခြင်း-အစရှိသော ကုသိုလ်တရားတို့ကိုသာလျှင် အားထုတ်လေ့ရှိကုန်၏။ ဤသို့လျှင် အမိအဘတို့ကား အနှစ်မရှိ၊ သားသမီးတို့သာ အနှစ်ရှိသောကြောင့် အကာအတိသာရှိသော သစ်ပင်ကြီးကို အနှစ်ရှိသော သစ်ပင်ငယ်တို့ဖြင့် ခြံရံ၍ရောက်သော တောအုပ်နှင့်တူသော ဖေဂ္ဂုသာရပရိဝါရပုဂ္ဂိုလ် မည်၏။

## ၂။ သာရဖေဂ္ဂုပရိဝါရပုဂ္ဂိုလ်

အဘယ်သို့လျှင် **အနှစ်ကို အကာခြံရံလေသနည်း**ဟူမူကား ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် မိဘတို့သည်ကား မင်္ဂ,ဖိုလ်ရခြင်း၏ အကြောင်းဖြစ်သော ကောင်းမြတ်သော ဒါန, သီလ, သမထ, ဝိပဿနာဘာဝနာ-အစရှိသော ကုသိုလ်တရားတို့ကို အားထုတ်ခြင်း ရှိကုန်၏။ သား,သမီးတို့ကား မိဘတို့ အတုသို့ လိုက်၍ မကျင့်ကုန်။ အကုသိုလ်တရားတို့ကိုသာ ကျင့်ကုန်၏။ ဤသို့လျှင် မိဘတို့သာ အနှစ်သာရ သီလ,သမာဓိနှင့် ပြည့်စုံ၍ သား,သမီးတို့သည်ကား မပြည့်စုံသောကြောင့် အနှစ်ရှိသော သစ်ပင်ကြီးကို အကာအတိသာဖြစ်သော သစ်ပင်ငယ်တို့ဖြင့် ခြံရံ၍ရောက်သော တောအုပ်နှင့်တူသော သာရဖေဂ္ဂုပရိဝါရပုဂ္ဂိုလ် မည်၏။

## ၃။ ဖေဂ္ဂုဖေဂ္ဂုပရိဝါရပုဂ္ဂိုလ်

အဘယ်သို့လျှင် **အကာကို အကာခြံရံလေသနည်း**ဟူမူကား မိဘတို့သည်လည်း ရတနာ ၃-ပါးဂုဏ်ကို ယုံကြည်၍ ကြည်ညိုခြင်း မရှိ၊ သရဏဂုံကို ဆောက်တည်ခြင်း, အလှူပေးခြင်း, တရားနာခြင်း, ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခြင်း, သုစရိုက်တို့ကို ကျင့်ခြင်း-အစရှိသော ကုသိုလ်တရားတို့ကို အားမထုတ်ကုန်။ သား,သမီးဖြစ်သော သူတို့သည်လည်း

မင်္ဂ,ဖိုလ်ရခြင်း၏အကြောင်း ကောင်းမြတ်သော အကျင့်ဖြစ်သော ကုသိုလ်တရားတို့ကို အားမထုတ်ကုန်။ ဤသို့လျှင် အမိအဘတို့လည်း အနှစ်သာရ သီလ,သမာဓိ,ပညာ-ဟူသော ဂုဏ်ကျေးဇူးအထူးနှင့် မပြည့်စုံကုန်သည်ဖြစ်၍ သား,သမီးတို့သည်လည်း အနှစ်သာရ သီလ,သမာဓိ,ပညာ-ဟူသော ဂုဏ်ကျေးဇူးအထူးနှင့် မပြည့်စုံသောကြောင့် အကာအတိ သာဖြစ်သော သစ်ပင်ကြီးကို အကာအတိသာဖြစ်သော သစ်ပင်ငယ်တို့ဖြင့် ခြံရံအပ်သော တောအုပ်နှင့် တူသော ဖေဂ္ဂုဖေဂ္ဂုပရိဝါရပုဂ္ဂိုလ် မည်၏။

## ၄။ သာရသာရပရိဝါရပုဂ္ဂိုလ်

အဘယ်သို့လျှင် **အနှစ်ကို အနှစ်ခြံရံလေသနည်း**ဟူမူကား မိဘဖြစ်သောသူတို့သည် လည်း ရတနာ ၃-ပါးဂုဏ်ကို ယုံကြည်ခြင်း, ကြည်ညိုခြင်း ရှိကုန်၏။ သရဏဂုံကို ဆောက် တည်ခြင်း, အလှူပေးခြင်း, သီလဆောက်တည်ခြင်း, တရားနာခြင်း, ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခြင်း, သုစရိုက်တို့ကို ကျင့်ခြင်း-အစရှိသော ကုသိုလ်တရားတို့ကို အားထုတ်ကုန်၏။ သား,သမီးဖြစ်သောသူတို့သည်လည်း မိဘတို့၏အလိုသို့ လိုက်၍ ဆိုအပ်ခဲ့ပြီးသော ကုသိုလ် တရားတို့ကို အားထုတ်ကုန်၏။ ဤသို့လျှင် မိဘတို့လည်း အနှစ်သာရ သီလ,သမာဓိ,ပညာ- ဟူသော ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံသည်ဖြစ်၍ သား,သမီးတို့သည်လည်း အနှစ်သာရ သီလ,သမာဓိ,ပညာ-ဟူသော ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံသောကြောင့် အနှစ်ရှိသော သစ်ပင်ကြီးကို အနှစ်ရှိသော သစ်ပင်ငယ်တို့ဖြင့် ခြံရံ၍ရောက်သော တောအုပ်နှင့် တူသော **သာရသာရပရိဝါရပုဂ္ဂိုလ်** မည်၏-ဟု အဓိပ္ပါယ်လာသည်။

ထို့ကြောင့် ယခုအခါ သူတော်ကောင်းအပေါင်းတို့သည်လည်း ပထမပုဂ္ဂိုလ်, ဒုတိယပုဂ္ဂိုလ်, တတိယပုဂ္ဂိုလ်အဖြစ်သို့ မရောက်စေမူ၍ မိမိတို့လည်း ရတနာ ၃-ပါးဂုဏ်ကို ယုံကြည်၍ ကြည်ညိုခြင်း, ပူဇော်ခြင်း, သရဏဂုံကို ဆောက်တည်ခြင်း, အလှူပေးခြင်း, သီလဆောက်တည်ခြင်း, ဒုစရိုက်ကို ပယ်၍ သုစရိုက်ကိုသာ ကျင့်ခြင်း, ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခြင်း-အစရှိသော ကုသိုလ်တရားတို့ကို အားထုတ်ကြကုန်၍ သား,သမီးဖြစ်သော သူတို့ကိုလည်း ဒါန,သီလ-အစရှိသော ကုသိုလ်တရားတို့၌သာ တည်စေကုန်၍ စတုတ္ထဖြစ် သော သာရသာရပရိဝါရပုဂ္ဂိုလ်၏အဖြစ်သို့ ရောက်စေခြင်းငှာ အားထုတ်ကုန်ရာသည်။ (စတုက္က၊ အင်္ဂုတ္တိုရ်ပါဠိတော်၊၄၂၄။ ပုဂ္ဂလပညတ်ပါဠိတော်၊၁၆၁။)

★★★★★★★

**"လောကိယလောကုတ္တရသမ္ပတ္တိယော ဒွေ အတ္ထေ ဓာရေတီတိ ဗုဒ္ဓေါ။"**

ယော သုဂတော၊ အကြင်မြတ်စွာဘုရားသည်။ လောကိယလောကုတ္တရသမ္ပတ္တိယော၊ လောကီ, လောကုတ္တရာ-ဟု ဆိုအပ်ကုန်သော။ ဒွေ အတ္ထေ၊ ၂-ပါးသော အကျိုးတို့ကို။ ကတွာ၊ ပြု၍။ ဓာရေတိ၊ ဆောင်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော သုဂတော၊ ထိုမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။

ဤသို့လျှင် လောကီ, လောကုတ္တရာ-ဟု ဆိုအပ်ကုန်သော အကျိုး ၂-ပါးတို့ကို ပြု၍ ဆောင်တော်မူတတ်သော သတ္တိကြောင့် ဗုဒ္ဓ-ဟူသော အမည်နာမ ဝိသေသအထူးကို ရတော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ **ဇေတဝန်ကျောင်းတော်၌** သီတင်းသုံးနေတော်မူ၏။ ထိုသို့ နေတော်မူသောအခါ ရဟန်းတို့ကို ခေါ်တော်မူ၍–

> **ယသ္မိံ ဘိက္ခဝေ သမယေ တာဝတိံသာနံ ဒေဝါနံ ပါရိစ္ဆတ္တကော ကောဝိဠာရော ပဏ္ဍုပလာသော ဟောတိ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်မြတ် ပါဠိ၏ အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ အကြင်အခါ တာဝတိံသာနတ်တို့၏ ပင်လယ်ကသစ်ပင်မင်းသည် **ရော်သော အရွက်ရှိ၏။** ထိုအခါ တာဝတိံသာနတ်တို့သည် ဝမ်းမြောက်ကြကုန်၏။ အဘယ့်ကြောင့်နည်းဟူမူကား 'ယခုအခါ ငါတို့၏ ပင်လယ်ကသစ်ပင်မင်းသည် မကြာမြင့်မီ အရွက်ကြွေလတ္တံ့'-ဟူ၍ ဝမ်းမြောက်ကြကုန်၏။ (၁)

ငါ၏ချစ်သား ရဟန်းများတို့၊ အကြင်အခါ တာဝတိံသာနတ်တို့၏ ပင်လယ်ကသစ်ပင်မင်းသည် **ကြွေသောအရွက်** ရှိကုန်၏။ ထိုအခါ 'ငါတို့၏ ပင်လယ်ကသစ်ပင်မင်းသည် မကြာမြင့်မီ ကွန်ရက်တို့ဖြင့် ဖုံးလွှမ်းဘိသကဲ့သို့ အရွက်နုပေါက်တော့မည်'ဟု ဝမ်းမြောက်ကြကုန်၏။ (၂)

ငါ၏ချစ်သား ရဟန်းများတို့၊ အကြင်အခါ တာဝတိံသာနတ်တို့၏ ပင်လယ်ကသစ်ပင်မင်းသည် **ရင့်သောအရွက်** ရှိကုန်၏။ ထိုအခါ 'ငါတို့၏ ပင်လယ်ကသစ်ပင်မင်းသည် အမှုံနု ပေါက်တော့မည်'-ဟု တာဝတိံသာနတ်တို့သည် ဝမ်းမြောက်ကြကုန်၏။ (၃)

ငါ၏ချစ်သား ရဟန်းများတို့၊ အကြင်အခါ တာဝတိံသာနတ်တို့၏ ပင်လယ်ကသစ်ပင်မင်းသည် **နုသော အမှုံ**ရှိ၏။ ထိုအခါ 'ငါတို့၏ ပင်လယ်ကသစ်ပင်မင်းသည် မကြာမြင့်မီ အမှုံရင့်ပေတော့မည်'-ဟု တာဝတိံသာနတ်တို့သည် ဝမ်းမြောက်ကြကုန်၏။ (၄)

ငါ၏ချစ်သား ရဟန်းများတို့ အကြင်အခါ တာဝတိံသာနတ်တို့၏ ပင်လယ်ကသစ်ပင်မင်းသည် နုသော ပွင့်ငုံရှိ၏။ ထိုအခါ 'ငါတို့၏ ပင်လယ်ကသစ်ပင်မင်းသည် မကြာမြင့်မီ ရင့်သော ပွင့်ငုံတို့ ဖြစ်တော့မည်'ဟု တာဝတိံသာနတ်တို့သည် ဝမ်းမြောက်ကြကုန်၏။(၅)

ငါ၏ချစ်သား ရဟန်းများတို့ အကြင်အခါ တာဝတိံသာနတ်တို့၏ ပင်လယ်ကသစ်ပင်မင်းသည် ရင့်သောပွင့်ငုံရှိ၏။ ထိုအခါ 'ငါတို့၏ ပင်လယ်ကသစ်ပင်မင်းသည် မကြာမြင့်မီ အလုံးစုံသော အပွင့်တို့ဖြင့် ဖုံးလွှမ်း၍ ပင်လုံးကျွတ် ပွင့်ပေတော့မည်'-ဟု တာဝတိံသာနတ်တို့သည် ဝမ်းမြောက်ကြကုန်၏။ (၆)

ငါ၏ချစ်သား ရဟန်းများတို့ အကြင်အခါ တာဝတိံသာနတ်တို့၏ ပင်လယ်ကသစ်ပင်မင်းသည် အလုံးစုံ အပွင့်တို့ဖြင့် ဖုံးလွှမ်း၍ ပင်လုံးကျွတ် ပွင့်၏။ ထိုအခါ တာဝတိံသာနတ်တို့သည် ပင်လယ်ကသစ်ပင်မင်း၏အနီး၌ နတ်တို့၏ အရေအတွက်အားဖြင့် ၄-လတို့ ပတ်လုံး ကာမဂုဏ် ၅-ပါးတို့ဖြင့် ဝန်းလျားခြံရံကုန်လျက် မွေ့လျော်,စံပျော်ကြကုန်၏။ (၇)

ငါ၏ချစ်သား ရဟန်းများတို့ ပင်လုံးကျွတ်ပွင့်သော ပင်လယ်ကသစ်ပင်မင်း၏ **အပွင့်, အရောင်**တို့သည် ယူဇနာ ၅၀-တိုင်တိုင် နှံ့၍တည်ကုန်၏။ လေကြောအရပ်သို့ ယူဇနာ ၁၀၀-တိုင်တိုင် **အနံ့**တို့သည် လှိုင်ကုန်၏။ ပင်လယ်ကသစ်ပင်မင်း၏ ဤသို့သော အာနုဘော်သည် ဖြစ်၏။

ငါ၏ချစ်သား ရဟန်းများတို့ ထိုပင်လယ်ကသစ်ပင်မင်းကို အမှီပြု၍ တာဝတိံသာနတ်တို့သည် ၇-ပါးကုန်သော အကြောင်းတို့ဖြင့် ဝမ်းမြောက်ကုန်သကဲ့သို့ ထို့အတူ အရိယာသာဝကဖြစ်သော ငါဘုရား၏ တပည့်တို့သည် အကြင်အခါ၌ 'အိမ်ရာထောင်ခြင်းမှ အိမ်ရာမထောင်သော ရဟန်းဘောင်၌ ရဟန်းပြုအံ့'ဟု ကြံကုန်၏။ ထိုအခါ ပင်လယ်ကသစ်ပင်မင်း၏ အရွက်ဖျော့တော့သောအဆင်း, ရော်သောအဆင်းကို မြင်သဖြင့် တာဝတိံသာနတ်တို့သည် ဝမ်းမြောက်ကုန်သကဲ့သို့ ထို့အတူ လောဘ, ဒေါသ, မောဟ-အစရှိသော ကိလေသာတို့၏ ဖျော့တော့သော အဆင်းရှိသည်ကို မြင်ရသဖြင့် ဝမ်းမြောက်ခြင်း ရှိကုန်၏။ (၁)

ငါ၏ချစ်သား ရဟန်းများတို့ အကြင်အခါ၌ ငါဘုရား၏ တပည့်တို့သည် ဆံမုတ်ဆိတ်ကို ပယ်၍ ဖန်ရည်စွန်းသော အဝတ်တို့ကို ဖုံးလွှမ်း၍ အိမ်ရာထောင်သော လူ၏ဘောင်မှ အိမ်ရာမထောင်သော ရဟန်းဘောင်၌ ရဟန်းပြု၏။ ထိုအခါ ငါဘုရား၏ တပည့်တို့သည် ပင်လယ်ကသစ်ပင်မင်း၏ အရွက်ကြွေသည်ကို မြင်၍ တာဝတိံသာနတ်တို့သည် ဝမ်းမြောက်ကုန်သကဲ့သို့ ဆံမုတ်ဆိတ်, အဝတ်တန်ဆာ, ဥစ္စာဘဏ္ဍာ, လယ်ယာ,ကိုင်းကျွန်း သက်ရှိ, သက်မဲ့ဥစ္စာတို့၌ ကပ်ငြိတတ်သော လောဘ-အစရှိသော ကိလေသာတို့ကို တဒင်္ဂပဟာန သတ္တိဖြင့် ပယ်ရသည်ကို မြင်၍ ဝမ်းမြောက်ကြကုန်၏။ (၂)

ငါ၏ချစ်သား ရဟန်းများတို့၊ အကြင်အခါ၌ ငါဘုရား၏ တပည့်တို့သည် ငါဘုရား ပညတ်တော်မူသော သိက္ခာပုဒ်တို့ကို မြဲမြံစွာ ဆောက်တည်၍ သမထ, ဝိပဿနာကို အား ထုတ်သဖြင့် ပထမဈာန်ကို ရ၏။ ထိုအခါ တာဝတိံသာနတ်တို့သည် ပင်လယ်ကသစ်ပင်မင်း ၏ အရွက်နုပေါက်သည်ကို မြင်၍ ဝမ်းမြောက်ကုန်သကဲ့သို့ ကာမစ္ဆန္ဒနီဝရဏ, ဗျာပါဒ- နီဝရဏ, ထိနမိဒ္ဓနီဝရဏ, ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ, ဝိစိကိစ္ဆာနီဝရဏတို့ကို **ဝိက္ခမ္ဘနပဟာန** သတ္တိဖြင့် ပယ်၍ ဒုတိယဈာန်-ဟူသော ကျေးဇူးနှင့် ပြည့်စုံလတ္တံ့သည်ကို မြင်၍ ဝမ်းမြောက် ကြကုန်၏။ (၃)

ငါ၏ချစ်သား ရဟန်းများတို့၊ အကြင်အခါ၌ ငါဘုရား၏ တပည့်တို့သည် ဒုတိယ ဈာန်နှင့် ပြည့်စုံ၏။ ထိုအခါ တာဝတိံသာနတ်တို့သည် ပင်လယ်ကသစ်ပင်မင်း၏ အရွက်ရင့် သည်ကို မြင်၍ ဝမ်းမြောက်ကုန်သကဲ့သို့ ရုန့်ရင်းသော ဝိတက်, ဝိစာရ-ဟူသော ဈာန်အင်္ဂါကို ပယ်ရခြင်း၊ အထက်ဖြစ်သော ဈာန်ကို ရခြင်း၏ အကြောင်းဖြစ်သော အကျိုးထူးကို မြင်၍ ဝမ်းမြောက်ကြကုန်၏။ (၄)

ငါ၏ချစ်သား ရဟန်းများတို့၊ ငါဘုရား၏ တပည့်တို့သည် အကြင်အခါ၌ တတိယ ဈာန်နှင့် ပြည့်စုံကုန်၏။ ထိုအခါ တာဝတိံသာနတ်တို့သည် ပင်လယ်ကသစ်ပင်မင်း၏ ပွင့်ငုံနု ပေါက်သည်ကို မြင်၍ ဝမ်းမြောက်ကုန်သကဲ့သို့ ထို့အတူ ပီတိ-ဟူသော ရုန့်ရင်းသော ဈာန်အင်္ဂါကို ပယ်ရခြင်း၊ အထက်ဈာန်ကို ရခြင်း၏ အကြောင်းဖြစ်သော အကျိုးထူးကို မြင်၍ ဝမ်းမြောက်ကြကုန်၏။ (၅)

ငါ၏ချစ်သား ရဟန်းများတို့၊ အကြင်အခါ၌ ငါဘုရား၏ တပည့်တို့သည် စတုတ္ထ ဈာန်နှင့် ပြည့်စုံကုန်၏။ ထိုအခါ တာဝတိံသာနတ်တို့သည် ပင်လယ်ကသစ်ပင်မင်း၏ ပွင့်ငုံရင့်သည်ကို မြင်၍ ဝမ်းမြောက်ကုန်သကဲ့သို့ ထို့အတူ သုခ-ဟူသော ရုန့်ရင်းသော ဈာန်အင်္ဂါကို ပယ်ရခြင်း၊ အထက်ဖြစ်သော မဂ်,ဖိုလ်တရားအထူးကို ရခြင်း၏အကြောင်း ဖြစ်သော အကျိုးထူးကို မြင်၍ ဝမ်းမြောက်ကြကုန်၏။ (၆)

ငါ၏ချစ်သား ရဟန်းများတို့၊ အကြင်အခါ၌ ငါဘုရား၏ တပည့်တို့သည် ပထမ ဈာန်-အစရှိသော ဈာန် ၄-ပါးတို့ကို အခြေပြု၍ အနိစ္စ, ဒုက္ခ, အနတ္တ-ဟူသော ဝိပဿနာ ဘာဝနာတို့ကို အဖန်တလဲလဲ ပွါးစေ၍ အစဉ်သဖြင့် မဂ်,ဖိုလ်,နိဗ္ဗာန်သို့ ရောက်လေကုန်၏။ ထိုအခါ တာဝတိံသာနတ်တို့သည် ပင်လယ်ကသစ်ပင်မင်း၏ ပင်လုံးကျွတ် ပွင့်သည်ကို မြင်၍ ဝမ်းမြောက်ကုန်သကဲ့သို့ ထို့အတူ သစ္စာ ၄-ပါး တရားတို့ကို ပိုင်းခြား၍ အကြွင်းမဲ့ သိသဖြင့် ပွင့်ခြင်းသို့ ရောက်သောကြောင့် ဝမ်းမြောက်ကြကုန်၏။ (၇)

ပင်လယ်ကသစ်ပင်မင်း၏အနီး၌ နတ်တို့၏ အရေအတွက်အားဖြင့် ၄-လပတ်လုံး ကာမဂုဏ် ၅-ပါးတို့ဖြင့် ခြံရံကုန်လျက် တာဝတိံသာနတ်တို့သည် စံပယ်ကုန်သကဲ့သို့ ထို့အတူ ငါဘုရား၏ တပည့်တို့သည်လည်း မဂ်,ဖိုလ်,နိဗ္ဗာန်ကို ဆင်ခြင်ခြင်း, ပယ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်ခြင်း, ကြွင်းသော ကိလေသာတို့ကို ဆင်ခြင်ခြင်း-ဟူသော ပစ္စဝေက္ခဏာဉာဏ်တို့နှင့် ပြည့်စုံကုန်သည်ဖြစ်၍ ဝမ်းမြောက်ကြကုန်၏။

ပင်လယ်ကသစ်ပင်မင်း၏ အရောင်သည် ယူဇနာ ၅၀-အရပ်တို့ကို နှံ့၍ တည်သဖြင့် ယူဇနာ ၁၀၀-တိုင်တိုင် အနံ့လှိုင်သကဲ့သို့ ထို့အတူ အရိယာပုဂ္ဂိုလ်ဖြစ်သော ငါဘုရား တပည့်တို့၏ **သီလ, သမာဓိ, ပညာ**-ဟူသော **အရောင်, အဆင်း, အနံ့**တို့သည်ကား အထက်အဖို့အားဖြင့် ဘဝဂ်တိုင်အောင်, အောက်အဖို့အားဖြင့် အဝီစိတိုင်အောင်, ဖီလာအဖို့အားဖြင့် အဆုံးမရှိ၊ အနန္တစကြဝဠာတိုင်အောင် နှံ့၍ တည်လေကုန်၏။ "ဤမည်သော ဥပဇ္ဈာယ်ဆရာ၏တပည့်ကား အိမ်ရာထောင်သော လူ၏ဘောင်ကို ခွါရှောင်၍ ရဟန်းပြုသဖြင့် စျာန်အဘိညာဉ် သမာပတ်တို့နှင့် ပြည့်စုံ၏"ဟု ဘုမ္မစိုးနတ်တို့ကို အစပြု၍ အထက်ဗြဟ္မာ့ပြည်တိုင်အောင် ကြွေးကြော်ကုန်သည်ဖြစ်၍ ကျော်စောခြင်းသို့ ရောက်လေကုန်၏။ ဤသို့ တရားဒေသနာ အဓိပ္ပါယ်လာသည်။

ထို့ကြောင့် ယခုအခါ သာသနာ့အမှုထမ်း ရဟန်း,သာမဏေပြုကုန်သောသူတို့သည် ဆိုအပ်ခဲ့ပြီးသော အကျိုးထူးတို့ကို အလိုရှိကြကုန်သည် ဖြစ်အံ့။ ထိုအကျိုးထူးတရားတို့ကို ရစေခြင်းငှာ ကြိုးစားအားထုတ်၍ ဖြည့်ကျင့်ဆည်းပူးကုန်ရာသည်။ (သတ္တဂုံတ္တရ၊ ပါရိစ္ဆတ္တကသုတ်၊ အံ၊ ၂။ ၄၈၆-၄၈၈။)

★★★★★★★

## [ ၁၈ ] မဟာနာမ်မင်းအား ဟောသောတရား

"ဗာလေ ဥဒ္ဓရတီတိ ဗုဒ္ဓေါ။"

ယော သုဂတော၊ အကြင်မြတ်စွာဘုရားသည်။ ဗာလေ၊ မလိမ္မာကုန်သောသူတို့ကို။ ဝဋ္ဋဒုက္ခတော၊ ဝဋ်ဆင်းရဲအပေါင်းမှ။ ဥဒ္ဓရတိ၊ ချွေးနုတ်တော်မူတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။

ဤသို့လျှင် မလိမ္မာကုန်သော သတ္တဝါတို့ကို သံသရာတည်း-ဟူသော ဝဋ်ဆင်းရဲအပေါင်းမှ ချွေးနုတ်၍ နိဗ္ဗာန်အရပ်သို့ ပို့ဆောင်ကယ်တင်တော်မူတတ်သော သတ္တိကြောင့်

ဗုဒ္ဓ-ဟူသော အမည်နာမ ဝိသေသအထူးကို ရတော်မူသော ဘုရားသခင်သည် တရံရော အခါ သက္ကတိုင်း၊ ကပိလဝတ်ပြည်ကြီးကို ဆွမ်းခံရွာအမှီပြု၍ နိဂြောဓာရုံကျောင်း၌ သီတင်း သုံးနေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ **မဟာနာမ်**အမည်ရှိသော သာကီဝင်မင်း သည် ဘုရားသခင်အထံတော်သို့ ချဉ်းကပ်လေ၍ တင့်အပ်လျောက်ပတ်သော အရပ်၌ နေပြီးသော် အလွန်ရိုသေစွာ ရှိခိုး၍ ဤသို့ နားတော်လျှောက်၏။

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဤကပိလဝတ်ပြည်သည် ပြည့်စုံပြန့်ပြောခြင်းရှိ၏။ များသော, ရောပြွမ်းသော လူရှိ၏။ ကျဉ်းမြောင်းသော ခရီးမ- ရှိ၏။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ အကျွန်ုပ်သည် ဘုရား သခင်ကို ဆည်းကပ်ခံစားပြီး၍လည်းကောင်း, စိတ်နှလုံး၏ ကြည်လင်ပွါးများခြင်းကို ဖြစ်စေ တတ်သော ရဟန်းကို ဆည်းကပ်ခစားပြီး၍လည်းကောင်း, ညချမ်းသောအခါ ကပိလဝတ် ပြည်သို့ ဝင်သည်ရှိသော် လူးလာသွားလာ လှည့်ပတ်သောဆင်နှင့်လည်းကောင်း, ရထားနှင့် လည်းကောင်း, ယောကျ်ားနှင့်လည်းကောင်း ဆိုင်မိပါ၏။ ထိုအခါ ကျွန်ုပ်၏ ဘုရားဂုဏ်ကို အာရုံပြု၍ဖြစ်သော သတိသည် မေ့လျော့ခြင်းသို့ ရောက်၏။ တရားဂုဏ်ကို အာရုံပြု၍ ဖြစ်သောသတိသည် မေ့လျော့ခြင်းသို့ ရောက်၏။ သံဃာ့ဂုဏ်ကို အာရုံပြု၍ဖြစ်သော သတိသည် မေ့လျော့ခြင်းသို့ ရောက်၏။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာ ဘုရား၊ အကျွန်ုပ်၏ ဤသို့သော အကြံဖြစ်၏။ 'ငါသည် ရတနာ ၃-ပါးဂုဏ်ကို မအောက်မေ့ နိုင်သည်ဖြစ်၍ မေ့လျော့စဉ် သေခဲ့သည်ရှိသော် အဘယ်ဘဝဂတိသို့ လားရလတ္တံ့နည်း၊ အဘယ်ဘဝဂတိသို့ လဲလျောင်းရာရှိသည် ဖြစ်လတ္တံ့နည်း'-ဟု အကြံဖြစ်ပါသည်ဘုရား"ဟု လျှောက်ထားသည်။ ထိုအခါ သဗ္ဗညုဘုရားသခင်သည်—

> **မာ ဘာယိ မဟာနာမ မာ ဘာယိ မဟာနာမ၊ အပါပကံ တေ မရဏံ ဘဝိဿတိ အပါပိကာ ကာလံကိရိယာ။** (မဟာဝဂ္ဂသံယုတ်၊နှာ-၃၂၂။)

ဟူသော ဒေသနာတော်မြတ်ဖြင့် "မဟာနာမ်၊ သင်သည် မကြောက်လင့်။ မဟာနာမ်၊ သင်သည် မကြောက်လင့်။ သင်သည် မယုတ်မာသော သေရခြင်းသည် ဖြစ်လတ္တံ့။ မယုတ်မာသော သေရခြင်းကို ပြုလတ္တံ့"ဟု မိန့်တော်မူပြီးသော်—

> **ယဿ ကဿစိ မဟာနာမ ဒီဃရတ္တံ သဒ္ဓါပရိဘာဝိတံ စိတ္တံ၊ သီလပရိဘာဝိတံ စိတ္တံ၊ သုတပရိဘာဝိတံ စိတ္တံ၊ စာဂပရိဘာဝိတံ စိတ္တံ၊ ပညာပရိဘာဝိတံ စိတ္တံ၊ တဿ ယော ဟိ ခွါ’ယံ ကာယော ရူပီ စာတုမဟာဘူတိကော မာတာပေတ္တိကသမ္ဘဝေါ ဩဒနကုမ္မာသူပစယော အနိစ္စုစ္ဆာဒနပရိမဒ္ဒနဘေဒနဝိဒ္ဓံသနဓမ္မော။ တံ ဣဓေဝ ကာကာ ဝါ ခါဒန္တိ၊ ဂိဇ္ဈာ ဝါ ခါဒန္တိ၊ ကုလလာ ဝါ ခါဒန္တိ၊ သုနခါ ဝါ ခါဒန္တိ၊ သိင်္ဂါလာ**

**ဝါ ခါဒန္တိ၊ ဝိဝိဓာ ဝါ ပါဏကဇာတာ ခါဒန္တိ။ ယဉ္စ ခွ'ဿ စိတ္တံ ဒီဃရတ္တံ သဒ္ဓါပရိဘာဝိတံ သီလ, သုတ, စာဂ, ပညာပရိဘာဝိတံ စိတ္တံ၊ တံ ဥဒ္ဓံဂါမိ ဟောတိ ဝိသေသဂါမိ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (သံ၊၃။၃၂၂-၃။)

မဟာနာမ၊ မဟာနာမ်။ ယဿ ကဿစိ၊ အမှတ်မရှိ တစ်စုံတစ်ယောက်သောသူ၏။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ သဒ္ဓါပရိဘာဝိတံ၊ သဒ္ဓါတရားဖြင့် အဖန်တလဲလဲ ထုံအပ်သော။ စိတ္တံ၊ စိတ်သည်။ ဟောတိ၊ ဖြစ်၏။ သီလပရိဘာဝိတံ၊ သီလတရားဖြင့် အဖန်တလဲလဲ ထုံအပ်သော။ စိတ္တံ၊ စိတ်သည်။ ဟောတိ၊ ဖြစ်၏။ သုတပရိဘာဝိတံ၊ သုတတရားဖြင့် အဖန်တလဲလဲ ထုံအပ်သော။ စိတ္တံ၊ စိတ်သည်။ ဟောတိ၊ ဖြစ်၏။ စာဂပရိဘာဝိတံ၊ စာဂတရားဖြင့် အဖန်တလဲလဲ ထုံအပ်သော။ စိတ္တံ၊ စိတ်သည်။ ဟောတိ၊ ဖြစ်၏။ ပညာ-ပရိဘာဝိတံ၊ ပညာဖြင့် အဖန်တလဲလဲ ထုံအပ်သော။ စိတ္တံ၊ စိတ်သည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုသူ၏။ ယော ဟိ ခေါ အယံ ကာယော၊ ဤကိုယ်သည်။ ရူပီ၊ ရုပ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ စာတုမဟာဘူတိကော၊ မဟာဘုတ် ၄-ပါးတို့ဖြင့် ပြီး၏။ မာတာပေတ္တိကသမ္ဘဝေါ၊ မိဘတို့၏ သုက်သွေးကြောင့် ဖြစ်၏။ ဩဒနကုမ္မာသူပစယော၊ ထမင်း, မုယောမုန့်တို့သည် ကြီးစေအပ်၏။ အနိစ္စုစ္ဆာဒနပရိမဒ္ဒနဘေဒနဝိဒ္ဓံသနဓမ္မော၊ မမြဲသောသဘော, လိမ်းကျံအပ်သောသဘော, ဆုပ်နယ်အပ်သောသဘော, ပျက်စီးခြင်း သဘော, ကွဲပြိုခြင်းသဘော ရှိ၏။ တံ ကာယံ၊ ထိုကိုယ်ကို။ ဣဓေဝ၊ ဤလူ့ပြည် သေရာအရပ်၌သာလျှင်။ ကာကာ ဝါ၊ ကျီးတို့သည်လည်း။ ခါဒန္တိ၊ စားလေကုန်၏။ ဂိဇ္ဈာ ဝါ၊ လင်းတတို့သည်လည်း။ ခါဒန္တိ၊ စားလေကုန်၏။ ကုလလာ ဝါ၊ စွန်ရဲတို့သည်လည်း။ ဝါ၊ ဘုမ္မတီးငှက်တို့သည်လည်း။ ခါဒန္တိ၊ စားလေကုန်၏။ သုနခါ ဝါ၊ အိမ်ခွေးတို့သည်လည်း။ ခါဒန္တိ၊ စားလေကုန်၏။ သိင်္ဂါလာ ဝါ၊ မြေခွေးတို့သည်လည်း။ ခါဒန္တိ၊ စားလေကုန်၏။ ဝိဝိဓာ၊ အထူးထူးအပြားပြားရှိကုန်သော။ ပါဏကဇာတာ ဝါ၊ ပိုးမျိုးသတ္တဝါတို့သည်လည်း။ ခါဒန္တိ၊ စားလေကုန်၏။ အဿ၊ ထိုသူ၏။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ သဒ္ဓါပရိဘာဝိတံ၊ သဒ္ဓါတရားဖြင့် ထုံအပ်သော။ သီလ-သုတစာဂပညာပရိဘာဝိတံ၊ သီလ,သုတ, စာဂ, ပညာတရားဖြင့် ထုံအပ်သော။ ယဉ္စ စိတ္တံ၊ အကြင်ကုသိုလ်စိတ်သည်။ ဟောတိ၊ ဖြစ်၏။ တံ စိတ္တံ၊ ထိုကုသိုလ်စိတ်သည်။ ဥဒ္ဓံဂါမိ၊ အထက်ဖြစ်သော လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံသို့ လားခြင်း၏အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝိသေသဂါမိ၊ မဂ်,ဖိုလ်,နိဗ္ဗာန်-ဟူသော တရားအထူးသို့ ရောက်ခြင်း၏ အကြောင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။

ထိုဒေသနာတော်မြတ်ပါဌ်ဝယ် အဓိပ္ပါယ်သော်ကား "မဟာနာမ်မည်သော သာကီ-ဝင်မင်း၊ အကြင် တစ်စုံတစ်ယောက်သောသူအား—

- ရှည်မြင့်စွာသော ကာလပတ်လုံး သဒ္ဓါတရားဖြင့် ထုံအပ်သော ကုသိုလ်စိတ်ရှိ၏။
- ရှည်မြင့်စွာသော ကာလပတ်လုံး သီလတရားဖြင့် ထုံအပ်သော ကုသိုလ်စိတ်ရှိ၏။
- ရှည်မြင့်စွာသော ကာလပတ်လုံး သုတတရားဖြင့် ထုံအပ်သော ကုသိုလ်စိတ်ရှိ၏။
- ရှည်မြင့်စွာသော ကာလပတ်လုံး စာဂတရားဖြင့် ထုံအပ်သော ကုသိုလ်စိတ်ရှိ၏။
- ရှည်မြင့်စွာသော ကာလပတ်လုံး ပညာတရားဖြင့် ထုံအပ်သော ကုသိုလ်စိတ်ရှိ၏။

ထိုသူအား မဟာဘုတ် ၄-ပါးဖြင့် ပြီးသော ရူပကာယလည်း ရှိ၏။ ထို ၂-ပါးတို့တွင် မဟာဘုတ် ၄-ပါးဖြင့်ပြီးသော ဤရူပကာယကို ဤလူ့ပြည် သေရာအရပ်၌ပင်လျှင် ကျီး, လင်းတ-အစရှိကုန်သော ငှက်တို့သည်လည်းကောင်း၊ ခွေး, မြေခွေး-အစရှိသော အထူးထူး အပြားပြားသော သတ္တဝါမျိုးတို့သည်လည်းကောင်း ကိုက်ခဲ၍စားသဖြင့် ပျောက်ပျက်လေကုန်၏။ ထိုသူ၏ ရှည်မြင့်စွာသော ကာလပတ်လုံး သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတည်း-ဟူသော ၅-ပါးသော တရားတို့ဖြင့် ထုံအပ်သော ကုသိုလ်စိတ်သည် ရှိ၏။ ထိုကုသိုလ်စိတ်သည် လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်တည်း-ဟူသော သုဂတိဘဝသို့ လားခြင်း၏အကြောင်းဖြစ်၏။ မဂ်, ဖိုလ်,နိဗ္ဗာန်တည်း-ဟူသော တရားအထူးသို့ ရောက်ခြင်း၏ အကြောင်းလည်း ဖြစ်၏။

“မဟာနာမ်မည်သော သာကီဝင်မင်း၊ လောက၌ ဥပမာမည်သည်ကား တစ်စုံတစ်ယောက်သော ယောက်ျားသည် ထောပတ်အိုး, ဆီအိုးတို့ကို နက်လှစွာသော ရေအိုင်သို့ ဆင်းသက်ငုပ်ဝင်၍ ခွဲလေရာ၏။ ထိုသို့ ခွဲရာ၌ အိုးခြမ်း, ကျောက်စရစ်တို့သည် အောက်သို့ နစ်လေ၍ ကုန်ခြင်း,ပျက်ခြင်းသို့ ရောက်လေရာ၏။ ဆီ,ထောပတ်တို့သည် အထက်ရေပြင်သို့ ထင်ရှားစွာ ပေါ်လေရာ၏။ ထို့အတူ အကြင်တစ်စုံတစ်ယောက်သောသူ၏ ရူပကာယကို ဤလူ့ပြည် သေရာအရပ်၌သာလျှင် ခွေး,မြေခွေး-အစရှိကုန်သော သတ္တဝါတို့သည် ကိုက်ခဲ၍ စားသဖြင့် ကုန်ခြင်း,ပျက်ခြင်းသို့ ရောက်လေရာ၏။ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတည်း-ဟူသော တရား ၅-ပါးတို့ဖြင့် ရှည်မြင့်စွာသော ကာလပတ်လုံး ထုံအပ်သောသူ၏ ကုသိုလ်စိတ်မူကား လူ,နတ်,နိဗ္ဗာန် ၃-တန်သောချမ်းသာကို ရွက်ဆောင်ပေတတ်၏”ဟု ဟောတော်မူသည်။

ဤဒေသနာတော်ကို ဟောတော်မူပြီး၍—

> **တုယှံ ခေါ ပန မဟာနာမ ဒီဃရတ္တံ သဒ္ဓါပရိဘာဝိတံ စိတ္တံ၊ သီလ,သုတ,စာဂ,ပညာ-ပရိဘာဝိတံ စိတ္တံ၊ မာ ဘာယိ မဟာနာမ၊ မာ ဘာယိ မဟာနာမ၊ အပါပကံ_တေ မရဏံ ဘဝိဿတိ၊ အပါပိကာ ကာလံကိရိယာ။ –**

ဟူသော ဒေသနာတော်ဖြင့် “မဟာနာမ်မည်သော သာကီဝင်မင်း၊ ရှည်မြင့်စွာသော ကာလပတ်လုံး သင်၏စိတ်သည် သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတရားတို့ဖြင့် ထုံအပ်၏။ သေသည်မှ အခြားမဲ့၌ အပါယ် ၄-ပါး လားတော့မည်-ဟု ကြောက်ရွံ့ရန် မရှိပြီ။ သင့်အား မယုတ်မာသော သေခြင်းသည် ဖြစ်လတ္တံ့။ မယုတ်မာသော သေခြင်းကို ပြုရလတ္တံ့”ဟု သက်သာရာကို ရစေတော်မူသည်။

ထို့ကြောင့် ယခုအခါ အကြင်ပညာရှိအပေါင်း သူတော်ကောင်းတို့သည် အပါယ် ၄-ပါးမှ ကြောက်သည်ဖြစ်အံ့၊ မယုတ်မာသော သေခြင်းကို ပြု၍ လူချမ်းသာ, နတ်ချမ်းသာ မဂ်,ဖိုလ်,နိဗ္ဗာန်ချမ်းသာကို အလိုရှိကုန်သည်ဖြစ်အံ့၊ ရှည်မြင့်စွာသော ကာလပတ်လုံး မိမိစိတ်ကို သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတည်း-ဟူသော တရား ၅-ပါးတို့ဖြင့် အဖန်တလဲလဲ ထုံမွမ်းကုန်ရာသည်။ ဤသည်ကား သုတ္တန်တည်း။ (မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၃၂၂-၃)

★★★★★★★

## [ ၁၉ ] မဟာနာမ်မင်းအား ဒုတိယဟောသော တရား

**“အဝိဇ္ဇာတဏှာသင်္ခါတေ ဒွေ ဝဋ္ဋမူလဓမ္မေ ဥဒ္ဓရိတွာ ဓာရေတီတိ ဗုဒ္ဓေါ။”**

ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ အဝိဇ္ဇာတဏှာသင်္ခါတေ၊ အဝိဇ္ဇာ, တဏှာ-ဟု ဆိုအပ်ကုန်သော။ ဒွေ၊ ၂-ပါးကုန်သော။ ဝဋ္ဋမူလဓမ္မေ၊ ဝဋ်ဆင်းရဲ၏ အမြစ်မူလဖြစ်ကုန်သော တရားတို့ကို။ ဥဒ္ဓရိတွာ၊ နုတ်၍။ ဓာရေတိ၊ ဆောင်တော်မူတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။

ဤသို့လျှင် ကိုယ်တော်၏သန္တာန်၌ဖြစ်သော အဝိဇ္ဇာ, တဏှာ-ဟု ဆိုအပ်သော ဝဋ်ဆင်းရဲ၏ မူလတရား ၂-ပါးတို့ကိုလည်းကောင်း၊ ဝေနေယျတို့၏ သန္တာန်၌ဖြစ်သော အဝိဇ္ဇာ, တဏှာ-တည်းဟူသော ဝဋ်ဆင်းရဲ၏ မူလတရား ၂-ပါးတို့ကိုလည်းကောင်း အရဟတ္တမဂ်ဉာဏ်, ဒေသနာဉာဏ်တော်တို့ဖြင့် အကြွင်းမဲ့ နုတ်၍ ဆောင်တော်မူတတ်သော သတ္တိကြောင့် ဗုဒ္ဓ-ဟူသော ဂုဏ်တော်နာမ ဝိသေသအထူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် တရံရောအခါ သက္ကတိုင်း၊ ကပိလဝတ်ပြည်ကြီးကို ဆွမ်းခံရွာအမှီပြု၍ နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ မဟာနာမ်အမည်ရှိသော သာကီဝင်မင်းသည် ဘုရားသခင်အထံတော်သို့ ချဉ်းကပ်လေ၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေပြီးသော် ရိုသေစွာ ရှိခိုး၍ ဤသို့ နားတော်လျှောက်၏။

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဤကပိလဝတ်ပြည်သည် ပြည့်စုံပြန့်ပြောခြင်း ရှိ၏။ များသော ရောပြွမ်းသော လူရှိ၏။ ကျဉ်းမြောင်းသော ခရီးမ- ရှိ၏။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ အကျွန်ုပ်သည် ဘုရားသခင် အား ဆည်းကပ်ခစားပြီး၍လည်းကောင်း, စိတ်နှလုံး၏ ကြည်လင်ပွါးများခြင်းကို ဖြစ်စေ တတ်သောရဟန်းကို ဆည်းကပ်ခစားပြီး၍လည်းကောင်း, ညချမ်းသောအခါ ကပိလဝတ် ပြည်သို့ ဝင်သည်ရှိသော် လူးလာ,သွားလာ လှည့်ပတ်သော ဆင်နှင့်လည်းကောင်း, မြင်းနှင့် လည်းကောင်း, ရထားနှင့်လည်းကောင်း, လှည်းနှင့်လည်းကောင်း, ယောကျ်ားနှင့်လည်း ကောင်း ဆိုင်မိပါ၏။

ထိုအခါ အကျွန်ုပ်၏ ဘုရားကို အာရုံပြု၍ဖြစ်သော သတိသည် မေ့လျော့ခြင်းသို့ ရောက်၏။ တရားကို အာရုံပြု၍ဖြစ်သော သတိသည် မေ့လျော့ခြင်းသို့ ရောက်၏။ သံဃာကို အာရုံပြု၍ဖြစ်သော သတိသည် မေ့လျော့ခြင်းသို့ ရောက်၏။ ဘုန်းတော်အလွန် ကြီးမြတ် တော်မူလှသော မြတ်စွာဘုရား၊ အကျွန်ုပ်၏ ဤသို့သော အကြံသည် ဖြစ်၏။ 'ငါသည် ရတနာ ၃-ပါးဂုဏ်ကို မအောက်မေ့နိုင်သည်ဖြစ်၍ မေ့လျော့စဉ် သေခဲ့သည်ရှိသော် အဘယ်ဘဝဂတိသို့ လားရလတ္တံ့နည်း။ အဘယ်ဘဝဂတိသို့ လဲလျောင်းရာရှိသည် ဖြစ်လတ္တံ့ နည်း'-ဟု အကြံဖြစ်ပါသည်ဘုရား"ဟု လျှောက်ထားသည်။

ထိုအခါ သဗ္ဗညုဘုရားသခင်သည်–

**မာ ဘာယိ မဟာနာမ၊ မာ ဘာယိ မဟာနာမ၊ အပါပကံ တေ မရဏံ ဘဝိဿတိ အပါပိကာ ကာလံကိရိယာ။** (သံ၊၃။၃၂၃)

ဟူသော ဒေသနာတော်ဖြင့် "မဟာနာမ်၊ သင်သည် မကြောက်လင့်။ မဟာနာမ်၊ သင်သည် မကြောက်လင့်။ သင့်အား မယုတ်မာသော သေရခြင်းသည် ဖြစ်လတ္တံ့။ မယုတ်မာသော သေရခြင်းကို ပြုလတ္တံ့"ဟု မိန့်တော်မူပြီးမှ–

**စတူဟိ ခေါ မဟာနာမ ဓမ္မေဟိ သမန္နာဂတော အရိယသာဝကော နိဗ္ဗာနနိန္နော ဟောတိ နိဗ္ဗာနပေါဏော နိဗ္ဗာနပဗ္ဘာရော။ ကတမေဟိ စတူဟိ၊ ဣဓ မဟာနာမ အရိယသာဝကော ဗုဒ္ဓေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဟောတိ။ ဓမ္မေ အဝေစ္စပ္ပ- သာဒေန သမန္နာဂတော ဟောတိ။ သံဃေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဟောတိ။ အရိယကန္တေဟိ သီလေဟိ သမန္နာဂတော ဟောတိ။** (သံ၊၃။၃၂၃)

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်မြတ်ပါဠ်ဝယ် အဓိပ္ပါယ်ကား "မဟာနာမ်မည်သော သာကီဝင် မင်း၊ ဤသာသနာတော်၌ အရိယာ၏တပည့်သည် ၄-ပါးသော အကြောင်းတရားတို့နှင့် ပြည့်စုံ၏။ ထိုအရိယာ၏ တပည့်သည် နိဗ္ဗာန်သို့ ညွတ်သောစိတ် ရှိ၏။ နိဗ္ဗာန်သို့ ကိုင်းသော စိတ်ရှိ၏။ နိဗ္ဗာန်သို့ ရှိုင်းသော, ဝှမ်းသော စိတ်ရှိ၏။ အဘယ်မည်ကုန်သော ၄-ပါးသော တရားတို့နှင့် ပြည့်စုံသနည်းဟူမူကား—

- ဘုရားဂုဏ်၌ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်းလည်း ၁-ပါး,
- တရားဂုဏ်၌ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်းလည်း ၁-ပါး,
- သံဃာ့ဂုဏ်၌ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်းလည်း ၁-ပါး,
- အရိယာတို့သည် နှစ်သက်အပ်သော မကျိုး,မပေါက် မပြောက်,မကျားသော သီလ နှင့် ပြည့်စုံခြင်းလည်း ၁-ပါး၊

ဤ ၄-ပါးသော အကြောင်းတရားနှင့် ပြည့်စုံသော အရိယာသာဝကသည် နိဗ္ဗာန် သို့ ညွတ်သော စိတ်ရှိ၏။ နိဗ္ဗာန်သို့ ကိုင်းသောစိတ်ရှိ၏။ နိဗ္ဗာန်သို့ ရှိုင်းသော, ဝှမ်းသော စိတ်ရှိ၏။ ဥပမာမည်သည်ကား သစ်ပင်သည် အရှေ့အရပ်သို့ ကိုင်းလေရာ၏။ ထိုသစ်ပင်ကို တစ်စုံတစ်ယောက်သော သူသည် ခုတ်လေရာ၏။ ခုတ်သည်ရှိသော် ကိုင်းရာ အရှေ့အရပ် သို့သာ ဧကန်စင်စစ် လဲခြင်းသဘော မြဲသကဲ့သို့ ထို့အတူ—

- ဘုရားဂုဏ်ကို အာရုံပြု၍ ကြည်ညိုခြင်း, - တရားဂုဏ်ကို အာရုံပြု၍ ကြည်ညိုခြင်း,
- သံဃာ့ဂုဏ်ကို အာရုံပြု၍ ကြည်ညိုခြင်း,
- အရိယာတို့သည် နှစ်သက်အပ်သော မကျိုး,မပေါက် မပြောက်,မကျားသော သီလ နှင့် ပြည့်စုံခြင်း၊

ဤ ၄-ပါးသော အကြောင်းတရားတို့နှင့် ပြည့်စုံသော အရိယာသာဝကသည် ဧကန်စင်စစ် နိဗ္ဗာန်သို့ ညွတ်သောစိတ်ရှိ၏။ နိဗ္ဗာန်သို့ ကိုင်းသောစိတ်ရှိ၏။ နိဗ္ဗာန်သို့ ရှိုင်းသော, ဝှမ်းသောစိတ်ရှိ၏"ဟု ဟောတော်မူသည်။

ထို့ကြောင့် ယခုအခါ အကြင်ပညာရှိအပေါင်း သူတော်ကောင်းတို့သည် အပါယ် ဘေး, ဝဋ်ဆင်းရဲဘေးမှ ကင်းလွတ်၍ နိဗ္ဗာန်သို့ ညွတ်သောစိတ်, နိဗ္ဗာန်သို့ ကိုင်းသောစိတ်, နိဗ္ဗာန်သို့ ရှိုင်းသောစိတ်, ဝှမ်းသောစိတ်တို့နှင့် ပြည့်စုံခြင်းကို အလိုရှိကုန်သည်ဖြစ်အံ့။ ဆိုအပ်ခဲ့ပြီးသော ၄-ပါးသော အကြောင်းတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ကုန်ရာ သည်။ ဤသည်ကား သုတ္တန်တည်း။ (မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၃၂၃)

★ ★ ★ ★ ★ ★ ★

## [ ၂၀ ] ဂုဏ်တော်၏ အကျိုးကြီးမြတ်ကြောင်းတရား

### "ဗုဒ္ဓ ဇေတဿ အတ္ထီတိ ဗုဒ္ဓေါ"။

ဇေတဿ၊ ထိုမြတ်စွာဘုရားအား။ ဗုဒ္ဓံ၊ သဗ္ဗညုတဉာဏ်တော်သည်။ အတ္ထိ၊ ရှိတော်မူ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။

ဤသို့လျှင် သဗ္ဗညုတဉာဏ်တော်နှင့် ပြည့်စုံတော်မူသည်၏အဖြစ်ကြောင့် ဗုဒ္ဓ-ဟူသော ဂုဏ်တော်နာမ ဝိသေသအထူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် တရံရောအခါ သာဝတ္ထိပြည်ကြီးကို ဆွမ်းခံရွာအမှီပြု၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ ရဟန်းတို့ကို ခေါ်တော်မူ၍–

ကိဉ္စာပိ ဘိက္ခဝေ ရာဇာ စက္ကဝတ္တီ စတုန္နံ ဒီပါနံ ဣဿရိယာဓိပစ္စံ ရဇ္ဇံ ကာရေတွာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ ဒေဝါနံ တာဝတိံသာနံ သဟဗျတံ၊ သော တတ္ထ နန္ဒနေ ဝနေ အစ္ဆရာသံဃပရိဝုတော ဒိဗ္ဗေဟိ စ ပဉ္စဟိ ကာမဂုဏေဟိ သမပ္ပိတော သမင်္ဂီဘူတော ပရိစာရေတိ၊ သော စတူဟိ ဓမ္မေဟိ အသမန္နာ-ဂတော၊ အထ ခေါ သော အပရိမုတ္တောဝ နိရယာ၊ အပရိမုတ္တော တိရစ္ဆာနယောနိယာ၊ အပရိမုတ္တော ပေတ္တိဝိနယာ၊ အပရိမုတ္တော အပါယဒုဂ္ဂတိဝိနိပါတာ။

ကိဉ္စာပိ ဘိက္ခဝေ အရိယသာဝကော ပိဏ္ဍိယာလောပေန ယာပေတိ၊ နန္တကာနိ စ ဓာရေတိ။ သော စတူဟိ ဓမ္မေဟိ သမန္နာဂတော၊ အထ ခေါ သော ပရိမုတ္တော နိရယာ၊ ပရိမုတ္တော တိရစ္ဆာနယောနိယာ၊ ပရိမုတ္တော ပေတ္တိဝိသယာ၊ ပရိမုတ္တော အပါယဒုဂ္ဂတိ-ဝိနိပါတာ။ ကတမေဟိ စတူဟိ? ဣဓ ဘိက္ခဝေ အရိယသာဝကော ဗုဒ္ဓေ အဝေစ္စပ္ပသာ-ဒေန သမန္နာဂတော ဟောတိ "ဣတိပိ သော ဘဂဝါ ။ပ။ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ"တိ။ ဓမ္မေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဟောတိ "သွာက္ခာတော ဘဂဝတာ ဓမ္မော ။ပ။ ဝိညူဟီ"တိ။ သံဃေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဟောတိ "သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ။ပ။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ"တိ။ အရိယကန္တေဟိ သီလေဟိ သမန္နာဂတော ဟောတိ အခဏ္ဍေဟိ အစ္ဆိဒ္ဒေဟိ အသဗလေ-ဟိ အကမ္မာသေဟိ ဘုဇိဿေဟိ ဝိညုပ္ပသတ္ထေဟိ အပရာမဋ္ဌေဟိ သမာဓိသံဝတ္တနိကေဟိ။ ဣမေဟိ စတူဟိ ဓမ္မေဟိ သမန္နာဂတော ဟောတိ၊ ယော စ ဘိက္ခဝေ စတုန္နံ ဒီပါနံ ပဋိလာဘော၊ ယော စတုန္နံ ဓမ္မာနံ ပဋိလာဘော၊ စတုန္နံ ဓမ္မာနံ ပဋိလာဘော စတုန္နံ ဒီပါနံ ပဋိလာဘဿ ကလံ နာဂ္ဃတိ သောဠသိန္တိ။ –

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (သံ၊၃။၁၉၈-၉)

ဘိက္ခဝေ၊ ရဟန်းတို့။ ရာဇာ စက္ကဝတ္တိ၊ စကြာမင်းသည်။ စတူန္နံ ဒီပါနံ၊ ကျွန်းကြီး ၄-ကျွန်းတို့ကို။ ဣဿရိယာဓိပစ္စံ အစိုးရသော အကြီးအဖြစ်-ဟု ဆိုအပ်သော။ ရဇ္ဇံ မင်း အဖြစ်ကို။ ကာရေတွာ၊ ပြုစေ၍။ ကာယဿ၊ ဥပါဒိန္နက ကာယ၏။ ဘေဒါ၊ ပျက်သည်မှ။ ပရံ မရဏာ၊ စုတိနောက်၌။ သုဂတိံ၊ ကောင်းမှုကို ပြုသောသူတို့၏ လားရာဖြစ်သော။ သဂ္ဂံ လောကံ၊ နတ်ပြည်၌။ ဒေဝါနံ တာဝတိံသာနံ၊ တာဝတိံသာနတ်တို့၏။ သဟဗျတံ၊ အပေါင်းအဖော်၏အဖြစ်သို့။ ကိဉ္စာပိ ဥပပဇ္ဇတိ၊ အကယ်၍ကား ရောက်၏။ သော၊ ထိုစကြာ မင်းဖြစ်ဖူးသော နတ်သားသည်။ တတ္ထ၊ ထိုတာဝတိံသာနတ်ပြည်၌။ နန္ဒနေ ဝနေ၊ နန္ဒဝန် ဥယျာဉ်၌။ အစ္ဆရာသင်္ဃပရိဝုတော၊ နတ်သမီးအပေါင်းတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍။ ဒိဗ္ဗေဟိ၊ နတ်၌ဖြစ်ကုန်သော။ ပဉ္စဟိ ကာမဂုဏေဟိ၊ ကာမဂုဏ် ၅-ပါးတို့ဖြင့်။ သမပ္ပိတော၊ ခြံရံအပ် သည်ဖြစ်၍။ သမင်္ဂီဘူတော၊ ပြည့်စုံသည်ဖြစ်၍။ ကိဉ္စာပိ ပရိစာရေတိ၊ အကယ်၍ကား စံပယ်ရ၏။ တထာပိ၊ ထိုသို့ စံပယ်ရသော်လည်း။ သော၊ ထိုစကြာမင်းဖြစ်ဖူးသော နတ်သား သည်။ စတူဟိ၊ ၄-ပါးကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ အသမန္နာဂတော၊ မပြည့်စုံသည် ဖြစ်အံ့။ အထ ခေါ၊ ထိုသို့ မပြည့်စုံသည်ရှိသော်။ သော၊ ထိုစကြာမင်းဖြစ်ဖူးသော နတ်သား သည်။ နိရယာ၊ ငရဲမှ။ အပရိမုတ္တော၊ မလွတ်။ တိရစ္ဆာနယောနိယာ၊ တိရစ္ဆာန်အမျိုးမှ။ အပရိမုတ္တော၊ မလွတ်။ ပေတ္တိဝိသယာ၊ ပြိတ္တာတို့၏အမျိုးမှ။ အပရိမုတ္တော၊ မလွတ်။ အပါယ-ဒုဂ္ဂတိဝိနိပါတာ၊ ပျက်စီးလျက် ကျရာဖြစ်သော အပါယ်ဒုဂ္ဂတိမှ။ အပရိမုတ္တော၊ မလွတ်။

ဘိက္ခဝေ၊ ရဟန်းတို့။ အရိယသာဝကော၊ အရိယာ၏တပည့်သည်။ ပိဏ္ဍိယာလော-ပေန၊ ၁-လုတ်, ၁-လုတ်သော ဆွမ်းကို ခံသဖြင့်။ ကိဉ္စာပိ ယာပေတိ၊ အကယ်၍ကား မျှ၏။ နန္တကာနိ စ၊ ပုဆိုးနွမ်းတို့ကိုလည်း။ ကိဉ္စာပိ ဓာရေတိ၊ အကယ်၍ကား ဆောင်၏။ အထ ခေါ၊ ထိုသို့ ဆောင်သော်လည်း။ သော၊ ထိုအရိယာသာဝကသည်။ စတူဟိ၊ ၄-ပါးကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်သည်ဖြစ်အံ့။ အထ ခေါ၊ ထိုသို့ ပြည့်စုံသည် ရှိသော်။ သော၊ ထိုအရိယာသာဝကသည်။ နိရယာ၊ ငရဲဘေးမှ။ ပရိမုတ္တော၊ လွတ်၏။ တိရစ္ဆာနယောနိယာ၊ တိရစ္ဆာန်အမျိုးမှ။ ပရိမုတ္တော၊ လွတ်၏။ ပေတ္တိဝိသယာ၊ ပြိတ္တာတို့၏ အမျိုးမှ။ ပရိမုတ္တော၊ လွတ်၏။ အပါယဒုဂ္ဂတိဝိနိပါတာ၊ ပျက်စီးလျက် ကျရာဖြစ်သော အပါယ်ဒုဂ္ဂတိမှ။ ပရိမုတ္တော၊ လွတ်၏။ ကတမေဟိ၊ အဘယ်မည်ကုန်သော။ စတူဟိ၊ ၄-ပါးကုန်သော တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံလေသနည်း?

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ အရိယသာဝကော၊ အရိယာ-သာဝကသည်။ "ဣတိပိ သော ဘဂဝါ အရဟံ ။ပ။ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ"တိ၊ ဣတိပိ သော ဘဂဝါ အရဟံ ။ပ။ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ-ဟူ၍။ ဗုဒ္ဓေ၊

ဘုရားသခင်၏ ဂုဏ်တော်၌။ အဝေစ္စပ္ပသာဒေန၊ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ "သွာက္ခာတော ဘဂဝတာ ဓမ္မော ။ပ။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီ"တိ၊ သွာက္ခာတော ဘဂဝတာ ဓမ္မော ။ပ။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ-ဟူ၍။ ဓမ္မေ၊ တရားတော်ဂုဏ်၌။ အဝေစ္စပ္ပသာဒေန၊ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ "သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ။ပ။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ"တိ၊ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ။ပ။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ-ဟူ၍။ သံဃေ၊ သံဃာတော်ဂုဏ်၌။ အဝေစ္စပ္ပသာဒေန၊ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ အရိယကန္တေဟိ၊ အရိယာတို့သည် နှစ်သက်အပ်ကုန်သော။ အခဏ္ဍေဟိ၊ မကျိုးကုန်သော။ အစ္ဆိဒ္ဒေဟိ၊ မပေါက်ကုန်သော။ အသဗလေဟိ၊ မကျားကုန်သော။ အကမ္မာသေဟိ၊ မပြောက်ကုန်သော။ ဘုဇိဿေဟိ၊ တော်လှန်ကုန်သော။ ဝါ၊ တဏှာ-ဟူသော ကျွန်အဖြစ်မှ လွတ်ကုန်သော။ ဝိညုပ္ပသတ္ထေဟိ၊ ပညာရှိတို့သည် ချီးမွမ်းအပ်ကုန်သော။ အပရာမဋ္ဌေဟိ၊ တဏှာဒိဋ္ဌိတို့သည် မသုံးသပ်အပ်ကုန်သော။ သမာဓိ-သံဝတ္တနိကေဟိ၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိကို ဖြစ်စေတတ်ကုန်သော။ သီလေဟိ၊ သီလတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ စတူဟိ၊ ၄-ပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဤတရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ယော စ၊ အကြင်စကြာမင်းသည်လည်း။ စတုန္နံ ဒီပါနံ၊ ကျွန်းကြီး ၄-ကျွန်းတို့ကို။ ဣဿရိယာဓိပစ္စံ၊ အစိုးရသော အကြီးအဖြစ်-ဟုဆိုအပ်သော။ ရဇ္ဇံ၊ စကြာမင်းအဖြစ်ကို။ ပဋိလာဘော၊ ရခြင်းသည်။ အတ္ထိ၊ ရှိ၏။ ယော စ၊ အကြင် အရိယာသာဝကသည်လည်း။ စတုန္နံ ဓမ္မာနံ၊ ၄-ပါးကုန်သော တရားတို့ကို။ ပဋိလာဘော၊ ပြည့်စုံသောအားဖြင့် ရခြင်းသည်။ အတ္ထိ၊ ရှိ၏။ စတုန္နံ ဒီပါနံ၊ ကျွန်းကြီး ၄-ကျွန်းတို့ကို။ ပဋိလာဘော၊ အစိုးရသောအားဖြင့် ရသော စကြာမင်းသည်။ စတုန္နံ ဓမ္မာနံ၊ ၄-ပါးကုန်သော တရားတို့ကို။ ပဋိလာဘဿ၊ ပြည့်စုံသော အရိယာသာဝက၏။ သောဠသိံ၊ ၁၆-စိတ်စိတ်၍။ ကလံ၊ ၁-စိတ်သောအဖို့ကိုမျှ။ နာ'ဂ္ဃတိ၊ မမီနိုင်။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "ငါ၏ ချစ်သားတို့၊ စကြာမင်းသည် စကြာရတနာ, ပတ္တမြားရတနာ, မိဖုရားရတနာ, သားကြီးရတနာ, သူဌေးကြီးရတနာ, ဆင်ဖြူ ရတနာ, မြင်းပျံရတနာ-ဆိုအပ်သော ထူးမြတ်သော ရတနာ ၇-ပါးကို အစပြု၍ များလှစွာသော ရွှေ,ငွေ, ကျောက်သံ, ပတ္တမြားကို အစပြု၍ များလှစွာသော ရွှေ, ငွေ, ကျောက်သံ, ပတ္တမြား-အစရှိသော ရတနာမျိုးတို့နှင့် ပြည့်စုံသော၊ ကျွန်းငယ် ၂,၀၀၀-

အရံရှိသော ကျွန်းကြီး ၄-ကျွန်းတို့ကို အစိုးရသော စကြာမင်းအဖြစ်ကို ရ၍ ထိုစကြာမင်း စည်းစိမ်ကို ရှည်ကြာလေးမြင့် ခံစား၍ ထိုဘဝမှ စုတေသည်ရှိသော် တာဝတိံသာနတ်ပြည်၌ ဖြစ်၍ နန္ဒဝန်ဥယျာဉ်၌ များစွာသော နတ်သမီးအပေါင်းတို့ဖြင့် ခြံရံလျက် နတ်ပြည်၌ ဖြစ်ကုန်သော ကာမဂုဏ် ၅-ပါးတို့ဖြင့် ပြည့်စုံသည်ဖြစ်၍ စံပယ်ရ၏။

ထိုသို့ စံပယ်ရသော်လည်း အရဟံ-အစရှိသော ဘုရားဂုဏ်၌ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်း, သွာက္ခာတတာ-အစရှိသော တရားဂုဏ်၌ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်း, သုပ္ပဋိပန္နတာ-အစရှိသော သံဃာတော်ဂုဏ်၌ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်း, အရိယာတို့သည် နှစ်သက်အပ်သော သီလကို ဖြည့်ကျင့်ခြင်း အကြောင်းတရား ၄-ပါးတို့နှင့် မပြည့်စုံသည် ဖြစ်အံ့၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ် ၄-ဘုံ၌ဖြစ်သော ဘေးတို့မှ မလွတ်သည်သာ ဖြစ်၏။

ငါ၏ချစ်သားတို့ အရိယာ၏တပည့်ဖြစ်သောသူသည် အိမ်စဉ်ခံ၍ရသော ၁-လုတ်, ၁-လုတ်သော ဆွမ်းဖြင့် မျှတသုံးဆောင်ရသည် ဖြစ်၏။ နွမ်းလေပြီးသော ပုဆိုးကို ဆောင်ရ, ဝတ်ရသည် ဖြစ်၏။ ထိုသို့ ဖြစ်သော်လည်း အရဟံ-အစရှိသော ဘုရားဂုဏ်၌ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်း၊ သွာက္ခာတတာ-အစရှိသော တရားတော်ဂုဏ်၌ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်း၊ သုပ္ပဋိပန္နတာ-အစရှိသော သံဃာတော်ဂုဏ်၌ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်း၊ အရိယာတို့ နှစ်သက်အပ်သော မကျိုး,မပေါက်, မပြောက်,မကျား သော, တဏှာတည်းဟူသော ကျွန်၏အဖြစ်မှ လွတ်သော, ပညာရှိတို့သည် ချီးမွမ်းအပ်သော, တဏှာဒိဋ္ဌိတို့သည် မသုံးသပ်အပ်သော, ဥပစာရသမာဓိ, အပ္ပနာသမာဓိကို ဖြစ်စေတတ်သော သီလကို ဆောက်တည်၍ ကျင့်ခြင်း၊ ဤ ၄-ပါးသောအကြောင်းတရားတို့နှင့် ပြည့်စုံသည် ဖြစ်အံ့၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်၊ အပါယ် ၄-ဘုံ၌ဖြစ်သော ဒုက္ခအပေါင်းတို့မှ လွတ်သည်သာလျှင် ဖြစ်၏။

ငါ၏ချစ်သားတို့၊ အကြင်စကြာမင်းကြီးသည် စကြာရတနာ-အစရှိသော ထူးမြတ်သော ၇-ပါးသော ရတနာတို့ကို ရ၍ များစွာသော ရွှေ,ငွေ,ကျောက်သံ,ပတ္တမြား-အစရှိသော ရတနာမျိုးတို့နှင့် ပြည့်စုံသော, ကျွန်းငယ် ၂,၀၀၀-အခြံအရံရှိသော ၄-ကျွန်းလုံးကို အစိုးရသော စကြာမင်းအဖြစ်ကို ရ၏။ အကြင် အရိယာသာဝကသည် ၄-ပါးကုန်သော တရားတို့ကို ပြည့်စုံသောအားဖြင့် ရ၏။ ထို ၂-ဦးသောသူတို့တွင် စကြာမင်းကြီး၏ ၄-ကျွန်းလုံးကို အစိုးရသော စကြာမင်းအဖြစ်ကို ရခြင်းသည် အရိယာသာဝက၏ ၄-ပါးသော တရားကို ရခြင်း၏ ၁၆-စိတ်စိတ်၍ ၁-စိတ်ကိုမျှ မမီနိုင်။

အဘယ့်ကြောင့်နည်းဟူမူကား ၄-ကျွန်းသနင်း စကြာမင်း၏အဖြစ်ကို ရခြင်းသည် အပါယ်ဘုံ၌ ဖြစ်သောဘေး, ဝဋ်ဆင်းရဲဘေးတို့မှ မလွတ်။ ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသဘေးတို့မှ မလွတ်။ အရိယာသာဝက၏ ၄-ပါးသော အကြောင်းတရားတို့သည်ကား အပါယ်ဘေး, ဝဋ်ဆင်းရဲဘေးမှ လွတ်စေတတ်၏။ ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသဘေးတို့မှ လွတ်စေတတ်၏။ စကြာမင်းကြီး၏ ၄-ကျွန်းသနင်း စကြာမင်း၏အဖြစ်ကို ရခြင်းသည် အရိယာသာဝက၏ ၄-ပါးသော အကြောင်းတရားတို့နှင့် ပြည့်စုံသည်၏အဖြစ်ကို ၁၆-စိတ်စိတ်၍ ၁-စိတ်ကိုမျှ မမီ"ဟူ၍ ဟောတော်မူသည်။

ထို့ကြောင့် ယခုအခါ အကြင်ပညာရှိအပေါင်း သူတော်ကောင်းတို့သည် ၄-ကျွန်းသနင်း စကြာမင်းတို့၏ စည်းစိမ်ကို ရသည်ထက် ဆထက်ထောင်,ရာမက များလှစွာသော သာလွန်သော အကျိုးရှိသော ဘုရားဂုဏ်ကို ကြည်ညိုခြင်း၊ တရားဂုဏ်ကို ကြည်ညိုခြင်း၊ သံဃာ့ဂုဏ်ကို ကြည်ညိုခြင်း၊ အရိယာတို့သည် နှစ်သက်အပ်သော မကျိုး,မပေါက်,မပြောက်, မကျားသော သမာဓိကို ဖြစ်စေတတ်သော သီလကို ဖြည့်ကျင့်ခြင်း၊ ဤ ၄-ပါးသော အကြောင်းတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ကုန်ရာသည်။ ဤသည်ကား သုတ္တန် တည်း။ (မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ စက္ကဝတ္တိရာဇသုတ်။နှာ-၂၉၈-၉)

★★★★★★★

## [ ၂၁ ] ဒီဃာဝုသီတင်းသည် ဝတ္ထုတရား

"မဟန္တာ ကရုဏာ ယဿ သော'တိ မဟာကာရုဏိကော။"

ယဿ တထာဂတဿ၊ အကြင်မြတ်စွာဘုရားအား။ မဟန္တာ၊ ကြီးမြတ်သော။ ကရုဏာ၊ ကရုဏာတော်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော တထာဂတော၊ ထိုမြတ်စွာဘုရားသည်။ မဟာကာရုဏိကော၊ မဟာကာရုဏိက မည်၏။

ဤသို့လျှင် ကြီးမြတ်သော ကရုဏာရှိတော်မူသည်၏အဖြစ်ကြောင့် မဟာကာရုဏိက-ဟူသော ဂုဏ်တော်နာမ ဝိသေသအထူးနှင့် ပြည့်စုံတော်မူသော ဘုရားသခင်သည် တရံရောအခါ ရာဇဂြိုဟ်ပြည်ကြီးကို ဆွမ်းခံရွာအမှီပြု၍ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ ဒီဃာဝုအမည်ရှိသော သီတင်းသည်သည် အနာနှိပ်စက်သည်ဖြစ်၍ ပြင်းစွာသောရောဂါဝေဒနာသည် ဖြစ်၏။ ထိုအခါ ဒီဃာဝုသီတင်း

သည်သည် အဘဖြစ်သော ဇောတိကသူကြွယ်ကို ခေါ်၍ "ဘုရားသခင်ထံသို့ ဆည်းကပ်ပြီးသော် အကျွန်ုပ်၏စကားဖြင့် ဘုရားသခင်၏ ခြေတော်ကို ရှိခိုးပါလေ။ ဒီဃာဝုသီတင်းသည်သည် အနာနှိပ်စက်၍ ပြင်းပြသောဝေဒနာသည် ဖြစ်၏။ ဒီဃာဝုသီတင်းသည်၏ အိမ်သို့ ကြွတော်မူပါမည့်အကြောင်းကို လျှောက်ထားပါလေ"ဟု ဆို၏။

ထိုအခါ အဘဖြစ်သော ဇောတိကသူကြွယ်သည် သားဖြစ်သော သီတင်းသည်ဆိုတိုင်း ဘုရားသခင်ထံသို့ ကပ်၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေပြီးသော် ၅-ပါးသော ရှိခိုးခြင်းတို့ဖြင့် ရှိခိုး၍ ဘုရားသခင်အား လျှောက်ထား၏။ ဘုရားသခင်သည်လည်း ဆိတ်ဆိတ်ဝန်ခံတော်မူ၍ သင်းပိုင်တော်ကို ပြင်ဝတ်၍ သပိတ်,သင်္ကန်းတို့ကို ဝတ်ရုံလွယ်၍ ဒီဃာဝုသီတင်းသည်၏ အိမ်သို့ ကြွတော်မူ၍ ခင်းထားအပ်သောနေရာ၌ နေတော်မူပြီးသော် "**ကစ္စိ တေ ဒီဃာဝု ခမနီယံ၊ ကစ္စိ ယာပနီယံ**"အစရှိသည်ဖြင့် "ဒီဃာဝု၊ အဘယ်သို့ဖြစ်သနည်း။ သင့်အား ကျန်းခံ့ပါ၏လော။ ဒုက္ခဝေဒနာသည် နောက်သို့ ဆုတ်သည်ဖြစ်၍ မတိုးဘဲရှိပါ၏လော။ နောက်သို့ ဆုတ်ခြင်းသည် ထင်ပါ၏လော။ ရှေ့သို့ တိုးခြင်းသည် မထင်ဘဲ ရှိပါ၏လော"ဟု အမေးတော်ရှိသည်။ ထိုအခါ ဒီဃာဝုသီတင်းသည်သည်–

"**န မေ ဘန္တေ ခမနီယံ၊ န ယာပနီယံ**" အစရှိသည်ဖြင့် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ အကျွန်ုပ်အား မခံနိုင်။ အကျွန်ုပ်၏ ပြင်းပြစွာသော ဒုက္ခဝေဒနာတို့သည် ရှေ့သို့ တိုးခြင်းသည်သာလျှင် ဖြစ်ကုန်၏။ နောက်သို့ ဆုတ်ခြင်းသည် မဖြစ်ကုန်။ ရှေ့သို့ တိုးသော အခြင်းအရာသည်သာလျှင် ထင်၏။ နောက်သို့ ဆုတ်သော အခြင်းအရာ မထင်ပါ"ဟု နားတော်လျှောက်၏။ ထိုအခါ သဗ္ဗညုဘုရားသခင်သည်—

> **တသ္မာတိ'ဟ တေ ဒီဃာဝု ဧဝံ သိက္ခိတဗ္ဗံ "ဗုဒ္ဓေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဘဝိဿာမိ၊ ဓမ္မေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဘဝိဿာမိ၊ သံဃေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဘဝိဿာမိ၊ အရိယကန္တေဟိ သီလေဟိ သမန္နာဂတော ဘဝိဿာမိ-**

အစရှိသော ဒေသနာတော်မြတ်ဖြင့် "ဒီဃာဝုအမည်ရှိသော သီတင်းသည်၊

- သင်သည် ဘုရားဂုဏ်၌ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်း,
- တရားဂုဏ်၌ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်း,
- သံဃာ့ဂုဏ်၌ မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်း,
- အရိယာတို့သည် နှစ်သက်အပ်သော မကျိုး,မပေါက်, မပြောက်,မကျားသော သီလကို ဆောက်တည်၍ ကြည်ညိုခြင်း၊

ဤ ၄-ပါးသော အကြောင်းတရားတို့နှင့် ပြည့်စုံသည်ဖြစ်အံ့-ဟု နှလုံးသွင်း၍ ကျင့်အပ်၏" ဟု ဆုံးမတော်မူသည်။ ထိုအခါ ဒီဃာဝုသီတင်းသည်သည်–

**ယာနိ'မာနိ ဘန္တေ ဘဂဝတာ စတ္တာရိ သောတာပတ္တိယင်္ဂါနိ ဒေသိတာနိ၊ သံဝိဇ္ဇန္တေ- တေ ဓမ္မာ မယိ၊ အဟဉ္စ တေသု ဓမ္မေသု သန္ဒိဿာမိ။ –**

အစရှိသည်ဖြင့် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဘုရားသခင်သည် သောတာပတ္တိဖိုလ်၏ အင်္ဂါဖြစ်ကုန်သော အကြင် ၄-ပါးသော တရားတို့ကို ဟောတော်မူ အပ်ကုန်၏။ ထို ၄-ပါးကုန်သော အကြောင်းတရားတို့သည် အကျွန်ုပ်၏သန္တာန်၌ ရှိပါကုန် ၏။ အကျွန်ုပ်သည်လည်း သောတာပတ္တိဖိုလ်၏ အကြောင်းအင်္ဂါဖြစ်ကုန်သော ထို ၄-ပါး ကုန်သောအကြောင်းတရားတို့၌ ထင်မြင်ပါကုန်၏"ဟု နားတော်လျှောက်သည်။ ထိုအခါ သဗ္ဗညုဘုရားသခင်သည်–

**တသ္မာတိ'ဟ တွံ ဒီဃာဝု ဣမေသု စတူသု သောတာပတ္တိယင်္ဂေသု ပတိဋ္ဌာယ ဆ ဝိဇ္ဇာဘာဂိယေ ဓမ္မေ ဥတ္တရိ ဘာဝေယျာသိ "ဣဓ တွံ ဒီဃာဝု သဗ္ဗသင်္ခါရေသု အနိစ္စာနုပဿီ ဝိဟရာဟိ အနိစ္စေ ဒုက္ခသညီ ဒုက္ခေ အနတ္တသညီ ပဟာနသညီ ဝိရာဂသညီ နိရောဓသညီ"တိ။ ဧဝံ ဟိ တေ ဒီဃာဝု သိက္ခိတဗ္ဗန္တိ။ —**

ဟူသော ဒေသနာတော်ဖြင့် "ဒီဃာဝုအမည်ရှိသော သီတင်းသည်၊ သင်သည် ဤ ၄-ပါး ကုန်သော သောတာပတ္တိဖိုလ်၏ အကြောင်းအရာဖြစ်ကုန်သော တရားတို့၌ တည်၍ ၆-ပါး ကုန်သော ဝိဇ္ဇာအဖို့ရှိကုန်သော တရားတို့ကို အလွန်ပွါးရာ၏။ ၆-ပါးသော ဝိဇ္ဇာအဖို့ရှိကုန် သော တရားတို့သည် အဘယ်နည်းဟူမူကား–

- အလုံးစုံသော သင်္ခါရတရားတို့၌ အနိစ္စ-ဟု အဖန်တလဲလဲရှု၍ နေခြင်းလည်း ၁-ပါး,
- အနိစ္စဖြစ်သော အလုံးစုံသော သင်္ခါရတရားအပေါင်းတို့၌ ဒုက္ခ-ဟု အဖန်တလဲလဲ ရှုခြင်း, မှတ်ခြင်းလည်း ၁-ပါး,
- ဒုက္ခဖြစ်သော အလုံးစုံသော သင်္ခါရတရားအပေါင်းတို့၌ အနတ္တ-ဟု ရှုခြင်း, မှတ်ခြင်း လည်း ၁-ပါး,
- အလုံးစုံသော သင်္ခါရတရားတို့၌ တပ်စွန်းတတ်သော တဏှာ, လောဘ, ရာဂကို ပယ်အပ်၏-ဟု အဖန်တလဲလဲ ရှုခြင်းလည်း ၁-ပါး,
- ရာဂကင်းရာဖြစ်သော နိဗ္ဗာန်ကို အဖန်တလဲလဲ ရှုခြင်း,မှတ်ခြင်းလည်း ၁-ပါး,
- ရာဂ၏ချုပ်ရာ နိဗ္ဗာန်ကို အဖန်တလဲလဲ ရှုခြင်း,မှတ်ခြင်းလည်း ၁-ပါး၊

ဤ ၆-ပါးသော ဝိဇ္ဇာအဖို့ရှိကုန်သော တရားတို့ကို လွန်စွာ ပွါးများရာ၏။ ဤသို့လျှင် သင်သည် ကျင့်အပ်၏"ဟု မိန့်တော်မူ၏။ ထိုအခါ ဒီဃာဝုသီတင်းသည်သည်–

**ယေမေ ဘန္တေ ဘဂဝတာ ဆ ဝိဇ္ဇာဘာဂိယာ ဓမ္မာ ဒေသိတာ၊ သံဝိဇ္ဇန္တေတေ ဓမ္မာ မယိ၊ အဟဉ္စ တေသု ဓမ္မေသု သန္ဒိဿာမိ။ —**

အစရှိသည်ဖြင့် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဘုရားသခင်သည် အကြင် ၆-ပါးကုန်သော ဝိဇ္ဇာအဖို့ရှိကုန်သော တရားတို့ကို ဟောတော်မူအပ်ကုန်၏။ ထို ၆-ပါးကုန်သော တရားတို့သည် အကျွန်ုပ်၏သန္တာန်၌ ရှိပါကုန်၏။ အကျွန်ုပ်သည်လည်း ထို ၆-ပါးကုန်သော ဝိဇ္ဇာအဖို့ရှိကုန်သော တရားတို့၌ ထင်မြင်ပါကုန်၏။ စင်စစ်အားဖြင့်ကား 'အကျွန်ုပ် စုတေမနေ သေလွန်သဖြင့် အဘဖြစ်သော ဇောတိကသူကြွယ်သည် ပင်ပန်းခြင်းသို့ မရောက်ပါစေလင့်'-ဟု အကျွန်ုပ်၏စိတ်အကြံသည် ဖြစ်ပါသည်ဘုရား"ဟု နားတော်လျှောက်လေ၏။ ထိုအခါ အဘဖြစ်သော ဇောတိကသူကြွယ်သည်–

**မာ တွံ တာတ ဒီဃာဝု ဧဝံ မနသာကာသိ၊ ဣဃ် တွံ တာတ ဒီဃာဝု ယဒေဝ တေ ဘဂဝါ အာဟ၊ တဒေဝ တွံ သာဓုကံ မနသိကရောဟိ။ —**

ဟူသော ပါဌ်ဖြင့် "ချစ်သားဒီဃာဝု၊ သင်သည် ဤသို့ နှလုံးသွင်းခြင်းကို မပြုလင့်။ သင့်အား မြတ်စွာဘုရားသည် ဤသို့သော အခြင်းအရာရှိသော တရားစကားကို ဟောတော်မူ၏။ ထိုသို့သော အခြင်းအရာရှိသော တရားစကားကိုသာလျှင် ကောင်းစွာ နှလုံးသွင်းခြင်းကို ပြုဘိလော့"ဟု တိုက်တွန်းလေ၏။ ထိုအခါ သဗ္ဗညုဘုရားသခင်သည်လည်း ဤသို့ ဆိုအပ်ခဲ့ပြီးသော တရားဒေသနာအစဉ်ဖြင့် ဆုံးမသြဝါဒပေး၍ နေရာမှ ထ၍ ကြွတော်မူလေ၏။ ကြွတော်မူ၍ မကြာမြင့်မီလျှင် ဒီဃာဝုသီတင်းသည်သည် စုတေမနေ သေလွန်လေ၏။

ထိုအခါ များစွာကုန်သော ရဟန်းတို့သည်လည်း ဘုရားသခင်၏ အထံတော်သို့ ချဉ်းကပ်လေကုန်၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေကုန်ပြီးသော် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဒီဃာဝုအမည်ရှိသော သီတင်းသည်သည် အကျဉ်းအားဖြင့် ဘုရားသခင် ဆုံးမတော်မူခြင်းဖြင့် ဆုံးမပြီး၍ စုတေမနေ သေခြင်းသို့ ရောက်၏။ ထိုဒီဃာဝုသီတင်းသည်၏ လားရာဂတိကား အဘယ်နည်း။ လဲလျောင်းရာ ဘဝဂတိကား အဘယ်နည်း"ဟု နားတော်လျှောက်ကုန်၏။

ထိုအခါ သဗ္ဗညု ဘုရားသခင်သည် "ပဏ္ဍိတော ဘိက္ခဝေ ဒီဃာဝု ဥပါသကော အဟောသိ *(ပစ္စပါဒိ)*"အစရှိသည်ဖြင့် "ငါ၏ချစ်သားတို့၊ ဒီဃာဝုသီတင်းသည်သည် ပညာနှင့် ပြည့်စုံသည်ဖြစ်၏။ လောကုတ္တရာတရားအား လျော်သောအကျင့်ကို ကျင့်လေ့ရှိ၏။

လောကုတ္တရာတရားအား လျော်သော အကျင့်ကို ဖျက်ဆီးလေ့မရှိ။ လောကုတ္တရာတရား၏ တည်ရာဖြစ်သော အကြောင်းတရားတို့ကို ဖျက်ဆီးလေ့ မရှိ။ ငါ၏ချစ်သားတို့၊ ဒီဃာဝု သီတင်းသည်သည် ကာမဘုံသို့ လားကြောင်းဖြစ်သော အောက်အဖို့ရှိကုန်သော သံယောဇဉ် ၅-ပါးတို့၏ ကုန်ခြင်းကြောင့် သုဒ္ဓါဝါသဘုံ၌ ဥပပတ်ပဋိသန္ဓေနေသောအားဖြင့် ဖြစ်၏။ ထိုသုဒ္ဓါဝါသဘုံ၌ ပရိနိဗ္ဗာန်ပြုလတ္တံ့။ ထိုသုဒ္ဓါဝါသဘုံမှ ကာမဘုံသို့ တဖန် ပြည်လည်ခြင်း သဘော မရှိ"ဟု ဟောတော်မူသည်။ ထို့ကြောင့် ယခုအခါ ပညာရှိသူတော်ကောင်းအပေါင်း တို့သည် မအိုမီ, မနာမီ, မသေမီကာလတို့၌—

- ဘုရားဂုဏ်ကို ကြည်ညိုခြင်း၊
- တရားဂုဏ်ကို ကြည်ညိုခြင်း၊
- သံဃာ့ဂုဏ်ကို ကြည်ညိုခြင်း၊
- အရိယာတို့သည် နှစ်သက်အပ်သော မကျိုး,မပေါက်, မပြောက်,မကျားသော သီလကို ဆောက်တည်၍ ကျင့်ခြင်း၊

ဤ ၄-ပါးသော အကြောင်းတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ကုန်၍—

- အလုံးစုံသော သင်္ခါရတရားတို့၌ အနိစ္စ-ဟု အဖန်တလဲလဲ ရှုခြင်း၊
- အနိစ္စဖြစ်သော အလုံးစုံသော သင်္ခါရတရား အပေါင်းတို့၌ ဒုက္ခ-ဟု အဖန်တလဲလဲ ရှုခြင်း၊
- ဒုက္ခဖြစ်သော အလုံးစုံသော သင်္ခါရတရားအပေါင်းတို့၌ အနတ္တ-ဟု အဖန်တလဲလဲ ရှုခြင်း,မှတ်ခြင်း၊
- အလုံးစုံသော သင်္ခါရတရားတို့၌ တပ်စွန်းတတ်သော တဏှာ, လောဘ, ရာဂကို ပယ်အပ်၏-ဟု အဖန်တလဲလဲ ရှုခြင်း, မှတ်ခြင်း၊
- ရာဂကင်းရာ နိဗ္ဗာန်ကို အဖန်တလဲလဲ ရှုခြင်း, မှတ်ခြင်း၊
- ရာဂ၏ချုပ်ရာ နိဗ္ဗာန်ကို အဖန်တလဲလဲ ရှုခြင်း, မှတ်ခြင်း၊

ဤ ၆-ပါးသော ဝိဇ္ဇာအဖို့ရှိကုန်သော တရားတို့ကို ပွါးများကုန်ရာသည်။

ဤသို့လျှင် ၄-ပါးသော အကြောင်းတရားတို့နှင့်တကွ ၆-ပါးသော ဝိဇ္ဇာအဖို့ရှိကုန် သော တရားတို့ကို ပွါးများ၍ ပြည့်စုံစေခြင်းသည် ဧကန်စင်စစ် မဂ်ဉာဏ်,ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း၏အကြောင်း ဖြစ်၏။ မဂ်ဉာဏ်,ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို အကြင်မျှလောက်သော ကာလပတ်လုံး မျက်မှောက်မပြုရသေး၊ ထိုမျှလောက်သော ကာလ

ပတ်လုံး အပါယ် ၄-ပါးသို့ လားခြင်းမှ ကင်း၍ နတ်ရွာသုဂတိဘဝကို ရခြင်း၏အကြောင်း ဖြစ်၏-ဟု ဝမ်းမြောက်ဝမ်းသာ သဒ္ဓါကြည်လင် ရွှင်လန်းသောစိတ်ဖြစ်စေ၍ ပြည့်စုံအောင် အားထုတ်ကုန်ရာသည်။ ဤသည်ကား သုတ္တန်တည်း။ (မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ ဒီဃာဝုဥပါ-သကသုတ်။နှာ-၂၉၉-၃၀၁)

★★★★★★★

## [ ၂၂ ] နန္ဒိယသာကီဝင်မင်းသားဝတ္ထုတရား

အနုတ္တရ ဓမ္မရာဇာ သမ္မာသမ္ဗုဒ္ဓအစစ် ၃၁-ဘုံတွင် တစ်စုံတစ်ယောက်သော နတ်, လူတို့နှင့် နှိုင်းယှဉ်စရာ ဥပမာမရ မြတ်တော်မူသော မြတ်စွာဘုရားသခင်သည် တရံရောအခါ ကပိလဝတ်ပြည်ကြီးကို ဆွမ်းခံရွာ အမှီပြု၍ နိဂြောဓာရုံကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ ဘုရားသခင်သည် သာဝတ္ထိပြည်၌ ဝါသို့ ကပ်ခြင်းကို အလိုရှိသည် ဖြစ်၏။ **နန္ဒိယအမည်ရှိသော သာကီဝင်မင်းသည်လည်း** "ဘုရားသခင်သည် သာဝတ္ထိပြည်၌ ဝါသို့ ကပ်တော်မူလတ္တံ့"ဟု ကြား၍ ဤသို့သော အကြံသည် ဖြစ်၏။ အဘယ်သို့ အကြံဖြစ်သနည်းဟူမူကား "ငါသည် သာဝတ္ထိပြည်၌ မိုးလပတ်လုံးနေရမူကား ထိုသာဝတ္ထိပြည်၌ ပြုအပ်သော အမှုကိစ္စကို ငါသာ တည်အပ်,ပြုအပ်သည်လည်း ဖြစ်ရာ၏။ ဘုရားသခင်ကိုလည်း ရံခါရံခါ ဖူးမြင်ခြင်းငှာ ရသည်ဖြစ်ရာ၏" ဤသို့သောအကြံသည် ဖြစ်၏။

ထိုအခါ ဘုရားသခင်သည်လည်း သာဝတ္ထိပြည်၌ ဝါသို့ ကပ်တော်မူ၏။ နန္ဒိယမည်သော သာကီဝင်မင်းသည်လည်း သာဝတ္ထိပြည်၌ မိုးလနေခြင်းကို ပြု၍ ပြုအပ်သော အမှုကိစ္စကို ဆောက်တည်၍ ပြုလေ၏။ ဘုရားသခင်ကိုလည်း ရံခါရံခါ ဖူးမြင်ခြင်းကို ရလေ၏။ ထိုအခါ များစွာကုန်သော ရဟန်းတို့သည် "မြတ်စွာဘုရားသည် သင်္ကန်း၏ ချုပ်ခြင်း, ဆိုးခြင်းကိစ္စပြီးပြီးသော် ဝါတွင်း ၃-လလွန်သဖြင့် ဒေသစာရီ ကြွတော်မူလတ္တံ့" ဟု နှလုံးပြု၍ မြတ်စွာဘုရား၏ သင်္ကန်းကို ချုပ်ခြင်း, ဆိုးခြင်းအမှုကို ပြုကုန်၏။ နန္ဒိယမည်သော သာကီဝင်မင်းသည် ထိုအကြောင်းကို သိ၍ ဘုရားသခင်ထံတော်သို့ ချဉ်းကပ်လေ၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေပြီးသော် ၅-ပါးသော ရှိခိုးခြင်းတို့ဖြင့် ရှိခိုး၍ "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ သင်္ကန်း၏ ချုပ်ခြင်းကိစ္စ ပြီးလသော် 'မြတ်စွာဘုရားသည် 'ဝါတွင်း ၃-လလွန်သဖြင့် ဒေသစာရီ ကြွတော်မူလတ္တံ့'-ဟု နှလုံးပြု၍ 'များစွာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရား၏ သင်္ကန်းတော်ကို ချုပ်ခြင်း, ဆိုးခြင်းအမှုကို ပြုကုန်၏'-ဟု ကြားပါကုန်သည်ဘုရား"ဟု လျှောက်ထားပြီး၍ –

**တေသံ နော ဘန္တေ နာနာဝိဟာရေဟိ ဝိဟရတံ ကေန ဝိဟာရေန ဝိဟာတဗ္ဗံ။–**

ဟူသော ပါဠိဖြင့် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ အထူးထူးသော နေခြင်းဖြင့် နေလေ့ရှိကုန်သော အကျွန်ုပ်တို့အား အဘယ်သို့သော နေခြင်းဖြင့် နေအပ်သနည်း"ဟု နားတော်လျှောက်၏။ ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် အလွန်ဝမ်းမြောက်တော်မူသည်ဖြစ်၍–

**သာဓု သာဓု နန္ဒိယ၊ ဧတံ ခေါ နန္ဒိယ တုမှာကံ ပတိရူပံ ကုလပုတ္တာနံ၊ ယံ တုမှေ တထာဂတံ ဥပသင်္ကမိတွာ ပုစ္ဆေယျာထ "တေသံ နော ဘန္တေ နာနာဝိဟာရေဟိ ဝိဟရတံ ကေန ဝိဟာရေန ဝိဟာတဗ္ဗ"န္တိ။ –ဟူ၍ ကောင်းချီးပေးတော်မူ၏။**

နန္ဒိယ၊ နန္ဒိယ။ သာဓု သာဓု၊ ကောင်း၏ ကောင်း၏။ နန္ဒိယ၊ နန္ဒိယ။ တုမှေ၊ သင်တို့သည်။ တထာဂတံ၊ မြတ်စွာဘုရားသို့။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ ဘန္တေ၊ မြတ်စွာဘုရား။ နာနာဝိဟာရေဟိ၊ အထူးထူးသောဝိဟာရတို့ဖြင့်။ ဝိဟရတံ ဝိဟရန္တာနံ၊ နေလေ့ရှိကုန်သော။ တေသံ နော၊ ထိုအကျွန်ုပ်တို့အား။ ကေန ဝိဟာရေန၊ အဘယ်မည်သော ဝိဟာရဖြင့်။ ဝိဟာတဗ္ဗံ၊ နေအပ်သနည်း။ ဣတိ၊ ဤသို့။ ယံ ဝစနံ၊ အကြောင်စကားကို။ ပုစ္ဆေယျာထ၊ မေးကုန်၏။ နန္ဒိယ၊ နန္ဒိယ။ ကုလပုတ္တာနံ၊ အမျိုးကောင်းသားဖြစ်ကုန်သော။ တုမှာကံ၊ သင်တို့အား။ ဧတံ ခေါ၊ ဤသို့ ငါဘုရားသို့ ကပ်၍ မေးခြင်းသည်လျှင်။ ပတိရူပံ၊ လျောက်ပတ်၏။ ဤသို့ မိန့်တော်မူပြီးမှ–

**သဒ္ဓေါ *(သဒ္ဓေါ)* တေ *(ခေါ)* နန္ဒိယ အာရာဓကော ဟောတိ၊ နော အဿဒ္ဓေါ။ သီလဝါ အာရာဓကော ဟောတိ၊ နော ဒုဿီလော။ အာရဒ္ဓဝီရိယော အာရာဓကော ဟော တိ၊ နော ကုသီတော။ ဥပဋ္ဌိတဿတိ အာရာဓကော ဟောတိ၊ နော မုဋ္ဌဿတိ။ သမာဟိတော အာရာဓကော ဟောတိ၊ နော အသမာဟိတော။ ပညဝါ အာရာဓကော ဟောတိ၊ နော ဒုပ္ပညော။ –**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

နန္ဒိယ၊ နန္ဒိယ။ သဒ္ဓေါ၊ သဒ္ဓါတရားသည်။ တေ၊ သင့်အား။ အာရာဓကော၊ နှစ်သက်ခြင်းကို ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။ အဿဒ္ဓေါ၊ ရတနာ ၃-ပါးတို့၏ ဂုဏ်၌ မယုံကြည်ခြင်း ဝိစိကိစ္ဆာ-ဟူသော အဿဒ္ဓါသည်။ အာရာဓကော၊ နှစ်သက်ခြင်းကို ဖြစ်စေတတ်သည်။ နော ဟောတိ၊ မဖြစ်။

သီလဝါ၊ သီလနှင့် ပြည့်စုံခြင်းသည်။ တေ၊ သင့်အား။ အာရာဓကော၊ နှစ်သက်ခြင်းကို ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။ ဒုဿီလော၊ သီလနှင့် မပြည့်စုံခြင်းသည်။

အာရာမကော၊ နှစ်သက်ခြင်းကို ဖြစ်စေတတ်သည်။ နော ဟောတိ၊ မဖြစ်။ အာရဒ္ဓဝီရိယော၊ အားထုတ်ခြင်း-ဟူသော ဝီရိယသည်။ အာရာမကော၊ နှစ်သက်ခြင်းကို ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။ ကုသီတော၊ ပျင်းရိခြင်းသည်။ အာရာမကော၊ နှစ်သက်ခြင်းကို ဖြစ်စေတတ်သည်။ နော ဟောတိ၊ မဖြစ်။

ဥပဋ္ဌိတဿတိ၊ အလွန်ထင်သော သတိသည်။ အာရာမကော၊ နှစ်သက်ခြင်းကို ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။ မုဋ္ဌဿတိ၊ လွတ်ကင်းသော သတိသည်။ အာရာမကော၊ နှစ်သက်ခြင်းကို ဖြစ်စေတတ်သည်။ နော ဟောတိ၊ မဖြစ်။ သမာဟိတော၊ စိတ်၏ တည်ကြည်ခြင်း သမာဓိသည်။ အာရာမကော၊ နှစ်သက်ခြင်းကို ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။ အသမာဟိတော၊ စိတ်၏ မတည်ကြည်ခြင်းသည်။ အာရာမကော၊ နှစ်သက်ခြင်းကို ဖြစ်စေတတ်သည်။ နော ဟောတိ၊ မဖြစ်။ ပညဝါ၊ ပညာနှင့် ပြည့်စုံခြင်းသည်။ အာရာမကော၊ နှစ်သက်ခြင်းကို ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။ ဒုပ္ပညော၊ ပညာ၏ ကင်းခြင်းသည်။ အာရာမကော၊ နှစ်သက်ခြင်းကို ဖြစ်စေတတ်သည်။ နော ဟောတိ၊ မဖြစ်။

ထိုဒေသနာတော်မြတ်ပါဠ်ဝယ် အဓိပ္ပါယ်သော်ကား နန္ဒိယအမည်ရှိသော သာကီဝင်မင်း၊-

၁။ ကံကိုလည်းကောင်း၊ ကံ၏အကျိုးကိုလည်းကောင်း၊ ပစ္စုပ္ပန်လောက, တမလွန်လောကကိုလည်းကောင်း၊ ရတနာ ၃-ပါးတို့၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း ယုံကြည်ခြင်း သဒ္ဓါတရားလည်း ၁-ပါး၊

၂။ ပဉ္စင်္ဂသီလ, ဒသင်္ဂသီလ, အဋ္ဌင်္ဂသီလ၏ ပြည့်စုံခြင်းလည်း ၁-ပါး၊

၃။ ကုသိုလ်ကောင်းမှုတို့၌ မဆုတ်မနစ် အားထုတ်ခြင်း ဝီရိယလည်း ၁-ပါး၊

၄။ အထူးထူးသော အာရုံတို့၌ အလွန်ထင်သော သတိလည်း ၁-ပါး၊

၅။ တစ်ခုတည်းသော အာရုံ၌ စိတ်၏တည်ကြည်ခြင်း, ငြိမ်သက်ခြင်းကို ဖြစ်စေတတ်သော သမာဓိလည်း ၁-ပါး၊

၆။ အပြားအားဖြင့် သိတတ်သော ပညာနှင့် ပြည့်စုံခြင်းလည်း ၁-ပါး၊

ဤ ၆-ပါးသော တရားတို့သည် သင့်အား စိတ်၏နှစ်သက်ခြင်းကို ဖြစ်စေတတ်ကုန်၏။ ထို ၆-ပါးသော နေခြင်းဖြင့် နေအပ်၏။

၁။ ကံကိုလည်းကောင်း၊ ကံ၏အကျိုးကိုလည်းကောင်း၊ ပစ္စုပ္ပန်လောက, တမလွန်လောကကိုလည်းကောင်း၊ ရတနာ ၃-ပါးတို့၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း မယုံကြည်ခြင်း ဝိစိကိစ္ဆာ-ဟူသော အဿဒ္ဓိယ ၁-ပါး၊

၂။ ပဉ္စင်္ဂသီလ, ဒသင်္ဂသီလ, အဋ္ဌင်္ဂသီလတို့မှ ကင်းသော ဒုဿီလအဖြစ်လည်း ၁-ပါး၊

၃။ ကုသိုလ်တရားတို့၌ အားထုတ်ခြင်း မရှိ, ပျင်းရိသည်လည်း ၁-ပါး၊

၄။ အထူးထူးသော အာရုံတို့၌ မေ့လျော့သည်ဖြစ်၍ ကာမဂုဏ်ဒုစရိုက်တို့၌ စိတ်ကို လွှတ်သည်၏ အဖြစ်-ဟု ဆိုအပ်သော မုဋ္ဌဿတိလည်း ၁-ပါး၊

၅။ အထူးထူးသော အာရုံတို့၌ စိတ်၏ပျံ့လွင့်ခြင်းကို ဖြစ်စေတတ်သော ဥဒ္ဓစ္စ-ဟု ဆိုအပ်သော အသမာဟိတလည်း ၁-ပါး၊

၆။ အပြားအားဖြင့် မသိတတ်သော အဝိဇ္ဇာပြဋ္ဌာန်းသော အကုသိုလ် နာမက္ခန္ဓာ-ဟု ဆိုအပ်သော ဒုပ္ပညလည်း ၁-ပါး၊

ဤ ၆-ပါးကုန်သော တရားတို့သည် သင့်အား စိတ်၏နှစ်သက်ခြင်းကို မဖြစ်စေတတ်ကုန်။ မမှီဝဲအပ်သည်ဖြစ်၍ ကြဉ်အပ်သောတရား မည်ကုန်၏”ဟု ဟောတော်မူသည်။

ထို့နောင်မှ “ ၆-ပါးကုန်သော တရားတို့၌ တည်၍ ၅-ပါးကုန်သော တရားတို့ကို အာရုံပြု၍ ကိုယ်တွင်း၌ သတိတရားကို ဖြစ်စေအပ်ကုန်၏”ဟု ပြတော်မူလိုသည်ဖြစ်၍-

**ဣမေသု ခေါ တေ နန္ဒိယ ဆသု ဓမ္မေသု ပတိဋ္ဌာယ ပဉ္စသု ဓမ္မေသု အဇ္ဈတ္တံ သတိ ဥပဋ္ဌာပေတဗ္ဗာ။** –

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

နန္ဒိယ၊ နန္ဒိယ။ တေ တယာ၊ သင်သည်။ ဣမေသု ဆသု ဓမ္မေသု၊ ဤ ၆-ပါးသောတရားတို့၌။ ပတိဋ္ဌာယ၊ တည်၍။ ပဉ္စသု ဓမ္မေသု၊ ၅-ပါးသော တရားတို့၌။ အာရဗ္ဘ၊ အာရုံပြု၍။ သတိ၊ သတိကို။ ဥပဋ္ဌာပေတဗ္ဗာ၊ ဖြစ်စေအပ်၏။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား “နန္ဒိယအမည်ရှိသော သာကီဝင်မင်း၊ သင်သည် ဆိုအပ်ခဲ့ပြီးသော ၆-ပါးသောတရားတို့၌ တည်လျက် ၅-ပါးသော တရားတို့၌ အာရုံပြု၍ သတိတရားကို ဖြစ်စေ၍ အဖန်တလဲလဲ မှီဝဲအပ်ကုန်၏။

အဘယ် ၅-ပါးသော တရားတို့၌ အာရုံပြု၍ ကိုယ်တွင်း၌ သတိတရားကို ဖြစ်စေ၍ အဖန်တလဲလဲ မှီဝဲအပ်သနည်းဟူမူကား–

'သဗ္ဗညုဘုရားသခင်သည်–

- အရဟံ-ဟူသော ဂုဏ်နှင့် ပြည့်စုံတော်မူ၏။
- သမ္မာသမ္ဗုဒ္ဓ-ဟူသော ဂုဏ်နှင့် ပြည့်စုံတော်မူ၏။

- ဝိဇ္ဇာစရဏသမ္ပန္န-ဟူသော ဂုဏ်နှင့် ပြည့်စုံတော်မူ၏။
- သုဂတ-ဟူသော ဂုဏ်နှင့် ပြည့်စုံတော်မူ၏။
- လောကဝိဒူ-ဟူသော ဂုဏ်နှင့် ပြည့်စုံတော်မူ၏။
- အနုတ္တရော ပုရိသဒမ္မသာရထိ-ဟူသော ဂုဏ်နှင့် ပြည့်စုံတော်မူ၏။
- သတ္ထာ ဒေဝမနုဿာနံ-ဟူသောဂုဏ်နှင့် ပြည့်စုံတော်မူ၏။
- ဗုဒ္ဓေါ-ဟူသော ဂုဏ်နှင့် ပြည့်စုံတော်မူ၏။
- ဘဂဝါ-ဟူသော ဂုဏ်နှင့် ပြည့်စုံတော်မူ၏။'

ဤသို့လျှင် နန္ဒိယ၊ သင်သည် ၉-ပါးသောဂုဏ်နှင့် ပြည့်စုံတော်မူသော ငါဘုရားကို အာရုံပြု၍ မိမိ၏ အဇ္ဈတ္တသန္တာန်၌ သတိတရားကို အဖန်တလဲလဲ ဖြစ်စေ၍ မှီဝဲအပ်၏။ 'ဘုရားသခင်သည် ဟောတော်မူအပ်သော— ၁၀-ပါးသော တရားတော်မြတ်သည်—

- သွာက္ခာတ-ဟူသော ဂုဏ်နှင့် ပြည့်စုံတော်မူ၏။
- သန္ဒိဋ္ဌိက-ဟူသော ဂုဏ်နှင့် ပြည့်စုံတော်မူ၏။
- အကာလိက-ဟူသော ဂုဏ်နှင့် ပြည့်စုံတော်မူ၏။
- ဧဟိပဿိက-ဟူသော ဂုဏ်နှင့် ပြည့်စုံတော်မူ၏။
- ဩပနေယျိက-ဟူသော ဂုဏ်နှင့် ပြည့်စုံတော်မူ၏။
- ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ-ဟူသော ဂုဏ်နှင့် ပြည့်စုံတော်မူ၏။'

ဤသို့လျှင် နန္ဒိယ၊ သင်သည် ၆-ပါးသောဂုဏ်နှင့် ပြည့်စုံတော်မူသော တရားကို အာရုံပြု၍ မိမိကိုယ်တွင်း၌ သတိကို အဖန်တလဲလဲ ဖြစ်စေ၍ မှီဝဲအပ်၏။

'ငါ့အား အကြင်ကောင်းသော အဆွေခင်ပွန်းတို့သည် အစဉ်စောင့်ရှောက် သနားပေတတ်ကုန်၏။ အကျိုးစီးပွါးကို အလိုရှိပေတတ်ကုန်၏။ အဖန်တလဲလဲ ဆုံးမပေတတ်ကုန်၏။ ထိုသို့သဘောရှိသော အဆွေခင်ပွန်းကောင်းတို့ကို ရပေကုန်၏တကား။ ငါ၏ အဆွေခင်ပွန်းကောင်းကို ရခြင်းသည် ကောင်းသောရခြင်းပေတကား'-ဟု ကလျာဏမိတ္တတို့ကို အောက်မေ့ရာ၏။ ဤသို့လျှင် နန္ဒိယ၊ သင်သည် ကလျာဏမိတ္တတို့ကို အာရုံပြု၍ မိမိကိုယ်တွင်း၌ သတိကို အဖန်တလဲလဲ ဖြစ်စေ၍ မှီဝဲအပ်၏။

'အကြင်ငါသည် မစ္ဆေရတည်းဟူသော အညစ်အကြေးဖြင့် နှိပ်စက်ဖျက်ဆီး ထိုးကျင့်အပ်သော သတ္တဝါအပေါင်း၌ ကင်းသော မစ္ဆေရရှိသော စိတ်ဖြင့် နေရပေ၏။ လွတ်လွတ်စွန့်ကြဲခြင်း ရှိ၏။ ဖြန့်သောလက် ရှိ၏။ ပစ္စည်းတို့ကို စွန့်လွှတ်ခြင်း၌ မွေ့လျော်

သော စိတ်ရှိ၏။ ဖုန်းတောင်းယာစကာတို့နှင့် စပ်သော စိတ်ရှိ၏။ ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်း၌ မွေ့လျော်သော စိတ်ရှိ၏။ ငါ့အား အရတော်ပေစွတကား၊ ငါ့အား ကောင်းသောရခြင်းဖြင့် ရပေစွတကား'-ဟု မိမိ၏စာဂဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ရာ၏။ ဤသို့လျှင် နန္ဒိယ၊ သင်သည် စာဂဂုဏ်ကို အာရုံပြု၍ မိမိကိုယ်တွင်း၌ သတိတရားကို အဖန်တလဲလဲ ဖြစ်စေ၍ မှီဝဲအပ်၏။

နန္ဒိယအမည်ရှိသော သာကီဝင်မင်း၊ ကာမာဝစရနတ်ပြည် ၆-ထပ်၌ ဖြစ်ကုန်သော နတ်တို့သည် နတ်တို့၏အဖြစ်သို့ ရောက်ကုန်၏။ ထိုနတ်တို့ထက် လွန်သော ဗြဟ္မာတို့သည်လည်း ဗြဟ္မာအဖြစ်သို့ ရောက်ကုန်၏။ ထိုဗြဟ္မာတို့တွင်လည်း မိမိပြုအပ်သော မဂ်ကိစ္စကို ပြု၍ အရိယာ၏အဖြစ်သို့ ရောက်ကုန်သော ဗြဟ္မာတို့သည်လည်း ရှိကုန်၏။ 'ထိုအလုံးစုံသော နတ်, ပုထုဇဉ်ဗြဟ္မာ, အရိယာဗြဟ္မာတို့၏ ဂုဏ်နှင့်တူသော သဒ္ဓါ-အစရှိသော ဂုဏ်သည် ငါ၌ ရှိ၏'-ဟု မိမိ၏သဒ္ဓါ-အစရှိသော ဂုဏ်ကို အာရုံပြု၍ ကိုယ်တွင်း၌ သတိကို ဖြစ်စေ၍ မှီဝဲအပ်၏။

နန္ဒိယအမည်ရှိသော သာကီဝင်မင်း၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော ၁၁-ပါးသော တရားတို့နှင့် ပြည့်စုံသော အရိယာသာဝကသည် အလုံးစုံသော ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို စွန့်ရကုန်၏။ တဖန် မစွဲလမ်းရပြီ။ လောက၌ ဥပမာမည်သည်ကား ရေဖြင့်ပြည့်သော အိုးကို အောက်သို့ မျက်နှာပြု၍ မှောက်သည်ရှိသော် ၁-ပေါက်, ၁-စက်မျှ မကျန်၊ အကြွင်းမဲ့ အကုန်အန်သကဲ့သို့လည်းကောင်း, အလုံးစုံ ခြောက်လေပြီးသော မြက်တောကို မီးလောင်သည်ရှိသော် တစ်စုံတစ်ခုမျှမကျန် အကြွင်းမဲ့ အကုန်အစင် လောင်ဘိသကဲ့သို့လည်းကောင်း ထို့အတူ နန္ဒိယအမည်ရှိသော သာကီဝင်မင်း၊ ဤ ၁၁-ပါးသော တရားတို့နှင့် ပြည့်စုံသော အရိယာသာဝကသည် မိမိသန္တာန်၌ဖြစ်သော အလုံးစုံသော အကုသိုလ်တရားတို့ကို အကြွင်းမဲ့ စွန့်ရလေ၏"ဟု ဟောတော်မူသည်။

တရားဒေသနာတော်၏အဆုံး၌ နန္ဒိယအမည်ရှိသော သာကီဝင်မင်းသည် ၁၁-ပါးသော ကိုးကွယ်မှီခိုရာ ဝိဟာရတရားကို ရ၍ အလွန်လျှင် နှစ်သက်ဝမ်းမြောက်ခြင်းသို့ ရောက်လေ၏။

ထို့ကြောင့် ယခုအခါ အကြင်ပညာရှိ သူတော်ကောင်းအပေါင်းတို့သည် မိမိတို့၏ ပစ္စုပ္ပန်,တမလွန်၊ လောကီ,လောကုတ္တရာ၊ လူ,နတ်,နိဗ္ဗာန် ၃-တန်သော ချမ်းသာကို အလိုရှိကုန်သည်ဖြစ်အံ့။ ဆိုအပ်ခဲ့ပြီးသော ၁၁-ပါးသော ကိုးကွယ်မှီခိုရာ ဝိဟာရတရားတို့နှင့် အခါမပြတ် ပြည့်စုံအောင် အားထုတ်ကုန်ရာသည်။ ဤသည်ကား သုတ္တန်တည်း။ (ကောဒသင်္ဂုတ္တိုရ်ပါဠိတော်၊ နှာ-၅၃၅-၈)

★ ★ ★ ★ ★ ★ ★

## [ ၂၃ ] ကာဠပက္ခနှင့် သုက္ကပက္ခတရား

အလုံးစုံသော ဉေယျဓမ္မတရားတို့ကို အကြွင်းမရှိ သိမြင်တော်မူပြီးသော မြတ်စွာဘုရားသည် တရံရောအခါ များစွာသော ရဟန်းအပေါင်းတို့ဖြင့် ခြံရံလျက် ကောသလတိုင်း၌ ဒေသစာရီ ကြွသွားတော်မူသည်ရှိသော် ကောသလတိုင်းသားတို့၏ နဠကပါနအမည်ရှိသော နိဂုံးသည် ရှိ၏။ ထိုနိဂုံးသို့ ရောက်၍ ပေါက်ပင်အစဉ်တို့ဖြင့် ရောက်သော တောအုပ်၌ သီတင်းသုံးနေတော်မူသည်။

ထိုသို့ နေတော်မူသောအခါ ဥပုသ်နေ့၌ ဘုရားသခင်အထံတော်သို့ စည်းဝေးလာကုန်သော ရဟန်းတို့အား များစွာသော ညဥ့်ပတ်လုံး တရားစကားဖြင့် ဟောကြားတော်မူပြီး၍ ငြိမ်သက်စွာ ဆိတ်ဆိတ်နေသော ရဟန်းအပေါင်းတို့ကို အစဉ်လှည့်၍ ကြည့်တော်မူပြီး၍ အရှင်သာရိပုတြာကို ခေါ်တော်မူပြီးသော် "ငါ၏ချစ်သား သာရိပုတြာ၊ ရဟန်းတို့အား တရားဟောဘိလော့။ ငါဘုရားသည် ညောင်းညာသော ကျောက်ကုန်းရှိ၍ ထိုကျောက်ကုန်းညောင်းညာသည်ကို ဆန့်ဦးအံ့"ဟု မိန့်တော်မူပြီး၍ ၄-ခေါက်ချိုးအပ်သော ဒုကုဋ်တော်ကိုခင်းပြီး၍ ခြေတော် ၁-ဖက်၌ ခြေတော် ၁-ဖက် အရိုးချင်းလွဲအောင် တင်၍ "သတိပညာနှင့်ပြည့်စုံစွာ ထားအံ့"ဟူသော အမှတ်သညာကို ဖြစ်စေ၍ လက်ယာနံတောင်းဖြင့် လဲလျောင်းတော်မူ၍ မြတ်သော ကျိန်းအိပ်ခြင်းဖြင့် ကျိန်းအိပ်တော်မူလေ၏။ ထိုအခါ အရှင်သာရိ-ပုတြာသည်—

**ယဿ ကဿစိ အာဝုသော သဒ္ဓါ နတ္ထိ ကုသလေသု ဓမ္မေသု၊ ဟိရီ နတ္ထိ၊ ဩတ္တပ္ပံ နတ္ထိ၊ ဝီရိယံ နတ္ထိ၊ ပညာ နတ္ထိ ကုသလေသု ဓမ္မေသု၊ တဿ ယာ ရတ္တိ ဝါ ဒိဝသော ဝါ အာဂစ္ဆတိ၊ ဟာနိယေဝ ပါဋိကင်္ခါ ကုသလေသု ဓမ္မေသု၊ နော ဝုဒ္ဓိ။** —

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

အာဝုသော၊ ငါ့ရှင်တို့။ ယဿ ကဿစိ၊ အမှတ်မရှိ တစ်စုံတစ်ယောက်သောသူအား။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ သဒ္ဓါ၊ ယုံကြည်ခြင်း သဒ္ဓါသည်။ နတ္ထိ၊ မရှိ။ ဟိရီ၊ မကောင်းမှုမှ ရှက်ခြင်း ဟိရီသည်။ နတ္ထိ၊ မရှိ။ ဩတ္တပ္ပံ၊ မကောင်းမှုမှ လန့်ခြင်း ဩတ္တပ္ပသည်။ နတ္ထိ၊ မရှိ။ ဝီရိယံ၊ အားထုတ်ခြင်း ဝီရိယသည်။ နတ္ထိ၊ မရှိ။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ ပညာ၊ အပြားအားဖြင့် သိသော ပညာသည်။ နတ္ထိ၊ မရှိ။ တဿ၊ ထိုသူအား။ ယာ ရတ္တိ ဝါ၊ အကြင်ညဉ့်သည်လည်းကောင်း။ ယော ဒိဝသော ဝါ၊ အကြင် နေ့သည်လည်းကောင်း။ အာဂစ္ဆတိ၊ လာ၏။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရား

တို့၌။ ဟာနိယေဝ၊ ဆုတ်ယုတ်ခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ လိုအပ်၏။ ဝုဒ္ဓိ၊ ပွါးစီးခြင်းကို။ နော ပါဋိကင်္ခါ၊ မလိုအပ်။

ထိုဒေသနာတော်မြတ်ပါဠ်ဝယ် အဓိပ္ပါယ်သော်ကား "ငါ့ရှင်တို့၊ အကြင်တစ်စုံတစ်ယောက်သောသူအား ကံ, ကံ၏အကျိုးကိုလည်းကောင်း၊ ပစ္စုပ္ပန်လောက, တမလွန်လောကကိုလည်းကောင်း၊ ရတနာ ၃-ပါးတို့၏ဂုဏ်ကျေးဇူးကိုလည်းကောင်း၊ ကုသိုလ်တရားတို့၌လည်းကောင်း ယုံကြည်ခြင်း သဒ္ဓါတရားမရှိ၊ မကောင်းမှုမှ ရှက်တတ်သော ဟိရီတရားမရှိ၊ မကောင်းမှုမှ လန့်တတ်သော ဩတ္တပ္ပတရားမရှိ၊ ကုသိုလ်တရားတို့၌ အားထုတ်ခြင်း လုံ့လဝီရိယမရှိ၊ ကုသိုလ်တရားတို့၌ အပြားအားဖြင့် သိတတ်သော ပညာမရှိ၊ အမျက်ထွက်ခြင်း များ၏။ ရန်ငြိုးဖွဲ့ခြင်း ရှိ၏။ ယုတ်မာသော အလိုရမ္မက် ရှိ၏။

ပူရဏကဿပ, ကေသကမ္ဗလ, ဒေဝဒတ္တ, ယညဒတ္တ, ကောကာလိက-အစရှိသောသူတို့ကဲ့သို့ ယုတ်မာသော အဆွေခင်ပွန်းတို့ကို ဆည်းကပ်လေ့ရှိ၏။ မညီမညွတ်ယွင်းချွတ်ဖောက်ပြန်သော ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိအယူကို ယူလေ့, စွဲလမ်းလေ့ရှိ၏။ ထိုသူအား လဆုတ်ပက္ခကာလ၌ လသည် တစ်နေ့ထက်တစ်နေ့ နေ့တိုင်းနေ့တိုင်း အဆင်းအားဖြင့်လည်းကောင်း, အရောင်အားဖြင့်လည်းကောင်း, လုံးဝန်းမဏ္ဍလ ပမာဏအားဖြင့်လည်းကောင်း ဆုတ်ယုတ်၍ ပျောက်ခြင်း,ကွယ်ခြင်းသို့ ရောက်လေသကဲ့သို့ ထို့အတူ တစ်နေ့ထက်တစ်နေ့ နေ့တိုင်းနေ့တိုင်း ကုသိုလ်တရားတို့မှ ဆုတ်ယုတ်၍ ကင်းခြင်း,ပျောက်ခြင်းသို့ ရောက်လေကုန်၏"ဟု ဟောတော်မူသည်။ ဤသို့လျှင် ကာဋ္ဌပက္ခအားဖြင့် ဟောကြားတော်မူပြီး၍ သုက္ကပက္ခအားဖြင့် ဟောကြားတော်မူလိုသော အရှင်သာရိပုတြာမထေရ်မြတ်သည်-

**ယဿ ကဿစိ အာဝုသော သဒ္ဓါ အတ္ထိ ကုသလေသု ဓမ္မေသု၊ ဟိရီ အတ္ထိ၊ ဩတ္တပ္ပံ အတ္ထိ၊ ဝီရိယံ အတ္ထိ၊ ပညာ အတ္ထိ ကုသလေသု ဓမ္မေသု၊ တဿ ယာ ရတ္တိ ဝါ ဒိဝသော ဝါ အာဂစ္ဆတိ၊ ဝုဒ္ဓိယေဝ ပါဋိကင်္ခါ ကုသလေသု ဓမ္မေသု၊ နော ပရိဟာနိ။** —

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

အာဝုသော၊ ငါ့ရှင်တို့။ ယဿ ကဿစိ၊ အမှတ်မရှိ တစ်စုံတစ်ယောက်သောသူအား။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ သဒ္ဓါ၊ သဒ္ဓါတရားသည်။ အတ္ထိ၊ ရှိ၏။ ဟိရီ၊ ဟိရီတရားသည်။ အတ္ထိ၊ ရှိ၏။ ဩတ္တပ္ပံ၊ ဩတ္တပ္ပတရားသည်။ အတ္ထိ၊ ရှိ၏။ ဝီရိယံ၊ ဝီရိယတရားသည်။ အတ္ထိ၊ ရှိ၏။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ ပညာ၊ ပညာသည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုသူ၏။ ယာ ရတ္တိ ဝါ၊ အကြင်ညဉ့်သည်လည်းကောင်း။ ယော ဒိဝသော ဝါ၊ အကြင်နေ့သည်လည်းကောင်း။ အာဂစ္ဆတိ၊ လာ၏။ ကုသလေသု

ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ ဝုဒ္ဓိယေဝ၊ ပွါးများခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ လိုအပ်၏။ ပရိဟာနိ၊ ဆုတ်ယုတ်ခြင်းကို။ နော ပါဋိကင်္ခါ၊ မလိုအပ်။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "ငါ့ရှင်တို့၊ အကြင်တစ်စုံ တစ်ယောက်သောသူအား ကုသိုလ်တရားတို့၌ ယုံကြည်ခြင်း သဒ္ဓါတရားရှိ၏။ ဟိရီတရား ရှိ၏။ ဩတ္တပ္ပတရား, ဝီရိယတရား, ပညာတရား ရှိ၏။ အမျက်ထွက်ခြင်း မရှိ၊ ရန်ငြိုးဖွဲ့ခြင်း မရှိ၊ ယုတ်မာသော အလိုရမ္မက်မှ ကင်းသည်ဖြစ်၍ အလိုနည်းခြင်း-ဟု ဆိုအပ်သော အပ္ပိစ္ဆတာ ကျေးဇူးနှင့် ပြည့်စုံ၏။ ဘုရား-အစရှိသော ပညာရှိသူတော်ကောင်းတို့ကို အဖန်တလဲလဲ ဆည်းကပ်လေ့ရှိ၏။ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိအယူကို ပယ်ခွါ၍ သမ္မာဒိဋ္ဌိအယူနှင့် ပြည့်စုံ၏။ ထိုပုဂ္ဂိုလ်အား လဆန်းပက္ခကာလ၌ အရှေ့လောကဓာတ်မှ တက်ထွန်းသော လဝန်းသည် တစ်နေ့ထက်တစ်နေ့ နေ့တိုင်းနေ့တိုင်း အဆင်းအားဖြင့်လည်းကောင်း, အရောင်အားဖြင့် လည်းကောင်း, လုံးဝန်းမဏ္ဍလ ပမာဏအားဖြင့်လည်းကောင်း ပြန့်ပွါးကြီးကျယ် တင့်တယ် ခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ ကုသိုလ်တရားတို့၌ တစ်နေ့ထက်တစ်နေ့ နေ့တိုင်းနေ့တိုင်း ပွါးများကြီးကျယ် တင့်တယ်ပြန့်ပြောခြင်းသို့ ရောက်လေ၏"ဟု ဟောတော်မူသည်။

ထို့ကြောင့် ယခုအခါ အကြင်ပညာရှိ သူတော်ကောင်းအပေါင်းတို့သည် လောကီ, လောကုတ္တရာ အကျိုးစီးပွါးတို့မှ ဆုတ်ယုတ်ခြင်းကို ဖြစ်စေတတ်သော အဿဒ္ဓိယ, အဟိရိက, အနောတ္တပ္ပ, ကုသီတ, ဟီနဝီရိယ, ဒုပ္ပည, ကောဓ, ဥပနာဟ, ပါပိစ္ဆ, ပါပမိတ္တတရားတို့မှ ဝေးစွာ ကြဉ်ရှောင်ကုန်၍ ကုသလဓမ္မတို့၌ သဒ္ဓိယ, ဟိရီ, ဩတ္တပ္ပ, ဝီရိယာရမ္ဘ, ပညဝန္တ, အကောဓန, အနုပနာဟ, အပ္ပိစ္ဆတာ, ကလျာဏမိတ္တတာ-တည်းဟူသော လောကီ, လောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းကို သိမ်းရုံးပေးတတ်သော ၁၀-ပါး သော တရားတို့နှင့် ပြည့်စုံအောင် အားထုတ်ကုန်ရာသည်။ ဤသည်ကား သုတ္တန်တည်း။ (ဒသအင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမနဋကပါနသုတ်၊နှာ-၃၅၄။)

★★★★★★★

## [ ၂၄ ] အနာထပိဏ်သူဌေးအား ဟောသောတရား

သစ္စာ ၄-ပါး, ၅-ပါးသော ဥစ္စာယျမဓမ္မတရားတို့ကို အကြွင်းမရှိ ထိုးထွင်း၍ သိမြင် တော်မူသော မြတ်စွာဘုရားသည် တရံရောအခါ သာဝတ္ထိပြည်ကြီးကို ဆွမ်းခံရာအမှီပြု၍

ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ အနာထပိဏ်သူဌေးသည် ဘုရားသခင်အထံတော်သို့ ချဉ်းကပ်၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေပြီးသော် ၅-ပါးသော ရှိခိုးခြင်းတို့ဖြင့် ရှိခိုး၍ နေလေ၏။ ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကို အကြောင်းပြု၍–

**ဒသယိ'မေ ဂဟပတိ ကာမဘောဂီ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ဂဟပတိ၊ သူဌေးကြီး။ ဣမေ ဒသ ကာမဘောဂီ၊ ဤ ၁-ကျိပ်သော ကာမဂုဏ်ကို ခံစားကုန်သော လူတို့သည်။ လောကသ္မိံ၊ လူ့ပြည်၌။ သန္တော သံဝိဇ္ဇမာနာ၊ ထင်ရှားရှိကုန်၏။

ထိုဒေသနာတော်မြတ်ပါဠ်ဝယ် အဓိပ္ပါယ်သော်ကား "အနာထပိဏ်သူဌေးကြီး၊ ကာမဂုဏ်ကို ခံစားကုန်သော ၁-ကျိပ်သော လူတို့သည် ဤလူ့ပြည်၌ ထင်ရှားရှိကုန်၏။

၁-ကျိပ်သော ကာမဂုဏ်ကို ခံစားသော လူတို့-ဟူသည် အဘယ်နည်းဟူမူကား–

အနာထပိဏ်သူဌေးကြီး၊

၁။ ဤလောက၌ အချို့သော ကာမဂုဏ်ကို ခံစားသော လူသည် အနိုင်အထက်ပြု၍ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာမှီး၍ ထိုပစ္စည်းဥစ္စာဖြင့် မိမိချမ်းသာကို ခံစား၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကို မပြု၊ ကုသိုလ်ကောင်းမှုကိုလည်း မပြု။

၂။ သူဌေးကြီး၊ ဤလောက၌ အချို့သော ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက်ပြု၍ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာမှီး၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုကိုကား မပြု။

၃။ သူဌေးကြီး၊ ဤလူ့ပြည်၌ အချို့သော ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက်ပြု၍ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာ၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အားလည်း ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကို ပြု၏။ ကုသိုလ်ကောင်းမှုကိုလည်း ပြု၏။

၄။ သူဌေးကြီး၊ ဤလောက၌ ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက် နှိပ်စက်၍လည်းကောင်း, မနှိပ်စက်မူ၍လည်းကောင်း, တရားသဖြင့်လည်းကောင်း, မတရားသဖြင့်လည်းကောင်း စည်းစိမ်ဥစ္စာတို့ကို ရှာ၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း မပြု။ ကုသိုလ်ကောင်းမှုတို့ကိုလည်း မပြု။

၅။ သူဌေးကြီး၊ ဤလူ့ပြည်၌ ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက် နှိပ်စက်သဖြင့်လည်းကောင်း, အနိုင်အထက် မနှိပ်စက်သဖြင့်လည်းကောင်း, တရားသဖြင့်လည်းကောင်း, မတရားသဖြင့်လည်းကောင်း စည်းစိမ်ဥစ္စာတို့ကို ရှာမှီး၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုကို မပြု။

၆။ သူဌေးကြီး၊ ဤလူ့ပြည်၌ ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက် နှိပ်စက်သဖြင့်လည်းကောင်း, အနိုင်အထက် မနှိပ်စက်သဖြင့်လည်းကောင်း, တရားသဖြင့်လည်းကောင်း, မတရားသဖြင့်လည်းကောင်း စည်းစိမ်ဥစ္စာတို့ကို ရှာမှီး၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုကိုလည်း ပြု၏။

၇။ သူဌေးကြီး၊ ဤလူ့ပြည်၌ အချို့သော ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက် နှိပ်စက်ခြင်းကို မပြု၊ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာ၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကို မပြု။ ကုသိုလ်ကောင်းမှုကို မပြု။

၈။ သူဌေးကြီး၊ ဤလူ့ပြည်၌ အချို့သော ကာမဂုဏ်ကို ခံစားသောသူသည် အနိုင်အထက် နှိပ်စက်ခြင်းကို မပြုမူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာ၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုမူကား ပြု၏။ ကုသိုလ်ကောင်းမှုကို မပြု။

၉။ သူဌေးကြီး၊ ဤလူ့ပြည်၌ အချို့သော ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက် နှိပ်စက်ခြင်းကို မပြုမူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာကို ရှာမှီး၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း

ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုကိုလည်း ပြု၏။ ထိုသူသည် ထိုစည်းစိမ်ဥစ္စာဖြင့် မိန်းမောတွေဝေခြင်းသို့ ရောက်၏။ သူတပါးတို့အား လွှမ်းမိုးခြင်းကိုလည်း ပြု၏။ ထိုစည်းစိမ်ဥစ္စာ၌ အပြစ်ကို မရှုမူ၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ပညာမှ ကင်းသည်ဖြစ်၍ သုံးဆောင်ခံစားလေ့ရှိ၏။

၁၀။ သူဌေးကြီး၊ ဤလူ့ပြည်၌ အချို့သော ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက် နှိပ်စက်ခြင်းကို မပြုမူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေ၏။ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုကိုလည်း ပြု၏။ ထိုသူသည် ထိုစည်းစိမ်ဥစ္စာဖြင့် တွေဝေမိန်းမောခြင်းသို့လည်း မရောက်။ သူတပါးတို့အား လွှမ်းမိုးနှိပ်စက်ခြင်းကို မပြု။ ထိုစည်းစိမ်ဥစ္စာတို့၌ အပြစ်ကို ရှုလေ့ရှိသည်ဖြစ်၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သောပညာ ရှိသည်ဖြစ်၍ သုံးဆောင်ခံစားလေ့ရှိ၏။"

ဤသို့လျှင် ကာမဂုဏ်ကို ခံစားကုန်သော လူတို့သည် ၁၀-ပါးအပြားရှိသော အဖြစ်ကို ဟောကြားညွှန်ပြ ဆုံးမတော်မူသည်။

"ထို ၁၀-ပါးကုန်သော ကာမဂုဏ်ကို ခံစားကုန်သော လူတို့တွင်—

၁။ *[၁]အနိုင်အထက် နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေ၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ *[၂]သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း မပြု။ *[၃]ကုသိုလ်ကောင်းမှုကိုလည်း မပြု။ ထိုကာမဂုဏ်ကို ခံစားသောလူကို ၃-ပါးသော အကြောင်းတရားတို့ဖြင့် ကဲ့ရဲ့အပ်သည်၏အဖြစ်သို့ ရောက်၏။

၂။ အကြင်ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက်နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေ၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုတို့ကို မပြု။ ဤကာမဂုဏ်ကို ခံစားသော ပုဂ္ဂိုလ်ကို *[၁]အနိုင်အထက်နှိပ်စက်၍ မတရားသဖြင့် ဥစ္စာပစ္စည်းကို ရှာမှီးခြင်း၊ *[၂]ကုသိုလ်ကောင်းမှုတို့ကို မပြုခြင်း၊ ဤအကြောင်းတရား ၂-ပါးတို့ဖြင့် ကဲ့ရဲ့အပ်သောအဖြစ်သို့ ရောက်၏။

၃။ အကြင်ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက်နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေ၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုတို့ကိုလည်း ပြု၏။ ထိုကာမဂုဏ်ကို ခံစားသောလူကို *အနိုင်အထက်နှိပ်စက်၍ စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေခြင်း-ဟူသော အကြောင်းတရား ၁-ပါးဖြင့် ကဲ့ရဲ့အပ်သောအဖြစ်သို့ ရောက်၏။

၄။ အနာထပိဏ်သူဌေးကြီး၊ ထိုကာမဂုဏ်ကို ခံစားကုန်သော လူတို့တွင် အကြင်ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက် နှိပ်စက်၍လည်းကောင်း, မနှိပ်စက်ဘဲလည်းကောင်း, တရားသဖြင့်လည်းကောင်း, မတရားသဖြင့်လည်းကောင်း စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေ၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကို မပြု။ ကုသိုလ်ကောင်းမှုတို့ကိုလည်း မပြု။ ထိုကာမဂုဏ်ကို ခံစားသောလူကို *၁အနိုင်အထက် နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေခြင်း၊ *၂သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကို မပြုခြင်း၊ *၃ကုသိုလ်ကောင်းမှုတို့ကို မပြုခြင်း၊ ဤ ၃-ပါးသော အကြောင်းတရားတို့ဖြင့် ကဲ့ရဲ့အပ်သောအဖြစ်သို့ ရောက်၏။ *အနိုင်အထက် မနှိပ်စက်မူ၍ တရားသဖြင့် ပစ္စည်းဥစ္စာတို့ကို ရှာမှီးခြင်း-ဟူသော ၁-ခုသော အကြောင်းတရားဖြင့် ချီးမွမ်းအပ်သောအဖြစ်သို့ ရောက်၏။

၅။ အကြင်ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက် နှိပ်စက်၍လည်းကောင်း, အနိုင်အထက် မနှိပ်စက်ဘဲလည်းကောင်း, တရားသဖြင့်လည်းကောင်း, မတရားသဖြင့်လည်းကောင်း စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေ၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုတို့ကို မပြု။ ထိုကာမဂုဏ်ကို ခံစားသောလူကို *၁အနိုင်အထက် နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေခြင်း၊ *၂ကုသိုလ်ကောင်းမှုတို့ကို မပြုခြင်း၊ ဤအကြောင်းတရား ၂-ပါးတို့ဖြင့် ကဲ့ရဲ့အပ်သောအဖြစ်သို့ ရောက်၏။ *၁အနိုင်အထက် မနှိပ်စက်မူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေခြင်း၊ *၂သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်း-ဟူသော အကြောင်းတရား ၂-ပါးတို့ဖြင့် ချီးမွမ်းအပ်သောအဖြစ်သို့ ရောက်၏။

၆။ အကြင်ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက် နှိပ်စက်၍လည်းကောင်း, မနှိပ်စက်ဘဲလည်းကောင်း, တရားသဖြင့်လည်းကောင်း, မတရားသဖြင့်လည်းကောင်း စည်းစိမ်ဥစ္စာတို့ကို ရှာ၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ထိုကာမဂုဏ်ကို ခံစားသောလူကို *၁အနိုင်အထက် မနှိပ်စက်မူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာမှီးခြင်း၊ *၂သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်း၊ *၃ကုသိုလ်ကောင်းမှုကို ပြုခြင်း၊ အကြောင်းတရား ၃-ပါးတို့ဖြင့် ချီးမွမ်းအပ်သော အဖြစ်သို့ ရောက်၏။ *အနိုင်အထက် နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာမှီးခြင်း-ဟူသော ၁-ခုသော အကြောင်းတရားဖြင့် ကဲ့ရဲ့အပ်သောအဖြစ်သို့ ရောက်၏။

၇။ အနာထပိဏ်သူဌေးကြီး၊ ထိုကာမဂုဏ်ကို ခံစားကုန်သော လူတို့တွင် အကြင်ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက် မနှိပ်စက်မူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေ၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကို မပြု။ ကုသိုလ်ကောင်းမှုတို့ကိုလည်း မပြု။ ထိုကာမဂုဏ်ကို ခံစားသောလူကို *၁သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကို မပြုခြင်း၊ *၂ကုသိုလ်ကောင်းမှုကို မပြုခြင်း၊ ဤအကြောင်းတရား ၂-ပါးတို့ဖြင့် ကဲ့ရဲ့အပ်သောအဖြစ်သို့ ရောက်၏။ *အနိုင်အထက် မနှိပ်စက်မူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာမှီးခြင်း-ဟူသော အကြောင်းတရားဖြင့် ချီးမွမ်းအပ်သောအဖြစ်သို့ ရောက်၏။

၈။ အကြင်ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက် မနှိပ်စက်မူ၍ စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေ၍ မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုကိုကား မပြု။ ထိုကာမဂုဏ်ကို ခံစားသောလူကို *၁အနိုင်အထက် မနှိပ်စက်မူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေခြင်း၊ *သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကို ပြုခြင်း၊ ဤအကြောင်းတရားဖြင့် ချီးမွမ်းအပ်သော အဖြစ်သို့ ရောက်၏။ *ကုသိုလ်ကောင်းမှုတို့ကို မပြုခြင်း-ဟူသော ၁-ခုသော အကြောင်းတရားဖြင့် ကဲ့ရဲ့အပ်သောအဖြစ်သို့ ရောက်၏။

၉။ အကြင်ကာမဂုဏ်ကို ခံစားသောလူသည် *၁အနိုင်အထက် မနှိပ်စက်မူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာမှီး၍ *၂ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်းကို ဖြစ်စေ၏။ *၃သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ထိုကာမဂုဏ်ကို ခံစားသောလူကို ၃-ပါးသော အကြောင်းတရားတို့ဖြင့် ချီးမွမ်းအပ်သောအဖြစ်သို့ ရောက်၏။ ထိုသို့ ရောက်သော်လည်း *ထိုမိမိဥစ္စာတို့ကို မိန်းမောတွေဝေသည်ဖြစ်၍လည်းကောင်း, လွှမ်းမိုးသည်ဖြစ်၍လည်းကောင်း, ထိုစည်းစိမ်ဥစ္စာ၌ အပြစ်ကို မရှုမူ၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ပညာမရှိသည်ဖြစ်၍ သုံးဆောင်ခံစားသည် ဖြစ်အံ့၊ ထိုအကြောင်းတရား ၁-ပါးဖြင့် ကဲ့ရဲ့အပ်သောအဖြစ်သို့ ရောက်၏။

၁၀။ အကြင်ကာမဂုဏ်ကို ခံစားသောလူသည် *၁အနိုင်အထက် မနှိပ်စက်မူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေ၍ *၂ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ *၃သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကို ပြု၏။ ကုသိုလ်ကောင်းမှုကိုလည်း ပြု၏။ ထိုကာမဂုဏ်ကို ခံစားသောလူကို ထိုအကြောင်းတရား ၃-ပါးတို့ဖြင့်လည်း ချီးမွမ်းအပ်သောအဖြစ်သို့ ရောက်၏။ *၁ထိုစည်းစိမ်ဥစ္စာတို့ကို မိန်းမောတွေဝေခြင်းသို့ မရောက်မူ၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ပညာရှိသည်ဖြစ်၍ သုံးဆောင်ခံစားခြင်းကို ပြု၏။ ဤအကြောင်းတရားဖြင့်လည်း ချီးမွမ်းအပ်သောအဖြစ်သို့ ရောက်၏။

ဤသို့လျှင် ကာမဂုဏ်ကို ခံစားသောလူတို့သည် ၁၀-မျိုး ပြားကုန်၏။

ထိုကာမဂုဏ် ကို ခံစားကုန်သော ၁၀-မျိုးပြားကုန်သော လူတို့တွင် ၁၀-ဆင့်မြောက်ဖြစ်သော လူကို ဘုရား-အစရှိသော ပညာရှိသူတော်ကောင်းတို့သည် ချီးမွမ်းတော်မူကုန်၏။

ထို့ကြောင့် ယခုအခါ အကြင်ကာမဂုဏ်ကို ခံစားသော လူတို့သည် ၉-ယောက်သောလူတို့၏အဖြစ်မှ ကင်းလွတ်စေ၍ အနိုင်အထက် မနှိပ်စက်မူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေ၍ မိမိကိုယ်၌ ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေကုန်ရာ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြုကုန်ရာ၏။ ကုသိုလ်ကောင်းမှုတို့ကိုလည်း ပြုကုန်ရာ၏။ ထိုစည်းစိမ်ဥစ္စာတို့၌ တပ်စွန်းခြင်း, တွေဝေမိန်းမောခြင်း, လွှမ်းမိုးခြင်းတို့ကို မပြုမူ၍ အပြစ်ကို များစွာရှု၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ပညာနှင့် ပြည့်စုံသည်ဖြစ်၍ သုံးဆောင်ခံစားခြင်းကို ပြုကုန်ရာ၏။ ထိုသို့ ကောင်းသော အကြောင်းတရားတို့နှင့် ပြည့်စုံခြင်းသည်သာလျှင် လူ,နတ်,နိဗ္ဗာန် ၃-တန်သောအကျိုးကို ပြီးစေနိုင်၏"ဟု ဝမ်းမြောက်

ဝမ်းသာ သဒ္ဓါကြည်လင် ရွှင်လန်းသောစိတ်ကို ဖြစ်စေ၍ ကောင်းမြတ်သော အကြောင်းတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ကုန်ရာသည်။ ဤသည်ကား သုတ္တန်တည်း။

(ဒသအင်္ဂုတ္တိုရ်ပါဠိတော်၊ ကာမဘောဂီသုတ်၊ နှာ-၃၉၈-၄၀၄။)

★ ★ ★ ★ ★ ★ ★

## [၂၅] ဒုစရိုက် ၁၀-ပါးကို ကြဉ်ရှောင်အပ်ကြောင်းတရား

"ဒသ ဗလာနိ ယဿ တထာဂတဿ သောယံ ဒသဗလော။"

ယဿ တထာဂတဿ၊ အကြင်မြတ်စွာဘုရားသခင်အား။ ဒသ၊ ၁၀-ပါးကုန်သော။ ဗလာနိ၊ အားတော်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော အယံ တထာဂတော၊ ထိုမြတ်စွာဘုရားသည်။ ဒသဗလော၊ ဒသဗလ မည်တော်မူ၏။

ဤသို့လျှင် သဗ္ဗညုမြတ်စွာဘုရားသည် ယောကျ်ားကုဋေ-၁၀,၀၀၀၊ ဆင်မည်းကုဋေ-၁,၀၀၀, ဆဒ္ဒန်ဆင် ၁၀-စီးတို့၏ အားကို ဆောင်ခြင်း-ဟု ဆိုအပ်သော ၁၀-ပါးသော ကာယဗလနှင့် ပြည့်စုံတော်မူသည်၏အဖြစ်ကြောင့်လည်းကောင်း၊ ဌာနာဌာနဇာနနဉာဏ်တော်, ဝိပါကဇာနနဉာဏ်တော်, သဗ္ဗတ္ထဂါမိနိဇာနနဉာဏ်တော်-အစရှိသော ၁၀-ပါးသော ဉာဏဗလနှင့် ပြည့်စုံတော်မူသည်၏အဖြစ်ကြောင့်လည်းကောင်း ဒသဗလ-ဟူသော ဂုဏ်တော်နာမ ဝိသေသအထူး ကျေးဇူးတရားတို့နှင့် ပြည့်စုံတော်မူသော ဘုရားသခင်သည် ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်, ဝိနည်း, အဘိဓမ္မာ-ဟူ၍ ၃-ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင် သုတ္တန်နည်းအားဖြင့် ဟောကြားညွှန်ပြ ဆုံးမတော်မူလိုသည်ဖြစ်၍-

> ဒသဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။ ကတမေဟိ ဒသဟိ? ပါဏာတိပါတီ ဟောတိ၊ အဒိန္နာဒါယီ ဟောတိ၊ ကာမေသု မိစ္ဆာစာရီ ဟောတိ၊ မုသာဝါဒီ ဟောတိ၊ ပိသုဏာဝါစော ဟောတိ၊ ဖရုသဝါစော ဟောတိ၊ သမ္ဖပ္ပလာပီ ဟောတိ၊ အဘိဇ္ဈာလု ဟောတိ၊ ဗျာပန္နစိတ္တော ဟောတိ၊ မိစ္ဆာဒိဋ္ဌိကော ဟောတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ ဒသဟိ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။ –

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒသဟိ၊ ၁၀-ပါးကုန်သော။ ဓမ္မေဟိ၊ မကောင်းသော အကြောင်းတရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ ယထာဘတံ၊ ဆောင်ခဲ့တိုင်း

သောဝန်ကို။ နိက္ခိတ္တော ယထာ၊ ချအပ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေ၏။ ကတမေဟိ၊ အဘယ်မည်ကုန်သော။ ဒသဟိ၊ ၁၀-ပါးကုန်သော မကောင်းသော အကြောင်းတရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျသနည်း။

၁။ ပါဏာတိပါတီ၊ သူ့အသက်ကို သတ်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၂။ အဒိန္နာဒါယီ၊ အရှင်သည် ကိုယ်,နှုတ်ဖြင့် မပေးအပ်, လူဇာတ်ဖြစ်သော သူတပါး တို့သည် သိမ်းဆည်းအပ်သော ဥစ္စာကို ခိုးယူလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၃။ ကာမေသု မိစ္ဆာစာရီ၊ ၂-ကျိပ်, ၁-ယောက်သော မသွားလာအပ်သော မိန်းမတို့၌ သွားလာလွန်ကျူးခြင်း-ဟု ဆိုအပ်သော မေထုန်ကာမတို့၌ သူတော်ကောင်းတို့သည် စင်စစ်ကဲ့ရဲ့အပ်သော ယုတ်မာသောအကျင့်ကို ကျင့်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၄။ မုသာဝါဒီ၊ မဟုတ်မမှန် ဖောက်ပြန်ချွတ်ယွင်းသော စကားကို ပြောဆိုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၅။ ပိသုဏဝါစော၊ ချောပစ်ကုန်းတိုက်သော စကားကို ပြောဆိုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၆။ ဖရုသဝါစော၊ လွှသွားကဲ့သို့ ကြမ်းတမ်းသော အတွေ့ရှိသော စကားကို ပြောဆိုလေ့ ရှိသည်။ ဟောတိ၊ ဖြစ်၏။

၇။ သမ္ဖပ္ပလာပီ၊ အနက်ဒြပ်မှ ကင်းသော ပြိန်ဖျင်းသောစကားကို ပြောဆိုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၈။ အဘိဇ္ဈာလု၊ သူတပါးတို့၏ စည်းစိမ်ဥစ္စာကို ငါ၏ဥစ္စာဖြစ်ပါလေသော် ကောင်းလေ ၏-ဟု ရှေးရှုကြံသောအားဖြင့် တပ်စွန်းသော လောဘများသည်။ ဟောတိ၊ ဖြစ်၏။

၉။ ဗျာပန္နစိတ္တော၊ သူတပါးကို သေကြေပျက်စီး ပြုန်းတီးခြင်းသို့ ရောက်ပါလေသော် ကောင်းလေ၏-ဟု ရှေးရှုပျက်စီးခြင်းကို ကြံတတ်သော ဒေါသနှင့်ယှဉ်သော စိတ်ရှိ သည်။ ဟောတိ၊ ဖြစ်၏။

၁၀။ မိစ္ဆာဒိဋ္ဌိကော၊ ကမ္မပထ၏ အစွမ်းအားဖြင့်ဖြစ်သော ၁၀-ပါးသော ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိအယူရှိသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒသဟိ၊ ၁-ပါးကုန်သော။ ဣမေဟိ ခမ္မေဟိ၊ ဤမကောင်း သော အကြောင်းတရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ ယထာဘတံ၊

ဆောင်ခဲ့တိုင်းသော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ချအပ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေ၏။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သားတို့ ၁၀-ပါးကုန်သော မကောင်းသော အကြောင်းတရားတို့နှင့် ပြည့်စုံသောသူသည် ထမ်း၍လာသော ဝန်ကို ချအပ်သကဲ့သို့ ထို့အတူ ငရဲသို့ ကျလေ၏။ ၁၀-ပါးသော မကောင်းသော အကြောင်းတရားတို့ဟူသည် အဘယ်နည်းဟူမူကား—

၁။ သူ့အသက်ကို သတ်ခြင်း ပါဏာတိပါတလည်း ၁-ပါး၊

၂။ သူ့ဥစ္စာကို ခိုးခြင်း အဒိန္နာဒါနလည်း ၁-ပါး၊

၃။ သူရာမေရယကို လက္ခဏာတူသောအားဖြင့် ကာမေသုမိစ္ဆာစာရသို့ သွင်း၍ မသွားလာအပ်သော ၂-ကျိပ်, ၁-ယောက်သော မိန်းမတို့၌ သွားလာလွန်ကျူးခြင်း-ဟု ဆိုအပ်သော ကာမေသု မိစ္ဆာစာရလည်း ၁-ပါး၊

၄။ မဟုတ်မမှန် ဖောက်ပြန်ယွင်းချွတ်သောစကားကို ဆိုခြင်း-ဟု ဆိုအပ်သော မုသာဝါဒလည်း ၁-ပါး၊

၅။ သူ ၂-ယောက်တို့၏ ညီညွတ်သောအဖြစ်ကို မညီမညွတ် အချစ်ပျက်စေခြင်းငှာ ချောပစ်ကုန်းတိုက်ခြင်း ပိသုဏဝါစာလည်း ၁-ပါး၊

၆။ လွှကဲ့သို့ ကြမ်းတမ်းသော အတွေ့ရှိသော ရုန့်ရင်းသောစကားကို ဆိုခြင်း-ဟု ဆိုအပ်သော ဖရုသဝါစာလည်း ၁-ပါး၊

၇။ အနက်ဒြပ်မှ ကင်းသော ပြိန်ဖျင်းသောစကားကို ဆိုခြင်းလည်း ၁-ပါး၊

၈။ သူတပါးတို့၏ စည်းစိမ်ဥစ္စာ, သားမယား, န္ွား, ကျွဲ, ဆင်, မြင်း လယ်,ယာ,ကိုင်းကျွန်း အစရှိသော သက်ရှိ,သက်မဲ့ဥစ္စာတို့ကို ငါ၏ ဥစ္စာဖြစ်ပါလေသော် ကောင်းလေ၏-ဟု ရှေးရှုတပ်သောအားဖြင့် ကြံတတ်သော လောဘ-ဟု ဆိုအပ်သော အဘိဇ္ဈာနှင့် ပြည့်စုံခြင်းလည်း ၁-ပါး၊

၉။ သူတပါးတို့ သေပါလေသော် ကောင်းလေ၏၊ ပျက်စီးပြုန်းတီးခြင်း ရောက်ပါလေသော် ကောင်းလေ၏၊ အကျိုးစီးပွါးမဲ့ဖြစ်ပါလေသော် ကောင်းလေ၏၊ အနာရောဂါစွဲရောက်ပါလေသော် ကောင်းလေ၏-အစရှိသည်ဖြင့် သူတပါးတို့၏ အကျိုးစီးပွါးတို့ကို ဖျက်ဆီးကြောင်းဖြစ်သော ဒေါသစိတ်-ဟု ဆိုအပ်သော ဗျာပါဒနှင့် ပြည့်စုံခြင်းလည်း ၁-ပါး၊

၁၀။ ¹အလှူပေးလှူခြင်း အကျိုးမရှိ၊ ²များစွာသောအလှူဝတ္ထုတို့ကို ပူဇော်၍ အကျိုးမရှိ၊ ³အနည်းငယ်သော အလှူဝတ္ထုကို ပူဇော်၍ အကျိုးမရှိ၊ ⁴ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အကျိုးမရှိ၊ ⁵အမိကို လုပ်ကျွေးခြင်း၌ အကျိုးမရှိ၊ ⁶အဘကို လုပ်ကျွေးခြင်း၌ အကျိုးမရှိ၊ ⁷ဤလောကမှ တမလွန်လောကသို့ လားရသော သတ္တဝါမည်သည် မရှိ *(ဤလောကသည်မရှိ)*၊ ⁸တမလွန်လောကမှ ဤလောကသို့ လားရသော သတ္တဝါမည်သည် မရှိ*(တမလွန်လောကသည် မရှိ)* ⁹ဥပပတ်သတ္တဝါသည် မရှိ၊ ¹⁰လောက၌ ဘုရား, ရဟန္တာ-ဟူ၍ မရှိ- ဤသို့ အစရှိသော ကမ္ဘပထ၏အစွမ်းအားဖြင့်ဖြစ်သော ၁၀-ပါးသော ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိအယူနှင့် ပြည့်စုံခြင်းလည်း ၁-ပါး၊

ဤ ၁၁-ပါးသော မကောင်းသော အကြောင်းတရားတို့နှင့် ပြည့်စုံသောသူသည် ဆောင်ခဲ့တိုင်းသော ဝန်ကို ချအပ်သကဲ့သို့ ထို့အတူ ငရဲဘုံသို့သာ ကျလေ၏။ ငရဲဘုံသို့သာ ကျစေတတ်သည် မဟုတ်။ တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်၊ အပါယ် ၄-ဘုံသို့လည်း ကျစေတတ်၏"ဟု ဟောတော်မူသည်။

ဤ ၁၀-ပါးသော မကောင်းသော အကြောင်းတရားတို့နှင့် ပြည့်စုံသောသူတို့အား အပါယ် ၄-ပါးသို့ လားစေတတ်သောအဖြစ်ကို ဟောကြားတော်မူပြီး၍ ၂၀-သော မကောင်းသော ဒုစရိုက်အကြောင်းတရားတို့နှင့် ပြည့်စုံသောသူတို့အား ငရဲကို အစပြု၍ အပါယ် ၄-ပါးသို့ လားစေတတ်သောအဖြစ်ကို ဟောကြားညွှန်ပြ ဆုံးမတော်မူလိုသော ဘုရားသခင်သည်—

**ဝီသတိယာ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သားတို့၊ ၂၀-သော မကောင်းသော အကြောင်းတရားတို့နှင့် ပြည့်စုံသောသူသည် ထမ်း၍လာသော ဝန်ကို ချအပ်သကဲ့သို့ ထို့အတူ ငရဲကို အစပြု၍ တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ် ၄-ဘုံသို့ ကျလေ၏။ အဘယ်သို့ ၂၀-သော ဒုစရိုက်တရားတို့နှင့် ပြည့်စုံလေသနည်းဟူမူကား-

၁။ မိမိကိုယ်တိုင် ဆိုအပ်ခဲ့ပြီးသော ပါဏာတိပါတ-အစရှိသော ဒုစရိုက်တရားတို့ကို ကျူးလွန်ကျော်နင်း၍ ကျင့်လေ့ရှိ၏။

၂။ သူတပါးတို့ကိုလည်း ထိုပါဏာတိပါတ-အစရှိသော ၁၀-ပါးသော ဒုစရိုက်တို့ကို ကျူးလွန်ကျော်နင်း၍ ကျင့်စိမ့်သောငှာ နှိုးဆော်တိုက်တွန်းလေ့ရှိ၏။

ထိုသူအား ၂၀-သော ဒုစရိုက်တို့၏ ပြည့်စုံခြင်းကြောင့် အကြိမ်-၂၀ အပါယ် ၄-ပါးသို့ လားရလေ၏။ ထိုမှ နောက်၌ ၃၀-သော ဒုစရိုက်တို့၏ ပြည့်စုံခြင်းကြောင့် အပါယ် ၄-ပါးသို့ အကြိမ် ၃၀-လားရသောအဖြစ်ကို ပြ၍ ဆုံးမတော်မူလိုသော ဘုရားသခင်သည်-

**တိံသာယ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်မြတ်ပါဠိ၏ အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သား ရဟန်းများတို့ ၃၀-သောဒုစရိုက်တို့နှင့် ပြည့်စုံသောသူသည် ထမ်း၍လာသော ဝန်ကို ချအပ်သကဲ့သို့ ထို့အတူ ငရဲဘုံကို အစပြု၍ အပါယ် ၄-ပါးသို့ အကြိမ် ၃၀-လားရလေ၏။ အဘယ်သို့ ၃၀-သောဒုစရိုက်တို့နှင့် ပြည့်စုံလေသနည်းဟူမူကား–

၁။ မိမိကိုယ်တိုင် ပါဏာတိပါတ-အစရှိသော ၁၀-ပါးသော အကုသိုလ်ဒုစရိုက်တရားတို့ကို ကျူးလွန်ကျော်နင်း၍ ကျင့်လေ့ရှိ၏။

၁။ သူတပါးတို့ကိုလည်း ထို ၁၀-ပါးသော ဒုစရိုက်တရားတို့၌ ကျူးလွန်ကျော်နင်း၍ ကျင့်စိမ့်သောငှာ နှိုးဆော်တိုက်တွန်းလေ့ရှိ၏။

၂။ သူတပါးတို့သည် ၁၀-ပါးသော ဒုစရိုက်တရားတို့ကို ကျူးလွန်ကျော်နင်း၍ ကျင့်ကုန်သည်ရှိသော် အလွန်လျှင် ဝမ်းမြောက်၏။

ဤသို့လျှင် ၃၀-သော ဒုစရိုက်တရားတို့၏ ပြည့်စုံခြင်းကြောင့် အကြိမ်-၃၀, အပါယ် ၄-ပါးသို့ လားရလေ၏။ ထိုမှ နောက်၌ ၄၀-သော ဒုစရိုက်တို့၏ ပြည့်စုံခြင်းကြောင့် ငရဲကို အစပြု၍ အကြိမ်-၄၀, အပါယ် ၄-ပါးသို့ လားရလေသောအဖြစ်ကို ဟောကြားညွှန်ပြ ဆုံးမတော်မူလိုသော ဘုရားသခင်သည်–

**စတ္တာလီသာယ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်မြတ်ပါဠိ၏ အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သား ရဟန်းများတို့ ၄၀-သော ဒုစရိုက်အကြောင်း မကောင်းသောတရားတို့နှင့် ပြည့်စုံသောသူသည် ငရဲကို အစပြု၍ အကြိမ်-၄၀, အပါယ် ၄-ပါးသို့ လားရလေ၏။ အဘယ်သို့ ၄၀-သော ဒုစရိုက်တရားတို့နှင့် ပြည့်စုံလေသနည်းဟူမူကား–

၁။ မိမိကိုယ်တိုင် ပါဏာတိပါတ-အစရှိသော ၁၀-ပါးသော အကုသိုလ်ဒုစရိုက်တရားတို့ကို ကျူးလွန်ကျော်နင်း၍ ကျင့်၏။

၂။ သူတပါးတို့ကိုလည်း ကျင့်စိမ့်သောငှာ တိုက်တွန်း၏။

၃။ သူတပါးတို့ ကျူးလွန်ကျော်နင်း၍ ကျင့်သောအရာကိုလည်း လွန်စွာဝမ်းမြောက်လေ၏။

၄။ ကျူးလွန်ကျော်နင်း၍ ကျင့်လေ့ရှိသော သူတို့၏ဂုဏ်ကျေးဇူးကိုလည်း ချီးမွမ်းပြောပလေ့ရှိ၏။

ဤသို့လျှင် ၄၀-သော အကုသိုလ်ဒုစရိုက်တို့၏ ပြည့်စုံခြင်းကြောင့် အကြိမ်-၄၀, အပါယ် ၄-ပါးသို့ လားရလေ၏။

ထို ၄-ယောက်သောသူတို့တွင် ၁၀-ပါးသော ဒုစရိုက်တို့ကို အကြင်သူသည် ကျင့်လေ့ရှိ၏။ ထိုသူသည် ၁၀-စင်းသော တက်တို့ဖြင့် ပြင်းပြစွာ ခတ်ပုတ်၍ မြစ်ရေအလျဉ်သို့ ဆောလျင်စွာ စုန်သောလှေကဲ့သို့ အကုသိုလ်ဒုစရိုက်တရားတို့ဖြင့် အပါယ် ၄-ပါး ဝဋ်ဆင်းရဲရေအလျဉ်သို့ ဆောလျင်စွာ စုန်သည်မည်၏။

အကြင်သူသည် ၂၀-သော ဒုစရိုက်တရားတို့ကို ကျင့်လေ့ရှိ၏။ ထိုသူသည် အစင်း ၂၀-သောတက်တို့ဖြင့် ပြင်းပြစွာ ခတ်ပုတ်၍ မြစ်ရေအလျဉ်ကို ဆောလျင်စွာ စုန်သောလှေကဲ့သို့ ၂၀-သော ဒုစရိုက်တို့ဖြင့် အပါယ် ၄-ပါး ဝဋ်ဆင်းရဲရေအလျဉ်သို့ ဆောလျင်စွာ စုန်သည်မည်၏။

အကြင်သူသည် ၃၀-သော ဒုစရိုက်တရားတို့ကို ကျူးလွန်ကျော်နင်း၍ ကျင့်လေ့ရှိ၏။ ထိုသူသည် အစင်း ၃၀-သောတက်တို့ဖြင့် အပြင်းခတ်ပုတ်၍ မြစ်ရေအလျဉ်သို့ ဆောလျင်စွာ စုန်သောလှေကဲ့သို့ ၃၀-သောဒုစရိုက်တို့ဖြင့် အပါယ် ၄-ပါး ဝဋ်ဆင်းရဲရေအလျဉ်သို့ ဆောလျင်စွာ စုန်သည်မည်၏။

အကြင်သူသည် ၄၀-သော အကုသိုလ်ဒုစရိုက်တရားတို့ကို ကျူးလွန်ကျော်နင်း၍ ကျင့်လေ့ရှိ၏။ ထိုသူသည် အစင်း ၄၀-သော တက်တို့ဖြင့် အပြင်းခတ်ပုတ်၍ မြစ်ရေအလျဉ်သို့ ဆောလျင်စွာ စုန်သောလှေကဲ့သို့ ၄၀-သော ဒုစရိုက်တရားတို့ဖြင့် အပါယ် ၄-ပါး ဝဋ်ဆင်းရဲရေအလျဉ်သို့ ဆောလျင်စွာ စုန်သည်မည်၏”ဟု ဟောတော်မူသည်။

ဤသို့လျှင် ၁၀-ပါးသော ဒုစရိုက်, ၂၀-သော ဒုစရိုက်, ၃၀-သော ဒုစရိုက်, ၄၀-သော ဒုစရိုက်တို့၏ ပြည့်စုံခြင်းကြောင့် ငရဲ-အစရှိသော အပါယ် ၄-ပါးသို့ လားရသည်၏အဖြစ်ကိုလည်းကောင်း၊ ထိုအကုသိုလ်ဒုစရိုက်တရားတို့ဖြင့် အပါယ် ၄-ပါး ဝဋ်ဆင်းရဲရေအလျဉ်ကို ဆောလျင်စွာ စုန်သည်၏အဖြစ်ကိုလည်းကောင်း ဟောကြားညွှန်ပြ ဆုံးမတော်မူပြီး၍ ၁၀-ပါးသော သုစရိုက်, ၂၀-သော သုစရိုက်, ၃၀-သော သုစရိုက်, ၄၀-သော သုစရိုက်

ကုသိုလ်တရားတို့၏ ပြည့်စုံခြင်းကြောင့် လူ့ပြည်,နတ်ရပ် မွန်မြတ်သောသုဂတိဘဝသို့ ရောက်စေတတ်သည်၏ အဖြစ်ကို ပြတော်မူလိုသော ဘုရားသခင်သည်—

**ဒသဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ သဂ္ဂေ။** –

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်မြတ်ပါဠိဝါယ် အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ ၁၀-ပါးသော ကောင်းမြတ်သော ကုသိုလ်သုစရိုက်အကြောင်းတရားတို့နှင့် ပြည့်စုံသောသူသည် ထမ်း၍လာသောဝန်ကို မြင့်ရာအရပ်သို့ တင်ဘိသကဲ့သို့ ထို့အတူ လူ့ပြည်,နတ်ရပ် မွန်မြတ်သော သုဂတိဘဝ၌ သူဌေး,သူကြွယ်, ပဒေသရာဇ်မင်း, ဧကရာဇ်မင်း, စကြာမင်း, သိကြားမင်း, အသုရာ-အစရှိသော နတ်မင်းတို့၏အဖြစ်သို့ ရောက်လေ၏။ ၁၀-ပါးသော ကောင်းမြတ်သော ကုသိုလ်သုစရိုက်အကြောင်းတရားတို့-ဟူသည် အဘယ်သည်တို့နည်း ဟူမူကား—

၁။ သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ခြင်းလည်း ၁-ပါး၊

၂။ သူတပါးတို့၏ဥစ္စာကို ခိုးယူခြင်းမှ ကြဉ်ခြင်းလည်း ၁-ပါး။

၃။ သူတပါးတို့၏ သား,မယားတို့ကို ပြစ်မှားကျူးလွန်ခြင်းမှ ကြဉ်ခြင်းလည်း ၁-ပါး၊

၄။ မဟုတ်မမှန် ဖောက်ပြန်ချွတ်ယွင်းသောစကားကို ဆိုခြင်းမှ ကြဉ်ခြင်းလည်း ၁-ပါး၊

၅။ သူ ၂-ယောက်တို့၏ အညီအညွတ် ချစ်ကြင်လေးမြတ်သည်ကို မညီမညွတ် အချစ်ကို ပျက်စေခြင်းငှာ ကုန်းတိုက်ခြင်းမှ ကြဉ်ခြင်းလည်း ၁-ပါး။

၆။ လွှကဲ့သို့ ကြမ်းတမ်းသော အတွေ့ရှိသော ဆဲရေးဝေါက်ငမ်း ကြမ်းတမ်းရန့်ရင်းသော စကားကို ဆိုခြင်းမှ ကြဉ်ခြင်းလည်း ၁-ပါး။

၇။ အနက်ဒြပ်မှကင်းသော ပြိန်ဖျင်းသောစကားကို ဆိုခြင်းမှ ကြဉ်ခြင်းလည်း ၁-ပါး၊

၈။ သူတပါးတို့၏ စည်းစိမ်ဥစ္စာကို 'ငါ၏ဥစ္စာ ဖြစ်ပါလေသော် ကောင်းလေ၏'ဟု ရှေးရှုကြံခြင်း-ဟု ဆိုအပ်သော အဘိဇ္ဈာမှ ကြဉ်ခြင်းလည်း ၁-ပါး၊

၉။ 'သူတပါးတို့ သေကြေပျက်စီးခြင်းသို့ ရောက်လေသော် ကောင်းလေ၏'ဟု ရှေးရှုကြံကြောင်းဖြစ်သော ဒေါသ-ဟု ဆိုအပ်သော ဗျာပါဒမှ ကြဉ်ခြင်းလည်း ၁-ပါး၊

၁၀။ 'အလှူပေးလှူင် အကျိုးမရှိ၊ များစွာသောအလှူဝတ္ထုတို့ကို ပူဇော်၍ အကျိုးမရှိ' အစရှိသည်ဖြင့်ဖြစ်သော ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိအယူမှ ပြန်၍ ဟုတ်မှန်သော 'အလှူပေးလှူင်

အကျိုး ရှိ၏၊ များစွာသော အလှူဝတ္ထုတို့ကို ပူဇော်၍ အကျိုးရှိ၏'-အစရှိသည်ဖြင့် ဖြစ်သော ၁၀-ပါးသော ဒသဝတ္ထုကသမ္မာဒိဋ္ဌိအယူနှင့် ပြည့်စုံခြင်းလည်း ၁-ပါး။

ဤ ၁၀-ပါးကုန်သော ကောင်းမြတ်သော ကုသိုလ်သုစရိုက်တရားတို့နှင့် ပြည့်စုံသောသူသည် ထမ်း၍လာသော ဝန်ကို တင်ဘိသကဲ့သို့ လူ့ပြည်,နတ်ရပ် မွန်မြတ်သော သုဂတိဘဝတို့၌ သူဌေး, သူကြွယ်, ပဒေသရာဇ်မင်း, ဧကရာဇ်မင်း, စကြာမင်း, သိကြားမင်း, အသုရာ-အစရှိသော နတ်တို့၏အဖြစ်သို့ ရောက်လေ၏"ဟု ဟောတော်မူသည်။

ထိုမှ နောက်၌ ၂၀-သော သုစရိုက်တရားတို့၏ ပြည့်စုံခြင်းကြောင့် လူ့ပြည်,နတ်ရပ် မွန်မြတ်သောဘဝသို့ ရောက်စေတတ်သောအဖြစ်ကို ပြတော်မူလိုသော ဘုရားသခင်သည် **"ဝီသတိယာ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ သဂ္ဂေ"**အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ ၂၀-သော ကုသိုလ်သုစရိုက်တရားတို့နှင့် ပြည့်စုံသောသူသည် ထမ်း၍လာသောဝန်ကို မြင့်ရာအရပ်သို့ တင်ဘိသကဲ့သို့ ထို့အတူ လူ့ပြည်,နတ်ရပ် မွန်မြတ်သော သုဂတိဘဝတို့၌ သူဌေး,သူကြွယ်, ပဒေသရာဇ်မင်း, ဧကရာဇ်မင်း, စကြာမင်း, သိကြားမင်း, အသုရာ-အစရှိသော နတ်မင်းတို့၏အဖြစ်သို့ ရောက်လေ၏။ ၂၀-သော သုစရိုက်တရားတို့ဟူသည် အဘယ်သည်တို့နည်းဟူမူကား—

၁။ မိမိကိုယ်တိုင် ပါဏာတိပါတမှ ကြဉ်ခြင်း အစရှိသော ၁၀-ပါးသော ကုသိုလ်သုစရိုက်တရားတို့ကို ဆောက်တည်၍ ကျင့်လေ့ရှိ၏။

၂။ သူတပါးတို့ကိုလည်း ကျင့်စိမ့်သောငှာ နှိုးဆော်တိုက်တွန်း၍ ဆောက်တည်စေ၏။

ဤသို့လျှင် ၂၀-သော သုစရိုက်တရားတို့၏ ပြည့်စုံခြင်းကြောင့် အကြိမ်-၂၀ လူ့ပြည်,နတ်ရပ် မွန်မြတ်သော သုဂတိဘဝတို့၌ လူ,နတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားရလေ၏"ဟု ဟောတော်မူသည်။

ထိုမှနောက်၌ ၃၀-သော ကုသိုလ်သုစရိုက်တရားတို့၏ ပြည့်စုံခြင်းကြောင့် အကြိမ်-၃၀ လူ့ပြည်,နတ်ရပ် မွန်မြတ်သော သုဂတိဘဝတို့၌ လူ,နတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားရလေ၏-ဟု ပြတော်မူလိုသော ဘုရားသခင်သည် **"တိံသာယ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ သဂ္ဂေ"** အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ အကြင်သူသည် ၃၀-သော သုစရိုက်တရားတို့နှင့် ပြည့်စုံ၏။ ထိုသူသည် ထမ်း၍လာသော ဝန်ကို မြင့်ရာအရပ်သို့ တင်ဘိသကဲ့သို့ လူ့ပြည်,နတ်ရပ် မွန်မြတ်သော သုဂတိဘဝတို့၌ လူ,နတ်တို့၏ စည်းစိမ်ချမ်းသာကို ရလေ၏။

အဘယ်သို့ ၃၀-သော သုစရိုက်တရားတို့နှင့် ပြည့်စုံလေသနည်းဟူမူကား–

၁။ အကြင်သူသည် မိမိကိုယ်တိုင် ပါဏာတိပါတမှ ကြဉ်ခြင်း အစရှိသော ၁၀-ပါးသော ကုသိုလ်သုစရိုက်တရားတို့ကို ဆောက်တည်၍ ကျင့်လေ့ရှိ၏။

၂။ သူတပါးတို့ကိုလည်း ထို ၁၀-ပါးသော ကုသိုလ်သုစရိုက်တရားတို့ကို ဆောက်တည်၍ ကျင့်စေ၏။

၃။ သူတပါးတို့ ဆောက်တည်၍ ကျင့်သည်ကိုလည်း ဝမ်းမြောက်ဝမ်းသာ ရှိ၏။

ဤသို့လျှင် ၃၀-သော သုစရိုက်တရားတို့၏ ပြည့်စုံခြင်းကြောင့် လူ့ပြည်,နတ်ရပ် မွန်မြတ်သော သုဂတိဘဝတို့၌ အကြိမ်-၃၀ လူ,နတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားရလေ၏"ဟု ဟောတော်မူသည်။

ထိုမှ နောက်၌ ၄၀-သော ကုသိုလ်သုစရိုက်တရားတို့၏ ပြည့်စုံခြင်းကြောင့် အကြိမ်-၄၀ လူ့ပြည်,နတ်ရပ် မွန်မြတ်သော သုဂတိဘဝတို့၌ လူ,နတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားရလေ၏-ဟု ပြတော်မူလိုသော ဘုရားသခင်သည်–

**စတ္တာလီသာယ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ သဂ္ဂေ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ အကြင်သူသည် ၄၀-သော သုစရိုက်တရားတို့နှင့် ပြည့်စုံ၏။ ထိုသူသည် ထမ်း၍လာသော ဝန်ကို မြင့်ရာအရပ်သို့ တင်ဘိသကဲ့သို့ လူ့ပြည်,နတ်ရပ် မွန်မြတ်သော သုဂတိဘဝတို့၌ လူ,နတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားရလေ၏။

အဘယ်သို့ ၄၀-သော ကုသိုလ်သုစရိုက်တရားတို့နှင့် ပြည့်စုံလေသနည်းဟူမူကား–

၁။ မိမိကိုယ်တိုင် ပါဏာတိပါတမှ ကြဉ်ခြင်း-အစရှိသော ၁၀-ပါးသော ကုသိုလ်သုစရိုက်တရားတို့ကို ဆောက်တည်၍ ကျင့်လေ့ရှိ၏။

၂။ သူတပါးတို့ကိုလည်း ဆောက်တည်၍ ကျင့်စေ၏။

၃။ သူတပါးတို့ ကျင့်သည်ကိုလည်း ဝမ်းမြောက်လေ့ ရှိ၏။

၄။ ကျင့်ပေသောသူတို့၏ ဂုဏ်ကျေးဇူးကိုလည်း ပြောပလေ့ ရှိ၏။

ဤသို့လျှင် ၄၀-သော သုစရိုက်တရားတို့၏ ပြည့်စုံခြင်းကြောင့် အကြိမ်-၄၀ လူ့ပြည်,နတ်ရပ် မွန်မြတ်သော သုဂတိဘဝတို့၌ လူ,နတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားရ၏”ဟု ဟောတော်မူသည်။

ထို ၄-ယောက်ကုန်သော သူတို့တွင်လည်း အကြင်သူသည် ၁၀-ပါးသော ကုသိုလ်သုစရိုက်တရားတို့ကို ဖြည့်လေ့,ကျင့်လေ့ ရှိ၏။ ထိုသူသည် ၁၀-စင်းသော တက်တို့ဖြင့် အပြင်းခတ်ပုတ်၍ မြစ်ရေအလျဉ်ကို ဆောလျင်စွာ ဆန်သကဲ့သို့ ထို့အတူ ၁၀-ပါးသော ကုသိုလ်သုစရိုက်တရားတို့ဖြင့် ဝဋ်ဆင်းရဲရေအလျဉ်ကို ဆောလျင်စွာ ဆန်သည်မည်၏။

အကြင်သူသည် ၂၀-သော သုစရိုက်တရားတို့ကို ဖြည့်ကျင့်လေ့ရှိ၏။ ထိုသူသည် အစင်း ၂၀-သောတက်တို့ဖြင့် အပြင်းခတ်ပုတ်၍ မြစ်ညာရေအလျဉ်သို့ ဆောလျင်စွာ ဆန်သကဲ့သို့ ထို့အတူ ၂၀-သော ကုသိုလ်သုစရိုက်တရားတို့ဖြင့် သံသရာဝဋ်ဆင်းရဲ ရေအလျဉ်ကို ဆောလျင်စွာ ဆန်သည်မည်၏။

အကြင်သူသည် ၃၀-သော ကုသိုလ်သုစရိုက်တရားတို့ကို ဖြည့်ကျင့်လေ့ ရှိ၏။ ထိုသူသည် အစင်း ၃၀-သော တက်တို့ဖြင့် အပြင်းခတ်ပုတ်၍ မြစ်ညာရေအလျဉ်သို့ ဆောလျင်စွာ ဆန်သကဲ့သို့ ထို့အတူ ၃၀-သော ကုသိုလ်သုစရိုက်တရားတို့ဖြင့် သံသရာဝဋ်ဆင်းရဲ ရေအလျဉ်ကို ဆောလျင်စွာ ဆန်သည်မည်၏။

အကြင်သူသည် ၄၀-သော သုစရိုက်တရားတို့ကို ဖြည့်ကျင့်လေ့ရှိ၏။ ထိုသူသည် အစင်း ၄၀-သောတက်တို့ဖြင့် အပြင်းခတ်ပုတ်၍ မြစ်ညာရေအလျဉ်သို့ ဆောလျင်စွာ ဆန်သကဲ့သို့ ထို့အတူ ၄၀-သော ကုသိုလ်သုစရိုက်တရားတို့ဖြင့် သံသရာဝဋ်ဆင်းရဲ ရေအလျဉ်ကို ဆောလျင်စွာ ဆန်သည်မည်၏”ဟု ဟောတော်မူသည်။

ထို့ကြောင့် မိမိတို့၏ကိုယ်ကျိုး, ကိုယ့်စီးပွါးကို အလိုရှိကုန်သောသူတို့သည်—

- ၁၀-စင်းသော တက်တို့ဖြင့်လည်းကောင်း,
- အစင်း ၂၀-သော တက်တို့ဖြင့်လည်းကောင်း,
- အစင်း ၃၀-သော တက်တို့ဖြင့်လည်းကောင်း,
- အစင်း ၄၀-သော တက်တို့ဖြင့်လည်းကောင်း

အပြင်းခတ်ပုတ်၍ မြစ်ရေအလျဉ်ကို ဆောလျင်စွာ စုန်သောလှေကဲ့သို့—

- ၁၀-ပါးသော ဒုစရိုက်,
- ၂၀-သော ဒုစရိုက်,
- ၃၀-သော ဒုစရိုက်,
- ၄၀-သော ဒုစရိုက်တို့ကို

ပြုကုန်, ကျင့်ကုန်၍ အပါယ် ၄-ပါး ဝဋ်ဆင်းရဲရေအလျဉ်သို့ ထိုဒုစရိုက်တရားတို့ဖြင့် ဆောလျင်စွာ စုန်ခြင်းကို မပြုမူ၍

- ၁၀-စင်းသော တက်,
- အစင်း ၂၀-သော တက်,
- အစင်း ၃၀-သော တက်,
- အစင်း ၄၀-သော တက်–

တို့ဖြင့် အပြင်းခတ်ပုတ်၍ မြစ်ညာရေအလျဉ်သို့ ဆောလျင်စွာ ဆန်သော လှေတို့ကဲ့သို့ ထိုအတူ–

- ၁၀-ပါးသော ကုသိုလ်သုစရိုက်,
- ၂၀-သော ကုသိုလ် သုစရိုက်,
- ၃၀-သော ကုသိုလ်သုစရိုက်,
- ၄၀-သော ကုသိုလ်သုစရိုက်တရား

တို့ဖြင့် ဖြည့်ကုန်, ကျင့်ကုန်၍ ထိုကုသိုလ်သုစရိုက်တရားတို့ဖြင့် ဝဋ်ဆင်းရဲ ရေအလျဉ်ကို ဆောလျင်စွာ ဆန်ကုန်၍ နိဗ္ဗာန်-တည်းဟူသော ကမ်းတစ်ဘက်သို့ ရောက်စေခြင်းငှာ ဣရိယာပုထ် ၄-ပါးတို့၌ မနားမနေ ပြည့်စုံအောင် အားထုတ်ကုန်ရာသည်။

ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (ဒသင်္ဂုတ္တိုရ်ပါဠိတော်၊ သာမညဝဂ်၊နှာ-၅၀၇-၅၁၂။ ပုဂ္ဂလပညတ်ပါဠိတော်၊နှာ-၁၂၄၊၁၂၈၊၁၄၃-၆။ အဋ္ဌကထာ၊နှာ-၇၁-၂-စသည်။)

## ဂမ္ဘီရတ္ထဒေသနာ၊ ပထမပိုင်း၊

## ဤတွင်ရွေ့ အလုံးစုံ ပြီး၏။

✪ ✪ ✪ ✪ ✪ ✪

# သီးလုံးဆရာတော်ဘုရားကြီး

# ဂမ္ဘီရတ္ထဒေသနာ

# ဒုတိယပိုင်း

## [ ၁ ] ဇာဏုဿောဏိဝတ္ထုတရား

အနုတ္တရ ဓမ္မရာဇာ သမ္မာသမ္ဗုဒ္ဓအစစ် ၃၁-ဘုံတွင် တစ်ဆုံတစ်ယောက်သော နတ်၊ လူတို့နှင့် နှိုင်းယှဉ်စရာ ဥပမာမရ မြတ်တော်မူသော ဘုရားသခင်သည် သာဝတ္ထိပြည်ကြီးကို ဆွမ်းခံရွာအမှီပြု၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ ပသေနဒိကောသလမင်းကြီး၏ အမတ်ပုရောဟိတ်ဖြစ်သော ဇာဏုဿောဏိ အမည်ရှိသော ပုဏ္ဏားသည် ထိုဥပုသ်နေ့၌ ဦးခေါင်းနှင့်တကွ ရေချိုး၍ ခေါမတိုင်းမှဖြစ်သော အသစ်သောပုဆိုးစုံကို ဝတ်၍ စိုသောသမန်းမြက်ဆုပ်ကို ကိုင်၍ ဘုရားသခင်၏အနီး တင့်အပ်လျောက်ပတ်သောအရပ်၌ ရပ်သည်ကို မြင်တော်မူ၍ ဇာဏုဿောဏိပုဏ္ဏားကို ဤသို့ မေးတော်မူ၏။

"ဇာဏုဿောဏိအမည်ရှိသော ပုဏ္ဏား၊ အဘယ်ကြောင့် သင်သည် ထိုဥပုသ်နေ့၌ ဦးခေါင်းနှင့်တကွ ရေချိုး၍ ခေါမတိုင်းမှဖြစ်သော အသစ်သောပုဆိုးစုံကို ဝတ်၍ စိုသော သမန်းမြက်ဆုပ်ကို ကိုင်၍ ရပ်သနည်း"ဟု အမေးတော်ရှိသည်။ ထိုအခါ ဇာဏုဿောဏိ ပုဏ္ဏားသည် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော အရှင်ဂေါတမ၊ ပုဏ္ဏားမျိုးဖြစ်သော ပုဏ္ဏားတို့သည် မကောင်းမှုကို ဆေးလျှော်ပါကုန်သည်"ဟု နားတော်လျှောက်၏။

"ဇာဏုသောဏိအမည်ရှိသော ပုဏ္ဏား၊ ပုဏ္ဏားမျိုး၌ ပုဏ္ဏားတို့သည် အဘယ်သို့ မကောင်းမှုကို ဆေးလျှော်ကြသနည်း"ဟု အမေးတော်ရှိသည်။ "ဘုန်းတော်အလွန်ကြီးမြတ်တော်မူပေသော အရှင်ဂေါတမ၊ ဤလောက၌ ထိုဥပုသ်နေ့၌ ဦးခေါင်းနှင့်တကွ ရေချိုးပြီးသော် ခေါမတိုင်းမှဖြစ်သော အသစ်သောပုဆိုးစုံတို့ကို ဝတ်ရုံပြီးသော် ပုဏ္ဏားတို့အား စိုစွတ်သော နွားချေးဖြင့် မြေအပြင်ကို လိမ်းကျံပြီးသော် စိုစွတ်သော သမန်းမြက်တို့ဖြင့် ခန်းတိုက်တံခါးဝတို့၏ အလယ်၌ ခင်း၍ အိပ်ခြင်းကို ပြု၏။ ထိုပုဏ္ဏားတို့သည် ထိုညဥ့်၌ ၃-ကြိမ်ထ၍ လက်အုပ်ချီကုန်လျက် 'အရှင်ဘုရားအား ရှိသေစွာ ရှိခိုးပါကုန်၏။ အရှင်ဘုရားအား ရှိသေစွာ ရှိခိုးပါကုန်၏'ဟု ဆိုကုန်၍ မီးကို ရှိခိုးကုန်၏။ များစွာသော ဆီ,ထောပတ်, ဆီဦးတို့ဖြင့် သွန်းလောင်း၍ ပူဇော်ရောင့်ရဲခြင်းကို ဖြစ်စေကုန်၏။ ထိုညဥ့်ကို လွန်သဖြင့် မွန်မြတ်သော များစွာသော ခဲဖွယ်ဘောဇဉ်ဖြင့် ပုဏ္ဏားတို့ကို ရောင့်ရဲစေ၍ ပူဇော်လုပ်ကျွေးကုန်၏။ ဤသို့လျှင် ပုဏ္ဏားတို့သည် မကောင်းမှုကို ဆေးလျှော်ပါကုန်သည် အရှင်ဂေါတမ" ဟု နားတော်လျှောက်၏။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် "ဇာဏုသောဏိအမည်ရှိသော ပုဏ္ဏား၊ ပုဏ္ဏားတို့၏ မကောင်းမှုမှ ဆေးလျှော်ခြင်းလည်း တပါး၊ ငါဘုရား၏ သာသနာတော်၌ မကောင်းမှုမှ ဆေးလျှော်ခြင်းလည်း တခြား ဖြစ်၏"ဟု မိန့်တော်မူ၏။ "ဘုန်းတော်အလွန်ကြီးမြတ်တော်မူပေသော အရှင်ဂေါတမ၊ မြတ်စွာဘုရား၏ သာသနာတော်၌ အဘယ်သို့ မကောင်းမှုကို ဆေးလျှော်ပေသနည်း။ ထိုဆေးလျှော်သော အခြင်းအရာကို ဟောတော်မူပါ" ဟု နားတော်လျှောက်၏။ ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည်—

> **ဣဓ ဗြာဟ္မဏ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ "ပါဏာတိပါတဿ ခေါ ပါပကော ဝိပါကော ဒိဋ္ဌေ စေဝ ဓမ္မေ အဘိသမ္ပရာယဉ္စာ"တိ။ သော ဣတိ ပဋိသင်္ခါယ ပါဏာတိပါတံ ပဇဟတိ၊ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "ဇာဏုသောဏိ အမည်ရှိသော ပုဏ္ဏား၊ ဤငါဘုရားသာသနာတော်၌ ငါဘုရား၏စကားကို နားထောင်၍ ကျင့်လေ့ရှိသောသူသည်—

**၁။ ကြဉ်ရှောင်အပ်သော အကုသိုလ်ဒုစရိုက်တရား ၁၀-ပါး**

၁။ '**ပါဏာတိပါတ**မည်သည်ကား ပစ္စုပ္ပန်လောက၌လည်းကောင်း, တမလွန်လောက၌ လည်းကောင်း မကောင်း**သောအကျိုး**ကို ပေးတတ်၏'-ဟု အသင့်အားဖြင့် ဆင်ခြင်၍

ပါဏာတိပါတ မကောင်းမှု ဒုစရိုက်တရားတို့ကို စွန့်၏။ ပါဏာတိပါတမှ ကြဉ်ရှောင်ခြင်း, ဆေးလျှော်ခြင်းကို ပြု၏။

၂။ '**အဒိန္နာဒါန်**မည်သည်ကား ပစ္စုပ္ပန်လောက, တမလွန်လောက၌ မကောင်းသော အကျိုးကို ပေးတတ်၏'-ဟု အသင့်အားဖြင့် ဆင်ခြင်၍ သူ့ဥစ္စာကို ခိုးယူခြင်းတည်း-ဟူသော အကုသိုလ်ဒုစရိုက်ကို စွန့်၏။ အဒိန္နာဒါန်မှ ကြဉ်ရှောင်ခြင်း, ဆေးလျှော်ခြင်းကို ပြု၏။

၃။ '**ကာမေသု မိစ္ဆာစာရ**မည်သည်ကား ပစ္စုပ္ပန်လောက, တမလွန်လောက၌ မကောင်းသောအကျိုးကို ပေးတတ်၏'-ဟု အသင့်အားဖြင့် ဆင်ခြင်၍ ကာမေသု မိစ္ဆာစာရတည်း-ဟူသော အကုသိုလ်ဒုစရိုက်တရားကို စွန့်၏။ ကာမေသု မိစ္ဆာစာရမှ ကြဉ်ရှောင်ခြင်း, ဆေးလျှော်ခြင်းကို ပြု၏။

၄။ '**မုသာဝါဒ**မည်သည်ကား ပစ္စုပ္ပန်လောက, တမလွန်လောက၌ မကောင်းသော အကျိုးကို ပေးတတ်၏'-ဟု အသင့်အားဖြင့် ဆင်ခြင်၍ မုသာဝါဒ အကုသိုလ်ဒုစရိုက်တရားကို စွန့်၏။ မုသာဝါဒ အကုသိုလ်ဒုစရိုက်တရားမှ ကြဉ်ရှောင်ခြင်း, ဆေးလျှော်ခြင်းကို ပြု၏။

၅။ '**ပိသုဏာဝါစာ**မည်သည်ကား ပစ္စုပ္ပန်လောက, တမလွန်လောက၌ မကောင်းသော အကျိုးကို ပေးတတ်၏"ဟု အသင့်အားဖြင့် ဆင်ခြင်၍ ပိသုဏာဝါစာ-ဟူသော အကုသိုလ် ဒုစရိုက်တရားကို စွန့်၏။ ပိသုဏာဝါစာ-ဟူသော အကုသိုလ်ဒုစရိုက်တရားမှ ကြဉ်ရှောင်ခြင်း, ဆေးလျှော်ခြင်းကို ပြု၏။

၆။ '**ဖရုသဝါစာ**မည်သည်ကား ပစ္စုပ္ပန်လောက, တမလွန်လောက၌ မကောင်းသော အကျိုးကို ပေးတတ်၏'-ဟု အသင့်အားဖြင့် ဆင်ခြင်၍ ဖရုသဝါစာ-ဟူသော အကုသိုလ်ဒုစရိုက်တရားမှ ကြဉ်ရှောင်ခြင်း, ဆေးလျှော်ခြင်းကို ပြု၏။

၇။ '**သမ္ဖပ္ပလာပ**မည်သည်ကား ပစ္စုပ္ပန်လောက, တမလွန်လောက၌ မကောင်းသော အကျိုးကို ပေးတတ်၏'-ဟု အသင့်အားဖြင့် ဆင်ခြင်၍ သမ္ဖပ္ပလာပ-ဟု ဆိုအပ်သော အကုသိုလ်ဒုစရိုက်တရားကို စွန့်၏။ သမ္ဖပ္ပလာပတည်းဟူသော အကုသိုလ်ဒုစရိုက် တရားမှ ကြဉ်ရှောင်ခြင်း, ဆေးလျှော်ခြင်းကို ပြု၏။

၈။ '**အဘိဇ္ဈာ**မည်သည်ကား ပစ္စုပ္ပန်လောက, တမလွန်လောက၌ မကောင်းသော အကျိုးကို ပေးတတ်၏'-ဟု အသင့်အားဖြင့် ဆင်ခြင်၍ အဘိဇ္ဈာ-ဟု ဆိုအပ်သော

အကုသိုလ် ဒုစရိုက်တရားကို စွန့်၏။ အဘိဇ္ဈာ-ဟူသော အကုသိုလ်ဒုစရိုက်တရားမှ ကြဉ်ရှောင်ခြင်း, ဆေးလျှော်ခြင်းကို ပြု၏။

၉။ 'ဗျာပါဒမည်သည်ကား ပစ္စုပ္ပန်လောက, တမလွန်လောက၌ မကောင်းသော အကျိုးကို ပေးတတ်၏'-ဟု အသင့်အားဖြင့် ဆင်ခြင်၍ ဗျာပါဒ-ဟု ဆိုအပ်သော အကုသိုလ် ဒုစရိုက်တရားကို စွန့်၏။ ဗျာပါဒ-ဟု ဆိုအပ်သော အကုသိုလ်ဒုစရိုက်တရားမှ ကြဉ်ရှောင်ခြင်း, ဆေးလျှော်ခြင်းကို ပြု၏။

၁၀။ 'မိစ္ဆာဒိဋ္ဌိမည်သည်ကား ပစ္စုပ္ပန်လောက, တမလွန်လောက၌ မကောင်းသော အကျိုးကို ပေးတတ်၏'-ဟု အသင့်အားဖြင့် ဆင်ခြင်၍ မိစ္ဆာဒိဋ္ဌိတည်းဟူသော အကုသိုလ် ဒုစရိုက်တရားကို စွန့်၏။ မိစ္ဆာဒိဋ္ဌိတည်းဟူသော အကုသိုလ်ဒုစရိုက်တရားမှ ကြဉ်ရှောင်ခြင်း, ဆေးလျှော်ခြင်းကို ပြု၏။

ဤသို့လျှင် ငါဘုရားသာသနာတော်၌ အရိယာသာဝကသည် အကုသိုလ်ဒုစရိုက်တရားကို ဆေးလျှော်၏"ဟု ဟောတော်မူသည်။

ထိုအခါ ဇာဏုသောဏိပုဏ္ဏားသည် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူပေသော အရှင်ဂေါတမ၊ အရိယာတို့၏ မကောင်းမှုမှ ဆေးလျှော်ခြင်းတို့သည်လည်း တပါး၊ ပုဏ္ဏားတို့၏ မကောင်းမှုမှ ဆေးလျှော်ခြင်းလည်း တခြားပင် မှန်လှပေသည်။ ပုဏ္ဏားတို့၏ မကောင်းမှုမှ ဆေးလျှော်ခြင်းသည် ဘုရားအဆုံးအမတော်ဖြစ်သော သာသနာတော်၌ အရိယာ-သာဝကတို့၏ မကောင်းမှုမှ ဆေးလျှော်ခြင်းကို ၁၆-စိတ် စိတ်၍ ၁-စိတ်ကိုမျှ မမီနိုင်"ဟု အလွန်တရာ နှစ်သက်လှသည်ဖြစ်၍ **"အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါတမ"**။

"ဘော ဂေါတမ၊ အရှင်ဂေါတမ။ အဘိက္ကန္တံ၊ အလွန်နှစ်လိုဖွယ်ရှိပေစွတကား။ အရှင်ဂေါတမ ဟောတော်မူသောကြောင့် သိရပေသည် အရှင်ဂေါတမ။

အောက်သို့ မျက်နှာပြု၍ ထားသောအိုးကို အထက်သို့ မျက်နှာပြု၍ ထားဘိသကဲ့သို့လည်းကောင်း၊ မြက်, သစ်ရွက်-အစရှိသည်ဖြင့် ဖုံးလွှမ်း၍ထားသော ဝတ္ထုကို မြက်,သစ်ရွက်-အစရှိသည်ကို ဖွင့်လှစ်၍ ပြဘိသကဲ့သို့လည်းကောင်း၊ ခရီးမှားသောသူကို ဤသည်ကား လမ်းခရီးဖြစ်သည်-ဟု ကြားဘိသကဲ့သို့လည်းကောင်း၊ မှောင်မိုက်သောအခါ ဆီမီးတန်ဆောင်ကို ထွန်းညှိ၍ ပြဘိသကဲ့သို့လည်းကောင်း၊ ကမ္ဗလာပေါ်၌ ပတ္တမြားစစ်ကို တင်၍ ထားသည်ရှိသော် စက္ခုအမြင်နှင့် ပြည့်စုံသောသူတို့သည် ထင်ထင်ဟပ်ဟပ် မြင်ကုန်ဘိသကဲ့သို့လည်းကောင်း များစွာသော အကြောင်းအားဖြင့် အရှင်ဂေါတမ ဟောတော်မူသောကြောင့် သိရပေသည် အရှင်ဂေါတမ။

ထို့ကြောင့် အရှင်ဂေါတမကို ကိုးကွယ်ခြင်းသို့ ရောက်ပါ၏။ အရှင်ဂေါတမ ဟောတော်မူသော တရားတော်ကို ကိုးကွယ်ခြင်းသို့ ရောက်ပါ၏။ အရှင်ဂေါတမ တပည့်သံဃာကို ကိုးကွယ်ခြင်းသို့ ရောက်ပါ၏။ ယနေ့ကို အစပြု၍ အကျွန်ုပ်ကို အသက်ရှိသရွေ့ ကာလပတ်လုံး ရတနာ ၃-ပါးကို ကိုးကွယ်ရာ-ဟု သိခြင်းသို့ ရောက်သော ဒါယကာ-ဟူ၍ မှတ်တော်မူပါ"ဟု ဥပါသကာအဖြစ်ကို ကြားသောအားဖြင့် လျှောက်ထားလေ၏။

ထို့ကြောင့် အကုသိုလ်ဒုစရိုက်တို့မှ ကြဉ်ရှောင်ဆေးလျှော်ခြင်းကို အလိုရှိကုန်သော သူတော်ကောင်းတို့သည် သုစရိုက် ၁၀-ပါးတည်းဟူသော, ကြည်လင်လှစွာသော, ကုသိုလ်တရားတည်းဟူသော ရေဖြင့် စင်ကြယ်စွာ ဆေးလျှော်ကုန်ရာသည်။

## ၂။ အကုသိုလ်တရား ၁၀-ပါး၏ အမည်အမျိုးမျိုး

ထိုဆိုအပ်ခဲ့ပြီးသော အကုသိုလ်တရား ၁၀-ပါးတို့သည်–

- **ဒုစရိတဓမ္မ** မည်ကုန်၏။
- **ဩရိမတီရ**၊ ဤမှာဘက်ကမ်းလည်း မည်ကုန်၏။
- **ကဏှဓမ္မ**၊ မည်းသော တရားလည်း မည်ကုန်၏။
- **အဓမ္မ**၊ ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သော တရားလည်း မည်ကုန်၏။
- **အနတ္ထဓမ္မ**၊ အကျိုးမဲ့ကို ဖြစ်စေတတ်သော တရားလည်း မည်ကုန်၏။
- **အဟိတဓမ္မ**၊ အကျိုးစီးပွါးမရှိသော တရားလည်း မည်ကုန်၏။
- **သပရိက္ကမနဓမ္မ**၊ ကုသိုလ်တည်းဟူသော ဖဲရာရှိသော တရားလည်း မည်ကုန်၏။
- **အသောစေယျဓမ္မ**၊ မစင်ကြယ်သော တရားလည်း မည်ကုန်၏။
- **အနရိယမဂ္ဂ**၊ ပုထုဇဉ် သူယုတ်မာတို့၏ အပါယ် ၄-ပါးသို့ လားကြောင်း ခရီးလည်း မည်ကုန်၏။
- **ကဏှမဂ္ဂ**၊ မည်းညစ်သော ခရီးလည်း မည်ကုန်၏။
- **အသဒ္ဓမ္မ**၊ မသူတော်တို့၏တရားလည်း မည်ကုန်၏။
- **အသပ္ပုရိသဓမ္မ**၊ ပုထုဇဉ် သူယုတ်မာတို့၏ တရားလည်း မည်ကုန်၏။
- **အနုပ္ပါဒေတဗ္ဗဓမ္မ**၊ မဖြစ်စေအပ်သော တရားလည်း မည်ကုန်၏။
- **အသေဝိတဗ္ဗဓမ္မ**၊ မမှီဝဲအပ်သော တရားလည်း မည်ကုန်၏။
- **အဘာဇိတဗ္ဗဓမ္မ**၊ မဆည်းကပ်အပ်သော တရားလည်း မည်ကုန်၏။
- **အဘာဝေတဗ္ဗဓမ္မ**၊ မပွါးစေအပ်သော တရားလည်း မည်ကုန်၏။

- **အဗဟုလီကာတဗ္ဗဓမ္မ**၊ အကြိမ်များစွာ မလေ့လာအပ်သော တရားလည်း မည်ကုန်၏။
- **နာနုဿရိတဗ္ဗဓမ္မ**၊ ၁-ကြိမ်တဖန် တရံတဆစ်မျှ မအောက်မေ့အပ်သော တရားလည်း မည်ကုန်၏။
- **န သစ္ဆိကာတဗ္ဗဓမ္မ**၊ မရှုအပ်သော တရားလည်း မည်ကုန်၏။
- **နိက္ခိတ္တဓမ္မ**၊ အပါယ် ၄-ပါးသို့ ကျကြောင်းဖြစ်သော တရားလည်း မည်ကုန်၏။
- **အနုပစိတဓမ္မ**၊ မဆည်းပူးအပ်သော တရားလည်း မည်ကုန်၏။
- **သာဝဇ္ဇဓမ္မ**၊ ကြီးမားစွာသော အပြစ်နှင့် တကွဖြစ်သော တရားလည်း မည်ကုန်၏။
- **ဒုက္ခဝိပါကဓမ္မ**၊ မကောင်းသော အကျိုး-ဟူသမျှကို ပေါင်းရုံးသိမ်းဆည်း၍ ပေးတတ်သော တရားလည်း မည်ကုန်၏။

ထို့ကြောင့် အလုံးစုံသော အကုသိုလ်ဒုစရိုက်တရားတို့မှ ကြဉ်ရှောင်ကုန်ရာ၏။

## ၃။ ကုသိုလ်တရား ၁၀-ပါး၏အမည်အမျိုးမျိုး

ထိုဆိုအပ်ခဲ့ပြီးသော ကုသိုလ်တရား ၁၀-ပါးတို့သည်—

- **သုစရိတဓမ္မ**၊ ကျင့်အပ်သော တရားလည်း မည်ကုန်၏။
- **ပါရိမတီရ**၊ ထိုမှာဘက်ကမ်းလည်း မည်ကုန်၏။
- **အတ္ထဓမ္မ**၊ ကောင်းကျိုးအပေါင်းကို ဖြစ်စေတတ်သော တရားလည်း မည်ကုန်၏။
- **ဟိတဓမ္မ**၊ အစီးအပွါးကို ဖြစ်စေတတ်သော တရားလည်း မည်ကုန်၏။
- **ပရိက္ကမနဓမ္မ**၊ အကုသိုလ်တရားတို့မှ ဖဲကြောင်းဖြစ်သော တရားလည်း မည်ကုန်၏။
- **သောစေယျဓမ္မ**၊ အကုသိုလ်တရားတို့ကို စင်ကြယ်စေတတ်သော တရားလည်း မည်ကုန်၏။
- **အရိယမဂ္ဂ**၊ အရိယာတို့၏ လူ,နတ်,နိဗ္ဗာန်၊ ၃-တန်သော အရပ်ဌာနသို့ သွားကြောင်းခရီးလည်း မည်ကုန်၏။
- **သုက္ကမဂ္ဂ**၊ ဖြူစင်သောခရီးလည်း မည်ကုန်၏။
- **သဒ္ဓမ္မ**၊ သူတော်ကောင်းတို့၏ တရားလည်း မည်ကုန်၏။
- **သပ္ပုရိသဓမ္မ**၊ ဘုရား-အစရှိသော သပ္ပုရိသတို့၏ တရားလည်း မည်ကုန်၏။

- ဥပ္ပါဒေတဗ္ဗဓမ္မ၊ အဖန်တလဲလဲ ဖြစ်စေအပ်သော တရားလည်း မည်ကုန်၏။
- သေဝိတဗ္ဗဓမ္မ၊ မှီဝဲအပ်သော တရားလည်း မည်ကုန်၏။
- ဘဇိတဗ္ဗဓမ္မ၊ ဆည်းကပ်အပ်သော တရားလည်း မည်ကုန်၏။
- ဘာဝေတဗ္ဗဓမ္မ၊ ပွါးစေအပ်သော တရားလည်း မည်ကုန်၏။
- ဗဟုလီကာတဗ္ဗဓမ္မ၊ အကြိမ်များစွာ လေ့လာအပ်သော တရားလည်း မည်ကုန်၏။
- အနုဿရိတဗ္ဗဓမ္မ၊ အကြိမ်များစွာ အောက်မေ့အပ်သော တရားလည်း မည်ကုန်၏။
- သစ္ဆိကာတဗ္ဗဓမ္မ၊ အကြိမ်များစွာ ရှုအပ်သော တရားလည်း မည်ကုန်၏။
- အနိက္ခိတ္တဓမ္မ၊ အပါယ်သို့ မကျစေတတ်, နတ်,ရွာ,နိဗ္ဗာန်သို့ ရောက်စေတတ်သော တရားလည်း မည်ကုန်၏။
- ဥပစိတဓမ္မ၊ အကြိမ်များစွာ လေ့လာဆည်းပူးအပ်သော တရားလည်း မည်ကုန်၏။
- အနဝဇ္ဇဓမ္မ၊ အပြစ်မရှိသော တရားလည်း မည်ကုန်၏။
- သုခဝိပါကဓမ္မ၊ ချမ်းသာသော အကျိုးရှိသော တရားလည်း မည်ကုန်၏။

ထို့ကြောင့် အလုံးစုံသော ကုသိုလ်တရားတို့ကို လွန်စွာပွါးများအောင် အားထုတ်ကုန်ရာသည်။ ဤသည်ကား သုတ္တန်ဒေသနာတည်း။ (ဒသင်္ဂုတ္တရပါဠိတော်။ ၄င်းအဋ္ဌကထာ။ မြာဟ္မဏပစ္စောရောဟဏီသုတ်၊နှာ-၄၅၉။)

★ ★ ★ ★ ★ ★ ★

## [ ၂ ] နိဇ္ဇရဝတ္ထု ၁၀-ပါးတရား

အလုံးစုံသော တရားအပေါင်းကို အကြွင်းမရှိ သိမြင်တော်မူသော ဘုရားသခင်သည် ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်, ဝိနည်း, အဘိဓမ္မာ-ဟူ၍ ၃-ပါး အပြားရှိ၏။ ထို ၃-ပါးတို့တွင် သုတ္တန်နည်းအားဖြင့် ဟောတော်မူလိုသည်ဖြစ်၍–

> ဒသယိ'မာနိ ဘိက္ခဝေ နိဇ္ဇရဝတ္ထူနိ။ ကတမာနိ ဒသ? သမ္မာဒိဋ္ဌိကဿ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ နိဇ္ဇိဏ္ဏာ ဟောတိ၊ ယေ စ မိစ္ဆာဒိဋ္ဌိပစ္စယာ အနေကေ ပါပကာ အကုသလာ ဓမ္မာ သမ္ဘဝန္တိ၊ တေ စ'ဿ နိဇ္ဇိဏ္ဏာ ဟောန္တိ။ သမ္မာဒိဋ္ဌိပစ္စယာ စ အနေကေ ကုသလာ ဓမ္မာ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ။ (အံ၊၃။၄၃၀)

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ နိဒ္ဒရဝတ္ထူနိ၊ ကင်းခြင်း, ပျောက်ခြင်း၏အကြောင်း ဖြစ်ကုန်သော တရားတို့သည်။ ဣမာနိ ဒသ၊ ဤ ၁၀-ပါးတို့တည်း။ ဒသ၊ ၁၀-ပါးတို့ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာဒိဋ္ဌိကဿ၊ သမ္မာ-ဒိဋ္ဌိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိသည်။ နိဇ္ဇိဏ္ဏာ၊ ကင်းခြင်း,ပျောက်ခြင်းသို့ ရောက်သည်။ ဟောတိ၊ ဖြစ်၏။ မိစ္ဆာဒိဋ္ဌိပစ္စယာ၊ မိစ္ဆာဒိဋ္ဌိ-ဟူသော အကြောင်းကြောင့်။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ အနေကေ၊ များစွာကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ ယေ စ အကုသလာ ဓမ္မာ၊ အကြင်အကုသိုလ်တရားတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ တေ စ အကုသလာ ဓမ္မာ၊ ထိုအကုသိုလ်တရားတို့သည်။ နိဇ္ဇိဏ္ဏာ၊ ကင်းခြင်း,ပျောက်ခြင်းသို့ ရောက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သမ္မာဒိဋ္ဌိပစ္စယာ စ၊ သမ္မာဒိဋ္ဌိ-ဟူသော အကြောင်းကြောင့်လည်း။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ အနေကေ၊ များစွာကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ဘာဝနာပါရိပူရိံ၊ ပွါးခြင်း,ပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သားတို့၊ အကုသိုလ်တရားတို့ကို ကင်းခြင်း,ပျောက်ခြင်းသို့ ရောက်စေတတ်ကုန်သော တရားတို့သည် ၁၀-ပါးတို့တည်း။ ၁၀-ပါးတို့ဟူသည် အဘယ်သည်တို့နည်းဟူမူကား ငါ၏ချစ်သားတို့၊ **ဗာဟိရကသမ္မာဒိဋ္ဌိ, သာသနိကသမ္မာဒိဋ္ဌိ, ကမ္မဿကတာသမ္မာဒိဋ္ဌိ, ဝိပဿနာသမ္မာဒိဋ္ဌိ, ဈာနသမ္မာဒိဋ္ဌိ, မဂ္ဂသမ္မာဒိဋ္ဌိ, ဖလသမ္မာဒိဋ္ဌိ, ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ**-ဟု ဆိုအပ်သော ထိုသမ္မာဒိဋ္ဌိတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်အား ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့သည် ကင်းခြင်းသို့ ရောက်လေကုန်၏။ မိစ္ဆာဒိဋ္ဌိ-ဟူသော အကြောင်းကြောင့် ဖြစ်ကုန်သော များစွာကုန်သော အကုသိုလ်တရားအပေါင်းတို့သည် ကင်းခြင်း,ချုပ်ခြင်းသို့ ရောက်ကုန်၏။ သမ္မာဒိဋ္ဌိ-ဟူသော အကြောင်းကြောင့် ဖြစ်ကုန်သော များစွာသော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏။ ထိုသမ္မာဒိဋ္ဌိအပေါင်းတို့တွင်—

## ၁။ သမ္မာဒိဋ္ဌိ ၈-ပါး

၁။ **ဗာဟိရကသမ္မာဒိဋ္ဌိ**-ဟူသည် အဘယ်နည်းဟူမူကား အလှူပေးလျှင် အကျိုးရှိ၏။ သီလဆောက်တည်လျှင် အကျိုးရှိ၏။ ကုသိုလ်ကံ၏ အကျိုးရှိ၏။ အကုသိုလ်ကံ၏ အပြစ်ရှိ၏။ အမိကို လုပ်ကျွေးလျှင် အကျိုးရှိ၏။ အဘကို လုပ်ကျွေးလျှင် အကျိုးရှိ၏-အစရှိသော အစွမ်းအားဖြင့်ဖြစ်သော ၁၀-ပါးသော ဒသဝတ္ထုက သမ္မာဒိဋ္ဌိသည် သာသနာတော် ပသောအခါ ဈာန်ရ-ရသေ့တို့သည်လည်းကောင်း၊ ပညာရှိသော ဘုရားလောင်းတို့သည်လည်းကောင်း၊ နတ်, သိကြား, ဗြဟ္မာတို့သည်လည်းကောင်း၊

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည်လည်းကောင်း ဟောပြောပြသ ဆုံးမသော ကြောင့် လူတို့သည် သိကြကုန်၏။ သာသနာတော်ပသောအခါ၌ ဖြစ်သောကြောင့် **ဗာဟိရကသမ္မာဒိဋ္ဌိ** မည်၏။

၂။ ထိုသမ္မာဒိဋ္ဌိသည် ကံသာလျှင် အကြောင်းရင်း, ကံသာလျှင် မိမိဥစ္စာ-ဟု အယူရှိသောသူတို့အား ဖြစ်သောကြောင့် **ကမ္မဿကတာသမ္မာဒိဋ္ဌိ**လည်း မည်၏။

၃။ သာသနာတော်တွင်း၌ နေ့ညဉ့်မဆို မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရလတ္တံ့သည်-ဟု ယုံကြည်၍ အားထုတ်သောသူတို့အားဖြစ်သော သမ္မာဒိဋ္ဌိသည် **သာသနိကသမ္မာဒိဋ္ဌိ** မည်၏။

၄။ ဝိပဿနာဉာဏ် ၁၀-ပါးသည် **ဝိပဿနာသမ္မာဒိဋ္ဌိ** မည်၏။

၅။ မဟဂ္ဂုတ်စျာန် ၉-ပါးနှင့်ယှဉ်သော ဉာဏ်ပညာသည် **ဈာနသမ္မာဒိဋ္ဌိ** မည်၏။

၆။ မဂ်နှင့်ယှဉ်သော ပညာသည် **မဂ္ဂသမ္မာဒိဋ္ဌိ** မည်၏။

၇။ ဖိုလ်နှင့်ယှဉ်သော ပညာသည် **ဖလသမ္မာဒိဋ္ဌိ** မည်၏။

၈။ မဟဂ္ဂုတ်စျာန် ၉-ပါးကို ဆင်ခြင်သော ပညာသည်လည်းကောင်း၊ ပယ်ပြီးသော ကိလေသာ, ကြွင်းသော ကိလေသာ, မဂ်,ဖိုလ်,နိဗ္ဗာန်ကို ဆင်ခြင်သော ပညာသည်လည်းကောင်း **ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ** မည်၏။

ငါ၏ချစ်သားတို့၊

**သမ္မာသင်္ကပ္ပနှင့်** ပြည့်စုံသောသူအား မိစ္ဆာသင်္ကပ္ပသည် ကင်းခြင်း, ပျောက်ခြင်းသို့ ရောက်၏။ ။ မိစ္ဆာသင်္ကပ္ပ-ဟူသော အကြောင်းကြောင့် ဖြစ်ကုန်သော များစွာကုန်သော အကုသိုလ်တရားအပေါင်းတို့သည်လည်း ကင်းခြင်း,ချုပ်ခြင်းသို့ ရောက်ကုန်၏။ ။ သမ္မာ-သင်္ကပ္ပ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏။

**သမ္မာဝါစာနှင့်** ပြည့်စုံသော ပုဂ္ဂိုလ်အား မိစ္ဆာဝါစာသည် ကင်းခြင်း, ပျောက်ခြင်းသို့ ရောက်၏။ ။ မိစ္ဆာဝါစာ-ဟူသော အကြောင်းကြောင့် ဖြစ်ကုန်သော များစွာကုန်သော အကုသိုလ်တရားတို့သည်လည်း ကင်းခြင်း,ပျောက်ခြင်းသို့ ရောက်ကုန်၏။ ။ သမ္မာဝါစာ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးခြင်း, ပြည့်စုံခြင်းသို့ ရောက်ကုန်၏။

**သမ္မာကမ္မန္တနှင့်** ပြည့်စုံသောသူအား မိစ္ဆာကမ္မန္တသည် ကင်းခြင်း,ပျောက်ခြင်းသို့ ရောက်၏။ ။ မိစ္ဆာကမ္မန္တ-ဟူသော အကြောင်းကြောင့် ဖြစ်ကုန်သော များစွာကုန်သော

အကုသိုလ်တရားတို့သည်လည်း ကင်းခြင်း,ပျောက်ခြင်းသို့ ရောက်ကုန်၏။ ။ သမ္မာကမ္မန္တ-ဟူသော အကြောင်းကြောင့် ဖြစ်ကုန်သော များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးခြင်း,ပြည့်စုံခြင်းသို့ ရောက်ကုန်၏။

**သမ္မာအာဇီဝနှင့်** ပြည့်စုံသောသူအား မိစ္ဆာအာဇီဝသည် ကင်းခြင်း,ပျောက်ခြင်းသို့ ရောက်၏။ ။ မိစ္ဆာအာဇီဝ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာကုန်သော အကုသိုလ်တရားတို့သည် ကင်းခြင်း,ပျောက်ခြင်းသို့ ရောက်ကုန်၏။ ။ သမ္မာအာဇီဝ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာသော ကုသိုလ်တရားတို့သည် ပွါးခြင်း, ပြည့်စုံခြင်းသို့ ရောက်ကုန်၏။

**သမ္မာဝါယာမနှင့်** ပြည့်စုံသောသူအား မိစ္ဆာဝါယာမသည် ကင်းခြင်း,ပျောက်ခြင်းသို့ ရောက်၏။ ။ မိစ္ဆာဝါယာမ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာသော အကုသိုလ်တရားတို့သည် ကင်းခြင်း,ပျောက်ခြင်းသို့ ရောက်ကုန်၏။ ။ သမ္မာဝါယာမ-ဟူသော အကြောင်းကြောင့် ဖြစ်ကုန်သော များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးခြင်း, ပြည့်စုံခြင်းသို့ ရောက်ကုန်၏။

**သမ္မာသတိနှင့်** ပြည့်စုံသောသူအား မိစ္ဆာသတိသည် ကင်းခြင်း,ပျောက်ခြင်းသို့ ရောက်၏။ ။ မိစ္ဆာသတိ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော အကုသိုလ်တရားတို့သည် ကင်းခြင်း,ပျောက်ခြင်းသို့ ရောက်ကုန်၏။ ။ သမ္မာသတိ-ဟူသော အကြောင်းကြောင့် ဖြစ်ကုန်သော များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးခြင်း,ပြည့်စုံခြင်းသို့ ရောက်ကုန်၏။

**သမ္မာသမာဓိနှင့်** ပြည့်စုံသောသူအား မိစ္ဆာသမာဓိသည် ကင်းခြင်း,ပျောက်ခြင်းသို့ ရောက်၏။ ။ မိစ္ဆာသမာဓိ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာကုန်သော အကုသိုလ်တရားတို့သည် ကင်းခြင်း,ပျောက်ခြင်းသို့ ရောက်ကုန်၏။ ။ သမ္မာသမာဓိ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးခြင်း, ပြည့်စုံခြင်းသို့ ရောက်ကုန်၏။

**သမ္မာဉာဏ်နှင့်** ပြည့်စုံသောသူအား မိစ္ဆာဉာဏ်သည် ကင်းခြင်း,ပျောက်ခြင်းသို့ ရောက်၏။ ။ မိစ္ဆာဉာဏ်-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာကုန်သော အကုသိုလ်တရားတို့သည် ကင်းခြင်း, ပျောက်ခြင်းသို့ ရောက်ကုန်၏ ။ သမ္မာဉာဏ်-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးခြင်း, ပြည့်စုံခြင်းသို့ ရောက်ကုန်၏။

**သမ္မာဝိမုတ္တိနှင့်** ပြည့်စုံသောသူအား မိစ္ဆာဝိမုတ္တိသည် ကင်းခြင်း,ပျောက်ခြင်းသို့ ရောက်၏။ ။ မိစ္ဆာဝိမုတ္တိ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာကုန်သော

အကုသိုလ်တရားတို့သည် ကင်းခြင်း,ပျောက်ခြင်းသို့ ရောက်ကုန်၏။ ။ သမ္မာဝိမုတ္တိ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးခြင်း, ပြည့်စုံခြင်းသို့ ရောက်ကုန်၏။

ဤသို့လျှင် မိစ္ဆာဒိဋ္ဌိ-အစရှိသော ၁၀-ပါးသော အကုသိုလ်တရားတို့ကိုလည်း ကောင်း၊ ထို ၁၀-ပါးသော အကုသိုလ်တရားတို့ကြောင့် ဖြစ်ကုန်သော များစွာသော အကုသိုလ်တရားတို့ကိုလည်းကောင်း၊ ကုန်ခြင်း,ပျောက်ခြင်းကို ဖြစ်စေတတ်သော သမ္မာဒိဋ္ဌိ-အစရှိသော ၁၀-ပါးသော ကုသိုလ်တရားတို့ကိုလည်းကောင်း၊ ထို ၁၀-ပါးသော ကုသိုလ်တရားတို့ကြောင့်ဖြစ်ကုန်သော များစွာသော ကုသိုလ်တရားတို့ကိုလည်းကောင်း **နိဇ္ဇရဝတ္ထု** မည်ကုန်၏-ဟု ဟောတော်မူသည်။

ထို့ကြောင့် မိစ္ဆာဒိဋ္ဌိ-အစရှိသော ၁၀-ပါးသော အကုသိုလ်တရားတို့မှလည်းကောင်း, ထို ၁၀-ပါးသော အကုသိုလ်တို့ကြောင့်ဖြစ်ကုန်သော အကုသိုလ်တရားတို့မှလည်းကောင်း ကင်းခြင်း,ပျောက်ခြင်းကို အလိုရှိကုန်သည်ဖြစ်အံ့။

## ၂။ နိဇ္ဇရဝတ္ထုတရား ၁၀-ပါး

| | | |
|---|---|---|
| ၁။ သမ္မာဒိဋ္ဌိ | ၂။ သမ္မာသင်္ကပ္ပ | ၃။ သမ္မာဝါစာ |
| ၄။ သမ္မာကမ္မန္တ | ၅။ သမ္မာအာဇီဝ | ၆။ သမ္မာဝါယာမ |
| ၇။ သမ္မာသတိ | ၈။ သမ္မာသမာဓိ | ၉။ သမ္မာဉာဏ |

၁၀။ သမ္မာဝိမုတ္တိ - တည်းဟူသော ၁၀-ပါးကုန်သော **နိဇ္ဇရဝတ္ထု**တရားတို့နှင့် ဣရိယာပုထ် ၄-ပါးတို့၌ ပြည့်စုံအောင် မနေမနား အားထုတ်ကုန်ရာသည်။ ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတည်း။ (ဒသင်္ဂုတ္တိုရ်ပါဠိတော်၊ ၎င်းအဋ္ဌကထာ)

★★★★★★★

## [ ၃ ] တောင့်တ၍ မရသော အကြောင်း ၅-ပါးတရား

အလုံးစုံသော တရားအပေါင်းတို့ကို အကြွင်းမရှိ သိမြင်တော်မူပြီးသော ဘုရားသခင်သည် တရံရောအခါ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသည်။ ထိုသို့နေတော်မူသောအခါ ပသေနဒိကောသလမင်းကြီးသည် စိုးရိမ်ပင်ပန်း ငိုမြည်တမ်းလျက် ဘုရားသခင်အထံတော်သို့ ရောက်လာသည်ကို အကြောင်းပြု၍ တောင့်တ၍ မရအပ်သော အကြောင်းတရား ၅-ပါးတို့ကို ဟောကြားတော်မူလိုသည်ဖြစ်၍ —

ပဉ္စိ'မာနိ မဟာရာဇ အလဗ္ဘနီယာနိ ဌာနာနိ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ။ ကတမာနိ ပဉ္စ? ဇရာဓမ္မံ 'မာ ဇရီ'တိ အလဗ္ဘနီယံ ဌာနံ။ ဗျာဓိဓမ္မံ 'မာ ဗျာဓိ'တိ အလဗ္ဘနီယံ ဌာနံ။ မရဏဓမ္မံ 'မာ မရီ'တိ အလဗ္ဘနီယံ ဌာနံ။ နဿနဓမ္မံ 'မာ နဿီ'တိ အလဗ္ဘနီယံ ဌာနံ။ ခယဓမ္မံ 'မာ ခီယီ'တိ အလဗ္ဘနီယံ ဌာနံ။ ဣမာနိ ခေါ ပဉ္စ မဟာရာဇ အလဗ္ဘနီယာနိ ဌာနာနိ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိန္တိ။

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (အံ၊၂။ကောသလသုတ်)

မဟာရာဇ မြတ်သောမင်းကြီး။ ပဉ္စ၊ ၅-ပါးကုန်သော။ ဣမာနိ ဌာနာနိ၊ ဤအကြောင်းတရားတို့ကို။ သမဏေန ဝါ၊ ရဟန်းသည်လည်းကောင်း။ ဗြာဟ္မဏေန ဝါ၊ ပုဏ္ဏားသည်လည်းကောင်း။ ဒေဝေန ဝါ၊ နတ်သည်လည်းကောင်း။ မာရေန ဝါ၊ မာရ်သည်လည်းကောင်း။ ဗြဟ္မုနာ ဝါ၊ ဗြဟ္မာသည်လည်းကောင်း။ လောကသ္မိံ၊ လောက၌။ ကေနစိ ဝါ၊ တစ်စုံတစ်ယောက်သောသူသည်လည်းကောင်း။ အလဗ္ဘနီယဌာနာနိ နာမ၊ တောင့်တ၍ မရအပ်သော အကြောင်းတရားတို့ မည်ကုန်၏-ဟူ၍။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။ ပဉ္စ၊ တောင့်တ၍ မရအပ်သော ၅-ပါးသော အကြောင်းတရားတို့-ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။

၁။ ဇရာဓမ္မံ၊ အိုခြင်းသဘောကို။ မာ ဇရီတိ၊ မအိုပါစေလင့်-ဟူ၍။ အလဗ္ဘနီယဌာနံ၊ တောင့်တ၍ မရအပ်သောအရာမည်၏။

၂။ ဗျာဓိဓမ္မံ၊ နာခြင်းသဘောတရားကို။ မာ ဗျာဓိတိ၊ မနာပါစေလင့်-ဟူ၍။ အလဗ္ဘနီယဌာနံ၊ တောင့်တ၍ မရအပ်သောအရာ မည်၏။

၃။ မရဏဓမ္မံ၊ သေခြင်းသဘောတရားကို။ မာ မရီတိ၊ မသေပါစေလင့်-ဟူ၍။ အလဗ္ဘနီယဌာနံ၊ တောင့်တ၍ မရအပ်သောအရာ မည်၏။

၄။ နဿနဓမ္မံ၊ ပျက်ခြင်းသဘောတရားကို။ မာ နဿီတိ၊ မပျက်ပါစေလင့်-ဟူ၍။ အလဗ္ဘနီယဌာနံ၊ တောင့်တ၍ မရအပ်သောအရာ မည်၏။

၅။ ခယဓမ္မံ၊ ကုန်ခြင်းသဘောတရားကို။ မာ ခယီတိ၊ မကုန်ပါစေလင့်-ဟူ၍။ အလဗ္ဘနီယဌာနံ၊ တောင့်တ၍ မရအပ်သောအရာ မည်၏။

မဟာရာဇ မင်းမြတ်။ ပဉ္စ၊ ၅-ပါးကုန်သော။ ဣမာနိ အလဗ္ဘနီယဌာနာနိ၊ ဤတောင့်တ၍ မရအပ်သော အကြောင်းတရားတို့ကို။ သမဏေန ဝါ၊ ရဟန်းသည်လည်းကောင်း။ ဗြာဟ္မဏေန ဝါ၊ ပုဏ္ဏားသည်လည်းကောင်း။ ဒေဝေန ဝါ၊ နတ်သည်လည်းကောင်း။ မာရေန

ဝါ၊ မာရ်သည်လည်းကောင်း။ ဗြဟ္မုနာ ဝါ၊ ဗြဟ္မာသည်လည်းကောင်း။ လောကသ္မိံ၊ လောက၌။ ကေနစိ ဝါ၊ တစ်စုံတစ်ယောက်သောသူသည်လည်းကောင်း။ အလဗ္ဘနီယဋ္ဌာနာနိ၊ တောင့်တ၍ မရအပ်သော အရာတို့-ဟူ၍။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။

အဓိပ္ပါယ်ကား "မြတ်သောမင်းကြီး၊ ၅-ပါးသော အကြောင်းတရားတို့ကို ရဟန်းသည်လည်းကောင်း, ပုဏ္ဏားသည်လည်းကောင်း, နတ်သည်လည်းကောင်း, မာရ်သည်လည်းကောင်း, ဗြဟ္မာသည်လည်းကောင်း, လောက၌ တစ်စုံတစ်ယောက်သောသူသည်လည်းကောင်း တောင့်တ၍ မရအပ်သောအရာ မည်ကုန်၏။ ၅-ပါးတို့သည် အဘယ်သည်တို့နည်းဟူမူကား—

- အိုခြင်းသဘောတရားကို 'ငါမအိုလို'-ဟူ၍ တောင့်တ၍ မရ။
- နာခြင်းသဘောတရားကို 'ငါမနာလို'-ဟူ၍ တောင့်တ၍ မရ။
- သေခြင်းသဘောတရားကို 'ငါမသေလို'-ဟူ၍ တောင့်တ၍မရ။
- ပျက်စီးခြင်းသဘောတရားကို 'ငါမပျက်စီးလို'-ဟူ၍ တောင့်တ၍ မရ။
- ကုန်ခြင်း,ပျောက်ခြင်းသဘောတရားကို 'ငါကား ကုန်ခြင်း,ပျောက်ခြင်း မဖြစ်လို'-ဟူ၍ တောင့်တ၍မရ။

မြတ်သောမင်းကြီး၊ ဤ ၅-ပါးသော အကြောင်းတရားတို့ကို ရဟန်းသည်လည်းကောင်း, ပုဏ္ဏားသည်လည်းကောင်း, နတ်သည်လည်းကောင်း, မာရ်သည်လည်းကောင်း, ဗြဟ္မာသည်လည်းကောင်း, လောက၌ တစ်စုံတစ်ယောက်သောသူသည်လည်းကောင်း တောင့်တ၍ မရအပ်ကုန်"ဟု ဟောတော်မူသည်။ ထိုအခါ ပသေနဒိကောသလမင်းကြီးသည် စိုးရိမ်ပင်ပန်း မြည်တမ်းငိုကြွေးခြင်းမှ ကင်း၍ သက်သာရာကို ရလေ၏။

ထို့ကြောင့် ယခုအခါ၌ အကြင်ပညာရှိသူတော်ကောင်းအပေါင်းတို့သည် မိမိကိုယ်၌လည်းကောင်း၊ ဆွေမျိုးဉာတိ သား,မြေး,ကျေးကျွန်,မိဘ,ပေါက်ဖော် တော်စပ်သောသူတို့၌လည်းကောင်း အိုခြင်းသဘော, နာခြင်းသဘော, သေခြင်းသဘော, ပျက်စီးခြင်းသဘော, ကုန်ခြင်း, ပျောက်ခြင်းသဘောတို့သည် ဖြစ်ကုန်သည်ရှိသော် "တောင့်တ၍ မရအပ်သောအရာသာတကား"ဟု အသင့်အားဖြင့် ဆင်ခြင်၍ အဖန်တလဲလဲ ယောနိသောမနသိကာရကို ဖြစ်စေကုန်ရာသည်။

အသင့်အတင့်အားဖြင့် မဆင်ခြင်မူ၍ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသအားဖြင့် ပင်ပန်းယောင်ယမ်းကုန်သော သူမိုက်တို့အား တစ်စုံတစ်ခုသော ပစ္စုပ္ပန်

ဘဝ, တမလွန်ဘဝ၌ဖြစ်သော အကျိုးမရှိ၊ မိမိ,သူတပါး ၂-ပါးစုံတို့၌ အကျိုးမရှိ၊ လောကီ, လောကုတ္တရာ အကျိုးမရှိ၊ ပင်ပန်းကာမျှသာ ဖြစ်ကုန်၏။

ဥပမာ အဘယ်ကဲ့သို့နည်းဟူမူကား သေလေပြီးသော နွားအိုကို ရှင်စေလိုသော ကြောင့် မြက်,ရေတို့ကို ထမ်း၍ တိုက်ကျွေးသော သူမိုက်ကဲ့သို့လည်းကောင်း၊ 'နေ,လကို လှည်းဘီးလုပ်၍ စီးလိုပါသည်'-ဟု တောင့်တ၍ ငိုသော သူငယ်မိုက်ကဲ့သို့လည်းကောင်း၊ မိမိဦးခေါင်းပေါ်မှ ကျ၍ ကွဲလေပြီးသော ရေအိုးကို 'အိုးကောင်းဖြစ်ပါစေ'-ဟု တောင့်တ၍ ငိုသော မိန်းမမိုက်ကဲ့သို့လည်းကောင်း၊ မြွေရေလဲကို မြင်၍ 'မြွေရှင်ဖြစ်ပါလေသော် ကောင်း လေ၏'-ဟု တောင့်တ၍ငိုသော လူမိုက်ကဲ့သို့လည်းကောင်း နိရတ္ထက အကျိုးမဲ့သာ ဖြစ်ရာ သောကြောင့် "တောင့်တ၍ မရအပ်သော အရာမည်သည်ကို မတောင့်တအပ်ကုန်"ဟု သတိသံဝေဂဉာဏ်ကို အဖန်တလဲလဲဖြစ်စေ၍ ၅-ပါးသော အကြောင်းတရားတို့ကို အဖန် တလဲလဲ ဆင်ခြင်ကုန်ရာ၏။

ဆင်ခြင်အပ်သော အကြောင်းတရား ၅-ပါးကို ဟောကြားတော်မူလိုသော ဘုရားသခင်သည်-

**ပဉ္စိမာနိ ဘိက္ခဝေ ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။ ကတမာနိ ပဉ္စ? 'ဇရာဓမ္မောမှိ၊ ဇရံ အနတီတော'တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ 'ဗျာဓိဓမ္မောမှိ၊ ဗျာဓိံ အနတီတော'တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ ('အဋ္ဌေ ဝါ သုဝေ ဝါ ပရသုဝေ ဝါ) 'မရဏဓမ္မောမှိ၊ မရဏံ အနတီတော'တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ 'သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါမှိ၊ တံ သဘာဝံ အနတီတော'တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ 'သဗ္ဗေ သတ္တာ ကမ္မဿကာ ကမ္မဒါယာဒါ ကမ္မယောနိ ကမ္မဗန္ဓူ ကမ္မပဋိသရဏာ၊ ယံ ကမ္မံ ကရိဿန္တိ တံ ကလျာဏံ ဝါ ပါပကံ ဝါ၊ တေသံ ဒါယာဒါ ဘဝိဿန္တီ'။ ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စဋ္ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (အံ၊၂။၆၃။ဌာနသုတ်)

ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စဋ္ဌာနာနိ၊ ၅-ပါးသော အကြောင်းတရားတို့ကို။ ဂဟဋ္ဌေန ဝါ၊ လူဖြစ်သောသူသည်လည်းကောင်း။ ပဗ္ဗဇိတေန ဝါ၊ ရဟန်းဖြစ်သောသူသည်လည်း ကောင်း။ အဘိဏှံ၊ မပြတ်။ ပစ္စဝေက္ခိတဗ္ဗာနိ၊ ဆင်ခြင်အပ်ကုန်၏။ ပဉ္စ၊ ၅-ပါးသော အကြောင်းတရားတို့-ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။

မေ၊ ငါ့အား။ ဇရာဓမ္မော၊ အိုခြင်းသဘောတရားသည်။ အမှိ၊ ဖြစ်၏။ တံ ဇရံ၊ ထိုအိုခြင်းသဘောတရားကို။ အနတီတော၊ မလွန်နိုင်ချေတကား-ဟူ၍။ အဘိဏှံ၊ မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

မေ၊ ငါ့အား။ ဗျာဓိဓမ္မော၊ နာခြင်းသဘောတရားသည်။ အမှို၊ ဖြစ်၏။ တံ ဗျာဓိံ၊ ထိုနာခြင်းသဘောတရားကို။ အနတီတောတိ၊ မလွန်နိုင်ချေတကား-ဟူ၍။ အဘိဏှံ၊ မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

အဒ္ဓေ ဝါ၊ ယနေ့လည်းကောင်း။ သုဝေ ဝါ၊ နက်ဖြန်လည်းကောင်း။ ပရသုဝေ ဝါ၊ သန်ဘက်လည်းကောင်း။ မေ၊ ငါ့အား။ မရဏဓမ္မော၊ သေခြင်း သဘောတရားသည်။ အမှို၊ ဖြစ်၏။ တံ မရဏံ၊ ထိုသေခြင်းသဘောတရားကို။ အနတီတောတိ၊ မလွန်နိုင်ချေတကား-ဟူ၍။ အဘိဏှံ၊ မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

မေ၊ ငါ့အား။ သဗ္ဗေဟိ၊ ခပ်သိမ်းကုန်သော။ ပိယေဟိ၊ ချစ်နှစ်လိုအပ်ကုန်သော။ မနာပေဟိ၊ နှလုံးကို ပွါးစေတတ်ကုန်သောသူတို့နှင့်။ နာနာဘာဝေါ၊ အရပ်တပါးသို့ သွားသဖြင့် ရှင်ကွဲ ကွဲရခြင်းသည်လည်းကောင်း။ ဝိနာဘာဝေါ၊ ဘဝတပါးသို့ ပြောင်းသဖြင့် သေကွဲ ကွဲရခြင်းသည်လည်းကောင်း။ အမှို၊ ဖြစ်၏။ တံ သဘာဝံ၊ ထိုသဘောတရားကို။ အနတီတောတိ၊ မလွန်နိုင်ချေတကား-ဟူ၍။ အဘိဏှံ၊ မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ကမ္မဿကာ၊ ကံသာလျှင် မိမိဥစ္စာရှိကုန်၏။ ကမ္မဒါယာဒါ၊ ကံသာလျှင် အမွေခံရှိကုန်၏။ ကမ္မယောနိ၊ ကံသာလျှင် အကြောင်းရှိကုန်၏။ ကမ္မဗန္ဓူ၊ ကံသာလျှင် အဆွေရှိကုန်၏။ ကမ္မပဋိသရဏာ၊ ကံသာလျှင် ကိုးကွယ်လဲလျောင်းရာ ရှိကုန်၏။ ကလျာဏံ ဝါ၊ ကောင်းသည်လည်းဖြစ်သော။ ပါပကံ ဝါ၊ မကောင်းသည်လည်း ဖြစ်သော။ ယံ ကမ္မံ၊ အကြင်ကံကို။ ကရိဿန္တိ၊ ပြုကုန်လတ္တံ့။ တံ ကမ္မံ၊ ထိုကောင်းမှု, မကောင်းမှုကံသည်။ တေသံ၊ ထိုသတ္တဝါတို့အား။ ဒါယာဒါ၊ အမွေခံတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣမာနိ ပဉ္စ ဌာနာနိ၊ ဤ ၅-ပါးသော အကြောင်းတရားတို့ကို။ ဂဟဋ္ဌေန ဝါ၊ လူဖြစ်သောသူသည်လည်းကောင်း။ ပဗ္ဗဇိတေန ဝါ၊ ရဟန်းဖြစ်သောသူသည်လည်းကောင်း။ အဘိဏှံ၊ မပြတ်။ ပစ္စဝေက္ခိတဗ္ဗာနိ၊ ဆင်ခြင်အပ်ကုန်၏။

ဤ ၅-ပါးသော အကြောင်းတရားတို့ကို အခါမပြတ် မဆင်ခြင်သောသူတို့အား အဘယ်အပြစ်ရှိသနည်း၊ ဆင်ခြင်သောသူတို့အား အဘယ်အကျိုးရှိသနည်းဟူမူကား ဤ ၅-ပါးသော အကြောင်းတရားတို့ကို မဆင်ခြင်သောသူတို့အား အိုခြင်းသဘော, နာခြင်းသဘော, သေခြင်းသဘော, နာနာဘာဝ, ဝိနာဘာဝသဘောတို့သည် မိမိကိုယ်၌လည်းကောင်း၊ မိမိနှင့်စပ်သောသူတို့၌လည်းကောင်း ဖြစ်ကုန်သည်ရှိသော် စိုးရိမ်ပင်ပန်း မြည်တမ်း

ယောင်ယမ်းခြင်းသို့ ရောက်ကုန်သည်ဖြစ်၍ တွေဝေမိန်းမောသဖြင့် များလှစွာသော အကုသိုလ်ဓမ္မတို့သည်လည်းကောင်း၊ ကာယိကဒုက္ခဓမ္မ, စေတသိကဒုက္ခဓမ္မတို့သည်လည်း ကောင်း ဖြစ်ကုန်ရာ၏။ တစ်စုံတစ်ခုသော အကျိုးကိုမျှ ရှာ၍ မရရာ။

ထို ၅-ပါးသော အကြောင်းတရားတို့ကို အခါမပြတ် ဆင်ခြင်သောသူတို့အား မိမိ ကိုယ်၌လည်းကောင်း၊ မိမိနှင့်စပ်သော သူတို့၌လည်းကောင်း ထို ၅-ပါးသော အကြောင်း တရားတို့သည် ဖြစ်ကုန်သည်ရှိသော် စိုးရိမ်ပင်ပန်း မြည်တမ်းယောင်ယမ်းခြင်းတို့ကို မပြုကုန် မူ၍ သတိသံဝေဂဉာဏ်ကို အဖန်တလဲလဲဖြစ်စေ၍ ဒါန,သီလ-အစရှိသော ကုသိုလ်တရား တို့ကို အားထုတ်ခြင်းကြောင့် လောကီ, လောကုတ္တရာ ၂-ဖြာသော စီးပွါးချမ်းသာတို့ကို ရလေကုန်၏။

စင်စစ်အားဖြင့် မိဆွေဘမျိုးဖြစ်ကုန်သောသူတို့သည် ဝိနာဘာဝသဘောနှင့် မကင်း သည်ဖြစ်၍ တမလွန်ဘဝသို့ ပြောင်းသွားရကုန်သည်ဖြစ်အံ့။ ထိုသူတို့ကို အကြောင်းပြု၍ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ကို မဖြစ်စေကုန်မူ၍ ထိုသေလေကုန်ပြီး သောသူတို့ကို ရည်မှတ်၍ ဒါန, သီလ-အစရှိသော ကုသိုလ်ကောင်းမှုတို့ကို ပြုကုန်,ကျင့်ကုန် ၍ ထိုကုသိုလ်၏အဖို့ကို သေလေပြီးသောသူတို့အား ရပါလေစေ-ဟု အမျှပေးဝေကုန်၏။ ထိုသို့ ပေးဝေခြင်းသည် သေလေပြီးသောသူတို့အား ပေးဝေသော ကုသိုလ်၏အကျိုးအား ဖြင့် နတ်၌ဖြစ်သော စည်းစိမ်ချမ်းသာကို ရသဖြင့် သေလေပြီးသောသူတို့၏အကျိုးကို ရွက်ဆောင်သည်လည်း မည်၏။ မိမိအကျိုးကိုလည်း ရွက်ဆောင်သည် မည်၏။

သေလေပြီးသောသူတို့အား ရည်မှတ်၍ လှူအပ်သော အလှူဒါနကို ပေးဝေ၍ အကျိုးရသောအဖြစ်ကိုလည်း ဇာဏုသောဏိသုတ်ဖြင့် သိရာ၏။ အဘယ်သို့ သိရာသနည်း ဟူမူကား တရံရောအခါ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော် မူသော ဘုရားသခင်အထံတော်သို့ ချဉ်းကပ်လေ၍ ဇာဏုသောဏိပုဏ္ဏားသည် ဤသို့ နားတော်လျှောက်၏။

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော အရှင်ဂေါတမ၊ အကျွန်ုပ်တို့ ပုဏ္ဏားတို့ သည် တမလွန်ဘဝသို့ ပြောင်းသွားလေသောသူကို ရည်၍ ယုံကြည်သော သဒ္ဓါစေတနာ ဖြင့် ရတနာ ၃-ပါးတို့အား လှူဒါန်းပူဇော်၍ ကုသိုလ်အဖို့ကို အမျှပေးဝေပါကုန်သည်။ ထိုသူတို့အား ကုသိုလ်အဖို့ကို ရပါလေအံ့လော"ဟု နားတော်လျှောက်၏။

ထိုအခါ သဗ္ဗညုဘုရားသခင်သည် "ဇာဏုသောဏိပုဏ္ဏား၊ ရသင့်သောအရပ်၌ ဖြစ်သည်ရှိသော် ကုသိုလ်၏အကျိုးကို ရ၏။ မရသင့်သောအရပ်၌ ဖြစ်သည်ရှိသော်

ကုသိုလ်၏အကျိုးကို မရ”ဟု ဖြေတော်မူသည်။ “အရှင်ဂေါတမ၊ အဘယ်အရပ်မှာ ဖြစ်သည်ရှိသော် မရပါသနည်း၊ အဘယ်အရပ်မှာ ဖြစ်သည်ရှိသော် ရပါသနည်း”ဟု နားတော်လျှောက်၏။ “ဇာဏုသောဏိပုဏ္ဏား၊ အကြင်သူသည် ပါဏာတိပါတ-အစရှိသော ဒုစရိုက် ၁၀-ပါးကို ပြုကျင့်လေ့ရှိ၏။ ထိုသူသည် သေသည်မှ အခြားမဲ့၌ ငရဲဘုံ, တိရစ္ဆာန်ဘုံ၌ ဖြစ်လေကုန်၏။ ထိုသူအား ကုသိုလ်ကောင်းမှုအဖို့ကို အမျှပေးဝေ၍ မရ။ အကြင်သူသည် ပါဏာတိပါတ-အစရှိသော အကုသိုလ်ဒုစရိုက်တို့မှ ဝေးစွာ ကြဉ်ရှောင်၍ ကုသိုလ်သုစရိုက်တရားတို့ကို ပြုလေ့ကျင့်လေ့ရှိ၏။ ထိုသူသည် သေသည်မှ အခြားမဲ့၌ လူ့ပြည်,နတ်ပြည်တို့၌ ဖြစ်လေ၏။ ထိုသူအား ရေစက်သွန်းချ၍ ကုသိုလ်ကောင်းမှုအဖို့ကို အမျှပေးဝေခြင်းသည် မရ”ဟု ဖြေတော်မူ၏။

“အကြင်သူသည် ပါဏာတိပါတ-အစရှိသော မကောင်းမှုဒုစရိုက် အကုသိုလ်တရားတို့ကို ပြုလေ့ကျင့်လေ့ရှိ၏။ ထိုသူသည် သေသည်၏ အခြားမဲ့၌ ပြိတ္တာဘုံ၌ ဖြစ်လေ၏။ ထိုသူအား ကုသိုလ်ကောင်းမှုအဖို့ကို ရေစက်သွန်းချ၍ အမျှပေးဝေခြင်းသည် ရ၏”ဟု ဖြေတော်မူသည်။

“အရှင်ဂေါတမ၊ မိဆွေဘမျိုးဖြစ်ကုန်သောသူတို့သည် ပြိတ္တာဘုံ၌ မဖြစ်ကုန်သည်ဖြစ်အံ့။ အဘယ်သူတို့သည် ဤကောင်းမှုအကျိုးကို ခံစားရပါသနည်း”ဟု နားတော်လျှောက်၏။ “ဇာဏုသောဏိပုဏ္ဏား၊ ရှေးရှေးသောဘဝက ဆွေမျိုးပေါက်ဖော် တော်စပ်သောသူတို့သည် ပြိတ္တာဘုံ၌ ဖြစ်ကုန်၏။ ထိုသူတို့သည် ကုသိုလ်၏အဖို့ကို ခံစားရလေကုန်၏”ဟု ဖြေတော်မူ၏။

“ရှေးရှေးသောဘဝက ဆွေမျိုးပေါက်ဖော် တော်စပ်သောသူတို့သည် ပြိတ္တာဘုံ၌ မဖြစ်ကုန်သည်ရှိသော် အဘယ်သူတို့သည် ခံစားရပါကုန်သနည်း အရှင်ဂေါတမ”ဟု နားတော်လျှောက်၏။ “ဇာဏုသောဏိပုဏ္ဏား၊ ‘အနမတဂ္ဂ သံသရာမှစ၍ ရှည်မြင့်စွာသော ကာလပတ်လုံး ကမ္ဘာအဆက်ဆက် ဘဝအဆက်ဆက် ကျင်လည်ရသောသူအား ပြိတ္တာဘုံ၌ ဆွေမျိုးပေါက်ဖော် တော်စပ်သောသူတို့သည် မရှိ’-ဟု ဆိုအပ်သောအကြောင်းသည် မရှိ၊ အစွန့်ရှည်စွာ သံသရာ၌ ကျင်လည်သောသူတို့အား ပြိတ္တာဘုံ၌ ဆွေမျိုးပေါက်ဖော် တော်စပ်သောသူတို့သည် ရှိသည်သာလျှင်တည်း”ဟု ဖြေတော်မူ၏။

“ထိုပြိတ္တာတို့ မရသည်ရှိသော် အဘယ်သူ ခံစားရပါသနည်း အရှင်ဂေါတမ”ဟု နားတော်လျှောက်၏။ “ဇာဏုသောဏိပုဏ္ဏား၊ အကြင်သူသည် လှူဒါန်းပူဇော်ခြင်းကို ပြု၏။ ထိုသူသည် သေသည်မှ အခြားမဲ့၌ လူ့ပြည်,နတ်ပြည်သို့ ရောက်၍ ကုသိုလ်အကျိုးကို ခံစားရ၏”ဟု ဖြေတော်မူ၏။

"လူပြည်,နတ်ပြည်သို့ ရောက်မှပင် ကုသိုလ်အကျိုးကို ခံစားရသလော"ဟု နားတော်လျှောက်၏။ "ဇာဏုသောဏိပုဏ္ဏား၊ အကြင်သူသည် ပါဏာတိပါတ-အစရှိသော မကောင်းမှု အကုသိုလ်ဒုစရိုက်တို့ကို ပြုလေ့,ကျင့်လေ့ရှိ၏။ ဆွမ်း,သင်္ကန်း,ယာဉ်,သံလျင်း, ဖိနပ်, ပန်း, နံ့သာ, နံ့သာပျောင်း, ကျောင်း,အိပ်ရာ,နေရာ, ဆီမီး, ထီး, တံခွန်-အစရှိသည်တို့ကိုလည်း လှူဒါန်းပူဇော်လေ့ရှိ၏။ ထိုသူသည် သေသည်၏အခြားမဲ့၌ တိရစ္ဆာန်အပေါင်းတို့တွင် ဆင်မျိုး၌ ဖြစ်လေရာ၏။ မြင်းမျိုး၌ ဖြစ်လေရာ၏။ နွားမျိုး၌ ဖြစ်လေရာ၏။ ခွေးမျိုး၌ ဖြစ်လေရာ၏။ ထိုသတ္တဝါတို့သည် အစာအာဟာရ, အဖျော်, အဝတ်အရုံ, ပန်း, နံ့သာ, နံ့သာပျောင်း, အိပ်ရာ, နေရာ, ဆီမီး-အစရှိသော အဆောက်အဦကို ရလေ၏။ ဆင်ချင်း မတူ၊ မြင်းချင်း မတူ၊ နွားချင်း မတူ၊ ထူးသော ကုသိုလ်အကျိုးကို ခံစားရ၏။ လူပြည်,နတ်ပြည်သို့ ရောက်မူကား ဆိုဖွယ်မရှိ၊ မွန်မြတ်လှစွာသော အကျိုးကို ခံစားရ၏"ဟု ဖြေတော်မူ၏။

ထိုအခါ ဇာဏုသောဏိပုဏ္ဏားသည် အစ္ဆရိယအဗ္ဘုတစိတ်နှင့် ပြည့်စုံသည်ဖြစ်၍—

**အစ္ဆရိယံ ဘော ဂေါတမ၊ အဗ္ဘုတံ ဘော ဂေါတမ၊ အလမေဝ ဒါနာနိ ဒါတုံ၊ အလံ ပုညာနိ ကာတုံ။**

ဘော ဂေါတမ၊ အရှင်ဂေါတမ။ အစ္ဆရိယံ၊ အံ့ဖွယ်ရှိပေစွတကား။ ဘော ဂေါတမ၊ အရှင်ဂေါတမ။ အဗ္ဘုတံ ဝတ၊ မဖြစ်ဖူးမြဲဖြစ်သောသဘောသည် ဖြစ်သကဲ့သို့ ဖြစ်ပေစွတကား။ ဘော ဂေါတမ၊ အရှင်ဂေါတမ။ ဒါနာနိ၊ အလှူတို့ကို။ ဒါတုံ၊ ပေးခြင်းငှာ။ အလမေဝ၊ သင့်ပေသလျှင်ကတည်း။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကာတုံ၊ ပြုခြင်းငှာ။ အလမေဝ၊ သင့်ပေသလျှင်ကတည်း။

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူပေသော အရှင်ဂေါတမ၊ ကုသိုလ်ကောင်းမှုတို့မည်သည်ကား လူပြည်,နတ်ပြည်သို့ ရောက်မှသာလျှင် အကျိုးကို ပေးတတ်သည် မဟုတ်၊ အရပ်ဌာနမဟုတ်သော တိရစ္ဆာန်ဘုံ၌ ဖြစ်လေသော်လည်း အကျိုးကို ပေးတတ်ပေသည်။ ထို့ကြောင့် အလှူကို ပေးခြင်းငှာ သင့်လှပေသည်၊ ကောင်းမှုကို ပြုခြင်းငှာ သင့်လှပေသည်" ဟု နားတော်လျှောက်၏။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် "**ဧဝမေတံ ဗြာဟ္မဏ၊ ဧဝမေတံ ဗြာဟ္မဏ**" အစရှိသည်ဖြင့် "ဇာဏုသောဏိပုဏ္ဏား၊ သင်ဆိုသော စကားသည် သင်ဆိုတိုင်း မှန်၏။ သင်ဆိုသော စကားသည် သင်ဆိုတိုင်း မှန်၏။ ဇာဏုသောဏိပုဏ္ဏား၊ ကုသိုလ်ကောင်းမှုတို့မည်သည်ကား လူ့ဘုံ,နတ်ဘုံတို့၌သာလျှင် အကျိုးကို ပေးတတ်သည် မဟုတ်၊ အရပ်ဌာနမဟုတ်သော တိရစ္ဆာန်ဘုံ၌သော်လည်း ကုသိုလ်ကောင်းမှုတို့မည်သည်ကား အကျိုးကို

ပေးတတ်၏။ ထို့ကြောင့် အလှူပေးခြင်းငှာ သင့်လှ၏၊ ကောင်းမှုကို ပြုခြင်းငှာ သင့်လှ၏"ဟု ဟောတော်မူသည်။

ထိုအခါ ဇာဏုဿောဏိပုဏ္ဏားသည် အလွန်နှစ်သက်လှသည်ဖြစ်၍ **"အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါတမ"**။

"ဘော ဂေါတမ၊ အရှင်ဂေါတမ။ အဘိက္ကန္တံ၊ အလွန်နှစ်လိုဖွယ်ရှိပေစွတကား။ ဘော ဂေါတမ၊ အရှင်ဂေါတမ။ အဘိက္ကန္တံ၊ အလွန်နှစ်လိုဖွယ်ရှိပေစွတကား။

အောက်သို့ မျက်နှာပြု၍ ထားသောအိုးကို အထက်သို့ မျက်နှာပြု၍ ထားဘိသကဲ့သို့လည်းကောင်း၊ မြက်, သစ်ရွက်-အစရှိသည်ဖြင့် ဖုံးလွှမ်းအပ်သောဝတ္ထုကို မြက်, သစ်ရွက်-အစရှိသည်ကို ဖွင့်လှစ်၍ ပြဘိသကဲ့သို့လည်းကောင်း၊ ခရီးမှားသောသူအား ဤသည်ကား လမ်းခရီးတည်းဟု လက်ညှိုးညွှန်ဘိသကဲ့သို့လည်းကောင်း၊ မှောင်မိုက်သော အခါ ဆီမီးတန်ဆောင်ကို ထွန်းညှိဘိသကဲ့သို့လည်းကောင်း၊ မျက်စိအမြင်နှင့် ပြည့်စုံကုန်သောသူတို့သည် ရူပါရုံတို့ကို မြင်ကုန်ဘိသကဲ့သို့လည်းကောင်း များစွာသော အကြောင်းအားဖြင့် ပြတော်မူပေ၏။

ထို့ကြောင့် ရှင်ဂေါတမကို ကိုးကွယ်ခြင်းသို့ ရောက်ပါ၏။ ရှင်ဂေါတမ ဟောတော်မူသော တရားတော်ကို ကိုးကွယ်ခြင်းသို့ ရောက်ပါ၏။ ရှင်ဂေါတမ တပည့်သား သံဃာတော်ကို ကိုးကွယ်ခြင်းသို့ ရောက်ပါ၏။ ယနေ့ကို အစပြု၍ အသက်ရှည်သရွေ့ ကာလပတ်လုံး ရတနာ ၃-ပါးကို ကိုးကွယ်ရာ-ဟူ၍ သိခြင်းသို့ ရောက်သော ဒါယကာ-ဟူ၍ မှတ်တော်မူပါ" ဟု ဥပါသကာအဖြစ်ကို ဝန်ခံ၍ ပြန်လေ၏။

ထို့ကြောင့် ကုသိုလ်တိုး၍ ကိုယ်ကျိုးတရားပွါးများခြင်းကို အလိုရှိကုန်သော အမျိုးသားတို့သည် ဒါန-အစရှိသော ကုသိုလ်တရားတို့ကို အားထုတ်ကုန်ရာသည်။ ဤသို့ ဟော**တော်မူအပ်သော** ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (ရှေး ၂-သုတ်ကား ပဉ္စင်္ဂုတ္တိုရ်ပါဠိတော်၊ ဇာဏုဿောဏိသုတ်ကား ဒသင်္ဂုတ္တိုရ်ပါဠိတော်၊၄၇၈)

★★★★★★★

## [ ၄ ] ဓမ္မောသဓူပမဒေသနာတရား

**မဟန္တော ဘိသက္ကော ယဿ သောတိ မဟာဘိသက္ကော။ မဟန္တော တိကိစ္ဆကော ယဿ သောတိ မဟာတိကိစ္ဆကော။**

ယဿ တထာဂတဿ၊ အကြင်မြတ်စွာဘုရားအား။ မဟန္တော၊ ကြီးမြတ်သော။ ဘိသက္ကော၊ ဆေးသမားတို့၏ အမှုသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော တထာဂတော၊ ထိုမြတ်စွာဘုရားသည်။ မဟာဘိသက္ကော၊ မဟာဘိသက္က မည်တော်မူ၏။

ယဿ တထာဂဿ၊ အကြင်မြတ်စွာဘုရားအား။ မဟန္တော၊ ကြီးမြတ်သော။ တိကိစ္ဆကော၊ ဆေးကုခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော တထာဂတော၊ ထိုမြတ်စွာဘုရားသည်။ မဟာတိကိစ္ဆကော၊ မဟာတိကိစ္ဆက မည်တော်မူ၏။

ဤသို့လျှင် ကြီးမြတ်သော သမားတို့၏အမှု ဆေးကုခြင်းရှိတော်မူသည်၏အဖြစ်ကြောင့် မဟာဘိသက္က, မဟာတိကိစ္ဆက-ဟူသော ဂုဏ်တော်နာမ ဝိသေသအထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားသည် အဘယ်ကာလမှစ၍ မဟာဘိသက္က, မဟာတိကိစ္ဆက အဖြစ်သို့ ရောက်တော်မူသနည်းဟူမူကား ဗောဓိပင်၏အနီး ရတနာပလ္လင်ပေါ်တွင် သစ္စာ ၄-ပါး, ၅-ပါးသော ဉေယျဓမ္မတို့ကို အကြွင်းမရှိ သိစွမ်းနိုင်သော အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ရတော်မူသော ကာလမှစ၍ မဟာဘိသက္က, မဟာတိကိစ္ဆကအဖြစ်သို့ ရောက်တော်မူသည်။

အဘယ်ကာလမှစ၍ မဟာဘိသက္က, မဟာတိကိစ္ဆကအဖြစ်ကို ဝန်ခံတော်မူသနည်းဟူမူကား သာဝတ္ထိပြည်ကြီးကို ဆွမ်းခံရွာအမှီပြု၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ ရဟန်းတို့ကို ခေါ်တော်မူ၍ "**တိကိစ္ဆကော တိကိစ္ဆကောတိ ဘိက္ခဝေ တထာဂတဿေ'တံ အဓိဝစနံ**"အစရှိသည်ဖြင့် "ငါ၏ချစ်သားတို့၊ လောက၌ ဆေးသမား-ဟူ၍ ခေါ်ဝေါ်အပ်သော အမည်သည် ငါဘုရား၏ အမည်သာတည်း"ဟု မဟာဘိသက္က, မဟာတိကိစ္ဆကအဖြစ်ကို ဝန်ခံတော်မူသည်။

ဤသို့လျှင် မဟာဘိသက္က, မဟာတိကိစ္ဆကအဖြစ်ကို ဝန်ခံတော်မူပြီးသော သမ္မာသမ္ဗုဒ္ဓဘုရား သမားတော်ကြီးသည် "**တိကိစ္ဆကာ ဘိက္ခဝေ ဝိရေစနံ ဒေန္တိ ဝမနံ**"အစရှိသည်ဖြင့် "ငါ၏ ချစ်သားတို့၊ လောက၌ ဆေးသမားတို့သည် သည်းခြေကြောင့်ဖြစ်ကုန်သော အနာ, သလိပ်ကြောင့် ဖြစ်ကုန်သောအနာ, လေကြောင့် ဖြစ်ကုန်သောအနာတို့ကို ပျောက်စေခြင်းငှာ အောက်သို့ ကျစေတတ်သော ဆေးကိုလည်းကောင်း, အထက်သို့ အန်စေတတ်သော ဆေးကိုလည်းကောင်း ပေးကုန်၏။ ထိုသို့ ပေးခြင်းသည် ထိုဆေးသမားတို့ ပေးတိုင်း

အနာရောဂါ ပျောက်သည်ဖြစ်၍ အကျိုးပြည့်စုံသည်လည်း ရှိ၏။ အနာရောဂါ မပျောက်သည်ဖြစ်၍ အကျိုးမပြည့်စုံသည်လည်း ရှိ၏။

ငါ၏ချစ်သားတို့၊ ငါဘုရားသည် ဟောတော်မူအပ်သော **'အရိယဝိရေစန'** အရိယာတို့၏ အောက်သို့ ကျစေတတ်သောဆေး, **'အရိယဝမန'** အရိယာတို့၏ အထက်သို့ အန်စေတတ်သော ဆေးသည် ဧကန်စင်စစ် ဘဝများစွာ ကမ္ဘာအဆက်ဆက် သတ္တဝါတို့၌ စွဲရောက်သော ကိလေသာရန်သူ နူနာအပေါင်းတို့ကို ပျောက်စေ၍ စင်စစ် မဂ်,ဖိုလ်,နိဗ္ဗာန်-ဟူသော ကောင်းကျိုးအပေါင်းကို ပြည့်စုံစေတတ်၏။

အရိယဝိရေစန, အရိယဝမန၊ အရိယာတို့၏ အောက်သို့ ကျစေတတ်သောဆေး, အရိယာတို့၏ အထက်သို့ အန်စေတတ်သော ဆေးကို မှီဝဲ၍ ပဋိသန္ဓေနေခြင်းသဘောရှိကုန်သော သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်းသဘောမှ လွတ်ကုန်၏။ အိုခြင်းသဘောရှိကုန်သော သတ္တဝါတို့သည် အိုခြင်းသဘောမှ လွတ်ကုန်၏။ သေခြင်းသဘောရှိကုန်သော သတ္တဝါတို့သည် သေခြင်းသဘောမှ လွတ်ကုန်၏။ စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, သက်ကြီးရှိုက်တငင် ပင်ပန်းခြင်းသဘောရှိကုန်သော သတ္တဝါတို့သည် စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, သက်ကြီးရှိုက်တငင် ပင်ပန်းခြင်းသဘောတို့မှ လွတ်ကုန်၏။ ထိုတရားဒေသနာတော်ကို ဟောတော်မူပေအံ့။ ကောင်းစွာ နှလုံးသွင်း၍ နာလင့်ကြကုန်"ဟု တိုက်တွန်းတော်မူပြီး၍—

**သမ္မာဒိဋ္ဌိကဿ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ ဝိရိတ္တာ ဟောတိ ဝမနဥ္စ။ ယေ စ မိစ္ဆာဒိဋ္ဌိပစ္စယာ အနေကေ ပါပကာ အကုသလာ ဓမ္မာ သမ္ဘဝန္တိ။ တေ စ'ဿ ဝိရိတ္တာ ဟောန္တိ ဝမနာ စ။ သမ္မာဒိဋ္ဌိပစ္စယာ စ အနေကေ ကုသလာ ဓမ္မာ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (အံ၊၃။၄၃၃)

*(ဆရာတော်က တိကိစ္ဆကသုတ်နှင့် ဝမနသုတ်ကို တွဲစပ်၍ တစ်သုတ်တည်းအနေဖြင့် ဟောကြားထားသည်။)*

ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာဒိဋ္ဌိကဿ၊ သမ္မာဒိဋ္ဌိနှင့် ပြည့်စုံသောသူအား။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ-ဟူသော အဆိပ်ရည်သည်။ ဝိရိတ္တာ စ၊ အောက်သို့လည်း ကျသည်။ ဟောတိ၊ ဖြစ်၏။ ဝမနဥ္စ၊ အထက်သို့ အန်သည်လည်း။ ဟောတိ၊ ဖြစ်၏။ မိစ္ဆာဒိဋ္ဌိပစ္စယာ၊ မိစ္ဆာဒိဋ္ဌိဟူသော အကြောင်းကြောင့်။ အနေကေ၊ များစွာကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတည်းဟူသော အဆိပ်ရည်တို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ တေ စ၊ ထိုအကုသိုလ်တရားတည်းဟူသော အဆိပ်ရည်တို့သည်လည်း။ အဿ၊ ထို

သမ္မာဒိဋ္ဌိနှင့် ပြည့်စုံသောပုဂ္ဂိုလ်အား။ ဝိရိတ္တာ စ၊ အောက်သို့လည်း ကျကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝမနာ စ၊ အထက်သို့ အန်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ သမ္မာဒိဋ္ဌိ-ပစ္စယာ၊ သမ္မာဒိဋ္ဌိ-ဟူသော အကြောင်းကြောင့်။ အနေကေ၊ များစွာကုန်သော။ ကုသလာ ဓမ္မာ စ၊ ကုသိုလ်တရားတို့သည်လည်း။ ဘာဝနာပါရိပူရိံ၊ ပွါးခြင်း, ပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

ထိုဒေသနာမြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သားတို့၊ သမ္မာဒိဋ္ဌိနှင့် ပြည့်စုံသည်ဖြစ်၍ သမ္မာဒိဋ္ဌိဆေးတော်ကို သောက်သောသူအား မိစ္ဆာဒိဋ္ဌိတည်းဟူသော အဆိပ်ရည်သည် အောက်သို့ သက်လေ၏။ အထက်သို့သော်လည်း အော့အန်၍ လာ၏။ မိစ္ဆာဒိဋ္ဌိ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာကုန်သော အကုသိုလ်တရားတည်းဟူသော အဆိပ်ရည်တို့သည် ဖြစ်ကုန်၏။ ထိုအကုသိုလ်တရားတည်းဟူသော အဆိပ်ရည်တို့သည် အောက်သို့ သက်လေကုန်၏။ အထက်သို့လည်း အော့အန်ခြင်းသို့ ရောက်လေကုန်၏။ သမ္မာဒိဋ္ဌိ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးခြင်း,ပြည့်စုံခြင်းသို့ ရောက်ကုန်၏။

အဘယ်သို့ သမ္မာဒိဋ္ဌိတည်းဟူသော ဆေးတော်ကို သောက်သောသူတို့အား မိစ္ဆာ-ဒိဋ္ဌိတည်းဟူသော အဆိပ်ရည်သည် အောက်သို့ သက်လေနည်း။ အထက်သို့ အော့အန်၍ လာလေသနည်းဟူမူကား အကြင်သူသည် အလှူပေးလျှင် အကျိုးရှိ၏၊ သီလဆောက်တည်လျှင် အကျိုးရှိ၏၊ ကုသိုလ်ကံ၏အကျိုး ရှိ၏၊ အကုသိုလ်ကံ၏အပြစ် ရှိ၏၊ အမိကို လုပ်ကျွေးလျှင် အကျိုးရှိ၏၊ အဘကို လုပ်ကျွေးလျှင် အကျိုးရှိ၏-အစရှိသည်ဖြင့် ဒသဝတ္ထုကသမ္မာ-ဒိဋ္ဌိ အယူရှိ၏။ ထိုသူ၏ သမ္မာဒိဋ္ဌိသည် ကမ္မဿကတာသမ္မာဒိဋ္ဌိ မည်၏။ ဗာဟိရကသမ္မာဒိဋ္ဌိလည်း မည်၏။ ထိုသမ္မာဒိဋ္ဌိတည်းဟူသော ဆေးတော်ကို သောက်သောသူအား ကမ္မပထ၏ အစွမ်းအားဖြင့်ဖြစ်သော ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိတည်းဟူသော အဆိပ်ရည်သည် အောက်သို့ သက်လေ၏။ အထက်သို့သော်လည်း အော့၍အန်၍ လာလေ၏။

ထိုသမ္မာဒိဋ္ဌိလျှင် အရင်းရှိသော အလှူပေးခြင်း, သီလသီတင်း ဆောက်တည်ခြင်း, သမထ,ဝိပဿနာဘာဝနာတို့ကို ပွါးခြင်း-အစရှိသော ကုသိုလ်တရားတို့ကို အားထုတ်သော သူအား ဒါနစေတနာ, သီလစေတနာ ပြဋ္ဌာန်းသော ကာမာဝစရကုသိုလ်နှင့် ယှဉ်သော သမ္မာဒိဋ္ဌိတရားတို့သည် ဖြစ်ကုန်၏။ သမထဘာဝနာကို ပွါးသောအခါ ဥပစာရသမာဓိ ပြဋ္ဌာန်းသော ကာမာဝစရကုသိုလ်နှင့်ယှဉ်သော သမ္မာဒိဋ္ဌိတို့သည် ဖြစ်ကုန်၏။ ထိုဥပစာရ-ဘာဝနာကို အဖန်တလဲလဲ မှီဝဲသောသူအား မဟဂ္ဂုတ်ဈာန် ၉-ပါးကို ရ၍ ဈာနသမ္မာဒိဋ္ဌိ တို့သည် ဖြစ်ကုန်၏။

ထိုသို့ဖြစ်သောအခါ ကိလေသာသတ္တိရှိသော အကုသိုလ်, နီဝရဏသတ္တိရှိသော အကုသိုလ်တရားတည်းဟူသော အဆိပ်ရည်တို့သည်လည်း အောက်သို့ သက်လေကုန်၏။ အထက်သို့သော်လည်း အော့၍ လာကုန်၏။ ဝိပဿနာဉာဏ်ကို အဖန်ဖန်ပွါးသောသူအား ဝိပဿနာဉာဏ် ၁၀-ပါးတည်းဟူသော **ဝိပဿနာသမ္မာဒိဋ္ဌိ**တို့သည် ဖြစ်ကုန်၏။ ထိုဝိပဿနာဉာဏ်ကို ကြိမ်ဖန်များစွာ မှီဝဲသောသူအား လောကုတ္တရာမဂ်ကို ရသည်ရှိသော် မဂ်နှင့်ယှဉ်သော **မဂ္ဂသမ္မာဒိဋ္ဌိ**တို့သည် ဖြစ်ကုန်၏။

မဂ်၏အခြားမဲ့၌ ဖိုလ်တရားတို့သည် ဖြစ်ကုန်သည်ရှိသော် ဖိုလ်နှင့်ယှဉ်သော **ဖလသမ္မာဒိဋ္ဌိ**တို့သည် ဖြစ်ကုန်၏။ ပယ်ပြီးသော ကိလေသာ, ကြွင်းသော ကိလေသာ, မဂ်,ဖိုလ်, နိဗ္ဗာန်တရားတို့ကို ဆင်ခြင်သည်ရှိသော် **ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ**တို့သည် ဖြစ်ကုန်၏။ ထိုဝိပဿနာသမ္မာဒိဋ္ဌိ, မဂ္ဂသမ္မာဒိဋ္ဌိ, ဖလသမ္မာဒိဋ္ဌိ, ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိတည်းဟူသော ဆေးတော်ကို မှီဝဲသုံးဆောင်သောသူအား အနုသယသတ္တိရှိသော အကုသိုလ်ကိလေသာနူနာအဆိပ်ရည်တို့သည် တဒင်္ဂပဟာနသတ္တိ, ဝိက္ခမ္ဘနပဟာနသတ္တိ, သမုစ္ဆေဒပဟာနသတ္တိ, ပဋိပဿဒ္ဓိပဟာနသတ္တိတို့ဖြင့် အောက်သို့ သက်ခြင်း, အထက်သို့ အော့အန်ခြင်းသို့ အကြွင်းမဲ့ ရောက်ကုန်၏။

ထို့ကြောင့်—

**သမ္မာဒိဋ္ဌိကဿ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ ဝိရိတ္တာ ဟောတိ ဝမနဥ္စ၊ ယေ စ မိစ္ဆာဒိဋ္ဌိပစ္စယာ အနေကေ ပါပကာ အကုသလာ ဓမ္မာ သမ္ဘဝန္တိ၊ တေ စ'ဿ ဝိရိတ္တာ ဟောန္တိ ဝမနာ စ။ သမ္မာဒိဋ္ဌိပစ္စယာ စ အနေကေ ကုသလာ ဓမ္မာ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ။**

ဟု ဟောတော်မူသည်။

ငါ၏ချစ်သားတို့၊ သမ္မာသက်ပွနှင့် ပြည့်စုံသည်ဖြစ်၍ သမ္မာသက်ပွတည်းဟူသော ဆေးတော်ကို သောက်သောသူအား မိစ္ဆာသက်ပွတည်းဟူသော အဆိပ်ရည်သည်လည်းကောင်း, မိစ္ဆာသက်ပွ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာကုန်သော အကုသိုလ်တရားတည်းဟူသော အဆိပ်ရည်တို့သည်လည်းကောင်း အောက်သို့ သက်ခြင်းသို့ ရောက်လေကုန်၏။ အထက်သို့သော်လည်း အော့ခြင်း,အန်ခြင်းသို့ ရောက်လေကုန်၏။ သမ္မာသက်ပွ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော ကာမာဝစရကုသိုလ်, ရူပါဝစရကုသိုလ်, အရူပါဝစရကုသိုလ်, လောကုတ္တရာကုသိုလ်တို့သည် ပွါးခြင်း,ပြည့်စုံခြင်းသို့ ရောက်ကုန်၏။

ထို့ကြောင့်—

**သမ္မာသင်္ကပ္ပဿ ဘိက္ခဝေ မိစ္ဆာသင်္ကပ္ပေါ ဝိရိတ္တော ဟောတိ ဝဋ္ဋော စ၊ ယေ စ မိစ္ဆာ-သင်္ကပ္ပပစ္စယာ အနေကေ ပါပကာ အကုသလာ ဓမ္မာ သမ္ဘဝန္တိ၊ တေ စ'ဿ ဝိရိတ္တာ ဟောန္တိ ဝဋ္ဋာ စ။ သမ္မာသင်္ကပ္ပပစ္စယာ စ အနေကေ ကုသလာ ဓမ္မာ ဘာဝနာပါရိပူရိ ဂစ္ဆန္တိ။** — ဟု ဟောတော်မူသည်။ (အံ၊၃။၄၃၄-၅)

ငါ၏ချစ်သားတို့၊ သမ္မာဝါစာနှင့် ပြည့်စုံသည်ဖြစ်၍ သမ္မာဝါစာတည်းဟူသော ဆေးတော်ကို သုံးဆောင်မှီဝဲသောသူအား မိစ္ဆာဝါစာတည်းဟူသော အဆိပ်ရည်သည်လည်း ကောင်း, မိစ္ဆာဝါစာ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာကုန်သော အကုသိုလ် တရားတည်းဟူသော အဆိပ်ရည်တို့သည်လည်းကောင်း အောက်သို့ သက်ခြင်း, အထက်သို့ အော့ခြင်း,အန်ခြင်းသို့ ရောက်လေကုန်၏။ သမ္မာဝါစာ-ဟူသော အကြောင်းကြောင့် ဖြစ်ကုန် သော များစွာကုန်သော ကာမာဝစရကုသိုလ်, ရူပါဝစရကုသိုလ်, အရူပါဝစရကုသိုလ်, လောကုတ္တရာကုသိုလ်တို့သည် ပွါးခြင်း,ပြည့်စုံခြင်းသို့ ရောက်ကုန်၏။ ထို့ကြောင့် "**သမ္မာ-ဝါစဿ ဘိက္ခဝေ မိစ္ဆာဝါစာ ဝိရိတ္တာ ဟောတိ ဝမနံ**"ဟု ဟောတော်မူသည်။

သမ္မာကမ္မန္တနှင့် ပြည့်စုံသည်ဖြစ်၍ သမ္မာကမ္မန္တတည်းဟူသော ဆေးတော်ကို သုံး ဆောင်မှီဝဲသောသူအား မိစ္ဆာကမ္မန္တတည်းဟူသော အဆိပ်ရည်သည်လည်းကောင်း, မိစ္ဆာ-ကမ္မန္တ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာကုန်သော အကုသိုလ်တရားတည်း ဟူသော အဆိပ်ရည်တို့သည်လည်းကောင်း အောက်သို့ သက်ခြင်း၊ အထက်သို့ အော့ခြင်း, အန်ခြင်းသို့ ရောက်ကုန်၏။ သမ္မာကမ္မန္တ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော ကာမာ-ဝစရကုသိုလ်, ရူပါဝစရကုသိုလ်, အရူပါဝစရကုသိုလ်, လောကုတ္တရာကုသိုလ်တို့သည် ပွါးခြင်း,ပြည့်စုံခြင်းသို့ ရောက်ကုန်၏။ ထို့ကြောင့် "**သမ္မာကမ္မန္တဿ ဘိက္ခဝေ မိစ္ဆာကမ္မန္တော ဝိရိတ္တော ဟောတိ ဝမနံ**"ဟု ဟောတော်မူသည်။

သမ္မာအာဇီဝနှင့် ပြည့်စုံသည်ဖြစ်၍ သမ္မာအာဇီဝတည်းဟူသော ဆေးတော်ကို သုံးဆောင်မှီဝဲသောသူအား မိစ္ဆာအာဇီဝတည်းဟူသော အဆိပ်ရည်သည်လည်းကောင်း, မိစ္ဆာအာဇီဝ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာကုန်သော အကုသိုလ်တရား ဟု ဆိုအပ်ကုန်သော အဆိပ်ရည်တို့သည်လည်းကောင်း အောက်သို့ ကျခြင်း, အထက်သို့ အော့ခြင်း,အန်ခြင်းသို့ ရောက်လေကုန်၏။ သမ္မာအာဇီဝ-ဟူသော အကြောင်းကြောင့် ဖြစ်ကုန်သော များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးခြင်း,ပြည့်စုံခြင်းသို့ ရောက်လေ ကုန်၏။

ထို့ကြောင့် **"သမ္မာအာဇီဝဿ ဘိက္ခဝေ မိစ္ဆာအာဇီဝေါ ဝိရိတ္တော ဟောတိ ဝမနံ"**ဟု ဟော တော်မူသည်။

သမ္မာဝါယာမနှင့် ပြည့်စုံသည်ဖြစ်၍ သမ္မာဝါယာမတည်းဟူသော ဆေးတော်ကို သုံးဆောင်မှီဝဲသောသူအား မိစ္ဆာဝါယာမတည်းဟူသော အဆိပ်ရည်သည်လည်းကောင်း, မိစ္ဆာဝါယာမ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာကုန်သော အကုသိုလ်တရားတည်းဟူသော အဆိပ်ရည်တို့သည်လည်းကောင်း အောက်သို့ သက်ခြင်း, အထက်သို့ အော့ခြင်း,အန်ခြင်းသို့ ရောက်လေကုန်၏။ သမ္မာဝါယာမ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော ကုသိုလ်တရားတို့သည် ပွါးခြင်း,ပြည့်စုံခြင်းသို့ ရောက်ကုန်၏။ ထို့ကြောင့် **"သမ္မာဝါယာမဿ ဘိက္ခဝေ မိစ္ဆာဝါယာမော ဝိရိတ္တော ဟောတိ ဝမနံ"**ဟု ဟောတော်မူသည်။

သမ္မာသတိနှင့် ပြည့်စုံသည်ဖြစ်၍ သမ္မာသတိတည်းဟူသော ဆေးတော်ကို သုံးဆောင်မှီဝဲသောသူအား မိစ္ဆာသတိတည်းဟူသော အဆိပ်ရည်သည်လည်းကောင်း, မိစ္ဆာ-သတိ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာကုန်သော အကုသိုလ်တရားတည်းဟူသော အဆိပ်ရည်တို့သည်လည်းကောင်း အောက်သို့ သက်ခြင်း, အထက်သို့ အော့ခြင်း, အန်ခြင်းသို့ ရောက်ကုန်၏။ သမ္မာသတိ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးခြင်း,ပြည့်စုံခြင်းသို့ ရောက်ကုန်၏။ ထို့ကြောင့် **"သမ္မာ-သတိဿ ဘိက္ခဝေ မိစ္ဆာသတိ ဝိရိတ္တာ ဟောတိ ဝမနံ"**ဟု ဟောတော်မူသည်။

သမ္မာသမာဓိနှင့် ပြည့်စုံသည်ဖြစ်၍ သမ္မာသမာဓိတည်းဟူသော ဆေးတော်ကို သုံးဆောင်မှီဝဲသောသူအား မိစ္ဆာသမာဓိတည်းဟူသော အဆိပ်ရည်သည်လည်းကောင်း, မိစ္ဆာသမာဓိ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာကုန်သော အကုသိုလ်တရားတည်းဟူသော အဆိပ်ရည်တို့သည်လည်းကောင်း အောက်သို့ သက်ခြင်း, အထက်သို့ အော့ခြင်း,အန်ခြင်းသို့ ရောက်လေကုန်၏။ သမ္မာသမာဓိ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာကုန်သော ကာမာဝစရကုသိုလ်, ရူပါဝစရကုသိုလ်, အရူပါဝစရကုသိုလ်, လောကုတ္တရာကုသိုလ်တို့သည် ပွါးခြင်း,ပြည့်စုံခြင်းသို့ ရောက်လေကုန်၏။ ထို့ကြောင့် **"သမ္မာသမာဓိဿ ဘိက္ခဝေ မိစ္ဆာသမာဓိ ဝိရိတ္တော ဟောတိ ဝမနံ"**ဟု ဟောတော်မူသည်။

သမ္မာဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ သမ္မာဉာဏ်တည်းဟူသော ဆေးတော်ကို သုံးဆောင်မှီဝဲသောသူအား မိစ္ဆာဉာဏ်တည်းဟူသော အဆိပ်ရည်သည်လည်းကောင်း, မိစ္ဆာဉာဏ်-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာကုန်သော အကုသိုလ်တရားတည်းဟူသော အဆိပ်ရည်တို့သည်လည်းကောင်း အောက်သို့ သက်ခြင်း, အထက်သို့ အော့ခြင်း,

အန်ခြင်းသို့ ရောက်လေကုန်၏။ သမ္မာဉာဏ်တည်းဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော ကာမာဝစရကုသိုလ်, ရူပါဝစရကုသိုလ်, အရူပါဝစရကုသိုလ်, လောကုတ္တရာကုသိုလ်တို့သည် ပွါးများခြင်း,ပြည့်စုံခြင်းသို့ ရောက်လေကုန်၏။ ထို့ကြောင့် **"သမ္မာဉာဏိဿ ဘိက္ခဝေ မိစ္ဆာဉာဏံ ဝိရိတ္တံ ဟောတိ ဝမနံ"**ဟု ဟောတော်မူသည်။

သမ္မာဝိမုတ္တိနှင့် ပြည့်စုံသည်ဖြစ်၍ သမ္မာဝိမုတ္တိတည်းဟူသော ဆေးတော်ကို သုံးဆောင်မှီဝဲသောသူအား မိစ္ဆာဝိမုတ္တိတည်းဟူသော အဆိပ်ရည်သည်လည်းကောင်း, မိစ္ဆာဝိမုတ္တိ-ဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော များစွာကုန်သော အကုသိုလ်တရားတည်းဟူသော အဆိပ်ရည်တို့သည်လည်းကောင်း အောက်သို့ သက်ခြင်း, အထက်သို့ အော့ခြင်း,အန်ခြင်းသို့ ရောက်လေကုန်၏။ သမ္မာဝိမုတ္တိတည်းဟူသော အကြောင်းကြောင့် ဖြစ်ကုန်သော များစွာကုန်သော ကာမာဝစရကုသိုလ်, ရူပါဝစရကုသိုလ်, အရူပါဝစရကုသိုလ်, လောကုတ္တရာကုသိုလ်တို့သည် ပွါးခြင်း, ပြည့်စုံခြင်းသို့ ရောက်လေကုန်၏။ ထို့ကြောင့် **"သမ္မာဝိမုတ္တိဿ ဘိက္ခဝေ မိစ္ဆာဝိမုတ္တိ ဝိရိတ္တာ ဟောတိ ဝန္တာ"**ဟု ဟောတော်မူသည်။

ဤသို့ "ငါ၏ချစ်သားတို့၊ လောက၌ ဆေးသမားတို့သည် သလိပ်, သည်းခြေ, လေတို့ကြောင့် ဖြစ်ကုန်သော အနာရောဂါတို့ကို ပျောက်စေခြင်းငှာ အောက်သို့ သက်စေတတ်သောဆေး, အထက်သို့ အန်စေတတ်သောဆေးတို့ကို ပေးကုန်၏။ ထိုဆေးသမားတို့ ပေးတိုင်း ထိုအနာရောဂါတို့သည် ပျောက်သည်ဖြစ်၍ အကျိုးပြည့်စုံသည်လည်း ဖြစ်ကုန်၏။ မပျောက်သည်ဖြစ်၍ အကျိုးမပြည့်စုံသည်လည်း ဖြစ်ကုန်၏။

ငါဘုရားသည် ဟောကြားတော်မူအပ်သော 'အရိယဝိရေစန' အရိယာတို့၏ အောက်သို့ သက်စေတတ်သောဆေး,'အရိယဝမန' အရိယာတို့၏ အထက်သို့ အန်စေတတ်သောဆေးမူကား ဘဝများစွာ သံသရာ၌ ကမ္ဘာအဆက်ဆက် နှိပ်စက်ဖျက်ဆီးခြင်းကို ပြုတတ်ကုန်သော ကိလေသာရန်သူ နူနာတို့ကို ဖျောက်၍ မဂ်,ဖိုလ်,နိဗ္ဗာန်-ဟူသော ထူးမြတ်သောအကျိုးကို စင်စစ်အားဖြင့် ပြည့်စုံစေတတ်၏။

ပဋိသန္ဓေနေခြင်းသဘောရှိကုန်သော သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်းသဘောမှ လွတ်ကုန်၏။ အိုခြင်း, နာခြင်း, သေခြင်းသဘောရှိကုန်သော သတ္တဝါတို့သည် အိုခြင်း, နာခြင်း, သေခြင်းသဘောမှ လွတ်ကုန်၏။ စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, သက်ကြီးရှိုက်ငင် ပင်ပန်းခြင်းသဘောရှိကုန်သော သတ္တဝါတို့သည် စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, သက်ကြီးရှိုက်ငင် ပင်ပန်းခြင်းသဘောမှ လွတ်ကုန်၏"ဟု ဟောတော်မူသည်။ ထို့ကြောင့်—

### ၁။ အကုသိုလ်ကိလေသာရန်သူနှုနာမျိုး ၁၀-ပါး

| | | |
|---|---|---|
| မိစ္ဆာဒိဋ္ဌိ, | မိစ္ဆာသင်္ကပ္ပ, | မိစ္ဆာဝါစာ, |
| မိစ္ဆာကမ္မန္တ, | မိစ္ဆာအာဇီဝ, | မိစ္ဆာဝါယာမ, |
| မိစ္ဆာသတိ, | မိစ္ဆာသမာဓိ, | မိစ္ဆာဉာဏ, |

မိစ္ဆာဝိမုတ္တိတည်းဟူသော ၁၀-ပါးသော အကုသိုလ်ကိလေသာ ရန်သူနှုနာမျိုးတို့မှလည်းကောင်း, ထို ၁၀-ပါးသော အကုသိုလ်တရားတို့ကြောင့် ဖြစ်ကုန်သော များစွာကုန်သော အကုသိုလ် ကိလေသာရန်သူ နှုနာမျိုး အဆိပ်ရည်တို့မှလည်းကောင်း ကင်းလွတ်, ကုန်ငြိမ်းခြင်းကို အလိုရှိကုန်သည်ဖြစ်အံ့။ ဗုဒ္ဓဘုရားသမားတော်ကြီးသည် အထူးထူးအပြားပြားသော နည်းတို့ဖြင့် လဲလှယ်၍ ပေးသနားတော်မူအပ်သော—

| | | |
|---|---|---|
| သမ္မာဒိဋ္ဌိ, | သမ္မာသင်္ကပ္ပ, | သမ္မာဝါစာ, |
| သမ္မာကမ္မန္တ, | သမ္မာအာဇီဝ, | သမ္မာဝါယာမ, |
| သမ္မာသတိ, | သမ္မာသမာဓိ, | သမ္မာဉာဏ, |

သမ္မာဝိမုတ္တိ-ဟု ဆိုအပ်သော ၁၀-ပါးသော ကုသိုလ်တရားတည်းဟူသော ဆေးတော်တို့ကိုလည်းကောင်း, ထို ၁၀-ပါးသော ကုသိုလ်တရားကြောင့် ဖြစ်ကုန်သော ကာမာဝစရကုသိုလ်, ရူပါဝစရကုသိုလ်, အရူပါဝစရကုသိုလ်, လောကုတ္တရာကုသိုလ်တည်းဟူသော ဆေးတို့ကိုလည်းကောင်း အလေးအမြတ်ပြု၍ မှီဝဲသုံးဆောင်ကုန်ရာသည်။ ထိုသို့ သုံးဆောင်ရကုန်သောသူတို့အား မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရ၍ မြတ်လှစွာသော ချမ်းသာကို ခံစားလျက် နေရလေကုန်၏။

ထို့ကြောင့် "ဓမ္မံ သုခံ ပိဝံ သေတိ"ဟု ဟောတော်မူသည်။

ဓမ္မံ၊ တရားကို။ ပိဝံ ပိဝန္တော၊ သောက်သောသူသည်။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ နေရ၏။ ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော် ဖြစ်သည်။ (တိကိစ္ဆကသုတ်၊ ဝမနသုတ်၊ ဒသက အင်္ဂုတ္တရပါဠိတော်၊ ၎င်းအဋ္ဌကထာ။)

★★★★★★★

## [ ၅ ] ပဉ္စနီဝရဏဒေသနာတရား

**"ပဉ္စ စက္ခူနိ ယဿ သောတိ ပဉ္စစက္ခု။"**

ယဿ တထာဂတဿ၊ အကြင်မြတ်စွာဘုရားအား။ ပဉ္စ၊ ၅-ပါးကုန်သော။ စက္ခူနိ၊ မျက်စိတော်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော တထာဂတော၊ ထိုမြတ်စွာဘုရားသည်။ ပဉ္စစက္ခု၊ ပဉ္စစက္ခု မည်တော်မူ၏။

ဤသို့လျှင် **မံသစက္ခု, ဒိဗ္ဗစက္ခု, ဓမ္မစက္ခု, ဗုဒ္ဓစက္ခု, သမန္တစက္ခု**-ဟု ဆိုအပ်သော ၅-ပါးသော စက္ခုတို့နှင့် ပြည့်စုံတော်မူသည်၏အဖြစ်ကြောင့် ပဉ္စစက္ခု-ဟူသော ဂုဏ်တော်နာမ ဝိသေသအထူးနှင့် ပြည့်စုံတော်မူသော ဘုရားသခင်သည် ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်, ဝိနည်း, အဘိဓမ္မာ-ဟူ၍ ၃-ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင် သုတ္တန်နည်းအားဖြင့် ဟောကြားတော်မူလိုသည်ဖြစ်၍ –

> **ပဉ္စိမာနိ ဘိက္ခဝေ နီဝရဏာနိ။ ကတမာနိ ပဉ္စ? ကာမစ္ဆန္ဒနီဝရဏံ၊ ဗျာပါဒနီဝရဏံ၊ ထိနမိဒ္ဓနီဝရဏံ၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏံ၊ ဝိစိကိစ္ဆာနီဝရဏံ။ ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ နီဝရဏာနိ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (အံ၊၃။၂၅၀)

ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့, ကြောက်လေ့ရှိသော တရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့။ နီဝရဏာနိ၊ ဖုံးလွှမ်းပိတ်ပင်တတ်ကုန်သော တရားတို့သည်။ ဣမာနိ ပဉ္စ၊ ဤ ၅-ပါးတို့တည်း။ ပဉ္စ၊ ၅-ပါးတို့ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။

ကာမစ္ဆန္ဒနီဝရဏဉ္စ၊ **ကာမစ္ဆန္ဒနီဝရဏလည်း** ၁-ပါး။
ဗျာပါဒနီဝရဏဉ္စ၊ **ဗျာပါဒနီဝရဏလည်း** ၁-ပါး။
ထိနမိဒ္ဓနီဝရဏဉ္စ၊ **ထိနမိဒ္ဓနီဝရဏလည်း** ၁-ပါး။
ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏဉ္စ၊ **ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏလည်း** ၁-ပါး။
ဝိစိကိစ္ဆာနီဝရဏဉ္စ၊ **ဝိစိကိစ္ဆာနီဝရဏလည်း** ၁-ပါး။

ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့,ကြောက်လေ့ရှိသော တရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့။ နီဝရဏာနိ၊ ဖုံးလွှမ်းပိတ်ပင်တတ်ကုန်သော တရားတို့သည်။ ဣမာနိ ပဉ္စ၊ ဤ ၅-ပါးတို့တည်း။

ထိုဒေသနာတော်မြတ်ပါဠိ၏ အဓိပ္ပါယ်သော်ကား "သံသရာဘေးကို ရှုလေ့, ကြောက်လေ့ရှိသော တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ သတ္တဝါတို့အား ဖုံးလွှမ်းပိတ်ပင်တတ်ကုန်သော နီဝရဏတရားတို့သည် ၅-ပါးတို့တည်း။ ၅-ပါးတို့ဟူသည် အဘယ်သည်တို့နည်းဟူမူကား–

၁။ ကာမ ၁၁-ဘုံတို့၌လည်းကောင်း, ကာမဂုဏ် ၅-ပါး တရားအစုတို့၌လည်းကောင်း ကပ်ငြိတပ်စွန်းတတ်သော ကာမစ္ဆန္ဒနီဝရဏလည်း ၁-ပါး,

၂။ သတ္တဝါတို့၏ အကျိုးစီးပွါးကို ဖျက်ဆီးကြောင်းဖြစ်သော ဒေါသ-ဟု ဆိုအပ်သော ဗျာပါဒနီဝရဏလည်း ၁-ပါး,

၃။ စေတသိက်ခန္ဓာ ၃-ပါးတို့၏ မခံ့ခြင်းကို ပြုတတ်သော ထိနစေတသိက်, ဝိညာဏက္ခန္ဓာ၏ မခံ့ခြင်းကို ပြုတတ်သော မိဒ္ဓစေတသိက်-ဟု ဆိုအပ်သော ထိနမိဒ္ဓနီဝရဏလည်း ၁-ပါး,

၄။ စိတ်၏ ပျံ့လွင့်ခြင်းကို ဖြစ်စေတတ်သော ဥဒ္ဓစ္စစေတသိက်, စိတ်၏ ပင်ပန်းခြင်းကို ဖြစ်စေတတ်သော ကုက္ကုစ္စစေတသိက်-ဟု ဆိုအပ်သော ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏလည်း ၁-ပါး,

၅။ အာရုံကို မဆုံးဖြတ်နိုင်ခြင်း လက္ခဏာရှိသော ဝိစိကိစ္ဆာနီဝရဏလည်း ၁-ပါး၊

ဤသို့အားဖြင့် သတ္တဝါတို့အား ဖုံးလွှမ်းပိတ်ပင်တတ်ကုန်သော နီဝရဏတရားတို့သည် ၅-ပါးတို့တည်း။

## ၁။ ကာမစ္ဆန္ဒနီဝရဏနှင့် မြီ-တူပုံ

အာရုံ၏သဘောကို မသိအောင် ဖုံးလွှမ်းတတ်သော အဝိဇ္ဇာနီဝရဏကို ထည့်၍ ၆-ပါးသော နီဝရဏတို့တွင် **ကာမစ္ဆန္ဒနီဝရဏသည် မြီနှင့် တူ၏**။ ကာမစ္ဆန္ဒနီဝရဏရှိသော သူသည် မြီတင်သောသူနှင့် တူ၏။ အဘယ်သို့ တူသနည်းဟူမူကား အကြွေးရှင်သူသည် သူတပါး တို့ မြီကို ယူ၍ ပျက်စီးခြင်းသို့ ရောက်၏။ ထိုသူကို မြီရှင်တို့သည် "ပေးလော့"ဟူ၍ ရုန့်ရင်းသောစကားဖြင့် ဆိုသော်လည်းကောင်း၊ ထိတ်,ထောင်,နှောင်အိမ်-အစရှိသည်ဖြင့် ဖွဲ့သော်လည်းကောင်း၊ ချည်နှောင်,ထောင်းထု, ပုတ်ခတ်သော်လည်းကောင်း တစ်စုံတစ်ခု ကိုမျှ ပြန်၍ အတုံ့မပြုနိုင်။ အလုံးစုံ ပြုကျင့်သမျှအမှုကို သည်းခံရသကဲ့သို့ ထိုအတူ ကာမစ္ဆန္ဒ နီဝရဏရှိသောသူသည် ချစ်သော, တွယ်တာမက်မောသောသူတို့ အလွန်အကြူး ပြောဆို ပြုကျင့်သည်ကို အတုံ့မပြုနိုင်မူ၍ သည်းခံရခြင်း၏ အကြောင်းဖြစ်သောကြောင့် မြီနှင့်တူ၏-ဟု မှတ်အပ်၏။

## ၂။ ဗျာပါဒနှင့် သည်းခြေနာ-တူပုံ

**ဗျာပါဒနီဝရဏသည် သည်းခြေနာ စွဲရောက်သောသူနှင့် တူ၏။** အဘယ်သို့ တူသနည်းဟူမူကား သည်းခြေနာ စွဲရောက်သောသူသည် ပျားသကာ-အစရှိသော ချိုလှစွာသော အရသာတို့ကို ပေးကုန်သော်လည်း သည်းခြေနာရှိသည်၏အဖြစ်ကြောင့် ထိုချိုလှစွာသော ပျားသကာတို့၏ အရသာကို မသိမူ၍ "ခါးလှ၏"ဟု ဆို၍ အော့အန်သကဲ့သို့ ထို့အတူ အကျိုးစီးပွါးကို အလိုရှိကုန်သော ဆရာ,မိဘ-အစရှိသောသူတို့သည် အနည်းငယ်သော စကားကို ဆို၍ ဆုံးမသော်လည်း ဩဝါဒကို မယူနိုင်။ "သင်တို့သည် ငါ့အား အလွန်နှိပ်စက်ကုန်ဘိသည်"အစရှိသော စကားကို ဆို၍ အရပ်တပါးသို့ သွားလေ၏။ သည်းခြေအနာဖြင့် နှိပ်စက်သောသူသည် ပျားသကာ-အစရှိသည်တို့၏ အရသာကို ဟုတ်မှန်စွာ မသိသကဲ့သို့ ဗျာပါဒနီဝရဏနှိပ်စက်သောသူသည် ဈာနသုခ, မဂ္ဂသုခ, ဖလသုခ-အစရှိသော သာသနာတော်၏ အရသာကို မသိရပြီ။ ထို့ကြောင့် အနာရောဂါကဲ့သို့ ဗျာပါဒနီဝရဏကို မှတ်အပ်၏။

## ၃။ ထိနမိဒ္ဓသည် ပွဲသဘင်ကာလ၌ နှောင်ဖွဲ့ခံရသည်နှင့် တူပုံ

**ထိနမိဒ္ဓနီဝရဏသည်** ပွဲလမ်းသဘင်ရှိသော ကာလ၌ ထိတ်,ထောင်,နှောင်အိမ်၌ **အနှောင်အဖွဲ့ခံနေရသောသူနှင့် တူ၏။** အဘယ်သို့ တူသနည်းဟူမူကား ပွဲလမ်းသဘင်ခံသော နေ့၌ ထိတ်,ထောင်,နှောင်အိမ်၌ အနှောင်အဖွဲ့ခံနေရသောသူသည် နက္ခတ်သဘင်ပွဲလမ်း၏ အစကို မမြင်, အလယ်ကို မမြင်, အဆုံးကို မမြင်။ ထိုသူသည် ၂-ရက်မြောက်သောနေ့၌ ထိတ်,ထောင်,နှောင်အိမ်အဖွဲ့မှ လွတ်သည်ရှိသော် "ယမန်နေ့၌ နက္ခတ်သဘင်ပွဲလမ်းကား အံ့ဖွယ်ရှိစွတကား၊ ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့သည် အံ့ဖွယ်ရှိစွတကား"အစရှိသည်ဖြင့် သူတပါးတို့ ဆိုသောစကားကို ကြားသော်လည်း စကားတုံ့ကို ပြန်၍ မပေးနိုင်။ အဘယ်ကြောင့်နည်းဟူမူကား နက္ခတ်သဘင်ပွဲလမ်းကို မကြည့်ရှု, မခံစားရသည်၏ အဖြစ်ကြောင့်တည်း။

ထို့အတူ ထိနမိဒ္ဓနှိပ်စက်သောသူသည် ဆန်းကြယ်သော, အထူးထူးသော နည်းတို့ဖြင့် တရားနာခြင်း, တရားဟောခြင်း သဘင်ဖြစ်သည်ရှိသော် ထိုဆန်းကြယ်လှစွာသော တရား၏ အစ,အလယ်,အဆုံးကို မသိ။ တရားနာရာမှ ထသည်ရှိသော် "ပါဠိကား အံ့ဖွယ်သရဲရှိ၏၊ အကြောင်းကား အံ့ဖွယ်သရဲရှိ၏၊ အနက်ဥပမာတို့ကား အံ့ဖွယ်သရဲ ရှိကုန်၏၊" ဤသို့အစရှိသည်ဖြင့် တရားနာခြင်း၏ ကျေးဇူးကို ချီးမွမ်းသောသူတို့၏ စကားကို ကြားသော်

လည်း စကားတို့ကို မပေးနိုင်။ အဘယ်ကြောင့်နည်းဟူမူကား ထိနမိဒ္ဓ၏ အစွမ်းအားဖြင့်ဟောအပ်သော တရားစကား၏ အစ,အလယ်,အဆုံးကို မနာနိုင်သည်၏ အဖြစ်ကြောင့်တည်း။ ဤသို့လျှင် ထိနမိဒ္ဓကို ထိတ်,ထောင်,နှောင်အိမ်နှင့် တူ၏-ဟု မှတ်အပ်၏။

## ၄။ ဥဒ္ဓစ္စကုက္ကုစ္စနှင့် သူ့ကျွန်-တူပုံ

ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏသည် သူ့ကျွန်နှင့် တူ၏။ အဘယ်သို့ တူသနည်းဟူမူကား သူတပါးတို့အိမ်၌ နေရသောသူသည် နက္ခတ်သဘင်ကို ကစားရပါသော်လည်း အစိုးပိုင်သော အရှင်တို့က "အဆောတလျင်ပြုအပ်သော အမှုကိစ္စရှိ၏။ ထိုအမှုကိစ္စရှိရာအရပ်သို့ လျင်မြန်ဆောစွာ ပြန်ခဲ့လော့၊ အကယ်၍ မပြန်ခဲ့သည် ဖြစ်အံ့။ သင်၏ လက်,ခြေ,နှာခေါင်း-အစရှိသည်ကို ဖြတ်အံ့"ဟူ၍ ဆိုခြင်းကြောင့် လျင်မြန်စွာ အမှုကိစ္စရှိရာ အရပ်သို့ ပြန်ခဲ့ရသည်ဖြစ်၍ နက္ခတ်သဘင်၏ အစ,အလယ်,အဆုံးကို ကြည့်ရှုခြင်း, ခံစားခြင်းငှာ မရ။ အဘယ်ကြောင့်နည်းဟူမူကား သခင်အရှင်တည်းဟူသော သူတပါးတို့နှင့် စပ်သည်၏အဖြစ်ကြောင့်တည်း။

ထို့အတူ ဝိနည်း၌ မလိမ္မာသောရဟန်းသည် ကာယဝိဝေက, စိတ္တဝိဝေက, ဥပဓိဝိဝေကအကျိုးငှာ တောအရပ်သို့ ဝင်၍ ကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများအားထုတ်၍ နေပါသော်လည်း ကပ္ပိယ,အကပ္ပိယ-ဟု ဆိုအပ်သော အပ်သည်, မအပ်သည်ကို မှီ၍ ကုက္ကုစ္စဖြစ်လသော် ဝိဝေကကို စွန့်၍ ဝိနည်းဓိုရ်ပုဂ္ဂိုလ်တို့၏အထံသို့ သီလကို သုတ်သင်အံ့သောငှာလာရ၏။ ဝိဝေကကို ခံစားခြင်းငှာ မရ။ အဘယ်ကြောင့်နည်းဟူမူကား ဥဒ္ဓစ္စကုက္ကုစ္စဖြင့်နှိပ်စက်သည်၏ အဖြစ်ကြောင့်တည်း။ ဤသို့လျှင် သူတပါးတို့၏ ကျွန်ကဲ့သို့ ဥဒ္ဓစ္စကုက္ကုစ္စကိုမှတ်အပ်၏။

## ၅။ ဝိစိကိစ္ဆာသည် စောရကန္တာရသို့ ဥစ္စာထုပ်ကို ပိုက်၍သွားသောသူနှင့် တူပုံ

ဝိစိကိစ္ဆာနီဝရဏသည် ခိုးသူရှိသော ခရီးခဲသို့ ဥစ္စာထုပ်ကို ပိုက်၍သွားသောသူနှင့်တူ၏။ အဘယ်သို့ တူသနည်းဟူမူကား ဥစ္စာထုပ်ကို ပိုက်၍ ခရီးခဲသို့ သွားသောသူတို့အား ခိုးသူတို့သည် လုယက်ရာအရပ်, ပုတ်ခတ်ရာအရပ်, သတ်ဖြတ်ရာအရပ်ကို မြင်၍ သစ်သားလှင်ကန်ကျသော အသံ, ငှက်မြည်သံ, သားမြည်သံ, သစ်ရွက်ကြွေသံ-အစရှိသည်တို့ကိုကြားသဖြင့် တဖျပ်ဖျပ် ထိတ်လန့်ရွံ့ရှာခြင်း, ကြောက်ခြင်းသည် ဖြစ်၏။ ထိုသူသည် သွားလည်း သွား၏၊ ရပ်လည်း ရပ်၏၊ ပြန်လည်း ပြန်၏၊ သွားသောအရာထက် ပြန်နစ်သော

အရာသည်သာလျှင် များ၍ ဘေးမဲ့ရာအရပ်သို့ မရောက်နိုင်။ ဆင်းရဲငြိုငြင်သဖြင့် ရောက်သည်မှုလည်း ဖြစ်ရာ၏၊ မရောက်သည်မှုလည်း ဖြစ်ရာ၏။

ထို့အတူ အကြင်သူအား ဗုဒ္ဓ, ဓမ္မ, သံဃ, သိက္ခာ, သပြဟ္မစရိယာ, အတိတ်ခန္ဓာ-ဟူသောအစွန်း, အနာဂတ်ခန္ဓာ-ဟူသောအစွန်း, ပစ္စုပ္ပန်ခန္ဓာ-ဟူသော အစွန်းအားဖြင့် ၈-ပါးသော အရာဌာနတို့၌ ယုံမှားခြင်း ဝိစိကိစ္ဆာသည် ဖြစ်၏။ ထိုသူသည် "ဘုရားဟုတ်၏လော၊ မဟုတ်လော"အစရှိသောနည်းဖြင့် ယုံမှားခြင်းရှိသည်ဖြစ်၍ သဒ္ဓါယုံကြည်သဖြင့် တရားအထူးကို ယူခြင်းငှာ မတတ်နိုင်သောသူသည် မဂ်,ဖိုလ်သို့ မရောက်နိုင်။ ခိုးသူရှိသော ခရီးခဲ၌ ခိုးသူတို့သည် ရှိလေအံ့လော၊ မရှိလေအံ့လော-ဟု အဖန်တလဲလဲ ယုံမှားခြင်းကို ဖြစ်စေ၍ ခရီးခဲကို သက်ဝင်၍ မသွားနိုင်သော, စိတ်၏ထိတ်လန့်ခြင်းကို ဖြစ်စေသောသူသည် ဘေးမရှိရာအရပ်သို့ ရောက်ခြင်း၏ အန္တရာယ်ကို ဖြစ်စေသကဲ့သို့ ထို့အတူ ဝိစိကိစ္ဆာသည်လည်း "ဘုရားဟုတ်လေသလော၊ မဟုတ်လေသလော"အစရှိသောနည်းဖြင့် အဖန်တလဲလဲ ယုံမှားခြင်းကို ဖြစ်စေ၍ အာရုံသို့ သက်ဝင်၍ စိတ်၏တုန်လှုပ်ခြင်းကို ဖြစ်စေသောသူသည် အရိယာဘုံသို့ မသက်ဝင်နိုင်သည်ဖြစ်၍ နိဗ္ဗာန်သို့ ရောက်ခြင်း၏ အန္တရာယ်ကို ပြုတတ်၏။ ဤသို့လျှင် ဝိစိကိစ္ဆာနီဝရဏကို ခိုးသူရှိသောခရီးခဲနှင့် တူသည်-ဟူ၍ မှတ်အပ်၏။

## ၆။ အဝိဇ္ဇာသည် အနည်မြုမှုန်ရှိသော ရေနှင့် တူပုံ

**အဝိဇ္ဇာနီဝရဏသည်** အလွန်နောက်ကျုလှစွာသော **အနည်မြုမှုန်ရှိသော ရေနှင့် တူ၏။** အဘယ်သို့ တူသနည်းဟူမူကား အလွန်နောက်ကျုလှစွာသော အနည်မြုမှုန်ရှိသော ရေသည် ၁-ထွာ, လက် ၄-သစ်, ၁-တောင်ခန့် အစောက်အနက်ရှိသော မိမိအတွင်း၌ တည်သော ကျောက်စစ်, အိုးခြမ်း, မကာရုံး, ငါး, လိပ်, ခရု, ယောက်သွားတို့ကို မမြင်နိုင်သကဲ့သို့ ထို့အတူ အဝိဇ္ဇာနီဝရဏသည်လည်း မိမိဖြစ်သောပုဂ္ဂိုလ်၏ ပညာမျက်စိကို ဖုံးလွှမ်း၍ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ-အစရှိသည်တို့ကို မမြင်စေနိုင်။ ယုတ်သောအပိုင်းအခြားအားဖြင့် ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသု မိစ္ဆာစာရ, မုသာဝါဒ, သုရာမေရယ-အစရှိသော ဒုစရိုက်တရားတို့၏ အပါယဒုက္ခ-အစရှိသော မကောင်းကျိုးဖြစ်လတ္တံ့သည်ကို မမြင်စေနိုင်။ စင်စစ်အားဖြင့် ဓား,လက်နက်, တုတ်,လှင်ကန်-အစရှိသည်တို့ကို စွဲကိုင်၍ သူတပါးတို့ကို သတ်အံ့သောငှာ သွားသဖြင့် လွန်စွာ ထိတ်လန့်ကြောက်ရွံ့ခြင်း ဗျာပါဒဖြစ်အံ့သည်ကိုလည်းကောင်း, သတ်ပုတ်ညှဉ်းဆဲသဖြင့် ဒုက္ခဝေဒနာဖြစ်အံ့သည်ကိုလည်းကောင်း မမြင်စေနိုင်။ ထို့ကြောင့် အဝိဇ္ဇာနီဝရဏကို လွန်စွာနောက်ကျုသော အနည်မြုမှုန်ရှိသော ရေနှင့် တူ၏-ဟု မှတ်ရာ၏။

ကာမစ္ဆန္ဒကင်းခြင်းသည် သူတပါးတို့ မြီကင်းသောသူနှင့် တူ၏။ အဘယ်သို့ တူသနည်းဟူမူကား သူတပါးတို့မြီကို ယူ၍ လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း-အစရှိသောအမှုကို ပြုသောသူသည် ပြည့်စုံကြွယ်ဝသောအဖြစ်သို့ ရောက်၍ "သူတပါးတို့၏ ကြွေးမြီမည်သည်ကား ကြောင့်ကြပလိဗောဓဖြစ်ခြင်း၏အကြောင်းတည်း"ဟု ကြံ၍ အပွါးနှင့်တကွသော မြီရင်းကို မြီရှင်အား ဆပ်ပေး၍ မြီမှတ်စာရင်းကို ဆုတ်ရာ၏။ ထိုမြီမှတ်စာရင်းကို ဆုတ်သောအခါမှစ၍ မြီကို တောင်းစိမ့်သောငှာ တစ်စုံတစ်ယောက်သော လုလင်တမန်ကို ထမင်းပွဲရှေ့ရောက် တည်ထားခြင်း၊ သောက်ရေ,သုံးဆောင်ရေ တည်ထားခြင်း-အစရှိသည်တို့ကို အလိုမရှိသည်ရှိသော် ထိုအလုံးစုံကို မပြုရရာ။ အဘယ်ကြောင့်နည်းဟူမူကား ထိုမြီရှင်တို့နှင့် လိမ်းကျံကပ်ငြိခြင်းမရှိသည်၏ အဖြစ်ကြောင့်တည်း။

ထို့အတူ ရဟန်းသည်လည်း "ကာမစ္ဆန္ဒနီဝရဏမည်သည်ကား ကြောင့်ကြဗျာပါဒဖြစ်ခြင်း၏ အကြောင်းရင်းတည်း"ဟု နှလုံးပိုက်၍ ၆-ပါးသော တရားတို့ကို ပွါးစေ၍ ကာမစ္ဆန္ဒနီဝရဏကို စွန့်၏။ ဤသို့လျှင် ပယ်အပ်ပြီးသော ကာမစ္ဆန္ဒနီဝရဏရှိသော ရဟန်းအား သူတပါးတို့၏မြီမှ လွတ်ကင်းပြီးသောသူသည် မြီရှင်တို့ကို မြင်၍ ဘယ,ဆမ္ဘိတတ္တ, လောမဟံသတို့သည် မဖြစ်သကဲ့သို့ ထို့အတူ သူတပါးတို့၏ နှစ်သက်ဖွယ်သော ပစ္စည်းတို့၌ တဏှာဖြင့် ကပ်ငြိခြင်း, ဖွဲ့ယှက်ခြင်းသည် မဖြစ်။ နတ်၌ဖြစ်သော ရူပါရုံတို့ကို မြင်၍လည်း ကိလေသာသည် မဖြစ်။ ထို့ကြောင့် မြတ်စွာဘုရားသည် ကာမစ္ဆန္ဒနီဝရဏ ကင်းပြီးသော ရဟန်းကို သူတပါးတို့၏ နှစ်သက်ဖွယ်သော ပစ္စည်းတို့၌ တဏှာဖြင့် ကပ်ငြိခြင်း ကင်း၏-ဟူ၍ ဟောတော်မူသည်။

ဗျာပါဒနီဝရဏကင်းသောသူသည် သည်းခြေနာ ကင်းသောသူနှင့် တူ၏။ အဘယ်သို့ တူသနည်းဟူမူကား သည်းခြေနာ စွဲရောက်သောသူသည် ဆေးကုခြင်း အမှုအရာဖြင့် ထိုသည်းခြေနာကို ငြိမ်းစေ၏။ ထိုသူသည် အနာငြိမ်းသောအခါမှစ၍ ပျားသကာ-အစရှိသည်တို့၏ အရသာကို ဟုတ်မှန်တိုင်း သိသကဲ့သို့ ထို့အတူ ရဟန်းသည်လည်း "ဗျာပါဒနီဝရဏမည်သည်ကား အကျိုးမဲ့ကို ပြုတတ်၏"ဟု နှလုံးပိုက်၍ ၆-ပါးသော တရားတို့ကို ပွါးစေ၍ ဗျာပါဒနီဝရဏကို ပယ်၏။

ဤသို့လျှင် ဗျာပါဒနီဝရဏ နည်းသောသူသည် သည်းခြေနာမှ ကင်းပြီးသော ယောကျ်ားသည် ပျားသကာ-အစရှိသည်တို့၏ အရသာကို ဟုတ်မှန်စွာ သိ၍ နှစ်သက်မြတ်နိုးစွာ မှီဝဲသကဲ့သို့ ထို့အတူ အာစာရသီလ, ပညတ္တိသီလ-အစရှိသော သိက္ခာပုဒ်တို့ကို ဦးဖြင့် ရိုသေစွာ ခံ၍ နှစ်သက်မြတ်နိုးစွာ ကျင့်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် သည်းခြေနာကင်းသော သူကဲ့သို့ ဗျာပါဒနီဝရဏကို ပယ်ခြင်းကို ဟောတော်မူသည်။

ထိနမိဒ္ဓ ကင်းသောသူသည် နှောင်အိမ်မှ ကင်းလွတ်သောသူနှင့် တူ၏။ အဘယ်သို့ တူသနည်းဟူမူကား နက္ခတ်သဘင်ခံသောနေ့၌ နှောင်အိမ်၌ နေရသောသူသည် တပါး သော နက္ခတ်သဘင်ခံသောနေ့၌ "ငါသည် ရှေးကာလ၌ မေ့လျော့ခြင်း-ဟူသော အကြောင်း ကြောင့် ထိတ်,ထောင်,နှောင်အိမ် အဖွဲ့ခံရသည်ဖြစ်၍ နက္ခတ်သဘင်ကို မခံစားရ။ ယခုအခါ ၌ အကြင်အခြင်းဖြင့် မမေ့မလျော့ လုံ့လပြုသည်ရှိသော် ရန်သူတို့သည် အခွင့်ကို မရကုန်။ ထိုအခြင်းဖြင့် မမေ့မလျော့ လုံ့လပြုအံ့"ဟု ကြံ၍ လုံ့လပြုလျက် နက္ခတ်သဘင်ကို အစဉ် ခံစား၍ "**အဟော နက္ခတ္တံ အဟော နက္ခတ္တံ**"ဟု ဥဒါန်းကျူးရင့်သကဲ့သို့ ထို့အတူ ရဟန်းသည် လည်း "ဤထိနမိဒ္ဓမည်သည်ကား များစွာသော အကျိုးမဲ့ကို ပြုတတ်၏"ဟု ၆-ပါးသော တရားတို့ကို ပွါးစေ၍ ထိနမိဒ္ဓကို စွန့်၏။

ဤသို့လျှင် ပယ်အပ်ပြီးသော ထိနမိဒ္ဓနီဝရဏရှိသော ရဟန်းသည် နှောင်အိမ်မှ လွတ်သော ယောကျ်ားသည် ၇-ရက်ပတ်လုံး ခံသော နက္ခတ်သဘင်၏ အစ, အလယ်,အဆုံး ကို ခံစားရသကဲ့သို့ ထို့အတူ အထူးထူးသောနည်းတို့ဖြင့် ဆန်းကြယ်သော တရားတည်း ဟူသော နက္ခတ်သဘင်၏ အစ,အလယ်,အဆုံးကို ခံစားလျက် ပဋိသမ္ဘိဒါဉာဏ် ၄-ပါးနှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ထိတ်,ထောင်, အနှောင်အဖွဲ့မှ လွတ်သကဲ့သို့ ထိနမိဒ္ဓနီဝရဏ၏ ကင်းခြင်း, ပျောက်ခြင်းကို ဟောတော်မူ သည်။

ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏကင်းခြင်းသည် သူ့ကျွန်မှ လွတ်သောသူနှင့် တူ၏။ အဘယ်သို့ တူသနည်းဟူမူကား တစ်စုံတစ်ယောက်သော အဆွေခင်ပွန်းကို အမှီပြု၍ အရှင်သခင်တို့ အား ဥစ္စာကို ပေးပြီးသော ကျွန်သည် မိမိကိုယ်ကို တော်လှန်မင်းစစ်အဖြစ်ကို ပြုပြီးသော် ထိုကာလမှစ၍ အကြင်အမှုကို ပြုလို၏၊ ထိုအမှုကို ပြု၏။ မိမိကိုယ်ကို အစိုးရသကဲ့သို့ ထို့အတူ ရဟန်းသည်လည်း "ဤဥဒ္ဓစ္စကုက္ကုစ္စနီဝရဏမည်သည်ကား များစွာအကျိုးမဲ့ကို ပြုတတ်၏"ဟု နှလုံးပိုက်၍ ၆-ပါးသော တရားတို့ကို ပွါးစေ၍ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏကို ပယ်စွန့်၏။

ဤသို့လျှင် ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏကို ပယ်စွန့်ပြီးသော ရဟန်းသည် တော်လှန်မင်းစစ် အဖြစ်သို့ ရောက်ပြီး၍ မိမိကိုယ်ကို အစိုးရသော ယောကျ်ားသည် အကြင်အမှုကို ပြုလို၏။ ထိုအမှုကို ပြုသည်ရှိသော် တစ်စုံတစ်ယောက်သောသူသည် အားရှိအားမဲ့ အနိုင်အထက် ဗလက္ကာရပြု၍ ထိုအမှုမှ မနစ်စေရာသကဲ့သို့ ထို့အတူ အလိုရှိတိုင်း နိက္ခမပဋိပတ်ကို ကျင့်ရ၏။ ထိုရဟန်းကို ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏသည် အားရှိအားမဲ့ အနိုင်အထက် ဗလက္ကာရ ပြု၍ ထိုနိက္ခမပဋိပတ်တည်းဟူသော အကျင့်မှ မပြန်နစ်စေနိုင်ပြီ။ ထို့ကြောင့် မြတ်စွာဘုရား

သည် မိမိကိုယ်ကို အစိုးရသော တော်လှန်မင်းစစ်အဖြစ်သို့ ရောက်သောသူကဲ့သို့ ဥဒ္ဒစ္စ-ကုက္ကုစ္စနီဝရဏ၏ ကင်းခြင်း,ပျောက်ခြင်းကို ဟောတော်မူသည်။

ဝိစိကိစ္ဆာကင်းခြင်းသည် ခိုးသူရှိသော ခရီးခဲကို လွန်မြောက်၍ ဘေးမဲ့ရာအရပ်သို့ ချမ်းသာစွာ ရောက်သောသူနှင့် တူ၏။ အဘယ်သို့ တူသနည်းဟူမူကား အားရှိသော ယောကျ်ားသည် အဖိုးများစွာထိုက်သော ပုလဲ,ပတ္တမြား-အစရှိသော ဥစ္စာနှစ်ကို လက်ဖြင့် ကိုင်ယူ၍ များစွာသော လက်နက်တို့ကို စီရင်၍ များစွာသော အခြံအရံတို့ဖြင့် ခိုးသူရှိသော ခရီးခဲသို့ သွားရာ၏။ ထိုယောကျ်ားကို ခိုးသူတို့သည် အဝေးက မြင်သော်လည်း ပြေးကုန်ရာ၏။ ထိုယောကျ်ားသည် ချမ်းသာသဖြင့် ခိုးသူရှိသော ခရီးခဲကို လွန်မြောက်၍ ဘေးမဲ့ရာအရပ်သို့ ရောက်သဖြင့် အလွန်ဝမ်းမြောက်ခြင်းသည် ဖြစ်သကဲ့သို့ ထို့အတူ ရဟန်းသည်လည်း "ဤဝိစိကိစ္ဆာမည်သည်ကား များစွာသော အကျိုးမဲ့ကို ဖြစ်စေတတ်၏"ဟု နှလုံးပိုက်၍ ၆-ပါးသောတရားတို့ကို ပွါးစေ၍ ဝိစိကိစ္ဆာနီဝရဏကို စွန့်၏။

ဤသို့လျှင် ပယ်အပ်ပြီးသော ဝိစိကိစ္ဆာနီဝရဏရှိသော ရဟန်းသည် အားရှိသော ယောကျ်ားသည် များစွာသော လက်နက်တို့ကို စီရင်၍ များစွာသော အခြွေအရံတို့နှင့်တကွ ခိုးသူရှိသော ခရီးခဲကို သွားသည်ရှိသော် ထိုခိုးသူတို့ကို မြက်ကဲ့သို့မျှ မအောက်မေ့, မရေတွက်မူ၍ ချမ်းသာစွာ လွန်မြောက်၍ ဘေးမရှိရာအရပ်သို့ ရောက်သကဲ့သို့ ထို့အတူ ရဟန်းသည် ဒုစရိုက်တည်းဟူသော ခရီးခဲကို လွန်၍ မွန်မြတ်လှစွာသော ဘေးမရှိသော အမတ-နိဗ္ဗာန်သုခသို့ ရောက်လေ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ဘေးမရှိသောအရပ်သို့ ရောက်သောသူကဲ့သို့ ဝိစိကိစ္ဆာနီဝရဏ၏ ပယ်ဖျောက်ခြင်းကို ဟောတော်မူ၏။

အဝိဇ္ဇာနီဝရဏကို ပယ်ရခြင်းသည် လေကင်းသော, တောင်ထိပ်၌ရောက်သော, ကျောက်ဖြင့်ပြီးသော ရေကန်၌ တည်သော ရေသည် မိမိအတွင်း၌တည်သော ကျောက်စစ်, အိုးခြမ်း, ခရု, ယောက်သွား, ငါး,လိပ်, မကာရ်းတို့ကို ကမ်းနား၌ ရပ်၍ ကြည့်သောသူ၏ စက္ခုဒွါရအား နက်လှစွာသောအရပ်၌ တည်သော်လည်း ကြည်လင်သန့်ရှင်းစွာ ထင်မြင်သကဲ့သို့ ထို့အတူ အဝိဇ္ဇာနီဝရဏကင်းသောသူသည် ခန္ဓာ, နာမ်, ရုပ်, အာယတန, ပဋိစ္စ-သမုပ္ပါဒ်, ဓာတ်, သစ္စာ, ဥပါဒ်, ဌီ, ဘင်-အစရှိသော သိမ်မွေ့လှစွာသော ပရမတ္ထတရား၊ ၃-ပါးသော လက္ခဏာရေးတို့ကို သန့်ရှင်းကြည်လင်စွာ ထင်မြင်နိုင်၏။ ထို့ကြောင့် အဝိဇ္ဇာနီဝရဏ၏ကင်းခြင်းသည် ကြည်လင်လှစွာသော တောင်ထိပ်ရေကန်၏အတွင်း၌ တည်သော ရေနှင့် တူ၏-ဟု ဟောတော်မူသည်။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် နီဝရဏရှိကုန်သော သူတို့အား များစွာ အပြစ်ရှိသည်-ဟူ၍ ဆို၏။ နီဝရဏကင်းသော သူတို့အား များစွာအကျိုးရှိသည်-ဟူ၍ ဆို၏။

နီဝရဏတို့မှ ကင်းစေခြင်းငှာ အဘယ်မည်သောတရားကို အားထုတ်ရပါမည်နည်း-ဟု ကြံဆင်ခြင်ကုန်သော အမျိုးကောင်းသားတို့အား ထိုနီဝရဏတို့ကို ပယ်ကြောင်းဖြစ်သော တရားတို့ကို ဟောကြားတော်မူလိုသည်ဖြစ်၍—

**ပဉ္စန္နံ ဘိက္ခဝေ နီဝရဏာနံ ပဟာနာယ စတ္တာရော သတိပဋ္ဌာနာ ဘာဝေတဗ္ဗာ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (အံ၊၃။၂၅၀)

ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့၊ ကြောက်လေ့ရှိကုန်သော သူတော်ကောင်း အပေါင်းတို့။ ပဉ္စန္နံ နီဝရဏာနံ၊ ၅-ပါးကုန်သော နီဝရဏတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ စတ္တာရော၊ ၄-ပါးကုန်သော။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တို့ကို။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်ကုန်၏။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "သံသရာဘေးကို ရှုလေ့၊ ကြောက်လေ့ရှိကုန်သော သူတော်ကောင်းအပေါင်းတို့၊ နီဝရဏ ၅-ပါးတို့ကို ပယ်ဖျောက်ခြင်းငှာ ၄-ပါးသော သတိပဋ္ဌာန်တို့ကို ပွါးစေအပ်ကုန်၏။

အဘယ်မည်ကုန်သော ၄-ပါးကုန်သော သတိပဋ္ဌာန်တို့ကို ပွါးစေအပ်ကုန်သနည်း ဟူမူကား—

- ကာယာနုပဿနာသတိပဋ္ဌာန်၊ - ဝေဒနာနုပဿနာသတိပဋ္ဌာန်၊
- စိတ္တာနုပဿနာသတိပဋ္ဌာန်၊ - ဓမ္မာနုပဿနာသတိပဋ္ဌာန်—

အားဖြင့် ၄-ပါးကုန်သော သတိပဋ္ဌာန်တို့ကို ပွါးစေအပ်ကုန်၏။

ထိုပွါးစေအပ်သော ၄-ပါးကုန်သော သတိပဋ္ဌာန်တို့တွင် ကာယာနုပဿနာသတိပဋ္ဌာန်ကို အဘယ်သို့ ပွါးစေအပ်သနည်းဟူမူကား ကာယာနုပဿနာသတိပဋ္ဌာန်သည် အာနာပါနပဗ္ဗ၊ ဣရိယာပထပဗ္ဗ၊ သမ္ပဇညပဗ္ဗ၊ ပဋိကူလပဗ္ဗ၊ ဓာတုမနသိကာရပဗ္ဗ-အစရှိသောအားဖြင့် ၁၄-ပါးအပြားရှိ၏။ ထို ၁၄-ပါးတို့တွင် ဓာတုမနသိကာရပဗ္ဗ၌ မိမိခန္ဓာကိုယ်ကို ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်အားဖြင့် ၄-ပါးခွဲ၍ ရှုရာ၏။ ထို ၄-ပါးသော ဓာတ်တို့တွင်—

ခက်ခြင်း၊ ရုန့်ရင်းခြင်း လက္ခဏာရှိသော ပထဝီဓာတ်သည် ဆံပင်၊ မွေးညင်း၊ ခြေသည်း-လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်-အားဖြင့် ၂၀-အပြားရှိ၏။

ပျောင်းခြင်း, ဖွဲ့ခြင်း, ယိုစီးခြင်းလက္ခဏာရှိသော **အာပေါဓာတ်**သည် သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ၊ မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်-အားဖြင့် ၁၂-ပါးအပြားရှိ၏။

ရင့်ခြင်း, ကျက်ခြင်းလက္ခဏာရှိသော **တေဇောဓာတ်**သည်—

- **သန္တပ္ပန**၊ ပူပန်တတ်သော တေဇော။
- **ဒါဟ**၊ ပြင်းစွာ ပူပန်တတ်သော တေဇော။
- **ဇိရဏ**၊ အရွယ်၏ ဆုတ်ယုတ်ခြင်းကို ဖြစ်စေတတ်သော တေဇော။
- **သမ္မာပရိဏာမ**၊ စားအပ်, သောက်အပ်, ခဲအပ်, လျက်အပ်သော အစာအာဟာရတို့ကို ကောင်းစွာ ကြေစေတတ်သော တေဇော—

အားဖြင့် ၄-ပါးအပြားရှိ၏။

လှုပ်ရှားခြင်း, အရာမှ ရွေ့စေခြင်းလက္ခဏာရှိသော **ဝါယောဓာတ်**သည်—

- **ဥဒ္ဓင်္ဂမ** ဝါတာ၊ အထက်သို့ ဆန်သောလေ။
- **အဓောဂမ** ဝါတာ၊ အောက်သို့ စုန်သောလေ။
- **ကုစ္ဆိသယ** ဝါတာ၊ ဝမ်းတွင်း၌ တည်သောလေ။
- **အင်္ဂမင်္ဂါနုသာရိနော** ဝါတာ၊ အင်္ဂါကြီး,ငယ်သို့ လျှောက်သောလေ။
- **အဿာသ** ဝါတာ၊ ထွက်သက်လေ။
- **ပဿာသ** ဝါတာ၊ ဝင်သက်လေ — အားဖြင့် ၆-ပါးအပြားရှိ၏။

ထို ၄-ပါးသော ဓာတ်တို့ကို ခွဲခြမ်းဝေဖန်၍ ဓာတ်ကို ဓာတ်အားဖြင့်သာ ရှုအပ်၏။ "မိန်းမ, ယောကျ်ား, နတ်, သိကြား, ဗြဟ္မာ"ဟူ၍ မရှုအပ်။ "ပုဂ္ဂိုလ်, သတ္တဝါ"ဟူ၍ မရှုအပ်။ "ငါ၏ကိုယ်, သူတပါးကိုယ်"ဟူ၍ မရှုအပ်။ ဤသို့ ဓာတ် ၄-ပါးကို ခွဲခြမ်းဝေဖန်၍ ကြိမ်ဖန်များစွာ ရှုသောသူအား "ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ"ဟူသော အမှတ်သည် ပျောက်၍ ဓာတ် ၄-ပါးဟူ**သော** အမှတ်သညာသည် ဖြစ်၏။ ထိုဓာတ်သညာကို အဖန်တလဲလဲ မှီဝဲပွါးများသောသူအား ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်-ဟု ဆိုအပ်သော ၄-ပါးသော ဓာတ်တို့၌ ငြီးငွေ့ရာ၏။ ၄-ပါးသော ဓာတ်တို့၌ စိတ်၏ တပ်စွန်းခြင်းသည် ကင်းရာ၏။

လောကူပမာအားဖြင့်ကား နွားသတ်ယောက်ျား ဆရာ,တပည့် ၂-ယောက်တို့သည် နွားကို သတ်အံ့သောငှာ သတ်ရာ ချည်တိုင်သို့ ယူဆောင်လေရာ၏။ ထိုကာလ၌ နွား-ဟူသော အမှတ်သညာသည် မကင်းသေး။ သတ်ရာ ချည်တိုင်၌ ချည်၍ ထားသောအခါ၌လည်း နွား-ဟူသော အမှတ်သညာသည် မကင်းသေး။ သတ်၍ ပြီးသောအခါ၌လည်း နွား-ဟူသော အမှတ်သညာသည် ဖြစ်သေး၏။

ထိုနွားသေကို ဖျက်ပြီး၍ ခရီး ၄-ခုအဆုံ၌ စုပုံ၍ "ဤသည်ကား ဆရာ့အစု, ဤသည်ကား တပည့်အစု"ဟူ၍ ခွဲဝေသောအခါ၌လည်းကောင်း, ရောင်းဝယ်သောအခါ၌ လည်းကောင်း နွား-ဟူသော အမှတ်သညာ ပျောက်၍ အမဲသား-ဟူသော အမှတ်သညာသည် ရောက်သကဲ့သို့ ထို့အတူ အကြင်မျှလောက်သော ကာလပတ်လုံး မိမိကိုယ်၌ ဓာတ် ၄-ပါးကို ခွဲခြမ်းဝေဖန်၍ မဆင်ခြင်သေး။ ထိုမျှလောက်သော ကာလပတ်လုံး ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောက်ျား, မိန်းမ-ဟူသော အမှတ်သညာသည် မပျောက်။

အကြင်အခါ၌ မိမိခန္ဓာကိုယ်ကို ၄-ပါးသော ဓာတ်အားဖြင့် ခွဲခြမ်းဝေဖန်၍ ဆင်ခြင်၏။ ထိုအခါ၌ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောက်ျား, မိန်းမ-ဟူသော အမှတ်သညာ ပျောက်၍ ဓာတ် ၄-ပါးဟူသော အမှတ်သညာ ရောက်၏။ ထိုသို့ ရောက်ပြီးသော သညာရှိသော ဓာတ် ၄-ပါးတို့ကို လက္ခဏာရေး ၃-ပါးသို့ တင်၍ အစဉ်အတိုင်း ဝိပဿနာဉာဏ် ၁၀-ပါးဖြင့် ပွါးများမှီဝဲသောသူအား မဂ် ၄-တန်, ဖိုလ် ၄-တန်, နိဗ္ဗာန်-ဟု ဆိုအပ်သော လောကုတ္တရာတရား ၉-ပါးကို မျက်မှောက်ပြုရ၍ နီဝရဏတရား ၅-ပါး, ၆-ပါးတို့သည် တဒင်္ဂပဟာန်, သမုစ္ဆေဒပဟာန်အားဖြင့် ကင်းပျောက်ခြင်းသို့ ရောက်ရှုလကုန်၏။

ထို့ကြောင့်—

**ပဉ္စန္နံ ဘိက္ခဝေ နီဝရဏာနံ ပဟာနာယ စတ္တာရော သတိပဋ္ဌာနာ ဘာဝေတဗ္ဗာ။**

ဟု ဟောတော်မူသည်။

ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (နဝင်္ဂတ္ထိုရ်ပါဠိတော်၊ ၎င်းအဋ္ဌကထာ။ သီလက္ခန်အဋ္ဌကထာ။ မူလပဏ္ဏာသအဋ္ဌကထာ)

★★★★★★★

## [ ၆ ] ပဉ္စမစ္ဆရိယဒေသနာတရား

အနုတ္တရ ဓမ္မရာဇာ သမ္မာသမ္ဗုဒ္ဓအစစ် ၃၁-ဘုံတွင် တစ်စုံတစ်ယောက်သော နတ်,လူတို့နှင့် နှိုင်းယှဉ်စရာ ဥပမာမရ မြတ်တော်မူသော ဘုရားသခင်သည် တရံရောအခါ သာဝတ္ထိပြည်ကြီးကို ဆွမ်းခံရွာအမှီပြု၍ ဇေတမင်းသား၏ ဥယျာဉ်တွင် အနာထပိဏ်သူဌေး သည် ဆောက်၍လှူအပ်သောကြောင့် နောင်ကာလ၌ **ဇေတဝန်ကျောင်း**-ဟူ၍ ခေါ်ဝေါ် သည်။ ထိုကျောင်း၌ သီတင်းသုံး၍ နေတော်မူသည်။

ထိုသို့ နေတော်မူသောအခါ ရဟန်းတို့အား ၅-ပါးသော မစ္ဆေရတရားတို့ကို ဟောကြားတော်မူလိုသည်ဖြစ်၍—

**ပဉ္စိမာနိ ဘိက္ခဝေ မစ္ဆရိယာနိ။ ကတမာနိ ပဉ္စ? အာဝါသမစ္ဆရိယံ ကုလမစ္ဆရိယံ လာဘမစ္ဆရိယံ ဝဏ္ဏမစ္ဆရိယံ ဓမ္မမစ္ဆရိယံ။ ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ မစ္ဆရိယာနိ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (အံ၊၃။၂၅၁)

ဘိက္ခဝေ၊ ရဟန်းတို့။ မစ္ဆရိယာနိ၊ ဝန်တိုခြင်း မစ္ဆေရတရားတို့သည်။ ဣမာနိ ပဉ္စ၊ ဤ ၅-ပါးတို့တည်း။ ပဉ္စ၊ ၅-ပါးတို့ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။

၁။ **အာဝါသမစ္ဆရိယံ**၊ နေရာအရိပ်အာဝါသ၌ ဝန်တိုခြင်းလည်းကောင်း။

၂။ **ကုလမစ္ဆရိယံ**၊ အမျိုး၌ ဝန်တိုခြင်းလည်းကောင်း။

၃။ **လာဘမစ္ဆရိယံ**၊ ရအပ်သော လာဘ်၌ ဝန်တိုခြင်းလည်းကောင်း။

၄။ **ဝဏ္ဏမစ္ဆရိယံ**၊ အဆင်းသဏ္ဌာန်, ဂုဏ်ကျေးဇူး၌ ဝန်တိုခြင်းလည်းကောင်း။

၅။ **ဓမ္မမစ္ဆရိယံ**၊ ပရိယတ္တိဓမ္မ၌ ဝန်တိုခြင်းလည်းကောင်း။

ဘိက္ခဝေ၊ ရဟန်းတို့။ မစ္ဆရိယာနိ၊ ဝန်တိုခြင်း မစ္ဆရိယတို့သည်။ ဣမာနိ ပဉ္စ၊ ဤ ၅-ပါးတို့ တည်း။

ထိုဒေသနာတော်မြတ်ပါဠ်ဝယ် အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ ဝန်တိုခြင်း မစ္ဆရိယတရားတို့သည် ၅-ပါးတို့တည်း။ ၅-ပါးတို့ဟူသည် အဘယ်သည်တို့နည်း ဟူမူကား—

၁။ နေရာအရိပ်အာဝါသ၌ ဝန်တိုခြင်း အာဝါသမစ္ဆရိယလည်း ၁-ပါး,

၂။ အလုပ်အကျွေးဖြစ်သော အမျိုး, ပေါက်ဖော်ဉာတိဖြစ်သော အမျိုး၌ ဝန်တိုခြင်း ကုလမစ္ဆရိယလည်း ၁-ပါး,

၃။ ရအပ်သော ဥစ္စာဘဏ္ဍာ-ဟူသော လာဘ်, ပစ္စည်း ၄-ပါးတည်းဟူသော လာဘ်၌ ဝန်တိုခြင်း-ဟု ဆိုအပ်သော လာဘမစ္ဆရိယလည်း ၁-ပါး,

၄။ ကိုယ်အဆင်းသဏ္ဌာန်, ဂုဏ်ကျေးဇူး၌ ဝန်တိုခြင်း-ဟု ဆိုအပ်သော ဝဏ္ဏမစ္ဆရိယ လည်း ၁-ပါး,

၅။ ပရိယတ္တိဓမ္မ၌ ဝန်တိုခြင်း-ဟု ဆိုအပ်သော ဓမ္မမစ္ဆရိယလည်း ၁-ပါး၊

ငါ၏ချစ်သား ရဟန်းများတို့၊ ဝန်တိုခြင်း မစ္ဆရိယတရားတို့သည် ဤ ၅-ပါးတို့တည်း။

## ၁။ အာဝါသမစ္ဆရိယ

ထို ၅-ပါးသော မစ္ဆရိယတို့တွင် အာဝါသမစ္ဆရိယ-ဟူသည် အဘယ်နည်းဟူမူကား လူဖြစ်တုံအံ့၊ မိမိတို့၏ နေရာ, အိမ်ရာ အရပ်ဌာနတို့ကို သူတပါးတို့နှင့် မဆက်ဆံစေလိုသည် ဖြစ်၍ နေစေခြင်းငှာ အလိုမရှိခြင်းသည် **အာဝါသမစ္ဆရိယ** မည်၏။ ရဟန်း ဖြစ်တုံအံ့၊ အလုံးစုံသော အာရာမ်သည်လည်းကောင်း, တစ်ခုသော ပရိဝုဏ်သည်လည်းကောင်း, တစ်ခုသော ခန်းတိုက်သည်လည်းကောင်း, ညဥ့်နေရာ, နေ့နေရာ-အစရှိသည်လည်း ကောင်း ရှိကုန်၏။ အကြင်နေရာ၌ နေကုန်သော ရဟန်းတို့သည် ချမ်းသာစွာ နေရကုန်၏။ ပစ္စည်း ၄-ပါးတို့ကို ရလွယ်ကုန်၏။ ထိုနေရာအရပ်သို့ ဝတ္တသမ္ပန္န လဇ္ဇီပေသလ သိက္ခာကာမဖြစ်သော တစ်စုံတစ်ယောက်သောရဟန်း၏ လာခြင်းကိုမျှ အလိုမရှိ၊ လာသော် လည်း "ဆောလျင်စွာ သွားပါစေ"ဟု ကြံလေ၏။

ဤသို့ လူလည်း လူအလျောက်, ရဟန်းလည်း ရဟန်းအလျောက် အရိပ်အာဝါသ, အိပ်ရာ, နေရာ, ကျောင်းတို့ကို သူတပါးတို့နှင့် မဆက်ဆံစေလိုသည်၏အဖြစ်၊ နေစေခြင်းငှာ အလိုမရှိသည်၏အဖြစ်သည် အာဝါသမစ္ဆရိယ မည်၏။ လူတို့အား ဆန့်ကျင်ဘက်ကို ပြုတတ် သောသူ, ခိုက်ရန်ဒေါသကို ပြုတတ်သောသူ, မချမ်းသာအောင် ပြုတတ်သောသူတို့ကို နေစေခြင်းငှာ အလိုမရှိခြင်းသည် **အာဝါသမစ္ဆရိယ မမည်**။

ရဟန်းတို့အား မျက်မှောက် ငြင်းခုံခြင်း, မျက်ကွယ် ငြင်းခုံခြင်း, အထူးထူးအပြားပြား ဆန့်ကျင်သော စကားကို ဆိုခြင်း-အစရှိသည်တို့ဖြင့် မညီမညွတ်အောင် ပြုတတ်သော ရဟန်းကို နေစေခြင်းငှာ အလိုမရှိခြင်းသည်လည်းကောင်း၊ အလဇ္ဇီ, ဒုဿီလ, ဒုဗ္ဗစဇာတိက, အရှက်မရှိသည်ဖြစ်၍ သီလမရှိသောရဟန်း, ဆုံးမခက်သော ရဟန်းကို နေစေခြင်းငှာ အလိုမရှိခြင်းသည်လည်းကောင်း **အာဝါသမစ္ဆရိယ မမည်**။

## ၂။ ကုလမစ္ဆရိယ

**ကုလမစ္ဆရိယ**ဟူသည် အဘယ်နည်းဟူမူကား လူဖြစ်တုံအံ့၊ အလုပ်အကျွေး, အခြွေအရံ, သားမယား, ပေါက်ဖော်ဆွေမျိုးတို့သည် ကုလ မည်ကုန်၏။ ထိုသူတို့ကို သူတပါးတို့နှင့် မဆက်ဆံစေလိုသည်၏အဖြစ်သည် အမျိုး၌ ဝန်တိုသည် မည်၏။ ရဟန်း ဖြစ်တုံအံ့၊ အလုပ်အကျွေး, ဒါယကာ-ဟူသော အမျိုးသည်လည်းကောင်း၊ ပေါက်ဖော်ဆွေမျိုး-ဟူသော အမျိုးသည်လည်းကောင်း **ကုလ** မည်၏။ ထိုအမျိုး၌ ဝန်တိုခြင်းသည် **ကုလမစ္ဆရိယ** မည်၏။

လူဖြစ်တုံအံ့၊ အကုသိုလ်ဒုစရိုက်တရားကို ပြုကျင့်တတ်သောသူ, မညီမညွတ် မချမ်းသာအောင် ကျင့်တတ်သောသူကို ဆက်ဆံစေခြင်း, ချဉ်းကပ်စေခြင်းငှာ အလိုမရှိသော အဖြစ်သည် ကုလမစ္ဆရိယ မမည်။ ရဟန်းဖြစ်တုံအံ့၊ အလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်ကိုလည်းကောင်း၊ ဒါယကာတို့၏ သဒ္ဓါကြည်ညိုခြင်းကို ဖျက်ဆီးတတ်သော ပုဂ္ဂိုလ်ကိုလည်းကောင်း ထိုဒါယကာတို့နှင့် ဆက်ဆံစေခြင်း, ချဉ်းကပ်စေခြင်းငှာ အလိုမရှိသောအဖြစ်သည် ကုလမစ္ဆရိယ မမည်။

## ၃။ လာဘမစ္ဆရိယ

**လာဘမစ္ဆရိယ**-ဟူသည် အဘယ်နည်းဟူမူကား လူဖြစ်တုံအံ့၊ လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း-အစရှိသော တစ်စုံတစ်ခုသော အကြောင်းကြောင့် ရအပ်သော စပါး,ဆန်,ရွှေ,ငွေ,ဥစ္စာ လယ်ယာ,ကိုင်းကျွန်း နွား,ကျွဲ,ဆင်,မြင်း-အစရှိသော သက်ရှိ,သက်မဲ့ဥစ္စာဖြစ်သော အနီး၌ သုံးဆောင်အပ်သော **ဥပဘောဂအသုံးအဆောင်** ဥစ္စာဘဏ္ဍာမျိုးသည်လည်းကောင်း၊ အပထက်ဝန်းကျင်မှ သုံးဆောင်အပ်သော **ပရိဘောဂအသုံးအဆောင်** ဥစ္စာဘဏ္ဍာမျိုးသည်လည်းကောင်း **လာဘ** မည်၏။ ထိုလာဘ်ကို သူတပါးတို့ ရစေခြင်းငှာ အလိုမရှိသော အဖြစ်သည် **လာဘမစ္ဆရိယ** မည်၏။ ထိုဥပဘောဂ, ပရိဘောဂဥစ္စာမျိုးတို့ကို ရသဖြင့် သူတပါးတို့အား ဥစ္စာဗလဖြင့် နှိပ်စက်လတ္တံ့သောသူ, အရာမဟုတ်သည်၌ ဖျက်ဆီးလတ္တံ့သောသူ, ဒုစရိုက်တရား ပွါးများလတ္တံ့သောသူ, ဥစ္စာဘဏ္ဍာကို ရသဖြင့် နိရတ္ထကအကျိုးမဲ့ဖြစ်လတ္တံ့သောသူတို့အား ရစေခြင်းငှာ အလိုမရှိခြင်းသည် လာဘမစ္ဆရိယ မမည်။

ရဟန်းဖြစ်တုံအံ့၊ ပစ္စည်း ၄-ပါးတို့ကို ရခြင်းသည် လာဘမည်၏။ ထိုလာဘ်ကို တပါးသော သီလရှိသောရဟန်းသည် ရအပ်သည်ရှိသော် "မရစေလင့်"ဟု ကြံခြင်း, အောက်မေ့ခြင်းသည် လာဘမစ္ဆရိယ မည်၏။ အကြင်ရဟန်းသည် ဒါယကာတို့ ယုံကြည်၍ လှူသောပစ္စည်းကို ဖျက်ဆီးတတ်၏။ မသုံးဆောင်ကောင်းသောအရာ၌ သုံးဆောင်ခြင်း, မကောင်းသော သုံးဆောင်ခြင်း-အစရှိသည်တို့၏ အစွမ်းအားဖြင့် ဖျက်ဆီးတတ်၏။

ဆွေးမြည့်ပုပ်သိုးသည်၏အဖြစ်သို့ ရောက်သော်လည်း သူတပါးအား မပေးနိုင်၊ ထိုအခြင်းအရာကို မြင်၍ "ဤရဟန်း မရမူ၍ တပါးသော သီလရှိသောရဟန်း ရသည် ဖြစ်အံ့၊ သုံးဆောင်ခြင်းသို့လည်း ရောက်ရာ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြုရာ၏။" ဤသို့ ကြံသောရဟန်းအား လာဘမစ္ဆေရမည်သည် မဖြစ်။

## ၄။ ဝဏ္ဏမစ္ဆရိယ

**ဝဏ္ဏမစ္ဆရိယ**မည်သည် အဘယ်နည်းဟူမူကား ကိုယ်အဆင်းသဏ္ဍာန်သည်လည်းကောင်း၊ သီလကျင့်ဝတ်, ဓုတင်ကျင့်ဝတ်, တပါးသော သမထ, ဝိပဿနာဘာဝနာ-ဟူသော ပဋိပဒါအာစာရကျင့်ဝတ်သည်လည်းကောင်း ဂုဏ်-ဟူသော ကျေးဇူးမည်၏။ ထို ၂-ပါးတို့တွင် ကိုယ်အဆင်း၌ ဝန်တိုသောသူသည် "သူတပါး ကြည်ညိုဖွယ်ရှိ၏။ အဆင်းနှင့် ပြည့်စုံ၏"ဟု ဆိုသော် ထိုစကားကို လိုက်၍ ဆိုခြင်းငှာ အလိုမရှိ၊ နားယောင်ခြင်းငှာ အလိုမရှိ။

ဂုဏ်-ဟူသော ကျေးဇူး၌ ဝန်တိုလေ့ရှိသော သူသည် သီလကျင့်ဝတ်ဖြင့်လည်းကောင်း၊ ဓုတင်ကျင့်ဝတ်ဖြင့်လည်းကောင်း၊ သမထဘာဝနာ, ဝိပဿနာဘာဝနာ-ဟူသော အကျင့်၊ ထိုမှတပါး များလှစွာသော အာစာရအကျင့်ဖြင့်လည်းကောင်း တစ်စုံတစ်ယောက်သောသူ၏ ကျေးဇူးကို တစ်စုံတစ်ယောက်သောသူ ချီးမွမ်းစေခြင်းငှာ အလိုမရှိ၊ ကြားခြင်း, နားထောင်ခြင်းငှာ အလိုမရှိ။ ဤသို့ အလိုမရှိခြင်းသည် ဝဏ္ဏမစ္ဆရိယ မည်၏။

## ၅။ ဓမ္မမစ္ဆရိယ

**ဓမ္မမစ္ဆရိယ**မည်သည် အဘယ်နည်းဟူမူကား ဓမ္မသည် ပရိယတ္တိဓမ္မ, ပဋိဝေဓဓမ္မ-ဟူ၍ ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင် သောတာပန်-အစရှိကုန်သော အရိယာပုဂ္ဂိုလ်တို့သည် ထိုးထွင်း၍ သိအပ်သော လောကုတ္တရာတရား ၉-ပါးကို ဝန်တိုခြင်း မရှိကုန်။ မိမိတို့သည် ထိုးထွင်း၍ သိအပ်ကုန်သော လောကုတ္တရာတရား ၉-ပါးတို့ကို နတ်နှင့်တကွသော လူအပေါင်းအား ထိုးထွင်း၍ သိစေခြင်းငှာ အလိုရှိကုန်၏။ ပရိယတ္တိ-ဟူသော ပါဠိဓမ္မကိုမူကား ဝန်တိုခြင်းမည်သည် ဖြစ်၏။

ထိုပရိယတ္တိဓမ္မ၌ ဝန်တိုခြင်းနှင့် ပြည့်စုံသောသူသည် လျှို့ဝှက်ခက်ခဲသော အကျင့်ကျမ်းဂန်ကိုလည်းကောင်း, စကားအစဉ်ကိုလည်းကောင်း သိ၏။ ထိုလျှို့ဝှက်ခက်ခဲသော ကျမ်းဂန်စကားအစဉ်ကို သူတပါး ကြားသိစေခြင်းငှာ အလိုမရှိ။ ထိုသို့ သိစေခြင်းငှာ အလိုမရှိခြင်းသည် ဓမ္မမစ္ဆရိယ မည်၏။

အကြင်သူသည် ပုဂ္ဂိုလ်ကို စုံစမ်းဆင်ခြင်၍ တရားကို ချီးမြှင့်လိုသဖြင့်လည်းကောင်း, ဓမ္မကို စုံစမ်းဆင်ခြင်၍ ပုဂ္ဂိုလ်ကို ချီးမြှင့်လိုသဖြင့်လည်းကောင်း ပရိယတ္တိဓမ္မကို သင်စေခြင်းငှာ အခွင့်ကို မပေး။ ဤပုဂ္ဂိုလ်သည် ဓမ္မမစ္ဆရိယမည်သည် မဖြစ်။

ထိုပုဂ္ဂိုလ်, ဓမ္မ ၂-ပါးတို့တွင် အကြင်သူသည် လျှပ်ပေါ်သည်ဖြစ်၍ တရံတခါ ရဟန်းဖြစ်၏၊ တရံတခါ ပုဏ္ဏားဖြစ်၏၊ တရံတခါ နိဂဏ္ဌာဖြစ်၏။ အကြင်သူသည် အစဉ်အားဖြင့်လာသော, သိမ်မွေ့နူးညံ့သော တရားအထူး-ဟု ဆိုအပ်သော ပါဠိအစဉ်ကို ဖျက်၍ ချောက်ချားခြင်းကို ဖြစ်စေလတ္တံ့-ဟု နှလုံးပြု၍ ပါဠိကို သင်စိမ့်သောငှာ အခွင့်ကို မပေး။ ဤသို့ မပေးခြင်းသည် ပုဂ္ဂိုလ်ကို စုံစမ်းဆင်ခြင်၍ တရားကို ချီးမြှင့်လိုသဖြင့် မပေးသည် မည်၏။

အကြင်သူသည် ဤတရားမည်သည်ကား သိမ်မွေ့နူးညံ့လှ၏။ ဤပုဂ္ဂိုလ်ကို သင်သည်ရှိသော် အရဟတ္တဖိုလ်ကို ကြား၍ မိမိကိုယ်ကို ထင်ရှားပြ၍ ပျက်စီးခြင်းသို့ ရောက်လတ္တံ့-ဟု နှလုံးပြု၍ သင်စေခြင်းငှာ အခွင့်ကို မပေး။ ဤသို့ မပေးခြင်းသည် တရားကို စုံစမ်းဆင်ခြင်၍ ပုဂ္ဂိုလ်ကို ချီးမြှင့်လိုသဖြင့် မပေးသည် မည်၏။

ဤသို့ ပုဂ္ဂိုလ်, ဓမ္မ ၂-ပါးကို စုံစမ်းဆင်ခြင်၍ ပုဂ္ဂိုလ်, ဓမ္မ ၂-ပါးကို ချီးမြှင့်လိုသဖြင့် မပေးခြင်းသည် ဓမ္မမစ္ဆရိယ မမည်။ အကြင်သူသည် ဤပရိယတ္တိဓမ္မကို သင်သည်ဖြစ်အံ့၊ ထိုသသည် ငါတို့၏ မကောင်းသောအယူကို ဖျက်ဆီးခြင်းငှာ စွမ်းနိုင်သည် ဖြစ်လတ္တံ့-ဟု နှလုံးပိုက်၍ သင်စေခြင်းငှာ အခွင့်ကို မပေး။ ဤသို့ မပေးခြင်းသည် ဓမ္မမစ္ဆရိယ မည်၏။

ထို ၅-ပါးသော မစ္ဆေရတို့တွင် **အာဝါသမစ္ဆရိယကြောင့်** ဘီလူးသည်လည်းကောင်း, ပြိတ္တာသည်လည်းကောင်းဖြစ်၍ ထိုအိမ်၌လည်းကောင်း, ထိုကျောင်း၌လည်းကောင်း ဖြစ်သောအမှိုက်ကို ဦးခေါင်းဖြင့် ရွက်၍ ထိုမှ,ဤမှ လည်ရလေ၏။

ကုလမစ္ဆရိယကြောင့် တပါးကုန်သောသူတို့၏ ဒါန, အနုမောဒနာ-အစရှိသည်တို့ကို ပြုသည်တို့ကို မြင်ကုန်၍ "ငါ၏အမျိုးသည် ပျက်ခဲ့ပြီတကား"ဟု ကြံသောသူအား ခံတွင်းမှ သွေးစိမ်း,သွေးနက် ပွက်ပွက်အန်ခြင်းသို့ ရောက်လေ၏။ ဝမ်းသွေးသွန်ခြင်းသို့သော်လည်း ရောက်လေ၏။ အူမတို့သည် အပိုင်းအပိုင်းပြတ်၍သော်လည်း ကျလေကုန်၏။

လာဘမစ္ဆရိယကြောင့် လူဖြစ်သောသူတို့အား သူတပါးတို့၏ဥစ္စာကို အနိုင်အထက် နှိပ်စက်၍ သုံးဆောင်သည်ဖြစ်၍လည်းကောင်း, ရဟန်းဖြစ်သောသူတို့အား ဂိုဏ်းသံဃာ၏ ဥစ္စာဖြစ်သော လာဘ်၌ ဝန်တိုသည်ဖြစ်၍, ပုဂ္ဂလိကဥစ္စာဖြစ်သော အသုံးအဆောင်ကဲ့သို့ သုံးဆောင်သည်ဖြစ်၍လည်းကောင်း ဘီလူးသည်လည်းကောင်း, ပြိတ္တာသည်လည်းကောင်း,

စပါးကြီးသည်လည်းကောင်း ဖြစ်လေ၏။ ကိုယ်အဆင်း၌လည်းကောင်း, ဂုဏ်-ဟူသော ကျေးဇူး၌လည်းကောင်း, ပရိယတ္တိဓမ္မ၌လည်းကောင်း ဝန်တိုခြင်းကြောင့် မိမိ၏ကျေးဇူးကို သာလျှင် ချီးမွမ်းလေ၏။ သူတပါးတို့၏ကျေးဇူးကို သူတပါးတို့ ချီးမွမ်းသည်ရှိသော် "ထိုသူ၏ ကျေးဇူးကား အဘယ်မှာနည်း"ဤသို့အစရှိသည်ဖြင့် ထိုသို့သောအပြစ်ကို ဆိုလေ၏။ ပရိယတ္တိဓမ္မကို ဝန်တိုသည်ဖြစ်၍ တစ်စုံတစ်ယောက်သောသူအား တစ်စုံတစ်ခုကိုမျှ အခွင့်ကို မပေး။ ထိုသူအား အဆင်းမလှခြင်းသည်လည်းကောင်း၊ အ-ခြင်း, ဆွံ့ခြင်း, အရိအရည် ယိုခြင်းသည်လည်းကောင်း ဖြစ်၏။ တစ်နည်းလည်း—

- **အာဝါသမစ္ဆရိယကြောင့်** ကြေးအိမ်, သံအိမ်တည်းဟူသော ငရဲ၌ ခံရလေ၏။
- **ကုလမစ္ဆရိယကြောင့်** နည်းသောလာဘ်ရှိ၏။
- **လာဘမစ္ဆရိယကြောင့်** ဘင်ပုပ်ငရဲ၌ ခံရလေ၏။
- **ဝဏ္ဏမစ္ဆရိယကြောင့်** ဖြစ်တိုင်း,ဖြစ်တိုင်းသော ဘဝ၌ ကိုယ်အဆင်း, ဂုဏ်ကျေးဇူး-ဟူသော အဆင်းမည်သည် မရှိ။
- **ဓမ္မမစ္ဆရိယကြောင့်** ပြာပူငရဲ၌ ခံရလေ၏။

ဤသို့လျှင် "မစ္ဆေရတရား ၅-ပါးတို့သည် များသောအပြစ်ရှိကုန်သည်ဖြစ်သော် ထိုမစ္ဆေရတရား ၅-ပါးတို့ကို အဘယ်အကြောင်းတရားဖြင့် ဖျောက်ရပါအံ့နည်း"ဟု သတိ သံဝေဂဉာဏ်ဖြင့် ပူပန်ထိတ်လန့်ကုန်သော သတ္တဝါတို့အား ဖျောက်ခြင်း၏ အကြောင်းတရား ကို ဟောကြားတော်မူလိုသော မြတ်စွာဘုရားသည်—

**ပဉ္စန္နံ ဘိက္ခဝေ မစ္ဆရိယာနံ ပဟာနာယ စတ္တာရော သတိပဋ္ဌာနာ ဘာဝေတဗ္ဗာ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (အံ၊၃။၂၅၂)

ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စန္နံ၊ ၅-ပါးကုန်သော။ မစ္ဆရိယာနံ၊ မစ္ဆေရတရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ စတ္တာရော၊ ၄-ပါးကုန်သော။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တို့ကို။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်ကုန်၏။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သားတို့၊ ၅-ပါး ကုန်သော မစ္ဆေရတရားတို့ကို ပယ်ဖျောက်ခြင်းငှာ ၄-ပါးကုန်သော သတိပဋ္ဌာန်တရားတို့ကို ပွါးစေအပ်ကုန်၏။ ၄-ပါးသော သတိပဋ္ဌာန်-ဟူသည် အဘယ်နည်းဟူမူကား ကာယာနုပဿ-နာသတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာသတိပဋ္ဌာန်, ဓမ္မာနုပဿနာ သတိပဋ္ဌာန်အားဖြင့် ၄-ပါးအပြားရှိ၏။ ထို ၄-ပါးတို့တွင် ကာယာနုပဿနာသတိပဋ္ဌာန်၌

အာနာပါနပဗ္ဗ, ဣရိယာပထပဗ္ဗ-အစရှိသောအားဖြင့် ၁၄-ပါးအပြားရှိ၏။ ထို ၁၄-ပါးတို့တွင် ပဋိကူလပဗ္ဗ၌ ကာယကို ကာယ-ဟူ၍ ရှုအပ်၏။

အဘယ်သို့ ရှုအပ်သနည်းဟူမူကား လောက၌ သလေး, ကောက်ကြမ်း, ပဲကြီး, ပဲလွန်း, နှမ်း,ဆန်တို့နှင့် ပြည့်စုံသော ၂-ဖက်အဝရှိသော စလွယ်အိတ်ကို ဖြေ၍ မျက်စိအမြင်နှင့်ပြည့်စုံသော ယောကျ်ားသည် 'ဤသည်ကား သလေး, ဤသည်ကား ကောက်ကြမ်း, ဤသည်ကား ပဲကြီး, ဤသည်ကား ပဲလွန်း, ဤသည်ကား နှမ်း, ဤသည်ကား ဆန်'-ဟု ခွေးချယ်၍ ရှုဆင်ခြင်သကဲ့သို့ ထို့အတူ ၂-ဖက်အဝရှိသော စလွယ်အိတ်နှင့် တူသော ဤခန္ဓာကိုယ်၌ အထူးထူးအပြားပြားအားဖြင့် ပြည့်စုံသော စက်ဆုပ်ဖွယ်သော ဝတ္ထုကို ရှုဆင်ခြင်ရာ၏။ အဘယ်သို့ ရှုဆင်ခြင်ရာသနည်းဟူမူကား ဤ ၁-လံမျှလောက်သော ငါ၏ခန္ဓာကိုယ်၌—

- ဆံပင်သည် စက်ဆုပ်ဖွယ်ရှိ၏။ - မွေးညင်းသည် စက်ဆုပ်ဖွယ်ရှိ၏။
- လက်သည်း, ခြေသည်းသည် စက်ဆုပ်ဖွယ်ရှိ၏။
- သွားသည် စက်ဆုပ်ဖွယ်ရှိ၏။ - အရေသည် စက်ဆုပ်ဖွယ်ရှိ၏။

- အသားသည် စက်ဆုပ်ဖွယ်ရှိ၏။ - အကြောသည် စက်ဆုပ်ဖွယ်ရှိ၏။
- အရိုးသည် စက်ဆုပ်ဖွယ်ရှိ၏။ - ရိုးတွင်းခြင်ဆီသည် စက်ဆုပ်ဖွယ်ရှိ၏။
- အညှို့သည် စက်ဆုပ်ဖွယ်ရှိ၏။

- နှလုံးသည် စက်ဆုပ်ဖွယ်ရှိ၏။ - အသည်းသည် စက်ဆုပ်ဖွယ်ရှိ၏။
- အမြှေးသည် စက်ဆုပ်ဖွယ်ရှိ၏။ - အဖျဉ်းသည် စက်ဆုပ်ဖွယ်ရှိ၏။
- အဆုတ်သည် စက်ဆုပ်ဖွယ်ရှိ၏။

- အူမသည် စက်ဆုပ်ဖွယ်ရှိ၏။ - အူသိမ်သည် စက်ဆုပ်ဖွယ်ရှိ၏။
- အစာသစ်သည် စက်ဆုပ်ဖွယ်ရှိ၏။ - အစာဟောင်းသည် စက်ဆုပ်ဖွယ်ရှိ၏။
- ဦးနှောက်သည် စက်ဆုပ်ဖွယ်ရှိ၏။

- သည်းခြေသည် စက်ဆုပ်ဖွယ်ရှိ၏။ - သလိပ်သည် စက်ဆုပ်ဖွယ်ရှိ၏။
- ပြည်သည် စက်ဆုပ်ဖွယ်ရှိ၏။ - သွေးသည် စက်ဆုပ်ဖွယ်ရှိ၏။
- ချွေးသည် စက်ဆုပ်ဖွယ်ရှိ၏။ - အဆီခဲသည် စက်ဆုပ်ဖွယ်ရှိ၏။

- မျက်ရည်သည် စက်ဆုပ်ဖွယ်ရှိ၏။ - ဆီကြည်သည် စက်ဆုပ်ဖွယ်ရှိ၏။
- တံတွေးသည် စက်ဆုပ်ဖွယ်ရှိ၏။ - နှပ်သည် စက်ဆုပ်ဖွယ်ရှိ၏။
- အစေးသည် စက်ဆုပ်ဖွယ်ရှိ၏။ - ကျင်ငယ်သည် စက်ဆုပ်ဖွယ်ရှိ၏။

ဤသို့ ၃၂-ပါးသော ကောဋ္ဌာသအစုတို့ကို စက်ဆုပ်ဖွယ်သော အခြင်းအရာအားဖြင့် အဖန် တလဲလဲ ဆင်ခြင်ရာ၏။

ဆင်ခြင်သောသူအား ၃၂-ပါးသော လှေကားခြင်အကန့်ရှိသော ရွှေတံခြင်လှေကား ကို နင်းတက်သောအခါ ပျံ့ဘိသကဲ့သို့ ကောဋ္ဌာသအစုတို့သည် အလွန်ထင်ခြင်းသို့ ရောက် ကုန်၏။ ဤသို့လျှင် ထင်ခြင်းသို့ ရောက်သော ကောဋ္ဌာသအစုကို အဖန်တလဲလဲ မှီဝဲပွါးများ သောသူအား ဥပစာရသမာဓိကို ရ၍ တဒင်္ဂပဟာနသတ္တိဖြင့် မစ္ဆေရတရား ၅-ပါးတို့သည် ကွယ်ပျောက်ခြင်းသို့ ရောက်လေကုန်၏။ ထိုဥပစာရသမာဓိဖြင့် အဖန်တလဲလဲ မှီဝဲပွါးများ သောသူအား ပထမဈာန်ကို ရ၍ ဝိက္ခမ္ဘနပဟာနသတ္တိဖြင့် ကွယ်ပျောက်ခြင်းသို့ ရောက်လေ ကုန်၏။

ပထမဈာန်မှ ထ၍ ၃၂-ပါးသော ကောဋ္ဌာသအစုတို့ကို အနိစ္စ, ဒုက္ခ, အနတ္တတည်း ဟူသော လက္ခဏာရေးသို့ တင်၍ ၁၀-ပါးသော ဝိပဿနာဉာဏ်အစဉ်ဖြင့် ဆင်ခြင်ပွါးများ မှီဝဲသော သူအား မဂ် ၄-တန်, ဖိုလ် ၄-တန်, နိဗ္ဗာန်ကို မျက်မှောက်ပြု၍ ၅-ပါးသော မစ္ဆေရတရားတို့သည်—

တဒင်္ဂပဟာနသတ္တိ, သမုစ္ဆေဒပဟာနသတ္တိ,
ပဋိပဿဒ္ဓိပဟာနသတ္တိ, နိဿရဏပဟာနသတ္တိ –

အားဖြင့် ကွယ်ပျောက်ခြင်းသို့ ရောက်လေကုန်၏။ ထို့ကြောင့်—

**ပဉ္စန္နံ ဘိက္ခဝေ မစ္ဆရိယာနံ ပဟာနာယ စတ္တာရော သတိပဋ္ဌာနာ ဘာဝေတဗ္ဗာ။**

ဟု ဟောတော်မူသည်။

ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (အင်္ဂုတ္တိုရ်၊ နဝကပါဠိတော်။ မစ္ဆရိယသုတ်။ ၎င်းအဋ္ဌကထာ။ အဋ္ဌသာလိနီ။)

★★★★★★★

## [ ၇ ] ဆအဇ္ဈာသယဒေသနာတရား

**ဣ္တသာရိယဓမ္မယသသိရီကာမပယတ္တသခ်ါတံ ဘဂ္ဂံ ပုညံ တေသာတိ ဘဂဝါ။**

တေသ သမ္မာသမ္ဗုဒ္ဓဿ၊ ထိုမြတ်စွာဘုရားအား။ ဣ္တသာရိယဓမ္မယသသိရီကာမ-ပယတ္တသခ်ါတံ၊ ဣ္တသာရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ-ဟု ဆိုအပ်သော။ ဘဂ္ဂံ ပုညံ၊ ဘုန်းတော်သည်။ အတ္ထိ၊ ရှိတော်မူ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော သမ္မာသမ္ဗုဒ္ဓေါ၊ ထိုမြတ်စွာဘုရားသည်။ ဘဂဝါ၊ ဘဂဝါ မည်၏။

ဤသို့လျှင် ဣ္တသာရိယ, ဓမ္မ,ယသ, သိရီ, ကာမ,ပယတ္တ-ဟု ဆိုအပ်သော ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသည်၏အဖြစ်ကြောင့် ဘဂဝါ-ဟူသော ဂုဏ်တော်နာမ ဝိသေသ အထူးကို ရတော်မူသော ဘုရားသခင်သည် ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်, ဝိနည်း, အဘိဓမ္မာ-ဟူ၍ ၃-ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင် သုတ္တန်နည်းအားဖြင့် ဟောတော်မူလိုသည်ဖြစ်၍ —

> **ဆ အဇ္ဈာသယာ ဗောဓိသတ္တာနံ ဗောဓိပရိပါကာယ သံဝတ္တန္တိ။ အလောဘဇ္ဈာသယာ စ ဗောဓိသတ္တာ လောဘေ ဒေါသဒဿာဝိနော။ အဒေါသဇ္ဈာသယာ စ ဗောဓိသတ္တာ ဒေါသေ ဒေါသဒဿာဝိနော။ အမောဟဇ္ဈာသယာ စ ဗောဓိသတ္တာ မောဟေ ဒေါသ-ဒဿာဝိနော။ နေက္ခမ္မဇ္ဈာသယာ စ ဗောဓိသတ္တာ ဃရာဝါသေ ဒေါသဒဿာဝိနော။ ပဝိဝေကဇ္ဈာသယာ စ ဗောဓိသတ္တာ သင်္ဂဏိကာယ ဒေါသဒဿာဝိနော။ နိဿရဏဇ္ဈာ-သယာ စ ဗောဓိသတ္တာ သဗ္ဗဘဝဂတိသု ဒေါသဒဿာဝိနော။ ယေ ဟိ ကေစိ အတီတာ-နာဂတပစ္စုပ္ပန္နာ သောတာပန္နသကဒါဂါမိအနာဂါမိခီဏာသဝပစ္စေကဗုဒ္ဓသမ္မာသမ္ဗုဒ္ဓါ၊ သဗ္ဗေ တေ ဣမေဟေဝ ဆဟာ'ကာရေဟိ အတ္တနာ အတ္တနာ ပတ္တဗ္ဗံ ဝိသေသံ ပတ္တာ။ တသ္မာ ဣမေဟေဝ ဆဟာ'ကာရေဟိ သမ္ပန္နဇ္ဈာသယေန ဘဝိတဗ္ဗံ။**

ဆ အဇ္ဈာသယာ၊ ၆-ပါးကုန်သော အလိုဆန္ဒတို့သည်။ ဗောဓိသတ္တာနံ၊ ၃-ပါး သောဗောဓိတို့ကို အလိုရှိကုန်သောသူတို့အား။ ဗောဓိပရိပါကာယ၊ ၃-ပါးသော ဗောဓိကို ရင့်စေခြင်းအကျိုးငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဗောဓိသတ္တာ၊ ၃-ပါးသော ဗောဓိကို အလိုရှိကုန်သောသူတို့သည်၊ တစ်နည်း ဘုရားလောင်းတို့သည်။ လောဘေ၊ လောဘ၌။ ဒေါသ-ဒဿာဝိနော၊ အပြစ်-ဟု မြင်ကုန်သည်ဖြစ်၍။ အလောဘဇ္ဈာသယာ စ၊ လောဘကင်းခြင်းကို အလိုရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဗောဓိသတ္တာ၊ ဘုရားလောင်းတို့သည်။ ဒေါသေ၊ ဒေါသ၌။ ဒေါသဒဿာဝိနော၊ အပြစ်-ဟု မြင်ကုန်သည်ဖြစ်၍။ အဒေါသဇ္ဈာ-သယာ စ၊ ဒေါသကင်းခြင်းကို အလိုရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဗောဓိသတ္တာ၊ ဘုရားလောင်းတို့သည်။ မောဟေ၊ မောဟ၌။ ဒေါသဒဿာဝိနော၊ အပြစ်-ဟု မြင်ကုန်သည်ဖြစ်၍။ အမောဟဇ္ဈာသယာ စ၊ မောဟကင်းခြင်းကို အလိုရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဗောဓိသတ္တာ၊ ဘုရားလောင်းတို့သည်။ ဃရာဝါသေ၊ အိမ်ရာထောင်သော လူ၏ဘောင်၌။ ဒေါသဒဿာဝိနော၊ အပြစ်-ဟု မြင်ကုန်သည်ဖြစ်၍။ နေက္ခမ္မဇ္ဈာသယာ စ၊ အိမ်ရာထောင်သော လူ၏ဘောင်မှ ထွက်မြောက်ခြင်း၌သာ အလိုရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဗောဓိသတ္တာ၊ ဘုရားလောင်းတို့သည်။ သင်္ဂဏိကာယ၊ အပေါင်းအဖော်၌။ ဒေါသဒဿာဝိနော၊ အပြစ်-ဟု မြင်ကုန်သည်ဖြစ်၍။ ပဝိဝေကဇ္ဈာသယာ စ၊ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ခြင်း၌သာ အလိုရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဗောဓိသတ္တာ၊ ဘုရားအလောင်းတို့သည်။ သဗ္ဗဘဝဂတီသု၊ အလုံးစုံသော ဘဝဂတိတို့၌။ ဒေါသဒဿာဝိနော၊ အပြစ်-ဟု မြင်ကုန်သည်ဖြစ်၍။ နိဿရဏဇ္ဈာသယာ စ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းကို အလိုရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ယေ ကေစိ၊ ခပ်သိမ်းကုန်သော။ အတီတာနာဂတပစ္စုပ္ပန္နာ၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန် ကာလ ၃-ပါး၌ဖြစ်ကုန်သော။ သောတာပန္နသကဒါဂါမိအနာဂါမိခီဏာသဝပစ္စေကဗုဒ္ဓသမ္မာသမ္ဗုဒ္ဓါ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ, ပစ္စေကဗုဒ္ဓါ, သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေ သဗ္ဗေ၊ ထိုအလုံးစုံသောသူတို့သည်။ ဣမေဟေဝ ဆဟာ'ကာရေဟိ၊ ဤ ၆-ပါးသော အခြင်းအရာတို့ဖြင့်။ အတ္တနာ အတ္တနာ၊ မိမိ,မိမိသည်။ ပတ္တဗ္ဗံ၊ ရောက်အပ်သော။ ဝိသေသံ၊ ဈာန်,မဂ်,ဖိုလ်အထူးသို့။ ပတ္တာ၊ ရောက်ကုန်သည်။ ယသ္မာ၊ အကြင်ကြောင့်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဣမေဟေဝ ဆဟာ'ကာရေဟိ၊ ဤ ၆-ပါးသော အဇ္ဈာသယ အခြင်းအရာတို့နှင့်။ သမ္ပန္နဇ္ဈာသယေန၊ ပြည့်စုံခြင်းကို အလိုရှိသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။

ထိုဒေသနာတော်မြတ်ပါဌ်ဝယ် အဓိပ္ပါယ်သော်ကား ၆-ပါးကုန်သော အဇ္ဈာသယ အလိုဆန္ဒတို့သည် သာဝကဗောဓိ, ပစ္စေကဗောဓိ, သမ္မာသမ္ဗောဓိ-ဟု ဆိုအပ်ကုန်သော ၃-ပါးသော ဗောဓိတို့တွင် ၁-ပါးပါးကို အလိုရှိကုန်သောသူတို့အား ထိုဗောဓိတို့ကို ရင့်စေခြင်းအကျိုး၌သာ ဖြစ်ကုန်၏။ ၆-ပါးဟူသည် အဘယ်နည်းဟူမူကား—

၁။ **အလောဘဇ္ဈာသယ**၊ လောဘကင်းခြင်းကို အလိုရှိသည်လည်း ၁-ပါး။

၂။ **အဒေါသဇ္ဈာသယ**၊ ဒေါသကင်းခြင်းကို အလိုရှိသည်လည်း ၁-ပါး။

၃။ **အမောဟဇ္ဈာသယ**၊ မောဟကင်းခြင်းကို အလိုရှိသည်လည်း ၁-ပါး။

၄။ **နေက္ခမ္မဇ္ဈာသယ**၊ အိမ်ရာထောင်သော လူ၏ဘောင်မှ ထွက်မြောက်ခြင်းကို အလိုရှိသည်လည်း ၁-ပါး။

၅။ **ပဝိဝေကဇ္ဈာသယ**၊ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ခြင်းကို အလိုရှိသည်လည်း ၁-ပါး။

၆။ **နိဿရဏဇ္ဈာသယ**၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းကို အလိုရှိသည်လည်း ၁-ပါး။

ဤ ၆-ပါးသော တရားတို့သည် အဇ္ဈာသယ မည်ကုန်၏။ ၃-ပါးသော ဗောဓိတို့ကို အလိုရှိသောသူတို့သည် ဤ ၆-ပါးသော အဇ္ဈာသယတို့နှင့် ပြည့်စုံခြင်းကို အလိုရှိကုန်၏။ အဘယ့်ကြောင့် ဤ ၆-ပါးသော အဇ္ဈာသယတို့နှင့် ပြည့်စုံခြင်းကို အလိုရှိအပ်လေသနည်းဟူမူကား-

- လောဘ, ဒေါသ, မောဟတို့၌လည်းကောင်း၊
- အိမ်ရာထောင်သော လူ၏ဘောင်၌လည်းကောင်း၊
- အခြွေအရံ, အပေါင်းအဖော်တို့၌လည်းကောင်း၊
- အလုံးစုံသော ဘဝဂတိတို့၌လည်းကောင်း-

အပြစ်-ဟု မြင်ကုန်သည်ဖြစ်၍ ထို ၆-ပါးသော တရားတို့မှ ကင်းကြောင်းဖြစ်သော ၆-ပါးသော အဇ္ဈာသယတို့နှင့် ပြည့်စုံခြင်းကို အလိုရှိကုန်၏။ အတိတ်,အနာဂတ်, ပစ္စုပ္ပန်၊ ကာလ ၃-ပါးတို့၌ဖြစ်ကုန်သော သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ, ပစ္စေကဗုဒ္ဓါ, သမ္မာသမ္ဗုဒ္ဓဘုရားသခင်တို့သည် ဤ ၆-ပါးကုန်သော အဇ္ဈာသယ အခြင်းအရာတို့ဖြင့် မိမိတို့အလိုရှိအပ်သော ဈာန်,မဂ်,ဖိုလ်တရားအထူးသို့ ရောက်ကုန်၏။ ထို့ကြောင့် ဤ ၆-ပါးကုန်သော အဇ္ဈာသယတို့နှင့် အခါခပ်သိမ်း ပြည့်စုံခြင်းကို အလိုရှိသည် ဖြစ်ကုန်ရာ၏။

## ၁။ လောဘ၌ အပြစ်မြင်ပုံ

အဘယ်သို့ **လောဘ၌ အပြစ်**ကို မြင်လေသနည်းဟူမူကား လောဘသည် သတ္တဝါတို့ကို ပစ္စုပ္ပန်ဘဝ၌ များစွာသော ဥပဒ္ဒဝေါ, ဘေးရန်တို့ကို ဖြစ်စေတတ်၏။ တမလွန်ဘဝ၌လည်း သတ္တဝါတို့အား များစွာသော ဥပဒ္ဒဝေါ, ဘေးရန်တို့ကို ဖြစ်စေတတ်၏။ လောကီအကျိုး, လောကုတ္တရာအကျိုးတို့ကို တားမြစ်တတ်၏။ အဘယ်သို့ ပစ္စုပ္ပန်ဘဝ၌ သတ္တဝါတို့အား ဥပဒ္ဒဝေါ, ဘေးရန်တို့ကို ဖြစ်စေတတ်လေသနည်းဟူမူကား လောဘ-ဟူသော အကြောင်းကြောင့် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတည်းဟူသော ကာမဂုဏ် ၅-ပါးတရားအစုတို့၌ ပြင်းစွာ တွယ်တာခြင်း, မြတ်နိုးခြင်း, စွဲလမ်းခြင်းသည် ဖြစ်၏။

ထိုကာမဂုဏ်တို့၏ ပြည့်စုံခြင်းအကြောင်းဖြစ်သော မင်းခအတတ်, ဆင်စီးအတတ်, မြင်းစီးအတတ်, လယ်လုပ်အတတ်, ကုန်သွယ်အတတ်-အစရှိသော အဋ္ဌာရသအတတ် အမျိုးမျိုးတို့ကို သင်ကုန်သည်ရှိသော် သင်ရခြင်းအကြောင်းဖြစ်သော များစွာသော ဥပဒ္ဒဝေါ,

ဘေးရန် ဒုက္ခအပေါင်းတို့ကို ခံစားရကုန်၏။ ထိုအတတ်တို့နှင့် ပြည့်စုံ၍ လယ်လုပ်ရသော ကာလ အချမ်း,အပူမရွေး အမှုကိစ္စတို့ကို ရွက်ဆောင်ရခြင်း၊ မပျက်စီးစိမ့်သောငှာ စောင့်ရှောက်ရခြင်း-အစရှိသော ဥပဒ္ဒဝေါ, ဘေးရန်ဒုက္ခ၊ မင်း, ခိုးသူ-အစရှိသည်တို့သည် နှိပ်စက်၍ ယူသောအခါ ရင်တီးလက်ခတ်-အစရှိသည်ကို ပြု၍ သောက,ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ-အစရှိသော ဘေးရန်တို့သည် ဖြစ်ကုန်၏။

ကုန်သွယ်ခြင်းကို ပြုသောသူသည်လည်း လေးလံစွာသော ဝန်ကို ရွက်ဆောင်ရခြင်း၊ ဝေးသောအရပ်ဌာနသို့ သွားရခြင်း၊ ဝါဠုကန္တာရ, စောရကန္တာရ, နိရုဒကကန္တာရ, ဒုဗ္ဘိက္ခ-ကန္တာရ = သားရဲဘီလူးရှိသော ခရီးခဲ, ခိုးသူရှိသော ခရီးခဲ, ရေမရှိသော ခရီးခဲ, ထမင်းခေါင်းပါးသောခရီးခဲ, တောင်,ချောက်ကမ်းပါးပြတ်ရှိသော ခရီးခဲတို့ကို လွန်ရခြင်း၊ လှေ, သင်္ဘောဖြင့် သမုဒ္ဒရာ-အစရှိသည်ကို ကူးမြောက်ရခြင်း-အစရှိသည်တို့ဖြင့် မရေမတွက်နိုင်သော ဥပဒ္ဒဝေါ, ဘေးရန်တို့သည် ဖြစ်ကုန်၏။

မင်းခသောသူသည်လည်း မင်းတို့ နှစ်သက်စိမ့်သောငှာ မင်းတို့၏အလိုသို့ လိုက်၍ အချမ်း,အပူမရွေး ကိုယ်ဖြင့် အမှုကိစ္စကို ရွက်ဆောင်ရ၏။ စစ် ၂-ဘက်ဆိုင်သောသူတို့၏ အလယ်သို့ ဝင်၍ စစ်ထိုးခြင်း-အစရှိသော အမှုကို ပြုရ၏။ ဤသို့-အစရှိသည်ဖြင့် ပစ္စုပ္ပန်ဘဝ၌ လောဘအကြောင်းရှိသည်ဖြစ်၍ သတ္တဝါတို့သည်*(အား)* များစွာကုန်သော ဘေးဥပဒ္ဒ-ဝေါတို့သည် ဖြစ်ကုန်၏။ ထိုအဠာရသအတတ်မျိုးတို့ကို မှီ၍ အသက်မွေးကုန်သောသူတို့သည် မိမိတို့၏အတတ်တို့ဖြင့် ကာမဂုဏ် ၅-ပါးတို့သည် မပြည့်စုံကုန်သည်ရှိသော် သူ့အသက်ကို သတ်ခြင်း, သူ့ဥစ္စာကို ခိုးခြင်း, မုသားကို ဆိုခြင်း-အစရှိသော အကုသိုလ်ဒုစရိုက်တရားတို့ကို ဖြစ်စေ၍ သူတပါးတို့အား ပူပန်စေလျက် မရထိုက်သော စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေ၍ ကာမဂုဏ် ၅-ပါး တရားအစုတို့ကို ခံစားကုန်၏။

ထိုသူတို့သည် သေသည်မှ အခြားမဲ့၌ ငရဲ,တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ် ၄-ပါး၌ ဖြစ်ကြလေကုန်၏။ ငရဲမီးလောင်ခြင်း, အိမ်မိုးတခြမ်းပဲ့မျှရှိသော ဓားဖြင့် ၄-မြောင့်, ၈-မြောင့်, ၁၆-မြောင့် ရွှေခြင်း၊ သံမြေပေါ်၌ ပက်လက်အိပ်စေ၍ လက် ၂-ဖက်, ခြေ ၂-ဖက်, ရင်ဝ-ဟု ဆိုအပ်သော ၅-ပါးသော အရပ်ဌာနတို့၌ ထန်းလုံးပမာဏရှိသော အလျှံပြောင်ပြောင်တောက်သော သံမယ်နတို့ဖြင့် ရိုက်ပြီးသော် ထန်းလုံးပမာဏရှိသော သံမြားချိတ်တို့ဖြင့် ငရဲထိန်းသည် ခံတွင်းကို ဆွဲဖွင့်၍ အလျှံပြောင်ပြောင်တောက်သော သံတွေသံရည်တို့ဖြင့် လောင်းသောအခါ အာစပ်, ခံတွင်း, လျှာ, အာစောက်, လည်ချောင်း, ရင်ဝ, အူသိမ်, အူမ, ဒွါရ-အစရှိသည်တို့ကို လောင်ဖြတ်၍ အောက်သို့ သက်လေ၏။ ဤသို့ အစရှိသော ငရဲပြည်၌ဖြစ်သော ဥပဒ္ဒဝေါ, ဒုက္ခဝေဒနာတို့သည် ဖြစ်ကုန်၏။

ပြိတ္တာတို့သည်လည်း အနှစ်-၁၀၀, အနှစ် ၁,၀၀၀-လွန်၍လည်းကောင်း၊ ဘုရား ၁-ဆူနှင့် ၁-ဆူစပ်ကြား လွန်၍လည်းကောင်း ထမင်း ၁-လုံး, ရေ ၁-ပေါက်ကိုမျှ မစားမသောက်ရ။ ငတ်မွတ်ဆာလောင်ခြင်းတည်းဟူသော ဘေးဥပဒ္ဒဝေါ, ဒုက္ခဝေဒနာတို့ကို ခံစားရကုန်၏။ ထို့အတူ တိရစ္ဆာန်, အသုရကာယ်ဘုံ၌ဖြစ်ကုန်သော သတ္တဝါတို့သည်လည်း များလှစွာသော ဥပဒ္ဒဝေါ, ဘေးရန်ဒုက္ခတို့ကို ခံရကုန်၏။ စင်စစ်အားဖြင့်ကား တဏှာ, လောဘ-ဟူသော သမုဒယသစ္စာ ပွါးတိုင်းပွါးတိုင်း ဒုက္ခသစ္စာ ပွါး၍ ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခ, သခ်ီရဒုက္ခ, ဝိပရိဏာမဒုက္ခ, ပဋိစ္ဆန္နဒုက္ခ, အပ္ပဋိစ္ဆန္နဒုက္ခ, ပါကဋဒုက္ခ-အစရှိသော ဒုက္ခအပေါင်းတို့သည် ဖြစ်ကုန်၏။

ကာမစ္ဆန္ဒနီဝရဏတည်းဟူသော လောဘ,တဏှာ ပိတ်ပင်ခြင်းကြောင့် ဒါန, သီလ, ဘာဝနာ, လောကီစျာန်တရားတို့ကိုလည်းကောင်း၊ လောကုတ္တရာ မဂ်,ဖိုလ်, နိဗ္ဗာန်တရားတို့ကိုလည်းကောင်း ရစေခြင်းငှာ အားမထုတ်နိုင်။ သံသရာဝဋ်ဆင်းရဲ၌သာလျှင် ကြိုညစ်ယန္တရား, ဆုံလည်နွားကဲ့သို့ သံသရာဝဋ်ဆင်းရဲ၌ ကျင်လည်ရသဖြင့် များစွာသော ဥပဒ္ဒဝေါ ဒုက္ခတို့ကို ခံစားရကုန်၏။ ဤသို့လျှင် ပစ္စုပ္ပန်ဘဝ, တမလွန်ဘဝ လောကီ, လောကုတ္တရာ၌ များစွာသော အပြစ်ရှိကုန်၏။ ထို့ကြောင့် ဗောဓိ ၃-ပါး၊ မဂ်,ဖိုလ်,နိဗ္ဗာန်ကို အလိုရှိကုန်သော သူတော်ကောင်းတို့သည် လောဘ၌ အပြစ်ကို မြင်ကုန်သည်ဖြစ်၍ လောဘကင်းခြင်းကို အလိုရှိအပ်သောအဖြစ်ကို သိစေခြင်းငှာ **"အလောဘဇ္ဈာသယာ စ ဗောဓိသတ္တာ လောဘေ ဒေါသဒဿာဝိနော"**ဟူ၍ ဟောတော်မူသည်။

## ၂။ ဒေါသ၌ အပြစ်မြင်ပုံ

အဘယ်သို့ **ဒေါသ၌ အပြစ်**ကို မြင်သနည်းဟူမူကား ဒေါသသည် သတ္တဝါတို့ကို ပစ္စုပ္ပန်ဘဝ,တမလွန်ဘဝ လောကီ, လောကုတ္တရာတရား အကျိုးမဲ့ကိုသာ ဖြစ်စေတတ်၏။ အဘယ်သို့ ပစ္စုပ္ပန်ဘဝ၌ အကျိုးမဲ့ကို ဖြစ်စေတတ်လေသနည်းဟူမူကား ဒေါသရှိခြင်း, ဒေါသပြောခြင်း-ဟူသော အကြောင်းကြောင့် အနည်းငယ်သော အမနာပစကားကို သူတပါးတို့ ဆိုသောအခါ အားနည်းသောဒေါသသည် ဖြစ်၏။ များစွာ(သော) အမနာပစကားကို ဆိုသောအခါ အားကြီးသောဒေါသသည် ဖြစ်၏။ ပြုံစူစောင်းမြောင်းခြင်း၊ ၉-ပါးအပြားရှိသော အာဃာတဝတ္ထုတို့ဖြင့် ရန်ငြိုးဖွဲ့ခြင်း၊ တစ်ယောက်သည် တစ်ယောက်နှင့် ဆန့်ကျင်သောစကားကို ဆိုရခြင်း၊ 'ဟယ်, နင်'ဟူသော စကားကို ဆို၍ ခိုက်ရန်ဖြစ်ခြင်း၊ ကလဟဝိဂ္ဂဟဝိဝါဒစကားတို့ကို ပြော၍ လက်ဖြင့် လွန်ကျူးပုတ်ခတ်ခြင်း၊ တုတ်,လှင်ကန်ဖြင့် ရိုက်ခတ်ခြင်း၊ ဓားလက်နက်တို့ဖြင့် ခုတ်ဖြတ်ခြင်း-အစရှိသည်တို့ကို ပြု၍ ဥစ္စာကို ယူခြင်း,

သေကျောပျက်စီးခြင်း, သေလောက်ရုံမျှသော ဘေးကို တွေ့ရခြင်း, 'ဤသူကား အမျက်ဒေါသကြီးသောသူ'-ဟု ဆို၍ သူတပါးတို့ အပေါင်းအဖော်မပြုသဖြင့် အဆွေခင်ပွန်းနည်းပါးခြင်း-အစရှိသော အကျိုးမဲ့တို့ကိုသာ ဖြစ်စေတတ်၏။

စင်စစ်အားဖြင့် ဒေါသရှိသောသူသည် ဒေါသ-ဟူသော အကြောင်းကြောင့် သူ့အသက်ကို သတ်ခြင်း၊ ရုန့်ရင်းကြမ်းတမ်းသော, လွှကဲ့သို့ အတွေ့ရှိသောစကားကို ဆိုခြင်း၊ သူတပါးတို့အား အခါမလတ် အမျက်ထွက်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်း၊ သူ့သားအိမ်ရာကို ဖျက်ဆီးခြင်း၊ သူ ၂-ယောက်တို့၏ အချစ်ကို ဖျက်ဆီးခြင်း၊ အကျိုးမရှိ ပြိန်ဖျင်းသောစကား, မင်္ဂ,ဖိုလ်မှ ဗီလာဖြစ်သော စကားကို ပြောဆိုခြင်း-အစရှိသော ဒုစရိုက် အကုသိုလ်တရားတို့ကိုသာ များစွာပြုကျင့်ကုန်၏။ ထိုသို့ ပြုကျင့်ကုန်သောကြောင့် သေသည်၏အခြားမဲ့၌ အပါယ် ၄-ပါးသို့ လားရကုန်၏။

တစ်စုံတစ်ခု အနည်းငယ် ကုသိုလ်ကံ ထောက်ပင့်၍ လူ့ပြည်သို့ပင် ရောက်လာပါငြားသော်လည်း ဒေါသအကျိုးပေး၍ ဒွန်းစဏ္ဍား, နှီးသမား, ပန်းမှိုက်သွန်သမား-အစရှိသော ယုတ်မာသောအမျိုးတို့၌ ဖြစ်လေ၍ သူတပါးတို့ မြင်ခြင်းငှာ အလိုမရှိ၊ အဆင်းမလှခြင်း, ကျီးမြည်သံကဲ့သို့သော အသံဆိုးရွားခြင်း-အစရှိသော မကောင်းသော အကျိုးတို့သည်သာ ဖြစ်လာကုန်၏။

စင်စစ်အားဖြင့်ကား ဒေါသတည်းဟူသော အကုသိုလ်သည် လူ့ပြည်,နတ်ပြည်သို့ ရောက်သောအခါ လူ,နတ်တို့သည် နှစ်သက်အပ်သော သူဌေး, သူကြွယ်, ပဒေသရာဇ်, ဧကရာဇ်, စကြာမင်းတို့၏ စည်းစိမ်ချမ်းသာကို မပေးတတ်။ သိကြားမင်း, ဗြဟ္မာမင်းတို့၏ စည်းစိမ်ချမ်းသာကိုလည်း မပေးတတ်။ သာဝကပါရမီဉာဏ်, ပစ္စေကဗောဓိဉာဏ်, သမ္မာသမ္ဗောဓိဉာဏ်, နိဗ္ဗာန်ကို မပေးတတ်။ အလုံးစုံသော လောကုတ္တရာအကျိုးတို့ကို တားမြစ်၍ စားကြွင်းစားအမျိုးတို့၌သာ ဖြစ်စေတတ်၏။ ဒေါသရှိသောသူသည် အာနန္တရိယကံ ၅-ပါးတို့ကို ပြုကျင့်၍ ကမ္ဘာ့သစ်ငုတ်ကဲ့သို့ တစ်ကမ္ဘာပတ်လုံး ငရဲမီးလျှံ အခြားမရှိ, သတ္တဝါ အခြားမရှိ ခံရတတ်၏။

ဤသို့လျှင် "ဒေါသသည် ပစ္စုပ္ပန်ဘဝ, တမလွန်ဘဝ၌ လောကီ, လောကုတ္တရာတို့၌ သတ္တဝါတို့၏အကျိုးမဲ့ကိုသာ ပြုတတ်သောကြောင့် များသောအပြစ်ရှိ၏"ဟု ဗောဓိ ၃-ပါးကို အလိုရှိကုန်သော သူတော်ကောင်းတို့သည် ဒေါသ၌ အပြစ်ကို မြင်ကုန်သည်ဖြစ်၍ ဒေါသကင်းခြင်းကို အလိုရှိအပ်သောအဖြစ်ကို သိစေခြင်းငှာ "**အဒေါသဇ္ဈာသယာ စ ဗောဓိသတ္တာ ဒေါသေ ဒေါသဒဿာဝိနော**"ဟူ၍ ဟောတော်မူသည်။

## ၃။ မောဟဉ် အပြစ်မြင်ပုံ

အဘယ်သို့ မောဟ၌ အပြစ်ကို မြင်လေကုန်သနည်းဟူမူကား မောဟထူပြော၍ မိုက်မဲ, မလိမ္မာ, ပညာနည်းပါးသောသူတို့သည် မောဟဖုံးလွှမ်းခြင်းကြောင့် ဒုစရိုက် ဒုရာဇီဝတို့၌ အပြစ်ကို မမြင်ကုန်။ အပါယ်ဘေးကို အပြစ်-ဟူ၍ မမြင်ကုန်။ မမြင်ခြင်းကြောင့် ဒုစရိုက်, ဒုရာဇီဝတို့ကိုသာ တစ်သက်ပတ်လုံး ပြုကျင့်ကုန်၏။ ပြုကျင့်ကုန်သောကြောင့် ခါး-စပ်, ကြမ်းတမ်းသောအကျိုးကို ခံစားရာ အပါယ် ၄-ပါးတို့သို့ လားကုန်၍ ညဉ့်,နေ့ပတ်လုံး ဒုက္ခအပေါင်းတို့ကိုသာ ခံစားရကုန်၏။ စင်စစ်အားဖြင့်ကား မောဟဖုံးလွှမ်းခြင်းကြောင့် ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ, ပဋိစ္စသမုပ္ပါဒ်, နာမ်, ရုပ်ဖြစ်သော ပရမတ္ထတရားတို့ကို မသိမမြင်ခြင်းကြောင့် ခန္ဓာကိုပင် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, နတ်, သိကြား, ဗြဟ္မာ, တိရစ္ဆာန်-အစရှိသော အဝိဇ္ဇမာနပညတ်ကို ပရမတ္ထအားဖြင့် ထင်ရှားရှိသကဲ့သို့ စွဲလမ်းလေ၏။

ခန္ဓာ, အာယတန,ဓာတ်,သစ္စာ, ပဋိစ္စသမုပ္ပါဒ်, နာမ်, ရုပ်တရား-အစရှိသော ပရမတ္ထတရားအစုကို မမြင်ခြင်းကြောင့် ငါ, သူတပါး, ယောကျ်ား, မိန်းမ-အစရှိသည်ဖြင့် စွဲလမ်း၍ တဏှာ, မာန, ဒိဋ္ဌိတည်းဟူသော သံသရာ ပပဉ္စတရား ၃-ပါးတို့၏ ပွါးများခြင်းကြောင့် သံသရာရှည်လျား၍ သံသရာဝဋ်ဆင်းရဲ၌ ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ-အစရှိသော ဒုက္ခအပေါင်းတို့သည်သာ ဖြစ်လေကုန်၏။ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းဖြစ်သော မဂ်,ဖိုလ်,နိဗ္ဗာန်သို့ မရောက်နိုင်ရာ။ ဤသို့ မောဟ၌ များစွာသောအပြစ်ကို မြင်၍ မောဟကင်းခြင်းကို အလိုရှိသောအဖြစ်ကို သိစေခြင်းငှာ **"အမောဟဇ္ဈာသယာ စ ဗောဓိသတ္တာ မောဟေ ဒေါသဒဿာဝိနော"**ဟူ၍ ဟောတော်မူသည်။

## ၄။ လူ၏ဘောင်၌ အပြစ်မြင်ပုံ

အဘယ်သို့ **အိမ်ရာထောင်သော လူ၏ဘောင်၌ အပြစ်**ကို မြင်သနည်းဟူမူကား အိမ်ရာထောင်သော လူ၏ဘောင်၌နေကုန်သော သူတို့သည် အလွန်ကျဉ်းမြောင်း၏။ ကိလေသာ-ဟူသော မြူ၏ထရာ လမ်းကြောင်းဖြစ်၏။ အဘယ်သို့ ကျဉ်းမြောင်းလေသနည်းဟူမူကား ၁၂-ယူဇနာ ဝေးသောအရပ်၌ အလျား,အနံ ၁-ယူဇနာကျယ်ဝန်းသော အိမ်ကြီးကို ဆောက်လုပ်၍ ယောကျ်ားကား အရှေ့အစွန်းအိမ်ဝယ်, မိန်းမကား အနောက်အစွန်း

အိမ်ဝယ် နေငြားသော်လည်း တစ်ယောက်သည် တစ်ယောက်အား ကြောင့်ကြ, ဗျာပါရ, သောက မကင်းမူ၍ မပြတ်သော အကုသိုလ်အလျဉ်တို့သည် ဖြစ်ကုန်၏။ ကုသိုလ်တရား ပွါးများခြင်းကို မရနိုင်သောကြောင့် အိမ်ရာထောင်သော လူ၏ဘောင်၌ နေရခြင်းသည် အလွန်ကျဉ်းမြောင်း၏။

အဘယ်သို့ ကိလေသာတည်းဟူသော မြူ၏ထရာ လမ်းကြောင်းဖြစ်လေသနည်းဟူမူကား-

- ကာမဂုဏ်၌ တွယ်တာမက်မောခြင်း မကင်းသောကြောင့် ကာမဂုဏ်၏ ပြည့်စုံခြင်း အကြောင်းဖြစ်သော ရွှေ,ငွေ,ဥစ္စာ လယ်ယာ,ကိုင်းကျွန်း နွား,ကျွဲ,ဆင်,မြင်း အခြွေအရံ အစရှိသော သက်ရှိ,သက်မဲ့ ဥစ္စာဘဏ္ဍာ ဥပဘောဂ, ပရိဘောဂတို့ကို အလိုရှိခြင်း, တောင့်တခြင်း, မက်မောခြင်းသည် ဖြစ်၏။
- မက်မောခြင်းကြောင့် ရှာမှီးရခြင်းကို ပြုရာ၏။
- ရှာမှီး၍ ရပြန်သောကာလ 'ငါ၏ဥစ္စာ'-ဟု ဆုံးဖြတ်ခြင်းသည် ဖြစ်၏။
- ဆုံးဖြတ်ရခြင်းကို မှီ၍ သိမ်းဆည်းရခြင်းသည် ဖြစ်၏။
- သိမ်းဆည်းရခြင်းကို စွဲ၍ ဝန်တိုရခြင်းသည် ဖြစ်၏။
- ဝန်တိုရခြင်းကို စွဲ၍ လွှမ်းမိုးရခြင်းသည် ဖြစ်၏။
- လွှမ်းမိုးရခြင်းကို စွဲ၍ စောင့်ရှောက်ရခြင်းသည် ဖြစ်၏။
- စောင့်ရှောက်ရခြင်းကို စွဲ၍ တုတ်,လှင်ကန်တို့ဖြင့် ရိုက်ခြင်း, ဓားဖြင့် ခုတ်ခြင်း, 'ဟယ်,နင်'-ဟူသော စကားကို ဆိုရခြင်းသည် ဖြစ်ကုန်၏။
- များစွာကုန်သော အကုသိုလ်တရားတို့သည်လည်း ဖြစ်ကုန်၏။

ဤသို့ ဖြစ်သောအခါ လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ-တည်းဟူသော ကိလေသာ ၁၀-ပါး အမျိုးရှိကုန်သော ၁,၅၀၀-ကိလေသာတို့သည် ပွါးများ၍ လာကုန်၏။ ထိုသို့ ပွါးများခြင်းကြောင့် ကိလေသာတည်းဟူသော မြူ၏ထရာ လမ်းကြောင်းဖြစ်၏။

ဤသို့ အစရှိသည်ဖြင့် အိမ်ရာထောင်သော လူ၏ဘောင်၌ အပြစ်ကို မြင်သည် ဖြစ်၍ ဗောဓိ ၃-ပါးတို့ကိုလည်းကောင်း၊ မဂ်,ဖိုလ်,နိဗ္ဗာန်ကိုလည်းကောင်း အလိုရှိကုန်သော သူတော်ကောင်းအပေါင်းတို့သည် အိမ်ရာထောင်သော လူ၏ဘောင်မှ ထွက်မြောက်ခြင်းကို အလိုရှိကုန်၏။ ထို့ကြောင့် "**နေက္ခမ္မဇ္ဈာသယာ စ ဗောဓိသတ္တာ ဃရာဝါသေ ဒေါသဒဿာဝိနော**"ဟူ၍ ဟောတော်မူသည်။

## ၅။ အပေါင်းအဖော်၌ အပြစ်မြင်ပုံ

အဘယ်သို့ **အပေါင်းအဖော်၌ အပြစ်**ကို မြင်လေသနည်းဟူမူကား အပေါင်းအဖော် ဂိုဏ်းတို့နှင့် အတူတကွနေသောသူသည် မဂ်,ဖိုလ်,နိဗ္ဗာန်ကိုပင် အလိုရှိ၍ ရှာလေသော်လည်း ထိုသူတို့၏ မညီမညွတ်သော ကိုယ်အကျင့်, နှုတ်အကျင့်တို့ကို မြင်ခြင်း, ကြားခြင်းကြောင့် ဖြစ်သော စိတ်၏ **မငြိမ်မသက်**ခြင်းသည်လည်း ဖြစ်ရာ၏။ ထိုသူတို့အား အစာအာဟာရ မပြည့်စုံခြင်းကြောင့်ဖြစ်သော ကြောင့်ကြခြင်း, ရောဂါနှိပ်စက်ခြင်းကြောင့်ဖြစ်သော ကြောင့်ကြခြင်း, အတတ်ပညာသင်ခြင်းကြောင့်ဖြစ်သော ကြောင့်ကြခြင်း၊ ဤသို့ အစရှိသည်ဖြင့် ဂိုဏ်းနှင့်စပ်သော ကြောင့်ကြခြင်းသည် ဖြစ်ရာ၏။ ဂိုဏ်းနှင့်စပ်သော ကြောင့်ကြခြင်းရှိသော သူအား တရားအထူးကိုပင် ရှာပါငြားသော်လည်း မဂ်,ဖိုလ်-ဟူသော တရားအထူးကို မရနိုင်ရာ။ ဤသို့လျှင် ဗောဓိ ၃-ပါး, မဂ်,ဖိုလ်,နိဗ္ဗာန်ကို အလိုရှိကုန်သော သူတော်ကောင်းတို့သည် အပေါင်းအဖော်တို့၌ အပြစ်ကို မြင်ကုန်သည်ဖြစ်၍ ကာယဝိဝေက, စိတ္တဝိဝေက, ဥပဓိဝိဝေကတည်းဟူသော ဝိဝေက ၃-ပါးကို အလိုရှိကုန်ရာ၏။ ထို့ကြောင့် **"ပဝိဝေကဿာသယာ စ ဗောဓိသတ္တာ သင်္ဂဏိကာယ ဒေါသဒဿာဝိနော"**ဟူ၍ ဟောတော်မူသည်။

## ၆။ ဘဝဂတိတို့၌ အပြစ်မြင်ပုံ

အဘယ်သို့ ခပ်သိမ်းသော **ဘဝဂတိတို့၌ အပြစ်**ကို မြင်လေသနည်းဟူမူကား **ခပ်သိမ်း**သောသတ္တဝါတို့သည် မနုဿဂတိ, ဒေဝဂတိ, နိရယဂတိ, တိရစ္ဆာနဂတိ, ပေတဂတိတို့တွင် ၁-ပါးပါးသော ဂတိ၌တည်သော ကိုယ်၏အဖြစ်ဖြင့် လားရ၏။ ထိုသို့ လားရသော သတ္တဝါတို့အား ၅-ပါးသော ဂတိတို့တွင် နိရယဂတိ, တိရစ္ဆာနဂတိ, ပေတဂတိတို့၌ လားရကုန်သည်ဖြစ်အံ့။ ဇာတိ, ဇရာ-အစရှိသော ဒုက္ခ၊ ငရဲမီးပူခြင်း, ငတ်မွတ်ဆာလောင်ခြင်း အစရှိသော ဒုက္ခအပေါင်းတို့သည် လွန်စွာ နှိပ်စက်လေကုန်၏။ မနုဿဂတိသို့ လားရကုန်သော သတ္တဝါတို့တွင် ဟူးဟူးညားညားသောသူတို့ကို မဆိုထားဘိဦး။ ပြည်ထဲသနင်း မင်းဖြစ်သောသူသည်လည်းကောင်း, ၄-ကျွန်းလုံးကို အစိုးရသော စကြာမင်းကြီးဖြစ်သောသူသည်လည်းကောင်း အမဲပုပ်,ငါးပုပ်၌ဖြစ်သော လောက်ကဲ့သို့ အမိစားသော အစာသစ်ကို ရွက်၍, အစာဟောင်းကို ထိုင်၍, အမိဝမ်းရေကို ကျောက်ကုန်းဖြင့် မှီလျက်, အမိကျောက်ကုန်းရေကို မျက်နှာပြုလျက် ကျဉ်းမြောင်းသောအရပ်၌ ၉-လ, ၁၀-လ ပဋိသန္ဓေနေရသဖြင့် အတိဒုက္ခနှင့်သာ ရောပြွမ်း၏။

အမိဝမ်းတွင်းမှ ဆွဲသောသူသည်လည်းကောင်း, သေသောက်ကြူးသောသူသည်လည်းကောင်း တုန်တုန်ရိုက်ရိုက်ဖြစ်၍ မိမိကိုယ်ကို မရွက်ဆောင်နိုင်သကဲ့သို့ ၉၆-ပါးသော အနာတို့သည် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ဗျာဓိဒုက္ခနှင့်သာ ရောပြွမ်း၏။ သစ်ပင်သည် အဖျားမှစ၍ ခြောက်သွေ့သောအခါ လေမုန်တိုင်းသည် နှိပ်စက်၍ ပင်လုံးကျွတ် လဲ၍ ပျက်စီးရသကဲ့သို့ ထို့အတူ အိုမင်းထိုင်းမှိုင်းသောအခါ ဆံဖြူခြင်း, သွားကျိုးခြင်း, မှဲ့မည်းစွန်းခြင်း, အရေတွန့်လိပ်ခြင်း, မျက်စိသီခြင်း, ခါးကုန်းခြင်း-အစရှိသော အိုခြင်းသဘောတို့ဖြင့် ရောပြွမ်း၍ နှိပ်စက်သည်ရှိသော် မုန်တိုင်းသဖွယ်ဖြစ်သော သေခြင်းသဘောသည် နှိပ်စက်ရကား အလုံးစုံသော ခန္ဓာကိုယ်ပင် ပျက်စီးခြင်းသို့ ရောက်ရလေ၏။ နတ်,သိကြား ဗြဟ္မာတို့သည် ဇာတိ-အစရှိသော ဒုက္ခမှ မကင်းသည်သာ ဖြစ်ရာ၏။

စင်စစ်သဖြင့်ကား ၅-ပါးသော ဘဝဂတိတို့၌ ကျင်လည်ရကုန်သော သတ္တဝါတို့သည် တစ်ခုသော ဘဝဂတိမှသည် တစ်ခုသောဘဝဂတိသို့ ကိလေသာတည်းဟူသော အဆိပ်ရည်တို့ဖြင့် ပြည့်သော အတိုင်းမသိသော ဒုက္ခတို့နှင့် ရောပြွမ်းသော လေးလံစွာသော ခန္ဓာဝန်ကြီးကို ရွက်ဆောင်ထမ်းပိုး၍ မုဆိုးနောက်မှလိုက်သော ယောက်ျားကဲ့သို့ လှည့်လည်ရကုန်၏။ ထိုသို့ လှည့်လည်ရခြင်းသည် ဘဝအားဖြင့်လည်း မရေတွက်နိုင်၊ ကမ္ဘာအားဖြင့်လည်း မရေတွက်နိုင်။ အစကိုလည်းကောင်း, အဆုံးကိုလည်းကောင်း မမြင်နိုင်။

ဤသို့လျှင် ဗောဓိ ၃-ပါး, မဂ်,ဖိုလ်,နိဗ္ဗာန်ကို အလိုရှိကုန်သော သူတော်ကောင်း အပေါင်းတို့သည် ခပ်သိမ်းသော ဘဝတို့၌ အပြစ်-ဟု မြင်ကုန်သည်ဖြစ်၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းကို အလိုရှိကုန်၏။ ထို့ကြောင့်—

**နိဿရဏဇ္ဈာသယာ စ ဗောဓိသတ္တာ သဗ္ဗဘဝဂတီသု ဒေါသဒဿာဝိနော။**

ဟူ၍ ဟောတော်မူသည်။

ထို့ကြောင့် ယခုအခါ သူတော်ကောင်းအပေါင်းတို့သည် သာဝကဗောဓိ, ပစ္စေကဗောဓိ, သမ္မာသမ္ဗောဓိတည်းဟူသော ဗောဓိ ၃-ပါးတို့တွင် ၁-ပါးပါးကို အလိုရှိကုန်သည် ဖြစ်အံ့။ မဂ်,ဖိုလ်,နိဗ္ဗာန်ကို အလိုရှိသည်ဖြစ်၍ လောဘ, ဒေါသ, မောဟတို့၌လည်းကောင်း၊ အိမ်ရာထောင်သော လူ၏ဘောင်၌လည်းကောင်း၊ အပေါင်းအဖော်၌လည်းကောင်း၊ ခပ်သိမ်းသော ဘဝတို့၌လည်းကောင်း အပြစ်-ဟု မြင်ကုန်သည်ဖြစ်၍ အဇ္ဈာသယ ၆-ပါးတို့နှင့် ပြည့်စုံခြင်းကို အလိုရှိကုန်ရာသည်။ ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။
(သုတ္တနိပါတ်အဋ္ဌကထာ၊၁။၄၅။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊၁။၁၁၂-၃။)

★★★★★★★

## [ ၈ ] ဗြာဟ္မဏပုစ္ဆာဒေသနာတရား

အလုံးစုံသော တရားအပေါင်းတို့ကို အကြွင်းမရှိ သိမြင်တော်မူပြီးသော ဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ ပသေနဒိကောသလမင်းကြီး၏ အမတ်ကြီးဖြစ်သော ဇာဏုဿောဏိ အမည်ရှိသော ပုဏ္ဏားသည် မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်လေ၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေပြီးသော် အလွန်ရိုသေစွာ ရှိခိုး၍—

**အဟံ ဟိ ဘော ဂေါတမ ဧဝံဝါဒီ ဧဝံဒိဋ္ဌိ "နတ္ထိ ယော မရဏဓမ္မော သမာနော န ဘာယတိ၊ န သန္တာသံ အာပဇ္ဇတိ မရဏဿာ"တိ။**

ဟူသော စကားအစဉ်ဖြင့် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူပေသော အရှင်ဂေါတမ၊ အကြင်သူသည် သေခြင်းသဘောသည် ဖြစ်သည်ရှိသော် သေခါနီးကာလသို့ ရောက်၍ မကြောက်ရသောသူမည်သည် မရှိ၊ ကြောက်ရလေသည်ချည်း-ဟူ၍ ယူလေ့,ပြောလေ့ရှိပေသည်"ဟု နားတော်လျှောက်၏။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည်—

**အတ္ထိ ဗြာဟ္မဏ မရဏဓမ္မော သမာနော ဘာယတိ၊ သန္တာသံ အာပဇ္ဇတိ မရဏဿ။ အတ္ထိ ပန ဗြာဟ္မဏ မရဏဓမ္မော သမာနော န ဘာယတိ၊ န သန္တာသံ အာပဇ္ဇတိ မရဏဿ။**

ဟူသော စကားအစဉ်ဖြင့် "ဇာဏုဿောဏိအမည်ရှိသော ပုဏ္ဏား၊ သေခြင်းသဘောရှိသည်ဖြစ်၍ သေခါနီးသောကာလသို့ ရောက်သည်ရှိသော် ကြောက်ရ, ထိတ်လန့်ပူပန်ရသောသူလည်း ရှိ၏။ သေခါနီးသို့ ရောက်သည်ရှိသော် မကြောက်ရ, မပူပန် မထိတ်လန့်ရသောသူလည်း ရှိ၏"ဟု မိန့်တော်မူပြီးမှ—

**ကတမော စ ဗြာဟ္မဏ မရဏဓမ္မော သမာနော ဘာယတိ၊ သန္တာသံ အာပဇ္ဇတိ မရဏ-ဿ။ ဣဓ ဗြာဟ္မဏ ဧကစ္စော ကာမေသု အဝီတရာဂေါ ဟောတိ အဝိဂတစ္ဆန္ဒော အဝိဂတပေမော အဝိဂတပိပါသော အဝိဂတပရိဠာဟော အဝိဂတတဏှော။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

### ၁။ သေခါနီးတွင် ကြောက်ရ, ပူပန်ရသောသူ ၄-ယောက်

(၁) ထိုဒေသနာတော်မြတ်ပါဠိ၌ဝယ် အဓိပ္ပါယ်သော်ကား "ဇာဏုသောဏိအမည်ရှိသောပုဏ္ဏား၊ သေခါနီးသောကာလသို့ ရောက်သည်ရှိသော် ကြောက်ရ, ပူပန်ရ, ထိတ်လန့်ရသောသူ-ဟူသည် အဘယ်နည်းဟူမူကား ဇာဏုသောဏိအမည်ရှိသော ပုဏ္ဏား၊ ဤလူ့ပြည်၌ အချို့သောသူသည် ရွှေ,ငွေ,ဥစ္စာ လယ်ယာ,ကိုင်းကျွန်း နွား,ကျွဲ,ဆင်,မြင်း အဝတ်ပုဆိုး, ဘယက်တန်ဆာ, သား,မယား, ကျွန်,အမှုလုပ်, ဆွေမျိုးပေါက်ဖော်, အဆွေခင်ပွန်းချစ်ကျွမ်းဝင်သောသူ-အစရှိသော၊ သက်ရှိ,သက်မဲ့ ဥစ္စာဘဏ္ဍာမျိုး-ဟု ဆိုအပ်သော၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ-ဟု ဆိုအပ်သော ကာမဂုဏ် ၅-ပါး တရားအစုတို့၌ ပြင်းပြစွာသော တဏှာ, လောဘ, ရာဂတရားတို့ဖြင့် တွယ်တာခြင်း မကင်း။ ထိုသူသည် တစ်စုံတစ်ခုသော ပြင်းပြစွာသော ရောဂါဝေဒနာ ကပ်ရောက်၍ သေခါနီးကာလသို့ ရောက်သည်ရှိသော် "ငါ့ကို အလွန်ချစ်မြတ်အပ်ကုန်သော၊ ရွှေ,ငွေ သား,မယား-အစရှိကုန်သော ကာမဂုဏ်တို့သည် စွန့်လေကုန်အံ့သည်တကား၊ ငါသည်ကား ငါမူလည်း ထိုလွန်စွာ ချစ်ခင်လေးမြတ်ကုန်သော ရွှေ,ငွေ သား,မယား နွား,ကျွဲ,ဆင်,မြင်း-အစရှိကုန်သော ကာမဂုဏ် ၅-ပါးတို့ကို စွန့်ရအံ့သည်တကား"ဟု စိုးရိမ်ခြင်း, ပင်ပန်းခြင်း, ငိုကြွေးခြင်းသို့ ရောက်၏။ ရင်တီးလက်ခတ် မြည်တမ်းယောင်ယမ်းသည်ဖြစ်၍ အလွန်တွေဝေခြင်းသို့ ရောက်၏။

ဇာဏုသောဏိအမည်ရှိသော ပုဏ္ဏား၊ ကာမဂုဏ်ကို တွယ်တာခြင်း မကင်းသည်ဖြစ်၍ **တဏှာ, လောဘ, ဆန္ဒရာဂ** ပြင်းပြစွာ အားကြီးသော ဤသူသည် သေခါနီးကာလသို့ ရောက်သည်ရှိသော် ကြောက်ရ, ထိတ်လန့်ရသောအဖြစ်ကို ဟောတော်မူသည်။

(၂) ဇာဏုသောဏိအမည်ရှိသော ပုဏ္ဏား၊ ဤလူ့ပြည်၌ အချို့သောသူသည် အရိုးစု, အသားပုံ, အကြောစု-အစရှိသော စက်ဆုပ်ဖွယ်သော မိမိကိုယ်၌ တွယ်တာကပ်ငြိခြင်း မကင်းသည်ဖြစ်၍ ပြင်းပြစွာ တဏှာ,လောဘ, ရာဂတရားဖြင့် ချစ်မြတ်နိုးခြင်း ရှိ၏။ ထိုသူသည် တစ်စုံတစ်ခုသော ပြင်းပြစွာသော ရောဂါဝေဒနာဖြင့် နှိပ်စက်သည်ဖြစ်၍ သေခါနီးကာလသို့ ရောက်သည်ရှိသော် "ငါ့ကို အလွန်ချစ်ခင်လေးမြတ်အပ်သော ဤကိုယ်သည် စွန့်လတ္တံ့သည်တကား။ ငါသည်လည်း အလွန်ချစ်ခင်လေးမြတ်အပ်သော ဤကိုယ်ကို စွန့်ရလတ္တံ့သည်တကား"ဟု အရိုးစု, အသားစုတို့နှင့် ကွဲရအံ့သည်မှ ကြောက်သောကြောင့် စိုးရိမ်ပင်ပန်း ငိုမြည်တမ်းခြင်းသို့ ရောက်၏။ ရင်တီးလက်ခတ် မြည်တမ်းယောင်ယမ်းသည် ဖြစ်၍ အလွန်လျှင် တွေဝေခြင်းသို့ ရောက်၏။ ဇာဏုသောဏိအမည်ရှိသော ပုဏ္ဏား၊

ဤခန္ဓာကိုယ်၌ တပ်စွန်းခြင်း မကင်းသောသူသည်လည်း သေခါနီးကာလသို့ ရောက်သည်ရှိသော် ကြောက်ရ, ထိတ်လန့်ရ, ပူပန်ရသောအဖြစ်ကို ဟောတော်မူသည်။

(၃) ဇာဏုသောဏိအမည်ရှိသော ပုဏ္ဏား၊ ဤလောက၌ သီလမရှိသော ဒုဿီလဖြစ်သော အချို့သောသူသည် ဒါန, သီလ-အစရှိသော ကုသိုလ်ကောင်းမှုတို့ကို မပြု။ ကာယဒုစရိုက် ၃-ပါး, ဝစီဒုစရိုက် ၄-ပါး, မနောဒုစရိုက် ၃-ပါးဟု ဆိုအပ်သော ၁၀-ပါးသော ဒုစရိုက်မှစ၍ များစွာသော အကုသိုလ်တရားတို့ကို ကျူးလွန်ကျော်နင်း၍ ပြုလေ့,ကျင့်လေ့ရှိ၏။ ထိုသူသည် ပြင်းပြစွာသော ရောဂါဝေဒနာရောက်၍ သေခါနီးကာလသို့ ရောက်သည်ရှိသော် "ငါကား ကုသိုလ်ကောင်းမှုကို မပြုမိပါလေ၊ အကုသိုလ်ဒုစရိုက်တရားတို့ကို များစွာကျင့်မိ၏။ ထိုမကောင်းမှု အကုသိုလ်တရားတို့၏ ကြီးမားစွာသော, ကြမ်းကြုတ်ရက်ရောသော မကောင်းကျိုးကို ခံရအံ့သည်တကား"ဟု စိုးရိမ်ပင်ပန်း ငိုမြည်တမ်းခြင်းသို့ ရောက်၏။ ရင်တီးလက်ခတ် မြည်တမ်းယောင်ယမ်းသည်ဖြစ်၍ အလွန်လျှင် တွေဝေခြင်းသို့ ရောက်၏။ ဇာဏုသောဏိအမည်ရှိသော ပုဏ္ဏား၊ ဤသို့ သီလမရှိသော ဒုဿီလဖြစ်သောသူသည်လည်း သေခါနီးသော ကာလသို့ ရောက်သည်ရှိသော် အလွန်ကြောက်ရ, ထိတ်လန့်ရ, ပူပန်ရသောအဖြစ်ကို ဟောတော်မူသည်။

(၄) ဇာဏုသောဏိအမည်ရှိသော ပုဏ္ဏား၊ ဤလူ့ပြည်၌ အချို့သောသူသည် ဘုရားအစရှိသော သူတော်ကောင်းတို့၏ ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မ၌ ယုံမှား ၂-ခွ သံသယရှိသည်ဖြစ်၍ ယုံကြည်ခြင်း သဒ္ဓါတရားမှ ကင်း၏။ ကင်းသောကြောင့် ရတနာ ၃-ပါးဂုဏ်ကို မယုံကြည်နိုင်။ မယုံကြည်သောကြောင့် ရတနာ ၃-ပါးတို့အား ကြည်ညိုခြင်း ပသာဒမှ ကင်း၏။ ထိုသူသည် တစ်စုံတစ်ခုသော ရောဂါဝေဒနာ နှိပ်စက်သည်ဖြစ်၍ သေခါနီးကာလသို့ ရောက်သည်ရှိသော် "ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မ၌ ယုံမှား ၂-ခွ သံသယရှိသည်ဖြစ်၍ ဆုံးဖြတ်ပိုင်းခြားခြင်းသို့ မရောက်နိုင်။ မကြည်ညိုခြင်း အသဒ္ဓိယနှင့်သာ ပြည့်စုံ၏။ ၃-ပါးသော သဒ္ဓမ္မ၌ ယုံမှားခြင်း ကင်းသည်ဖြစ်၍ ဆုံးဖြတ်ပိုင်းခြားခြင်း, သက်ဝင်၍ ကြည်ညိုခြင်းကို ဖြစ်စေတတ်သော သဒ္ဓါတရား မရှိပါလေ"ဟု စိုးရိမ်ပင်ပန်း ငိုမြည်တမ်းခြင်းသို့ ရောက်၏။ ရင်တီးလက်ခတ် မြည်တမ်းယောင်ယမ်းသည်ဖြစ်၍ လွန်စွာ မိန်းမောတွေဝေခြင်းသို့ ရောက်၏။ ဇာဏုသောဏိအမည်ရှိသော ပုဏ္ဏား၊ ဤသဒ္ဓါတရား အချည်းနှီး မရှိသောသူသည်လည်း သေခါနီးသောကာလသို့ ရောက်သည်ရှိသော် သဒ္ဓါတရားကိုးကွယ်ရာကို မမြင်သောကြောင့် ကြောက်ခြင်း, ထိတ်လန့်ခြင်း, ပူပန်ခြင်းသို့ ရောက်ရသော အဖြစ်ကို ဟောတော်မူသည်။

## ၂။ သေခါနီးတွင် မကြောက်ရ, မပူပန်ရသောသူ ၄-ယောက်

သေခါနီးသောကာလသို့ ရောက်သည်ရှိသော် ကြောက်ခြင်း, ထိတ်လန့်ခြင်း, ပူပန်ခြင်းသို့ ရောက်ရသော ၄-ယောက်သောသူတို့ကို ဟောကြားတော်မူပြီး၍ သေခါနီးသောကာလသို့ ရောက်သည်ရှိသော် မကြောက်ရသောသူ ၄-ယောက်တို့ကို ဟောကြားတော်မူလိုသော ဘုရားသခင်သည်—

**ကတမော စ ဗြာဟ္မဏ မရဏဓမ္မော သမာနော န ဘာယတိ၊ န သန္တာသံ အာပဇ္ဇတိ မရဏဿ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

(၁) ထိုဒေသနာတော်မြတ်ပါဠ်ဝယ် အဓိပ္ပါယ်သော်ကား "ဇာဏုသောဏိအမည်ရှိသော ပုဏ္ဏား၊ အဘယ်မည်သော ပုဂ္ဂိုလ်သည်လျှင် သေခြင်းသဘောသည် ဖြစ်လတ်သည်ရှိသော် သေခါနီးကာလသို့ ရောက်၍ သေခြင်းဘေးမှ ကြောက်ခြင်း, ထိတ်လန့်ခြင်းသို့ မရောက်ရသနည်း။ ဇာဏုသောဏိအမည်ရှိသော ပုဏ္ဏား၊ ဤလူ့ပြည်၌ အချို့သောသူသည် ရွှေ,ငွေ,ဉစ္စာ လယ်ယာ,ကိုင်းကျွန်း သား,မယား နွား,ကျွဲ,ဆင်,မြင်း အဝတ်ပုဆိုး, ဘယက်တန်ဆာ-အစရှိသော သက်ရှိ,သက်မဲ့ဉစ္စာ-ဟု ဆိုအပ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ-ဟု ဆိုအပ်သော ကာမဂုဏ် ၅-ပါး တရားအစုတို့၌ တွယ်တာမက်မောခြင်း, တပ်စွန်းခြင်း ကင်း၏။

ထိုသူသည် တစ်စုံတစ်ခု ပြင်းပြစွာသော ရောဂါဝေဒနာဖြင့် နှိပ်စက်သည်ဖြစ်၍ သေခါနီးကာလသို့ ရောက်သည်ရှိသော် ဤသို့သော စိတ်အကြံသည် ဖြစ်၏။ "မသေမီကာလကပင် ချစ်ကြည်လေးမြတ်အပ်ကုန်သော ကာမဂုဏ်တရားတို့သည် ငါ့ကို စွန့်ကုန်လတ္တံ့။ ချစ်ကြည်လေးမြတ်အပ်ကုန်သော ကာမဂုဏ်တို့ကိုလည်း ငါသည် စွန့်ရလတ္တံ့"ဟု ဆင်ခြင်၍ နေ၏။ "ထိုသဘောတရားသည် ရောက်လာလေပြီ"ဟု စိုးရိမ်ပင်ပန်း ငိုမြည်တမ်းခြင်းကို မပြု၊ ရင်တီးလက်ခတ် ယောင်ယမ်းမြည်တမ်းခြင်းကို မပြု။ ပြင်းစွာ တွေဝေမိန်းမောခြင်းသို့လည်း မရောက်။ ဇာဏုသောဏိအမည်ရှိသောပုဏ္ဏား၊ ဤကာမဂုဏ် ၅-ပါး တရားအစုတို့၌ တွယ်တာမက်မောခြင်း ကင်းသောသူသည် သေခါနီးကာလသို့ ရောက်သည်ရှိသော် ကြောက်ခြင်း, ထိတ်လန့်ခြင်းသို့ မရောက်သောအဖြစ်ကို ဟောတော်မူသည်။

(၂) ဇာဏုသောဏိအမည်ရှိသောပုဏ္ဏား၊ ဤလောက၌ အချို့သောသူသည် အရိုးစု, အသားစု, အကြောစုဖြစ်သော မိမိကိုယ်၌ တွယ်တာမက်မောခြင်း ကင်း၏။ ထိုသူသည်

တစ်စုံတစ်ခုသော ရောဂါဝေဒနာဖြင့် နှိပ်စက်သည်ဖြစ်၍ သေခါနီးသောကာလသို့ ရောက်သည်ရှိသော် ဤသို့သော စိတ်အကြံသည် ဖြစ်၏။ "မသေမီ,မနာမီကပင်လျှင် အလွန်ချစ်နှစ်လိုအပ်သော ဤကိုယ်သည် ငါ့ကို စွန့်လတ္တံ့။ ငါသည်လည်း ဤချစ်နှစ်လိုအပ်သော ကိုယ်ကို စွန့်ရလတ္တံ့သည်တကား" ဟု ဆင်ခြင်၍နေ၏။ "ထိုသဘောတရားသည် ယခုဖြစ်လာလေပြီ" ဟု စိုးရိမ်ပင်ပန်း ငိုမြည်တမ်းခြင်းသည် မဖြစ်။ ရင်တီးလက်ခတ် ယောင်ယမ်းမြည်တမ်းခြင်းကို မပြု။ ပြင်းစွာသော တွေဝေမိန်းမောခြင်းသို့လည်း မရောက်။ ဇာဏုသောဏိ အမည်ရှိသော ပုဏ္ဏား၊ အရိုးစု, အသားစု-ဟု ဆိုအပ်သော ခန္ဓာကိုယ်၌ တွယ်တာခြင်း, မက်မောခြင်းကင်းသော ဤသူသည်လည်း သေခါနီးသော ကာလသို့ ရောက်သည်ရှိသော် ကြောက်ခြင်း, ထိတ်လန့်ခြင်းသို့ မရောက်သော အဖြစ်ကို ဟောတော်မူသည်။

(၃) ဇာဏုသောဏိအမည်ရှိသော ပုဏ္ဏား၊ ဤလူ့ပြည်၌ အချို့သောသူသည် အကုသိုလ်ဒုစရိုက်တရားတို့မှ ဝေးစွာ ကြဉ်ရှောင်၍—

| | | |
|---|---|---|
| ၅-ပါးသောသီလ, | ၁၀-ပါးသောသီလ, | ၈-ပါးသောသီလ, |
| အာဇီဝဋ္ဌမကသီလ, | ၁၀-ပါးသော သုစရိုက်သီလ, | |
| ၂၀-သော သုစရိုက်သီလ, | ၃၀-သော သုစရိုက်သီလ, | |
| ၄၀-သော သုစရိုက်သီလ, | သမထဘာဝနာ, | ဝိပဿနာဘာဝနာ- |

တရားတို့ကို အားထုတ်၍ ပွါးများဆောက်တည်လေ့ရှိ၏။ ထိုသူသည် တစ်စုံတစ်ခု ပြင်းပြစွာသော ရောဂါဝေဒနာဖြင့် နှိပ်စက်သည်ဖြစ်၍ သေခါနီးသောကာလသို့ ရောက်သည်ရှိသော် "ငါကား အနည်းငယ်သော အကုသိုလ်ဒုစရိုက်တရားကိုမျှ မပြုမိ၊ များစွာသော ကုသိုလ်သုစရိုက်တရားတို့ကိုသာလျှင် ပြုမိ,ကျင့်မိ၏။ ထိုကုသိုလ်သုစရိုက်တရားတို့သည် အပါယ် ၄-ပါး၌ဖြစ်သော ဆင်းရဲဒုက္ခအပေါင်းကို ဖုံးလွှမ်းတားမြစ်ပေလတ္တံ့။ နတ်ရွာသုဂတိဘဝ၌ ဖြစ်သော ချမ်းသာကို ပေးလတ္တံ့"ဟု နှလုံးပြု၍ စိုးရိမ်ပင်ပန်း ငိုမြည်တမ်းခြင်းကို မပြု။ ရင်တီးလက်ခတ် မြည်တမ်းယောင်ယမ်းခြင်းကို မပြု။ ပြင်းစွာ တွေဝေမိန်းမောခြင်းသို့လည်း မရောက်။ ဇာဏုသောဏိအမည်ရှိသော ပုဏ္ဏား၊ ဤသို့ သီလနှင့် ပြည့်စုံသောသူသည်လည်း သေခြင်းသဘောသည် ဖြစ်သည်ရှိသော် သေခါနီးသောကာလသို့ ရောက်၍ ကြောက်ခြင်း, ပူပန်ခြင်းသို့ မရောက်ရသောအဖြစ်ကို ဟောတော်မူသည်။

(၄) ဇာဏုသောဏိအမည်ရှိသော ပုဏ္ဏား၊ ဤလူ့ပြည်၌ အချို့သောသူသည် ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မ၌ ယုံမှားခြင်း ဝိစိကိစ္ဆာကင်းသည်ဖြစ်၍ ဆုံးဖြတ်ပိုင်း

ခြားခြင်းငှာ စွမ်းနိုင်သော သဒ္ဓါတရားနှင့် ပြည့်စုံ၏။ ထိုသူသည် တစ်စုံတစ်ခု ပြင်းပြစွာသော ရောဂါဝေဒနာဖြင့် နှိပ်စက်သည်ဖြစ်၍ သေခါနီးကာလသို့ ရောက်သည်ရှိသော် ဤသို့သော စိတ်အကြံသည် ဖြစ်၏။ "ငါသည် ၃-ပါးသော သဒ္ဓမ္မ၌ ယုံမှားခြင်း ဝိစိကိစ္ဆာမရှိ၊ ဆုံးဖြတ်ပိုင်းခြားခြင်းငှာ စွမ်းနိုင်သော သဒ္ဓါတရားနှင့် ပြည့်စုံ၏"ဟု စိုးရိမ်ပင်ပန်း ငိုမြည်တမ်းခြင်းကို မပြု။ ရင်တီးလက်ခတ် မြည်တမ်းယောင်ယမ်းခြင်းကိုလည်း မပြု။ ပြင်းစွာ တွေဝေမိန်းမောခြင်းသို့လည်း မရောက်။ ဇာဏုသောဏိအမည်ရှိသော ပုဏ္ဏား၊ ဤသဒ္ဓါတရားနှင့် ပြည့်စုံသောသူသည်လည်း သေခါနီးသောကာလသို့ ရောက်သည်ရှိသော် ကြောက်ခြင်း, ထိတ်လန့်ပူပန်ခြင်းသို့ မရောက်ရသောအဖြစ်ကို ဟောတော်မူသည်။

ဤသို့ ဟောတော်မူပြီး၍ အပြီးအဆုံး နိဂုံးအုပ် ချုပ်တော်မူလိုသော ဘုရားသခင်သည် "**ဣမေ ခေါ ဗြာဟ္မဏ စတ္တာရော မရဏဓမ္မာ သမာနာ ဘာယန္တိ န ဘာယန္တိ**"အစရှိသည်ဖြင့် "ဇာဏုသောဏိအမည်ရှိသော ပုဏ္ဏား၊ သေခါနီးသောကာလသို့ ရောက်သည်ရှိသော် ကြောက်ရသောသူလည်း ၄-ယောက်ရှိ၏။ မကြောက်ရသောသူလည်း ၄-ယောက်ရှိ၏"ဟု ဟောတော်မူသည်။

ဒေသနာတော်၏အဆုံး၌ ဇာဏုသောဏိအမည်ရှိသော ပုဏ္ဏားသည် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူပေသော အရှင်ဂေါတမ၊ အကျွန်ုပ်အားမူကား သေခါနီးသောကာလသို့ ရောက်သည်ရှိသော် အလုံးစုံသော သူခပ်သိမ်းပင် ကြောက်ရလေသည်ချည်း-ဟု အယူဝါဒရှိပေသည်။ အရှင်ဂေါတမမှာမူကား ကြောက်ရသောသူလည်း ရှိ၏၊ မကြောက်ရသောသူလည်း ရှိ၏-ဟု ၂-ထွေ ခွဲဝေ၍ ယူတော်မူပေသည်"ဟု အလွန်နှစ်သက်လှသည်ဖြစ်၍-

"**အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါတမ**"။ ဘော ဂေါတမ၊ အရှင်ဂေါတမ၊ အဘိက္ကန္တံ၊ အလွန်နှစ်လိုဖွယ်ရှိပေစွတကား။ ဘော ဂေါတမ၊ အရှင်ဂေါတမ။ အဘိက္ကန္တံ၊ အလွန်နှစ်လိုဖွယ်ရှိပေစွတကား။

"အရှင်ဂေါတမ ဟောတော်မူသောကြောင့် သိရပေသည် အရှင်ဂေါတမ။ အောက်သို့ မျက်နှာပြု၍ ထားအပ်သော အိုးကို အထက်သို့ မျက်နှာပြု၍ ထားဘိသကဲ့သို့လည်းကောင်း၊ မြက်,သစ်ရွက်-အစရှိသည်ကို ဖွင့်လှစ်၍ ပြဘိသကဲ့သို့လည်းကောင်း၊ ခရီးမှားသောသူအား ဤသည်ကား လမ်းခရီး-ဟု လက်ညှိုးညွှန်၍ ပြဘိသကဲ့သို့လည်းကောင်း၊ မှောင်မိုက်သောအခါ ဆီမီးတန်ဆောင်ကို ထွန်းညှိ၍ ပြဘိသကဲ့သို့လည်းကောင်း၊ မျက်စိအမြင်နှင့် ပြည့်စုံသောသူတို့သည် ကမ္ဗလာပေါ်၌ တင်၍ထားအပ်သော ပတ္တမြားစစ်ကို ထင်ထင်တပ်တပ် မြင်ကုန်ဘိသကဲ့သို့လည်းကောင်း သိရပေသည် အရှင်ဂေါတမ။

ထို့ကြောင့် အရှင်ဂေါတမကို ကိုးကွယ်ရာ-ဟူ၍ သိခြင်းသို့ ရောက်ပါ၏။ အရှင်ဂေါတမ ဟောတော်မူသော တရားတော်ကို ကိုးကွယ်ရာ-ဟူ၍ သိခြင်းသို့ ရောက်ပါ၏။ အရှင်ဂေါတမ တပည့်သံဃာတော်ကို ကိုးကွယ်ရာ-ဟူ၍ သိခြင်းသို့ ရောက်ပါ၏။ ယနေ့ကို အစပြု၍ အသက်ရှည်သရွေ့ ကာလပတ်လုံး ရတနာ ၃-ပါးကို ကိုးကွယ်ရာ-ဟူ၍ သိခြင်းသို့ ရောက်သော ဒါယကာ-ဟူ၍ မှတ်တော်မူပါ"ဟု သရဏဂုံကို ဆောက်တည်ခြင်းသို့ ရောက်လေ၏။

ထို့ကြောင့် သေခါနီးသောကာလသို့ ရောက်သည်ရှိသော် ကြောက်ရသော ၄-ယောက်သောသူအဖြစ်မှ ကင်းလွတ်၍ မကြောက်ရသော ၄-ယောက်သောသူ၏ အဖြစ်ကို ပြီးစေတတ်သော ကာမဂုဏ် ၅-ပါး၌ တပ်စွန်းခြင်း မရှိ၊ မိမိခန္ဓာကိုယ်အတ္တဘော၌ တွယ်တာကပ်ငြိခြင်း မရှိ၊ သုစရိုက်သီလ, သမထဘာဝနာ, ဝိပဿနာဘာဝနာတရားတို့ကို အားထုတ်ခြင်း၊ ၃-ပါးသော သဒ္ဓမ္မ၌ ယုံကြည်ခြင်း သဒ္ဓါတရား၊ ဤ ၄-ပါးသော အကြောင်းတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ကုန်ရာသည်။ ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်မြတ်သည် သုတ္တန်ဒေသနာတော်မြတ်ဖြစ်သည်။ (စတုက္ကအင်္ဂုတ္တိုရ် အဘယသုတ်၊နှာ-၄၉၃-၅။ဋ္ဌင်းအဋ္ဌကထာ)

★★★★★★★

## [ ၉ ] ဝေးခြင်း ၄-ပါးတရား

"စတ္တာရိ သစ္စာနိ ဗုဇ္ဈတီတိ ဗုဒ္ဓေါ။ ဗောဓေတာ ပဇာယာတိ ဝါ ဗုဒ္ဓေါ"။

ဟူသော ဝိဂြိုဟ်ဝစနတ် ပါဌ်လာသည်နှင့်လျော်ညီစွာ ကိုယ်တော်တိုင် သစ္စာ ၄-ပါးတရားတို့ကို သိတော်မူတတ်သော သတ္တိကြောင့် ဗုဒ္ဓ-ဟူသော ဂုဏ်တော်နာမ ဝိသေသအထူးနှင့် ပြည့်စုံတော်မူသော ဘုရားသခင်သည် တရံရောအခါ သာဝတ္ထိပြည်ကြီးကို ဆွမ်းခံ၍ အမှီပြု၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ ရဟန်းတို့ကို ခေါ်တော်မူ၍—

> စတ္တာရိမာနိ ဘိက္ခဝေ သုဝိဒူရဝိဒူရာနိ။ ကတမာနိ စတ္တာရိ? နဘဉ္စ ဘိက္ခဝေ ပထဝီ စ၊ ဣဒံ ပဌမံ သုဝိဒူရဝိဒူရံ။ ဩရိမဉ္စ ဘိက္ခဝေ တီရံ သမုဒ္ဒဿ ပါရိမဉ္စ၊ ဣဒံ ဒုတိယံ သုဝိဒူရဝိဒူရံ။ ယတော စ ခေါ ဘိက္ခဝေ ဝေရောစနော အဗ္ဘုဒေတိ ယတ္ထ စ ဝေတိ၊ ဣဒံ တတိယံ သုဝိဒူရဝိဒူရံ။ သတဉ္စ ဘိက္ခဝေ ဓမ္မော အသတဉ္စ ဓမ္မော၊ ဣဒံ စတုတ္ထံ သုဝိဒူရဝိဒူရံ။ ဣမာနိ ခေါ ဘိက္ခဝေ စတ္တာရိ သုဝိဒူရဝိဒူရာနိ။

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ သုဝိဒူရဝိဒူရာနိ၊ အလွန်ဝေးကုန်သော ဌာနတို့သည်။ ဣမာနိ စတ္တာရိ၊ ဤ ၄-ပါးတို့တည်း။ စတ္တာရိ ၄-ပါးတို့ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်း ဟူမူကား။

၁။ ဘိက္ခဝေ၊ ရဟန်းတို့။ နဘဉ္စ၊ ကောင်းကင်သည်လည်းကောင်း။ ပထဝီ စ၊ မြေသည်လည်းကောင်း။ ဣဒံ၊ ဤကောင်းကင်နှင့် မြေပြင် ၂-ရပ်သည်။ ပဌမံ၊ ရှေးဦးစွာသော။ သုဝိဒူရဝိဒူရံ၊ အလွန်ဝေးသော ဌာနမည်၏။

၂။ ဘိက္ခဝေ၊ ရဟန်းတို့။ သမုဒ္ဒဿ၊ သမုဒ္ဒရာကြီး၏။ ဩရိမတီရံ၊ ဤမှာဘက်ကမ်းသည်လည်းကောင်း။ ပါရိမတီရံ၊ ထိုမှာဘက်ကမ်းသည်လည်းကောင်း။ ဣဒံ၊ ဤ သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းနှင့် ထိုမှာဘက်ကမ်းသည်။ ဒုတိယံ၊ ၂-ခုမြောက်သော။ သုဝိဒူရဝိဒူရံ၊ အလွန်ဝေးသော ဌာနမည်၏။

၃။ ဘိက္ခဝေ၊ ရဟန်းတို့။ ယတော စ၊ အကြင် အရှေ့လောကဓာတ်ဌာနမှလည်း။ ပဘံ-ကရော၊ ၁,၀၀၀-သော ရောင်ခြည်ဖြင့် တောက်ပခြင်းကို ပြုတတ်သော။ ဝေရောစနော၊ နေမင်းသည်။ အဗ္ဘုဒေတိ၊ တက်ထွန်း၏။ ယတ္ထ စ၊ အကြင်အရပ်၌လည်း။ ဝေတိ၊ ဝင်၏။ ဣဒံ၊ ဤနေထွက်ရာအရပ်, နေဝင်ရာအရပ်သည်။ တတိယံ၊ ၃-ခုမြောက်သော။ သုဝိဒူရဝိဒူရံ၊ အလွန်ဝေးသော ဌာနမည်၏။

၄။ ဘိက္ခဝေ၊ ရဟန်းတို့။ သတဉ္စ ဓမ္မော၊ သူတော်ကောင်းတို့၏တရားသည်လည်းကောင်း။ အသတဉ္စ ဓမ္မော၊ သူတော်မဟုတ် သူယုတ်မာတို့၏ တရားသည်လည်းကောင်း။ ဣဒံ၊ ဤတရား ၂-ပါးသည်။ စတုတ္ထံ၊ ၄-ခုမြောက်သော။ သုဝိဒူရဝိဒူရံ၊ အလွန်ဝေးသော အရပ်ဌာနမည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သုဝိဒူရဝိဒူရာနိ၊ အလွန်ဝေးကုန်သော ဌာနတို့သည်။ ဣမာနိ စတ္တာရိ၊ ဤ ၄-ပါးတို့တည်း။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သားတို့ အလွန်ဝေးကုန်သောဌာနတို့သည် ၄-ပါးတို့တည်း။ ၄-ပါးတို့ဟူသည် အဘယ်သည်တို့နည်းဟူမူကား-

၁။ ကောင်းကင်, မြေပြင် ၂-ပါးတို့၏ တစ်ခုသောဌာနနှင့် တစ်ခုသောဌာန ဝေးခြင်းလည်း ၁-ပါး,

၂။ သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းနှင့် ထိုမှာဘက်ကမ်း၏ ဝေးခြင်းလည်း ၁-ပါး,

၃။ နေထွက်ရာအရပ်နှင့် နေဝင်ရာအရပ်၏ ဝေးခြင်းလည်း ၁-ပါး,

၄။ သူတော်ကောင်းတို့၏တရားနှင့် သူယုတ်မာတို့၏တရား ဝေးခြင်းလည်း ၁-ပါး၊ ဤသို့လျှင် အလွန်ဝေးကုန်သော ဌာနတို့သည် ၄-ပါးတို့တည်း။

ထို ၄-ပါးသော ဝေးခြင်းတို့တွင် ကောင်းကင်နှင့်မြေပြင် ဝေးသောထက်လည်းကောင်း, သမုဒ္ဒရာကမ်းတစ်ဘက်နှင့် သမုဒ္ဒရာကမ်းတစ်ဘက် ဝေးသောထက်လည်းကောင်း, နေထွက်ရာအရပ်နှင့် နေဝင်ရာအရပ် ဝေးသောထက်လည်းကောင်း ဆတက်ထောင်,ရာမက သူတော်ကောင်းတို့၏တရားနှင့် သူယုတ်မာတို့၏တရားသည် အလွန်ဝေးလှ၏။ သူတော်တရား, မသူတော်တရား ၂-ပါးတို့၏ ဝေးခြင်းကြောင့် သူတော်ကောင်းနှင့် သူယုတ်မာသည်လည်း အလွန်လျှင် ဝေး၏။ ထိုသူ ၂-ယောက်၏ လားရာဖြစ်သော ဘဝဂတိဌာနတို့သည်လည်း အလွန်လျှင် ဝေးကုန်၏။ ခံစားအပ်သော အကျိုးတို့သည်လည်း အလွန်လျှင် ဝေးကုန်၏။

သူတော်ကောင်းတို့၏တရားနှင့် သူယုတ်မာတို့၏တရားသည် ဝေးသည်-ဟူရာ၌ သူတော်ကောင်းတို့၏တရား-ဟူသည် အဘယ်နည်းဟူမူကား သူတော်ကောင်းတို့သည် သိအပ်,ရအပ်သော—

- သတိပဋ္ဌာန် ၄-ပါး, - သမ္မပ္ပဓာန် ၄-ပါး - ဣဒ္ဓိပါဒ် ၄-ပါး,
- ဣန္ဒြေ ၅-ပါး, - ဗိုလ် ၅-ပါး, - ဗောဇ္ဈင် ၇-ပါး,
- မဂ္ဂင် ၈-ပါး–တည်းဟူသော ၃၇-ပါးသော ဗောဓိပက္ခိယတရားသည် သူတော်ကောင်းတို့၏တရား မည်၏။

ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိ, အန္တဂ္ဂါဟိကမိစ္ဆာဒိဋ္ဌိ, ဉစ္ဆေဒဒိဋ္ဌိ,
အန္တာနန္တိကဒိဋ္ဌိ, အမရာဝိက္ခေပဒိဋ္ဌိ-

အစရှိသော ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိသည် သူယုတ်မာတို့၏တရား မည်၏။

တစ်နည်းလည်း ၁၀-ပါးသော သုစရိုက်, ၂၀-သော သုစရိုက်, ၃၀-သော သုစရိုက်, ၄၀-သော သုစရိုက်တရားအပေါင်းသည် သူတော်ကောင်းတို့၏တရား မည်၏။ ၁၀-ပါးသော ဒုစရိုက်, ၂၀-သော ဒုစရိုက်, ၃၀-သော ဒုစရိုက်, ၄၀-သော ဒုစရိုက်တရားအပေါင်းသည် သူယုတ်မာတို့၏တရား မည်၏။

တစ်နည်းလည်း နေက္ခမ္မဝိတက်, အဗျာပါဒဝိတက်, အဝိဟိံသာဝိတက်-ဟု ဆိုအပ်သော ၃-ပါးသော ကောင်းစွာကြံခြင်း သမ္မာဝိတက်သည် သူတော်ကောင်းတို့၏တရား

မည်၏။ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်-ဟု ဆိုအပ်သော မကောင်းသဖြင့် ကြံခြင်း မိစ္ဆာဝိတက် ၃-ပါးသည် သူယုတ်မာတို့၏တရား မည်၏။

တစ်နည်းလည်း ဒါန, သီလ, သမထဘာဝနာ, ဝိပဿနာဘာဝနာတရားတို့သည် သူတော်ကောင်းတို့၏တရား မည်ကုန်၏။ ဒါန, သီလ, သမထဘာဝနာ, ဝိပဿနာဘာဝနာတို့၌ မေ့လျော့သည်ဖြစ်၍ မပြည့်မချင်း ကာမဂုဏ်တို့၌ စိတ်လွှတ်၍ နေခြင်းသည် သူယုတ်မာတို့၏တရား မည်၏။

တစ်နည်းလည်း နည်းနည်း,များများ ယုတ်ယုတ်,မြတ်မြတ် ဖြစ်လေသမျှ ကုသိုလ်တရားအပေါင်းသည် သူတော်ကောင်းတို့၏တရား မည်၏။ နည်းနည်း,များများ အယုတ်အားဖြင့်ဖြစ်သော အကုသိုလ်-ဟူသမျှသည် သူယုတ်မာတို့၏တရား မည်၏။

ထိုသူတော်ကောင်းတို့၏တရားနှင့် သူယုတ်မာတို့၏တရားသည် ၃-ပါးသော ဝေးခြင်းတို့ထက် ဆတက်ထောင်,ရာမက အလွန်လျှင် ဝေးလှ၏။ တရားချင်း ဝေးသည်၏ အဖြစ်ကြောင့် သူယုတ်မာနှင့် သူတော်ကောင်းတို့သည်လည်း အလွန်လျှင် ဝေးလှ၏။

အဘယ်သို့ ဝေးသနည်းဟူမူကား ခွေးကောင်ပုပ်, မြွေကောင်ပုပ်, မစင်ပုပ်-ဟု ဆိုအပ်သော မစင်ကြယ်သော ဝတ္ထုနှင့် အမြစ်နံ့သာ, အနှစ်နံ့သာ, အကာနံ့သာ, အခေါက်နံ့သာ, အပွေးနံ့သာ, အပွင့်နံ့သာ, အသီးနံ့သာ, အရွက်နံ့သာ, ပင်စည်နံ့သာ, အစေးနံ့သာ-ဟု ဆိုအပ်သော စင်ကြယ်သော ဝတ္ထုသည်လည်းကောင်း၊ သုဓာဘုတ်ဘောဇဉ်နှင့် မစင်ပုပ်ဝတ္ထုသည်လည်းကောင်း သဘောလက္ခဏာအားဖြင့် တစ်ကြိမ်တဖန် တရံတဆစ် စိုးစဉ်းမျှ မနီးနှောသကဲ့သို့ ထို့အတူ သူတော်ကောင်းနှင့် သူယုတ်မာသည် တခုသောခန်းတိုက်တွင်း၌ ကျောချင်းယှဉ်၍ အတူပင်နေသော်လည်း မနီးနှောကြသည်ဖြစ်၍ အလွန်လျှင် ဝေးလှ၏။

သူယုတ်မာနှင့် သူယုတ်မာချင်းဖြစ်မူကား အတူတကွနေသည်ဖြစ်စေ, တိုင်းနိုင်ငံခြား၍ နေသည်ဖြစ်စေ, စကြဝဠာခြား၍ နေသည်ဖြစ်စေ, လူ့ဘုံ,နတ်ဘုံ-အစရှိသော ဘုံအားဖြင့် ခြား၍နေသည်ဖြစ်စေ ခွေးကောင်ပုပ်သည် ခွေးကောင်ပုပ်ချင်း, မြွေကောင်ပုပ်သည် မြွေကောင်ပုပ်ချင်း, လူကောင်ပုပ်သည် လူကောင်ပုပ်ချင်း, မစင်ပုပ်သည် မစင်ပုပ်ချင်း နှီးနှောသကဲ့သို့ သဘောတူသောအားဖြင့် နှီးနှောခြင်းသို့ ရောက်လေ၏။

သူတော်ကောင်းတစ်ယောက်သည်လည်း သူတော်ကောင်းတစ်ယောက်နှင့် အနီး၌ အတူတကွနေသည်ဖြစ်စေ, ဝေးသောအရပ်ဌာန၌ တိုင်းနိုင်ငံခြားသည် ဖြစ်စေ, စကြဝဠာခြားသည်ဖြစ်စေ, လူ့ဘုံ,နတ်ဘုံ, ဗြဟ္မာ့ဘုံ-ဟူသော ဘုံအားဖြင့် ခြားသည် ဖြစ်စေ နံ့သာသည် နံ့သာချင်း, သုဓာဘုတ်ဘောဇဉ်သည် သုဓာဘုတ်ဘောဇဉ်ချင်း, ဖျားသကာသည် ဖျားသကာ

ချင်း, ရွှေ,ငွေ-အစရှိသော ရတနာသည် ရွှေ,ငွေ-အစရှိသော ရတနာချင်း နှီးနှော၍ သဘောတူသကဲ့သို့ ထို့အတူ သဘောတူသောအားဖြင့် နှီးနှောခြင်းသို့ ရောက်လေ၏။

သူယုတ်မာနှင့် သူတော်ကောင်းသည် အသို့ ရောက်ရာဌာနအားဖြင့် မတူလေ သနည်းဟူမူကား သူယုတ်မာတို့၏ သဘောသည် အကုသိုလ် ဒုစရိုက်တရားကိုသာလျှင် များစွာ ကျူးလွန်ကျော်နင်း၍ ကျင့်ခြင်း, ပြုခြင်း-ဟူသော အကြောင်းကြောင့် သေသည်မှ အခြားမဲ့၌ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်၊ အပါယ် ၄-ဘုံသို့ လားရလေကုန်၏။ လူ့ပြည်သို့ပင် တစ်စုံတစ်ခု အနည်းငယ်သော ကုသိုလ်ကံ ထောက်ပင့်သောကြောင့် ရောက်လာပါငြားသော်လည်း အသက်တိုခြင်း, အဆင်းမလှခြင်း အနာရောဂါများခြင်း, ဥစ္စာနည်းခြင်း, အခြံအရံနည်းခြင်း, အမျိုးယုတ်ခြင်း, ပညာဉာဏ်ထိုင်းခြင်း, ရှုံ့သွပ်ခြင်း, အတွင်းရန်, အပရန် များခြင်း, ခွန်အားဗလနည်းပါးခြင်း, အသံဆိုးရွားခြင်း အစရှိသော မကောင်းသော များစွာသော အပြစ်တို့သည် ဖြစ်ကုန်၏။

သူတော်ကောင်းဖြစ်သော သူတို့မူကား သူတော်ကောင်းတို့၏တရားနှင့် ပြည့်စုံခြင်းကြောင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်-ဟူသော အရပ်သို့ ရောက်လေကုန်၏။ အကြင်မျှလောက်သော ကာလပတ်လုံး မဂ်ဉာဏ်,ဖိုလ်ဉာဏ်, နိဗ္ဗာန်သို့ မရောက်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး မွန်မြတ်သော လူ့ဘုံ,နတ်ဘုံ, ဗြဟ္မာ့ဘုံသို့ ရောက်လေကုန်၏။ ဤသို့လျှင် သူယုတ်မာနှင့် သူတော်ကောင်းသည် ရောက်ရာဌာနအားဖြင့် ဝေးလှစွာ၏။

အဘယ်သို့ အကျိုးအားဖြင့် ဝေးလေသနည်းဟူမူကား သူယုတ်မာတို့သည် မကောင်းမှုကို ပြုကျင့်ခြင်း-ဟူသော အကြောင်းကြောင့် အပါယ် ၄-ဘုံတို့၌ ဖြစ်ကုန်သည်ရှိသော် ကြီးမင်းထက်မြက်လှစွာသော ဒုက္ခဝေဒနာကို ခံရလေကုန်၏။ အဘယ်သို့ ခံရသနည်းဟူမူကား အပါယ် ၄-ဘုံတို့တွင် ငရဲဘုံ၌ဖြစ်သော ဒုက္ခဝေဒနာကို ခံရသည်ဖြစ်အံ့။ အချို့သော ငရဲသတ္တဝါတို့သည် များလှစွာသော ရှားမီးစု၏ အတွင်း၌ ရဲရဲညီးသော သံတုံးကဲ့သို့ ငရဲသူနှင့် ငရဲမီးလျှံသည် အခြားမရှိမူ၍ အလျှံထိန်ထိန်တောက်လျက် ခံရလေကုန်၏။

အချို့သော ငရဲသူသတ္တဝါတို့သည် အလျှံထိန်ထိန်တောက်သော သံမြေအပြင်၌ ပက်လက်အိပ်စေ၍ အလျှံထိန်ထိန်တောက်သော ထန်းလုံးပမာဏရှိသော သံမယ်နတို့ဖြင့် ခြေ ၂-ဖက်, လက် ၂-ဖက်, ရင်လယ်-ဟု ဆိုအပ်သော ၅-ပါးသော အရပ်ဌာနတို့၌ နှက်၍ အလျှံထိန်ထိန်တောက်သော ထန်းလုံးပမာဏရှိသော သံမြားချိတ်ဖြင့် ခံတွင်းကို ဆွဲငင်ဖွင့်လှစ်ပြီးသော် အလျှံထိန်ထိန်တောက်သော သံယောက်မ, သံယောက်ချိုတို့ဖြင့် အလျှံထိန်ထိန်တောက်သော သံတွေ့,သံရည်တို့ကို သွန်းလောင်းသည်ကို ခံရလေကုန်၏။ အချို့သော

ငရဲသူတို့သည် အလျှံထိန်ထိန်တောက်သော သံကြိုးဖြင့် ချည်နှောင်တုပ်ပိုး၍ အလျှံထိန်ထိန်တောက်သော သံမြေ၌ အိပ်စေပြီး၍ ကြီးမင်းထက်မြက်လှသော အိမ်မိုးတခြမ်းပဲ့အတိုင်းအရှည်ရှိသော အလျှံထိန်ထိန်တောက်သော ဓားမဖြင့် ၄-မြောင့်, ၈-မြောင့်, ၁၆-မြောင့် ရွေ၍ နှိပ်စက်ညှဉ်းဆဲသည်ကို ခံရလေကုန်၏။

အချို့သော ငရဲသူသတ္တဝါတို့သည် အလျှံထိန်ထိန်တောက်သော သံမြေပြင်၌ စိုက်ဆောက်အပ်သော အလျှံထိန်ထိန်တောက်သော သံတိုင်၌ အလျှံထိန်ထိန်တောက်သော သံကြိုးဖြင့် ချည်နှောင်တုပ်ပိုး၍ အလျှံထိန်ထိန်တောက်သော ကြီးမင်းထက်မြက်လှစွာသော ရဲတင်းပုဆိန်ဖြင့် ရင်ဝ၌ ခွဲသည်ကိုလည်းကောင်း, အလျှံထိန်ထိန်တောက်သော ကြီးမင်းထက်မြက်လှစွာသော ခက်ရင်း,လှံမဖြင့် ထိုးဆွသည်ကိုလည်းကောင်း ခံရလေကုန်၏။

အချို့သော ငရဲသူသတ္တဝါတို့သည် ဆင်ပမာဏရှိသော ခွေးအဟန် ဖန်ဆင်းသော နတ်ဘီလူးတို့သည် သံဖြင့်ပြီးသော ကြီးမင်းထက်မြက်လှစွာသော သွား, ကြီးမင်းထက်မြက်လှစွာသော အစွယ်တို့ဖြင့် အထူးထူးအပြားပြား ကိုက်ခဲသည်ကို ခံရလေကုန်၏။ အချို့သော ငရဲသူသတ္တဝါတို့သည် ဝန်တင်လှည်းပမာဏရှိသော ကျီး,လင်းတအဟန် ဖန်ဆင်းသော နတ်ဘီလူးတို့သည် ကြီးမင်းထက်မြက်လှစွာသော သံဖြင့်ပြီးသော နှုတ်သီးဖြင့် ထိုးခွပ်ဆိတ်ဆွသည်ကို ခံရလေကုန်၏။ ဤသို့ စသည်ဖြင့် ငရဲ၌ဖြစ်သော အထူးထူးအပြားပြား များလှစွာသော ဒုက္ခအကျိုးတို့ကို ခံရလေကုန်၏။

ပြိတ္တာဘုံ၌ဖြစ်သော ပြိတ္တာတို့သည်လည်း ဘုရား ၂-ဆူတို့၏ တစ်ခုသောအကြား၌ မြေကြီးအထု ၁-ယူဇနာတက်သည်တိုင်အောင် ထမင်း ၁-လုတ်, ရေ ၁-ပေါက်မျှ မသောက်မစားရ၊ ကြီးမင်းလှစွာသော ဆာလောင်မွတ်သိပ်ခြင်းတည်းဟူသော ဒုက္ခကို ခံရကုန်၏။ ဤသို့ အစရှိသည်ဖြင့် ပြိတ္တာဘုံ၌ဖြစ်ကုန်သော ပြိတ္တာတို့သည် အထူးထူးအပြားပြား များစွာမရေတွက်နိုင်ကုန်သော ဒုက္ခ-ဟူသော အကျိုးတို့ကို ခံရလေကုန်၏။ မသူတော်တို့၏ တရားကြောင့် အပါယ်ဘုံ၌ ဖြစ်၍ အပါယ်ဒုက္ခကို ခံရသောသူ-ဟူ၍ ဆို၏။

၆၂-ပါးသော မိစ္ဆာဒိဋ္ဌိ-ဟူသော သူယုတ်မာတို့၏တရားကြောင့် အဘယ်သူတို့သည် အပါယ်ဘုံ၌ဖြစ်သော ဒုက္ခကို ခံရလေကုန်သနည်းဟူမူကား ပူရဏကဿပ, အဇိတ-ကေသကမ္ဗလ, နိဂဏ္ဌနာဋပုတ္တ-အစရှိသော ၆-ယောက်သော ဆသတ္ထာရ မိစ္ဆာဒိဋ္ဌိအမှူးရှိကုန်သော ၆၀,၀၀၀-မက များလှစွာကုန်သော မိစ္ဆာဒိဋ္ဌိတို့သည် မိစ္ဆာဒိဋ္ဌိ-ဟူသော အသဒ္ဓမ္မကြောင့် ငရဲဘုံ၌ဖြစ်သော ကြီးလှစွာသော ဒုက္ခကို ခံရလေကုန်၏။ **အရှင်ဒေဝဒတ်သည်** လောဟိတုပ္ပါဒကကံ, သံဃဘေဒကကံ, ပါပိစ္ဆကဣစ္ဆာပကတ-အစရှိသော အသဒ္ဓမ္မကြောင့်

မဟာအဝီစိငရဲ၌ ခံရလေကုန်၏။ **အဇာတသတ်မင်းသည် ပိတုဃာတက-ဟူသော အသဒ္ဓမ္မ** ကြောင့် လောဟကုမ္ဘိငရဲကြီး၌ ခံရလေကုန်၏။ **စုန္ဒဝက်ထိုးသမား-အစရှိသောသူတို့သည်** ဒုစရိုက်ကမ္မပထ-ဟူသော အသဒ္ဓမ္မကြောင့် အဝီစိငရဲ-အစရှိသည်တို့၌ ခံရလေကုန်၏။

ဤသို့လျှင် သူယုတ်မာတို့သည် သူတော်ကောင်းတို့နှင့် အကျိုးအားဖြင့် ဝေးကြလေကုန်၏။ ဘုရား-အစရှိသော သူတော်ကောင်းတို့သည် လောကုတ္တရာနှင့်ယှဉ်သော **သဒ္ဓမ္မ** ကြောင့် နိဗ္ဗာန်-ဟူသော အရပ်ဌာနသို့ ရောက်လေကုန်၏။

သုစရိုက်-ဟူသော သဒ္ဓမ္မ, ဒါန, သီလ, သမထ,ဝိပဿနာဘာဝနာ-ဟူသော သဒ္ဓမ္မ ကြောင့် လူ့ဘုံ,နတ်ဘုံ, ဗြဟ္မာ့ဘုံ-ဟူသော အရပ်ဌာနသို့ ရောက်လေကုန်၏။ ထိုသို့ ရောက်ကြကုန်သော သူတော်ကောင်းတို့တွင် ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ, အရိယာသခင်တို့သည် ပစ္စဝေက္ခဏာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို အာရုံပြု၍ ဖလသမာပတ်ချမ်းသာဖြင့် လွန်စွာသော ချမ်းသာကို ခံစားရလေကုန်၏။ အရိယာပုဂ္ဂိုလ်တို့မှ ကြွင်းကုန်သော, အရိယာတို့၏ စကားကို နားထောင်၍ ကျင့်လေ့ရှိကုန်သော သူတော်ကောင်းတို့သည် အကြွင်မဲ့ လောက်သော ကာလပတ်လုံး နိဗ္ဗာန်အရပ်သို့ မရောက်သေး၊ ထိုမျှလောက်သော ကာလ ပတ်လုံး လူ့ဘုံ၌ လူတို့သည် နှစ်သက်မြတ်နိုးအပ်သော သူဌေး, သူကြွယ်, ပဒေသရာဇ်, ဧကရာဇ်မင်း, စကြာမင်းတို့၏ ချမ်းသာ-ဟု ဆိုအပ်သော အကျိုးကို ရလေကုန်၏။

နတ်ဘုံ၌ နတ်တို့သည် နှစ်သက်မြတ်နိုးအပ်သော သိကြား, သုယာမ-အစရှိသော နတ်တို့၏ချမ်းသာ-ဟု ဆိုအပ်သော အကျိုးကို ရလေကုန်၏။ ဗြဟ္မာ့ဘုံ၌ ဗြဟ္မာတို့၏ ချမ်းသာ-ဟု ဆိုအပ်သော အကျိုးကို ရလေကုန်၏။ ထိုအဆုံးစွန်သော ကိုယ်၏အဖြစ်၌ မဂ်,ဖိုလ်,နိဗ္ဗာန်ချမ်းသာ-ဟု ဆိုအပ်သော အလွန်မွန်မြတ်သော အကျိုးကို ရလေကုန်၏။ ဤသို့လျှင် သူတော်ကောင်းတို့သည် သူယုတ်မာတို့နှင့် အကျိုးအားဖြင့် မဆက်ဆံသည်ဖြစ်၍ အလွန်ဝေးကုန်၏။

ထို့ကြောင့် သူတော်ကောင်းတို့သည် ရအပ်သော လောကီအကျိုး, လောကုတ္တရာ မဂ်,ဖိုလ်,နိဗ္ဗာန်-ဟူသော အကျိုးထူးကို အလိုရှိကြကုန်သည် ဖြစ်အံ့။ သူတော်ကောင်းတို့ သည် ဖြည့်ကျင့်ဆည်းပူးအပ်ကုန်သော သုစရိတသဒ္ဓမ္မ, ဒါန, သီလ, သမထ, ဝိပဿနာ ဘာဝနာတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ကုန်ရာသည်။ ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်ဖြစ်သည်။ (စတုက္ကအင်္ဂုတ္တိုရ်။ သုဝိဒူရသုတ်၊၃၅၉။ သမ္မောဟဝိနောဒနီ။ အသီတိနိပါတ်။ မဟာသုတသောမဇာတ်။)

★★★★★★★

## [ ၁၀ ] ပဏ္ဍောပမဒေသနာတရား

**ဒီပင်္ကရပါဒမူလတော ပဘုတိ ယာဝ မဟာဗောဓိမဏ္ဍာ သဿတဥ္စ ဥစ္ဆေဒဥ္စ အနုပဂမ္မ တထာ အာဂတ္တတီတိ တထာဂတော။**

ယော ဘဂဝါ၊ အကြင် မြတ်စွာဘုရားသည်။ ဒီပင်္ကရပါဒမူလတော၊ ဒီပင်္ကရာ မြတ်စွာဘုရား၏ ခြေတော်ရင်းမှ။ ပဘုတိ၊ စ၍။ ယာဝ မဟာဗောဓိမဏ္ဍာ၊ မဟာဗောဓိ-မဏ္ဍိုင်တိုင်အောင်။ သဿတဥ္စ၊ သဿတဒိဋ္ဌိသို့လည်းကောင်း။ ဥစ္ဆေဒဥ္စ၊ ဥစ္ဆေဒဒိဋ္ဌိသို့လည်းကောင်း။ အနုပဂမ္မ၊ မကပ်မူ၍။ တထာ၊ ထိုရှေးဘုရားတို့နှင့်အတူ။ အာဂတ္တတိ၊ လာတော်မူတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ တထာဂတော၊ တထာဂတ မည်တော်မူ၏။

ဤသို့လျှင် ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်းမှ စ၍ နိယတဗျာဒိတ်ကို ခံတော်မူပြီးသည်ရှိသော် မဟာဗောဓိမဏ္ဍိုင်တိုင်အောင် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ-ဟူသော အယုတ်တရား ၂-ပါးတို့သို့ မလားမကပ်မူ၍ မဇ္ဈိမပဋိပတ် အကျင့်မြတ်ဖြင့် ရှေးဘုရားတို့နှင့် အတူ လာတော်မူတတ်သော သတ္တိကြောင့် တထာဂတ-ဟူသော ဂုဏ်တော်နာမ ဝိသေသ အထူးနှင့် ပြည့်စုံတော်မူသော ဘုရားသခင်သည် ဟောကြားတော်မူအပ်သော ဒေသနာ တော်သည် သုတ္တန်, ဝိနည်း, အဘိဓမ္မာ-ဟူ၍ ၃-ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင် သုတ္တန် နည်းအားဖြင့် ဟောကြားတော်မူလိုသည်ဖြစ်၍ —

**သေယျထာပိ တိဿ ဒွေ ပုရိသာ ဧကော ပုရိသော အမဂ္ဂကုသလော ဧကော ပုရိသော မဂ္ဂကုသလော၊ တမေနံ သော အမဂ္ဂကုသလော ပုရိသော အမုံ မဂ္ဂကုသလံ ပုရိသံ မဂ္ဂံ ပုစ္ဆေယျ။ သော ဧဝံ ဝဒေယျ "ဧဟိ ဘော ပုရိသ အယံ မဂ္ဂေါ၊ တေန မုဟုတ္တံ ဂစ္ဆ၊ တေန မုဟုတ္တံ ဂန္တွာ ဒက္ခိဿသိ ဒွေဓာပထံ။ တတ္ထ ဝါမံ မုဉ္စိတွာ ဒက္ခိဏံ ဂဏှာဟိ၊ တေန မုဟုတ္တံ ဂစ္ဆ၊ တေန မုဟုတ္တံ ဂန္တွာ ဒက္ခိဿသိ တိဗ္ဗံ ဝနသဏ္ဍံ၊ တေန မုဟုတ္တံ ဂစ္ဆ၊ တေန မုဟုတ္တံ ဂန္တွာ ဒက္ခိဿသိ မဟန္တံ နိန္နံ ပလ္လလံ၊ တေန မုဟုတ္တံ ဂစ္ဆ၊ တေန မုဟုတ္တံ ဂန္တွာ ဒက္ခိဿသိ သောဗ္ဘံ ပပါတံ၊ တေန မုဟုတ္တံ ဂစ္ဆ၊ တေန မုဟုတ္တံ ဂန္တွာ ဒက္ခိဿသိ သမံ ဘူမိဘာဂံ ရမဏီယ"န္တိ။ ဥပမာ ခေါ မျာယံ တိဿ ကတာ အတ္ထဿ ဝိညာပနာယ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

တိဿ၊ တိဿ။ သေယျထာပိ၊ ဥပမာသည်ကား။ ဒွေ ပုရိသာ၊ ၂-ယောက်သော ယောက်ျားတို့သည်။ သန္တိ၊ ရှိကုန်၏။ ဧကော ပုရိသော၊ ယောက်ျားတစ်ယောက်သည်။

အမဂ္ဂကုသလော၊ ခရီး၌ မလိမ္မာ။ ဧကော ပုရိသော၊ ယောက်ျားတစ်ယောက်သည်။ မဂ္ဂကုသလော၊ ခရီး၌ လိမ္မာ၏။ သော အမဂ္ဂကုသလော ပုရိသော၊ ထိုခရီး၌ မလိမ္မာသော ယောက်ျားသည်။ အမုံ၊ ဤအမည်ရှိသော။ မဂ္ဂကုသလံ၊ ခရီး၌ လိမ္မာသော။ တမေနံ ပုရိသံ၊ ထိုယောက်ျားကို။ မဂ္ဂံ၊ ခရီးကို။ ပုစ္ဆေယျ၊ မေးရာ၏။ သော၊ ထိုခရီး၌ လိမ္မာသောသူသည်။ ဧဝံ၊ ဤသို့။ ဝဒေယျ၊ ဆိုရာ၏။

"ဧဟော ပုရိသ၊ အိုယောက်ျား။ ဧဟိ၊ လာလှည့်။ အယံ၊ ဤသည်ကား။ မဂ္ဂေါ၊ သွားရာဖြစ်သော ခရီးတည်း။ တေန၊ ထိုခရီးဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂစ္ဆ၊ သွားလေလော့။ တေန၊ ထိုခရီးဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂန္တွာ၊ သွား၍။ ဒွေဓာပထံ၊ ၂-ကြောင်းသောခရီးကို။ ဒက္ခိဿသိ၊ မြင်ရလတ္တံ့။ တတ္ထ၊ ထို ၂-ကြောင်းသော ခရီးတို့တွင်။ ဝါမံ၊ လက်ဝဲခရီးကို။ မုဉ္စိတွာ၊ လွှတ်၍။ ဒက္ခိဏံ၊ လက်ယာခရီးကို။ ဂဏှာဟိ၊ ယူလေလော့။ တေန၊ ထိုလက်ယာခရီးဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂစ္ဆ၊ သွားလေလော့။ တေန၊ ထိုလက်ယာခရီးဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂန္တွာ၊ သွား၍။ တိဗ္ဗံ ဝနသဏ္ဍံ၊ အလွန်ကြောက်မက်ဖွယ်ရှိသည်ဖြစ်၍ နက်လှစွာသော တောအုပ်ကြီးကို။ ဒက္ခိဿသိ၊ မြင်ရလတ္တံ့။ တေန၊ ထိုတောအုပ်ဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂစ္ဆ၊ သွားလေလော့။ တေန၊ ထိုခရီးဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂန္တွာ၊ သွားသည်ရှိသော်။ မဟန္တံ၊ အပြောကျယ်သော။ နိန္နံ ပလ္လလံ၊ နက်လှစွာသော ညွှန်ပျောင်းကို။ ဒက္ခိဿသိ၊ မြင်ရလတ္တံ့။ တေန၊ ထိုခရီးဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂစ္ဆ၊ သွားလေလော့။ တေန၊ ထိုခရီးဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂန္တွာ၊ သွား၍။ သောဗ္ဘံ ပပါတံ၊ နက်လှစွာသော ချောက်ကမ်းပါးပြတ်ကို။ ဒက္ခိဿသိ၊ မြင်ရလတ္တံ့။ တေန၊ ထိုခရီးဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂစ္ဆ၊ သွားလေလော့။ တေန၊ ထိုခရီးဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂန္တွာ၊ သွား၍။ သမံ၊ ညီညွတ်သော။ ရမဏီယံ၊ နှလုံးမွေ့လျော်ဖွယ်ရှိသော။ ဘူမိဘာဂံ၊ မြေအဖို့ကို။ ဒက္ခိဿသိ၊ မြင်ရလတ္တံ့။"

တိဿ၊ တိဿ။ အတ္ထဿ၊ အနက်ကို။ ဝိညာပနာယ၊ သိစိမ့်သောငှာ။ အယံ ဥပမာ၊ ဤဥပမာကို။ မေ မယာ၊ ငါသည်။ ကတာ၊ ပြုအပ်ပြီ။ ဣဒံ၊ ဤဆိုလတ္တံ့သည်ကား။ ဧတ္ထ၊ ဤဥပမာစကား၌။ အတ္ထော၊ ဥပမေယျဖြစ်သော အနက်တည်း။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "တိဿအမည်ရှိသော ရဟန်း၊ ဥပမာမည်သည်ကား ခရီး၌ မလိမ္မာသော ယောက်ျားလည်း ၁-ယောက်, ခရီး၌ လိမ္မာသော ယောက်ျားလည်း ၁-ယောက်၊ ၂-ယောက်သော ယောက်ျားတို့သည် ရှိကုန်၏။ ထို ၂-ယောက်သော ယောက်ျားတို့တွင် ခရီး၌ မလိမ္မာသောယောက်ျားသည် ခရီး၌ လိမ္မာသော ယောက်ျားအား ခရီးကို မေးလေရာ၏။ မေးသည်ရှိသော်—

"အချင်းယောက်ျား၊ ဤသည်ကား ခရီးတည်း။ ထိုခရီးဖြင့် အတန်ငယ် သွားလေလော့။ သွားသည်ရှိသော် ခရီး ၂-ကြောင်းကို မြင်လတ္တံ့။ ထိုခရီး ၂-ကြောင်းတို့တွင် လက်ဝဲခရီးကို လွှတ်၍ လယ်ယာခရီးကို ယူ၍ တခဏ အတန်ငယ် သွားရာ၏။ သွားသည်ရှိသော် အလွန်ကြောက်မက်ဖွယ်ရှိသည်ဖြစ်၍ နက်လှစွာသော တောအုပ်ကို တွေ့မြင်ရာ၏။ ထိုတောအုပ်ကို လွန်၍ တခဏ အတန်ငယ်သွားသည်ရှိသော် အပြောကျယ်သည်ဖြစ်၍ အလွန်နက်လှစွာသော ကြီးမင်းလှစွာသော ညွန်ပျောင်းကို တွေ့ရာ၏။ ထိုညွန်ပျောင်းကို လွန်၍ တခဏအတန်ငယ် သွားသည်ရှိသော် အပြောကျယ်သည်ဖြစ်၍ နက်လှစွာသော ကြောက်မက်ဖွယ်ရှိသော ချောက်ကမ်းပါးပြတ်ကို တွေ့မြင်ရာ၏။ ထိုချောက်ကမ်းပါးပြတ်ကို လွန်၍ အတန်ငယ်သွားသည်ရှိသော် ညီညွတ်သော အလွန်နှလုံးမွေ့လျော်ဖွယ်ရှိသော မြေအဖို့ကို တွေ့မြင်လေရာ၏။"

တိဿအမည်ရှိသော ရဟန်း၊ ဥပမေယျအနက်ကို သိစိမ့်သောငှာ ဥပမာကို ငါဘုရားသည် ပြုတော်မူအပ်ပြီ။ ဤဆိုလတ္တံ့သည်ကား ဤဥပမာစကား၌ ဥပမေယျဖြစ်သော အနက်တည်း။ ဤဆိုလတ္တံ့သည်ကား ဥပမေယျဖြစ်သော အနက်-ဟူ၍ ဆို၏။

ထိုဥပမေယျအနက်ကို အဘယ်သို့ သိအပ်သနည်းဟူမူကား—

**"ပုရိသော အမဂ္ဂကုသလော"တိ ခေါ တိဿ ပုထုဇ္ဇနဿေ'တံ အဓိဝစနံ။**

ဟူသော ဒေသနာတော်မြတ်နှင့်အညီ **ခရီး၌ မလိမ္မာသော ယောက်ျား**-ဟူသော အမည်သည် **ပုထုဇဉ်အပေါင်း၏ အမည်တည်း။** ထိုပုထုဇဉ်တို့သည် ငရဲဘုံသို့ သွားကြောင်းဖြစ်သော ခရီး၌ မလိမ္မာကုန်၊ တိရစ္ဆာန်ဘုံသို့ သွားကြောင်းဖြစ်သော ခရီး၌ မလိမ္မာကုန်၊ ပြိတ္တာဘုံသို့ သွားကြောင်းဖြစ်သော ခရီး၌ မလိမ္မာကုန်၊ အသုရကာယ်ဘုံသို့ သွားကြောင်းဖြစ်သော ခရီး၌ မလိမ္မာကုန်၊ လူ့ဘုံသို့ သွားကြောင်းဖြစ်သော ခရီး၌ မလိမ္မာကုန်၊ နတ်ဘုံသို့ သွားကြောင်းဖြစ်သော ခရီး၌ မလိမ္မာကုန်၊ ဗြဟ္မာ့ဘုံသို့ သွားကြောင်းဖြစ်သော ခရီး၌ မလိမ္မာကုန်၊ နိဗ္ဗာန်သို့ သွားကြောင်းဖြစ်သော ခရီး၌ မလိမ္မာကုန်သောကြောင့် လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံ, နိဗ္ဗာန်အရပ်သို့ သွားကြောင်းဖြစ်သော ခရီးကို ပယ်လှဲ၍ အပါယ်ငရဲသို့ ရောက်စေတတ်သော ပါဏာတိပါတ်, အဒိန္နာဒါန်-အစရှိသော ဒုစရိုက်ခရီးသို့လည်းကောင်း၊ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ-အစရှိသော မိစ္ဆာမဂ္ဂင်တည်းဟူသော အပါယ်ခရီးသို့လည်းကောင်း လိုက်လေကုန်၏။ လိုက်ခြင်း-ဟူသော အကြောင်းကြောင့် အပါယ် ၄-ဘုံသို့ ရောက်ကြလေကုန်၏။ ထို့ကြောင့် ခရီး၌ မလိမ္မာသော ယောက်ျား၏ အမည်သည် ပုထုဇဉ်တို့၏ အမည်သာတည်းဟု ဟောတော်မူသည်။

**"ပုရိသော မဂ္ဂကုသလော"တိ ခေါ တိဿ တထာဂတဿေ'တံ အဓိဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ဟူသော ဒေသနာတော်နှင့်အညီ **ခရီး၌ လိမ္မာသောယောက်ျား**-ဟူသော အမည်သည် **ဘုရားသခင်၏ အမည်သာတည်း**။ အဘယ်ကြောင့်နည်းဟူမူကား ဘုရားသခင်သည် အပါယ်ဘုံသို့ ရောက်ကြောင်းဖြစ်သော ခရီး၌ လိမ္မာတော်မူ၏။ လူ့ဘုံ,နတ်ဘုံ, ဗြဟ္မာ့ဘုံသို့ ရောက်ကြောင်းဖြစ်သော ခရီး၌ လိမ္မာတော်မူ၏။ နိဗ္ဗာန်သို့ သွားကြောင်းဖြစ်သော ခရီး၌ လိမ္မာတော်မူ၏။ ထိုသို့ လိမ္မာတော်မူသောကြောင့် အပါယ် ၄-ပါး ဝဋ်ဆင်းရဲသို့ လားကြောင်းဖြစ်သော ခရီးကို ပယ်၍ နိဗ္ဗာန်သို့ သွားကြောင်းဖြစ်သော ခရီးသို့ အဂ်ါ ၄-ပါးနှင့် ပြည့်စုံသော ဝီရိယဖြင့် တစိုက်စိုက် လိုက်တော်မူခြင်းကြောင့် နိဗ္ဗာန်အရပ်သို့ ရောက်တော်မူ၏။ ထို့ကြောင့် ခရီး၌ လိမ္မာသောယောက်ျား-ဟူသော အမည်သည် ငါဘုရား၏ အမည်သာတည်း-ဟု ဟောတော်မူသည်။

**"ဒွေဓာပထော"တိ ခေါ တိဿ ဝိစိကိစ္ဆာယေ'တံ အဓိဝစနံ။**

ဟူသော ဒေသနာတော်နှင့်အညီ **ခရီး ၂-ကြောင်း**-ဟူသော အမည်သည် **ဝိစိကိစ္ဆာ၏ အမည်သာတည်း**။ အဘယ်ကြောင့် ဝိစိကိစ္ဆာသည် ခရီး ၂-ကြောင်း မည်လေသနည်းဟူမူကား ဝိစိကိစ္ဆာရှိသောသူသည် အသပြာထောင်ထုပ်ကို ပိုက်၍ ခရီးခဲကို သွားသောသူအား ၂-ကြောင်းသောခရီးကို တွေ့၍ "ဤခရီးသည် မဖောက်မပြန် ဟုတ်မှန်သောခရီး ဖြစ်ပါလေ၏လော။ ဤခရီးသည် မဟုတ်မမှန် ဖောက်ပြန်ချွတ်ယွင်းသည်ဖြစ်၍ ဘေးရှိသောခရီး ဖြစ်လေသလော"ဟု သွားသည်နှင့် ပြန်သည်ကား အပြန်များ၍ အသွားနည်းပါးသောကြောင့် ဘေးငြိမ်းရာ လိုရာအရပ်သို့ မရောက်နိုင်သကဲ့သို့ ဝိစိကိစ္ဆာများသောသူသည်လည်း ဘုရားဟုတ်ပါလေ၏လော၊ မဟုတ်လော။ တရားဟုတ်ပါလေ၏လော၊ မဟုတ်လော။ သံဃာဟုတ်ပါလေ၏လော၊ မဟုတ်လော။ ငါကျင့်အပ်သော သီလသိက္ခာသည် ကောင်းသော အကျိုးရှိပါလေ၏လော၊ မရှိလော။ ဤသို့ အစရှိသည်ဖြင့် ၈-ပါးသော အရာဌာန, ၁၆-ပါးသော အရာဌာနတို့၌ ယုံမှားခြင်း များသည်ဖြစ်၍ နိဗ္ဗာန်အရပ်သို့ သွားသည်နှင့် ပြန်သည်ကား အပြန်များ၍ အသွားနည်းပါးသောကြောင့် မရောက်နိုင်အောင် ရှိလေသည်။ ထို့ကြောင့် ခရီး ၂-ကြောင်း-ဟူသော အမည်သည် ဝိစိကိစ္ဆာ၏ အမည်သာတည်း-ဟု ဟောတော်မူသည်။

**"ဝါမော မဂ္ဂေါ"တိ ခေါ တိဿ အဋ္ဌင်္ဂိကဿေ'တံ မိစ္ဆာမဂ္ဂဿ အဓိဝစနံ။ သေယျထိဒံ မိစ္ဆာဒိဋ္ဌိယာ ။ပ။ မိစ္ဆာသမာဓိဿ။**

ဟူသော ဒေသနာတော်နှင့်အညီ လက်ဝဲခရီး-ဟူသော အမည်သည် အပါယ်ဝဋ်ဆင်းရဲသို့ လားကြောင်းဖြစ်သော မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မိစ္ဆာ-ဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိတည်းဟူသော **မိစ္ဆာမဂ္ဂင်တရား ၈-ပါး၏ အမည်သာ** တည်း။ အဘယ်ကြောင့်နည်းဟူမူကား မိစ္ဆာမဂ္ဂင်တရား ၈-ပါးသည် မဂ်,ဖိုလ်,နိဗ္ဗာန်ခရီးမှ ပယ်လွဲ၍ အပါယ်ငရဲသို့ ရောက်စေတတ်သောကြောင့်တည်း။ ထို့ကြောင့် လက်ဝဲခရီး-ဟူသော အမည်သည် မိစ္ဆာမဂ္ဂင်တရား ၈-ပါး၏ အမည်သာတည်း-ဟု ဟောတော်မူသည်။

**"ဒက္ခိဏော မဂ္ဂေါ"တိ ခေါ တိဿ အရိယဿေ'တံ အဋ္ဌင်္ဂိကဿ မဂ္ဂဿ အဓိဝစနံ။ သေယျထိဒံ သမ္မာဒိဋ္ဌိယာ ။ပ။ သမ္မာသမာဓိဿ။**

ဟူသော ဒေသနာတော်နှင့်အညီ **လက်ယာခရီး**-ဟူသောအမည်သည် သမ္မာဒိဋ္ဌိ, သမ္မာ-သင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ-ဟု ဆိုအပ်သော **မဂ္ဂင်တရား ၈-ပါး၏ အမည်သာ**တည်း။ အဘယ်ကြောင့်နည်းဟူမူကား မဂ္ဂင်တရား ၈-ပါးနှင့် ပြည့်စုံသောသူသည် နိဗ္ဗာန်အရပ်သို့ ရောက်၍ အပါယ်ဘေး, ဝဋ္ဋဆင်းရဲဘေးမှ ကင်းသောကြောင့်တည်း။ ထို့ကြောင့် လက်ယာခရီး-ဟူသော အမည်သည် မဂ္ဂင်တရား ၈-ပါး၏ အမည်သာတည်း-ဟု ဟောတော်မူသည်။

**"တိဗ္ဗော ဝနသဏ္ဍော"တိ ခေါ တိဿ အဝိဇ္ဇာယေ'တံ အဓိဝစနံ။**

ဟူသော ဒေသနာတော်နှင့်အညီ ကြီးမင်းထက်မြက် **ကြောက်မက်ဖွယ်ရှိသော တောအုပ်** ဟူသော အမည်သည် **အဝိဇ္ဇာ၏ အမည်သာ**တည်း။ အဘယ်ကြောင့်နည်းဟူမူကား လကွယ် သန်းခေါင်အခါ တခဲနက် မိုးမှောင်ကျခြင်း, တိမ်တက်ခြင်းသည် ဖြစ်လေရာ၏။ ထိုအခါ ထူပြောကျယ်ဝန်းသော တောအုပ်၏အတွင်းသို့ ရောက်သောသူသည် အထက်,အောက် ရှေ့,နောက် လက်ဝဲ,လက်ယာအဖို့တို့ကို မမြင်၊ မိမိ၏လက်,ခြေ အင်္ဂါကြီး,ငယ်ကိုပင် မမြင် သည်ဖြစ်၍ "ငါကား တခဲနက်သော မှောင်၏အတွင်း၌ ကျ၏"ဟု ဆိုအပ်သကဲ့သို့ ထို့အတူ အဝိဇ္ဇာတည်းဟူသော မှောင်၏အတွင်း၌ ဖြစ်ကုန်သော ပုထုဇဉ်တို့သည် အတိတ်ဘဝ အဆက်ဆက်တို့၌လည်းကောင်း, အနာဂတ်ဘဝ အဆက်ဆက်တို့၌လည်းကောင်း ဖြစ်ပြီး, ဖြစ်လတ္တံ့ ဖြစ်ကုန်သော ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်, ဥပါဒ်,ဋ္ဌီ,ဘင်ရှိသော ပရမတ္ထတရားတို့၌လည်းကောင်း၊ ယခုပစ္စုပ္ပန်ဘဝ၌ဖြစ်သော ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်, ဥပါဒ်, ဋ္ဌီ,ဘင်-ရှိသော ပရမတ္ထတရားတို့၌လည်းကောင်း အဏုမြူခန့်မျှ မသိနိုင်, မမြင်နိုင်အောင် ပိတ်ပင်ဖုံးလွှမ်းတတ်၏။ ထို့ကြောင့် ကြီးမင်းထက်မြက် ကြောက်မက်ဖွယ်ရှိသော တောအုပ်-ဟူသော အမည်သည် အဝိဇ္ဇာ၏အမည်သာတည်း-ဟု ဟောတော်မူသည်။

**"မဟန္တံ နိန္နံ ပလ္လလ"န္တိ ခေါ တိဿ ကာမာန'မေတံ အဓိဝစနံ။**

ဟူသော ဒေသနာတော်နှင့်အညီ အလွန်ကျယ်ဝန်းသည်ဖြစ်၍ **အလွန်နက်သော ညွန်ပျောင်း** ဟူသော အမည်သည် **ကာမဂုဏ် ၅-ပါးတို့၏ အမည်သာတည်း။** အဘယ်ကြောင့်နည်း ဟူမူကား အပြောကျယ်သည်ဖြစ်၍ အလွန်နက်သော ညွန်ပျောင်းကို သတ္တဝါအပေါင်းတို့သည် ကူးခပ်နိုင်ခဲ၏။ ထိုညွန်ပျောင်း၏အတွင်းသို့ ကျသော ဆင်ပြောင်သည် မိမိကိုယ်ကို ကြည်းကုန်းအပြင်သို့ တင်နိုင်ခဲသည်ဖြစ်၍ ထိုညွန်၏အတွင်း၌သာလျှင် သေကျေပျက်စီးခြင်းသို့ ရောက်ရလေဘိသကဲ့သို့ ထို့အတူ အတိတ်ဘဝအဆက်ဆက် အနမတဂ္ဂသံသရာမှစ၍ သတ္တဝါတို့သည်လည်း ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ-တည်းဟူသော အာရုံ ၅-ပါးတို့ဖြင့် ရေတွက်အပ်သော သား,မယား, စပါး,ဆန်,ရေ ရွှေ,ငွေ,ဥစ္စာ လယ်ယာ, ကိုင်းကျွန်း နွား,ကျွဲ,ဆင်,မြင်း အဝတ်ပုဆိုး, ဘယက်တန်ဆာ-အစရှိသော သက်ရှိ,သက်မဲ့ ဥစ္စာဘဏ္ဍာမျိုး-ဟု ဆိုအပ်ကုန်သော ကာမဂုဏ် ၅-ပါးတရားအစုတို့၌ သာယာသည်၏အစွမ်းအားဖြင့်ဖြစ်သော လောဘတရားဖြင့် အလွန်နစ်သောကြောင့် မိမိကိုယ်ကို မနုတ်နိုင်သည်ဖြစ်၍ သေကျေပျက်စီးခြင်းသို့ ရောက်ရလေကုန်၏။ ထို့ကြောင့် ကာမဂုဏ် ၅-ပါးတရားအစုတို့ကို အလွန်ကျယ်ဝန်းသော ညွန်ပျောင်းနှင့် တူကုန်၏-ဟု ဟောတော်မူသည်။

**"သောဗ္ဘော ပပါတော"တိ ခေါ တိဿ ကောဓူပါယာသဿေ'တံ အဓိဝစနံ။**

ဟူသော ဒေသနာတော်မြတ်နှင့်အညီ အပြောကျယ်သည်ဖြစ်၍ အလွန်နက်သော ဆူးငြောင့်, သစ်ငုတ်, ခလုတ်, တွင်း, ကျင်း-အစရှိသော ဘေးရန်ထူပြောသော ချောက်ကမ်းပါးပြတ်-ဟူသော အမည်သည် အမျက်ထွက်ခြင်း, ရန်ငြိုးဖွဲ့ခြင်း-ဟု ဆိုအပ်သော **ကောဓ, ဥပါယာသတို့၏ အမည်**သာတည်း။ အဘယ်ကြောင့်နည်းဟူမူကား ဆူးငြောင့်, သစ်ငုတ်, ခလုတ်, တွင်း, ကျင်း-အစရှိသော ဘေးရန်ထူပြော နက်နဲကျယ်ဝန်းသော ချောက်ကမ်းပါးပြတ်ကို သတ္တဝါတို့သည် ကူးခပ်နိုင်ခဲသကဲ့သို့ ထို့အတူ အမျက်ထွက်ခြင်း, ရန်ငြိုးဖွဲ့ခြင်းများသည်ဖြစ်၍ ဒေါသတရား အားကြီးသောသူသည် ထိုဒေါသတရားကို အလွန်လျှင် ဖျောက်ခြင်းငှာ ခဲယဉ်း၏။ ထို့ကြောင့် ချောက်ကမ်းပါးပြတ်-ဟူသော အမည်သည် ကောဓူပါယာသတို့၏ အမည်သာတည်း-ဟု ဟောတော်မူသည်။

**"သမော ဘူမိဘာဂေါ ရမဏီယော"တိ ခေါ တိဿ နိဗ္ဗာနဿေ'တံ အဓိဝစနံ။**

ဟူသော ဒေသနာတော်နှင့်အညီ ညီညွတ်သော နှလုံးမွေ့လျော်ဖွယ်ရှိသော မြေအဖို့-ဟူသော အမည်သည် **နိဗ္ဗာန်၏အမည်**သာတည်း။ အဘယ်ကြောင့်နည်းဟူမူကား ညီညွတ်သာယာသော မြေအရပ်၌ ခပ်သိမ်းသောဘေးရန် ကင်းသည်ဖြစ်၍ သတ္တဝါတို့၏ ထိတ်လန့်ခြင်း

မရှိ၊ နှလုံးမွေ့လျော်ရာဖြစ်သကဲ့သို့ ထို့အတူ နိဗ္ဗာန်အရပ်သည် ခပ်သိမ်းသော အပါယ်ဘေး, ဇာတိ, ဇရာ, ဗျာဓိ,မရဏ-အစရှိသော ဝဋ်ဆင်းရဲဘေးတို့မှ ကင်းသည်ဖြစ်၍ အရိယာပုဂ္ဂိုလ်တို့၏ အလွန်နှလုံးမွေ့လျော်ရာ ဖြစ်၏။ ထို့ကြောင့် ညီညွတ်သာယာသော မြေအဖို့-ဟူသော အမည်သည် နိဗ္ဗာန်၏အမည်သာတည်း-ဟု ဟောတော်မူသည်။

ထိုဒေသနာတော်အစဉ်၏ ခရီး၌ လိမ္မာသော ယောကျ်ားကြီးသဖွယ်ဖြစ်တော်မူသော ဘုရားသခင်သည် ခရီး၌မလိမ္မာသော ယောကျ်ားနှင့်တူသော ပုထုဇဉ်လူမိုက်အပေါင်းတို့အား ဒါန, သီလ, သမထဘာဝနာ, ဝိပဿနာဘာဝနာအစဉ်ဖြင့် မဂ်,ဖိုလ်,နိဗ္ဗာန် လမ်းမှန်ခရီးကို ညွှန်ပြတော်မူသည်။ ညွှန်ပြတော်မူသည့်အတိုင်း အချို့သောသူတို့အား ခရီး ၂-ကြောင်းနှင့်တူသော ဝိစိကိစ္ဆာဖြစ်လာသည်ရှိသော် ဆုံးဖြတ်ပိုင်းခြားကြောင်းဖြစ်သော သဒ္ဓါတရားကို ဖြစ်စေ၍ ဖျောက်ရာ၏။ ဖျောက်ပြီးသည်ရှိသော် မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ-အစရှိသော အပါယ် ၄-ပါး, ဝဋ်ဆင်းရဲသို့ လားကြောင်းဖြစ်သော လက်ဝဲခရီးကို လွှတ်၍ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ-အစရှိသော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လက်ယာခရီးသို့ အစဉ်မပြတ်လိုက်ရာ၏။

လိုက်သည်ရှိသော် ကြောက်မက်ဖွယ်ရှိသော တောအုပ်နှင့်တူသော အဝိဇ္ဇာမောဟကို ထင်မြင်လေရာ၏။ ထင်မြင်သည်ရှိသော် ကမ္မဿကတာဉာဏ်, သမထဉာဏ်, ဝိပဿနာဉာဏ်တို့ဖြင့် ဖျောက်၍ လွန်ရာ၏။ လွန်ပြီးသည်ရှိသော် ထိုဉာဏ်တို့ဖြင့် အစဉ်မပြတ်နိဗ္ဗာန်အရပ်သို့ သွားသည်ရှိသော် နက်နဲကျယ်ဝန်းလှသော ကာမဂုဏ်ညွန်အိုင်ကို မြင်လေရာ၏။ ထိုကာမဂုဏ်ညွန်အိုင်ကိုလည်း သမထဉာဏ်, ဝိပဿနာဉာဏ်, အောက်မဂ်, အောက်ဖိုလ်ဉာဏ်တို့ဖြင့် ဖျောက်ရာ၏။ ကောဓူပါယာသ-ဟူသော ချောက်ကမ်းပါးပြတ်ကိုလည်း သမထဉာဏ်, ဝိပဿနာဉာဏ်, အောက်မဂ်, အောက်ဖိုလ်ဉာဏ်တို့ဖြင့် ပယ်ဖျောက်ရာ၏။ ထို့နောင် ဝိပဿနာဉာဏ်ကို အဖန်ဖန်မှီဝဲသော ပုဂ္ဂိုလ်အား အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ရ၍ ညီညွတ်သာယာသော မြေအဖို့နှင့်တူသော ဘေးခပ်သိမ်းတို့၏ ကုန်ငြိမ်းရာဖြစ်သော နိဗ္ဗာန်အရပ်သို့ ရောက်လေကုန်၏။

ထို့ကြောင့် ဘေးခပ်သိမ်းတို့၏ ကုန်ငြိမ်းရာဖြစ်သော နိဗ္ဗာန်အရပ်သို့ ရောက်လိုကုန်သော သူတော်ကောင်းတို့သည် ခရီး၌လိမ္မာသော ယောကျ်ားကြီးသဖွယ်ဖြစ်သော ဘုရားသခင် လမ်းချတော်မူတိုင်း နိဗ္ဗာန်အရပ်သို့ ရောက်စိမ့်သောငှာ ဒါန, သီလ, သမထဘာဝနာ, ဝိပဿနာဘာဝနာတရားတို့ကို အားထုတ်ကုန်ရာသည်။ ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။ ၄-ထေရဝဂ်၊ ၂-တိဿသုတ်။)

★★★★★★★

## [ ၁၁ ] ရာဓထေရပုစ္ဆာဒေသနာတရား

အလုံးစုံသော တရားအပေါင်းတို့ကို သိတော်မူသော ဘုရားသခင်သည် တရံရော အခါ သာဝတ္ထိပြည်ကြီးကို ဆွမ်းခံရာအမှီပြု၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ ရာဓအမည်ရှိသော ရဟန်းသည် ဘုရားသခင်၏အထံတော်သို့ ချဉ်းကပ်လေ၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေပြီးသော် အလွန်ရိုသေစွာ ရှိခိုး၍–

'သတ္တော သတ္တော'တိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ ဘန္တေ 'သတ္တော'တိ ဝုစ္စတိ-

ဟူသော ပါဠိ(သံ၊၂၁၅၄)ဖြင့် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဤလောက၌ ပညာရှိသောသူ, ပညာမရှိသောသူ, သိသောသူ, မသိသောသူ-ဟု ဆိုအပ်ကုန်သော အလုံးစုံသောသူတို့သည် 'သတ္တဝါ, သတ္တဝါ'-ဟူ၍ ဆိုကုန်၏။ အဘယ်မျှသော အတိုင်းအရှည်ဖြင့် 'သတ္တဝါ'-ဟူ၍ ဆိုအပ်ပါသနည်း"ဟု နားတော်လျှောက်၏။ ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည်–

> ရူပေ ခေါ ရာဓ ယော ဆန္ဒော ယော ရာဂေါ ယာ နန္ဒီ ယာ တဏှာ၊ တတြ သတ္တော တတြ ဝိသတ္တော၊ တသ္မာ 'သတ္တော'တိ ဝုစ္စတိ။ ဝေဒနာယ။ သညာယ။ သင်္ခါရေသု။ ဝိညာဏေ ယော ဆန္ဒော ယော ရာဂေါ ယာ နန္ဒီ ယာ တဏှာ၊ တတြ သတ္တော တတြ ဝိသတ္တော၊ တသ္မာ 'သတ္တော'တိ ဝုစ္စတိ။ (သံ၊၂၁၅၅)

ဟူသော ဒေသနာတော်ဖြင့် "ငါ၏ချစ်သား ရာဓအမည်ရှိသော ရဟန်း၊ အကြင်သူသည် ရုပ် ၂၈-ခုဟု ဆိုအပ်သော ရူပက္ခန္ဓာ၌ ဆန္ဒရာဂအားဖြင့် နှစ်သက်ခြင်း, တပ်ခြင်း မကင်း၊ ထိုရူပက္ခန္ဓာ၌ ပြင်းစွာ တပ်စွန်းတတ်သောသူကို 'သတ္တဝါ'-ဟူ၍ ဆိုအပ်၏။ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့၌ ဆန္ဒရာဂအားဖြင့် နှစ်သက်ခြင်း, တပ်စွန်းခြင်း မကင်း၊ ထိုခန္ဓာ ၅-ပါးတို့၌ ဆန္ဒရာဂအားဖြင့် နှစ်သက်ခြင်း မကင်းသော ထိုသူကို 'သတ္တဝါ' ဟူ၍ ဆိုအပ်၏"ဟု ဟောတော်မူသည်။

ဤသို့ ဟောတော်မူပြီး၍ ဥပမာအားဖြင့် ထင်ရှားပြတော်မူလိုသော ဘုရားသခင်သည်-

> သေယျထာပိ ရာဓ ကုမာရကာ ဝါ ကုမာရိကာယော ဝါ ပံသွာ'ဂါရကေဟိ ကီဠန္တိ။ ယာဝကီဝဉ္စ တေသု ပံသွာ'ဂါရေသု အဝိဂတရာဂါ ဟောန္တိ အဝိဂတစ္ဆန္ဒာ အဝိဂတပေမာ အဝိဂတပိပါသာ အဝိဂတပရိဠာဟာ အဝိဂတတဏှာ။ (သံ၊၂၁၅၅)

အစရှိသော ဥပမာ ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်မြတ်ပါဠ်ဝယ် အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သား ရာဓအမည်ရှိသော ရဟန်း၊ ဥပမာမည်သည်ကား ဤလူ့ပြည်၌ ရွာသူသားငယ်, သတို့သမီးငယ်တို့သည် မြေမှုန့်ကစားသောအိမ်၌ ကစားစရာ အဆောက်အဦဖြစ်သော ယောကျ်ားယမင်းငယ်ရုပ်, မိန်းမယမင်းငယ်ရုပ်, ဆင်ရုပ်, မြင်းရုပ်, နွားရုပ်, ကျွဲရုပ်, ခွေးရုပ်, ဝက်ရုပ်, ကြက်ရုပ်- အစရှိသည်တို့ကိုလည်းကောင်း၊ အိုးငယ်,ခွက်ငယ်တို့ကိုလည်းကောင်း၊ ဗန်းငယ်ဖြင့် ညက်စွာဆင့်အပ်သော ဖုံမှုန့်တို့ကိုလည်းကောင်း၊ ထွန်ငယ်, လှည်း, ရထားငယ်တို့ကိုလည်းကောင်း၊ သစ်သီး, သစ်ပွင့်တို့ကိုလည်းကောင်း ဤအလုံးစုံသော အဆောက်အဦတို့ကို ပြုလုပ်စီရင်ပေါင်းရုံးစည်းဝေးကုန်၍ အလွန်မွေ့လျော်ပျော်ပါး ကစားကြလေကုန်၏။

အကြင်မျှလောက်သော ကာလပတ်လုံး တပ်စွန်းခြင်း မကင်းသည်ဖြစ်၍ ငြီးငွေ့ခြင်းသို့ မရောက်ကုန်သေး။ ထိုမျှလောက်သော ကာလပတ်လုံး ထိုကစားခြင်း၏ အဆောက်အဦတို့သည် ပျက်စီးအံ့သည်မှ ကြောက်ကုန်၏။ မသင့်တင့်သော တစ်စုံတစ်ခုသော အကြောင်းကြောင့် ပျက်စီးခြင်းသို့ ရောက်ပြန်လျှင်လည်း အလွန်စိုးရိမ်ခြင်း, ပင်ပန်းခြင်း, ငိုကြွေးခြင်းသို့ ရောက်ကုန်၏။ အကြင်အခါ၌ ရှည်မြင့်စွာ မြူးထူးကစား၍ ငြီးငွေ့ခြင်းသို့ ရောက်ကုန်၏။ ထိုအခါ မိမိတို့သည် ဆင်းရဲငြိုငြင်ပင်ပန်းစွာ ရှာမှီး၍ ရအပ်ကုန်သော မြေမှုန့်ကစားရာဖြစ်သော အိမ်ကိုလည်းကောင်း, အဆောက်အဦဖြစ်သော ယမင်းငယ်ရုပ်အစရှိသည်တို့ကိုလည်းကောင်း လက်,ခြေတို့ဖြင့် ချိုးဖဲ့ဖျက်ဆီးကုန်၍ တုတ်,လှင်ကန်တို့ဖြင့် ရိုက်ဖျက်ပုတ်ခတ်ကုန်၍ အလိုရှိရာအရပ်သို့ သွားကြလေကုန်၏။

ထို့အတူ ပုထုဇဉ်သတ္တဝါအပေါင်းတို့သည် ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ-ဟု ဆိုအပ်သော ခန္ဓာ ၅-ပါး တရားအစု-ဟု ဆိုအပ်သော ဤအတ္တဘော၌ ဆန္ဒရာဂအားဖြင့် နှစ်သက်ခြင်း, တွယ်တာခြင်း အကြင်မျှလောက်သော ကာလပတ်လုံး မကင်းသေး။ ထိုမျှလောက်သော ကာလပတ်လုံး ဤပုထုဇဉ်သတ္တဝါအပေါင်းတို့သည် ခန္ဓာ ၅-ပါးကို စွဲမှီ၍ များသော အကုသိုလ်ဒုစရိုက်တရားတို့သည် ဖြစ်ကုန်၏။

စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, သက်ကြီးရှိုက်တငင်ပင်ပန်းခြင်းတို့သည် ဖြစ်ကုန်၏။ ဤခန္ဓာကိုယ်အတ္တဘောနှင့် ကွဲရသည်မှလည်း အလွန်ကြောက်လန့်ကုန်၏။ အကြင်အခါ၌ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရ၍ကလျာဏပုထုဇဉ် အရိယာပုဂ္ဂိုလ်၏အဖြစ်သို့ ရောက်ကုန်၏။ ထိုအခါ ဤခန္ဓာ ၅-ပါးတို့ကို ဟုတ်မှန်တိုင်း သိကုန်သည်ဖြစ်၍ ကလျာဏပုထုဇဉ် အရိယာပုဂ္ဂိုလ်တို့သည် ဝိပဿနာဉာဏ်, မဂ်,ဖိုလ်ဉာဏ်ဖြင့် စွန့်ပစ်ဖျက်ဆီး၍ နိဗ္ဗာန်အရပ်သို့ သွားလေကုန်၏။

ဤဥပမာ,ဥပမေယျ စကားအစဉ်၌—

- အလွန်မိုက်လှစွာသော ရွာသူသားငယ်, ရွာသူသတို့သမီးငယ်တို့ကဲ့သို့ ပုထုဇဉ် အပေါင်းတို့ကို မှတ်အပ်ကုန်၏။
- မြေမှုန့်ကစားရာဖြစ်သော အိမ်, ထိုအိမ်၏ အဆောက်အဦဖြစ်သော ယမင်းရုပ်, နွားရုပ်, ကျွဲရုပ်, ဆင်ရုပ်, မြင်းရုပ် အစရှိသော အရုပ်တို့ကဲ့သို့လည်းကောင်း၊ လှည်း ငယ်, ထွန်ငယ်, ရထားငယ်, အိုးငယ်, ခွက်ငယ်, ဖုန်မှုန့် သစ်သီး,သစ်ပွင့်-အစရှိသော အဆောက်အဦတို့ကဲ့သို့လည်းကောင်း **ခန္ဓာ ၅**-ပါး တရားအစုတို့ကို မှတ်အပ်ကုန်၏။
- ရွာသူသတို့သားငယ်, သတို့သမီးငယ်တို့သည် အဆောက်အဦနှင့်တကွသော မြေမှုန့် ကစားသော အိမ်၌ တွယ်တာခြင်း မကင်းသည်ဖြစ်၍ ပြင်းပြစွာ တပ်စွန်းခြင်းကြောင့် ပျက်စီးအံ့သည်မှ ကြောက်သောအခါကဲ့သို့ ဤပုထုဇဉ်အပေါင်းတို့သည် ခန္ဓာ ၅- ပါး တရားအစုတို့၌ တွယ်တာခြင်း မကင်းသည်ဖြစ်၍ ပြင်းပြစွာ တပ်စွန်းခြင်းကြောင့် ပျက်စီးကွဲပြားအံ့သည်မှ **ကြောက်သောအခါကို** မှတ်အပ်ကုန်၏။
- ထိုရွာသူသားငယ်, သတို့သမီးငယ်တို့သည် မြေမှုန့်ကစားရာဖြစ်သော အိမ်၌ ငြီးငွေ့ ကုန်သည်ဖြစ်၍ ခြေ,လက်, အုတ်,ကျောက်, တုတ်,လှင်ကန်တို့ဖြင့် ရိုက်ခတ်ဖျက်ဆီး ၍ အလိုရှိရာအရပ်သို့ သွားသောအခါကဲ့သို့ ကလျာဏပုထုဇဉ် အရိယာသခင်တို့ သည် ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ဖြင့် ဟုတ်မှန်တိုင်း သိကုန်,မြင်ကုန်၍ ငြီးငွေ့ခြင်းကြောင့် အကြွင်းမဲ့ ဖျက်ဆီး၍ နိဗ္ဗာန်အရပ်သို့ သွားသည်တို့ကို မှတ်အပ် ကုန်၏။

ငါ၏ချစ်သား ရာဓအမည်ရှိသောရဟန်း၊ သင်တို့သည်လည်း ရူပက္ခန္ဓာကို ဖရိုဖရဲ ကြဲကြဲ,လွှင့်ကြကုန်လော့။ မုန့်မုန့်ညက်ညက် ဖျက်ဆီးကြကုန်လော့။ ထိုရူပက္ခန္ဓာ၌ တပ်စွန်း တတ်သော တဏှာကို ကုန်စေခြင်းငှာ အားထုတ်၍ ကျင့်ကြကုန်လော့။ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့ကို ဖရိုဖရဲ ကြဲကြဲ,လွှင့်ကြကုန်လော့။ အကြွင်းမဲ့ ဖျက်ဆီးကြကုန်လော့။ ထိုခန္ဓာတို့၌ တပ်စွန်းတတ်သော တဏှာကို ကုန်စေခြင်းငှာ အား ထုတ်၍ ကျင့်ကြကုန်လော့။

ငါ၏ချစ်သား ရာဓအမည်ရှိသောရဟန်း၊ တဏှာ၏ ကုန်ခြင်းသည်သာလျှင် ခန္ဓာ ၅-ပါးတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်မည်၏-ဟု ဟောတော်မူသည်။ (သံ၊၂။၁၅၄-၅။သတ္တသုတ်)

## ၁။ ခန္ဓာ ၅-ပါး၏ အမည်များ

ထိုခန္ဓာ ၅-ပါး တရားအစုတို့သည်—

- သတ္တဝါတို့၏ အကျိုးမဲ့ကို ပြုတတ်သောကြောင့် မာရ်လည်း မည်ကုန်၏။
- သတ္တဝါတို့ကို သေစေတတ်သောကြောင့် သေစေတတ်သောသူ မာရေတလည်း မည်ကုန်၏။
- သတ္တဝါတို့၏ နာကျင်ခြင်းကို ပြုတတ်သောကြောင့် ရောဂါလည်း မည်ကုန်၏။
- ကိလေသာတို့၏ ငြိရာဖြစ်သောကြောင့်လည်းကောင်း၊ ကျင်ငယ်, ကျင်ကြီး, နှပ်, တံတွေး, ချွေး, သလိပ်-အစရှိကုန်သော စက်ဆုပ်ရွံရှာဖွယ်အပေါင်းဖြစ်သော ဝတ္ထုတို့၏ ယိုစီးရာဖြစ်သောကြောင့်လည်းကောင်း ဂဏ္ဍလည်း မည်ကုန်၏။
- ကိလေသာတို့၏ စူးဝင်ရာ၊ ဇာတိ,ဇရာ, ဗျာဓိ,မရဏ-အစရှိသော ဘေးတို့၏ စူးဝင်ရာဖြစ်၍ မြားနှင့် တူသည်၏အဖြစ်ကြောင့်လည်းကောင်း၊ ပြောင့်တံသင်းနှင့် တူသည်၏အဖြစ်ကြောင့်လည်းကောင်း သလ္လလည်း မည်ကုန်၏။
- ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခ, အပါယဒုက္ခ, သံသာရဝဋ္ဋဒုက္ခ-အစရှိသော များစွာ မရေမတွက်နိုင်သော ဒုက္ခတို့၏ တည်ရာဖြစ်သောကြောင့် အဃလည်း မည်ကုန်၏။ (သံ၊၂၊၁၅၄)

ငါ၏ချစ်သား ရာဓအမည်ရှိသောရဟန်း၊ အကြင်သူတို့သည် ဆိုအပ်ပြီးသော နည်းဖြင့် ခန္ဓာတို့ကို ဘေးအားဖြင့် မြင်ကုန်၏။ ထိုသူတို့သည် မဖောက်မပြန် ကောင်းစွာ မြင်သည် မည်ကုန်၏-ဟု ဟောတော်မူသည်။

ထိုအခါ ရာဓအမည်ရှိသော ရဟန်းသည် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဤခန္ဓာကိုယ်၌ မဖောက်မပြန် အပြစ်ကို မြင်ခြင်းသည် အဘယ်အကျိုးရှိပါသနည်း"ဟု နားတော်လျှောက်၏။ "မဖောက်မပြန်မြင်ခြင်းသည် ငြီးငွေ့ခြင်း အကျိုးရှိ၏"ဟု မိန့်တော်မူ၏။

"ငြီးငွေ့ခြင်းသည် အဘယ်အကျိုးရှိပါသနည်း"ဟု နားတော်လျှောက်၏။ "ငြီးငွေ့ခြင်းသည် မဂ်ကိုရခြင်း အကျိုးရှိ၏"ဟု မိန့်တော်မူ၏။

"မဂ်ကို ရခြင်းသည် အဘယ်အကျိုးရှိပါသနည်း"ဟု နားတော်လျှောက်၏။ "မဂ်ကို ရခြင်းသည် ဖိုလ်ကို ရခြင်း အကျိုးရှိ၏"ဟု မိန့်တော်မူ၏။

"ဖိုလ်ကို ရခြင်းသည် အဘယ်အကျိုးရှိပါသနည်း"ဟု နားတော်လျှောက်၏။ "ဖိုလ်ကို ရခြင်းသည် နိဗ္ဗာန်ကိုရခြင်း အကျိုးရှိ၏"ဟု မိန့်တော်မူ၏။

"နိဗ္ဗာန်ကို ရခြင်းသည် အဘယ်အကျိုးရှိပါသနည်း"ဟု နားတော်လျှောက်၏။ ထိုအခါ သဗ္ဗညုဘုရားသခင်သည် "ရာဓအမည်ရှိသော ရဟန်း၊ အမေးပုစ္ဆာပြဿနာသည် အဆုံးသို့ ရောက်လေပြီ။ သင်သည် အမေးပုစ္ဆာပြဿနာ၏ အဆုံးကို ယူခြင်း, မှတ်ခြင်းငှာ မတတ်နိုင် ပြီ"ဟု မိန့်တော်မူပြီး၍—

**နိဗ္ဗာနောဂဓံ ဟိ ရာဓ ဗြဟ္မစရိယံ ဝုဿတိ နိဗ္ဗာနပရာယနံ နိဗ္ဗာနပရိယောသာနံ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။(သံ၊၂၊၁၅၄)

ရာဓ၊ ရာဓအမည်ရှိသော ရဟန်း။ နိဗ္ဗာနောဂဓံ၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော။ နိဗ္ဗာနပရာယနံ၊ နိဗ္ဗာန်လျှင် လဲလျောင်းရာရှိသော။ နိဗ္ဗာနပရိယောသာနံ၊ နိဗ္ဗာန်လျှင် အဆုံးရှိသော။ ဗြဟ္မစရိယံ၊ အရိယမဂ်တည်းဟူသော မြတ်သောအကျင့်ကို။ ဝုဿတိ၊ သုံး၏။

အဓိပ္ပါယ်ကား "ငါ၏ချစ်သား ရာဓမည်သော ရဟန်း၊ အရိယမဂ်တည်းဟူသော မြတ်သော အကျင့်သီတင်းကို သုံးခြင်းသည် နိဗ္ဗာန်သို့ ရောက်စေတတ်၏။ နိဗ္ဗာန်လျှင် လဲလျောင်းရာရှိ၏။ နိဗ္ဗာန်မှ တပါးသော တစ်စုံတစ်ခုသောအကျိုး မရှိပြီ"ဟု ဟောတော်မူသည်။ (မာရသုတ်)

ထို့ကြောင့် သူငယ်တို့၏ ကစားရာဖြစ်သော မြေမှုန့်အိမ်နှင့်အတူ အနှစ်သာရမရှိ မြတ်နိုးအပ်သော တစ်စုံတစ်ခုမျှမရှိသော ခန္ဓာ ၅-ပါး တရားအစုတို့၌ တွယ်တာမက်မောခြင်း တပ်စွန်းခြင်းကို မပြုမူ၍ ထိုခန္ဓာ ၅-ပါးတို့၏ ကင်းလွတ်ရာကင်းလွတ်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းအကျိုးငှာ သူ့ထက်ငါ မနေမနား အားထုတ်ကုန်ရာသည်။

ဤသို့ ဟောတော်မူသော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။ ၂-ရာဓသံယုတ်၊ ၁-မာရသုတ်၊ ၂-သတ္တသုတ်)

★ ★ ★ ★ ★ ★ ★

## [ ၁၂ ] ခန္ဓာဒီနဝဒေသနာတရား

အလုံးစုံသော တရားအပေါင်းတို့ကို ကုန်စင်အောင် သိမြင်တော်မူပြီးသော ဘုရားသခင်သည် တရံရောအခါ သာဝတ္ထိပြည်ကြီးကို ဆွမ်းခံရာအမှီပြု၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ—

**သေယျထာပိ ဘိက္ခဝေ နဒီ ပဗ္ဗတေယျာ ဩဟာရိနီ ဒူရင်္ဂမာ သီဃသောတာ။**

အစရှိသော ဒေသနာတော်ဖြင့် "ငါ၏ချစ်သား ရဟန်းများတို့၊ တောင်ထိပ်မှ သစ်သားအမှိုက်-အစရှိသည်တို့ကို ဆောင်ကုန်လျက် အဝေးနှင့်ရှည်သော လျှင်သော ရေအလျဉ်ရှိသော မြစ်သည် စီးလေရာ၏။ ထိုမြစ်၏ ကမ်း ၂-ဘက်တို့၌ ကြိမ်ပင်တို့သည်လည်းကောင်း, သမန်းမြက်တို့သည်လည်းကောင်း, ဖြူဆံမြက်ပင်တို့သည်လည်းကောင်း, ပြိန်းမြက်ပင်တို့သည်လည်းကောင်း, အဆူးရှိသော သစ်ပင်တို့သည်လည်းကောင်း တွဲလောင်းကျလျက်ပေါက်ရောက်လေကုန်၏။

ထိုမြစ်ရေအလျဉ်ဖြင့် မျောလေသော ယောက်ျားသည် သေဘေးမှ ကြောက်သောကြောင့် ကြိမ်ပင်ကို ဆွဲလေရာ၏။ သမန်းမြက်ပင်ကို ဆွဲလေရာ၏၊ ဖြူဆံမြက်ပင်ကို ဆွဲလေရာ၏၊ ပြိန်းမြက်ပင်ကို ဆွဲလေရာ၏၊ ဆူးရှိသော သစ်ပင်ကို ဆွဲလေရာ၏။ ထိုကြိမ်နွယ်, မြက်,သစ်ပင်တို့သည် ဆွဲလေသော ယောက်ျား၏ လက်,ခြေ-အစရှိသော အင်္ဂါကြီး,ငယ်တို့ကို စူးဝင်ရှနထိပါး၍ ဖျက်ဆီးခြင်းကြောင့် အကျိုးမဲ့ ပျက်စီးလေရာ၏။

ထို့အတူ ငါ၏ချစ်သား ရဟန်းများတို့ အလျဉ်ထန်စွာ စီးသွားသော မြစ်နှင့်တူသော ဩဃသံသရာဝဋ်ဆင်းရဲ အလျဉ်၌ကျသော, ပရိယတ္တိအဓိဂမ၌ သုတမရှိသော, အရိယာပုဂ္ဂိုလ်တို့ကို ပညာစက္ခုဖြင့် ရှုလေ့မရှိသော, အရိယာပုဂ္ဂိုလ်တို့၏တရား၌ မလိမ္မာသော, အရိယာပုဂ္ဂိုလ်တို့၏တရား၌ သံဝရဝိနည်း, ပဟာနဝိနည်းမှ ကင်းသော ပုထုဇဉ်မိုက်သည် ရူပက္ခန္ဓာကို ကိုယ်-ဟူ၍ ရှု၏၊ ရုပ်ရှိသော ကိုယ်ကိုမူလည်း ရှု၏၊ ကိုယ်၌မူလည်း ရုပ်ကို ရှု၏၊ ရုပ်၌မူလည်း ကိုယ်ကိုရှု၏၊ ထိုသူ ရှုတိုင်း မဟုတ်မမှန် ဖောက်ပြန်သည်ဖြစ်၍ ထိုရုပ်သည်လည်း ပျက်စီးခြင်းသို့ ရောက်၏။ ထိုရုပ်ကို ငါ၏ကိုယ်-အစရှိသည်ဖြင့် ရှုခြင်း-ဟူသော အကြောင်းကြောင့် ထိုရှုသောသူအား ဘဝများစွာ သံသရာ၌ ကမ္မာအဆက်ဆက် အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်လေ၏။

ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့ကို ကိုယ်-ဟူ၍လည်းကောင်း၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာရှိသော ကိုယ်ကိုလည်း

ကောင်း၊ ကိုယ်၌မူလည်း ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာကိုလည်း ကောင်း၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ၌မူလည်း ကိုယ်ကိုလည်း ကောင်း အဖန်တလဲလဲ ရှုလေ့,သုံးသပ်လေ့ရှိ၏။ ထိုသူ၏ သုံးသပ်ခြင်းသည် မဟုတ်မမှန် ဖောက်ပြန်ချွတ်ယွင်းသည်ဖြစ်၍ ထိုခန္ဓာတို့သည် ပျက်စီးခြင်းသို့ ရောက်လေကုန်၏။ ထိုသို့ ငါ, ငါ၏ကိုယ်-ဟု စွဲလမ်းသုံးသပ်ခြင်းကြောင့် ထိုသူအား ဘဝများစွာ သံသရာ၌ ကမ္ဘာ အဆက်ဆက် အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်လေ၏။

ထိုဥပမာ, ဥပမေယျစကား၌—

- အလျဉ်ထန်စွာစီးသော မြစ်ရေအလျဉ်ကဲ့သို့ သံသရာဝဋ်ဆင်းရဲ ရေအလျဉ်ကို မှတ်အပ်၏။
- မြစ်ကမ်း ၂-ဘက်၌ တွဲလောင်းကျလျက် ပေါက်ရောက်သော အဆူးရှိသော ကြိမ်နွယ်သစ်ပင်, မြက်သစ်ပင်အပေါင်းတို့ကဲ့သို့ ခန္ဓာ ၅-ပါး တရားအစုတို့ကို မှတ်အပ်ကုန်၏။
- မြစ်ရေအလျဉ်၌ မျောသောယောကျ်ားကဲ့သို့ သံသရာဝဋ်ဆင်းရဲ ရေအလျဉ်၌ ကျင်လည်မျောပါ ပြေးသွားရလေသော သတ္တဝါအပေါင်းကို မှတ်အပ်၏။
- မြစ်ကမ်းနား၌ တွဲလောင်းကျသော အဆူးရှိသော သစ်ပင်,နွယ်, မြက်-အစရှိသည် တို့ကို ဘေးမှ လွတ်လို၍ သက်သာရာကို ရစိမ့်သောငှာ ဆွဲကိုင်သော ယောကျ်ား အား ထိပါးရှနစ် စူးဝင်၍ လက်,ခြေ,အင်္ဂါ-အစရှိသည် စုတ်ပြတ်ပျက်စီး၍ ဘေးမှ မလွတ် အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ ခန္ဓာ ၅-ပါး တရားအစုတို့ကို ငါ, ငါ၏ဥစ္စာ-အစရှိသည်ဖြင့် စွဲလမ်းသော ပုထုဇဉ်မိုက်အပေါင်းအား ဘဝများစွာ သံသရာ၌ ကမ္ဘာအဆက်ဆက် အကျိုးမဲ့ပျက်စီးသည်ကို မှတ်အပ်၏။

ဤသို့လျှင် ခန္ဓာ ၅-ပါး တရားအစုတို့၌ မဟုတ်မမှန် ဖောက်ပြန်ချွတ်ယွင်းသော အားဖြင့် ငါ, ငါ၏ကိုယ်, ငါ၏ဥစ္စာ-ဟု စွဲလမ်းသောသူတို့အား များစွာသော အကျိုးမဲ့ပျက်စီး ခြင်းသို့ ရောက်သောအဖြစ်ကို ဟောကြားတော်မူပြီး၍ မဖောက်မပြန် ဟုတ်မှန်တိုင်း နှလုံး ထား၍ ရှုဆင်ခြင်သဖြင့် အကျိုးစီးပွါး များစေခြင်းငှာ အနုမတိပုစ္ဆာဖြင့် မေးတော်မူလိုသော ဘုရားသခင်သည် "တံ ကိံ မညထ ဘိက္ခဝေ၊ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ"အစရှိသော ဒေသနာ တော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်မြတ်ပါဠ်ဝယ် အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ သင်ချစ်သားတို့သည် ငါဘုရား ဟောတော်မူလတ္တံ့သော စကားတော်ကို အဘယ်သို့ အောက်

မေးကြကုန်သနည်း။ ထိုရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည် နိစ္စဖြစ်၍ မြဲသော သဘောတရားလော၊ အနိစ္စဖြစ်၍ မမြဲသော သဘောတရားလော"ဟု မေးတော်မူ၏။ ထိုအခါရဟန်းတို့သည် "အနိစ္စံ ဘန္တေ"ဟူသော ပါဠ်ဖြင့် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ခန္ဓာ ၅-ပါး သဘောတရားတို့သည် ဥပါဒ်,ဋ္ဌီ,ဘင်အားဖြင့် မမြဲသောသဘောရှိပါကုန်၏"ဟု နားတော်လျှောက်၏။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ဥပါဒ်,ဋ္ဌီ,ဘင်အားဖြင့် ခန္ဓာ ၅-ပါးတို့၏ မမြဲသောအဖြစ်ကို မြင်သောသူတို့အား အကျိုးတရားကို ပြတော်မူလိုသည်ဖြစ်၍—

**ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ 'ဝိမုတ္တ'မိတိ ဉာဏံ ဟောတိ။ 'ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာ'တိ ပဇာနာတိ။**

ဟူသော ဒေသနာတော်မြတ်(သံ၊၂၊၅၆။ ၁၁၃၊၁၁၆။)ကို ဟောတော်မူသည်။

ထိုဒေသနာတော်မြတ်ပါဠ်ဝယ် အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ ခန္ဓာ ၅-ပါး တရားအစုတို့ကို ဥပါဒ်,ဋ္ဌီ,ဘင်အားဖြင့် အနိစ္စ-ဟု မမြဲသောအဖြစ်ကို မြင်သောသူသည်—

- ခန္ဓာ ၅-ပါးတို့၌ ငြီးငွေ့ကြောင်းဖြစ်သော နိဗ္ဗိဒါဉာဏ် ရ၏။
- ငြီးငွေ့သောသူသည် မဂ်ဉာဏ်ကို ရ၏။
- မဂ်ဉာဏ်ကို ရသောသူသည် ဖိုလ်ဉာဏ်ကို ရ၏။
- ဖိုလ်ဉာဏ်ကို ရပြီးသောသူသည် ပယ်ပြီးသော ကိလေသာ, ကြွင်းသော ကိလေသာ, မဂ်,ဖိုလ်,နိဗ္ဗာန်တို့ကို အဖန်တလဲလဲ ဆင်ခြင်နိုင်သော ပစ္စဝေက္ခဏာဉာဏ်ကို ရ၏။

"ငါ့အား ပဋိသန္ဓေနေခြင်းသည် ကုန်ပြီ။ အရိယမဂ်တည်းဟူသော မြတ်သော အကျင့်သီတင်းကို သုံးအပ်ပြီးပြီ။ ပြုအပ်သော, ၁၆-ပါးသော မဂ်ကိစ္စကို ပြုအပ်ပြီးပြီ။ ၁၆-ပါးသော မဂ်ကိစ္စအကျိုးငှာ တဖန်မဂ်ကို ပွါးစေခြင်းကိစ္စသည် မရှိပြီ"ဟု ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်ကို ရ၏-ဟု ဟောတော်မူသည်။

ထို့ကြောင့် ထိပါးရှန စူးဝင်တတ်သော, အကျိုးမဲ့ ပျက်စီးခြင်းကို ဖြစ်စေတတ်သော ခန္ဓာ ၅-ပါး တရားအစုတို့၌ ငါ, ငါ၏ကိုယ်, ငါ၏ဥစ္စာ-ဟု စွဲလမ်းခြင်းကို မပြုမူ၍ ဥပါဒ်,ဋ္ဌီ,ဘင်အားဖြင့် ပျက်စီးတတ်သော ခန္ဓာ ၅-ပါးတို့၏ အနိစ္စသဘောကို အဖန်တလဲလဲ ရှု၍

မင်,ဖိုလ်,နိဗ္ဗာန်သို့ လျင်မြန်ဆောစွာ ရောက်အောင် အားထုတ်ကုန်ရာသည်။ ဤသို့ ဟော တော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ်ဖြစ်သည်။ (ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်၊ ၅-ပုပ္ဖဝဂ်၊ ၁-နဒီသုတ်၊ ၁၁၂-၃။)

★★★★★★★

## [ ၁၃ ] ဖေဏပိဏ္ဍူပမာဒိနယတရား

အနုတ္တရ ဓမ္မရာဇာ သမ္မာသမ္ဗုဒ္ဓအစစ်, ၃၁-ဘုံတွင် တစ်စုံတစ်ယောက်သော နတ်,လူတို့နှင့် နှိုင်းယှဉ်စရာ ဥပမာမရှ မြတ်တော်မူသော ဘုရားသခင်သည် တရံရောအခါ အယုဇ္ဈမြို့ ဂင်္ဂါမြစ်ကမ်းနား၌ သီတင်းသုံး၍ နေတော်မူ၏။ ထိုသို့ နေတော်မူသော အခါ ရဟန်းတို့အား သုတ္တန်ဒေသနာနည်းအားဖြင့် ဟောကြားတော်မူလိုသည်ဖြစ်၍—

**ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ။**
**မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။**
**မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ။** (သံ၊၂၁၁၆)

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ရူပံ၊ ရူပက္ခန္ဓာသည်။ ဖေဏပိဏ္ဍူပမံ၊ ရေမြှုပ်စိုင်နှင့် တူ၏။

ဝေဒနာ၊ ဝေဒနာက္ခန္ဓာသည်။ ပုဗ္ဗုဠူပမာ၊ ရေပွက်နှင့် တူ၏။

သညာ၊ သညာက္ခန္ဓာသည်။ မရီစိကူပမာ၊ တံလျှပ်နှင့် တူ၏။

သင်္ခါရာ၊ သင်္ခါရက္ခန္ဓာတို့သည်။ ကဒလူပမာ၊ ငှက်ပျောတုံးနှင့် တူကုန်၏။

ဝိညာဏံ၊ ဝိညာဏက္ခန္ဓာသည်။ မာယူပမံ၊ မျက်လှည့်သည်နှင့် တူ၏။

ဣတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဒေသိတော၊ ဟောတော်မူအပ်၏။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား ခန္ဓာ ၅-ပါးတို့တွင် ရူပက္ခန္ဓာသည် ရေမြှုပ်နှင့် တူ၏။ ဝေဒနာက္ခန္ဓာသည် ရေပွက်နှင့် တူ၏။ သညာက္ခန္ဓာသည် တံလျှပ်နှင့် တူ၏။ သင်္ခါရက္ခန္ဓာတို့သည် ငှက်ပျောတုံးနှင့် တူကုန်၏။ ဝိညာဏက္ခန္ဓာသည် မျက်လှည့်သည်နှင့် တူ၏။

အဘယ်သို့ ရူပက္ခန္ဓာသည် ရေမြှုပ်နှင့် တူသနည်းဟူမူကား ၁-ယူဇနာအနက် အပြောကျယ်သည်ဖြစ်၍ ကမ်း ၂-ဘက်ကို လျှံ၍ သည်းထန်စွာစီးသော ဂင်္ဂါမြစ်ရေကြီးသည် အချင်းချင်းခတ်မိကြ၍ ကြီးမားစွာသော ရေမြှုပ်စိုင်သည် ဖြစ်လေရာ၏။ ထိုရေမြှုပ်စိုင်ကို မျက်စိအမြင်နှင့် ပြည့်စုံသောယောကျ်ားသည် ကမ်းနား၌ ရပ်၍ အဖန်တလဲလဲ ကြည့်ရှုဆင်ခြင်ရာ၏။ ထိုသို့ ကြည့်ရှုဆင်ခြင်သည်ရှိသော် ထိုရေမြှုပ်စိုင်၌ တစ်စုံတစ်ခုသော အနှစ်သာရကို မမြင်၊ အနှစ်သာရမှ ဆိတ်သည်ဖြစ်၍ ရိတ္တ, တုစ္ဆအဖြစ်ကိုသာ မြင်ရာသကဲ့သို့ ထို့အတူ ရူပက္ခန္ဓာကို ပညာစက္ခုဖြင့် ကြည့်ရှုဆင်ခြင်သည်ရှိသော် အနှစ်သာရကို မမြင်၊ အနှစ်သာရမှ ဆိတ်သည်ဖြစ်၍ ရိတ္တ, တုစ္ဆအဖြစ်ကိုသာ မြင်လေရာ၏။

တစ်နည်းလည်း ရေမြှုပ်၏သဘောသည် အစုတ်စုတ်, အပေါက်ပေါက်, အထွင်းထွင်းရှိသကဲ့သို့ ထို့အတူ ဤရူပက္ခန္ဓာသည်လည်း ခံတွင်းပေါက်, နှာခေါင်းပေါက်, မျက်ကွင်းပေါက်-အစရှိသည်တို့ဖြင့် အစုတ်စုတ်, အထွင်းထွင်း, အပေါက်ပေါက်ရှိရကား ရေမြှုပ်နှင့် တူ၏။

တစ်နည်းလည်း ရေမြှုပ်အတွင်း၌ အထူးထူးသော ပိုးမျိုးတို့၏ တည်နေရာ, သားဖွားရာ, သုသာန်သင်္ချိုင်းပြုရာ, ကျင်ကြီး,ကျင်ငယ်စွန့်ရာ, နားရာ ဇရပ်သဖွယ်ဖြစ်သကဲ့သို့ ဤရူပက္ခန္ဓာ၏ အတွင်း၌လည်း ပိုးမျိုး ၈၀-တို့၏ တည်ရာ, မှီရာ, အိမ်ထောင်ရာ, သားဖွားရာ, သုသာန်သင်္ချိုင်းပြုရာ, ကျင်ကြီးကျင်ငယ်စွန့်ရာ, နားရာ ဇရပ်သဖွယ်ဖြစ်ရကား ရေမြှုပ်နှင့် တူ၏။

တစ်နည်းလည်း ရေချင်းခတ်မိ၍ဖြစ်သော ရေမြှုပ်သည် ဆီးသီးပမာဏ, ခုံညင်းပမာဏ, ထန်းစေ့ပမာဏ, စိတ်တောင်းပမာဏ, ခွဲတောင်းပမာဏ, တင်းတောင်းပမာဏ, ပုတ်ပမာဏ, နွားပမာဏ, ကျွဲပမာဏ, ဆင်ပမာဏ အစဉ်သဖြင့် ကြီး၍ ၁-ဂါဝုတ်, ၂-ဂါဝုတ်, ၃-ဂါဝုတ်, ၄-ဂါဝုတ်, ၁-ယူဇနာ, ၂-ယူဇနာ, ၃-ယူဇနာ, ၄-ယူဇနာ, ၅-ယူဇနာ၊ ၁၀-ယူဇနာ, ယူဇနာ-၂၀, ယူဇနာ-၃၀, ယူဇနာ-၄၀, ယူဇနာ ၅၀-အစရှိသည်ဖြင့် ကြီး၍ကြီး၍ သွားလေရာ၏။ ထိုရေမြှုပ်စိုင်သည် ဖြစ်စကာလ၌လည်း ပျက်စီးခြင်းသို့ ရောက်သည်ကား မရေတွက်နိုင်၊ များစွာ၏။ ခုံညင်းပမာဏရှိသောအခါ၌ ပျက်စီးခြင်းသို့ ရောက်သည်ကား မရေတွက်နိုင်၊ များစွာ၏။ ထန်းစေ့ပမာဏ, ထန်းသီးပမာဏ-အစရှိသော မိမိတို့၏ ခေတ်ကာလ၌ ပျက်စီးခြင်းသို့ ရောက်သည်ကား မရေတွက်နိုင်၊ များစွာ၏။

စင်စစ်အားဖြင့်ကား ၁-ယူဇနာ, ၂-ယူဇနာ အစရှိသည်ဖြင့် ကြီးမားသောအဖြစ်သို့ ရောက်သော ရေမြှုပ်စိုင်သည် ဗလဝါမုခဝဲသို့ ရောက်သည်ရှိသော် ဧကန်စင်စစ် မုန့်မုန့်ညက်

ညက် ပျက်စီးခြင်းသို့ ရောက်ရဘိသကဲ့သို့ ထို့အတူ ဤရူပက္ခန္ဓာသည်လည်း အမိဝမ်းတွင်း၌ ကလလရေကြည် တည်သောအခါ ပျက်စီးခြင်းသို့ ရောက်ရသည်ကား မရေတွက်နိုင်၊ များစွာ၏။ အမြှုပ်ဖြစ်သောအခါ, သားတစ်ဖြစ်သောအခါ, သားခဲဖြစ်သောအခါ, ခက်မ ၅-ဖြာဖြစ်သောအခါ, စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယဒသကဖြစ်သောအခါ ပျက်စီးခြင်းသို့ ရောက်ရသည်ကား မရေတွက်နိုင်၊ များစွာ၏။

ထို့နောင် အမိဝမ်းတွင်းမှ မဖွားမီ ပျက်စီးရသည်ကား မရေတွက်နိုင်၊ များစွာ၏။ ထို့နောင် အမိဝမ်းတွင်းမှ ဖွားပြီး၍ ၁-လမြောက်သောအခါ, ၂-လ, ၃-လ, ၄-၅-လ မြောက်သောအခါ, ၁၀-လမြောက်သောအခါ, ၁-နှစ်, ၂-နှစ်, ၃-နှစ်, ၄-နှစ်, ၅-နှစ်, ၁၀-နှစ်-အစရှိသော မိမိ, မိမိတို့၏ ခေတ်ကာလ၌ သေကြေပျက်စီးခြင်းသို့ ရောက်ရခြင်းသည် မရေတွက်နိုင်၊ များစွာ၏။ ရေမြှုပ်သည် ဗလဝါမုခဝဲသို့ ရောက်သည်ရှိသော် ပျက်စီးခြင်း မြဲသကဲ့သို့ ဤရူပက္ခန္ဓာသည်လည်း အနှစ် ၁၀၀-ကာလသို့ ရောက်သည်ရှိသော် ပျက်စီးခြင်း မြဲသည်ဖြစ်၍ ရေမြှုပ်နှင့် တူ၏။ ထို့ကြောင့် **"ဖေဏပိဏ္ဍူပမံ ရူပံ"**ဟု ဟောတော်မူသည်။

**ဝေဒနာက္ခန္ဓာသည် ရေပွက်နှင့် အဘယ်သို့ တူသနည်းဟူမူကား** [၁]မိုးပေါက်, [၂]ရေပြင်, [၃]ရေ၌ ထိကျသောအစဉ်, [၄]မိုးပေါက်နှင့် အတူတကွပါသော လေအဟုန်၊ ဤ ၄-ပါးသော အကြောင်းတို့ကြောင့် ပတ္တမြားလုံးနှင့်တူသော ရေပွက်သည် ဖြစ်၏။ ထိုရေပွက်ကို မျက်စိ အမြင်နှင့်ပြည့်စုံသော ယောကျ်ားသည် ကမ်းနား၌ရပ်၍ အဖန်တလဲလဲ ကြည့်ရှုဆင်ခြင် သည်ရှိသော် အနှစ်သာရမှ ဆိတ်သည်ဖြစ်၍ ရိတ္တ, တုစ္ဆအဖြစ်သည်သာ ထင်ရာသကဲ့သို့ ထို့အတူ ဝေဒနာက္ခန္ဓာကို ပညာစက္ခုဖြင့် အဖန်တလဲလဲ ကြည့်ရှုဆင်ခြင်သည်ရှိသော် အနှစ်သာရမှ ဆိတ်သည်ဖြစ်၍ ရိတ္တ,တုစ္ဆအဖြစ်ကိုသာ ထင်မြင်လေ၏။ ထို့ကြောင့် ဝေဒနာ-က္ခန္ဓာသည် ရေပွက်နှင့် တူ၏-ဟု သိစေတော်မူလိုသည်ဖြစ်၍ **"ဝေဒနာ ပုဗ္ဗုဠူပမာ"**ဟု ဟောတော်မူသည်။

**သညာက္ခန္ဓာသည် တံလှပ်နှင့် အဘယ်သို့ တူလေသနည်းဟူမူကား** နွေလအခါ တစ်စုံ တစ်ခုသောအရပ်၌ မျက်စိအမြင်နှင့်ပြည့်စုံသော ယောကျ်ားသည် တံလှပ်ကို မြင်လေရာ၏။ ထိုတံလှပ်ကို အဖန်တလဲလဲ ဆင်ခြင်သည်ရှိသော် အနှစ်သာရမှ ဆိတ်သည်ဖြစ်၍ ရိတ္တ,တုစ္ဆ အဖြစ်ကိုသာ ထင်မြင်ရာသကဲ့သို့ ထို့အတူ သညာက္ခန္ဓာကိုလည်း ပညာစက္ခုဖြင့် ဆင်ခြင် သောသူအား အနှစ်သာရမှ ဆိတ်သည်ဖြစ်၍ ရိတ္တ, တုစ္ဆအဖြစ်ကိုသာ ထင်လေ၏။

တစ်နည်းလည်း နွေလအခါ၌ အပူဖြင့် နှိပ်စက်သည်ဖြစ်၍ ပြင်းစွာ ရေသိပ်သော သမင်အပေါင်းသည် ရေကို ရှာအံ့သောငှာ တောင်ထိပ်ကမ်းပါးပြတ်သို့ တက်လတ်၍ အဝေးအရပ်သို့ ကြည့်ရှုလတ်သော် တံလှပ်ကို မြင်လေရာ၏။ ထိုတံလှပ်ကို ရေ-ဟူသော

အမှတ်သညာဖြင့် မြင်ရာအရပ်သို့ သွားသည်ရှိသော် မတွေ့ဘဲ ရှိလေ၏။ တဖန် အဝေး အရပ်သို့ မျှော်၍ ကြည့်ပြန်သည်ရှိသော် တံလှပ်ကို မြင်၍ ရေ-ဟူသောအမှတ်ဖြင့် ထိုအရပ်သို့ လိုက်ပြန်ပါသော်လည်း ရေကို ရှာ၍မရ ပင်ပန်းခြင်း, သေကြေပျက်စီးခြင်းသို့ ရောက်ရလေဘိသကဲ့သို့ ထို့အတူ သတ္တဝါတို့သည်လည်း သညာဖောက်ပြန်ခြင်း-ဟူသော အကြောင်းကြောင့် "ဤလ ချမ်းသာပါလတ္တံ့, နောင်လ ချမ်းသာပါလတ္တံ့၊ ဤနှစ် ချမ်းသာပါလတ္တံ့, နောင်နှစ် ချမ်းသာပါလတ္တံ့၊ ဤဘဝ ချမ်းသာပါလတ္တံ့, နောင်ဘဝ ချမ်းသာပါလတ္တံ့"အစရှိသည်ဖြင့် အနမတဂ္ဂသံသရာမှစ၍ ချမ်းသာရနိုးနိုး အစဉ်မပြတ် လိုက်ခြင်း-ဟူသော အကြောင်းကြောင့် သံသရာ၌ ပျက်စီးခြင်းသို့သာ ရောက်ရလေ၏။ ထို့ကြောင့် သညာက္ခန္ဓာသည် တံလှပ်နှင့်သာ တူ၏-ဟု သိစေတော်မူလိုသည်ဖြစ်၍ "**မရီစိကူပမာ သညာ**"ဟု ဟောတော်မူသည်။

အဘယ်သို့ သင်္ခါရက္ခန္ဓာတို့သည် ငှက်ပျောတုံးနှင့် တူလေသနည်းဟူမူကား အနှစ်ကို အလိုရှိသောယောက်ျားသည် ထက်လှစွာသော ဓားမကို စွဲကိုင်၍ ငှက်ပျောပင်၏ အရင်း, အဖျားကို ဖြတ်ပြီးသော် အပေါ်ထပ်ကို ခွါ၍ အနှစ်ကို ရှာလေရာ၏။ အလယ်ထပ်ကို ခွါ၍ အနှစ်ကို ရှာလေရာ၏။ အတွင်းထပ်ကို ခွါ၍ အနှစ်ကို ရှာလေရာ၏။ အနှစ်ကို ရှာသော်လည်း အကာကိုမျှ မရသည်သာ ဖြစ်၏။ ထိုယောက်ျား၏ ငှက်ပျောတုံးကို မျက်စိအမြင်နှင့် ပြည့်စုံသော ယောက်ျားတစ်ယောက်သည် အနီး၌ရပ်၍ အဖန်တလဲလဲ ကြည့်ရှုဆင်ခြင်သည်ရှိသော် အနှစ်သာရမှ ဆိတ်သည်ဖြစ်၍ ရိတ္တ, တုစ္ဆအဖြစ်ကိုသာ ထင်မြင်သကဲ့သို့ ထို့အတူ သင်္ခါရက္ခန္ဓာကို ပညာစက္ခုဖြင့် အဖန်တလဲလဲ ရှုဆင်ခြင်သောသူအား အနှစ်သာရမှ ဆိတ်သည်ဖြစ်၍ ရိတ္တ, တုစ္ဆအဖြစ်ကိုသာ ထင်မြင်လေ၏။ ထို့ကြောင့် သင်္ခါရ-က္ခန္ဓာသည် ငှက်ပျောတုံးနှင့် တူသည်၏အဖြစ်ကို သိစေတော်မူလိုသည်ဖြစ်၍ "**သင်္ခါရာ ကဒလူပမာ**"ဟု ဟောတော်မူသည်။

အဘယ်သို့ ဝိညာဏက္ခန္ဓာသည် မျက်လှည့်သည်နှင့် တူသနည်းဟူမူကား မျက်လှည့်သည်ကြီးသည်လည်းကောင်း, မျက်လှည့်သည်ကြီး၏ တပည့်သည်လည်းကောင်း ချည်ဝင် မဟုတ်သောအရာကို ချည်ဝင်ဟုတ်သကဲ့သို့, ကြက်ဥ မဟုတ်သောအရာကို ကြက်ဥ ဟုတ်သကဲ့သို့, သစ်သီး,သစ်ပွင့် မဟုတ်သောအရာကို သစ်သီး,သစ်ပွင့်ဟုတ်သကဲ့သို့ ပြုလုပ်စီရင်၍ ပြလေရာ၏။ ထိုသို့ ပြသည်ကို မျက်စိအမြင်နှင့်ပြည့်စုံသော ယောက်ျားသည် အနီး၌ရပ်၍ ကြည့်ရှုဆင်ခြင်လတ်သည်ရှိသော် အနှစ်သာရမှ ဆိတ်သည်ဖြစ်၍ ရိတ္တ,တုစ္ဆ အဖြစ်ကိုသာ ထင်မြင်ရာသကဲ့သို့ ထို့အတူ ဝိညာဏက္ခန္ဓာကို ပညာစက္ခုဖြင့် ကြည့်ရှုဆင်ခြင်သောသူအား အနှစ်သာရမှ ဆိတ်သည်ဖြစ်၍ ရိတ္တ, တုစ္ဆအဖြစ်ကိုသာ ထင်မြင်လေ၏။

ထို့ကြောင့် ဝိညာဏက္ခန္ဓာသည် မျက်လှည့်သည်နှင့် တူသောအဖြစ်ကို သိစေတော်မူလိုသည် ဖြစ်၍ **"မာယူပမဉ္စ ဝိညာဏံ"**ဟု ဟောတော်မူသည်။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ခန္ဓာ ၅-ပါးတို့၌ အနှစ်သာရမှ ဆိတ်သည်ဖြစ်၍ ရိတ္တ, တုစ္ဆအဖြစ်ကို မြင်ပြီးသောသူအား များစွာအကျိုးရှိသောအဖြစ်ကို ပြတော်မူလိုသည် ဖြစ်၍—

> **ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ 'ဝိမုတ္တ'မိတိ ဉာဏံ ဟောတိ။ "ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာ'ပရံ ဣတ္ထတ္တာယာ"တိ ပဇာနာတိ။**

ဟု ဟောတော်မူသည်။ (သံ၊၂၅၆)

ထိုဒေသနာတော်မြတ်ပါဌ်ဝယ် အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ ခန္ဓာ ၅-ပါးတို့၌ ရိတ္တတုစ္ဆအဖြစ်ကို မြင်သော ပရိယတ္တိအဓိဂမ၌ သုတနှင့် ပြည့်စုံသောသူ သည်

- ခန္ဓာ ၅-ပါးတို့၌ ငြီးငွေ့ခြင်း နိဗ္ဗိဒါဉာဏ်ကို ရ၏။
- နိဗ္ဗိဒါဉာဏ်ကို ရပြီးသောသူသည် မဂ်ဉာဏ်ကို ရ၏။
- မဂ်ဉာဏ်ကို ရပြီးသောသူသည် ဖိုလ်ဉာဏ်ကို ရ၏။
- ဖိုလ်ဉာဏ်ကို ရပြီးသောသူသည် ပယ်ပြီးသော ကိလေသာ, ကြွင်းသော ကိလေသာ, မဂ်,ဖိုလ်,နိဗ္ဗာန်တို့ကို အဖန်တလဲလဲ ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်ကို ရ၏။
- 'ငါ့အား ပဋိသန္ဓေနေခြင်းသည် ကုန်ပြီ။ အရိယမဂ်တည်းဟူသော မြတ်သော အကျင့် သီတင်းကို သုံးအပ်ပြီးပြီ။ ပြုအပ်သော မဂ်ကိစ္စကို ပြုပြီးပြီ။ ၁၆-ပါးသော မဂ်ကိစ္စ အကျိုးငှာ တဖန် မဂ်ကို ပွါးစေခြင်းကိစ္စသည် မရှိပြီ'-ဟု သိခြင်းသို့ ရောက်လေ၏"

ဟု ဟောတော်မူသည်။ ထို့ကြောင့် မဂ်,ဖိုလ်,နိဗ္ဗာန်တည်းဟူသော အကျိုးထူးကို အလိုရှိကုန် သောသူတို့သည်—

- ရူပက္ခန္ဓာ၏ ရေမြှုပ်နှင့် တူသောအဖြစ်ကိုလည်းကောင်း,
- ဝေဒနာက္ခန္ဓာ၏ ရေပွက်နှင့် တူသောအဖြစ်ကိုလည်းကောင်း,
- သညာက္ခန္ဓာ၏ တံလှပ်နှင့် တူသောအဖြစ်ကိုလည်းကောင်း,

- သင်္ခါရက္ခန္ဓာ၏ ငှက်ပျောတုံးနှင့် တူသောအဖြစ်ကိုလည်းကောင်း,
- ဝိညာဏက္ခန္ဓာ၏ မျက်လှည့်သည်နှင့် တူသောအဖြစ်ကိုလည်းကောင်း,

ခန္ဓာ ၅-ပါးတို့၏ အနှစ်သာရမှ ဆိတ်သည်ဖြစ်၍ ရိတ္တ, တုစ္ဆ, သုညအဖြစ်ကိုလည်းကောင်း အဖန်တလဲလဲ ပညာစက္ခုဖြင့် ရှုဆင်ခြင်ကုန်ရာသည်။ ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။ ၅-ပုပ္ဖဝဂ်၊ ၃-ဖေဏပိဏ္ဍူပမသုတ်။၁၁၄-၇။)

★★★★★★★

## [ ၁၄ ] ခန္ဓာ ၅-ပါးသည် မိမိဥစ္စာမဟုတ်ကြောင်းတရား

အနုတ္တရ ဓမ္မရာဇာ သမ္မာသမ္ဗုဒ္ဓအစစ် ၃၁-ဘုံတွင် တစ်စုံတစ်ယောက်သော နတ်, လူတို့နှင့် နှိုင်းယှဉ်စရာ ဥပမာမရ မြတ်တော်မူသော မြတ်စွာဘုရားသည် တရံရောအခါ သာဝတ္ထိပြည်ကြီးကို ဆွမ်းခံရာအမှီပြု၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသည်။ ထိုသို့နေတော်မူသောအခါ ရဟန်းတို့ကို ခေါ်တော်မူ၍—

> ယံ ဘိက္ခဝေ န တုမှာကံ၊ တံ ပဇဟထ၊ တံ ဝေါ ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ။ ကိဉ္စ ဘိက္ခဝေ န တုမှာကံ? ရူပံ ဘိက္ခဝေ န တုမှာကံ၊ တံ ပဇဟထ၊ တံ ဝေါ ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ။ ဝေဒနာ န တုမှာကံ၊ တံ ပဇဟထ၊ သာ ဝေါ ပဟီနာ ဟိတာယ သုခါယ ဘဝိဿတိ။ သညာ န တုမှာကံ၊ သင်္ခါရာ န တုမှာကံ တေ ပဇဟထ။ တေ ဝေါ ပဟီနာ ဟိတာယ သုခါယ ဘဝိဿန္တိ။ ဝိညာဏံ န တုမှာကံ၊ တံ ပဇဟထ၊ တံ ဝေါ ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ။
>
> သေယျထာပိ ဘိက္ခဝေ ယံ ဣမသ္မိံ ဇေတဝနေ တိဏကဋ္ဌသာခါပလာသံ၊ တံ ဇနော ဟရေယျ ဝါ ဍဟေယျ ဝါ ယထာပစ္စယံ ဝါ ကရေယျ၊ အပိ နု တုမှာကံ ဧဝမဿ 'အမှေ ဇနော ဟရတိ ဝါ ဍဟတိ ဝါ ယထာပစ္စယံ ဝါ ကရောတီ'တိ။ နော ဟေတံ ဘန္တေ။ တံ ကိဿဟေတု၊ န ဟိ နော ဧတံ ဘန္တေ အတ္တာ ဝါ အတ္တနိယံ ဝါတိ။ ဧဝမေဝ ခေါ ဘိက္ခဝေ ရူပံ န တုမှာကံ၊ တံ ပဇဟထ၊ တံ ဝေါ ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ။ ဝေဒနာ န တုမှာကံ၊ တံ ပဇဟထ။ သာ ဝေါ ပဟီနာ ဟိတာယ သုခါယ ဘဝိဿတိ။ သညာ န တုမှာကံ၊ သင်္ခါရာ န တုမှာကံ၊ ဝိညာဏံ န တုမှာကံ၊ တံ ပဇဟထ၊ တံ ဝေါ ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ။ (သံ၊၂၊၂၈)

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယံ ဓမ္မဇာတံ၊ အကြင်သဘောတရားသည်။ တုမှာကံ၊ သင်တို့၏။ န သန္တကံ၊ ဥစ္စာမဟုတ်။ တံ ဓမ္မဇာတံ၊ ထိုသင်တို့၏ ဥစ္စာမဟုတ်သော သဘောတရားကို။ ပဇဟထ၊ ဉာဏ်ဖြင့် စွန့်ကြကုန်လော့။ တံ၊ ထိုသင်တို့၏ ဥစ္စာမဟုတ်သော သဘောတရားကို။ ပဟီနံ၊ ပယ်အပ်သည်ရှိသော်။ ဝေါ၊ သင်တို့အား။ ဟိတာယ၊ စီးပွါးခြင်းငှာ။ သုခါယ၊ ချမ်းသာခြင်းငှာ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ ကိဥ္စ၊ အဘယ်တရားသည်လျှင်။ တုမှာကံ၊ သင်တို့၏။ န သန္တကံ၊ ဥစ္စာ မဟုတ်သနည်း။

ဘိက္ခဝေ၊ ရဟန်းတို့။

ရူပံ၊ ရူပက္ခန္ဓာသည်။ တုမှာကံ၊ သင်တို့၏။ န သန္တကံ၊ ဥစ္စာ မဟုတ်။ တံ၊ ထိုသင်တို့၏ ဥစ္စာမဟုတ်သော ရူပက္ခန္ဓာကို။ ပဇဟထ၊ တပ်စွန်းတတ်သော ဆန္ဒရာဂကို ပယ်ကြကုန်လော့။ တံ ပဟီနံ၊ ထိုရုပ်၌ တပ်စွန်းတတ်သော ဆန္ဒရာဂကို ပယ်ခြင်းသည်။ ဝေါ၊ သင်တို့အား။ ဟိတာယ၊ စီးပွါးခြင်းငှာ။ သုခါယ၊ ချမ်းသာခြင်းငှာ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ဝေဒနာ၊ ဝေဒနာက္ခန္ဓာသည်။ တုမှာကံ၊ သင်တို့၏။ န သန္တကာ၊ ဥစ္စာမဟုတ်။ တံ၊ ထိုသင်တို့၏ ဥစ္စာမဟုတ်သော ဝေဒနာက္ခန္ဓာကို။ ပဇဟထ၊ တပ်စွန်းတတ်သော ဆန္ဒရာဂကို ပယ်ကြကုန်လော့။ သာ ပဟီနာ၊ ထိုဝေဒနာက္ခန္ဓာ၌ တပ်စွန်းတတ်သော ဆန္ဒရာဂကို ပယ်ခြင်းသည်။ ဝေါ၊ သင်တို့အား။ ဟိတာယ၊ စီးပွါးခြင်းငှာ။ သုခါယ၊ ချမ်းသာခြင်းငှာ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

သညာ၊ သညာက္ခန္ဓာသည်။ တုမှာကံ၊ သင်တို့၏။ န သန္တကာ၊ ဥစ္စာမဟုတ်။

သင်္ခါရာ၊ သင်္ခါရက္ခန္ဓာတို့သည်။ တုမှာကံ၊ သင်တို့၏။ န သန္တကာ၊ ဥစ္စာမဟုတ်ကုန်။ တေ၊ ထိုသင်တို့၏ ဥစ္စာမဟုတ်သော သင်္ခါရက္ခန္ဓာတို့ကို။ ပဇဟထ၊ တပ်စွန်းတတ်သော ဆန္ဒရာဂကို ပယ်ကြကုန်လော့။ တေ၊ ထိုသင်တို့၏ ဥစ္စာမဟုတ်သော သင်္ခါရက္ခန္ဓာတို့ကို။ ပဟီနာ၊ တပ်စွန်းတတ်ကုန်သော ဆန္ဒရာဂကို ပယ်ကြကုန်သည်ရှိသော်။ ဝေါ၊ သင်တို့အား။ ဟိတာယ၊ စီးပွါးခြင်းငှာ။ သုခါယ၊ ချမ်းသာခြင်းငှာ။ ဘဝိဿန္တိ၊ ဖြစ်လတ္တံ့။

ဝိညာဏံ၊ ဝိညာဏက္ခန္ဓာသည်။ တုမှာကံ၊ သင်တို့၏။ န သန္တကံ၊ ဥစ္စာမဟုတ်။ တံ၊ ထိုသင်တို့၏ ဥစ္စာမဟုတ်သော ဝိညာဏက္ခန္ဓာကို။ ပဇဟထ၊ တပ်စွန်းတတ်သော ဆန္ဒရာဂကို ပယ်ကြကုန်လော့။ တံ၊ ထိုသင်တို့၏ ဥစ္စာမဟုတ်သော ဝိညာဏက္ခန္ဓာကို။ ပဟီနံ၊ တပ်စွန်းတတ်ကုန်သော ဆန္ဒရာဂကို ပယ်ကုန်သည်ရှိသော်။ ဝေါ၊ သင်တို့အား။ ဟိတာယ၊ စီးပွါးခြင်းငှာ။ သုခါယ၊ ချမ်းသာခြင်းငှာ။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ဣမသ္မိံ ဇေတဝနေ၊ ဤဇေတဝန်ကျောင်းတော်အတွင်း၌။ ယံ တိဏကဋ္ဌသာခါပလာသံ၊ အကြင် မြက်, သစ်သား, သစ်ခက်, သစ်ရွက်, အမှိုက်အပေါင်းသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုမြက်, သစ်သား, သစ်ခက်, သစ်ရွက်, အမှိုက်အပေါင်းကို။ ဇနော၊ လူများအပေါင်းသည်။ ဟရေယျ ဝါ၊ ဆောင်မူလည်း ဆောင်ရာ၏။ ဍဟေယျ ဝါ၊ မီးမူလည်း တိုက်ရာ၏။ ယထာပစ္စယံ ဝါ၊ အကြောင်းအားလျော် စွာမူလည်း။ ဝါ၊ အလိုရှိတိုင်းမူလည်း။ ကရေယျ၊ ပြုရာ၏။

'အမှေ၊ ငါတို့ကို။ ဇနော၊ လူများအပေါင်းသည်။ ဟရတိ ဝါ၊ ဆောင်မူလည်း ဆောင်၏။ ဍဟတိ ဝါ၊ မီးမူလည်း တိုက်၏။ ယထာပစ္စယံ ဝါ၊ အကြောင်းအားလျော်စွာမူလည်း။ ဝါ၊ အလိုရှိတိုင်းမူလည်း။ ကရောတိ၊ ပြု၏။' ဣတိ၊ ဤသို့။ တုမှာကံ၊ သင်တို့၏။ ဧဝံ စိတ္တံ၊ ဤသို့သော စိတ်အကြံသည်။ အသုအပိ နု၊ ဖြစ်ရာအံ့လော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။ 'ဘန္တေ၊ မြတ်စွာဘုရား။ ဧတံ၊ ဤသို့ဖြစ်ခြင်းသည်။ နော ဟိ ယုတ္တံ၊ မသင့်။ တံ၊ ထိုသို့ မဖြစ်ခြင်းသည်။ ကိဿ ဟေတု၊ အဘယ်ကြောင့်နည်းဟူမူကား။ ဘန္တေ၊ မြတ်စွာဘုရား။ တံ၊ ထိုမြက်, သစ်သား, သစ်ခက်, သစ်ရွက်, အမှိုက်အပေါင်းသည်။ အတ္တာ ဝါ၊ အကျွန်ုပ်တို့၏ ကိုယ်သည်လည်းကောင်း။ အတ္တနိယံ ဝါ၊ အကျွန်ုပ်တို့၏ ကိုယ်နှင့်စပ်သော ဥစ္စာသည်လည်းကောင်း။ န ဟိ ဟောတိ၊ မဖြစ်။' ဣတိ၊ ဤသို့။ အဝေါစ၊ နားတော်လျှောက်၏။

'ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ ခေါ၊ ဤအတူလည်းကောင်းလျှင်။ ရူပံ၊ ရူပက္ခန္ဓာသည်။ တုမှာကံ၊ သင်တို့၏။ န သန္တကံ၊ ဥစ္စာမဟုတ်။ တံ၊ ထိုသင်တို့၏ ဥစ္စာမဟုတ်သော ရူပက္ခန္ဓာကို။ ပဇဟထ၊ တပ်စွန်းတတ်သော ဆန္ဒရာဂကို ပယ်ကြကုန်လော့။ တံ၊ ထိုသင်တို့၏ဥစ္စာမဟုတ်သော ရူပက္ခန္ဓာကို။ ပဟီနံ၊ တပ်စွန်းတတ်သော ဆန္ဒရာဂကို ပယ်အပ်သည်ရှိသော်။ ဝေါ၊ သင်တို့အား။ ဟိတာယ၊ စီးပွါးခြင်းငှာ။ သုခါယ၊ ချမ်းသာခြင်းငှာ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ဝေဒနာ၊ ဝေဒနာက္ခန္ဓာသည်။ တုမှာကံ၊ သင်တို့၏။ န သန္တကာ၊ ဥစ္စာမဟုတ်။ တံ၊ ထိုသင်တို့၏ ဥစ္စာမဟုတ်သော ဝေဒနာက္ခန္ဓာကို။ ပဇဟထ၊ တပ်စွန်းတတ်သော ဆန္ဒရာဂကို ပယ်ကြကုန်လော့။ သာ၊ ထိုသင်တို့၏ ဥစ္စာမဟုတ်သော ဝေဒနာက္ခန္ဓာကို။ ပဟီနာ၊ တပ်စွန်းတတ်သော ဆန္ဒရာဂကို ပယ်အပ်သည်ရှိသော်။ ဝေါ၊ သင်တို့အား။ ဟိတာယ၊ စီးပွါးခြင်းငှာ။ သုခါယ၊ ချမ်းသာခြင်းငှာ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

သညာ၊ သညာက္ခန္ဓာသည်။ တုမှာကံ၊ သင်တို့၏။ န သန္တကာ၊ ဥစ္စာမဟုတ်။

သင်္ခါရာ၊ သင်္ခါရက္ခန္ဓာတို့သည်။ တုမှာကံ၊ သင်တို့၏။ န သန္တကာ၊ ဥစ္စာမဟုတ်ကုန်။

ဝိညာဏံ၊ ဝိညာဏက္ခန္ဓာသည်။ တုမှာကံ၊ သင်တို့၏။ န သန္တကံ၊ ဥစ္စာမဟုတ်။ တံ၊ ထိုသင်တို့၏ ဥစ္စာမဟုတ်သော ဝိညာဏက္ခန္ဓာကို။ ပဇဟထ၊ တပ်စွန်းတတ်သော ဆန္ဒရာဂကို ပယ်ကြကုန်လော့။ တံ၊ ထိုသင်တို့၏ ဥစ္စာမဟုတ်သော ဝိညာဏက္ခန္ဓာကို။ ပဟီနံ၊ တပ်စွန်းတတ်သော ဆန္ဒရာဂကို ပယ်အပ်သည်ရှိသော်။ ဝေါ၊ သင်တို့အား။ ဟိတာယ၊ စီးပွါးခြင်းငှာ။ သုခါယ၊ ချမ်းသာခြင်းငှာ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သား ရဟန်းများတို့ အကြင်သဘောတရားသည် သင်တို့၏ဥစ္စာမဟုတ်။ ထိုသင်တို့၏ ဥစ္စာမဟုတ်သော သဘောတရား၌ တပ်စွန်းတတ်သော ဆန္ဒရာဂကို ပယ်စွန့်ကြကုန်လော့။ ထိုသင်တို့၏ ဥစ္စာမဟုတ်သော သဘောတရား၌ တပ်စွန်းတတ်သော ဆန္ဒရာဂကို ပယ်စွန့်အပ်သည်ရှိသော် သင်ချစ်သားတို့အား လောကုတ္တရာအကျိုးစီးပွါးကို ရခြင်းငှာ, လောကုတ္တရာချမ်းသာကို ရခြင်းငှာ ဖြစ်လတ္တံ့။

ငါ၏ချစ်သား ရဟန်းများတို့ အဘယ်မည်သော တရားသည်လျှင် သင်တို့၏ဥစ္စာမဟုတ်သနည်း? ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ-ဟု ဆိုအပ်သော ခန္ဓာ ၅-ပါး သဘောတရားတို့သည် သင်တို့၏ဥစ္စာ မဟုတ်။ သင်တို့၏ဥစ္စာမဟုတ်သော ခန္ဓာ ၅-ပါး တရားအစုတို့၌ တပ်စွန်းတတ်သော ဆန္ဒရာဂကို ဉာဏ်ဖြင့် ပယ်အပ်သည်ရှိသော် သင်ချစ်သားတို့အား လောကုတ္တရာအကျိုးစီးပွါးကို ရခြင်းငှာ ဖြစ်လတ္တံ့။ လောကုတ္တရာချမ်းသာကို ရခြင်းငှာ ဖြစ်လတ္တံ့။

ငါ၏ချစ်သား ရဟန်းများတို့ ဥပမာမည်သည်ကား ဤဇေတဝန်ကျောင်းတော်၏ အတွင်း၌ မြက်, သစ်သား, သစ်ခက်, သစ်ရွက်, အမှိုက်အပေါင်းသည် ရှိ၏။ ထိုမြက်, သစ်သား, သစ်ခက်, သစ်ရွက်, အမှိုက်အပေါင်းကို လူများအပေါင်းသည် ယူဆောင်မူလည်း ယူဆောင်ရာ၏၊ မီးမူလည်း တိုက်ရာ၏၊ အကြောင်းအားလျော်စွာ ပြုလိုရာရာ အလိုရှိတိုင်းမူလည်း ပြုရာ၏။ ထိုသို့ ပြုသည်ရှိသော် 'ငါတို့ကို လူများအပေါင်းသည် ယူဆောင်လေ၏ တကား'-ဟူ၍လည်းကောင်း, 'မီးတိုက်ခဲ့ပြီတကား'-ဟူ၍လည်းကောင်း, 'အကြောင်းအားလျော်စွာ ပြုလိုရာရာ အလိုရှိတိုင်း ပြုခဲ့ပြီတကား'-ဟူ၍လည်းကောင်း သင်တို့၏စိတ်သည် ဖြစ်ရာမည်လော"ဟု အမေးတော်ရှိသည်။ ထိုအခါ ရဟန်းတို့သည် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဇေတဝန်ကျောင်းတော်အတွင်း၌ ဖြစ်သော—

- မြက်, သစ်သား, သစ်ခက်, သစ်ရွက်, အမှိုက်အပေါင်းကို လူများအပေါင်းသည် ယူဆောင်လေသော်လည်းကောင်း,
- မီးတိုက်လေသော်လည်းကောင်း,

- အကြောင်းအားလျော်စွာ အလိုရှိတိုင်း ပြုလေသော်လည်းကောင်း,
- 'ငါတို့ကို လူများအပေါင်း သည် ယူဆောင်လေပြီတကား'-ဟူ၍လည်းကောင်း,
- 'မီးတိုက်လေပြီတကား'-ဟူ၍လည်းကောင်း,
- 'အကြောင်းအားလျော်စွာ အလိုရှိတိုင်း ပြုလေပြီတကား'-ဟူ၍လည်းကောင်း

အကျွန်ုပ်တို့၏စိတ်သည် ဖြစ်ခြင်းငှာ မသင့်ပါ။ အဘယ့်ကြောင့်နည်းဟူမူကား ထိုဇေတဝန်ကျောင်းတော်အတွင်း၌ရှိသော မြက်, သစ်သား, သစ်ခက်, သစ်ရွက်, အမှိုက်အပေါင်းသည် အကျွန်ုပ်တို့၏ ကိုယ်လည်း မဟုတ်၊ အကျွန်ုပ်တို့၏ ကိုယ်နှင့်စပ်သော ဥစ္စာလည်း မဟုတ်သောကြောင့် မသင့်သောအဖြစ်"ကို နားတော်လျှောက်၏။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် "ငါ၏ချစ်သား ရဟန်းများတို့၊ ထိုဇေတဝန်ကျောင်းတော်အတွင်း၌ဖြစ်သော မြက်, သစ်သား, သစ်ခက်, သစ်ရွက်, အမှိုက်အပေါင်းသည် သင်တို့၏ကိုယ်လည်း မဟုတ်၊ သင်တို့၏ကိုယ်နှင့်စပ်သော ဥစ္စာလည်း မဟုတ်သကဲ့သို့ ထိုအလုံးစုံသော မြက်,သစ်သား, သစ်ခက်, သစ်ရွက်, အမှိုက်အပေါင်းနှင့် တူသော ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ-ဟု ဆိုအပ်သော ခန္ဓာ ၅-ပါး တရားအစုတို့သည် သင်တို့၏ကိုယ်လည်း မဟုတ်၊ သင်တို့၏ ကိုယ်နှင့်စပ်သော ဥစ္စာလည်း မဟုတ်၊ သင်တို့၏ ကိုယ်မဟုတ်သည်ဖြစ်၍ သင်တို့၏ ကိုယ်နှင့်စပ်သော ဥစ္စာမဟုတ်သော ခန္ဓာ ၅-ပါး တရားအစုတို့၌ ပြင်းစွာ တပ်စွန်းတတ်သော ဆန္ဒရာဂကို ဉာဏ်ဖြင့် ပယ်ကြကုန်လော့။ ထိုခန္ဓာ ၅-ပါးတို့၌ တပ်စွန်းတတ်သော ဆန္ဒရာဂကို ပယ်အပ်သည်ရှိသော် သင်ချစ်သားတို့အား လောကုတ္တရာ-ဟူသော အကျိုးစီးပွါးကို ရခြင်းငှာ, လောကုတ္တရာ-ဟူသော ချမ်းသာကို ရခြင်းငှာ ဖြစ်လတ္တံ့-ဟု ဟောတော်မူသည်။

အဘယ်သို့ ခန္ဓာ ၅-ပါး တရားအစုတို့သည် မြက်, သစ်သား, သစ်ခက်, သစ်ရွက်, အမှိုက်တို့နှင့် တူလေသနည်းဟူမူကား ဤခန္ဓာ ၅-ပါးတို့တွင် ရူပက္ခန္ဓာသည် ပညတ်အားဖြင့်လည်းကောင်း, ပရမတ္ထအားဖြင့်လည်းကောင်း အမှိုက်နှင့် တူ၏။

အဘယ်သို့ ပညတ်အားဖြင့် အမှိုက်နှင့် တူသနည်းဟူမူကား ဤခန္ဓာကိုယ်အတ္တဘော၌—

| | | | | |
|---|---|---|---|---|
| ဆံပင်, | မွေးညင်း, | ခြေသည်း-လက်သည်း, သွား, | | အရေ, |
| အသား, | အကြော, | အရိုး, | ရိုးတွင်းခြင်ဆီ, | အညှို့, |
| နှလုံး, | အသည်း, | အမြှေး, | အဖျဉ်း, | အဆုတ်, |
| အူမ, | အူသိမ်, | အစာသစ်, | အစာဟောင်း, | ဦးနှောက်, |

| | | | | | |
|---|---|---|---|---|---|
| သည်းခြေ, | သလိပ်, | ပြည်, | သွေး, | ချွေး, | အဆီခဲ, |
| မျက်ရည်, | ဆီကြည်, | တံတွေး, | နှပ်, | အစေး, | ကျင်ငယ်၊ |

ဤ ၃၂-ပါးသော ကောဋ္ဌာသအစုတို့တွင် တစ်စုံတစ်ခုသော ကောဋ္ဌာသအစုသည်မျှ အနှစ်သာရမရှိ၊ မသန့်ရှင်းသည်ဖြစ်၍ နှစ်သက်လေးမြတ်အပ်သောသဘောမရှိ၊ စက်ဆုပ်အပ်သောသဘော, ရွံရှာအပ်သောသဘော, အနှစ်သာရမှ ကင်းသောသဘော, စွန့်ပစ်အပ်သောသဘောရှိသည်၏အဖြစ်ကြောင့် အမှိုက်နှင့် တူကုန်၏။

ပရမတ္ထအားဖြင့် အဘယ်သို့ အမှိုက်နှင့် တူသနည်းဟူမူကား ဤခန္ဓာကိုယ်အတ္တဘော၌ ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်-ဟု ဆိုအပ်သောမဟာဘုတ်-ဟူသော ရုပ် ၄-ခုသည်လည်းကောင်း၊ စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ, ဃဒယဝတ္ထု, ဇီဝိတိန္ဒြေ, ဣတ္ထိဘော, ပုမ္ဘော, အာကာသဓာတ်, ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ အစရှိသော ၂၈-ပါးသော ရုပ်တရားတို့သည်(လည်းကောင်း) ရှိကုန်၏။

ထို ၂၈-ပါးသောရုပ်တို့တွင် တစ်စုံတစ်ခုသောရုပ်၌ အနှစ်သာရကို ရှာ၍မရ။ စက်ဆုပ်အပ်သောသဘော, ရွံရှာအပ်သောသဘော, မနှစ်သက်အပ်သောသဘော, စွန့်ပစ်အပ်သောသဘောရှိကုန်၏။ ဥပါဒ်,ဋ္ဌီ,ဘင်အားဖြင့် မမြဲသောသဘော, ဆင်းရဲသောသဘော, အစိုးမရသောသဘော, ရိတ္တသဘော, တုစ္ဆသဘော, သုညသဘောရှိ၏။ ဤသို့လျှင် အမှိုက်သည် အနှစ်သာရမှ ဆိတ်သည်ဖြစ်၍ စက်ဆုပ်ရွံရှာအပ်, စွန့်ပစ်အပ်သောသဘောရှိသကဲ့သို့ ထို့အတူ ရူပက္ခန္ဓာသည်လည်း အနှစ်သာရမှ ဆိတ်သည်ဖြစ်၍ မနှစ်သက်အပ်, မမြတ်နိုးအပ်, စက်ဆုပ်ရွံရှာစွန့်ပစ်အပ်သောသဘောရှိရကား ပရမတ္ထအားဖြင့်လည်း အမှိုက်နှင့်သာ တူ၏။

နာမက္ခန္ဓာ ၄-ပါးတို့သည်လည်း ပညတ်အားဖြင့်လည်းကောင်း, ပရမတ္ထအားဖြင့်လည်းကောင်း အမှိုက်နှင့်သာ တူ၏။ အဘယ်သို့ ပညတ်အားဖြင့် အမှိုက်နှင့် တူသနည်းဟူမူကား ပိယသဘော, သာတသဘောဖြစ်ကုန်သော နာမက္ခန္ဓာတရား ၄-ပါးတို့သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ သဘာဝပညတ်မျှသာ ဖြစ်သောကြောင့် မနှစ်သက်အပ်, မမြတ်နိုးအပ်, စွန့်ပစ်အပ်သည်ဖြစ်၍ အမှိုက်နှင့်သာ တူ၏။

ပရမတ္ထအားဖြင့် အဘယ်သို့ အမှိုက်နှင့် တူသနည်းဟူမူကား နာမက္ခန္ဓာ ၄-ပါးတို့တွင် တစ်စုံတစ်ခုသော ခန္ဓာသည်မျှ မြဲသောသဘော မရှိ။ ဥပါဒ်,ဋ္ဌီ,ဘင်အားဖြင့် ပျက်စီးတတ်သည်ဖြစ်၍ မမြဲသောသဘော, ဆင်းရဲသောသဘော, အစိုးမရသောသဘော,

ရိတ္တသဘော, တုစ္ဆသဘော, သုညသဘောရှိသည်ဖြစ်၍ စွန့်ပစ်အပ်သောသဘော ရှိ၏။ ဤသို့လျှင် နာမက္ခန္ဓာတရား ၄-ပါးတို့သည် ပရမတ္ထအားဖြင့်လည်း အမှိုက်နှင့်သာ တူကုန်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အမှိုက်နှင့် တူကုန်သော ခန္ဓာ ၅-ပါး တရားအစုတို့၌ တပ်စွန်းတတ်သော ဆန္ဒရာဂကို ပယ်၍ "ငါ၏ကိုယ် မဟုတ်၊ ငါ၏ကိုယ်နှင့်စပ်သော ဥစ္စာလည်း မဟုတ်"ဟု ရှုလေ့ရှိကုန်သော သူတော်ကောင်းတို့အား နိဗ္ဗာန်,မဂ်,ဖိုလ်-ဟူသော လောကုတ္တရာအကျိုးစီးပွါးကို ရခြင်းငှာ နိဗ္ဗာန်,မဂ်,ဖိုလ်-ဟူသော လောကုတ္တရာချမ်းသာကို ရခြင်းငှာ ဖြစ်ကုန်၏။

အဘယ်သူတို့သည် "ငါ၏ကိုယ် မဟုတ်၊ ငါ၏ကိုယ်နှင့်စပ်သော ဥစ္စာမဟုတ်"ဟု နှလုံးသွင်းခြင်းကြောင့် မဂ်,ဖိုလ်,နိဗ္ဗာန်-ဟူသော လောကုတ္တရာစီးပွါးချမ်းသာကို ရဖူးလေသနည်းဟူမူကား—

သာဝတ္ထိပြည်၌ တိဿအမည်ရှိသော သူကြွယ်သားသည် ကုဋေ ၄၀-သော ဥစ္စာကို မြေ၌ မြှုပ်ထား၍ ၅၀၀-သောလှည်းတို့ဖြင့် ကုန်စလှယ်သွယ်အံ့သောငှာ သွားလတ်သည်ရှိသော် ခရီးအကြား၌—

**ရူပံ ဘိက္ခဝေ န တုမှာကံ၊ တံ ပဇဟထ၊ တံ ဝေါ ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ။ ဝေဒနာ န တုမှာကံ၊ သညာ န တုမှာကံ၊ သင်္ခါရာ န တုမှာကံ၊ ဝိညာဏံ န တုမှာကံ၊ တံ ပဇဟထ၊ တံ ဝေါ ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ။** (သံ၊၂၂၈)

အစရှိသည်ဖြင့် သရဏ္ဍာယ်သော ရဟန်းတို့၏ "န တုမှာက"သုတ္တန်ဒေသနာတော်ကို ကြား၍ "ဘုရားဒေသနာတော်၌ 'ငါ၏ကိုယ်လည်း မဟုတ်၊ ငါ၏ကိုယ်နှင့်စပ်သော ဥစ္စာလည်း မဟုတ်'-ဟု လာ၏။ ငါတို့မူကား ဤခန္ဓာကိုယ်ကို အစပြု၍ သား,မယား နွား,ကျွဲ,ဆင်,မြင်း ရွှေ,ငွေ,ဥစ္စာ လယ်ယာ,ကိုင်းကျွန်း အစရှိသော ဥစ္စာဘဏ္ဍာမျိုးတို့၌ များလှစွာသော ငါ-ဟူသော အမှတ်သညာဖြင့် နေလေကုန်ဘိ၏။ ထိုသို့ မှတ်ခြင်း, စွဲလမ်းခြင်းသည် မသင့်ပါတကား"ဟု သတိသံဝေဂဉာဏ်ကို ဖြစ်စေ၍ ညီငယ်အား သက်ရှိ,သက်မဲ့ ဥစ္စာဘဏ္ဍာမျိုးတို့ကို အပ်နှင်းခဲ့၍ ရဟန်းပြုပြီးသော် လူမနီးသော တောအရပ်၌ နေလေ၏။

မထေရ်၏ ညီငယ့်မိန်းမဖြစ်သောသူသည် "ဤတိဿရဟန်းကား အကယ်၍ သာသနာတော်၌ မမွေ့လျော်သည်ဖြစ်၍ အိမ်ရာထောင်သော လူ၏ဘောင်သို့ ပြန်လည်ပြန်သည်ဖြစ်အံ့။ ကုဋေ ၄၀-သော ဥစ္စာတို့ကို ခွဲဝေ၍ ပေးရအံ့သည်တကား။ ခိုးမှုတို့ကို သတ်စေသည်ရှိသော် ကောင်း၏"ဟု ကြံ၍ ၅၀၀-သော ခိုးမှုတို့အား ၁,၀၀၀-သော အသပြာကို ပေး၍ သတ်စိမ့်သောငှာ စေလေ၏။ ခိုးမှုတို့သည်လည်း မထေရ်ရှိရာ တော

အရပ်သို့ သွား၍ ထက်ဝန်းကျင်မှ ဝန်းရံလေကုန်၏။ မထေရ်သည်လည်း "ဒါယကာတို့ အဘယ်အကြောင်းကြောင့် လာကုန်သနည်း"ဟု မေးသည်ရှိသော် "အရှင်ဘုရားကို သတ်အံ့သောငှာ လာပါသည်"ဟု ဆိုလေ၏။

"ဒါယကာတို့ မပြေးစိမ့်သောငှာ ဝန်ခံအံ့သောသူကို ယူ၍ ယနေ့ ၁-ညဥ့်မျှ အသက်ကို ပေးပါကုန်"ဟု ဆိုလေသော် "ဤတောအရပ်၌ အရှင်ဘုရားအား ဝန်ခံအံ့သောသူ အဘယ်မှာ ရှိပါလတ္တံ့နည်း"ဟု ဆိုလေကုန်၏။ တိဿမထေရ်သည်လည်း ကြီးစွာသော ကျောက်ကို ယူ၍ ပေါင်ရိုး ၂-ဖက်တို့ကို ရိုက်ချိုးပြီးသော် "ဒါယကာတို့ ဝန်ခံသူကို ပေးခြင်းသည် သင့်၏လော"ဟု မေးလေ၏။ ခိုးမှုးတို့သည်လည်း အရပ်တပါးသို့ မဖဲမူ၍ စင်္ကြံဦး၌ မီးကို ထည့်၍ အိပ်ကြလေကုန်၏။ မထေရ်သည်လည်း ပေါင်ရိုးကျိုးခြင်းကြောင့်ဖြစ်သော ဒုက္ခဝေဒနာကို ခွါ၍ သီလကို ဆင်ခြင်လတ်သော် အလွန်စင်ကြယ်သော သီလကို အမှီပြု၍ အလွန်နှစ်သက်ခြင်း ပီတိပါမောဇ္ဇသည် ဖြစ်၏။

ထို့နောင်မှ အစဉ်သဖြင့် ဝိပဿနာကို ပွါးစေ၍ ညဥ့် ၃-ယံပတ်လုံး ရဟန်းတရားကို အားထုတ်သည်ရှိသော် နေအရုဏ်တက်သောအခါ၌ အရဟတ္တဖိုလ်သို့ ရောက်၍ "ဥဘော ပါဒါနိ ဘိန္ဒိတွာ သံယမိဿာမိ"အစရှိသည်ဖြင့် ဝမ်းမြောက်ခြင်းကြောင့်ဖြစ်သော ဥဒါန်းဂါထာကို မြွက်လေ၏။

ဥပါသကာ၊ ဒါယကာတို့။ ဥဘော ပါဒါနိ ဥဘော ပါဒေ၊ ခြေ ၂-ဖက်တို့ကို။ ဘိန္ဒိတွာ၊ ချိုး၍။ ဝေါ၊ သင်တို့အား။ အဟံ၊ ငါသည်။ သံယမိဿာမိ၊ သိစေအံ့။ အဟံ၊ ငါသည်။ သရာဂ မရဏံ၊ ရာဂနှင့်တကွ သေရခြင်းကို။ အဋ္ဋိယာမိ၊ ငြီးငွေ့၏။ ဟရာယာမိ၊ ရှက်နိုး၏။ ဥပါသကာ၊ ဒါယကာတို့။ အဟံ၊ ငါသည်။ ဧဝံ၊ ဤသို့။ စိန္တယိတွာန၊ ကြံပြီး၍။ ယထာဘူတံ၊ ဟုတ်မှန်တိုင်း။ ဝိပဿိသံ၊ ကောင်းစွာ ရှုပြီ။ အရုဏုဂ္ဂမှိ၊ နေအရုဏ်တက်ခြင်းသို့။ သမ္ပတ္တေ၊ ရောက်လတ်သည်ရှိသော်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိံ၊ ရောက်ပြီ။ ဣတိ၊ ဤသို့။ ဥဒါနံ၊ ဝမ်းမြောက်သော စကားကို။ ဥဒါနေသိ၊ မြွက်ဆို၏။

ပီတမလ္လအမည်ရှိသော မထေရ်သည်လည်း လူလက်ထက်၌ ပဏ္ဍု၊ စောဠ၊ ဂေါဠ-ဟု ဆိုအပ်သော တိုင်းကြီး ၃-တိုင်းတို့၌ တံခွန်စိုက်၍ သိန်းခိုကျွန်းသို့ လာလတ်၍ သိန်းခိုမင်းကို တွေ့မြင်၍ မင်းသည် ချီးမြှင့်အပ်သော အနုဂ္ဂဟရှိသည်ဖြစ်၍ တစ်နေ့သ၌ ဖျာမိုးအိမ်စျေး ဇရပ်တံခါးဖြင့် သွားသည်ရှိသော် "ရူပံ ဘိက္ခဝေ န တုမှာကံ"အစရှိသော "န တုမှာက"ဝဂ်ဖြင့် ပြအပ်သော အနက်ကို ကြား၍ "ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ-ဟု ဆိုအပ်သော ခန္ဓာ ၅-ပါး တရားတို့သည် ငါ၏ကိုယ်လည်း မဟုတ်၊ ငါ၏ကိုယ်နှင့်စပ်သော ဥစ္စာလည်း မဟုတ်"ဟု ကြံ၏။

ထိုဝိတမလ္လမည်သောသူသည် "န တုမှာက"ဝဂ်ဖြင့် ပြအပ်သော ထိုအနက်ကို ပင်လျှင် အမုန်ယစ်သော ဆင်နှင့်တူသော စိတ်၏ ချွန်းချိတ်သဖွယ်ပြု၍ မဟာဝိဟာရသို့ သွားလေ၍ ရဟန်းပဥ္စင်းပြုပြီးသော် ၂-စောင်သော မာတိကာတို့ကို နှုတ်၌ လေ့လာသည်ကို ပြု၍ ၃-ကျိပ်သော ရဟန်းတို့ကို ခေါ်၍ ဂဗ္ဗလဝါသိယအပြင်သို့ သွားလေ၍ ရဟန်းတရားကို အားထုတ်၏။ ခြေတို့ဖြင့် မသွားနိုင်ကုန်သည်ရှိသော် ပုဆစ်ဒူးတို့ဖြင့် စင်္ကြံသွားလေ၏။

ထိုမထေရ်ကို တောသွားမုဆိုးသည် သမင်-ဟု မှတ်ထင်၍ လှံဖြင့် ထိုးလေ၏။ လှံသည်လည်း ထုတ်ချင်းထွက်၍ သွားလေ၏။ ဝိတမလ္လမထေရ်သည် ထိုလှံကို နှုတ်စေ၍ ၂-ဖက်သော လှံဝတို့ကို မြက်ထုံးတို့ဖြင့် ဆို့၍ မိမိကိုယ်ကို ကျောက်ဖျာအပြင်၌ ထားစေ၍ "အရှင်ကောင်းတို့၊ အခိုက်အတန့်ကာလမျှ ဖဲကြပါကုန်"ဟု အခွင့်ကို ပြုစေ၍ ဝိပဿနာ တရားတို့ကို အားထုတ်သည်ရှိသော် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ "ရဟန်းကိစ္စ ပြီးလေပြီ"ဟု ချောင်းဟန့်သောအသံကို ပြု၏။ ထိုချောင်းဟန့်သော အသံဖြင့် စည်းဝေးလာကုန်သော ရဟန်းတို့အား အရဟတ္တဖိုလ်ကို အမြွက်အားဖြင့် ကြားပြီး၍ "ဘာသိတံ ဗုဒ္ဓသေဋ္ဌဿ"အစရှိသော ဥဒါန်းစကားကို မြွက်ဆိုလေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရူပက္ခန္ဓာသည်။ တုမှာကံ၊ သင်တို့၏။ န သန္တကံ၊ ဥစ္စာ မဟုတ်။ တံ၊ ထိုရူပက္ခန္ဓာကို။ ဝါ၊ ထိုရုပ်၌ တပ်စွန်းတတ်သော ဆန္ဒရာဂကို။ ပဇဟထ၊ ပယ်စွန့်ကြကုန်လော့။ ဣဒံ ဝစနံ၊ ဤစကားသည်။ သဗ္ဗလောကဂ္ဂဝါဒိနော၊ အလုံးစုံသော သတ္တလောကအား မြတ်သောတရားကို ဟောကြားတော်မူပေတတ်သော။ ဗုဒ္ဓသေဋ္ဌဿ၊ ဘုရားမြတ်၏။ ဘာသိတံ၊ စကားတော်တည်း။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အနိစ္စာ ဝတ၊ အမြဲမရှိကုန်စွတကား။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ခြင်း,ပျက်ခြင်းသဘောရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ တေသံ၊ ထိုသင်္ခါရတရားတို့၏။ ဝူပသမော၊ ငြိမ်းရာကား။ သုခေါ၊ နိဗ္ဗာန်သာတည်း။

ထိုအခါ ရဟန်းတို့သည် ဝိတမလ္လအမည်ရှိသော မထေရ်ကို "အရှင်ဘုရား၊ သဗ္ဗညု မြတ်စွာဘုရားသည် ထင်ရှားရှိတော်မူသည်ဖြစ်အံ့။ သမုဒ္ဒရာရေမျက်နှာ၏ အပေါ်ဖြင့် လက်ကို ဆန့်၍ အရှင်ဘုရား၏ ဦးခေါင်းကို သုံးသပ်ရာ၏"ဟု ဆိုလေကုန်၏။

ဤသို့လျှင် ကုဋုမ္ဗိယတိဿမထေရ်, ဝိတမလ္လမထေရ်-အစရှိကုန်သော သူတော် ကောင်းတို့သည် အမိုက်နှင့်အတူ ရူပက္ခန္ဓာ-အစရှိသော ခန္ဓာ ၅-ပါးတို့ကို နှလုံးထားကုန်၍ များစွာသော မဂ်,ဖိုလ်,နိဗ္ဗာန် လောကုတ္တရာ စီးပွါးချမ်းသာကို ရလေကုန်ပြီ။

ထို့ကြောင့် လောကုတ္တရာ မဂ်,ဖိုလ်,နိဗ္ဗာန် စီးပွါးချမ်းသာကို တောင့်တကုန်သော သူတော်ကောင်းတို့သည် ထိုမထေရ်တို့ကဲ့သို့ အမှိုက်နှင့်ထပ်တူ ရူပက္ခန္ဓာ-အစရှိသော ခန္ဓာ ၅-ပါးတရားတို့ကို အခါမပြတ် ရှုကြကုန်ရာသည်။ ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။ ၄-နတုမှာကဝဂ်၊ ၁-န တုမှာကသုတ်၊နှာ-၂၈။ ၎င်းအဋ္ဌကထာ၊နှာ-၂၄၄-၅။ဒီ၊ဋ္ဌ၊၂။၃၃၉-၃၄၁။မ၊ဋ္ဌ၊၁။၂၃၈-၂၄၀။ ဒီ၊ဋီ၊၂။ ၃၉-၃၄၁။မ၊ဋီ၊၁။၃၃၃-၄။)

★★★★★★★

## [ ၁၅ ] သမထ, ဝိပဿနာဘာဝနာ ၂-ပါးတရား

ခပ်သိမ်းသော တရားအပေါင်းတို့ကို အကုန်အစင် သိမြင်တော်မူပြီးသော ဘုရားသခင်သည်—

**ဒွေ ဓမ္မာ ဘာဝေတဗ္ဗာ။ ကတမေ ဒွေ? သမထော စ ဝိပဿနာ စ၊ ဣမေ ဒွေ ဓမ္မာ ဘာဝေတဗ္ဗာ။** (ဒီ၊၃။၂၂၈။)

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ဘာဝေတဗ္ဗာ၊ ပွါးစေအပ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ဒွေ၊ ၂-ပါးတို့တည်း။ ဒွေ၊ ၂-ပါးတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။ သမထော စ၊ သမထဘာဝနာလည်း ၁-ပါး။ ဝိပဿနာ စ၊ ဝိပဿနာဘာဝနာလည်း ၁-ပါး။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ဣမေ ဒွေ၊ ဤ ၂-ပါးတို့တည်း။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား ပွါးစေအပ်ကုန်သော တရားတို့သည် သမထဘာဝနာ, ဝိပဿနာဘာဝနာ-ဟူ၍ ၂-ပါးအပြားရှိကုန်၏။ ထို ၂-ပါးတို့တွင်-

**ကိလေသေ သမေတီတိ သမထော။**
**သမထဘာဝနာယ ဘာဝနာ သမထဘာဝနာ။**

ဟူ၍ ကျမ်းဂန်လာသောကြောင့် ကမ္မဋ္ဌာန်း ၄၀-တို့သည် ကိလေသာတို့ကို ငြိမ်သက်စေတတ်သောကြောင့် သမထဘာဝနာ မည်ကုန်၏။

**ခန္ဓာဒိနံ ဝိသေသေန အနိစ္စာဒီဟိ ပဿတီတိ ဝိပဿနာ။**
**ဝိပဿနာဘာဝနာယ ဘာဝနာ ဝိပဿနာဘာဝနာ။**

ဟူ၍ ကျမ်းဂန်လာသောကြောင့် ခန္ဓာ-အစရှိကုန်သော ပရမတ္ထတရားတို့ကို အနိစ္စ-အစရှိသည်တို့ဖြင့် အထူးသဖြင့် မြင်တတ်သောပညာ၊ ထိုပညာဖြင့် အနိစ္စသညာ, ဒုက္ခသညာ, အနတ္တသညာတို့ကို မှတ်၍ ပွါးစေခြင်းသည် **ဝိပဿနာဘာဝနာ** မည်၏။

ထို ၂-ပါးကုန်သော ဘာဝနာတို့တွင် သမထဘာဝနာ-ဟူသော ကမ္မဋ္ဌာန်း ၄၀-ကို ပွါးလိုသောသူသည် မိမိသန္တာန်၌ဖြစ်သော စရိုက် ၆-ပါးကို ရှုဆင်ခြင်၍ ထိုစရိုက် ၆-ပါးအား လျောက်ပတ်သော ကမ္မဋ္ဌာန်းကို ပွါးစေရာ၏။ ထိုသို့ ဆင်ခြင်ရာသော စရိုက်တို့သည် ၆-ပါးတို့တည်း။ ၆-ပါးတို့ဟူသော်ကား—

၁။ အထူးထူးသောအာရုံ၌ ကပ်ငြိတတ်သော လောဘ-ဟူသော ရာဂစရိုက်လည်း ၁-ပါး,

၂။ ကြမ်းတမ်းသဖြင့် ပြစ်မှားတတ်သော ဒေါသ-ဟူသော စရိုက်လည်း ၁-ပါး,

၃။ သစ္စာ ၄-ပါးတို့၌ မသိတတ်သော အဝိဇ္ဇာ-ဟူသော မောဟစရိုက်လည်း ၁-ပါး,

၄။ ဘုရား -အစရှိသော ရတနာ ၃-ပါးတို့၏ဂုဏ်ကိုလည်းကောင်း, ကံကိုလည်းကောင်း, ကံ၏အကျိုးကိုလည်းကောင်း, ဤပစ္စုပ္ပန်လောက, တမလွန်လောကကိုလည်းကောင်း ယုံကြည်တတ်သော သဒ္ဓါ-ဟူသော စရိုက်လည်း ၁-ပါး,

၅။ အထူးထူးအပြားပြား များသောတရားတို့ကို ထိုးထွင်း၍ သိတတ်သော ပညာ-ဟူသော ဗုဒ္ဓိစရိုက်လည်း ၁-ပါး,

၆။ အထူးထူးသော အာရုံတို့ကို ရှေးရှုကြံတတ်သော ဝိတက်-ဟူသော စရိုက်လည်း ၁-ပါး၊

ဤသို့အားဖြင့် ဆင်ခြင်ရာသော စရိုက်တို့သည် ၆-ပါးတို့တည်း။

ထိုစရိုက် ၆-ပါးတို့တွင် အဘယ်စရိုက်သည် ပြောသနည်း-ဟု မိမိသန္တာန်၌ ပြောသော စရိုက်တို့ကို ဆင်ခြင်၍ ထိုပြောသောစရိုက်အား လျော်သော ကမ္မဋ္ဌာန်းတို့ကို ဆင်ခြင်၍ ထိုပြောသောစရိုက်အား လျော်သော ကမ္မဋ္ဌာန်းတို့ကို ပွါးစေရာ၏။ အဘယ်ကမ္မဋ္ဌာန်းသည် အဘယ်စရိုက်ပြောသော ပုဂ္ဂိုလ်အား လျောက်ပတ်သနည်းဟူမူကား

- အသုဘ ၁၀-ပါး, ကာယဂတာသတိ၊ ဤ ၁၁-ပါးသော ကမ္မဋ္ဌာန်းတို့သည် ရာဂစရိုက်ပြောသော ပုဂ္ဂိုလ်အား သင့်တင့်လျောက်ပတ်ကုန်၏။

- မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ-ဟူသော ဗြဟ္မဝိဟာရတရား ၄-ပါး၊ နီလကသိုဏ်း, ပီတကသိုဏ်း, လောဟိတကသိုဏ်း, ဩဒါတကသိုဏ်းအားဖြင့် ကသိုဏ်း

၄-ပါး၊ ဤ ၈-ပါးသော ကမ္မဋ္ဌာန်းတို့သည် ဒေါသစရိုက်ပြောသော ပုဂ္ဂိုလ်အား သင့်တင့်လျောက်ပတ်ကုန်၏။

- အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်, ဝင်သက်ပညတ်-ဟူသော ကမ္မဋ္ဌာန်း ၁-ပါးသည် မောဟစရိုက်ပြောသော ပုဂ္ဂိုလ်, ဝိတက်စရိုက်ပြောသော ပုဂ္ဂိုလ်အား သင့်တင့်လျောက်ပတ်၏။
- ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ၊ ဤ ၆-ပါးသော ကမ္မဋ္ဌာန်းတို့သည် သဒ္ဓါစရိုက်ပြောသော ပုဂ္ဂိုလ်အား သင့်တင့်လျောက်ပတ်ကုန်၏။
- မရဏာနုဿတိ, ဥပသမာနုဿတိ, အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်၊ ဤ ၄-ပါးသော ကမ္မဋ္ဌာန်းတို့သည် ပညာ-ဟူသော ဗုဒ္ဓိစရိုက်ပြောသော ပုဂ္ဂိုလ်အား သင့်တင့်လျောက်ပတ်၏။

ပထဝီကသိုဏ်း, အာပေါကသိုဏ်း, တေဇောကသိုဏ်း, ဝါယောကသိုဏ်း, အာလောကကသိုဏ်း, အာကာသကသိုဏ်းအားဖြင့် ကသိုဏ်း ၆-ပါးသည်လည်းကောင်း၊ အရူပဈာန် ၄-ပါးတို့သည်လည်းကောင်း၊ ဤ ၁၀-ပါးသော ကမ္မဋ္ဌာန်းတို့သည် အလုံးစုံစရိုက် ၆-ပါးပြောသော ပုဂ္ဂိုလ်တို့အား သင့်တင့်လျောက်ပတ်ကုန်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် စရိုက် ၆-ပါးတို့အား လျောက်ပတ်သော ကမ္မဋ္ဌာန်းတို့ကို စီးဖြန်းပွါးများကုန်ရာသည်။

ထိုစရိုက်တို့သည် အဘယ်အကြောင်းကြောင့် ပြောလေသနည်းဟူမူကား ရာဂ, ဒေါသ, မောဟ-ဟူသော စရိုက် ၃-ပါးတို့သည် ရှေးဘဝ၌ဖြစ်သော အလေ့အကျင့်တို့ကြောင့်လည်းကောင်း၊ ဓာတ်ပြောသောကြောင့်လည်းကောင်း၊ သည်းခြေ, သလိပ်-စသော ဒေါသပြောသောကြောင့်လည်းကောင်း ပြောကုန်၏။ အဘယ်သို့ ရှေးဘဝ၌ဖြစ်သော အလေ့အကျက်တို့ကြောင့် ပြောသနည်းဟူမူကား တင့်တယ်သော ဣဋ္ဌာရုံတို့နှင့် ယှဉ်ခြင်း, သုဘအာရုံ၌ နှလုံးသွင်းခြင်း များသောသူသည်လည်းကောင်း၊ နတ်ပြည်မှ စုတေ၍ လူ့ပြည်၌ ဖြစ်သောသူသည်လည်းကောင်း ရာဂစရိုက်ပြောသည် ဖြစ်၏။

ရှေးဘဝ၌ သတ်ခြင်း, ဖြတ်ခြင်း, နှောင်ဖွဲ့ခြင်း, ရန်ငြိုးဖွဲ့ခြင်း များသောသူသည်လည်းကောင်း၊ ငရဲဘုံ, နဂါးပြည်တို့မှ စုတေ၍ လူ့ပြည်၌ဖြစ်သောသူသည်လည်းကောင်း ဒေါသစရိုက်ပြောခြင်းသည် ဖြစ်၏။

ဈေးဘဝ၌ သေရည်သေရက်, ယစ်မျိုးတို့ကို သောက်စားခြင်း များသောသူသည်လည်းကောင်း၊ တရားတော်ကို သင်ခြင်း, နာခြင်း, ဆွေးနွေးမေးမြန်းခြင်း, ဆင်ခြင်ခြင်းမရှိမူ၍ ကင်းသောသူသည်လည်းကောင်း **မောဟစရိုက် ပြောခြင်းသည် ဖြစ်၏။**

ဤအလုံးစုံ သော စကားသည်ကား အပရိစ္ဆိန္နဖြစ်၍ အပိုင်းအခြားမရှိသော စကားမျှသာတည်း။ စင်စစ်အားဖြင့် ပိုင်းခြားအပ်သည်ရှိသော်ကား ရှေးရှေးသောဘဝ၌ သီလ, သမထ, ဝိပဿနာဘာဝနာတည်းဟူသော ကုသိုလ်ကံကို အားထုတ်သောအခါ–

- **လောဘ**ခြံရံ၍ ပြုသောသူသည် **ရာဂစရိုက်**ပြောခြင်းသည် မည်၏။
- **ဒေါသ**ခြံရံ၍ ပြုသောသူသည် **ဒေါသစရိုက်**ပြောခြင်းသည် ဖြစ်၏။
- **မောဟ**ခြံရံ၍ ပြုသောသူသည် **မောဟစရိုက်**ပြောခြင်းသည် ဖြစ်၏။
- **သဒ္ဓါ**ယုံကြည်၍ ရွှင်လန်းသောစိတ်ဖြင့် ပြုသောသူသည် **သဒ္ဓါစရိုက်**ပြောခြင်းသည် ဖြစ်၏။
- ပညာဖြင့်သာ အကျိုးရှိသည်, အကြောင်းဟုတ်သည်, မဟုတ်သည်တို့ကို စူးစမ်းဆင်ခြင်၍ ပြုလေ့ရှိသောသူသည် ပညာ-ဟူသော **ဗုဒ္ဓိစရိုက်**ပြောခြင်းသည် ဖြစ်၏။
- ကာမဝိတက်-စသော **မိစ္ဆာဝိတက်**စရိုက်တို့ဖြင့်လည်းကောင်း, "ဤတရားကား ဒုက္ခသစ္စာတည်း၊ ဤတရားကား သမုဒယသစ္စာတည်း၊ ဤတရားကား နိရောဓသစ္စာတည်း၊ ဤတရားကား မဂ္ဂသစ္စာတည်း၊" ဤသို့အစရှိသော **သမ္မာဝိတက်**ဖြင့်*(လည်းကောင်း)* ခြံရံ၍ ပြုသောသူသည် အကြောင်းအားလျော်စွာ **မိစ္ဆာဝိတက်, သမ္မာဝိတက်** စရိုက်တို့၏ ပြောခြင်းသည် ဖြစ်၏။

ထို့ကြောင့်–

- ဒါန,သီလ-စသော ကုသိုလ်ကံကို အားထုတ်သောအခါ ပစ္စည်းဥစ္စာတို့၌ တွယ်တာမက်မောတတ်သော လောဘ၊
- အလှူခံပုဂ္ဂိုလ်, အလှူဝတ္ထု, မိမိ, သူတပါး, သတ္တဝါသင်္ခါရတို့၌ ကြမ်းတမ်းသဖြင့် ပြစ်မှားတတ်သော ဒေါသ၊
- ကြွင်ဖလဖြစ်သော ကောင်းကျိုးအပေါင်းတို့၌ မဖြစ်စိမ့်သောငှာ ဖုံးလွှမ်းတတ်သော မောဟ၊

မိစ္ဆာဝိတက်တို့ကို မဖြစ်စေမူ၍ ထိုလောဘ, ဒေါသ, မောဟ, မိစ္ဆာဝိတက်တည်းဟူသော အညစ်အကြေးတို့မှ စင်ကြယ်စေလျက် အလောဘ, အဒေါသ, အမောဟ, သဒ္ဓါ, သမ္မာဝိတက်တို့ကို ထက်သန်ကောင်းမွန်စွာ ဖြစ်စေ၍ ပွါးများအားထုတ်ကုန်ရာသည်။

ထို ၄၀-သော ကမ္မဋ္ဌာန်းတို့ကို စီးဖြန်းပွါးများစေသောသူတို့အား—

- မဂ်,ဖိုလ်,နိဗ္ဗာန်ကိုသော်လည်း ရသည်ဖြစ်ရာ၏။
- အပ္ပနာစျာန်ကိုသော်လည်း ရသည်ဖြစ်ရာ၏။
- ဥပစာရစျာန်ကိုသော်လည်း ရသည်ဖြစ်ရာ၏။

ထိုသို့ ဆိုအပ်ခဲ့ပြီးသော တရားအထူးတို့ကိုပင် မရသော်လည်း လူ့ပြည်,နတ်ပြည်သို့ ရောက်ရာ, ဖြစ်ရာ၏။ ထို့ကြောင့် ဤသို့ ကြီးသောအာနုဘော်ရှိသော သမထဘာဝနာကို ပွါးများခြင်း၌ ပညာရှိသော အမျိုးကောင်းသား သူတော်ကောင်းအပေါင်းတို့သည် မမေ့မလျော့ အားထုတ်ကုန်ရာသည်။ ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (ပါထိကဝဂ္ဂပါဠိတော်။ ဒသုတ္တရသုတ်၊နှာ-၂၂၈။ ဝိသုဒ္ဓိမဂ်အဓိပ္ပါယ်၊၄၊၁။၉၈-၁၀၁။)

★★★★★★★

## [ ၁၆ ] မရဏဿတိကမ္မဋ္ဌာန်းတရား

"**အမတံ ဒဒါတီတိ အမတံဒဒေါ**"ဟူသော ဝိဂြိုဟ်ဝစနတ် လာသည်နှင့်ညီစွာ သေခြင်းကင်းရာ နိဗ္ဗာန်တရားကို ပေးသနားတော်မူတတ်သော သတ္တိကြောင့် သုံးလူ့ထွတ်ထား ဘုရားသခင်သည် **အမတံဒဒ**-ဟူသော ဂုဏ်တော်နာမ ဝိသေသအထူးနှင့် ပြည့်စုံတော်မူသည်။ ထိုသို့ အမတံဒဒ-ဟူသော ဂုဏ်တော်နာမ ဝိသေသအထူးနှင့် ပြည့်စုံတော်မူသော ဘုရားသခင်သည် သေခြင်းကင်းရာ နိဗ္ဗာန်ကို အလိုရှိ၍ တောင့်တကြကုန်သော အမျိုးကောင်းသား သူတော်ကောင်းအပေါင်းတို့အား သေခြင်းတရား*(ကို အောက်မေ့ခြင်း)*-ဟု ဆိုအပ်သော မရဏဿတိကို ပွါးစေ၍ သေခြင်းကင်းရာ နိဗ္ဗာန်ကို ရစိမ့်သောငှာ ၃-ပါးသော ဒေသနာတို့တွင် သုတ္တန်ဒေသနာတော်၌—

**မရဏဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ အမတောဂဓာ အမတပရိယောသာနာ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (အံ၊၃။၁၃၅)

ဘိက္ခဝေ၊ ရဟန်းတို့။ မရဏဿတိ၊ မရဏဿတိကို။ ဘာဝိတာ၊ ပွါးစေအပ်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ လေ့လာအပ်သည်ရှိသော်။ မဟပ္ဖလာ၊ များသောအကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ မဟာနိသံသာ၊ များသော အာနိသင်ရှိသည်။ ဟောတိ၊

ဖြစ်၏။ အမတောဂဓာ၊ အမြိုက်နိဗ္ဗာန်သို့ သက်ဝင်သည်။ ဟောတိ၊ ဖြစ်၏။ အမတပရိ-ယောသာနာ၊ နိဗ္ဗာန်သို့ ရောက်မှသာလျှင် အဆုံးရှိသည်။ ဟောတိ၊ ဖြစ်၏။

ထိုဒေသနာတော်၏ အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ သင်တို့သည် မရဏာဿတိကမ္မဋ္ဌာန်းကို ပွါးစေကြကုန်လော့။ မရဏာဿတိကို ပွါးစေအပ်ကုန်သည်ရှိသော်, အကြိမ်များစွာ လေ့လာအပ်ကုန်သည်ရှိသော် များသော အကျိုးရှိကုန်၏။ များသော အာနိသင် ရှိကုန်၏။ နိဗ္ဗာန်သို့ ရောက်စေတတ်ကုန်၏။ နိဗ္ဗာန်လျှင် အဆုံးရှိကုန်၏"ဟု အဓိပ္ပါယ်လာသည်။ ထို့ကြောင့် မရဏာဿတိကမ္မဋ္ဌာန်းကို ကြိုးစားအားထုတ်၍ ခပ်သိမ်းကုန်သောသူတို့သည် ပွါးစေကုန်ရာ၏။

ထိုမရဏာဿတိကမ္မဋ္ဌာန်းကို ပွါးစေလိုသောသူတို့သည် ရှေးဦးစွာ သေခြင်း၏ အပြားကို သိရာ၏။ အဘယ်သို့ သိရာသနည်းဟူမူကား မရဏာသည် သမုစ္ဆေဒမရဏာ, ခဏိကမရဏာ, သမ္မုတိမရဏာအားဖြင့် ၃-ပါးအပြားရှိ၏။

ထို ၃-ပါးတို့တွင်—

- ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာအရှင်မြတ်တို့၏ ဝဋ်ဆင်းရဲပြတ်သဖြင့် ပရိနိဗ္ဗာန်ပြုတော်မူခြင်းသည် **သမုစ္ဆေဒမရဏာ** မည်၏။
- စိတ်, စေတသိက်, ရုပ်-ဟူသော သင်္ခါရတရားတို့၏ ခဏဖြစ်၍ ကုန်ခြင်း, ပျက်ခြင်း, ချုပ်ခြင်းသို့ ရောက်ခြင်းသည် **ခဏိကမရဏာ** မည်၏။
- **'ရုက္ခော မတော၊ လောဟံ မတံ'**-အစရှိသည်ဖြင့် "သစ်ပင်သေသည်, ပြဒါးသေသည်, သံသေသည်"ဟု ခေါ်ဝေါ်အပ်သော စကားသည် လူတို့ သမုတ်ပညတ်မျှသာ ဖြစ်သောကြောင့် **သမ္မုတိမရဏာ** မည်၏။

ထို ၃-ပါးသော မရဏာတို့ကို ဤမရဏာဿတိအရာ၌ မလိုအပ်သည်သာတည်း။

အကြောင်အလိုရှိအပ်သော မရဏာသည်ကား ကာလ,အကာလအားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင်လည်း အာယုက္ခယမရဏာ, ကမ္မက္ခယမရဏာ, ဥဘယက္ခယမရဏာအားဖြင့် ၃-ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင်—

- အသက် ၁၀၀-တမ်းကာလ၌ အသက်-ဟု ဆိုအပ်သော ဇီဝိတိန္ဒြေကို ၁၀၀-ထက် အလွန် ၂၀၀-၃၀၀-စသည်ဖြင့် ရှည်စေတတ်သော ကံ၏ကုန်ခြင်း၊ ထိုကံ များစွာ ရှိလေငြားသော်လည်း အနှစ် ၁၀၀-ဟူသော အသက်တမ်းကာလ ကုန်၍ သေခြင်းသည် **အာယုက္ခယမရဏာ** မည်၏။

- အသက် ၁၀၀-တမ်း အပိုင်းအခြားသို့ မရောက်မီ အသက်-ဟူသော ဇီဝိတိန္ဒြေကို ရှည်စေတတ်သော ကံ၏ကုန်ခြင်းကြောင့် သေခြင်းသည် ကမ္မက္ခယမရဏ မည်၏။
- အသက်တမ်းကာလ အပိုင်းအခြား၊ အသက်ရှည်စေတတ်သော ကံ၊ ဤ ၂-ပါးစုံ တပြိုင်နက် ကုန်၍ သေခြင်းသည် ဥဘယက္ခယမရဏ မည်၏။

ကလာဗုမင်း၊ ဒန္တကီမင်း-အစရှိသောသူတို့ကဲ့သို့ သူတော်ကောင်းတို့အား ပြစ်မှားခြင်းတည်းဟူသော အကုသိုလ်ကံသည် တခဏချင်း ဇီဝိတိန္ဒြေကို ဖြတ်ခြင်းကြောင့် သေရခြင်းသည်လည်းကောင်း၊ ရှေးဘဝ၌ဖြစ်သော အကုသိုလ်ကံကြောင့် ဓားလက်နက်ကို ဆောင်ခြင်း-စသော လှံ့လဖြင့် သေရခြင်းသည်လည်းကောင်း အကာလဖြစ်သော ဥပစ္ဆေဒက မရဏ မည်၏။

ထိုအလုံးစုံသော သေခြင်းသဘောတရားကို ပေါင်းရုံး၍—

**မရဏံ မေ ဘဝိဿတိ၊ ဇီဝိတိန္ဒြိယံ ဥပစ္ဆိဇ္ဇိဿတိ။**

မေ၊ ငါ့အား။ မရဏံ၊ သေခြင်း သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ မေ၊ ငါ၏။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေသည်။ ဥပစ္ဆိဇ္ဇိဿတိ၊ ပြတ်လတ္တံ့-ဟူ၍လည်းကောင်း။ **မရဏံ မရဏံ**-ဟူ၍လည်းကောင်း ယောနိသောမနသိကာရ အားဖြင့် နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။

အယောနိသောမနသိကာရအားဖြင့် ဖြစ်စေ၊ ပွါးစေသောသူအား စိုးရိမ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ လျစ်လျူရှုခြင်း၊ ကိုယ်,စိတ်၏ ပူပန်ခြင်းသည် ဖြစ်ရာ၏။

အဘယ်သို့ စိုးရိမ်ခြင်းသည် ဖြစ်ရာသနည်းဟူမူကား—

**ဣဋ္ဌဇနမရဏာနုဿရဏေ သောကော ဥပ္ပဇ္ဇတိ၊ ဝိဇာတမာတုယာ ပိယပုတ္တမရဏာနုဿရဏေ ဝိယ။** (ဝိသုဒ္ဓိမဂ်၊၁။၂၂၂။)

ဟူ၍ ကျမ်းဂန်လာသောကြောင့် အမိ၏ချစ်လှစွာသောသား သေသည်ကို အောက်မေ့သော အခါ သောကတည်းဟူသော စိုးရိမ်ခြင်းသည် ဖြစ်သကဲ့သို့၊ ချစ်ခင်လေးမြတ် နှစ်သက်အပ်သောသူကို အာရုံပြု၍ မရဏဿတိကို အောက်မေ့သောအခါ သောကတည်းဟူသော စိုးရိမ်ခြင်းသည် ဖြစ်တတ်၏။

အဘယ်သို့ ဝမ်းမြောက်ခြင်းသည် ဖြစ်ရာသနည်းဟူမူကား—

**အနိဋ္ဌဇနမရဏာနုဿရဏေ ပါမောဇ္ဇံ ဥပ္ပဇ္ဇတိ၊ ဝေရိနော ဝေရိမရဏာနုဿရဏေ ဝိယ။** (ဝိသုဒ္ဓိမဂ်၊၁။၂၂၂။)

ဟူ၍ ကျမ်းဂန်လာသောကြောင့် ရန်သူ၏ ရန်သူ ၁-ယောက်သေသည်ကို မြင်၍ အောက်မေ့သောအခါ ဝမ်းမြောက်ခြင်းသည် ဖြစ်သကဲ့သို့, မချစ်မနှစ်လိုအပ်သောသူ သေသည်ကို အာရုံပြု၍ အောက်မေ့ရာ၌ ဝမ်းမြောက်ခြင်းသည် ဖြစ်တတ်၏။

အဘယ်သို့လျှင် လျှစ်လျူရှုခြင်းသည် ဖြစ်ရာသနည်းဟူမူကား—

> **မဇ္ဈတ္တဇနမရဏာနုဿရဏေ သံဝေဂေါ န ဥပ္ပဇ္ဇတိ၊ မတကဠေဝရဒဿနေ ဆဝဒာဟကဿ ဝိယ။** (ဝိသုဒ္ဓိမဂ်၊၁။ ၂၂၂။)

ဟူ၍ ကျမ်းဂန်လာသောကြောင့် သူကောင်ဖုတ်သော ယောက်ျား၏ သူကောင်ကို မြင်သောအခါ သံဝေဂမဖြစ် လျစ်လျူရှုသကဲ့သို့, မမုန်း,မချစ် အလတ်ဖြစ်သောသူ သေသည်ကို အာရုံပြု၍ အောက်မေ့သောအခါ သံဝေဂမဖြစ်၊ လျစ်လျူရှုခြင်းသည် ဖြစ်ရာ၏။

အဘယ်သို့ ပူပန်ခြင်းသည် ဖြစ်ရာသနည်းဟူမူကား—

> **အတ္တနော မရဏာနုဿရဏေ သန္တာသော ဥပ္ပဇ္ဇတိ၊ ဥက္ခိတ္တာသိကံ ဝဓကံ ဒိသွာ ဘီရုကဇာတိကဿ ဝိယ။** (ဝိသုဒ္ဓိမဂ်၊၁။ ၂၂၂-၃။)

ဟူ၍ ကျမ်းဂန်လာသောကြောင့် ချီအပ်သော သန်လျက်လက်နက်ရှိသော သူသတ်ယောက်ျားကို မြင်၍ ကြောက်သောသဘောရှိ၏။ ကြောက်ခြင်း ထိတ်လန့်ခြင်း, ပူပန်ခြင်းသည် ဖြစ်သကဲ့သို့ မိမိသေလတ္တံ့သည်ကို အာရုံပြု၍ အောက်မေ့သောအခါ ကြောက်လန့်, ပူပန်ခြင်း၊ ထိတ်လန့်ခြင်းသည် ဖြစ်ရာ၏။

ထိုအလုံးစုံသော ၄-ပါးသော အခြင်းအရာသည်လည်း သတိသံဝေဂ ကင်းသောသူအားသာ ဖြစ်ရာ၏။ သတိသံဝေဂဉာဏ်နှင့် ပြည့်စုံသောသူအား မဖြစ်ရာ။

ထို့ကြောင့် ထိုထိုသို့သောအရပ်၌ သတ်၍သေသော သတ္တဝါ, ပကတိသေသော သတ္တဝါတို့ကို ကြည့်၍ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသောသတ္တဝါတို့ကို ရှေး၌ မြင်ဖူး၏။ ထိုမြင်ဖူးသောသူတို့ သေသည်ကို ဆင်ခြင်၍ သတိ, သံဝေဂ, ဉာဏ်ကို ဖြစ်စေ၍ "**မရဏံ မေ ဘဝိဿတိ၊ ဇီဝိတိန္ဒြိယံ ဥပစ္ဆိဇ္ဇိဿတိ**"ဟူ၍ နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။

ဤသို့ ဆိုခဲ့တိုင်း မရဏဿတိကို စီးဖြန်းခြင်းသည် အချို့သောသူအား နီဝရဏတရား ၅-ပါးတို့သည် ကင်းကွာကုန်၏။ မရဏဿတိသည်လည်း ကောင်းစွာ တည်ရာ၏။ ဥပစာရသို့ ရောက်သော ကမ္မဋ္ဌာန်းသည်လည်း ဖြစ်ရာ၏။ အာရုံ၏သဘောကို ပိုင်းခြားကာမျှ ဖြစ်သောကြောင့်လည်း အပ္ပနာစျာန်သို့ မရောက်မူ၍ ဥပစာရသို့ ရောက်သည်သာ

လျှင်ဖြစ်သော စျာန်သည် ဖြစ်၏။ ဤမရဏာဿတိကို အဖန်တလဲလဲ အားထုတ်သောသူသည် မပြတ်မစဲ အပ္ပမာဒတရားသည် ဖြစ်၏။ အလုံးစုံသော ဘဝဂတိတို့၌ မမွေ့မလျော်ခြင်းတည်းဟူသော သညာကို ရ၏။ အသက်၌ တပ်တတ်သော တဏှာကို စွန့်နိုင်၏။ မကောင်းမှုကို ကဲ့ရဲ့တတ်သည်လည်း ဖြစ်၏။ ဥစ္စာဘဏ္ဍာတို့ကို မသိုမှီးခြင်းသည်လည်းကောင်း၊ ပရိက္ခရာ, ဥစ္စာဘဏ္ဍာတို့၌ ဝန်တိုခြင်းတည်းဟူသော မစ္ဆေရအညစ်အကြေးကင်းသည်လည်းကောင်း ဖြစ်၏။ ထိုမရဏာဿတိကို ပွါးစေသောပုဂ္ဂိုလ်အား အနိစ္စသညာပွါးခြင်းသို့ ရောက်ရာ၏။ ထိုအနိစ္စသညာနှင့် လျော်သော ဒုက္ခသညာ, အနတ္တသညာသည်လည်း အဖန်တလဲလဲ ရှေးရှုထင်၏။

မရဏာဿတိကို မပွါးစေသောသူမူကား အဆောတလျင် သားရဲ, ဘီလူး, မြွေ, ခိုးသူ, သူသတ်ယောက်ျား နှိပ်စက်သောအခါ ကြောက်ခြင်း, လန့်ခြင်း, ပူပန်ခြင်း, တွေဝေခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ သေခါနီးသောကာလ၌ ကြောက်ခြင်း, လန့်ခြင်း, ပူပန်ခြင်းသို့ ရောက်ရာ၏။ မရဏာဿတိကို ပွါးစေသောသူမူကား ထိုအလုံးစုံ မလိုအပ်သောသဘောတရားတို့သည် မဖြစ်မူ၍ မကြောက်, မထိတ်မလန့်, မတွေမဝေ စုတေခြင်းကို ပြုရာ၏။ မျက်မှောက်သော ကိုယ်၏အဖြစ်၌ အမြိုက်နိဗ္ဗာန်ကိုပင် မရသေးသော်လည်း ခန္ဓာကိုယ်ပျက်သည်မှ စုတေသည်၏အခြားမဲ့၌ သုဂတိဘဝသို့ လားရ၏။

ထို့ကြောင့် ဤသို့ ကြီးသော အာနုဘော်ရှိသော မရဏာဿတိကမ္မဋ္ဌာန်းကို အခါခပ်သိမ်း ပညာရှိသော သူတော်ကောင်းအပေါင်းတို့သည် မမွေ့မလျော့ စီးဖြန်းပွါးများအားထုတ်ဆင်ခြင်ကုန်ရာသည်။

ထိုသို့ အားထုတ်စိမ့်သောငှာလည်း—

**မရဏာဿတိ ဘိက္ခဝေ ဘာဝေတာ၊ မရဏာဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောန္တိ မဟာနိသံသာ အမတောဂဓာ အမတပရိယောသာနာ။**

အစရှိသော ဒေသနာတော်ဖြင့် တိုက်တွန်းနှိုးဆော်တော်မူသည်။ ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (အင်္ဂုတ္တိုရ်၊ အဋ္ဌကနိပါတ်ပါဠိတော်၊ မရဏာဿတိသုတ်၊ နှာ-၁၃၅။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ၄၁။ ၂၂၂-၃၊ ၂၃၁။)

★★★★★★★

## [ ၁၇ ] ဝဓကောပမာဒိနယတရား

အလုံးစုံသော တရားတို့ကို အကြွင်းမရှိ သိတော်မူပြီးသည်၏အဖြစ်ကြောင့် သဗ္ဗညုတအဖြစ်သို့ ရောက်တော်မူသော ဘုရားသခင်သည်—

**မရဏာသတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ အမတောဂဓာ အမတပရိယောသာနာ။**

အစရှိသော သုတ္တန်ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ မရဏာသတိ၊ မရဏာသတိကမ္မဋ္ဌာန်းကို။ ဘာဝိတာ၊ ပွါးစေအပ်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ လေ့လာအပ်သည်ရှိသော်။ မဟပ္ဖလာ၊ များသောအကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ မဟာနိသံသာ၊ များသော အာနိသင်ရှိသည်။ ဟောတိ၊ ဖြစ်၏။ အမတောဂဓာ၊ နိဗ္ဗာန်သို့ သက်ဝင်တတ်သည်။ ဟောတိ၊ ဖြစ်၏။ အမတ-ပရိယောသာနာ၊ နိဗ္ဗာန်လျှင် အဆုံးရှိသည်။ ဟောတိ၊ ဖြစ်၏။

ထိုဒေသနာတော်မြတ်ပါဠိ၏ ဒယ် အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ မရဏာသတိကို ပွါးစေအပ်သည်ရှိသော်, အကြိမ်များစွာ လေ့လာအပ်သည်ရှိသော် များသော အကျိုးအာနိသင် ရှိ၏။ နိဗ္ဗာန်သို့ ရောက်စေတတ်၏။ နိဗ္ဗာန်လျှင် အဆုံးရှိ၏"ဟု အဓိပ္ပါယ် လာသည်။

ဤသို့ များစွာသော အကျိုးအာနိသင်ရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ ရောက်စေတတ်သော, အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသော မရဏာသတိကို အဖန်တလဲလဲ စီးဖြန်းပွါးများခြင်းကို အလိုရှိသောသူသည် သူသတ်ယောက်ျား ရှေးရှုထင်သောအားဖြင့်လည်းကောင်း၊ ပြည့်စုံခြင်း, ပျက်စီးခြင်းအားဖြင့်လည်းကောင်း၊ သူတပါးတို့ကို မိမိသို့ ရှေးရှုဆောင်တတ်သော အားဖြင့်လည်းကောင်း ဤအခြင်းအရာတို့ဖြင့် ပွါးများကုန်ရာ၏။

ထို ၃-ပါးတို့တွင် သူသတ်ယောက်ျား ရှေးရှုထင်လာသောအားဖြင့် မရဏာသတိကို အဘယ်သို့ ပွါးရာသနည်းဟူမူကား "ဤသူ၏ ဦးခေါင်းကို ဖြတ်အံ့"ဟု သန်လျက်စွဲကိုင်၍ လည်၌ တင်ထားလျက် သတ်ခွင့်ကို ရှာသကဲ့သို့ ထို့အတူ သေခြင်းသဘောတရားသည် ခန္ဓာဖြစ်သည်မှစ၍ ချုပ်ခွင့်ကိုသာ ရှာ၍ အဖန်တလဲလဲ ထင်လေသောကြောင့် သူသတ် ယောက်ျားနှင့် တူ၏။

မှိုငုံသည် မိမိကို ဖိ၍ ဖျက်ဆီးတတ်သော မြေစိုင်,မြေမှုန့်ကို ဦးခေါင်းဖြင့် ရွက်၍ ပေါက်သကဲ့သို့ ထို့အတူ သတ္တဝါသည်လည်း ဖွားစကာလမှစ၍ ဇရာ,မရဏာတည်းဟူသော

အိုခြင်း, သေခြင်းသဘောတရားကို ဦးခေါင်းဖြင့် ရွက်၍ ဖြစ်လာကုန်၏။ ထို့ကြောင့် ဤသတ္တဝါအပေါင်းတို့သည် အမိဝမ်းမှ ဖွားသောကာလမှ စ၍ အရှေ့လောကဓာတ်မှ တက်ထွန်းသောနေဝန်းသည် ဝင်ရာအရပ်သို့ ရှေးရှုမြင်သည်ရှိသော် ရောက်ရာအရပ်မှ စ၍ စဉ်းငယ်မျှ မဆုတ်မနစ်သကဲ့သို့လည်းကောင်း၊ အလျဉ်ထန်စွာစီးသော တောင်ထိပ်မှ ကျသောရေသည် ဆောင်အပ်သော မြက်မှိုက်,သစ်မှိုက်-အစရှိသည်တို့ကို ဆောင်၍ တောင်ခြေရင်းသို့ စီးသည်ရှိသော် ရောက်ရာအရပ်မှ စဉ်းငယ်မျှ နောက်သို့ မဆုတ်မနစ်သကဲ့သို့ (လည်းကောင်း) ထို့အတူ စဉ်းငယ်မျှ နောက်သို့ မဆုတ်မူ၍ သေအံ့သော နှစ်, လ, နေ့ရက်သို့ လျင်စွာသွားရ၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သေအံ့သော နှစ်, လ, နေ့ရက်သို့ သွားရသော သတ္တဝါအပေါင်းအား နွေလအခါ အပူဖြင့် နှိပ်စက်အပ်ကုန်သော ချောင်းငယ်,မြောင်းငယ်၌ ရှိကုန်သော ရေတို့သည် ကုန်ခြင်း, ခန်းခြင်း မြဲသကဲ့သို့လည်းကောင်း၊ အာပေါရသသည် အစဉ်လျှောက်အပ်သော အညှာရှိကုန်သော သစ်သီးမှည့်တို့၏ နံနက်အခါ ကြွေကျခြင်းသည် မြဲသကဲ့သို့လည်းကောင်း၊ အိုးထိန်းသည်တို့သည် ပြုပြင်အပ်သော အစိမ်း,အကျက်အကြီး,အငယ်ဖြစ်ကုန်သော မြေအိုး,မြေခွက်တို့သည် ကွဲခြင်း မြဲသကဲ့သို့လည်းကောင်း၊ ဆီးနှင်းပေါက်သည် နေရောင် ကြောက်၍ ပျောက်ကွယ်သကဲ့သို့လည်းကောင်း ထို့အတူ သေခြင်းသဘောသည်သာလျှင် နီးလှသည်ဖြစ်၍ သူသတ်ယောက်ျားကဲ့သို့ ဇီဝိတိန္ဒြေတည်းဟူသော အသက်ကို ဆောင်တတ်၏-ဟု ဝဓကပစ္စုပဋ္ဌာနအားဖြင့် သေခြင်းကို အဖန်တလဲလဲ ဆင်ခြင်အောက်မေ့အပ်၏။

ပြည့်စုံခြင်း, ပျက်စီးခြင်း = သမ္ပတ္တိ, ဝိပတ္တိအားဖြင့် အဘယ်သို့ အောက်မေ့ဆင်ခြင်ရာသနည်းဟူမူကား ပြည့်စုံခြင်း-ဟူသော သမ္ပတ္တိမည်သည်ကား အကြင်မျှလောက်သော ကာလပတ်လုံး ပျက်စီးခြင်းသည် မဖြစ်သေး။ ထိုမျှလောက်သော ကာလပတ်လုံး တင့်တယ်ခြင်းသည် ဖြစ်၏။ ပျက်စီးခြင်းကို မလွန်နိုင်ရကား ပျက်စီးခြင်းသဘောဖြင့် နှိပ်စက်သော အခါ မတင့်တယ်သည်သာ ဖြစ်၏။ **မဟာသမ္မတ-စသော** မင်းတို့သည် ဇမ္ဗူဒိပ်ကျွန်း မြေပြင်အလုံးကို အစိုးရသောမင်း၏ စည်းစိမ်ကို ရ၍ များစွာသော သက်ရှိ,သက်မဲ့ ဥစ္စာဘဏ္ဍာတို့နှင့်လည်းကောင်း၊ ဘုန်းတန်ခိုးအာနုဘော်တို့နှင့်လည်းကောင်း ပြည့်စုံပါငြားသော်လည်း ပစ္ဆိမဘဝ အတ္တဘောအဆုံး၌ ကုသိုလ်အဟုန် ကုန်ခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်ရ၏။

စင်စစ်အားဖြင့်ကား အလုံးစုံ အနာကင်းခြင်းသည် ရောဂါစွဲရောက်ခြင်း အဆုံးရှိ၏။ အလုံးစုံ အရွယ်အဆင်းနှင့် ပြည့်စုံခြင်းသည် အိုခြင်း, အဆင်းမလှခြင်း အဆုံးရှိ၏။ အလုံးစုံ အစိုးရခြင်း, အသက်ရှည်ခြင်းသည် အစိုးမရခြင်း, သေခြင်းလျှင် အဆုံးရှိ၏။

အလုံးစုံသော သတ္တဝါအပေါင်းတို့ကို—

- ဇာတိတရားသည် အစဉ်မပြတ် နှိပ်စက်အပ်၏,
- ဇရာတရားသည် ညှဉ်းဆဲအပ်၏,
- ဗျာဓိတရားသည် လွန်စွာ နှိပ်စက်အပ်၏,
- မရဏတရားသည် လွန်စွာ ဖျက်ဆီးအပ်၏၊

ဤတရား ၄-ပါးတို့သည် 'ကောင်းကင်ထိမျှ ပမာဏရှိသော တောင်ကြီး ၄-လုံးတို့သည် အရပ် ၄-မျက်နှာမှ ဆိုင်၍ သတ္တဝါတို့ကို ကြိတ်ဘိသကဲ့သို့ မုန့်မုန့်ညက်ညက် ကြိတ်တတ်, ဖျက်ဆီးတတ်သောကြောင့်' တောင်ကြီး ၄-လုံးနှင့် တူ၏။

**အဘယ်သို့ တူသနည်းဟူမူကား** အရှေ့,အနောက်,တောင်,မြောက်-ဟု ဆိုအပ်သော အရပ် ၄-မျက်နှာတို့မှ ကောင်းကင်ထိမျှ ပမာဏရှိသော တောင်ကြီး ၄-လုံးတို့သည် ဆိုင်၍ အကြီး,အငယ် အယုတ်,အမြတ်-စသည်ဖြင့် ဖြစ်ကုန်သော သတ္တဝါအပေါင်းတို့တွင် တစ်စုံတစ်ယောက်သော သတ္တဝါကိုမျှ မရွေးမချယ်မူ၍ မုန့်မုန့်ညက်ညက် ကြိတ်၍ကြိတ်၍ အစဉ်အတိုင်း လာဘိသကဲ့သို့ ထို့အတူ ဇာတိ,ဇရာ, ဗျာဓိ, မရဏတည်းဟူသော တရား ၄-ပါးသည်လည်း အကြီး,အငယ် အယုတ်,အမြတ် မင်း, ပုဏ္ဏား, သူဌေးသူကြွယ်, ကုန်သည်, လယ်လုပ် အစရှိကုန်သော သတ္တဝါတို့ကို နှိပ်စက်ညှဉ်းဆဲ ဖျက်ဆီးကုန်၏။ တစ်စုံတစ်ယောက်သောသူကိုမျှ ကြဉ်ရှောင်ခြင်း မရှိသည်သာ ဖြစ်၏။

အရပ် ၄-မျက်နှာမှ တောင်ကြီး ၄-လုံးတို့သည် ဆိုင်၍ ကြိတ်လေသော်လည်း ဘုန်းအာနုဘော်နှင့် ပြည့်စုံသော နဂါး, ဂဠုန်, ဗြဟ္မာ, ဝိဇ္ဇာဓိုရ်ဖြစ်သော ဈာန်ရ-ရသေ့, ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါတို့သည် မြေထဲသို့ ငုပ်လျှိုးခြင်း, ကောင်းကင်သို့ ပျံခြင်းတို့ဖြင့် လွတ်ရာလွတ်ကြောင်း အခွင့်ကို ရရာသေး၏။ ဇာတိ, ဇရာ, ဗျာဓိ, မရဏတည်းဟူသော တောင်ကြီး ၄-လုံးတို့ဖြင့် ကြိတ်သည်ရှိသော် နဂါး, ဂဠုန်တို့သည်လည်း မလွတ်နိုင်ရာ။ နတ်, သိကြား, ဗြဟ္မာတို့သည်လည်း မလွတ်နိုင်ရာ။ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာအရှင်မြတ်တို့သည်လည်း လွတ်တော်မမူနိုင်ကုန်။

ထိုတရား ၄-ပါးတို့သည် နှိပ်စက်ရာ၌ စစ်အင်္ဂါ ၄-ပါးတို့ဖြင့် စစ်ထိုး၍ အောင်ရာအောင်ကြောင်း မရသည်သာ ဖြစ်၏။ ဥစ္စာတံစိုး ပေး၍လည်းကောင်း၊ မဟောသဓာ, ဝိဓုရ-အစရှိသော ပညာရှိသုခမိန်တို့နှင့် အတိုင်အပင် ပညာ-ဟူသော စစ်ထိုးခြင်းဖြင့်လည်းကောင်း တိုင်ပင်၍ အောင်ခြင်းငှာ မတတ်နိုင်ရာ။ ထို့ကြောင့်—

ယထာပိ သေလာ ဝိပုလာ၊ နဘံ အာဟစ္စ ပဗ္ဗတာ။
သမန္တာနုပရိယာယေယျုံ၊ နိပ္ပေါထေန္တာ စတုဒ္ဒိသာ။ ။

ဧဝံ ဇရာစ မစ္စု စ၊ အဓိဝတ္တန္တိ ပါဏိနေ။
ခတ္တိယေ ဗြာဟ္မဏေ ဝေဿ၊ သုဒ္ဒေ စဏ္ဍာလပုက္ကုသေ။
န ကိဉ္စိ ပရိဝဇ္ဇေတိ၊ သဗ္ဗမေ'ဝါ'ဘိမဒ္ဒတိ။ ။

န တတ္ထ ဟတ္ထီနံ ဘူမိ၊ န ရထာနံ န ပတ္တိယာ။
န စာပိ မန္တယုဒ္ဓေန၊ သက္ကာ ဇေတုံ ဓနေန ဝါ။ ။ (သံ၊၁။၁၀၂။)

ဟူ၍ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ကောသလသံယုတ်၊ ပဗ္ဗတူပမသုတ် (နှာ-၁၀၂)၌ ဟောတော်မူသည်။

ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် "အသက်ရှည်ခြင်း၏ ပြည့်စုံခြင်းသည် သေခြင်း, ပျက်စီးခြင်းသာ အဆုံးရှိ၏"ဟု သမ္ပတ္တိ, ဝိပတ္တိအားဖြင့် သေခြင်းကို အဖန်တလဲလဲ ဆင်ခြင်ရာ၏။

ဥပသံဟရဏအားဖြင့် အဘယ်သို့ ဆင်ခြင်ရာသနည်းဟူမူကား ဥပသံဟရဏ-သူတပါးတို့နှင့်တကွ မိမိကိုယ်ကို ဆောင်ရွေးရှု၍ ဆင်ခြင်သောသူသည် ၇-ပါးသော အခြင်းအရာတို့ဖြင့် ဆောင်၍ ဆင်ခြင်ရာ၏။ အဘယ်သို့ ၇-ပါးသော အခြင်းအရာတို့ဖြင့် ဆောင်၍ ဆင်ခြင်ရာသနည်းဟူမူကား—

၁။ "အခြံအရံများကုန်သော မန္ဓာတုစကြာမင်း-အစရှိကုန်သော သူတို့စင်လျက်လည်း သေမင်းနိုင်ငံသို့ လိုက်ရကုန်သေး၏။ အခြံအရံနည်းပါးသော ငါတို့မူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း"ဟူ၍လည်းကောင်း၊

၂။ "ဇောတိက, ဇဋိလ, မေဏ္ဍက, ပုဏ္ဏ, ဥဂ္ဂ-အစရှိကုန်သော ပုညိဒ္ဓိတို့နှင့် ပြည့်စုံကုန်သောသူတို့စင်လျက်လည်း သေမင်းနိုင်ငံသို့ လိုက်ရကုန်သေး၏။ ဘုန်းနည်းသော ငါတို့ကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း"ဟူ၍လည်းကောင်း၊

၃။ "ဝါသုဒေဝ, ဗလဒေဝ, စာနုရ, ယုဓိဋ္ဌိလ, မမသေန-စသော ခွန်အားဗလနှင့် ပြည့်စုံသောသူတို့စင်လျက်လည်း သေမင်းနိုင်ငံသို့ လိုက်ရကုန်သေး၏။ ခွန်အားဗလနည်းပါးသော ငါတို့ကား ဆိုဖွယ်ရာမရှိ၊ လိုက်ရဘိသည်သာတည်း"ဟူ၍လည်းကောင်း၊

၄။ "ဝေဇယန္တာပြာသာဒ်ကို ခြေမများဖြင့် လှုပ်စေနိုင်ခြင်း, မြေကြီးကို လှန်ခြင်း, မြေကို ဖျာကဲ့သို့ လိပ်ခြင်း, မြင်းမိုရ်တောင်မင်းကို သွားကြား၌ ထားခြင်း၌ စွမ်းနိုင်သော တန်ခိုးတော်နှင့် ပြည့်စုံသော အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်ပင်သော်လည်း

တန်ခိုးတော်နှင့်တကွ သေမင်းခံတွင်းသို့ ဝင်တော်မူရကုန်သေး၏။ တန်ခိုးနည်းသော ငါတို့ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း”ဟူ၍လည်းကောင်း၊

၅။ “စကြဝဠာကို နှံ့စေလျက် အာယုကပ်ပတ်လုံး ရှာသော မိုးရည်,မိုးပေါက်ကိုလည်းကောင်း၊ သမုဒ္ဒရာမြေအဆုံး၌ရှိသော ရေပေါက်,မြေမှုန့်အပေါင်းကိုလည်းကောင်း မျက်စိတမှိတ် လျှပ်တပြက်ကာလ၌ အကုန်အစင် ရေတွက်ခြင်းငှာ စွမ်းနိုင်သော ပညာတော်နှင့် ပြည့်စုံသော အရှင်သာရိပုတ္တရာမထေရ်မြတ်ပင်သော်လည်း ပညာတော်နှင့်တကွ သေမင်းခံတွင်းသို့ ဝင်ရကုန်သေး၏။ ပညာနည်းသော ငါတို့ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း”ဟူ၍ လည်းကောင်း၊

၆။ “၂-သင်္ချေနှင့် ကမ္ဘာ ၁-သိန်း ပါရမီတို့ကို ကိုယ်နှင့်အသက်ကို ငဲ့ကွက်ခြင်း မရှိမူ၍ ဖြည့်ကျင့်တော်မူသဖြင့် ဆရာမမှီး သင်းသီးဘာသာ သစ္စာ ၄-ပါးတို့ကို သိတော်မူကုန်သော အရှင်ပစ္စေကဗုဒ္ဓါတို့ စင်လျက်လည်း သေမင်းနိုင်ငံသို့ လိုက်ရကုန်သေး၏။ ပါရမီနည်းသော ငါတို့ကား ဆိုဖွယ်ရာမရှိ”ဟူ၍လည်းကောင်း၊

၇။ “ထိုသူတို့ကို မဆိုထားဘိဦး။ အရဟံ-အစရှိသော ၉-တန်သောဂုဏ်, အနန္တဉာဏ်, အနန္တသီလ, အနန္တသမာဓိ-စသော **နာမကာယကျေးဇူးတော်**, ၁၀-ပါးသော ကာယဗလ, ၃၂-ပါးသော ယောကျ်ားမြတ်၏ လက္ခဏာတော်ကြီး, ၈၀-သော လက္ခဏာတော်ငယ်, ၆-သွယ်သော ရောင်ခြည်တော်-အစရှိသော **ရူပကာယကျေးဇူးတော်တို့နှင့်**ပြည့်စုံတော်မူသော ဘုရားသခင်ကိုသော်လည်း သေမင်းသည် အရှက်အကြောက်မရှိမူ၍ မိမိနိုင်ငံသို့ လိုက်စေတတ်၏။ ငါတို့ကဲ့သို့သောသူကိုကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း၊ သေရအံ့သည်သာ”ဟူ၍ ၇-ပါးသော အခြင်းအရာတို့ဖြင့် သေခြင်းကို အဖန်တလဲလဲ ဆင်ခြင်ရာ၏။

ဤသို့လျှင် အလုံးစုံ ဆိုအပ်ပြီးသည်ကို ပေါင်း၍ “**မရဏံ မေ ဘဝိဿတိ၊ ဇီဝိတိန္ဒြိယံ ဥပစ္ဆိဇ္ဇိဿတိ**”ဟူ၍ အဖန်တလဲလဲ ဆင်ခြင်ရာ၏။ မရဏဿတိကမ္မဋ္ဌာန်းကို ပွါးစေရာ၏။ ထိုသို့ ပွါးစေခြင်းသည် လောကီ, လောကုတ္တရာအကျိုးကို ပြီးစေတတ်၏-ဟု ဟောတော်မူလိုသည်ဖြစ်၍—

**မရဏဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ အမတောဂဓာ အမတပရိယောသာနာ။**

ဟူ၍ ဟောတော်မူသည်။ ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (အဋ္ဌက၊ အင်္ဂုတ္တိုရ်ပါဠိတော်-၁၃၅။ အဓိပ္ပါယ်ကား ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊၁။၂၂၃-၇။)

★★★★★★★

## [ ၁၈ ] ဗဟုဒုက္ခသာမာရဏတရား

အလုံးစုံသောတရားတို့ကို အကြွင်းမရှိ ကုန်စင်အောင် သိမြင်တော်မူပြီးသော ဘုရားသခင်သည် ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်, ဝိနည်း, အဘိဓမ္မာ ဟူ၍ ၃-ပါး အပြားရှိ၏။ ထို ၃-ပါးတို့တွင် သုတ္တန်ဒေသနာတော်မြတ်ကို ဟောတော်မူလိုသည်ဖြစ်၍—

**မရဏသဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ အမတောဂဓာ အမတပရိယောသာနာ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ မရဏသတိကို ပွါးစေသည်ရှိသော်, အကြိမ်များစွာ လေ့လာသည်ရှိသော် များစွာသော အကျိုးအာနိသင်ရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ ရောက်စေ, သက်ဝင်စေတတ်၏။ နိဗ္ဗာန်လျှင် အဆုံးရှိ၏"ဟု အဓိပ္ပါယ်လာသည်။ မရဏသတိကို အဖန်တလဲလဲ စီးဖြန်းပွါးများခြင်းငှာ အလိုရှိသောသူသည်—

- **ဗဟုသာမာရဏ၊** ကိုယ်တစ်ခု၏ သေခြင်းအများနှင့် ဆက်ဆံသောအားဖြင့်လည်း ကောင်း။
- **အာယုဒုဗ္ဗလ၊** ဇီဝိတိန္ဒြေ-ဟူသော အသက်၏ အားနည်းသောအားဖြင့်လည်းကောင်း။
- **အနိမိတ္တ၊** သေကြောင်းအမှတ် ကင်းသောအားဖြင့်လည်းကောင်း။
- **အဒ္ဓါနပရိစ္ဆေဒ၊** အဝန်းကာလကို ပိုင်းခြားသောအားဖြင့်လည်းကောင်း။
- **ခဏပရိတ္တ၊** ဇီဝိတိန္ဒြေ-ဟူသော အသက်၏ တည်သောကာလ၏ တိုသောအားဖြင့် လည်းကောင်း။

ဤအခြင်းအရာတို့ဖြင့် စီးဖြန်းပွါးများရာ၏။

၁။ အဘယ်သို့ ဗဟုသာမာရဏ၊ ကိုယ်တစ်ခု၏ သေခြင်းအများနှင့် ဆက်ဆံသော အားဖြင့် စီးဖြန်းပွါးများရာသနည်းဟူမူကား "ငါ၏ကိုယ်သည် ပိုးမျိုး ၈၀-တို့နှင့် ဆက်ဆံခြင်း ရှိ၏။ ထို ၈၀-သော ပိုးမျိုးတို့တွင်—

- အရေပါးကို မှီ၍နေကုန်သော ပိုးတို့သည် အရေပါးကို စားကုန်၏။

- အရေထူကို မှီ၍နေကုန်သော ပိုးတို့သည် အရေထူကို စားကုန်၏။
- အသားကို မှီ၍နေကုန်သော ပိုးတို့သည် အသားကို စားကုန်၏။
- အကြောကို မှီ၍နေကုန်သော ပိုးတို့သည် အကြောကို စားကုန်၏။
- အရိုးကို မှီ၍နေကုန်သော ပိုးတို့သည် အရိုးကို စားကုန်၏။
- ရိုးတွင်းခြင်ဆီကို မှီ၍နေကုန်သော ပိုးတို့သည် ရိုးတွင်းခြင်ဆီကို စားကုန်၏။

ဤသို့ အစရှိသည်ဖြင့် ထိုဆိုအပ်ခဲ့ပြီးသော ကိုယ်အစိတ်ကို မှီ၍ နေကုန်သော ပိုးတို့သည်လည်း မိမိတို့မှီရာ ကိုယ်အင်္ဂါအစိတ်ကိုပင် စားသောက်ကြကုန်၏။ ထိုသို့သော ကိုယ်အရပ်၌ပင်လျှင် ပဋိသန္ဓေနေကုန်၏။ ဖြစ်ပွါးကုန်၏။ လူတို့ကိုယ်သည်လျှင် ထို ၈ဝ-သော ပိုးမျိုးတို့၏ အိုခြင်း, သေခြင်းကို ပြုရာ, အိမ်ထောင်ရာ, သားဖွားရာ, ကျင်ကြီး, ကျင်ငယ်စွန့်ရာ သူနာဇရပ်ကဲ့သို့ဖြစ်၍ နားရာ, သုသာန်သင်္ချိုင်းပြုရာ ဖြစ်၏။ ဤခန္ဓာကိုယ်သည်ကား ပိုးမျိုး ၈ဝ-တို့ ဖျက်ဆီးသဖြင့် သေခြင်းသဘောသို့ စင်စစ်လျှင် ရောက်တတ်၏။

မိမိကိုယ်တွင်း၌ အရာမက များလှစွာသော ရောဂါဝေဒနာတို့တွင် တပါးပါးသော ရောဂါဝေဒနာကြောင့်လည်းကောင်း၊ ဗဟိဒ္ဓသန္တာန်၌ မြွေ, ကင်း, ဆင်, ကျား, သစ်ရဲ, ခြင်္သေ့, ခိုးသူ, ရေ, မီး, မင်းဘေး-အစရှိသည်တို့တွင် တပါးပါးကြောင့်လည်းကောင်း သေခြင်းသို့ ရောက်ရာ၏။ ကိုယ်တစ်ခု၏ သေခြင်းအများနှင့် ဆက်ဆံရာ၌ လောကူပမာ ဆိုသည်ရှိသော် ခရီး ၄-ခုအဆုံး၌ စိုက်ထားအပ်သော လေးသမားတို့၏ စက်ဝန်းအမှတ်ပျဉ်၌ အရပ် ၄-မျက်နှာမှ ထိုးပစ်လွှတ်အပ်သော လေးသမား လက်နက်စွဲတို့၏ မြား, လှံ, ခရင်း, ကျောက်, အုတ်, တုတ်, လှင်ကန်-စသည်တို့၏ ကျရာ, နှိပ်စက်ရာ ဖြစ်သကဲ့သို့ ထို့အတူ ဤကိုယ်သည်လည်း ခပ်သိမ်းသော ဥပဒ္ဒဝေါ, ဘေးရန်တို့၏ ကျရာ, နှိပ်စက်ရာ ဖြစ်၏။ ခပ်သိမ်းသော ဥပဒ္ဒဝေါ, ဘေးရန်တို့၏ နှိပ်စက်၍ ကျသဖြင့်လည်း သေခြင်းသဘောသို့ ရောက်သည်သာလျှင်တည်း-ဟု နှလုံးသွင်း၍ ဗဟုသာဓာရဏအားဖြင့် သေခြင်းသဘောတရားတို့ကို အဖန်တလဲလဲ ဆင်ခြင်ရာ၏။

၂။ အာယုဒုဗ္ဗလအားဖြင့် အဘယ်သို့ ဆင်ခြင်ရာသနည်းဟူမူကား "သတ္တဝါတို့၏ ဇီဝိတိန္ဒြေသည် ထွက်သက်, ဝင်သက်နှင့် စပ်၏။ ဣရိယာပုထ် ၄-ပါးနှင့်လည်း စပ်၏။ အချမ်း,အပူ-ဟူသော ဥတုနှင့်လည်း စပ်၏။ မဟာဘုတ် ၄-ပါးတို့နှင့်လည်း စပ်၏။ အာဟာရနှင့်လည်း စပ်၏။

အဘယ်သို့ ထွက်သက်, ဝင်သက်နှင့် စပ်လေသနည်း-ဟူမူကား "ထွက်သက်, ဝင်သက်တို့၏ အမှုဖြစ်သော်သာလျှင် သတ္တဝါတို့၏ ဇီဝိတိန္ဒြေသည် တည်ရာ၏။ ထွက်

သက်, ဝင်သက်၏ အမျှမတည်, မညီမညွတ်ဖြစ်သည်ရှိသော်လည်းကောင်း၊ ထွက်သက်သည် ကိုယ်တွင်းသို့ မဝင်သော်လည်းကောင်း၊ ဝင်သက်သည် ကိုယ်တွင်းမှ အပသို့ မထွက်သော်လည်းကောင်း သတ္တဝါတို့သည် သေခြင်းသို့ ရောက်ရာ၏။ ထို့ကြောင့် ဇီဝိတိန္ဒြေ-ဟူသော အသက်သည် ထွက်သက်, ဝင်သက်နှင့် စပ်၍ တည်၏။

အဘယ်သို့ ဣရိယာပုထ် ၄-ပါးနှင့် စပ်၍ ဖြစ်သနည်းဟူမူကား ဣရိယာပုထ် ၄-ပါးတို့၏ ညီညွတ်သောအဖြစ်ကို ရသော်သာလျှင် ဇီဝိတိန္ဒြေ၏ တည်ခြင်းသည် ဖြစ်၏။ တပါးသော ဣရိယာပုထ် လွန်သည်ရှိသော် အသက်-ဟူသော အာယုသင်္ခါရသည် ပြတ်လေ၏။ ထို့ကြောင့် ဣရိယာပုထ် ၄-ပါးနှင့် စပ်၍သာ တည်၏။

အဘယ်သို့ အချမ်း,အပူ-ဟူသော ဥတုနှင့် စပ်၍ ဖြစ်သနည်းဟူမူကား အချမ်း, အပူ-ဟူသော ဥတုတို့၏လည်း မျှသောအဖြစ်ကို ရသော်သာလျှင် ဇီဝိတိန္ဒြေ၏ တည်ခြင်းသည် ဖြစ်၏။ လွန်စွာ အချမ်း,အပူဖြင့် နှိပ်စက်အပ်သော သတ္တဝါတို့အား ဇီဝိတိန္ဒြေသည် ပြတ်လေရာ၏။ ထို့ကြောင့် ဇီဝိတိန္ဒြေသည် အချမ်း,အပူ-ဟူသော ဥတုနှင့် စပ်၍သာ ဖြစ်၏။

အဘယ်သို့ မဟာဘုတ် ၄-ပါးတို့နှင့် စပ်၍ ဖြစ်သနည်းဟူမူကား မဟာဘုတ် ၄-ပါးတို့၏ အမျှဖြစ်ခြင်းကို ရသော်သာလျှင် ဇီဝိတိန္ဒြေ၏ တည်ခြင်းသည် ဖြစ်၏။ ဓာတ် ၄-ပါးတို့တွင် ၁-ပါးပါးဖောက်ပြန်ခြင်းသို့ ရောက်သည်ရှိသော် ဇီဝိတိန္ဒြေ-ဟူသော အသက်၏ကုန်ခြင်းသို့ ရောက်တတ်၏။ ထို ၄-ပါးသော ဓာတ်တို့တွင်—

ပထဝီဓာတ် ပျက်သောသူအား ထဒ္ဓမုခမြွေ ခဲသည်ရှိသော် ကိုယ်အလုံး ခက်တရော်ရှိခြင်း, ခိုင်မာခြင်းသို့ ရောက်၍ ကွေးခြင်း, ဆန့်ခြင်းကို မရမူ၍ သေရသကဲ့သို့ ထို့အတူ ကိုယ်အလုံး ခိုင်မာခြင်း, ခက်တရော်ရှိခြင်းသို့ ရောက်၍ သေခြင်းသို့ ရောက်၏။

ပုတိမုခမြွေ ခဲသောသူအား ကိုယ်အလုံးပုပ်၍ ပျက်စီးခြင်းသို့ ရောက်ရသကဲ့သို့ ထို့အတူ အာပေါဓာတ် ပျက်သောသူအား ကိုယ်အလုံးပုပ်၍ ပျက်စီးခြင်းသို့ ရောက်၏။

အဂ္ဂိမုခမြွေ ခဲသည်ရှိသော် ကိုယ်အလုံးကို မီးဖြင့် တိုက်ဘိသကဲ့သို့ လွန်စွာပူလောင်ခြင်း နှိပ်စက်၍ ပျက်စီးခြင်းသို့ ရောက်ရသကဲ့သို့ ထို့အတူ တေဇောဓာတ် ပျက်သောသူအား ပြင်းစွာပူပန်ခြင်း နှိပ်စက်၍ ပျက်စီးခြင်းသို့ ရောက်၏။

သတ္ထမုခမြွေ ခဲသည်ရှိသော် ကိုယ်အလုံးကို သားလှီးဓားဖြင့် လိုက်၍လိုက်၍ မွှမ်းဘိသကဲ့သို့ဖြစ်၍ သေခြင်းသဘောသို့ ရောက်ရသကဲ့သို့ ထို့အတူ ဝါယောဓာတ် ပျက်သောသူအား အလုံးစုံသော အရိုး, အဆစ်, အသား, အကြောတို့ကို သားလှီးဓားငယ်ဖြင့် ဖြတ်ခြင်း

ကို ပြုဘိသကဲ့သို့ဖြစ်၍ သေခြင်းသို့ ရောက်တတ်၏။ ထို့ကြောင့် ဇီဝိတိန္ဒြေ-ဟူသော အသက်သည် ဓာတ် ၄-ပါးတို့နှင့် စပ်၍ တည်၏။

အဘယ်သို့ **အာဟာရနှင့် စပ်သနည်းဟူမူကား** ကဗဠီကာရ အာဟာရကိုလည်း လျော်ကပ်သောအခါ၌ ရသော်သာလျှင် အသက်ရှည်ခြင်းသည် ဖြစ်၏။ ကဗဠီကာရ အာဟာရကို မရသည်ရှိသော် အသက်ကုန်ခြင်းသို့ ရောက်တတ်၏။ ထို့ကြောင့် ဇီဝိတိန္ဒြေ ဟူသော အသက်သည် အာဟာရနှင့် စပ်၍ တည်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အာယုဒုဗ္ဗလ ဇီဝိတိန္ဒြေ၏ အလွန်အားနည်းသော အခြင်းအရာအားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့ရာ၏။

**၃။ အနိမိတ္တအားဖြင့် အဘယ်သို့ ဆင်ခြင်ရာသနည်းဟူမူကား—**

**ဇီဝိတံ ဗျာဓိ ကာလော စ၊ ဒေဟနိက္ခေပနံ ဂတိ။**
**ပဉ္စေ'တေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ န နာယရေ။** ။ (ဝိသုဒ္ဓိ၊၁။၂၂၈)

ဟူ၍ ကျမ်းဂန်လာသောကြောင့် "ငါ၏အသက်သည် ဤမျှလောက်သော ကာလပတ်လုံး အသက်ရှည်လတ္တံ့။ ထိုကာလမှ နောက်၌ သေလတ္တံ့သော"ဟူ၍ အပိုင်းအခြား မရှိသောကြောင့် **အသက်ရှည်ခြင်း၏** **အပိုင်းအခြားကိုလည်း** မသိနိုင်သည်သာ ဖြစ်၏။ အဘယ်ကြောင့်နည်းဟူမူကား—

- အမိဝမ်းတွင်း၌ ကလလရေကြည်တည်သော ကာလကပင် သတ္တဝါတို့သည် သေခြင်းသဘောသို့ ရောက်ရကုန်၏။
- အမြှုပ်ဖြစ်ပြီးမှလည်း သေကုန်၏။
- သားခဲဖြစ်ပြီးမှလည်း သေကုန်၏။ *( - သားတုံးဖြစ်ပြီးမှလည်း သေကုန်၏။)*
- ခက်မ ၅-ဖြာဖြစ်ပြီးမှလည်း သေကုန်၏။
- ၁-လ, ၂-လ, ၃-လ, ၄-လ, ၅-လရှိမှလည်း သေကုန်၏။
- အမိဝမ်းမှ ဖွားသောကာလ၌လည်း သေကုန်၏။
- ထိုမှ နောက်ဖြစ်သောကာလ၌ ၁-နှစ်, ၂-နှစ်, ၃-နှစ်, ၄-နှစ်, ၅-နှစ်, အနှစ်-၁၀, အနှစ်-၂၀, ၃၀-၄၀-ရှိသော ကာလ၌လည်း သေကုန်၏။
- ထိုမှ နောက်ဖြစ်သောကာလ၌ အနှစ် ၁၀၀-၏ အတွင်း၌လည်းကောင်း, အနှစ် ၁၀၀-လွန်၍လည်းကောင်း သေရကုန်သေးသည်သာလျှင်တည်း။

ထို့ကြောင့် အသက်အပိုင်းအခြားအားဖြင့်လည်း "ဤမျှ ရှည်လတ္တံ့၊ ဤကာလမှ သေရလတ္တံ့"ဟု အမှတ်သညာ ကင်းသည်သာ ဖြစ်၏။

"၉၆-ပါးသော အနာတို့တွင် ဤမည်သော အနာကြောင့်သာ သတ္တဝါတို့ သေကုန်လတ္တံ့။ ဤမှတပါးသော ရောဂါဝေဒနာကြောင့် မသေကုန်လတ္တံ့"ဟု အမှတ်မရှိသောကြောင့် ဗျာဓိအားဖြင့်လည်း သတ္တဝါတို့၏ သေခြင်းသည် အမှတ်သညာ ကင်းသည်သာ ဖြစ်၏။

ကာလအားဖြင့်လည်း "ဤမည်သောကာလ၌ သတ္တဝါတို့သည် သေကုန်လတ္တံ့။ ဤမှ တပါးသောကာလ၌ သတ္တဝါတို့သည် *(မ)*သေကုန်လတ္တံ့"ဟု အပိုင်းအခြား မရှိသောကြောင့် အမှတ်သညာကင်းသည်သာ ဖြစ်၏။ အဘယ်ကြောင့်နည်းဟူမူကား သတ္တဝါတို့သည် နံနက်ကာလ၌လည်း သေကုန်၏။ မွန်းတည့်ကာလ, ညချမ်းကာလ-စသည်တို့တွင် တပါးပါးသော ကာလ၌လည်း သေကုန်၏။ ဆောင်းဥတု, နွေဥတု, မိုးဥတုတို့တွင် တပါးပါး တို့၌လည်း သေကုန်၏။ ထိုဥတုတို့တွင် တပါး,တပါး၌ ၄-လစီ, ၄-လစီ ရှိကုန်၏။ ထို ၄-လတို့တွင် ရှေးဦးစွာသောကာလ၌ *(တပါးပါးတို့၌လည်း)* သတ္တဝါတို့သည် သေကုန်၏။ လဆန်းပက္ခ, လဆုတ်ပက္ခ ၂-ပါးတို့တွင် တပါးပါး၌ သေတတ်ကုန်၏။ ထို့ကြောင့် ကာလအားဖြင့်လည်း သတ္တဝါတို့၏ သေခြင်းသဘောသည် အမှတ်သညာကင်းသည်သာ ဖြစ်၏။

ခန္ဓာအကောင်ပုပ်ကို ပစ်ရခြင်းသည်လည်း "ဤအရပ်၌ ပစ်ချရလတ္တံ့။ တပါးသော အရပ်၌ *(မ)*ပစ်ချရလတ္တံ့။" ဤသို့ အပိုင်းအခြား မရှိသောကြောင့် အမှတ်သညာ ကင်း၏။ အဘယ်ကြောင့်နည်းဟူမူကား ရွာတွင်း၌ဖြစ်သော သတ္တဝါတို့အား ရွာပ၌ အတ္တဘောကို ပစ်ချရ၏။ ရွာပ၌ဖြစ်သော သတ္တဝါတို့အားလည်း ရွာတွင်း၌ အတ္တဘောကို ပစ်ချရ၏။ ကြည်း၌ဖြစ်သော သတ္တဝါတို့အားလည်း ရေ၌ အတ္တဘောကို ပစ်ချရ၏။ ရေ၌ဖြစ်သော သတ္တဝါတို့အားလည်း ကြည်း၌ အတ္တဘောကို ပစ်ချရ၏။ ဤသို့ အစရှိသည်ဖြင့် သတ္တဝါတို့၏ အတ္တဘောကို အထူးထူးအပြားပြားသော မိမိတို့၏ ဇီဝိတိန္ဒြေ၏ ချုပ်ရာအရပ်၌သာ ပစ်ချရသောကြောင့် **ခန္ဓာအကောင်ပုပ် ပစ်ချရာအရပ်**အားဖြင့်လည်း အမှတ်သညာ ကင်း၏။

သေသည်မှ အခြားမဲ့၌လည်း "သတ္တဝါတို့၏ လားရာဂတိသည် ဤမည်သော အရပ်၌ ဖြစ်လတ္တံ့"ဟု အမှတ်သညာ ကင်းသောကြောင့် ဂတိအားဖြင့်လည်း အပိုင်းအခြား မရှိသည်သာဖြစ်၏။ အဘယ်ကြောင့်နည်းဟူမူကား နတ်ပြည်မှ စုတေကုန်သော သတ္တဝါတို့သည် လူ့ပြည်-စသည်တို့၌ ဖြစ်ကုန်၏။ လူ့ပြည်မှ စုတေကုန်သော သတ္တဝါတို့သည် နတ်ပြည်-အစရှိသည်တို့တွင် တပါးပါး၌ ဖြစ်ကုန်၏။ ဤသို့လျှင် ကြံညှစ်ယန္တရား၌ က-အပ်သော နွားကဲ့သို့ ဂတိ ၅-ပါးတို့၌ သတ္တဝါအပေါင်းတို့သည် တပြောင်းပြန်ပြန် ကျင်လည်ရသောအားဖြင့် ဖြစ်ကုန်၏။ ထို့ကြောင့် လားရာ ဂတိအားဖြင့်လည်း အမှတ်သညာ ကင်း၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ၅-ပါးသော အကြောင်းတို့ဖြင့် အမှတ်သညာ ကင်း၏-ဟု သေခြင်းကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်၏။

၄။ အဒ္ဓါနပရိစ္ဆေဒ၊ အခွန့်ကို ပိုင်းခြား၍ အဘယ်သို့ ဆင်ခြင်ရာသနည်းဟူမူကား ဤသို့ ပဋိသန္ဓေနေသော သတ္တဝါတို့သည် မသေသောသူမည်သည် မရှိ။ အကြင်သူသည် ရှည်မြင့်စွာသော ကာလပတ်လုံး အသက်ရှိ၏။ ထိုသူသည် အသက် ၁၀၀-လည်းကောင်း, ၁၀၀-အောက် ယုတ်၍လည်းကောင်း, အနည်းငယ် လွန်၍လည်းကောင်း ရှည်ရာ၏။ ထိုကြောင့် အရေးတကြီး ပွါးစေအပ်သော ဒါန, သီလ, ဘာဝနာ- စသော ကုသိုလ်တရားကို ပွါးစေရာ၏။

ဤသို့လျှင် အသက်တို့၏ တိုသောအဖြစ်, ကုသိုလ်တရားကို ပွါးစေရာသောအဖြစ် ကိုလည်း—

**အပ္ပမိဒံ ဘိက္ခဝေ မနုဿာနံ အာယု၊ ဂမနီယော သမ္ပရာယော၊ ကတ္တဗ္ဗံ ကုသလံ၊ စရိတဗ္ဗံ ဗြဟ္မစရိယံ၊ နတ္ထိ ဇာတဿ အမရဏံ။ ယော ဘိက္ခဝေ စိရံ ဇီဝတိ၊ သော ဝဿသတံ အပ္ပံ ဝါ ဘိယျောတိ။** (သံ၊၁၊၁၀၉။)

**အပ္ပမာယု မနုဿာနံ၊ ဟီဠေယျ နံ သုပေါရိသော။**
**စရေယျာ'ဒိတ္တသီသောဝ၊ နတ္ထိ မစ္စုဿ နာ'ဂမော။** ။(ဝိသုဒ္ဓိ၊၁။၂၂၉)

(သံ၊၁၊၁၀၉)ဟူ၍ ဟောတော်မူသည်။ ဤသို့ ဟောတော်မူသောကြောင့် အဒ္ဓါနပရိစ္ဆေဒအား ဖြင့် သေခြင်းကို အဖန်တလဲလဲ ဆင်ခြင်ရာ၏။

၅။ ခဏပရိတ္တအားဖြင့် အဘယ်သို့ ဆင်ခြင်ရာသနည်းဟူမူကား စိတ်, စေတသိက်, ရုပ်တရားတို့သည် လက်ဖျစ်တတွက်, လျှပ်တပြက်ကာလ၌ အရာမက ဖြစ်၍ ချုပ်၏။ ထိုသို့ စိတ်, စေတသိက်, ရုပ်တရားတို့၏ ချုပ်ခြင်းသည် သတ္တဝါသေသည် မည်၏။ "စိတ်, စေတသိက်,ရုပ်တို့ ချုပ်သည်"ဟူ၍ ခေါ်ဝေါ်ခြင်းသည် ပရမတ်၊ "သတ္တဝါတို့ သေ၏"ဟူ၍ ခေါ်ဝေါ်ခြင်းသည် ပညတ်။ ဤ ၂-ပါးစုံကို ပေါင်း၍ ခဏပရိတ္တအားဖြင့် သေခြင်းကို အဖန်ဖန် ဆင်ခြင်အပ်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အလုံးစုံ သေခြင်းသဘောတရားတို့ကို ပေါင်း၍ "**မရဏံ မေ ဘဝိဿတိ၊ ဇီဝိတိန္ဒြိယံ ဥပစ္ဆိဇ္ဇိဿတိ**"ဟု အဖန်တလဲလဲ မရဏာနုဿတိကို ပွါးစေသော သူအား လောကီ, လောကုတ္တရာ အကျိုး ၂-ပါးတို့၏ ပြီးခြင်းသည် ကေန်စင်စစ်ဖြစ်၏-ဟူ၍ ဟောတော်မူလိုသည် ဖြစ်၍—

**မရဏာဿတိ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ အမတော-ဂဓာ အမတပရိယောသာနာ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊နှာ-၁၃၅။ အဓိပ္ပါယ်ကား ဝိသုဒ္ဓိမဂ်၊ဋ၊၁။၂၂၇-၂၃၀)

★★★★★★★

## [ ၁၉ ] အသုဘ ၁၀-ပါးတရား

ခပ်သိမ်းသော တရားအပေါင်းတို့ကို အကြွင်းမရှိ ကုန်စင်အောင် သိမြင်တော်မူပြီးသော သုံးလူ့ထွတ်ထား ဘုရားသခင်သည် ဟောတော်မူအပ်သော ဒေသနာတော်မြတ်သည်ကား သုတ္တန်, ဝိနည်း, အဘိဓမ္မာ-ဟူ၍ ၃-ပါးအပြားရှိ၏။

ထို ၃-ပါးတို့တွင် ရာဂမကင်း၍ ဆင်းရဲခြင်း ဒုက္ခအပေါင်းဖြင့် နှိပ်စက်အပ်ကုန်သော သတ္တဝါအပေါင်းတို့အား ရာဂကင်း၍ ဆင်းရဲအပေါင်းမှ လွတ်စိမ့်သောငှာ—

**ရာဂဿ ဘိက္ခဝေ ပဟာနာယ အသုဘသညာ ဘာဝေတဗ္ဗာ။**

ဟူသော သုတ္တန်ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ရာဂဿ၊ ရာဂကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ အသုဘသညာ၊ အသုဘသညာကို။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်၏။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သား ရဟန်းများတို့ ရာဂမကင်းသဖြင့် ဆင်းရဲကြကုန်သော သင်တို့သည် ရာဂကို ဖျောက်စိမ့်သောငှာ အသုဘသညာကို ပွါးစေရာ၏"ဟု အဓိပ္ပါယ်လာသည်။

ရာဂကို ဖျောက်စိမ့်သောငှာ အသုဘသညာကို ပွါးခြင်းငှာ အလိုရှိကုန်သောသူတို့သည် အသုဘသညာကိုလည်း သိရာ၏။ အဘယ်သို့ သိရာသနည်းဟူမူကား ၁၀-ပါးသော စက်ဆုပ်ရွံရှာဖွယ် မတင့်တယ်သော သဘောတရားတို့သည် အသုဘ မည်ကုန်၏။

ထို ၁၀-ပါးသော အသုဘတို့၌ စက်ဆုပ်ရွံရှာအပ်သော သဘောဖြစ်သောကြောင့် မတင့်တယ်သည်သာတည်း-ဟု မှတ်ခြင်းသည် အသုဘသညာ မည်၏။ ထိုအသုဘသညာကို အဖန်တလဲလဲ နှလုံးသွင်းခြင်း, ဖြစ်စေခြင်းသည် အသုဘသညာကို ပွါးစေသည် မည်၏။

အသုဘ ၁၀-ပါးဟူသည် အဘယ်နည်းဟူမူကား—

၁။ သေသည်မှ အထက်ဖြစ်သော နောက်ကာလ၌ တက်၍,တက်၍ ဖူးဖူးရောင်သော စက်ဆုပ်ဖွယ်ရှိသော အကောင်-ဟု ဆိုအပ်သော ဥဒ္ဓုမာတကလည်း ၁-ပါး၊

၂။ သေပြီး၍ ၂-ရက်, ၃-ရက် လွန်ပြီးသောကာလ ညိုညိုရှိသော, စက်ဆုပ်ဖွယ်ရှိသော အကောင်-ဟု ဆိုအပ်သော ဝိနီလကလည်း ၁-ပါး၊

၃။ ယိုသောပြည်ရှိသော, စက်ဆုပ်ဖွယ်ရှိသော အကောင်-ဟု ဆိုအပ်သော ဝိပုဗ္ဗက လည်း ၁-ပါး၊

၄။ ဓားလက်နက်တို့ဖြင့် အလယ်၌ ၂-ပိုင်းဖြတ်၍ ပစ်အပ်သော, စက်ဆုပ်ဖွယ်ရှိသော အကောင်-ဟု ဆိုအပ်သော ဝိစ္ဆိဒ္ဒကလည်း ၁-ပါး၊

၅။ ခွေး, မြေခွေး-အစရှိသော သတ္တဝါတို့သည် ကိုက်ခဲအပ်သော, စက်ဆုပ်ဖွယ်ရှိသော အကောင်-ဟု ဆိုအပ်သော ဝိက္ခာယိတကလည်း ၁-ပါး၊

၆။ ခွေး, မြေခွေး-အစရှိသော သတ္တဝါတို့သည် ကိုက်၍ အထူးထူးအပြားအပြား ပစ်အပ် သော, စက်ဆုပ်ဖွယ်ရှိသော အကောင်-ဟု ဆိုအပ်သော ဝိက္ခိတ္တကလည်း ၁-ပါး၊

၇။ ဓားလက်နက်တို့ဖြင့် အပိုင်းပိုင်းဖြတ်၍ အထူးထူးအပြားအပြား ပစ်အပ်သော, စက်ဆုပ်ဖွယ်ရှိသော အကောင်-ဟု ဆိုအပ်သော ဟတဝိက္ခိတ္တကလည်း ၁-ပါး၊

၈။ ယိုသောသွေးရှိသည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်-ဟု ဆိုအပ်သော လောဟိတကလည်း ၁-ပါး၊

၉။ ပိုးလောက်တို့ဖြင့် ပြည့်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်-ဟု ဆိုအပ်သော ပုဠုဝကလည်း ၁-ပါး၊

၁၀။ အရိုးချည်းသာဖြစ်သော စက်ဆုပ်ဖွယ်ရှိသော အကောင်-ဟု ဆိုအပ်သော အဋ္ဌိက လည်း ၁-ပါး။

ဤသို့အားဖြင့် အသုဘတို့သည် ၁၀-ပါး အပြားရှိကုန်၏။

ထို ၁၀-ပါးသော အသုဘတို့ကို မြင်သောကာလ "ငါ၏ကိုယ်သည်လည်း ဤကဲ့သို့ ဖူးဖူးရောင်ခြင်း, ညိုညိုရှိခြင်း-အစရှိသော သဘောသို့ ရောက်လတ္တံ့။ ထိုသဘောတရားကို မလွန်နိုင်ချေတကား"ဟု မိမိကိုယ်သို့ဆောင်၍ အဖန်တလဲလဲ ဆင်ခြင်အောက်မေ့ခြင်းကို အားထုတ်ကုန်ရာသည်။ ဤသို့ အသုဘသညာကို မပြတ် အဖန်တလဲလဲ အားထုတ်သော သူအား ပြင်းစွာ တပ်တတ်သော ရာဂတရားသည် ကင်းရာ၏, ပျောက်ရာ၏။

ထို့ကြောင့် "ရာဂဿ ဘိက္ခဝေ ပဟာနာယ အသုဘသညာ ဘာဝေတဗ္ဗာ"အစရှိသည်ဖြင့် ဟောတော်မူသည်။

အထူးအားဖြင့်ကား ဤ ၁၀-ပါးကုန်သော အသုဘတို့တွင်—

- ဥဒ္ဓုမာတကအသုဘသည် ကိုယ်သဏ္ဌာန်၏ ဖောက်ပြန်ခြင်းကို ပြတတ်သောကြောင့် လက်,ခြေ,ကိုယ်သဏ္ဌာန်၌ တပ်ခြင်းရာဂ မကင်းသောသူအား လျော်ကပ်၏။
- ဝိနီလကအသုဘသည် အရေအဆင်း၏ ဖောက်ပြန်ခြင်းကို ပြတတ်သောကြောင့် ကိုယ်အဆင်း၌ တပ်ခြင်းရာဂ မကင်းသောသူအား လျော်ကပ်၏။
- ဝိပုဗ္ဗကအသုဘသည် ကိုယ်အဆင်းနှင့်စပ်သော မကောင်းသော အနံ့ရှိသည်၏ အဖြစ်ကို ပြတတ်သောကြောင့် ပန်း, နံ့သာ-စသည်တို့၏ အစွမ်းအားဖြင့် ဖြစ်စေအပ်သော ကိုယ်အနံ့၌ တပ်ခြင်းရှိသောသူအား လျော်ကပ်၏။
- ဝိစ္ဆိဒ္ဒကအသုဘသည် ကိုယ်၌ အခေါင်းရှိသည်၏အဖြစ်ကို ပြတတ်သောကြောင့် ကိုယ်၌ တခဲနက်တည်သော အဖြစ်ကို တပ်မက်မောတတ်သောသူအား လျော်ကပ်၏။
- ဝိက္ခာယိတကအသုဘသည် ပြည့်ဖြိုးသော အသား-စသည်နှင့် ပြည့်စုံခြင်း၏ ပျက်စီးခြင်းကို ပြတတ်သောကြောင့် ထိုထိုသော ကိုယ်အရပ်အသားစု၌ တပ်မက်မောခြင်းရှိသောသူအား လျော်ကပ်၏။
- ဝိက္ခိတ္တကအသုဘသည် အင်္ဂါကြီး,ငယ်တို့၏ ထိုမှ,ဤမှ ဖောက်ပြန်ခြင်း, ဖရိုဖရဲ ကြဲခြင်းကို ပြတတ်သောကြောင့် အင်္ဂါကြီး,ငယ် တင့်တယ်သည်၌ တပ်ခြင်းရှိသောသူအား လျော်ကပ်၏။
- ဟတဝိက္ခိတ္တကအသုဘသည် ကိုယ်အစပ်၏ ကွဲပြားခြင်း, ဖောက်ပြန်ခြင်းသဘောတရားကို ပြတတ်သောကြောင့် ကိုယ်အစပ်၏ ပြည့်စုံခြင်း၌ တပ်ခြင်းရှိသောသူအား လျော်ကပ်၏။
- လောဟိတကအသုဘသည် သွေးလိမ်းကျံခြင်းဖြင့် စက်ဆုပ်ရွံရှာဖွယ်၏အဖြစ်ကို ပြတတ်သောကြောင့် တန်ဆာဆင်ခြင်းကြောင့် တင့်တယ်သည်၌ တပ်ခြင်းရာဂ မကင်းသောသူအား လျော်ကပ်၏။
- ပုဠုဝကအသုဘသည် ခန္ဓာတို့၏ များစွာသော ပိုးမျိုးတို့နှင့် ဆက်ဆံသောအဖြစ်ကို ပြတတ်သောကြောင့် မိမိကိုယ်၌ မရက်မစက် မြတ်နိုးသောသူအား လျော်ကပ်၏။

- အဋ္ဌိကအသုဘသည် ကိုယ်တွင်း၌ အရိုး၏ ရွံရှာဖွယ်အဖြစ်ကို ပြတတ်သောကြောင့် သွား၏ ပြည့်စုံတင့်တယ်ခြင်း၌ တပ်မက်သောသူအား လျော်ကပတ်၏။

ဤသို့လျှင် ရာဂစရိုက်၏ အပြားအားဖြင့် အသုဘ ၁၀-ပါး ပြားခြင်းသည် ဖြစ်၏။

လက္ခဏာအားဖြင့်ကား ထို ၁၀-ပါးသော အသုဘသည် ဒုဂ္ဂန္ဓ, ဇေဂုစ္ဆ, ပဋိကူလ အားဖြင့် တူသောလက္ခဏာ ရှိ၏။

သေသောအကောင်သည် အသုဘဖြစ်၍ မတင့်တယ် စက်ဆုပ်ရွံရှာဖွယ်ဖြစ်သကဲ့သို့ ထို့အတူ အသက်ရှိသော ကိုယ်အကောင်သည်လည်း အသုဘဖြစ်၍ မတင့်တယ် စက်ဆုပ်ရွံရှာဖွယ်ရှိသည်သာလျှင်တည်း။ ထိုသို့ စက်ဆုပ်ရွံရှာဖွယ်ရှိသော သဝိညာဏက ကိုယ်၌ အသုဘလက္ခဏာကို အာဂန္တုကဖြစ်သော တန်ဆာဖြင့် ဖုံးလွှမ်းအပ်သောကြောင့် မသိတတ်နိုင်သော သဘောရှိ၏။

စင်စစ်အားဖြင့် ဤကိုယ်သည်ကား—

- ၃၀၀-အလွန်ရှိသော အရိုးတို့ဖြင့် စိုက်ဆောက်အပ်၏။
- ၁၈၀-သော အရိုးတို့ဖြင့် စပ်အပ်၏။
- ၉၀၀-သော အကြောတို့ဖြင့် ဖွဲ့အပ်၏။
- ၉၀၀-သော အသားတစ်တို့ဖြင့် လိမ်းကျံအပ်၏။
- စိုသော အရေထူတို့ဖြင့် မြှေးယှက်အပ်၏။
- အရေပါးဖြင့် ဖုံးလွှမ်းအပ်၏။
- အပေါက်အပေါက်, အထွင်းအထွင်းရှိသော အဆီပုပ်ဖြင့် ပြည့်သောခွက်ကဲ့သို့ မပြတ် အမြဲ မကောင်းသောအနံ့တို့ဖြင့် ယိုစီးအပ်၏။
- ပိုးမျိုး ၈၀- အပေါင်းတို့၏ မပြတ်နေရာ ဖြစ်၏။
- အရာမကသော ရောဂါဝေဒနာတို့၏ တည်ရာ ဖြစ်၏။
- ဆင်းရဲအပေါင်းတို့၏ တည်ရာလည်း ဖြစ်၏။
- ခံတွင်းမှ အစာအာဟာရသည် ချွေး, ချွဲ, သလိပ်, သွေး, တံတွေး, ချွဲခန်းတို့သည် ယိုစီးအပ်ကုန်၏။
- အောက်အရပ်မှ ကျင်ကြီး,ကျင်ငယ်တို့သည် ယိုစီးကုန်၏။
- ၉,၉၀၀၀-ကုန်သော အမွေးတွင်းတို့မှ မစင်ကြယ်သော ချွေး-ဟူသော အစေးသည် ယိုစီး၏။

- ထိုအလုံးစုံသော စက်ဆုပ်ဖွယ်တို့ဖြင့် ယိုစီးခြင်းကြောင့် ယင်မမဲရိုင်းတို့သည် ထက်ဝန်းကျင် ခြံရံကုန်၏။

အကြင်အခြင်းဖြင့် ဤကိုယ်ကို တံပူစားခြင်း, မျက်နှာသစ်ခြင်း, ဦးခေါင်းဆေးလျှော်ခြင်း, ဆီလိမ်းခြင်း, ရေချိုးခြင်း, နံ့သာလိမ်းခြင်း, ဝတ်ရုံခြင်း-အစရှိသည်တို့ဖြင့် မပြုပြင် မသုတ်သင်မူ၍ အမိဝမ်းတွင်းမှ ဖွားတိုင်းသာလျှင် ကြမ်းကြုတ်သော, ဖရိုဖရဲကြသော ဆံပင်ရှိသည်ဖြစ်၍ တစ်ရွာမှသည် တစ်ရွာသို့ သွားသည်ရှိသော် မင်းဖြစ်သောသူသည်လည်းကောင်း၊ ပန်းမှိုက်သွန်, ဒွန်းစဏ္ဍား-အစရှိသည်တို့တွင် တစ်ယောက်ယောက်သောသူသည်လည်းကောင်း တူမျှသောကိုယ်၏ ရွံရှာဖွယ်ရှိသည်၏အဖြစ်ကြောင့် ထိုသူ ၂-ယောက်တို့၏ အထူးမရှိခြင်းသည် ဖြစ်၏။

ဤကိုယ်၌ မျက်နှာသစ်ခြင်း-အစရှိသည်တို့ဖြင့် သွား၏အညစ်အကြေး, မျက်နှာ၌ဖြစ်သော အညစ်အကြေး, အလုံးစုံသော ကိုယ်၌ဖြစ်သော အညစ်အကြေး-အစရှိသည်တို့ကို သုတ်သင်၍ အာဂန္တုကဖြစ်သော အဝတ်တို့ဖြင့် အရှက်အကြောက်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီး,ငယ်တို့ကို ဖုံးလွှမ်း၍ အထူးထူးသော အဆင်း,အနံ့ရှိသော နံ့သာဖြင့် လိမ်းကျံ၍ ပန်းပန်ခြင်း, တန်ဆာဆင်ခြင်း-အစရှိသည်ဖြင့် တန်ဆာဆင်၍ "အဟံ မမ" အစရှိသည်ဖြင့် ငါ၏ကိုယ်-ဟု ရှုအပ်သော အခြင်းအရာသို့ ရောက်ကုန်၏။ ထိုအာဂန္တုကဖြစ်သော အဝတ်တန်ဆာတို့ဖြင့် ဖုံးလွှမ်းခြင်းကြောင့် မဖောက်မပြန်သော မိမိသဘောကိုစွဲရှိသော ဤအသုဘလက္ခဏာကို မသိ,မမြင်ကုန်သည်ဖြစ်၍ မိန်းမတို့သည် ယောကျ်ားတို့၌ မက်မောကုန်၏။ ယောကျ်ားတို့သည် မိန်းမတို့၌ မက်မောကုန်၏။

မုချအားဖြင့်ကား ကိုယ်၌ တပ်မက်မောအပ်သည်နှင့်ယှဉ်သော အရာမည်သည် အဏုမြူမျှ မရှိသည်သာလျှင် ဖြစ်၏။ ထို့ကြောင့် ဆံပင်, မွေးညင်း, ခြေသည်း, လက်သည်း, သွား, တံတွေး, နှပ်, ကျင်ကြီး, ကျင်ငယ်-အစရှိသည်တို့တွင် တစ်ခုခုသော တရားအစုသည်မျှလည်း ကိုယ်၏အပသို့ ကျသည်ကို သတ္တဝါတို့သည် လက်ဖြင့် ထိခြင်းငှာ အလိုမရှိကုန်။ ငြီးငွေ့စက်ဆုပ် ရွံရှာရက်နိုးကုန်၏။

ဤကိုယ်၌ အကြင်စက်ဆုပ်ဖွယ်သော ကောဋ္ဌာသအစုသည် ကြွင်း၏။ ထိုတရားအစုသည် ရွံရှာဖွယ်ရှိလေငြားသော်လည်း အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ဖြင့် မြေးယှက်ကုန်သည်ဖြစ်၍ အတ္တဘော၌ ပြင်းပြစွာ တပ်ခြင်းရာဂ မကင်းကုန်သော သတ္တဝါတို့သည် ဣဋ္ဌ, ကန္တ, နိစ္စ, သုခ, သုဘ, အတ္တ-ဟူ၍ စွဲလမ်းကြကုန်၏။ ဤသို့ ဣဋ္ဌ, ကန္တ, နိစ္စ, သုခ, သုဘ, အတ္တ-ဟု စွဲလမ်းကုန်သောသူတို့သည် တောအုပ်၌ ပင်လုံးကျွတ်ပွင့်သော တစ်ခု

သော ပေါက်ပင်ကို မြင်၍ သားတစ်ပင် အမှတ်မှားသော မြေခွေးအိုနှင့် တူသောအဖြစ်သို့ ရောက်လေကုန်၏။

အဘယ်သို့ တူလေသနည်းဟူမူကား တစ်ခုသော မြေခွေးအိုသည် တောအုပ်၌ တစ်ခုသော ပင်လုံးကျွတ်ပွင့်သော ပေါက်ပင်ကို တွေ့မြင်လေ၏။ ထိုအခါ ပေါက်ပင်၏ အရင်း၌ ဦးခေါင်းကို မော့ကာမော့ကာနေစဉ် လေခတ်၍ ရင့်ပြီးသော ပေါက်ပွင့်တို့သည် ကြွေကျလေသော် နူတ်သီးဖြင့် ကိုက်ခဲ၍ "ဤအောက်သို့ ကြွေကျသော ဝတ္ထုသည်ကား သားတစ် မဟုတ်သေး၊ အထက်၌ ကြွင်းကျန်သော ဝတ္ထုတို့မူကား စင်စစ် အမဲသားတစ်ပင်" ဟု မိစ္ဆာလောဘဖြင့် နေ့,လ,နှစ်,ရက်တို့ကို ကုန်စေလျက် ဝတ်မွတ်၍ အရေအသား, ခွန်အား ဗလနည်းပါး၍ ပေါက်ပင်၏ အနီး၌သာလျှင် သေကျေပျက်စီးခြင်းသို့ ရောက်လေ၏။

ထိုမြေခွေးအိုသည် ပင်လုံးကျွတ်ပွင့်သော ပေါက်ပင်ကို မြင်၍ "သားတစ်ပင် ဖြစ်သည်"ဟု မိစ္ဆာလောဘဖြင့် ပြင်းပြစွာ စွဲလမ်းသကဲ့သို့ ထို့အတူ လူတို့သည်လည်း ဒုဂ္ဂန္ဓ, ဇေဂုစ္ဆ, ပဋိကူလ, အသုဘသာဖြစ်သော မိန်းမ, ယောက်ျားတို့၏ ကိုယ်၌ ဣဋ္ဌ, ကန္တ, နိစ္စ, သုခ, သုဘ, ဓုဝ, အတ္တ-ဟု စွဲလမ်းသည်နှင့် တူကုန်၏။ မြေခွေးအိုသည် အမြီးကို လှုပ်၍ လှုပ်၍ ဦးခေါင်းကို မော့ကာမော့ကာ မရက်မစက် မြတ်နိုး၍ မိစ္ဆာလောဘဖြင့် ပြင်းပြစွာ မက်မောခြင်းဖြစ်သကဲ့သို့ မိန်းမ, ယောက်ျားတို့သည်လည်း တစ်ယောက်ကို တစ်ယောက် ပြင်းပြစွာ လောဘဖြင့် မက်မောသည်နှင့် တူကုန်၏။

မြေခွေးအိုသည် "အောက်သို့ကျသော ဝတ္ထုကား အမဲသားတစ် မဟုတ်၊ အထက်၌ ရှိသော ဝတ္ထုသည်သာ အမဲသားတစ် စင်စစ်မှန်လှတော့သည်"ဟု မိစ္ဆာလောဘဖြင့် မက်မော၍ နေ့,လ,နှစ်,ရက်တို့ကို ကုန်စေလျက် ပေါက်ပင်၏ အနီးအပါး၌ သေကျေပျက်စီး ခြင်းသို့ ရောက်ရသကဲ့သို့ လူတို့သည်လည်း သား, မယား, ယောက်ျား, မိန်းမတို့မှ စက်ဆုပ် ရွံရှာဖွယ်ဖြစ်သော နှပ်, တံတွေး, ချွဲခန်း, သလိပ်, မျက်ဝတ်, မျက်ချေး, ကျင်ကြီး, ကျင်ငယ် အစရှိသော မစင်ကြယ်သော ဝတ္ထုတို့သည် အောက်သို့ ကျသည်ရှိသော် "ဤသို့ ကျသော နှပ်, တံတွေး-စသော ဝတ္ထုတို့ကား မစင်ကြယ်သော, ရွံရှာဖွယ် စက်ဆုပ်အပ်သော ဝတ္ထုတို့ တည်း။ ကိုယ်၌ ကြွင်းကျန်ရစ်သော နှပ်, တံတွေး-စသော ဝတ္ထုတို့ကား နှစ်သက်မြတ်နိုးဖွယ် ရှိ၏"ဟု မိစ္ဆာလောဘဖြင့် စွဲလမ်း၍ သား,မယား ယောက်ျား,မိန်းမတို့၏ ခြေရင်း၌သာ နေ့,လ, နှစ်,ရက်တို့ကို ကုန်စေ၍ သေကျေပျက်စီးခြင်းသို့ ရောက်လေသည်နှင့် တူ၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် မြေခွေးအိုနှင့် တူကုန်သော လူမိုက်အပေါင်းတို့ သည် မိမိကိုယ်, သူတပါးကိုယ်ကို သုဘအားဖြင့် စွဲလမ်းခြင်းကြောင့် မောဟဖုံးလွှမ်းကုန်

သည်ဖြစ်၍ မကောင်းသော ဒုစရိုက်တို့ကို ပြုကျင့်ကြကုန်၏။ သံသရာဝဋ်ဒုက္ခ, အပါယဒုက္ခ-စသော ဒုက္ခအပေါင်းမှ မလွတ်နိုင်ကုန်။

ထို့ကြောင့် ပညာရှိသူတော်ကောင်းအပေါင်းတို့သည် "သေသော အကောင်, ရှင်သော အကောင်, မိမိကိုယ်, သူတပါးကိုယ်တို့၌ စက်ဆုပ်ရွံရှာဖွယ် အသုဘသာတကား" ဟု အဖန်တလဲလဲ ဆင်ခြင်ခြင်း, နှလုံးသွင်းခြင်းကို ဖြစ်စေကုန်ရာသည်။ ထိုသို့ အသုဘ ဖြစ်သည်-ဟု ဟုတ်တိုင်းတပ်တပ် သိစေခြင်း, မြင်စေခြင်းငှာလည်း—

**ဒုဂ္ဂန္ဓော အသုစိ ကာယော၊ ကုဏပေါ ဥက္ကရူပမော။**
**နိန္ဒိတော စက္ခုဘူတေဟိ၊ ကာယော ဗာလာ'ဘိနန္ဒိတော။ ။**

**အလ္လစမ္မပဋိစ္ဆန္နော၊ နဝဒွါရော မဟာဝဏော။**
**သမန္တတော ပဂ္ဃရတိ၊ အသုစိပူတိဂန္ဓိယော။ ။**

**သစေ ဣမဿ ကာယဿ၊ အန္တောဗာဟိရကော သိယာ။**
**ဒဏ္ဍံ နူန ဂဟေတွာန၊ ကာကေ သောဏေ နိဝါရယေ။ ။** (ဝိသုဒ္ဓိ၊ ၁၉၀)

ဟူ၍ ဟောတော်မူသည်။

ဒုဂ္ဂန္ဓော အသုစိ ကာယော၊ ကုဏပေါ ဥက္ကရူပမော။
နိန္ဒိတော စက္ခုဘူတေဟိ၊ ကာယော ဗာလာ'ဘိနန္ဒိတော။ ။

အယံ ကာယော၊ ဤကိုယ်သည်။ ဒုဂ္ဂန္ဓော၊ မကောင်းသော အနံ့ရှိ၏။ အသုစိ၊ မစင်ကြယ်။ ကုဏပေါ၊ ပိုးမျိုးတို့ဖြင့် ပြည့်၏။ ဥက္ကရူပမော၊ ကျင်ကြီးတွင်းနှင့် တူ၏။ သော ကာယော၊ ထိုကိုယ်ကို။ စက္ခုဘူတေဟိ၊ ပညာစက္ခုဖြင့် အမြင်ရှိကုန်သော သူတော်ကောင်းအပေါင်းတို့သည်။ နန္ဒိတော၊ ကဲ့ရဲ့အပ်၏။ ဗာလာ၊ သူမိုက်တို့သည်။ အဘိနန္ဒိတော၊ နှစ်သက်အပ်၏။

အလ္လစမ္မပဋိစ္ဆန္နော၊ နဝဒွါရော မဟာဝဏော။
သမန္တတော ပဂ္ဃရတိ၊ အသုစိပူတိဂန္ဓိယော။ ။

အယံ ကာယော၊ ဤကိုယ်ကို။ အလ္လစမ္မပဋိစ္ဆန္နော၊ စိုစွတ်သော အရေထူတို့ဖြင့် ဖုံးလွှမ်းအပ်၏။ နဝဒွါရော၊ ၉-ပါးသော ဒွါရရှိ၏။ မဟာဝဏော၊ အိုင်းအမာကြီးနှင့် တူ၏။ သမန္တတော၊ ထက်ဝန်းကျင်မှ။ အသုစိပူတိဂန္ဓိယော၊ မစင်ကြယ်သော, ပုပ်သော အနံ့တို့သည်။ ပဂ္ဃရတိ၊ ယိုစီးကုန်၏။

သစေ ဣမဿ ကာယဿ၊ အန္တောဗာဟိရကော သိယာ။
ဒဏ္ဍံ နူန ဂဟေတွာန၊ ကာကေ သောဏေ နိဝါရယေ။ ။ —

ဣမဿ ကာယဿ၊ ဤကိုယ်ကို။ အန္တောဗဟိရကော၊ အတွင်းကို အပပြု၍ ထားအပ်သည်။ သစေ သိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ *(နှုန်း စင်စစ်။)* ဒဏ္ဍံ၊ တုတ်,လှင်တံကို။ ဂဟေတွာန၊ ကိုင်၍။ ကာကေ စ၊ ကျီးတို့ကိုလည်းကောင်း။ သောဏေ စ၊ ခွေးတို့ကိုလည်း ကောင်း။ နိဝါရယေ-နိဝါရေယျ၊ မြစ်ရာ၏။

ဤကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (တိကအင်္ဂုတ္တရပါဠိတော်။ သံယုတ် ပါဠိတော်။ ဝိသုဒ္ဓိမဂ်အဓိပ္ပါယ်။)

★★★★★★★

## [၂၀] အနမတဂ္ဂဒေသနာတရား

**"သံသာရစက္ကဿ အရာ ဟတာ အနေနာတိ အရဟံ။"**

အနေန ဘဂဝတာ၊ ဤမြတ်စွာဘုရားသည်။ သံသာရစက္ကဿ၊ သံသရာတည်း ဟူသော စက်၏။ အရာ၊ အကန့်တို့ကို။ ဟတာ၊ ဖျက်ဆီးတော်မူအပ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ အရဟံ၊ အရဟ မည်၏။

ဤသို့လျှင် သံသရာစက်၏ အကွက်အကန့်တို့ကို ဖျက်ဆီးတော်မူတတ်သည်၏ အဖြစ်ကြောင့် အရဟံ-ဟူသော ဂုဏ်တော်နာမ ဝိသေသအထူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် တရံရောအခါ သာဝတ္ထိပြည်ကြီးကို ဆွမ်းခံရာအမှီပြု၍ ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည်။

ထိုသို့ နေတော်မူသောအခါ ရဟန်းတို့ကို ခေါ်တော်မူ၍—

**အနမတဂ္ဂေါ'ယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာ ကောဋိ န ပညာယတိ အဝိဇ္ဇာနီဝရ- ဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။** (သံ၊၁၊၃၈၇)

**ဟောတိ သော ဘိက္ခဝေ သမယော ယံ မဟာသမုဒ္ဒေါ ဥဿုဿတိ ဝိသုဿတိ န ဘဝတိ၊ န တွေ'ဝါ'ဟံ ဘိက္ခဝေ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ ဒုက္ခဿ အန္တကိရိယံ ဝဒါမိ။** (သံ၊၂၊၁၂၀)

**ဟောတိ သော ဘိက္ခဝေ သမယော ယံ သိနေရု ပဗ္ဗတရာဇာ ဍယှတိ ဝိနဿတိ န ဘဝတိ၊ န တွေ'ဝါ'ဟံ ဘိက္ခဝေ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ ဒုက္ခဿ အန္တကိရိယံ ဝဒါမိ။** (သံ၊၂၊၁၂၀)

**ဟောတိ သော ဘိက္ခဝေ သမယော ယံ မဟာပထဝီ ဍယှတိ ဝိနဿတိ န ဘဝတိ၊ န တွေ'ဝါ'ဟံ ဘိက္ခဝေ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ ဒုက္ခဿ အန္တကိရိယံ ဝဒါမိ။** (သံ၊၂၊၁၂၂)

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

**အနမတဂ္ဂေါ'ယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗကောဋိ န ပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။** (သံ၊၁၊၃၈၇)

ဘိက္ခဝေ၊ ရဟန်းတို့။ အယံ သံသာရော၊ ခန္ဓာ, အာယတန, ဓာတ်တို့၏ မပြတ်ဖြစ်ခြင်း-ဟု ဆိုအပ်သော ဤသံသရာဝဋ်ဆင်းရဲသည်။ အနမတဂ္ဂေါ၊ မသိအပ်သော အစရှိ၏။ အဝိဇ္ဇာနီဝရဏာနံ၊ အဝိဇ္ဇာနီဝရဏသည် ဖုံးလွှမ်းပိတ်ပင်အပ်ကုန်သော။ တဏှာ-သံယောဇနာနံ၊ တဏှာတည်းဟူသော သံယောဇဉ်သည် ဖွဲ့ချည်အပ်ကုန်သော။ သန္ဓာဝတံ သန္ဓာဝန္တာနံ၊ ဤဘဝမှ ထိုဘဝသို့, ထိုဘဝမှ ဤဘဝသို့ ပြေးသွားရကုန်သော။ သံသရတံ သံသရန္တာနံ၊ တပြောင်းပြန်ပြန် ကျင်လည်ရကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ ပုဗ္ဗကောဋိ၊ ရှေးဖြစ်သော အစွန်းသည်။ န ပညာယတိ၊ မထင်။

**ဟောတိ သော ဘိက္ခဝေ သမယော ယံ မဟာသမုဒ္ဒေါ ဥဿုဿတိ ဝိသုဿတိ န ဘဝတိ၊ န တွေ'ဝါ'ဟံ ဘိက္ခဝေ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ ဒုက္ခဿ အန္တကိရိယံ ဝဒါမိ။** (သံ၊၂၊၁၂၁)

ဘိက္ခဝေ၊ ရဟန်းတို့။ ယံ ယေန ကာရဏေန၊ အကြင်ကမ္ဘာမီးလောင်ခြင်း-ဟူသော အကြောင်းကြောင့်။ ဝါ၊ ယံ ယသ္မိံ ကာလေ၊ အကြင်ကမ္ဘာမီးလောင်သောအခါ၌။ မဟာ-သမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်။ ဥဿုဿတိ၊ ခြောက်တတ်၏။ ဝိသုဿတိ၊ ထက်ဝန်းကျင်မှ ခြောက်တတ်၏။ န ဘဝတိ၊ မဖြစ်။ သော သမယော၊ ထိုအခါသည်။ ဟောတိ ဧဝ၊ ဖြစ်သလျှင်ကတည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ အဝိဇ္ဇာနီဝရဏာနံ၊ အဝိဇ္ဇာနီဝရဏသည် ဖုံးလွှမ်းပိတ်ပင်အပ်ကုန်သော။ တဏှာသံယောဇနာနံ၊ တဏှာတည်းဟူသော သံယောဇဉ်သည် ဖွဲ့ချည်အပ်ကုန်သော။ သန္ဓာဝတံ သန္ဓာဝန္တာနံ၊ ဤဘဝမှ ထိုဘဝသို့, ထိုဘဝမှ ဤဘဝသို့ ပြေးသွားရကုန်သော။ သံသရတံ သံသရန္တာနံ၊ တပြောင်းပြန်ပြန် ကျင်လည်ရကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တကိရိယံ၊ အဆုံးကို ပြုရခြင်းကို။ အဟံ၊ ငါဘုရားသည်။ န တွေဝ ဝဒါမိ၊ ဟောတော်မမူ။

**ဟောတိ သော ဘိက္ခဝေ သမယော ယံ သိနေရုပဗ္ဗတရာဇာ ဍယှတိ ဝိနဿတိ န ဘဝတိ၊ န တွေ'ဝါ'ဟံ ဘိက္ခဝေ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ ဒုက္ခဿ အန္တကိရိယံ ဝဒါမိ။** (သံ၊၂၊၁၂၁)

ဘိက္ခဝေ၊ ရဟန်းတို့။ ယံ ယသ္မိံ ကာလေ၊ အကြင် ကမ္ဘာမီးလောင်သောအခါ၌။ သိနေရုပဗ္ဗတရာဇာ၊ ၈၄,၀၀၀- ၂-ပြန်ဆောင်သော မြင်းမိုရ်တောင်မင်းသည်။ ဍယှတိ၊ လောင်၏။ ဝိနဿတိ၊ ပျက်၏။ န ဘဝတိ၊ မဖြစ်။ သော သမယော၊ ထိုအခါသည်။ ဟောတိ ဧဝ၊ ဖြစ်သေးသည်သာလျှင်ကတည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ အဝိဇ္ဇာနီဝရဏာနံ၊ အဝိဇ္ဇာနီဝရဏသည် ဖုံးလွှမ်းပိတ်ပင်အပ်ကုန်သော။ တဏှာသံယောဇနာနံ၊ တဏှာသံယောဇဉ်သည် ဖွဲ့ချည်အပ်ကုန်သော။ သန္ဓာဝတံ သန္ဓာဝန္တာနံ၊ ဤဘဝမှ ထိုဘဝသို့, ထိုဘဝမှ ဤဘဝသို့ ပြေးသွားရကုန်သော။ သံသရတံ သံသရန္တာနံ၊ တပြောင်းပြန်ပြန် ကျင်လည်ရကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တကိရိယံ၊ အဆုံးကို ပြုရခြင်းကို။ အဟံ၊ ငါဘုရားသည်။ န တွေဝ ဝဒါမိ၊ ဟောတော်မမူ။

**ဟောတိ သော ဘိက္ခဝေ သမယော ယံ မဟာပထဝီ ဍယှတိ ဝိနဿတိ န ဘဝတိ၊ န တွေ'ဝါ'ဟံ ဘိက္ခဝေ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ ဒုက္ခဿ အန္တကိရိယံ ဝဒါမိ။** (သံ၊၂၊၁၂၂)

ဘိက္ခဝေ၊ ရဟန်းတို့။ ယံ ယသ္မိံ ကာလေ၊ အကြင်ကမ္ဘာမီးလောင်သောအခါ၌။ မဟာပထဝီ၊ ၂၄၀,၀၀၀-အထုရှိသော မြေသည်။ ဍယှတိ၊ လောင်၏။ ဝိနဿတိ၊ ပျောက်ပျက်၏။ န ဘဝတိ၊ မဖြစ်။ သော သမယော၊ ထိုအခါသည်။ ဟောတိ ဧဝ၊ ဖြစ်သလျှင်ကတည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ အဝိဇ္ဇာနီဝရဏာနံ၊ အဝိဇ္ဇာနီဝရဏသည် ဖုံးလွှမ်းပိတ်ပင်အပ်ကုန်သော။ တဏှာသံယောဇနာနံ၊ တဏှာတည်းဟူသော သံယောဇဉ်သည် ဖွဲ့ချည်အပ်ကုန်သော။ သန္ဓာဝတံ သန္ဓာဝန္တာနံ၊ ဤဘဝမှ ထိုဘဝသို့, ထိုဘဝမှ ဤဘဝသို့ ပြေးသွားရကုန်သော။ သံသရတံ သံသရန္တာနံ၊ တပြောင်းပြန်ပြန် ကျင်လည်ရကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တကိရိယံ၊ အဆုံးကို ပြုရခြင်းကို။ အဟံ၊ ငါဘုရားသည်။ န တွေဝ ဝဒါမိ၊ ဟောတော်မမူ။

အဓိပ္ပါယ်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ ခန္ဓာ, အာယတန, ဓာတ်တို့၏ မပြတ်ဖြစ်ခြင်း"ဟု ဆိုအပ်သော ဤသံသရာဝဋ်ဆင်းရဲသည် မသိအပ်သော အစရှိ၏။ အဝိဇ္ဇာ-

ဝိဒေါ၊ မလိမ္မာထသော။ သပ္ပုရိသဓမ္မေ၊ ဘုရားအစရှိသော သူတော်ကောင်းတို့၏တရား၌။ အဝိနီတော၊ သံဝရဝိနည်း, ပဟာနဝိနည်းမှ ကင်းထသော။ ပုထုဇ္ဇနော၊ ပုထုဇဉ်သည်။ ရူပံ၊ ရူပက္ခန္ဓာကို။ အတ္တတော၊ ကိုယ်-ဟူ၍။ သမနုပဿတိ၊ ရှု၏။ ပ။ ဝေဒနံ၊ ဝေဒနာက္ခန္ဓာကို။ အတ္တတော၊ ကိုယ်-ဟူ၍။ သမနုပဿတိ၊ ရှု၏။ သညံ၊ သညာက္ခန္ဓာကို။ အတ္တတော၊ ကိုယ်-ဟူ၍။ သမနုပဿတိ၊ ရှု၏။ သင်္ခါရေ၊ သင်္ခါရက္ခန္ဓာတို့ကို။ အတ္တတော၊ ကိုယ်-ဟူ၍။ သမနုပဿတိ၊ ရှု၏။ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာကို။ အတ္တတော၊ ကိုယ်-ဟူ၍။ သမနုပဿတိ၊ ရှု၏။ ဝိညာဏဝန္တံ ဝါ၊ ဝိညာဉ်ရှိသည်လည်းဖြစ်ထသော။ အတ္တာနံ၊ ကိုယ်ကို။ သမနုပဿတိ၊ ရှု၏။ အတ္တနိ ဝါ၊ ကိုယ်၌မူလည်း။ ဝိညာဏံ၊ ဝိညာဉ်ကို။ သမနုပဿတိ၊ ရှု၏။ ဝိညာဏသ္မိံ ဝါ၊ ဝိညာဉ်၌မူလည်း။ အတ္တာနံ၊ ကိုယ်ကို။ သမနုပဿတိ၊ ရှု၏။

အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သား ရဟန်းတို့ ဥပမာမည်သည်ကား လည်တောက်ဖြင့် ဖွဲ၍ မြဲမြံစွာ စိုက်ဆောက်အပ်သော သစ်ငုတ်, တံသင်း, သည်တိုင်၌ မြဲမြံစွာ ဖွဲ့ချည်အပ်သော ခွေးသည် ထိုသစ်ငုတ်, တံသင်း, သည်တိုင်ကိုသာလျှင် အစဉ်လည်၍ ပြေးရ, လှည့်လည်ရသည်ရှိသော် ထိုသစ်ငုတ်, တံသင်း, သည်တိုင်၌ မြဲမြံစွာ ချည်အပ်သော လည်တောက်ဖွဲ့မှ မလွတ်နိုင်သကဲ့သို့ ထို့အတူ ပရိယတ္တိအဓိဂမ၌ သုတမရှိသော, ဘုရား-အစရှိသော အရိယာပုဂ္ဂိုလ်တို့ကို ပညာစက္ခုဖြင့် ရှုလေ့မရှိ၊ အရိယာပုဂ္ဂိုလ်တို့၏တရား၌ မလိမ္မာ၊ အရိယာပုဂ္ဂိုလ်တို့၏တရား၌ ၅-ပါးသော သံဝရဝိနည်း, ပဟာနဝိနည်းမှ ကင်းသော ပုထုဇဉ်အပေါင်းသည် ခန္ဓာကို ခန္ဓာ-ဟူ၍ မရှု ငါ၏ကိုယ်-ဟူ၍ ရှု၏။ ခန္ဓာ ၅-ပါးရှိသော ကိုယ်ဟူ၍ ရှု၏။ ကိုယ်၌ ခန္ဓာ ၅-ပါးကို ရှု၏။ ခန္ဓာ ၅-ပါး၌ ကိုယ်ကို ရှု၏။

ဤသို့ သက္ကာယဒိဋ္ဌိ ၂၀-ကို အစပြု၍ များစွာသော ၆၂-ပါးသော ဒိဋ္ဌိတို့ဖြင့် ရှု၍ တဏှာတရားဖြင့် တွယ်တာကုန်သော ခွေးနှင့်တူသော ပုထုဇဉ်အပေါင်းတို့သည် မြဲမြံစွာ စိုက်ဆောက်အပ်သော သစ်ငုတ်, တံသင်း, သည်တိုင်နှင့်တူသော ခန္ဓာ ၅-ပါး တရားအစုတို့၌ လည်တောက်နှင့်တူသော ၆၂-ပါးသော ဒိဋ္ဌိတရားကြိုး၊ ဖွဲ့ချည်အပ်သော ကြိုးနှင့်တူသော တဏှာတရားဖြင့် မြဲမြံစွာ ဖွဲ့ချည်လေသောကြောင့် ထိုခွေးနှင့် တူကုန်သော သတ္တဝါအပေါင်းတို့သည်–

- ခန္ဓာ ၅-ပါးတည်းဟူသော သစ်ငုတ်, တံသင်း, သည်တိုင်၊
- ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတည်းဟူသော လည်တောက်၊
- ၁၀၈-ပါး အပြားရှိသော တဏှာဝိစရိုက် တည်းဟူသော ဖွဲ့ကြိုး–

တို့မှ မလွတ်နိုင်ကုန်။

မလွတ်ခြင်းကြောင့် ထိုတဏှာဒိဋ္ဌိတည်းဟူသော ဖွဲ့ကြိုးတို့နှင့်တကွ ခန္ဓာ ၅-ပါး တည်းဟူသော မြဲမြံခိုင်ခံ့ တည်တံ့မတ်မတ် စိုက်ထောင်အပ်သော သစ်ငုတ်, တံသင်း, သည်တိုင်ကို ချာချာပတ်ပတ် လှည့်လည်၍ ကျင်လည်ရလေကုန်၏။

ထိုခွေးနှင့် တူကုန်သော လူမိုက်အပေါင်းတို့သည် ခန္ဓာ ၅-ပါး တရားအစုတို့မှ မလွတ်နိုင်ကုန်။ ပဋိသန္ဓေနေခြင်းဘေး, အိုခြင်းဘေး, နာခြင်းဘေး, သေခြင်းဘေးတို့မှ မလွတ်နိုင်ကုန်။ စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာခြင်း, သက်ကြီးရှိုက်တငင် ပင်ပန်းခြင်းတို့မှ မလွတ်နိုင်ကုန်။ အပါယ်ဘေး, ဝဋ်ဆင်းရဲဘေး, အလုံးစုံသော ဆင်းရဲ အပေါင်းတို့မှ မလွတ်နိုင်ကုန်။ ထို့ကြောင့်—

**သော ရူပဉ္စေဝ အနုပရိဓာဝတိ အနုပရိဝတ္တတိ။ ဝေဒနဉ္စေဝ ။ပ။ သညဉ္စေဝ။ သင်္ခါရေယေဝ။ ဝိညာဏဉ္စေဝ အနုပရိဓာဝတိ အနုပရိဝတ္တတိ။ သော ရူပံ အနုပရိဓာဝံ အနုပရိဝတ္တံ။ ဝေဒနံ ။ပ။ သညံ။ သင်္ခါရေ။ ဝိညာဏံ အနုပရိဓာဝံ အနုပရိဝတ္တံ န ပရိမုစ္စတိ ရူပမှာ၊ န ပရိမုစ္စတိ ဝေဒနာယ၊ န ပရိမုစ္စတိ သညာယ၊ န ပရိမုစ္စတိ သင်္ခါရေဟိ၊ န ပရိမုစ္စတိ ဝိညာဏမှာ၊ န ပရိမုစ္စတိ ဇာတိယာ ဇရာမရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ၊ န ပရိမုစ္စတိ ဒုက္ခသ္မာတိ ဝဒါမိ။**

ဟူ၍ ဟောတော်မူသည်။ (သံ၊၂၊၁၂၂)

ကမ္ဘာမီးလောင်သောအခါ စကြဝဠာ, မြင်းမိုရ်, သမုဒ္ဒရာ, မဟာပထဝီတို့သည် ကုန်ခန်းပြတ်စဲခြင်းသို့ ရောက်ကုန်သေး၏။ သတ္တဝါတို့အားဖြစ်သော ဝဋ်ဆင်းရဲသည် မပြတ်မစဲနိုင်သည်ဖြစ်၍ ကုန်ခန်းခြင်းသို့ မရောက်နိုင်ဖြစ်သည်ရှိသော် "ဤသတ္တဝါအပေါင်း တို့ကား ကမ္ဘာ့သစ်ငုတ်ကဲ့သို့ မပြုတ်မကျွတ်နိုင်ဘဲပင် ဖြစ်ရာသလော၊ ထိုဆင်းရဲတို့မှ လွတ် ကြောင်းဖြစ်သော အကျင့်ပဋိပတ်တရားသည် အလျှင်းပင် မဖြစ်ရာသလော"ဟု လူ့နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ တွေးတောယုံမှားဖွယ်ကို ပယ်ဖျောက်တော်မူလိုသော ဘုရား သခင်သည်—

**သုတဝါ စ ခေါ ဘိက္ခဝေ အရိယသာဝကော အရိယာနံ ဒဿာဝီ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (သံ၊၂၊၁၂၂)

အဓိပ္ပါယ်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ ပရိယတ္တိအဓိဂမဉ္စ သုတရှိသော, ဘုရား-အစရှိသော အရိယာပုဂ္ဂိုလ်တို့ကို ပညာစက္ခုဖြင့် ရှုလေ့ရှိသော, အရိယာတို့၏ တရား၌ လိမ္မာသော, ဘုရား-အစရှိသော အရိယာသူတော်ကောင်းတို့၏ တရား၌ ၅-ပါး သော သံဝရဝိနည်း, ပဟာနဝိနည်း-အစရှိသော အရိယာတို့၏ စကားကို နားထောင်လေ့

ရှိသော သူသည် ရုပ်,ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်-ဟု ဆိုအပ်သော ခန္ဓာ ၅-ပါးတို့ကို ကိုယ်-ဟူ၍ မရှု၊ ခန္ဓာ ၅-ပါးရှိသော ကိုယ်ကိုလည်း မရှု၊ ထိုအရိယာ၏ စကားကို နားထောင်၍ ကျင့်လေ့ရှိသောသူသည် သက္ကာယဒိဋ္ဌိ ၂၀-ကို အစပြု၍ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတည်းဟူသော လည်တောက်ကို ချိုးဖဲ့ဖျက်ဆီး၍ ၁၀၈-ပါးသော တဏှာဝိစရိုက် တည်းဟူသော ကြိုးကို ဖြတ်၍ ခန္ဓာ ၅-ပါးတည်းဟူသော သစ်ငုတ်, တံသင်း, သည်တိုင်ကို ဖျက်ဆီးသောအားဖြင့် ပရမတ္ထတရားကို ရှုလျက် ဥပါဒ်,ဌီ,ဘင်-ဟု ဆိုအပ်သော လက္ခဏာ ရေးသို့ တင်၍ ရှုဆင်ခြင်ဖန်များသဖြင့် ခန္ဓာ ၅-ပါးတည်းဟူသော သည်တိုင်၌ အဖန်တလဲလဲ ဆင်ခြင်ခြင်းကို မပြုရပြီ၊ ခန္ဓာ ၅-ပါး တရားအစုတို့မှ လွတ်လေကုန်၏။ ဇာတိဘေး, ဇရာ ဘေး, ဗျာဓိဘေး, မရဏဘေးတို့မှ လွတ်ကုန်၏။ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့မှ လွတ်လေကုန်၏။ အပါယ်ဘေး, ဝဋ္ဋဆင်းရဲဘေး-အစရှိသော ဆင်းရဲ အပေါင်းတို့မှ လွတ်လေကုန်၏။ ။ ထို့ကြောင့်—

- ခန္ဓာ ၅-ပါးတည်းဟူသော သည်တိုင်,
- ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတည်းဟူသော လည်တောက်,
- ၁၀၈-ပါးသော တဏှာဝိစရိုက်အပြားရှိသော ကြိုး –

တို့မှ လွတ်မြောက်၍ ခပ်သိမ်းသော ဆင်းရဲအပေါင်းတို့၏ ကင်းခြင်း,ကုန်ခြင်းကို အလိုရှိကုန် သည် ဖြစ်အံ့။ ခန္ဓာ ၅-ပါး တရားအစုတို့ကို သုတမယဉာဏ်, စိန္တာမယဉာဏ်, ဘာဝနာမယ ဉာဏ်တို့ဖြင့် အဖန်တလဲလဲ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘသဘောတို့ကို ဆင်ခြင်ကုန်ရာ သည်။

ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ (၁၀) ၅-ပုပ္ဖဝဂ်၊ ၇-ဂဒ္ဒုလဗဒ္ဓသုတ်။ ၎င်းအဋ္ဌကထာ။)

## ဂမ္ဘီရတ္ထဒေသနာ၊ ဒုတိယပိုင်း၊

## ဤတွင်ရွေ့ အလုံးစုံ ပြီး၏။

✪ ✪ ✪ ✪ ✪ ✪

# သိမ်းလုံးဆရာတော်ဘုရားကြီး

# ဂမ္ဘီရဏ္ဍဒေသနာ

## တတိယပိုင်း

### [ ၁ ] ပဥ္စက္ခန္ဓာ၏ ဥပါဒ်, ဌီ,ဘင်တရား

အစိန္တေယျ သုံးလူ့ထွတ်ထား သဗ္ဗညုဘုရားသခင်သည် တရံရောအခါ သာဝတ္ထိ ပြည်ကြီးကို ဆွမ်းခံရာအမှီပြု၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ ရဟန်းအပေါင်းတို့ကို ခေါ်တော်မူ၍ —

**ဇာနတော အဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ၊ နော အဇာနတော နော အပဿတော။ ကိဉ္စ ဘိက္ခဝေ ဇာနတော ကိံ ပဿတော အာသဝါနံ ခယော ဟောတိ။ 'ဣတိ ရူပံ၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော။ ဣတိ ဝေဒနာ ။ပ။ ဣတိ သညာ။ ဣတိ သင်္ခါရာ။ ဣတိ ဝိညာဏံ။ ဣတိ ဝိညာဏဿ သမုဒယော၊ ဣတိ ဝိညာဏဿ အတ္ထင်္ဂမော'တိ၊ ဧဝံ ခေါ ဘိက္ခဝေ ဇာနတော ဧဝံ ပဿတော အာသဝါနံ ခယော ဟောတိ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (သံ၊၂၊၁၂၄)

ဘိက္ခဝေ၊ ရဟန်းတို့။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယံ၊ ကုန်ခြင်းကို။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ အဇာနတော၊ မသိသောသူအား။ နော ဝဒါမိ၊ ဟောတော်မမူ။ အပဿ-တော၊ မမြင်သောသူအား။ နော ဝဒါမိ၊ ဟောတော်မမူ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကိဉ္စ၊ အဘယ်တရားကိုလျှင်။ ဇာနတော၊ သိသောသူအား။ ကိံ၊ အဘယ်တရားကိုလျှင်။ ပဿတော၊ မြင်သောသူအား။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယော၊ ကုန်ခြင်းသည်။ ဟောတိ၊ ဖြစ်သနည်း။

ဣတိ ဣဒံ ဓမ္မဇာတံ၊ ဤ ၂၈-ပါးသော သဘောတရားသည်။ ရူပံ၊ ရုပ်မည်၏။ ဣတိ ဣဒံ ဓမ္မဇာတံ၊ ဤအဝိဇ္ဇာ, တဏှာ, ကံ, အာဟာရတည်းဟူသော သဘောတရားသည်။ ရူပဿ၊ ရုပ်၏။ သမုဒယော၊ အကြောင်းတည်း။ ဣတိ ဣမဿ၊ ဤသို့သဘောရှိသော။ ရူပဿ၊ အကြောင်းတရား ၄-ပါးကြောင့်ဖြစ်သော ရုပ်, သဘောဓမ္မတာဖြင့် ဖြစ်သော ရုပ်၏။ အတ္ထင်္ဂမော၊ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဣတိ ဧသာ ဓမ္မဇာတိ၊ ဤသုခ, ဒုက္ခ, ဥပေက္ခာ-ဟူသော သဘောတရားသည်။ ဝေဒနာ၊ ဝေဒနာမည်၏။ ဣတိ ဧသာ ဓမ္မဇာတိ၊ ဤအဝိဇ္ဇာ, တဏှာ, ကံ, ဖဿ-ဟူသော သဘောတရားသည်။ ဝေဒနာယ၊ ဝေဒနာ၏။ သမုဒယော၊ အကြောင်းတည်း။ ဣတိ ဣမာယ၊ ဤသို့ သဘောရှိသော။ ဝေဒနာယ၊ ဝေဒနာ၏။ အတ္ထင်္ဂမော၊ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဣတိ ဧသာ ဓမ္မဇာတိ၊ ဤရူပသညာ, သဒ္ဒသညာ, ဂန္ဓသညာ, ရသသညာ, ဖောဋ္ဌဗ္ဗသညာ, ဓမ္မသညာ-ဟူသော သဘောတရားသည်။ သညာ၊ သညာမည်၏။ ဣတိ ဧသာ ဓမ္မဇာတိ၊ ဤအဝိဇ္ဇာ, တဏှာ, ကံ, ဖဿ-ဟူသော သဘောတရားသည်။ သညာယ၊ သညာ၏။ သမုဒယော၊ အကြောင်းတည်း။ ဣတိ ဣမာယ၊ ဤသို့သဘောရှိသော။ သညာယ၊ သညာ၏။ အတ္ထင်္ဂမော၊ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဣတိ ဣမေ၊ ဤဝေဒနာ, သညာမှ တပါးကုန်သော စေတသိက် ၅၀-တို့သည်။ သင်္ခါရာ၊ သင်္ခါရမည်ကုန်၏။ ဣတိ ဣမေ ဓမ္မဇာတာ၊ ဤအဝိဇ္ဇာ, တဏှာ, ကံ, ဖဿ-ဟူသော သဘောတရားတို့သည်။ သင်္ခါရာနံ၊ သင်္ခါရတရားတို့၏။ သမုဒယော၊ အကြောင်းတည်း။ ဣတိ ဣမေသံ၊ ဤသို့ သဘောရှိကုန်သော။ သင်္ခါရာနံ၊ သင်္ခါရတို့၏။ အတ္ထင်္ဂမော၊ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဣတိ ဣဒံ ဓမ္မဇာတံ၊ ဤလောကီဝိပါက် ဗာတ္တိံသ-ဟူသော သဘောတရားသည်။ ဝိညာဏံ၊ ဝိညာဉ်မည်၏။ ဣတိ ဣဒံ ဓမ္မဇာတံ၊ ဤအဝိဇ္ဇာ, တဏှာ, ကံ, နာမ်, ရုပ်-ဟူသော သဘောတရားသည်။ ဝိညာဏဿ၊ ဝိညာဉ်၏။ သမုဒယော၊ အကြောင်းတည်း။ ဣတိ ဣမဿ၊ ဤသို့ သဘောရှိသော။ ဝိညာဏဿ၊ ဝိညာဉ်၏။ အတ္ထင်္ဂမော၊ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

"ဘိက္ခဝေ၊ ရဟန်းတို့။ ဣတိ ဇဝံ ခေါ၊ ဤသို့လျှင်။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ အာသဝါနံ၊ အာသဝေါတရား ၄-ပါးတို့၏။ ခယော၊ ကုန်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ သိသောသူ, မြင်သောသူအား အာသဝေါတရားတို့၏ ကုန်ခြင်းကို ငါဘုရား ဟောတော်မူ၏။ မသိသောသူ, မမြင်သောသူအား အာသဝေါတရားတို့၏ ကုန်ခြင်းကို ငါဘုရား ဟောတော်မမူ။ ငါ၏ချစ်သား ရဟန်းများတို့၊ အဘယ်တရားကို သိမြင်သောသူအား အာသဝေါတရားတို့၏ ကုန်ခြင်းသည် ဖြစ်သနည်းဟူမူကား ခန္ဓာ ၅-ပါးတို့၏ ဖြစ်ကြောင်းတရားကိုလည်းကောင်း, ခန္ဓာ ၅-ပါးတို့၏ ဖြစ်ခြင်းကိုလည်းကောင်း, ခန္ဓာ ၅-ပါးတို့၏ ချုပ်ခြင်းကိုလည်းကောင်း သိမြင်သောသူအား အာသဝေါတရားတို့၏ ကုန်ခြင်းသည် ဖြစ်၏။

အဘယ်သို့ ရူပက္ခန္ဓာ၏အကြောင်းကို သိသနည်းဟူမူကား ခန္ဓာ ၅-ပါးတို့တွင် ရူပက္ခန္ဓာသည်—

အဝိဇ္ဇာကြောင့် ဖြစ်၏။ တဏှာကြောင့် ဖြစ်၏။
ကံကြောင့် ဖြစ်၏။ ကဗဠီကာရအာဟာရကြောင့် ဖြစ်၏-

ဟု ရူပက္ခန္ဓာ၏ အကြောင်းကို သိ၏။

ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့သည် အဘယ်အကြောင်းကြောင့် ဖြစ်ကုန်သနည်းဟူမူကား—

- ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့သည် အဝိဇ္ဇာ-ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏။
- တဏှာ-ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏။
- ကံ-ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏။
- ဖဿ-ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏။

ဝိညာဏက္ခန္ဓာသည် အဘယ်အကြောင်းကြောင့် ဖြစ်သနည်းဟူမူကား—

- ဝိညာဏက္ခန္ဓာသည် အဝိဇ္ဇာ-ဟူသော အကြောင်းကြောင့်,
- တဏှာ-ဟူသော အကြောင်းကြောင့်,
- ကံ-ဟူသော အကြောင်းကြောင့်,

- နာမ်,ရုပ်-ဟူသော အကြောင်းကြောင့် ဖြစ်၏။

ဤသို့လျှင် ခန္ဓာ ၅-ပါးတို့၏ အကြောင်းကို သိ၏။

အဘယ်သို့ ခန္ဓာ ၅-ပါးတို့၏ ဖြစ်ခြင်းကို သိသနည်းဟူမူကား ခန္ဓာ ၅-ပါးတို့တွင် ရူပက္ခန္ဓာသည်—

- အဝိဇ္ဇာဖြစ်သည်ရှိသော် ဖြစ်၏။ - တဏှာဖြစ်သည်ရှိသော် ဖြစ်၏။
- ကံဖြစ်သည်ရှိသော် ဖြစ်၏။ - ကဗဠီကာရအာဟာရဖြစ်သည်ရှိသော်ဖြစ်၏။
- အကြောင်းကို မငဲ့ဘဲ သဘောဓမ္မတာအားဖြင့်လည်း ဖြစ်၏။

ဤသို့ ရူပက္ခန္ဓာ၏ ဥပါဒ် ၅-ပါးသည် ဖြစ်၏။

ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့သည်လည်း—

- အဝိဇ္ဇာဖြစ်သည်ရှိသော် ဖြစ်ကုန်၏။ - တဏှာဖြစ်သည်ရှိသော် ဖြစ်ကုန်၏။
- ကံဖြစ်သည်ရှိသော် ဖြစ်ကုန်၏။ - ဖဿဖြစ်သည်ရှိသော် ဖြစ်ကုန်၏။
- အကြောင်းကို မငဲ့ဘဲ သဘောဓမ္မတာအားဖြင့်လည်း ဖြစ်ကုန်၏။

ဤသို့လျှင် နာမက္ခန္ဓာ ၃-ပါးတို့တွင် ၁-ပါး, ၁-ပါး၌ ၅-ပါး, ၅-ပါးသော ဥပါဒ်သဘောတို့သည် ဖြစ်ကုန်၏။

ဝိညာဏက္ခန္ဓာသည် အဘယ်သို့ ဖြစ်သနည်းဟူမူကား ဝိညာဏက္ခန္ဓာသည်—

- အဝိဇ္ဇာဖြစ်သည်ရှိသော် ဖြစ်၏။ - တဏှာဖြစ်သည်ရှိသော် ဖြစ်၏။
- ကံဖြစ်သည်ရှိသော် ဖြစ်၏။ - နာမ်,ရုပ်ဖြစ်သည်ရှိသော် ဖြစ်၏။
- အကြောင်းကို မငဲ့ဘဲ သဘောဓမ္မတာအားဖြင့်လည်း ဖြစ်၏။

ဤသို့ ဝိညာဉ်၌ ၅-ပါးသော ဥပါဒ်သဘောတို့သည် ဖြစ်ကုန်၏။

ဤသို့လျှင် ခန္ဓာ ၅-ပါးတို့၌ ၅-ပါး, ၅-ပါးသော ဥပါဒ်သဘောတို့သည်ဖြစ်ရကား ၂၅-ပါးသော ဥပါဒ်သဘောတို့သည် ဖြစ်ကုန်၏။

အဘယ်သို့လျှင် ခန္ဓာ ၅-ပါးတို့၏ ချုပ်ခြင်းသဘောကို သိသနည်းဟူမူကား ခန္ဓာ ၅-ပါးတို့တွင် ရူပက္ခန္ဓာသည်—

- အဝိဇ္ဇာချုပ်လျှင် ချုပ်၏။ - တဏှာချုပ်လျှင် ချုပ်၏။
- ကံချုပ်လျှင် ချုပ်၏။ - ကဗဠီကာရအာဟာရချုပ်လျှင် ချုပ်၏။

- အကြောင်းကို မငဲ့ဘဲ သဘောဓမ္မတာအားဖြင့်ဖြစ်သော ရူပက္ခန္ဓာသည် ချုပ်ခြင်းသို့ ရောက်၏။

ဤသို့လျှင် ရူပက္ခန္ဓာ၌ ချုပ်ခြင်း,ပျက်ခြင်း ဝယ ၅-ပါး ဖြစ်၏။

**ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့သည်—**

- အဝိဇ္ဇာချုပ်လျှင် ချုပ်ကုန်၏။
- တဏှာချုပ်လျှင် ချုပ်ကုန်၏။
- ကံချုပ်လျှင် ချုပ်ကုန်၏။
- ဖဿချုပ်လျှင် ချုပ်ကုန်၏။
- အကြောင်းကို မငဲ့ဘဲ သဘောဓမ္မတာအားဖြင့် ဖြစ်ကုန်သော နာမက္ခန္ဓာ ၃-ပါး တို့သည်လည်း ချုပ်ခြင်းသို့ ရောက်ကုန်၏။

ဤသို့လျှင် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့၌ ချုပ်ခြင်း,ပျက်ခြင်း ဝယသဘော တရား ၅-ပါး, ၅-ပါးစီ ဖြစ်ကုန်၏။

**ဝိညာဏက္ခန္ဓာသည်လည်း—**

- အဝိဇ္ဇာချုပ်သည်ရှိသော် ချုပ်၏။
- တဏှာချုပ်သည်ရှိသော် ချုပ်၏။
- ကံချုပ်သည်ရှိသော် ချုပ်၏။
- နာမ်,ရုပ်ချုပ်သည်ရှိသော် ချုပ်၏။
- အကြောင်းကို မငဲ့ဘဲ သဘောဓမ္မတာအားဖြင့်ဖြစ်သော ဝိညာဉ်သည်လည်း ချုပ်ခြင်းသို့ ရောက်၏။

ဤသို့လျှင် ဝိညာဏက္ခန္ဓာ၌ ချုပ်ခြင်း,ပျက်ခြင်း ဝယ ၅-ပါးဖြစ်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ခန္ဓာ ၅-ပါးတို့၏ အကြောင်းကိုလည်းကောင်း၊ ခန္ဓာ ၅-ပါးတို့၏ဖြစ်ခြင်း ဥပါဒ် ၂၅-ပါးကိုလည်းကောင်း၊ ချုပ်ခြင်း, ပျက်ခြင်း ၂၅-ပါးကို လည်းကောင်း ပေါင်းရုံး၍ ၅၀-သော ဥပါဒ်,ဌီ,ဘင်ကို သိသောသူအား ဝိပဿနာဉာဏ် ၁၀-ပါးသည် ဖြစ်၏။ ထို ၁၀-ပါးသော ဝိပဿနာဉာဏ်အစဉ်ဖြင့် အဖန်တလဲလဲ မှီဝဲပွါးများ သောသူအား မဂ်,ဖိုလ်,နိဗ္ဗာန်ကို မျက်မှောက်ပြု၍ အာသဝေါတရား ၄-ပါး ကုန်ခြင်းသို့ ရောက်၏။

ထို့ကြောင့် ခန္ဓာ ၅-ပါးတို့၏ အကြောင်းကိုလည်းကောင်း၊ ဖြစ်ခြင်းကိုလည်း ကောင်း၊ ချုပ်ခြင်း,ပျက်ခြင်းကိုလည်းကောင်း သိမြင်၍ အာသဝေါတရား ၄-ပါး ကုန်သည် တိုင်အောင် အားထုတ်ကုန်ရာသည်။

ခန္ဓာ ၅-ပါးတို့၏ အကြောင်းနှင့်တကွ ဖြစ်ခြင်း,ပျက်ခြင်းကို မြင်သောသူတို့အား အာသဝေါတရား ၄-ပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော တရားကို ဟောကြားတော်မူပြီး၍ သတိပဋ္ဌာန်-အစရှိသော ဘာဝေတဗ္ဗတရားကို အားမထုတ်ဘဲ "အာသဝေါတရား ၄-ပါးတို့မှ လွတ်လိုပါ၏"ဟု တောင့်တသောသူအား အာသဝေါတရား ၄-ပါးတို့မှ မလွတ်သည်၏အဖြစ်ကိုလည်းကောင်း, သတိပဋ္ဌာန်-အစရှိသော ဘာဝေတဗ္ဗတရားကို ပွါးများစေသောသူအား "အာသဝေါတရား ၄-ပါးတို့မှ လွတ်ပါစေ"ဟု မတောင့်တသော်လည်း လွတ်သည်၏အဖြစ်ကိုလည်းကောင်း ပြတော်မူလိုသော ဘုရားသခင်သည်—

**ဘာဝနာနုယောဂံ အနနုယုတ္တဿ ဘိက္ခဝေ ဘိက္ခုနော ဝိဟရတော ကိဥ္စာပိ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇေယျ။** (သံ၊၂၊၁၂၄)

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

အဓိပ္ပါယ်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ ပွါးစေအပ်သော ဘာဝနာအမှု၌ အားထုတ်ခြင်း မရှိသည်ဖြစ်၍ နေလေ့ရှိသောသူအား 'တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ ငါ၏စိတ်သည် အာသဝေါတရား ၄-ပါးတို့မှ လွတ်ပါမူကား ကောင်းလေစွ'-ဟု တောင့်တခြင်းသည် ဖြစ်လေရာ၏။ ထိုသူ တောင့်တတိုင်း အာသဝေါတရား ၄-ပါးတို့မှ မိမိစိတ်သည် မလွတ်ပေရာ။ အဘယ်ကြောင့်နည်းဟူမူကား ပွါးစေအပ်သော ဘာဝနာကို မပွါးစေအပ်သောကြောင့်တည်း။ ပွါးစေအပ်သော ဘာဝနာကို မပွါးစေအပ်သည်၏ အဖြစ်ကြောင့် မိမိစိတ်သည် အာသဝေါတရား ၄-ပါးတို့မှ မလွတ်"ဟူ၍ ဆို၏။

အဘယ်မည်သော တရားတို့ကို မပွါးစေကုန်သနည်းဟူမူကား သတိပဋ္ဌာန် ၄-ပါး, သမ္မပ္ပဓာန် ၄-ပါး, ဣဒ္ဓိပါဒ် ၄-ပါး, ဣန္ဒြေ ၅-ပါး, ဗိုလ် ၅-ပါး, ဗောဇ္ဈင် ၇-ပါး, မဂ္ဂင် ၈-ပါးတရားတို့ကို မပွါးစေအပ်သည်၏ အဖြစ်ကြောင့်တည်း။

လောက၌ ဥပမာဆိုသည်ရှိသော် ကြက်မသည် ၈-လုံး, ၁၀-လုံး, ၁၂-လုံးသော အဥတို့ကို ဥလေရာ၏။ ကြက်မသည် ထိုအဥတို့၏အပေါ်၌ အတောင်ကို ဆန့်၍ ကောင်းစွာ မဝပ်ကုန်၊ ကြက်တို့၏အငွေ့ကို ကောင်းစွာ မယူကုန်၊ ကြက်တို့၏အနံ့ကို ကောင်းစွာ မထုံကုန်။ ထိုကြက်မသည် "ငါ၏သား ကြက်သူငယ်တို့သည် ခြေသည်းဖျား, အတောင်ဖျား, နှုတ်သီးဖျားတို့ဖြင့် ဥခွံကို ဖောက်ခွဲ၍ ချမ်းသာစွာ ပေါက်ပါကုန်မူကား ကောင်းလေစွ"ဟု တောင့်တလေရာ၏။ ထိုကြက်မ၏ တောင့်တတိုင်း ကြက်သူငယ်တို့သည် ခြေသည်းဖျား, လက်သည်းဖျား, နှုတ်သီးဖျားတို့ဖြင့် ဥခွံကို ဖောက်ခွဲ၍ ချမ်းသာစွာ ပေါက်ဖွားခြင်းသည် မဖြစ်နိုင်ပေရာ။ အဘယ်ကြောင့်နည်းဟူမူကား ၈-လုံး, ၁၀-လုံး, ၁၂-လုံးသော အဥတို့

အပေါ်၌ ကောင်းစွာ အတောင်ကို ဆန့်၍ ဝပ်ခြင်း, ကြက်တို့၏အငွေ့ကို ယူစေခြင်း, ကြက်တို့၏အနံ့ဖြင့် ထုံခြင်းကို မပြုသည်၏ အဖြစ်ကြောင့်တည်း။

ထို့အတူ ငါ၏ချစ်သား ရဟန်းများတို့၊ အကြင်သူသည် ပွါးစေအပ်သော ဘာဝနာ၌ အားထုတ်ခြင်းကို မပြု၊ ထိုသူအား "ငါ၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ အာသဝေါတရား ၄-ပါးတို့မှ လွတ်ပါမူကား ကောင်းလေ၏"ဟု တောင့်တသော်လည်း ထိုသူ တောင့်တတိုင်း အာသဝေါတရား ၄-ပါးတို့မှ မိမိစိတ်သည် မလွတ်ပေရာ။

ငါ၏ချစ်သား ရဟန်းများတို့၊ အကြင်သူသည် ပွါးစေအပ်သော ဘာဝနာ၌ အားထုတ်ခြင်းကို ပြုလေ့ရှိ၏။ ထိုသူသည် "ငါ၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ အာသဝေါတရား ၄-ပါးတို့မှ လွတ်ပါလေသော် ကောင်းလေ၏"ဟု တောင့်တခြင်း အလို ဣစ္ဆာကို မပြု၊ ထိုသို့မပြုသော်လည်း ထိုသူ၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ အာသဝေါတရား ၄-ပါးတို့မှ လွတ်၏။ အဘယ်ကြောင့်နည်းဟူမူကား ပွါးစေအပ်သော ဘာဝနာ၌ အားထုတ်ပွါးများခြင်းကြောင့်တည်း။

ပွါးများစေအပ်သော ဘာဝနာကို ပွါးများအားထုတ်ရာသော-ဟူ၍ ဆို၏။ ပွါးစေအပ်သော ဘာဝနာကို အဘယ်သို့ ပွါးစေအပ်သနည်းဟူမူကား သတိပဋ္ဌာန် ၄-ပါး, သမ္မပ္ပဓာန် ၄-ပါး, ဣန္ဒြေ ၅-ပါး, ဗိုလ် ၅-ပါး, ဗောဇ္ဈင် ၇-ပါး, မဂ္ဂင် ၈-ပါးတရားတို့ကို ပွါးစေအပ်သည်၏အဖြစ်ကြောင့်တည်း။

လောကူပမာ ဆိုသည်ရှိသော် ကြက်မ၏ ၈-လုံး, ၁၀-လုံး, ၁၂-လုံးသော အဥတို့သည် ဖြစ်ကုန်ရာ၏။ *(ကြက်မသည်)*ထိုအဥတို့၏ အပေါ်၌ ကောင်းစွာ အတောင်ကို ဖြန့်၍ ဝပ်ခြင်း, ကောင်းစွာ ကြက်တို့၏အငွေ့ကို ယူစေခြင်း, ကောင်းစွာ ကြက်တို့၏အနံ့ကို ထုံခြင်းကို ပြု၏။ ထိုကြက်မသည် "ငါ၏ ကြက်သူငယ်တို့သည် ခြေသည်းဖျား, အတောင်ဖျား, နှုတ်သီးဖျားတို့ဖြင့် ဥခွံကို ဖောက်ခွဲ၍ ချမ်းသာစွာ ပေါက်ဖွားပါကုန်မူကား ကောင်းလေစွ"ဟု တောင့်တခြင်း အလိုဣစ္ဆာသည် မဖြစ်။ ထိုသို့ မဖြစ်သော်လည်း ထိုကြက်မ၏ ကြက်သူငယ်တို့သည် ခြေသည်းဖျား, အတောင်ဖျား, နှုတ်သီးဖျားတို့ဖြင့် ဥခွံကို ဖောက်ခွဲ၍ ချမ်းသာစွာ ဖွားကုန်သည်သာလျှင်တည်း။ အဘယ်ကြောင့်နည်းဟူမူကား ကြက်မသည် ၈-လုံး, ၁၀-လုံး, ၁၂-လုံးသော အဥတို့ အပေါ်၌ ကောင်းစွာ အတောင်ကို ဆန့်၍ ဝပ်ခြင်း, ကြက်တို့၏အငွေ့ကို လွှတ်ခြင်း, ကြက်တို့၏အနံ့ဖြင့် ထုံခြင်းကို ပြုသည်၏ အဖြစ်ကြောင့်တည်း။

ထို့အတူသာလျှင် ငါ၏ချစ်သား ရဟန်းများတို့၊ ပွါးစေအပ်သော သတိပဋ္ဌာန် ၄-ပါး, သမ္မပ္ပဓာန် ၄-ပါး, ဣဒ္ဓိပါဒ် ၄-ပါး, ဣန္ဒြေ ၅-ပါး, ဗိုလ် ၅-ပါး, ဗောဇ္ဈင် ၇-ပါး, မဂ္ဂင်

၈-ပါး-ဟု ဆိုအပ်သော ဘာဝနာတို့ကို စီးဖြန်းပွါးများလေ့ရှိသောသူအား "ငါ၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ အာသဝေါတရား ၄-ပါးတို့မှ လွတ်ပါမူကား ကောင်းလေစွ"ဟု မတောင့်တသော်လည်း အာသဝေါတရား ၄-ပါးတို့မှ လွတ်သည်သာလျှင် ဖြစ်၏။

ထိုဥပမာ, ဥပမေယျစကား၌—

- ကြက်မသည် ၃-ပါးသော အခြင်းအရာဖြင့် အဥ၏အပေါ်၌ ဝပ်ခြင်း-ဟူသော လုံ့လ ပယောဂကဲ့သို့ ၃-ပါးသော အခြင်းအရာဖြင့် သင်္ခါရတရားတို့ကို လက္ခဏာရေး ၃-ပါးသို့ တင်၍ သတိပဋ္ဌာန်ကိစ္စ-အစရှိသည်တို့၏ အစွမ်းအားဖြင့် အဖန်တလဲလဲ စီးဖြန်းပွါးများခြင်းကို မှတ်အပ်၏။
- ဥခွံ၏ ပါးခြင်းသို့ ရောက်သကဲ့သို့ အတွင်း,အပ လိမ်းကျံပိတ်ဖုံးသော အဝိဇ္ဇာတည်း ဟူသော ဥခွံ၏ ပါးခြင်းသို့ ရောက်သည်ကို မှတ်အပ်၏။
- ကြက်ဥ၏အစေးသည် ခန်းခြောက်ခြင်းသို့ ရောက်သကဲ့သို့ တဏှာတည်းဟူသော အစေး၏ ခန်းခြောက်ခြင်းသို့ ရောက်သည်ကို မှတ်အပ်၏။
- ဥခွံ၏ ပါးခြင်း, အစေး၏ ခန်းခြောက်ခြင်းကြောင့် အပ၌ အလင်းကို ထင်မြင်သကဲ့သို့ အဝိဇ္ဇာတည်းဟူသော ဥခွံ၏ပါးခြင်း, တဏှာတည်းဟူသော အစေး၏ ခန်းခြောက်ခြင်းကြောင့် သိအပ်သောတရား, မြင်အပ်သော တရားကို သိခြင်း,မြင်ခြင်းကို မှတ်အပ်၏။
- ခြေသည်းဖျား, အတောင်ဖျား, နှုတ်သီးဖျား၏ ရင့်ခြင်း, ကြမ်းခြင်းသို့ ရောက်သကဲ့သို့ ၃-ပါးသော ဝိဇ္ဇာဉာဏ်၏ ရင့်ခြင်း, ကြမ်းခြင်းသို့ ရောက်သည်ကို မှတ်အပ်၏။
- ဥခွံတွင်း၌ ရှည်ကြာလေးမြင့်နေရသော ကြက်သူငယ်အား အပ၌ အရောင်အလင်းကို ထင်လတ်သော် ဦးခေါင်းဖြင့် ဥခွံကိုရွက်၍ ခြေသည်းဖျား, အတောင်ဖျား, နှုတ်သီး ဖျားတို့ဖြင့် ဖောက်ခွဲ၍ ချမ်းသာစွာ ထွက်ရသဖြင့် အတောင်တို့ကို ခါထွက်၍ အစဉ် အတိုင်း ကြီးပွါးခြင်းသို့ ရောက်လတ်သော် မြို့,ရွာ,နိဂုံးတို့ကို တင့်တယ်စေလျက် ပြည့်ခြင်းသို့ ရောက်စေသကဲ့သို့ ထို့အတူ ၃-ပါးသော ဝိဇ္ဇာဉာဏ်ဖြင့် အဝိဇ္ဇာတည်း ဟူသော ဥခွံကို ဖောက်ခွဲ၍ အာသဝေါတရား ၄-ပါးတို့ကို လွန်မြောက်၍ ဘုရားရှင် သာသနာတော်ကို တင့်တယ်စေလျက် ပြည့်ခြင်းသို့ ရောက်လေ၏။

ဥပမာတစ်နည်းလည်း ၆-လတို့ပတ်လုံး သမုဒ္ဒရာ၏အတွင်း၌ တည်သော ကြိမ်နွယ် ဖြင့် ခတ်အပ်သော သင်္ဘောလှေကို ဆောင်း ၄-လအဆုံး၌ ကြည်းကုန်းထက်သို့ တင်၍

ထားအပ်သည်ရှိသော် ဖွဲအပ်သော ကြိမ်တို့ကို လေတိုက်ခြင်း, နေပူခြင်း, သည်းထန်စွာ ရွာသော မိုးတို့ဖြင့် ဆွေးရိခြင်းသို့ ရောက်လေ၏။ ထိုလျှော်၏ အဖွဲ့ကြိမ်နွယ်တို့သည် အလွယ် တကူ မပင်မပန်း ချမ်းချမ်းသာသာ ပျက်စီးပြုန်းတီးခြင်းသို့ ရောက်၍ ပျောက်ကုန်သကဲ့သို့ ထို့အတူ သတိပဋ္ဌာန်-အစရှိသော ပွါးများအပ်သော ဘာဝနာ၌ အားထုတ်ခြင်း လုံ့လနှင့် ယှဉ်သောသူအား မပင်မပန်း ချမ်းမြေ့သာယာစွာသာလျှင် ၁၀-ပါးသော သံယောဇဉ်ကြိုး တည်းဟူသော အဖွဲ့အချည်တို့သည် ပျက်စီးပြုန်းတီးခြင်းသို့ ရောက်၍ ငြိမ်းခြင်းသို့ ရောက် လေကုန်၏။

ထို့ကြောင့် အာသဝေါတရား ၄-ပါးတို့၏ ကုန်ခြင်း, အာသဝေါတရား ၄-ပါးတို့မှ လွတ်ခြင်း, သံယောဇဉ်တည်းဟူသော အဖွဲ့အချည်တို့၏ ငြိမ်းခြင်းကို အလိုရှိကုန်သော သူတော်ကောင်းတို့သည် ခန္ဓာ ၅-ပါးတို့၏ ၅၀-သောအဖြစ်ကို ရှု၍ သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်တရားတို့ကို ပွါးများကုန်ရာသည်။ ဤသို့ ဟောတော် မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်၊ (၁၀) ၅-ပုပ္ဖဝဂ်၊ ၉-ဝါသိဇဋသုတ်၊ ၁၂၄-၆။ ပဋိသံ၊ ၅၃-၅၄။ ဝိသုဒ္ဓိမဂ်၊ ၄၊၂။ ၂၆၆-၇။ )

★★★★★★★

## [၂] အနိစ္စသညာကို ပွါးများခြင်း အကျိုးတရား

အနုတ္တရ ဓမ္မရာဇာ သမ္မာသမ္ဗုဒ္ဓအစစ် ၃၁-ဘုံတို့တွင် တစ်စုံတစ်ယောက်သော နတ်,လူတို့နှင့် နှိုင်းရှည့်စရာ ဥပမာမရှိ မြတ်တော်မူသော မြတ်စွာဘုရားသည် တရံရောအခါ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူ၏။ ထိုသို့ နေတော်မူ သောအခါ ရဟန်းတို့ကို ခေါ်တော်မူ၍—

> အနိစ္စသညာ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ သဗ္ဗံ ကာမရာဂံ ပရိယာဒိယတိ၊ သဗ္ဗံ ရူပရာဂံ ပရိယာဒိယတိ၊ သဗ္ဗံ ဘဝရာဂံ ပရိယာဒိယတိ၊ သဗ္ဗံ အဝိဇ္ဇံ ပရိယာဒိယတိ၊ သဗ္ဗံ အသ္မိမာနံ သမူဟနတိ။　(သံ၊၂၊၁၂၆)

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ အနိစ္စသညာ၊ အနိစ္စသညာကို။ ဘာဝိတာ၊ ပွါးစေအပ်သည် ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ အလေ့အလာပြုအပ်သည်ရှိသော်။ သဗ္ဗံ၊ အလုံးစုံ သော။ ကာမရာဂံ၊ ကာမရာဂကို။ ပရိယာဒိယတိ၊ ကုန်စေနိုင်၏။ သဗ္ဗံ၊ အလုံးစုံသော။

ရူပရာဂံ၊ ရူပရာဂကို။ ပရိယာဒိယတိ၊ ကုန်စေနိုင်၏။ သဗ္ဗံ၊ အလုံးစုံသော။ ဘဝရာဂံ၊ ဘဝရာဂကို။ ပရိယာဒိယတိ၊ ကုန်စေနိုင်၏။ သဗ္ဗံ၊ အလုံးစုံသော။ အဝိဇ္ဇံ အဝိဇ္ဇာကို။ ပရိယာဒိယတိ၊ ကုန်စေနိုင်၏။ သဗ္ဗံ၊ အလုံးစုံသော။ အသ္မိမာနံ၊ ငါ-ဟူသော မာနကို။ သမူဟနတိ၊ နုတ်နိုင်၏။

အဓိပ္ပါယ်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ အနိစ္စသညာကို ပွါးစေအပ်သည်ရှိသော် ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်သည်ရှိသော်—

- အလုံးစုံသော ကာမရာဂကို ကုန်စေနိုင်၏။
- အလုံးစုံသော ရူပရာဂကို ကုန်စေနိုင်၏။
- အလုံးစုံသော ဘဝရာဂကို ကုန်စေနိုင်၏။
- အလုံးစုံသော အဝိဇ္ဇာကို ကုန်စေနိုင်၏။
- အလုံးစုံသော ငါ-ဟူသော မာနကို နုတ်နိုင်၏။

အဘယ်သို့ အနိစ္စသညာကို ပွါးစေအပ်သည်ရှိသော်, အဘယ်သို့ အလေ့အလာ ပြုအပ်သည်ရှိသော် အလုံးစုံသော ကာမရာဂ, ရူပရာဂ, ဘဝရာဂ, အဝိဇ္ဇာကို ကုန်စေနိုင်သနည်း၊ ငါ-ဟူသော မာနကို နုတ်နိုင်သနည်းဟူမူကား ငါ၏ ချစ်သားရဟန်းများတို့၊ ခန္ဓာ ၅-ပါးတို့ကို အကြောင်းအားဖြင့်လည်းကောင်း, ဖြစ်ခြင်း ဥပါဒ်အားဖြင့်လည်းကောင်း, ချုပ်ခြင်း ဘင်အားဖြင့်လည်းကောင်း ရှုအပ်သော သညာသည် အလုံးစုံသော ကာမရာဂ, ရူပရာဂ, ဘဝရာဂ, အဝိဇ္ဇာကို ကုန်စေနိုင်သည်။ အလုံးစုံသော ငါ-ဟူသော မာနကို နုတ်နိုင်၏။

အဘယ်သို့ ခန္ဓာ ၅-ပါးတို့ကို အကြောင်းအားဖြင့် ရှုအပ်သနည်းဟူမူကား—

- အဝိဇ္ဇာ, တဏှာ, ကံ, ကဗဠီကာရအာဟာရတို့သည် ရူပက္ခန္ဓာ၏ ဖြစ်ကြောင်းတရား မည်ကုန်၏။
- အဝိဇ္ဇာ, တဏှာ, ကံ, ဖဿတို့သည် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့၏ ဖြစ်ကြောင်းတရား မည်ကုန်၏။
- အဝိဇ္ဇာ, တဏှာ, ကံ, နာမ်, ရုပ်တို့သည် ဝိညာဏက္ခန္ဓာ၏ ဖြစ်ကြောင်းတရား မည်ကုန်၏။

ဤသို့လျှင် ခန္ဓာ ၅-ပါးတို့၏ အကြောင်းကို ရှုအပ်၏။

ဖြစ်ခြင်း ဥပါဒ်အားဖြင့် အဘယ်သို့ ရှုအပ်သနည်းဟူမူကား—

- အဝိဇ္ဇာဖြစ်သည်ရှိသော် ရုပ်ဖြစ်၏။ - တဏှာဖြစ်သည်ရှိသော် ရုပ်ဖြစ်၏။
- ကံဖြစ်သည်ရှိသော် ရုပ်ဖြစ်၏။
- ကဗဠီကာရအာဟာရဖြစ်သည်ရှိသော် ရုပ်ဖြစ်၏။
- အကြောင်းကို မငဲ့ဘဲ မိမိ၏သဘောဓမ္မတာအားဖြင့်လည်း ဖြစ်၏။

- အဝိဇ္ဇာဖြစ်သည်ရှိသော် ဝေဒနာ, သညာ, သင်္ခါရတို့သည် ဖြစ်ကုန်၏။
- တဏှာဖြစ်သည်ရှိသော် ဝေဒနာ, သညာ, သင်္ခါရတို့သည် ဖြစ်ကုန်၏။
- ကံဖြစ်သည်ရှိသော် ဝေဒနာ, သညာ, သင်္ခါရတို့သည် ဖြစ်ကုန်၏။
- ဖဿဖြစ်သည်ရှိသော် ဝေဒနာ, သညာ, သင်္ခါရတို့သည် ဖြစ်ကုန်၏။
- အကြောင်းကို မငဲ့ဘဲ မိမိ၏သဘောဓမ္မတာအားဖြင့်လည်း ဝေဒနာ, သညာ, သင်္ခါရတို့သည် ဖြစ်ကုန်၏။

- အဝိဇ္ဇာဖြစ်သည်ရှိသော် ဝိညာဉ်ဖြစ်၏။
- တဏှာဖြစ်သည်ရှိသော် ဝိညာဉ်ဖြစ်၏။
- ကံဖြစ်သည်ရှိသော် ဝိညာဉ်ဖြစ်၏။
- နာမ်,ရုပ်ဖြစ်သည်ရှိသော် ဝိညာဉ်ဖြစ်၏။
- အကြောင်းကို မငဲ့ဘဲ မိမိ၏ သဘောဓမ္မတာအားဖြင့်လည်း ဝိညာဉ်ဖြစ်၏။

ဤသို့လျှင် ခန္ဓာ ၅-ပါးတို့၏ ဖြစ်ခြင်း-ဟူသော ဥပါဒ် ၂၅-ပါးကို ရှုရာ၏။

ပျက်ခြင်း-ဟူသော ဘင်အားဖြင့် အဘယ်သို့ ရှုအပ်သနည်း ဟူမူကား–

- အဝိဇ္ဇာချုပ်သည်ရှိသော် ရုပ်ချုပ်၏။
- တဏှာချုပ်သည်ရှိသော် ရုပ်ချုပ်၏။
- ကံချုပ်သည်ရှိသော် ရုပ်ချုပ်၏။
- ကဗဠီကာရအာဟာရချုပ်သည်ရှိသော် ရုပ်ချုပ်၏။
- အကြောင်းကို မငဲ့ဘဲ သဘောဓမ္မတာအားဖြင့်ဖြစ်သော ရုပ်သည်လည်း ချုပ်၏။

- အဝိဇ္ဇာချုပ်သည်ရှိသော် ဝေဒနာ, သညာ, သင်္ခါရတို့သည် ချုပ်ကုန်၏။
- တဏှာချုပ်သည်ရှိသော် ဝေဒနာ, သညာ, သင်္ခါရတို့သည် ချုပ်ကုန်၏။

- ကံချုပ်သည်ရှိသော် ဝေဒနာ, သညာ, သင်္ခါရတို့သည် ချုပ်ကုန်၏။
- ဖဿချုပ်သည်ရှိသော် ဝေဒနာ, သညာ, သင်္ခါရတို့သည် ချုပ်ကုန်၏။
- အကြောင်းကို မငဲ့ဘဲ သဘောဓမ္မတာအားဖြင့်ဖြစ်သော ဝေဒနာ, သညာ, သင်္ခါရတို့သည်လည်း ချုပ်ကုန်၏။
- အဝိဇ္ဇာချုပ်သည်ရှိသော် ဝိညာဉ်ချုပ်၏။
- တဏှာချုပ်သည်ရှိသော် ဝိညာဉ်ချုပ်၏။
- ကံချုပ်သည်ရှိသော် ဝိညာဉ်ချုပ်၏။
- နာမ်,ရုပ်ချုပ်သည်ရှိသော် ဝိညာဉ်ချုပ်၏။
- အကြောင်းကို မငဲ့ဘဲ သဘောဓမ္မတာအားဖြင့်ဖြစ်သော ဝိညာဉ်သည်လည်း ချုပ်၏။

ဤသို့လျှင် ခန္ဓာ ၅-ပါးတို့၏ ပျက်ခြင်း-ဟူသော ဘင် ၂၅-ပါးကို ရှုအပ်၏။

ဤသို့ ရှု၍ ပွါးစေအပ်သော, အကြိမ်များစွာ အလေ့အလာပြုအပ်သော အနိစ္စသညာသည် အလုံးစုံသော ကာမရာဂ, ရူပရာဂ, ဘဝရာဂ, အဝိဇ္ဇာကို ကုန်စေတတ်၏။ အလုံးစုံသော ငါ-ဟူသော မာနကို နုတ်နိုင်၏။

ငါ၏ချစ်သား ရဟန်းများတို့၊ ဥပမာမည်သည်ကား ကြီးမားခိုင်ခံ့သော ကန်သင်းကို ဖွဲ့၍ မိုး ၄-လပတ်လုံး ရေဖြင့် ပြည့်စေလျက်တည်သော လယ်၌ လယ်လုပ်သော ယောကျ်ားသည် ရှည်စွာသော ထွန်သွားဖြင့် တပ်၍ ခိုင်ခံ့သော နွားဖြင့် ထွန်သည်ရှိသော် လယ်၏ အတွင်း၌ ပေါက်ရောက်သော အလုံးစုံသော မြက်,သစ်ပင်တို့သည် အမြစ်, ပင်စည်နှင့်တကွ ကျွတ်၍ ပျက်စီးပြုန်းတီးခြင်းသို့ ရောက်လေသကဲ့သို့ ထို့အတူ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အနိစ္စသညာကို ပွါးစေအပ်သည်ရှိသော်, အကြိမ်များစွာ အလေ့အလာပြုအပ်သည်ရှိသော် အတွင်း,အပ၌ လိမ်းကျံကပ်ငြိ ဖုံးလွှမ်းပိတ်ပင်သော အလုံးစုံသော ကာမရာဂ, ရူပရာဂ, ဘဝရာဂ, အဝိဇ္ဇာကို ကုန်စေနိုင်၏။ အလုံးစုံသော ငါ-ဟူသော မာနကို နုတ်နိုင်၏။

ဥပမာတစ်နည်းလည်း သမန်းမြက်ကို ရိတ်သော ယောကျ်ားသည် သမန်းမြက်ကို ရိတ်ပြီး၍ အဖျား၌ ကိုင်၍ ခါသည်ရှိသော် မလိုအပ်သော သမန်းမှိုက်အပေါင်းတို့သည် အကုန်အစင် ကျလေဘိသကဲ့သို့ ထို့အတူ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အနိစ္စသညာကို ပွါးစေအပ်သည်ရှိသော်, အကြိမ်များစွာ အလေ့အလာပြုအပ်သည်ရှိသော် အတွင်း,အပ၌ လိမ်းကျံကပ်ငြိ ဖုံးလွှမ်းပိတ်ပင်သော အလုံးစုံသော ကာမရာဂ, ရူပရာဂ, ဘဝရာဂ, အဝိဇ္ဇာကို ကုန်စေနိုင်၏။ အလုံးစုံသော ငါ-ဟူသော မာနကို နုတ်နိုင်၏။

ဥပမာတစ်နည်းလည်း သရက်သီးခိုင်၏အညှာကို ဖြတ်အပ်သည်ရှိသော် အကြင်မျှ လောက်ကုန်သော သရက်သီးတို့သည် အညှာနှင့် စပ်ကုန်၏။ ထိုမျှလောက်ကုန်သော သရက်သီးတို့သည် အညှာသို့သာ အစဉ်လိုက်ရကုန်သကဲ့သို့ ထို့အတူ အနိစ္စသညာကို ပွါးစေအပ်သည်ရှိသော်, အကြိမ်များစွာ အလေ့အလာပြုအပ်သည်ရှိသော် အတွင်း,အပ၌ လိမ်းကျံကပ်ငြိ ဖုံးလွှမ်းပိတ်ပင်သော အလုံးစုံသော ကာမရာဂ, ရူပရာဂ, ဘဝရာဂ, အဝိဇ္ဇာကို ကုန်စေနိုင်၏။ အလုံးစုံသော ငါ-ဟူသော မာနကို နုတ်နိုင်၏။

ဥပမာတစ်နည်းလည်း အထွတ်ရှိသောအိမ်၏ အလုံးစုံသော အခြင်တို့သည် ရှိကုန်၏။ ထိုအလုံးစုံသော အခြင်တို့သည် အထွတ်သို့သာ ညွတ်ရကုန်၏။ အထွတ်သည်သာလျှင် စုဝေးရာရှိကုန်၏။ ထိုအခြင်တို့ထက်—

- အိမ်၏ စုလစ်မွန်းချွန်အထွတ်ကို အမြတ်-ဟူ၍ ဆိုအပ်သကဲ့သို့လည်းကောင်း၊
- အမြစ်နံ့သာမျိုးတို့တွင် **ကာဠာနုသာရိ**မည်သော **နံ့သာ**ကို အမြတ်-ဟူ၍ ဆိုအပ်သကဲ့သို့လည်းကောင်း၊
- အနှစ်နံ့သာမျိုးတို့တွင် **လောဟိတစန္ဒကူးနံ့သာ**ကို အမြတ်-ဟူ၍ ဆိုအပ်သကဲ့သို့လည်းကောင်း၊
- အပွင့်နံ့သာမျိုးတို့တွင် **မြတ်လေးပန်း**ကို အမြတ်-ဟူ၍ ဆိုအပ်သကဲ့သို့လည်းကောင်း၊
- မြေအပြင်၌ အစိုးရကုန်သော မင်းတို့တွင် **စကြာမင်း**ကို အမြတ်-ဟူ၍ ဆိုအပ်သကဲ့သို့လည်းကောင်း၊
- နက္ခတ်,တာရာ, ကြယ်အပေါင်းတို့၏ အရောင်တို့တွင် လရောင်ကို အကြီးအမြတ်

ဟူ၍ ဆိုအပ်၏။ လရောင်ကို ၁၆-စိတ် စိတ်၍ ၁-စိတ်ကိုမျှ မမီနိုင်သကဲ့သို့ ထို့အတူ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အနိစ္စသညာကို ပွါးစေအပ်သည်ရှိသော်, အကြိမ်များစွာ အလေ့အလာ ပြုအပ်သည်ရှိသော် အလုံးစုံသော ကာမရာဂ, ရူပရာဂ, ဘဝရာဂ, အဝိဇ္ဇာကို ကုန်စေနိုင်၏။ အလုံးစုံသော ငါ-ဟူသော မာနကို အကြွင်းမဲ့ နုတ်နိုင်၏။

ဥပမာတစ်နည်းလည်း တန်ဆောင်မုန်းလအခါ၌ ကင်းသော တိမ်တိုက်ရှိသော ကောင်းကင်သို့ တက်ထွန်းသော, ရောင်ခြည် ၁၀၀၀-ဆောင်သော နေမင်းသည် ကောင်းကင်၌ဖြစ်သော အမိုက်မှောင်-ဟူသမျှကို ဖျောက်လွှင့်ဖျက်ဆီး၍ အလွန်တင့်တယ်သကဲ့သို့ ထို့အတူ အနိစ္စသညာကို ပွါးစေအပ်သည်ရှိသော်, အကြိမ်များစွာ အလေ့အလာပြုအပ်သည်ရှိသော် အတွင်း,အပ၌ လိမ်းကျံကပ်ငြိ ဖုံးလွှမ်းပိတ်ပင်တတ်သော အလုံးစုံသော ကာမရာဂ,

ရူပရာဂ, ဘဝရာဂ, အဝိဇ္ဇာ-ဟူသော အမိုက်မှောင်ကို ဖျောက်လွှင့်ဖျက်ဆီး၍ ပညာရောင်ဖြင့် ဤသတ္တလောကကို တင့်တယ်စေနိုင်၏။ အလုံးစုံသော ငါ-ဟူသော မာနအမိုက်မှောင်ကို ဖျောက်လွှင့်ဖျက်ဆီး၍ ပညာရောင်ဖြင့် ဤသတ္တလောကကို တင့်တယ်စေနိုင်၏။

ထို့ကြောင့် အတွင်း,အပ၌ ကပ်ငြိဖုံးလွှမ်း ပိတ်ပင်တတ်သော အလုံးစုံသော ကာမရာဂ, ရူပရာဂ, ဘဝရာဂ, အဝိဇ္ဇာ, မာန-ဟု ဆိုအပ်သော အမိုက်မှောင်ကို ဖျောက်လွှင့်ဖျက်ဆီး၍ ဤသတ္တလောက၌ ပညာရောင်ဖြင့် တင့်တယ်တောက်ပခြင်းကို အလိုရှိကုန်သော သူတော်ကောင်းတို့သည် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အနိစ္စသညာကို ပွါးစေကုန်ရာသည်။ ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ်ဖြစ်သည်။ (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ (၁၀) ၅-ပုပ္ဖဝဂ်၊ ၁၀-အနိစ္စသညာသုတ်၊ သံ၊၂။၁၂၆။)

★★★★★★★

## [ ၃ ] သတ္တဝါသည် မြဲ၏,မမြဲ-စသည်ဖြင့် မိစ္ဆာဒိဋ္ဌိအယူဖြစ်ခြင်း အကြောင်းရင်းတရား

အလုံးစုံသောတရားအပေါင်းကို သိမြင်တော်မူပြီးသော ဘုရားသခင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသည်။ ထိုအခါ ဝစ္ဆဂေါတ္တအမည်ရှိသော ပရိဗိုဇ်သည် ဘုရားသခင်အထံတော်သို့ ချဉ်းကပ်လေ၍ ဘုရားသခင်နှင့်တကွဝမ်းမြောက်ဝမ်းသာ ပြောဟောအပ်သော, အသက်ထက်ဆုံး အောက်မေ့အပ်သော စကားကို ပြောဟော၍ ထိုစကားကို ဆုံးစေပြီး၍ သင့်တင့်လျောက်ပတ်သောအရပ်၌ နေပြီးသော် ရှိသေစွာ ရှိခိုးပြီး၍ –

"ကော နု ခေါ ဘော ဂေါတမ ဟေတု ကော ပစ္စယော၊ ယာနိ'မာနိ အနေကဝိဟိတာနိ ဒိဋ္ဌိဂတာနိ လောကေ ဥပ္ပဇ္ဇန္တိ သဿတော လောကော'တိ ဝါ၊ 'အသဿတော လောကော'တိ ဝါ၊ 'အန္တဝါ လောကော'တိ ဝါ၊ 'အနန္တဝါ လောကော'တိ ဝါ၊ တံ ဇီဝံ တံ သရီရ'န္တိ ဝါ၊ 'အညံ ဇီဝံ အညံ သရီရ'န္တိ ဝါ၊ 'ဟောတိ တထာဂတော ပရံ မရဏာ'တိ ဝါ၊ 'န ဟောတိ တထာဂတော ပရံ မရဏာ'တိ ဝါ၊ ဟောတိ စ န စ ဟောတိ တထာဂတော ပရံ မရဏာ'တိ ဝါ၊ 'နေဝ ဟောတိ န န ဟောတိ တထာဂတော ပရံ မရဏာ'တိ ဝါ"တိ။ (သံ၊၂။၂၁၈။ရူပအညာဏသုတ်။)

ဟူသော ပါဠိဖြင့်–

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အရှင်ဂေါတမ၊ လောက၌—
- သတ္တဝါသည် မြဲ၏-ဟူ၍လည်းကောင်း၊
- သတ္တဝါသည် မမြဲ-ဟူ၍လည်းကောင်း၊
- သတ္တဝါသည် အဆုံးရှိ၏-ဟူ၍လည်းကောင်း၊
- သတ္တဝါသည် အဆုံးမရှိ-ဟူ၍လည်းကောင်း၊
- ထိုအသက်သည် ထိုကိုယ်ပင်တည်း*(သတ္တဝါသည်အဆုံးမရှိ)*ဟူ၍လည်းကောင်း၊
- အသက်သည်လည်း တခြား, ကိုယ်သည်လည်း တခြား-ဟူ၍လည်းကောင်း၊
- သတ္တဝါသည် သေသည်မှ အခြားမဲ့၌ ဖြစ်သေး၏-ဟူ၍လည်းကောင်း၊
- သတ္တဝါသည် သေသည်မှ အခြားမဲ့၌ မဖြစ်-ဟူ၍လည်းကောင်း၊
- သတ္တဝါသည် သေသည်မှ အခြားမဲ့၌ ဖြစ်၏,မဖြစ်-ဟူ၍လည်းကောင်း၊
- သတ္တဝါသည် သေသည်မှ အခြားမဲ့၌ ဖြစ်သည်လည်းမဟုတ်, မဖြစ်သည်လည်း မဟုတ်-ဟူ၍လည်းကောင်း-

အထူးထူးအပြားပြားရှိကုန်သော မိစ္ဆာဒိဋ္ဌိအယူတို့သည် ဖြစ်ကုန်၏။ ထိုသို့ အထူးထူးအပြားပြား မိစ္ဆာဒိဋ္ဌိဖြစ်ခြင်းသည် အဘယ်ကြောင့် ဖြစ်လေသနည်း"ဟု နားတော်လျှောက်၏။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည်—

**ရူပေ ခေါ ဝစ္ဆ အညာဏာ ရူပသမုဒယေ အညာဏာ ရူပနိရောဓေ အညာဏာ ရူပနိရောဓဂါမိနိယာ ပဋိပဒါယ အညာဏာ၊ ဧဝံ'မိ'မာနိ အနေကဝိဟိတာနိ ဒိဋ္ဌိဂတာနိ လောကေ ဥပ္ပဇ္ဇန္တိ။**

အစရှိသည်ဖြင့် (သံ၊၂၂၁၈) ဝစ္ဆဂေါတ္တအမည်ရှိသော ပရိဗိုဇ်၊
- ၂၈-ပါးသော ရုပ်တရားတို့ကို မသိခြင်းကြောင့်လည်းကောင်း၊
- ရုပ်တရားတို့၏ အကြောင်းဖြစ်သော သမုဒယသစ္စာ, တဏှာ, လောဘ, ရာဂတရား ကို မသိခြင်းကြောင့်လည်းကောင်း၊
- ရုပ်တရားတို့၏ချုပ်ရာ နိရောဓသစ္စာ-ဟူသော နိဗ္ဗာန်ကို မသိခြင်းကြောင့်လည်း ကောင်း၊
- ရုပ်တရားတို့၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော မဂ္ဂသစ္စာ-ဟူသော မဂ္ဂင် ၈-ပါးတရားတို့ကို မသိခြင်းကြောင့်လည်းကောင်း

ဤလောက၌ အထူးထူးအပြားပြားရှိကုန်သော မိစ္ဆာဒိဋ္ဌိအယူတို့သည် ဖြစ်ကုန်၏။

- ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့ကို မသိခြင်းကြောင့်လည်းကောင်း၊
- ထိုခန္ဓာတို့၏ အကြောင်းဖြစ်သော သမုဒယသစ္စာ, တဏှာ, လောဘ, ရာဂတရားတို့ကို မသိခြင်းကြောင့်လည်းကောင်း၊
- ထိုခန္ဓာတို့၏ချုပ်ရာ နိရောဓသစ္စာ-ဟူသော နိဗ္ဗာန်ကို မသိခြင်းကြောင့်လည်းကောင်း၊
- ထိုခန္ဓာတို့၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော မဂ္ဂသစ္စာ-ဟုဆိုအပ်သော မဂ္ဂင် ၈-ပါးတရားတို့ကို မသိခြင်းကြောင့်လည်းကောင်း

ဤလောက၌ အထူးထူးအပြားပြားရှိကုန်သော မိစ္ဆာဒိဋ္ဌိအယူတို့သည် ဖြစ်ကုန်၏-ဟု ဟောတော်မူသည်။

- ခန္ဓာ ၅-ပါးတရားတို့၏ဖြစ်ရာ ဒုက္ခသစ္စာကိုလည်းကောင်း၊
- ခန္ဓာ ၅-ပါးတို့၏အကြောင်း သမုဒယသစ္စာကိုလည်းကောင်း၊
- ခန္ဓာ ၅-ပါးတို့၏ချုပ်ရာ နိဗ္ဗာန်-ဟူသော နိရောဓသစ္စာကိုလည်းကောင်း၊
- ခန္ဓာ ၅-ပါးတို့၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော မဂ္ဂသစ္စာကိုလည်းကောင်း

မသိမမြင်ခြင်း-ဟူသော အကြောင်းကြောင့် ဤသို့ ဆိုအပ်ခဲ့ပြီးသော အန္တဂ္ဂါဟိကမိစ္ဆာဒိဋ္ဌိတို့သည်သာလျှင် ဖြစ်သည်မဟုတ်သေး။ ၁၀-ပါးသော ကမ္မပထ၏ အစွမ်းအားဖြင့် ဖြစ်သော ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိတို့သည်လည်း ဖြစ်ကုန်၏။

- ၄-ပါးသော သဿတဒိဋ္ဌိတို့သည်လည်းကောင်း၊
- ၄-ပါးသော ဧကစ္စသဿတ ဒိဋ္ဌိတို့သည်လည်းကောင်း၊
- ၄-ပါးသော အန္တာနန္တိကဒိဋ္ဌိတို့သည်လည်းကောင်း၊
- ၄-ပါးသော အမရာဝိက္ခေပဒိဋ္ဌိတို့သည်လည်းကောင်း၊
- ၂-ပါးသော အဓိစ္စသမုပ္ပန္နဒိဋ္ဌိတို့သည်လည်းကောင်း၊
- ၁၆-ပါးသော သညီဝါဒဒိဋ္ဌိတို့သည်လည်းကောင်း၊
- ၈-ပါးသော အသညီဝါဒဒိဋ္ဌိတို့သည်လည်းကောင်း၊
- ၈-ပါးသော နေဝသညီနာသညီဝါဒဒိဋ္ဌိတို့သည်လည်းကောင်း၊
- ၇-ပါးကုန်သော ဥစ္ဆေဒဒိဋ္ဌိတို့သည်လည်းကောင်း၊

- ၅-ပါးသော ပရမဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒဒိဋ္ဌိတို့သည်လည်းကောင်း၊
- ၂၀-သော သက္ကာယဒိဋ္ဌိတို့သည်လည်းကောင်း၊

ဤသို့လျှင် အထူးထူးအပြားပြား များလှစွာသော မိစ္ဆာဒိဋ္ဌိတို့သည် ဖြစ်ကုန်၏-ဟု ဟောတော်မူသည်။ ဤသို့လျှင်—

- ခန္ဓာ ၅-ပါးတို့၏ဖြစ်ရာ ဒုက္ခသစ္စာကိုလည်းကောင်း၊
- ခန္ဓာ ၅-ပါးတို့၏အကြောင်းဖြစ်သော သမုဒယသစ္စာကိုလည်းကောင်း၊
- ခန္ဓာ ၅-ပါးတို့၏ချုပ်ရာ နိဗ္ဗာန်-ဟု ဆိုအပ်သော နိရောဓသစ္စာကိုလည်းကောင်း၊
- ခန္ဓာ ၅-ပါးတို့၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော မဂ္ဂင် ၈-ပါး ဟု ဆိုအပ်သော မဂ္ဂသစ္စာကိုလည်းကောင်း

မသိသောကြောင့် အထူးထူးအပြားပြား များလှစွာသော မိစ္ဆာဒိဋ္ဌိတို့သည် ဖြစ်ကုန်၍ မိစ္ဆာဒိဋ္ဌိတရားနှင့် ပြည့်စုံသောသူတို့သည် မိစ္ဆာဒိဋ္ဌိတည်းဟူသော လမ်းမှားကို လိုက်မိလေကုန်၏။

မိစ္ဆာဒိဋ္ဌိ-ဟူသော လမ်းမှားကို လိုက်မိလေကုန်သော အချို့သောသူတို့သည် ခရီးမှားသောသူသည် ဘီလူးမြို့သို့ ရောက်သကဲ့သို့ ထို့အတူ ပြိတ္တာဘုံသို့ ရောက်၍ ပြိတ္တာဘုံ၌ ဖြစ်သော ဒုက္ခကို ခံရလေ၏။

အချို့သောသူတို့သည် ခရီးမှားသောသူသည် ခိုးသူတို့၏မြို့သို့ ရောက်သကဲ့သို့ ထို့အတူ လူ့ဘုံ, ကာမာဝစရနတ်ဘုံသို့ ရောက်၍ ထိုလူ့ဘုံ, ကာမာဝစရနတ်ဘုံ၌ဖြစ်သော ဇာတိဒုက္ခ, ဇရာဒုက္ခ, မရဏဒုက္ခ, အာဟာရမူလကဒုက္ခ, ဒွတ္တိံသကမ္မကရဏအားဖြင့် ဖြစ်သော ဒုက္ခ-အစရှိသော မရေတွက်နိုင်သော ဒုက္ခတို့ကို ခံရလေကုန်၏။

အချို့သောသူတို့သည် ညဥ့်အခါ ခရီးမှားသောသူသည် ဘီလူး, သားရဲ, မြွေ,ကင်း, သန်း, ဆူးငြောင့်, သစ်ငုတ်, ခလုတ်, တွင်း, ကျင်း ထူပြောသော တောအုပ်သို့ ရောက်၍ ကြီးမားစွာသော ဒုက္ခကို ခံစားရသကဲ့သို့ ထို့အတူ တိရစ္ဆာန်ဘုံသို့ ရောက်၍ ထိုတိရစ္ဆာန်ဘုံ၌ဖြစ်သော အထူးထူးအပြားပြား များစွာ မရေတွက်နိုင်သော ဒုက္ခတို့ကို ခံရလေကုန်၏။

ညဥ့်အခါ ခရီးမှားသောသူသည် နက်နဲကျယ်ဝန်းသော မစင်ကျင်းကြီးတွင်း, ညွန်ပျောင်းသို့ ကျလေ၍ မိမိကိုယ်ကို မနုတ်နိုင်ခြင်းကြောင့် သေသော်လည်း သေရာ၏။ သေလောက်ရုံမျှသော ဘေးကိုလည်း တွေ့ရသကဲ့သို့ ထို့အတူ အချို့သောသူတို့သည် ငြိတ္တာဘုံ, အသူရကာယ်ဘုံ၌ ဖြစ်လေကုန်၍ ထိုဘုံ၌ ကြီးမားထက်မြက်လှစွာသော, ခါး-စပ်ကျင်နာသော ဆင်းရဲဒုက္ခတို့ကို ခံရလေကုန်၏။

မှောင်မိုက်သော ညဉ့်အခါ၌ ခရီးမှားသော ယောကျ်ားသည် ပြာဖြင့် ဖုံးလွှမ်းအပ်သော အထူးထူး အပြောကျယ်သော မီးကျီးတွင်းသို့ ကျ၍ လတ်တလော ဖုတ်မြိုက်သေခြင်းသို့ ရောက်ရလေသကဲ့သို့ ထို့အတူ အချို့သောသူတို့သည် ငရဲဘုံသို့ ရောက်၍ ငရဲမီးလျှံ အခြားမရှိ, သတ္တဝါအခြားမရှိ ကြီးမားလှစွာသော ဒုက္ခဝေဒနာကို ခံရလေကုန်၏။

အထူးအားဖြင့်ကား နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသောသူသည် အဝီစိငရဲသို့ လားရ၏။ အကြင်မျှလောက်သော ကာလပတ်လုံး ထိုနိယတမိစ္ဆာဒိဋ္ဌိအယူကို မစွန့်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး ကမ္ဘာပျက်သည်တိုင်အောင် အဝီစိငရဲ၌ ခံရ၏။ ကမ္ဘာမီးလောင်၍ ငရဲအိုး မရှိသော်လည်း ရှိရာစကြဝဠာသို့ ပြောင်း၍ ခံရလေ၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိကြီး ၁၀-ပါး, အန္တဂ္ဂါဟိကမိစ္ဆာဒိဋ္ဌိ ၁၀-ပါး, ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိ, ၂၀-သော သက္ကာယဒိဋ္ဌိတို့သည် ဖြစ်ကုန်သည်ရှိသော် အဘယ်မိစ္ဆာဒိဋ္ဌိကို အကြီးအမှူး အကြောင်းပြု၍ ဖြစ်လေကုန်သနည်းဟူမူကား သက္ကာယဒိဋ္ဌိကို အကြီးအမှူး အကြောင်းပြု၍ ဖြစ်ကုန်၏။ ထို့ကြောင့်—

ဒွါသဋ္ဌိဒိဋ္ဌိယော ဥပ္ပဇ္ဇမာနာ သက္ကာယဒိဋ္ဌိပမုခေနေဝ ဥပ္ပဇ္ဇန္တိ။

ဟူ၍ ဟောတော်မူသည်။ (ပဋိသံ၊၁၆၀။ ပဋိသံ၊ဋ္ဌ၊၂။၆၆။)

ဒွါသဋ္ဌိဒိဋ္ဌိယော၊ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့သည်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်ကုန်သည်ရှိသော်။ သက္ကာယဒိဋ္ဌိပမုခေနေဝ၊ သက္ကာယဒိဋ္ဌိကို အကြီးအမှူးပြု၍သာလျှင်။ ဝါ၊ အကြောင်းပြု၍သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

ဤအလုံးစုံသော မိစ္ဆာဒိဋ္ဌိအပေါင်းတို့တွင် သက္ကာယဒိဋ္ဌိ ၂၀-ကို ကြွင်းသော မိစ္ဆာဒိဋ္ဌိတို့၏ အကြောင်းရင်းဖြစ်သော သစ်ပင်၏ ရေသောက်မြစ်နှင့် တူ၏-ဟု မှတ်အပ်၏။ ကြွင်းသော မိစ္ဆာဒိဋ္ဌိတို့ကို သစ်ပင်၏ ပင်စည်,အကိုင်းအခက်နှင့် တူ၏-ဟူ၍ မှတ်အပ်၏။ ရေသောက်မြစ်ပြတ်သော သစ်ပင်၏ အကိုင်းအခက်တို့သည် ထင်းဖြစ်၍ အရာမျှ မကြွင်း၊ ပျက်စီးပြုန်းတီးခြင်းသို့ ရောက်လေကုန်ဘိသကဲ့သို့ ထို့အတူ သက္ကာယဒိဋ္ဌိ ပျောက်သောသူအား အလုံးစုံသော မိစ္ဆာဒိဋ္ဌိပျောက်၍ ခပ်သိမ်းသော ဆင်းရဲဒုက္ခမှ ကင်းလွတ်၍ နိဗ္ဗာန်သို့ ရောက်သည်ကို မြင်တော်မူသော ဘုရားသခင်သည် သက္ကာယဒိဋ္ဌိကို အရေးတကြီး ပျောက်အောင် အားထုတ်စိမ့်သောငှာ—

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိပ္ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။ ။ (သံ၊၂၊၁၂)

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

သတ္တိယာ၊ လှံမဖြင့်။ ဩမဋ္ဌော ဝိယ စ၊ ထိုးမိသော ယောက်ျား၏ လှံ့လကဲ့သို့လည်းကောင်း။ မတ္ထကေ၊ ဦးခေါင်း၌။ ဍယှမာနေ၁ ဍယှမာနော ဣဝ၊ မီးလောင်သော ယောက်ျား၏ လှံ့လကဲ့သို့လည်းကောင်း။ သက္ကာယဒိဋ္ဌိပ္ပဟာနာယ၊ သက္ကာယဒိဋ္ဌိကို ပယ်ခြင်းငှာ။ သတော၊ သတိနှင့်ပြည့်စုံသော။ ဘိက္ခု၊ သံသရာဘေးကို ရှုလေ့,ကြောက်လေ့ရှိသောသူသည်။ ပရိဗ္ဗဇေ ကျင့်ရာ၏။

အမိပ္ပါယ်ကား အကြင်တစ်စုံတစ်ယောက်သောသူသည် သက္ကာယဒိဋ္ဌိကို စွန့်ပြီခြင်းမကင်းသေး၊ ထိုသူသည် မိမိ၏ရင်ဝကို လှံမဖြင့် ထိုးမိလေရာ၏။ မိမိ၏ဦးခေါင်းကိုသော်လည်း မီးလောင်လေရာ၏။ ရင်ဝ၌ ထိုးမိသော လှံကို ရှေးဦးစွာ နုတ်ရာသလော၊ သက္ကာယဒိဋ္ဌိကို ပျောက်စေခြင်းငှာ ရှေးဦးစွာ အားထုတ်ရာသလော။ ဦးခေါင်း၌ လောင်သော မီးကို သေစေခြင်းငှာ ရှေးဦးစွာ အားထုတ်ရာသလော၊ သက္ကာယဒိဋ္ဌိကို ပျောက်စေခြင်းငှာ ရှေးဦးစွာ အားထုတ်ရာသလောဟူမူကား ရင်ဝ၌ ထိုးမိသောလှံကို မနုတ်မူ၍ လျစ်လျူရှု၍ နေသော်လည်း နေသင့်သေး၏။ သက္ကာယဒိဋ္ဌိကိုမူကား ပျောက်စေခြင်းငှာ အရေးတကြီးအားထုတ်၍ ကျင့်ရာ၏။ ဦးခေါင်း၌ လောင်သော မီးကို မပွတ်,မသတ်မူ၍ လျစ်လျူရှု၍ နေသော်လည်း နေသင့်သေး၏။ သက္ကာယဒိဋ္ဌိကိုမူကား ပျောက်စေခြင်းငှာ အရေးတကြီး အားထုတ်၍ ကျင့်ရာ၏။

ဤသို့လျှင် ရင်ဝကို လှံဖြင့် ထိုးမိသော ယောက်ျား၏ လှံ့လထက်လည်းကောင်း, ဦးခေါင်းကို မီးလောင်သော ယောက်ျား၏ လှံ့လထက်လည်းကောင်း သက္ကာယဒိဋ္ဌိကို ပျောက်စေခြင်းငှာ အားထုတ်၍ ကျင့်ရာ၏-ဟု ဟောတော်မူသည်။

အဘယ်ကြောင့် ဤသို့လျှင် သက္ကာယဒိဋ္ဌိကို ပယ်ရာ၏-ဟု ဟောတော်မူလေသနည်းဟူမူကား ရင်ဝကို လှံဖြင့် ထိုးမိခြင်း, ဦးခေါင်းကို မီးလောင်ခြင်း-ဟူသော အကြောင်းကြောင့် သံသရာဝဋ်ဆင်းရဲဒုက္ခကို ခံရမည် မဟုတ်၊ သက္ကာယဒိဋ္ဌိ မကင်းခြင်း-ဟူသော အကြောင်းကြောင့်မူကား အနမတဂ္ဂသံသရာ ဝဋ်ဆင်းရဲဒုက္ခကို ကြိမ်ဖန်များစွာ ခံရခြင်း၏ အကြောင်းဖြစ်၏။ ထိုကြောင့် သက္ကာယဒိဋ္ဌိကို ပယ်ခြင်း,ဖျောက်ခြင်းငှာ အားထုတ်၍ ကျင့်ကြ-ဟု ဟောတော်မူသည်။

ထိုသက္ကာယဒိဋ္ဌိသည် အဘယ်သို့ နှလုံးသွင်းသောသူအား ဖြစ်လေသနည်းဟူမူကား ခန္ဓာ ၅-ပါးကို စွဲမှီ၍ ခန္ဓာ ၅-ပါးကို 'ငါ၏ကိုယ်'-ဟု နှလုံးသွင်းသောသူအား သက္ကာယဒိဋ္ဌိသည် ဖြစ်၏။ အဘယ်ကြောင့် 'ငါ၏ကိုယ်'-ဟု နှလုံးသွင်းလေသနည်းဟူမူကား ပြကတေ့အားဖြင့် ပသာဒစက္ခုကင်းသောသူသည် မိမိကိုယ်နှင့်တကွ ပြကတေ့သွားရာ လမ်းမ,နေ့,လ

ကို မမြင်သကဲ့သို့ သုတမယဉာဏ်, စိန္တာမယဉာဏ်, ဘာဝနာမယဉာဏ်မှ ကင်းသော အန္ဓပုထုဇဉ်သည် ခန္ဓာ ၅-ပါးကို 'ငါ၏ကိုယ်'-ဟု နှလုံးသွင်း၍ သက္ကာယဒိဋ္ဌိ ဖြစ်လေ၏။

ထိုသက္ကာယဒိဋ္ဌိကို အဘယ်တရားကို ရှုဆင်ခြင်၍ အဘယ်တရားဖြင့် ဖျောက်ရာသနည်းဟူမူကား သုတမယဉာဏ်, စိန္တာမယဉာဏ်, ဘာဝနာမယဉာဏ်ဖြင့် ခန္ဓာကို အာရုံပြု၍ ဆင်ခြင်သဖြင့် ကလျာဏပုထုဇဉ်အဖြစ်သို့ ရောက်သည်မှ စ၍ ဝိပဿနာသမ္မာဒိဋ္ဌိ, မဂ္ဂသစ္စာသမ္မာဒိဋ္ဌိ, ဖလသမ္မာဒိဋ္ဌိ, ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိတို့ဖြင့် ဖျောက်ရာ၏။ ထိုတရားအစဉ်ဖြင့် ဖျောက်စိမ့်သောငှာလည်း "သက္ကာယဒိဋ္ဌိပ္ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ"ဟု ဟောတော်မူသည်။

ထို့ကြောင့် သက္ကာယဒိဋ္ဌိတည်းဟူသော ရေသောက်မြစ်ရှိက ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိ, ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိ, ၁၀-ပါးသော အန္တဂ္ဂါဟိကမိစ္ဆာဒိဋ္ဌိတို့သည် ဖြစ်ကုန်၍ သံသရာဝဋ်ဆင်းရဲ၌ နစ်မွန်းလတ္တံ့သောဘေးကို ရှုလေ့,ကြောက်လေ့ရှိကုန်သော သူတော်ကောင်းတို့သည် သက္ကာယဒိဋ္ဌိကို ပျောက်စေခြင်းငှာ အရေးတကြီး အားထုတ်၍ ကျင့်ကုန်ရာသည်။ ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ၁၂-ဝစ္ဆဂေါတ္တသံယုတ်၊ ၁-ရူပအညာဏသုတ်၊သံ၊၂။၂၁၈။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ၁-သတ္တိသုတ်၊၁၂။)

★★★★★★★

## [ ၄ ] လေးလံစွာသော ခန္ဓာဝန်တရား

အလုံးစုံသောတရားအပေါင်းတို့ကို ကုန်စင်အောင် သိမြင်တော်မူပြီးသော ဘုရားသခင်သည် တရံရောအခါ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ ရဟန်းတို့ကို ခေါ်တော်မူ၍—

ဘာရဉ္စ ဝေါ ဘိက္ခဝေ ဒေသိဿာမိ ဘာရဟာရဉ္စ ဘာရာဒါနဉ္စ ဘာရနိက္ခေပနဉ္စ၊ တံ သုဏာထ။

ကတမော စ ဘိက္ခဝေ ဘာရော? 'ပဉ္စုပါဒါနက္ခန္ဓာ'တိ'ဿ ဝစနီယံ။
ကတမေ ပဉ္စ? ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဘာရော။

ကတမော စ ဘိက္ခဝေ ဘာရဟာရော? 'ပုဂ္ဂလော'တိ'ဿ ဝစနီယံ။
ယွာ'ယံ အာယသ္မာ ဧဝံ နာမော ဧဝံ ဂေါတ္တော။ အယံ ဝုစ္စတိ ဘိက္ခဝေ ဘာရဟာရော။

**ကတမဉ္စ ဘိက္ခဝေ ဘာရာဒါနံ?**
**ယာယံ တဏှာ ပေါနောဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာ'ဘိနန္ဒိနီ။ သေယျထိဒံ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဘာရာဒါနံ။**

**ကတမဉ္စ ဘိက္ခဝေ ဘာရနိက္ခေပနံ?**
**ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဘာရနိက္ခေပနန္တိ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (သံ၊၂။၂၁-၂။)

**ဘာရဉ္စ ဝေါ ဘိက္ခဝေ ဒေသိဿာမိ ဘာရဟာရဉ္စ ဘာရာဒါနဉ္စ ဘာရနိက္ခေပနဉ္စ၊ တံ သုဏာထ။**

ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ သင်တို့အား။ ဘာရဉ္စ၊ လေးလံစွာသော ဝန်ကိုလည်း။ ဒေသိဿာမိ၊ ဟောတော်မူပေအံ့။ ဘာရဟာရဉ္စ၊ လေးလံစွာသောဝန်ကို ရွက်ဆောင်ရသောသူကိုလည်း။ ဒေသိဿာမိ၊ ဟောတော်မူပေအံ့။ ဘာရာဒါနဉ္စ၊ ဝေးလံစွာသော ဝန်ကို ပေးတတ်သောသူကိုလည်း။ ဒေသိဿာမိ၊ ဟောတော်မူပေအံ့။ ဘာရနိက္ခေပနဉ္စ၊ ဝေးလံစွာသော ဝန်ကို ချရာအရပ်ကိုလည်း။ ဒေသိဿာမိ၊ ဟောတော်မူပေအံ့။ တံ ခမ္ပံ၊ ထိုတရားကို။ သုဏာထ၊ နာလင့်ကြကုန်။

**ကတမော စ ဘိက္ခဝေ ဘာရော? 'ပဉ္စုပါဒါနက္ခန္ဓာ'တိ'ဿ ဝစနီယံ။**
**ကတမေ ပဉ္စ? ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဘာရော။**

ဘိက္ခဝေ၊ ရဟန်းတို့။ ကတမော စ၊ အဘယ်မည်သော တရားသည်လျှင်။ ဘာရော၊ လေးလံစွာသော ဝန်မည်သနည်း။ ပဉ္စုပါဒါနက္ခန္ဓာ၊ ဥပါဒါန်တရား ၅-ပါးတို့၏ အာရုံဖြစ်သော ခန္ဓာတို့တည်း။ ဣတိ၊ ဤသို့။ ဝစနီယံ၊ ဆိုအပ်သည်။ အဿ၊ ဖြစ်ရာ၏။ ပဉ္စ၊ ၅-ပါးတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား? ရူပုပါဒါနက္ခန္ဓော၊ ရူပုပါဒါနက္ခန္ဓာလည်းကောင်း။ ဝေဒနုပါဒါနက္ခန္ဓော၊ ဝေဒနုပါဒါနက္ခန္ဓာလည်းကောင်း။ သညုပါဒါနက္ခန္ဓော၊ သညုပါဒါနက္ခန္ဓာလည်းကောင်း။ သင်္ခါရုပါဒါနက္ခန္ဓော၊ သင်္ခါရုပါဒါနက္ခန္ဓာလည်းကောင်း။ ဝိညာဏုပါဒါနက္ခန္ဓော၊ ဝိညာဏုပါဒါနက္ခန္ဓာလည်းကောင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤဥပါဒါနက္ခန္ဓာ ၅-ပါးအပေါင်းကို။ ဘာရော၊ လေးလံစွာသော ဝန်-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**ကတမော စ ဘိက္ခဝေ ဘာရဟာရော? 'ပုဂ္ဂလော'တိ'ဿ ဝစနီယံ၊**
**ယွာ'ယံ အာယသ္မာ ဧဝံ နာမော ဧဝံ ဂေါတ္တော။ အယံ ဝုစ္စတိ ဘိက္ခဝေ ဘာရဟာရော။**

ဘိက္ခဝေ၊ ရဟန်းတို့။ ကတမော စ၊ အဘယ်သည်လျှင်။ ဘာရဟာရော၊ လေးလံစွာသော ဝန်ကို ရွက်ဆောင်ရသောသူ မည်သနည်း။ ပုဂ္ဂလော၊ က္ကတ္ထိ, ပုရိသ-စသော ပုဂ္ဂိုလ်တည်း။ ဣတိ၊ ဤသို့။ ဝစနီယံ၊ ဆိုအပ်သည်။ အဿ၊ ဖြစ်ရာ၏။ အာယသ္မာ၊ ရှည်သော အသက်ရှိသော။ ယွာယံ ယော အယံ ပုဂ္ဂလော၊ အကြင် က္ကတ္ထိ, ပုရိသ-အစရှိသော ပုဂ္ဂိုလ်သည်။ ဧဝံ နာမော၊ ဤသို့ တိဿ, ဒတ္တ-အစရှိသော အမည်ရှိ၏။ ဧဝံ ဂေါတ္တော၊ ဤသို့ ကဏ္ဍာယန, ဝစ္ဆာယန-အစရှိသောအနွယ်ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤက္ကတ္ထိ, ပုရိသ-အစရှိသော ပုဂ္ဂိုလ်ကို။ ဘာရဟာရော၊ လေးလံစွာသော ဝန်ကို ရွက်ဆောင်ရသောသူ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**ကတမဉ္စ ဘိက္ခဝေ ဘာရာဒါနံ?**
**ယာယံ တဏှာ ပေါနောဘဝိကာ နန္ဒိရာဂသဟဂတာ တတြတတြာ'ဘိနန္ဒိနီ။**
**သေယျထိဒံ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဘာရာဒါနံ။**

ဘိက္ခဝေ၊ ရဟန်းတို့။ ကတမဉ္စ၊ အဘယ်သည်လျှင်။ ဘာရာဒါနံ၊ လေးလံစွာသော ဝန်ကို ပေးတတ်သောသူ မည်သနည်း။ ဝါ၊ ယူစေတတ်သောသူ မည်သနည်း။ ယာယံ တဏှာ၊ အကြင်တဏှာသည်။ ပေါနောဘဝိကာ၊ တဖန် ဘဝသစ်ကို ပြု၏။ နန္ဒိရာဂသဟ-ဂတာ၊ နှစ်သက်ခြင်းရာဂနှင့် တကွဖြစ်၏။ တတြတတြ၊ ထိုထိုသို့သော ဘဝ, ထိုထိုသို့သော အာရုံတို့၌။ အဘိနန္ဒိနီ၊ အလွန်နှစ်သက်တတ်၏။ ဣဒံ သော တဏှာ၊ ဤတဏှာသည်။ သေယျထာ ကတမာ၊ အဘယ်နည်းဟူမူကား။ ကာမတဏှာ၊ ကာမဘုံ,ကာမဂုဏ် ၅-ပါးတို့၌ တပ်တတ်သော တဏှာလည်းကောင်း။ ဘဝတဏှာ၊ သဿတဒိဋ္ဌိနှင့်ယှဉ်၍ ဘဝကို တပ်တတ်သော ဘဝတဏှာလည်းကောင်း။ ဝိဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်၍ ဘဝကို တပ်တတ်သော ဝိဘဝတဏှာလည်းကောင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤတဏှာ ၃-ပါးကို။ ဘာရာဒါနံ၊ ဝန်ကို ပေးတတ်သောသူ-ဟူ၍။ ဝါ၊ ယူစေတတ်သောသူ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**ကတမဉ္စ ဘိက္ခဝေ ဘာရနိက္ခေပနံ?**
**ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဘာရနိက္ခေပနန္တိ။**

ဘိက္ခဝေ၊ ရဟန်းတို့။ ကတမဉ္စ၊ အဘယ်သည်လျှင်။ ဘာရနိက္ခေပနံ၊ လေးလံစွာသောဝန်ကို ချရာအရပ် မည်သနည်း။ တဿာယေဝ တဏှာယ၊ ထိုတဏှာ၏သာလျှင်။

ယော အသေသဝိရာဂနိရောဓော၊ အကြင် အကြွင်းမဲ့ ရာဂ၏ ကင်းခြင်း, ချုပ်ခြင်းလည်း ကောင်း။ ယော စာဂေါ၊ အကြင်စွန့်ခြင်းလည်းကောင်း။ ယော ပဋိနိဿဂ္ဂေါ၊ အကြင်တဖန် စွန့်ခြင်းလည်းကောင်း။ ယာ မုတ္တိ၊ အကြင်လွတ်ခြင်းလည်းကောင်း။ ယော အနာလယော၊ အကြင်တည်ရာ၏ မရှိခြင်းလည်းကောင်း။ ဘိက္ခဝေ၊ ရဟန်းတို့၊ ဣဒံ၊ ဤရာဂ၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်ကိုလျှင်။ ဘာရနိက္ခေပနံ၊ ဝန်ကို ချရာအရပ်-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား "ငါ၏ချစ်သား ရဟန်းတို့၊ သင်ချစ်သားတို့အား လေးလံစွာသော ဝန်ကိုလည်းကောင်း, လေးလံစွာသော ဝန်ကို ရွက်ဆောင်ရသောသူကိုလည်းကောင်း, လေးလံစွာသော ဝန်ကို ပေးတတ်သောသူကိုလည်းကောင်း, လေးလံစွာသော ဝန်ကို ချရာ အရပ်ကိုလည်းကောင်း ဟောတော်မူပေအံ့။ ထိုတရားဒေသနာတော်ကို နာလင့်ကြကုန်။

ငါ၏ချစ်သား ရဟန်းများတို့၊ အဘယ်သည်လျှင် **လေးလံစွာသော ဝန်**မည်သနည်း။ ဥပါဒါန်တရား ၄-ပါးတို့၏ အာရုံဖြစ်သော ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ-ဟု ဆိုအပ်သော ခန္ဓာ ၅-ပါး တရားအစုသည် လေးလံစွာသော ဝန် မည်၏။ ဤ**ခန္ဓာ** ၅-ပါး တရားအစုကို လေးလံစွာသော ဝန်-ဟူ၍ ဆိုအပ်၏။

ငါ၏ချစ်သား ရဟန်းများတို့၊ အဘယ်သည်လျှင် **လေးလံစွာသောဝန်ကို ရွက်ဆောင် ရသောသူ** မည်သနည်း။ တိဿ, ဒတ္တ-အစရှိသော အမည်၊ ကဿပယန, ဝစ္ဆာယန-အစရှိသော အနွယ်ရှိသော ဣတ္ထိ, ပုရိသ-အစရှိသော ပုဂ္ဂိုလ်သည် လေးလံစွာသော ဝန်ကို ရွက်ဆောင်ရသောသူ မည်၏။ ဣတ္ထိ, ပုရိသ-အစရှိသော ပုဂ္ဂိုလ်ကို လေးလံစွာသောဝန်ကို ရွက်ဆောင်ရသောသူ-ဟူ၍ ဆိုအပ်၏။

ငါ၏ချစ်သား ရဟန်းများတို့၊ **လေးလံစွာသော ဝန်ကို ပေးတတ်သောသူ**-ဟူသည် အဘယ်နည်း။ တဖန် ဘဝသစ်ကို ဖြစ်စေတတ်သော, နှစ်သက်ခြင်းရာဂနှင့် တကွဖြစ်သော, ထိုထိုသို့သော ဘဝ, ထိုထိုသို့သော အာရုံတို့၌ အလွန်နှစ်သက်တတ်သော ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ ၃-ပါးသည် လေးလံစွာသောဝန်ကို ပေးတတ်သောသူ မည်၏။ ဤ**တဏှာ** ၃-ပါးကို လေးလံစွာသော ဝန်ကို ပေးတတ်သောသူ-ဟူ၍ ဆိုအပ်၏။

ငါ၏ချစ်သား ရဟန်းများတို့၊ အဘယ်သည်လျှင် **လေးလံစွာသောဝန်ကို ချရာအရပ်** မည်သနည်း။ တဏှာ၏ အကြွင်းမဲ့ ကင်းရာ, ချုပ်ရာ, စွန့်ရာ, လွတ်ရာ, တည်ရာမရှိသော နိဗ္ဗာန်သည် လေးလံစွာသောဝန်ကို ချရာအရပ် မည်၏။ ငါ၏ချစ်သား ရဟန်းများတို့၊ ဤရာဂ၏ ချုပ်ရာဖြစ်သော **နိဗ္ဗာန်**ကို လေးလံစွာသော ဝန်ကို ချရာအရပ်-ဟူ၍ ဆိုအပ်၏။

ငါ၏ချစ်သား ရဟန်းများတို့၊ လောကူပမာအားဖြင့်ကား တော၌ ကျင်လည်သော သခင်မုဆိုးသည် အဖိုးပေး၍ ဝယ်အပ်သော နောက်လိုက်ကျွန်ကို ခေါ်၍ အထူးထူးသော ပိုက်ကွန်,လက်နက်တို့ကို စွဲကိုင်၍ တောအရပ်သို့ သွားလေ၏။ တောအရပ်၌ သမင်,ဒရယ် အစရှိသော သတ္တဝါတို့ကို ပစ်ခတ်၍ အရေကို ခွါပြီးသော် အမဲသားဝန်ကို နောက်လိုက်ဖြစ်သော ကျွန်အား ပေးလေ၏။ မုဆိုးနောက်လိုက်ဖြစ်သော ကျွန်သည်လည်း အမဲသားဝန်ကို ထမ်းရလေ၏။ ရံခါရံခါ ပန်းမောသောကာလ ဇရပ်,သစ်ပင်အရင်း၌ အမဲသားဝန်ကို ချ၍ အတန်ငယ် နားပြီးလျှင် တဖန်ကောက်၍ ထမ်းရပြန်လေ၏။

မြို့,ရွာ,နိဂုံးသို့ ဝင်လတ်သော် ရက်နီးအံ့သကဲ့သို့ ထင်သော ကြောင့် လေးလံစွာသော အမဲသားဝန်ကို သစ်ရွက်-အစရှိသည်ဖြင့် ဖုံးလွှမ်း၍ ရှည်ကြာလေးမြင့် ထမ်းပိုးရွက်ဆောင်ကာ လှည့်လည်ရလေ၏။ ထိုမုဆိုးနောက်လိုက်သည် မုဆိုးအား ကိုယ်ဖိုးပေးပြီး၍ ခွေးနုတ်ပြီးသော နောက်ကာလ၌ လေးလံစွာသော အမဲသားဝန်ကို ထမ်းရခြင်းမှ အချင်းခပ်သိမ်း လွတ်ငြိမ်း၍ ချမ်းသာစွာ နေရလေ၏။ ငါ၏ချစ်သား ရဟန်းများတို့၊ ဤလောက၌—

- သတ္တဝါတို့၏ သန္တာန်၌ဖြစ်သော တဏှာ, လောဘ, ရာဂတရားသည် မုဆိုးနှင့် တူ၏။
- အကုသိုလ်ကိုလေသာ, ကြွေးမြီကင်းသော မိန်းမ, ယောကျ်ား, နတ်, သိကြား, ဗြဟ္မာ, သတ္တဝါအပေါင်းသည် မုဆိုးနောက်လိုက် ကျွန်နှင့် တူ၏။
- ဥပါဒါန်တရား ၄-ပါးတို့၏ အာရုံဖြစ်သော ခန္ဓာ ၅-ပါးတရား-အစရှိသည်တို့သည် မုဆိုးသည် ပေးအပ်သော လေးလံစွာသော အမဲသားဝန်နှင့် တူကုန်၏။
- အမဲသားကို ထမ်းရသောကာလမှစ၍ ပင်ပန်းသော(*ကာလ*) ဇရပ်,သစ်ပင်ရင်း၌ ရံခါရံခါ ချသကဲ့သို့ ပဋိသန္ဓေမှစ၍ လေးလံစွာသော ဤခန္ဓာဝန်ကို ထမ်းရသော သတ္တဝါ အပေါင်းတို့သည် စုတေအဆုံးကာလ၌ ဤခန္ဓာဝန်ကို ချရပြန်၏။
- မုဆိုးနောက်လိုက်သည် မြို့,ရွာနိဂုံးသို့ ဝင်လတ်သော် ရက်နီးအံ့ထင်၍ သစ်ရွက် အစရှိသည်တို့ဖြင့် လေးလံစွာသော အမဲသားဝန်ကို ဖုံးလွှမ်းသကဲ့သို့ မိန်းမ,ယောကျ်ား, နတ်,သိကြား, ဗြဟ္မာ သတ္တဝါအပေါင်းတို့သည်လည်း မိမိတို့၏ လေးလံစွာသော ဝန်ကို ရက်နီးအံ့သောကြောင့် အဝတ်ပုဆိုး-အစရှိသည်တို့ဖြင့် ဖုံးလွှမ်းရလေ၏။
- မုဆိုးနောက်လိုက် ကျွန်သည် အကြင်မျှလောက်သော ကာလပတ်လုံး မုဆိုး၏ ကြွေးမြီကို မဆပ်မပေးရသေး၊ ထိုမျှလောက်သော ကာလပတ်လုံး မုဆိုးသည် ပေးအပ်သော လေးလံလှစွာသော အမဲသားဝန်ကို ရှည်ကြာလေးမြင့် ထမ်းရသကဲ့သို့

က္ကတ္ထိ, ပုရိသ, မိန်းမ, ယောကျ်ား, နတ်,သိကြား,ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် အကြင်မျှလောက်သော ကာလပတ်လုံး အကုသိုလ်ကိလေသာတည်းဟူသော ကြွေးမြီ မကင်းသေး၊ ထိုမျှလောက်သော ကာလပတ်လုံး လေးလံစွာသော ခန္ဓာဝန်ကို အနမတဂ္ဂသံသရာ၌ ရှည်ကြာလေးမြင့် ထမ်းရခြင်းသည် ဖြစ်လေ၏။

- မုဆိုး၏ နောက်လိုက်ကျွန်သည် မုဆိုး၏ကြွေးမြီကို ဆပ်ပေးပြီးသော် အရှင်မုဆိုးနှင့် မစပ်သည်ကို ပြု၍ အလိုရှိရာအရပ်သို့ သွား၍ ချမ်းသာစွာ နေရသကဲ့သို့ က္ကတ္ထိ, ပုရိသ, မိန်းမ, ယောကျ်ား, နတ်,သိကြား,ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် မုဆိုးနှင့် တူသော တဏှာသခင်၏ ကိလေသာ-ဟူသော ကြွေးမြီကို ဆပ်ပေး၍ အရိယမဂ် ဉာဏ်ဖြင့် ကင်းစေပြီးသော် အလိုရှိရာ နိဗ္ဗာန်အရပ်သို့ သွား၍ ချမ်းသာစွာ နေရခြင်း သည် ဖြစ်လေ၏။

ထို့ကြောင့် "ငါ၏ချစ်သား ရဟန်းများတို့၊ သင်တို့သည် မုဆိုးနှင့်တူသော တဏှာ အရှင်သည် ပေးအပ်သော, လေးလံလှစွာသော အမဲသားဝန်နှင့်တူသော, လေးလံလှစွာ သော ခန္ဓာဝန်ကို အနမတဂ္ဂသံသရာမှစ၍ နေ့,ညဉ့်မစဲ ထမ်းပိုးရွက်ဆောင်ကြရလေကုန်ပြီ။ က္ကတ္ထိ, ပုရိသ, မိန်းမ,ယောကျ်ား, နတ်,သိကြား,ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ထမ်းပိုး ရွက်ဆောင် ကြရလေကုန်ပြီ။ ပင်ပန်းခြင်း နှိပ်စက်သော မုဆိုးနောက်လိုက်သည် ဇရပ်, သစ်ပင်ရင်း၌ ရံခါရံခါ ချသည်နှင့်အတူ ပဋိသန္ဓေမှစ၍ ထမ်းပိုးရွက်ဆောင်ရသော လေးလံ လှစွာသော ဤခန္ဓာဝန်ကို ပစ္စုပ္ပန်ဘဝအဆုံး စုတေကာလ၌ ချ၍ချ၍ ရှည်မြင့်စွာ ဆောင်ရ လှလေပြီ။

မုဆိုးနောက်လိုက်သည် မြို့,ရွာနိဂုံးသို့ လှည့်လည်၍ ထမ်းပိုးအပ်သော လေးလံ လှစွာသော အမဲသားဝန်ကို ရှက်နိုးအံ့သကဲ့သို့ ထင်၍ မြက်,သစ်ရွက်-အစရှိသည်တို့ဖြင့် ဖုံးလွှမ်း၍ ထမ်းပိုးရွက်ဆောင်သကဲ့သို့ က္ကတ္ထိ,ပုရိသ, မိန်းမ,ယောကျ်ား, နတ်,သိကြား,ဗြဟ္မာ, သတ္တဝါအပေါင်းတို့သည်လည်း လေးလံလှစွာသော ဤခန္ဓာဝန်ကို ထမ်းပိုးရွက်ဆောင်ရ သည်ရှိသော် ရှက်နိုးအံ့ထင်၍ အဝတ်ပုဆိုး-အစရှိသည်တို့ဖြင့် ဖုံးလွှမ်း၍ ရွက်ဆောင်ရလှ လေကုန်ပြီ"ဟု သတိသံဝေဂဉာဏ်ကို ဖြစ်စေ၍—

မုဆိုးနောက်လိုက် ကျွန်သည် ရှည်ကြာလေးမြင့် အမဲသားဝန်ကို ထမ်းရသည်မှ ငြီးငွေ့သောကြောင့် ကိုယ်ဖိုးကြွေးမြီကို ပေး၍ မုဆိုးနှင့် မစပ်သည်ကို ပြု၍ လိုရာအရပ်သို့ သွား၍ ချမ်းသာစွာ နေရသကဲ့သို့ မုဆိုးနှင့်တူသော တဏှာလောဘသည် ပေးအပ်သော လေးလံလှစွာသော ခန္ဓာဝန်ကို ရွက်ဆောင်ရသော က္ကတ္ထိ, ပုရိသ, မိန်းမ, ယောကျ်ား,

နတ်,သိကြား,ဗြဟ္မာ သတ္တဝါအပေါင်းတို့သည်လည်း ကိလေသာတည်းဟူသော ကြွေးမြီကို ဆပ်ပေး၍ မုဆိုးနှင့်တူသော တဏှာလောဘနှင့် မစပ်သည်ကို ပြု၍ အလိုရှိရာအရပ်သို့ ရောက်၍ ချမ်းသာစွာနေရခြင်းအကျိုးငှာ အကြောင်းဖြစ်သော မဇ္ဈိမပဋိပတ်အကျင့်မြတ်ကို အားထုတ်ကြကုန်-ဟု ဟောတော်မူသည်။

ဤသို့လျှင် အကျယ် စုဏ္ဏိယဒေသနာနည်းအားဖြင့် ဟောကြားတော်မူပြီး၍ အကျဉ်း ဂါထာဒေသနာနည်းအားဖြင့် ဟောတော်မူလိုသည်ဖြစ်၍ –

**ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ၊ ဘာရဟာရော စ ပုဂ္ဂလော။**
**ဘာရာဒါနံ ဒုခံ လောကေ၊ ဘာရနိက္ခေပနံ သုခံ။ ။**

**နိက္ခိပိတွာ ဂရုံ ဘာရံ၊ အညံ ဘာရံ အနာဒိယ။**
**သမူလံ တဏှံမဗ္ဗုယှ၊ နိစ္ဆာတော ပရိနိဗ္ဗုတော။ ။** (သံ၊၂၊၂၂။)

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ပဉ္စက္ခန္ဓာ၊ ခန္ဓာ ၅-ပါးတို့သည်။ ဟဝေ၊ စင်စစ်။ ဘာရာ၊ ဝန်မည်ကုန်၏။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဘာရဟာရော၊ ဝန်ကို ရွက်ဆောင်တတ်သောသူ မည်၏။ လောကေ၊ လောက၌။ ဘာရာဒါနံ၊ တဏှာသည် သတ္တဝါတို့အား ဝန်ကို ယူစေခြင်းသည်။ ဒုခံ ဒုက္ခံ၊ ဆင်းရဲ၏။ ဘာရနိက္ခေပနံ၊ နိဗ္ဗာန်အရပ်၌ အရိယမဂ်ဖြင့် ခန္ဓာဝန်ကို ချရခြင်းသည်။ သုခံ၊ ချမ်းသာ၏။

ဂရုံ ဘာရံ၊ လေးလံစွာသော ခန္ဓာဝန်ကို။ နိက္ခိပိတွာ၊ အရိယမဂ်ဉာဏ်ဖြင့် ချ၍။ အညံ ဘာရံ၊ လေးလံစွာသော တပါးသော ခန္ဓာဝန်ကို။ အနာဒိယ၊ တဏှာ-ဟူသော အကြောင်းကြောင့် မယူမူ၍။ သမူလံ၊ အဝိဇ္ဇာ-ဟူသော အမြစ်နှင့်တကွသော။ တဏှံ၊ တဏှာလောဘကို။ အဗ္ဗုယှ၊ အရိယမဂ်ဖြင့် နုတ်၍။ နိစ္ဆာတော နိတဏှော၊ တဏှာလောဘ မရှိသည်ဖြစ်၍။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြု၏။

ထို့ကြောင့် ခန္ဓာဝန်ကို ပေးတတ်သော တဏှာလောဘ၊ ထိုတဏှာလောဘကြောင့် ဖြစ်သော လေးလံစွာသော ခန္ဓာဝန်ကို အနမတဂ္ဂသံသရာ၌ မပြတ်မစဲ ဆင်းရဲဒုက္ခကို ခံ၍ ထမ်းပိုးရွက်ဆောင်ကြရကုန်သောသူတို့သည် ထိုလေးလံလှစွာသော ခန္ဓာဝန်မှ လွတ်မြောက်၍ အတိဝိယ ဥတ္တရသုခဖြစ်သော နိဗ္ဗာန်အရပ်သို့ ရောက်လိုကုန်သည် ဖြစ်အံ့။ အကြောင်းဖြစ်သော ဒါန, သီလ, ဘာဝနာတရားတို့ကို အားထုတ်ကုန်ရာသည်။ ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (ခန္ဓဝဂ္ဂ-သံယုတ်ပါဠိတော်၊ ၃-ဘာရဝဂ်၊ ၁-ဘာရသုတ်၊သံ၊၂၊၂၁။ ဇာတ်အဋ္ဌကထာ။)

★★★★★★★

## [ ၅ ] မပျက်မစီးတည်သော ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့ မရှိခြင်းတရား

လူ ၃-ပါးတို့အထွတ်ဖြစ်တော်မူသော သဗ္ဗညုဘုရားသခင်သည် တရံရောအခါ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ ၁-ဦးသောရဟန်းသည် ဘုရားသခင်အထံတော်သို့ ချဉ်းကပ်၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေပြီးသော် အလွန်ရိုသေစွာ ရှိခိုး၍—

**အတ္ထိ နု ခေါ ဘန္တေ ကိဉ္စိ ရူပံ၊ ယံ ရူပံ နိစ္စံ ဓုဝံ သဿတံ အဝိပရိဏာမဓမ္မံ သဿတိသမံ တထေဝ ဌဿတီ**။ (သံ၊၂၁၁၇)

အစရှိသော ပါဠိဖြင့် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ အမြဲအရှည်မပြတ်ဖြစ်၍ မဖောက်မပြန်သော သဘောရှိသော, မြေကြီး, မြင်းမိုရ်တောင်,သမုဒ္ဒရာ, လ,နေကဲ့သို့ မပျက်မစီးတည်သော တစ်စုံတစ်ခုသော ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့လည်း ရှိပါကုန်အံ့လော"ဟု နားတော်လျှောက်၏။

"ငါ၏ချစ်သား ရဟန်း၊ မြေကြီး, မြင်းမိုရ်တောင်, လ,နေကဲ့သို့ အမြဲအရှည် မပြတ်ဖြစ်၍ မဖောက်မပြန်တည်သော တစ်စုံတစ်ခုသော ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာမည်သည် မရှိ"ဟု မိန့်တော်မူပြီးလျှင် အနည်းငယ်သော နွားချေးစိုင်ကို လက်တော်ဖြင့် ကိုင်၍ "ငါ၏ချစ်သား ရဟန်း၊ သတ္တဝါတို့ အတ္တဘောကို ရခြင်းသည် ဤနွားချေးစိုင်ပမာဏမျှ အမြဲအရှည်တည်သည်ဖြစ်၍ မဖောက်မပြန်သော ခန္ဓာမည်သည် မရှိ။ ငါ၏ချစ်သား ရဟန်း၊ ဤနွားချေးစိုင်ပမာဏမျှ အမြဲအရှည်တည်သည်ဖြစ်၍ မဖောက်မပြန်သော တစ်စုံတစ်ခုသော ခန္ဓာမည်သည် အကယ်၍ ရှိသည်ဖြစ်အံ့၊ အကြွင်းမဲ့ ဒုက္ခကို ကုန်စေခြင်းငှာ အရိယမဂ်-ဟူသော မြတ်သော သီတင်းကို သုံးရခြင်းသည် မဖြစ်ရာ။ ငါ၏ချစ်သား ရဟန်း၊ အမြဲအရှည်တည်သော, မဖောက်မပြန်သော ခန္ဓာကိုယ်အတ္တဘောကို ရခြင်း-ဟူ၍ ဤနွားချေးစိုင်ပမာဏမျှ မြဲသောအရာ မရှိခြင်းကြောင့် အကြွင်းမဲ့ ဒုက္ခကို ကုန်စေခြင်းငှာ အရိယမဂ်တည်းဟူသော မြတ်သော အကျင့်သီတင်းကို သုံးရခြင်းသည် ထင်မြင်၏"ဟု ဟောကြားတော်မူပြီး၍ ထိုသင်္ခါရသဘောတရားတို့မည်သည် အဏုမြူခန့်မျှ မြဲသောအရာ မရှိသည်၏အဖြစ်ကို ထင်ရှားစေတော်မူလိုသော ဘုရားသခင်သည်—

**ဘူတပုဗ္ဗာ'ဟံ ဘိက္ခု ရာဇာ အဟောသိံ ခတ္တိယော မုဒ္ဓါဝသိတ္တော၊ တဿ မယှံ ဘိက္ခု ရညော သတော ခတ္တိယဿ မုဒ္ဓါဝသိတ္တဿ စတုရာသီတိ နဂရသဟဿာနိ အဟေသုံ ကုသဝတီရာဇဓာနိပ္ပမုခါနိ**။ (သံ၊၂၁၁၈)

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

အဓိပ္ပါယ်ကား "ငါ၏ချစ်သား ရဟန်း၊ ရှေးလွန်လေပြီးသောအခါ ငါဘုရား အလောင်းသည် လယ်,မြေကို အစိုးရသော, ထိပ်၌ အဘိသိက်သွန်းပြီးသော သုဒဿန စကြာမင်းသည် ဖြစ်တော်မူ၏။

ထိုသုဒဿနစကြာမင်းကြီးအား ကုသဝတီ မင်းနေပြည်အမျိုးရှိကုန်သော ၈၄,၀၀၀-သော မင်းနေပြည်တို့သည် ဖြစ်ကုန်ပြီ။

ဓမ္မပါသာဒ အမျိုးရှိကုန်သော ၈၄,၀၀၀-သော ပြာသာဒ်တို့သည် ဖြစ်ကုန်ပြီ။

စုလစ်မွန်းချွန်အထွတ်ရှိကုန်သော မဟာဗျူဟကူဋာဂါရ အမျိုးရှိကုန်သော-၈၄,၀၀၀ သော ရွှေနန်းအိမ်တော်တို့သည် ဖြစ်ကုန်ပြီ။

အမွေး လက် ၈-သစ်ထက် ရှည်သော သားမွေးဖြင့်ပြီးသော အခင်းဖြင့် ခင်းအပ် ကုန်သော, ခြသေ့်ရုပ်, ကျားရုပ်-အစရှိသည်တို့ဖြင့် ဆန်းကြယ်ကုန်သော အခင်းတို့ဖြင့် ခင်းအပ်ကုန်သော, ဝံပိုင့်ရေတို့ဖြင့် ရံ၍ ချုပ်အပ်သော မြတ်သော အခင်းတို့ဖြင့် ခင်းအပ် ကုန်သော, အပေါ်မှ မျက်နှာကြက်ပိတ်တို့ဖြင့် ကြက်အပ်ကုန်သော, ၂-ပါးသော အဖို့တို့မှ နီသော ခြေအုံး, ခေါင်းအုံးရှိကုန်သော ဆင်စွယ်ဖြင့်ပြီးသော ပလ္လင်၊ သစ်သားနှစ်, နံ့သာနှစ် တို့ဖြင့် ပြီးသော ပလ္လင်၊ ရွှေဖြင့်ပြီးသော ပလ္လင်၊ ငွေဖြင့်ပြီးသော ပလ္လင်၊ ရတနာမျိုးတို့ဖြင့် ပြီးသော ပလ္လင်-ဟု ဆိုအပ်ကုန်သော ၈၄,၀၀၀-သော ပလ္လင်တို့သည် ဖြစ်ကုန်ပြီ။

ရွှေတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော, ရွှေတံခွန်တို့ဖြင့် ဆောက်အပ်ကုန် သော, ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော, ဥပေါသထဆင်မင်း အမျိုးရှိကုန်သော ၈၄,၀၀၀-သော ဆင်ဖြူရတနာတို့သည် ဖြစ်ကုန်ပြီ။

ရွှေတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော, ရွှေတံခွန်တို့ဖြင့် စိုက်ဆောက်အပ် ကုန်သော, ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော, ဝလာဟကမြင်းမင်း အမျိုးရှိကုန်သော ၈၄,၀၀၀-သော မြင်းပျံရတနာတို့သည် ဖြစ်ကုန်ပြီ။

ရွှေတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော, ရွှေတံခွန်တို့ဖြင့် စိုက်ဆောက်အပ် ကုန်သော, ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော, ဝေဇယန္တာရထားအမျိုးရှိကုန်သော ၈၄,၀၀၀-သော ရထားတို့သည် ဖြစ်ကုန်ပြီ။

ထန်းလုံးပမာဏ ၈-မြောင့်သဏ္ဍာန်ရှိသော, ၈-တောင် အတိုင်းအရှည်ရှိသော, နေ့,ညဥ့်မစဲ ထက်ဝန်းကျင် ၁-ယူဇနာအရပ်ကို အရောင်ဖြင့် ထွန်းလင်းစေနိုင်သော, ပတ္တမြားရတနာ အမျိုးရှိကုန်သော ၈၄,၀၀၀-သော ပတ္တမြားရတနာတို့သည် ဖြစ်ကုန်ပြီ။

သုဘဒ္ဒါဒေဝီ အမှူးရှိသော ၈၄,၀၀၀-သော **မိဖုရားရတနာ**တို့သည် ဖြစ်ဖူးကုန်ပြီ။ နောက်သို့ အစဉ်လိုက်၍ ခြံရံအပ်ကုန်သော **သားကြီးရတနာ** အမှူးရှိသော ၈၄,၀၀၀-သော မင်းသားတို့သည် ဖြစ်ဖူးကုန်ပြီ။ ကျောက်ကုန်း၌ ဘဲ့ဖြူပုဆိုးဖြင့် ဖုံးလွှမ်းအပ်ကုန်သော, နို့ရည်ခံရာ ရွှေခွက်နှင့်တကွဖြစ်ကုန်သော ၈၄,၀၀၀-သော **နို့ညှစ်နွားမ**တို့သည် ဖြစ်ဖူးကုန်ပြီ။ ခေါမတိုင်းမှ ဖြစ်သော သိမ်မွေ့သောပုဆိုး, ဝါချည်ဖြင့်ပြီးသော သိမ်မွေ့သော ပုဆိုးတို့ဖြင့် ပြည့်ကုန်သော ၈၄,၀၀၀-သော ပုဆိုးကျီတို့သည် ဖြစ်ဖူးကုန်ပြီ။ ညဥ့်,နံနက် ဆောင်အပ်သော ၈၄,၀၀၀-သော **စားတော်ချက်အိုး**တို့သည် ဖြစ်ဖူးကုန်ပြီ။ ॥ ငါ၏ချစ်သား ရဟန်းတို့

- ထို ၈၄,၀၀၀-သော မင်းနေပြည်တော်တို့တွင် ကုသဝတီ မင်းနေပြည် ၁-ခု၌သာလျှင် ငါဘုရားအလောင်းတော်သည် နေခြင်းကို ပြု၏။
- ၈၄,၀၀၀-သော ပြာသာဒ်တို့တွင် ဓမ္မပါသာဒမည်သော ၁-ဆောင်သော ပြာသာဒ်၌သာလျှင် နေခြင်းကို ပြု၏။
- ၈၄,၀၀၀-သော စုလစ်မွန်းချွန်တပ်သော ရွှေနန်းအိမ်တော်တို့တွင် မဟာဗျူဟမည်သော စုလစ်မွန်းချွန်တပ်သော ရွှေနန်းအိမ်တော်၌သာလျှင် နေခြင်းကို ပြု၏။
- ၈၄,၀၀၀-သော ပလ္လင်တို့တွင် ၁-ခုသော ပလ္လင်၌သာလျှင် နေခြင်းကို ပြု၏။
- ၈၄,၀၀၀-သော ဆင်ဖြူရတနာတို့တွင် ဥပေါသထဆင် ၁-စီးကိုသာလျှင် တက်စီးခြင်းကို ပြု၏။
- ၈၄,၀၀၀-သော မြင်းပျံရတနာတို့တွင် ဝလာဟကမြင်းပျံ ၁-စီးကိုသာလျှင် တက်စီးခြင်းကို ပြု၏။
- ၈၄,၀၀၀-သော ရထားတို့တွင် ဝေဇယန္တာရထား ၁-စီးကိုသာလျှင် တက်စီးခြင်းကို ပြု၏။
- ၈၄,၀၀၀-သော မိဖုရားရတနာအပေါင်းတို့တွင် ၁-ယောက်သော မိဖုရားသည်သာလျှင် လုပ်ကျွေးခြင်းကို ပြု၏။
- ၈၄,၀၀၀-သော ပုဆိုးကျီ၌ရှိကုန်သော ပုဆိုးတို့တွင် ၁-စုံသော ပုဆိုးကိုသာလျှင် သုံးဆောင်ခြင်းကို ပြု၏။
- ၈၄,၀၀၀-သော ညဥ့်,နံနက် ဆောင်အပ်သော စားတော်ချက်အိုးတို့တွင် ၁-လုံးသော စားတော်ချက်အိုးမှ ခူးအပ်သော ဝလောက်ရုံသော ထမင်း၊ ထိုထမင်းအား လျောက်ပတ်သော ဟင်းကိုသာလျှင် သုံးဆောင်၏။

အလုံးစုံသော အတိတ်၌ဖြစ်သော သင်္ခါရသဘောတရားတို့သည် လွန်လေကုန်, ချုပ်လေကုန်, ဖောက်ပြန်ခြင်းတို့ ရောက်လေကုန်ပြီ။ သင်္ခါရတို့မည်သည်ကား မမြဲသော သဘောရှိကုန်၏-ဟု ဟောကြားညွှန်ပြ ဆုံးမတော်မူလိုသည်ဖြစ်၍—

**ပ္ပတိ ခေါ ဘိက္ခု သဗ္ဗေ တေ သင်္ခါရာ အတီတာ နိရုဒ္ဓါ ဝိပရိဏတာ။ ဧဝံ အနိစ္စာ ခေါ ဘိက္ခု သင်္ခါရာ၊ ဧဝံ အဒ္ဓုဝါ ခေါ ဘိက္ခု သင်္ခါရာ၊ ဧဝံ အနဿာသိကာ ခေါ ဘိက္ခု သင်္ခါရာ။ ယာဝဉ္စိ'ဒံ ဘိက္ခု အလမေဝ သဗ္ဗသင်္ခါရေသု နိဗ္ဗိန္ဒိတုံ၊ အလံ ဝိရဇ္ဇိတုံ၊ အလံ ဝိမုစ္စိတုန္တိ။** (သံ၊၂၊၁၁၉။)

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ဘိက္ခု၊ ရဟန်း။ ပ္ပတိ ခေါ၊ ဤသို့လျှင်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ သင်္ခါရာ၊ ထိုသင်္ခါရတရားတို့သည်။ အတီတာ၊ လွန်လေကုန်ပြီ။ နိရုဒ္ဓါ၊ ချုပ်လေကုန်ပြီ။ ဝိပရိဏတာ၊ ဖောက်ပြန်ခြင်းသို့ ရောက်လေကုန်ပြီ။ ဘိက္ခု၊ ရဟန်း။ ဧဝံ၊ ဤသို့။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အနိစ္စာ ခေါ၊ အမြဲမရှိကုန်သလျှင်ကတည်း။ ဘိက္ခု၊ ရဟန်း။ ဧဝံ၊ ဤသို့။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အဒ္ဓုဝါ ခေါ၊ အရှည်မတည်ကုန်သလျှင်ကတည်း။ ဘိက္ခု၊ ရဟန်း။ သင်္ခါရာ-သင်္ခါရာဝ၊ သင်္ခါရတရားတို့သည်သာလျှင်။ အနဿာသိကာ ခေါ၊ သက်သာရာ မရှိကုန်သလျှင်ကတည်း။ ဘိက္ခု၊ ရဟန်း။ ယာဝ စ အတိဝိယ၊ အလွန်လျှင်။ ဣဒံ ဣမေသု သဗ္ဗသင်္ခါရေသု၊ ဤအလုံးစုံသော သင်္ခါရတရားတို့၌။ နိဗ္ဗိန္ဒိတုံ နိဗ္ဗိန္ဒနံ၊ ငြီးငွေ့အောင် အားထုတ်ခြင်းသည်။ အလမေဝ၊ သင့်သလျှင်ကတည်း။ ဝိရဇ္ဇိတုံ၊ တပ်ခြင်း ကင်းအောင် အားထုတ်ခြင်းသည်။ အလံ အလံ ဧဝ၊ သင့်သလျှင်ကတည်း။ ဝိမုစ္စိတုံ၊ လွတ်အောင် အားထုတ်ခြင်းသည်။ အလံ အလံ ဧဝ၊ သင့်သလျှင်ကတည်း။

အဓိပ္ပါယ်ကား "ငါ၏ချစ်သား ရဟန်း၊ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အလုံးစုံသော သင်္ခါရတရားတို့သည် ဖြစ်၍ပြီးလျှင် ပျက်စီးခြင်း, လွန်ခြင်း, ချုပ်ခြင်း, ဖောက်ပြန်ခြင်းသို့ ရောက်တတ်ကုန်၏။ မမြဲသောသဘော ရှိကုန်၏။ အရှည်မတည်သောသဘော ရှိကုန်၏။ သက်သာရာကိုရှာ၍ မရကုန်။ ထိုကြောင့် အလုံးစုံသော သင်္ခါရတရားတို့၌ ငြီးငွေ့အောင် အားထုတ်ခြင်းငှာ သင့်၏။ တပ်ခြင်းကင်းအောင် အားထုတ်ခြင်းငှာ သင့်၏"ဟု ဟောတော်မူသည်။

ထိုပျက်စီးခြင်းသို့ ရောက်တတ်သော သင်္ခါရတရားတို့သည် အဇ္ဈတ္တသင်္ခါရ, ဗဟိဒ္ဓသင်္ခါရအားဖြင့် ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင် ဇီဝိတိန္ဒြေနှင့်စပ်သော သတ္တဝါတို့ သန္တာန်၌ဖြစ်သော အလုံးစုံသော ခန္ဓာ ၅-ပါး၊ ရုပ်,နာမ်တရားတို့သည် အဇ္ဈတ္တသင်္ခါရ

မည်ကုန်၏။ ဇီဝိတိန္ဒြေနှင့် မစပ်သော အဥ္စကလာပ်ရုပ်တို့ဖြင့် ရေတွက်အပ်ကုန်သော တော, တောင်, မြေ, ရေ, သစ်ပင်-အစရှိသည်တို့သည် ဗဟိဒ္ဓသင်္ခါရ မည်ကုန်၏။

ထို ၂-ပါးတို့တွင် ဗဟိဒ္ဓသန္တာန်၌ဖြစ်သော သင်္ခါရ၌ အကျုံးဝင်သော ဤမဟာပထဝီမြေကြီးသည် ၂၄၀,၀၀၀-အထုရှိ၏။ ရေအောက်မှခံသော လေသည် ၉၆၀,၀၀၀-အထုရှိ၏။ ထိုမဟာပထဝီ၏အထက် အလယ်ချက်မ၌တည်သော မြင်းမိုရ်တောင်မင်းသည် မြေတွင်းသို့ ဝင်လေသည်ကား ယူဇနာ ၈၄,၀၀၀-အနက် အတိုင်းအရှည်ရှိ၏။ မြေပေါ်သို့ တက်သည်ကား ယူဇနာ ၈၄,၀၀၀-အတိုင်းအရှည်ရှိ၏။ ၄-စင်းသော မဟာသမုဒ္ဒရာတို့တွင် တစ်ခုတစ်ခုသော မဟာသမုဒ္ဒရာ၌တည်သော ရေသည် ၈၄,၀၀၀-အနက်,အပြောကျယ်၏။ ဟိမဝန္တာတောင်မင်းသည် ၈၄,၀၀၀-သော အထွတ်တို့ဖြင့် တန်ဆာဆင်အပ်သည်ဖြစ်၍ ယူဇနာ ၅၀၀-အမြင့်ရှိ၏။

ဟိမဝန္တာတောသည် အပြောအားဖြင့် ယူဇနာ ၃,၀၀၀-ကျယ်၏။ ထိုဟိမဝန္တာတောမှစ၍ အလုံးစုံသော, မြေပြင်၌ ပေါက်ရောက်သော, ကြီးကြီး,ငယ်ငယ် ယုတ်ယုတ်,မြတ်မြတ် ဖြစ်ကုန်သော သစ်ပင်, မြက်ပင် အပေါင်းတို့မူကား မရေတွက်နိုင်အောင်, မပိုင်းခြားနိုင်အောင် များကုန်၏။ ထိုအလုံးစုံသော သင်္ခါရတရားအပေါင်းတို့တွင် အချို့သော သင်္ခါရတရားအပေါင်းတို့သည် အတန်ငယ်တည်၍ ပျက်စီးခြင်းသို့ ရောက်ကုန်၏။ အချို့သော သင်္ခါရတရားတို့သည် ရှည်ကြာလေးမြင့် အသင်္ချေယကပ် ကမ္ဘာပတ်လုံး တည်သော်လည်း ကမ္ဘာမီးလောင်၍ ပျက်သောအခါ၌ အဏုမြူခန့်မျှ မကြွင်း၊ ပျက်စီးခြင်းသို့ ရောက်ရလေကုန်၏။

ဤသို့ များလှစွာသော ဗဟိဒ္ဓသင်္ခါရတရားတို့သည် အဏုမြူခန့်မျှ မကြွင်း၊ ပျက်စီးခြင်းသို့ ရောက်ရသည်ရှိသော် မတ္တဥ္စကဖြစ်၍ နည်းသောတည်ခြင်းရှိသော, နည်းသော အတိုင်းအရှည်ရှိသော, ဇီဝိတိန္ဒြေနှင့် စပ်သော, ရုပ်,နာမ် ခန္ဓာ-ဟု ဆိုအပ်သော၏ သင်္ခါရတရားတို့မူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ အဏုမြူခန့်မျှ မကြွင်း၊ ပျက်စီးခြင်းသို့ ရောက်ရအံ့သည်ကား စင်စစ်ပင်တည်း-ဟု သတိသံဝေဂဉာဏ်ကို ဖြစ်စေ၍ သင်္ခါရသဘော တရားတို့မှ ငြီးငွေ့ခြင်းငှာလည်းကောင်း၊ တပ်ခြင်းကင်းခြင်းငှာလည်းကောင်း၊ လွတ်စေခြင်းငှာလည်းကောင်း အားထုတ်ကုန်ရာသည်။ ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ (၁၀) ၅-ပုပ္ဖဝဂ်၊ ၄-ဂေါမယပိဏ္ဍသုတ်။၁၁၇။)

★★★★★★★

## [ ၆ ] ဗီဇမျိုးစေ့ ၅-ပါးတရား

အလုံးစုံသောတရားအပေါင်းတို့ကို သိမြင်တော်မူပြီးသော ဘုရားသခင်သည် ဟောကြားတော်မူအပ်သော ဒေသနာတော်မြတ်သည် သုတ္တန်,ဝိနည်း, အဘိဓမ္မာ-ဟူ၍ ၃-ပါး အပြားရှိ၏။ ထို ၃-ပါးတို့တွင် သုတ္တန်နည်းအားဖြင့် ဟောကြားတော်မူလိုသည်ဖြစ်၍—

**ပဉ္စိ'မာနိ ဘိက္ခဝေ ဗီဇဇာတာနိ။ ကတမာနိ ပဉ္စ? မူလဗီဇံ ခန္ဓဗီဇံ ဖလုဗီဇံ အဂ္ဂဗီဇံ ဗီဇဗီဇညေဝ ပဉ္စမံ။** (သံ၊၂။၄၄)

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဗီဇဇာတာနိ၊ မျိုးစေ့တို့သည်။ ဣမာနိ ပဉ္စ၊ ဤ ၅-ပါးတို့တည်း။ ပဉ္စ၊ ၅-ပါးတို့ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။ မူလဗီဇံ အမြစ်မျိုးစေ့လည်းကောင်း။ ခန္ဓဗီဇံ ပင်စည်မျိုးစေ့လည်းကောင်း။ ဖလုဗီဇံ အဆစ်မျိုးစေ့လည်းကောင်း။ အဂ္ဂဗီဇံ အညွန့်မျိုးစေ့လည်းကောင်း။ ပဉ္စမံ၊ ၅-ခုမြောက်သော။ ဗီဇဗီဇညေဝ၊ အစေ့,မျိုးစေ့လည်းကောင်း။ ဗီဇာနိ၊ မျိုးစေ့တို့သည်။ ဣမာနိ ပဉ္စ၊ ဤ ၅-ပါးတို့တည်း။

အဓိပ္ပါယ်ကား "ငါ၏ချစ်သားတို့၊ သစ်ပင်, နွယ်မြက်-အစရှိသည်တို့၏ ပေါက်ရောက်ကြောင်းဖြစ်ကုန်သော မျိုးစေ့တို့သည် ၅-ပါးတို့တည်း။ ၅-ပါးတို့ဟူသည် အဘယ်သည်တို့နည်းဟူမူကား—

- အမြစ်မျိုးစေ့လည်း ၁-ပါး,
- ပင်စည်မျိုးစေ့သည် ၁-ပါး,
- အဆစ်မျိုးစေ့လည်း ၁-ပါး,
- အညွန့်မျိုးစေ့လည်း ၁-ပါး,
- အစေ့မျိုးစေ့လည်း ၁-ပါး၊

ဤသို့အားဖြင့် မျိုးစေ့သည် ၅-ပါးတို့တည်း။

"ငါ၏ချစ်သားတို့ ဤ ၅-ပါးကုန်သော မျိုးစေ့တို့သည် လေ,နေပူတို့သည် ခတ်အပ်သည်ဖြစ်၍ ပုပ်သော,ပြတ်သော သဘောရှိကုန်၏။ အနှစ်သာရ မရှိကုန်။ ထို ၅-ပါးသော မျိုးစေ့တို့ကို ရေရှိသောမြေပြင်၌ စိုက်ပျိုးကုန်ရာ၏။ ထိုသို့ စိုက်ပျိုးကုန်သည်ရှိသော် ပင်စည်, အခက်,အရွက်-အစရှိသည်တို့၏ ကြီးပွါးခြင်း, စည်ပင်ပြန့်ပြောခြင်းသို့ ရောက်ရာမည်လော" ဟု မေးတော်မူ၏။

ထိုအခါ ရဟန်းတို့သည် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ လေ,နေပူတို့သည် ခတ်အပ်ကုန်သော, အနှစ်သာရ ကင်းကုန်သော, ပြတ်ကုန်သော, ပုပ်ကုန်ပြီးသော မျိုးစေ့တို့သည် ရေရှိသော မြေပြင်၌ စိုက်ပျိုးကုန်သော်လည်း ပင်စည်, အခက်,

အရွက်တို့၏ ကြီးပွါးခြင်း, စည်ပင်ပြန့်ပြောခြင်းသို့ မရောက်ပေကုန်ရာ”ဟု နားတော်လျှောက်ကုန်၏။

“ငါ၏ချစ်သား ရဟန်းတို့၊ လေ,နေပူတို့ကြောင့် ခြောက်သွေ့ကုန်ပြီးသော၊ အနှစ်သာရရှိကုန်သော၊ မကျိုးမပြတ်, မပုပ်မဆွေးသော မျိုးစေ့တို့ကို ရေရှိသောမြေပြင်၌ စိုက်ပျိုးလေရာ၏။ ထို ၅-ပါးသော မျိုးစေ့တို့သည် ပင်စည်, အခက်, အရွက်တို့၏ ကြီးပွါးစည်ပင်ခြင်း, ပြန့်ပြောခြင်းတို့ ရောက်စေနိုင်ရာကုန်မည်လော”ဟု မေးတော်မူ၏။

ထိုအခါ ရဟန်းတို့သည် “ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ မိန့်တော်မူတိုင်း ကြီးပွါးခြင်း, စည်ပင်ခြင်း, ပြန့်ပြောခြင်းသို့ ရောက်ရပါ၏”ဟု နားတော်လျှောက်ကုန်၏။

ငါ၏ချစ်သားတို့၊ မြေဓာတ်ကဲ့သို့ ဝိညာဉ်၏တည်ရာဖြစ်သော အကြောင်းတရား ၄-ပါးတို့ကို မှတ်အပ်ကုန်၏။ ရေ-ဟူသော အာပေါဓာတ်ကဲ့သို့ နန္ဒိရာဂတဏှာကို မှတ်အပ်၏။ ၅-ပါးသော မျိုးစေ့တို့ကဲ့သို့ အာဟာရရှိသော ဝိညာဉ်ကို မှတ်အပ်၏။

ငါ၏ချစ်သားတို့၊ ရူပက္ခန္ဓာ-ဟူသော တည်ရာအကြောင်းရှိသည်ရှိသော် ဝိညာဉ်သည် တည်ရာရှိ၏။ ဝိညာဉ်သည် ရူပက္ခန္ဓာလျှင် အာရုံရှိ၏။ ရူပက္ခန္ဓာလျှင် တည်ရာရှိ၏။ တဏှာတည်းဟူသော ရေဖြင့် သွန်းလောင်းအပ်သော ဝိညာဉ်သည် ကြီးပွါးခြင်း, စည်ပင်ခြင်း, ပြန့်ပြောခြင်းသို့ ရောက်၏။

ငါ၏ချစ်သားတို့ ဝေဒနာက္ခန္ဓာ-ဟူသော တည်ရာအကြောင်းရှိသည်ရှိသော် ဝိညာဉ်သည် တည်ရာရှိ၏။ ဝိညာဉ်သည် ဝေဒနာက္ခန္ဓာသာလျှင် အာရုံရှိ၏။ ဝေဒနာက္ခန္ဓာလျှင် တည်ရာရှိ၏။ တဏှာတည်းဟူသော ရေဖြင့် သွန်းလောင်းအပ်သော ဝိညာဉ်သည် ကြီးပွါးခြင်း, စည်ပင်ခြင်း, ပြန့်ပြောခြင်းသို့ ရောက်၏။

ငါ၏ချစ်သားတို့ သညာ-ဟူသော တည်ရာအကြောင်းရှိသည်ရှိသော် ဝိညာဉ်သည် တည်ရာရှိ၏။ ဝိညာဉ်သည် သညာက္ခန္ဓာလျှင် အာရုံရှိ၏။ သညာက္ခန္ဓာလျှင် တည်ရာရှိ၏။ တဏှာတည်းဟူသော ရေဖြင့် သွန်းလောင်းအပ်သည်ရှိသော် ဝိညာဉ်သည် ကြီးပွါးခြင်း, စည်ပင်ခြင်း, ပြန့်ပြောခြင်းသို့ ရောက်၏။

ငါ၏ချစ်သားတို့ သင်္ခါရက္ခန္ဓာ-ဟူသော တည်ရာအကြောင်းရှိသည် ရှိသော် ဝိညာဉ်သည် တည်ရာရှိ၏။ ဝိညာဉ်သည် သင်္ခါရက္ခန္ဓာလျှင် အာရုံရှိ၏။ သင်္ခါရက္ခန္ဓာလျှင် တည်ရာရှိ၏။ တဏှာတည်းဟူသော ရေဖြင့် သွန်းလောင်းအပ်သည်ရှိသော် ကြီးပွါးခြင်း, စည်ပင်ခြင်း, ပြန့်ပြောခြင်းသို့ ရောက်၏။

ငါ၏ချစ်သား ရဟန်းများတို့၊ အကြင်တစ်စုံတစ်ယောက်သောသူသည် ဤသို့ ဆိုလေရာ၏ "ငါသည် ရုပ်, ဝေဒနာ, သညာ, သင်္ခါရတည်းဟူသော အကြောင်းတရားတို့ကို ကြဉ်၍ ဝိညာဉ်၏ အဖန်တလဲလဲဖြစ်ခြင်းကိုလည်းကောင်း, စုတေ့ကိုလည်းကောင်း, ဥပပတ္တိကိုလည်းကောင်း, ကြီးပွါးခြင်းကိုလည်းကောင်း ပညတ်အံ့"ဟု ဆိုလေရာ၏။ ထိုသူ ဆိုသော စကားသည် ဆိုအပ်သောအကြောင်း မရှိသည်သာလျှင်တည်း။

ငါ၏ချစ်သား ရဟန်းများတို့၊ အကြင်သူအား ရူပက္ခန္ဓာ-ဟူသော ဓာတ်၌ တပ်စွန်းတတ်သော ရာဂကို ပယ်အပ်သည်ဖြစ်အံ့၊ ရူပက္ခန္ဓာ-ဟူသော ဓာတ်၌ တပ်စွန်းတတ်သော ရာဂကို ပယ်ခြင်းကြောင့် ဝိညာဉ်၏တည်ရာဖြစ်သော အာရုံသည် ပြတ်၍ တည်ရာအာရုံ မရှိပြီ။ ငါ၏ချစ်သား ရဟန်းများတို့၊ အကြင်သူအား ဝေဒနာက္ခန္ဓာ-ဟူသော ဓာတ်၌လည်းကောင်း, သညာက္ခန္ဓာ-ဟူသော ဓာတ်၌လည်းကောင်း, သင်္ခါရက္ခန္ဓာ-ဟူသော ဓာတ်၌လည်းကောင်း တပ်စွန်းတတ်သော ရာဂသည် ပျောက်သည်ဖြစ်အံ့။ ရာဂ၏ ပျောက်ခြင်းကြောင့် ဝိညာဉ်၏တည်ရာ အာရုံသည် ပြတ်၍ တည်ရာအကြောင်း မရှိပြီ။

ငါ၏ချစ်သား ရဟန်းများတို့၊ ထိုရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတည်းဟူသော တည်ရာအကြောင်း မရှိသည်ဖြစ်၍ တဏှာတည်းဟူသော ရေဖြင့် မလောင်းအပ်သော ဝိညာဉ်သည် ကြီးပွါးခြင်း, စည်ပင်ခြင်း, ပြန့်ပြောခြင်းသို့ မရောက်။ အလွန်ပြုပြင်အပ်သည်၏အဖြစ်သို့ မရောက်။ တဏှာဒိဋ္ဌိတို့သည် စွဲလမ်းအပ်သည်၏အဖြစ်မှ လွတ်၏။ လွတ်သည်၏အဖြစ်ကြောင့် တည်ကြည်ခြင်းသို့ ရောက်၏။ တည်ကြည်ခြင်းသို့ ရောက်သည်၏အဖြစ်ကြောင့် ရောင့်ရဲခြင်းသို့ ရောက်၏။ ရောင့်ရဲခြင်းသို့ ရောက်သည်၏အဖြစ်ကြောင့် တဏှာဒိဋ္ဌိတို့ဖြင့် မတောင့်တပြီ။ တဏှာဒိဋ္ဌိတို့ဖြင့် မတောင့်တခြင်းကြောင့် မိမိသည်ပင်လျှင် ပရိနိဗ္ဗာန်ပြုရ၏။ ငါ့အား ပဋိသန္ဓေနေရခြင်းသည် ကုန်ပြီ။ မြတ်သော အရိယမဂ်တည်းဟူသော အကျင့်သီတင်းကို သုံးရပြီ။ ပြုအပ်သော မဂ်ကိစ္စကို ပြုရပြီ။ ၁၆-ပါးသော မဂ်ကိစ္စအကျိုးငှာ တဖန် မဂ်ကို ပွါးစေခြင်းကိစ္စ မရှိပြီ-ဟု သိတတ်သော ပစ္စဝေက္ခဏာဉာဏ်သည် ဖြစ်၏-ဟု ဟောတော်မူသည်။

ဤဒေသနာတော်၏ အစဉ်၌—

- ဝိညာဉ်ကို မျိုးစေ့နှင့်တူ၏-ဟု မှတ်အပ်၏။
- ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတည်းဟူသော ဝိညာဉ်၏ အကြောင်းဖြစ်သော ခန္ဓာ ၄-ပါးကို မြေနှင့် တူ၏-ဟု မှတ်အပ်၏။
- ထိုခန္ဓာတို့၌ တပ်စွန်းတတ်သော တဏှာလောဘကို ရေနှင့် တူ၏-ဟု မှတ်အပ်၏။

မျိုးစေ့, မြေ, ရေ ၃-ပါးတို့၏ ပေါင်းမိခြင်းကြောင့် ပင်စည်ဖြစ်၍ အခက်, အရွက်, အပွင့်, အသီးတို့သည် ကြီးပွါးခြင်း, စည်ပင်ခြင်း, ပြန့်ပြောခြင်းသို့ ရောက်လေသကဲ့သို့ ထို့အတူ ဝိညာဉ်တည်းဟူသော မျိုးစေ့၊ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ တည်းဟူသော မြေ၊ တဏှာလောဘ-တည်းဟူသော ရေ၊ ဤ ၃-ပါးတို့၏ အညီအညွတ် ပေါင်းမိခြင်းကြောင့် သတ္တဝါတို့ အတ္တဘောတည်းဟူသော ပင်စည်ဖြစ်၍ အသိန်းမက များလှစွာသော—

| | | | |
|---|---|---|---|
| ဇာတိဒုက္ခ, | ဇရာဒုက္ခ, | ဗျာဓိဒုက္ခ, | မရဏဒုက္ခ, |
| ဒုက္ခဒုက္ခ, | သင်္ခါရဒုက္ခ, | ဝိပရိဏာမဒုက္ခ, | ပါကဋဒုက္ခ, |
| အပါကဋဒုက္ခ, | ပဋိစ္ဆန္နဒုက္ခ, | အပ္ပဋိစ္ဆန္နဒုက္ခ, | သဝိစိဒုက္ခ, |
| အဝိစိဒုက္ခ, | သပရိယာယဒုက္ခ, | နိပ္ပရိယာယဒုက္ခ, | အပါယဒုက္ခ, |

အာဟာရမူလကဒုက္ခ, ဒွတ္တိံသကမ္မကရဏအပြားရှိသောဒုက္ခ, သံသာရဝဋ္ဋဒုက္ခ-

အစရှိသော များလှစွာသော အခက်, အရွက်, အပွင့်, အသီးတို့သည် ဘဝအဆက်ဆက်, ကမ္ဘာအဆက်ဆက် အနမတဂ္ဂသံသရာ၌ ကြီးပွါးခြင်း, စည်ပင်ခြင်း, ပြန့်ပြောခြင်းသို့ ရောက်၍ ကြိမ်ဖန်များစွာ ခံရလေကုန်၏။

ထို့ကြောင့် ဝိညာဉ်တည်းဟူသော မျိုးစေ့ကို ရုပ်, ဝေဒနာ, သညာ, သင်္ခါရတည်းဟူသော မြေ၌ စိုက်ပျိုး၍ တဏှာလောဘတည်းဟူသော ရေကို အကြိမ်ကြိမ်အဖန်ဖန် မသွန်းလောင်းသင့်ပြီ။ အကယ်၍ ဝိညာဉ်တည်းဟူသော မျိုးစေ့ကို ရုပ်, ဝေဒနာ, သညာ, သင်္ခါရတည်းဟူသော မြေ၌ စိုက်ပျိုး၍ တဏှာလောဘတည်းဟူသော ရေကို သွန်းလောင်း မိမှားချေသည်ဖြစ်အံ့။ ဘဝအဆက်ဆက် အနမတဂ္ဂသံသရာ၌ များစွာ မရေတွက်နိုင်သော ဆိုအပ်ခဲ့ပြီးသော ဒုက္ခအပေါင်းတို့သည် စည်ပင်ပြန့်ပြောခြင်းသို့ ရောက်၍ ထိုဆင်းရဲဒုက္ခ အပေါင်းတို့ကို ခံစားခြင်း၏အကြောင်းသာ ဖြစ်သည်-ဟု သတိသံဝေဂဉာဏ်ကို အဖန်ဖန် ဖြစ်စေ၍—

- ဝိညာဉ်-ဟူသော မျိုးစေ့၊ - ရုပ်,ဝေဒနာ,သညာ,သင်္ခါရတည်းဟူသော မြေ၊
- တဏှာလောဘတည်းဟူသော ရေ၊

ဤ ၃-ပါးအပေါင်းတို့ကို ဘေးအားဖြင့် ရှု၍ ကင်းဝေးကုန်ငြိမ်းစေခြင်းအကျိုးငှာ အားထုတ်ကုန်ရာသည်။ ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော် မြတ် ဖြစ်သည်။ (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ (၆) ၁-ဥပယဝဂ်၊ ၂-ဗီဇသုတ်၊၄၄။)

★ ★ ★ ★ ★ ★ ★

## [ ၇ ] လောကကို မကြံအပ်ကြောင်းတရား

လူ ၃-ပါးတို့၏ အထွတ်ဖြစ်တော်မူသော သဗ္ဗညုဘုရားသခင်သည် တရံရောအခါ ရာဇဂြိုဟ်ပြည်ကြီးကို ဆွမ်းခံရာအမှီပြု၍ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ ရဟန်းတို့ကို ခေါ်တော်မူ၍–

**ဘူတပုဗ္ဗံ ဘိက္ခဝေ အညတရော ပုရိသော ရာဇဂဟာ နိက္ခမိတ္ဝာ လောကစိန္တံ စိန္တေဿာ-မိ။** (သံ၊၃။၃၉၀)

အစရှိသည်ဖြင့် "ငါ၏ချစ်သား ရဟန်းများတို့ ရှေး၌ ဖြစ်ဖူးသည်ကို ငါဘုရား ဟောတော်မူပေအံ့။ ၁-ယောက်သော ယောကျ်ားသည် ဤရာဇဂြိုဟ်ပြည်မှ ထွက်၍ 'လောကစိန္တာမည်သော အကြံကို ကြံအံ့'-ဟု နှလုံးပိုက်၍ အကြင်အရပ်၌ သုမာဂဓမည်သော ၄-ထောင့်ရေကန်သည် ရှိ၏။ ထိုသုမာဂဓအမည်ရှိသော ၄-ထောင့်ရေကန်သို့ သွားလေ၍ ကမ်းနား၌ ရပ်ပြီးသော် လောကစိန္တာမည်သော အကြံကို ကြံ၍ နေလေ၏။

ငါ၏ချစ်သားတို့ လောကစိန္တာ-မည်သော အကြံကို ကြံ၍နေသော ထိုယောကျ်ားသည် သုမာဂဓ-မည်သော ၄-ထောင့်ရေကန်၏ အတွင်း၌ အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော စစ်သည်အပေါင်းသည် ကြာပင်၏အရင်းသို့ ဝင်၍ သွားသည်ကို မြင်လေ၏။ မြင်ပြီး၍ 'ငါကား ရူးသွပ်ခြင်းကို ရောက်လေတော့သလော၊ ငါ၏စိတ်သည် ပြကတေ့သဘောကို စွန့်ခြင်းသို့ ရောက်လေတော့သလော၊ လောက၌ ကြာပင်ရင်းသို့ အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော စစ်သည်တို့၏ ဝင်၍သွားသောအရာမည်သည် မရှိရာသည်သာတကား'-ဟု ကြံ၍ ရာဇ-ဂြိုဟ်ပြည်တွင်းသို့ ဝင်၍ လူများအပေါင်းအား 'အချင်း လူများအပေါင်းတို့ ငါ့အား ရူးသွပ်ခြင်းသည် ဖြစ်ရာခဲ့ပြီတကား။ ငါ၏စိတ်သည် ပြကတေ့သော သဘောကို စွန့်ရာခဲ့ပြီတကား။ လောက၌ မရှိသောအရာကို ငါသည် မြင်ခဲ့ပြီတကား'-ဟု ကြားလေ၏။ ထိုအခါ လူများအပေါင်းသည် 'အမောင်ယောကျ်ား၊ သင်သည် အဘယ်သို့ ရူးသွပ်ခြင်းသို့ ရောက်သနည်း။ အဘယ်သို့ သင်၏စိတ်သည် ပြကတေ့သောသဘောကို စွန့်သနည်း။ အဘယ်သို့ လောက၌ မရှိသောအရာကို မြင်သနည်း'-ဟု မေးလေ၏။

ထိုအခါ ထိုယောကျ်ားသည် 'လူများအပေါင်းတို့ ငါသည် ရာဇဂြိုဟ်ပြည်မှ ထွက်၍ လောကစိန္တာမည်သော အကြံကို ကြံအံ့-ဟု သုမာဂဓမည်သော ၄-ထောင့်ရေကန်အနီးသို့ သွားလေ၍ ကမ်းနား၌ ရပ်ပြီးသော် လောကစိန္တာမည်သော အကြံကို ကြံလျက်နေပေ၏။ ထိုအခါ သုမာဂဓမည်သော ရေကန်၏အတွင်း ကြာပင်ရင်းသို့ အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော စစ်သည်အပေါင်းသည် ဝင်၍ သွားသည်ကို မြင်၏။ လူများအပေါင်းတို့ ဤသို့လျှင် ငါ

သည် လောက၌မရှိသောအရာကို မြင်သည်ဖြစ်၍ ရူးသွပ်ခြင်းသို့ ရောက်လေတော့သလော၊ ငါ၏စိတ်သည် ပြကတေ့သောသဘောကို စွန့်ခြင်းသို့ ရောက်လေတော့သလော'-ဟု လူများ အပေါင်းအား ကြားလေ၏။

ထိုအခါ လူများအပေါင်းသည်လည်း "အချင်းယောကျ်ား၊ သင်သည် စင်စစ်လျှင် ရူးသွပ်ခြင်းသို့ ရောက်၏။ စင်စစ်လျှင် သင်၏စိတ်သည် ပြကတေ့သောသဘောကို စွန့်ခြင်း သို့ ရောက်၏။ လောက၌ သင်သည် မြင်အပ်သော ကြာပင်ရင်းသို့ အင်္ဂါ ၄-ပါးနှင့် ပြည့်စုံ သော စစ်သည်အပေါင်း ဝင်၍သွားသောအရာမည်သည် မရှိ"ဟု ပြောဆိုကြလေကုန်၏။

ငါ၏ ချစ်သားတို့ "ထိုယောကျ်ားသည် မြင်အပ်သောအရာသည် ဟုတ်မှန်တိုင်းကို ပင် မြင်၏။ မဟုတ်မမှန်သည်ကို မြင်သည်မဟုတ်။ ငါ၏ချစ်သားတို့ ရှေးလွန်လေပြီးသော အခါ တာဝတိံသာနတ်, အသုရာနတ်တို့၏ စစ်ထိုးခြင်းသည် ဖြစ်၏။ ထိုစစ်မြေပြင်၌ တာဝတိံသာနတ်တို့သည် အောင်လေကုန်၏။ အသုရာနတ်တို့သည် ရှုံးလေကုန်၏။ ရှုံးကုန် သည်ဖြစ်၍ ကြောက်ကုန်သော အသုရာတို့သည် တာဝတိံသာနတ်တို့၏ မေ့လျော့ကုန်စဉ် သုမာဂမည်သော ၄-ထောင့်ရေကန်၏အတွင်း ကြာပင်ရင်းဖြင့် အသုရာပြည်သို့ ဝင်လေ ကုန်၏"ဟု ဟောတော်မူပြီးလျှင် "လောက၌မှီသော အကြံကို မကြံကြကုန်လင့်"ဟု တားမြစ် တော်မူလိုသည်ဖြစ်၍ —

**တသ္မာတိ'ဟ ဘိက္ခဝေ မာ လောကစိန္တံ စိန္တေထ၊ 'သဿတော လောကောတိ'ဝါ၊ 'အသဿတော လောကော'တိဝါ။** (သံ၊၃။၃၉၁)

အစရှိသော ဒေသနာတော်မြွက်ကို ဟောတော်မူသည်။

အဓိပ္ပါယ်ကား "ငါ၏ချစ်သားတို့ ထိုသို့ အကျိုးမရှိ, ရူးသွပ်ခြင်းသို့ ရောက်ရာသည် ၏အဖြစ်ကြောင့် လောကစိန္တာမည်သော အကြံကို မကြံကြကုန်လင့်။

- 'သတ္တဝါသည် မြဲ၏'-ဟူ၍လည်းကောင်း,
- 'သတ္တဝါသည် မမြဲ'-ဟူ၍လည်းကောင်း,
- 'သတ္တဝါသည် အဆုံးရှိ၏'-ဟူ၍လည်းကောင်း,
- 'သတ္တဝါသည် အဆုံးမရှိ'-ဟူ၍လည်းကောင်း,
- 'ထိုအသက်သည် ထိုကိုယ်ပင်တည်း'-ဟူ၍လည်းကောင်း,
- 'အသက်သည်လည်း တခြား၊ ကိုယ်သည်လည်း တခြား'-ဟူ၍လည်းကောင်း,
- 'သတ္တဝါသည် သေသည်မှ အခြားမဲ့၌ ဖြစ်သေး၏'-ဟူ၍လည်းကောင်း,

- 'သတ္တဝါသည် သေသည်မှ အခြားမဲ့၌ မဖြစ်'-ဟူ၍လည်းကောင်း,
- 'သတ္တဝါသည် သေသည်မှ အခြားမဲ့၌ ဖြစ်၏,မဖြစ်'-ဟူ၍လည်းကောင်း,
- 'သတ္တဝါသည် သေသည်မှ အခြားမဲ့၌ ဖြစ်သည်လည်းမဟုတ်,မဖြစ်သည်လည်း မဟုတ်'-ဟူ၍လည်းကောင်း

မကြံကြကုန်လင့်"ဟု ဟောကြားတော်မူသည်။

အဘယ်အကြောင်းကြောင့် မကြံအပ်သနည်းဟူသော လူ,နတ်,ဗြဟ္မာတို့၏ ဝိစိကိစ္ဆာကို ပယ်တော်မူလိုသော ဘုရားသခင်သည်—

**နေ'သာ ဘိက္ခဝေ စိန္တာ အတ္ထသံဟိတာ၊ နာ'ဒိဗြဟ္မစရိယကာ၊ န နိဗ္ဗိဒါယ န ဝိရာဂါယ န နိရောဓာယ န ဥပသမာယ န အဘိညာယ န သမ္ဗောဓာယ န နိဗ္ဗာနာယ သံဝတ္တတိ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (သံ၊၃။၃၉၁။)

ဘိက္ခဝေ၊ ရဟန်းတို့။ ဧသာ စိန္တာ၊ ထို'သဿတော လောကော'အစရှိသည်ဖြင့် ကြံခြင်းသည်။ အတ္ထသံဟိတာ၊ အကျိုးစီးပွါးနှင့် စပ်သည်။ န ဟောတိ၊ မဖြစ်။ အာဒိဗြဟ္မစရိယကာ၊ ရှေးဦးစွာ ရအပ်သော မြတ်သော အရိယမဂ်-ဟူသော အကျင့်နှင့် စပ်သည်။ န ဟောတိ၊ မဖြစ်။ နိဗ္ဗိဒါယ၊ ဝဋ်ဆင်းရဲမှ ငြီးငွေ့ခြင်းငှာ။ န သံဝတ္တတိ၊ မဖြစ်။ ဝိရာဂါယ၊ ရာဂ၏ကင်းခြင်းငှာ။ န သံဝတ္တတိ၊ မဖြစ်။ နိရောဓာယ၊ ရာဂ၏ချုပ်ခြင်းငှာ။ ဥပသမာယ၊ ကိလေသာ၏ ငြိမ်းခြင်းငှာ။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာ ၄-ပါးကို ထိုးထွင်း၍ သိခြင်းငှာ။ နိဗ္ဗာနာယ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ။ န သံဝတ္တတိ၊ မဖြစ်။

ဤသို့လျှင် "သဿတော လောကော-အစရှိသည်ဖြင့် မကြံအပ်သည်ရှိသော် အဘယ်သို့ ကြံရပါအံ့နည်း"ဟု သတိသံဝေဂဉာဏ်ဖြင့် ပူပန်ထိတ်လန့်ခြင်းရှိကုန်သော လူ,နတ်,ဗြဟ္မာ သတ္တဝါတို့အား ကြံရသော အာရုံတရားကို ဟောကြားတော်မူလိုသည်ဖြစ်၍-

**စိန္တေန္တာ ခေါ တုမှေ ဘိက္ခဝေ 'ဣဒံ ဒုက္ခ'န္တိ စိန္တေယျာထ၊ 'အယံ ဒုက္ခသမုဒယော'တိ စိန္တေယျာထ၊ 'အယံ ဒုက္ခနိရောဓော'တိ စိန္တေယျာထ၊ 'အယံ ဒုက္ခနိရောဓဂါမိနီပဋိပဒါ'-တိ စိန္တေယျာထ။** (သံ၊၃။၃၉၁)

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ စိန္တေန္တာ ခေါ ပန၊ ကြံလိုကုန်မူကား။ ဣဒံ၊ ဤတရားသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာတည်း။ ဣတိ၊ ဤသို့။ တုမှေ၊ သင်တို့သည်။ စိန္တေယျာထ၊ ကြံကြလေကုန်။

အယံ၊ ဤတရားသည်။ ဒုက္ခသမုဒယော၊ ဒုက္ခ၏အကြောင်းဖြစ်သော သမုဒယသစ္စာတည်း။ ဣတိ၊ ဤသို့။ စိန္တေယျာထ၊ ကြံကြလေကုန်။ အယံ၊ ဤတရားသည်။ ဒုက္ခနိရောဓော၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ ၂-ပါးတို့၏ ချုပ်ရာဖြစ်သော နိရောဓသစ္စာတည်း။ ဣတိ၊ ဤသို့။ စိန္တေယျာထ၊ ကြံကြလေကုန်။ အယံ၊ ဤတရားသည်။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော မဂ္ဂသစ္စာတည်း။ ဣတိ၊ ဤသို့။ စိန္တေယျာထ၊ ကြံကြလေကုန်။

အဘယ်အကြောင်းကြောင့် ဤသို့ ကြံကုန်ရာသနည်းဟူသော လူ,နတ်,ဗြဟ္မာတို့၏ ဝိစိကိစ္ဆာကို ပယ်တော်မူလိုသည်ဖြစ်၍ –

> **တံ ကိဿ ဟေတု၊ ဧသာ ဘိက္ခဝေ စိန္တာ အတ္ထသံဟိတာ၊ ဧသာ အာဒိဗြဟ္မစရိယကာ၊ ဧသာ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။** (သံ၊၃။၃၉၁)

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

တံ၊ ထိုသစ္စာ ၄-ပါးနှင့် စပ်၍ ကြံကြကုန်-ဟု ဟောတော်မူခြင်းသည်။ ကိဿ ဟေတု၊ အဘယ်ကြောင့်နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧသာ စိန္တာ၊ ထိုသစ္စာ ၄-ပါးတို့ကို ကြံခြင်းသည်။ အတ္ထသံဟိတာ၊ အကျိုးစီးပွါးနှင့် စပ်သည်။ ဟောတိ၊ ဖြစ်၏။ ဧသာ စိန္တာ၊ ထိုသစ္စာ ၄-ပါးတို့ကို ကြံခြင်းသည်။ အာဒိဗြဟ္မစရိယကာ၊ ရှေးဦးစွာ ရအပ်သော, မြတ်သောအရိယမဂ်-ဟူသော အကျင့်နှင့် စပ်သည်။ ဟောတိ၊ ဖြစ်၏။ ဧသာ စိန္တာ၊ ထိုသစ္စာ ၄-ပါးတို့ကို ကြံခြင်းသည်။ နိဗ္ဗိဒါယ၊ ဝဋ်ဆင်းရဲမှ ငြီးငွေ့ခြင်းငှာ။ ဝိရာဂါယ၊ ရာဂ၏ ကင်းခြင်းငှာ။ နိရောဓာယ၊ ရာဂ၏ချုပ်ခြင်းငှာ။ ဥပသမာယ၊ ကိလေသာ၏ ငြိမ်းခြင်းငှာ။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာ ၄-ပါးတို့ကို ထိုးထွင်း၍ သိခြင်းငှာ။ နိဗ္ဗာနာယ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။

ဤသို့လျှင် သစ္စာ ၄-ပါးတို့ကို ကြိမ်ဖန်များစွာ ကြံခြင်း, ဆင်ခြင်ခြင်း၌ အကျိုးစီးပွါးများသည်၏အဖြစ်ကို ပြတော်မူပြီး၍ လူ ၃-ပါးတို့၏ အထွတ်ဖြစ်တော်မူသော သဗ္ဗညု ဘုရားသခင်သည် တရံရောအခါ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ ရဟန်းတို့ကို ခေါ်တော်မူ၍ –

> **ရူပံ ဘိက္ခဝေ အနိစ္စံ အတီတာနာဂတံ၊ ကော ပန ဝါဒေါ ပစ္စုပ္ပန္နဿ။ ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော အတီတသ္မိံ ရူပသ္မိံ အနပေက္ခော ဟောတိ၊ အနာဂတံ ရူပံ နာ'ဘိနန္ဒတိ၊ ပစ္စုပ္ပန္နဿ ရူပဿ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ**

**ပဋိပန္နော ဟောတိ။ ဝေဒနာ အနိစ္စာ ။ပ။ သညာ အနိစ္စာ။ သင်္ခါရာ အနိစ္စာ။ ဝိညာဏံ အနိစ္စံ အတီတာနာဂတံ၊ ကော ပန ဝါဒေါ ပစ္စုပ္ပန္နဿ။ ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော အတီတသ္မိံ ဝိညာဏသ္မိံ အနပေက္ခော ဟောတိ။ အနာဂတံ ဝိညာဏံ နာ'ဘိနန္ဒတိ၊ ပစ္စုပ္ပန္နဿ ဝိညာဏဿ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ပဋိပန္နော ဟောတိ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (သံ၊၂။၁၇)

ဘိက္ခဝေ၊ ရဟန်းတို့။ အတီတာနာဂတံ၊ အတိတ်ဘဝအဆက်ဆက်, အနာဂတ်ဘဝအဆက်ဆက်တို့၌ ဖြစ်ပြီး, ဖြစ်လတ္တံ့သော။ ရူပံ၊ ရူပက္ခန္ဓာသည်။ အနိစ္စံ၊ အမြဲမရှိ။ ပစ္စုပ္ပန္နဿ၊ ပစ္စုပ္ပန်ဖြစ်သော ရူပက္ခန္ဓာ၏။ အနိစ္စတာ၊ မမြဲသောအဖြစ်သည်။ ကော ပန ဝါဒေါ၊ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့။ ပဿံ ပဿန္တော၊ မြင်သော။ သုတဝါ၊ ပရိယတ္တိအဓိဂမ၌ သုတနှင့်ပြည့်စုံသော။ အရိယသာဝကော၊ အရိယာ၏ တပည့်သည်။ အတီတသ္မိံ၊ အတိတ်ဘဝအဆက်ဆက်တို့၌ဖြစ်သော။ ရူပသ္မိံ၊ ရူပက္ခန္ဓာ၌။ အနပေက္ခော၊ ငဲ့ကွက်ခြင်း မရှိသည်။ ဟောတိ၊ ဖြစ်၏။ အနာဂတံ၊ အနာဂတ်ဘဝအဆက်ဆက်တို့၌ ဖြစ်လတ္တံ့သော။ ရူပံ၊ ရူပက္ခန္ဓာကို။ နာ'ဘိနန္ဒတိ၊ မနှစ်သက်။ ပစ္စုပ္ပန္နဿ၊ ပစ္စုပ္ပန်ဘဝ၌ဖြစ်သော။ ရူပဿ၊ ရူပက္ခန္ဓာကို။ ဝါ၊ ရူပက္ခန္ဓာ၌။ နိဗ္ဗိဒါယ၊ ငြီးငွေ့ခြင်းငှာ။ ဝိရာဂါယ၊ တပ်ခြင်းကင်းခြင်းငှာ။ နိရောဓာယ၊ ချုပ်ခြင်းငှာ။ ပဋိပန္နော၊ ကျင့်သည်။ ဟောတိ၊ ဖြစ်၏။

အတီတာနာဂတံ၊ အတိတ်ဘဝ, အနာဂတ်ဘဝတို့၌ ဖြစ်ပြီး,ဖြစ်လတ္တံ့သော။ ဝေဒနာ၊ ဝေဒနာက္ခန္ဓာသည်။ အနိစ္စာ၊ အမြဲမရှိ။ အတီတာနာဂတံ၊ အတိတ်, အနာဂတ်ဘဝတို့၌ ဖြစ်ပြီး, ဖြစ်လတ္တံ့သော။ သညာ၊ သညာက္ခန္ဓာသည်။ အနိစ္စာ၊ အမြဲမရှိ။ အတီတာနာဂတံ၊ အတိတ်,အနာဂတ်ဘဝတို့၌ ဖြစ်ပြီး,ဖြစ်လတ္တံ့ဖြစ်ကုန်သော။ သင်္ခါရာ၊ သင်္ခါရက္ခန္ဓာတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ အတီတာနာဂတံ၊ အတိတ်ဘဝ, အနာဂတ်ဘဝတို့၌ ဖြစ်ပြီး, ဖြစ်လတ္တံ့သော။ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာသည်။ အနိစ္စံ၊ အမြဲမရှိ။ ပစ္စုပ္ပန္နဿ၊ ပစ္စုပ္ပန်ဘဝ၌ ဖြစ်ဆဲဖြစ်သော ဝိညာဏက္ခန္ဓာ၏။ အနိစ္စတာ၊ မမြဲသော အဖြစ်သည်။ ကော ပန ဝါဒေါ၊ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့။ ပဿံ ပဿန္တော၊ မြင်သော။ သုတဝါ၊ ပရိယတ္တိအဓိဂမ၌ သုတနှင့်ပြည့်စုံသော။ အရိယသာဝကော၊ အရိယာ၏ တပည့်သည်။ အတီတသ္မိံ၊ အတိတ်ဘဝ၌ဖြစ်သော။ ဝိညာဏသ္မိံ၊ ဝိညာဏက္ခန္ဓာ၌။ အနပေက္ခော၊ ငဲ့ကွက်ခြင်း ကင်းသည်။ ဟောတိ၊ ဖြစ်၏။ အနာဂတံ၊ အနာဂတ်ဘဝအဆက်ဆက်တို့၌ ဖြစ်လတ္တံ့သော။ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာကို။ နာ'ဘိနန္ဒတိ၊ မနှစ်သက်။ ပစ္စုပ္ပန္နဿ၊ ပစ္စုပ္ပန်ဘဝ၌ဖြစ်သော။

ဝိညာဏဿ၊ ဝိညာဏက္ခန္ဓာကို။ ဝါ၊ ဝိညာဏက္ခန္ဓာ၌။ နိဗ္ဗိဒါယ၊ ငြီးငွေ့ခြင်းငှာ။ ဝိရာဂါယ၊ တပ်ခြင်း ကင်းခြင်းငှာ။ နိရောဓာယ၊ ချုပ်ခြင်းငှာ။ ပဋိပန္နော၊ ကျင့်သည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား "ငါ၏ချစ်သား ရဟန်းတို့၊ အတိတ်ဘဝ, အနာဂတ်ဘဝအဆက်ဆက်တို့၌ ဖြစ်ပြီး, ဖြစ်လတ္တံ့ဖြစ်ကုန်သော ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည် အမြဲမရှိ။ ဤပစ္စုပ္ပန်ဘဝ၌ ဖြစ်ကုန်သော ခန္ဓာ ၅-ပါးတို့၏ မမြဲသောအဖြစ်သည်ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ မမြဲသည်ကား စင်စစ်ပေတည်း။ ငါ၏ချစ်သား ရဟန်းများတို့၊ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ခန္ဓာ ၅-ပါးတို့၏ မမြဲသောအဖြစ်ကို မြင်ပြီးသော ပရိယတ္တိအဓိဂမ၌ သုတနှင့်ပြည့်စုံသော အရိယာ၏ တပည့်သည် အတိတ်ဘဝအဆက်ဆက်တို့၌ ဖြစ်ကုန်ပြီးသော ခန္ဓာ ၅-ပါးတို့၌ ငဲ့ကွက်ခြင်း မရှိပြီ။ အနာဂတ်ဘဝအဆက်ဆက်တို့၌ ဖြစ်လတ္တံ့သော ခန္ဓာ ၅-ပါးတို့ကိုလည်း နှစ်သက်ခြင်း, တောင့်တခြင်း မရှိပြီ။ ပစ္စုပ္ပန်ဘဝ၌ဖြစ်ကုန်သော ခန္ဓာ ၅-ပါးတို့ကိုလည်း ငြီးငွေ့စေခြင်းငှာ, တပ်စွန်းခြင်း ကင်းစေခြင်းငှာ, ချုပ်စေခြင်းငှာ ကျင့်သည် ဖြစ်အံ့။ ထိုအလုံးစုံသော ခန္ဓာ ၅-ပါးတရားတို့သည် အမြဲမရှိသည်သာ မဟုတ်သေး။ ထိုခန္ဓာ ၅-ပါး တရားအစုတို့သည် ဆင်းရဲသည်ဖြစ်၍ ဒုက္ခလည်း မည်ကုန်၏။ အစိုးမရသည်ဖြစ်၍ **အနတ္တ**လည်း မည်ကုန်၏" ဟု ဟောတော်မူသည်။

ထို့ကြောင့် "အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော ခန္ဓာ ၅-ပါးတို့သည် အမြဲမရှိသည်ဖြစ်၍ အနိစ္စသဘောသာတည်း။ ဆင်းရဲသည်ဖြစ်၍ ဒုက္ခသဘောသာတည်း။ အစိုးမရသည်ဖြစ်၍ အနတ္တသဘောသာတည်း"ဟု အဖန်တလဲလဲ ဆင်ခြင်ကုန်ရာသည်။

အထူးအားဖြင့်ကား ဤသို့ ဆိုလတ္တံ့သောနည်းဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဘဝ ၃-ပါးတို့ကို စပ်၍ အဓွန့်ကာလအားဖြင့် ဆင်ခြင်ရာ၏။ အဘယ်သို့ ဆင်ခြင်ရာသနည်းဟူမူကား–

အတိတ်ဘဝ၌ ဖြစ်ပြီးသော ခန္ဓာ ၅-ပါးတို့သည် ပစ္စုပ္ပန်ဘဝသို့ မလိုက်မပါ၊ ထိုအတိတ်ဘဝ၌ အကြွင်းမဲ့ ချုပ်ခြင်း, ကုန်ခြင်း, ပျောက်ခြင်းသို့ ရောက်လေပြီးသည်၏အဖြစ်ကြောင့် မမြဲသည်ဖြစ်၍ **အနိစ္စ** မည်ကုန်၏။ ဇာတိ-အစရှိသော ဒုက္ခတို့သည် နှိပ်စက်အပ်သည်၏အဖြစ်ကြောင့် ဒုက္ခ မည်ကုန်၏။ မအိုလို, မနာလို, မသေလို-ဟု တောင့်တ၍ မရသည်၏အဖြစ်ကြောင့် အစိုးမရသည်ဖြစ်၍ **အနတ္တ** မည်ကုန်၏။

ပစ္စုပ္ပန်ဘဝ၌ဖြစ်သော ခန္ဓာ ၅-ပါးတို့သည်လည်း အနာဂတ်ဘဝသို့ မလိုက်လတ္တံ့။ ဤပစ္စုပ္ပန်ဘဝ၌ အကြွင်းမဲ့ ချုပ်ခြင်း,ကုန်ခြင်း, ပျောက်ခြင်းသို့ ရောက်ဆဲဖြစ်ကုန်၍ **အနိစ္စ**

မည်ကုန်၏။ ဇာတိဒုက္ခ-အစရှိသော ဒုက္ခသဘောတို့သည် နှိပ်စက်အပ်သည်၏အဖြစ်ကြောင့် ဆင်းရဲသည်ဖြစ်၍ ဒုက္ခ မည်ကုန်၏။ မအိုလို, မနာလို, မသေလို-ဟု တောင့်တ၍ မရသည်၏အဖြစ်ကြောင့် အစိုးမရသည်ဖြစ်၍ **အနတ္တ** မည်ကုန်၏။

အနာဂတ်ဘဝ၌ ဖြစ်လတ္တံ့သော ခန္ဓာ ၅-ပါးတို့သည်လည်း နောက်နောင်အနာဂတ်ဘဝသို့ မလိုက်လတ္တံ့။ ထိုအနာဂတ်ဘဝ၌ပင် အကြွင်းမဲ့ ချုပ်ခြင်း, ကုန်ခြင်း, ပျောက်ခြင်းသို့ ရောက်လတ္တံ့သည်၏အဖြစ်ကြောင့် မမြဲသည်ဖြစ်၍ **အနိစ္စ** မည်ကုန်၏။ ဇာတိဒုက္ခ-အစရှိသည်တို့သည် နှိပ်စက်အပ်သည်၏အဖြစ်ကြောင့် ဆင်းရဲသည်ဖြစ်၍ ဒုက္ခ မည်ကုန်၏။ မအိုလို, မနာလို, မသေလို-ဟု တောင့်တ၍ မရသည်၏အဖြစ်ကြောင့် အစိုးမရသည်ဖြစ်၍ **အနတ္တ** မည်ကုန်၏။

ဥပမာမည်သည်ကား သား ၃-ယောက် အမိသည် မင်းဒဏ်ရာဇဝတ်သင့်သော သား ၃-ယောက်တို့ကို ခိုးသူသတ်ရာ သင်္ချိုင်းသို့ ဆောင်လေသော် သားတို့၌ တပ်ခြင်း မကင်းသည်ဖြစ်၍ ထိုသားတို့ကို ကြည့်ရှုလျက် လိုက်လေ၏။ ခိုးသူသတ်ရာ သင်္ချိုင်းသို့ ရောက်လတ်သော် သတ်ပြီးသော သားကြီးနှင့် သတ်ဆဲသော သားလတ်ကို မြင်၍ မသတ်သေးသည်ဖြစ်၍ စင်စစ်သတ်လတ္တံ့သော သားငယ်၌ အသက်ရှင်လတ္တံ့-ဟု တောင့်တခြင်း အာသာသည် ကင်းသကဲ့သို့ ထို့အတူ သတ်ပြီးသော သားကြီးနှင့်တူသော အတိတ်ဘဝ၌ ဖြစ်ကုန်သော ခန္ဓာတို့သည် ချုပ်လေကုန်ပြီ။ သတ်ဆဲဖြစ်သော သားလတ်နှင့်တူသော ယခု ပစ္စုပ္ပန်ဘဝ၌ ဖြစ်ဆဲ, ဖြစ်ကုန်သော ခန္ဓာတို့၏ ချုပ်ဆဲကို မြင်၍ စင်စစ် သတ်လတ္တံ့သော သားငယ်နှင့်တူသော အနာဂတ်ဘဝ၌ ဖြစ်လတ္တံ့ကုန်သော ခန္ဓာတို့သည်လည်း ချုပ်လတ္တံ့သည်ကား စင်စစ်ပင်တည်းဟု ယုံမှားခြင်း မရှိပြီ။ ဤခန္ဓာတို့ မည်သည်ကား အနိစ္စ, ဒုက္ခ, အနတ္တသည်သာတည်းဟု ဆုံးဖြတ်ပိုင်းခြားခြင်းသို့ ရောက်ကုန်၏။

ထိုဥပမာစကား၌—

- သား ၃-ယောက် အမိကဲ့သို့ ဘုရား-အစရှိသော သူတော်ကောင်းတို့၏ စကားကို နားထောင်၍ ဝိပဿနာဘာဝနာတရားကို ပွါးများအားထုတ်လေ့ရှိသောသူကို မှတ်အပ်၏။
- သတ်ပြီးသော သားကြီးကိုကဲ့သို့ အတိတ်ဘဝ၌ ချုပ်ပြီးသော ခန္ဓာတို့ကို မှတ်အပ်၏။
- သတ်ဆဲဖြစ်သော သားလတ်ကိုကဲ့သို့ ပစ္စုပ္ပန်ဘဝ၌ ချုပ်ဆဲဖြစ်သော ခန္ဓာတို့ကို မှတ်အပ်၏။

- သတ်လတ္တံ့သော သားငယ်ကိုကဲ့သို့ အနာဂတ်ဘဝ၌ဖြစ်၍ ချုပ်လတ္တံ့သော ခန္ဓာတို့ကို မှတ်အပ်၏။

ဤသို့လျှင် ဘဝ ၃-ပါးကို စပ်၍ အခွန့်၏အစွမ်းဖြင့် ခန္ဓာ ၅-ပါးတရားတို့ကို လက္ခဏာရေး ၃-ပါးသို့ တင်၍ ဆင်ခြင်သဖြင့် ထင်ပြီးသောသူသည် **သန္တတိ**၏အစွမ်းအားဖြင့်လည်း လက္ခဏာရေး ၃-ပါးသို့ တင်၍ ဆင်ခြင်ရာ၏။ အဘယ်သို့ ဆင်ခြင်ရာသနည်းဟူမူကား-

- ခန္ဓာ ၅-ပါးတို့တွင် ရူပက္ခန္ဓာဖြစ်အံ့၊ တူသော သဘောရှိသော တစ်ခုသော ဥတု, တစ်ခုသော အာဟာရလျှင် ဖြစ်ကြောင်းရှိသော ရုပ်သည် ရှေ့,နောက်၏ အစွမ်းအားဖြင့် ဖြစ်သော်လည်း **ပစ္စုပ္ပန်ရုပ်** မည်၏။
- ထိုရုပ်မှ ရှေးကာလ၌ သဘောမတူသော ဥတု, အာဟာရလျှင် ဖြစ်ကြောင်းရှိသော ရုပ်သည် **အတိတ်ရုပ်** မည်၏။
- ထိုရုပ်မှ နောက်ကာလ၌ သဘောမတူသော ဥတု, အာဟာရလျှင် ဖြစ်ကြောင်းရှိသော ရုပ်သည် **အနာဂတ်ရုပ်** မည်၏။
- ၁-ခုသော ဝီထိ, ၁-ခုသော ဇော, ၁-ခုသော သမာပတ်လျှင် ဖြစ်ကြောင်းရှိသော ဖြစ်ဆဲသော စိတ္တဇရုပ်သည် **ပစ္စုပ္ပန်** မည်၏။
- ထိုရုပ်မှ ရှေးကာလ၌ဖြစ်သော စိတ္တဇရုပ်သည် **အတိတ်** မည်၏။
- ထိုရုပ်မှ နောက်ကာလ၌ဖြစ်သော စိတ္တဇရုပ်သည် **အနာဂတ်** မည်၏။

[ကမ္မဇရုပ်တို့၌ကား သန္တတိ၏အစွမ်းအားဖြင့် အတိတ်,အနာဂတ်, ပစ္စုပ္ပန်တို့၏ အထူးသည် မရှိ။ ထိုဥတုဇရုပ်, အာဟာရဇရုပ်, စိတ္တဇရုပ်တို့ကို ထောက်ပံ့ခိုင်စေသည်၏ အစွမ်းအားဖြင့် ကမ္မဇရုပ်တို့၏ အတိတ်, အနာဂတ်, ပစ္စုပ္ပန်တို့ကို သိအပ်၏။]

ဤသို့ သန္တတိ၏ အစွမ်းအားဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလတို့၌ဖြစ်သော ရုပ်တို့ကို ပိုင်းခြားပြီးသော် "အတိတ်ကာလ၌ဖြစ်သော ရုပ်သည် ပစ္စုပ္ပန်ကာလသို့ မပါ၊ အတိတ်ကာလ၌ပင် အကြွင်းမဲ့ ချုပ်လေကုန်ပြီ။ ပစ္စုပ္ပန်ကာလ၌ဖြစ်သော ရုပ်သည်လည်း အနာဂတ်ကာလသို့ မပါ၊ ပစ္စုပ္ပန်ကာလ၌ပင် အကြွင်းမဲ့ချုပ်ခြင်းသို့ ရောက်၏။ အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော ရုပ်သည်လည်း နောက်အနာဂတ်ကာလသို့ မရောက်၊ မိမိဖြစ်သော အနာဂတ်ကာလ၌ပင်လျှင် အကြွင်းမဲ့ ချုပ်လတ္တံ့"ဟု အဖန်တလဲလဲ ဆင်ခြင်အပ်၏။

- ၁-ခုသော ဝီထိ, ၁-ခုသော ဇော, ၁-ခုသော သမာပတ်၌ အကျုံးဝင်သော ဝိညာဏက္ခန္ဓာသည်လည်းကောင်း၊ ၁-ခုသော အာရုံရှိသော ဝိညာဏက္ခန္ဓာသည်လည်းကောင်း **ပစ္စုပ္ပန်** မည်၏။

- ထိုဝိညာဉ်မှ ရှေးကာလ၌ ဖြစ်သော ဝိညာဏက္ခန္ဓာသည် **အတိတ်** မည်၏။

- ထိုဝိညာဉ်မှ နောက်ကာလ၌ ဖြစ်သော ဝိညာဏက္ခန္ဓာသည် **အနာဂတ်** မည်၏။

[ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့ကိုလည်း စိတ်နှင့် တူသောဖြစ်ခြင်း, တူသော ချုပ်ခြင်း, တူသော အာရုံ, တူသော မှီရာရှိသည်ဖြစ်၍ စိတ်နှင့်နည်းတူ သိအပ်၏။]

"ထိုနာမက္ခန္ဓာ ၄-ပါးတို့သည် မိမိတို့၏ဖြစ်ရာ အတိတ်, ပစ္စုပ္ပန်, အနာဂတ်ကာလတို့၌ ချုပ်ခြင်းသို့ ရောက်သည်၏အဖြစ်ကြောင့် မမြဲသည်ဖြစ်၍ အနိစ္စသာတည်း။ ဆင်းရဲသည်ဖြစ်၍ ဒုက္ခသာတည်း။ အစိုးမရသည်ဖြစ်၍ အနတ္တသာတည်း"ဟု အဖန်တလဲလဲ ဆင်ခြင်ရာ၏။

ဤသို့ သန္တတိ၏အစွမ်းအားဖြင့် ရှုဆင်ခြင်၍ ထင်ပြီးသောသူသည် **သမယ**၏ အစွမ်းအားဖြင့်လည်း ရှုဆင်ခြင်ရာ၏။ အဘယ်သို့ ဆင်ခြင်ရာသနည်းဟူမူကား—

- ၁-ခုသော မုဟုတ္တကာလ၌ ပုဗ္ဗဏှ, သာယဏှ, ရတ္တိ, ဒိဝ-စသော ကာလတို့၏ အစွမ်းအားဖြင့် ရှုဆင်ခြင်၍ ထင်ပြီးသော သမယရှိသောသူ၏ ရုပ်သည် ပစ္စုပ္ပန်ရုပ် မည်၏။

- ထိုရုပ်မှ ရှေးကာလ၌ဖြစ်သော ရုပ်သည် **အတိတ်ရုပ်** မည်၏။

- ထိုမှ နောက်ကာလ၌ဖြစ်သော ရုပ်သည် **အနာဂတ်ရုပ်** မည်၏။

[နာမက္ခန္ဓာ ၄-ပါးတို့၏ အတိတ်, အနာဂတ်, ပစ္စုပ္ပန်တို့ကိုလည်း ရုပ်၌ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သိအပ်၏။]

"ထိုရုပ်,နာမ်ခန္ဓာတို့သည် မိမိတို့၏ဖြစ်ရာ အတိတ်, အနာဂတ်, ပစ္စုပ္ပန် သမယကာလ၌သာ ဖြစ်၍ အကြွင်းမဲ့ချုပ်ခြင်းသို့ ရောက်တတ်၏။ ထို့ကြောင့် အနိစ္စ, ဒုက္ခ, အနတ္တသာတည်း"ဟု အဖန်တလဲလဲ ဆင်ခြင်ရာ၏။

ဤသို့ သမယ၏အစွမ်းအားဖြင့် ဆင်ခြင်၍ ထင်ပြီးသောသူသည် **ခဏ**၏အစွမ်းအားဖြင့်လည်း ဆင်ခြင်ရာ၏။ အဘယ်သို့ ဆင်ခြင်ရာသနည်းဟူမူကား—

ခန္ဓာ ၅-ပါးတို့၌ အကျုံးဝင်သော ရုပ်တရား, နာမ်တရားတို့၏ ဥပါဒ်သဘောအားဖြင့် ဖြစ်၍, ဋ္ဌီသဘောအားဖြင့် အတန်ငယ်တည်၍, ဘင်သဘောအားဖြင့် ချုပ်ခြင်းသို့ ရောက်ခြင်း၊ ဤ ၃-ခုအပေါင်းကို **ခဏတ္တယ**-ဟု ဆိုအပ်၏။ ထိုခဏတ္တယကို ဥပါဒ်ခဏ, ဋ္ဌီခဏ, ဘင်ခဏအားဖြင့် ခဏငယ် ၃-ပါး ခွဲဝေအပ်၏။ ထိုခဏသည် ရုပ်၏ခဏ, နာမ်၏ခဏ

အားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင် နာမ်၏ခဏသည် အဘယ်မျှလောက်သော ကာလကြာသနည်းဟူမူကား မျက်စိတမှိတ်, လက်ဖျစ်တတွက်, လျှပ်တပြက်ကာလကို ကာလ ငယ် ၁-သိန်းစိတ်၍ ၁-စိတ် အခန့်ကာလသည် နာမ်တရားတို့၏ ဥပါဒ်-ဟူသော ၁-ခု သော ခဏမည်၏။ ဌီခဏ, ဘင်ခဏသည်လည်း ဥပါဒ်ခဏနှင့်အတူ လျင်စွာ ဖြစ်ခြင်း, ချုပ်ခြင်းသို့ ရောက်လေ၏။

ရုပ်ခဏ ဖြစ်အံ့။ လက်ဖျစ်တတွက်, မျက်စိတမှိတ်, လျှက်တပြက်ကာလကို ကာလ ငယ် ၁-သိန်းစိတ်၍ ၄၉-ခုသော အစိတ်ကဲ့သို့သော ကာလသည် ရုပ်၏တည်ဆဲဖြစ်သော ဌီကာလ မည်၏။ ရုပ်၏ဖြစ်ဆဲ-ဟူသော ဥပ္ပါဒက္ခဏ, ချုပ်ဆဲ-ဟူသော ဘင်္ဂက္ခဏသည် စိတ်၏ ဥပ္ပါဒက္ခဏ, ဘင်္ဂက္ခဏနှင့် ကာလအားဖြင့် တူ၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ရုပ်တရားတို့၏ လျင်စွာဖြစ်ခြင်း, ရင့်ခြင်း, ချုပ် ခြင်းကိုလည်းကောင်း၊ နာမ်တရားတို့၏ လျင်စွာဖြစ်ခြင်း, ရင့်ခြင်း, ချုပ်ခြင်းကိုလည်းကောင်း သိအပ်၏။ ထို့နောင်မှ ခန္ဓာ ၅-ပါးတရားတို့ကို ဥပါဒ်, ဌီ, ဘင်-ဟူသော လက္ခဏာရေး ၃-ပါးသို့ တင်၍ ဝိပဿနာဉာဏ်ဖြင့် အဖန်တလဲလဲ ရှုဆင်ခြင်ရာ၏။

ရှုဆင်ခြင်လိုသောသူသည်လည်း ရှေးဦးစွာ အနိစ္စ, အနိစ္စလက္ခဏာ၊ ဒုက္ခ, ဒုက္ခ လက္ခဏာ၊ အနတ္တ, အနတ္တလက္ခဏာတို့ကို ပိုင်းခြား၍ သိအပ်၏။ အဘယ်သို့ သိအပ် သနည်းဟူမူကား—

ပုဆိုး-စသော ဒြပ်၌ အညို-အစရှိသော အဆင်း, နူးညံ့သော အတွေ့-ဟု ဆိုအပ် သော ဂုဏ်သတ္တိရှိသကဲ့သို့လည်းကောင်း၊ ပန်းနံ့သာ-အစရှိသော ဒြပ်၌ ကောင်းသော အဆင်း, ကောင်းသော အနံ့-ဟူသော ဂုဏ်သတ္တိရှိသကဲ့သို့လည်းကောင်း၊ ထို့အတူ ၅-ပါးသော ခန္ဓာဒြပ်၌ ဥပါဒ်သဘော, ဌီသဘော, ဘင်သဘော-ဟူသော ၃-ပါးသော အခိုက် အတန့်ရှိသောကြောင့် ထို ၅-ပါးသော ခန္ဓာဒြပ်တို့သည် အနိစ္စ, ဒုက္ခ, အနတ္တ မည်ကုန်၏။

ထို ၅-ပါးသော ခန္ဓာဒြပ်တို့ကို စွဲမှီ၍ဖြစ်သော ဥပါဒ်သဘော, ဌီသဘော, ဘင် သဘော-ဟု ဆိုအပ်သော ၃-ပါးသော အခိုက်အတန့်တို့သည် အနိစ္စလက္ခဏာ, ဒုက္ခ လက္ခဏာ, အနတ္တလက္ခဏာ မည်ကုန်၏။ ဤသို့ သိပြီးသော ခန္ဓာရုပ်, နာမ်ဒြပ်တို့ကို ဥပါဒ်, ဌီ, ဘင်-ဟူသော လက္ခဏာရေးသို့ တင်၍ အနိစ္စ, ဒုက္ခ, အနတ္တ-ဟု အဖန်တလဲလဲ ရှုရာ၏။ ထိုသို့ ရှုရာသော လက္ခဏာရေးတို့တွင်လည်း **အနိစ္စလက္ခဏာကို** ရှုလိုသော သူသည်—

**ခယဋ္ဌေန အနိစ္စံ၊ ဟုတွာ အဘာဝဋ္ဌေန အနိစ္စံ။**

ခယဋ္ဌေန၊ ကုန်တတ်သော အနက်သဘောကြောင့်။ အနိစ္စံ၊ အနိစ္စ မည်၏။ ဟုတွာ၊ ဖြစ်ပြီး၍။ အဘာဝဋ္ဌေန၊ မရှိသော အနက်သဘောကြောင့်။ အနိစ္စံ၊ အနိစ္စ မည်၏။

"ဥပါဒ်အားဖြင့် ဖြစ်ပြီး၍, ဌီအားဖြင့် အတန်ငယ် တည်၍, ဘင်အားဖြင့် ချုပ်ခြင်းသို့ ရောက်၏။ ထိုဘင်သည်လည်း အကြွင်းမရှိ ကုန်ခြင်း,ပျောက်ခြင်းသို့ ရောက်၏"ဟု အဖန်တလဲလဲ ရှုရာ၏။

ဒုက္ခလက္ခဏာကို ရှုလိုသောသူသည်—

**ဘယဋ္ဌေန ဒုက္ခံ၊ ပီဠနဋ္ဌေန ဒုက္ခံ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ။**

ဘယဋ္ဌေန၊ ဘေးကို ပြုတတ်သော အနက်သဘောကြောင့်။ ဒုက္ခံ၊ ဒုက္ခ မည်၏။ ပီဠနဋ္ဌေန၊ နှိပ်စက်တတ်သော အနက်သဘောကြောင့်။ ဒုက္ခံ၊ ဒုက္ခ မည်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ဒုက္ခာ၊ ဆင်းရဲအစုသာ ဖြစ်ကုန်၏။

အဘယ်သို့ ဘေးကို ပြုတတ်သည်ဖြစ်၍ နှိပ်စက်တတ်သနည်းဟူမူကား ဥပါဒ်ကို ဌီနှိပ်စက်သည်၊ ဌီကို ဘင်နှိပ်စက်သည်၊ ဘင်သည် အကြွင်းမဲ့ ချုပ်သည်။ ထို ၃-ပါးတို့တွင်-

- ဥပါဒ်သည် ဇာတိမည်၏။ - ဌီသည် ဇရာမည်၏။
- ဘင်သည် မရဏမည်၏။

ဥပါဒ်ကို ဌီနှိပ်စက်သည်ဖြစ်၍, ဌီကို ဘင်နှိပ်စက်သည်ဖြစ်၍, ဘင်သည် အကြွင်းမဲ့ ချုပ်ရကား ဗျာဓိ မည်၏။ ဤသို့လျှင် တစ်ခုသော ရုပ်၏ခဏ, နာမ်၏ခဏ၌ ဇာတိ, ဇရာ, ဗျာဓိ, မရဏတည်းဟူသော ဘေး ၄-ပါးတို့ဖြင့် စပ်ကာစပ်ကာ နှိပ်စက်သည်ဖြစ်၍ ဒုက္ခသာတည်း-ဟု အဖန်တလဲလဲ ရှုဆင်ခြင်ရာ၏။

အနတ္တလက္ခဏာကို ရှုလိုသောသူသည်—

**အသာမိကဋ္ဌေန အနတ္တာ၊ အဝသဝတ္တနဋ္ဌေန အနတ္တာ၊ အသာရကဋ္ဌေန အနတ္တာ၊ နိဗ္ဗာပါရဋ္ဌေန အနတ္တာ၊ န အတ္တာ အနတ္တာ။**

အသာမိကဋ္ဌေန၊ အစိုးမရသော အနက်သဘောကြောင့်။ အနတ္တာ၊ အနတ္တမည်၏။ အဝသဝတ္တနဋ္ဌေန၊ အလိုသို့ မလိုက်တတ်သော အနက်သဘောကြောင့်။ အနတ္တာ၊ အနတ္တ မည်၏။ အသာရကဋ္ဌေန၊ အနှစ်သာရမရှိသော အနက်သဘောကြောင့်။ အနတ္တာ၊ အနတ္တ မည်၏။ နိဗ္ဗာပါရဋ္ဌေန၊ ဗျာပါရမှ ကင်းသော အနက်သဘောကြောင့်။ အနတ္တာ၊ အနတ္တ မည်၏။ အတ္တာ၊ ကိုယ်သည်။ န၊ မဟုတ်။ အနတ္တာ၊ ကိုယ်-မဟုတ်။

"ဤသို့လျှင် ပဋိသန္ဓေ မနေစေလင့်၊ မအိုစေလင့်၊ မနာစေလင့်၊ မသေစေလင့်၊ ဆံဖြူခြင်း, သွားကျိုးခြင်း, မျက်စိသီခြင်း, နားထိုင်းခြင်း, မှည့်မည်းစွန်းခြင်း, ခွန်အားဗလ နည်းခြင်းသည် မဖြစ်စေလင့်"ဟု တန်ခိုးအာနုဘော်ကြီးကုန်သော နဂါး, ဂဠုန်, နတ်,သိကြား, ဗြဟ္မာ, ရဟန္တာ, ပစ္စေကဗုဒ္ဓါအရှင်တို့သည် စီရင်ခန့်ခွဲ အာဏာစွဲခြင်းငှာ အစိုးမရ။ ဘုရား သခင်ပင်သော်လည်း ထိုသဘောတရားတို့ကို မဖြစ်စေခြင်းငှာ စီရင်ခန့်ခွဲ အာဏာစွဲခြင်းငှာ အစိုးမရ။ ရုပ်,နာမ်ခန္ဓာတို့သည် ဥပါဒ်,ဌီ,ဘင်အားဖြင့် ဖြစ်၍ ချုပ်ကုန်၏။

"ဤရုပ်,နာမ်ခန္ဓာတို့သည် ဥပါဒ်၌သာ တည်စေ၊ ဌီသို့ မရောက်စေလင့်"ဟူ၍ လည်းကောင်း၊ "ဌီသို့ ရောက်ပြီးသည်ကိုလည်း ဘင်သို့ မရောက်စေကုန်လင့်၊ ဌီ၌သာ တည်စေ"ဟူ၍လည်းကောင်း၊ "ဘင်သို့ ရောက်ပြီးသော ရုပ်,နာမ်ခန္ဓာတို့သည်လည်း အကြွင်းမဲ့ မချုပ်စေကုန်လင့်။ ဘင်၌သာ တည်စေ"ဟူ၍လည်းကောင်း စီရင်ခန့်ခွဲ အာဏာ စွဲခြင်းငှာ အစိုးမရသည်ဖြစ်၍ အနတ္တ မည်၏။

"ပဋိသန္ဓေ မနေလို၊ မအိုလို၊ မသေလို၊ ဆံဖြူခြင်း, သွားကျိုးခြင်း, မျက်စိသီခြင်း, နားထိုင်းခြင်း, အရေတွန့်လိပ်ခြင်း, မှည့်မည်းစွန်းခြင်း, ခွန်အားဗလနည်းခြင်း အစရှိသည် တို့သည် မဖြစ်လို"ဟု တောင့်တငြားသော်လည်း တောင့်တတိုင်း အလိုသို့ မလိုက်သည် ဖြစ်၍ အနတ္တ မည်၏။

"ဥပါဒ်သို့ ရောက်ပြီးသော ရုပ်,နာမ်ခန္ဓာတို့သည် ဌီသို့ မရောက်ပါစေကုန်လင့်၊ ဌီသို့ ရောက်ပြီးသော ရုပ်,နာမ်ခန္ဓာတို့သည် ဘင်သို့ မရောက်ပါစေကုန်လင့်၊ ဘင်သို့ ရောက်ပြီးသော ရုပ်,နာမ်,ခန္ဓာတို့သည်လည်း အကြွင်းမဲ့ချုပ်ခြင်းသို့ မရောက်ပါစေကုန် လင့်"ဟု တောင့်တ၍ မရသည်ဖြစ်၍ အစိုးမရ အနတ္တ မည်၏။

ဤရုပ်,နာမ်ခန္ဓာ တရားတို့သည် ရေမြှုပ်, ရေပွက်, တံလှပ်, ငှက်ပျောတုံး, လက်ပံတုံး, မျက်လှည့်သည်တို့သည် ပြအပ်သော ဝတ္ထုတို့သည် အနှစ်သာရမှ ဆိတ်သည်ဖြစ်၍ ရိတ္တ, တုစ္ဆ, သုညဖြစ်ကုန်သကဲ့သို့ ထို့အတူ ဤရုပ်,နာမ်ခန္ဓာတရားတို့သည်လည်း အနှစ်သာရမှ ဆိတ်သည်ဖြစ်၍ ရိတ္တ, တုစ္ဆ, သုညသဘောရှိသည်၏အဖြစ်ကြောင့် အနတ္တ မည်ကုန်၏။

ဆူးငြောင့်, မီးခဲ, မီးသွေးတို့၏ သဘောသည် နင်းမိ,တိုက်ခိုက်မိသော သူတို့အား စူးဝင်ခြင်း, ပူလောင်ခြင်း, စွန်းငြိခြင်းတို့သည် ဖြစ်ကုန်၏။ "ငါ့ကို နင်းမိ,ထိခိုက်မိသော သူတို့ အား စူးဝင်မည်, ပူလောင်မည်, စွန်းငြိမည်"ဟူသော ဗျာပါရလုံ့လ မရှိကုန်။ နင်းမိ, ထိခိုက်မိ သောသူတို့အား စူးဝင်ခြင်း, ပူလောင်ခြင်း, စွန်းငြိခြင်းသည် ဆူးငြောင့်, မီးခဲ, မီးသွေးတို့၏ သဘောဖြစ်သကဲ့သို့ ထို့အတူ ဤရုပ်,နာမ်ခန္ဓာတို့သည် "သွားမည်, စားမည်, အိပ်မည်, နေမည်, ထိုင်မည်"စသော ဗျာပါရလုံ့လ ကင်းသည်၏အဖြစ်ကြောင့် အနတ္တ မည်ကုန်၏။

သာသနာတော် ပ-သောကာလ ဈာန်ရ တိတ္ထိရသေ့တို့သည် ကြံဆ၍ ယူအပ်သော ၂၀-သော သက္ကာယဒိဋ္ဌိတို့၏ အစွမ်းအားဖြင့်ဖြစ်သော ကိုယ်-ဟူသော အတ္တဘောသည် ဘုရားဖြစ်တော်မူသောအခါ ဘုရားသာသနာတော်တွင်း၌ ဘုရားရှင် ပယ်တော်မူသည်ဖြစ်၍ ကိုယ်မဟုတ်သည်၏ အဖြစ်ကြောင့် အနတ္တ မည်ကုန်၏။ ဤသို့လျှင် အနတ္တလက္ခဏာရေးသို့ တင်၍ အဖန်တလဲလဲ ရှုအပ်၏။

ဤသို့ လက္ခဏာရေး ၃-ပါးသို့ တင်၍ ရှုဆင်ခြင်သောသူအား ဝိပဿနာဉာဏ် အဆက်ဆက်ဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရ၍ နိဗ္ဗာန်ကို မျက်မှောက်ပြု၏။

ဤသို့လျှင် ရုပ်,နာမ်ခန္ဓာ၏အဖြစ်ကိုလည်းကောင်း၊ ထိုရုပ်,နာမ်ခန္ဓာတို့ကို လက္ခဏာရေးသို့ တင်၍လည်းကောင်း ရှုဆင်ခြင်သောသူတို့အား များစွာသော လောကီ,လောကုတ္တရာ အကျိုးစီးပွါးတို့ကို ပြ၍ အထူးထူးသောနည်းတို့ဖြင့် ဘုရားသခင် ဆုံးမတော်မူပါသော်လည်း ထိုခန္ဓာတို့၏ အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောတို့ကို အဘယ်အကြောင်းကြောင့် သတ္တဝါတို့ ထင်မြင်အောင် မဆင်ခြင်နိုင်လေသနည်းဟူမူကား ရုပ်,နာမ်ခန္ဓာတို့၏ အနိစ္စသဘောကို သန္တတိတရား ဖုံးလွှမ်းသောကြောင့် ထင်မြင်အောင် မဆင်ခြင်နိုင်လေသည်။

အဘယ်သို့ သန္တတိတရား ဖုံးလွှမ်းလေသနည်းဟူမူကား–

မပြတ်စပ်ကာစီးသော ရေအလျဉ်ရှိသော မြစ်ကမ်းနား၌ ရပ်၍ကြည့်သောသူသည် မြစ်ရေအလျဉ်သည် မတိုး,မဆုတ် ပကတိကဲ့သို့ ထင်၏။ ထင်သော်လည်း ထိုသူထင်တိုင်း မဟုတ်၊ ကြည့်၍နေစဉ်ပင် များစွာသော ရေအလျဉ်သည် အောက်သို့ စီး၍ သွားလေပြီ။ ထိုသို့ စီး၍သွားသော်လည်း အညာမှ မပြတ် စပ်ကာစပ်ကာ စီး၍လာသောကြောင့် "မြစ်ရေအလျဉ်ကား ပကတိရှိ၏"ဟု ထင်ဘိသကဲ့သို့ ထို့အတူ ရုပ်,နာမ်ခန္ဓာအပေါင်းသည် မျက်စိတမှိတ်, လျှပ်တပြက်ကာလ၌ အသိန်းမက ချုပ်၍ ပျောက်လေသော်လည်း ကံ, စိတ်,ဥတု, အာဟာရတည်းဟူသော အကြောင်းတရား ၄-ပါးတို့သည် မပြတ် စပ်ကာစပ်ကာ ပြုပြင်အပ်သောကြောင့် ပကတိတည်၏-ဟု ထင်ကုန်, မှတ်ကုန်၍ "ငါကား အနှစ် ၅၀-ရှည်၏"ဟု မှတ်လည်း မှတ်ထင်ကုန်၏။ ဆိုလည်း ဆိုကုန်၏။ ထိုသူတို့ ထင်တိုင်း,ဆိုတိုင်း မဟုတ်ကုန်။ မျက်စိတမှိတ်, လျှပ်တပြက်ကာလ၌ အသိန်းမက များစွာ ဖြစ်၍,ချုပ်၍ ပျောက်လေကုန်၏။

ဥပမာတစ်နည်းလည်း ပုရွက်, ခြပုန်းတို့သည် စပ်၍ သွားကုန်သည်ရှိသော် အနီး၌ ရပ်၍ ကြည့်ရှုသောသူအား ဤပုရွက်သည် ဤနေရာ၌ပင် ရှိနေသကဲ့သို့ ထင်ကုန်၏။ ထိုသူ ထင်တိုင်းကား မဟုတ်၊ ကြည့်ရင်းနေရာ၌ မရှိသည်သာတည်း။

သဲသောင်ပြင်ကို မြင်သောသူသည် များသည်, ကြီးသည်-ဟု ထင်၏။ ထိုသူ ထင်တိုင်း မဟုတ်၊ ၁-လုံးသော သဲသည် နည်းသည်,ငယ်သည်သာတည်း။ ထို့အတူ ဤရုပ်, နာမ်,ခန္ဓာတို့၏ သဘောသည်လည်း အလွန်သိမ်မွေ့သည်ဖြစ်၍ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, အဘိညာဉ်တို့ဖြင့်သာ မြင်ခြင်းငှာ တတ်ကောင်း၏။ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, အဘိညာဉ် ကင်းသောသူတို့အား မြင်ခြင်းငှာ မတတ်ကောင်း။ မြင်စိမ့်သောငှာ အားထုတ်ပါသော်လည်း သန္တတိတရား ဖုံးလွှမ်းသည်ဖြစ်၍ မြင်ခြင်းငှာ မစွမ်းနိုင်သည်-ဟု မှတ်အပ်၏။

**ဒုက္ခသဘောကို ဣရိယာပုထ် ဖုံးလွှမ်းသောကြောင့် မထင်နိုင်လေသည်။** အဘယ်သို့ ဣရိယာပုထ် ဖုံးလွှမ်းသနည်းဟူမူကား ၁-ခုသော ထောင်တန်း၌ ၄-ယောက်သောသူတို့ သည် လဲလှယ်၍ တလှည့်စီခံရသဖြင့် သက်သာရာကို ရ၍ ထောင်တန်း၌ ခံနေရသော ဒုက္ခကို မသိနိုင်သကဲ့သို့ ထို့အတူ သတ္တဝါတို့သည်လည်း သွားရခြင်းကြောင့်ဖြစ်သော ဒုက္ခကို ရပ်၍ ဖျောက်ကုန်၏။ ရပ်ခြင်းကြောင့်ဖြစ်သော ဒုက္ခကို ထိုင်၍ ဖျောက်ကုန်၏။ ထိုင်ခြင်း ကြောင့်ဖြစ်သော ဒုက္ခကို အိပ်၍ ဖျောက်ကုန်၏။ ဤသို့ ဣရိယာပုထ် ၄-ပါးတို့ဖြင့် ဖျောက်၍ ဖျောက်၍ အတ္တဘောကို ဆောင်ရသောကြောင့် ဤအတ္တဘော၏ ဒုက္ခကို ဟုတ်မှန်တိုင်း မသိနိုင် ရှိလေကုန်သည်။

**အနတ္တသဘောကို ဃနတရား ဖုံးလွှမ်းသောကြောင့် မထင်မြင်နိုင်လေသည်။** ဃန တရား အဘယ်သို့ ဖုံးလွှမ်းလေသနည်းဟူမူကား မုန့်မုန့်ညက်ညက်ဖြစ်၍ အလွန်သိမ်မွေ့ သော ရုပ်တရား, နာမ်တရားတို့သည် များစွာသော သဲအပေါင်းတို့သည် တခဲနက်စုဝေး၍ တည်ဘိသကဲ့သို့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ၊ ဤအကြောင်းတရား ၄-ပါးတို့သည်လည်း ကောင်း၊ ကံ, စိတ်, ဥတု, အာဟာရ၊ ဤအကြောင်းတရား ၄-ပါးတို့သည်လည်းကောင်း ပြုပြင်အပ်ကုန်သည်ဖြစ်၍ တခဲနက်ကဲ့သို့ တည်လေကုန်သည်။ ရုပ်တရား, နာမ်တရားတို့မူ ကား တခဲနက်မဟုတ်၊ မုန့်မုန့်ညက်ညက် အစိတ်အစိတ်သာ ဖြစ်ကုန်၏။

ဤသို့လျှင် များလှစွာသော အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောရှိသော ဤရုပ်,နာမ်ခန္ဓာတို့ကို သန္တတိတရား, ဣရိယာပထတရား, ဃနတရား ဖုံးလွှမ်းသောကြောင့် သာလျှင် ငါတို့ကား မထင်နိုင်, မမြင်နိုင် ရှိလေကုန်သည်။

ဤရုပ်,နာမ်ခန္ဓာတို့၏ အပြစ်-ဟု ဆိုအပ်သော အာဒီနဝကိုကား ဘုရား ၁-ဆူသည် အာယုကပ်ပတ်လုံး အသက် ၁၀၀-နေ၍ ဟောပြောသော်လည်း ကုန်နိုင်ဖွယ်ရာသော သဘောမရှိ-ဟု အသိပညာဖြင့် အသင့်ဆင်ခြင်၍ ဤခန္ဓာ,နာမ်ရုပ်တို့၏ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာရေးတို့ကို သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်ဉာဏ်, ဘယဉာဏ်,

အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြစ်သည်တိုင်အောင် ပွါးများအားထုတ် ဆင်ခြင်ကုန်ရာသည်။ ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ်ဖြစ်သည်။ (မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ ၁၂-သစ္စသံယုတ်၊ ၅-ပပါတဝဂ်၊ ၁-လောကစိန္တာသုတ်။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ၁-နကုလပိတုဝဂ်၊ ၉-ကာလတ္တယအနိစ္စသုတ်။ ဝိသုဒ္ဓိမဂ်အဓိပ္ပါယ်။)

★★★★★★★

## [ ၈ ] ခန္ဓာ ၅-ပါး၌ ဝိပဿနာရှုနည်းတရား

အလုံးစုံသောတရားအပေါင်းတို့ကို သိမြင်တော်မူပြီးသော ဘုရားသခင်သည် ဟောကြားတော်မူအပ်သော ဒေသနာတော်မြတ်သည် သုတ္တန်,ဝိနည်း, အဘိဓမ္မာ-ဟူ၍ ၃-ပါး အပြားရှိ၏။ ထို ၃-ပါးတို့တွင် သုတ္တန်နည်းအားဖြင့် ဟောကြားတော်မူလိုသည်ဖြစ်၍-

**ရူပံ ဘိက္ခဝေ အနိစ္စံ၊ ဝေဒနာ အနိစ္စာ၊ သညာ အနိစ္စာ၊ သင်္ခါရာ အနိစ္စာ၊ ဝိညာဏံ အနိစ္စံ။ ရူပံ ဘိက္ခဝေ ဒုက္ခံ၊ ဝေဒနာ ဒုက္ခာ၊ သညာ ဒုက္ခာ၊ သင်္ခါရာ ဒုက္ခာ၊ ဝိညာဏံ ဒုက္ခံ။ ရူပံ ဘိက္ခဝေ အနတ္တာ၊ ဝေဒနာ အနတ္တာ၊ သညာ အနတ္တာ၊ သင်္ခါရာ အနတ္တာ၊ ဝိညာဏံ အနတ္တာ။ ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ "ဝိမုတ္တ"မိတိ ဉာဏံ ဟောတိ၊ "ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာ"တိ ပဇာနာတိ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (သံ၊၂။၁၈-၁၉)

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရူပက္ခန္ဓာသည်။ အနိစ္စံ၊ အမြဲမရှိ။ ဝေဒနာ၊ ဝေဒနာက္ခန္ဓာသည်။ အနိစ္စာ၊ အမြဲမရှိ၊ သညာ၊ သညာက္ခန္ဓာသည်။ အနိစ္စာ၊ အမြဲမရှိ၊ သင်္ခါရာ၊ သင်္ခါရက္ခန္ဓာတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာသည်။ အနိစ္စံ၊ အမြဲမရှိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရူပက္ခန္ဓာသည်။ ဒုက္ခံ၊ ဆင်းရဲ၏။ ဝေဒနာ၊ ဝေဒနာက္ခန္ဓာသည်။ ဒုက္ခာ၊ ဆင်းရဲ၏။ သညာ၊ သညာက္ခန္ဓာသည်။ ဒုက္ခာ၊ ဆင်းရဲ၏။ သင်္ခါရာ၊ သင်္ခါရက္ခန္ဓာတို့သည်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာသည်။ ဒုက္ခံ၊ ဆင်းရဲ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရူပက္ခန္ဓာသည်။ အနတ္တာ၊ ကိုယ်-မဟုတ်။ ဝေဒနာ၊ ဝေဒနာက္ခန္ဓာသည်။ အနတ္တာ၊ ကိုယ်မဟုတ်။ သညာ၊ သညာက္ခန္ဓာသည်။ အနတ္တာ၊ ကိုယ်

မဟုတ်။ သင်္ခါရာ၊ သင်္ခါရက္ခန္ဓာတို့သည်။ အနတ္တာ၊ ကိုယ်မဟုတ်ကုန်။ ဝိညာဏံ၊ ဝိညာ-ဏက္ခန္ဓာသည်။ အနတ္တာ၊ ကိုယ်မဟုတ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့။ ပဿံ ပဿန္တော၊ မြင်သော။ သုတဝါ၊ ပရိယတ္တိ အဓိဂမ၌ သုတရှိသော။ အရိယသာဝကော၊ အရိယာ၏ တပည့်သည်။ ရူပသ္မိမ္ပိ၊ ရူပက္ခန္ဓာ၌ လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ၏ ။ပ။

ဝိညာဏသ္မိမ္ပိ၊ ဝိညာဏက္ခန္ဓာ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ၏။ နိဗ္ဗိန္ဒံ နိဗ္ဗိန္ဒန္တော၊ ငြီးငွေ သောသူသည်။ ဝိရဇ္ဇတိ၊ မင်္ဂကို ရ၏။ ဝိရာဂါ၊ မင်္ဂကို ရခြင်းကြောင့်။ ဝိမုစ္စတိ၊ ဖိုလ်ကို ရ၏။ ဝိမုတ္တသ္မိံ၊ ဖိုလ်ဉာဏ်၌။ ဝိမုတ္တမိတိ၊ ဖိုလ်,ဖိုလ်-ဟူ၍။ ဉာဏံ၊ ပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။

မေ၊ ငါ့အား။ ဇာတိ၊ ပဋိသန္ဓေနေခြင်းသည်။ ခီဏာ၊ ကုန်ပြီ။ ဗြဟ္မစရိယံ၊ အရိယမင်္ဂ တည်းဟူသော မြတ်သော အကျင့်သီတင်းကို။ ဝုသိတံ၊ သုံးအပ်ပြီ။ ကရဏီယံ၊ ပြုအပ်သော မင်္ဂကိစ္စကို။ ကတံ၊ ပြုအပ်ပြီ။ အပရံ၊ တဖန်။ ဣတ္ထတ္တာယ၊ သောဠသဝိဓကိစ္စဘာဝါယ၊ ၁၆-ပါးသော မင်္ဂကိစ္စအကျိုးငှာ။ မဂ္ဂဘာဝနာကိစ္စံ၊ မင်္ဂကို ပွါးစေခြင်းကိစ္စသည်။ နတ္ထိ၊ မရှိပြီ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။

အဓိပ္ပါယ်ကား ငါ၏ချစ်သား ရဟန်းများတို့ ဘူတရုပ်၊ ဥပါဒါရုပ်အားဖြင့် ပြားသော ၂၈-ပါးသော ရုပ်-ဟု ဆိုအပ်သော ရူပက္ခန္ဓာသည် ဥပါဒ်,ဋ္ဌီ,ဘင်အားဖြင့် မမြဲသည်ဖြစ်၍ အနိစ္စမည်၏။

ဥပါဒ်,ဋ္ဌီ,ဘင်-ဟူသော ဇာတိဘေး, ဇရာဘေး, ဗျာဓိဘေး, မရဏဘေး-ဟု ဆိုအပ်သော ဘေး ၄-ပါးတို့ဖြင့် မပြတ် စပ်ကာစပ်ကာ နှိပ်စက်အပ်သည်၏အဖြစ်ကြောင့် ဆင်းရဲသည်ဖြစ်၍ ဒုက္ခမည်၏။

ရိတ္တ, တုစ္ဆ, သုညသဘောရှိကုန်သည်၏အဖြစ်ကြောင့် အစိုးမရ, ကိုယ်မဟုတ်သည် ဖြစ်၍ အနတ္တမည်၏။

ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည် ဥပါဒ်,ဋ္ဌီ,ဘင် အားဖြင့် မမြဲသည်ဖြစ်၍ အနိစ္စ မည်ကုန်၏။

ဥပါဒ်,ဋ္ဌီ,ဘင်-ဟူသော ဇာတိဘေး, ဇရာဘေး, ဗျာဓိဘေး, မရဏဘေးတို့သည် မပြတ် စပ်ကာစပ်ကာ နှိပ်စက်အပ်သည်၏အဖြစ်ကြောင့် ဆင်းရဲသည်ဖြစ်၍ ဒုက္ခမည်ကုန်၏။

အနှစ်သာရမှ ဆိတ်သည်ဖြစ်၍ ရိတ္တ,တုစ္ဆ,သုညသဘောရှိသည်၏ အဖြစ်ကြောင့် အစိုးမရ၊ ကိုယ်မဟုတ်သည်ဖြစ်၍ အနတ္တ မည်ကုန်၏။

ငါ၏ချစ်သား ရဟန်းများတို့၊ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ခန္ဓာ ၅-ပါးတရား အစုတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ-ဟု 'နုသော-တရုဏဝိပဿနာဉာဏ်'ဖြင့် မြင်သောသူသည် ဘင်္ဂဉာဏ်မှစ၍ သင်္ခါရုပေက္ခာဉာဏ်ကိုင်အောင်သော 'ရင့်သော-ဝိပဿနာဉာဏ်'တို့ဖြင့် ခန္ဓာ ၅-ပါးတို့၌ ငြီးငွေ့၏။ ယထာဘူတ-မည်သော တရုဏဝိပဿနာဉာဏ်ဖြင့် ခန္ဓာကို မြင်၍ နိဗ္ဗိန္ဒ-ဟူသော အမည်ကို ရသော ဘင်္ဂဉာဏ်မှစ၍ ရင့်သော ဝိပဿနာအဆက်ဆက် ဖြင့် ခန္ဓာ ၅-ပါးကို ငြီးငွေ့ပြီးသောသူသည် ဝိရာဂ-ဟူသော အမည်ကို ရသော မဂ်ဉာဏ်ကို ရ၏။

ဝိရာဂမည်သော မဂ်ဉာဏ်ကို ရပြီးသောသူသည် ဝိမုတ္တိ-ဟူသော ဖိုလ်ဉာဏ်ကို ရ၏။ ဝိမုတ္တိမည်သော ဖိုလ်ဉာဏ်ကို ရပြီးသောသူသည် ပယ်ပြီးသော ကိလေသာ၊ ကြွင်းသေးသော ကိလေသာ၊ မဂ်,ဖိုလ်, နိဗ္ဗာန်တို့ကို ဆင်ခြင်နိုင်သော ပစ္စဝေက္ခဏာဉာဏ်ကို ရ၏။ 'ငါ့အား ပဋိသန္ဓေနေခြင်း သဘောတရားသည် ကုန်လေပြီ။ အရိယမဂ်တည်းဟူသော မြတ်သော အကျင့်သီတင်းကို သုံးအပ်ပြီ။ ပြုအပ်သော မဂ်ကိစ္စကို ပြုရပြီ။ ၁၆-ပါးသော မဂ်ကိစ္စအကျိုးငှာ တဖန် မဂ်ကို ပွါးစေခြင်းကိစ္စသည် ငါ့အား မရှိပြီ-ဟု သိခြင်းသို့ ရောက်၏"ဟု ဟောတော်မူသည်။

ထို့ကြောင့် ဘုရားသခင် ဟောတော်မူတိုင်း တရုဏဝိပဿနာဉာဏ်မှစ၍ နိဗ္ဗိန္ဒ-ဟု ဆိုအပ်သော ရင့်သော ဝိပဿနာဉာဏ်အဆက်ဆက်ဖြင့် မဂ်,ဖိုလ်,နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ အလိုရှိကုန်သော သူတော်ကောင်းတို့သည် ခန္ဓာ ၅-ပါးတို့၌ အနိစ္စ, ဒုက္ခ, အနတ္တ, ရိတ္တ, တုစ္ဆ,သုည, ပရ, ပလောက, ဤတိ, ဥပဒ္ဒဝ-အစရှိသော မရေတွက်နိုင်သော အပြစ်တို့ကို အသင့်အားဖြင့် ရှုဆင်ခြင်၍ စီးဖြန်းပွါးများအားထုတ်ကုန်ရာသည်။

ဤသို့လျှင် အသင့်အားဖြင့် ဆင်ခြင်၍ စီးဖြန်းပွါးများစေခြင်းငှာ အနမတဂ္ဂ သံသရာ၌ များစွာ မရေတွက်နိုင်သော ဒုက္ခတို့ကို ခံစားရကုန်သော သတ္တဝါတို့အား သနားတော်မူလှသောကြောင့် ထိုခန္ဓာနာမ်,ရုပ်တို့၏ များစွာသော အပြစ်တို့ကို ပြ၍ ဘုရားသခင်သည်လည်းကောင်း၊ ဘုရားသခင်၏ တပည့်တော်ကြီးဖြစ်ကုန်သော အရှင်သာရိပုတြာ, အရှင်မဟာမောဂ္ဂလာန်-အစရှိသော အရိယာသခင်တို့သည်လည်း*(ကောင်း)* ဆုံးမတော်မူပေကုန်သည်။ ထိုသို့ ဆုံးမတော်မူပေသော ဘုရား, ရဟန္တာ, အရိယာသခင်တို့၏ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်, သာဝကပါရမီဉာဏ်တို့ကို ယုံကြည်သဖြင့်လည်း ထိုခန္ဓာ ၅-ပါးတရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တသဘောတို့ကို အဆောတလျင် ထင်မြင်စေခြင်းငှာ နေ့,ညဥ့် မစဲ အားထုတ်၍ ပွါးများကုန်ရာသည်။

ထိုသို့ စီးဖြန်းပွါးများအားထုတ်ခြင်း၌လည်း မဂ်,ဖိုလ်ကိစ္စ မပြီးသေးသောသူတို့သည်သာ အားထုတ်အပ်သည် မဟုတ်ကုန်။ အလုံးစုံသော အရိယာ, ပုထုဇဉ်တို့သည်ပင်လည်း အားထုတ်ကုန်ရာ၏။ အဘယ်ကြောင့် သိရသနည်းဟူမူကား—

တရံရောအခါ အရှင်သာရိပုတြာ မဟာထေရ်မြတ်သည်လည်းကောင်း, အရှင်မဟာကောဋ္ဌိကမထေရ်မြတ်သည်လည်းကောင်း ဗာရာဏသီပြည်ကြီးကို ဆွမ်းခံရာအမှီပြု၍ ဣသိပတန မိဂဒါဝုန်တောကျောင်း၌ သီတင်းသုံး၍ နေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ အရှင်မဟာကောဋ္ဌိကမထေရ်မြတ်သည် အရှင်သာရိပုတြာမဟာထေရ်မြတ်အား "အရှင်သာရိပုတြာ၊ သီလနှင့်ပြည့်စုံသောသူသည် အဘယ်တရားတို့ကို ပညာဖြင့် အသင့်ဆင်ခြင်၍ နှလုံးသွင်းခြင်းကို ပြုအပ်သနည်း"ဟု နားတော်လျှောက်၏။

ထိုအခါ အရှင်သာရိပုတြာမဟာထေရ်မြတ်သည် "ငါ့ရှင် ကောဋ္ဌိက၊ သီလနှင့်ပြည့်စုံသောသူသည် ဥပါဒါန်တရား ၄-ပါးတို့၏ အာရုံဖြစ်သော ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့ကို—

- အနိစ္စဖြစ်၍ မမြဲသောအားဖြင့်လည်းကောင်း၊
- ဒုက္ခဖြစ်၍ ဆင်းရဲသောအားဖြင့်လည်းကောင်း၊
- ရောဂဖြစ်၍ ကျင်နာသောအားဖြင့်လည်းကောင်း၊
- ဂဏ္ဍဖြစ်၍ ယိုစီးတတ်သော အိုင်းအမာအားဖြင့်လည်းကောင်း၊
- သလ္လဖြစ်၍ နုတ်နိုင်ခဲသော မြား, နုတ်နိုင်ခဲသော ငြောင့်အားဖြင့်လည်းကောင်း၊
- အဃဖြစ်၍ ဆင်းရဲအပေါင်းတို့၏ တည်ရာအားဖြင့်လည်းကောင်း၊
- အာဗာဓဖြစ်၍ နှိပ်စက်တတ်သော အနာအားဖြင့်လည်းကောင်း၊
- ပရဖြစ်၍ အလိုမပါ စီရင်ရာမရသည်ဖြစ်၍ သူစိမ်းပြင်ပအားဖြင့်လည်းကောင်း၊

(-အသာရကဖြစ်၍ အနှစ်သာရ မရှိသောအားဖြင့်လည်းကောင်း၊)

- ပလောကဖြစ်၍ ပျက်စီးတတ်သောအားဖြင့်လည်းကောင်း၊
- သုညဖြစ်၍ ပုဂ္ဂိုလ်သတ္တဝါမှ ဆိတ်သောအားဖြင့်လည်းကောင်း၊
- အနတ္တဖြစ်၍ အစိုးမရ၊ ကိုယ်မဟုတ်သောအားဖြင့်လည်းကောင်း

ရှုဆင်ခြင်ရာ၏"ဟု မိန့်တော်မူ၏။ (သီလဝန္တသုတ္တ၊သံ၊၂။၁၃၆)

"ဤသို့ ရှုဆင်ခြင်သောသူအား အဘယ်အကျိုးကို ရပါသနည်း"ဟု နားတော်လျှောက်၏။ "ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ယောနိသောမနသိကာရကို ဖြစ်စေ၍ ရှုဆင်ခြင်သောသူသည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရ၏"ဟု မိန့်တော်မူ၏။

"အရှင်သာရိပုတြာ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရပြီးသော သောတာပန်ပုဂ္ဂိုလ်သည် အဘယ်မည်ကုန်သော တရားတို့ကို အသင့်အားဖြင့် ဆင်ခြင်၍ နှလုံးသွင်းအပ်သနည်း"ဟု နားတော်လျှောက်၏။ "အရှင်မဟာကောဋ္ဌိက၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုပြီးသော သောတာပန်ပုဂ္ဂိုလ်သည် ဥပါဒါန်တရား ၄-ပါးတို့၏ အာရုံဖြစ်ကုန်သော ခန္ဓာ ၅-ပါးတို့ကိုပင်လျှင်—

- အနိစ္စအားဖြင့်လည်းကောင်း, - ဒုက္ခအားဖြင့်လည်းကောင်း,
- ရောဂအားဖြင့်လည်းကောင်း, - ဂဏ္ဍအားဖြင့်လည်းကောင်း,
- သလ္လအားဖြင့်လည်းကောင်း, - အဃအားဖြင့်လည်းကောင်း,
- အာဗာဓအားဖြင့်လည်းကောင်း, - ပရအားဖြင့်လည်းကောင်း,
(- အသာရကအားဖြင့်လည်းကောင်း,) - ပလောကအားဖြင့်လည်းကောင်း,
- သုညအားဖြင့်လည်းကောင်း, - အနတ္တအားဖြင့်လည်းကောင်း—

အသင့်အားဖြင့် ဆင်ခြင်အပ်၏"ဟု မိန့်တော်မူ၏။

"ဆင်ခြင်သည်ရှိသော် အဘယ်အကျိုးရှိပါအံ့နည်း"ဟု နားတော်လျှောက်၏။ "ငါ့ရှင်မဟာကောဋ္ဌိက၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဆင်ခြင်သောသူသည် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရ၏"ဟု မိန့်တော်မူ၏။

"သကဒါဂါမ်ပုဂ္ဂိုလ်သည် အဘယ်မည်သော တရားတို့ကို အသင့်အားဖြင့် ဆင်ခြင်အပ်သနည်း"ဟု နားတော်လျှောက်၏။ "သကဒါဂါမ်ပုဂ္ဂိုလ်သည်လည်း ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဥပါဒါနက္ခန္ဓာတရား ၅-ပါးတို့ကို အနိစ္စ, ဒုက္ခ, ရောဂ, ဂဏ္ဍ, သလ္လ, အနတ္တ-အစရှိသောအားဖြင့် ဆင်ခြင်အပ်၏"။

"ဆင်ခြင်သည်ရှိသော် အဘယ်အကျိုးရှိပါသနည်း"ဟု နားတော်လျှောက်၏။ "ထိုဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ယောနိသောမနသိကာရဖြစ်စေ၍ ဆင်ခြင်သော သကဒါဂါမ်ပုဂ္ဂိုလ်သည် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရ၏"။

"အနာဂါမ်ပုဂ္ဂိုလ်သည် အဘယ်တရားကို နှလုံးသွင်းအပ်, ဆင်ခြင်အပ်သနည်း"ဟု နားတော်လျှောက်၏။ "အနာဂါမိဖိုလ်ကို မျက်မှောက်ပြုပြီးသော အနာဂါမ်ပုဂ္ဂိုလ်သည်လည်း ဥပါဒါနက္ခန္ဓာတရား ၅-ပါးတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ-အစရှိသောအားဖြင့် ယောနိသောမနသိကာရကို ဖြစ်စေရာ၏"။

"ဆင်ခြင်သည်ရှိသော် အဘယ်အကျိုးကို ရပါသနည်း"ဟု နားတော်လျှောက်၏။ "ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဥပါဒါနက္ခန္ဓာတရား ၅-ပါးတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ-အစရှိသောအားဖြင့် ဆင်ခြင်သည်ရှိသော် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရ၏"ဟု မိန့်တော်မူ၏။

"အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြီးရသော ရဟန္တာပုဂ္ဂိုလ်သည် အဘယ်မည်သော တရားတို့ကို အသင့်အားဖြင့် ဆင်ခြင်အပ်သနည်း"ဟု နားတော်လျှောက်၏။ "အရဟတ္တဖိုလ်ကို ရပြီးသော ရဟန္တာကြီးသည်လည်း ဤဥပါဒါန်တရား ၄-ပါးတို့၏ အာရုံဖြစ်ကုန်သော ခန္ဓာ ၅-ပါးတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ-အစရှိသောအားဖြင့် ယောနိသောမနသိကာရကို ဖြစ်စေ၍ အသင့်အားဖြင့် ဆင်ခြင်အပ်၏"ဟု မိန့်တော်မူ၏။

ထိုအခါ အရှင်မဟာကောဋ္ဌိကမထေရ်သည် "အရှင်သာရိပုတြာ၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြီးသော ရဟန္တာပုဂ္ဂိုလ်အား အထက်၌ပြုအပ်သော မဂ်ကိစ္စရှိသေးသော ကြောင့်လည်းကောင်း, ပြုအပ်ပြီးသော မဂ်ကိစ္စ၏ တဖန်ပွါးစေခြင်းကိစ္စသည် ရှိသေးသော ကြောင့်လည်းကောင်း ခန္ဓာ ၅-ပါးတို့ကို အာရုံပြု၍ အနိစ္စ, ဒုက္ခ, အနတ္တ-အစရှိသောအားဖြင့် စီးဖြန်းပွါးများအပ်သလော"ဟု နားတော်လျှောက်၏။

ထိုအခါ အရှင်သာရိပုတြာမထေရ်မြတ်သည် "ငါ့ရှင် ကောဋ္ဌိက၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရပြီးသော ရဟန္တာပုဂ္ဂိုလ်အား အထက်၌ပြုအပ်သော မဂ်ကိစ္စသည်လည်း ကောင်း၊ ပြုအပ်သောမဂ်ကိစ္စ၏ တဖန်ဆည်းပူးခြင်း, ပွါးစေခြင်းသည်လည်းကောင်း မရှိပြီ။ ထိုသို့ မရှိသော်လည်း စင်စစ်အားဖြင့် တစ်ကြိမ်တဖန် တရံတဆစ်မျှ ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် မမြင်ဖူးသော ဤခန္ဓာ ၅-ပါးတို့ကို အာရုံပြု၍ အနိစ္စ, ဒုက္ခ, အနတ္တ အစရှိသောအားဖြင့် စီးဖြန်းပွါးများရခြင်း, အကြိမ်များစွာ အလေ့အလာပြုရခြင်းသည် မျက်မှောက်သောကိုယ်၏အဖြစ်၌ အလွန်ချမ်းသာစွာ နေရခြင်းငှာ ဖြစ်၏။ သတိ၏ ပြန့်ပြော ခြင်း, ပညာ၏ပွါးများခြင်းငှာလည်း ဖြစ်၏။ ထို့ကြောင့် **အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရပြီးသော ရဟန္တာပုဂ္ဂိုလ်တို့သည် ခန္ဓာ ၅-ပါးတို့ကို အာရုံပြု၍ အနိစ္စ, ဒုက္ခ, အနတ္တ-အစရှိသောအားဖြင့် ယောနိသောမနသိကာရကို ဖြစ်စေ၍ အဖန်တလဲလဲ သုံးသပ်ဆင်ခြင်ရာ၏**"ဟု ဟောတော်မူသည်။

ထို့ကြောင့် လောကုတ္တရာ မဂ်,ဖိုလ်,နိဗ္ဗာန်အကျိုးထူးကို အလိုရှိကုန်သော သူတော်ကောင်းတို့သည် လူလည်း လူ့အလျောက်၊ ရဟန်းလည်း ရဟန်းအလျောက် ဆောက်တည်အပ်သော သီလကို စင်ကြယ်စွာ ဆောက်တည်၍ ခန္ဓာ ၅-ပါးတို့ကို အာရုံပြု၍ အနိစ္စ,

ဒုက္ခ, အနတ္တ-အစရှိသောအားဖြင့် သုံးသပ်ဆင်ခြင်၍ ဝိပဿနာဉာဏ်အဆက်ဆက်ဖြင့် မဂ်,ဖိုလ်တိုင်အောင် အားထုတ်ကုန်ရာသည်။

## ၁။ ဝိသုဒ္ဓိ ၇-ပါး

(၁) ထိုသို့ အားထုတ်ကုန်သောသူတို့၏ တရားအစဉ်၌ စင်ကြယ်စွာ ဆောက်တည်အပ်သော သီလသည် သီလဝိသုဒ္ဓိ မည်၏။

(၂) သီလနှင့်ပြည့်စုံသောသူသည် ရုပ်,နာမ်ခန္ဓာတို့ကို "ဤသည်ကား ရုပ်၊ ဤသည်ကား နာမ်"ဟု ဆုံးဖြတ်ပိုင်းခြား၍ အဖန်တလဲလဲ ဆင်ခြင်သည်ရှိသော် နီဝရဏကင်းသည်မှစ၍ အကြင်မျှလောက်သော ကာလပတ်လုံး နာမ်,ရုပ်တို့ကို ပိုင်းခြား၍ မမြင်သေး။ ထိုမျှလောက်သော ကာလပတ်လုံး ဥပစာရသမာဓိကို ရသည် မည်၏။ ထိုဥပစာရသမာဓိသည် စိတ္တဝိသုဒ္ဓိ မည်၏။

(၃) အကြင်အခါ၌ နာမ်,ရုပ်တို့ကိုလည်းကောင်း၊ ထိုနာမ်,ရုပ်တို့၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကိုလည်းကောင်း ပိုင်းခြား၍ မြင်၏။ ထိုသို့ မြင်ခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။

(၄) ထိုနာမ်,ရုပ်တို့၏အကြောင်းကို သိမ်းဆည်းခြင်းသည်လည်းကောင်း, ပိုင်းခြား၍ မြင်ခြင်းသည်လည်းကောင်း ကင်္ခါဝိတရဏဝိသုဒ္ဓိ မည်၏။

(၅) ထို့နောင်မှ အကြောင်းနှင့်တကွဖြစ်သော နာမ်,ရုပ်တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ တည်းဟူသော လက္ခဏာရေးသို့ တင်၍ သုံးသပ်ဖန်များသဖြင့် ဥပါဒ်,ဌီ,ဘင်ကို မြင်နိုင်သော ဥဒယဗ္ဗယဉာဏ်ဖြစ်သောသူအား ထိုဝိပဿနာဉာဏ်ကြောင့်ဖြစ်သော–

၁။ ဝိပဿနာဉာဏ်၏ အရောင်တည်းဟူသော ဩဘာသ,

၂။ နှစ်သက်ခြင်းတည်းဟူသော ပီတိ ၅-ပါး,

၃။ အလွန် ကိုယ်,စိတ်၏ ငြိမ်သက်ခြင်းတည်းဟူသော ပဿဒ္ဓိ ၂-ပါး,

၄။ ဗလဝဖြစ်၍ အားကြီးသော သဒ္ဓိန္ဒြေ,

၅။ သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယသမ္ဗောဇ္ဈင်,

၆။ အလွန်ချမ်းသာခြင်းတည်းဟူသော ဝိပဿနာဉာဏ်ကြောင့်ဖြစ်သော သုခ,

၇။ သိကြားမင်း၏ ဝရဇိန်လက်နက်နှင့်တူသော အလွန်ထက်သော ဝိပဿနာဉာဏ်,

*(၈။ ကမ္မဋ္ဌာန်းအာရုံထဲ၌ စွဲမြဲစွာတည်သော သတိ-ဟု ဆိုအပ်သော ဥပဋ္ဌာန,)*

၉။ သတိပဋ္ဌာန်ကိစ္စတပ်သော အလွန်ထင်သော ဝိပဿနာဉာဏ်နှင့်တကွဖြစ်သော တတြမဇ္ဈတ္တုပေက္ခာတည်းဟူသော တရား ၉-ပါး၊

၁၀။ ထို ၉-ပါးသော တရားတို့၌ တပ်တတ်သော အလွန်သိမ်မွေ့သော တဏှာ—

အားဖြင့် ၁၀-ပါးသော ဝိပဿနာဉာဏ်၏ ညစ်ညူးကြောင်း ဘေးရန်တို့ကို သိမ်းဆည်းခြင်း၏အစွမ်းအားဖြင့် အကြောင်းဟုတ်သည်, မဟုတ်သည်ကို မှတ်ခြင်း, ဆုံးဖြတ်ခြင်းသည် **မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ** မည်၏။　(အဘိဓမ္မဋ္ဌသင်္ဂဟ၊၆၄။ ဋီကာကျော်။၂၇၁)

(၆) ဤ ၁၀-ပါးသော အဆီးအတားဘေးရန်မှ ကင်းလွတ်သည်ဖြစ်၍ ဥဒယဗ္ဗယဉာဏ်ဖြစ်သည်မှစ၍ အနုလောမတိုင်အောင် ၉-ပါးသော ဉာဏ်အဆက်ဆက်ဖြင့် ကြည့်သောသူ၏ ဝိပဿနာဉာဏ် ၉-ပါးသည် **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ** မည်၏။

(၇) ထိုသို့ ကြည့်သောသူအား ဝိပဿနာဉာဏ်၏ ရင့်ခြင်းကို စွဲ၍ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ် ၂-ကြိမ်လည်းကောင်း၊ ၃-ကြိမ်လည်းကောင်း ဖြစ်၏။ ထို့နောင် ပစ္စဝေက္ခဏာ တိဟိတ်ဘဝင် ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ထို့နောင် သကဒါဂါမိမဂ္ဂဝီထိ, အနာဂါမိမဂ္ဂဝီထိ, အရဟတ္တမဂ္ဂဝီထိတို့သည် ဖြစ်ထိုက်သည်အားလျော်စွာ ဖြစ်ကုန်၏။ ဤသို့ အစဉ်အတိုင်းဖြစ်သော အရိယာမဂ်စိတ် ၄-ပါးနှင့်ယှဉ်သော အရိယာမဂ်ဉာဏ် ၄-ပါးသည် **ဉာဏဒဿနဝိသုဒ္ဓိ** မည်၏။

ထိုဝိသုဒ္ဓိ ၇-ပါးသည် ရထား ၇-ဆူနှင့် တူ၏။ အဘယ်သို့ တူသနည်းဟူမူကား—

၁-ခုသော ပြည်နှင့် ၁-ခုသော ပြည်၏အကြား ၇-ယူဇနာ ခရီးကွာဝေးသော ၂-ပြည်ထောင်တို့ကို အစိုးရသော ပြည်ထဲသနင်း မင်းဧကရာဇ်သည် တပြည်မှသည် တပြည်သို့ သွားလို၍ ခရီးအကြား ၁-ယူဇနာ, ၁-ယူဇနာအရပ်၌ ၇-ဆူသော ရထားတို့ကို ခလင့်စေ၍ ပထမရထားဖြင့် နေမြဲပြည်တော်မှ သွားလေ၏။ ၁-ယူဇနာလွန်လျှင် ပထမရထားကို စွန့်၍ ဒုတိယရထားဖြင့် သွားပြန်လေ၏။ ဤနည်းအတူ နောက် ၁-ယူဇနာလွန်တိုင်း ၁-ဆူ, ၁-ဆူသော ရထားဖြင့် ရှေးရှုသွားအပ်သော် ပြည်တော်သို့ ရောက်၏။ ပထမရထားသည် ဒုတိယရထားတိုင်ရုံသာ အကျိုးရှိ၏။ ဒုတိယရထားသည် တတိယရထားတိုင်ရုံသာ အကျိုးရှိ၏။ အစဉ်အတိုင်း တတိယ, စတုတ္ထ, ပဉ္စမ, ဆဋ္ဌရထားသည် သတ္တမရထားတိုင်ရုံသာ အကျိုးရှိ၏။ သတ္တမရထားဖြင့် ရှေးရှုသွားအပ်သော် ရွှေနန်းတော်သို့ ရောက်လေ၏။

ထို့အတူ—

- သီလဝိသုဒ္ဓိသည် စိတ္တဝိသုဒ္ဓိအား အကျိုးရှိ၏။
- စိတ္တဝိသုဒ္ဓိသည် ဒိဋ္ဌိဝိသုဒ္ဓိအား အကျိုးရှိ၏။
- ဒိဋ္ဌိဝိသုဒ္ဓိသည် ကင်္ခါဝိတရဏဝိသုဒ္ဓိအား အကျိုးရှိ၏။
- ကင်္ခါဝိတရဏဝိသုဒ္ဓိသည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိအား အကျိုးရှိ၏။
- မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိသည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိအား အကျိုးရှိ၏။
- ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည် ဉာဏဒဿနဝိသုဒ္ဓိအား အကျိုးရှိ၏။
- ဉာဏဒဿနဝိသုဒ္ဓိသည် အနုပါဒိသေသနိဗ္ဗာနဓာတ်အား အကျိုးရှိ၏။

ဤဥပမာ,ဥပမေယျစကားအစဉ်၌—

- ဝိသုဒ္ဓိ ၇-ပါးသည် ရထား ၇-ဆူနှင့် တူ၏။
- ဝိပဿနာဉာဏ်အဆက်ဆက်ဖြင့် ကျင့်သောသူသည် ပြည်ထဲသနင်း မင်းကောရာဇ်နှင့် တူ၏။
- အနုပါဒိသေသနိဗ္ဗာနဓာတ်သည် ရှေးရှုသွားအပ်သော မင်းနေပြည် ရွှေနန်းတော်နှင့် တူ၏။

ဤသို့လျှင် ဝိသုဒ္ဓိ ၇-ပါးအဆက်ဆက်ဖြင့် အနုပါဒိသေသနိဗ္ဗာနဓာတ်သို့ ရောက်၍ အလုံးစုံသော ဒုက္ခခပ်သိမ်းကို ငြိမ်းပါလေစေ-ဟူသော မဟာကရုဏာအားကြီးတော်မူသော ဘုရားသခင်သည် "ရုပ်,နာမ်,ခန္ဓာတရားတို့ကို အနိစ္စ,ဒုက္ခ, အနတ္တ-ဟု ကြိမ်ဖန်များစွာ ရှုကြ,ဆင်ခြင်လေ့ရှိကြစေကုန်"ဟု တိုက်တွန်းတော်မူလိုသည်ဖြစ်၍—

> **ရူပံ ဘိက္ခဝေ အနိစ္စံ၊ ဝေဒနာ အနိစ္စာ၊ သညာ အနိစ္စာ၊ သင်္ခါရာ အနိစ္စာ၊ ဝိညာဏံ အနိစ္စံ။ ရူပံ ဘိက္ခဝေ ဒုက္ခံ၊ ဝေဒနာ ဒုက္ခာ၊ သညာ ဒုက္ခာ၊ သင်္ခါရာ ဒုက္ခာ၊ ဝိညာဏံ ဒုက္ခံ။ ရူပံ ဘိက္ခဝေ အနတ္တာ၊ ဝေဒနာ အနတ္တာ၊ သညာ အနတ္တာ၊ သင်္ခါရာ အနတ္တာ၊ ဝိညာဏံ အနတ္တာ။** (သံ၊၂။၁၈၊၁၉)

ဟု ဟောတော်မူသည်။ ဤသို့ ဟောတော်မူသော ဒေသနာတော်သည် သုတ္တန်ဒေသနာတော် မြတ် ဖြစ်သည်။ (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ၂-အနိစ္စဝဂ်၊ ၁-အနိစ္စသုတ်-စသည် ၁၈-၁၉-နှင့် သီလဝန္တသုတ်၊ ၁၃၆)

★★★★★★★

## [၉] သစ္စာ ၄-ပါးတရားကို ထိုးထွင်း၍ သိနိုင်ခဲခြင်းတရား

အနုတ္တရ ဓမ္မရာဇာ သမ္မာသမ္ဗုဒ္ဓ လောကတို့၏အဓိပတိ မုနိပုင်္ဂဝ အတုလအစစ် ဖြစ်တော်မူသော ဘုရားသခင်သည် တရံရောအခါ ဝေသာလီပြည်ကြီးကို ဆွမ်းခံရာအမှီ ပြု၍ **မဟာဝုန်တောကြီး**၌ စုလစ်မွန်းချွန်တပ်သော ဇရပ်ကျောင်း၌ သီတင်းသုံး၍ နေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ **အရှင်အာနန္ဒာ**သည် နံနက်အခါ၌ ဝေသာလီပြည်သို့ ဆွမ်းခံဝင်သည်ရှိသော် များစွာကုန်သော လိစ္ဆဝီမင်းသားငယ်တို့သည် မင်းကွန်းဇရပ်၌ နေကုန်၍ ဝေးသောအရပ်မှသာလျှင် သိမ်မွေ့ကျဉ်းမြောင်းသော သံကောက်ပေါက်ဖြင့် မြားကို ပစ်၍ မချွတ်မယွင်း အဆင့်ဆင့်ကျစေသည်ကို မြင်လေ၏။ မြင်ပြီး၍ အရှင်အာနန္ဒာ အား ဤသို့သောအကြံသည် ဖြစ်၏။ အဘယ်သို့ ဖြစ်သနည်းဟူမူကား—

"ဤလိစ္ဆဝီမင်းသားငယ်တို့ကား လေးပစ်အတတ်၌ တတ်ပေကုန်စွတကား။ အကြင် လိစ္ဆဝီမင်းသားငယ်တို့သည် အဝေးမှလျှင် သိမ်မွေ့ကျဉ်းမြောင်းသော သံကောက်ပေါက်ဖြင့် မြားကို အဆင့်ဆင့် မချွတ်မယွင်းကျအောင် ပစ်နိုင်ပေကုန်၏တကား"ဟု အကြံဖြစ်လေ၏။ ထိုသို့ အကြံဖြစ်ပြီးနောက် အရှင်အာနန္ဒာသည် ဆွမ်းခံပြီး၍ ဆွမ်းခံရွာမှ ဖဲခဲ့ပြီးသော် သဗ္ဗညုဘုရားသခင်အထံတော်သို့ ချဉ်းကပ်လေ၍ ထိုအလုံးစုံသောအကြောင်းတို့ကို ဘုရား သခင်အား လျှောက်ထားလေ၏။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် "ငါ၏ချစ်သား ညီတော်အာနန္ဒာ၊ အကြင် တစ်စုံတစ်ယောက်သောသူသည် ဝေးသောအရပ်မှ သိမ်မွေ့ကျဉ်းမြောင်းသော သံကောက် ပေါက်ဖြင့် မြားကို မချွတ်မယွင်းရအောင် ပစ်လေရာ၏။ အကြင်တစ်စုံတစ်ယောက်သောသူ သည် အစိတ် ၁၀၀-စိတ်လေပြီးသော သားမြီးမျှင်ဖြင့် အစွန်းတစ်ခုဖြင့် အစွန်းတစ်ခုကို ထိုးလေရာ၏။ ထို ၂-ယောက်သောသူတို့တွင် အဘယ်သူသည် ခဲယဉ်းသနည်း"ဟု မေး တော်မူ၏။ "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ အစိတ် ၁၀၀-စိတ် လေပြီးသော သားမြီးမျှင်ဖြင့် အစွန်းတစ်ခုဖြင့် အစွန်းတစ်ခုကို မချွတ်မယွင်း ထိုးခြင်းသည် သာလျှင် ခဲယဉ်းလှပါ၏"ဟု နားတော်လျှောက်၏။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် "ငါ၏ချစ်သား ညီတော်အာနန္ဒာ၊ ဤအစိတ် ၁၀၀-စိတ်လေပြီးသော သားမြီးမျှင်ဖြင့် အစွန်းတစ်ခုဖြင့် အစွန်းတစ်ခုကို မချွတ်မယွင်း ထိုးမိသည်ထက် ဆတက်ထောင်,ရာ သာလွန်၍ အကြင်သူတို့သည် 'ဤတရားသည်ကား ဒုက္ခသစ္စာ'-ဟု ဟုတ်မှန်တိုင်း ထိုးထွင်း၍ သိကုန်၏။ 'ဤတရားသည်ကား သမုဒယသစ္စာ

တည်း'-ဟု ဟုတ်မှန်တိုင်း ထိုးထွင်း၍ သိကုန်၏။ 'ဤတရားသည်ကား နိရောဓသစ္စာတည်း'ဟု ဟုတ်မှန်တိုင်း ထိုးထွင်း၍ သိကုန်၏။ 'ဤတရားသည်ကား မဂ္ဂသစ္စာတည်း'ဟု ဟုတ်မှန်တိုင်း ထိုးထွင်း၍ သိကုန်၏။ ထိုသူတို့သည် အလွန်သိနိုင်ခဲသော တရားတို့ကို ထိုးထွင်း၍ သိကုန်၏"ဟု ဟောကြားတော်မူလိုသည်ဖြစ်၍ –

**အထ ခေါ တေ အာနန္ဒ ဒုပ္ပဋိဝိဇ္ဈတရံ ပဋိဝိဇ္ဈန္တိ၊ ယေ 'ဣဒံ ဒုက္ခ'န္တိ ယထာဘူတံ ပဋိဝိဇ္ဈန္တိ၊ 'အယံ ဒုက္ခသမုဒယော'တိ ယထာဘူတံ ပဋိဝိဇ္ဈန္တိ၊ 'အယံ ဒုက္ခနိရောဓော'တိ ယထာဘူတံ ပဋိဝိဇ္ဈန္တိ။ 'အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ'တိ ယထာဘူတံ ပဋိဝိဇ္ဈန္တိ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (သံ၊၃။၃၉၆)

အာနန္ဒ၊ ချစ်သား အာနန္ဒာ။ အထ ခေါ၊ စင်စစ်သော်ကား။ ယေ၊ အကြင်သူတို့သည်။ ဣဒံ၊ ဤတရားသည်ကား။ ဒုက္ခံ၊ ဒုက္ခသစ္စာတည်း။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်မှန်သည်အတိုင်း။ ပဋိဝိဇ္ဈန္တိ၊ ထိုးထွင်း၍ သိကုန်၏။ အယံ၊ ဤတရားသည်ကား။ ဒုက္ခသမုဒယော၊ ဒုက္ခ၏အကြောင်းဖြစ်သော သမုဒယသစ္စာတည်း။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်မှန်သည်အတိုင်း။ ပဋိဝိဇ္ဈန္တိ၊ ထိုးထွင်း၍ သိကုန်၏။ အယံ၊ ဤတရားသည်ကား။ ဒုက္ခနိရောဓော၊ ဒုက္ခသစ္စာ, သမုဒယသစ္စာတို့၏ ချုပ်ရာဖြစ်သော နိရောဓသစ္စာတည်း။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်မှန်သည်အတိုင်း။ ပဋိဝိဇ္ဈန္တိ၊ ထိုးထွင်း၍ သိကုန်၏။ အယံ၊ ဤတရားသည်ကား။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော မဂ္ဂသစ္စာတည်း။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်မှန်သည်အတိုင်း။ ပဋိဝိဇ္ဈန္တိ၊ ထိုးထွင်း၍ သိကုန်၏။ တေ၊ ထိုသူတို့သည်။ ဒုပ္ပဋိဝိဇ္ဈတရံ၊ ထိုးထွင်း၍ သိနိုင်ခဲသော တရားကို။ ပဋိဝိဇ္ဈန္တိ၊ ထိုးထွင်း၍ သိကုန်၏။

ဤသို့လျှင် အလွန်သိနိုင်ခဲသည်၏အဖြစ်ကြောင့် "သိအောင် အားထုတ်ကြကုန်"ဟု တိုက်တွန်းတော်မူလိုသည်ဖြစ်၍ –

**တသ္မာတိ'ဟာ'နန္ဒ 'ဣဒံ ဒုက္ခ'န္တိ ယောဂေါ ကရဏီယော၊ 'အယံ ဒုက္ခသမုဒယော'တိ ယောဂေါ ကရဏီယော။ 'အယံ ဒုက္ခနိရောဓော'တိ ယောဂေါ ကရဏီယော။ 'အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ'တိ ယောဂေါ ကရဏီယော။** (သံ၊၃။၃၉၆)

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

အာနန္ဒ၊ အာနန္ဒာ။ တသ္မာ၊ ထို့ကြောင့်။ ဣဟ၊ ဤသာသနာတော်၌။ တုမှေဟိ၊ သင်တို့သည်။ ဣဒံ၊ ဤတရားသည်ကား။ ဒုက္ခံ၊ ဒုက္ခသစ္စာတည်း။ ဣတိ၊ ဤသို့။ ယောဂေါ၊ သိအောင် အားထုတ်ခြင်းကို။ ကရဏီယော ကာတဗ္ဗော၊ ပြုအပ်၏။ အယံ၊ ဤတရားသည်

ကား။ ဒုက္ခသမုဒယော၊ ဒုက္ခအကြောင်းဖြစ်သော သမုဒယသစ္စာတည်း။ က္ကတိ၊ ဤသို့။ ယောဂေါ၊ သိအောင် အားထုတ်ခြင်းကို။ ကရဏီယော ကာတဗ္ဗော၊ ပြုအပ်၏။ အယံ၊ ဤတရားသည်ကား။ ဒုက္ခနိရောဓော၊ ဒုက္ခ,သမုဒယသစ္စာ ၂-ပါးတို့၏ ချုပ်ရာဖြစ်သော နိရောဓသစ္စာတည်း။ က္ကတိ၊ ဤသို့။ ယောဂေါ၊ သိအောင် အားထုတ်ခြင်းကို။ ကရဏီယော ကာတဗ္ဗော၊ ပြုအပ်၏။ အယံ၊ ဤတရားသည်ကား။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော မဂ္ဂသစ္စာတည်း။ က္ကတိ၊ ဤသို့။ ယောဂေါ၊ သိအောင် အားထုတ်ခြင်းကို။ ကရဏီယော ကာတဗ္ဗော၊ ပြုအပ်၏။

ဤသို့ အလွန်သိနိုင်ခဲသော သစ္စာ ၄-ပါးတရားတို့ကို သိအောင် အားထုတ်ကြကုန်-ဟု တိုက်တွန်းတော်မူပြီး၍ ဥပမာတစ်နည်းဖြင့် ပြတော်မူလိုသည်ဖြစ်၍—

**အတ္ထိ ဘိက္ခဝေ လောကန္တရိကာ အဃာ အသံဝုတာ အန္ဓကာရာ အန္ဓကာရတိမိသာ။**

အစရှိသော ဒေသနာတော်ဖြင့် "ငါ၏ချစ်သားတို့၊ တခဲနက်သော အပိတ်အပင် မရှိသော အမိုက်အတိသာဖြစ်သော အမိုက်မှောင်တို့ဖြင့် ဖုံးလွှမ်းအပ်သော ၃-ခု, ၄-ခုသော စကြဝဠာတို့၏အကြား၌ ယူဇနာ ၈,၀၀၀-ခြားသော လောကန္တရိက်ငရဲသည် ရှိ၏။ အကြင် လောက-န္တရိက်ငရဲ၌ ဤသို့ကြီးသော တန်ခိုးအာနုဘော်ရှိကုန်သော လ,နေတို့၏အရောင်ဖြင့် တောက်ပထွန်းလင်းခြင်းသည် မရှိကုန်သည်ဖြစ်၍ အလွန်လျှင် မိုက်၏။ ထိုလောကန္တရိက် ငရဲ၌ဖြစ်သော အမိုက်မှောင်၏အတွင်း၌ ကျသော သတ္တဝါတို့ထက် ဆတက်ထောင်,ရာမက အကြင်သူတို့သည် သစ္စာ ၄-ပါးတရားတို့ကို မသိကုန်၊ ထိုသူတို့၏ အမိုက်မှောင်ကား အလွန်လျှင် မိုက်လှစွာ၏။ ထိုသို့ မိုက်၍ မသိကုန်ခြင်းကြောင့် ဇာတိ,ဇရာ, ဗျာဓိ,မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ကို ဖြစ်စေတတ်ကုန်သော, ဝဋ်ဆင်းရဲ၏ အခြေဖြစ်သော, အဘိသင်္ခါရကိစ္စတပ်သော, ကုသိုလ်စေတနာ, အကုသိုလ်စေတနာတည်းဟူသော သင်္ခါရတို့ကို အလွန်ပြုပြင်ကုန်၏။ ပြုပြင်ကုန်သောကြောင့် ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတည်းဟူသော အလွန်ထက်မြက်လွန်ကဲသော အမိုက်တိုက်၏အတွင်းသို့ ကျလေကုန်၏။ ထိုသတ္တဝါတို့သည် ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတည်းဟူသော အမိုက်တိုက်တို့မှ မလွတ်နိုင်ကုန်။ ထို့ကြောင့် သစ္စာ ၄-ပါးတရားတို့ကို သိအောင် အားထုတ်ကြကုန်"ဟု ဟောတော်မူသည်။ (သံ၊၃။၃၉၆။ အန္ဓကာရသုတ်)

ဥပမာတစ်နည်းလည်း "ငါ၏ချစ်သား ရဟန်းများတို့၊ ဤဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတရားတို့သည် အသူတရာမက နက်လှစွာသော ချောက်ကမ်းပါးပြတ်နှင့် တူကုန်၏။ အဘယ်သို့ တူသနည်းဟူမူကား နက်လှစွာသော

ချောက်ကမ်းပါးပြတ်၏အတွင်းသို့ ကျသောသူသည် တက်နိုင်ခဲ, ကူးခပ်နိုင်ခဲသကဲ့သို့ ထို့အတူ ဇာတိ-အစရှိသော သဘောမှ ကူးခပ်ရမည်ကား အလွန်လျှင် ခဲယဉ်းကုန်၏။ ထို့ကြောင့် ဇာတိ-အစရှိသော သဘောတရားတို့သည် အသူတရာမက နက်လှစွာသော ချောက်ကမ်းပါးပြတ်နှင့် တူကုန်၏။ အကြင်သူသည် သစ္စာ ၄-ပါးတရားတို့ကို မသိကုန်။ ထိုသူတို့သည် ဝဋ်ဆင်းရဲ၏ အခြေဖြစ်သော, အဘိသင်္ခါရကိစ္စတပ်သော, ကုသိုလ်ကံ,အကုသိုလ်ကံ-ဟု ဆိုအပ်သော သင်္ခါရတို့ကို အလွန်မွေ့လျော်သောစိတ်ဖြင့် ပြုကုန်သောကြောင့် ဇာတိ,ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတည်းဟူသော အလွန်နက်လှစွာသော ချောက်ထဲသို့ ကျကုန်သည်ဖြစ်၍ ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတည်းဟူသော ဘေးတို့မှ မလွတ်နိုင်ကုန်။ ထို့ကြောင့် ငါ၏ ချစ်သား ရဟန်းများတို့၊ ထိုဇာတိ-အစရှိသော ဘေးမှ လွတ်စေခြင်းငှာ သစ္စာ ၄-ပါးတရား တို့ကို သိအောင် အားထုတ်ကြကုန်"ဟု ဟောတော်မူသည်။

ဥပမာတစ်နည်းလည်း "ငါ၏ချစ်သား ရဟန်းများတို့၊ ဤဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတရားတို့သည် အဆင်း, အသံ, အနံ့, အရသာ, အတွေ့, သိအပ်သော သဘောတို့ဖြင့် အလွန်ကြောက်မက်ဖွယ်ရှိသော, ပြင်းစွာ ပူပန်သော ငရဲနှင့်လည်း တူကုန်၏။ ထိုငရဲမီး၏ ပူပန်ခြင်းသည် အခိုက်အတန့်မျှသာ ဖြစ်ကုန်၏။ အကြင်သတ္တဝါတို့သည် သစ္စာ ၄-ပါးတရားကို မသိကုန်၊ ထိုသတ္တဝါတို့သည် အလွန် ဝဋ်ဆင်းရဲ၌ မွေ့လျော်ကုန်သည်ဖြစ်၍ ဝဋ်ဆင်းရဲ၏ အခြေဖြစ်သော, အဘိသင်္ခါရ ကိစ္စ တပ်သော ကုသိုလ်ကံ, အကုသိုလ်ကံ-ဟု ဆိုအပ်သော သင်္ခါရတို့ကို ပြုပြင်ကုန်သော ကြောင့် ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတည်း ဟူသော ပူပန်ခြင်းတို့ဖြင့် ပူပန်ကုန်သည်ဖြစ်၍ ထိုဇာတိ-အစရှိသော သဘောတရားတို့မှ မလွတ်နိုင်ကုန်။ အလုံးစုံသော ဝဋ်ဒုက္ခတို့မှ မလွတ်နိုင်ကုန်။ ထို့ကြောင့် သင်တို့သည် သစ္စာ ၄-ပါးတရားတို့ကို သိအောင် အားထုတ်ကြကုန်"ဟု ဟောတော်မူသည်။

ဥပမာတစ်နည်းလည်း "ငါ၏ချစ်သား ရဟန်းများတို့၊ တစ်စုံတစ်ယောက်သော ယောကျ်ားသည် မဟာသမုဒ္ဒရာ၌ ၁-ခုသောနွားကို ဖွဲ့ရာရှိသော, ဖွဲ့ကြိုးနှင့်တကွသော ထမ်းပိုးကို ချလေရာ၏။ ထိုမဟာသမုဒ္ဒရာ၌လည်း ၁-ခုသော လိပ်ကန်းသည် အနှစ်-၁၀၀, အနှစ် ၁၀၀-လွန်သဖြင့် ၁-ကြိမ်, ၁-ကြိမ် ပေါ်လေရာ၏။ ထိုလိပ်ကန်း၏ လည်ကို ဖွဲ့မိရာ အံ့လော"ဟု မေးတော်မူ၏။ ထိုအခါ ရဟန်းတို့သည် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူ သော မြတ်စွာဘုရား၊ ရှည်စွာသော အခွန့်ကာလကို လွန်သဖြင့် ဟုတ်ဟုတ်ညားညား ဖွဲ့မိရာသော အကြောင်းရှိပါ၏"ဟု နားတော်လျှောက်၏။ (ဆိဂ္ဂဠယုဂ၊သံ၊၃။၃၉၇။)

"ငါ၏ချစ်သား ရဟန်းများတို့၊ အနှစ်-၁၀၀, အနှစ် ၁၀၀-လွန်သဖြင့် ၁-ကြိမ်, ၁-ကြိမ်ပေါ်သော လိပ်ကန်း၏လည်ကို ထမ်းပိုးဖွဲ့ကြိုးဖြင့် ဖွဲ့မိမည်ကား အလွန်ပင် ခဲယဉ်း၏။ ခဲယဉ်းသော်လည်း လျင်စွာဖွဲ့မိရာသောအကြောင်း ရှိသေး၏။ ငါ၏ချစ်သား ရဟန်းများတို့၊ လူ့ဘုံ,နတ်ဘုံမှ အပါယ် ၄-ဘုံသို့ ၁-ကြိမ်ကျသဖြင့် ထိုအပါယ် ၄-ဘုံ၌သာလျှင် ကြိမ်ဖန်များစွာ ကျင်လည်ရလေ၏။ လူ၏အဖြစ်ကို ရမည်ကား အလွန်ပင် ခဲယဉ်းကုန်၏။

အဘယ်ကြောင့်နည်းဟူမူကား ထိုအပါယ်ဘုံတို့၌ တရားကို ကျင့်ခြင်းတို့သည် မရှိကုန်။ ညီညွတ်သောအကျင့်ကို ကျင့်ခြင်းတို့သည် မရှိကုန်။ ကုသိုလ်ကောင်းမှုကို ပြုရခြင်းတို့သည် မရှိကုန်။ ထိုအပါယ်ဘုံ၌ သတ္တဝါတို့သည် အချင်းချင်း အားနည်းသောသတ္တဝါတို့ကို အားကြီးသော သတ္တဝါတို့သည် နှိပ်စက်ညှဉ်းဆဲ ကိုက်ခဲစားသောက်ကြလေကုန်၏။ ထို့ကြောင့် အပါယ် ၄-ဘုံတို့၌သာလျှင် အဖန်ဖန် ကျင်လည်ရလေကုန်၏။ အဘယ်ကြောင့် အချင်းချင်း သတ္တဝါ ၁-ခုသည် သတ္တဝါ ၁-ခုကို ကိုက်ခဲညှဉ်းဆဲ စားသောက်လေကုန်သနည်းဟူမူကား သစ္စာ ၄-ပါးတရားကို မသိခြင်းကြောင့်တည်း။ ထို့ကြောင့် ငါ၏ချစ်သားတို့ သင်တို့သည် သစ္စာ ၄-ပါးတရားတို့ကို သိအောင် အားထုတ်ကြလေကုန်"ဟု ဟောတော်မူသည်။

သစ္စာ ၄-ပါးတရားတို့ကို သိအောင် အားထုတ်ကြကုန်-ဟု ရဟန်းတို့ကို အစပြု၍ ၃-ပါးသောဘဝ၌ ကျင်လည်ကုန်သော သတ္တဝါတို့အား တိုက်တွန်းနှိုးဆော်တော်မူ၏။ "သစ္စာ ၄-ပါးတရားတို့ကို သိခြင်း၌ အဘယ်မျှ အတိုင်းအရှည်ရှိသော အာနိသံသတို့ကို ရပါလေ ကုန်သနည်း"ဟု လူ,နတ်,ပြဟ္မာ သတ္တဝါတို့၏ ဝိစိကိစ္ဆာကို ပယ်တော်မူလိုသော ဘုရားသခင် သည်—

**သေယျထာပိ ဘိက္ခဝေ သိနေရုပဗ္ဗတရာဇာ'ယံ ပရိက္ခယံ ပရိယာဒါနံ ဂစ္ဆေယျ ဌပေတွာ သတ္တ မုဂ္ဂမတ္တိယော ပါသာဏသက္ခရာ။**　　(သံ၊၃။၃၉၉)

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

အဓိပ္ပါယ်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ ပဲနောက်စေ့ ၇-လုံး အတိုင်းအရှည်ရှိသော မြေဝိုင်း,ကျောက်စစ်တို့ကို ချန်၍ ၈၄,၀၀၀- ၂-ပြန်ဆောင်သော မြင်းမိုရ်တောင်မင်းသည် ကုန်ခြင်းသို့ ရောက်လေရာ၏။ ထို ၂-ပါးတို့တွင် အဘယ်မှာ များမည်နည်း"ဟု မေးတော်မူ၏။ ထိုအခါ ရဟန်းတို့သည် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ၈၄,၀၀၀-အတိုင်းအရှည်ရှိသော မြင်းမိုရ်တောင်မင်းကို ထောက်၍ ပဲနောက်စေ့ ၇-လုံး အတိုင်းအရှည်ရှိသော မြေဝိုင်း, ကျောက်စစ်တို့သည် အလွန်နည်းလှ၏။ ၇-လုံးသော

ပဲနောက်စေ့ အတိုင်းအရှည်ရှိသော မြေဝိုင်း,ကျောက်စစ်ကို ထောက်၍ ၈၄,၀၀၀- ၂-ပြန် ဆောင်သော မြင်းမိုရ်တောင်မင်းသည် အလွန်လျှင် များလှ၏”ဟု နားတော်လျှောက်ကုန်၏။

“ထို့အတူ ငါ၏ချစ်သားတို့ သောတာပန်ပုဂ္ဂိုလ်အား ၈၄,၀၀၀- ၂-ပြန်ဆောင်သော မြင်းမိုရ်တောင်မင်းပမာဏ များလှစွာသော ဒုက္ခအပေါင်းတို့သည် ကုန်ရစ်လေကုန်ပြီ။ ၇-လုံးသော ပဲနောက်စေ့ပမာဏ ၇-ကြိမ် ပဋိသန္ဓေနေရခြင်းသဘော ရှိသေးသောကြောင့် အနည်းငယ်မျှဖြစ်သော ဒုက္ခအကြွင်းရှိသည်ဖြစ်၍ ၇-ဘဝမျှသာ ပဋိသန္ဓေနေခြင်း ဒုက္ခကို ခံရရာ၏။ အဘယ်ကြောင့်နည်းဟူမူကား သောတာပတ္တိမဂ်ဉာဏ်ဖြင့် သစ္စာ ၄-ပါးတရားတို့ကို ပိုင်းခြား၍ မြင်ပြီးသည်၏အဖြစ်ကြောင့်တည်း။ ထို့ကြောင့် ငါ၏ချစ်သားတို့ သင်တို့သည် သစ္စာ ၄-ပါးတရားတို့ကို သိအောင် အားထုတ်ကြကုန်”ဟု တိုက်တွန်းတော်မူသည်။

ဥပမာတစ်နည်းလည်း လက်သည်းဖြင့် ယူအပ်သော မြေမှုန့်သည် အလွန်နည်းပါးသည်ဖြစ်၍ ကြွင်းကျန်သော ၂၄၀,၀၀၀-အထုရှိသော မဟာပထဝီမြေကြီးသည် အလွန်များသကဲ့သို့ သောတာပန်ပုဂ္ဂိုလ်အား ကြွင်းရစ်သောဒုက္ခသည် လက်သည်းဖြင့် ယူအပ်သော မြေမှုန့်ကဲ့သို့ အနည်းငယ်မျှသာ ကြွင်း၏။ ကုန်ရစ်သော ဒုက္ခတို့သည်ကား-၂၄၀,၀၀၀ အထုရှိသော မြေကြီးကဲ့သို့ အလွန်များကုန်၏။ (နခသိခသုတ်၊သံ၊၃။၄၀၀)

ဥပမာတစ်နည်းလည်း အလျား, အနံ, အနက် ယူဇနာ ၅၀-ရှိသော ၄-ထောင့်ရေကန်၌ ကန်ကိုလျှံ၍ ပြည့်သော ရေကို သမန်းမြက်ဖျားဖြင့် တို့၍ ယူအပ်သည်ရှိသော် သမန်းမြက်ဖျား၌ ကျန်ရစ်သော ရေပေါက်ပမာဏမျှသာလျှင် သောတာပန်ပုဂ္ဂိုလ်အား ဒုက္ခသည် ကြွင်းရစ်၏။ ကုန်ရစ်သော ဒုက္ခအပေါင်းတို့သည်ကား အလျား, အနံ, အနက် အားဖြင့် ယူဇနာ ၅၀-ရှိသော ၄-ထောင့်ရေကန်၌ ကျန်ရစ်သော ရေပမာဏ ကုန်ရစ်လေကုန်ပြီ။ ထို့ကြောင့် သစ္စာ ၄-ပါးတရားတို့ကို သိအောင် အားထုတ်ကြကုန်”ဟု တိုက်တွန်းတော်မူသည်။ (သံ၊၃။၄၀၀)

ဥပမာတစ်နည်းလည်း “မြစ်ကြီး ၅-သွယ်၌ စီးလေကုန်သော ရေတို့ကို ၂-ပေါက်, ၃-ပေါက်မျှ ယူလေရာ၏။ ထို ၂-ပေါက်, ၃-ပေါက်မျှသော ရေပမာဏသည်သာလျှင် သောတာပန်ပုဂ္ဂိုလ်အား ဒုက္ခအကြွင်းရှိတော့သည်။ မြစ်ကြီး ၅-သွယ်၌ ကျန်ရစ်သော ရေပမာဏ များလှစွာသော ဒုက္ခအပေါင်းတို့သည် ကုန်ရစ်လေပြီ။ ထို့ကြောင့်လည်း သစ္စာ ၄-ပါးတရားတို့ကို သိအောင် အားထုတ်ကြကုန်”ဟု တိုက်တွန်းတော်မူသည်။ (သံ၊၃။၄၀၁)

ဥပမာတစ်နည်းလည်း “ငါ၏ချစ်သား ရဟန်းများတို့၊ ဤမဟာပထဝီမြေကြီး၌ ဆီးသီး ၇-လုံး အတိုင်းအရှည်ရှိသော မြေကြီးကို လုံး၍ ထားလေရာ၏။ ထိုဆီးသီး ၇-

လုံး အတိုင်းအရှည်ရှိသော မြေမှုန့်မျှလည်း သောတာပန်ပုဂ္ဂိုလ်အား ကြွင်းရစ်သော ဒုက္ခသည် ရှိ၏။ ကုန်ရစ်သော ဒုက္ခတို့သည်ကား ၂၄၀,၀၀၀-အထုရှိသော မဟာပထဝီမြေကြီးခန့် များလေကုန်ပြီ။ ထို့ကြောင့်လည်း ငါ၏ချစ်သားတို့၊ သင်တို့သည် သစ္စာ ၄-ပါးတရားတို့ကို သိအောင် အားထုတ်ကြကုန်"ဟု တိုက်တွန်းတော်မူသည်။

ဥပမာတစ်နည်းလည်း "မဟာသမုဒ္ဒရာ၌ ၂-ပေါက်, ၃-ပေါက်သော ရေတို့ကို ထုတ်လေရာ၏။ ထို ၂-ပေါက်, ၃-ပေါက်သော ရေပေါက် ပမာဏရှိသော ဒုက္ခသည်သာလျှင် သောတာပန်ပုဂ္ဂိုလ်သန္တာန်၌ ကျန်ရစ်၏။ ကုန်ပြီးသော ဒုက္ခတို့သည်ကား သမုဒ္ဒရာ ၄-စင်း၌ရှိသော ရေအထုခန့်ရှိလေပြီ။ ထို့ကြောင့်လည်း ငါ၏ချစ်သားတို့၊ သင်တို့သည် သစ္စာ ၄-ပါးတရားတို့ကို သိအောင် အားထုတ်ကြကုန်"ဟု တိုက်တွန်းတော်မူသည်။

ဥပမာတစ်နည်းလည်း "ငါ၏ချစ်သားတို့၊ ၈၄,၀၀၀-သော အထွတ်တို့ဖြင့် တန်ဆာဆင်အပ်သော ယူဇနာ ၅၀၀-အမြင့်ရှိသော ဟိမဝန္တာတောင်မင်း၌ မြေကို မုန်ညင်းစေ့ ၇-လုံးပမာဏ လုံး၍ ထားလေရာ၏။ ထိုမုန်ညင်းစေ့ အတိုင်းအရှည်ရှိသော မြေကြီးပမာဏမျှသည်သာလျှင် သောတာပန်ပုဂ္ဂိုလ်၏ သန္တာန်၌ ဆင်းရဲဒုက္ခသည် ကျန်ရစ်၏။ ကုန်လေပြီးသော ဒုက္ခတို့သည် ဟိမဝန္တာတောင်မင်းခန့် များလေကုန်ပြီ။ ထို့ကြောင့်လည်း ငါ၏ချစ်သားတို့ သင်တို့သည် သစ္စာ ၄-ပါးတရားတို့ကို သိအောင် အားထုတ်ကြကုန်"ဟု တိုက်တွန်းတော်မူသည်။ (သံ၊၃။၄၀၃)

ပုထုဇဉ်တို့၏ သန္တာန်၌ဖြစ်သော ဒုက္ခအပေါင်းတို့သည်ကား—

- မြစ်ကြီး ၅-သွယ်၌ စီးဝင်သော ရေထက်လည်း များကုန်၏။
- ဟိမဝန္တာတောင်ထက်လည်း များကုန်၏။
- သမုဒ္ဒရာ ၄-စင်း၌ရှိသော ရေထက်လည်း များကုန်၏။
- ၈၄,၀၀၀- ၂-ပြန်ဆောင်သော မြင်းမိုရ်တောင်ထက်လည်း များကုန်၏။
- ၂၄၀,၀၀၀-အထုရှိသော မဟာပထဝီမြေကြီးထက်လည်း များကုန်၏။

အဘယ်ကြောင့် များသနည်းဟူမူကား သံသရာဝဋ်ဆင်းရဲ၏ ရှည်လှသည်ဖြစ်၍ မသိအပ်သော အစရှိသည်၏အဖြစ်ကြောင့်တည်း။

ထို့ကြောင့် အကြင်တစ်စုံတစ်ယောက်သောသူသည် ၁-ယောက်သော သတ္တဝါ၏ ဒုက္ခကို ရေတွက်လိုသည်ဖြစ်၍ ၂၄၀,၀၀၀-အထုရှိသော မဟာပထဝီမြေကြီးကို မုန့်မုန့်ညက်ညက် ကြိတ်ပြီးသော် ဇာတိဒုက္ခ ၁-ခု, မြူမှုန် ၁-လုံး ရေတွက်၍ ချလေရာ၏။ ထိုသို့

ချအပ်သည်ရှိသော် ၁-ယောက်သောသူ၏ ဇာတိဒုက္ခသည် မကုန်နိုင်ရာ။ ၂၄၀,၀၀၀-အထုရှိသော မြေ၌ မြေမှုန့်သည် ကုန်ဖွယ်ရာသာ ရှိ၏။ အဘယ်ကြောင့်နည်းဟူမူကား သံသရာဝဋ်ဆင်းရဲ၏ မသိအပ်သော အစရှိသည်၏ အဖြစ်ကြောင့်တည်း။ ထိုဇာတိဒုက္ခသည် မကုန်နိုင်သည်နှင့်အတူ ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခတို့သည်လည်း မကုန်နိုင်ရာ။

ဤသို့လျှင် မြေကြီး, သမုဒ္ဒရာ, ဟိမဝန္တာ, မြင်းမိုရ်တောင်မင်းတို့ထက်မက များလှစွာသော ဒုက္ခတို့ကို ထမ်းပိုးရွက်ဆောင်၍ သံသရာဝဋ်ဆင်းရဲ၌ ကျင်လည်ရကုန်သော ပုထုဇဉ်လူ,နတ်,ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် သစ္စာ ၄-ပါးတို့ကို မသိခြင်း၌ များစွာအပြစ်ရှိသည်၏အဖြစ်ကို ဆင်ခြင်၍ သစ္စာ ၄-ပါးတရားတို့ကို သိမြင်ခြင်း၌ အကျိုးတရား များသည်၏အဖြစ်ကို အသင့်အားဖြင့် နှလုံးသွင်း၍ သစ္စာ ၄-ပါးတရားတို့ကို မဂ်ဉာဏ်ဖြင့် သိမြင်သည်တိုင်အောင် အားထုတ်ကုန်ရာသည်။

ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ်ဖြစ်သည်။ (မဟာဝဂ္ဂသံယုတ်ပါဠိတော်။ ၅-ပပါတဝဂ်၊ ၅-ဝါလသုတ်-စသည်၊ သံ၊၃။၃၉၅။ ၎င်းမဟာဝဂ္ဂသံယုတ်အဋ္ဌကထာ။)

★★★★★★★

## [ ၁၀ ] သစ္စာ ၄-ပါးတရားတို့ကို မသိခြင်းကြောင့် သံသရာ၌ ကျင်လည်ရကြောင်းတရား

သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်-တည်းဟူသော ဉေယျဓမ္မတရား ၅-ပါးတို့ကို အကြွင်းမရှိ အကုန်အစင် သိမြင်တော်မူပြီးသော ဘုရားသခင်သည် တရံရောအခါ သာဝတ္ထိပြည်ကြီးကို ဆွမ်းခံရာအမှီပြု၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသည်။

ထိုသို့ နေတော်မူသောအခါ အနည်းငယ်သော မြေမှုန့်ကို လက်သည်းတော်ဖျား၌ တင်တော်မူ၍ ရဟန်းတို့ကို ခေါ်တော်မူ၍—

"တံ ကိံ မညထ ဘိက္ခဝေ၊ ကတမံ နု ခေါ ဗဟုတရံ၊ ယော ဝါ'ယံ မယာ ပရိတ္တော နခသိခါယံ ပံသု အာရောပိတော၊ အယံ ဝါ မဟာပထဝီ"တိ။ ဧတဒေဝ ဘန္တေ ဗဟုတရံ ယဒိဒံ မဟာပထဝီ၊ အပ္ပမတ္တကာ'ယံ ဘဂဝတာ ပရိတ္တော နခသိခါယံ ပံသု အာရောပိတော၊ သင်္ခမ္ပိ န ဥပေတိ ဥပနိဓမ္ပိ န ဥပေတိ ကလဘာဂမ္ပိ န ဥပေတိ၊ မဟာပထဝိံ ဥပနိဓာယ ဘဂဝတာ ပရိတ္တော နခသိခါယံ ပံသု အာရောပိတော'တိ။ ဧဝမေဝ ခေါ

**ဘိက္ခဝေ အပ္ပမတ္တကာ တေ သတ္တာ၊ ယေ မနုဿေသု ပစ္စာဇာယန္တိ။ အထ ခေါ ဧတေဝ ဗဟုတရာ သတ္တာ ယေ အညတြ မနုဿေဟိ ပစ္စာဇာယန္တိ။** (သံ၊၃။၄၀၄။အညတြသုတ်)

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ မယာ၊ ငါဘုရားသည်။ ယံ ဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်လတ္တံ့။ တံ ဝစနံ၊ ထိုစကားကို။ တုမှေ၊ သင်တို့သည်။ ကိံ မညထ၊ အဘယ်သို့ အောက်မေ့ကုန်မည်နည်း။ မယာ၊ ငါဘုရားသည်။ ပရိတ္တော၊ အနည်းငယ်သော။ နခါသိခါယံ၊ လက်သည်းတော်ဖျား၌။ အာရောပိတော၊ တင်အပ်သော။ ယော ဝါ အယံ ပံသု၊ အကြင်မြေမှုန့်သည်။ အတ္ထိ၊ ရှိ၏။ အနာရောပိတာ၊ မတင်အပ်သော။ ယာ အယံ ဝါ မဟာပထဝီ၊ အကြင် ၂၄၀,၀၀၀-အထုရှိသော ကြွင်းသော မြေသည်။ အတ္ထိ၊ ရှိ၏။ တေသု၊ ထို ၂-ပါးတို့တွင်။ ကတမံ၊ အဘယ်သည်လျှင်။ ဗဟုတရံ နု ခေါ၊ များမည်နည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။

ဘန္တေ၊ မြတ်စွာဘုရား။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ နခသိခါယံ၊ လက်သည်းတော်ဖျား၌။ ပရိတ္တော၊ အနည်းငယ်သော။ ယဒိဒံ ယော အယံ ပံသု၊ အကြင်မြေမှုန့်ကို။ အာရောပိတော၊ တင်အပ်၏။ အယံ ပံသု၊ ဤမြေမှုန့်သည်သာလျှင်။ အပ္ပမတ္တကော၊ နည်း၏။ အနာရောပိတာ၊ မတင်အပ်သော။ ယဒိဒံ ယာ အယံ ပထဝီ၊ ဤ(*အကြင်*)ကြွင်းသော ၂၄၀,၀၀၀-အထုရှိသော မြေသည်။ အတ္ထိ၊ ရှိ၏။ ဧတဒေဝ၊ ထို ၂၄၀,၀၀၀-အထုရှိသော မြေသည်သာလျှင်။ ဗဟုတရံ၊ များ၏။ မဟာပထဝိံ၊ ၂၄၀,၀၀၀-အထုရှိသော မြေကို။ ဥပနိဓာယ၊ ထောက်၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ နခသိခါယံ၊ လက်သည်းတော်ဖျား၌။ အာရောပိတော၊ တင်အပ်သော။ ပံသု၊ မြေမှုန့်သည်။ ပရိတ္တော၊ နည်းလှစွာ၏။ သင်္ခမ္ပိ၊ မြေ-ဟူသော အရေအတွက်သို့လည်း။ န ဥပေတိ၊ မရောက်။ ဥပနိဓမ္ပိ၊ နှိုင်းရှည့်ခြင်းသို့လည်း။ န ဥပေတိ၊ မရောက်။ ကလဘာဂမ္ပိ၊ အစိတ်အဖို့သို့လည်း။ န ဥပေတိ၊ မရောက်။ ဣတိ၊ ဤသို့။ အဝေါစ၊ နားတော်လျှောက်ကုန်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ယေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ မနုဿေသု၊ လူ့ဘုံတို့၌။ ပစ္စာဇာယန္တိ၊ ဖြစ်ပြန်ကုန်၏။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ အပ္ပမတ္တကာ၊ နည်းကုန်၏။ အထ ခေါ၊ စင်စစ်သော်ကား။ ယေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ မနုဿေဟိ၊ လူ့ဘုံတို့မှ။ အညတြ၊ တပါးသော အပါယ်ဘုံတို့၌။ ပစ္စာဇာယန္တိ၊ ဖြစ်လေကုန်၏။ ဧတေဝ၊ ထိုအပါယ်ဘုံ၌ ဖြစ်သော သတ္တဝါအပေါင်းတို့သည်သာလျှင်။ ဗဟုတရာ၊ များကုန်၏။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

အဓိပ္ပါယ်ကား "ငါ၏ချစ်သားတို့၊ အကြင်စကားကို ငါဘုရားသည် ဟောတော်မူအပ်လတ္တံ့။ ထိုငါဟောတော်မူအပ်လတ္တံ့သောစကားကို အဘယ်သို့ အောက်မေ့ကုန်သနည်း။ ငါဘုရား၏ လက်သည်းတော်ဖျား၌ပါသော မြေ, ၂၄၀,၀၀၀-အထုရှိသော မြေ၊ ဤ ၂-ပါးသော မြေတို့တွင် အဘယ်သည်လျှင် များသနည်း"ဟု မေးတော်မူ၏။

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ လက်သည်းဖျား၌ တင်အပ်သော မြေမှုန့်မြေသည် အလွန်လျှင် နည်းလှ၏။ ကြွင်းသော မဟာပထဝီမြေသည် သာလျှင် အလွန်များလှ၏။ မဟာပထဝီမြေကို ထောက်၍ လက်သည်းတော်ဖျား၌ပါသော မြေမှုန့်မြေသည် မြေ-ဟူသော အရေအတွက်သို့ မရောက်၊ နှိုင်းရှည့်ခြင်းသို့ မရောက်ရာ၊ အစိတ်-ဟူသော အဖို့သို့လည်း မရောက်"ဟု နားတော်လျှောက်ကုန်၏။

ငါ၏ချစ်သားတို့၊ ငါ၏ လက်သည်းတော်ဖျား၌ပါသော မြေမှုန့်မြေသည် အလွန်နည်းသည်ဖြစ်၍ ၂၄၀,၀၀၀-အထုရှိသော မြေသည် များသကဲ့သို့ ထို့အတူ အကြင်သတ္တဝါတို့သည် စုတေကုန်၍ လူ့ပြည်၌ ဖြစ်ကုန်၏။ ထိုသတ္တဝါတို့သည် အလွန်လျှင် နည်းကုန်၏။ လူ့ဘုံမှ တပါးသော အပါယ် ၄-ဘုံတို့၌ဖြစ်ကုန်သော သတ္တဝါတို့သည်သာလျှင် များကုန်၏" ဟု ဟောတော်မူသည်။

အဘယ်အကြောင်းကြောင့် စုတေကုန်သော သတ္တဝါတို့သည် လူ့ဘုံ၌ဖြစ်သည်ကား နည်း၍ အပါယ်ဘုံ၌ဖြစ်ခြင်း များလေကုန်သနည်း-ဟု လူ,နတ်,ဗြဟ္မာ သတ္တဝါတို့၏ တွေးတောယုံမှားဖွယ်ကို ပယ်ဖျောက်တော်မူလိုသည်ဖြစ်၍ "**တံ ကိဿ ဟေတု၊ အဒိဋ္ဌတ္တာ ဘိက္ခဝေ စတုန္နံ အရိယသစ္စာနံ**"ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

အဓိပ္ပါယ်ကား အဘယ်အကြောင်းကြောင့် ဤသို့စင် နည်းပါးလေသနည်းဟူမူကား "ငါ၏ချစ်သား ရဟန်းများတို့၊ သစ္စာ ၄-ပါးတရားတို့ကို မသိမမြင်သည်၏အဖြစ်ကြောင့် နည်းပါးကုန်၏"ဟု ဟောတော်မူသည်။

ဤသို့လျှင် သစ္စာ ၄-ပါးတရားတို့ကို မသိမမြင်ခြင်း၌ များသောအပြစ်ရှိသည်၏ အဖြစ်ကြောင့် သစ္စာ ၄-ပါးတရားတို့ကို သိမြင်အောင် အားထုတ်ကြကုန်-ဟု တိုက်တွန်းတော်မူလိုသည်ဖြစ်၍—

> တသ္မာတိဟ ဘိက္ခဝေ 'ဣဒံ ဒုက္ခ'န္တိ ယောဂေါ ကရဏီယော၊ 'အယံ ဒုက္ခသမုဒယော'တိ ယောဂေါ ကရဏီယော၊ 'အယံ ဒုက္ခနိရောဓော'တိ ယောဂေါ ကရဏီယော၊ 'အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ'တိ ယောဂေါ ကရဏီယော။ (သံ၊၃။၄၀၄)

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ တသ္မာ၊ ထို့ကြောင့်။ ဣဟ၊ ဤသာသနာတော်၌။ တုမှေဟိ၊ သင်တို့သည်။

- ဣဒံ၊ ဤတရားသည်ကား။ ဒုက္ခံ၊ ဒုက္ခသစ္စာတည်း။ ဣတိ၊ ဤသို့။ ယောဂေါ၊ သိအောင် အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။
- အယံ၊ ဤတရားသည်ကား။ ဒုက္ခသမုဒယော၊ ဒုက္ခ၏အကြောင်းဖြစ်သော သမုဒယသစ္စာတည်း။ ဣတိ၊ ဤသို့။ ယောဂေါ၊ သိအောင် အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။
- အယံ၊ ဤတရားသည်ကား။ ဒုက္ခနိရောဓော၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ ၂-ပါးတို့၏ ချုပ်ရာဖြစ်သော **နိရောဓသစ္စာ**တည်း။ ဣတိ၊ ဤသို့။ ယောဂေါ၊ သိအောင် အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။
- အယံ၊ ဤတရားသည်ကား။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော မဂ္ဂသစ္စာတည်း။ ဣတိ၊ ဤသို့။ ယောဂေါ၊ သိအောင် အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။

ဤသို့လျှင် သတ္တဝါတို့၏ လူ့ဘုံ၌ဖြစ်ခြင်း နည်းသည်၏အဖြစ်ကို ဟောတော်မူပြီး၍ ထိုမှတပါး နည်းသောအဖြစ်ကို ဟောတော်မူလိုသော ဘုရားသခင်သည်–

**တံ ကိံ မညထ ဘိက္ခဝေ၊ ကတမံ နု ခေါ ဗဟုတရံ။** (သံ၊၃။၄၀၄-၅)

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

အဓိပ္ပါယ်ကား "ငါ၏ချစ်သားတို့၊ ငါ၏လက်သည်းတော်ဖျား၌ ပါသော မြေမှုန့် မြေသည် အလွန်နည်းသကဲ့သို့–

- မဇ္ဈိမဒေသ၌ ဖြစ်ကုန်သော သတ္တဝါတို့သည် နည်းကုန်၏။ ၂၄၀,၀၀၀-အထုရှိသော မြေကြီးသည် များကုန်သကဲ့သို့ တရားကို မသိကုန်သော တောင်သူ, ချင်းရိုင်းအမျိုးတို့၌ ဖြစ်ကုန်သော သတ္တဝါတို့သည်(သာလျှင်) အလွန်များကုန်၏။ (ပစ္စန္တသုတ်)
- ထို့အတူ သုရာ ၅-ပါး, မေရယ ၅-ပါးတို့ကို သောက်စားခြင်းမှ ကြဉ်ရှောင်ကုန်သော သတ္တဝါတို့သည် အလွန်နည်းကုန်၏။ မကြဉ်(ရှောင်)သော သတ္တဝါတို့သည်သာလျှင် အလွန်များကုန်၏။ (သုရာမေရယသုတ်)
- အမိ,အဘတို့ကို လုပ်ကျွေးသော သတ္တဝါတို့သည် အလွန်နည်းကုန်၏။ မလုပ်ကျွေးသော သတ္တဝါတို့သည်သာလျှင် အလွန်များကုန်၏။ (သံ၊၃။၄၀၅-၆)

- တရားကို ကျင့်ကုန်သော ရဟန်း,ပုဏ္ဏားတို့ကို လုပ်ကျွေးသောသူတို့သည် အလွန်နည်းကုန်၏။ မလုပ်ကျွေးသော သူတို့သည်သာလျှင် အလွန်များကုန်၏။
- သူ့အသက်ကို သတ်ခြင်းမှ ကြဉ်သောသတ္တဝါတို့သည် အလွန်နည်းကုန်၏။ မကြဉ်သောသူတို့သည်သာလျှင် အလွန်များကုန်၏။ (သံ၊၃။၄၀၆)
- သူတပါးတို့၏ဥစ္စာကို ခိုးယူခြင်းမှ ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သော သူတို့သည်သာလျှင် အလွန်များကုန်၏။ (အဒိန္နာဒါနသုတ်)

( - *ကာမဂုဏ်တို့၌ မှားယွင်းသောအကျင့်ကို ကျင့်ခြင်းမှ ရှောင်ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သောသူတို့သည်သာလျှင် အလွန်များကုန်၏။)*

- မဟုတ်မမှန်သော စကားကို ဆိုခြင်းမှ ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သော သူတို့သည်သာလျှင် အလွန်များကုန်၏။ (မုသာဝါဒသုတ်)
- ပိသုဏဝါစာမှ ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သောသူတို့သည်သာလျှင် အလွန်များကုန်၏။ (ပေသုညသုတ်)
- ဖရုသဝါစာမှ ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သောသူတို့သည်သာလျှင် အလွန်များကုန်၏။ (ဖရုသဝါစာသုတ်)
- သမ္ဖပ္ပလာပမှ ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သောသူတို့သည်သာလျှင် အလွန်များကုန်၏။ (သမ္ဖပ္ပလာပသုတ်)
- ၅-ပါးသော ဗီဇဂါမ်, ဘူတဂါမ်တို့ကို ဖျက်ဆီးခြင်းမှ ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သော သူတို့သည်သာလျှင် အလွန်များကုန်၏။ (ဗီဇဂါမသုတ်)
- နေလွဲညစာ စားခြင်းမှ ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သောသူတို့သည်သာလျှင် အလွန်များကုန်၏။ (သံ၊၃။၄၀၈)
- ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း, နံ့သာပျောင်းလိမ်းကျံခြင်း, တန်ဆာဆင်ခြင်း, အတင့်အတယ်ပြုခြင်းမှ ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သောသူတို့သည်သာလျှင် အလွန်များကုန်၏။
- သာသနာတော်၏ ပြောင့်,တံကျင်သဖွယ်ဖြစ်သော ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှုခြင်းမှ ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သောသူတို့သည်သာလျှင် အလွန်များကုန်၏။ (သံ၊၃။၄၀၈။ နစ္စဂီတသုတ်)

- မြင့်သောနေရာ မြတ်သောနေရာ၌ နေခြင်းမှ ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သောသူတို့သည်သာလျှင် အလွန်များကုန်၏။ (ဥစ္စာသေယနသုတ်)
- ရွှေ,ငွေရတနာမျိုးတို့ကို ကိုင်ခြင်း, ခံခြင်း, သာယာခြင်းတို့မှ ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သောသူတို့သည်သာလျှင် အလွန်များကုန်၏။ (ဇာတရူပရဇတသုတ်)
- ၇-ပါးသော စပါးတို့ကို ကိုင်ခံခြင်းမှ ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သောသူတို့သည်သာလျှင် အလွန်များကုန်၏။ (အာမကဓညသုတ်)
- သားစိမ်း, ငါးစိမ်းတို့ကို ခံခြင်းမှ ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သောသူတို့သည်သာလျှင် အလွန်များကုန်၏။ (အာမကမံသသုတ်)
- မိန်းမကြီး, မိန်းမငယ်တို့ကို ခံခြင်းမှ ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သောသူတို့သည်သာလျှင် အလွန်များကုန်၏။ (ကုမာရိကသုတ်)
- ကျွန်မိန်းမ, ကျွန်ယောကျ်ားတို့ကို ခံခြင်းမှ ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သောသူတို့သည်သာလျှင် အလွန်များကုန်၏။ (ဒါသီဒါသသုတ်)
- ဆိတ်ကုလား, ဆိတ်မြန်မာတို့ကို ခံခြင်းမှ ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သောသူတို့သည်သာလျှင် အလွန်များကုန်၏။ (အဇေဠကသုတ်)
- ခွေး,ဝက်, ကြက်, ငှက်တို့ကို ခံခြင်းမှ ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သောသူတို့သည်သာလျှင် အလွန်များကုန်၏။ (ကုက္ကုဋသူကရသုတ်)
- ဆင်,နွား, မြင်း, မြည်း, ကုလားအုတ်တို့ကို ခံခြင်းမှ ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သောသူတို့သည်သာလျှင် အလွန်များကုန်၏။ (ဟတ္ထိဂဝဿသုတ်)
- လယ်ယာကို ခံခြင်းမှ ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သောသူတို့သည်သာလျှင် အလွန်များကုန်၏။ (ခေတ္တဝတ္ထုသုတ်)
- ရောင်းခြင်း, ဝယ်ခြင်းမှ ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သောသူတို့သည်သာလျှင် အလွန်များကုန်၏။ (ကယဝိက္ကယသုတ်)

( - *တမန်အလုပ်ကို ကြဉ်သောသူတို့သည် နည်းကုန်၏။ တမန်အလုပ်ဖြင့် သွားသူတို့သာ များကုန်၏။)* (ဒူတေယျသုတ်)

- ချိန်စဉ်းလဲ, တောင်းစဉ်းလဲ, အသပြာစဉ်းလဲမှ ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သောသူတို့သည်သာလျှင် အလွန်များကုန်၏။ (တုလာကူဋသုတ်)

- အံ့ဖွယ်ပြု၍ လှည့်ပတ်ခြင်းတည်းဟူသော ကောက်သောအမှုနှင့် ယှဉ်ခြင်း၊ တံစိုးလက်ဆောင်စား၍ လှည့်ပတ်ခြင်းတည်းဟူသော ကောက်သော အမှုနှင့်ယှဉ်ခြင်း၊ အနိုင်အထက် နှိပ်စက်၍ လှည့်ပတ်ခြင်းတည်းဟူသော ကောက်သောအမှုနှင့် ယှဉ်ခြင်းမှ ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သောသူတို့သည်သာလျှင် အလွန်များကုန်၏။ (ဥက္ကောဋနသုတ်၊ ၄၁၁)
- လက်,ခြေ,နား, နှာခေါင်းတို့ကို ဖြတ်ခြင်း၊ ထိတ်,ထောင်,နှောင်အိမ်တို့ဖြင့် ဖွဲ့ခြင်း၊ ဆီးနှင်းတိုက်, အမိုက်တိုက်တို့ဖြင့် ဖုံးလွှမ်း၍ ခိုးခြင်း၊ အနိုင်အထက် လုယက်ခြင်းတို့မှ ကြဉ်သောသူတို့သည် အလွန်နည်းကုန်၏။ မကြဉ်သောသူတို့သည်သာလျှင် အလွန်များကုန်၏။ (ဆေဒနာဒိသုတ်)
- လူ့ပြည်မှ စုတေ၍ နတ်ပြည်တို့၌ ဖြစ်ကုန်သော သတ္တဝါတို့သည် အလွန်နည်းကုန်၏။ အပါယ် ၄-ဘုံသို့ လားသော သတ္တဝါတို့သည်သာလျှင် အလွန်များကုန်၏။
- နတ်ပြည်မှ စုတေ၍ နတ်ပြည်၌ဖြစ်သော သတ္တဝါတို့သည် အလွန်နည်းကုန်၏။ အပါယ်ဘုံ၌ဖြစ်သော သတ္တဝါတို့သည်သာလျှင် အလွန်များကုန်၏။
- အပါယ် ၄-ဘုံမှ စုတေ၍ လူ့ဘုံ,နတ်ဘုံ၌ ဖြစ်ကုန်သော သတ္တဝါတို့သည် အလွန်နည်းကုန်၏။ အပါယ် ၄-ဘုံသို့ ပြန်၍ ဖြစ်ကုန်သော သတ္တဝါတို့သည်သာလျှင် အလွန်များကုန်၏"

ဟူ၍ ဟောတော်မူသည်။ (သံ၊၃။၄၁၂-၃)

အဘယ်အကြောင်းကြောင့် ဖြစ်လေသနည်းဟူသော လူ,နတ်,ဗြဟ္မာ သတ္တဝါတို့၏ တွေးတော ယုံမှားဖွယ်ကို ပယ်တော်မူလိုသော ဘုရားသခင်သည်–

**တံ ကိဿ ဟေတု၊ အဒိဋ္ဌတ္တာ ဘိက္ခဝေ စတုန္နံ အရိယသစ္စာနံ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (သံ၊၃။၄၁၁-၄၁၄)

အဓိပ္ပါယ်ကား "ထိုသို့ အပါယ် ၄-ဘုံသို့ လားသောသူ, မတရားသော အကျင့်ကို ကျင့်သောသူတို့သည်သာလျှင် များ၍၊ သုဂတိဘဝသို့ လားသောသူ, တရားကို ကျင့်သောသူတို့သည် လက်သည်းတော်ဖျား၌ ပါသော မြေမှုန့်ခန့်ပမာဏ အဘယ်အကြောင်းကြောင့် နည်းလေသနည်းဟူမူကား ငါ၏ချစ်သား ရဟန်းများတို့ သစ္စာ ၄-ပါးတရားတို့ကို မမြင်သည်၏အဖြစ်ကြောင့် ဤသို့ ဖြစ်သည်"ဟု ဟောတော်မူသည်။

ဤသို့လျှင် သစ္စာ ၄-ပါးတရားတို့ကို မမြင်ခြင်း၌ အပြစ်များသည်ဖြစ်၍ သစ္စာ ၄-ပါးတရားတို့ကို မြင်ခြင်း၌ အကျိုးရှိသည်၏အဖြစ်ကြောင့် သိမြင်အောင် အားထုတ်ကြကုန်-ဟု တိုက်တွန်းတော်မူလိုသော ဘုရားသခင်သည်—

> **တသ္မာတိဟ ဘိက္ခဝေ 'ဣဒံ ဒုက္ခ'န္တိ ယောဂေါ ကရဏီယော၊ 'အယံ ဒုက္ခသမုဒယော'တိ ယောဂေါ ကရဏီယော၊ 'အယံ ဒုက္ခနိရောဓော'တိ ယောဂေါ ကရဏီယော၊ 'အယံ ဒုက္ခနိရောဓဂါမိနီပဋိပဒါ'တိ ယောဂေါ ကရဏီယော။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။   (သံ၊၃။၄၁၅)

ဘိက္ခဝေ၊ ရဟန်းတို့။ တသ္မာ၊ ထို့ကြောင့်။ တုမှေဟိ၊ သင်ချစ်သားတို့သည်။ ဣဟ၊ ဤသာသနာတော်၌။

- ဣဒံ၊ ဤသည်ကား။ ဒုက္ခံ၊ ဒုက္ခသစ္စာတည်း။ ဣတိ၊ ဤသို့။ ယောဂေါ၊ သိအောင် အားထုတ်ခြင်းကို။ ကရဏီယော ကာတဗ္ဗော၊ ပြုအပ်၏။
- အယံ၊ ဤတရားသည်ကား။ ဒုက္ခသမုဒယော၊ ဒုက္ခ၏အကြောင်းဖြစ်သော သမုဒယ-သစ္စာတည်း။ ဣတိ၊ ဤသို့။ ယောဂေါ၊ သိအောင် အားထုတ်ခြင်းကို။ ကရဏီယော ကာတဗ္ဗော၊ ပြုအပ်၏။
- အယံ၊ ဤတရားသည်ကား။ ဒုက္ခနိရောဓော၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ ၂-ပါးတို့၏ချုပ်ရာဖြစ်သော နိရောဓသစ္စာတည်း။ ဣတိ၊ ဤသို့။ ယောဂေါ၊ သိအောင် အားထုတ်ခြင်းကို။ ကရဏီယော ကာတဗ္ဗော၊ ပြုအပ်၏။
- အယံ၊ ဤတရားသည်ကား။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော မဂ္ဂသစ္စာတည်း။ ဣတိ၊ ဤသို့။ ယောဂေါ၊ သိအောင် အားထုတ်ခြင်းကို။ ကရဏီယော ကာတဗ္ဗော၊ ပြုအပ်၏။

ထို့ကြောင့် သစ္စာ ၄-ပါးတရားတို့ကို မသိခြင်း၌ များစွာ အပြစ်ရှိသည်၏ အဖြစ်ကို ဆင်ခြင်ကုန်၍ သစ္စာ ၄-ပါးတို့ကို သိခြင်း၌ များစွာအကျိုးရှိသော အဖြစ်ကို အသင့်အားဖြင့် နှလုံးသွင်းကုန်၍ သစ္စာ ၄-ပါးတရားတို့ကို သိစေခြင်းငှာ အားထုတ်ကုန်ရာသည်။

ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ ၇-ပဌမအာမကဓညပေယျာလဝဂ်၊ ၁-အညတြသုတ်-စသည်။ ၎င်းမဟာဝဂ္ဂသံယုတ်အဋ္ဌကထာ။)

★★★★★★★

## [ ၁၁ ] သစ္စာ ၄-ပါးတရားတို့ကို ခွဲခြမ်းဝေဖန်၍ ဟောတော်မူကြောင်းတရား

**"စတုသစ္စမေ္မ ဗုဇ္ဈတီတိ ဗုဒ္ဓေါ"။**

ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ စတုသစ္စမေ္မ၊ သစ္စာ ၄-ပါးတရားတို့ကို။ ဗုဇ္ဈတိ ဇာနာတိ၊ သိတော်မူတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။

**"ဗောဓေတာ ပဇာယာတိ ဗုဒ္ဓေါ။"**

ဝါ၊ တစ်နည်းကား။ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ပဇာယ ပဇံ၊ သတ္တဝါအပေါင်းကို။ ဗောဓေတာ၊ သစ္စာ ၄-ပါးတရားတို့ကို သိစေတော်မူတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။

ဤသို့လျှင် သစ္စာ ၄-ပါးတရားတို့ကို ကိုယ်တော်တိုင် သိတော်မူပြီး၍ သူတပါးတို့ကိုလည်း သိစေတော်မူတတ်သောသတ္တိကြောင့် ဗုဒ္ဓ-ဟူသော ဂုဏ်တော်နာမ ဝိသေသအထူးကို ရတော်မူသော ဘုရားသခင်သည် သစ္စာ ၄-ပါးတရားတို့ကို မသိ,မမြင်နိုင်ကုန်သည်ဖြစ်၍ ကိုယ်တော်သည်လည်းကောင်း၊ သတ္တဝါအပေါင်းတို့သည်လည်းကောင်း ရှည်မြင့်စွာသော သံသရာကာလပတ်လုံး ကျင်လည်ရသောအဖြစ်ကို ဟောကြားညွှန်ပြ ဆုံးမတော်မူလိုသည်ဖြစ်၍ —

> **စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။**

အစရှိသော ဒေသနာတော်မြတ် (သံ၊၃။၃၇၇။)ကို ဟောကြားတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ စတုန္နံ၊ ၄-ပါးကုန်သော။ အရိယသစ္စာနံ၊ အရိယသစ္စာတို့ကို။ အနနုဗောဓာ၊ လျော်စွာ မသိနိုင်ကုန်သည်ဖြစ်၍။ အပ္ပဋိဝေဓာ၊ ထိုးထွင်း၍ မသိမြင်နိုင်ကုန်သည်ဖြစ်၍။ မမဉ္စေဝ၊ ငါဘုရားသည်လည်းကောင်း။ တုမှာကဉ္စ၊ သင်တို့သည်လည်းကောင်း။ ဧဝံ၊ ဤသို့။ ဣဒံ ဒီဃမဒ္ဓါနံ၊ ဤရှည်မြင့်စွာသော သံသရာကာလပတ်လုံး။ သန္ဓာဝိတံ၊ ပြေးသွားအပ်လေပြီ။ သံသရိတံ၊ ကျင်လည်အပ်လေပြီ။

ဤသို့လျှင် "ငါ၏ချစ်သား ရဟန်းများတို့၊ သစ္စာ ၄-ပါး တရားတို့ကို ငါဘုရားသည်လည်းကောင်း, သင်တို့သည်လည်းကောင်း မသိမမြင်နိုင်ကုန်သည်ဖြစ်၍ ရှည်မြင့်စွာသော သံသရာကာလပတ်လုံး ကျင်လည်ရကုန်ပြီ။ အဘယ်မည်သော သစ္စာ ၄-ပါးတရားတို့ကို မသိမမြင်နိုင်ကုန်သည်ဖြစ်၍ ဤရှည်မြင့်စွာသော သံသရာကာလပတ်လုံး ငါဘုရားသည်

လည်းကောင်း သင်ချစ်သားတို့သည်လည်းကောင်း၊ ကျင်လည်မျောပါး ပြေးသွားရလေကုန်သနည်းဟူမူကား—

- ဒုက္ခဖြစ်သော အရိယသစ္စာကိုလည်းကောင်း,
- သမုဒယဖြစ်သော အရိယသစ္စာကိုလည်းကောင်း,
- နိရောဓဖြစ်သော အရိယသစ္စာကိုလည်းကောင်း,
- မဂ္ဂဖြစ်သော အရိယသစ္စာကိုလည်းကောင်း၊

ဤ ၄-ပါးသော သစ္စာတို့ကို မသိမမြင်နိုင်ကုန်သည်ဖြစ်၍ ကျင်လည်မျောပါး ပြေးသွားရကုန်၏-ဟု ပြတော်မူသည်။

## ၁။ ဒုက္ခသစ္စာ

ထို ၄-ပါးကုန်သော သစ္စာတို့တွင် ဒုက္ခသစ္စာဟူသည် အဘယ်နည်းဟူမူကား—

> **ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ,တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။** (သံ၊၃။၃၆၉။)

ဟူ၍ ဟောတော်မူသောကြောင့် ပဋိသန္ဓေနေရခြင်းသည်လည်း ဒုက္ခသစ္စာမည်၏။

- အိုရခြင်းသည်လည်းကောင်း၊ - နာရခြင်းသည်လည်းကောင်း၊
- သေရခြင်းသည်လည်းကောင်း၊
- သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့သည်လည်းကောင်း၊
- မချစ်မနှစ်လိုအပ်သောသူတို့နှင့် အတူတကွနေရခြင်းသည်လည်းကောင်း၊
- ချစ်နှစ်လိုအပ်သောသူတို့နှင့် ကွေကွင်းရခြင်းသည်လည်းကောင်း—

ဒုက္ခ၏အကြောင်း *(တည်ရာ)*ဖြစ်သောကြောင့် ဒုက္ခသစ္စာ မည်၏။ ပဋိသန္ဓေနေရခြင်း, အိုရခြင်း, နာရခြင်း-စသော သဘောရှိကုန်သော သတ္တဝါတို့သည် "ငါကား ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်း, စိုးရိမ်ခြင်း, ငိုကြွေးခြင်း-အစရှိသည်တို့ကို အလိုမရှိ"ဟူ၍ တောင့်တလေငြားသော်လည်း တောင့်တတိုင်း မရ။ ထိုသို့ တောင့်တ၍ မရခြင်းသည်(လည်း) ဒုက္ခသစ္စာ မည်၏။ အကျဉ်းအားဖြင့် ဥပါဒါနက္ခန္ဓာတရား ၅-ပါးတို့သည် ဒုက္ခသစ္စာ မည်၏။

အဘယ်သို့လျှင် ပဋိသန္ဓေနေခြင်း-ဟု ဆိုအပ်သော ဇာတိသည် ဒုက္ခဖြစ်လေသနည်းဟူမူကား ပဋိသန္ဓေနေသမျှ သတ္တဝါအပေါင်းသည် ကြာဖြူ, ကြာပဒုမ္မာ, ကြာ-

ပုဏ္ဏရိက်-အစရှိသော ကြာတိုက်တို့၌လည်းကောင်း၊ မွှေးကြိုင်လှစွာသော နံ့သာတို့ဖြင့် ထုံအပ်သော ခန်းတိုက်တို့၌လည်းကောင်း ပဋိသန္ဓေ မနေရသည်သာ ဖြစ်၏။ စင်စစ်သော်ကား အမိစားသော အစာသစ်ကို ရှက်၍ အစာဟောင်းကို ထိုင်၍ အမိဝမ်းရေ ကျောက်ကုန်းရိုးတို့၏ အလယ်၌ဖြစ်သော လွန်စွာကျဉ်းမြောင်းသော ထက်လှစွာသော အမိုက်တို့ဖြင့် ဖုံးလွှမ်းအပ်သည်ဖြစ်၍ အထူးထူးအပြားပြားသော အပုပ်နံ့တို့ဖြင့် ထုံအပ်သော လွန်စွာ မကောင်းသော အနံ့တို့ဖြင့် ထုံမွှမ်းအပ်သည်ဖြစ်၍ လွန်စွာစက်ဆုပ်ဖွယ်ရှိသော ဝမ်းအရပ်၌ အမဲပုပ်, ငါးပုပ်, မုယောမုန့်, တန်စီးအိုး-အစရှိသည်တို့၌ ပိုးလောက်ကဲ့သို့ဖြစ်၍ ပဋိသန္ဓေ နေရ၏။

အမိဝမ်း၌ဖြစ်သော သတ္တဝါသည် ၁၀-လ, ၉-လတို့ပတ်လုံး အမိဝမ်း၌ ပဋိသန္ဓေ နေသဖြင့် မီးပူခြင်းလျှင် အကြောင်းရှိသော အငွေ့ကြောင့် ကျက်သော ထမင်းထုပ်ကဲ့သို့ ဖြစ်၍ ပြုတ်ဖြော်အပ်သော မုန့်ညက်စိုင်ကဲ့သို့ ပြုတ်ဖြော်လျက် လွန်စွာသော ဒုက္ခကို အဖန်တလဲလဲ ခံစားရ၏။ ဤသို့ ဆိုအပ်ခဲ့ပြီးသည်ကား အမိဝမ်းတွင်းသို့ ရှေးဦးစွာ သက်ဝင်သကဲ့သို့ဖြစ်၍ **ပဋိသန္ဓေနေရခြင်းလျှင် အရင်းရှိသော ဒုက္ခမည်၏။**

ထိုအမိဝမ်း၌ ပဋိသန္ဓေသော သတ္တဝါတို့သည် အမိသည် အဆောတလျင် လျှောက်ခြင်း, သွားခြင်း, ထိုင်ခြင်း, ထိုမှ,ဤမှ ကိုယ်ကို ပြန်၍ပြန်၍ လူးလဲခြင်း-အစရှိသည်တို့၌ သေသောက်ကြူးတို့၏လက်သို့ ရောက်သော ဆိတ်သူငယ်ကဲ့သို့လည်းကောင်း၊ အလမ္ပာယ်သမားတို့၏ လက်သို့ရောက်သော မြွေကဲ့သို့လည်းကောင်း၊ ရှေ့သို့ ငင်ခြင်း, နောက်သို့ ငင်ခြင်း, ထက်ဝန်းကျင်အရပ်သို့ ငင်၍ ရပ်ခြင်း-စသည်တို့ဖြင့် လွန်စွာသော ဒုက္ခတို့ကို အဖန်တလဲလဲ ခံစားရ၏။

အမိသည် ချမ်းအေးသောရေကို သောက်သောကာလ လောကန္တရိက်ငရဲ၌ ခံရသကဲ့သို့လည်းကောင်း၊ ပူသော ယာဂုထမင်း-အစရှိသော အစာအာဟာရကို စားသောအခါ မီးကျီးဖြင့် ဖြန့်ဘိသကဲ့သို့လည်းကောင်း၊ အငန်,အချဉ်, အဖန်,အခါး-အစရှိသော အရသာတို့ကို စားသောက်သောအခါ ခါရာပဋိစ္စကမည်သော ညှဉ်းဆဲခြင်းသို့ ရောက်သောသူကဲ့သို့ လည်းကောင်း ထက်လှစွာသော ဆင်းရဲကို အဖန်တလဲလဲ ခံစားရ၏။ ဤသည်ကား ကိုယ်ဝန်ဆောင်ခြင်းလျှင် အရင်းရှိသော ဒုက္ခမည်၏။

ထိုအမိဝမ်း၌ ပဋိသန္ဓေနေသောသူအား မသင့်မတင့်သော အကြောင်းကြောင့် ကိုယ်ဝန်ပျက်စီးသဖြင့် မိဘပေါက်ဖော် ဆွေမျိုးဉာတကာအပေါင်းတို့သည် မြင်ခြင်းငှာ မထိုက်သော ဒုက္ခဖြစ်ရာ၌ ပြတ်ခြင်း,ကွဲခြင်း အစရှိသော ဒုက္ခသည် ဖြစ်၏။ ဤသည်ကား

မသင့်မတင့်သော အကြောင်းကြောင့် **ကိုယ်ဝန်၏ ပျက်ခြင်းလျှင် အကြောင်းရှိသော ဒုက္ခ** မည်၏။

သူငယ်ကို ဖွားသော မိခင်၏ ကမ္မဇလေတို့သည် ခြေ,ဦးခေါင်းကို အောက်,အထက် ပြန်လှန်အပ်သည်ဖြစ်၍ အသူတရာမက နက်လှစွာသော ချောက်ကမ်းပါးသို့ အလွန် ကြောက်မက်ဖွယ်ရှိသော ယောနိဝသို့ ကျလေသော် သူငယ်အား လွန်စွာ ကျဉ်းမြောင်းသော ယောနိဝဖြင့် သံကောက်ကွင်းသို့ ဆင်ပြောင်ကြီးကို ငင်၍ ဆွဲသကဲ့သို့လည်းကောင်း, ငရဲသူ သတ္တဝါတို့ကို တောင် ၂-လုံးဆိုင်၍ ကြိတ်ဘိသကဲ့သို့လည်းကောင်း အရိုး,အသား ထွားထွား ညက်ညက် ကြေအံ့သကဲ့သို့သော ဒုက္ခသည် ဖြစ်၏။ ဤသည်ကား **ဖွားခြင်းလျှင် အရင်းရှိသော ဒုက္ခ**မည်၏။

အမိဝမ်းမှ ဖွားစဖြစ်သော သူငယ်အား အလွန်ကြမ်းသော လက်တို့ဖြင့် ကိုင်ခြင်း, ရေချိုးခြင်း, ဆေးကြောသုတ်သင်ခြင်း, ပုဆိုးဖြင့် ဆုပ်နယ်ခြင်း-အစရှိသည်တို့ကို ပြုသော အခါ အပ်သွားဖြင့်လည်းကောင်း၊ ဓားငယ်ဖြင့်လည်းကောင်း ထိုးသည်, ခွဲသည်နှင့်တူသော ဒုက္ခသည် ဖြစ်၏။ ဤသည်ကား **အမိဝမ်းမှ အပသို့ ရောက်ခြင်းလျှင် အကြောင်းရှိသော ဒုက္ခ** မည်၏။

သူတပါးမှ သတ်ခြင်း, ဖြတ်ခြင်း, နှောင်ဖွဲ့ခြင်း-အစရှိသော အကြင်ဆင်းရဲသည် ဖြစ်၏။ ဤဆင်းရဲသည်လည်း ဇာတိအကြောင်းရှိသောကြောင့်သာလျှင် ဖြစ်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ဒုက္ခအပေါင်းသည်လည်းကောင်း, ဤမှ ကြွင်းသော ဇရာ-အစရှိသော ဒုက္ခသည်လည်းကောင်း ဇာတိမဖြစ်လျှင် မရှိရာ။ ဇာတိ-အစရှိသော အကြောင်းကြောင့်သာ ဖြစ်၏။ ထို့ကြောင့် ဤဇာတိကို ဒုက္ခအပေါင်းတို့၏ ရှေးဦးစွာ သတ္တဝါတို့အား အလွန်ထင်ရှားစွာ သိစေခြင်းအကျိုးငှာ "ဇာတိပိ ဒုက္ခာ"ဟူ၍ ဟောတော်မူသည်။

ဇရာသည်လည်း အကြောင်းတရားတို့သည် ပြုပြင်အပ်သည်ဖြစ်၍ စိတ်,စေတသိက်, ရုပ်တရားတို့၏ ရှေးဦးစွာ သတ္တဝါတို့အား ဥပါဒ်, ဋ္ဌီ, ဘင်အားဖြင့် ရင့်ခြင်း၊ ဟောင်းခြင်းသို့ ရောက်သော **သခ်တဇရာ**၊ ဆံဖြူခြင်း, သွားကျိုးခြင်း အစရှိသည်ဖြင့် သမုတ်အပ်သော တစ်ခုသောဘဝ၌ အကျုံးဝင်သော ခန္ဓာတို့၏ ဟောင်းသောအဖြစ်-ဟု ဆိုအပ်သော သမ္မုတိ ဇရာအားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင် ဇာတိဇရာသည်သာလျှင် သတ္တဝါတို့၌ အလွန်ထင်ရှားသောကြောင့် သမ္မုတိဇရာကိုသာလျှင် "ဇရာပိ ဒုက္ခာ"ဟူ၍ ဟောတော်မူ သည်။

မရဏသည်လည်း သမုစ္ဆေဒမရဏ, ခဏမရဏ, သမ္မုတိမရဏ, ဥပက္ကမမရဏ, အာယုက္ခယမရဏ, ကမ္မက္ခယမရဏ, ဥဘယက္ခယမရဏ-အစရှိသောအားဖြင့် များသော အပြားရှိ၏။ ထိုမရဏတွင် သမုစ္ဆေဒမရဏ, ခဏမရဏကို ထား၍ အလုံးစုံသော မရဏကို ပေါင်း၍ ထင်ရှားရှိသောဘဝမှ ရွေ့လျောသောအားဖြင့် ပစ္စုပ္ပန်အာယု၏ အဆုံးဖြစ်၍ဖြစ်သော သေခြင်းကိုသာလျှင် သတ္တဝါတို့၌ ထင်ရှားသောကြောင့် "မရဏမ္ပိ ဒုက္ခံ"ဟူ၍ ဟောတော်မူသည်။

သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့တွင် ဆွေမျိုးတို့၏ ပျက်စီးခြင်း အစရှိသည်တို့ဖြင့် တွေ့အပ်သောသူအား နှံ့သော အဟုန်ရှိသော မီးကြောင့် အိုး၏အတွင်း၌ ဆူသော ရေကဲ့သို့ အားနည်းသော ဒေါသသည် သောက မည်၏။ ပြင်းပြထက်သန်သော မီးဟုန်ကြောင့် ကျိုက်ကျိုက်ဆူ၍ အိုး၏အပသို့ လျှံ၍ကျသော ရေကဲ့သို့ ပြင်းပြစွာ နှိပ်စက်ခြင်းကြောင့် ရင်တီးလတ်ခတ် ငိုမြည်တမ်းခြင်းသည် ပရိဒေဝ မည်၏။ အပသို့ လျှံ၍ကျခြင်းငှာ မလောက်သည်ဖြစ်၍ အပသို့ လျှံ၍ ကျသောရေ၏ အိုးတွင်း၌သာလျှင် ကုန်သည်တိုင်အောင် ဆူသကဲ့သို့ အလွန်ပင်ပန်းသည်ဖြစ်၍ ငိုမြည်တမ်းခြင်းငှာ မစွမ်းနိုင်သောအားဖြင့် လွန်စွာ ပင်ပန်းခြင်းသည် ဥပါယာယ မည်၏။ ထိုသောက, ပရိဒေဝ, ဥပါယာသတို့ဖြင့် နှိပ်စက်အပ်သော သတ္တဝါတို့အား အခါမပြတ် ဒုက္ခ, ဒေါမနဿ-တည်းဟူသော နှိပ်စက်ခြင်း ခြံရံ၍ ဖြစ်လေ၏။ ထို့ကြောင့် "သောကပရိဒေဝဒုက္ခဒေါမနဿဥပါယာသာပိ ဒုက္ခာ"ဟူ၍ ဟောတော်မူသည်။

မချစ်မနှစ်လိုအပ်သော သူတို့နှင့် အတူတကွနေရခြင်း, ချစ်နှစ်လိုအပ်သောသူတို့နှင့် ကွေကွင်းရခြင်းသည်လည်း ဒုက္ခ၏အကြောင်း ဖြစ်သောကြောင့် ဒုက္ခသစ္စာ မည်၏။ ထို့ကြောင့် "အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော"ဟူ၍ ဟောတော်မူသည်။

အကြင်သတ္တဝါတို့သည် တောင့်တ၍မရထိုက်သော ဝတ္ထုကို တောင့်တ၍ မရခြင်းကြောင့် ဒုက္ခဒေါမနဿသည် ဖြစ်၏။ ထို့ကြောင့် "ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ"ဟူ၍ ဟောတော်မူသည်။

အကျဉ်းအားဖြင့် ဥပါဒါနက္ခန္ဓာတရား ၅-ပါးတို့သည် ဒုက္ခသစ္စာ မည်၏။

အဘယ်ကြောင့် မည်လေသနည်းဟူမူကား မိမိသည် သဘောအားဖြင့် ဒုက္ခသစ္စာ ဖြစ်သောကြောင့်လည်းကောင်း၊ ဇာတိ-အစရှိသော ဒုက္ခအပေါင်းကို ဘုရားသခင်သည် ဟောတော်မူ၏။ ထိုဇာတိ-အစရှိသော ဒုက္ခအပေါင်းတို့သည် နှိပ်စက်လေသောကြောင့်လည်းကောင်း ဒုက္ခသစ္စာမည်၏။

လောကူပမာ ဆိုသည်ရှိသော်ကား အခိုးအလျှံနှင့်တကွဖြစ်သော မီးသည် သစ်စိမ်း, သစ်ခြောက်-စသော မီးစာကို နှိပ်စက်သကဲ့သို့လည်းကောင်း၊ လေး, မြား လက်နက်တို့သည် စက်ဝန်းအမှတ်ကို နှိပ်စက်သကဲ့သို့လည်းကောင်း၊ ဖြုတ်,ခြင်, ယင်ရဲ-အစရှိသော သတ္တဝါကို့သည် နွား,ကျွဲအပေါင်းကို နှိပ်စက်သကဲ့သို့လည်းကောင်း၊ ကောက်ပင်ကို ရိတ်သော ယောကျ်ားသည် ကောက်ပင်ကို နှိပ်စက်သကဲ့သို့လည်းကောင်း၊ ရွာဖျက်ခိုးသူသည် ရွာကို ဖျက်ဆီးနှိပ်စက်သကဲ့သို့လည်းကောင်း ဇာတိ-အစရှိကုန်သော တရားတို့သည် အထူးထူး အပြားပြားသော အရာတို့ဖြင့် ဥပါဒါနက္ခန္ဓာတို့ကို နှိပ်စက်လေကုန်၏။

ထိုသို့ နှိပ်စက်ခြင်းသည်လည်း သစ်ပင်, နွယ်မြက်-စသည်တို့သည် မြေ၌သာ ဖြစ်သကဲ့သို့လည်းကောင်း၊ အပွင့်,အသီး,အရွက်,အညွန့်တို့သည် သစ်ပင်၌သာ ဖြစ်သကဲ့သို့ လည်းကောင်း ထို့အတူ ဇာတိ-အစရှိသော သဘောတရားတို့သည်လည်း ဥပါဒါနက္ခန္ဓာ ၅-ပါးတို့၌ နှိပ်စက်လေ၏။ အထူးထူးသော အရပ်မျက်နှာ၌ဖြစ်သော သမုဒ္ဒရာ ၄-စင်း၌ တည်သောရေကို ကမ်းနားသို့ ရောက်သော ယောကျ်ားသည် တစ်ကျိုက်သောက်ရသဖြင့် ဆားငန်အရသာရှိသည်သာတည်း-ဟု အလုံးစုံကို အကုန်အစင်သိရသကဲ့သို့ ဥပါဒါနက္ခန္ဓာ ၅-ပါးတို့သည် ဒုက္ခသစ္စာတည်း-ဟု အကျဉ်းအားဖြင့် ဟောတော်မူသည်ရှိသော် ထို ၃-ပါး၌*(ဇာတိ,ဇရာ,မရဏ ၃-ပါး၌)* အထူးထူးအပြားပြားဖြစ်ကုန်သော စကြာမင်း, သိကြားမင်း, ဗြဟ္မာမင်း-အစရှိသော သတ္တဝါတို့၏ ခန္ဓာတို့သည် ဒုက္ခသစ္စာတည်း-ဟု အကုန်အစင် မြင်လေရာ၏။ ထို့ကြောင့် "**သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ**"ဟူ၍ ဟောတော်မူသည်။

## ၂။ သမုဒယသစ္စာ

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အထူးထူးအပြားပြား များလှစွာသော ဒုက္ခတို့ကို ပေါင်းရုံး၍ ဟောတော်မူအပ်သော ဒုက္ခသစ္စာသည် အဘယ်အကြောင်းကြောင့် ဖြစ်လေသနည်း-ဟု တွေးတောယုံမှားခြင်း ရှိကုန်သော လူ,နတ်,ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဝိစိကိစ္ဆာဉာဏ်ကို ဖျောက်၍ "ဒုက္ခသစ္စာသည် သမုဒယသစ္စာ တဏှာ-ဟူသော အကြောင်းကြောင့်သာ ဖြစ်၏"ဟု သိစေခြင်းငှာ ဒုက္ခသစ္စာ၏ အခြားမဲ့၌–

**ကတမံ စ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာ'ယံ တဏှာ ပေါနောဗ္ဘဝိကာ။**

အစရှိသော သမုဒယသစ္စာ ဒေသနာတော်မြတ် (သံ၊၃။၃၆၉။)ကို ဟောတော်မူသည်။ ထိုသမုဒယသစ္စာသည်–

- တရားကိုယ်အားဖြင့် လောဘစေတသိက် ၁-ပါးသာတည်း။

- ဒိဋ္ဌိနှင့် ယှဉ်,မယှဉ်အားဖြင့် ၂-ပါးအပြားရှိ၏။
- ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာအားဖြင့် ၃-ပါးအပြားရှိ၏။
- ၄-ပါးသော မဂ်ဉာဏ်သည် ပယ်အပ်သောအားဖြင့် ၄-ပါးအပြားရှိ၏။
- ရူပါရုံ-စသော ကာမဂုဏ် ၅-ပါးတို့၌ တပ်တတ်သောအားဖြင့် ၅-ပါးအပြားရှိ၏။
- ဆတဏှာကာယအားဖြင့် ၆-ပါးအပြားရှိ၏။
- တဏှာဝိစရိုက်အားဖြင့် ၁၀၈-ပါးအပြားရှိ၏။

ဤအလုံးစုံကို ပေါင်း၍ သမုဒယသစ္စာကို ပြတော်မူ၏။

## ၃။ နိရောဓသစ္စာ

ထိုသစ္စာ ၂-ပါးတို့သည် အဘယ်အရပ်၌ငြိမ်းလေသနည်း-ဟု ဉာဏဒဿန ဉာဏ်ဖြင့် ပူပန်ခြင်းရှိကုန်သော အမျိုးသားတို့၏အကျိုးငှာ ထိုသစ္စာ ၂-ပါးတို့၏အခြားမဲ့၌-

**ကတမံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။**(သံ၊၃။၃၆၉။)

ဟူသည်ဖြင့် နိဗ္ဗာန်-ဟူသော နိရောဓသစ္စာ ဒေသနာတော်ကို ဟောတော်မူသည်။

## ၄။ မဂ္ဂသစ္စာ

ထိုနိဗ္ဗာန်ကို အဘယ်အကြောင်းဖြင့် ရောက်ပါအံ့နည်း-ဟု ဝီရိယာရမ္ဘရှိကုန်သော အမျိုးကောင်းသားတို့အား နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော ပဋိပတ္တိနည်းကို ပြတော်မူလို သည်ဖြစ်၍ နိရောဓသစ္စာ၏ အခြားမဲ့၌-

**ကတမံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။** (သံ၊၃။၃၆၉။)

အစရှိသည်ဖြင့် မဂ္ဂသစ္စာ ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ဤသို့ ဆိုအပ်ခဲ့ပြီးသော သစ္စာ ၄-ပါးတို့တွင်—

- ဒုက္ခသစ္စာသည် လေးလံစွာသော ဝန်နှင့် တူ၏။
- သမုဒယသစ္စာသည် ဝန်ကို ပေးတတ်သောယောက်ျားနှင့် တူ၏။
- နိရောဓသစ္စာသည် ဝန်ကို ချရာအရပ်နှင့် တူ၏။
- မဂ္ဂသစ္စာသည် ဝန်ကို ချရခြင်းအကြောင်းနှင့် တူ၏။

တနည်း–

- ဒုက္ခသစ္စာသည် ဤမှာဘက်ကမ်းနှင့် တူ၏။
- သမုဒယသစ္စာသည် အလျဉ်ထန်စွာ စီးသော မြစ်သမုဒ္ဒရာနှင့် တူ၏။
- နိရောဓသစ္စာသည် ထိုမှာဘက်ကမ်းနှင့် တူ၏။
- မဂ္ဂသစ္စာသည် ထိုမှာဘက်ကမ်းသို့ ရောက်ကြောင်းဖြစ်သော လှေသင်္ဘောနှင့် တူ၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော သစ္စာ ၄-ပါးတို့တွင် သမ္မာဒိဋ္ဌိ-အစရှိသော မဂ္ဂသစ္စာ အပေါင်း၌–

- **သမ္မာဒိဋ္ဌိတည်းဟူသော ပညာသည် ရွှေပန်းထိမ်သည်၏ မျက်စိနှင့် တူ၏။**
- **သမ္မာသင်္ကပ္ပတည်းဟူသော ဝိတက်သည် ရွှေပန်းထိမ်သည်၏ လက်နှင့် တူ၏။**
- **သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ-ဟု ဆိုအပ်သော ဝိရတီ ၃-ပါးသည် ဆပ်ပြာ စသော အငန်ရည်နှင့် တူ၏။**
- **သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိတရား ၃-ပါးသည် ပန်းတောဥယျာဉ်သို့ ဝင်၍ ပန်းပွင့်ကို ဆွတ်ယူသော လူ ၃-ယောက်နှင့် တူ၏။**

အဘယ်သို့ တူသနည်းဟူမူကား ရွှေပန်းထိမ်သည်လည်း မျက်စိဖြင့် ရွှေ, ငွေ, အသပြာ-စသည်တို့ကို မြင်ကား မြင်တတ်၏။ ထိုမှ,ဤမှ အောက်,အထက် ပြန်လှန်၍ မယူတတ်။ လက်သည် ထိုမှ,ဤမှ အောက်,အထက်ပြန်လှန်၍ ပေးမှသာလျှင် အလုံးစုံ ထက်ဝန်းကျင် အကြွင်းမရှိ မြင်တတ်သကဲ့သို့ ထို့အတူ သမ္မာသင်္ကပ္ပမဂ္ဂင်တည်းဟူသော ဝိတက်သည် ဝိပဿနာ-စသော ကမ္မဋ္ဌာန်းအာရုံသို့ ရှေးရှုတင်၍ ပေးမှသာလျှင် ထိုကမ္မဋ္ဌာန်း အာရုံ၌ အနိစ္စ-အစရှိသော သဘောကိုလည်းကောင်း၊ အကြောင်းဟုတ်သည်, မဟုတ်သည် အကျိုးရှိသည်,မရှိသည်ကို(*လည်းကောင်း*) ဟုတ်မှန်တိုင်း သိတတ်,မြင်တတ်၏။ ထို့ကြောင့် သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပတို့သည် ရွှေပန်းထိမ်သည်၏ မျက်စိ, လက်နှင့် တူသောအဖြစ်ကို ပြတော်မူသည်။

ဆပ်ပြာ-စသော အငန်ရည်သည် အဝတ်ပုဆိုး-စသည်တို့၌ရှိသော အညစ်အကြေး ကို ဆေးလျှော်စင်ကြယ်စေတတ်သကဲ့သို့ သမ္မာဝါစာ-စသော ဝိရတီ ၃-ပါးတို့သည်လည်း သတ္တဝါတို့၏ ကာယဒုစရိုက်-အစရှိသော အကုသိုလ်ကိလေသာအညစ်အကြေးတို့ကို ဆေးလျှော်စင်ကြယ်စေတတ်သောကြောင့် ဆပ်ပြာအငန်ရည်-စသည်နှင့် တူ၏။

ပန်းတောဥယျာဉ်သို့ ဝင်သော ၃-ယောက်သော လူတို့တွင် ၁-ယောက်သောသူသည် ပန်းပွင့်ကို ဆွတ်ယူစိမ့်သောငှာ အဆင့်ကို ပေး၏။ ၁-ယောက်သောသူသည် ပန်းကို ဆွတ်ယူအံ့သောငှာ ထိုသူ၏အပေါ်မှ ရပ်၍ တုန်လှုပ်လျက် တည်စေ၏။ ၁-ယောက်သောသူသည် အနီး၌ ရပ်လာ၏။ ထိုသူ၏ ပခုံးစွန်းကို ကိုင်၍ ငြိမ်သက်စွာ အလိုရှိတိုင်း ပန်းပွင့်တို့ကို ဆွတ်ယူ၍ နက္ခတ်သဘင်ကို အလိုရှိတိုင်း ကစားလေရာ၏။

ထိုဥပမာ၌–

- ၃-ယောက်သော အဆွေခင်ပွန်းကဲ့သို့ သမ္မာဝါယာမ-အစရှိသော မဂ္ဂင် ၃-ပါးကို မှတ်ရာ၏။
- ပင်လုံးကျွတ် အပွင့်နှင့်ပြည့်စုံသော ပန်းပင်ကဲ့သို့ ကမ္မဋ္ဌာန်း-စသော အာရုံကို မှတ်ရာ၏။
- မိမိကိုယ်တိုင် လက်ကိုဆန့်၍ ပန်းပွင့်ကို ဆွတ်အံ့သောငှာ မတက်နိုင်သော ယောက်ျားကဲ့သို့ မိမိသဘောအားဖြင့် အာရုံသို့ သက်ဝင်၍ကျခြင်းငှာ သမ္မာသမာဓိ သည် မတတ်နိုင်။ ကျောက်ကုန်းကို ညွတ်၍ ပေးတတ်သော ယောက်ျားကဲ့သို့ သမ္မာ-ဝါယာမသည် အဆင့်ပေးသောအားဖြင့် ထောက်ပံ့ခိုင်စေသည်ရှိသော်–
- ပခုံးစွန်းကို ကိုင်စိမ့်သောငှာ ပေးတတ်သော ယောက်ျားကဲ့သို့ သမ္မာသတိသည် မမေ့မလျော့စေခြင်းကိစ္စကို ပြီးစေလျက် အလိုအတိုင်း ပန်းပွင့်ကို ဆွတ်ယူတတ်သော ယောက်ျားကဲ့သို့ သမ္မာသမာဓိသည် ကမ္မဋ္ဌာန်းအာရုံတို့၌ လွန်စွာသက်ဝင်၍ တည်ကြည်ခြင်းသို့ ရောက်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော သစ္စာ ၄-ပါးတရားတို့ကို သိစေခြင်းငှာ မနေမနား အားထုတ်၍ သမ္မာဒိဋ္ဌိ-အစရှိသည်ဖြင့် ပဋိပတ်ကို ဖြည့်ကျင့်ဆည်းပူးကုန်ရာသည်။ ဖြည့်ကျင့်ဆည်းပူးရသော်သာလျှင် သစ္စာ ၄-ပါးတရားတို့ကို ထိုးထွင်း၍ သိရာ၏။

ထိုသို့ သိခြင်းသည်လည်း အနုဗောဓ, ပဋိဗောဓအားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင် ဘုရားသခင်ဟောတော်မူအပ်သော ပိဋကတ် ၃-ပုံ၌ သစ္စာ, ခန္ဓာ, အာယတန, နာမ်, ရုပ်-စသည်နှင့်စပ်သော တရားတော်ကို သင်ခြင်း, နာခြင်း, ဆွေးနွေးမေးမြန်းခြင်း သဘောလက္ခဏာအဓိပ္ပါယ်တို့ကို စူးစမ်းဆင်ခြင်ခြင်း-စသည်တို့ဖြင့် ရအပ်သော ပရိယတ္တိဉာဏ်မှ အစဉ်လျှောက်၍–

- ဤတရားသည်ကား ဒုက္ခသစ္စာ ဖြစ်သည်၊

- ဤတရားသည်ကား သမုဒယသစ္စာ ဖြစ်သည်၊
- ဤတရားသည်ကား နိရောဓသစ္စာ ဖြစ်သည်၊
- ဤတရားသည်ကား မဂ္ဂသစ္စာ ဖြစ်သည်–

ဟု ဆင်ခြင်၍ သိခြင်းသည် **အနုဗောဓဉာဏ်**ဖြင့် သစ္စာ ၄-ပါးတရားတို့ကို သိသည် မည်၏။

နီမြန်းသော ကမ္ဗလာအပြင်၌ ထားအပ်သော ပတ္တမြားစစ်ကို မျက်စိအမြင်နှင့် ပြည့်စုံသောယောကျ်ားသည် ထင်ထင်တပ်တပ် မြင်သည်ထက် ဆထက်ထောင်,ရာ လွန်ကဲ၍ အရိယမဂ်ဉာဏ် ၄-ပါးဖြင့် မဖောက်မပြန် သစ္စာ ၄-ပါးတရားတို့ကို မြင်ခြင်းသည် **ပဋိဝေဓဉာဏ်**ဖြင့် မြင်သည် မည်၏။

**စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ ဉာဏာယ သတ္ထာ ပဋိယေသိတဗ္ဗော။**

အစရှိသည်ဖြင့် ၄-ကြိမ်တိုင်တိုင် ဘုရားသဗ္ဗညု ဟောတော်မူသောကြောင့် ၂-ပါးသော အနုဗောဓ, ပဋိဗောဓဉာဏ်တို့ဖြင့် သစ္စာ ၄-ပါးတရားတို့ကို သိလိုသော အမျိုးကောင်းသားတို့သည် သစ္စာ ၄-ပါးတရားတို့ကို ပြတတ်သော ဆရာကို အရေးတကြီး ရှာမှီးရာ၏။ ရှာမှီး၍ ရသဖြင့် ထိုဆရာသည် မိမိအထံသို့ ရောက်လာသော တပည့်အား "သင်သည် သစ္စာ ၄-ပါးတို့ကို သိလို၍ ရောက်လာ၏။ သင်သည် အသက် ၁၀၀-ရှည်လတ္တံ့။ အသက် ၁၀၀-ရှည်လတ္တံ့သော သင့်အား နံနက်, မွန်းတည့်, ညချမ်းအခါ ၃-ပါးတို့၌ ၁-နေ့ကို ကြီးမင်းထက်မြက်လှစွာသော လှံဖြင့် အကြိမ်-၃၀၀၊ ၃၀၀-ရင်ဝကို ထိုးကုန်မည်။ အသက် ၁၀၀-ဆုံးသောကာလ သစ္စာ ၄-ပါးတို့ကို ငါသည် သင့်အား သိမြင်အောင် ပြအံ့"ဟု ဆိုလေရာ၏။ ထိုသို့ ဆိုသည်ရှိသော် ကိုယ်ကျိုး, ကိုယ့်စီးပွါးကို အလိုရှိသော အမျိုးကောင်းသားသည် ဝမ်းမြောက်ဝမ်းသာ ကြည်လင်ရွှင်လန်းသောစိတ်ဖြင့် သူတပါးတို့၏ ရှေးဦးစွာ ခံခြင်းငှာ သင့်မြတ်သောအဖြစ်ကို ပြတော်မူသည်။

အဘယ်ကြောင့် ခံသင့်သနည်းဟူမူကား "ဘဝများစွာ ကမ္ဘာအဆက်ဆက် ဓားဖြင့် ခုတ်၍လည်းကောင်း, လှံဖြင့် ထိုး၍လည်းကောင်း သေရခြင်းသည် မရေတွက်နိုင်အောင် များလှ၏။ ဘဝအားဖြင့်လည်းကောင်း, ကမ္ဘာအားဖြင့်လည်းကောင်း အဆုံးအပိုင်းအခြား မရှိသည်သာ ဖြစ်၏။ ယခုမှာကား ဘဝအားဖြင့် ၁-ဘဝမျှသာဖြစ်၍ အပိုင်းအခြားရှိလေပြီ။ လှံချက်သည်လည်း ၁-နေ့ကို ၃၀၀-မျှသာ အပိုင်းအခြားရှိလေပြီ"ဟု နှလုံးသွင်း၍ ကိုယ်ကျိုး, ကိုယ့်စီးပွါးကို အလိုရှိသော အမျိုးသားသည် ဝမ်းမြောက်ဝမ်းသာ ကြည်လင်ရွှင်လန်းသော စိတ်ကို သူတပါးတို့၏ ရှေးဦးစွာ ခံခြင်းငှာ ထိုက်သောအဖြစ်ကို ပြတော်မူသည်။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သစ္စာ ၄-ပါး တရားတို့၌ သိသောသူအား ရှည်မြင့်စွာသော သံသရာကာလပတ်လုံး ကျင်လည်ခြင်းကြောင့် ဖြစ်သော ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခ, သဉ္စရဒုက္ခ, ဝိပရိဏာမဒုက္ခ, ပါကဋဒုက္ခ, အပါကဋဒုက္ခ, ပရိယာယဒုက္ခ, အပ္ပဋိစ္ဆန္နဒုက္ခ, အပါယဒုက္ခ-အစရှိသော ဒုက္ခအပေါင်းသည် မဖြစ်ကုန်ရာ။ မသိခြင်းကြောင့်သာ ဖြစ်ကုန်၏။ ။ ထို့ကြောင့်—

**စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။**

အစရှိသည်ဖြင့် ဟောတော်မူသည်။ ဤသည်ကား သစ္စာ ၄-ပါးနှင့်ယှဉ်သော သုတ္တန်ဒေသနာတော် ဖြစ်သည်။ (မဟာဝဂ္ဂသံယုတ်ပါဠိတော်၊နှာ-၃၉၆-၃၇၇။ ရင်းအဋ္ဌကထာ၊နှာ-၃၂၉။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊၂။၁၂၉-၁၄၇။)

★★★★★★★

## [ ၁၂ ] သပ္ပုရိသူပနိဿယကို အမှီပြု၍ မဂ္ဂင်တရားဖြစ်ပွါးခြင်းအကြောင်းတရား

အလုံးစုံသောတရားအပေါင်းတို့ကို သိတော်မူပြီးသော ဘုရားသခင်သည် တရံရောအခါ သက္ကတိုင်း၊ ကပိလဝတ်ပြည်၊ သာကီဝင်မင်းသားတို့၏ သက္ကရမည်သော (နဂရကမည်သော) နိဂုံးသည် ရှိ၏။ ထိုနိဂုံး၌ သီတင်းသုံး၍ နေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ အရှင်အာနန္ဒာ သည် ဘုရားသခင်အထံတော်သို့ ချဉ်းကပ်လေ၍ တင့်အပ်သောအရပ်၌ နေပြီးသော် အလွန်ရိုသေစွာ ရှိခိုး၍—

**ဥပဍ္ဎမိဒံ ဘန္တေ ဗြဟ္မစရိယံ ယဒိဒံ ကလျာဏမိတ္တတာ ကလျာဏသဟာယတာ ကလျာဏသမ္ပဝင်္ကတာ။** (သံ၊၃။၂။)

ဟူသော ပါဠိဖြင့် "ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ အကြင်ကလျာဏမိတ္တတည်းဟူသော အဆွေခင်ပွန်းသို့ နှလုံးအကျွမ်းဝင်သည်ဖြစ်၍ အဆွေခင်ပွန်းတည်းဟူသော အပေါင်းအဖော်ရှိသည်၏အဖြစ်သည် အရိယမဂ်တည်းဟူသော မြတ်သောအကျင့်အား ထက်ဝက်အဖို့အားဖြင့် များသော ကျေးဇူးရှိပေသည်ဘုရား"ဟု လျှောက်ထားသည်။ ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည်—

**မာ ဟေဝံ အာနန္ဒ၊ မာ ဟေဝံ အာနန္ဒ။** (သံ၊၃။၂။)

ဟူသော ပါဠ်ဖြင့် "ငါ၏ချစ်သား ညီတော်အာနန္ဒာ၊ 'ကလျာဏမိတ္တသည် အရိယမဂ်တည်းဟူသော မြတ်သောအကျင့်အား ထက်ဝက်သော အဖို့ရှိ၏'-ဟူသော စကားကို သင်သည် မဆိုသင့်"ဟု တားမြစ်တော်မူပြီး၍—

**သကလမေဝိ'ဒံ အာနန္ဒ ဗြဟ္မစရိယံ၊ ယဒိဒံ ကလျာဏမိတ္တတာ။** (သံ၊၃။၂။)

ဟူသော ပါဠ်ဖြင့် "ငါ၏ချစ်သား ညီတော်အာနန္ဒာ၊ ကလျာဏမိတ္တသည် အရိယမဂ်တည်းဟူသော မြတ်သောအကျင့်သီတင်းအား အလုံးစုံသော အဖို့ရှိ၏"ဟူ၍ မိန့်တော်မူပြီးမှ-

**ကလျာဏမိတ္တဿေ'တံ အာနန္ဒ ဘိက္ခုနော ပါဋိကင်္ခံ ။ပ။ အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ဘာဝေဿတိ၊ အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ဗဟုလီကရိဿတိ။** (သံ၊၃။၂။)

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

အာနန္ဒ၊ အာနန္ဒာ။ ကလျာဏမိတ္တဿ၊ အဆွေခင်ပွန်းကောင်းနှင့် ပြည့်စုံသော။ ဘိက္ခုနော၊ ရဟန်းအား။ အရိယံ၊ မြတ်သော။ အဋ္ဌင်္ဂိကံ၊ အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော။ မဂ္ဂံ၊ မဂ်ကို။ ယံ ဘာဝေဿတိ၊ အကြင်ကြောင့် ပွါးစေနိုင်လတ္တံ့။ အရိယံ၊ မြတ်သော။ အဋ္ဌင်္ဂိကံ၊ အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော။ မဂ္ဂံ၊ မဂ်ကို။ ယံ ဗဟုလီကရိဿတိ၊ အကြင်ကြောင့် အကြိမ်များစွာ လေ့လာခြင်းကို ပြုနိုင်လတ္တံ့။ ဧတံ ဌာနံ၊ ထိုအကြောင်းကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။

အဓိပ္ပါယ်ကား "ငါ၏ချစ်သား ညီတော်အာနန္ဒာ၊ ကလျာဏမိတ္တနှင့် ပြည့်စုံသော ရဟန်းအား မြတ်သော အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော သမ္မာဒိဋ္ဌိ-စသော မဂ္ဂင် ၈-ပါး တရားကို အကြင်ကြောင့် ပွါးစေနိုင်လတ္တံ့။ အကြင်ကြောင့် အကြိမ်များစွာ အလေ့အလာ ပြုနိုင်လတ္တံ့။ ထိုအကြောင်းကို အလိုရှိအပ်၏။

အဘယ်သို့လျှင် ကလျာဏမိတ္တနှင့် ပြည့်စုံသော ရဟန်းသည် အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော သမ္မာဒိဋ္ဌိ-အစရှိသော မဂ္ဂင် ၈-ပါးတရားကို ပွါးစေနိုင်သနည်း၊ အကြိမ်များစွာ လေ့လာခြင်းကို ပြုနိုင်သနည်းဟူမူကား ဤသာသနာတော်၌ ကလျာဏမိတ္တနှင့် ပြည့်စုံသော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ်သော, နိဗ္ဗာန်လျှင် အာရုံရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိတည်းဟူသော မဂ္ဂင် ၈-ပါးတရားတို့ကို ပွါးစေနိုင်၏"ဟု ဟောတော်မူသည်။

ဤသို့လျှင် ကလျာဏမိတ္တကို အမှီပြု၍ မဂ္ဂင် ၈-ပါးတရားကို ပွါးစေနိုင်၏-ဟု ပြတော်မူပြီး၍ "ငါဘုရားသည် ဧကန်မချွတ် လူ,နတ်,ဗြဟ္မာ သတ္တဝါတို့၏ ကလျာဏမိတ္တ အစစ် ဖြစ်တော်မူ၏။ ငါဘုရားတည်းဟူသော ကလျာဏမိတ္တကို အမှီပြု၍ လူ,နတ်,ဗြဟ္မာ

သတ္တဝါတို့သည် မဂ္ဂင် ၈-ပါးတရားကို ပွါးစေ၍ ဇာတိ-အစရှိသော အလုံးစုံသော ဘေးတို့မှ ကင်းလွတ်လေကုန်၏"ဟု ဟောကြားညွှန်ပြ ဆုံးမတော်မူလိုသည်ဖြစ်၍—

**မမံ ဟိ အာနန္ဒ ကလျာဏမိတ္တံ အာဂမ္မ ဇာတိဓမ္မာ သတ္တာ ဇာတိယာ ပရိမုစ္စန္တိ၊ ဇရာဓမ္မာ သတ္တာ ဇရာယ ပရိမုစ္စန္တိ၊ မရဏဓမ္မာ သတ္တာ မရဏေန ပရိမုစ္စန္တိ၊ သောကပရိဒေဝဒုက္ခ-ဒေါမနဿုပါယာသဓမ္မာ သတ္တာ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသေဟိ ပရိမုစ္စန္တိ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (သံ၊၃။၃။)

အာနန္ဒ၊ အာနန္ဒာ။ ကလျာဏမိတ္တံ၊ ကလျာဏမိတ္တဖြစ်သော။ မမံ ဟိ မမံ ဧဝ၊ ငါဘုရားကိုသာလျှင်။ အာဂမ္မ၊ အကြောင်းပြု၍။ ဇာတိဓမ္မာ၊ ပဋိသန္ဓေနေခြင်းသဘောရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဇာတိယာ၊ ပဋိသန္ဓေနေခြင်းသဘောမှ။ ပရိမုစ္စန္တိ၊ လွတ်ကုန်၏။ ဇရာဓမ္မာ၊ အိုခြင်းသဘောရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဇရာယ၊ အိုခြင်းသဘောမှ။ ပရိမုစ္စန္တိ၊ လွတ်ကုန်၏။ မရဏဓမ္မာ၊ သေခြင်းသဘောရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ မရဏေန၊ သေခြင်းသဘောမှ။ ပရိမုစ္စန္တိ၊ လွတ်ကုန်၏။ သောကပရိဒေဝ-ဒုက္ခဒေါမနဿုပါယာသဓမ္မာ၊ စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာခြင်း, သက်ကြီးရှိုက်တငင် ပင်ပန်းခြင်းသဘောရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ သောကပရိဒေဝ-ဒုက္ခဒေါမနဿုပါယာသေဟိ၊ စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာခြင်း, သက်ကြီးရှိုက်တငင် ပင်ပန်းခြင်းသဘောတို့မှ။ ပရိမုစ္စန္တိ၊ လွတ်ကုန်၏။ (ဒုက္ခသ္မာ၊ ဆင်းရဲအပေါင်းမှ။ ပရိမုစ္စန္တိ၊ လွတ်ကုန်၏။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။)

ဤသို့လျှင် "ငါ၏ချစ်သား အာနန္ဒာ၊ ငါဘုရားတည်းဟူသော ကလျာဏမိတ္တသပ္ပုရိသကို အမှီပြု၍ ဇာတိ-အစရှိသော ဒုက္ခဓမ္မတို့သည် နှိပ်စက်အပ်ကုန်သော သတ္တဝါတို့သည် ဇာတိ, ဇရာ,ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ-အစရှိသော ဒုက္ခဓမ္မတို့မှ လွတ်ကုန်၏။

အကယ်၍ ငါဘုရားတည်းဟူသော ကလျာဏမိတ္တသပ္ပုရိသကို မပေါင်းဖော်, မမှီဝဲ, မဆည်းကပ်ရသည်ဖြစ်အံ့။ ၁-သင်္ချေနှင့် ကမ္ဘာ ၁-သိန်း ပါရမီကို ဖြည့်ပြီး၍ အဂ္ဂသာဝက ပါရမီအထွတ်သို့ ရောက်ပြီးသော သာရိပုတြာ, မောဂ္ဂလ္လာန်တို့သည်လည်း မဂ္ဂင် ၈-ပါးတရားတို့ကို မပွါးနိုင်ပေကုန်ရာ။ မပွါးနိုင်သည်ရှိသော် မဂ္ဂင် ၈-ပါးတရားတည်းဟူသော ဖြဟ္မစရိယကို မျက်မှောက်မပြုနိုင်ကုန်ရာ။ မပြုနိုင်ကုန်သည်ရှိသော် ဇာတိ-အစရှိကုန်သော ဒုက္ခဓမ္မတို့မှ မလွတ်နိုင်ပေကုန်ရာ။ ထို့ကြောင့် ကလျာဏမိတ္တသပ္ပုရိသသည် သမ္မာဒိဋ္ဌိ-အစရှိသော အရိယမဂ်တည်းဟူသော ဖြဟ္မစရိယကို ပွါးခြင်း,မျက်မှောက်ပြုခြင်း၌ အလုံးစုံအဖို့ရှိ၏။

ငါဘုရား၏ တပည့်ဖြစ်ကုန်သော သာဝကပါရမီအဆုံးသို့ ရောက်ကုန်ပြီးသော အသီတိမဟာသာဝကတို့မှ စ၍ ငါဘုရားသာသနာတော်တွင်း၌ မဂ်,ဖိုလ်ကို မျက်မှောက်ပြုကြရကုန်သော ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာတို့သည်လည်း ငါဘုရားတည်းဟူသော ကလျာဏမိတ္တသပ္ပုရိသကိုသာလျှင် အမှီပြု၍ သမ္မာဒိဋ္ဌိ-အစရှိသော အရိယမဂ္ဂင်ကို ပွါးစေကုန်၍ ထိုအရိယမဂ္ဂင်တို့ကို မျက်မှောက်ပြုရကုန်သည်ဖြစ်၍ ဇာတိ-အစရှိသော ဒုက္ခအပေါင်းတို့မှ လွတ်ကြလေကုန်၏။ ထို့ကြောင့်လည်း ကလျာဏမိတ္တသပ္ပုရိသသည် သမ္မာဒိဋ္ဌိ-အစရှိသော မဂ္ဂင် ၈-ပါးတည်းဟူသော အရိယမဂ် အကျင့်သီတင်းကို ကျင့်ရခြင်း၌ အလုံးစုံအဖို့ရှိ၏။

ကလျာဏမိတ္တသပ္ပုရိသကို မှီဝဲဆည်းကပ်ရခြင်းသည်, နေအရုဏ်တက်ခြင်းသည် နေထွက်ခြင်း၏ ပုဗ္ဗနိမိတ်ဖြစ်သကဲ့သို့ အရိယမဂ္ဂင် ၈-ပါးကို ပွါးများရခြင်း၏ နီးစွာသော အကြောင်းဖြစ်၏။

ထိုသို့ ဖြစ်ခြင်းသည်လည်း ဗဟိဒ္ဓသန္တာန်၌ ကလျာဏမိတ္တသပ္ပုရိသ, အဇ္ဈတ္တသန္တာန်၌ သီလနှင့်ပြည့်စုံသောသူအား ဖြစ်၏။

တနည်းလည်း ဗဟိဒ္ဓသန္တာန်၌ ကလျာဏမိတ္တသပ္ပုရိသ, အဇ္ဈတ္တသန္တာန်၌ ယောနိသောမနသိကာရ၊ ဤ ၂-ပါးတို့နှင့် ပြည့်စုံသောသူအား ဖြစ်၏။

တနည်းလည်း ဗဟိဒ္ဓသန္တာန်၌ ကလျာဏမိတ္တသပ္ပုရိသ, အဇ္ဈတ္တသန္တာန်၌ ပွါးလိုသောဆန္ဒ၊ ဤ ၂-ပါးတို့နှင့် ပြည့်စုံသောသူအား ဖြစ်၏။

တနည်းလည်း ဗဟိဒ္ဓသန္တာန်၌ ကလျာဏမိတ္တသပ္ပုရိသ, အဇ္ဈတ္တသန္တာန်၌ ပညာ၊ ဤ ၂-ပါးတို့နှင့် ပြည့်စုံသောသူအား ဖြစ်၏။

တနည်းလည်း ဗဟိဒ္ဓသန္တာန်၌ ကလျာဏမိတ္တသပ္ပုရိသ, အဇ္ဈတ္တသန္တာန်၌ သဒ္ဓါတရားနှင့်ယှဉ်၍ ကြည်လင်သော စိတ်ရှိခြင်း၊ ဤ ၂-ပါးတို့နှင့် ပြည့်စုံသောသူအား ဖြစ်၏။

ထို့ကြောင့် ဗဟိဒ္ဓသန္တာန်၌ ကလျာဏမိတ္တသပ္ပုရိသကို မှီဝဲဆည်းကပ်ရကုန်သော သူတို့အားလည်းကောင်း၊ အဇ္ဈတ္တသန္တာန်၌ သီလ, ယောနိသောမနသိကာရ-အစရှိသော တရားတို့နှင့် ပြည့်စုံသောသူတို့အားလည်းကောင်း အရိယမဂ်တရားကို ပွါးစေနိုင်ကုန်၏။

အဆုံးစွန်သော ကိုယ်၏အဖြစ်၌သာလျှင် ကလျာဏမိတ္တသပ္ပုရိသကို အမှီပြု၍ အရိယမဂ်တရားကို ပွါးများကြရသည် မဟုတ်သေး။ အကြင်မျှလောက်သော ကာလပတ်လုံး အရိယမဂ်ဉာဏ်ကို မရသေး၊ ထိုမျှလောက်သော ကာလပတ်လုံး ဝဋ်ဆင်းရဲ၌ ကျင်လည်ရ

ကုန်သော သတ္တဝါတို့သည် ကလျာဏမိတ္တသပ္ပုရိသကို အမှီပြု၍ အလှူပေးခြင်း, သီလ ဆောက်တည်ခြင်း, ဘာဝနာကို ပွါးစေခြင်း-အစရှိသော ကုသိုလ်တရားတို့ကို အားထုတ်ရ ကုန်သည်ဖြစ်၍ အပါယ်လားခြင်း, ခေါင်းပါးခြင်း, မွတ်သိပ်ခြင်း, အနာရောဂါ များခြင်း, အသက်တိုခြင်း, ဥစ္စာနည်းပါးခြင်း-အစရှိသော မကောင်းကျိုးတို့မှ ကင်းလွတ်၍ ကောင်းကျိုး အပေါင်းတို့ကို ပြည့်စုံစေတတ်၏။

ထိုသို့ ကလျာဏမိတ္တသပ္ပုရိသကို ပေါင်းဖော်ရခြင်းသည်လည်း ၁-ကြိမ် ပေါင်းဖော် မိသောသူအား များစွာသော လောကီ,လောကုတ္တရာ အကျိုးတို့ကို ဖြစ်စေတတ်၏။ အကြိမ် များစွာ ပေါင်းဖော်ရမှုကား ဆိုဖွယ်ရာ မရှိ။ များစွာသော လောကီ,လောကုတ္တရာ အကျိုး စီးပွါး ပြည့်စုံခြင်း၏အကြောင်း ဖြစ်၏။ အရိယမဂ်-ဟူသော အကျင့်ပဋိပတ်ကို ပွါးများရခြင်း ၏အကြောင်းဖြစ်၏။

အဘယ်ကြောင့်နည်းဟူမူကား—

**ဧကဓမ္မော ဘိက္ခဝေ ဗဟူပကာရော အရိယဿ အဋ္ဌင်္ဂိကဿ မဂ္ဂဿ ဥပ္ပါဒါယ။ ကတမော ဧကဓမ္မော။ ယဒိဒံ ကလျာဏမိတ္တတာ။** (သံ၊၃။ ၂၅။)

ဟူသော ပါဠိတော်နှင့်အညီ ဘုရား-အစရှိသော ကလျာဏမိတ္တသပ္ပုရိသနှင့် ပြည့်စုံသော သူ၏အဖြစ်သည်, အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော မြတ်သော အရိယမဂ္ဂင် ၈-ပါး၏ဖြစ်ခြင်းငှာ ကျေးဇူးများသော ၁-ခုသော အကြောင်းတရား ဖြစ်၏။

ကလျာဏမိတ္တသည် အရိယမဂ်အား ကျေးဇူးများသော အကြောင်းဖြစ်သကဲ့သို့ ထို့အတူ သီလနှင့်ပြည့်စုံခြင်းသည်လည်းကောင်း, သဒ္ဓါတရားနှင့်ယှဉ်၍ ကြည်လင်သော စိတ်နှင့် ပြည့်စုံခြင်းသည်လည်းကောင်း, ပညာနှင့် ပြည့်စုံခြင်းသည်လည်းကောင်း, မမေ့ မလျော့သော အပ္ပမာဒတရားနှင့် ပြည့်စုံခြင်းသည်လည်းကောင်း အရိယမဂ္ဂင်တရား ၈-ပါး၏ ဖြစ်ခြင်းငှာ များစွာကျေးဇူးရှိသော အကြောင်းဖြစ်၏။

ဤသို့လျှင် အပ္ပမာဒ-အစရှိကုန်သော တရားတို့သည် အရိယမဂ္ဂင်တရားတို့ကို ပွါးစေတတ်သောကြောင့် အလုံးစုံသော ကုသိုလ်တရားတို့ထက် မြတ်၏-ဟူ၍ ဆိုအပ်၏။ အဘယ်သို့ မြတ်၏-ဟု ဆိုအပ်သနည်းဟူမူကား အကြင်မျှလောက်ကုန်သော—

- အခြေမရှိသော သတ္တဝါ,
- အခြေ ၂-ချောင်းရှိသော သတ္တဝါ,
- အခြေ ၄-ချောင်းရှိသော သတ္တဝါ,
- များသောအခြေရှိသော သတ္တဝါ,
- ရုပ်ရှိသော သတ္တဝါ,
- ရုပ်မရှိသော သတ္တဝါ,

- သညာရှိသော သတ္တဝါ, - သညာမရှိသော သတ္တဝါ,
- သညာရှိသည်, မရှိသည်မဟုတ်သောသတ္တဝါ – တို့သည် ရှိကုန်၏။

ထိုသတ္တဝါတို့ထက် သဗ္ဗညုဘုရားသခင်ကို အမြတ်-ဟူ၍ ဆိုအပ်သကဲ့သို့ ထို့အတူ အပ္ပမာဒတရားကိုလည်း သမ္မာဒိဋ္ဌိ-အစရှိသော မဂ္ဂင် ၈-ပါးတရား ပွါးများခြင်း၏အကြောင်း ဖြစ်သောကြောင့် ကုသိုလ်တရားတို့ထက် မြက်၏-ဟု ဆိုအပ်၏။

**ဥပမာ တစ်နည်းလည်း—**

- မြေအပြင်၌ သွားကုန်သော သတ္တဝါတို့၏ ခြေရာတို့တွင် **ဆင်၏**ခြေရာကို အကြီး-ဟူ၍ ဆိုအပ်သကဲ့သို့လည်းကောင်း၊ (သံ၊၃။၄၀။)
- အထွတ်ရှိသောအိမ်၏ အခြင်တို့သည် အထွတ်သို့သာ ညွတ်ရသောကြောင့် ထိုအခြင်တို့ထက် **အထွတ်**ကို အမြတ်-ဟူ၍ ဆိုအပ်သကဲ့သို့လည်းကောင်း၊(သံ၊၃။၄၀။)
- အမြစ်နံ့သာမျိုးတို့တွင် **ကာဠာနုသာရိ**မည်သော နံ့သာကို အမြတ်-ဟူ၍ ဆိုအပ်သကဲ့သို့လည်းကောင်း၊ (သံ၊၃။၄၁။)
- အနှစ်နံ့သာမျိုးတို့တွင် **လောဟိတစန္ဒကူး**ကို အမြတ်-ဟူ၍ ဆိုအပ်သကဲ့သို့လည်းကောင်း၊ (သံ၊၃။၄၁။)
- အပွင့်နံ့သာမျိုးတို့တွင် **မြတ်လေးပန်း**, မိုးစွေပန်းကို အမြတ်-ဟူ၍ ဆိုအပ်သကဲ့သို့လည်းကောင်း၊ (သံ၊၃။၄၁။)
- မြေပြင်၌ အစိုးရကုန်သော မင်းတို့တွင် **စကြာမင်း**ကို အကြီး-ဟူ၍ ဆိုအပ်သကဲ့သို့လည်းကောင်း၊ (သံ၊၃။၄၁။)
- ကောင်းကင်ပြင်၌ နက္ခတ်,တာရာ,ကြယ်တို့၏ အရောင်ထက် လရောင်ကို အကြီး-ဟူ၍ ဆိုအပ်သကဲ့သို့လည်းကောင်း၊ (သံ၊၃။၄၁။)
- တန်ဆောင်မုန်းလအခါ ကောင်းကင်ပြင်၌ တက်ထွန်းသော **နေမင်း**သည် ကောင်းကင်၌ဖြစ်သော အမိုက်မှောင်ကို ဖျောက်လွှင့်ခြင်းငှာ စွမ်းနိုင်သကဲ့သို့လည်းကောင်း၊ (သံ၊၃။၄၁။)

ထို့အတူ ကုသိုလ်တရားတို့တွင်လည်း အပ္ပမာဒတရားကို အမြတ်-ဟူ၍ ဆိုအပ်၏။ အဘယ့်ကြောင့်နည်းဟူမူကား အပ္ပမာဒတရားသည် သမ္မာဒိဋ္ဌိ-အစရှိသော မဂ္ဂင် ၈-ပါးတရား ပွါးများခြင်း၏ အားကြီးသောအကြောင်းဖြစ်သောကြောင့် အမြတ်-ဟူ၍ ဆိုအပ်၏။

ဤသို့လျှင် အပ္ပမာဒ, သီလ-အစရှိသော တရားနှင့်ပြည့်စုံသည်ဖြစ်၍ နိဗ္ဗာန်ကို အာရုံပြု၍ ပွါးအပ်သောသူ၏ သမ္မာဒိဋ္ဌိ-အစရှိသော မဂ္ဂင်တရား ၈-ပါးသည် ဂင်္ဂါ, ယမုနာ အစရှိသော မြစ်ကြီး ၅-သွယ်၌စီးသော ရေအပေါင်းတို့သည် သမုဒ္ဒရာသို့သာ ညွတ်၍, ကိုင်း၍, ရှိုင်း၍,ဝှမ်း၍ စီးလေကုန်သကဲ့သို့ ထို့အတူ နိဗ္ဗာန်သို့သာလျှင် ညွတ်၍, ကိုင်း၍, ရှိုင်း၍, ဝှမ်း၍ စီးလေ၏။

မြစ်ကြီး ၅-သွယ်မှ သမုဒ္ဒရာသို့ စီးဝင်သော ရေကို အညာသို့ တဖန်ပြန်စေခြင်းငှာ များစွာသော လူအပေါင်းတို့သည် ပေါက်တူး, ခြင်းတောင်းတို့ကို ယူ၍ မြေပြင်မှ အထူးထူးသော မြေတို့ကို ဖို့ကုန်သော်လည်းကောင်း၊ ထိုမှတပါး များစွာသော လုံ့လပယောဂတို့ကို ပြုကုန်သော်လည်းကောင်း ထိုလူတို့သည် ပန်းမောကာမျှဖြစ်ကုန်၍ ပြုအပ်သော လုံ့လပယောဂတို့၏အကျိုးသည် မရှိ၊ ဂင်္ဂါ,ယမုနာ-အစရှိသော မြစ်ကြီး ၅-သွယ်၌စီးသော ရေတို့သည် အညာသို့ မပြန်မူ၍ သမုဒ္ဒရာသို့သာလျှင် စီးလေသကဲ့သို့ ထို့အတူ မဂ္ဂင် ၈-ပါးနှင့် ပြည့်စုံသောသူ၏ စိတ်ကို နိဗ္ဗာန်-ဟူသော အာရုံမှ ပြန်နစ်စေ၍ အိမ်ရာထောင်သော လူ၏ဘောင်၌ ကာမဂုဏ် ၅-ပါးတို့ကို ခံစားစေခြင်းငှာလည်းကောင်း၊ ရွှေ,ငွေ-အစရှိသော အသုံးအဆောင်မျိုးတို့ကို သာယာစေခြင်းငှာလည်းကောင်း၊ မင်းတို့သည်လည်းကောင်း, မင်း၏ အမတ်တို့သည်လည်းကောင်း, မိဘဆွေမျိုးဖြစ်ကုန်သောသူတို့သည်လည်းကောင်း တောင်းပန်တိုက်တွန်းသော်လည်း အိမ်ရာထောင်သော လူ၏ဘောင်သို့ ပြန်၍မခံစားပေရာ။ အဘယ့်ကြောင့်နည်းဟူမူကား မဂ္ဂင် ၈-ပါး တရားအစုသည် နိဗ္ဗာန်သို့သာလျှင် ညွတ်ခြင်း သဘောရှိသည်၏ အဖြစ်ကြောင့်တည်း။

ဥပမာတစ်နည်းလည်း ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ပွါးစေအပ်ပြီးသော နိဗ္ဗာန်အာရုံရှိသော သမ္မာဒိဋ္ဌိ-အစရှိသော မဂ္ဂင်တရား ၈-ပါးနှင့် ပြည့်စုံသောသူ၏ စိတ်သည် လမ်း ၄-ခုအဆုံ၌ ဆောက်အပ်သော ဇရပ်နှင့် တူ၏။ အဘယ်သို့ တူသနည်းဟူမူကား လမ်း ၄-ခုအဆုံ၌ ဆောက်အပ်သော ဇရပ်၌ မင်း, ပုဏ္ဏား, သူဌေးသူကြွယ်, ကုန်သွယ်, လယ်လုပ် ယုတ်ယုတ်မြတ်မြတ်ဖြစ်ကုန်သောသူတို့သည် နေ့,ညမဟူ တည်းနေရာဖြစ်၍ သူခပ်သိမ်းတို့နှင့် ဆက်ဆံသကဲ့သို့ ထို့အတူ နိဗ္ဗာန်အာရုံရှိသော အရိယမဂ္ဂင် ၈-ပါးနှင့် ပြည့်စုံသောသူ၏ စိတ်သည် သတိပဋ္ဌာန် ၄-ပါး, သမ္မပ္ပဓာန် ၄-ပါး, ဣဒ္ဓိပါဒ် ၄-ပါး, ဣန္ဒြေ ၅-ပါး, ဗိုလ် ၅-ပါး, ဗောဇ္ဈင် ၇-ပါး, မဂ္ဂင် ၈-ပါးတည်းဟူသော အလုံးစုံသော ကုသိုလ်တရားတို့၏ ပွါးများ ဆက်ဆံရာဖြစ်သောကြောင့် လမ်း ၄-ခုအဆုံ၌ ဆောက်အပ်သော ဇရပ်နှင့် တူ၏။

ဥပမာတစ်နည်းလည်း နိဗ္ဗာန်အာရုံရှိသော မဂ္ဂင် ၈-ပါးတရားနှင့် ပြည့်စုံသောသူ၏ စိတ်သည် ကောင်းကင်ပြင်နှင့် တူ၏။

အဘယ်သို့ တူသနည်းဟူမူကား ကောင်းကင်ပြင်သည်—

| | |
|---|---|
| ပူသောလေ, | ချမ်းသောလေ, |
| ဖြည်းညင်းသော လေ, | ပြင်းထန်သော လေ, |
| မြူနှင့် တကွဖြစ်သော လေ, | အောက်သို့ နှိမ့်လာသော လေ, |
| အထက်သို့ ပင့်လာသော လေ, | အဝန်းအားဖြင့် လှည့်၍လာသော လေ၊ |

ဤသို့ ဆိုအပ်ခဲ့ပြီးသော လေတို့၏ လာရာဖြစ်သကဲ့သို့ ထို့အတူ နိဗ္ဗာန်အာရုံရှိသော မဂ္ဂင် ၈-ပါးနှင့်ပြည့်စုံသောသူ၏ စိတ်သည်လည်း သတိပဋ္ဌာန် ၄-ပါး, သမ္မပ္ပဓာန် ၄-ပါး, ဣဒ္ဓိပါဒ် ၄-ပါး, ဣန္ဒြေ ၅-ပါး, ဗိုလ် ၅-ပါး, ဗောဇ္ဈင် ၇-ပါး, မဂ္ဂင် ၈-ပါးတည်းဟူသော များစွာသော ကုသိုလ်တရားတို့၏ ပွါးများဆက်ဆံရာ ဖြစ်သောကြောင့် ကောင်းကင်ပြင်နှင့် တူ၏။

ဤသို့လျှင် ကလျာဏမိတ္တ-ဟု ဆိုအပ်သော သပ္ပုရိသကို မှီဝဲဆည်းကပ်မိခြင်း၌ မဂ္ဂင် ၈-ပါးဟု ဆိုအပ်သော မြတ်သောအကျင့်ပဋိပတ်ကို အစပြု၍ အနုပါဒိသေသနိဗ္ဗာန ဓာတ်တိုင်အောင် ကိုယ်ကျိုး,ကိုယ့်စီးပွါး များခြင်းအကြောင်းဖြစ်သောကြောင့် သပ္ပုရိသ-ကလျာဏမိတ္တကို မပြတ်မစဲ မှီဝဲဆည်းကပ်ရာ၏။ မှီဝဲဆည်းကပ်ခြင်း၌ တိုက်တွန်းတော်မူလိုသော ဘုရားသခင်သည်—

**သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။**
**သတံ သဒ္ဓမ္မမညာယ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။ ။** (သံ၊၁။၁၆။)

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

သဗ္ဘိရေဝ၊ သူတော်ကောင်းတို့နှင့်သာလျှင်။ သမာသေထ၊ ပေါင်းဖော်ကုန်ရာ၏။ သဗ္ဘိ၊ သူတော်ကောင်းတို့နှင့်။ သန္ထဝံ၊ အဆွေခင်ပွန်းဖွဲ့ခြင်းကို။ ကုဗ္ဗေထ၊ ပြုကုန်ရာ၏။ သတံ၊ သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ အညာယ၊ သိ၍။ သဗ္ဗဒုက္ခာ၊ ခပ်သိမ်းသော ဆင်းရဲအပေါင်းမှ။ ပမုစ္စရေ၊ ပမုစ္စန္တိ၊ လွတ်ကုန်၏။

ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ ၁-အဝိဇ္ဇာဝဂ်၊ ၂-ဥပမုသုတ်၊နှာ-၂-၃။ ၃၅၊၄၀-၁။ ၎င်းအဋ္ဌကထာ။)

★ ★ ★ ★ ★ ★ ★

## [ ၁၃ ] ဗောဇ္ဈင် ၇-ပါးကို ခွဲခြမ်းဝေဖန်၍ ပြခြင်းတရား

အနုတ္တရ ဓမ္မရာဇာ သမ္မာသမ္ဗုဒ္ဓ အတုလအစစ် ဖြစ်တော်မူသော ဘုရားသခင်သည် ဟောကြားညွှန်ပြ ဆုံးမတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်, ဝိနည်း, အဘိဓမ္မာ-ဟူ၍ ၃-ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင် သုတ္တန်ဒေသနာတော်နည်းအားဖြင့် ဟောကြားတော်မူလိုသည်ဖြစ်၍—

**သတ္တိမေ ဘိက္ခဝေ ဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။ ကတမေ သတ္တ? သတိသမ္ဗောဇ္ဈင်္ဂေါ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ပီတိသမ္ဗောဇ္ဈ-င်္ဂေါ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ သမာဓိသမ္ဗောဇ္ဈင်္ဂေါ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ။ ဣမေ ခေါ ဘိက္ခဝေ သတ္တ ဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရော-ဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (သံ၊၃။၇၅)

ဘိက္ခဝေ၊ ရဟန်းတို့။ ဘာဝိတာ၊ ပွါးစေအပ်ကုန်သော။ ဗဟုလီကတာ၊ အကြိမ်များစွာ အလေ့အလာပြုအပ်ကုန်သော။ ဣမေ သတ္တ ဗောဇ္ဈင်္ဂါ၊ ဤ ၇-ပါးကုန်သော ဗောဇ္ဈင်တို့သည်။ ဧကန္တနိဗ္ဗိဒါယ၊ စင်စစ် ဝဋ်ဆင်းရဲမှ ငြီးငွေ့ခြင်းငှာ။ ဝိရာဂါယ၊ ရာဂ၏ ကင်းခြင်းငှာ။ နိရောဓာယ၊ ရာဂ၏ချုပ်ခြင်းငှာ။ ဥပသမာယ၊ ရာဂ၏ ငြိမ်းခြင်းငှာ။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာ ၄-ပါး တရားကို ထိုးထွင်း၍ သိခြင်းငှာ။ နိဗ္ဗာနာယ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

သတ္တ၊ ၇-ပါးတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။

၁။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိသမ္ဗောဇ္ဈင်လည်း ၁-ပါး။

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်လည်း ၁-ပါး။

၃။ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊ ဝီရိယသမ္ဗောဇ္ဈင်လည်း ၁-ပါး။

၄။ ပီတိသမ္ဗောဇ္ဈင်္ဂေါ၊ ပီတိသမ္ဗောဇ္ဈင်လည်း ၁-ပါး။

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်လည်း ၁-ပါး။

၆ သမာဓိသမ္ဗောဇ္ဈင်္ဂေါ၊ သမာဓိသမ္ဗောဇ္ဈင်လည်း ၁-ပါး။

၇။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ ဥပေက္ခာသမ္ဗောဇ္ဈင်လည်း ၁-ပါး။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘာဝိတာ၊ ပွါးစေအပ်ကုန်သော။ ဗဟုလီကတာ၊ အကြိမ်များစွာ အလေ့အလာပြုအပ်ကုန်သော။ ဣမေ သတ္တ ဗောဇ္ဈင်္ဂါ၊ ဤ ၇-ပါးကုန်သော ဗောဇ္ဈင်တို့သည်။ ဧကန္တနိဗ္ဗိဒါယ၊ စင်စစ်ဝဋ်ဆင်းရဲမှ ငြီးငွေ့ခြင်းငှာ။ ဝိရာဂါယ၊ ရာဂ၏ကင်းခြင်းငှာ။ နိရောဓာယ၊ ရာဂ၏ ချုပ်ခြင်းငှာ။ ဥပသမာယ၊ ရာဂ၏ငြိမ်းခြင်းငှာ။ အဘိညာယ၊ ထူးသော ဉာဏ်ဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာ ၄-ပါးတရားကို ထိုးထွင်း၍ သိခြင်းငှာ။ နိဗ္ဗာ-နာယ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

အဓိပ္ပါယ်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ ပွါးစေအပ်, အကြိမ်များစွာ အလေ့ အလာပြုအပ်ကုန်ပြီးသော သတိသမ္ဗောဇ္ဈင်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်၊ ဤ ၇-ပါးကုန်သော ဗောဇ္ဈင်တို့သည် စင်စစ်ဝဋ်ဆင်းရဲမှ ငြီးငွေ့ခြင်းငှာ, ရာဂ၏ကင်းခြင်း, ချုပ်ခြင်း, ငြိမ်းခြင်းငှာ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှာ၊ သစ္စာ ၄-ပါးတရားကို သိခြင်းငှာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်ကုန်၏။

အဘယ်သို့ ပွါးစေရာသနည်းဟူမူကား—

## ၁။ သတိသမ္ဗောဇ္ဈင် ဖြစ်ကြောင်း ၄-ပါး

**စတ္တာရော ဓမ္မာ သတိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒါယ သံဝတ္တန္တိ**-ဟူသော ဒေသနာတော်မြတ် (အာဟာရသုတ်၊သံ၊၃၊၁၃။၁၉၃။)နှင့်အညီ—

(၁) သတိပြဋ္ဌာန်းသော ပညာရှိသည်၏အဖြစ်,

(၂) ကင်းလွတ်သာ သတိရှိသော ပုဂ္ဂိုလ်ကို ကြဉ်သည်၏အဖြစ်,

(၃) ထင်သော သတိရှိသော ပုဂ္ဂိုလ်ကို မှီဝဲသည်၏အဖြစ်,

(၄) ဣရိယာပုထ် ၄-ပါးတို့၌ သတိကို ဖြစ်စေခြင်းငှာ ညွတ်သောစိတ်, ကိုင်းသောစိတ်, ရှိုင်းသောစိတ်ရှိသည်၏အဖြစ်၊

ဤ ၄-ပါးသော အကြောင်းတရားတို့သည် သတိသမ္ဗောဇ္ဈင် ပွါးများခြင်း၏ အကြောင်း ဖြစ်ကုန်၏။ ထိုအကြောင်းတရား ၄-ပါးတို့ကို အခါမပြတ် မှီဝဲသောပုဂ္ဂိုလ်အား မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်သည်လည်း ဖြစ်၏။ ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်သည်လည်း ဘာဝနာအားဖြင့် ပွါးခြင်း,ပြည့်စုံခြင်းသို့ ရောက်၏။

## ၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ကြောင်း ၇-ပါး

သတ္တ ဓမ္မာ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒါယ သံဝတ္တန္တိ-အစရှိသော ဒေသနာတော်မြတ်နှင့်အညီ—

(၁) ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်-အစရှိသည်တို့ကို ဆွေးနွေးမေးမြန်းခြင်းရှိသည်၏အဖြစ်၊

(၂) စိတ်,စေတသိက်တို့၏ တည်ရာဖြစ်သော ခန္ဓာကိုယ်၏လည်းကောင်း၊ ထိုကိုယ်နှင့်စပ်သော အဝတ်,အသုံးအဆောင်-ဟူသော အတွင်း,အပဖြစ်သော ဝတ္ထု၏လည်းကောင်း မညစ်မနွမ်း သန့်ရှင်းသည်၏အဖြစ်၊

(၃) သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေတို့၏ ကိစ္စအားဖြင့် အချင်းချင်း မယုတ်မလွန် တူမျှသည်၏အဖြစ်ကို ပြီးစေခြင်း

(၄) ပညာမရှိသော ပုဂ္ဂိုလ်ကို ကြဉ်သည်၏အဖြစ်၊

(၅) ပညာရှိသောပုဂ္ဂိုလ်ကို မှီဝဲသည်၏အဖြစ်၊

(၆) နက်နဲသောပညာဖြင့် သက်ဝင်၍ ခန္ဓာ-အစရှိသည်တို့ကို ဆင်ခြင်ခြင်း၊

(၇) ဣရိယာပုထ် ၄-ပါးတို့၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်းငှာ ညွတ်သောစိတ်, ကိုင်းသောစိတ်, ရှိုင်းသောစိတ်ရှိသည်၏အဖြစ်၊

ဤ ၇-ပါးကုန်သော တရားတို့သည် ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်၏။ ဤ ၇-ပါးသော အကြောင်းတရားတို့ကို အဖန်တလဲလဲ မှီဝဲသောသူအား မဖြစ်သေးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ဖြစ်၏။ ဖြစ်ပြီးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ဘာဝနာအားဖြင့် ပွါးခြင်း,ပြည့်စုံခြင်းသို့ ရောက်၏။ (အာဟာရသုတ်၊သံ၊၃၊၃။၁၉၃။)

## ၃။ ဝီရိယသမ္ဗောဇ္ဈင် ဖြစ်ကြောင်း ၁၁-ပါး

ဧကာဒသ ဓမ္မာ ဝီရိယသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒါယ သံဝတ္တန္တိ-အစရှိသော ဒေသနာတော်မြတ်နှင့်အညီ—

(၁) အပါယ်ဘေးကို ဆင်ခြင်သည်၏အဖြစ်၊

(၂) ဝီရိယ၏ အကျိုးအာနိသံသကို မြင်လေ့ရှိသည်၏အဖြစ်၊

(၃) အရိယာပုဂ္ဂိုလ်တို့၏ နိဗ္ဗာန်သို့ သွားကြောင်းဖြစ်သော ခရီးကို ဆင်ခြင်သည်၏ အဖြစ်၊

(၄) ပြည်သူတို့၏ ဆွမ်းကို သုံးဆောင်သော ငါသည် ထိုသူတို့၏ တောင့်တတိုင်းသော အကျိုးကို ပြီးစေနိုင်ပါအံ့လော-ဟု ဆွမ်းကို ပူဇော်တဲ့ပူဇော်သည်၏အဖြစ်၊

(၅) အမွေခံ မြတ်သည်၏အဖြစ်ကို ဆင်ခြင်သည်၏အဖြစ်၊

(၆) ဆရာဖြစ်သောဘုရား၏ မြတ်သည်ကို ဆင်ခြင်သည်၏အဖြစ်၊

(၇) ငါကား သာကီဝင်မင်းမျိုးတည်း-ဟု အမျိုးမြတ်သည်၏အဖြစ်ကို ဆင်ခြင်သည်၏ အဖြစ်၊

(၈) သီတင်းသုံးဖော် မြတ်သည်၏အဖြစ်ကို ဆင်ခြင်သည်၏ အဖြစ်၊

(၉) ပျင်းရိသောပုဂ္ဂိုလ်ကို ကြဉ်သည်၏အဖြစ်၊

(၁၀) အားထုတ်ခြင်း လုံ့လဝီရိယရှိသောပုဂ္ဂိုလ်ကို မှီဝဲသည်၏အဖြစ်၊

(၁၁) ဣရိယာပုထ် ၄-ပါးတို့၌ ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ခြင်းငှာ ညွတ်သောစိတ်, ကိုင်းသော စိတ်, ရှိုင်းသောစိတ်ရှိသည်၏အဖြစ်၊

ဤ ၁၁-ပါးသော တရားတို့သည် ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ခြင်း၏ အကြောင်းတရား ဖြစ်ကုန်၏။ ဤ ၁၁-ပါးသော တရားတို့၌ အဖန်တလဲလဲ မှီဝဲသောသူအား မဖြစ်သေးသော ဝီရိယ-သမ္ဗောဇ္ဈင်သည် ဖြစ်၏။ ဖြစ်ပြီးသော ဝီရိယသမ္ဗောဇ္ဈင်သည် ဘာဝနာအားဖြင့် ပွါးခြင်း, ပြည့်စုံခြင်းသို့ ရောက်၏။ (သံ၊ဌ၊၃။၁၉၅။)

## ၄။ ပီတိသမ္ဗောဇ္ဈင် ဖြစ်ကြောင်း ၁၁-ပါး

ကတမေ ဓမ္မာ ပီတိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒါယ သံဝတ္တန္တိ-အစရှိသော ဒေသနာတော်နှင့်အညီ—

(၁) ဘုရားသခင်၏ အရဟံ-အစရှိသော ဂုဏ်တော် ၉-ပါးကို အဖန်တလဲလဲ အောက်မေ့ခြင်း၊

(၂) ၁၀-ပါးသော တရားတော်၏ သွာက္ခာတ-အစရှိသော ဂုဏ်တော် ၆-ပါးကို အဖန်တလဲလဲ အောက်မေ့ခြင်း၊

(၃) သံဃာတော်၏ သုပ္ပဋိပန္န-အစရှိသော ဂုဏ်တော် ၉-ပါးကို အဖန်တလဲလဲ အောက်မေ့ခြင်း၊

(၄) မိမိ၏ သီလဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း၊
(၅) မိမိ၏ စာဂဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း၊
(၆) နတ်တို့၏ဂုဏ်နှင့် တူသော သဒ္ဓါ-အစရှိသော မိမိဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း၊
(၇) နိဗ္ဗာန်၏ ဝိရာဂ-အစရှိသော ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း၊
(၈) ရုန့်ရင်းကြမ်းတမ်းသောပုဂ္ဂိုလ်ကို ကြဉ်ခြင်း၊
(၉) သိမ်မွေ့နူးညံ့သောပုဂ္ဂိုလ်ကို မှီဝဲခြင်း၊
(၁၀) ကြည်ညိုဖွယ်ရှိသော သုတ္တန်ကို ဆင်ခြင်ခြင်း၊
(၁၁) ဣရိယာပုထ် ၄-ပါးတို့၌ ပီတိသမ္ဗောဇ္ဈင်ဖြစ်ခြင်းငှာ ညွတ်သောစိတ်, ကိုင်းသောစိတ်, ရှိုင်းသောစိတ်ရှိခြင်း၊

ဤ ၁၁-ပါးသော အကြောင်းတရားတို့သည် ပီတိသမ္ဗောဇ္ဈင်ဖြစ်ခြင်း၏ အကြောင်းတရားဖြစ်ကုန်၏။ ထို ၁၁-ပါးသော အကြောင်းတရားတို့၌ အဖန်တလဲလဲ မှီဝဲသောသူအား မဖြစ်သေးသော ပီတိသမ္ဗောဇ္ဈင်သည် ဖြစ်၏။ ဖြစ်ပြီးသော ပီတိသမ္ဗောဇ္ဈင်သည် ဘာဝနာအားဖြင့် ပွါးခြင်း, ပြည့်စုံခြင်းသို့ ရောက်၏။ (သံ၊ဋ္ဌ၊၃။၁၉၈။)

## ၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ကြောင်း ၇-ပါး

သတ္တ ဓမ္မာ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဂ်ဿ ဥပ္ပါဒါယ သံဝတ္တန္တိ-အစရှိသော ဒေသနာတော်နှင့်အညီ (သံ၊ဋ္ဌ၊၃။၁၉၉။)—

(၁) မွန်မြတ်သော ဘောဇဉ်, လျောက်ပတ်သော ဘောဇဉ်ကို မှီဝဲသောအဖြစ်၊
(၂) ချမ်းသာစေတတ်သော ဥတုကို မှီဝဲသည်၏အဖြစ်၊
(၃) ချမ်းသာစေတတ်သော ဣရိယာပုထ်, လျောက်ပတ်သော ဣရိယာပုထ်ကို မှီဝဲသည်၏အဖြစ်၊
(၄) အယုတ်တရား ၂-ပါးတို့၏ အလယ်၌တည်သော သဘော-ဟု ဆိုအပ်သော ကံသာလျှင် မိမိဥစ္စာရှိသည်၏အဖြစ်ကို ရှုခြင်းတည်းဟူသော ပယောဂရှိသောသူ၏အဖြစ်၊
(၅) ပူပန်သော ကိုယ်ရှိသောပုဂ္ဂိုလ်ကို ကြဉ်သည်၏အဖြစ်၊
(၆) ငြိမ်းပြီးသော ကိုယ်ရှိသောပုဂ္ဂိုလ်ကို မှီဝဲသည်၏အဖြစ်၊

(၇) ဣရိယာပုထ် ၄-ပါးတို့၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ခြင်းငှာ ညွတ်သောစိတ်, ကိုင်းသော စိတ်, ရှိုင်းသောစိတ်ရှိသည်၏အဖြစ်၊

ဤ ၇-ပါးကုန်သော တရားတို့သည် ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်၏။ ထို ၇-ပါးသော တရားတို့၌ မှီဝဲသောသူအား မဖြစ်သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်သည်ဖြစ်၏။ ဖြစ်ပြီးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ဘာဝနာအားဖြင့် ပွါးခြင်း, ပြည့်စုံခြင်းသို့ ရောက်၏။

### ၆။ သမာဓိသမ္ဗောဇ္ဈင် ဖြစ်ကြောင်း ၁၁-ပါး

**ကောဒသ ဓမ္မာ သမာဓိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒါယ သံဝတ္တန္တိ**-အစရှိသော ဒေသနာ တော်မြတ်နှင့်အညီ—

(၁) စိတ်စေတသိက်တို့၏ ဖြစ်ရာဖြစ်သော ကိုယ်, ထိုကိုယ်နှင့်စပ်သော အဝတ်-အစရှိသော အတွင်း,အပဝတ္ထုတို့၏ စင်ကြယ်သည်၏အဖြစ်ကို ပြုခြင်း၊

(၂) သဒ္ဓါ-အစရှိသော ဣန္ဒြေတို့သည် မျှသည်၏အဖြစ်ကို ပြီးစေခြင်း၊

(၃) ကသိဏ်းအာရုံ၌ လိမ္မာသည်၏အဖြစ်၊

(၄) ချီးမြှောက်သင့်သောအခါ၌ စိတ်ကို ချီးမြှောက်သည်၏အဖြစ်၊

(၅) နှိပ်စက်သင့်သောအခါ၌ စိတ်ကို နှိပ်စက်သည်၏အဖြစ်၊

(၆) ရွှင်သင့်သောအခါ၌ စိတ်ကို ရွှင်သည်၏အဖြစ်၊

(၇) လျစ်လျူရှုသင့်သောအခါ၌ စိတ်ကို လျစ်လျူရှုသည်၏အဖြစ်၊

(၈) မတည်ကြည်သောပုဂ္ဂိုလ်ကို ကြဉ်သည်၏အဖြစ်၊

(၉) တည်ကြည်သောပုဂ္ဂိုလ်ကို မှီဝဲသည်၏အဖြစ်၊

(၁၀) ဈာန်,ဝိမောက္ခတို့ကို ဆင်ခြင်သည်၏အဖြစ်၊

(၁၁) ဣရိယာပုထ် ၄-ပါးတို့၌ သမာဓိသမ္ဗောဇ္ဈင်ဖြစ်ခြင်းငှာ ညွတ်သောစိတ်, ကိုင်းသော စိတ်, ရှိုင်းသောစိတ်ရှိသည်၏အဖြစ်၊

ဤ ၁၁-ပါးကုန်သော တရားတို့သည် သမာဓိသမ္ဗောဇ္ဈင်ဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်၏။ ထို ၁၁-ပါးသော အကြောင်းတရားတို့၌ အဖန်တလဲလဲ မှီဝဲသောသူအား မဖြစ်သေးသော သမာဓိသမ္ဗောဇ္ဈင်သည် ဖြစ်၍ ဖြစ်ပြီးသော သမာဓိသမ္ဗောဇ္ဈင်သည် ဘာဝနာအားဖြင့် ပွါးခြင်း, ပြည့်စုံခြင်းသို့ ရောက်၏။　(ဒီဋ္ဌ၊၂။၃၈၃။ မဋ္ဌ၊၁။၃၀၁။)

## ၇။ ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ကြောင်း ၅-ပါး

ပဉ္စ ဓမ္မာ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒါယ သံဝတ္တန္တိ-အစရှိသော ဒေသနာတော်နှင့်အညီ—

(၁) သတ္တဝါတို့၌ လျစ်လျူရှုသည်၏အဖြစ်၊
(၂) ဥစ္စာခမ်းနား-စသော သင်္ခါရတို့၌ လျစ်လျူရှုသည်၏အဖြစ်၊
(၃) သတ္တဝါ, သင်္ခါရတို့၌ ချစ်မြတ်နိုးတတ်သောပုဂ္ဂိုလ်ကို ကြဉ်သည်၏အဖြစ်၊
(၄) သတ္တဝါ, သင်္ခါရတို့၌ လျစ်လျူရှုသောပုဂ္ဂိုလ်ကို မှီဝဲသည်၏အဖြစ်၊
(၅) ဣရိယာပုထ် ၄-ပါးတို့၌ ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်ခြင်းငှာ ညွတ်သောစိတ်, ကိုင်းသောစိတ်, ရှိုင်းသောစိတ်ရှိသည်၏အဖြစ်၊

ဤ ၅-ပါးကုန်သော အကြောင်းတရားတို့သည် ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်၏။ ထို ၅-ပါးသော တရားတို့၌ အဖန်တလဲလဲ မှီဝဲသောသူအား မဖြစ်သေးသော ဥပေက္ခာသမ္ဗောဇ္ဈင်သည် ဖြစ်၏။ ဖြစ်ပြီးသော ဥပေက္ခာသမ္ဗောဇ္ဈင်သည် ဘာဝနာအားဖြင့် ပွါးခြင်း, ပြည့်စုံခြင်းသို့ ရောက်၏။

ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသော အကြောင်းတို့ဖြင့် ပွါးစေအပ်, အကြိမ်များစွာ အလေ့အလာပြုအပ်ကုန်သော ၇-ပါးသော ဗောဇ္ဈင်တရားတို့သည် ဝဋ်ဆင်းရဲမှ ငြီးငွေ့ခြင်းငှာလည်းကောင်း, ထူးသောဉာဏ်ဖြင့် သစ္စာ ၄-ပါးတို့ကို ထိုးထွင်း၍ သိခြင်းငှာလည်းကောင်း, နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာလည်းကောင်း မချွတ်မယွင်း ဧကန်စင်စစ် ဖြစ်ကုန်၏။

ထို့ကြောင့် ဝဋ်ဆင်းရဲမှ ငြီးငွေ့၍ ရာဂ၏ကင်းခြင်း, ချုပ်ခြင်း, ငြိမ်းခြင်းကိုလည်းကောင်း၊ ထူးသောဉာဏ်ဖြင့် သစ္စာ ၄-ပါးတရားတို့ကို သိ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာလည်းကောင်း အလိုရှိကုန်သော သူတော်ကောင်းတို့သည် ထို ၇-ပါးသော ဗောဇ္ဈင်တရားတို့ကို အကြိမ်များစွာ အလေ့အလာပြု၍ များစွာအားထုတ်ကုန်ရာသည်။

ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ်ဖြစ်သည်။ (မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ ၃-ဥဒါယိဝဂ်၊ ၁၀-နိဗ္ဗိဒါသုတ်။ သတိပဋ္ဌာနသုတ်အဋ္ဌကထာ၊ ၃၈၃။ မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ၊၁၉၃-၂၀၀။)

★★★★★★★

## [ ၁၄ ]  ဗောဇ္ဈင် ၇-ပါးကို ပွါးများအားထုတ်၍ ဒုက္ခကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းတရား

အနုတ္တရ ဓမ္မရာဇာ သမ္မာသမ္ဗုဒ္ဓ အတုလအစစ် ဖြစ်တော်မူသော ဘုရားသခင်သည် ဟောကြားတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်,ဝိနည်း, အဘိဓမ္မာ-ဟူ၍ ၃-ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင် သုတ္တန်နည်းအားဖြင့် ဟောတော်မူလိုသည်ဖြစ်၍–

**သတ္တိမေ ဘိက္ခဝေ ဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ အရိယာ နိယျာနိကာ နိယန္တိ တက္ကရဿ သမ္မာ ဒုက္ခက္ခယာယ။ ကတမေ သတ္တ? သတိသမ္ဗောဇ္ဈင်္ဂေါ ဓမ္မဝိစယ-သမ္ဗောဇ္ဈင်္ဂေါ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ပီတိသမ္ဗောဇ္ဈင်္ဂေါ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ သမာဓိ-သမ္ဗောဇ္ဈင်္ဂေါ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ။ ဣမေ ခေါ ဘိက္ခဝေ သတ္တ ဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ အရိယာ နိယျာနိကာ နိယန္တိ တက္ကရဿ သမ္မာ ဒုက္ခက္ခယာယ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (သံ၊၃။၇၄။)

ဘိက္ခဝေ၊ ရဟန်းတို့။ ဘာဝိတာ၊ ပွါးစေအပ်ကုန်သော။ ဗဟုလီကတာ၊ အကြိမ်များစွာ အလေ့အလာပြုအပ်ကုန်သော။ အရိယာ၊ မြတ်ကုန်သော။ နိယျာနိကာ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်ကုန်သော။ ဣမေ သတ္တ ဗောဇ္ဈင်္ဂါ၊ ဤ ၇-ပါးကုန်သော ဗောဇ္ဈင်တို့သည်။ တက္ကရဿ၊ ထိုဗောဇ္ဈင် ၇-ပါးတို့ကို ကျင့်သောသူအား။ သမ္မာ၊ အကြွင်းမဲ့။ ဒုက္ခက္ခယာယ၊ ဝဋ်ဆင်းရဲ၏ကုန်ခြင်းငှာ။ နိယန္တိ၊ ထုတ်ဆောင်တတ်ကုန်၏။

သတ္တ၊ ၇-ပါးတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။

- သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိ သမ္ဗောဇ္ဈင်လည်း ၁-ပါး။
- ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်လည်း ၁-ပါး။
- ဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊ ဝီရိယသမ္ဗောဇ္ဈင်လည်း ၁-ပါး။
- ပီတိသမ္ဗောဇ္ဈင်္ဂေါ၊ ပီတိသမ္ဗောဇ္ဈင်လည်း ၁-ပါး။
- ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်လည်း ၁-ပါး။
- သမာဓိသမ္ဗောဇ္ဈင်္ဂေါ၊ သမာဓိသမ္ဗောဇ္ဈင်လည်း ၁-ပါး။
- ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ ဥပေက္ခာသမ္ဗောဇ္ဈင်လည်း ၁-ပါး။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘာဝိတာ၊ ပွါးစေအပ်ကုန်သော။ ဗဟုလီကတာ၊ အကြိမ်များစွာ အလေ့အလာပြုအပ်ကုန်သော။ အရိယာ၊ မြတ်ကုန်သော။ နိယျာနိကာ၊ ဝဋ်ဆင်းရဲမှ ထွက်

မြောက်ကြောင်းဖြစ်ကုန်သော။ ဣမေ သတ္တ ဗောဇ္ဈင်္ဂါ၊ ဤ ၇-ပါးကုန်သော ဗောဇ္ဈင်တို့သည်။ တက္ကရဿ၊ ထို ၇-ပါးသော ဗောဇ္ဈင်တို့ကို ကျင့်သောသူအား။ သမ္မာ၊ အကြွင်းမဲ့။ ဒုက္ခက္ခယာယ၊ ဝဋ်ဆင်းရဲ၏ ကုန်ခြင်းငှာ။ နီယန္တိ၊ ထုတ်ဆောင်တတ်ကုန်၏။

အဓိပ္ပါယ်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ ပွါးစေအပ်, အကြိမ်များစွာ အလေ့အလာ ပြုအပ်ကုန်သည်ဖြစ်၍ မြတ်ကုန်သော, ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်ကုန်သော ၇-ပါးသော ဗောဇ္ဈင်တရားတို့သည် ထိုဗောဇ္ဈင်တရား ၇-ပါးတို့ကို ဖြည့်လေ့ကျင့်လေ့ ရှိသောသူကို အကြွင်းမဲ့ ဝဋ်ဆင်းရဲ၏ကုန်ခြင်းငှာ နိဗ္ဗာန်သို့ ထုတ်ဆောင်တတ်ကုန်၏။

၇-ပါးသော ဗောဇ္ဈင်တို့ဟူသည် အဘယ်တို့နည်းဟူမူကား—

| | |
|---|---|
| သတိသမ္ဗောဇ္ဈင်လည်း ၁-ပါး, | ဓမ္မဝိစယသမ္ဗောဇ္ဈင်လည်း ၁-ပါး, |
| ဝီရိယသမ္ဗောဇ္ဈင်လည်း ၁-ပါး, | သမာဓိသမ္ဗောဇ္ဈင်လည်း ၁-ပါး, |
| ပီတိသမ္ဗောဇ္ဈင်လည်း ၁-ပါး, | ပဿဒ္ဓိသမ္ဗောဇ္ဈင်လည်း ၁-ပါး, |
| ဥပေက္ခာသမ္ဗောဇ္ဈင်လည်း ၁-ပါး၊ | |

ဤသို့အားဖြင့် ပွါးစေအပ်, အကြိမ်များစွာ အလေ့အလာပြုအပ်ကုန်သည်ဖြစ်၍ မြတ်ကုန်သော, ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်ကုန်သော ၇-ပါးသော ဗောဇ္ဈင်တို့သည် ထိုဗောဇ္ဈင်တရား ၇-ပါးတို့ကို ဖြည့်လေ့, ကျင့်လေ့ရှိသောသူကို အကြွင်းမဲ့ ဝဋ်ဆင်းရဲ၏ ကုန်ခြင်းငှာ နိဗ္ဗာန်သို့ ထုတ်ဆောင်တတ်ကုန်၏။

ဤသို့ ကြီးမြတ်သော အကျိုးရှိသော ၇-ပါးသော ဗောဇ္ဈင်တို့ကို ပွါးလိုသော သူတို့သည်, နဂါးတို့သည် ဟိမဝန္တာတောင်မင်းကို မှီ၍ ကိုယ်ကို ကြီးပွါးစေ၍ ခွန်အားဗလကို ဖြစ်စေကုန်၍ ချောက်ငယ်သို့ သက်လေကုန်၏။ ချောက်ငယ်မှသည် ချောက်ကြီးသို့, ချောက်ကြီးမှသည် မြစ်ငယ်သို့, မြစ်ငယ်မှသည် မြစ်ကြီးသို့, မြစ်ကြီးမှသည် မဟာသမုဒ္ဒရာသို့ သက်လေကုန်၏။ ထိုနဂါးတို့သည် ထိုမဟာသမုဒ္ဒရာ၌ အတ္တဘောတည်းဟူသော ကိုယ်ဖြင့် ကြီးပွါးခြင်း, ပြန့်ပြောခြင်းသို့ ရောက်လေကုန်ဘိသကဲ့သို့—

ထို့အတူ ငါဘုရား၏ သာသနာတော်၌ ရဟန်းဖြစ်ကုန်သော သူတို့သည် မိမိတို့ ဆောက်တည်အပ်သော သီလကို မှီ၍ သီလ၌ တည်ကုန်ပြီးသော် ၇-ပါးသော ဗောဇ္ဈင် တရားတို့ကို အကြိမ်များစွာ ပွါးများလေ့လာကုန်သည်ဖြစ်အံ့။ လောကုတ္တရာတရားတို့၌ ကြီးမြတ်သောအဖြစ်, ပြန့်ပြောသောအဖြစ်သို့ စင်စစ်အားဖြင့် ရောက်ကုန်၏။

တနည်းလည်း–

- အရဟတ္တမဂ်-ဟူသော ဝိဇ္ဇာ, အရဟတ္တဖိုလ်-ဟူသော ဝိမုတ္တိတို့ကို ရလိုသောသူသည် ထိုဆိုအပ်ခဲ့ပြီးသော ဗောဇ္ဈင်တရား ၇-ပါးတို့ကို ပွါးများလေရာ၏။
- ဗောဇ္ဈင်တရား ၇-ပါးတို့ကို ပွါးများလိုသောသူသည် သတိပဋ္ဌာန်တရား ၄-ပါးတို့ကို ပွါးများစေရာ၏။
- သတိပဋ္ဌာန်တရား ၄-ပါးတို့ကို ပွါးများလိုသောသူသည် ၃-ပါးသော သုစရိုက်တို့ကို ဖြည့်ကျင့်ရာ၏။
- ၃-ပါးသော သုစရိုက်တို့ကို ဖြည့်ကျင့်လိုသောသူသည် စက္ခု-စသော ဣန္ဒြေ ၆-ပါးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရာ၏။
- စက္ခု-စသော ဣန္ဒြေ ၆-ပါးတို့ကို ထိန်းသိမ်းစောင့်ရှောက်သောသူသည် ၃-ပါးသော သုစရိုက်တို့သည် ပြည့်စုံခြင်းသို့ ရောက်ကုန်၏။
- သုစရိုက် ၃-ပါး ပြည့်စုံသည်ရှိသော် ၄-ပါးသော သတိပဋ္ဌာန်တရားတို့သည် ပြည့်စုံခြင်းသို့ ရောက်ကုန်၏။
- သတိပဋ္ဌာန်တရား ၄-ပါးတို့ ပြည့်စုံသည်ရှိသော် ဗောဇ္ဈင်တရား ၇-ပါးတို့သည် ပြည့်စုံခြင်းသို့ ရောက်ကုန်၏။
- ဗောဇ္ဈင်တရား ၇-ပါးတို့ပြည့်စုံသည်ရှိသော် အရဟတ္တမဂ်-ဟူသော ဝိဇ္ဇာ, အရဟတ္တဖိုလ်-ဟူသော ဝိမုတ္တိတို့သည် ပြည့်စုံခြင်းသို့ ရောက်ကုန်၏။ (သံ၊၃။၆၆-၇။)

အဘယ်ကြောင့်နည်းဟူမူကား–

- နေအရုဏ်တက်ခြင်းသည် နေထွက်ခြင်း၏ အကြောင်းဖြစ်သကဲ့သို့လည်းကောင်း,
- အလုံးစုံသော အိမ်၏အခြင်တို့သည် အထွတ်သို့ ညွတ်သကဲ့သို့လည်းကောင်း,
- မြစ်ကြီး ၅-သွယ်, မြစ်ငယ် ၅၀၀-မှ စီးသောရေတို့သည် သမုဒ္ဒရာသို့ စီးဝင်ခြင်း မြသကဲ့သို့လည်းကောင်း,
- ကောင်းကင်မှ ရွာသော မိုးရေသည် မြေပြင်သို့ ကျခြင်း မြသကဲ့သို့လည်းကောင်း,
- တောင်ထိပ်မှ စီးသောရေသည် တောင်ခြေရင်းသို့ သက်ဆင်းခြင်း မြသကဲ့သို့လည်းကောင်း,
- အရှေ့လောကဓာတ်မှ ထွက်သောနေသည် အနောက်လောကဓာတ်သို့ ရှေးရှုပြေးဝင်ခြင်း မြသကဲ့သို့လည်းကောင်း၊

- ထို့အတူ ဗောဇ္ဈင်တရား ၇-ပါးတို့သည်လည်း ဝိဇ္ဇာ, ဝိမုတ္တိ-ဟူသော အရဟတ္တမဂ်, အရဟတ္တဖိုလ်, နိဗ္ဗာန်သို့ စီးဝင်ခြင်း, ကိုင်းညွတ်ခြင်း မြဲ၏။

ထို့ကြောင့် ဗောဇ္ဈင်တရား ၇-ပါးတို့နှင့် ပြည့်စုံသောသူသည် ဝိဇ္ဇာ, ဝိမုတ္တိ-ဟူသော အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ရစေတတ်၏။ (သံ၊၃။၆၈)

တစ်နည်းလည်း—

- ဗောဇ္ဈင်တရား ၇-ပါးတို့ကို ပွါးများလိုသောသူသည် အသင့်အတင့်အားဖြင့် နှလုံးသွင်းကောင်းခြင်း ယောနိသောမနသိကာရနှင့် ပြည့်စုံစေရာ၏။

- ယောနိသောမနသိကာရနှင့် ပြည့်စုံလိုသောသူသည် သူတော်ကောင်းတို့၏တရားကို အဖန်တလဲလဲ နာရာ၏။

- နာလိုသောသူသည် သူတော်ကောင်းတို့ကို အခါမပြတ် မှီဝဲဆည်းကပ်ရာ၏။

- သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်မိပြီးသောသူသည် သူတော်ကောင်းတရားကို ကောန်စင်စစ် ကြားနာရ၏။

- သူတော်ကောင်းတရားကို ကြားနာရပြီးသောသူသည် ယောနိသောမနသိကာရ အရာဌာနကျအောင် နှလုံးသွင်းကောင်းခြင်းနှင့် ပြည့်စုံ၏။

- ယောနိသောမနသိကာရ အရာဌာနကျအောင် နှလုံးသွင်းကောင်းခြင်းနှင့် ပြည့်စုံသောသူသည် ၇-ပါးသော ဗောဇ္ဈင်တရားတို့နှင့် စင်စစ်ပြည့်စုံခြင်းသို့ ရောက်၏။

အဘယ်ကြောင့်နည်းဟူမူကား ယောနိသောမနသိကာရသည် ၇-ပါးသော ဗောဇ္ဈင်တရားတို့၏ အကြောင်းရင်းဖြစ်သောကြောင့်တည်း။ ထို့ကြောင့်—

> **ယေကေစိ ဘိက္ခဝေ ဓမ္မာ ကုသလာ ကုသလဘာဂိယာ ကုသလပက္ခိကာ၊ သဗ္ဗေ တေ ယောနိသောမနသိကာရမူလကာ ယောနိသောမနသိကာရသမောသရဏာ။ ယောနိသောမနသိကာရော တေသံ ဓမ္မာနံ အဂ္ဂ'မက္ခာယတိ။ ယောနိသောမနသိကာရ-သမ္ပန္နဿေ'တံ ဘိက္ခဝေ ဘိက္ခုနော ပါဋိကင်္ခံ သတ္တ ဗောဇ္ဈင်္ဂေ ဘာဝေဿတိ သတ္တ ဗောဇ္ဈင်္ဂေ ဗဟုလီကရိဿတိ။** (သံ၊၃။၈၁)

ဟု ဟောတော်မူအပ်ပြီ။

ဤသို့လျှင် ယောနိသောမနသိကာရသည် ၇-ပါးသော ဗောဇ္ဈင်တရားတို့ကို ပွားစေတတ်သောကြောင့် ယောနိသောမနသိကာရနှင့် ပြည့်စုံအောင် အားထုတ်ကုန်ရာသည်။

ယောနိသောမနသိကာရ မဖြစ်သောသူအား အယောနိသောမနသိကာရဖြစ်၍ လောကဥ္စ ကြေး, သံ, သလွဲစင်, သလွဲမည်း, ငွေတည်းဟူသော ရွှေ၏အညစ်အကြေး ၅-ပါးတို့သည် ဖြစ်သကဲ့သို့ ထို့အတူ ကာမစ္ဆန္ဒနီဝရဏ, ဗျာပါဒနီဝရဏ, ထိနမိဒ္ဓနီဝရဏ, ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ, ဝိစိကိစ္ဆာနီဝရဏတည်းဟူသော ၅-ပါးသော စိတ်၏အညစ်အကြေးတို့သည် ဖြစ်ကုန်၏။ ။ ထို ၅-ပါးသော အညစ်အကြေးတို့တွင်—

**ကာမစ္ဆန္ဒနီဝရဏ**ဖြစ်သည်ရှိသော် ချိပ်ရည်,ဆုန်း, ဟသ်ပြဒါး, ဆေးဒန်း, မြင်းသီလာ, မြေဖြူ, မြေနီ, မင်-အစရှိသော အဆောက်အဦတို့ဖြင့် ထည့်၍ ဖျော်အပ်သော ဆေးရည်၌ မျက်နှာရိပ်ကို မမြင်သကဲ့သို့ အလွန်လျှင် စိတ်၏နောက်ကျုခြင်းသို့ ရောက်သည်ဖြစ်၍ မြင်အပ်သောတရား, သိအပ်သောတရားတို့ကို မမြင်ကုန်။ ထို့ကြောင့်—

> **ကာမစ္ဆန္ဒော ဘိက္ခဝေ စိတ္တဿ ဥပက္ကိလေသော၊ ယေန ဥပက္ကိလေသေန ဥပက္ကိလိဋ္ဌံ စိတ္တံ န စေဝ မုဒု ဟောတိ န စ ကမ္မနိယံ န စ ပဘဿရံ ပဘင်္ဂု စ၊ န စ သမ္မာ သမာဓိယတိ အာသဝါနံ ခယာယ။**

ဟု ဟောတော်မူသည်။ (သံ၊၃။၈၂)

**ဗျာပါဒနီဝရဏ**ဖြစ်သည်ရှိသော် ကျိုက်ကျိုက်ဆူသော ရေ၌ မျက်နှာရိပ်ကို ကြည့်၍ မထင်မြင်နိုင်သကဲ့သို့ ထို့အတူ အလွန်လျှင် စိတ်၏ညစ်ညူးခြင်းသို့ ရောက်သည်ဖြစ်၍ သိအပ်သောတရားကို မထင်မြင်နိုင်။ အာသဝေါတရားတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်သို့လည်း မရောက်နိုင်။ ထို့ကြောင့် "**ဗျာပါဒေါ ဘိက္ခဝေ စိတ္တဿ ဥပက္ကိလေသော**"ဟု ဟောတော်မူသည်။

**ထိနမိဒ္ဓနီဝရဏ**ဖြစ်သည်ရှိသော် မှော်သေး, မှော်ညင်း, ရေညှိတို့ဖြင့် ဖုံးလွှမ်းသော ရေ၌ မျက်နှာရိပ်ကို မထင်မမြင်နိုင်သကဲ့သို့ ထို့အတူ အလွန်လျှင် စိတ်၏ညစ်ညူးခြင်းသို့ ရောက်သည်ဖြစ်၍ သိအပ်သောတရား, မြင်အပ်သောတရားတို့ကို မထင်မမြင်နိုင်။ အာသဝေါတရားတို့၏ ကုန်ရာ နိဗ္ဗာန်သို့လည်း မရောက်နိုင်။ ထို့ကြောင့် "**ထိနမိဒ္ဓံ ဘိက္ခဝေ စိတ္တဿ ဥပက္ကိလေသံ**"ဟု ဟောတော်မူအပ်ပြီ။

**ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ**ဖြစ်သည်ရှိသော် လှိုင်းတံပိုးဖြင့် ချောက်ချားသောရေ၌ မျက်နှာရိပ်ကို မထင်မမြင်နိုင်သကဲ့သို့ ထို့အတူ အလွန်လျှင် စိတ်၏ညစ်ညူးခြင်းသို့ ရောက်သည်ဖြစ်၍ သိအပ်သောတရား, မြင်အပ်သောတရားတို့ကို မသိမမြင်နိုင်။ အာသဝေါတရားတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်သို့လည်း မရောက်နိုင်။ ထို့ကြောင့် "**ဥဒ္ဓစ္စကုက္ကုစ္စံ ဘိက္ခဝေ စိတ္တဿ ဥပက္ကလေသံ**"ဟု ဟောတော်မူအပ်ပြီ။

**ဝိစိကိစ္ဆာနီဝရဏ**ဖြစ်သည်ရှိသော် **အနည်မြူမှုန်, ရွှံ့ညွှန်များသော** ရေ၌ မျက်နှာရိပ်ကို ကြည့်၍ မထင်,မမြင်နိုင်သကဲ့သို့ ထို့အတူ သိအပ်သောတရား, မြင်အပ်သောတရားတို့ကို မထင်မမြင်နိုင်။ အာသဝေါတရားတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်သို့လည်း မရောက်နိုင်။ ထို့ကြောင့် **"ဝိစိကိစ္ဆာ ဘိက္ခဝေ စိတ္တဿ ဥပက္ကိလေသာ"**ဟု ဟောတော်မူအပ်ပြီ။ ။ ဤ ၅-ပါးကုန်သော နီဝရဏတို့သည်—

- စိတ်၏ညစ်ညူးခြင်းကိုသာ ပြုတတ်သည်မဟုတ်။
- ပညာစက္ခု၏ ကန်းခြင်းကိုလည်း ပြုတတ်ကုန်၏။
- ဖုံးလွှမ်းပိတ်ပင် မြှေးယှက်ခြင်းကိုလည်း ပြုတတ်ကုန်၏။
- သတ္တဝါတို့၏ အနှောင်အဖွဲ့လည်း ဖြစ်ကုန်၏။
- ထိတ်,ထောင်, နှောင်အိမ်လည်း မည်ကုန်၏။
- သတ္တဝါတို့၏ အပါယ် ၄-ပါးသို့ လားကြောင်းခရီးလည်း မည်ကုန်၏။
- ဝဋ်ဆင်းရဲရှည်ခြင်း၏ အကြောင်းလည်း မည်ကုန်၏။
- သတ္တဝါတို့၏ အကျိုးစီးပွါးကို ဖျက်ဆီး၍ အကျိုးမဲ့ကို ဖြစ်စေတတ်သောကြောင့် မာရ်နတ်မင်း၏ စစ်သည်လည်း မည်ကုန်၏။

ထို ၅-ပါးသော နီဝရဏတို့ကို ပယ်ခြင်းငှာ ၇-ပါးသော ဗောဇ္ဈင်တရားတို့ကို ပွါးစေကြကုန်-ဟု တိုက်တွန်းတော်မူလိုသည်ဖြစ်၍ **"ပဉ္စန္နံ ဘိက္ခဝေ နီဝရဏာနံ ပဟာနာယ သတ္တ ဗောဇ္ဈင်္ဂါ ဘာဝေတဗ္ဗာ"**ဟု ဟောတော်မူသည်။

အကြိမ်များစွာ ပွါးအပ်, အလေ့အလာပြုအပ်ကုန်သော ဗောဇ္ဈင်တရားတို့သည် ၅-ပါးသော နီဝရဏတို့ကိုသာ ပယ်ဖျောက်ခြင်းငှာ စွမ်းနိုင်သည် မဟုတ်သေး။ ၄-ပါးသော ဩဃ, ၄-ပါးသော ယောဂ, ၄-ပါးသော ဂန္ထ, ၄-ပါးသော အာသဝ, ၄-ပါးသော ဥပါဒါန်, ၇-ပါးသော အနုသယ, ၁၀-ပါးသော သံယောဇဉ်, ၁၀-ပါးသော ကိလေသာ, အလုံးစုံသော အယုတ်တရားတို့ကို ပယ်ခြင်း,ဖျောက်ခြင်းငှာ စွမ်းနိုင်ကုန်၏။ ထို့ကြောင့်—

> **စတ္တာရောမေ ဘိက္ခဝေ ဩဃာ။ ကတမေ စတ္တာရော? ကာမောဃော ဘဝေါဃော ဒိဋ္ဌောဃော အဝိဇ္ဇောဃော၊ ဣမေ ခေါ ဘိက္ခဝေ စတ္တာရော ဩဃာ။ ဣမေသံ ခေါ ဘိက္ခဝေ စတုန္နံ ဩဃာနံ ပဟာနာယ သတ္တ ဗောဇ္ဈင်္ဂါ ဘာဝေတဗ္ဗာ။**

ဟု ဟောတော်မူအပ်ပြီ။ (သံ၊၃။၅၄-၅၇)

ဤသို့လျှင် ဩဃ, ယောဂ, ဂန္ထ, နီဝရဏ-အစရှိသော အယုတ်တရား အညစ်အကြေးအပေါင်းတို့မှ ကင်းလွတ်စင်ကြယ်၍ ဘုရား-အစရှိသော သူတော်ကောင်းတို့သည် မျက်မှောက်၌ မြင်အပ်သော ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, မဂ်, ဖိုလ်, နိဗ္ဗာန်တရားအထူးကို မျက်မှောက်ပြုရခြင်းအကျိုးငှာ ဆိုအပ်ခဲ့ပြီးသော ဗောဇ္ဈင်တရား ၇-ပါးတို့ကို ၄-ပါးသော ဣရိယာပုထ်တို့၌ အခါမပြတ် ပွါးများကုန်ရာသည်။

ထိုဗောဇ္ဈင်တရား ၇-ပါးတို့ကို ပွါးများအားထုတ်ကုန်သောသူတို့တွင် အချို့သောသူတို့သည် ၇-နှစ်ပတ်လုံး အားထုတ်ကုန်၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရကုန်၏။ အချို့သောသူတို့သည် ၆-နှစ်ပတ်လုံး အားထုတ်ကုန်၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရကုန်၏။ အချို့သောသူတို့သည် ၅-နှစ်ပတ်လုံး အားထုတ်ကုန်၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရကုန်၏။ အချို့သောသူတို့သည် ၄-နှစ်ပတ်လုံး အားထုတ်ကုန်၍လည်းကောင်း, ၃-နှစ်ပတ်လုံး အားထုတ်ကုန်၍လည်းကောင်း, ၂-နှစ်ပတ်လုံး အားထုတ်ကုန်၍လည်းကောင်း, ၁-နှစ်ပတ်လုံး အားထုတ်ကုန်၍လည်းကောင်း အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရကုန်၏။

အချို့သောသူတို့သည် ၇-လပတ်လုံး အားထုတ်ကုန်၍လည်းကောင်း၊ ၆-လ, ၅-လ, ၄-လ, ၃-လ, ၂-လ, ၁-လပတ်လုံး အားထုတ်ကုန်၍လည်းကောင်း အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရကုန်၏။ အချို့သောသူတို့သည် ၇-ရက်ပတ်လုံး အားထုတ်ကုန်၍လည်းကောင်း၊ ၆-ရက်, ၅-ရက်, ၄-ရက်, ၃-ရက်, ၂-ရက်, ၁-ရက်ပတ်လုံး အားထုတ်ကုန်၍လည်းကောင်း အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရကုန်၏။ အချို့သောသူတို့သည် မျက်စိတမှိတ်, လျှပ်တပြက်, လက်ဖျစ်တတွက် အခိုက်အတန့်ကာလ၌ ထို ၇-ပါးသော ဗောဇ္ဈင်တရားတို့ကို ပွါးများစေ၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရကုန်၏။

အကယ်၍ မျက်မှောက်ဖြစ်သော ဤကိုယ်၏အဖြစ်၌—

- အရဟတ္တဖိုလ်ကို မျက်မှောက်မပြုရသည်ဖြစ်အံ့၊ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရ၏။
- အနာဂါမိဖိုလ်ကို မျက်မှောက်မပြုရသည်ရှိသော် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရ၏။
- သကဒါဂါမိဖိုလ်ကို မျက်မှောက်မပြုရသည်ရှိသော် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရ၏။

- ဤဘဝ မဂ်,ဖိုလ်ကို မျက်မှောက်မပြုရသည်ရှိသော် ဒုတိယဘဝ, တတိယဘဝ, စတုတ္ထဘဝ, ပဉ္စမဘဝတို့၌လည်းကောင်း၊ ၁၀-ဘဝ, ဘဝ-၂၀, ဘဝ ၃၀-အတွင်း၌လည်းကောင်း မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရစေတတ်၏။

ရှေးရှေးသောဘဝက ပါရမီပုည သမ္ဘာရအစု နည်းပါးသောကြောင့် ဤဘုရားသာသနာတော်၌ မဂ်,ဖိုလ်,နိဗ္ဗာန်တရားအထူးကို မရသည်ရှိသော် နောက်နောင်သောကာလ၌ ပွင့်တော်မူလတ္တံ့သော ဘုရားသခင်တို့၏ လက်ထက်တော်၌ သုခပဋိပဒါခိပ္ပါဘိညအဖြစ်ဖြင့် မဂ်,ဖိုလ်,နိဗ္ဗာန်တရားအထူးကို ရစေတတ်၏။ မဂ်,ဖိုလ်,နိဗ္ဗာန်တရားအထူးကို မရမီအကြားကာလတို့၌လည်း ဝဋ်ဆင်းရဲ၌ ကျင်လည်ရသည်ရှိသော် လူ့ရပ်,နတ်ရပ်မှ မြတ်သော, သုဂတိဘဝတို့၌ နှစ်သက်မြတ်နိုးအပ်သော သူဌေးသူကြွယ်, ပဒေသရာဇ်မင်း, ဧကရာဇ်မင်း, စကြာမင်းတို့၏ စည်းစိမ်ချမ်းသာတို့ကိုလည်းကောင်း၊ သိကြား,အသုရာ-အစရှိသော နတ်တို့၏ စည်းစိမ်ချမ်းသာတို့ကိုလည်းကောင်း ပြည့်စုံစေတတ်၏။

မျက်မှောက်သောကိုယ်၏အဖြစ်၌ မင်း, ခိုးသူ, ရေ, မီး, မချစ်မနှစ်လိုသောသူတည်းဟူသော ရန်သူမျိုး ၅-ပါးတို့မှလည်းကောင်း၊ ၉၆-ပါးသော ရောဂါဝေဒနာတို့မှလည်းကောင်း ကင်းလွတ်၍ ဇီဝိတိန္ဒြေ၏ ပွါးခြင်း, အသက်ရှည်ခြင်း, အဆင်းလှခြင်း, အနာရောဂါကင်းခြင်း အစရှိသော အကျိုးတရားတို့နှင့်လည်း ပြည့်စုံစေတတ်၏။

အထူးအားဖြင့်ကား ဝဋ်ဆင်းရဲ၌ ကျင်လည်ရသည်ရှိသော်—

- အလွန်ထင်သောသတိနှင့် ပြည့်စုံခြင်း၊
- နက်နဲကျယ်ဝန်း ရွှင်လန်းသော ပညာနှင့် ပြည့်စုံခြင်း၊
- အာရဗ္ဘဓာတ်, နိက္ကမဓာတ်, ပရမက္ကမဓာတ်-ဟု ဆိုအပ်သော ၃-ပါးသော အစွမ်းရှိသော ဝီရိယနှင့် ပြည့်စုံခြင်း၊
- ခုဒ္ဒိကပီတိ, ခဏိကပီတိ, ဩက္ကန္တိကာပီတိ, ဥဗ္ဗေဂပီတိ, ဖရဏာပီတိတည်းဟူသော ၅-ပါးသော ပီတိတို့နှင့် ပြည့်စုံခြင်း၊
- ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိတည်းဟူသော ပဿဒ္ဓိတရား ၂-ပါးနှင့် ပြည့်စုံခြင်း၊
- ဥပစာရသမာဓိ, အပ္ပနာသမာဓိတည်းဟူသော သမာဓိတရား ၂-ပါးတို့နှင့် ပြည့်စုံခြင်း၊
- ၁၀-ပါးသော ဥပေက္ခာတရားနှင့် ပြည့်စုံခြင်း၊

ဤအလုံးစုံသော အကျိုးထူးတို့ကို ဖြစ်စေတတ်၏။ (သံ၊၃။၁၁၃။ ဒီ၊၂။၂၅၁)

ထို့ကြောင့် ဤအလုံးစုံသော လောကီ, လောကုတ္တရာအကျိုးထူးတို့ကို အလိုရှိကုန်သော သူတော်ကောင်းတို့သည် တစ်စုံတစ်ခုသော အမှုကိစ္စတို့ကို မပြုမူ၍ အရိုအသေ အလေးအမြတ်ပြု၍ ၄-ပါးသော ကြရိယာပုထ်တို့၌ ဗောဓိပက္ခိယတရား ၇-ပါးတို့ကို ပွါးများအားထုတ်ကုန်ရာသည်။ ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ ၂-ဗောဇ္ဈင်္ဂသံယုတ်။ ၎င်းအဋ္ဌကထာ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ မူလပဏ္ဏာသအဋ္ဌကထာ။)

★★★★★★★

## [ ၁၅ ] အတွင်း,အပ၌ မြေးယှက်တတ်သော တဏှာကို မည်သူဖြေနိုင်ကြောင်းတရား

အလုံးစုံသောတရားအပေါင်းတို့ကို သိတော်မူပြီးသော ဘုရားသခင်သည် တရံရောအခါ သာဝတ္ထိပြည်ကြီးကို ဆွမ်းခံရာအမှီပြု၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသည်။ ထိုသို့နေတော်မူသောအခါ ညဉ့်ဦးယံလွန်ပြီးသော သန်းခေါင်အခါ၌ ၁-ဦးသော နတ်မင်းသည် ဘုရားသခင်အထံတော်သို့ ချဉ်းကပ်လေ၍—

> ၁။ **အန္တောဇဋာ ဗဟိဇဋာ၊ ဇဋာယ ဇဋိတာ ပဇာ။**
> **တံ တံ ဂေါတမ ပုစ္ဆာမိ၊ ကော ဣမံ ဝိဇဋယေ ဇဋန္တိ။** ။ (သံ၊၁။၁၃)

ဟူသော ဂါထာဖြင့် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော ဂေါတမအနွယ်ဖြစ်တော်မူသော မြတ်စွာဘုရား၊ အတွင်း၌ မြေးယှက်သော တဏှာ, အပ၌ မြေးယှက်သော တဏှာသည် ရှိ၏။ ထိုအတွင်း,အပ၌ဖြစ်သော တဏှာသည် သတ္တဝါအပေါင်းကို မြေးယှက်တတ်၏။ အဘယ်မည်သောသူသည် ဤတဏှာတည်းဟူသော အမြေးအယှက်ကို ဖြေနိုင်ရာသနည်း"ဟု နားတော်လျှောက်၏။

ထိုအခါ သဗ္ဗညုဘုရားသခင်သည်—

> ၂။ **သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။**
> **အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋန္တိ။** ။(သံ၊၁။၁၃)

ဟူသော ဂါထာဖြင့် ဖြေတော်မူသည်။

၁။ အန္တောဇဋာ၊ အတွင်း၌ မြေးယှက်သော တဏှာလည်းကောင်း။ ဗဟိဇဋာ၊ အပ၌ မြေးယှက်သော တဏှာလည်းကောင်း။ ဣတိ၊ ဤသို့။ ဇဋာယ၊ တဏှာသည်။ ပဇာ၊ သတ္တဝါ

အပေါင်းကို။ ဇဋ္ဋိတာ၊ မြေးယှက်အပ်၏။ ကော၊ အဘယ်မည်သောသူသည်။ ဣမံ ဇဋံ၊ ဤတဏှာတည်းဟူသော အမြေးအယှက်ကို။ ဝိဇဋယေ၊ ဖြေနိုင်ရာသနည်း။ ဂေါတမ၊ ဂေါတမအနွယ်ဖြစ်တော်မူသော မြတ်စွာဘုရား။ တံ ကာရဏံ၊ ထိုအကြောင်းကို။ အဟံ၊ ကျွန်ုပ်သည်။ တံ ဘဂဝန္တံ၊ ထိုမြတ်စွာဘုရားကို။ ပုစ္ဆာမိ၊ မေးပါ၏။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးလျှောက်၏။

၂။ ဒေဝပုတ္တ၊ နတ်သား။ သီလေ၊ သီလ၌။ ပတိဋ္ဌာယ၊ တည်၍။ သပညော၊ ပဋိသန္ဓေပညာ, ပါရိဟာရိယပညာရှိထသော။ အာတာပီ၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိထသော။ နိပကော၊ ဘာဝနာကို ပွါးစေသဖြင့် ရင့်သောပညာလည်း ရှိထသော။ စိတ္တဉ္စ၊ သမာဓိစိတ်ကိုလည်းကောင်း။ ပညဉ္စ၊ ဝိပဿနာပညာကိုလည်းကောင်း။ ဘာဝယံ ဘာဝယန္တော၊ ပွါးစေသော။ နရော၊ နရ-ဟုဆိုအပ်သော။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ အတ္ထိ၊ ရှိ၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဣမံ ဇဋံ၊ ဤတဏှာတည်းဟူသော အမြေးအယှက်ကို။ ဝိဇဋယေ၊ ဖြေနိုင်ရာ၏။

ထိုဝိသဇ္ဇနာဂါထာဒေသနာတော်၏ အဓိပ္ပါယ်ကား "အချင်းနတ်သား၊ သီလ၌ တည်၍ ပဋိသန္ဓေပညာ, ပါရိဟာရိယပညာရှိသော, ကိလေသာကို ပူပန်စေတတ်သော လုံ့လနှင့် ပြည့်စုံသော, ဘာဝနာကို ပွါးစေသဖြင့် ရင့်သောပညာရှိသော, သမာဓိစိတ်ကိုလည်း ကောင်း, ဝိပဿနာပညာကိုလည်းကောင်း ပွါးစေသော အကြင်ရဟန်းသည် ရှိ၏။ ထိုရဟန်းသည် ဤတဏှာတည်းဟူသော အမြေးအယှက်ကို ဖြေနိုင်ရာ၏"ဟု ဟောတော်မူသည်။

## ၁။ သီလဝိသုဒ္ဓိ

ဤသို့ ဟောတော်မူသောကြောင့် တဏှာတည်းဟူသော အမြေးအယှက်ကို ဖြေလိုသောသူသည်—

လူလည်း လူ့အလျောက် သရဏဂုံ ၃-ပါး၌ တည်၍ ၅-ပါးသော ပဉ္စင်္ဂသီလ, ၁၀-ပါးသော ဒသင်္ဂသီလ, ၁၀-ပါးသော ဒုစရိုက်တို့ကို ပယ်၍ ၁၀-ပါးသော သုစရိုက်သီလတို့ကိုလည်းကောင်း၊ ကာယသုစရိုက် ၃-ပါး, ဝစီသုစရိုက် ၄-ပါး, အာဇီဝနှင့်တကွ ၈-ပါးသော အာဇီဝဋ္ဌမကသီလကိုလည်းကောင်း ပြည့်စုံစွာ ဆောက်တည်၍ စင်ကြယ်စွာ ဖြည့်ကျင့်ရာ၏။

ရဟန်းတို့လည်း ရဟန်းတို့အလျောက် ၄-ပါးသော စတုပါရိသုဒ္ဓိသီလ, အာစာရသီလ, ဂေါစရသီလ-အစရှိသော သီလတို့ကို ပြည့်စုံစွာ ဆောက်တည်၍ စင်ကြယ်စွာ

ဖြည့်ကျင့်ရာ၏။ ဤသို့ စင်ကြယ်စွာပြု၍ မကျိုး, မပေါက်, မပြောက်, မကျားရအောင် ကျင့်အပ်ပြီးသော လူတို့၏သီလ, ရဟန်းတို့၏သီလသည် သီလဝိသုဒ္ဓိ မည်၏။

## ၂။ စိတ္တဝိသုဒ္ဓိ

သီလ၌ တည်ကြည်ပြီးသော လူတို့သည်လည်း လူတို့ ဆောက်တည်အပ်သော ကောသနိက်ဓုတင်, ပတ္တပိဏ်ဓုတင်တို့ကို ဆောက်တည်ကုန်ရာ၏။ ရဟန်းတို့လည်း ရဟန်းတို့ ရအပ်သော ဓုတင် ၁၃-ပါးတို့ကို ဆောက်တည်ကုန်ရာ၏။

ဓုတင်ကျင့်ဝတ်တို့နှင့် ပြည့်စုံပြီးသောသူတို့သည်—

**ရာဂစရိတာ ဒေါသစရိတာ မောဟစရိတာ သဒ္ဓါစရိတာ ဗုဒ္ဓိစရိတာ ဝိတက္ကစရိတာ စေတိ ဆမာနိ ဆ စရိတာနိ နာမ။** (ဆဗ္ဗိဓေန စရိတသင်္ဂဟော၊ သင်္ဂဟ၊ ၅၉)

ဟူသော အဋ္ဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ ရာဂစရိုက်, ဒေါသစရိုက်, မောဟစရိုက်, သဒ္ဓါစရိုက်, ဗုဒ္ဓိစရိုက်, ဝိတက်စရိုက်တည်းဟူသော ၆-ပါးသော စရိုက်တို့ကို သိရာ၏။ ထို ၆-ပါးသော စရိုက်တို့ကို သိပြီးသည်ရှိသော် ထိုစရိုက် ၆-ပါးတို့၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်၍ ထိုစရိုက်တို့ကို ပျောက်စေတတ်သော သမထကမ္မဋ္ဌာန်းတို့ကို သိရာ၏။ အဘယ်သို့ သိရာသနည်းဟူမူကား—

**ဒသ အသုဘာ ကာယဂတာသတိသင်္ခါတာ ကောဋ္ဌာသဘာဝနာ စ ကောဒသ ရာဂစရိတဿ သပ္ပါယာ။** (အဘိဓမ္မတ္ထသင်္ဂဟ၊ နှာ-၆၀)

ဟူသော အဋ္ဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ အသုဘ ၁၀-ပါး, ကာယဂတာသတိ ၁-ပါး၊ ဤ ၁၁-ပါးသော ကမ္မဋ္ဌာန်းတို့သည် ရာဂစရိုက်ပြောသောသူအား လျောက်ပတ်ကုန်၏။

**စတဿော အပ္ပမညာယော နီလာဒီနိ စ စတ္တာရိ ကသိဏာနိ ဒေါသစရိတဿ သပ္ပါယာနိ။**

ဟူသော အဋ္ဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ-ဟူသော အပ္ပမညာ ၄-ပါး၊ နီလကသိုဏ်း, ပီတကသိုဏ်း, လောဟိတကသိုဏ်း, ဩဒါတကသိုဏ်း-ဟူသော ကသိုဏ်း ၄-ပါးအားဖြင့် ဤ ၈-ပါးသော ကမ္မဋ္ဌာန်းတို့သည် ဒေါသစရိုက်ပြောသောသူအား လျောက်ပတ်ကုန်၏။ (သင်္ဂဟ။၆၀)

**အာနာပါနံ မောဟစရိတဿ ဝိတက္ကစရိတဿ စ။**

ဟူသော အဋ္ဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ အာနာပါနဿတိကမ္မဋ္ဌာန်းသည် မောဟစရိုက်, ဝိတက်စရိုက်ပြောသောသူအား လျောက်ပတ်၏။ (သင်္ဂဟ။၆၀)

**ဗုဒ္ဓါနုဿတိအာဒယော ဆ သဒ္ဓါစရိတဿ သပ္ပါယာ။**

ဟူသော အဋ္ဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ၊ ဤ ၆-ပါးသော ကမ္မဋ္ဌာန်းတို့သည် သဒ္ဓါ စရိုက် ပြောသောသူအား လျော်ကပ်ကုန်၏။ (သင်္ဂဟ။၆၀)

**မရဏာဥပသမသညာဝဝတ္ထာနာနိ ဗုဒ္ဓိစရိတဿ သပ္ပါယာနိ။**

ဟူသော အဋ္ဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ မရဏာနုဿတိ, ဥပသမာနုဿတိ, အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်၊ ဤ ၄-ပါးသော ကမ္မဋ္ဌာန်းတို့သည် ပညာ စရိုက်ပြောသောသူအား လျော်ကပ်ကုန်၏။ (သင်္ဂဟ။၆၀)

ကြွင်းသောကမ္မဋ္ဌာန်းတို့သည် စရိုက် ၆-ပါးပြောသောသူအား လျော်ကပ်ကုန်၏။

ဤသို့လျှင် စရိုက် ၆-ပါးတို့၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်၍ ဖျောက်ခြင်းငှာ စွမ်းနိုင်သော ကမ္မဋ္ဌာန်းတို့ကို သိပြီး၍—

**စရိတာနုကုလံ ကမ္မဋ္ဌာနံ ဥဂ္ဂဟေတွာ။ –**

ဟူသော အဋ္ဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ မိမိစရိုက်အားလျော်သော ကမ္မဋ္ဌာန်းတို့ကို ယူ၍ စီးဖြန်းပွါးများရာ၏။ စီးဖြန်းဖန်များ၍ နီဝရဏကင်းငြိမ်းသည်မှစ၍ အပ္ပနာစျာန်၏ ရှေ့အဖို့တိုင်အောင် စိတ်၏တည်ကြည်ငြိမ်သက်ခြင်းသည် **ဥပစာရသမာဓိ** မည်၏။ ဥပစာရ စျာန်လည်း မည်၏။

ထိုဥပစာရသမာဓိကို **အဖန်တလဲလဲ** မှီဝဲပွါးများသောပုဂ္ဂိုလ်အား ပထမစျာန်-အစရှိသော မဟဂ္ဂုတ်စျာန် ၉-ပါးဟု ဆိုအပ်သော အပ္ပနာသမာဓိသည် ဖြစ်၏။ ထိုအပ္ပနာ-သမာဓိကို ဝသီဘော် ၅-ပါးဖြင့် အလေ့အလာပြု၍ အဖန်တလဲလဲ မှီဝဲပွါးများသော ပုဂ္ဂိုလ် အား ဒိဗ္ဗစက္ခု-အစရှိသော ၅-ပါးသော အဘိညာဉ်တို့သည် ဖြစ်ကုန်၏။ ထိုစျာန်အဘိညာဉ် တို့သည် **အပ္ပနာသမာဓိ** မည်ကုန်၏။

ထိုဆိုအပ်ခဲ့ပြီးသော ဥပစာရသမာဓိ, အပ္ပနာသမာဓိတို့သည် **စိတ္တဝိသုဒ္ဓိ** မည်ကုန်၏။

## ၃။ ဒိဋ္ဌိဝိသုဒ္ဓိ [(၁) နာမရူပပရိစ္ဆေဒဉာဏ် ]

ထိုစိတ္တဝိသုဒ္ဓိ-ဟု ဆိုအပ်သော ဥပစာရသမာဓိ, အပ္ပနာသမာဓိတို့ကို အခြေပြု၍ တေဘူမက နာမ်,ရုပ်တရားတို့ကို ခန္ဓာ၏အစွမ်းအားဖြင့်လည်းကောင်း၊ အာယတန၏ အစွမ်းအားဖြင့်လည်းကောင်း၊ ဓာတ်၏အစွမ်းအားဖြင့်လည်းကောင်း၊ သစ္စာ၏အစွမ်းအား

ဖြင့်လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်၏ အစွမ်းအားဖြင့်လည်းကောင်း၊ ပဋ္ဌာန်းပစ္စည်း, ပစ္စယုပ္ပန်၏ အစွမ်းအားဖြင့်လည်းကောင်း နာမ်,ရုပ်တို့ကို ပိုင်းခြား၍ "ဤသည်ကား နာမ်၊ ဤသည်ကား ရုပ်"ဟု အဖန်တလဲလဲ ပိုင်းခြား၍ မြင်သည်တိုင်အောင် ရှုဆင်ခြင်ရာ၏။ ရှုဆင်ခြင်ဖန်များ၍ နာမ်,ရုပ်တို့ကို ပိုင်းခြား၍ မြင်သည်ရှိသော် **နာမရူပပရိစ္ဆေဒဉာဏ်** ဖြစ်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ရှုဆင်ခြင်သော်လည်း ပိုင်းခြား၍ မမြင်နိုင်သည် ဖြစ်အံ့။ ထိုနာမ်တရား, ရုပ်တရားတို့တွင် တစ်ခုတစ်ခုသော နာမ်,ရုပ်တရားတို့ကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏ အစွမ်းအားဖြင့် အဖန်တလဲလဲ ရှုဆင်ခြင်ရာ၏။ ရှုဆင်ခြင်သည်ရှိသော် ထိုနာမ်,ရုပ်တို့ကို ပိုင်းခြား၍ မြင်ရာ၏။ ဤသို့ နာမ်,ရုပ်တို့ကို ပိုင်းခြား၍ မြင်ခြင်းသည် **ဒိဋ္ဌိဝိသုဒ္ဓိ** မည်၏။

## ၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ

**[ (၂) ဥဒယဗ္ဗယဉာဏ်, (၃) ဘင်္ဂဉာဏ်, (၄) ဘယဉာဏ်, (၅) အာဒီနဝဉာဏ်, (၆) နိဗ္ဗိဒါဉာဏ်, (၇) မုစ္စိတုကမျတာဉာဏ်, (၈) ပဋိသင်္ခါဉာဏ်, (၉) သင်္ခါရုပေက္ခာဉာဏ် ]**

ဤသို့ နာမ်,ရုပ်တို့ကို ပိုင်းခြား၍ မြင်ပြီးသည်ရှိသော် ထိုနာမ်,ရုပ်တို့၏ နီးသော အကြောင်း, ဝေးသောအကြောင်းတို့ကိုလည်းကောင်း၊ အပေါင်းဖြစ်သောအကြောင်း, အစိတ်ဖြစ်သော အကြောင်းတို့ကိုလည်းကောင်း အဖန်တလဲလဲ သိမ်းဆည်း၍ ရှုဆင်ခြင်ရာ၏။ ဆင်ခြင်ဖန်များ၍ ထိုနာမ်,ရုပ်တို့၏အကြောင်းကို ပိုင်းခြား၍ မြင်ခြင်းသည် **ကင်္ခါဝိတရဏဝိသုဒ္ဓိ** မည်၏။

ဤသို့လျှင် အကြောင်းနှင့်တကွ သိမ်းဆည်း၍ မြင်ပြီးသော နာမ်,ရုပ်တရားတို့ကို ၃-ပါးသော လက္ခဏာရေးသို့ တင်၍ ဆင်ခြင်စီးဖြန်းပွါးများရာ၏။

အဘယ်သို့ တင်၍ စီးဖြန်းပွါးများရာသနည်းဟူမူကား "ဤနာမ်ရုပ်တရားတို့သည် အမြဲအရှည်တည်သည် မဟုတ်၊ ဥပါဒ်အားဖြင့် အတန်ငယ်ဖြစ်၍ ဋီအားဖြင့် အတန်ငယ် တည်၍ ဘင်အားဖြင့် အကြွင်းမဲ့ ချုပ်၍ ပျောက်လေ၏။ မျက်စိတမှိတ်, လျှပ်တပြက်သော ကာလ၌ ကုဋေ ၁-သိန်းဖြစ်၍ ချုပ်လေ၏။ အနိစ္စသဘောတကား"ဟု အနိစ္စလက္ခဏာရေး သို့ တင်၍ ရှုရာ၏။ ထိုနာမ်,ရုပ်တရားတို့သည် ဥပါဒ်,ဋီ,ဘင်အားဖြင့် ဖြစ်ကုန်၏။ ထိုဥပါဒ်, ဋီ, ဘင်တို့တွင် ဥပါဒ်သည် ဇာတိဒုက္ခ မည်၏။ ဋီသည် ဇရာဒုက္ခ မည်၏။ ဘင်သည် မရဏဒုက္ခ မည်၏။ ဥပါဒ်ကို ဋီနှိပ်စက်သည်။ ဋီကို ဘင်နှိပ်စက်သည်။ ဘင်သည် အကြွင်းမဲ့ ချုပ်၍ ပျောက်သည်။　　(ဋီကာကျော်။ ၂၆၉။ ဝိသုဒ္ဓိမဂ်၊ ၂။ ၂၃၉)

ထိုသို့ ဖြစ်သောကြောင့် နာမ်,ရုပ်တရားတို့သည် ကျင်နာခြင်းသဘောရှိသည်ဖြစ်၍ ဗျာဓိ မည်၏။ ဤသို့လျှင် တစ်ခုတစ်ခုသော ရုပ်,နာမ်တရားတို့၌ ဇာတိ, ဇရာ, ဗျာဓိ,မရဏ တည်းဟူသော ၄-ပါးသော ဘေးတို့ကို ရှုဆင်ခြင်၍ 'ဒုက္ခသာတကား'-ဟု ဒုက္ခလက္ခဏာရေး သို့ တင်၍ အဖန်တလဲလဲ စီးဖြန်းပွါးများရာ၏။ ထိုနာမ်,ရုပ်တရားတို့သည် "ဥပါဒ်သဘော အားဖြင့် မဖြစ်ပါစေလင့်။ ဋီသဘောအားဖြင့် မရင့်ပါစေလင့်၊ ဘင်သဘောအားဖြင့် မချုပ်ပါ စေလင့်"ဟူ၍လည်းကောင်း၊ "မအိုလို, မနာလို, မသေလို"ဟူ၍လည်းကောင်း တစ်စုံတစ် ယောက်သောသူသည်မျှ တောင့်တ၍ မရသည်ဖြစ်၍ "အစိုးမရ အနတ္တသာတကား"ဟု အနတ္တလက္ခဏာရေးသို့ တင်၍ ဆင်ခြင်စီးဖြန်းပွါးများရာ၏။

ဤသို့လျှင် လက္ခဏာရေး ၃-ပါးသို့ တင်၍ ဆင်ခြင်စီးဖြန်းသောပုဂ္ဂိုလ်အား ဥပါဒ် သဘော, ဋီသဘော, ဘင်သဘောကို မြင်သည်ရှိသော် **ဥဒယဗ္ဗယဉာဏ်** ဖြစ်၏။

မြင်ပြီးသော ဥပါဒ်,ဋီ,ဘင်တို့တွင် ဥပါဒ်သဘောကို လွှတ်၍, ဋီသဘောကို လွှတ်၍ အဖန်တလဲလဲရှုသဖြင့် ဘင်သဘောကို မြင်သည်ရှိသော် **ဘင်္ဂဉာဏ်** ဖြစ်၏။

မြင်ပြီးသော ဥပါဒ်,ဘင်ရှိသော သင်္ခါရတို့ကို ဘေးအားဖြင့် မြင်သည်ရှိသော် **ဘယ ဉာဏ်** ဖြစ်၏။

ဘေးအားဖြင့် မြင်ပြီးသော သင်္ခါရတို့၏ အပြစ်ကို ရှုသည်ရှိသော် **အာဒီနဝဉာဏ်** ဖြစ်၏။

အပြစ်အားဖြင့် မြင်ပြီးသော သင်္ခါရတို့မှ ငြီးငွေ့သည်ရှိသော် **နိဗ္ဗိဒါဉာဏ်** ဖြစ်၏။

ငြီးငွေ့ပြီးသော သင်္ခါရတို့မှ လွတ်လိုသည်ဖြစ်၍ ရှုသည်ရှိသော် **မုစ္စိတုကမျတာဉာဏ်** ဖြစ်၏။

လွတ်လိုသည်ဖြစ်၍ ထိုသင်္ခါရတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ-ဟု အဖန်တလဲလဲရှု၍ အဆင့်ဆင့်အားထုတ်သောပုဂ္ဂိုလ်အား **ပဋိသင်္ခါဉာဏ်** ဖြစ်၏။

အဆင့်ဆင့် အားထုတ်ဖန်များ၍ သင်္ခါရတို့၌ ချစ်ခင်နှစ်သက်ခြင်း, ကြောက်ခြင်း မရှိ၊ လျစ်လျူရှုနိုင်သောအခါ **သင်္ခါရုပေက္ခာဉာဏ်** ဖြစ်၏။

ထိုသင်္ခါရုပေက္ခာဉာဏ်ဖြင့် နာမ်,ရုပ်တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ-ဟု အဖန် တလဲလဲ ဆင်ခြင်စီးဖြန်းပွါးများသောပုဂ္ဂိုလ်အား သောတာပတ္တိမဂ်-အစရှိသော ၄-ပါးသော မဂ်တို့သည်လည်းကောင်း၊ သောတာပတ္တိဖိုလ်-အစရှိသော ၄-ပါးသော ဖိုလ်တို့သည်လည်း ကောင်း ဖြစ်ကုန်၏။

အဘယ်သို့ ဖြစ်ကုန်သနည်းဟူမူကား တေဘူမက နာမ်,ရုပ်တရားတို့ကို လက္ခဏာရေး ၃-ပါးသို့ တင်၍ ဆင်ခြင်ဖန်များ၍ သောတာပတ္တိမဂ္ဂဝီထိဖြစ်လိုလတ်သော် မိမိပဋိသန္ဓေစိတ်နှင့်တူသော ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉-ခုတို့တွင် ၁-ခုခုသည် ဘဝင်စလန, ဘဝင်ုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တေဘူမကသင်္ခါရကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စ ၁-ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-ခုတို့တွင် ၁-ခုခုသည် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ-ဟူ၍ ဥပစာရသမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။

ထို့နောင် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း, သမုဒယသစ္စာကို ပယ်ခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ပွါးခြင်း၊ ဤ ၄-ပါးသော ကိစ္စတို့ကို တပြိုင်နက်ပြီးစေလျက် **သောတာပတ္တိမဂ်စိတ်** ၁-ကြိမ်သာ ဖြစ်၍ ချုပ်၏။ ထို့နောင် ဗလဝတရနာနာက္ခဏိကမဂ်စေတနာသည် ဖြစ်စေအပ်သော မဂ်စိတ်နှင့် ဈာန်အင်္ဂါ-အစရှိသောအားဖြင့်တူသော သောတာပတ္တိဖိုလ်စိတ်သည် မန္ဒပညာပုဂ္ဂိုလ်အား ဖြစ်အံ့၊ ၂-ကြိမ်။ တိက္ခပညာပုဂ္ဂိုလ်အား ဖြစ်အံ့၊ ၃-ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉-ခုတို့တွင် ၁-ခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ထို့နောင် တိဟိတ်ဘဝင် တေရသတို့တွင် ၁-ခုခုသည် ဘဝင်စလန, ဘဝင်ုပစ္ဆေဒ-ဟု ဘဝင်ကိစ္စ ၂-ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တေဘူမကသင်္ခါရကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စ ၁-ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တေဘူမကသင်္ခါရကို အာရုံပြု၍ မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-ခုတို့တွင် ၁-ခုခုသည် အနုလုံ, အနုလုံ, အနုလုံ-ဟု ၃-ကြိမ်။ ထို့နောင် နိဗ္ဗာန်ကို အာရုံပြု၍ ဝေါဒါန်ကိစ္စ ၁-ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း, သမုဒယသစ္စာကို ပယ်ခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ပွါးခြင်း၊ ဤ ၄-ပါးသော ကိစ္စတို့ကို တပြိုင်နက် ပြီးစေလျက် ၁-ကြိမ်သာ **သကဒါဂါမိမဂ်ကိစ္စဖြစ်၍ ချုပ်၏။**

ထို့နောင် ဗလဝတရနာနာက္ခဏိကမဂ်စေတနာသည် ဖြစ်စေအပ်သော မဂ်စိတ်နှင့် ဈာန်အင်္ဂါ-အစရှိသောအားဖြင့်တူသော သကဒါဂါမိဖိုလ်စိတ်သည် မန္ဒပညာပုဂ္ဂိုလ်အား ၂-ကြိမ်, တိက္ခပညာပုဂ္ဂိုလ်အား ၃-ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တိဟိတ်ဘဝင် တေရသတို့တွင် ၁-ခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ထို့အတူ **အနာဂါမိမဂ္ဂဝီထိ, အရဟတ္တမဂ္ဂဝီထိတို့သည်လည်း** ဖြစ်ကုန်၏။

ဤသို့လျှင် မဂ် ၄-တန်, ဖိုလ် ၄-တန်, နိဗ္ဗာန်ကို မျက်မှောက်ပြုရသဖြင့် ၁၆-ပါးသောမဂ်ကိစ္စ ကုန်ပြီး၍ ကိလေသာအာသဝေါကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်တို့သည် ၁၉-

ပါးသော ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် အဖန်တလဲလဲဆင်ခြင်၍ အလွန်လျှင် ဝမ်းမြောက်သဖြင့် အလုံးစုံသော ဝဋ်ဆင်းရဲဘေးမှ ကင်းခြင်းသို့ ရောက်လေ၏။ တစ်စုံတစ်ခုသော ရုပ်,နာမ်, ခန္ဓာ သင်္ခါရသဘောတရားတို့၌ စွဲလမ်းခြင်း မရှိပြီ။

## ၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

ဤဆိုအပ်ခဲ့ပြီးသော ဒေသနာအစဉ်၌ ဥဒယဗ္ဗယဉာဏ်ဖြစ်သည်မှ ဝိပဿနာဉာဏ်ဖြစ်ကြောင်း ဖြစ်သောကြောင့် ဩဘာသ, ပီတိ, ပဿဒ္ဓိ, အဓိမောက္ခ, ပဂ္ဂဟ, သုခ, ဝိပဿနာဉာဏ်, သတိပဋ္ဌာန်ကိစ္စတပ်သော သတိ-ဟု ဆိုအပ်သော ဥပဋ္ဌာန, ဥပေက္ခာ, ထို ၉-ပါး၌ တပ်တတ်သော တဏှာအားဖြင့် ၁၀-ပါးသော ဝိပဿနာဉာဏ်၏ ညစ်ညူးကြောင်း ဘေးရန်တို့သည် ဖြစ်ကုန်သည်ရှိသော် "ဤသည်ကား မဂ် မဟုတ်၊ မဂ်၏သဘောသည် သစ္စာ ၄-ပါးကို ပိုင်းခြား၍ သိခြင်းသဘောရှိ၏"ဟု အကြောင်းဟုတ်သည်, မဟုတ်သည်ကို ဆုံးဖြတ်ခြင်းသည် **မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ** မည်၏။

## ၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

ဝိပဿနာဉာဏ် ၉-ပါးအဆက်ဆက်ဖြင့် ကျင့်သောပုဂ္ဂိုလ်၏ ဝိပဿနာပဋိပတ်အကျင့်သည် **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ** မည်၏။

## ၇။ ဉာဏဒဿနဝိသုဒ္ဓိ

အရိယမဂ်ဉာဏ် ၄-ပါးသည် **ဉာဏဒဿနဝိသုဒ္ဓိ** မည်၏။

ဤသို့လျှင် သီလ၌တည်၍ ဝိပဿနာအဆက်ဆက် မဂ်ဉာဏ်နှင့် ပြည့်စုံသည်တိုင်အောင် ဝိသုဒ္ဓိ ၇-ပါးအစဉ်ဖြင့် အတွင်းအပ၌ လိမ်းကျံမြွေးယှက်သော တဏှာတည်းဟူသော အမြွေးအယှက်ကို ဖြေခြင်းငှာ စွမ်းနိုင်ရာ၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော မဂ်ဉာဏ်,ဖိုလ်ဉာဏ်တိုင်အောင် အဆက်ဆက်သော ဝိပဿနာဉာဏ်တို့သည် သိမ်မွေ့နက်နဲ ခက်ခဲလှသောကြောင့် နားမလည်သည် ဖြစ်အံ့။ ထိုဉာဏ်တို့ကို နားလည်စေခြင်းငှာ ဤဆိုလတ္တံ့သော ဥပမာဖြင့် ထင်စွာ သိအပ်၏။

အဘယ်သို့ သိအပ်သနည်းဟူမူကား လောက၌ တစ်စုံတစ်ခုသော လင်းနို့သည် "ဤမည်သော သစ်မည်စည်ပင်၌ အပွင့်ကိုလည်းကောင်း, အသီးကိုလည်းကောင်း ရလတ္တံ့" ဟု နှလုံးပြု၍ ၅-ခုသော အခက်ရှိသော သစ်မည်စည်ပင်၌ နား၍ တစ်ခုသော သစ်ခက်၌

ရှာ၍ ထိုသစ်ခက်၌ တစ်စုံတစ်ခုသော အပွင့်,အသီးကို မမြင်သည်ဖြစ်၍ ၂-ခုမြောက်သော သစ်ခက်၌လည်းကောင်း, ၃-ခုမြောက်သော သစ်ခက်၌လည်းကောင်း, ၄-ခုမြောက်သော သစ်ခက်၌လည်းကောင်း, ၅-ခုမြောက်သော သစ်ခက်၌လည်းကောင်း သုံးသပ်ရှာဖွေ၍ အပွင့်, အသီးကို မမြင်သည်ရှိသော် "ဤသစ်မည်စည်ပင်ကား အပွင့်,အသီး တစ်စုံတစ်ခု ယူအပ်သောအရာမည်သည် မရှိ"ဟု နှလုံးပြု၍ ထိုသစ်မည်စည်ပင်၌ တပ်စွန်းခြင်းကို စွန့်၍ မြင့်သောအကိုင်းသို့ တက်၍ သစ်ခက်ကြားမှ ဦးခေါင်းကို ဖော်၍ ကြည့်ပြီးသည်ရှိသော် အသီး-သီးသော တပါးသောသစ်ပင်၌ နားလေ၏။　(ဝိသုဒ္ဓိမဂ္ဂ၊၂။၃၀၂)

ထိုဥပမာစကား၌—

- လင်းနို့ကဲ့သို့ ကမ္မဋ္ဌာန်းစီးဖြန်းသော ဝိပဿနာကမ္မဋ္ဌာနိကယောဂီပုဂ္ဂိုလ်ကို မှတ်အပ်၏။
- ၅-ခုသော အခက်ရှိသော သစ်မည်စည်ပင်ကဲ့သို့ ၅-ခုသော ခန္ဓာရှိသော ဤကိုယ်ကို မှတ်အပ်၏။
- အပွင့်,အသီးကို ရလတ္တံ့-ဟူသော အာသာဖြင့် သစ်မည်စည်ပင်၌ လင်းနို့၏ နားခြင်း, စွဲလမ်းခြင်းကဲ့သို့ ခန္ဓာ ၅-ပါး တရားအစုတို့၌ တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် ပြင်းစွာ စွဲလမ်းသော ယောဂါဝစရပုဂ္ဂိုလ်၏ ပုထုဇဉ်လက်ထက်၌ ဝိပဿနာတရားကို အားမထုတ်မီ စွဲလမ်းခြင်းကို မှတ်အပ်၏။
- တစ်စုံတစ်ခုသော သစ်ခက်၌ အပွင့်,အသီးရှာ၍ တစ်စုံတစ်ခုယူအပ်သော အပွင့်, အသီးကို မမြင်သည်ဖြစ်၍ ကြွင်းသောသစ်ခက်တို့၌ အပွင့်,အသီးကို ရှာသော လင်းနို့ကဲ့သို့ ရူပက္ခန္ဓာ၌ အနှစ်သာရကို သုံးသပ်ဆင်ခြင်၍ တစ်စုံတစ်ခု စွဲလမ်းအပ်သည်ကို မမြင်သည်ဖြစ်၍ ကြွင်းသောခန္ဓာတို့၌ ယောဂါဝစရပုဂ္ဂိုလ်၏ သုံးသပ်ခြင်းကို မှတ်အပ်၏။

  "ဤသစ်ပင်ကား အသီးမသီးသော သစ်ပင်တည်း"ဟု သစ်ပင်၌ လင်းနို့၏ စွန့်ခြင်းကဲ့သို့ ယောဂီပုဂ္ဂိုလ်၏လည်း ၅-ပါးသော ခန္ဓာတို့၌ အနိစ္စလက္ခဏာ-အစရှိသည်တို့ကို မြင်သည်၏အစွမ်းအားဖြင့် ငြီးငွေ့၍ မုစ္စိတုကမျတာ-အစရှိသော ဉာဏ်၏ဖြစ်ခြင်းကို မှတ်အပ်၏။
- လင်းနို့၏ ဖြောင့်သော သစ်ခက်ဖြင့် အထက်သို့ တက်၍ သစ်ခက်ကြားမှ ဦးခေါင်းကို ဖော်သကဲ့သို့, ယောဂီပုဂ္ဂိုလ်၏လည်း အနုလောမဉာဏ်တည်းဟူသော ဦးခေါင်းကို ထုတ်သည်ကို မှတ်အပ်၏။

- အထက်သို့ မော်၍ ကြည့်သကဲ့သို့ ဝေါဒါနဉာဏ်ကို မှတ်အပ်၏။
- ကောင်းကင်သို့ ပျံသကဲ့သို့ မဂ်ဉာဏ်ကို မှတ်အပ်၏။
- တပါးသော အသီး-သီးသော သစ်ပင်၌ နားသကဲ့သို့ ဖိုလ်ဉာဏ်ကို မှတ်အပ်၏။

ဥပမာတစ်နည်းလည်း—

ငါးကို ဆောင်းသော ယောက်ျားသည် ရေထဲသို့ ဆင်းသက်၍ ထိုမှ,ဤမှ လိုက်၍ ဆောင်းသည်ရှိသော် လည်ရေး ၃-ဆင့်ရှိသော အဆိပ်ထန်သော မြွေဟောက်ကို ဆောင်းမိလေ၏။ ဆောင်းဗွေမှ နှိုက်၍ လက်ဖြင့် လည်ပင်းကို ဆုပ်၍ ဝမ်းမြောက်ဝမ်းသာ ရေထဲမှ ထုတ်၍ ကြည့်သည်ရှိသော် အဆိပ်ထန်သော မြွေဟောက်ကို မြင်၍ အလွန်လျှင် ကြောက်သည်ဖြစ်၍ ကမ်းနားသို့ တက်၍ မိမိအား ကိုက်ခဲခြင်းဘေးမှ လွတ်စေ၍ ရေ၏အတွင်းသို့ ပစ်ခတ်လိုက်ပြီးသည်ရှိသော် "ငါ့အား ကိုက်ခဲရစ်ပတ်ခြင်းဘေးမှ လွတ်ပေပြီ"ဟု လာရာလမ်းခရီးကို ကြည့်မျှော်လျက် နေလေ၏။ (ဝိသုဒ္ဓိမဂ္ဂ၊၂။၃၀၂)

ထိုဥပမာစကား၌—

- ဆောင်း၏အတွင်း၌ ကြီးမင်းလှစွာသော အဆိပ်ထန်သော မြွေဟောက်ကို ဖမ်းမိသောယောက်ျားသည် ငါးမှတ်၍ ဝမ်းမြောက်သကဲ့သို့ ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဘာဝနာကို မပွါးမီ ကိလေသာတည်းဟူသော အဆိပ်ရည်တို့ဖြင့် ပြည့်သော ဤခန္ဓာကိုယ်၌ တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် စွဲလမ်း၍ ဝမ်းမြောက်စုံမက် နှစ်သက်မြတ်နိုးသည်ကို မှတ်အပ်၏။
- ငါးဆောင်းသော ယောက်ျားသည် ရေ၏အတွင်းမှ ဆောင်းဗွေဖြင့် ထုတ်၍ လည်ရေး ၃-ဆင့်ရှိသော အဆိပ်ထန်သော မြွေဟောက်ကိုမြင်၍ အလွန်ကြောက်သကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်၏လည်း ၅-ပါးသော ခန္ဓာတို့ကို လက္ခဏာရေးသို့ တင်၍ ဆင်ခြင်သဖြင့် အနိစ္စ,ဒုက္ခ,အနတ္တတည်းဟူသော လည်ရေး ၃-ဆင့်စာကိုလည်းကောင်း၊ ၁,၅၀၀-ကိလေသာတည်းဟူသော အဆိပ်ရည်တို့ကိုလည်းကောင်း မြင်၍ ဘယတုပဋ္ဌာနဉာဏ်ဖြစ်ခြင်းကို မှတ်အပ်၏။
- ထိုမြွေ ကိုက်ခဲခြင်းဘေးမှ ငြီးငွေ့၍ လွတ်လိုသကဲ့သို့ နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။
- လွတ်ခြင်း၏ အကြောင်းကို ရှာ၍ ကမ်းရှိရာအရပ်သို့ ပြေးလေသကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ ပဋိသင်္ခါဉာဏ်ကို မှတ်အပ်၏။

- ကမ်းနား၌ ရပ်၍ ရစ်ပတ်ခြင်း ကိုက်ခဲခြင်းဘေးမှ ကင်းစေ၍ လွှတ်လိုက်သကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ ဂေါတြဘုဉာဏ်ကို မှတ်အပ်၏။
- လွှတ်လိုက်ပြီး၍ လာရာအရပ်ကို ကြည့်မျှော်လျက် ရပ်သကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ မဂ်ဉာဏ်ကို မှတ်အပ်၏။
- ဘေးမရှိရာအရပ်သို့ ရောက်၍ နေသကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ ဖိုလ်ဉာဏ်ကို မှတ်အပ်၏။

**ဥပမာတစ်နည်းလည်း—**

အိမ်ရှင်ဖြစ်ကုန်သော လူတို့သည် ညအခါ၌ ညစာစားပြီး၍ အိပ်ရာခန်းတိုက်သို့ သက်ဝင်ကုန်ပြီးသော် အိပ်ပျော်ခြင်းသို့ ရောက်လေကုန်၏။ အိမ်ကို မီးလောင်၍ နိုးလတ်သော် မီးကိုမြင်၍ အလွန်ကြောက်သောကြောင့် "ငါ့အား မီးမလောင်မီ ထွက်ပြေးရမူကား ကောင်း၏"ဟု ကြံ၍ ပြေးရာလမ်းခရီးကို ကြည့်လျက် လျင်သောအဟုန်ဖြင့် ပြေးလေ၍ ဘေးမရှိရာအရပ်သို့ ရောက်၍ ရပ်လျက် နေလေ၏။ (ဝိသုဒ္ဓိမဂ္ဂ၊၂။၃၀၂)

ထိုဥပမာစကား၌—

- အိမ်ရှင်ယောကျ်ား၏ ညစာထမင်းစားပြီး၍ အိပ်ရာတိုက်ခန်းသို့ သက်ဝင်၍ အိပ်ပျော်ခြင်းသို့ ရောက်သကဲ့သို့ ဗာလပုထုဇဉ်၏ ခန္ဓာ ၅-ပါးတို့ကို "ငါ၏ဥစ္စာ၊ ငါ၏ကိုယ်"ဟု စွဲလမ်းသောအခါကို မှတ်အပ်၏။
- နိုးလတ်သော် မီးကိုမြင်၍ ကြောက်သောအခါကဲ့သို့ ကောင်းသော အကျင့်ပဋိပတ်ကို ကျင့်၍ လက္ခဏာရေး ၃-ပါးကို မြင်၍ ဘယတုပဋ္ဌာနဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။
- ထွက်ပြေးရာ ခရီးကို ကြည့်သကဲ့သို့ မုစ္စိတုကမျတာဉာဏ်ကို မှတ်အပ်၏။
- ထွက်ပြေးရာ ခရီးကို မြင်သကဲ့သို့ အနုလောမဉာဏ်ကို မှတ်အပ်၏။
- အိမ်မှ ထွက်သကဲ့သို့ ဂေါတြဘုဉာဏ်ကို မှတ်အပ်၏။
- လျင်သောအဟုန်ဖြင့် ပြေးသကဲ့သို့ မဂ်ဉာဏ်ကို မှတ်အပ်၏။
- ဘေးမရှိရာအရပ်သို့ ရောက်၍ ရပ်သကဲ့သို့ ဖိုလ်ဉာဏ်ကို မှတ်အပ်၏။

**ဥပမာတစ်နည်းလည်း—**

တစ်စုံတစ်ယောက်သော ယောကျ်ားသည် ဘီလူးမနှင့်တကွ ပေါင်းဖော်ခြင်းကို ပြု၏။ ထိုဘီလူးမသည် ညဉ့်အဖို့ကာလ၌ အိပ်ပျော်သောယောကျ်ားကို သိ၍ အကြောင်းဖြစ်

ရာ သုသာန်သင်္ချိုင်းသို့ သွား၍ လူသားကို စားလေ၏။ ထိုယောကျ်ားသည် နိုးလတ်၍ "ဤမိန်းမကား အဘယ်အရပ်သို့ သွားလေသနည်း"ဟု အစဉ်လိုက်လေသော် လူသားကို စားသည်ကို မြင်၍ ဘီလူးမ-ဟု သိ၍ "အကြင်မျှလောက် မိမိကို မစားသေး၊ ထိုမျှလောက် မစားမီကာလက ပြေးအံ့"ဟု ကြောက်သည်ဖြစ်၍ လျင်သောအဟုန်ဖြင့် ပြေးလေ၍ ဘေး မရှိသောအရပ်၌ ရပ်လေ၏။ (ဝိသုဒ္ဓိမဂ္ဂ၊၂။၃၀၃)

ထိုဥပမာစကား၌—

- ဘီလူးမနှင့် အိမ်ထောင်ကျသော ယောကျ်ားသည် မသိမီကာလက အလွန်လျှင် ချစ်မြတ်နိုးသကဲ့သို့ ဗာလပုထုဇဉ်လက်ထက်၌ ခန္ဓာတို့ကို "ငါ၏ဥစ္စာ၊ ငါ၏ကိုယ်"ဟု ပြင်းစွာစွဲလမ်း၍ အလွန်လျှင် ချစ်မြတ်နိုးသည်ကို မှတ်အပ်၏။
- သုဿန်သင်္ချိုင်း၌ လူသားကို စားသည်ကို မြင်၍ "ဤသူကား လူဇာတ် မဟုတ်၊ ဘီလူးမတည်း"ဟု သိသကဲ့သို့ ကောင်းသော အကျင့်ပဋိပတ်ဖြင့် ခန္ဓာတို့၏ လက္ခဏာရေး ၃-ပါးတို့ကို သိမြင်သောအခါကို မှတ်အပ်၏။
- ကြောက်သောအခါကဲ့သို့ ဘယတုပဋ္ဌာနဉာဏ်ကို မှတ်အပ်၏။
- ပြေးလိုသောအခါကဲ့သို့ မုစ္စိတုကမျတာဉာဏ်ကို မှတ်အပ်၏။
- ဘီလူးမ၏နေရာ သုသာန်အရပ်ကို စွန့်သကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏။
- လျင်စွာ ပြေးသကဲ့သို့ မဂ်ဉာဏ်ကို မှတ်အပ်၏။
- ဘေးမရှိရာအရပ်၌ ရပ်သကဲ့သို့ ဖိုလ်ဉာဏ်ကို မှတ်အပ်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ဥပမာတို့ဖြင့် ဝိပဿနာဉာဏ်, မဂ်ဉာဏ်တို့ကို ထင်စွာသိပြီး၍-

- ထမင်းဆာလောင်ခြင်းဖြင့် ပြင်းစွာနှိပ်စက်သော ယောကျ်ားသည် ကောင်းသော အရသာရှိသော ဘောဇဉ်ကို တောင့်တသကဲ့သို့ သံသရာဝဋ်တည်းဟူသော ဆာ လောင်ခြင်းဖြင့် ပြင်းစွာတွေ့အပ်သော သတ္တဝါအပေါင်းသည် အမြိုက်အရသာ နှင့်တူသော နိဗ္ဗာန်ကို တောင့်တသည်ဖြစ်၍လည်းကောင်း၊
- ရေငတ်သည်ဖြစ်၍ ခြောက်သွေ့သော လည်ချောင်းအာစောက်ရှိသော ယောကျ်ား သည် အထူးထူးသော အဆောက်အဦတို့ဖြင့် စီရင်အပ်သော ချိုမြိန်ချမ်းအေးသော အဖျော်ကို တောင့်တသကဲ့သို့လည်းကောင်း၊
- သံသရာဝဋ်တည်းဟူသော မွတ်သိပ်ခြင်းဖြင့် ပြင်းစွာနှိပ်စက်သော သတ္တဝါအပေါင်း သည် အရိယမဂ်တည်းဟူသော အဖျော်ကို တောင့်တသည်ဖြစ်၍လည်းကောင်း

ကောင်းမြတ်သော ပဋိပတ်အကျင့်ဖြင့် ဝိပဿနာဉာဏ်အဆက်ဆက် မဂ်,ဖိုလ်,နိဗ္ဗာန်သို့ ရောက်အောင် အားထုတ်ကုန်ရာသည်။ ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ၁-အရဟန္တဝဂ်၊ ၆-ဇဋာသုတ်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။)

★ ★ ★ ★ ★ ★ ★

## [ ၁၆ ] သံယောဇဉ်တရားတို့ကို ခွဲခြမ်းဝေဖန်၍ ဟောတော်မူကြောင်းတရား

အနုတ္တရ ဓမ္မရာဇာ သမ္မာသမ္ဗုဒ္ဓအစစ် ဖြစ်တော်မူသော ဘုရားသခင်သည် ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်, ဝိနည်း, အဘိဓမ္မာ-ဟူ၍ ၃-ပါးအပြား ရှိ၏။

ထို ၃-ပါးတို့တွင် သုတ္တန်နည်းအားဖြင့် ဟောကြားတော်မူလိုသည်ဖြစ်၍ –

**ဒသယိ'မာနိ ဘိက္ခဝေ သံယောဇနာနိ။ ကတမာနိ ဒသ? ကာမရာဂသံယောဇနံ ပဋိဃသံယောဇနံ မာနသံယောဇနံ ဒိဋ္ဌိသံယောဇနံ သီလဗ္ဗတပရာမာသသံယောဇနံ ဝိစိကိစ္ဆာသံယောဇနံ ဘဝရာဂသံယောဇနံ ဣဿာသံယောဇနံ မစ္ဆရိယသံယောဇနံ အဝိဇ္ဇာသံယောဇနံ။ ဣမာနိ ခေါ ဘိက္ခဝေ ဒသ သံယောဇနာနိ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (အဘိ၊ဝိ။၄၀၅)

ဘိက္ခဝေ၊ ရဟန်းတို့။ သံယောဇနာနိ၊ သံယောဇဉ်တို့သည်။ ဣမာနိ ဒသ၊ ဤ ၁၀-ပါးတို့တည်း။ ဒသ၊ ၁၀-ပါးတို့ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။

- ကာမရာဂသံယောဇနဉ္စ၊ ကာမ ၁၁-ဘုံ ကာမဂုဏ် ၅-ပါး၌ တပ်စွန်းတတ်သော ဆန္ဒရာဂ-ဟု ဆိုအပ်သော ကာမရာဂသံယောဇဉ်လည်း ၁-ပါး။
- ပဋိဃသံယောဇနဉ္စ၊ ဒေါသစေတသိက်-ဟု ဆိုအပ်သော ပဋိဃသံယောဇဉ်လည်း ၁-ပါး။
- မာနသံယောဇနဉ္စ၊ မာနစေတသိက်-ဟု ဆိုအပ်သော မာနသံယောဇဉ်လည်း ၁-ပါး။
- ဒိဋ္ဌိသံယောဇနဉ္စ၊ ဒိဋ္ဌိစေတသိက်-ဟု ဆိုအပ်သော ဒိဋ္ဌိသံယောဇဉ်လည်း ၁-ပါး။
- သီလဗ္ဗတပရာမာသသံယောဇနဉ္စ၊ ခွေး၏အကျင့်, နွား၏အကျင့်ဖြင့် စင်ရာစင်ကြောင်းဖြစ်သော နိဗ္ဗာန်ကို ရ၏-ဟုယူသော အခြင်းအရာအားဖြင့်ဖြစ်သော ဒိဋ္ဌိစေတသိက်-ဟု ဆိုအပ်သော သီလဗ္ဗတပရာမာသသံယောဇဉ်လည်း ၁-ပါး။

- ဝိစိကိစ္ဆာသံယောဇနဥ္စ၊ ဝိစိကိစ္ဆာစေတသိက်-ဟု ဆိုအပ်သော ဝိစိကိစ္ဆာသံယောဇဉ်လည်း ၁-ပါး။

- ဘဝရာဂသံယောဇနဥ္စ၊ ထိုထိုဘဝကို တောင့်တသော အခြင်းအရာအားဖြင့်ဖြစ်သော လောဘစေတသိက်-ဟု ဆိုအပ်သော ဘဝရာဂသံယောဇဉ်လည်း ၁-ပါး။

- ဣဿာသံယောဇနဥ္စ၊ ဣဿာစေတသိက်-ဟု ဆိုအပ်သော ဣဿာသံယောဇဉ်လည်း ၁-ပါး။

- မစ္ဆရိယသံယောဇနဥ္စ၊ မစ္ဆရိယစေတသိက်-ဟု ဆိုအပ်သော မစ္ဆရိယသံယောဇဉ်လည်း ၁-ပါး။

- အဝိဇ္ဇာသံယောဇနဥ္စ၊ မောဟစေတသိက်-ဟု ဆိုအပ်သော အဝိဇ္ဇာသံယောဇဉ်လည်း ၁-ပါး။

ဘိက္ခဝေ၊ ရဟန်းတို့။ သံယောဇနာနိ၊ သံယောဇဉ်တို့သည်။ ဣမာနိ ဒသ၊ ဤ ၁၀-ပါးတို့တည်း။

ဤသို့ ဆိုအပ်ခဲ့ပြီးသော သံယောဇဉ်တို့သည် သတ္တဝါတို့၏သန္တာန်၌ အစဉ်မပြတ် လိမ်းကျံကပ်ငြိသည်ဖြစ်၍ စပ်ကာစပ်ကာ ဖြစ်ကုန်၏။ အဘယ်မှ ဖြစ်ကုန်သနည်းဟူမူကား ၆-ပါးသော ဒွါရတို့မှ စီးဝင်သောအားဖြင့် ဖြစ်ကုန်၏။

## ၁။ ကာမရာဂသံယောဇဉ်

အဘယ်သို့ ဖြစ်ကုန်သနည်းဟူမူကား—

**စက္ခုဒွါရေ တာဝ အာပါထဂတံ ဣဋ္ဌာရမ္မဏံ ကာမဿာဒဝသေန အဿာဒယတော အဘိနန္ဒယတော ကာမရာဂသံယောဇနံ ဥပ္ပဇ္ဇတိ။**

ဟူသော အဋ္ဌကထာပါဌ်၌ မိန့်အပ်သည်နှင့်အညီ ရှေးဦးစွာ စက္ခုဒွါရ၌ ထင်ခြင်းသို့ ရောက်သော ရူပါရုံကို ကာမဿာဒ၏ အစွမ်းအားဖြင့် သာယာမက်မော နှစ်သက်စုံမက် ဝမ်းမြောက်သောသူအား ကာမရာဂသံယောဇဉ်သည် ဖြစ်၏။ (မ၊ဋ္ဌ၊၁။ ၂၉၂)

တာဝ၊ ရှေးဦးစွာ။ စက္ခုဒွါရေ၊ စက္ခုဒွါရ၌။ အာပါထဂတံ၊ ထင်ခြင်းသို့ ရောက်သော။ ဣဋ္ဌာရမ္မဏံ၊ ဣဋ္ဌဖြစ်သော ရူပါရုံကို။ ကာမဿာဒဝသေန၊ ကာမဂုဏ်-ဟူသော သာယာခြင်း၏ အစွမ်းအားဖြင့်။ အဿာဒယတော၊ သာယာသည်ဖြစ်၍။ အဘိနန္ဒယတော၊ နှစ်သက်ဝမ်းမြောက်ခြင်းရှိသောသူအား။ ကာမရာဂသံယောဇနံ၊ ကာမရာဂသံယောဇဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

## ၂။ ပဋိဃသံယောဇဉ်

**အနိဋ္ဌာရမ္မဏေ ကုဒ္ဓတော ပဋိဃသံယောဇနံ ဥပ္ပဇ္ဇတိ။**　　(မဋ္ဌ၁။၂၉၂)

ဟူသော အဋ္ဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ စက္ခုဒွါရ၌ ထင်ခြင်းသို့ ရောက်သော မနှစ်လိုအပ်သော ရူပါရုံကို အမျက်ထွက်ခြင်းရှိသောသူအား ပဋိဃသံယောဇဉ်သည် ဖြစ်၏။

အနိဋ္ဌာရမ္မဏေ၊ မနှစ်လိုအပ်သော ရူပါရုံကို။ ကုဒ္ဓတော၊ အမျက်ထွက်ခြင်းရှိသော သူအား။ ပဋိဃသံယောဇနံ၊ ပဋိဃသံယောဇဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

## ၃။ မာနသံယောဇဉ်

**ဌပေတွာ မံ န ကောစိ အညော ဣဒံ အာရမ္မဏံ ဝိဘာဝေတုံ သမတ္ထော အတ္ထီတိ မညတော မာနသံယောဇနံ ဥပ္ပဇ္ဇတိ။**　　(မဋ္ဌ၁။၂၉၂)

ဟူသော အဋ္ဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ "ငါ့ကို ထား၍ ငါမှတပါးသော ဤရူပါရုံကို ခံစားခြင်းငှာ စွမ်းနိုင်သော တစ်စုံတစ်ယောက်သော သူမည်သည် မရှိ"ဟု အောက်မေ့ခြင်းရှိသောသူအား မာနသံယောဇဉ်သည် ဖြစ်၏။

မံ၊ ငါ့ကို။ ဌပေတွာ၊ ထား၍။ အညော၊ ငါမှ တပါးသောသူသည်။ ဣဒံ၊ ဤအာရုံကို ခံစားခြင်းငှာ။ သမတ္ထော၊ စွမ်းနိုင်သော။ ကောစိ၊ တစ်စုံတစ်ယောက်သောသူသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ မညတော၊ အောက်မေ့ခြင်းရှိသောသူအား။ မာနသံယောဇနံ၊ မာနသံယောဇဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

## ၄။ ဒိဋ္ဌိသံယောဇဉ်

**ဧတံ ရူပါရမ္မဏံ နိစ္စံ ဓုဝန္တိ ဂဏှတော ဒိဋ္ဌိသံယောဇနံ ဥပ္ပဇ္ဇတိ။**　　(မဋ္ဌ၁။၂၉၂)

ဟူသော အဋ္ဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ "ထိုရူပါရုံကို မြဲ၏ တည်၏"ဟု စွဲလမ်းခြင်းရှိသောသူအား ဒိဋ္ဌိသံယောဇဉ်သည် ဖြစ်၏။

ဧတံ ရူပါရမ္မဏံ၊ ထိုရူပါရုံသည်။ နိစ္စံ၊ မြဲ၏။ ဓုဝံ၊ အရှည်တည်၏။ ဣတိ၊ ဤသို့။ ဂဏှတော၊ စွဲလမ်းခြင်းရှိသောသူအား။ ဒိဋ္ဌိသံယောဇနံ၊ ဒိဋ္ဌိသံယောဇဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

## ၅။ ဝိစိကိစ္ဆာသံယောဇဉ်

**ဧတံ ရူပါရမ္မဏံ သတ္တော နု ခေါ သတ္တဿ အာရမ္မဏံ နု ခေါတိ ဝိစိကိစ္ဆတော ဝိစိကိစ္ဆာသံယောဇနံ ဥပ္ပဇ္ဇတိ။** (မဋ္ဌ၊၁။၂၉၂)

ဟူသော အဋ္ဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ "ဤရူပါရုံသည် သတ္တဝါလေလော၊ သတ္တဝါ၏ အာရုံလေလော"ဟု တွေးတောယုံမှားခြင်းရှိသော သူအား ဝိစိကိစ္ဆာသံယောဇဉ် သည် ဖြစ်၏။

ဧတံ၊ ဤရူပါရုံသည်။ သတ္တော နု ခေါ၊ သတ္တဝါလေလော။ သတ္တဿ၊ သတ္တဝါ၏။ အာရမ္မဏံ နု ခေါ၊ အာရုံဖြစ်လေသလော။ ဣတိ၊ ဤသို့။ ဝိစိကိစ္ဆတော၊ တွေးတောယုံမှား ခြင်းရှိသောသူအား။ ဝိစိကိစ္ဆာသံယောဇနံ၊ ဝိစိကိစ္ဆာသံယောဇဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

## ၆။ ဘဝရာဂသံယောဇဉ်

**သမ္ပတ္တိဘဝေ ဝတ နော ဣဒံ သုလဘံ ဇာတန္တိ ဘဝံ ပတ္ထယန္တဿ ဘဝရာဂသံယောဇနံ ဥပ္ပဇ္ဇတိ။** (မဋ္ဌ၊၁။၂၉၂)

ဟူသော အဋ္ဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ "လူ့ပြည်,နတ်ရပ်-ဟု ဆိုအပ်သော သမ္ပတ္တိ ဘဝ၌သာလျှင် ငါတို့အား ဤတင့်တယ်ကောင်းမြတ်သော ရူပါရုံကို စင်စစ်ရလွယ်သည် ဖြစ်ရာ၏"ဟု နှလုံးပြု၍ သမ္ပတ္တိဘဝကို တောင့်တခြင်း တဏှာရှိသောသူအား ဘဝရာဂ-သံယောဇဉ်သည် ဖြစ်၏။

သမ္ပတ္တိဘဝေ၊ လူ့ပြည်,နတ်ရပ်-ဟု ဆိုအပ်သော သမ္ပတ္တိဘဝ၌။ နော၊ ငါတို့အား။ ဣဒံ ရူပါရမ္မဏံ၊ ဤကောင်းမြတ်သော ရူပါရုံကို။ ဝတ၊ စင်စစ်။ သုလဘံ၊ ရလွယ်သည်။ ဇာတံ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့ နှလုံးပြု၍။ ဘဝံ၊ သမ္ပတ္တိဘဝကို။ ပတ္ထယန္တဿ၊ တဏှာ ဆန္ဒဖြင့် တောင့်တခြင်းရှိသောသူအား။ ဘဝရာဂသံယောဇနံ၊ ဘဝရာဂသံယောဇဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

## ၇။ သီလဗ္ဗတပရာမာသသံယောဇဉ်

**အာယတိမ္ပိ ဧဝရူပံ သီလဗ္ဗတံ သမာဒိယိတွာ သက္ကာ လဒ္ဓုန္တိ သီလဗ္ဗတံ သမာဒိယန္တဿ သီလဗ္ဗတပရာမာသသံယောဇနံ ဥပ္ပဇ္ဇတိ။** (မဋ္ဌ၊၁။၂၉၂)

ဟူသော အဋ္ဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ "နောင်အခါ ဘဝအဆက်ဆက်ကာလ၌

လည်း ဤသို့ သဘောရှိသော ကောင်းမြတ်သော ရုပါရုံကို ခွေး၏အကျင့်, နွား၏အကျင့်ကို ဆောက်တည်၍ ကျင့်ခြင်းဖြင့် ရခြင်းငှာ တတ်ကောင်း၏"ဟု နှလုံးပြု၍ ခွေး၏အကျင့်, နွား၏အကျင့်ကို ကောင်းစွာ ဆောက်တည်၍ ကျင့်သောသူအား သီလပဗ္ဗတပရာမာသ-သံယောဇဉ်သည် ဖြစ်၏။

အာယတိမ္ပိ၊ နောင်အဆက်ဆက်သော ဘဝကာလ၌လည်း။ ဧဝရူပံ၊ ဤသို့ သဘောရှိသော ကောင်းမြတ်သော ရုပါရုံကို။ သီလဗ္ဗတံ၊ ခွေး၏အကျင့်, နွား၏အကျင့်ကို။ သမာဒိ-ယိတွာ၊ ကောင်းစွာ ဆောက်တည်၍။ လဒ္ဓုံ၊ ရခြင်းငှာ။ သက္ကာ၊ တတ်ကောင်း၏။ ဣတိ၊ ဤသို့ နှလုံးပြု၍။ သီလဗ္ဗတံ၊ ခွေး၏အကျင့်, နွား၏အကျင့်ကို။ သမာဒိယန္တဿ၊ ကောင်းစွာ ဆောက်တည်၍ ကျင့်သောသူအား။ သီလဗ္ဗတပရာမာသသံယောဇနံ၊ သီလဗ္ဗတပရာမာသ-သံယောဇဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

## ၈။ ဣဿာသံယောဇဉ်

**အဟော ဝတ (မနာပံ) ဧတံ ရူပါရမ္မဏံ အညေ န လဘေယျုန္တိ ဥဿူယတော ဣဿာသံယောဇနံ ဥပ္ပဇ္ဇတိ။** (မဋ္ဌ၁။၂၉၂)

ဟူသော အဋ္ဌကထာပါဌ်၌ မိန့်အပ်သည်နှင့်အညီ "ဤနှစ်သက်မြတ်နိုးဖွယ်ရှိသော ကောင်းမြတ်သော ရုပါရုံကို ငါမှ တပါးသော သူတို့သည် မရကုန်မူကား ကောင်းလေစွ"ဟု တောင့်တ၍ ငြူစူခြင်းရှိသော သူအား ဣဿာသံယောဇဉ်သည် ဖြစ်၏။

မနာပံ၊ ကောင်းမြတ်သော။ ဧတံ ရူပါရမ္မဏံ၊ ထိုရူပါရုံကို။ အညေ၊ ငါမှ တပါးကုန်သောသူတို့သည်။ န လဘေယျုံ၊ မရကုန်မူကား။ အဟော ဝတ၊ ကောင်းလေစွ။ ဣတိ၊ ဤသို့ တောင့်တ၍။ ဥဿူယတော၊ ငြူစူခြင်းရှိသောသူအား။ ဣဿာသံယောဇနံ၊ ဣဿာ-သံယောဇဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

## ၉။ မစ္ဆရိယသံယောဇဉ်

**အတ္တနာ လဒ္ဓံ ရူပါရမ္မဏံ အညေဟိ အသာဓာရဏံ ဣစ္ဆန္တဿ အန္တမသော အင်္ဂုလိ-ယာပိ ဆုပိတုံ အနိစ္ဆန္တဿ မစ္ဆရိယသံယောဇနံ ဥပ္ပဇ္ဇတိ။**

ဟူသော ပါဌ်နှင့်အညီ မိမိသည် ရအပ်သော ရုပါရုံကို သူတပါးတို့နှင့် ဆက်ဆံခြင်းငှာ အလိုမရှိသည်ဖြစ်၍ ယုတ်သော အပိုင်းအခြားအားဖြင့် လက်ညှိုးဖြင့် တို့ခြင်းငှာ အလိုမရှိသောသူအား မစ္ဆရိယသံယောဇဉ်သည် ဖြစ်၏။

အတ္တနာ၊ မိမိသည်။ လဒ္ဓံ၊ ရအပ်သော။ ရူပါရမ္မဏံ၊ ရူပါရုံကို။ အညေဟိ၊ သူတပါးတို့နှင့်။ အသာဓာရဏံ၊ မဆက်ဆံခြင်းကို။ ဣစ္ဆန္တဿ၊ အလိုရှိသောသူအားလည်းကောင်း။ အန္တမသော၊ ယုတ်သော အပိုင်းအခြားဖြင့်။ အင်္ဂုလိယာပိ၊ လက်ညှိုးဖြင့်လည်း။ ဆုပိတုံ၊ တို့ခြင်းငှာ။ အနိစ္ဆန္တဿ၊ အလိုမရှိသောသူအားလည်းကောင်း။ မစ္ဆရိယသံယောဇနံ၊ မစ္ဆရိယသံယောဇဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

## ၁၀။ အဝိဇ္ဇာသံယောဇဉ်

### စတ္တာရိ သစ္စာနိ အဇာနန္တဿ အဝိဇ္ဇာသံယောဇနံ ဥပ္ပဇ္ဇတိ။

ဟူသော ပါဠ်နှင့်အညီ သစ္စာ ၄-ပါးတရားတို့ကို ၃-ပါးသော ပရိညာဖြင့် ပိုင်းခြား၍ သိခြင်းမရှိသောသူအား အဝိဇ္ဇာသံယောဇဉ်သည် ဖြစ်၏။

စတ္တာရိ သစ္စာနိ၊ ၄-ပါးသော သစ္စာတို့ကို။ အဇာနန္တဿ၊ ၃-ပါးသော ပရိညာဖြင့် ပိုင်းခြား၍ သိခြင်းမရှိသောသူအား။ အဝိဇ္ဇာသံယောဇနံ၊ အဝိဇ္ဇာသံယောဇဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤ ၁၀-ပါးသော တရားတို့သည် "**သတ္တေ ဝဋ္ဋသ္မိံ သံယောဇေန္တိ ဗန္ဓန္တီတိ သံယောဇနာနိ**"ဟူသော ဝစနတ္ထနှင့်အညီ သတ္တဝါတို့ကို ခန္ဓာ, အာယတန, ဓာတ်-ဟူသော ဝဋ်ဆင်းရဲ၌ မြဲမြံစွာ ဖွဲ့တတ်,ချည်နှောင်တတ်သောကြောင့် သံယောဇဉ် မည်ကုန်၏။

## ၁၁။ အာရုံ ၁၂-ပါး

အဘယ်သို့ ဖွဲ့ချည်ကုန်သနည်းဟူမူကား အဇ္ဈတ္တအာရုံ ၆-ပါး, ဗဟိဒ္ဓအာရုံ ၆-ပါး၊ ၂-ပါးကို ပေါင်း၍ ၁၂-ပါးသော အာရုံတို့သည် ဖြစ်ကုန်၏။ ထို ၁၂-ပါးသော အာရုံတို့တွင်—

**အဇ္ဈတ္တအာရုံ** ၆-ပါးဟူသော်ကား မိမိသန္တာန်၌ဖြစ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံအားဖြင့် အဇ္ဈတ္တသန္တာန်၌ ၆-ပါးသော အာရုံတို့သည် ဖြစ်ကုန်၏။

ဗဟိဒ္ဓသန္တာန်၌ဖြစ်သော အာရုံ ၆-ပါးဟူသော်ကား တပါးသောသူတို့၏ သန္တာန်၌ဖြစ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံအားဖြင့် ၆-ပါးသော အာရုံတို့သည် ဖြစ်ကုန်၏။

**အဇ္ဈတ္တအာရုံ** ၆-ပါးတို့တွင်—

- **ရူပါရုံ**ကို အာရုံပြု၍ ၁၀-ပါးသော သံယောဇဉ်တို့သည် ဖြစ်ကုန်၏။
- **သဒ္ဒါရုံ**ကို အာရုံပြု၍ ၁၀-ပါးသော သံယောဇဉ်တို့သည် ဖြစ်ကုန်၏။
- **ဂန္ဓာရုံ**ကို အာရုံပြု၍ ၁၀-ပါးသော သံယောဇဉ်တို့သည် ဖြစ်ကုန်၏။
- **ရသာရုံ**ကို အာရုံပြု၍ ၁၀-ပါးသော သံယောဇဉ်တို့သည် ဖြစ်ကုန်၏။
- **ဖောဋ္ဌဗ္ဗာရုံ**ကို အာရုံပြု၍ ၁၀-ပါးသော သံယောဇဉ်တို့သည် ဖြစ်ကုန်၏။

**ဗဟိဒ္ဓသန္တာန်၌**ဖြစ်သော အာရုံ ၆-ပါးတို့တွင်လည်း ၁-ပါး, ၁-ပါးသော အာရုံကို အာရုံပြု၍ ၁၀-ပါး, ၁၀-ပါးသော သံယောဇဉ်တို့သည် ဖြစ်ကုန်၏။

ဤသို့လျှင် ၁၂-ပါးသော အာရုံတို့၏ အစွမ်းအားဖြင့် ၁၂၀-သော သံယောဇဉ်တို့သည် ဖြစ်ကုန်၏။

## ၁၂။ သံယောဇဉ်တရားတို့၏အပြစ်

- ဤသို့ဖြစ်သည်ရှိသော် မိန်းမ, ယောကျ်ား, နတ်, သိကြား, ပြဟ္မာ-အစရှိကုန်သော ၁-ယောက်, ၁-ယောက်သော သတ္တဝါတို့၌ အရေအတွက်အားဖြင့် ၁၂၀-သော သံယောဇဉ်ကြိုးတို့ဖြင့် ခန္ဓာ, အာယတန, ဓာတ်တည်းဟူသော သံသရာဝဋ်ဆင်းရဲ၌ ချည်နှောင်တုပ်ပိုးကုန်၏။ **ကာလ၏ အစွမ်းအားဖြင့်**ကား မျက်စိတမှိတ်, လျှပ်တပြက်ကာလ၌ မရေတွက်နိုင်သော ဇောဝါရတို့သည်ဖြစ်ကုန်၍ ထိုဇောဝါရတို့၏ အစွမ်းအားဖြင့် မရေတွက်နိုင်သော သံယောဇဉ်ကြိုးတို့ဖြင့် ၁-ယောက်, ၁-ယောက်သော သတ္တဝါကို ချည်နှောင်တုပ်ပိုးကုန်၏။ ထိုသံယောဇဉ်တို့သည် သတ္တဝါတို့ကို နှောင်ဖွဲ့တတ်သောကြောင့် ထိတ်,ထောင်, **နှောင်အိမ်**လည်း မည်ကုန်၏။
- **အရေအတွက်အားဖြင့်** ၁၂၀-သော သံယောဇဉ်တည်းဟူသော နှောင်အိမ်တို့ဖြင့် ၁-ယောက်, ၁-ယောက်သော သတ္တဝါကို ခန္ဓာ, အာယတန, ဓာတ်တည်းဟူသော ဝဋ်ဆင်းရဲ၌ ဖွဲ့နှောင်အပ်ကုန်၏။ **ကာလအားဖြင့်**ကား မျက်စိတမှိတ်, လျှပ်တပြက်ကာလ၌ မရေတွက်နိုင်သော အထပ်ထပ်အဆင့်ဆင့်သော သံယောဇဉ်တည်းဟူသော နှောင်အိမ်တို့ဖြင့် နှောင်ဖွဲ့ကုန်၏။ ထိုသံယောဇဉ်တရားတို့သည် သတ္တဝါတို့အား ဖုံးလွှမ်းပိတ်ပင် မြှေးယှက်တတ်သောကြောင့် **အမြှေးအယှက် အဖုံးအလွှမ်း**လည်း မည်ကုန်၏။

- ထိုသံယောဇဉ်တရားတို့သည် သတ္တဝါတို့၏အကျိုးမဲ့ကို ပြု၍ ဖျက်ဆီးတတ်သောကြောင့် **မာရ်မင်းစစ်သည်**လည်း မည်ကုန်၏။
- ထိုသံယောဇဉ်တရားတို့သည် သတ္တဝါတို့၏ သန္တာန်၌ဖြစ်သော သဒ္ဓါ,သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပတည်းဟူသော သူတော်ကောင်းဥစ္စာ ရတနာ ၇-ပါးတို့ကို ခိုးယူလုယက် ဖျက်ဆီးတတ်သော **ခိုးမှု, ဓားပြ**တို့နှင့်လည်း တူကုန်၏။
- ထိုသံယောဇဉ်တရားတို့သည် ဝဋ်ဆင်းရဲ၌ သတ္တဝါတို့ကို ပြင်းစွာ ပူပန်စေတတ်သောကြောင့် **မီးကျီးတွင်း, မီးကျီးစု**တို့နှင့် တူကုန်၏။
- ထိုသံယောဇဉ်တရားတို့သည် သတ္တဝါတို့၏ ပညာမျက်စိကို ပိတ်ပင်ဖုံးလွှမ်း၍ မြင်အပ်သော ခန္ဓာ, အာယတန, ဓာတ်, သစ္စာတရားတို့ကို မမြင်စေတတ်သောကြောင့် ပြကတေ့မျက်စိ၌ ဖုံးလွှမ်းသော **တိမ်သလာ**တို့နှင့်လည်း တူကုန်၏။
- ထိုသံယောဇဉ်တရားတို့သည် ငရဲဘုံ, တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံ, အသုရကာယ်ဘုံတည်းဟူသော အပါယ် ၄-ဘုံသို့ လားစေတတ်သောကြောင့် **အပါယ် ၄-ပါးသို့ လားကြောင်းခရီး**လည်း မည်ကုန်၏။
- ထိုသံယောဇဉ်တရားတို့သည် သတ္တဝါတို့၏သန္တာန်၌ ဖြစ်သည်ရှိသော် မည်းညစ်ခြင်းကို ဖြစ်စေတတ်သောကြောင့် **ကဏှဓမ္မ**လည်း မည်ကုန်၏။
- ထိုသံယောဇဉ်တရားတို့သည် ညစ်ညူးပင်ပန်းခြင်းကို ဖြစ်စေတတ်သောကြောင့် **သံကိလိဋ္ဌသံကိလေသိကဓမ္မ**လည်း မည်ကုန်၏။
- ထိုသံယောဇဉ်တရားတို့သည် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ကို ဖြစ်စေတတ်သောကြောင့် **အာရမ္ဘဏဓမ္မ**လည်း မည်ကုန်၏။
- ထိုသံယောဇဉ်တရားတို့သည် ၃-ပါးသော ပဟာန်တို့ဖြင့် ပယ်အပ်သောသဘောဖြစ်သောကြောင့် **ပဟာတဗ္ဗဓမ္မ**လည်း မည်ကုန်၏။
- ထိုသံယောဇဉ်တရားတို့သည် သတ္တဝါတို့ကို သတ်ဖြတ်ဖျက်ဆီးတတ်သောကြောင့် **သူသတ်ယောက်ျား**လည်း မည်ကုန်၏။
- ထိုသံယောဇဉ်တရားတို့သည် အကျိုးမဲ့ကိုသာ ပြုတတ်သောကြောင့် **ရန်သူ**လည်း မည်ကုန်၏။
- ထိုသံယောဇဉ်တရားတို့သည် သတ္တဝါတို့၏သန္တာန်၌ မိမိ-ဟု ဆိုအပ်သော သံယောဇဉ်သည် ဖြစ်သည်ရှိသော် အလုံးစုံသော ကိုယ်ကို ပျံ့နှံ့၍ ပင်ပန်းခြင်းကို ဖြစ်စေတတ်သောကြောင့် **အဆိပ်ရည်**လည်း မည်ကုန်၏။

ဤသို့ အစရှိသည်ဖြင့် သံယောဇဉ်တရားတို့၏ အပြစ်တို့ကို အာယုကပ်ပတ်လုံး နေ၍ ဟောပြောသော်လည်း မကုန်နိုင်ရာ။ ဤသို့ ဆိုအပ်ခဲ့ပြီးသော များလှစွာသော အပြစ်တို့ကို ဖြစ်စေတတ်သော သံယောဇဉ်တရားတို့ကို ဘေး-ဟု ရှု၍ ပယ်ဖျောက်ကုန်ရာ၏။ ထို သံယောဇဉ်တရားတို့ကို ပယ်ဖျောက်စိမ့်သောငှာလည်း—

**ဣမေသံ ခေါ ဘိက္ခဝေ ဒသန္နံ သံယောဇနာနံ ပဟာနာယ စတ္တာရော သတိပဋ္ဌာနာ ဘာဝေတဗ္ဗာ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

## ၁၃။ သတိပဋ္ဌာန် ၄-ပါး

ဘိက္ခဝေ၊ ရဟန်းတို့။ ဒသန္နံ၊ ၁၀-ပါးကုန်သော။ ဣမေသံ သံယောဇနာနံ၊ ဤ သံယောဇဉ်တို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ စတ္တာရော၊ ၄-ပါးကုန်သော။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တို့ကို။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်ကုန်၏။

အဓိပ္ပါယ်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ ဆိုအပ်ခဲ့ပြီးသော ၁၀-ပါးသော သံယောဇဉ်တို့ကို ပယ်ခြင်းငှာ ၄-ပါးသော သတိပဋ္ဌာန်တို့ကို ပွါးစေအပ်ကုန်၏။ ၄-ပါးသော သတိပဋ္ဌာန်တို့ဟူသည် အဘယ်နည်းဟူမူကား—

(၁) ကာယာနုပဿနာသတိပဋ္ဌာန်လည်း ၁-ပါး,
(၂) ဝေဒနာနုပဿနာသတိပဋ္ဌာန်လည်း ၁-ပါး,
(၃) စိတ္တာနုပဿနာသတိပဋ္ဌာန်လည်း ၁-ပါး,
(၄) ဓမ္မာနုပဿနာသတိပဋ္ဌာန်လည်း ၁-ပါး၊

ဤသို့အားဖြင့် ၄-ပါး အပြားရှိကုန်၏။ ထို ၄-ပါးတို့တွင် ကာယာနုပဿနာသတိပဋ္ဌာန်၌ အာနာပါနပဗ္ဗ, ဣရိယာပထပဗ္ဗ, သမ္ပဇာနပဗ္ဗ, ပဋိက္ကူလမနသိကာရပဗ္ဗ, ဓာတုမနသိကာရ-ပဗ္ဗ, နဝသိဝထိကပဗ္ဗ *(အစရှိသော)*အားဖြင့် ၁၄-ပါးအပြားရှိ၏။

ထို ၁၄-ပါးတို့တွင် **အာနာပါနပဗ္ဗ၌** ဥပမာမည်သည်ကား ပန်းပွတ်သမားသည် စည်ကြီး-အစရှိသည်ကို ပွတ်လုပ်သောအခါ ပွတ်ကြိုးကို ရှည်စွာ ဆွဲငင်သကဲ့သို့၊ ဆံထိုး, ဆံကျင်-အစရှိသည်ကို ပွတ်လုပ်သောအခါ ပွတ်ကြိုးကို တိုတိုဆွဲငင်သကဲ့သို့ ထို့အတူ ထွက်သက်,ဝင်သက်ကို ရှည်စွာ ဖြစ်စေသည့်ကာလ "ငါ၏ ထွက်သက်,ဝင်သက်ကို ရှည်စွာ ဖြစ်စေ၏"။ တိုစွာ ဖြစ်စေသည့်ကာလ၌လည်း "ငါ၏ ထွက်သက်,ဝင်သက်ကို တိုတိုဖြစ်စေ

၏”ဟု အောက်မေ့ခြင်း သတိကို ပြုရာသည်။ ထိုထို ထွက်သက်,ဝင်သက်ကို အရှည်,အတို အားဖြင့် အောက်မေ့ဖန်များ၍ ထင်သော သတိရှိပြီးသော်—

“ငါ၏ ထွက်သက်,ဝင်သက်သည် အဘယ်ကို အစွဲအမှီပြု၍ ဖြစ်သနည်း။ မဟာ-ဘုတ်, ဉပါဒါရုပ်-ဟူသော စတုသမုဋ္ဌာနိက ကရဇကာယကို အစွဲအမှီပြု၍ ဖြစ်၏။ ထိုအဿာသပဿာသ ကရဇကာယသည် ရုပ်မည်၏။ ထိုရုပ်ကို အာရုံပြု၍ဖြစ်သော ဖဿ-အစရှိသော တရားအပေါင်းသည် နာမ်မည်၏”ဟု ရုပ်,နာမ်တို့ကို သိမ်းဆည်းပြီး၍ “ထိုနာမ်,ရုပ်တို့၏အကြောင်းကား အဘယ်နည်း”ဟု ဆင်ခြင်လတ်သော် အဝိဇ္ဇာ, တဏှာ, ဉပါဒါန်, ကံတည်း”ဟု သိမြင်လေရာ၏။

မြင်ပြီးသည်ရှိသော်“ငါ၏ခန္ဓာကိုယ်ကား အကြောင်း,အကျိုး ပစ္စည်း,ပစ္စယုပ္ပန်မျှ သာတည်း။ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ-ဟူ၍ တရားကိုယ် အခြား မရှိပြီ”ဟု ယုံမှားခြင်းမရှိမူ၍ ထိုမြင်ပြီးသော ရုပ်,နာမ်တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ-ဟု လက္ခဏာရေး ၃-ပါးသို့ တင်၍ ဝိပဿနာဉာဏ်ကို ပွါးစေရာ၏။ ပွါးစေသဖြင့် ဝိပဿနာ ဉာဏ်အဆက်ဆက် မဂ်,ဖိုလ်တရားအထူးသို့ ရောက်လေ၏။

- ရောက်သည်ရှိသော် ဝိပဿနာဉာဏ်အဆက်ဆက်-ဟု ဆိုအပ်သော တဒင်္ဂပဟာန သတ္တိဖြင့် ထိုဆိုအပ်ခဲ့ပြီးသော များစွာသော သံယောဇဉ်တို့ကို ပယ်ရ၏။
- ထွက်သက်, ဝင်သက်တို့ကို အာရုံပြု၍ ပွါးသောအခါ ဉပစာရသမာဓိ, အပ္ပနာ-သမာဓိတို့ကို ရ၍ ဝိက္ခမ္ဘနသတ္တိတို့ဖြင့် ပယ်ရ၏။
- မဂ်ဉာဏ်ကို ရသောအခါ သမုစ္ဆေဒပဟာနသတ္တိဖြင့် ပယ်ရ၏။ ဤ ၃-ပါးသော ပဟာန တို့ဖြင့် သံယောဇဉ်ကို ပယ်ပြီးသော သူအား များစွာသော ဝဋ်ဆင်းရဲဘေးတို့သည် မဖြစ်မူ၍ ငြိမ်းလေကုန်၏။

ထိုအလုံးစုံသော ဘေးတို့သည် ငြိမ်းပါလေစေ-ဟု မဟာကရုဏာဖြင့် တိုက်တွန်း တော်မူလိုသော ဘုရားသခင်သည်—

**က္ကမေသံ ခေါ ဘိက္ခဝေ ဒသန္နံ သံယောဇနာနံ ပဟာနာယ စတ္တာရော သတိပဋ္ဌာနာ ဘာဝေတဗ္ဗာ။**

ဟု ဟောတော်မူသည်။ ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (စတုက္က၊ အင်္ဂုတ္တိုရ်၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်။)

★ ★ ★ ★ ★ ★ ★

## [ ၁၇ ] အလုံးစုံသော ကုသိုလ်တရားတို့သည် သစ္စာ ၄-ပါးတရား၌ ပေါင်းခြင်း အကြောင်းတရား

အနုတ္တရ ဓမ္မရာဇာ သမ္မာသမ္ဗုဒ္ဓအစစ်ဖြစ်တော်မူသော ဘုရားသခင်သည် တရံရောအခါ သာဝတ္ထိပြည်ကြီးကို ဆွမ်းခံရာအမှီပြု၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ အရှင်သာရိပုတြာမထေရ်မြတ်သည် ရဟန်းတို့ကို ခေါ်တော်မူ၍ —

**သေယျထာပိ အာဝုသော ယာနိ ကာနိစိ ဇင်္ဂလာနံ ပါဏာနံ ပဒဇာတာနိ၊ သဗ္ဗာနိ တာနိ ဟတ္ထိပဒေ သမောဓာနံ ဂစ္ဆန္တိ၊ ဟတ္ထိပဒံ တေသံ အဂ္ဂမက္ခာယတိ ယဒိဒံ မဟန္တတ္တေန** *(မဟန္တတ္တေန)* **ဧဝမေဝ ခေါ အာဝုသော ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ စတူသု အရိယသစ္စေသု သင်္ဂဟံ ဂစ္ဆန္တိ။** (မ၁၊၂၄၂)

အစရှိသော မဟာဟတ္ထိပဒေါပမသုတ္တန်ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

အာဝုသော၊ ငါ့ရှင်တို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ဇင်္ဂလာနံ၊ မြေအပြင်၌ သွားကုန်သော။ ပါဏာနံ၊ သတ္တဝါတို့၏။ ယာနိ ကာနိစိ ပဒဇာတာနိ၊ အကြင် အလုံးစုံသော ခြေရာတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ တာနိ ပဒဇာတာနိ၊ ထိုခြေရာတို့သည်။ ဟတ္ထိပဒေ၊ ဆင်ခြေရာ၌။ သမောဓာနံ၊ ပေါင်းခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တေသံ၊ ထိုသတ္တဝါတို့၏ ခြေရာတို့တွင်။ ယဒိဒံ ယံ ဟတ္ထိပဒံ၊ အကြင် ဆင်ခြေရာသည်။ အတ္ထိ၊ ရှိ၏။ တဒိဒံ တံ ဣဒံ ဟတ္ထိပဒံ၊ ထိုဆင်ခြေရာကို။ မဟန္တတ္တေန၊ ကြီးသော အနက်သဘောကြောင့်။ *(မဟန္တတ္တေန၊ ကြီးသည်၏အဖြစ်ကြောင့်။)* အဂ္ဂံ အဂ္ဂေါတိ၊ ကဲလွန်၏-ဟူ၍။ အက္ခာယတိ ယထာ၊ ဆိုအပ်သကဲ့သို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ အာဝုသော၊ ငါ့ရှင်တို့။ ယေ ကေစိ၊ ခပ်သိမ်းကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ကုသလာ ဓမ္မာ၊ ထိုကုသိုလ်တရားတို့သည်။ စတူသု၊ ၄-ပါးကုန်သော။ အရိယသစ္စေသု၊ အရိယသစ္စာတို့၌။ သင်္ဂဟံ၊ ပေါင်းခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

အဓိပ္ပါယ်ကား မြေအပြင်၌သွားကုန်သော အလုံးစုံသောသတ္တဝါတို့၏ ခြေရာတို့သည် ရှိကုန်၏။ ထိုအလုံးစုံသောသတ္တဝါတို့၏ ခြေရာတို့သည် ဆင်ခြေရာ၌ ပေါင်းခြင်းသို့ ရောက်ကုန်၏။ ထိုအလုံးစုံသော သတ္တဝါတို့၏ ခြေရာတို့ထက် ဆင်ခြေရာကို အကြီးအမြတ်ဟု ဆိုအပ်သကဲ့သို့ ထို့အတူ အလုံးစုံသော ကာမာဝစရကုသိုလ်, ရူပါဝစရကုသိုလ်, အရူပါဝစရကုသိုလ်, လောကုတ္တရာကုသိုလ်တို့သည် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာတည်းဟူသော သစ္စာ ၄-ပါးတရားတို့၌ ပေါင်းခြင်းသို့ ရောက်ကုန်၏။

ဤသို့ ဝေဖန်တော်မူခြင်းသည် နှီးအရာ၌ လိမ္မာသော ယောက်ျားသည် ကောင်းသောသဏ္ဍာန်ရှိသော ၁-လုံးသောဝါးကို ရ၍ ၄-ပိုင်းပိုင်းသကဲ့သို့ သစ္စာ ၄-ပါးတို့ကို ဝေဖန်တော်မူ၏။ ထို ၄-ပိုင်းသော ဝါးတို့တွင် ၁-ပိုင်းသော ဝါးကို ယူ၍ ၅-စိတ် ခွဲခြမ်းသကဲ့သို့ သစ္စာ ၄-ပါးတို့တွင်လည်း ဒုက္ခသစ္စာ ၁-စိတ်ကို ယူ၍ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတည်းဟူသော ၅-ပါးသော ခန္ဓာတို့ကို ဝေဖန်တော်မူ၏။

## ၁။ ပထဝီဓာတ်

ထိုနှီးသမားသည် ၅-ခုသော ဝါးခြမ်းစိတ်တို့တွင် ၄-စိတ်ကို ထား၍ ၁-ခုသော ဝါးခြမ်းစိတ်ကို ကျောသားအဖို့, ဝမ်းသားအဖို့-ဟု ခွဲဝေသကဲ့သို့ ထို့အတူ ၅-ပါးသော ခန္ဓာတို့တွင် ရူပက္ခန္ဓာ ၁-စိတ်ကို ယူ၍ မဟာဘုတ်, ဥပါဒါရုပ်အားဖြင့် ဝေဖန်တော်မူပြီး၍ ထိုမဟာဘုတ်, ဥပါဒါရုပ်တို့တွင်လည်း ကြွင်းသော မဟာဘုတ်, ဥပါဒါရုပ်တို့ကို ထား၍ ၁-စိတ်သော ပထဝီဓာတ်ကို ယူ၍ အဇ္ဈတ္တပထဝီ, ဗဟိဒ္ဓပထဝီအားဖြင့် ဝေဖန်တော်မူ၏။

ထိုနှီးသမားသည် ကျောသားအဖို့, ဝမ်းသားအဖို့အားဖြင့် ခွဲဝေပြီးသော ဝါးခြမ်းစိတ်ကို ခွဲဝေစိတ်ဖြာ၍ အထူးထူးသော ပူတာ,တံတင်း,ခြင်းတောင်း-အစရှိသော အသုံးအဆောင်မျိုးတို့၌ ဆောင်သကဲ့သို့ ထို့အတူ အဇ္ဈတ္တ,ဗဟိဒ္ဓအားဖြင့် ခွဲဝေပြီးသော ပထဝီဓာတ်တို့တွင် အဇ္ဈတ္တပထဝီ, ဗဟိဒ္ဓပထဝီဓာတ်ကို ခွဲခြမ်းဝေဖန်၍ ဟောကြားညွှန်ပြ ဆုံးမတော်မူလိုသည်ဖြစ်၍—

> ကတမာစ'ဝုသော အဇ္ဈတ္တိကာ ပထဝီဓာတု။ ယံ အဇ္ဈတ္တံ ပစ္စတ္တံ ကက္ခဠံ ခရိဂတံ ဥပါဒိန္နံ၊ သေယျထိဒံ၊ ကေသာ လောမာ နခါ ဒန္တာ တစော မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ၊ ယံ ဝါ ပနညံပိ ကိဉ္စိ အဇ္ဈတ္တံ ကက္ခဠံ ခရိဂတံ ဥပါဒိန္နံ။ အယံ ဝုစ္စတာဝုသော အဇ္ဈတ္တိကာ ပထဝီဓာတု။ (မ၁။၂၄၂)

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

အဓိပ္ပါယ်ကား ပထဝီဓာတ်သည် အဇ္ဈတ္တိကပထဝီဓာတ်, ဗာဟိရပထဝီဓာတ်အားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင်—

အဇ္ဈတ္တိကပထဝီဓာတ်ဟူသည် အဘယ်နည်းဟူမူကား ဆံပင်, မွေးညင်း, လက်သည်းခြေသည်း, သွား, အရေ၊ အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညှို၊ နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်၊ အူမ, အူသိမ်, အစာသစ်, အစာဟောင်း ယေဝါပနက၏

အစွမ်းအားဖြင့် ယူအပ်သော ဦးနှောက်အားဖြင့် သတ္တဝါတို့၏သန္တာန်၌ဖြစ်သော ခက်ခြင်း, မာမြင်းခြင်း သဘောလက္ခဏာရှိသော ၂၀-သော တရားအစုတို့သည် အဇ္ဈတ္တိကပထဝီဓာတ် မည်ကုန်၏။

၂၄၀,၀၀၀-ရှိသော မဟာပထဝီမြေကြီး, ၈၄,၀၀၀- ၂-ပြန်ဆောင်သော မြင်းမိုရ်တောင်, ဟိမဝန္တာတောင်, စကြဝဠာတောင်, အထူးထူးသော တောင်, အထူးထူးသော တော, အထူးထူးသော သစ်ပင်, ကျောက်ဓာတ်-အစရှိသည်တို့သည် ဗဟိဒ္ဓပထဝီဓာတ် မည်၏။

ထို ၂-ပါးတို့တွင် "ဗဟိဒ္ဓသန္တာန်၌ဖြစ်သော မြေကြီး, မြင်းမိုရ်, စကြဝဠာ, ဟိဝမန္တာ အစရှိသည်တို့၌ဖြစ်သော ဤမျှ,ဤရွေ့ များလှစွာသော ပထဝီဓာတ်တို့သည်လည်း ကမ္ဘာမီးလောင်သောအခါ အဏုမြူခန့်မျှ မကြွင်း၊ ကုန်ခြင်း,ပျောက်ခြင်းသို့ ရောက်ရကုန်သေး၏။

အလွန်နည်းသော အတိုင်းအရှည်ရှိသော ငါ၏ခန္ဓာကိုယ်၌ဖြစ်သော ဆံပင်, မွေးညင်း-အစရှိသော ပထဝီဓာတ်မူကား ကုန်ခြင်း, ပျောက်ခြင်းသို့ ရောက်ရအံ့သည်ကား စင်စစ်ပင်တည်း"ဟု ယထာဘူတဉာဏ်ဖြင့် ရှုဆင်ခြင်ရာ၏။

ထိုနှီးသမားသည် ၅-ခုသော ဝါးခြမ်းစိတ်တို့တွင် ၁-ခုသော ဝါးခြမ်းစိတ်ကို မိမိပြုအပ်သောအမှု၌ ရွက်ဆောင်ပြီး၍ နောင်ကြွင်းသော ဝါးခြမ်းစိတ်တို့ကို အစဉ်အတိုင်း အလိုရှိအပ်သောအမှု၌ ရွက်ဆောင်သကဲ့သို့ ထို့အတူ အရှင်သာရိပုတြာမထေရ်မြတ်သည်လည်း ပထဝီဓာတ်မှ ကြွင်းသော ၃-ပါးသော ဓာတ်တို့ကို အစဉ်အတိုင်း ခွဲဝေတော်မူလိုသည်ဖြစ်၍—

## ၂။ အာပေါဓာတ်

**ကတမာစာ'ဝုသော အာပေါဓာတု။ အာပေါဓာတု သိယာ အဇ္ဈတ္တိကာ သိယာ ဗာဟိရာ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (မ၁။၂၄၄)

အဓိပ္ပါယ်ကား အာပေါဓာတ်သည် အဇ္ဈတ္တိကအာပေါဓာတ်, ဗာဟိရအာပေါဓာတ် အားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင်—

သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ၊ မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်၊ ဤ ၁၂-ပါးတို့သည် သတ္တဝါတို့၏သန္တာန်၌ ယိုစီးခြင်း, ပေါင်းဖွဲ့ခြင်း သဘောလက္ခဏာအားဖြင့် ဖြစ်သောကြောင့် **အဇ္ဈတ္တိကအာပေါဓာတ်** မည်၏။

မြစ်ကြီး ၅-သွယ်, မြစ်ငယ်-၅၀၀, သီဒါ ၇-စင်း, အိုင်မင်း ၇-တန်, သမုဒ္ဒရာ ၄-စင်း၌ရှိသော ရေတို့သည်လည်းကောင်း၊ ကောင်းကင်မှ ကျသောရေ, မြေ၏အတွင်း၌ရှိသော ရေကို့သည်လည်းကောင်း **ဗာဟိရအာပေါဓာတ်** မည်ကုန်၏။

"ထိုများလှစွာသော ဗာဟိရအာပေါဓာတ်တို့သည် နောင်အခါ ကမ္ဘာပျက်သောကာလ၌ ၁-ပေါက်, ၁-စက်မျှ မကြွင်း၊ ကုန်ခန်းခြင်းသို့ ရောက်၍ ဝါဂွမ်းပေါက်တို့ဖြင့် တို့၍ ရှာသော်လည်း ရရာသောသဘော မရှိပြီ။ ဤသို့စင် များလှစွာသော ဗာဟိရအာပေါဓာတ်တို့သည်လည်း ၁-ပေါက်, ၁-စက်ကိုမျှ မကြွင်း၊ ကုန်ခြင်း,ခန်းခြင်းသို့ ရောက်ကုန်လေ၏။

အလွန်နည်းသော အတိုင်းအရှည်ရှိသော ၁၂-ပါးသော အခြင်းအရာဖြင့် ရေတွက်အပ်သော ငါ၏ခန္ဓာကိုယ်၌ရှိသော သည်းခြေ, သလိပ်-အစရှိသော အာပေါဓာတ်မှုကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ကုန်ခြင်း, ပျောက်ခြင်းသို့ ရောက်ရအံ့သည်သာလျှင်တည်း" ဟု ယထာဘူတဉာဏ်ဖြင့် အဖန်တလဲလဲ ဆင်ခြင်ရာ၏။

## ၃။ တေဇောဓာတ်

အာပေါဓာတ်ကို ၂-ပါးသော အပြားအားဖြင့် ဝေဖန်တော်မူပြီး၍ တေဇောဓာတ်ကို ၂-ပါးသော အပြားအားဖြင့် ဝေဖန်တော်မူလိုသော မဟာထေရ်သည်—

**ကတမာစာ'ဝုသော တေဇောဓာတု။ တေဇောဓာတု သိယာ အဇ္ဈတ္တိကာ သိယာ ဗာဟိရာ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (မ၁။၂၄၅)

အဓိပ္ပါယ်ကား တေဇောဓာတ်သည် အဇ္ဈတ္တိကတေဇော, ဗာဟိရတေဇောအားဖြင့် ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင်—

(၁) ပူခြင်း သဘောလက္ခဏာရှိသော သတ္တဝါတို့သန္တာန်၌ဖြစ်သော သန္တပ္ပနတေဇော,

(၂) အရွယ်၏ ဆုတ်ယုတ်ခြင်းကို ဖြစ်စေတတ်သော ဇီရဏတေဇော,

(၃) ပြင်းစွာ ပူပန်စေတတ်သော ပရိဒယှနတေဇော,

(၄) စားအပ်,သောက်အပ်သော အစာအာဟာရကို ကြေစေတတ်သော သမ္မာပရိဏာမနတေဇော—

အားဖြင့် ၄-ပါးသော တေဇောဓာတ်တို့သည် **အဇ္ဈတ္တိကတေဇောဓာတ်** မည်ကုန်၏။

ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော ရှာနိဂုံးကို လောင်သောမီး, မြို့ကို လောင်သောမီး, ဇနပုဒ်ကို လောင်သောမီး, အလုံးစုံသော လူတို့ သုံးဆောင်သော မီးတို့သည်လည်းကောင်း၊

နောင်အခါ ကမ္ဘာပျက်သောကာလ၌ မြေကြီး, မြင်းမိုရ်တောင်, သမုဒ္ဒရာ, ဟိမဝန္တာ, စကြဝဠာတို့ကိုလည်းကောင်း၊ ကုဋေ ၁-သိန်းသော စကြဝဠာတို့ကိုလည်းကောင်း လောင်သောမီးသည် ဗာဟိရတေဇောဓာတ် မည်၏။

ထိုတေဇောဓာတ်တို့သည် သခၤါရ၌ အကျုံးဝင်သော သဘောတရားတို့ကို အဏုမြူ ခန့်မျှမကြွင်း လောင်လေ၏။ ထိုအခါ ဤမျှအတိုင်းအရှည်ရှိသော များလှစွာသော တေဇောဓာတ်တို့သည် ကုန်ခြင်း, ချုပ်ခြင်းသို့ ရောက်ကုန်၏။ ထန်းရွက်ယပ်ဖြင့် ခတ်၍ ရှာသော်လည်းကောင်း, ကြက်တောင် ဝါဂွမ်းစိုင်ဖြင့် တို့၍ ရှာသော်လည်းကောင်း ရရာသောသဘော မရှိပြီ။ အကြွင်းမရှိ ကုန်ခြင်း, ချုပ်ခြင်းသို့ ရောက်လေကုန်၏။

"ဤသို့စင် များသော ဗာဟိရတေဇောဓာတ်သည် ကုန်ခြင်း, ပျောက်ခြင်းသို့ ရောက်ကုန်သေး၏။ ငါ၏ခန္ဓာကိုယ်၌ ၄-ပါးသော အခြင်းအရာဖြင့် ရေတွက်အပ်သော အလွန်နည်းသော တေဇောဓာတ်မူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ ကုန်ခြင်း,ပျောက်ခြင်းသို့ ရောက်ရအံ့သည်ကား ဧကန်စင်စစ်ပင်တည်း"ဟု ယထာဘူတဉာဏ်ဖြင့် အဖန်တလဲလဲ ဆင်ခြင်ရာ၏။

## ၄။ ဝါယောဓာတ်

ထို့နောင် ဝါယောဓာတ်ကို ဝေဖန်တော်မူလိုသော မဟာထေရ်သည်–

**ကတမာစာ'ဝုသော ဝါယောဓာတု။ ဝါယောဓာတု သိယာ အဇ္ဈတ္တိကာ သိယာ ဗာဟိရာ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (မ၁။၂၄၆)

အဓိပ္ပါယ်ကား ဝါယောဓာတ်သည် အဇ္ဈတ္တိကဝါယောဓာတ်, ဗာဟိရဝါယောဓာတ် အားဖြင့် ၂-ပါးအပြားရှိ၏။

ထို ၂-ပါးတို့တွင်–

(၁) အထက်သို့ ဆန်သောလေ, (၂) အောက်သို့ စုန်သောလေ,

(၃) ဝမ်းတွင်း၌ တည်သောလေ, (၄) အူအတွင်း၌ တည်သောလေ,

(၅) အင်္ဂါကြီး,ငယ်သို့ လျှောက်သောလေ, (၆) ထွက်သက်,ဝင်သက်လေ၊

ဤ ၆-ပါးသော လေတို့သည် ခွေ့ခြင်း, လှုပ်ရှားခြင်းရှိသည်ဖြစ်၍ သတ္တဝါတို့၏သန္တာန်၌ ဖြစ်သောကြောင့် **အဇ္ဈတ္တိကဝါယောဓာတ်** မည်၏။

ရှာနိဂုံးကို လွှင့်သောလေ, မြို့ကို လွှင့်သောလေ, ဇနပုဒ်ကို လွှင့်သောလေတို့သည် လည်းကောင်း၊ နောင်အခါ ကမ္ဘာပျက်သောကာလ၌ မြင်းမိုရ်, ဟိမဝန္တာ, သမုဒ္ဒရာ, စကြ-ဝဠာတို့ကို လွှင့်စေနိုင်သော လေတို့သည်လည်းကောင်း ဗာဟိရဝါယောဓာတ် မည်ကုန်၏။

"ဤသို့စင် များသော ဗာဟိရဝါယောဓာတ်တို့သည်လည်း ကုန်ခြင်း,ပျောက်ခြင်းသို့ ရောက်ကုန်သေး၏။ ငါ၏သန္တာန်၌ အလွန်နည်းသော ၆-ပါးသော အခြင်းအရာဖြင့် ရေတွက်အပ်သော ဝါယောဓာတ်မူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ကုန်ခြင်း, ပျောက်ခြင်းသို့ ရောက်အံ့သည်ကား စင်စစ်ပင်တည်း"ဟု ယထာဘူတဉာဏ်ဖြင့် အဖန်တလဲလဲ ဆင်ခြင်ရာ၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် မိမိသန္တာန်၌ဖြစ်သော ၄-ပါးသော ဓာတ်တို့၏ မမြဲသောအဖြစ်ကို ယထာဘူတဉာဏ်ဖြင့် ဟုတ်မှန်တိုင်း အဖန်တလဲလဲ ဆင်ခြင်သောသူအား "ငါ, ငါ၏ကိုယ်"ဟူ၍လည်းကောင်း၊ "ငါ၏ဥစ္စာ"ဟူ၍လည်းကောင်း တစ်စုံတစ်ခု စွဲလမ်းအပ်သောအရာ မရှိပြီ၊ ဓာတ်-ဟူသော အမှတ်သညာသည်ဖြစ်၍ ဓာတ် ၄-ပါးတို့၌ ငြီးငွေ့ခြင်းသို့ ရောက်၏။ ထိုသို့ ငြီးငွေ့ခြင်းသို့ ရောက်သောသူအား တပါးသောသူတို့သည် ဆဲရေးကုန်သည် ဖြစ်အံ့။ နှိပ်စက်၍ ဆိုကုန်သည် ဖြစ်အံ့၊ ချုပ်ချယ်ကုန်သည် ဖြစ်အံ့၊ ထိုသို့ ဆိုကုန်သည်ရှိသော်ကား သောတသမ္ဖဿကြောင့်ဖြစ်သော ဒုက္ခဝေဒနာသည် ဖြစ်အံ့။

"ထိုဒုက္ခဝေဒနာသည် အကြောင်းနှင့် ကင်း၍ဖြစ်သည် မဟုတ်၊ ဖဿ-ဟူသော အကြောင်းကို စွဲ၍ ဖြစ်၏။ ထိုဖဿသည်လည်း အနိစ္စသာတည်း"ဟု ရှု၏။ "ထိုဒုက္ခဝေဒနာ သည်လည်း အနိစ္စသာတည်း"ဟု ရှု၏။ "ထိုဖဿဝေဒနာကြောင့်ဖြစ်သော သညာသည် လည်းကောင်း, သင်္ခါရတို့သည်လည်းကောင်း, ဝိညာဉ်တို့သည်လည်းကောင်း အနိစ္စသာ တကား"ဟု ရှု၏။ ထိုသို့ ရှုသောသူ၏ စိတ်သည် ဓာတ်-ဟူသော အာရုံကိုသာလျှင် ပြောင်းသည်ဖြစ်၍ တည်ကြည်ခြင်းသို့ ရောက်၏။

ထိုဓာတ်-ဟူသော အာရုံ၌ တည်သောသူကို တပါးသောသူတို့သည် အလိုမရှိအပ်, မနှစ်သက်အပ်, မမြတ်နိုးအပ်-ဟူသော စကားတို့ဖြင့် ပြောဆိုကုန်သည် ဖြစ်အံ့။ လက်ဆုပ်, အုတ်, ကျောက်, တုတ်, လှင်ကန်တို့ဖြင့် ရိုက်ခတ်ကုန်သည် ဖြစ်အံ့။ ဓား, လက်နက်တို့ဖြင့် ခုတ်ဖြတ်ကုန်သည် ဖြစ်အံ့။ ဓာတ်-ဟူသော အမှတ်သညာရှိသောသူသည် ၄-ပါးသော ဓာတ်ဖြင့် ပြီးသော ရူပကာယ၌ လက်ဆုပ်, အုတ်,ကျောက်, တုတ်,လှင်ကန်တို့ဖြင့် ထောင်းထု ရိုက်နှက်ပုတ်ခတ်ခြင်း ပြုကြပါစေကုန်။ ဓား,လက်နက်တို့ဖြင့် ခုတ်ဖြတ်ခြင်းကို ပြုပါစေကုန်။ သဗ္ဗညုတဘုရားရှင်သည် ကကစူပမသုတ္တန်ဒေသနာတော်၌–

**ဥဘတောဒဏ္ဍကေန စေပိ ဘိက္ခဝေ ကကစေန စောရာ ဩစရကာ အင်္ဂမင်္ဂါနိ ဩကန္တေယျုံ၊ တတြာပိ ယော မနော ပဒေါသေယျ န မေသော တေန သာသန- ကရော။**　(မ၁။၁၈၁)

ဟူသော ဒေသနာတော်ဖြင့် "ငါ၏ချစ်သား ရဟန်းများတို့၊ ၂-ဖက်အရိုးကိုင်ရာရှိသော လွှဖြင့် ရုန့်ရင်းသောအမှုကို ပြုလေ့ရှိကုန်သော ခိုးသူတို့သည် တိုက်ကုန်ရာ၏။ ထိုသို့ တိုက်ရာ အကြင်ရဟန်းသည် 'ငါ့ကို တိုက်လေသည်'-ဟု နှလုံးမသာ ရှိလေရာ၏။ ထိုသူ သည် ငါဘုရား အဆုံးအမကို လိုက်နာသည် မမည်"ဟု ဟောတော်မူအပ်၏။

"ငါသည် အားထုတ်အပ်သော ဝီရိယကို အားထုတ်၏။ ငါ၏သတိသည် ထင်ခြင်း သို့ ရောက်၏။ မေ့လျော့ခြင်း မရှိ၊ နာမကာယ, ရူပကာယသည် ငြိမ်းခြင်းသို့ ရောက်၏။ ပူပန်ခြင်း မရှိ၊ ငါ၏စိတ်သည် တည်ကြည်ခြင်းသို့ ရောက်၏။ တုန်လှုပ်ခြင်း မရှိ၊ ငါ၏ရူပ- ကာယ၌ လက်ဆုပ်, အုတ်, ကျောက်, တုတ်, လှံကန်, ဓားလက်နက်တို့ဖြင့် ထောင်းထု ရိုက်ခတ် ခုတ်ဖြတ်ခြင်းကို ပြုပစေကုန်။ ဘုရားသခင်၏ အဆုံးအမကို လိုက်နာအံ့"ဟု ကကစူပမသြဝါဒကို မှီ၍ ဘုရားဂုဏ်, တရားဂုဏ်, သံဃာ့ဂုဏ်ကို အောက်မေ့သောသူအား ကုသိုလ်နှင့်စပ်သော ဝိပဿနာ-ဟူသော ဥပေက္ခာသည် အဖန်တလဲလဲဖြစ်၏။ ဤသို့ ဖြစ်ခြင်းသည် ဘုရားသခင်၏ အဆုံးအမကို လိုက်နာသည် မည်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ကကစူပမသြဝါဒကို အမှီပြု၍ ဘုရားဂုဏ်, တရားဂုဏ်, သံဃာ့ဂုဏ်ကို ဆင်ခြင်ပါသော်လည်း ကုသိုလ်နှင့်စပ်သော ဝိပဿနာ-ဟူသော ဥပေက္ခာသည် မထင်ခဲ့သည် ဖြစ်အံ့။ "ငါအား ဆဲရေးငေါက်ငန်း ကြမ်းတမ်းသော စကား ကို ဆိုလေဘိသည်။ လက်ဆုပ်, အုတ်, ကျောက်, တုတ်, လှံကန်, ဓားလက်နက်တို့ဖြင့် ထောင်းထုရိုက်ခတ် ခုတ်ဖြတ်ခြင်းကို ပြုသည်ရှိသော် ငါ့အား ထောင်းထုရိုက်ခတ် ခုတ်ဖြတ် ခြင်းကို ပြုလေဘိသည်"ဟု နှလုံးမသာရှိသောသူသည် ဘုရားသခင်၏ အဆုံးအမတော်ကို လိုက်နာသည် မမည်။

ဤသို့လျှင် ၄-ပါးသော ဓာတ်တို့ကို အစဉ်အတိုင်း ခွဲဝေ၍ ဝိပဿနာနှင့်တကွ မဂ်,ဖိုလ်,နိဗ္ဗာန်ဆုံးသည်တိုင်အောင် ဟောကြားညွှန်ပြ ဆုံးမတော်မူပြီး၍ ယခုအခါ၌ ဓာတ် ၄-ပါးတို့၏

နိဿတ္တ, နိဇ္ဇီဝအဖြစ်ကို ဟောကြားညွှန်ပြ ဆုံးမတော်မူလိုသော မဟာထေရ်သည်–

**သေယျထာပိ အာဝုသော ကဋ္ဌဉ္စ ပဋိစ္စ ဝလ္လိဉ္စ ပဋိစ္စ တိဏဉ္စ ပဋိစ္စ မတ္တိကဉ္စ ပဋိစ္စ အာကာသော ပရိဝါရိတော အဂါရံတွေဝ သင်္ခံ ဂစ္ဆတိ။ ဧဝမေဝ ခေါ အာဝုသော**

**အဋ္ဌိဉ္စ ပဋိစ္စ နှာရုဉ္စ ပဋိစ္စ မံသဉ္စ ပဋိစ္စ စမ္မဉ္စ ပဋိစ္စ အာကာသော ပရိဝါရိတော ရူပံတွေဝ သင်္ခံ ဂစ္ဆတိ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (မ၊၁။၂၄၈)

အမိပ္ပါယ်ကား သစ်သားကိုလည်းကောင်း, ကြိမ်-အစရှိသော နွယ်ကိုလည်းကောင်း, မိုးသော သက်ကယ်မြက်ကိုလည်းကောင်း, မြေညက်ဖြင့် လိမ်းကျံခြင်းကိုလည်းကောင်း စွဲ၍ ကောင်းကင်ကို ရံအပ်သည်ရှိသော် အိမ်-ဟူ၍ ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ သစ်သား, နွယ်, မြေညက်, သက်ကယ်မြက်တို့ကို အသီးအသီးစုပုံ၍ ထားအပ်သည်ရှိသော် အိမ်-ဟူ၍ မဆိုအပ်။ သစ်သားအစု, နွယ်အစု, မြေညက်အစု *(သက်ကယ်အစု)*-ဟူ၍သာ ဆိုအပ်၏။

ထို့အတူ ဤမိန်းမ,ယောကျ်ား-အစရှိသောသူတို့သည်လည်း အရိုးကိုလည်းကောင်း, အကြောကိုလည်းကောင်း, အသားကိုလည်းကောင်း, အရေကိုလည်းကောင်း စွဲ၍ ကောင်းကင်ကို ရံအပ်သည်ရှိသော် ရုပ်-ဟူ၍လည်းကောင်း၊ မိန်းမ,ယောကျ်ား-ဟူ၍လည်းကောင်း ခေါ်ဝေါ်ခြင်းသို့ ရောက်ကုန်၏။ အရိုး, အကြော, အသား, အရေတို့ကို တခြားစီ စုပုံ၍ ထားအပ်သည်ရှိသော် အရိုးစု, အကြောစု, အသားစု *(အရေထု)*-ဟူ၍သာ ဆိုအပ်၏။ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, ဇီဝ-ဟူ၍ မဆိုအပ်။

- မင်းတို့၏ နေရာအိမ်ကိုပင် မင်းတို့၏ နေရာအိမ်-ဟူ၍လည်းကောင်း,
- မှူးမတ်တို့၏ နေရာအိမ်ကို မှူးမတ်တို့၏ နေရာအိမ်-ဟူ၍လည်းကောင်း,
- ပုဏ္ဏားတို့၏ နေရာအိမ်ကို ပုဏ္ဏားတို့၏ နေရာအိမ်-ဟူ၍လည်းကောင်း,
- သူဌေး,သူကြွယ်တို့၏ နေရာအိမ်ကို သူဌေး,သူကြွယ်တို့၏ နေရာအိမ်-ဟူ၍လည်းကောင်း

ဆိုအပ်သကဲ့သို့ ထို့အတူ–

- မင်းမျိုး၌ ဖြစ်သောသူ၏ကိုယ်ကို မင်း၏ကိုယ်-ဟူ၍ ဆိုအပ်၏။
- မှူးမတ်မျိုး၌ ဖြစ်သောသူ၏ကိုယ်ကို မှူးမတ်၏ကိုယ်-ဟူ၍ ဆိုအပ်၏။
- ပုဏ္ဏားမျိုး၌ ဖြစ်သောသူ၏ကိုယ်ကို ပုဏ္ဏား၏ကိုယ်-ဟူ၍ ဆိုအပ်၏။
- သူဌေး,သူကြွယ်မျိုး၌ ဖြစ်သောသူ၏ကိုယ်ကို သူဌေး,သူကြွယ်၏ကိုယ်-ဟူ၍ ဆိုအပ်၏။
- ဆင်းရဲသောအမျိုး၌ ဖြစ်သောသူ၏ကိုယ်ကို ဆင်းရဲသောသူ၏ကိုယ်-ဟူ၍ ဆိုအပ်၏။
- တိရစ္ဆာန်အမျိုး၌ ဖြစ်သောသူ၏ကိုယ်ကို တိရစ္ဆာန်၏ကိုယ်-ဟူ၍ ဆိုအပ်၏။

ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျာ်း, မိန်းမ, ဇီဝ-ဟူ၍ မရအပ်သည်သာ ဖြစ်၏။

ဤသို့လျှင် ၄-ပါးသောစာတ်တို့ဖြင့် နိဿတ္တ, နိဇ္ဇီဝ၏အဖြစ်ကို ပြတော်မူပြီး၍ နှီးသမားသည် ကြွင်းသောဝါးပိုင်း, ကြွင်းသော ဝါးခြမ်းစိတ်တို့ကို အလိုရှိသောအမှု၌ ဆောင်သကဲ့သို့ ယခုအခါ အောက်၌ ဥပါဒါရုပ်, ၄-ပါးသော နာမက္ခန္ဓာ, ဒုက္ခသစ္စာမှ ကြွင်းသော ၃-ပါးသော အရိယသစ္စာတို့ကို မဟောအပ်ကုန်သေး။ ထိုဥပါဒါရုပ်, နာမက္ခန္ဓာ, သစ္စာ ၃-ပါးတို့ကို ဟောကြားတော်မူလိုသည်ဖြစ်၍—

**အဇ္ဈတ္တိကဉ္စေဝ အာဝုသော စက္ခုံ အပရိဘိန္နံ ဟောတိ။** (မ၁။၂၄၈။ မဋ္ဌ၂။၁၃၂)

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

အဓိပ္ပါယ်ကား အဇ္ဈတ္တိကသန္တာန်၌ဖြစ်သော စက္ခုပသာဒ ပျက်သည်ဖြစ်အံ့၊ ရူပါရုံ မထင်သည် ဖြစ်အံ့၊ အလင်းမရှိသည် ဖြစ်အံ့၊ ထိုရူပါရုံကို နှလုံးမသွင်းသည် ဖြစ်အံ့၊ စက္ခုဝိညာဉ်စိတ္တုပ္ပါဒ်, စက္ခုဒွါရိကစိတ္တုပ္ပါဒ်တို့သည် မဖြစ်ကုန်။ စက္ခုပသာဒ, ရူပါရုံ, အာလောက, မနသိကာရတည်း-ဟူသော အကြောင်းတရား ၄-ပါး *(မပျက်သည်ဖြစ်အံ့)* ရှိသည်ဖြစ်အံ့၊ စက္ခု-ဝိညာဉ်စိတ္တုပ္ပါဒ်, စက္ခုဒွါရိကစိတ္တုပ္ပါဒ်တို့သည် ဖြစ်ကုန်၏။

ထိုတရားအပေါင်းတို့တွင်–

- စက္ခုပသာဒ, ရူပါရုံ, ထိုစိတ္တုပ္ပါဒ်နှင့်တကွဖြစ်သော တိသမုဋ္ဌာနိကရုပ်, စတုသမုဋ္ဌာနိကရုပ်သည် **ရူပက္ခန္ဓာ** မည်၏။
- စိတ္တုပ္ပါဒ်၌ရှိသော ဝေဒနာသည် **ဝေဒနာက္ခန္ဓာ** မည်၏။
- သညာသည် **သညာက္ခန္ဓာ** မည်၏။
- ဝေဒနာသညာမှ ကြွင်းသော စေတသိက်အပေါင်းသည် **သင်္ခါရက္ခန္ဓာ** မည်၏။
- စက္ခုဝိညာဉ်, စက္ခုဒွါရိကစိတ္တုပ္ပါဒ်သည် **ဝိညာဏက္ခန္ဓာ** မည်၏။

ဤသို့လျှင် စက္ခုဒွါရ၌ ၅-ပါးသော **ဥပါဒါနက္ခန္ဓာ**တို့သည် ဖြစ်ကုန်၏။

- ထိုခန္ဓာ ၅-ပါးသည် **ဒုက္ခသစ္စာ** မည်၏။
- ထိုခန္ဓာ ၅-ပါး၌ တပ်တတ်သော တဏှာသည် **သမုဒယသစ္စာ** မည်၏။
- ဤခန္ဓာ ၅-ပါးတို့၌ တပ်စွန်းတတ်သော တဏှာရာဂကို ပယ်ခြင်း,ဖျောက်ခြင်းသည် **နိရောဓသစ္စာ** မည်၏။

- နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော သမ္မာဒိဋ္ဌိ-အစရှိသော မဂ္ဂင် ၈-ပါးသည် မဂ္ဂသစ္စာ မည်၏။

ဤသို့ အကြောင်း,အကျိုး၊ ပစ္စည်း, ပစ္စယုပ္ပန်အားဖြင့် သိခြင်းသည် ပဋိစ္စသမုပ္ပါဒ်ကို သိမြင်သည် မည်၏။ ထို့ကြောင့်–

**ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ။ ယော ဓမ္မံ ပဿတိ၊ သော ပဋိစ္စသမုပ္ပါဒံ ပဿတီတိ။ ပဋိစ္စသမုပ္ပန္နာ ခေါ ပနိ'မေ ယဒိဒံ ပဉ္စုပါဒါနက္ခန္ဓာ။**

ဟု ဟောတော်မူသည်။ (မ၁။၂၄၈)

သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ,မနောဒွါရတို့၌လည်း အကြောင်း, အကျိုး၊ ပစ္စည်း,ပစ္စယုပ္ပန် ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာ ၅-ပါး, ၄-ပါးသော သစ္စာတို့ကို ထုတ်ဖော်ခွဲခြမ်း၍ ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့် စက္ခုဒွါရနှင့်အတူ သိရာ၏။

ဤသို့လျှင် အရှင်သာရိပုတ္တရာမထေရ်မြတ်သည် “သစ္စာ, ခန္ဓာ-အစရှိသည်တို့ကို ခွဲခြမ်းဝေဖန်၍ ဝိပဿနာဉာဏ်အဆက်ဆက် မဂ်,ဖိုလ်,နိဗ္ဗာန်တိုင်အောင် အကျိုးတရား ပွါးများပါလေစေ”ဟု ဟောကြားညွှန်ပြ ဆုံးမတော်မူပေသည်။ ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် မဟာဟတ္ထိပဒေါပမသုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (မူလပဏ္ဏာသပါဠိတော်၊နှာ-၁၈၁၊၂၄၂၊၂၄၄၊၂၄၅-၆၊၂၄၈။ မူပဏ္ဏာသအဋ္ဌကထာ၊၂။၈၁၂၂-၁၃၄။)

★★★★★★★

## [ ၁၈ ] မကောင်းသော အင်္ဂါ ၁၁-ပါးနှင့် ပြည့်စုံသောရဟန်းသည် ကြီးပွါးခြင်းသို့ မရောက်နိုင်ကြောင်းတရား

အလုံးစုံသော တရားအပေါင်းတို့ကို အကြွင်းမရှိ သိမြင်တော်မူပြီးသော ဘုရားသခင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူ၏။ ထိုသို့ နေတော်မူသောအခါ ရဟန်းတို့ကို ခေါ်တော်မူ၍–

ဧကာဒသဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ဂေါပါလကော အဘဗ္ဗော ဂေါဂဏံ ပရိဟရိတုံ ဖာတိံ ကာတုံ။ ကတမေဟိ ဧကာဒသဟိ? ဣဓ ဘိက္ခဝေ ဂေါပါလကော န ရူပညူ ဟောတိ၊ န လက္ခဏကုသလော ဟောတိ၊ န အာသာဋိကံ ဟာရေတာ ဟောတိ၊ န ဝဏံ ပဋိစ္ဆာဒေတာ ဟောတိ၊ န ဓူမံ ကတ္တာ ဟောတိ၊ န တိတ္ထံ ဇာနာတိ၊ န ပီတံ ဇာနာတိ၊ န ဝီထိံ ဇာနာတိ၊ န ဂေါစရကုသလော ဟောတိ၊ အနဝသေသဒေါဟီ

**စ ဟောတိ၊ ယေ တေ ဥသဘာ ဂေါပိတရော ဂေါပရိဏာယကာ၊ တေန အတိရေက-ပူဇာယ ပူဇေတာ ဟောတိ၊ ကတမေဟိ ခေါ ဘိက္ခဝေ ဧကာဒသဟိ အင်္ဂေဟိ သမန္နာဂတော ဂေါပါလကော အဘဗ္ဗော ဂေါဂဏံ ပရိဟရိတုံ ဖာတိံ ကာတုံ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

### ၁။ နွားကျောင်းသား၏ မကောင်းသောအင်္ဂါ ၁၁-ပါး

ဘိက္ခဝေ၊ ရဟန်းတို့။ ဧကာဒသဟိ၊ ၁၁-ပါးကုန်သော။ အင်္ဂေဟိ၊ မကောင်းသော အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဂေါပါလကော၊ နွားကျောင်းသားသည်။ ဂေါဂဏံ၊ နွားအပေါင်းကို။ ပရိဟရိတုံ၊ ဆောင်ခြင်းငှာ။ ဖာတိံ ကာတုံ၊ ပွါးအောင် ပြုခြင်းငှာ။ အဘဗ္ဗော၊ မထိုက်။ ကတမေဟိ ဧကာဒသဟိ၊ အဘယ်မည်သော ၁၁-ပါးသော မကောင်းသောအင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသနည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤလောက၌။ ဂေါပါလကော၊ နွားကျောင်းသားသည်။

- ရူပညူ၊ နွားတို့၏ အဆင်း,အရေအတွက်ကို သိသည်။ န ဟောတိ၊ မဖြစ်။
- လက္ခဏကုသလော၊ နွားတို့၏ကိုယ်၌ မှတ်ကြောင်းလက္ခဏာ၌ လိမ္မာသည်။ န ဟောတိ၊ မဖြစ်။
- အာသာဋိကံ၊ နွားတို့၌ဖြစ်သော ယင်ချေးဥကို။ ဟာရေတာ၊ ဆေးဖတ် သိပ်ခြင်း-အစရှိသည်ဖြင့် ပယ်တတ်သည်။ န ဟောတိ၊ မဖြစ်။
- ဝဏံ၊ နွား၌ဖြစ်သော အနာကို။ ပဋိစ္ဆာဒေတာ၊ ဆေးဖတ်သိပ်ခြင်း, ပုဆိုးကြမ်းဖြင့် ဖုံးလွှမ်းတတ်သည်။ န ဟောတိ၊ မဖြစ်။
- ဓူမံ၊ အခိုးကို။ ကတ္တာ၊ ပြုတတ်သည်။ န ဟောတိ၊ မဖြစ်။
- တိတ္ထံ၊ နွားတို့၏ ရေဆိပ်ကို။ န ဇာနာတိ၊ မသိ။
- ပီတံ၊ ရေသောက်ပြီးသည်, မသောက်ရသေးသည်ကို။ န ဇာနာတိ၊ မသိ။
- ဝီထိံ၊ နွားတို့၏ ခရီးကို။ န ဇာနာတိ၊ မသိ။
- ဂေါစရကုသလော၊ စားကျက်၌ လိမ္မာသည်။ န ဟောတိ၊ မဖြစ်။
- အနဝသေသဒေါဟီ စ၊ အကြွင်းမထားဘဲ နို့ရည်ကို ညှစ်တတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။

- ဂေါပိတရော၊ နွားတို့၏ အဘဖြစ်ကုန်သော။ ဂေါပရိဏာယကာ၊ နွားတို့၏ အကြီးဖြစ်ကုန်သော။ ယေ တေ ဥသဘာ၊ အကြင်နွားလားဥသဘတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုနွားလားဥသဘတို့ကို။ အတိရေကပူဇာယ၊ လွန်သော ပူဇော်ခြင်းဖြင့်။ ပူဇေတာ၊ ပူဇော်တတ်သည်။ န ဟောတိ၊ မဖြစ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧကာဒသဟိ၊ ၁၁-ပါးကုန်သော။ ဣမေဟိ အင်္ဂေဟိ၊ ဤမကောင်းသော အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဂေါပါလကော၊ နွားကျောင်းသားသည်။ ဂေါဂဏံ၊ နွားအပေါင်းကို။ ပရိဟရိတုံ၊ ဆောင်ခြင်းငှာ။ ဖာတိံ ကာတုံ၊ ပွါးအောင်ပြုခြင်းငှာ။ အဘဗ္ဗော၊ မထိုက်။

အဓိပ္ပါယ်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ ၁၁-ပါးသော မကောင်းသောအင်္ဂါတို့နှင့် ပြည့်စုံသော နွားကျောင်းသားသည် နွားအပေါင်းကို မပျောက်ရအောင် ဆောင်ခြင်း, ပွါးအောင် ပြုခြင်းငှာ မထိုက်။ ၁၁-ပါးသောအင်္ဂါ-ဟူသည် အဘယ်နည်းဟူမူကား နွားတို့၏ အရေအတွက်, အဆင်းကို မသိခြင်းလည်း ၁-ပါး, နွားတို့၏ မှတ်ကြောင်းလက္ခဏာကို မသိခြင်းလည်း ၁-ပါး၊ ဤသို့ အစရှိသောအားဖြင့် ၁၁-ပါးသောအင်္ဂါတို့သည် ဖြစ်ကုန်၏။

ထို ၁၁-ပါးသောအင်္ဂါတို့တွင်–

(၁) **နွားတို့၏ အရေအတွက်, အဆင်းကို မသိလျှင် အဘယ်အပြစ်ရှိသနည်းဟူမူ**ကား- နွားတို့၏ အရေအတွက်ကိုလည်းကောင်း, အဆင်းကိုလည်းကောင်း မသိ။ မသိခြင်းကြောင့် ထိုနွားကျောင်းသားသည် သေကုန်သော်လည်းကောင်း, ပျောက်ကုန်သော်လည်းကောင်း နွားအပေါင်းကို မသိမ်းဆည်းမူ၍ 'ယနေ့ ဤမျှအရေအတွက်ရှိကုန်သော နွားတို့သည် မထင်မြင်ကုန်'-ဟု ၂-ရွာ, ၃-ရွာတို့သို့လည်းကောင်း, တောအုပ်သို့လည်းကောင်း လှည့်လည်၍ မရှာ။ သူတပါး၏နွားတို့သည် မိမိနွားအပေါင်းသို့ လာကုန်သော်လည်း 'ဤမျှသော နွားတို့ကား ငါ၏နွားမဟုတ်'-ဟု လှင်ကန်ဖြင့် ရိုက်ခတ်၍ မထုတ်လိုက်။ မိမိ၏ ပျောက်သောနွားတို့သည် ပျောက်သည်သာ ဖြစ်ကုန်၏။ တပါးသော နွားရှင်တို့သည် 'ဤမျှသောကာလပတ်လုံး နွားကို ယူလေ၏'-ဟု ခြိမ်းခြောက်၍ မိမိနွားတို့ကို ထုတ်ယူ၍ သွားလေကုန်၏။ ထိုနွားကျောင်းသားမိုက်အား ၅-ပါးသော နွားနို့အရသာတို့မှ ဆုတ်ယုတ်သည် တိုင်အောင် အပဖြစ်လေ၏။

**အဆင်းအားဖြင့် မသိသောသူ**သည် 'ဤမျှ အတိုင်းအရှည်ရှိသော နွားတို့ကား ဖြူကုန်၏။ ဤမျှအတိုင်းအရှည်ရှိသော နွားတို့ကား နီကုန်၏။ ဤမျှအတိုင်း အရှည်ရှိသော နွားတို့က မဲကုန်၏။ ဤမျှ အတိုင်းအရှည်ရှိသော နွားတို့ကား ပြောက်ကျားကုန်၏။ ဤမျှ

အတိုင်းအရှည်ရှိသော နွားတို့ကား ညိုကုန်၏'-ဟူ၍ မသိသည်ဖြစ်၍ ဆုတ်ယုတ်ပျောက်ပျက်သောကြောင့် ၅-ပါးသော နွားနို့အရသာမှ အပဖြစ်လေ၏။

(၂) **အမှတ်လက္ခဏာ၌** မလိမ္မာသော နွားကျောင်းသားတို့သည် နွားတို့၏ကိုယ်၌ ဒူးလေးသဏ္ဌာန်, သန်လျက်သဏ္ဌာန်, တံကျင်သဏ္ဌာန်-အစရှိသော အမှတ်ကို မသိသည်ဖြစ်၍ နွားတို့သည် သေကြေပျက်စီးကုန်သော်လည်း 'ယနေ့ ဤသို့သဘောရှိသော အမှတ်လက္ခဏာရှိသော နွားတို့သည် မထင်မမြင်ကုန်'-ဟု မစူးစမ်းမဆင်ခြင်သောကြောင့် နွားတို့သည် ဆုတ်ယုတ်၍ ၅-ပါးသော နွားနို့အရသာမှ အပဖြစ်လေ၏။

(၃) အဘယ်သို့ **နွား၌ဖြစ်သော ယင်ချေးဥကို မပယ်သနည်း**ဟူမူကား နွားတို့အား သစ်ငုတ်, ဆူး-အစရှိသည်တို့ဖြင့် ခတ်မိရာအရပ်ဌာနတို့၌ အမာသည် ဖြစ်၏။ ထိုအမာ၌ ယင်ချေးဥတို့သည် ဖြစ်ကုန်လတ်သော် လှင်ကန်ဖြင့် ပယ်၍ ဆေးဖတ်အုံခြင်းကို ပြုအပ်၏။ မလိမ္မာသော နွားကျောင်းသားမူကား ထိုအနာကို ဆေးဖတ်အုံခြင်း မပြုသောကြောင့် နွားတို့အား အမာတို့သည် ကြီးပွါးကုန်သည်ဖြစ်၍ အမာဖြင့် နှိပ်စက်ရကား မြက်,ရေတို့ကို စားခြင်း, သောက်ခြင်းငှာ မတတ်နိုင်ကုန်သည်ဖြစ်၍ နို့ရည်တို့သည် ပြတ်ကုန်၏။ သေသည်ဖြစ်၍လည်း ဆုတ်ယုတ်ကုန်၏။ ထိုနွားကျောင်းသားအား ၅-ပါးသော နွားနို့အရသာမှ အပဖြစ်လေ၏။

(၄) အဘယ်သို့ **အနာကို မဖုံးလွှမ်းသနည်း**ဟူမူကား ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် နွားတို့အား အနာဖြစ်ခဲ့သည်ရှိသော် ဆေးဖတ်သိပ်ခြင်း, ပုဆိုးကြမ်းဖြင့် ဖုံးလွှမ်းခြင်း, ကြိုးဖြင့် စည်းခြင်းကို ပြုအပ်လျက် မပြုခြင်းကြောင့် နွားတို့သည် ဆုတ်ယုတ်ပျက်စီး၍ ၅-ပါးသော နွားနို့အရသာမှ အပဖြစ်လေ၏။

(၅) အဘယ်သို့ **အခိုးကို မလွှတ်သနည်း**ဟူမူကား မိုးကာလ၌ မှက်, ခြင်, ယင်ရဲ-အစရှိသည်တို့၏ ထူပြောသောအခါ နွားအပေါင်းတို့သည် ခြံသို့ ဝင်ကုန်သည်ရှိသော် ထိုထိုအရပ် ထက်ဝန်းကျင်မှ အခိုးကို ပြုအပ်သည်ဖြစ်လျက် မပြုခြင်းကြောင့် နွားအပေါင်းတို့သည် ညဉ့် ၃-ယံပတ်လုံး မှက်,ခြင်,ယင်ရဲတို့သည် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ အိပ်ခြင်း မရ၊ နေ့အခါ တောအရပ်, သစ်ပင်ရင်း-အစရှိသည်တို့၌ အလိုရှိတိုင်း မြက်တို့ကို မစားမူ၍ အိပ်လေကုန်၏။ တရွေ့ရွေ့ နွားအပေါင်းတို့သည် ဆုတ်ယုတ်ပျက်စီး၍ ၅-ပါးသော နွားနို့အရသာမှ အပဖြစ်လေ၏။

(၆) **ရေဆိပ်ကို** အဘယ်သို့ မသိသနည်းဟူမူကား မလိမ္မာသော နွားကျောင်းသားသည် ရေဆိပ်ကို ညီညွတ်၏-ဟူ၍လည်းကောင်း, မညီညွတ်-ဟူ၍လည်းကောင်း, မိကျောင်း,

လင်းပိုင်-အစရှိသော သားရဲဘေးရန်ရှိ၏-ဟူ၍လည်းကောင်း, မရှိ-ဟူ၍လည်းကောင်း မသိ၊ မသိခြင်းကြောင့် ဆိပ်မဟုတ်သည်ဖြင့် နွားတို့ကို ချ၍ ခြေကျိုးခြင်း၊ မိကျောင်း, လင်းပိုင်-အစရှိသည်တို့သည် ဖမ်းယူခြင်းတို့ဖြင့် ဆုတ်ယုတ်ပျက်စီး၍ ၅-ပါးသော နွားနို့ အရသာမှ အပဖြစ်လေ၏။

(၇) အဘယ်သို့ ရေသောက်ရပြီးသည်, မသောက်ရသေးသည်ကို မသိသနည်းဟူမူ ကား နွားကျောင်းသားမည်သည်ကား 'ဤမည်သော နွားကား ရေကို သောက်ရ၏၊ ဤမည် သော နွားကား ရေကို မသောက်ရသေး'-ဟု သိအပ်၏။ မလိမ္မာသော နွားကျောင်းသားမူ ကား တစ်နေ့ပတ်လုံး တော၌ နွားကို ကျောင်း၍ မြစ်ဆိပ်သို့လည်းကောင်း, တဘက်ဆည် ကန်သို့လည်းကောင်း ရေကို တိုက်အံ့သောငှာ လိုက်လျက် သွားလေ၏။ ထိုမြစ်ဆိပ်, ရေကန်သို့ ရောက်သောအခါ အားရှိကုန်သော နွားတို့သည် အားမရှိသော နွားတို့ကို ဝှေ့ကုန်၍ မိမိတို့ အခွင့်ကို ပြု၍ အလိုအတိုင်း သောက်လေကုန်၏။ အားနည်းသော နွားတို့ကား သောက်ခွင့်ကို မရ၍ မသောက်ရကုန်။ ညွန်နှင့်ရောသော ရေကို သောက်သော် လည်း သောက်ရကုန်၏။ ထိုအခါ နွားကျောင်းသားသည် ရေသောက်ရပြီးသည်, မသောက် ရသေးသည်ကို မသိ၍ တောအရပ်သို့ လိုက်ကျောင်းသော်လည်း အလိုအတိုင်း မြက်ကို မစားနိုင်၊ နို့ရည်သည် ပြတ်ခြင်းသို့ ရောက်၏။ သေကြေပျက်စီးခြင်းသို့ ရောက်၍ ၅-ပါး သော နွားနို့အရသာမှ အပဖြစ်လေ၏။

(၈) ခရီး၌ အဘယ်သို့ မလိမ္မာသနည်းဟူမူကား 'ဤခရီးကား ညီညွတ်သော ခရီး တည်း၊ ဤခရီးကား မညီမညွတ်သော ခရီးတည်း၊ ဤခရီးကား ဘေးမရှိသော ခရီးတည်း'- ဟု မသိသည်ဖြစ်၍ မညီမညွတ်သော ခရီး၊ ခြသေ့်, သစ်ကျား, ခိုးသား, ဓားမြရှိသော ခရီးသို့ လိုက်လေသော် ခိုးသား,ဓားပြတို့သည်လည်း ဖမ်းလေကုန်၏။ ခြသေ့်, သစ်, ကျား တို့၏အန့်ဖြင့် တုန်လှုပ်သော သမင်ကဲ့သို့ တစ်နေ့ပတ်လုံး မြက်ရေတို့ကို မစားနိုင်, မသောက် နိုင်သည်ဖြစ်၍ ဦးခေါင်းကို ချီလျက် ရပ်သဖြင့်သာလျှင် ကာလအရှည်လွန်လတ်သော် နို့ရည်၏ ခန်းခြောက်ခြင်း, သေကြေပျက်စီးခြင်းသို့ ရောက်၍ ၅-ပါးသော နွားနို့အရသာမှ အပဖြစ်လေ၏။

(၉) အဘယ်သို့ စားကျက်၌ မလိမ္မာသနည်းဟူမူကား နွားကျောင်းသားမည်သည် ကား ၁-ခုသောအရပ်၌ ၅-ရက် ၁-ကြိမ် အလှည့်ကျောင်းခြင်း, ၇-ရက် ၁-ကြိမ် အလှည့် ကျောင်းခြင်းကို သိသည်ဖြစ်၍ လိမ္မာသည် ဖြစ်ရာ၏။ များစွာသော နွားအပေါင်းတို့၏ ကျက်စားရာအရပ်သည် မြက်ကင်းသည်ဖြစ်၍ စည်မျက်နှာကဲ့သို့ စင်ကြယ်သည် ဖြစ်၏။ ရေသည်လည်း နောက်ကျု၏။ ထိုအရပ်၌ ထပ်ကာထပ်ကာ ကျောင်းသော နွားကျောင်းသား

၏နွားသည် အရေအသား လျော့ပါးခြင်းသည် ဖြစ်၏။ နို့ရည်သည်လည်း ပြတ်၏။ သေကြေပျက်စီးခြင်းသို့ ရောက်၍ ၅-ပါးသော နွားနို့အရသာမှ အပဖြစ်လေ၏။

(၁၀) အဘယ်သို့ **နို့ရည်ကို အကြွင်းထား၍** မညှစ်သနည်းဟူမူကား နွားကျောင်းသားမိုက်သည် နွားငယ်သောက်စရာ တစ်စုံတစ်ခုသော နို့ရည်ကို အကြွင်းမထားမူ၍ ညှစ်၏။ နို့ရည်ကို မသောက်ရသော နွားငယ်သည် ခြောက်ကပ်၍ ရပ်တည်ခြင်းငှာ မစွမ်းနိုင်၊ တုန်လှုပ်လျက် အမိရှေ့မှ လဲ၍ သေလေ၏။ အမိနွားမသည် သေသောနွားငယ်ကို မြင်၍ 'အမိနို့ရည်ကိုမျှ မသောက်ရပါလေ'-ဟု သား၌ဖြစ်သော စိုးရိမ်ခြင်းဖြင့် နှိပ်စက်သည်ဖြစ်၍ မြက်,ရေတို့ကို မစားမသောက်နိုင်။ နို့ရည်ပြတ်ခြင်းသို့ ရောက်၍ သေကြေပျက်စီးခြင်းသို့ ရောက်သော်လည်း ရောက်ရာ၏။ ထိုနွားကျောင်းသားအား ၅-ပါးသော နွားနို့အရသာမှ အပဖြစ်လေ၏။

(၁၁) အဘယ်သို့ **နွားလားဥသဘကို** မပူဇော်သနည်းဟူမူကား နွားကျောင်းသားတို့မည်သည်ကား နွားလားဥသဘအား မွန်မြတ်သော သလေးထမင်းကို ကျွေးခြင်း, နံ့သာလိမ်းခြင်း, ပန်းပန်ခြင်း, ဦးချိုတို့၌ ရွှေကတော့,ငွေကတော့တို့ဖြင့် စွပ်ခြင်း, ညဉ့်အခါ၌ ဆီမီးထွန်းခြင်း, ပုဆိုး,ဗိတာန်ကြက်သော အိပ်ရာ၌ အိပ်စေခြင်း-အစရှိသည်တို့ဖြင့် ပူဇော်သက္ကာရကို ပြု၏။ ဤသို့ ပူဇော်သက္ကာရကို ပြုအပ်သော နွားလားဥသဘတို့သည် နွားအပေါင်းကို စောင့်ရှောက်ခြင်း, ဘေးရန်ကို တားမြစ်ခြင်းကို ပြုကုန်၏။ ဤနွားကျောင်းသားမိုက်မူကား နွားလားဥသဘအား ပူဇော်သက္ကာရကို မပြုသောကြောင့် မစောင့်ရှောက်, ဘေးရန်ကို မတားမြစ်သည်ဖြစ်၍ ပျောက်ပျက်ခြင်းသို့ ရောက်သဖြင့် ၅-ပါးသော နွားနို့အရသာမှ အပဖြစ်လေ၏။

ဤသို့ဆိုအပ်ခဲ့ပြီးသော ၁၁-သော မကောင်းသောအင်္ဂါတို့နှင့် ပြည့်စုံသော နွားကျောင်းသားမိုက်၏ နွားအပေါင်းသည် ဆုတ်ယုတ်ပျက်စီးခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ ငါဘုရားသာသနာတော်၌ ၁၁-ပါးသော မကောင်းသောအင်္ဂါနှင့် ပြည့်စုံသောရဟန်းသည် သီလ,သမာဓိ,ဝိပဿနာ,မဂ်,ဖိုလ်,နိဗ္ဗာန်အားဖြင့် ကြီးပွါးခြင်း,စည်ပင်ခြင်းသို့ မရောက်နိုင်ရာ။

## ၂။ ရဟန်း၏ မကောင်းသော အင်္ဂါ ၁၁-ပါး

၁၁-ပါးသော အင်္ဂါဟူသည် အဘယ်နည်းဟူမူကား–

(၁) ငါဘုရား၏သာသနာတော်၌ ရဟန်းသည် ၂၈-ပါးသောရုပ်တို့၏ အရေအတွက်ကို မသိ။ ကေသမုဋ္ဌာန်ရုပ်, ဒွိသမုဋ္ဌာန်ရုပ်, တိသမုဋ္ဌာန်ရုပ်, စတုသမုဋ္ဌာန်ရုပ်တို့ကို မသိ။

ဤသို့ ရုပ်တို့ကို အရေအတွက်အားဖြင့်လည်းကောင်း, သမုဋ္ဌာန်အားဖြင့်လည်းကောင်း မသိသော ရဟန်းသည် ရုပ်,နာမ်တို့ကို သိမ်းဆည်းပိုင်းခြားခြင်း၊ ထိုရုပ်,နာမ်တို့၏အကြောင်းကို မှတ်၍ လက္ခဏာရေးသို့ တင်၍ ကမ္မဋ္ဌာန်းကို အပြီးအဆုံးသို့ ရောက်စေခြင်းငှာ မတတ်နိုင်ရာ။ နွားကျောင်းသားမိုက်သည် ၅-ပါးသော နွားနို့အရသာမှ အပဖြစ်သကဲ့သို့ ဤသာသနာတော်၌ ရဟန်းသည်လည်း သီလ, သမာဓိ, ဝိပဿနာ, မဂ်, ဖိုလ်, နိဗ္ဗာန်တို့ဖြင့် မပွါးမူ၍ သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏ်အမြင်တည်းဟူသော ၅-ပါးသော ဓမ္မက္ခန်ကျေးဇူးတို့မှ အပဖြစ်လေ၏။

(၂) အဘယ်သို့ ဗာလလက္ခဏာ, ပဏ္ဍိတလက္ခဏာ၌ မလိမ္မာသနည်းဟူမူကား အကုသိုလ်ကို လွန်ကျူး၍ ကျင့်သောသူသည် ဗာလ မည်၏။ ကုသိုလ်သုစရိုက်တရားတို့ကို ကျင့်သောသူသည် ပဏ္ဍိတ မည်၏။ ဤသို့ ဗာလ, ပဏ္ဍိတတို့ကို မှတ်ကြောင်းလက္ခဏာ ဖြစ်သော ကုသိုလ်, အကုသိုလ်ကို မသိသောကြောင့် ပညာရှိကို ခွါ၍ ဗာလကို မှီဝဲမိသောသူသည် ကျင့်အပ်, မကျင့်အပ်သည်ကို မသိ၍ ကမ္မဋ္ဌာန်းကို အားထုတ်၍ စီးဖြန်းပွါးများခြင်းငှာ မတတ်နိုင်။ ထိုနွားကျောင်းသားမိုက်၏ နွားအပေါင်းသည် မပွါးသည်ဖြစ်၍ ၅-ပါးသော နွားနို့အရသာမှ အပဖြစ်လေသကဲ့သို့ ဤရဟန်းသည်လည်း သီလ-အစရှိသည်တို့ဖြင့် မပွါးမူ၍ ၅-ပါးသော ဓမ္မက္ခန်ကျေးဇူးတို့မှ အပဖြစ်လေ၏။

(၃) အဘယ်သို့ ယင်ချေးဥကို မပယ်သနည်းဟူမူကား အကြင်ရဟန်းသည် မိမိသန္တာန်၌ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်ဖြစ်သည်ရှိသော် ထိုဝိတက်တို့ကို မဖျောက်။ ထိုရဟန်းသည် ကမ္မဋ္ဌာန်းကို ပွါးခြင်းငှာ မတတ်နိုင်။ နွားကျောင်းသားမိုက်၏ နွားခြံသည် မပွါးသည်ဖြစ်၍ ၅-ပါးနွားနို့အရသာမှ အပဖြစ်သကဲ့သို့ သီလ-အစရှိသော တရားတို့ဖြင့် မပွါးသည်ဖြစ်၍ ၅-ပါးသော ဓမ္မက္ခန်ကျေးဇူးတို့မှ အပဖြစ်လေ၏။

(၄) အဘယ်သို့ အနာကို မဖုံးလွှမ်းသနည်းဟူမူကား စက္ခု-အစရှိသော ၆-ပါးသော ဣန္ဒြေတို့ကို မစောင့်ရှောက်ခြင်းကြောင့် အဘိဇ္ဈာ, ဒေါမနဿ-အစရှိကုန်သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏။ စက္ခု-အစရှိသော ဒွါရကို ဟင်းလင်းထား၍ ၄-ပါးသော ဣရိယာပုထ်ကို ဖြစ်စေသောသူသည် နွားကျောင်းသားမိုက်၏ နွားအပေါင်းသည် မပွါးသည်ဖြစ်၍ ၅-ပါးသော နွားနို့အရသာမှ အပဖြစ်သကဲ့သို့ သီလ-အစရှိသည်တို့ဖြင့် မပွါးမူ၍ ၅-ပါးသော ဓမ္မက္ခန်ကျေးဇူးတို့မှ အပဖြစ်လေ၏။

(၅) အဘယ်သို့ အခိုးကို မလွှတ်သနည်းဟူမူကား မိမိသို့ ဆည်းကပ်လာသောသူတို့အား တရားစကားဖြင့် ပြောဟောပြသဆုံးမခြင်းကို မပြုခြင်းကြောင့် 'ဤသူကား ဂုဏ်ရှိ၏၊

များသော အကြားအမြင်ရှိ၏'-ဟူ၍ မသိကုန်။ မသိခြင်းကြောင့် ပစ္စည်း ၄-ပါးတို့ဖြင့် မထောက်ပံ့ကုန်သည်ဖြစ်၍ ပစ္စည်း ၄-ပါးတို့ဖြင့် ပင်ပန်းသောသူသည် ပရိယတ်, ပရိပတ်ကို ဖြည့်ခြင်း၊ ကမ္မဋ္ဌာန်းကို ပွါးခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ နွားကျောင်းသား၏ နွားခြံသည် ပွါးများခြင်း မရှိ။ ၅-ပါးသော နွားနို့အရသာမှ အပဖြစ်သကဲ့သို့ သီလ-အစရှိသည်ဖြင့် မပွါးမူ၍ ၅-ပါးသော ဓမ္မက္ခန်ကျေးဇူးတို့မှ အပဖြစ်လေ၏။

(၆) အဘယ်သို့ ရေဆိပ်ကို မသိသနည်းဟူမူကား ဗဟုသုတအကြားအမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်-ဟု ဆိုအပ်သော ရေဆိပ်ကို မသိ၍ ဆွေးနွေးမေးမြန်းခြင်းကို မပြု။ ပြုသော်လည်း အဘိဓမ္မာကို တတ်သောရဟန်းအား သုတ္တန်, ဝိနည်းကို မေး၏။ သုတ္တန်တတ်သော ရဟန်းအား ဝိနည်း, အဘိဓမ္မာကို မေး၏။ ဝိနည်းကို တတ်သော ရဟန်းအား သုတ္တန်, အဘိဓမ္မာကို မေး၏။ ဤသို့ ဗဟုသုတတည်း-ဟူသော ရေဆိပ်ကို မသိသောသူသည် ကမ္မဋ္ဌာန်းကို ပွါးခြင်းငှာ မတတ်နိုင်။ နွားကျောင်းသားမိုက်၏ နွားအပေါင်းသည် မပွါးသည်ဖြစ်၍ ၅-ပါးသော နွားနို့အရသာမှ အပဖြစ်သကဲ့သို့ သီလ-အစရှိသည်ဖြင့် မပွါးမူ၍ ၅-ပါးသော ဓမ္မက္ခန်ကျေးဇူးတို့မှ အပဖြစ်လေ၏။

(၇) အဘယ်သို့ ရေသောက်ရပြီးသည်, မသောက်ရသေးသည်ကို မသိသနည်းဟူမူကား အကြင်သူသည် တရားနာရာသဘင်သို့ သွား၍ တရားကို နာပြီးသည်ရှိသော် တရားကို မှီ၍ဖြစ်သော ဝမ်းမြောက်ခြင်းကို မှီ၍ဖြစ်သော ပုညကိရိယဝတ္ထု အာနိသံသတို့ကို မရ။ ရိုသေစွာ တရားကို မနာ။ အိပ်ပျော်ငိုက်မျဉ်းလျက် တရားကို နာ၏။ တရားသဘင်၌ စကားကို ပြောဆိုလျက် နေ၏။ တပါးကို နှလုံးမူလျက် နေ၏။ ထိုသူသည် ကမ္မဋ္ဌာန်းကို ပွါးခြင်းငှာ မတတ်နိုင်။ နွားကျောင်းသားမိုက်၏ နွားအပေါင်းသည် မပွါးမူ၍ ၅-ပါးသော နွားနို့အရသာမှ အပဖြစ်သကဲ့သို့ သီလ-အစရှိသည်တို့ဖြင့် မပွါးမူ၍ ၅-ပါးသော ဓမ္မက္ခန် ကျေးဇူးတို့မှ အပဖြစ်လေ၏။

(၈) အဘယ်သို့ ခရီး၌ မလိမ္မာသနည်းဟူမူကား 'ဤသည်ကား လောကီမဂ္ဂင်တရား ၈-ပါးတည်း၊ ဤသည်ကား လောကုတ္တရာမဂ္ဂင်တရား ၈-ပါးတည်း'-ဟူသော လောကီမဂ္ဂင်, လောကုတ္တရာမဂ္ဂင်တို့ကို ဟုတ်မှန်တိုင်း မသိသောသူသည် လောကီမဂ္ဂင်၌ နှလုံးသွင်း၍ လောကုတ္တရာမဂ္ဂင်ကို ဖြစ်စေခြင်းငှာ မတတ်နိုင်။ နွားကျောင်းသားမိုက်၏ နွားအပေါင်းသည် မပွါးသည်ဖြစ်၍ ၅-ပါးသော နွားနို့အရသာမှ အပဖြစ်သကဲ့သို့ သီလ-အစရှိသည်တို့ဖြင့် မပွါးမူ၍ ၅-ပါးသော ဓမ္မက္ခန်ကျေးဇူးတို့မှ အပဖြစ်လေ၏။

(၉) အဘယ်သို့ စားကျက်၌ မလိမ္မာသနည်းဟူမူကား သတိပဋ္ဌာန်တရား ၄-ပါးတို့သည် အာရုံပြုအပ်သောကြောင့် ဂေါစရဖြစ်၍ ကျက်စားရာအာရုံ မည်ကုန်၏။ ထိုသတိ

ပဋ္ဌာန်တို့ကို 'ဤသည်ကား လောကီသတိပဋ္ဌာန်, ဤသည်ကား လောကုတ္တရာသတိပဋ္ဌာန်' ဟူ၍ မသိသောသူသည် သိမ်မွေ့သောအရာတို့၌ မိမိဉာဏ်ကို ကျက်စားစေ၍ လောကီသတိပဋ္ဌာန်တို့ကို နှလုံးသွင်း၍ လောကုတ္တရာသတိပဋ္ဌာန်တို့ကို ဖြစ်စေခြင်းငှာ မကတ်နိုင်။ နွားကျောင်းသားမိုက်၏ နွားအပေါင်းသည် မပွါးသည်ဖြစ်၍ ၅-ပါးသော နွားနို့အရသာမှ အပဖြစ်သကဲ့သို့ သီလ-အစရှိသည်တို့ဖြင့် မပွါးမူ၍ ၅-ပါးသော ဓမ္မက္ခန်ကျေးဇူးတို့မှ အပဖြစ်လေ၏။

(၁၀) အဘယ်သို့ **နွားနို့ကို အကြွင်းထား၍ မညှစ်သနည်း**ဟူမူကား ပစ္စည်း ၄-ပါးတို့၌ အတိုင်းအရှည်ကို သိ၍ အကြွင်းထား၍ မခံ၊ အလွန်ကိုသာ ခံလေ့ရှိ၏။ ထိုသို့ ခံခြင်းကြောင့် လူတို့သည် နှလုံးမသာရှိကုန်သည်ဖြစ်၍ တဖန်ဆောင်၍ မဖိတ်မလျှုကုန်။ ပစ္စည်း ၄-ပါးတို့ဖြင့် ပင်ပန်းသောသူသည် ကမ္မဋ္ဌာန်းကို ပွါးစေခြင်းငှာ မတတ်နိုင်။ နွားကျောင်းသားမိုက်၏ နွားအပေါင်းသည် မပွါးသည်ဖြစ်၍ ၅-ပါးသော နွားနို့အရသာမှ အပဖြစ်သကဲ့သို့ သီလ-အစရှိသည်တို့ဖြင့် မပွါးမူ၍ ၅-ပါးသော ဓမ္မက္ခန်ကျေးဇူးတို့မှ အပဖြစ်လေ၏။

(၁၁) အဘယ်သို့ **နွားလားဥသဘတို့ကို မပူဇော်သနည်း**ဟူမူကား စိရပဗ္ဗဇိတရတ္တညူ၊ ဗဟုသုတ, သီလ, သမာဓိ, ပညာဂုဏ်အထူး ကျေးဇူးဝိသေသတို့နှင့် ပြည့်စုံသော မထေရ်မြတ်တို့ကို အထူးပြု၍ ပစ္စည်း ၄-ပါးတို့ဖြင့်လည်းကောင်း၊ မျက်မှောက်,မျက်ကွယ် မေတ္တာနှင့် ယှဉ်သော ကာယကံ,ဝစီကံ,မနောကံတို့ဖြင့်လည်းကောင်း၊ ကျိုးနွံတုပ်ကွ နှိမ့်ချခြင်းတို့ဖြင့်လည်းကောင်း ပူဇော်ခြင်းကို မပြု။ ပူဇော်ခြင်းကို မခံရကုန်သော မထေရ်တို့သည် အာမိသ-သင်္ဂဟ, ဓမ္မသင်္ဂဟတို့ဖြင့် သင်္ဂြိုဟ်ခြင်းကို မပြုသည်ဖြစ်၍ ၂-ပါးသော သင်္ဂဟကို မရသောသူသည် ကမ္မဋ္ဌာန်းကို ပွါးစေခြင်းငှာ မတတ်နိုင်။ နွားကျောင်းသားမိုက်၏ နွားအပေါင်းသည် မပွါးသည်ဖြစ်၍ ၅-ပါးသော နွားနို့အရသာမှ အပဖြစ်သကဲ့သို့ သီလ-အစရှိသည်တို့ဖြင့် မပွါးမူ၍ ၅-ပါးသော ဓမ္မက္ခန်ကျေးဇူးတို့မှ အပဖြစ်လေ၏။

### ၃။ နွားကျောင်းသား၏ ကောင်းသောအင်္ဂါ ၁၁-ပါး

ဤသို့လျှင် မကောင်းသော ၁၁-ပါးသောအင်္ဂါတို့နှင့် ပြည့်စုံသော နွားကျောင်းသားမိုက်၏ နွားအပေါင်းသည် မပွါးသည်ဖြစ်၍ ၅-ပါးသော နွားနို့အရသာမှ ဆုတ်ယုတ်သောအဖြစ်ကို ပြတော်မူပြီး၍ ၁၁-ပါးသော ကောင်းသောအင်္ဂါနှင့် ပြည့်စုံသော ပညာရှိသော နွားကျောင်းသား၏ နွားအပေါင်းသည် ပွါးစီးခြင်းသို့ ရောက်သည်ဖြစ်၍ ၅-ပါးသော နွားနို့အရသာကိုလည်း သုံးဆောင်ခံစားရသည်၏အဖြစ်ကို ဟောကြားတော်မူလိုသော ဘုရားသခင်သည်—

**ကောဒသဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ဂေါပါလကော ဘဗ္ဗော ဂေါဂဏံ ပရိဟရိတုံ ဖာတိံ ကာတုံ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (မ၁။၂၈၄)

အဓိပ္ပါယ်ကား "ငါ၏ချစ်သားတို့ ကောင်းသော ၁၁-ပါးသောအင်္ဂါနှင့် ပြည့်စုံသော နွားကျောင်းသားသည် နွားအပေါင်းကို ဆောင်ခြင်း, ပွါးအောင် ပြုခြင်းငှာ ထိုက်၏။

၁၁-ပါးသော အင်္ဂါဟူသည် အဘယ်နည်းဟူမူကား—

(၁) နွား၏အရေအတွက်, အဆင်းသဏ္ဌာန်ကို သိခြင်းလည်း ၁-ပါး၊

(၂) နွား၏မှတ်ကြောင်းလက္ခဏာကို သိခြင်းလည်း ၁-ပါး၊

(၃) ယင်ချေးဥအနာကို ပယ်ခြင်းလည်း ၁-ပါး၊

(၄) အနာကို ဆေးဖတ်,ပုဆိုးကြမ်း-အစရှိသည်တို့ဖြင့် ဖုံးလွှမ်းခြင်းလည်း ၁-ပါး၊

(၅) မိုးကာလ ဖြုတ်,ခြင်, ယင်ရဲ ကိုက်ခဲသောအခါ အခိုးကို လွှတ်ခြင်းလည်း ၁-ပါး၊

(၆) မိကျောင်း, လင်းပိုင်-အစရှိသော သားရဲဘေးရန်မှ ကင်းသော, ဆူးငြောင့်,သစ်ငုတ်, ခလုတ်,တွင်း,ကျင်း မရှိသော သာယာသောရေဆိပ်ကို သိခြင်းလည်း ၁-ပါး၊

(၇) ရေသောက်ရပြီးသောနွား, မသောက်ရသေးသောနွားကို သိခြင်းလည်း ၁-ပါး၊

(၈) ခြသေ့်, သစ်, ကျား, ခိုးသား, ဓားပြတို့မှ ကင်းသော သာယာသောခရီးကို သိခြင်း လည်း ၁-ပါး။။

(၉) ၅-ရက်, ၁-ကြိမ်၊ ၇-ရက်, ၁-ကြိမ် အလှည့်ကျောင်းခြင်း-ဟု ဆိုအပ်သော စားကျက်၌ လိမ္မာခြင်းလည်း ၁-ပါး၊

(၁၀) နွားငယ်သောက်စရာ နို့ရည်ကို အကြွင်းထား၍ ညှစ်ခြင်းလည်း ၁-ပါး၊

(၁၁) နွားတို့ကို သိမ်းဆည်းဆောင်ရွက်တတ်ကုန်သော နွားတို့၏ အဘသဖွယ်ဖြစ်သော နွားလားဥသဘတို့ကို သလေးထမင်းကို ကျွေးခြင်း, ဦးချို၌ ရွှေကတော့ စွပ်ခြင်း-အစရှိသည်တို့ဖြင့် အလွန်ပူဇော်ခြင်းလည်း ၁-ပါး။

ဤ ၁၁-ပါးသော အင်္ဂါနှင့် ပြည့်စုံသော ပညာရှိသော နွားကျောင်းသားသည် နွားအပေါင်းကို ဆောင်ခြင်း, ပွါးများအောင် ပြုခြင်းငှာ ထိုက်၏။ ထိုနွားကျောင်းသားသည် နွား၏ ပွါးများခြင်းကြောင့် ၅-ပါးသော နွားနို့အရသာတို့ကိုလည်း သုံးဆောင်ခံစားရလေ၏။

## ၄။ ရဟန်း၏ ကောင်းသောအင်္ဂါ ၁၁-ပါး

ထို့အတူ ငါ၏ချစ်သား ရဟန်းများတို့၊ ၁၁-ပါးသော တရားတို့နှင့် ပြည့်စုံသော ရဟန်းတို့သည်လည်း ငါဘုရား၏ သာသနာတော်၌ သီလ,သမာဓိအားဖြင့် ကြီးပွါးခြင်းသို့လည်းကောင်း၊ ဝိပဿနာ,မဂ်အားဖြင့် စည်ပင်ခြင်းသို့လည်းကောင်း၊ ဖိုလ်အားဖြင့် ပြန့်ပြောခြင်းသို့လည်းကောင်း ရောက်ခြင်းငှာ ထိုက်၏။

၁၁-ပါးသော အင်္ဂါ-ဟူသည် အဘယ်နည်းဟူမူကား—

(၁) ရုပ်တို့၏အရေအတွက်, ရုပ်၏ဖြစ်ကြောင်း သမုဋ္ဌာန်တို့ကို သိခြင်းလည်း ၁-ပါး၊

(၂) ဗာလလက္ခဏာ, ပဏ္ဍိတလက္ခဏာကို သိခြင်းလည်း ၁-ပါး၊

(၃) ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တည်း-ဟူသော အနာကို ပယ်ခြင်းလည်း ၁-ပါး၊

(၄) စက္ခု-အစရှိသော ၆-ပါးသော ဒွါရ-ဟု ဆိုအပ်သော အနာကို ဖုံးလွှမ်းပိတ်ဆို့ခြင်းလည်း ၁-ပါး၊

(၅) တရားဒေသနာကို ဟောခြင်းတည်း-ဟူသော အခိုးလွှတ်ခြင်းလည်း ၁-ပါး၊

(၆) ဗဟုဿုတပုဂ္ဂိုလ်-ဟု ဆိုအပ်သော ရေဆိပ်ကို သိ၍ တရားကို ဆွေးနွေးမေးမြန်းခြင်းလည်း ၁-ပါး၊

(၇) တရားကို နာရသဖြင့် ကျင့်ထိုက်သည်,မကျင့်ထိုက်သည်ကို သိခြင်းလည်း ၁-ပါး၊

(၈) လောကီမဂ္ဂင်,လောကုတ္တရာမဂ္ဂင်ကို သိ၍ လောကီမဂ္ဂင်သည် လောကုတ္တရာမဂ္ဂင်သို့ ရောက်ကြောင်းတည်းဟူသော ခရီးကို သိခြင်းလည်း ၁-ပါး၊

(၉) လောကီသတိပဋ္ဌာန်, လောကုတ္တရာသတိပဋ္ဌာန်ကို သိ၍ လောကီသတိပဋ္ဌာန်သည် နိဗ္ဗာန်ကို ရောက်လိုကုန်သောသူတို့၏ ကျက်စားရာ အာရုံတည်း-ဟု စားကျက်ကို သိခြင်းလည်း ၁-ပါး၊

(၁၀) ပစ္စည်း ၄-ပါးတို့ကို အကြွင်းထား၍ ခံခြင်းလည်း ၁-ပါး၊

(၁၁) ရတ္တညူ, စိရပဗ္ဗဇိတဖြစ်ကုန်သော ဗဟုဿုတ, သီလ, သမာဓိ, ပညာ-ဟူသော ဂုဏ်အထူးနှင့် ပြည့်စုံကုန်သော ပရိသတ်တို့၏ဝန်ကို ရွက်ဆောင်တတ်ကုန်သော,

ပရိသတ်တို့၏ အဘာသဖွယ်ဖြစ်ကုန်သော သံယထေရ်တို့ကို ပစ္စည်း ၄-ပါးတို့ဖြင့်လည်းကောင်း၊ မျက်မှောက်,မျက်ကွယ် မေတ္တာနှင့်ယှဉ်သော ကာယကံ, ဝစီကံ, မနောကံတို့ ဖြင့်လည်းကောင်း၊ အရိုအသေပြုခြင်း နှိမ့်ချခြင်းတို့ဖြင့်လည်းကောင်း ပူဇော်ခြင်းလည်း ၁-ပါး။

ဤ ၁၁-ပါးသောအင်္ဂါနှင့် ပြည့်စုံသောသူသည် နွားကျောင်းသား၏ နွားအပေါင်းသည် ပွါးများ၍ ၅-ပါးသော နွားနို့အရသာတို့ကို သုံးဆောင်ရသကဲ့သို့ သီလ-အစရှိသည်တို့ဖြင့် ပွါးစီးခြင်းသို့ ရောက်၍ ၅-ပါးသော ဓမ္မက္ခန်ကျေးဇူးတို့နှင့် ပြည့်စုံခြင်းသို့ ရောက်၏။

ထို့ကြောင့် သီလ, သမာဓိ, ပညာတို့ဖြင့် ပွါးခြင်းကိုလည်းကောင်း၊ ၅-ပါးသော ဓမ္မက္ခန်ကျေးဇူးတို့နှင့် ပြည့်စုံခြင်းကိုလည်းကောင်း အလိုရှိကုန်သော သူတော်ကောင်းတို့သည် မကောင်းသော ၁၁-ပါးသော အင်္ဂါကို ပယ်၍ တင့်တယ်ကောင်းမြတ်သော ၁၁-ပါးသော အင်္ဂါတို့နှင့် ပြည့်စုံအောင် အားထုတ်ကုန်ရာသည်။ ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။(မဟာဂေါပါလကသုတ် မူလပဏ္ဏာသ ပါဠိတော်၊ ၂၈၁-၆။ မူလပဏ္ဏာသအဋ္ဌကထာ၊ ၂။၁၅၉-၁၆၆။)

## ဂမ္ဘီရတ္ထဒေသနာ၊ တတိယပိုင်း၊

## ဤတွင်ရွှေ့ အလုံးစုံ ပြီး၏။

✪ ✪ ✪ ✪ ✪ ✪

# သီးလုံးဆရာတော်ဘုရားကြီး

# ဂမ္ဘီရတ္ထဒေသနာ

## စတုတ္ထပိုင်း

### [ ၁ ] တရားကို ဆောက်တည်၍ ကျင့်ခြင်း ၄-ပါးတရား

အလုံးစုံသောတရားအပေါင်းတို့ကို သိတော်မူပြီးသော ဘုရားသခင်သည် တရံရောအခါ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသည်။ ထိုသို့နေတော်မူသောအခါ ရဟန်းတို့ကို ခေါ်တော်မူ၍–

စတ္တာရိမာနိ ဘိက္ခဝေ ဓမ္မသမာဒါနာနိ။ ကတမာနိ စတ္တာရိ?
အတ္ထိ ဘိက္ခဝေ ဓမ္မသမာဒါနံ ပစ္စုပ္ပန္နသုခံ အာယတိံ ဒုက္ခဝိပါကံ။
အတ္ထိ ဘိက္ခဝေ ဓမ္မသမာဒါနံ ပစ္စုပ္ပန္နဒုက္ခဉ္စေဝ အာယတိံ စ ဒုက္ခဝိပါကံ။
အတ္ထိ ဘိက္ခဝေ ဓမ္မသမာဒါနံ ပစ္စုပ္ပန္နဒုက္ခံ အာယတိံ သုခဝိပါကံ။
အတ္ထိ ဘိက္ခဝေ ဓမ္မသမာဒါနံ ပစ္စုပ္ပန္နသုခဉ္စေဝ အာယတိံ စ သုခဝိပါကံ။

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (စူဠဓမ္မသမာဒါနသုတ်။ မ၁။၃၇၉)

ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မသမာဒါနာနိ၊ တရားကို ဆောက်တည်၍ ကျင့်ခြင်းတို့သည်။ ဣမာနိ စတ္တာရိ၊ ဤ ၄-ပါးတို့တည်း။ စတ္တာရိ၊ ၄-ပါးတို့သည်။ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။

ဘိက္ခဝေ၊ ရဟန်းတို့။ ပစ္စုပ္ပန္နသုခံ၊ ကျင့်ဆဲပစ္စုပ္ပန်ခဏကာလ၌ ချမ်းသာစွာ ကျင့်ရသော။ အာယတိ၊ နောင်လာလတ္တံ့သောဘဝ၌။ ဒုက္ခဝိပါကံ၊ ဆင်းရဲသော အကျိုးရှိသော။ ဓမ္မသမာဒါနံ၊ တရားကို ဆောက်တည်၍ ကျင့်ခြင်းသည်။ အတ္ထိ၊ ရှိ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပစ္စုပ္ပန္နဒုက္ခဉ္စေဝ၊ ကျင့်ဆဲပစ္စုပ္ပန်ခဏကာလ၌ ဆင်းရဲစွာ ကျင့်ရသည်လည်းဖြစ်သော။ အာယတိံ စ၊ နောင်လာလတ္တံ့သောဘဝ၌လည်း။ ဒုက္ခဝိပါကံ၊ ဆင်းရဲသောအကျိုးရှိသော။ ဓမ္မသမာဒါနံ၊ တရားကို ဆောက်တည်၍ ကျင့်ခြင်းသည်။ အတ္ထိ၊ ရှိ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပစ္စုပ္ပန္နဒုက္ခံ၊ ကျင့်ဆဲပစ္စုပ္ပန်ခဏကာလ၌ ဆင်းရဲစွာ ကျင့်သော။ အာယတိ၊ နောင်လာလတ္တံ့သောဘဝ၌။ သုခဝိပါကံ၊ ချမ်းသာသောအကျိုးရှိသော။ ဓမ္မသမာဒါနံ၊ တရားကို ဆောက်တည်၍ ကျင့်ခြင်းသည်။ အတ္ထိ၊ ရှိ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပစ္စုပ္ပန္နသုခဉ္စေဝ၊ ကျင့်ဆဲပစ္စုပ္ပန်ခဏကာလ၌လည်း ချမ်းသာစွာ ကျင့်ရသော။ အာယတိံ စ၊ နောင်လာလတ္တံ့သော ဘဝ၌လည်း။ သုခဝိပါကံ၊ ချမ်းသာသော အကျိုးရှိသော။ ဓမ္မသမာဒါနံ၊ တရားကို ဆောက်တည်၍ ကျင့်ခြင်းသည်။ အတ္ထိ၊ ရှိ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မသမာဒါနာနိ၊ တရားကို ဆောက်တည်၍ ကျင့်ခြင်းတို့သည်။ ဣမာနိ စတ္တာရိ၊ ဤ ၄-ပါးတို့တည်း။

အဓိပ္ပါယ်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ တရားကို ဆောက်တည်၍ ကျင့်ခြင်းတို့သည် ၄-ပါးတို့တည်း။ ၄-ပါးတို့ဟူသည် အဘယ်သည်တို့နည်းဟူမူကား–

၁။ ကျင့်ဆဲခဏကာလ၌ ချမ်းသာစွာ ကျင့်ရသည်ဖြစ်၍ နောင်ဘဝကာလ၌ ဆင်းရဲသောအကျိုးရှိသော ဓမ္မသမာဒါနလည်း ၁-ပါး,

၂။ ကျင့်ဆဲခဏကာလ၌ ဆင်းရဲစွာ ကျင့်ရသည်ဖြစ်၍ နောင်ဘဝကာလ၌ ဆင်းရဲသော အကျိုးရှိသော ဓမ္မသမာဒါနလည်း ၁-ပါး,

၃။ ကျင့်ဆဲခဏကာလ၌ ဆင်းရဲစွာ ကျင့်ရသည်ဖြစ်၍ နောင်ဘဝကာလ၌ ချမ်းသာသော အကျိုးရှိသော ဓမ္မသမာဒါနလည်း ၁-ပါး,

၄။ ကျင့်ဆဲခဏကာလ၌ ချမ်းသာစွာ ကျင့်ရသည်ဖြစ်၍ နောင်ဘဝကာလ၌ ချမ်းသာသော အကျိုးရှိသော ဓမ္မသမာဒါနလည်း ၁-ပါး၊

ဤသို့အားဖြင့် ၄-ပါးအပြားရှိကုန်၏။ ထို ၄-ပါးတို့တွင်–

၁။ ကျင့်ဆဲခဏကာလ၌ ချမ်းသာစွာ ကျင့်ရသည်ဖြစ်၍ နောင်ဘဝကာလ၌ ဆင်းရဲသော အကျိုးရှိသော ဓမ္မသမာဒါန-ဟူသည် အဘယ်နည်းဟူမူကား လောက၌ အချို့သော သူတို့သည် **"ဝတ္ထုကာမ, ကိလေသာကာမတို့၌ အပြစ် မရှိ"ဟု အယူရှိကုန်၏**။ ထိုသူတို့သည် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတည်းဟူသော ဝတ္ထုကာမဂုဏ် ၅-ပါးတို့ကို လောဘတည်းဟူသော ကိလေသာကာမဖြင့် အလိုရှိတိုင်း သုံးဆောင်ခံစားကုန်၏။ ထိုသူတို့သည် အလွန်လျှင် အဆင်းသဏ္ဌာန်, အတွေ့အားဖြင့် တင့်တယ်ကောင်းမွန်ကြကုန်သော သတို့သမီးတို့နှင့် တင့်တယ်စံပယ်ကုန်သည်ဖြစ်၍ ကာမဂုဏ် ၅-ပါး တရားအစုတို့ကို အလွန် လောဘမူသောမနသာတို့ဖြင့် ပျော်ပါးခံစားကုန်၏။

သာသနာတော်မှအပ အယူရှိကုန်သော တိတ္ထိပရိဗိုဇ်တို့သည် "ကာမဂုဏ် ၅-ပါးတို့၌ အပြစ်မရှိ"ဟု အယူရှိကုန်သည်ဖြစ်၍ ဦးသျှောင်ထုံးသော, အဆင်းသဏ္ဌာန်နှင့် ပြည့်စုံသော ပရိဗိုဇ်မငယ်တို့နှင့် မွေ့လျော်စံပယ်ကုန်သည်ဖြစ်၍ ကာမသုခလ္လိကာနုယောဂ တည်းဟူသော အယုတ်တရားကို အဖန်တလဲလဲ မှီဝဲကုန်၏။ ထိုသူတို့သည် ဤသို့ ဆိုကုန်၏။

"အကြင်အရိယာသူတော်ကောင်းတို့သည် ကာမဂုဏ်ကို ခံစားခြင်းတို့၌ နောင်ဘဝ အဆက်ဆက်တို့၌ ဘေးဘယဒုက္ခဖြစ်လတ္တံ့သည်ကို ကြည့်မျှော်ကုန်၍ 'ကာမဂုဏ်တို့ကို ပယ်အပ်၏'-ဟူ၍လည်းကောင်း၊ '**ကာမဂုဏ်တို့ကို အပြစ်-ဟူ၍ စွန့်အပ်၏**'-ဟူ၍လည်းကောင်း ပညတ်ကုန်, ဆိုကုန်၏။ ကာမဂုဏ်ကို ခံစားသော ငါတို့မူကား အလွန်လျှင် ချမ်းသာပေကုန်စွတကား၊ မာတုဂါမနှင့် အတွေ့-ဟု ဆိုအပ်သော ဥပါဒိန္နကဖဿ၊ အိပ်ရာ, သင်ဖြူး အနူးအညံ့ကို တွေ့ခြင်း-ဟု ဆိုအပ်သော **အနုပါဒိန္နကဖဿ**တို့သည် အလွန်လျှင် ချမ်းသာပေကုန်စွတကား"ဟု ဆိုကုန်၍ ပျော်ပျော်ပါးပါး ခံစားကုန်၏။

ထိုကာမဂုဏ် ၅-ပါးတို့ကို ပျော်ပါးစွာ ခံစားသောသူတို့သည် သေသည်မှ အခြားမဲ့၌ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်၊ အပါယ် ၄-ဘုံသို့ ရောက်လေကုန်၏။ ထိုအပါယ် ၄-ဘုံတို့၌ အလွန်ထက်သည်ဖြစ်၍ ခါးစပ်ကျင်နာသော ဒုက္ခဝေဒနာတို့ကို ခံစားရလေကုန်၏။ အပါယ် ၄-ဘုံသို့ ရောက်ကုန်သည်ဖြစ်၍ ကြီးမင်းထက်မြက်လှစွာသော ဝေဒနာကို ခံစားရကုန်သောသူတို့သည် ဤသို့ ဆိုကုန်၏။

"အရိယာသူတော်ကောင်းတို့သည် ကာမဂုဏ် ၅-ပါးတို့ကို ခံစားခြင်း၌ နောင်လာလတ္တံ့သော ဘေးဥပဒ္ဒဝေါတို့ကို ကောင်းစွာမြင်ကုန်သည်ဖြစ်၍ 'ကာမဂုဏ်တို့ကို ပယ်အပ်ကုန်၏'-ဟူ၍လည်းကောင်း၊ 'မခံစားအပ်ကုန်'-ဟူ၍လည်းကောင်း၊ 'ကာမဂုဏ် ၅-ပါးတို့၌ အပြစ်ကို ရှု၍ ပယ်အပ်ကုန်၏'-ဟူ၍လည်းကောင်း ပညတ်ကုန်, ဆိုကုန်၏။ ငါတို့မူကား 'ကာမဂုဏ်ကို ခံစားခြင်း၌ စိုးစဉ်သော အပြစ်မျှမရှိ'-ဟု ဖောက်ပြန်သောအယူကို ယူကုန်

သည်ဖြစ်၍ မွေ့လျော်ပျော်ပါးစွာ ခံစားပေကုန်၏။ ထို့ကြောင့် ကြီးမင်းထက်မြက်လှစွာသော ဤဒုက္ခဝေဒနာကို ခံရကုန်သည်”ဟု ဆိုကုန်၏။

ငါ၏ချစ်သား ရဟန်းများတို့၊ လောက၌ ဥပမာမည်သည်ကား မာလောနွယ်စေ့ သည် နွေ ၄-လအဆုံး၌ ကွဲ၍ ၁-ခုသော အင်ကြင်းပင်၏အနီး၌ ကျလေရာ၏။ ထိုအခါ အင်ကြင်းပင်စောင့် ရုက္ခစိုးနတ်သည် တုန်လှုပ်ထိတ်လန့် ပူပန်ခြင်းသို့ ရောက်လေ၏။ ထိုသို့ ရောက်သောအခါ ထိုရုက္ခစိုးနတ်၏ အဆွေခင်ပွန်းဖြစ်ကုန်သော ရုက္ခစိုးနတ်, အာရာမ် စောင့်နတ်, တောစောင့်နတ်-အစရှိသည်တို့သည် အညီအညွတ် စည်းဝေးလာကုန်၍ ဤသို့ သက်သာရာကို ရစေကုန်၏။

“အရှင်ရုက္ခစိုးနတ်သည် မကြောက်ပါလင့်။ ဤမာလောနွယ်စေ့ကို ဥဒေါင်းသည် လည်း မျိုရာ၏။ ဖွတ်သည်လည်း စားရာ၏။ သမင်, ဒရယ်, ချေ-အစရှိသော သတ္တဝါသည် လည်း စားရာ၏။ တောမီးသည်လည်း လောင်ရာ၏။ တောလုပ်ယောက်ျားတို့သည်လည်း ကောက်ယူကုန်ရာ၏။ ခြတို့သည်လည်း စားကုန်ရာ၏။ မျိုးမရောက်သည်လည်း ဖြစ်ရာ၏” ဟု ဤသို့ ဆို၍ သက်သာရာကို ရစေကုန်၏။ ထိုအခါ မာလောနွယ်စေ့ကို ဥဒေါင်းသည် လည်း မမျို၊ ဖွတ်သည်လည်း မစား၊ သမင်, ဒရယ်-အစရှိသည်တို့သည်လည်း မစား၊ တောမီးသည်လည်း မလောင်၊ တောလုပ်ယောက်ျားတို့သည်လည်း မယူကုန်၊ ခြတို့သည် လည်း မစားကုန်၊ မျိုးရောက်သည်သာဖြစ်၍ မိုးဦးကာလ သည်းထန်စွာသော မိုးကြီးရွာ လတ်သော် ရှုသာတင့်တယ် ကြည်ညိုဖွယ်သော အဆင်းအရောင်ရှိသော, အလွန်နူးညံ့ သိမ်မွေ့သော နွယ်ပင်သည် ပေါက်ရောက်၍ အင်ကြင်းပင်ကို မှီ၍ တက်လေ၏။

ထိုအခါ အင်ကြင်းပင်စောင့်နတ်အား ဤသို့သော စိတ်အကြံသည် ဖြစ်၏။ “ငါ၏ အဆွေခင်ပွန်းဖြစ်ကုန်သော ရုက္ခစိုး, ဘုမ္မစိုး, အာရာမ်စောင့်-အစရှိသော နတ်တို့သည် ‘မကြောက်ပါကုန်လင့်’ဟု သက်သာရာကို ရစေကုန်၏။ ဤမာလောနွယ်၏ အဆင်းသဏ္ဍာန် မူကား အလွန်ကြည်ညိုဖွယ်ရှိစွတကား။ ဤမာလောနွယ်၏အတွေ့သည် အလွန်နူးညံ့သိမ်မွေ့ စွတကား”ဟု အလွန်ဝမ်းမြောက်၍ နေလေ၏။ ထိုအခါ မာလောနွယ်သည် အင်ကြင်းပင် သို့ တက်၍ အခက်,အခွတို့ကို ဖြစ်စေပြီး၍ အလုံးစုံသော အရွက်တို့ဖြင့်လည်းကောင်း, အနွယ်တို့ဖြင့်လည်းကောင်း တခဲနက်အုပ်၍ လေးလံစွာသောဝန်ကို ဖြစ်စေလျက် ထက်ဝန်း ကျင်မှ ပန်းဆိုင်းဆွဲသကဲ့သို့ တွဲလောင်းကျလျက် တည်လေ၏။

ထိုအခါ အင်ကြင်းပင်စောင့်နတ်သည် “ဤမာလောနွယ်ပင်၏ အတွေ့သည် အလွန် ကောင်းပေစွတကား၊ အဆင်းသည် အလွန်ကောင်းပေစွတကား၊ ငါ၏သားငယ်တို့၏ ကစားရာ မဏ္ဍပ်သဖွယ်လည်း ဖြစ်၏။ မြူးထူးရာ ဘုံဗိမာန်သဖွယ်လည်း ဖြစ်၏။ ငါ့အား

၂-ခုမြောက်သော ဘုံဗိမာန်ကို ရပေစွတကား”ဟု အလွန်ဝမ်းမြောက်၍နေစဉ် မိုးနှင့်တကွသော လေပြင်းတိုက်မိ၍ ဗိမာန်နှင့်တကွ လဲလေ၏။ အငုတ်မျှသာ ကြွင်းသည်ဖြစ်၍ ပြင်းစွာပင်ပန်းခြင်း, စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်းသို့ ရောက်လေ၏။

ထို့အတူ ‘ကာမဂုဏ် ၅-ပါးတရားအစုတို့၌ အနည်းငယ်စိုးစဉ်းသောအပြစ်မျှ မရှိ’-ဟု အယူရှိ၍ မွေ့လျော်ပျော်ပါးခံစားကုန်သော သူတို့အား ခံစားသောအခါ ချမ်းသာသကဲ့သို့ဖြစ်၍ နောင်တမလွန်ဘဝသို့ ရောက်သောအခါ ခါးစပ်ကျင်နာသည်ဖြစ်၍ သည်းစွာသော ဒုက္ခဝေဒနာကို ခံစားရလေကုန်၏။

၂။ ကျင့်ဆဲကာလ၌ ဆင်းရဲသည်ဖြစ်၍ နောင်တမလွန်ဘဝ၌ ဆင်းရဲသော အကျိုးရှိသော ဓမ္မသမာဒါန-ဟူသည် အဘယ်နည်းဟူမူကား- ဤလောက၌ အချို့သောသူတို့သည် ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိအယူရှိကုန်သည်ဖြစ်၍ အထူးထူးအပြားပြားသော မိစ္ဆာဒိဋ္ဌိအကျင့်တို့ကို ကျင့်ကုန်၏။ ထိုသူတို့သည် ကျင့်စဉ်ကာလ၌လည်း ပဉ္စာတပ-အစရှိသည်တို့ဖြင့် အလွန်ဆင်းရဲကုန်၏။ သေသည်မှ အခြားမဲ့၌လည်း အပါယ် ၄-ဘုံသို့ ရောက်၍ အလွန်လျှင် ဆင်းရဲကုန်၏။ ထိုသူတို့၏ အကျင့်သည် ကျင့်စဉ်ကာလ၌လည်း အလွန်ဆင်းရဲသည်ဖြစ်၍ နောင်တမလွန်ဘဝ၌လည်း ဆင်းရဲသော အကျိုးရှိသော ဓမ္မသမာဒါန မည်၏။

၃။ အဘယ်သို့လျှင် ကျင့်စဉ်ကာလ၌ ဆင်းရဲသည်ဖြစ်၍ နောင်အခါ တမလွန်ဘဝသို့ ရောက်၍ ချမ်းသာသောအကျိုးရှိသော ဓမ္မသမာဒါနမည်သနည်းဟူမူကား အကြင်သူသည် ပြကတေ့သဘာအားဖြင့် ရာဂ, ဒေါသ, မောဟ အားကြီး၏။ ထိုသူသည် သီလ, သမာဓိ, ပညာ-ဟူသော ပဋိပတ်တရားတို့ကိုလည်းကောင်း၊ သမထ, ဝိပဿနာ-ဟူသော ပဋိပတ်တရားတို့ကိုလည်းကောင်း ပညာရှိတို့၏အဆုံးအမကို ခံ၍ အားထုတ်ပါသော်လည်း အလွန်လျှင် ဆင်းရဲငြိုငြင် ပင်ပန်းခြင်းနှင့်တကွ အားထုတ်ရ၏။ လွန်ကျူးအပ်သော အကုသိုလ်တရားတို့ကို လွန်ကျူး၍ မကျင့်၊ ကျင့်အပ်သော သိက္ခာ ၃-ပါးကို ကျင့်လေ့ရှိ၏။ ထိုသူသည် သေသည်မှ အခြားမဲ့၌ လူ့ပြည်,နတ်ရပ် မွန်မြတ်သော သုဂတိဘဝသို့ ရောက်လေ၏။ ဤသို့ ရောက်ခြင်းသည် ပစ္စုပ္ပန်ကျင့်ဆဲခဏ၌ ဆင်းရဲစွာ ကျင့်ရသည်ဖြစ်၍ နောင်တမလွန်ဘဝသို့ ရောက်သောအခါ၌ ချမ်းသာသော အကျိုးရှိသော ဓမ္မသမာဒါန မည်၏။

၄။ အဘယ်သို့လျှင် ကျင့်သောအခါ ချမ်းသာသော အကျင့်ရှိသည်ဖြစ်၍ နောင်တမလွန်ဘဝသို့ ရောက်သောအခါ ချမ်းသာသော အကျိုးရှိသော ဓမ္မသမာဒါန မည်သနည်းဟူမူကား- အကြင်သူသည် ပြကတေ့သဘောအားဖြင့် အလွန်နည်းသော ရာဂ, ဒေါသ, မောဟ ရှိ၏။ ထိုသူသည် တစ်စုံတစ်ရာ မင်္ဂ,ဖိုလ်ရကြောင်း ကောင်းမြတ်သော ပဋိပတ်ကို အားထုတ်လေရာ၏။ ထိုသူသည် အားထုတ်တိုင်း, အားထုတ်တိုင်း အလိုရှိအပ်သော ပဋိပတ်

ကို ပြည့်စေနိုင်၏။ ပဋိပတ်၏ ပြည့်စုံခြင်းကြောင့် သေသည်မှ အခြားမဲ့၌ လူ့ပြည်,နတ်ရပ် မွန်မြတ်သော သုဂတိဘဝသို့ ရောက်လေ၏။ ဤသို့လျှင် ကျင့်ဆဲကာလ၌လည်း ချမ်းသာ သည်ဖြစ်၍ နောင်အခါ ချမ်းသာသောအကျိုးကို ဖြစ်စေတတ်သော ဓမ္မသမာဒါန မည်၏။

## ၅။ ပုဂ္ဂိုလ်အမျိုးမျိုး

အဘယ်ကြောင့် သတ္တဝါတို့တွင်—

- အချို့သောသူသည် လောဘထူပြောလေသနည်း၊
- အချို့သောသူသည် ဒေါသထူပြောလေသနည်း၊
- အချို့သောသူသည် မောဟထူပြောလေသနည်းဟူမူကား—

- အကြင်သူသည် ဒါန, သီလ-အစရှိသော ကုသိုလ်ကံကို အားထုတ်သောအခါ အားကြီးသော လောဘသည် ခြံရံအပ်၏။ အလောဘသည် နံ့စွာ ဖြစ်၏။ အဒေါသ, အမောဟတို့သည် အလွန်အားကြီးကုန်၏။ ဒေါသ, မောဟတို့သည် နံ့စွာဖြစ်ကုန်၏။ အားနည်းသော အလောဘသည် အားကြီးသော လောဘကို ကုန်စေခြင်းငှာ မတတ်နိုင်။ အားကြီးသော အဒေါသ, အမောဟတို့သည် ဒေါသ, မောဟကို ကုန်စေခြင်းငှာ စွမ်းနိုင်၏။ ထိုသူအား လောဘခြံရံသော ကုသိုလ်ကံကြောင့် ပဋိသန္ဓေနေသော အစွမ်းအားဖြင့် တပါးသောဘဝ၌ ဖြစ်သည်ရှိသော် အလွန်လျှင် လောဘကြီး၏။ အမျက်ထွက်ခြင်း မရှိ။ ဝရဇိန်နှင့် တူသော ပညာရှိ၏။
- အကြင်သူသည် ဒါန, သီလ-အစရှိသော ကုသိုလ်ကံကို ပြုသောအခါ ဒေါသခြံရံ၏။ ထိုသူသည် ထိုကံကြောင့် ပဋိသန္ဓေအစွမ်းအားဖြင့် တပါးသောဘဝ၌ ဖြစ်သည် ရှိသော် အလွန်လျှင် ဒေါသကြီး၏။
- မောဟခြံရံသော ကုသိုလ်ကံကြောင့် ဖြစ်သောသူသည် အလွန်လျှင် မိုက်မဲတွေဝေ ခြင်း မောဟကြီး၏။
- လောဘ, ဒေါသ ၂-ပါးခြံရံသော ကုသိုလ်ကံကြောင့် ဖြစ်သောသူသည် အလွန်လျှင် လောဘ, ဒေါသ ၂-ပါးကြီးကုန်၏။
- လောဘ, မောဟ ၂-ပါးခြံရံသော ကုသိုလ်ကံကြောင့် ဖြစ်သောသူသည် အလွန်လျှင် လောဘ, မောဟ ၂-ပါးကြီးကုန်၏။
- ဒေါသ, မောဟ ၂-ပါးခြံရံသော ကုသိုလ်ကံကြောင့် ဖြစ်သောသူသည် အလွန်လျှင် ဒေါသ, မောဟ ၂-ပါးကြီးကုန်၏။

- လောဘ, ဒေါသ, မောဟ ၃-ပါးတို့ဖြင့် ခြံရံသော ကုသိုလ်ကံကြောင့် ဖြစ်သောသူသည် အလွန်လျှင် လောဘ, ဒေါသ, မောဟ ၃-ပါး ကြီးကုန်၏။

လောဘ, ဒေါသ, မောဟ ၃-ပါးတို့မှ ကင်းစေ၍ အလောဘ, အဒေါသ, အမောဟ တရား ၃-ပါးတို့ဖြင့် ခြံရံအပ်သော ကုသိုလ်ကံကြောင့် ဖြစ်သောသူသည် အလွန်လျှင် လောဘနည်း၏။ အလွန်လျှင် ဒေါသနည်း၏။ အလွန်လျှင် မောဟနည်း၏။ နည်းခြင်းကြောင့် အလွန်လျှင် အလိုနည်းသည်ဖြစ်၍ အပ္ပိစ္ဆတာကျေးဇူး, သန္တုဋ္ဌိ, သလ္လေခကျေးဇူးတို့နှင့် ပြည့်စုံ၏။ သတ္တဝါတို့၌ အမျက်ထွက်ခြင်း မရှိသည်ဖြစ်၍ မေတ္တာဘာဝနာကို အခါမပြတ် ပွါးများနိုင်၏။ ခန္တီ, သောရစ္စ-အစရှိသော ကျေးဇူးနှင့် ပြည့်စုံ၏။ မောဟတရားကင်းသည်ဖြစ်၍ ဝရဇိန်လက်နက်နှင့်တူသော ပညာနှင့် ပြည့်စုံ၏။ အကြောင်းအရာ ဟုတ်သည်, မဟုတ်သည်ကို စူးစမ်းဆင်ခြင်တတ်သော ပညာနှင့် ပြည့်စုံသည်ဖြစ်၍ အကြောင်းအရာ မဟုတ်သည်ကို ပယ်၍ အကြောင်းအရာ ဟုတ်သည်ကို အားထုတ်၍ ဖြည့်ကျင့်သဖြင့် လောကီ,လောကုတ္တရာ ၂-ဖြာသော အကျိုးစီးပွါးကို ရလေ၏။

ထို့ကြောင့် ၄-ယောက်သော ဓမ္မသမာဒါနပုဂ္ဂိုလ်တို့တွင် စတုတ္ထဓမ္မသမာဒါနပုဂ္ဂိုလ်အဖြစ်သို့ ရောက်စေခြင်းငှာလည်းကောင်း၊ လောဘ, ဒေါသ, မောဟတို့ကို ကုန်စေ၍ ဝိပဿနာဉာဏ်အဆက်ဆက် မဂ်,ဖိုလ်,နိဗ္ဗာန်-ဟူသော တရားအထူးသို့ ရောက်စေခြင်းငှာလည်းကောင်း အားထုတ်ကုန်ရာသည်။ ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (မူလပဏ္ဏာသပါဠိတော်၊စူဠဓမ္မသမာဒါနသုတ်၊ မူလပဏ္ဏာသအဋ္ဌကထာ)

★★★★★★★

## [ ၂ ] အကြားအမြင် မရှိသောသူသည် မကောင်းကျိုးတရား ပွါးများခြင်းတရား

အလုံးစုံသောတရားအပေါင်းကို သိမြင်တော်မူသော ဘုရားသခင်သည် တရံရောအခါ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူ၏။ ထိုသို့ နေတော်မူသောအခါ ရဟန်းတို့ကို ခေါ်တော်မူ၍ –

**ယေဘုယျေန ဘိက္ခဝေ သတ္တာ ဧဝံကာမာ ဧဝံဆန္ဒာ ဧဝံအဓိပ္ပါယာ 'အဟော ဝတ အနိဋ္ဌာ အကန္တာ အမနာပါ ဓမ္မာ ပရိဟာယေယျုံ၊ ဣဋ္ဌာ ကန္တာ မနာပါ ဓမ္မာ အဘိဝဍ္ဎေယျုံ'န္တိ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (မ၁။၃၈၄)

ဘိက္ခဝေ၊ ရဟန်းတို့။ ယေဘုယျေန၊ များသောအားဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ ဧဝံကာမာ၊ ဤသို့ တောင့်တကုန်၏။ ဧဝံဆန္ဒာ၊ ဤသို့ နှစ်သက်ခြင်းရှိကုန်၏။ ဧဝံ-အဓိပ္ပါယာ၊ ဤသို့ အလိုရှိကုန်၏။ 'အနိဋ္ဌာ၊ အလိုမရှိအပ်ကုန်သော။ အကန္တာ၊ မနှစ်သက်အပ်ကုန်သော။ အမနာပါ၊ နှလုံးကို မပွါးစေတတ်ကုန်သော။ ဓမ္မာ၊ မကောင်းကျိုးတရားတို့သည်။ ပရိဟာယေယျုံ၊ ပျောက်ပါကုန်မူကား။ အဟော ဝတ၊ ကောင်းလေစွတကား။ ဣဋ္ဌာ၊ အလိုရှိအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန်သော။ မနာပါ၊ နှလုံးကို ပွါးစေတတ်ကုန်သော။ ဓမ္မာ၊ ကောင်းကျိုးတရားအပေါင်းတို့သည်။ အဘိဝဍ္ဎေယျုံ၊ ပွါးပါကုန်မူကား။ အဟော ဝတ၊ ကောင်းလေစွတကား'။ ဣတိ၊ ဤသို့။ ပတ္ထေန္တိ၊ တောင့်တကုန်၏။

အဓိပ္ပါယ်ကား "ငါ၏ချစ်သားတို့၊ များသောအားဖြင့် သတ္တဝါတို့သည် ဤသို့သော အလိုဆန္ဒဖြင့် တောင့်တကုန်၏။ 'ငါ့အား အလိုမရှိအပ်, မနှစ်သက်အပ်, နှလုံးကို မပွါးစေတတ်ကုန်သော မကောင်းကျိုးတရားသည် ပျောက်ကုန်သည်ဖြစ်၍ အလိုရှိအပ်, နှစ်သက်အပ်, နှလုံးကို ပွါးစေတတ်ကုန်သော ကောင်းကျိုးတရားအပေါင်းတို့သည် ပွါးများကုန်၍ ပြည့်စုံပါကုန်မူကား ကောင်းလေစွ'-ဟု တောင့်တကုန်၏။ ထိုသို့ တောင့်တကုန်သော်လည်း သတ္တဝါတို့အား မကောင်းကျိုးတရားအပေါင်းတို့သည်သာလျှင် ဖြစ်ကုန်၏။ ကောင်းကျိုးတရားအပေါင်းတို့သည် ဆုတ်ယုတ်ကင်းပျောက်လေကုန်၏။ ငါ၏ချစ်သား ရဟန်းများတို့၊ 'ထိုသို့ ဖြစ်ရခြင်းသည် အဘယ်အကြောင်းကြောင့် ဖြစ်သည်'ဟု သင်တို့ မှတ်ကုန်မည်နည်း" ဟု မေးတော်မူ၏။

ထိုအခါ ရဟန်းတို့သည် "ဘဂဝံမူလကာ နော ဘန္တေ ဓမ္မာ"အစရှိသည်ဖြင့် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ အကျွန်ုပ်တို့အား ဤအကြောင်းတရားကို့သည် ဘုရားသခင်သည်သာလျှင် အကြောင်းရင်း ရှိပါကုန်၏။ ဘုရားသည်သာလျှင် ကိုးကွယ်ရာ, လဲလျောင်းရာ ရှိပါကုန်၏"ဟု နားတော်လျှောက်၏။ ထိုအခါ သဗ္ဗညု ဘုရားသခင်သည်-

> **ဣဓ ဘိက္ခဝေ အဿုတဝါ ပုထုဇ္ဇနော ။ပ။ သေဝိတဗ္ဗေ ဓမ္မေ န ဇာနာတိ၊ အသေဝိတဗ္ဗေ ဓမ္မေ အဇာနန္တော ။ပ။ အသေဝိတဗ္ဗေ ဓမ္မေ သေဝတိ၊ သေဝိတဗ္ဗေ ဓမ္မေ န သေဝတိ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (မ၁။၃၈၄)

အဓိပ္ပါယ်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ ဤလောက၌ ပရိယတ္တိအဓိဂမ၌ သုတနှင့် မပြည့်စုံသော ပုထုဇဉ်သည် မှီဝဲအပ်သောတရား, မမှီဝဲအပ်သောတရားကို မသိ။ မသိခြင်းကြောင့် မမှီဝဲအပ်သော အကုသိုလ်တရားကို မှီဝဲလေ၏။ မှီဝဲအပ်သော ကုသိုလ်တရားတို့ကို မမှီဝဲခြင်းကြောင့် အလိုမရှိအပ်, မနှစ်သက်အပ်, နှလုံးကို မပွါးစေတတ်ကုန်

သော မကောင်းကျိုးတရားတို့သည် ပွါးကုန်၏။ အလိုရှိအပ်, နှစ်သက်အပ်, နှလုံးကို ပွါးစေတတ်သော ကောင်းကျိုးတရားတို့သည် ကင်းခြင်း,ပျောက်ခြင်းသို့ ရောက်လေကုန်၏။

**ပရိယတ္တိအဓိဂမ၌** သုတနှင့် ပြည့်စုံသော အရိယာသာဝကသည် မှီဝဲအပ်သော တရား, မမှီဝဲအပ်သောတရားတို့ကို သိသည်ဖြစ်၍ မမှီဝဲအပ်သောတရားကို ပယ်၍ မှီဝဲအပ်သော တရားတို့ကို မှီဝဲခြင်းကြောင့် အလိုရှိအပ်, နှစ်သက်အပ်, နှလုံးကို ပွါးစေတတ်သော ကောင်းကျိုးတရားအပေါင်းတို့သည် ပွါးများခြင်းသို့ ရောက်ကုန်၏။ မကောင်းကျိုးတရားအပေါင်းတို့သည် ကင်းခြင်း, ပျောက်ခြင်းသို့ ရောက်ကုန်၏"ဟု ဟောတော်မူပြီးမှ–

**စတ္တာရိ'မာနိ ဘိက္ခဝေ ဓမ္မသမာဒါနာနိ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (မ၁။၃၈၅)

အဓိပ္ပါယ်ကား 'ငါ၏ချစ်သားတို့၊ ဆောက်တည်၍ ကျင့်ခြင်းတို့သည် ၄-ပါးအပြားရှိကုန်၏။ ၄-ပါးတို့-ဟူသည် အဘယ်သည်တို့နည်းဟူမူကား–

၁။ ကျင့်စဉ်ကာလ ဆင်းရဲသည်ဖြစ်၍ နောင်အခါ တမလွန်ဘဝ၌ ဆင်းရဲသော အကျိုးရှိသော ဓမ္မသမာဒါနလည်း ၁-ပါး,

၂။ ကျင့်စဉ်ကာလ ချမ်းသာသည်ဖြစ်၍ နောင်အခါ တမလွန်ဘဝ၌ ဆင်းရဲသော အကျိုးရှိသော ဓမ္မသမာဒါနလည်း ၁-ပါး,

၃။ ကျင့်စဉ်ကာလ ဆင်းရဲသည်ဖြစ်၍ နောင်တမလွန်ဘဝ၌ ချမ်းသာသော အကျိုးရှိသော ဓမ္မသမာဒါနလည်း ၁-ပါး,

၄။ ကျင့်စဉ်ကာလ ချမ်းသာသည်ဖြစ်၍ နောင်အခါ တမလွန်ဘဝ၌ ချမ်းသာသော အကျိုးရှိသော ဓမ္မသမာဒါနလည်း ၁-ပါး၊

ဤသို့အားဖြင့် ၄-ပါး အပြားရှိကုန်၏။ ထို ၄-ပါးတို့တွင်–

၁။ ကျင့်စဉ်ကာလ ဆင်းရဲသည်ဖြစ်၍ နောင်အခါ တမလွန်ဘဝ၌ ဆင်းရဲသောအကျိုးရှိသော ဓမ္မသမာဒါနဟူသည် အဘယ်နည်းဟူမူကား- ဤလောက၌ အချို့သောသူသည် ဒုက္ခဝေဒနာ, ဒေါမနဿဝေဒနာ များသည်ဖြစ်၍ သူ့အသက်ကို သတ်ခြင်း, သူ့ဥစ္စာကို ခိုးခြင်း, သူ့သားအိမ်ရာကို ပြစ်မှားခြင်း, မဟုတ်မမှန်သောစကားကို ဆိုခြင်း, သူ ၂-ယောက်တို့၏ ညီညွတ်သောအဖြစ်ကို မညီမညွတ်ဖြစ်စေခြင်းငှာ ဖျက်ဆီးကုန်းတိုက်ခြင်း, ရုန့်ရင်းကြမ်းတမ်းသော စကားကို ဆိုခြင်း, ပြိန်ဖျင်းသောစကားကို ဆိုခြင်း, 'သူတပါးတို့၏ဥစ္စာကို ငါ၏ဥစ္စာဖြစ်လေသော် ကောင်းလေစွ'-ဟု တောင့်တ၍ လောဘဖြင့် ကြံခြင်း, 'သူတပါးတို့

သေကျေပျက်စီး ပြုန်းတီးခြင်းသို့ ရောက်ပါလေသော် ကောင်းလေစွ'-ဟု ဒေါသဖြင့် ရှေးရှု ကြံခြင်း, မိစ္ဆာဝါဒီ မညီမညွတ် ယွင်းချွတ်ဖောက်ပြန်သောအယူကို ယူခြင်း-ဟု ဆိုအပ်သော ဤ ၁၀-ပါးသော ဒုစရိုက်တရားတို့ကို ပြုမှားကုန်၏။

ပြုပြီးသော နောက်ကာလ၌လည်း ဒုက္ခဝေဒနာ, ဒေါမနဿဝေဒနာကိုသာလျှင် ခံစား၍ နေရ၏။ သေသည်မှ အခြားမဲ့၌ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်၊ အပါယ် ၄-ဘုံသို့ ရောက်၍ ကြီးမားထက်မြက်လှစွာသော ဒုက္ခဝေဒနာကို ခံစားရလေ၏။ 'ငါ၏ ချစ်သား ရဟန်းများတို့၊ ဤဆိုအပ်ခဲ့ပြီးသော ဓမ္မသမာဒါနသည် ကျင့်စဉ်ကာလ၌ ဆင်းရဲ သည်ဖြစ်၍ နောင်အခါ တမလွန်ဘဝသို့ ရောက်၍ ဆင်းရဲသောအကျိုးရှိသော ဓမ္မသမာဒါန မည်၏။

၂။ ကျင့်စဉ်ကာလ၌ ချမ်းသာသည်ဖြစ်၍ နောင်အခါ တမလွန်ဘဝ၌ ဆင်းရဲသော အကျိုးရှိသော ဓမ္မသမာဒါန-ဟူသည် အဘယ်နည်းဟူမူကား- ဤလောက၌ အချို့သောသူ သည် ပါဏာတိပါတ, အဒိန္နာဒါန-အစရှိသော အကုသိုလ်တရားတို့ကို မပြုမီ ရှေးအဖို့ ကာလ၌လည်း 'ပြုရပေတော့မည်'-ဟု အလွန်လျှင် ဝမ်းမြောက်၏။ ပြုစဉ်ဆဲဆဲကာလ၌ လည်း အလွန်လျှင် ဝမ်းမြောက်၏။ သေသည်မှ အခြားမဲ့၌ ဒုစရိုက်တရား အကျိုးပေး၍ အပါယ် ၄-ဘုံ၌ ကြီးမားထက်မြက်လှစွာသော ဒုက္ခဝေဒနာကို ခံစားရလေ၏။ ဤသို့ အကုသိုလ်တရားတို့ကို ကျင့်ခြင်းသည် ကျင့်သောအခါ ချမ်းသာသည်ဖြစ်၍ ဤဘဝမှ နောင်တမလွန်ဘဝသို့ ရောက်သောအခါ ဆင်းရဲသောအကျိုးရှိသော ဓမ္မသမာဒါန မည်၏။

၃။ ကျင့်စဉ်ကာလ၌ ဆင်းရဲသည်ဖြစ်၍ နောင်အခါ ချမ်းသာသော အကျိုးရှိသော ဓမ္မသမာဒါန-ဟူသည် အဘယ်နည်းဟူမူကား ဤလောက၌ အချို့သောသူသည် မုဆိုး,တံငါ အမှုကို ပြုခြင်း-အစရှိသည်ဖြင့် အသက်မွေး၏။ ထိုသူသည် အလေးပြုအပ်သော ရဟန်း သံဃာ, သူတော်ကောင်းတို့ထံသို့ ရောက်၍ ပါဏာတိပါတ-အစရှိသော မကောင်းမှုကို ပြုခြင်း၌ အပြစ်ကိုလည်းကောင်း, ပါဏာတိပါတ-အစရှိသော မကောင်းမှုမှ ကြဉ်ခြင်း၌ အကျိုးအာနိသံသကိုလည်းကောင်း ပြ၍ သိက္ခာပုဒ်ကို ဆောက်တည်စေ၏။ မဆောက် တည်မီကာလ၌လည်း အလွန်ဆင်းရဲ၏။ ဆောက်တည်ဆဲ, ဆောက်တည်ပြီးကာလ၌လည်း အလွန်ဆင်းရဲ၏။ ဆင်းရဲသော်လည်း ကျင့်အပ်သော သိက္ခာပုဒ်ကို မကျူးလွန်မူ၍ မကျိုး, မပေါက်, မပြောက်,မကျား ကျင့်၏။ ထိုသူသည် သေသည်မှ အခြားမဲ့၌ ကောင်းမှုကို ပြုသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်လေ၏။ ဤသို့ တရားကို ကျင့်ခြင်း သည် ကျင့်စဉ်ကာလ၌ ဆင်းရဲသည်ဖြစ်၍ နောင်အခါ တမလွန်ဘဝသို့ ရောက်၍ ချမ်းသာ သော အကျိုးရှိသော ဓမ္မသမာဒါန မည်၏။

၄။ ကျင့်စဉ်ကာလ၌ ချမ်းသာသည်ဖြစ်၍ နောင်အခါ တမလွန်ဘဝသို့ ရောက်၍ ချမ်းသာသောအကျိုးရှိသော ဓမ္မသမာဒါန-ဟူသည် အဘယ်နည်းဟူမူကား ဤလောက၌ အကြင်သူသည် ပါဏာတိပါတ-အစရှိသော မကောင်းမှုအကုသိုလ် ဒုစရိုက်တို့မှ မကြဉ် ရှောင်မိ ရှေးအဖို့ကာလ၌လည်း ကြဉ်ရှောင်ရပေတော့မည်-ဟု အလွန်လျှင် ဝမ်းမြောက်၏။ ကြဉ်ရှောင်ဆဲခဏ၌လည်း ကျင့်ရ,ဆောက်တည်ရပေသည်-ဟု အလွန်လျှင် ဝမ်းမြောက်၏။ ကျင့်ပြီးသော နောက်ကာလ၌လည်း ကျင့်ရ,ဆောက်တည်ရပေပြီ-ဟု အလွန်လျှင် ဝမ်းမြောက်၏။ ထိုသူသည် သေသည်မှ အခြားမဲ့၌ ကောင်းမှုကို ပြုသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ ရောက်၍ အလွန်လျှင်ဝမ်းမြောက်ရ၏။ ဤသို့ တရားကို ဆောက်တည်၍ ကျင့်ခြင်းသည် ကျင့်စဉ်ကာလ ချမ်းသာသည်ဖြစ်၍ နောင်အခါ တမလွန်ဘဝသို့ ရောက်၍ ချမ်းသာသော အကျိုးရှိသော ဓမ္မသမာဒါန မည်၏။

## ၁။ ပထမဓမ္မသမာဒါနပုဂ္ဂိုလ်

ထို ၄-ယောက်သော ဓမ္မသမာဒါနပုဂ္ဂိုလ်တို့တွင် **ပထမဓမ္မသမာဒါနပုဂ္ဂိုလ်**သည် အဘယ်နှင့် ဉပမာတူသနည်းဟူမူကား- တစ်စုံတစ်ယောက်သောသူသည် ဖူးခါးသီးကို အဆိပ်နှင့် ရောနှော၍ ထားလေ၏။ ထိုအခါ အသက်ရှည်လိုသည်ဖြစ်၍ သေခြင်းငှာ အလိုမရှိသော, ဆင်းရဲကို စက်ဆုပ်သည်ဖြစ်၍ ချမ်းသာကို တောင့်တသော ယောကျ်ားသည် လာလေရာ၏။ ထိုအခါ ထိုယောကျ်ားကို "အချင်းယောကျ်ား၊ ဤဝတ္ထုသည်ကား ဖူးခါးသီးကို အဆိပ်ရည်နှင့် ရောနှော၍ ထားအပ်သော ဝတ္ထုတည်း။ အဆင်း, အနံ့, အရသာအားဖြင့် နှစ်သက်ဖွယ် မရှိ။ သောက်ပြီးသောသူအား သေသော်လည်း သေရာ၏။ သေလောက်ရုံမျှသော ဘေးကိုသော်လည်း တွေ့ရာ၏"ဟု ဆိုရာ၏။ (မ၁။၃၉၀။ မဋ္ဌ၂။၂၇၅)

ထိုအသက်ရှည်လိုသော ယောကျ်ားသည် အသင့်အားဖြင့် မဆင်ခြင်မူ၍ သောက်လေရာ၏။ သောက်သည်ရှိသော် အဆင်း,အနံ့,အရသာအားဖြင့်လည်း နှစ်သက်ဖွယ် မရှိ။ သောက်ပြီးသောကာလ၌ သေသော်လည်း သေရာ၏။ သေလောက်ရုံမျှသော ဘေးကို သော်လည်း တွေ့ရာ၏။ ပါဏာတိပါတ-အစရှိသော အကုသိုလ်ဒုစရိုက်တရားတို့ကို ဒုက္ခ, ဒေါမနဿဖြင့် ပြုလေ့,ကျင့်လေ့ရှိသောသူကို ဤဉပမာနှင့် တူ၏-ဟူ၍ ဟောတော်မူ၏။

## ၂။ ဒုတိယဓမ္မသမာဒါနပုဂ္ဂိုလ်

ဒုတိယဓမ္မသမာဒါနပုဂ္ဂိုလ်သည် အဘယ်နှင့် တူသနည်းဟူမူကား တစ်စုံတစ်ယောက် သောသူသည် အဆင်း, အနံ့, အရသာနှင့်ပြည့်စုံသော ၈-ပါးသောအဖျော်ကို အဆိပ်နှင့်

ရောနှော၍ ထားလေရာ၏။ ထိုအခါ အသက်ရှည်လိုသည်ဖြစ်၍ သေခြင်းငှာ အလိုမရှိသော, ဆင်းရဲကို စက်ဆုပ်သည်ဖြစ်၍ ချမ်းသာခြင်းကို အလိုရှိသော တစ်စုံတစ်ယောက်သော ယောကျ်ားသည် လာလေရာ၏။ ထိုယောကျ်ားကို "အချင်းယောကျ်ား၊ အဆိပ်နှင့်ရောနှောအပ်သော, အဆင်း, အနံ့, အရသာနှင့် ပြည့်စုံသော ၈-ပါးသော အဖျော်တည်း။ အကယ်၍ သောက်လိုသည် ဖြစ်အံ့၊ သောက်ရာ၏။ သောက်ပြီးသော် သင့်အား အဆင်း, အနံ့, အရသာဖြင့် နှစ်သက်ဖွယ်ရှိ၏။ နောက်အခါ၌ကား သေသော်လည်း သေရာ၏။ သေလောက်ရုံမျှသော ဘေးကိုသော်လည်း တွေ့ရာ၏"ဟု ဆိုလေရာ၏။

ထိုယောကျ်ားသည် ပညာဖြင့် မဆင်ခြင်မူ၍ သောက်သည်ရှိသော် အဆင်း, အနံ့, အရသာအားဖြင့် အလွန်လျှင် ကောင်းမြတ်၏။ သောက်ပြီး၍ကား သေသော်လည်း သေလေရာ၏။ သေလောက်ရုံမျှသော ဘေးကိုသော်လည်း တွေ့လေရာ၏။ ဤဒုတိယဓမ္မသမာဒါနပုဂ္ဂိုလ်ကိုလည်း အဆိပ်ရည်နှင့်ရောသော အဖျော်ရည်ကို သောက်သောသူနှင့် တူ၏-ဟု ဟောတော်မူ၏။ (မ၁။၃၉၁။ မဋ္ဌ၂။၂၇၅)

## ၃။ တတိယဓမ္မသမာဒါနပုဂ္ဂိုလ်

**တတိယဓမ္မသမာဒါနပုဂ္ဂိုလ်**သည် အဘယ်ဥပမာနှင့် တူသနည်းဟူမူကား ငါ၏ချစ်သား ရဟန်းများတို့၊ အထူးထူးသော ဆေးတို့နှင့် ရောနှောအပ်သော **နွား၏ကျင်ငယ်ရေ**ကို ထားလေရာ၏။ ထိုအခါ တစ်စုံတစ်ယောက်သော, မတ်တတ်ဖျော့တော့သောအနာစွဲရောက်သော ယောကျ်ားသည် လာလေရာ၏။ ထိုယောကျ်ားကို "အချင်းယောကျ်ား၊ အထူးထူးသော ဆေးတို့နှင့် ရောနှောအပ်သော နွားကျင်ငယ်ရေသည် ရှိ၏။ အကယ်၍ အလိုရှိသည်ဖြစ်အံ့၊ သောက်ရာ၏။ သောက်သော် သင့်အား အဆင်း,အနံ့,အရသာအားဖြင့်မူကား နှစ်သက်ဖွယ် မရှိ။ သောက်ပြီး၍မူကား ရောဂါဝေဒနာ ကင်းလတ်သည်ဖြစ်၍ ချမ်းသာခြင်းသို့ ရောက်လတ္တံ့"ဟု ဆိုလေရာ၏။

ထိုအနာရောဂါစွဲရောက်သော ယောကျ်ားသည် ထိုသူ၏စကားကို ယုံကြည်သည်ဖြစ်၍, ပညာဖြင့် ဆင်ခြင်၍ မစွန့်ဘဲ သောက်လေရာ၏။ သောက်သည်ရှိသော် အဆင်း, အနံ့, အရသာအားဖြင့်မူကား နှစ်သက်ဖွယ် မရှိ။ သောက်ပြီး၍ကား အနာရောဂါကင်းသည်ဖြစ်၍ ချမ်းသာခြင်းသို့ ရောက်လေ၏။ ဤတတိယဓမ္မသမာဒါနပုဂ္ဂိုလ်ကို အထူးထူးသော ဆေးတို့နှင့် ရောနှောသော နွားကျင်ငယ်ရေကို ယုံကြည်၍ သောက်သော သူနာယောကျ်ားနှင့် တူ၏-ဟူ၍ ဟောတော်မူသည်။ (မ၁။၃၉၁။ မဋ္ဌ၂။၂၇၅)

## ၄။ စတုတ္ထဓမ္မသမာဒါနပုဂ္ဂိုလ်

စတုတ္ထဓမ္မသမာဒါနပုဂ္ဂိုလ်သည် အဘယ်နှင့် ဥပမာတူလေသနည်းဟူမူကား တစ်စုံတစ်ယောက်သော ယောကျ်ားသည် နို့ဓမ်း, ပျားရည်, ထောပတ်, တင်လဲတို့ကို တပေါင်းတည်းရောနှော၍ ထားလေရာ၏။ ထိုအခါ မြင်းသရိုက်သွေးယိုသော အနာရှိသော ယောကျ်ားသည် လာလေရာ၏။ ထိုယောကျ်ားကို 'အချင်းယောကျ်ား၊ နို့ဓမ်း, ပျားရည်, ထောပတ်, တင်လဲတို့ကို တပေါင်းတည်း ရောနှော၍ ထားအပ်၏။ အကယ်၍ အလိုရှိသည်ဖြစ်အံ့၊ သောက်ရာ၏။ သောက်သည်ရှိသော် အလွန်လျှင် အဆင်း, အနံ့, အရသာအားဖြင့် နှစ်သက်ဖွယ်ရှိ၏။ သောက်ပြီး၍လည်း သွေးသွန်သော မြင်းသရိုက်အနာသည် ကင်းသည်ဖြစ်၍ ချမ်းသာခြင်းသို့ ရောက်လတ္တံ့'-ဟု ဆိုလေရာ၏။

ထိုအနာရောဂါစွဲရောက်သော ယောကျ်ားသည် မစွန့်ဘဲ ပညာဖြင့် ဆင်ခြင်၍ သောက်လေရာ၏။ သောက်ပြီးသည်ရှိသော် အဆင်း, အနံ့, အရသာအားဖြင့်လည်း အလွန်နှစ်သက်ဖွယ်ရှိ၏။ အနာရောဂါ ကင်း၍ ချမ်းသာခြင်းသို့ ရောက်လေ၏။ ဤစတုတ္ထဓမ္မ-သမာဒါနပုဂ္ဂိုလ်ကို နို့ဓမ်း, ပျားရည်, ထောပတ်, တင်လဲတို့ကို ရောနှောအပ်သော စတုမဓုအရသာကို သောက်၍ ရောဂါပျောက်သောသူနှင့် တူသည်-ဟု ဟောတော်မူသည်။

ငါ၏ချစ်သား ရဟန်းများတို့၊ ဤစတုတ္ထဓမ္မသမာဒါနပုဂ္ဂိုလ်သည် မိုး ၄-လအဆုံးတန်ဆောင်မုန်းလအခါ ကင်းသောတိမ်တိုက်ရှိသော ကောင်းကင်သို့ တက်ထွန်းသောနေဝန်းသည် ကောင်းကင်ပြင်၌ရှိသော အလုံးစုံသော အမိုက်တိုက်ကို ဖျောက်၍ တောက်ပလျက် တင့်တယ်သကဲ့သို့ ကျင့်စဉ်ကာလ ချမ်းသာသည်ဖြစ်၍ နောင်အခါ တမလွန်ဘဝသို့ရောက်၍လည်း ချမ်းသာသောအကျိုးရှိ၏။ သာသနာတော်မှအပ အယူရှိကုန်သော ရဟန်း, ပုဏ္ဏားတို့၏ မိစ္ဆာဒိဋ္ဌိ-တည်းဟူသော အမိုက်ကို ဖျောက်၍ ထွန်းလင်းတောက်ပလျက် တင့်တယ်ခြင်းသို့ ရောက်၏။ (မ၁။၃၉၁။ မ၄၊၂။၂၇၅)

ထို့ကြောင့် ကျင့်ဆဲကာလ၌ ချမ်းသာသည်ဖြစ်၍ နောင်အခါ တမလွန်ဘဝ၌ ချမ်းသာသောအကျိုးကို အလိုရှိကုန်သည် ဖြစ်အံ့။ စတုတ္ထဓမ္မသမာဒါနပုဂ္ဂိုလ်အဖြစ်သို့ ရောက်အောင် အားထုတ်ကုန်ရာသည်။ ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (မူလပဏ္ဏာသပါဠိတော်၊ မူလပဏ္ဏာသအဋ္ဌကထာ၊ စူဠမဟာ-ဓမ္မသမာဒါနသုတ်။ မ၁။၃၇၉-၃၉၁-ထိ)

★★★★★★★

## [ ၃ ]  ကာမဂုဏ် ၅-ပါးတို့၏အပြစ်ကို ပြသောတရား

**"ပဥ္စမာရေ ဇိနာတီတိ ဇိနော"**ဟူသော ဝိဂ္ဂြိုဟ်ဝစနတ် ပါဌ်လာသည်နှင့်အညီ ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ်တည်းဟူသော ၅-ပါးသော မာရ်တို့ကို အောင်တော်မူတတ်သော သတ္တိကြောင့် ဇိန-ဟူသော ဂုဏ်တော်နာမ ဝိသေသ အထူးကို ရတော်မူသော ဘုရားသခင်သည် ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ-ဟူ၍ ၃-ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင် သုတ္တန်နည်းအားဖြင့် ဟောတော်မူလိုသည်ဖြစ်၍ **"ပဉ္စိမေ ဘိက္ခဝေ ကာမဂုဏာ"**အစရှိသည်ဖြင့် ဟောတော်မူ၏။

ထိုဒေသနာတော်မြတ်ပါဌ်၏ အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ ကာမဂုဏ်-ဟူသော အစုအဖွဲ့တို့သည် ၅-ပါးတို့တည်း။ ၅-ပါးတို့ဟူသည် အဘယ်နည်း ဟူမူကား—

- ရူပါရုံလည်း ၁-ပါး၊ - သဒ္ဒါရုံလည်း ၁-ပါး၊
- ဂန္ဓာရုံလည်း ၁-ပါး၊ - ရသာရုံလည်း ၁-ပါး၊
- ဖောဋ္ဌဗ္ဗာရုံလည်း ၁-ပါး၊

ဤသို့အားဖြင့် ကာမဂုဏ် အစုအဖွဲ့တို့သည် ၅-ပါးတို့တည်း။ (မ၊၁။၂၃၀)

ဤ**ကာမဂုဏ်** ၅-ပါးတို့၌ သာယာအပ်သောသဘောကား အနည်းငယ်မျှသာ ရှိ၏။ ဆင်းရဲခြင်းသဘောကား အလွန်များ၏။ ပစ္စုပ္ပန်၊ တမလွန်ဘဝ၌ ဖြစ်သော အာဒီနဝကား လွန်စွာများ၏-ဟူ၍ ဟောတော်မူပြီးမှ ဥပမာဖြင့် ဥပမေယျကို သိစေခြင်းငှာ **"အဋ္ဌိကင်္ကလူပမာ ကာမာ"**အစရှိသဖြင့် ဟောတော်မူသည်။ (မ၊၁။၁၈၂)

### ၁။ အရိုးစု ဥပမာ

ကာမဂုဏ် ၅-ပါးတို့သည် အသားမကပ်သော **အရိုးစု**နှင့် ဥပမာတူကုန်၏။ အဘယ်သို့ တူသနည်းဟူမူကား မုဆိုးသည် တောအရပ်၌ သမင်၊ ဒရယ်-စသော သတ္တဝါတို့ကို ပစ်ခတ်၍ အရေကို ခွါပြီးသော် အသားတို့ကို ကုန်စင်အောင် ယူပြီး၍ စွန့်ပစ်အပ်သော အရိုးစုတို့ကို ၁-ခုသော ခွေးဝတ်ပိန်သည် တွေ့လေရာ၏။ ထိုခွေးဝတ်ပိန်သည် ထိုအရိုးစု ကို ၁-ရက်၊ ၂-ရက်-စသည်ဖြင့် နေ့၊ လ ကြာမြင့်စွာ လျက်ခြင်း၊ ကိုက်ခဲခြင်းကို ပြုသော်လည်း ဝခြင်းသဘော၊ အားရခြင်းသဘော မရှိ။ ထိုသို့ ဝခြင်းသဘော၊ အားရခြင်းသဘော မရှိလေ

သော်လည်း ညီသောသဘောရှိသောကြောင့် တပါးသောအရပ်သို့လည်း စွန့်ပစ်၍ မသွားနိုင်။ ထိုအရိုးစု၏ အနီး၌သာလျှင် သေခြင်းသို့ ရောက်ရလေ၏။

ထို့အတူ မိန်းမ,ယောက်ျား, လူ,နတ်တို့သည်လည်း အရိုးစုသဖွယ်ဖြစ်သော ရွှေ,ငွေ, ဥစ္စာ, လယ်ယာ,ကိုင်းကျွန်း, သား,မယားတည်းဟူသော ရူပါရုံ-စသော ကာမဂုဏ် ၅-ပါးတို့ကို ခွေးငတ်သဖွယ်ဖြစ်၍ နှစ်, လ, နေ့, ရက် ရှည်မြင့်စွာ ခံစားငြားသော်လည်း ဝခြင်း, ရောင့်ရဲခြင်းသည် မဖြစ်နိုင်။ မိမိတို့၏ သား,မယား, ရွှေ, ငွေ-အစရှိသော သက်ရှိ,သက်မဲ့ ဥစ္စာဖြစ်သော ရူပါရုံ-အစရှိသော ကာမဂုဏ် ၅-ပါးတို့ကိုလည်း စွန့်ပစ်၍ ကာမဂုဏ် ၅-ပါးတို့မှ ထွက်မြောက်ရာထွက်မြောက်ကြောင်းဖြစ်သော နေက္ခမ္မဝိတက်ကို မကြံနိုင်သည်သာ ဖြစ်၏။ မကြံနိုင်သောကြောင့် ထိုကာမဂုဏ်တို့ကို မစွန့်နိုင်သည်ဖြစ်၍ သား,မယားတို့၏ ခြေရင်း၌သာ သေခြင်းသဘောသို့ ရောက်ရလေသည်။

ထို့ကြောင့် ကာမဂုဏ် ၅-ပါးတို့ကို အရိုးစုနှင့် တူသောအဖြစ်ကို သိ၍ စွန့်စိမ့်သော ငှာ "**အဋ္ဌိကင်္ကလူပမာ ကာမာ အပ္ပဿာဒဋ္ဌေန**" (မ၊၄၊၂။၁၀)ဟူ၍ ဟောတော်မူသည်။

## ၂။ အမဲသားတစ် ဥပမာ

ကာမဂုဏ် ၅-ပါးတို့သည် **အမဲသားတစ်**နှင့် တူကုန်၏။ အဘယ်သို့ တူကုန်သနည်း ဟူမူကား ၁-ခုသော သားတစ်ကို ကျီး,စွန်ရဲ-စသော သတ္တဝါတို့သည် ချီလေ၏။ ထိုသားတစ် ကို ချီသော ကျီး, စွန်ရဲကို များစွာသော ကျီး,စွန်ရဲအပေါင်းတို့သည် လိုက်၍ ထိုးဆွ, ဆိတ်ဆွ လုယက်ကြကုန်သည်ဖြစ်၍ ကြီးစွာသော ဒုက္ခ, ဥပဒ္ဒဝေါဘေးရန်ဖြစ်လတ်သော် မခံမရပ် နိုင်သောကြောင့် သားတစ်ကို စွန့်ပစ်ရလေ၏။

၁-ခုသော ကျီး, စွန်ရဲသည် ကောက်၍ ချီပြန်လေလျှင် များစွာသော ကျီး, စွန်ရဲ တို့သည် သားတစ်ရှိသော ကျီး, စွန်ရဲသို့သာလျှင် အစဉ်လိုက်၍ ထိုးဆွ, ဆိတ်ဆွခြင်းကို ပြုကြကုန်၏။ ဤသို့ အဆက်ဆက်သော သားတစ်ရှိသော ကျီး, စွန်ရဲသို့ အစဉ်လိုက်၍ လုယက်သဖြင့် ဖြစ်သော ဘေးရန်သည် ဖြစ်သကဲ့သို့—

ထို့အတူ ကာမဂုဏ် ၅-ပါးတို့နှင့် အကြင်သူသည် ပြည့်စုံ၏။ ထိုသူ၏ ကာမဂုဏ် ၅-ပါးတည်းဟူသော ရွှေ, ငွေ, ဥစ္စာ, စည်းစိမ်တို့ကို မင်း, ခိုးသူ, ရေ, မီး, မချစ်မနှစ်လိုသော သူ-တည်းဟူသော ရန်သူမျိုး ၅-ပါးတို့သည် လုယက်ဖျက်ဆီး၍ ယူခြင်း, နှိပ်စက်ညှဉ်းဆဲ ခြင်းတို့ကို ပြုသဖြင့် ကြီးစွာသော ဥပဒ္ဒဝေါဘေးရန်တို့သည် ဖြစ်ကုန်၏။

ထိုကာမဂုဏ် ၅-ပါးတို့ကို စွန့်သောသူအား ထိုဆိုအပ်ခဲ့ပြီးသော ဘေးရန်တို့သည် မဖြစ်ကုန်။ ထို့ကြောင့် ကာမဂုဏ် ၅-ပါးတို့ကို အမဲသားတစ်နှင့် တူသောအဖြစ်ကို သိ၍ စွန့်စိမ့်သောငှာ **"မံသပေသူပမာ ကာမာ ဗဟုသာဓာရဏဋ္ဌေန"**(မ၁။၁၈၂။ မ၄၂။၁၀)ဟူ၍ ဟောတော်မူသည်။

## ၃။ မြက်မီးရှူး ဥပမာ

ကာမဂုဏ် ၅-ပါးတို့သည် **မြက်မီးရှူး**(မြက်မီးစည်း)နှင့်လည်း တူကုန်၏။ အဘယ်သို့ တူသနည်းဟူမူကား- လေညာသို့ ယူ၍ သွားသော မြက်မီးရှူးသည် အစဉ်လျှောက်၍ လျှောက်၍ လောင်သဖြင့် မိမိ လက်,ခြေ,အင်္ဂါတို့ကို လောင်သကဲ့သို့ ထို့အတူ ကာမဂုဏ် ၅-ပါးတို့ကို သာယာသဖြင့် မရက်မစက် မြတ်နိုးခြင်းကြောင့် သိမ်းဆည်းသောသူအား မိမိကိုယ်မှ စ၍ သား, မြေး, မြစ် အဆက်ဆက် သက်ရှိ,သက်မဲ့ဥစ္စာတို့၌ လောဘ, ဒေါသ, မောဟ-အစရှိသော မီးတို့သည် အစဉ်လျှောက်၍ လောင်ကုန်၏။ ထို့ကြောင့် ကာမဂုဏ် ၅-ပါးတို့ကို မြက်မီးရှူးနှင့် တူသောအဖြစ်ကို သိ၍ စွန့်စိမ့်သောငှာ **"တိဏုက္ကူပမာ ကာမာ အနုဒဟနဋ္ဌေန"**ဟူ၍ ဟောတော်မူသည်။ (မ၁။၁၈၂။ မ၄၂။၁၀)

## ၄။ မီးကျီးစု ဥပမာ

ကာမဂုဏ် ၅-ပါးတို့သည် **မီးကျီးစု**နှင့် တူကုန်၏။ အဘယ်သို့ တူသနည်းဟူမူကား- မီးကျီးစုသည် သတ္တဝါတို့အား ပြင်းစွာ ပူပန်ခြင်း၏အကြောင်းဖြစ်သကဲ့သို့ ထို့အတူ ကာမဂုဏ်ကို ခံစားသောသူတို့သည် ကာမဂုဏ်ပြည့်စုံခြင်း၏ အကြောင်းဖြစ်သော ကုန်သွယ်ခြင်း, လယ်လုပ်ခြင်း, မင်းခခြင်း, ဆင်စီး, မြင်းစီး-စသော ၁၈-ပါးသော အဋ္ဌာရသ အတတ်မျိုးတို့ဖြင့် ဥစ္စာဘဏ္ဍာတို့ကို ပြည့်စုံအောင် အားထုတ်ပါသော်လည်း မပြည့်စုံနိုင်သည်ဖြစ်၍ ပါဏာတိပါတ, အဒိန္နာဒါန-စသော အကုသိုလ်တရားတို့ကို ပြုကျင့်ကုန်လျက် ကာမဂုဏ်တို့၏ အဆောက်အဦတို့ကို ဆည်းပူးရခြင်းကြောင့် ပစ္စုပ္ပန်ဘဝ၌ မင်းတို့သည် နှိပ်စက်အပ်သည်ဖြစ်၍ လွန်စွာသော ဆင်းရဲပူပန်ခြင်း, တမလွန်ဘဝ၌ အပါယ် ၄-ပါးသို့ လားရသဖြင့် တမလွန်ဘဝ၌ဖြစ်သော ပူပန်ခြင်း ပြင်းပြသောဆင်းရဲတို့ကို ခံရကုန်၏။

ထို့ကြောင့် ကာမဂုဏ် ၅-ပါးတို့ကို ပူပန်ခြင်း၏ အကြောင်းဖြစ်သောကြောင့် မီးကျီးစုနှင့် တူသောအဖြစ်ကို သိ၍ စွန့်စိမ့်သောငှာ **"အင်္ဂါရကာသူပမာ ကာမာ မဟာဘိတာပနဋ္ဌေန"**ဟူ၍ ဟောတော်မူသည်။ (မ၁။၁၈၂။ မ၄၂။၁၀)

## ၅။ အိပ်မက် ဥပမာ

ကာမဂုဏ် ၅-ပါးတို့သည် အိပ်မက်နှင့် ဥပမာတူကုန်၏။ အဘယ်ကဲ့သို့ တူသနည်း ဟူမူကား သူဌေး, သူကြွယ်, ပဒေသရာဇ်, ဧကရာဇ်, စကြာမင်း, သိကြားမင်း, အသုရာ-စသောသူတို့၏ စည်းစိမ်ချမ်းသာ, ပွဲလမ်းသဘင်ကြည့်ခြင်း, ကောင်းမြတ်သော ဘောဇဉ်တို့ကို စားရခြင်း-အစရှိသည်တို့ကို အိပ်မက်၌မြင်သော ယောကျ်ားသည် အိပ်မက်ဆဲသော ကာလ၌ကား "အဟုတ်အမှန် ဖြစ်သည်၊ အရှည်အမြဲ တည်သည်"ဟု အမှတ်ရှိ၍ နိုးသော ကာလမှ မဟုတ်မမှန်, အရှည်အမြဲ မတည်သောအဖြစ်ကို သိရသကဲ့သို့ ထို့အတူ အကြင် သတ္တဝါအပေါင်းတို့သည် လူ,နတ်,ဗြဟ္မာတို့၏ စည်းစိမ်ချမ်းသာကို ရငြားပါသော်လည်း ပစ္စုပ္ပန်ဘဝ ဆုံးသဖြင့် ထိုအလုံးစုံသော စည်းစိမ်တို့ကို စွန့်ရတတ်၏။ ရှည်မြင့်စွာ မတည် သည် ဖြစ်၏။ ထို့ကြောင့် အိပ်မက်နှင့် တူသောအဖြစ်ကို သိ၍ တပ်ခြင်း ကင်းစိမ့်သောငှာ **"သုပိနကူပမာ ကာမာ ဣတ္တရပစ္စုပဋ္ဌာနဋ္ဌေန"**ဟူ၍ ဟောတော်မူသည်။ (မ၁။၁၈၂။မဋ္ဌ၂။၁၀)

## ၆။ ငှား၍ သုံးဆောင်သောဥစ္စာ ဥပမာ

ကာမဂုဏ် ၅-ပါးတို့သည် ငှား၍ သုံးဆောင်သောဥစ္စာနှင့် တူကုန်၏။ အဘယ်သို့ တူသနည်းဟူမူကား- သူတပါးတို့၏ဥစ္စာကို ငှား၍ သုံးဆောင်သောသူသည် ဥစ္စာရှင်အလို ရှိ၍ တောင်းရမ်းသောကာလ ဆောလျင်စွာ ပေးအပ်ရဘိသကဲ့သို့ ထို့အတူ ၄-ကျွန်းလုံးကို အစိုးရသော စကြာမင်းစည်းစိမ်ကိုပင် ရငြားသော်လည်း တစ်သက်လျာမျှသာဖြစ်၍ ကုသိုလ် အဟုန် ကုန်သောကာလ ထိုစကြာမင်းစည်းစိမ်ကို စွန့်ပစ်၍ သွားရတတ်၏။ သိကြားမင်း, ဗြဟ္မာမင်းတို့သည်လည်း တစ်သက်လျာမျှသာဖြစ်၍ ထိုအလုံးစုံ အစိုးရသော စည်းစိမ်တို့ကို စွန့်ပစ်၍ သွားရတတ်၏။ သူဌေး,သူကြွယ်, ပဒေသရာဇ်, ဧကရာဇ်မင်းတို့ကား ဆိုဖွယ်ရာမရှိ စွန့်ပစ်၍ သွားရတတ်သည်သာတည်း။ ထို့ကြောင့် ကာမဂုဏ် ၅-ပါးတို့ကို ငှား၍သုံးဆောင် သော သူတပါး၏ဥစ္စာနှင့် တူသောအဖြစ်ကို သိ၍ တပ်ခြင်းကင်းစိမ့်သောငှာ **"ယာစိတ-ကူပမာ ကာမာ တာဝကာလိကဋ္ဌေန"**ဟူ၍ ဟောတော်မူသည်။ (မ၁။၁၈၂။ မဋ္ဌ၂။၁၀)

## ၇။ အဆိပ်သီး ဥပမာ

ကာမဂုဏ် ၅-ပါးတို့သည် အဆိပ်သီးနှင့် ဥပမာတူကုန်၏။ အဘယ်သို့ တူကုန် သနည်းဟူမူကား ပင်စည်, အခက်, အရွက်, အသီး,သဏ္ဌာန်, အဆင်း, အနံ့, အရသာအားဖြင့် သရက်သီးနှင့်တူသော, အဆိပ်ပင်မှဖြစ်သော အဆိပ်သီးသည် သုံးဆောင်ကုန်သောသူတို့၏ နှလုံး, သည်းပွတ်, အူသိမ်, အူမ-စသည်တို့ကို အပိုင်းပိုင်းဖြတ်၍ သေကျေပျက်စီးခြင်းသို့

ရောက်ရလေဘိသကဲ့သို့ ထို့အတူ ကာမဂုဏ် ၅-ပါးတို့ကို ခံစားကုန်သောသူတို့အား များစွာသော လောဘ, ဒေါသ, မောဟ-အစရှိသော အကုသိုလ်ကိလေသာတည်း-ဟူသော အဆိပ်ရည်တို့ဖြင့် ပြည့်ခြင်းကြောင့် အပါယ် ၄-ပါးသို့ လားရခြင်း, သံသရာ ရှည်လျားခြင်းတည်းဟူသော ဘေးအပေါင်းတို့သည် ဖြစ်ကုန်၏။ ထိုကြောင့် အဆိပ်သီးနှင့် တူသောအပြစ်ကို သိ၍ ကာမဂုဏ် ၅-ပါးတို့ကို ရွံရှာငြီးငွေ့စိမ့်သောငှာ "**ရုက္ခဖလူပမာ ကာမာ သဗ္ဗဂ်ပစ္စင်္ဂပလိဘဥ္စနဋ္ဌေန**"ဟူ၍ ဟောတော်မူသည်။ (မ၁။၁၈၂။ မဋ္ဌ၊၂။၁၀)

## ၈။ စဉ်းနှီးတုံး ဥပမာ

ကာမဂုဏ် ၅-ပါးတို့သည် စဉ်းနှီးတုံးနှင့် ဥပမာတူကုန်၏။ အဘယ်သို့ တူသနည်းဟူမူကား စဉ်းနှီးတုံးပေါ်၌ အမဲသား,ငါး-စသည်တို့ကို နုတ်နုတ်ညက်ညက် ခုတ်ဖြတ်သကဲ့သို့ ထို့အတူ ရူပါရုံ-စသော ကာမဂုဏ် ၅-ပါးတို့၏အပေါ်၌ သတ္တဝါတို့ကို ရာဂ-စသော သားလှီးဓားဖြင့် နုတ်နုတ်ညက်ညက် စဉ်းသဖြင့် ပျက်စီးခြင်းသို့ ရောက်စေတတ်သောကြောင့် စဉ်းနှီးတုံးနှင့် ဥပမာတူသောအပြစ်ကို သိ၍ ငြီးငွေ့စိမ့်သောငှာ "**အသိသူနူပမာ ကာမာ အဓိကုဋ္ဋနဋ္ဌေန**"ဟူ၍ ဟောတော်မူသည်။ (မ၁။၁၈၂။ မဋ္ဌ၊၂။၁၀)

## ၉။ လှံသွား ဥပမာ

ကာမဂုဏ် ၅-ပါးတို့သည် လှံသွားနှင့် ဥပမာတူကုန်၏။ အဘယ်သို့ ဥပမာတူကုန်သနည်းဟူမူကား လှံသွားသည် ထိပါးရှနစူးဝင်တတ်သကဲ့သို့ ထို့အတူ အထူးထူးသော ရူပါရုံ-စသော ကာမဂုဏ် ၅-ပါးတို့သည်လည်း ခံစားကုန်သော သတ္တဝါတို့အား ထိပါးရှနစူးဝင်ခြင်းကြောင့် ဉာဏ်ဖြင့် နုတ်နိုင်ခဲရကား ပျက်စီးခြင်းသို့သာ ရောက်ရတတ်၏။ ထို့ကြောင့် ကာမဂုဏ် ၅-ပါးတို့သည် လှံသွားနှင့် ဥပမာတူသောအပြစ်ကို သိ၍ တပ်မက်မောခြင်း ကင်းစိမ့်သောငှာ "**သတ္တိသူလူပမာ ကာမာ ဝိနိဝိဒ္ဓနဋ္ဌေန**"ဟူ၍ ဟောတော်မူသည်။
(မ၁။၁၈၂။ မဋ္ဌ၊၂။၁၀)

## ၁၀။ အဆိပ်ပြည့်ဖြိုးသော မြွေဆိုး၏ ဦးခေါင်း ဥပမာ

ကာမဂုဏ် ၅-ပါးတို့သည် **အဆိပ်ပြည့်ဖြိုးသော မြွေဆိုး၏ ဦးခေါင်း**နှင့် တူကုန်၏။ အဘယ်သို့ တူကုန်သနည်းဟူမူကား မြွေဦးခေါင်းသည် လျင်သောအဆိပ်, ကြမ်းသော အဆိပ်တို့ဖြင့် ပြွမ်းသောကြောင့် ခပ်သိမ်းသောသတ္တဝါတို့သည် ရွံရှာအပ်သောသဘောသည် ဖြစ်သကဲ့သို့ ထို့အတူ ကာမဂုဏ် ၅-ပါးတို့သည်လည်း အလုံးစုံသော အကုသိုလ်တရား

တည်း-ဟူသော ရှန့်ရင်းကြမ်းတမ်း လျှင်မြန်သော အဆိပ်ရည်တို့၏ ပွမ်းရာ, တည်ရာ ဖြစ်သောကြောင့် ရွံရှာဖွယ်, ကြောက်မက်ဖွယ်ရှိရကား အဆိပ်ပြည့်ဖြိုးသော မြွေဆိုး၏ ဦးခေါင်းသဖွယ်ဖြစ်သော ကာမဂုဏ် ၅-ပါး တရားအစုတို့၌ တပ်ခြင်း ကင်းစိမ့်သောငှာ **"သပ္ပသိရူပမာ ကာမာ သာသက်သပ္ပဋိဘယဒ္ဒေန"**ဟူ၍ ဟောတော်မူသည်။(မ၁၁၁၈၂။မ၄၊၂။၁၀)

## ၁၁။ ဆင်သေ ဥပမာ

ကာမဂုဏ် ၅-ပါးတို့သည် ဆင်သေနှင့် တူကုန်၏။

ကာမဂုဏ် ၅-ပါးကို ခံစားသောသူတို့သည် ကျီးမိုက်နှင့် တူကုန်၏။

ဩဃ ၄-ပါးတို့သည် အလျဉ်ထန်စွာ စီးသော **မြစ်ရေအလျဉ်**နှင့် တူကုန်၏။

သံသရာဝဋ်ဆင်းရဲသည် **မဟာသမုဒ္ဒရာ**နှင့် တူ၏။

ဒါန, သီလ-စသော ကုသိုလ်တရားတို့သည် သမုဒ္ဒရာကမ်းနှင့် တူကုန်၏။

အဘယ်သို့ တူသနည်းဟူမူကား—

တစ်ခုသော ဆင်သည် အလျဉ်ထန်စွာစီးသော တစ်ခုသော ဂင်္ဂါမြစ်သို့ ကူးလေရာ မြစ်လယ်သို့ ရောက်သောအခါ ပင်ပန်းခြင်းဖြင့် နှိပ်စက်၍ သေခြင်းသို့ ရောက်လေရာ၏။ ထိုဆင်သေသည် မြစ်လယ်ရေအလျဉ်၌ မျော၍, မျော၍ သွားသည်ကို ကျီးမိုက်အပေါင်း တို့သည် မြင်လေကုန်၏။ ထိုသို့ မြင်သော ကျီးမိုက်အပေါင်းတို့သည် "ငါတို့ကား ဆင်ယာဉ် ကိုလည်း စီးရရာ၏။ ဆင်သားကိုလည်း စားရရာ၏။ ရေကိုလည်း ချမ်းသာစွာ သောက်ရ ရာ၏"ဟု ကြံကြကုန်၍ ဆင်သေ၏အပေါ်၌ ညဥ့်,နေ့မပြတ် ရှည်မြင့်စွာသော ကာလပတ် လုံး လိုက်လေ၏။ ထိုဆင်သေသည် ကြာမြင့်စွာသော နေ့ရက်ပတ်လုံး မျောသဖြင့် သမုဒ္ဒရာ ၏အလယ်သို့ ရောက်လေ၏။ ထိုအခါ အရေ,အသား, အကြောတို့သည် ကုန်သဖြင့် အရိုးတို့ သည် ရေထဲသို့ နစ်၍ သွားလေကုန်၏။ ထိုကျီးမိုက်အပေါင်းတို့သည် မိမိတို့နားရာဖြစ်သော ကမ်းကို အရပ် ၄-မျက်နှာ, အရပ် ၈-မျက်နှာတို့၌ ပျံ၍ ရှာကုန်သော်လည်း နားရာကမ်းကို မတွေ့, မမြင်နိုင်ခြင်းကြောင့် ဆားငန်ရေ၌ ကျ၍ သေကျေပျက်စီးခြင်းသို့ ရောက်လေကုန်၏။

ထို့အတူ ဩဃ ၄-ပါးတို့၏အတွင်း၌ ဆင်သေသဖွယ်ဖြစ်သော ကာမဂုဏ် ၅-ပါး တို့ကို ကျီးမိုက်အပေါင်းနှင့် တူကုန်သော ဤလူအပေါင်းတို့သည် ပျော်ပျော်ပါးပါး ခံစား၍ မေ့မေ့လျော့လျော့သာလျှင် နှစ်,လ,နေ့, ရက်တို့ကို ကုန်စေ၏။ ထိုလူမိုက်အပေါင်းတို့သည် သမုဒ္ဒရာအလယ်၌ နားစရာကမ်းကို မရ၍ ပျက်စီးသော ကျီးမိုက်တို့နှင့်အတူ သေခါနီး ကာလ၌ သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဒါန, သီလ, သမထ, ဝိပဿနာဘာဝနာ-

စသော ကုသိုလ်ကောင်းမှုတည်းဟူသော မိမိတို့၏ကိုးကွယ်ရာ, မှီခိုရာကမ်းကို ကြည့်သည် ရှိသော် မမြင်သည်ဖြစ်၍ ပျက်စီးဆင်းရဲခြင်းသို့ ရောက်ရလေကုန်၏။ ထို့ကြောင့် ကာမဂုဏ် ၅-ပါးတို့ကို ဆင်သေနှင့် တူသောအဖြစ်ကို သိ၍ တပ်ခြင်း ကင်းစိမ့်သောငှာ ဤဥပမာဖြင့် ပြ၍ ဆုံးမတော်မူသည်။

## ၁၂။ ထိတ်,ထောင် ဥပမာ

- ကာမဂုဏ် ၅-ပါးတို့သည် ထိတ်,ထောင်နှင့် တူကုန်၏။
- ဩဃ ၄-ပါးတို့သည် ဂင်္ဂါမြစ်ကြီးနှင့် တူကုန်၏။
- ကာမဂုဏ် ၅-ပါးတို့ကို ခံစားသောသူတို့သည် ထောင်တန်း၌ ထားသောသူ, ထိတ်ဖြင့် ဖွဲ့၍ထားသောသူနှင့် တူကုန်၏။
- နိဗ္ဗာန်သည် ထိုမှာဘက်ကမ်းနှင့် တူ၏။

အဘယ်သို့ တူသနည်းဟူမူကား—

ဂင်္ဂါအမည်ရှိသော မြစ်ကြီးသည် ၂-သွယ်သော ကမ်းတို့ကို လျှံ၍ စီးလေရာ၏။ ထိုဂင်္ဂါမြစ်ကြီး၏ ဤမှာဘက်ကမ်းနား၌ တစ်စုံတစ်ယောက်သောသူကို ထိတ်ခတ်ခြင်း, ကြိုးဖွဲ့ခြင်း, ထောင်တန်းနှောင်အိမ်တို့၌ သွင်းခြင်းကို ပြု၍ ထားလေရာ၏။ ထိုယောကျ်ားသည် "ငါကား ဂင်္ဂါမြစ်ကြီး၏ ထိုမှာဘက်ကမ်းသို့ ကူးမည်"ဟူ၍လည်းကောင်း, "ထိုမှာဘက်ကမ်းသည် ငါ၏အနီးသို့ လာပါလော့"ဟူ၍လည်းကောင်း ဆိုလေရာ၏။ ထိုသို့ ဆိုခြင်း, ခေါ်ခြင်း-ဟူသော အကြောင်းကြောင့် ထိုမှာဘက်ကမ်းသည် ထိုယောကျ်ား၏အနီးသို့ လည်း မလာ၊ ထိုမှာဘက်ကမ်းသို့ ကူးခြင်းငှာလည်း မစွမ်းနိုင်ရာသကဲ့သို့—

ထို့အတူ "ထိတ်,ထောင်, နှောင်အိမ်သဖွယ်ဖြစ်သော ကာမဂုဏ်ကို ခံစားကုန်သော ငါတို့ကား နိဗ္ဗာန်တည်းဟူသော ကမ်း ၁-ဘက်သို့ ကူးသွားမည်"ဟူ၍လည်းကောင်း, "နိဗ္ဗာန်ကို ရပါလို၏"ဟူ၍လည်းကောင်း တောင့်တခြင်း, မြည်တမ်းခြင်းတည်းဟူသော အကြောင်းကြောင့် နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်ကမ်းသို့လည်း မကူးနိုင်ရာ၊ မိမိတို့ ရှိရာသို့လည်း နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်ကမ်းသည် လာလည်း မလာရာ။ ကာမဂုဏ် ၅-ပါးတည်းဟူသော အနှောင်အဖွဲ့ကို ဖြေ၍ ဒါန, သီလ, သမထ, ဝိပဿနာတို့ကို အားထုတ်မှသာ နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်ကမ်းသို့ ရောက်ရာ၏။ ထို့ကြောင့် ကာမဂုဏ် ၅-ပါးတို့သည် အနှောင်အဖွဲ့, ထိတ်,ထောင်နှင့် တူသောအဖြစ်ကို သိ၍ စွန့်စိမ့်သောငှာ "**အရိယဿ ဝိနယေ အန္ဒုဗန္ဓနန္တိ ဝုစ္စတိ ကာမာ**"စသည်ဖြင့် ဟောတော်မူသည်။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ကာမဂုဏ် ၅-ပါးတို့ကို ခံစားကုန်သောသူတို့အား ထိုကာမ-ဂုဏ်ကို စွဲ၍ အကြင်သုခ, သောမနဿသည် ဖြစ်၏။ ထိုသုခ, သောမနဿကို—

- ကာမဂုဏ်ချမ်းသာ-ဟူ၍လည်းကောင်း,
- သူမိုက်တို့၏ချမ်းသာ-ဟူ၍လည်းကောင်း,
- ကိလေသာ ထူပြောသောသူတို့၏ ချမ်းသာ-ဟူ၍လည်းကောင်း,
- ရွာသူတို့၏ ချမ်းသာ-ဟူ၍လည်းကောင်း,
- အရိယာမဟုတ်သောသူတို့၏ ချမ်းသာ-ဟူ၍လည်းကောင်း

ဆိုအပ်၏။ ထိုကာမဂုဏ်ချမ်းသာကို မမှီဝဲအပ်သည်သာတည်း။ ထိုကာမဂုဏ်ချမ်းသာမှ ကြောက်အပ်သည်သာတည်း။ ထိုကြောင့်—

> **ယံ ခေါ ဘိက္ခဝေ ဣမေ ပဉ္စ ကာမဂုဏေ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ။ ဣဒံ ဝုစ္စတိ ကာမသုခံ မီဠှသုခံ ပုထုဇ္ဇနသုခံ (ဂါမသုခံ) အနရိယသုခံ၊ န သေဝိတဗ္ဗံ ။ပ။ ဘာယိတဗ္ဗံ ဧတဿ သုခဿာတိ ဝဒါမိ။** (မ၊၁။၁၁၇။ မ၊၃။၂၇၆)

ဟူ၍ ဟောတော်မူသည်။ ဤသို့ ဟောတော်မူသော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဏ္ဏာသပါဠိတော်၊ ဇာတ်အဋ္ဌကထာ)

★★★★★★★

## [၄] ခန္ဓာကိုယ်သည် တောင်ပို့နှင့် တူကြောင်းတရား

ခပ်သိမ်းသော တရားအပေါင်းတို့ကို အကြွင်းမရှိ သိမြင်တော်မူသော အစိန္တေယျ ဘုရားသခင်သည် တရံရောအခါ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူ၏။ ထိုသို့ နေတော်မူသောအခါ အရှင်ကုမာရကဿပသည် ဇေတဝန်ကျောင်း တော်၌ ပရိသတ် ၄-ပါးတို့နှင့် ပြွမ်းကုန်သောကြောင့် ဆိတ်ငြိမ်ရာကို မရ၊ ထိုသို့ မရသော ကြောင့် သူကန်းတို့၏နေရာဖြစ်သော တောသို့ ကပ်၍ နေလေ၏။

ထိုအခါ မထင်ရှားသော ၁-ဦးသောနတ်သားသည် ညဥ့်ဦးယံလွန်ပြီးသော သန်းခေါင်ယံအခါ၌ အလုံးစုံသော သူကန်းတို့၏နေရာဖြစ်သော တောကို ကိုယ်ရောင်တို့ဖြင့် ထွန်းလင်းစေဦး၍ အရှင်ကုမာရကဿပရှိရာသို့ ကပ်လေ၍ တင့်အပ်လျောက်ပတ်စွာ ရပ်ပြီးသော် နတ်သားသည် ဤသို့သော ပုစ္ဆာအစဉ်ကို ထား၍ မေးလျှောက်၏။

- "အရှင်ရဟန်း၊ ၁-ခုသော တောင်ပို့သည် ညဥ့်အခါ အခိုးလွှတ်၏။ နေ့အခါ အလျှံလွှတ်၏။ ၁-ယောက်သော ပုဏ္ဏားသည် ပညာရှိသောသူ ၁-ယောက်ကို ဤသို့ ဆို၏။
- 'ပညာရှိ၊ လက်နက်ကို ယူ၍ တောင်ပို့ကို ၄-စိတ်ခွဲ၍ တူးသည်ရှိသော် တံခါးကျည်မင်းတုပ်ကို တွေ့မြင်ရာ၏။
- ထိုတံခါးကျည်မင်းတုပ်ကို ပယ်၍ တဖန် တူးရာ၏။ တူးသည်ရှိသော် တို့တိုင်းကြီးသော ဥဒ္ဓုမာယိကဖားကို တွေ့မြင်ရာ၏။
- ထိုဖားကိုလည်း ပယ်၍ တဖန် တူးပြန်သည်ရှိသော် ခရီး ၂-ကြောင်းကို တွေ့လေရာ၏။
- ထိုခရီး ၂-ကြောင်းကို ပယ်၍ တူးလေသည်ရှိသော် စစ်အပ်ပြီးသော အင်္ကန်ရည်ကို တွေ့မြင်ရာ၏။
- ထိုအင်္ကန်ရည် ပယ်၍ တူးပြန်သည်ရှိသော် လိပ်ကို တွေ့မြင်ရာ၏။
- ထိုလိပ်ကို ပယ်၍ တူးပြန်သည်ရှိသော် သန်လျက်သားလှီးခုံ ၅-စင်းကို တဖန် တွေ့မြင်ရာ၏။
- ထိုသန်လျက်သားလှီးခုံ ၅-စင်းကို တောင်ပို့အတွင်း၌ မရှိစေခြင်းငှာ ပယ်၍ တဖန် တူးပြန်သည်ရှိသော် အမဲသားတစ်ကို တွေ့မြင်ရာ၏။
- ထိုအမဲသားတစ်ကိုလည်း တောင်ပို့အတွင်း၌ မရှိစေခြင်းငှာ ပယ်၍ တဖန်တူးပြန်သည်ရှိသော် လည်ရေး ၃-ဆင့်ရှိသော နဂါးကို တွေ့မြင်ရာ၏။

လည်ရေး ၃-ဆင့်ရှိသော နဂါးကိုမူကား တစ်စုံတစ်ခု တုတ်, လှင်ကန်-စသည်ဖြင့် မထိစေမူ၍ နဂါးအား ရှိခိုးခြင်းကို ပြုလော့'။

အရှင်ရဟန်း၊ ဤပြဿနာကို ဘုရားသခင်အား လျှောက်ထားမေးမြန်းတော်မူပါလေ။ အကြင်အခြင်းဖြင့် အရှင်ဘုရားအား ဖြေကြား၏။ ထိုအခြင်းဖြင့် မှတ်ပါလေ"ဟု ဆို၍ ကွယ်လေ၏။　(မ၁။၁၉၆)

ထိုအခါ အရှင်ကုမာရကဿပသည် ထိုညဥ့်လွန်သဖြင့် ဘုရားသခင်ရှိရာ ဇေတဝန်ကျောင်းတော်သို့ သွား၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေပြီးသော် ၅-ပါးသော ရှိခိုးခြင်းတို့ဖြင့် ရှိခိုး၍ နားတော်လျှောက်၏။ "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ အကျွန်ုပ်သည် သူကန်းတို့နေရာဖြစ်သောတော၌ ဆိတ်ငြိမ်ရာအရပ်သို့

ကပ်၍ နေပါသည်။ ထိုအခါ တစ်ဦးသောနတ်သားသည် အကျွန်ုပ်ကို "အရှင်ရဟန်း၊ ၁-ခုသောတောင်ပို့သည် ညအခါ အခိုးလွှတ်၍ နေ့အခါ အလျှံလွှတ်၏'-အစရှိသည်ဖြင့် ပုစ္ဆာအစဉ်ကို ထား၍ မေးပါသည်ဘုရား။

- ၁-ခုသော တောင်ပို့-ဟူသည် အဘယ်နည်း?
- ညဉ့်အခါ အခိုးလွှတ်၏-ဟူသည် အဘယ်နည်း?
- နေ့အခါ အလျှံလွှတ်၏-ဟူသည် အဘယ်နည်း?
- ပုဏ္ဏား-ဟူသည် အဘယ်နည်း?
- ပညာရှိသောသူကား အဘယ်နည်း?
- လက်နက်-ဟူသည် အဘယ်နည်း?
- ၄-စိတ်ခွဲ၍ တူးဆွရာ-ဟူသည် အဘယ်နည်း?
- တံခါးကျည်မင်းတုပ်-ဟူသည် အဘယ်နည်း?
- တို့တိုင်းကြီးသော ဖား-ဟူသည် အဘယ်နည်း?
- ခရီး ၂-ကြောင်း-ဟူသည် အဘယ်နည်း?
- စစ်အပ်သော အငန်ရည်-ဟူသည် အဘယ်နည်း?
- လိပ်-ဟူသည် အဘယ်နည်း?
- သန်လျက်သားလှီးခုံ ၅-စင်း-ဟူသည် အဘယ်နည်း?
- အမဲသားတစ်-ဟူသည် အဘယ်နည်း?
- လည်ရေး ၃-ဆင့်ရှိသော နဂါး-ဟူသည် အဘယ်နည်း?

ဟူ မြတ်စွာဘုရားကို လျှောက်ထားရာ သစ္စာ ၄-ပါး, ၅-ပါးသော ဥ ယျာမွေတို့ကို အကြွင်းမရှိ သိတော်မူသော သဗ္ဗညုတဘုရားသခင်သည် ထိုပြဿနာပုစ္ဆာကို ဖြေသောအားဖြင့် ဟောတော်မူလိုသည်ဖြစ်၍ –

> 'ဝမ္မိကော'တိ ခေါ ဘိက္ခု ဣမဿေ'တံ စာတုမဟာဘူတိကဿ ကာယဿ အဓိဝစနံ မာတာပေတ္တိကသမ္ဘဝဿ ဩဒနကုမ္မာသူပစယဿ အနိစ္စုစ္ဆာဒနပရိမဒ္ဒနဘေဒနဝိဒ္ဓံသနဓမ္မဿ။ (မ၁။၁၉၇)

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်မြတ်၏ အဓိပ္ပါယ်ကား "ချစ်သား ကုမာရကဿပ၊ တောင်ပို့ ဟူသောအမည်သည် ၄-ပါးသော မဟာဘုတ်ဖြင့်ပြီးသော, မိဘတို့၏ သုက်သွေးကြောင့်

ဖြစ်သော, ထမင်း, မုယောမုန့်တို့သည် ကြီးစေအပ်သော, မမြဲသောသဘော, လိမ်းကျံခြင်းသဘော, ဆုပ်နယ်ခြင်းသဘော, ပျက်စီးခြင်းသဘော, ပြိုကွဲခြင်းသဘောရှိသော ရူပကာယ၏ အမည်သာ ဖြစ်၏။

## ၁။ တောင်ပို့နှင့် တူကြောင်းတရား

အဘယ်ကြောင့် ရူပကာယသည် တောင်ပို့နှင့် တူလေသနည်းဟူမူကား ခြတို့သည် အနည်းငယ်သောမြေကို တံတွေးဖြင့် ဆွတ်၍ အပအရပ်၌ အန်၍ ပြုသောကြောင့် တောင်ပို့မည်သကဲ့သို့ **"အရိယေဟိ နိရပေက္ခော ဟုတွာ ဝမ္မိတဗ္ဗောတိ ဝမ္မိကော"**ဟူသော အဋ္ဌကထာပါဌ်နှင့်အညီ အရိယာပုဂ္ဂိုလ်တို့သည် ငဲ့ကွက်ခြင်းမရှိသည်ဖြစ်၍ အန်အပ်သော သဘောတရား ဖြစ်သောကြောင့်လည်း တောင်ပို့နှင့် တူ၏။

တနည်း တောင်ပို့သည် အပေါက်ပေါက်,အတွင်းတွင်းရှိသကဲ့သို့ ဤကိုယ်၌လည်း ခံတွင်း, နားတွင်း, နှာခေါင်း, မျက်တွင်း, မွေးတွင်း-စသည်တို့ဖြင့် အပေါက်ပေါက်,အတွင်းတွင်းရှိသောကြောင့် တောင်ပို့နှင့် တူ၏။

တနည်း တောင်ပို့၏အတွင်း၌ ဖွတ်, ကြောင်, မြွေ, မြွေပါ-အစရှိသော သတ္တဝါတို့၏ နေရာ, ကျင်ကြီး,ကျင်ငယ်စွန့်ရာ, အိမ်ထောင်ရာ, သားဖွားရာ, သုသာန်သင်္ချိုင်းပြုရာ ဖြစ်သကဲ့သို့ ဤကိုယ်၏ အတွင်း၌လည်း ပိုးမျိုး ၈၀-တို့နေရာ, ကျင်ကြီး, ကျင်ငယ်စွန့်ရာ, အိမ်ထောင်ရာ, သားဖွားရာ, သုသာန်သင်္ချိုင်းပြုရာ ဖြစ်သောကြောင့် တောင်ပို့နှင့် တူ၏။

## ၂။ ညဥ့်အခါ အခိုးလွှတ်ကြောင်းတရား

ခပ်သိမ်းသောသတ္တဝါတို့သည် နေ့အခါ ပြုအပ်သော လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း, မင်းခခြင်း-အစရှိသောအမှု မှုဆိုး,တံငါတို့၏ အမှုစသည်တို့ကို အာရုံပြု၍ ညဥ့်အခါ အဖန်တလဲလဲ ကြံဆင်ခြင်၏။ ဤသို့ ကြံဆင်ခြင်ခြင်းသည် ညဥ့်အခါ အခိုးလွှတ်သည် မည်၏။ ထို့ကြောင့်—

> **ယံ ခေါ ဘိက္ခု ဒိဝါ ကမ္မန္တေ အာရဗ္ဘ ရတ္တိံ အနုဝိတက္ကေတိ အနုဝိစာရေတိ၊ အယံ ရတ္တိံ ဓူမာယနာ။**

ဟု ဟောတော်မူသည်။　(မ၁။၁၉၇)

## ၃။ နေ့အခါ အလျှံလွှတ်ကြောင်းတရား

ခပ်သိမ်းသောသတ္တဝါတို့သည် ညဉ့်အခါ အဖန်တလဲလဲ ကြံပြီးသော် နေ့အခါ ပြုအပ်သော အမှုကိစ္စတို့၌ ကိုယ်,နှုတ်,နှလုံးတို့ဖြင့် ပြု၏။ ဤသို့ ပြုခြင်းသည် နေ့အခါ အလျှံလွှတ်သည် မည်၏။ ထို့ကြောင့် -

**ယံ ခေါ ဘိက္ခု ရတ္တိံ အနုဝိတက္ကေတွာ အနုဝိစာရေတွာ ဒိဝါ ကမ္မန္တေ ပယောဇေတိ ကာယေန ဝါစာယ မနသာ၊ အယံ ဒိဝါ ပဇ္ဇလနာ။**

ဟု ဟောတော်မူသည်။ (မ၁။၁၉၇)

## ၄။ ပုဏ္ဏားနှင့် တူကြောင်းတရား

"သဝါသနာယ ဗာဟိတပါပေါတိ ဗြာဟ္မဏော"ဟူသော ဝစနတ္ထနှင့်အညီ ပုဏ္ဏားဟူသောအမည်သည် ဝါသနာနှင့်တကွ အလုံးစုံသော အကုသိုလ်တရားတို့ကို ပယ်တော်မူပြီးသည်၏အဖြစ်ကြောင့် ဘုရားသခင်သည် ဗြာဟ္မဏ မည်၏။

ထို့ကြောင့်-

'ဗြာဟ္မဏော'တိ ခေါ ဘိက္ခု တထာဂတဿေ'တံ အဓိဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဟု ဟောတော်မူသည်။ (မ၁။၁၉၇။ မဋ္ဌ၊၂။၃၆)

## ၅။ ပညာရှိနှင့် တူကြောင်းတရား

ယောဂါဝစရဖြစ်၍ ကျင့်ဆဲဖြစ်သော ပုဂ္ဂိုလ်သည် ပညာရှိ မည်၏။ ထို့ကြောင့်-

'သုမေဓော'တိ ခေါ ဘိက္ခု သေက္ခဿေတံ ဘိက္ခုနော အဓိဝစနံ။

ဟု ဟောတော်မူသည်။ (မ၁။၁၉၇)

## ၆။ လက်နက်နှင့် တူကြောင်းတရား

လက်နက်-ဟူသော အမည်သည် မြတ်သောပညာ၏ အမည်သာတည်း။

## ၇။ ၄-စိတ်ခွဲ၍ တူးဆွရာသောတရား

၄-စိတ် ခွဲ၍ အဘယ်သို့ မပြတ် တူးသနည်းဟူမူကား ပညာ-ဟူသော လက်နက်ဖြင့် တောင်ပို့သဖွယ်ဖြစ်သော ဤကိုယ်ကို ပထဝီဓာတ်-၂၀, အာပေါဓာတ် ၁၂-ပါး, တေဇောဓာတ် ၄-ပါး, ဝါယောဓာတ် ၆-ပါးတို့ကို ခွဲ၍ အဖန်တလဲလဲ ဆင်ခြင်အားထုတ်ခြင်းသည် ၄-ဖြာခွဲ၍ မပြတ် တူးဆွသည် မည်၏။ ထို့ကြောင့်—

'သတ္ထ'န္တိ ခေါ ဘိက္ခု အရိယာယေတံ ပညာယ အဓိဝစနံ။

'အဘိက္ခဏ'န္တိ ခေါ ဘိက္ခု ဝီရိယာရမ္ဘဿေတံ အဓိဝစနံ။

ဟု ဟောတော်မူသည်။ (မ၁။၁၉၇)

## ၈။ တံခါးကျည်မင်းတုပ်နှင့် တူသောတရား

အဝိဇ္ဇာ-ဟူသော မောဟသည် တံခါးကျည်မင်းတုပ် မည်၏။ အဘယ့်ကြောင့် တံခါးကျည်မင်းတုပ်မည်လေသနည်းဟူမူကား ပစ္စင်, ရင်တား, တံခါး, ကျုံး, မြောင်း, တန်ဆောင်း, ပြအိုး, မြို့ရိုး, တံတိုင်းတို့ဖြင့် ခိုင်ခံ့စွာ စီရင်အပ်သောမြို့၌ တံခါးကျည်မင်းတုပ်ဖြင့် မြဲမြံခိုင်ခံ့စွာ ဖွဲ့အပ်သည်ရှိသော် မြို့တွင်း,မြို့ပ၌နေကုန်သော လူအပေါင်းတို့၏ ထွက်ရာ, ဝင်ရာအခွင့်ကို မရသကဲ့သို့ ထို့အတူ အဝိဇ္ဇာ-ဟူသော မောဟသည် သတ္တဝါတို့၏ ကိုယ်တွင်း၌ ဖြစ်သည်ရှိသော် တစ်စုံတစ်ခုသော သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ, ဟိရီ, ဩတ္တပ္ပ-စသော တရားတို့ဖြင့် ပြဋ္ဌာန်းသော ကာမာဝစရကုသိုလ်, ရူပါဝစရကုသိုလ်, အရူပါဝစရကုသိုလ်, လောကုတ္တရာကုသိုလ်တို့၏ ဒွါရ ၆-ပါး၌ ထွက်ရာ,ဝင်ရာကို မရနိုင်ရာ။ အဝိဇ္ဇာ-ဟူသော မောဟကို ပယ်သဖြင့် ရရာ၏။ ထို့ကြောင့်—

'လင်္ဂီ'တိ ခေါ ဘိက္ခု အဝိဇ္ဇာယေတံ အဓိဝစနံ။ ဥက္ခိပ လင်္ဂီ ပဇဟ အဝိဇ္ဇံ။

အစရှိသည်ဖြင့် ဟောတော်မူသည်။ (မ၁။၁၉၇။ မဋ္ဌ၂။၃၇)

## ၉။ တို့တိုင်းကြီးသောဖားနှင့် တူသောတရား

မိမိ,သူတပါး ၂-ပါးတို့အား ကြမ်းတမ်းသဖြင့် ပြစ်မှားခြင်းလက္ခဏာရှိသော ဒေါသသည် ဥဒ္ဓုမာယိက-တို့တိုင်းကြီးသောဖား မည်၏။ အဘယ့်ကြောင့် မည်လေသနည်းဟူမူကား ဥဒ္ဓုမာယိကအမည်ရှိသော ဖားသည် ပဲကြီးစေ့ခန့် ပမာဏရှိ၏။ ထိုဖားကို တစ်စုံတစ်

ယောက်သောသူသည် တုတ်, လှင်ကန်-စသည်ဖြင့် ပစ်ခတ်လေရာ၏။ ထိုအခါ ထိုဖားသည် ကြီး၍လာသဖြင့် ထန်းသီး, အုန်းသီးပမာဏရှိ၍ ခြေဖြင့် မြေကို ထိစေခြင်းငှာ မစွမ်းနိုင်။ ထိုဖားငယ်ကို ကျီး, စွန်ရဲ-အစရှိသော သတ္တဝါတို့သည် ထိုးဆွ, ဆိတ်ဆွ, ဖောက်ခွဲ၍ စားသောကြောင့် သေသော်လည်း သေရာ၏။ သေလောက်ရုံမျှသော ဘေးကို တွေ့သော်လည်း တွေ့ရာ၏။

ထို့အတူ ဒေါသအားကြီးသောသူသည် အနည်းငယ်သော အမနာပစကားကို ဆိုသဖြင့် အားနည်းသော ဒေါသဖြစ်ရာ၏။ များစွာသော အမနာပကို ဆိုသဖြင့် အားကြီးသောဒေါသ ဖြစ်ရာ၏။ အားနည်းသောဒေါသ, အားကြီးသောဒေါသဖြစ်ခြင်းကြောင့် ကလဟ, ဝိဂ္ဂဟ, ဝိဝါဒ, ဒဏ္ဍဒါန, သတ္ထဒါန-အစရှိသော ဘေးကို တွေ့၍ သေသော်လည်း သေရာ၏။ သေလောက်ရုံမျှသောဘေးကို တွေ့သော်လည်း တွေ့ရာ၏။ ထိုဒေါသကို ပယ်သဖြင့် မတွေ့ရာ။ ထို့ကြောင့်–

'ဥဒ္ဓုမာယိကာ'တိ ခေါ ဘိက္ခု ကောဓူပါယာသဿေ'တံ အဓိဝစနံ။ ဥက္ခိပ ဥဒ္ဓုမာယိကံ ပဇဟ ကောဓူပါယာသံ။

အစရှိသည်ဖြင့် ဟောတော်မူသည်။ (မ၁။၁၉၇။ မဋ္ဌ၊၂။၃၈)

## ၁၀။ ခရီး ၂-ကြောင်းနှင့် တူသောတရား

အာရုံ၏သဘောကို မဆုံးဖြတ်နိုင်ခြင်း လက္ခဏာရှိသော ဝိစိကိစ္ဆာသည် ခရီး ၂-ကြောင်း မည်၏။ အဘယ်ကြောင့် မည်လေသနည်းဟူမူကား- အသပြာထောင်ထုပ်ကို ပိုက်၍ ခရီးခဲသို့ သွားသောသူသည် ခရီး ၂-ကြောင်းသို့ ရောက်သောအခါ "ဤခရီးသည် အလိုရှိအပ်သော ဟုတ်မှန်သောခရီး ဖြစ်ပါလေ၏လော၊ သားရဲ, ခိုးသူရှိသော ခရီးခဲဖြစ်လေသလော၊ မဖြစ်လေသလော"အစရှိသည်ဖြင့် တွေးတောယုံမှားခြင်းများသော သူသည် လိုအပ်သောအရပ်သို့ မရောက်သကဲ့သို့ ထို့အတူ မဂ်,ဖိုလ်,နိဗ္ဗာန်ကို အလိုရှိကုန်သော သူတို့သည်–

- "ဤဘုရားကား သဗ္ဗညုဟုတ်လေ၏လော၊ မဟုတ်လော။
- တရားတော်သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဟုတ်လေ၏လော၊ မဟုတ်လော။
- သံဃာတော်သည် သုပ္ပဋိပန္န-စသော ကျေးဇူးနှင့် ပြည့်စုံလေ၏လော၊ မပြည့်စုံလော။
- ငါကျင့်အပ်သော ဒါန, သီလသည် အကျိုးရှိလေ၏လော၊ မရှိလော"

ဟု တွေးတောယုံမှားခြင်းများသော သူသည် အလိုရှိအပ်သော အကျိုး-ဟု ဆိုအပ်သော မဂ်,ဖိုလ်,နိဗ္ဗာန်ကို မရနိုင်ရာ။ ထိုဝိစိကိစ္ဆာကို ပယ်မှသာလျှင် ရနိုင်ရာ၏။ ထို့ကြောင့်—

'ဒွိဓာပထော'တိ ခေါ ဘိက္ခု ဝိစိကိစ္ဆာယေတံ အဓိဝစနံ။ ဥက္ခိပ ဒွိဓာပထံ ပဇဟ ဝိစိကိစ္ဆံ။

အစရှိသဖြင့် ဟောတော်မူသည်။ (မ၁။၁၉၈။ မဋ္ဌ၊၂။၃၈-၉)

## ၁၁။ စစ်အပ်သော အငန်ရည်နှင့် တူသောတရား

ကာမစ္ဆန္ဒနီဝရဏ-အစရှိကုန်သော နီဝရဏတရားတို့သည် စစ်အပ်သော အငန်ရည် မည်၏။ အဘယ့်ကြောင့် မည်လေသနည်း-ဟူမူကား လောက၌ စစ်အပ်သော အငန်ရည်သည် ၁-စက်, ၁-စက် ကျဖန်များသဖြင့် အိုးစရည်းကြီးသည် ပြည့်သကဲ့သို့ ထို့အတူ နီဝရဏတရားတို့သည်လည်း အနည်းငယ် သတ္တဝါတို့၏ ကိုယ်တွင်းသန္တာန်၌ ဖြစ်ဖန်များသဖြင့် အကုသိုလ်ဒုစရိုက်တို့သည် ပြည့်ရာ၏။ အကြောင်းဖြစ်သော အကုသိုလ်ဒုစရိုက် ပြည့်ခြင်းကြောင့် အကျိုးဖြစ်သော အပါယဒုက္ခ-အစရှိသော ဆင်းရဲအပေါင်းသည် ဖြစ်ရာ၏။ အငန်ရည်သဖွယ်ဖြစ်သော နီဝရဏတို့ကို ပယ်သဖြင့် အပါယဒုက္ခ-အစရှိသော ဆင်းရဲ မဖြစ်ရာ။ ထို့ကြောင့်—

'စင်္ဂဝါရ'န္တိ ခေါ ဘိက္ခု ပဉ္စန္နေ'တံ အဓိဝစနံ။ ဥက္ခိပ စင်္ဂဝါရံ ပဇဟ ပဉ္စနီဝရဏေ။

အစရှိသဖြင့် ဟောတော်မူသည်။ (မ၁။၁၉၈။ မဋ္ဌ၊၂။၃၉)

## ၁၂။ လိပ်နှင့် တူသောတရား

ဥပါဒါနက္ခန္ဓာ ၅-ပါးသည် လိပ်မည်၏။ အဘယ့်ကြောင့် မည်လေသနည်းဟူမူကား လိပ်သည် ခြေ, လက်, ဦးခေါင်း၊ ၅-ခုသချာရှိသကဲ့သို့ ထိုအတူ ဥပါဒါနက္ခန္ဓာသည်လည်း ၅-ခုသချာရှိရကား လိပ်မည်၏။ လိပ်သဖွယ်ဖြစ်သော ဥပါဒါနက္ခန္ဓာ ၅-ပါးကိုလည်း တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းရာ၊ ဉာဏ်ဖြင့် စွန့်ရာ၏။ ထို့ကြောင့်—

'ကုမ္မော'တိ ခေါ ဘိက္ခု ပဉ္စန္နေ'တံ ဥပါဒါနက္ခန္ဓာနံ အဓိဝစနံ။ ဥက္ခိပ ကုမ္မံ ပဇဟ ပဉ္စုပါဒါနက္ခန္ဓေ။

အစရှိသည်ဖြင့် ဟောတော်မူသည်။ (မ၁။၁၉၈။ မဋ္ဌ၊၂။၃၉)

## ၁၃။ သန်လျက်သားလှီးဓားနှင့် တူသောတရား

ကာမဂုဏ် ၅-ပါးသည် သားလှီးဓား ၅-စင်း မည်၏။ အဘယ့်ကြောင့် မည်လေသနည်းဟူမူကား လောက၌ သားလှီးဓား ၅-စင်းဖြင့် သား,ငါး-စသည်တို့ကို လှီးကုန်, မွှန်းကုန်ဘိသကဲ့သို့ ထို့အတူ ကာမဂုဏ် ၅-ပါးလျှင် အကြောင်းရင်းရှိသော အကုသိုလ်ဒုစရိုက်သည် ဖြစ်ရာ၏။ ထိုဒုစရိုက် အကျိုးပေးသောကြောင့် အပါယ် ၄-ပါးအတွင်းတွင် ပျက်စီးလျက် ကျလေရာ၏။ သံသရာဝဋ်ဆင်းရဲ ရှည်လျားခြင်းသည် ဖြစ်လေရာ၏။ ထိုကာမဂုဏ်ကို ပယ်ရမူကား ထိုဆိုအပ်ခဲ့ပြီးသော ဘေးအပေါင်းတို့သည် မဖြစ်ရာ။ ထို့ကြောင့်–

> **'အသိသူနာ'**တိ ခေါ ဘိက္ခု ပဉ္စန္နေတံ ကာမဂုဏာနံ အဓိဝစနံ။ ဥက္ခိပ အသိသူနံ ပဇဟ ပဉ္စ ကာမဂုဏေ။

အစရှိသည်ဖြင့် ဟောတော်မူသည်။ (မ၁။၁၉၈။ မဋ္ဌ၂။၃၉)

## ၁၄။ အမဲသားတစ်နှင့် တူသောတရား

နန္ဒီရာဂတဏှာသည် အမဲသားတစ် မည်၏။ အဘယ့်ကြောင့် မည်လေသနည်းဟူမူကား ပူလှစွာသော အိုးကင်း၌ အမဲသားစုကို ပစ်ချအပ်သည်ရှိသော် အလွန်ကပ်ငြိသဖြင့် ခွါခြင်းငှာ ခဲသကဲ့သို့ ထို့အတူ နန္ဒီရာဂတဏှာသည် ရူပါရုံ-အစရှိသော အာရုံ ၆-ပါးတို့၌ ပြင်းစွာ တပ်သောအားဖြင့် ကပ်ငြိတတ်၏။ ထိုအမဲသားတစ်သဖွယ်ဖြစ်သော နန္ဒီရာဂတဏှာကိုလည်း စွန့်ရာ၏-ဟူ၍ ဟောတော်မူလိုသည်ဖြစ်၍–

> **'မံသပေသီ'**တိ ခေါ ဘိက္ခု နန္ဒီရာဂဿေတံ အဓိဝစနံ။ ဥက္ခိပ မံသပေသိံ ပဇဟ နန္ဒီရာဂံ။

ဟူ၍ ဟောတော်မူသည်။ (မ၁။၁၉၈။ မဋ္ဌ၂။၃၉)

## ၁၅။ လည်ရေး ၃-ဆင့်ရှိသော နဂါးနှင့် တူသောတရား

ကိလေသာ အာသဝေါတို့၏ ကုန်ခြင်းသို့ ရောက်တော်မူကုန်ပြီးသော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ထိုပုဂ္ဂိုလ်တို့ကို အကြောင်းပြုသဖြင့် ရတနာ ၃-ပါးတို့သည်လည်းကောင်း လည်ရေး ၃-ဆင့်ရှိသော နဂါးမည်၏။ အဘယ့်

ကြောင့် မည်လေသနည်းဟူမူကား လောက၌ လျှင်သောအဆိပ်, ကြမ်းသောအဆိပ်နှင့် ပြည့်စုံသော တန်ခိုးထက်နဂါးတို့ကို မထီမဲ့မြင် မခိုင်းမနိုင်းပြု၍ အုတ်ခဲ, ကျောက်ခဲ, တုတ်, လှင်ကန်-စသည်တို့ဖြင့် ပစ်ခတ်ရိုက်ပုတ်ခြင်းကို ပြုသောသူအား နဂါးတို့သည် အမျက်ထွက်သဖြင့် မျက်စောင်းထိုးခြင်း, အကျိုးမဲ့ကို ဆောင်ခြင်း-အစရှိသည်တို့ကို ပြု၍ ဖွဲပြာဖြစ်ခြင်း, အနာရောဂါစွဲရောက်ခြင်း, သေကျေပျက်စီးခြင်း, ဥစ္စာကုန်ခန်းခြင်းသို့ ရောက်ရာ၏။

နဂါးအား ရိုသေခြင်း-အစရှိသည်ကို ပြုရာ၏။ ပြုသည်ရှိသော် ထိုနဂါးတို့သည် ရွှေ, ငွေ, ကျောက်သံ, ပတ္တမြား-အစရှိသော ရတနာမျိုးတို့ကို ပေးသဖြင့် တစ်သက်ပတ်လုံး သုံးဆောင်၍ မကုန်နိုင်သော ရတနာမျိုးတို့နှင့် ပြည့်စုံကုန်သကဲ့သို့ ထို့အတူ နဂါးသဖွယ်ဖြစ်သော ရတနာ ၃-ပါးတို့အား ကာယကံ, ဝစီကံ, မနောကံတို့ဖြင့် ထိပါးတိုက်ခိုက် ပြစ်မှားမိသောသူသည် ချမ်းသာ ၃-ပါးမှ ကင်း၍ ပစ္စက္ခမျက်မှောက်၌ ဥစ္စာစည်းစိမ် ဆုတ်ယုတ်ခြင်း, ခိုးသူဘေး, မင်းဘေး-အစရှိသော ဘေးဥပဒ္ဒဝါတို့သည် ဖြစ်ရာ၏။ အပါယ်-စသော ဘေးတို့သည် ဖြစ်ရာ၏။ အနာရောဂါ စွဲရောက်ခြင်းတို့သည်လည်း ရောက်ရာ၏။ ရတနာ ၃-ပါးတို့အား ကံ ၃-ပါးတို့ဖြင့် မပြစ်မှားမူ၍ ရိုသေသောသူသည် ဆိုအပ်ခဲ့ပြီးသော ပစ္စက္ခဘဝ၌ ဖြစ်သောဘေး-အစရှိသည်လည်း မဖြစ်ရာ။ လူ့,နတ်တို့သည် နှစ်သက်အပ်သော လူ့,နတ်, နိဗ္ဗာန် ၃-တန်သော ချမ်းသာတို့ကို ရရာ၏။ ထို့ကြောင့်–

> ‘နာဂေါ’တိ ခေါ ဘိက္ခု ခီဏာသဝဿေ’တံ အဓိဝစနံ။ တိဋ္ဌတု နာဂေါ၊ မာ နာဂံ ဃဋ္ဋေသိ၊ နမော ကရောဟိ နာဂဿာတိ။

အစရှိသည်ဖြင့် ဟောတော်မူသည်။ (မူလပဏ္ဏာသ။ ၁၉၅-၁၉၈။ ၎င်းအဋ္ဌကထာ၊၂၆-၄၁)

★★★★★★★

## [ ၅ ] သတ္တဝါတို့ကို ဂင်္ဂါမြစ်၌ မျောသော သစ်တုံးနှင့် ဥပမာပြု၍ ဟောခြင်းတရား

အလုံးစုံသောတရားအပေါင်းကို သိတော်မူပြီးသော ဘုရားသခင်သည် တရံရောအခါ ကောသမ္ဗီပြည်၊ ဂင်္ဂါမြစ်နား၌ သီတင်းသုံး၍ နေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ ဂင်္ဂါမြစ်ရေအလျဉ်ဖြင့် မျော၍လာသော ၁-ခုသော သစ်တုံးကြီးကို မြင်၍ ရဟန်းတို့ကို ခေါ်တော်မူ၍ “ငါ၏ချစ်သား ရဟန်းများတို့၊ ဂင်္ဂါမြစ်ရေအလျဉ်ဖြင့် မျော၍လာသော ဤ ၁-ခုသော သစ်တုံးကြီးကို မြင်ကြကုန်၏လော”ဟု မေးတော်မူ၏။ ရဟန်းတို့သည် “မြင်ပါကြောင်း”ကို နားတော်လျှောက်ကုန်၏။ ထိုအခါ သဗ္ဗညုဘုရားသခင်သည် “ငါ၏ ချစ်သား ရဟန်းများတို့၊ ဤသစ်တုံးကြီးသည်—

- ဤမှာဘက်ကမ်းမှာ မတင်သည် ဖြစ်အံ့၊
- ထိုမှာဘက်ကမ်း၌ မတင်သည် ဖြစ်အံ့၊
- အလယ်၌ မနစ်သည် ဖြစ်အံ့၊
- အလယ်ကျွန်းမှာ မတင်သည် ဖြစ်အံ့၊
- လူဆယ်၍ မထားသည် ဖြစ်အံ့၊
- နတ်ဆယ်၍ မထားသည် ဖြစ်အံ့၊
- ဝဲလည်၍ မနေသည် ဖြစ်အံ့၊
- ရေ၏အတွင်း၌ ပုပ်ဆွေး၍ မကုန်သည်ဖြစ်အံ့။

သမုဒ္ဒရာသို့ ရောက်ရာ၏။ ငါ၏ချစ်သား ရဟန်းများတို့၊ ဤသစ်တုံးကြီးသည် ဤမှာဘက်ကမ်းမှာ တင်ခြင်း-အစရှိသော ဘေးရန်ကင်းသည်ရှိသော် သမုဒ္ဒရာသို့ ရောက်ရသကဲ့သို့ ထို့အတူ ငါ၏ချစ်သားတို့မှ စ၍ သတ္တဝါအပေါင်းတို့သည်လည်း—

- ဤမှာဘက်ကမ်းမှာ မတင်ကုန်သည် ဖြစ်အံ့၊
- ထိုမှာဘက်ကမ်းမှာ မတင်ကုန်သည် ဖြစ်အံ့၊
- အလယ်၌ မနစ်ကုန်သည် ဖြစ်အံ့၊
- အလယ်ကျွန်းမှာ မတင်ကုန်သည် ဖြစ်အံ့၊
- လူဆယ်၍ မထားကုန်သည် ဖြစ်အံ့၊
- နတ်ဆယ်၍ မထားကုန်သည် ဖြစ်အံ့၊
- ဝဲလည်၍ မနေကုန်သည် ဖြစ်အံ့၊
- အတွင်း၌ ပုပ်ဆွေး၍ မကုန်သည် ဖြစ်အံ့။

နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာသို့ ရောက်ကုန်ရာ၏။ အဘယ့်ကြောင့်နည်းဟူမူကား သမ္မာဒိဋ္ဌိ-အစရှိသော မဂ္ဂင်တရား ၈-ပါးတို့သည် နိဗ္ဗာန်သို့ ညွတ်ကုန်၏၊ နိဗ္ဗာန်သို့ ကိုင်းကုန်၏၊ နိဗ္ဗာန်သို့ ရှိုင်းကုန်၏”ဟု ဟောတော်မူသည်။

ထိုအခါ အနုသန္ဓေ၌ လိမ္မာသော ၁-ဦးသောရဟန်းသည် “ဘုန်းတော်အလွန်ကြီး မြတ်တော်မူသော မြတ်စွာဘုရား၊ ပြကတော့သော သစ်တုံးကြီး၏ ဤမှာဘက်ကမ်းမှာ တင်သည်, ထိုမှာဘက်ကမ်းမှာ တင်သည်-အစရှိသည်ကို သိရပါပြီ။ သတ္တဝါတို့၏ ဤမှာဘက်ကမ်းကား အဘယ်နည်း၊ ထိုမှာဘက်ကမ်းကား အဘယ်နည်း”အစရှိသည်ဖြင့် လျှောက်ထားတောင်းပန်သည်ကို အကြောင်းပြု၍—

'ဩရိမံ တီရ'န္တိ ခေါ ဘိက္ခု ဆန္နေ'တံ အဇ္ဈတ္တိကာနံ အာယတနာနံ အဓိဝစနံ။ အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။    (သံ၊၂။၃၈၇)

## ၁။ မဟာသမုဒ္ဒရာ၏ ဤမှာဘက်ကမ်း

အဓိပ္ပါယ်ကား စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန-တည်းဟူသော အဇ္ဈတ္တိကာယတန ၆-ပါးတို့သည် သတ္တဝါတို့၏ ဤမှာဘက်ကမ်း မည်ကုန်၏။ ဤမှာဘက်ကမ်းသဖွယ်ဖြစ်သော စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မနတို့၌ သတ္တဝါတို့သည် တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် ပြင်းစွာ စွဲလမ်းကုန်သည်ဖြစ်၍ ရဆဲဖြစ်သော စက္ခု-အစရှိသည်တို့ကိုလည်း စွန့်ရအံ့သည်မှ အလွန်လျှင် ကြောက်လန့်ကုန်၏။ မရသေးသော နောက်နောင်သော ဘဝကာလတို့၌ ဖြစ်လတ္တံ့သော စက္ခု-အစရှိသည်တို့ကိုလည်း အလွန်လျှင် တောင့်တကုန်သည်ဖြစ်၍ စွဲလမ်းခြင်း, ကပ်ငြိခြင်း ရှိကုန်၏။ ဤမှာဘက်ကမ်းမှာ တင်သော သစ်သည် မဟာသမုဒ္ဒရာသို့ မရောက်နိုင်သကဲ့သို့ အဇ္ဈတ္တိကာယတန ၆-ပါးတည်းဟူသော ဤမှာဘက်ကမ်းကို စွဲလမ်းနှစ်သက်ခြင်း ရှိကုန်သော သတ္တဝါတို့သည်လည်း နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာသို့ မရောက်နိုင်သောအဖြစ်ကို ဟောတော်မူသည်။

## ၂။ မဟာသမုဒ္ဒရာ၏ ထိုမှာဘက်ကမ်း

ထိုမှာဘက်ကမ်း-ဟူသည် အဘယ်နည်းဟူမူကား ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတနတည်းဟူသော ဗာဟိရာယတန ၆-ပါးတို့သည် ထိုမှာဘက်ကမ်း မည်၏။ ထိုမှာဘက်ကမ်းသဖွယ်ဖြစ်သော ဗာဟိရာယတန ၆-ပါးတို့ကို တဏှာ,မာန,ဒိဋ္ဌိတို့ဖြင့် ပြင်းစွာ စွဲလမ်းကပ်ငြိခြင်းရှိကုန်သော သတ္တဝါတို့သည် မိမိရဆဲဖြစ်ကုန်သော အာရုံ ၆-ပါးတို့နှင့် ကွဲပြားရအံ့သည်မှ အလွန်လျှင် ကြောက်လန့်ကုန်၏။ နောက်နောင်ဘဝ၌ ဖြစ်လတ္တံ့သည်ဖြစ်၍ မရသေးသော အာရုံ ၆-ပါးတို့ကိုလည်း အလွန်လျှင် တောင့်တကုန်၏။

အာရုံ ၆-ပါးတို့၌ တောင့်တမက်မောကုန်သော သတ္တဝါတို့သည် ရူပါရုံ၌ မက်မောခြင်း မကင်းသည်ဖြစ်၍ ကချေသည်, ကျွမ်းသမား, သဘင်သည်တို့ကို များစွာ အခကျွေးပေး၍ ရူပါရုံကို ကြည့်ရှုခံစားကုန်၏။ အလွန်ချစ်မြတ်နိုးသော သား,မယားတို့အားလည်း အဝတ်တန်ဆာ ဆင်ယင်၍ ကြည့်ရှုခံစားစေကုန်၏။

သဒ္ဒါရုံ၌ မက်မောကုန်သည်ဖြစ်၍ အထူးထူးသော သဒ္ဒါရုံကို ပြုပြင်စီရင်တတ်သော သီချင်းသည်, စောင်းသမား, သဘင်သည် အစရှိသည်တို့အား များစွာသော အခကံကျွေးတို့ကို ပေး၍ အထူးထူးသော သဒ္ဒါရုံတို့ကို ခံစားကုန်၏။ ချစ်နှစ်လိုအပ်သော သား,မယား-အစရှိသောသူတို့၏ သာယာစွာ ပြောဆိုသော စကားကို နားထောင်၍ မရောင့်ရဲနိုင်အောင် ဖြစ်ကုန်၏။

ဂန္ဓာရုံ၌ မက်မောခြင်း မကင်းသည်ဖြစ်၍ နံ့သာသည်, ပန်းသမား-အစရှိသောသူတို့အား များစွာသော အခကံကျွေးတို့ကို ပေး၍ အထူးထူးသော ပန်း,နံ့သာတို့ကို ဖြစ်စေကုန်လျက် ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း- အစရှိသည်တို့ဖြင့် ဂန္ဓာရုံကို ခံစားကုန်၏။

ရသာရုံ၌ မက်မောခြင်း မကင်းသည်ဖြစ်၍ စဖိုသည်တို့အား များစွာသော အခကံကျွေးတို့ကို ပေး၍ အထူးထူးသော ရသာရုံတို့ကို ဖြစ်စေလျက် ရသာရုံတို့ကို ခံစားကြလေကုန်၏။

ဖောဋ္ဌဗ္ဗာရုံ၌ မက်မောခြင်း မကင်းသည်ဖြစ်၍ အထူးထူးသော ဉပါဒိန္နကဖဿတို့ကို ခံစားကုန်သည်ဖြစ်၍ မေ့မေ့လျော့လျော့ နေ့,ညဥ့်တို့ကို ကုန်စေကုန်၏။

အပေါင်းဖြစ်သော ပိယသဘော, သာတသဘောရှိသော ဓမ္မာရုံ၌ မက်မောခြင်း မကင်းသည်ဖြစ်၍ ထိုအာရုံကို တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် ကပ်ငြိစွဲလမ်းသည်ဖြစ်၍ မေ့မေ့လျော့လျော့ နှစ်,လ, နေ့, ရက် အဆက်ဆက်သော ဘဝ, အဆက်ဆက်သော ကမ္ဘာတို့ကို ကုန်စေကုန်၏။ ထိုမှာဘက်ကမ်းမှာ တင်သော သစ်တုံးသည် မဟာသမုဒ္ဒရာသို့ မရောက်နိုင်သကဲ့သို့ ဗာဟိရာယတနတည်းဟူသော ထိုမှာဘက်ကမ်း၌ တင်သောသတ္တဝါတို့သည် မဟာသမုဒ္ဒရာတည်းဟူသော နိဗ္ဗာန်သို့ မရောက်နိုင်ကုန်။ ထို့ကြောင့်–

'ပါရိမံ တီရ'န္တိ ခေါ ဘိက္ခု ဆန္နေတံ ဗာဟိရာနံ အာယတနာနံ အဓိဝစနံ။

ဟု ဟောတော်မူသည်။ (သံ၊၂။၃၈၇)

## ၃။ မဟာသမုဒ္ဒရာ၏အလယ်၌ နစ်ခြင်း

အာရုံ ၆-ပါးတို့၌ နန္ဒီရာဂတဏှာဖြင့် သတ္တဝါတို့ တပ်စွန်းခြင်းသည် အလယ်၌ နစ်သည် မည်၏။ နန္ဒီရာဂတဏှာမည်သည်ကား အလွန်ပူသော အိုးကင်း၌ ပစ်အပ်သော သားတစ်သည် ကပ်ငြိလေသော် ခွါ၍ မရသကဲ့သို့လည်းကောင်း, အထူးထူးသော အစေးတို့ဖြင့် ပေါင်း၍ ပြုအပ်သော များစွာသော မျောက်နဲ့စေးကို မျောက်တို့၏ ကျက်စားရာ အရပ်၌ ထားအပ်သည်ရှိသော် မျောက်တို့ တွေမြင်လေ၍–

- လက် ၁-ဖက်ဖြင့် ကိုင်သည်ရှိသော် ခွါ၍ မရနိုင်အောင် ကပ်ငြိလေ၏။
- လက် ၁-ဖက်ဖြင့် ကိုင်ပြန်သည်ရှိသော် ထို့အတူ ခွါ၍ မရနိုင်အောင် ကပ်ငြိပြန်လေ၏။
- ခြေ ၁-ဖက်ဖြင့် လှံ့လပြုသော်လည်း ကပ်ငြိပြန်လေ၏။
- ခြေ ၁-ဖက်ဖြင့် လှံ့လပြုပြန်သည်ရှိသော် ကပ်ငြိပြန်လေ၏။
- ဦးခေါင်းဖြင့် လွတ်စိမ့်သောငှာ လှံ့လပြုပြန်သော်လည်း ကပ်ငြိပြန်လေ၏။
- ဝမ်းဖြင့် လွတ်စိမ့်သောငှာ လှံ့လပြုပြန်သည်ရှိသော် ကပ်ငြိပြန်လေ၏။

အလုံးစုံသောကိုယ်ကို ကပ်ငြိသောမျောက်သည် ထိုမျောက်နဲ့စေးမှ လွတ်စေခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ မုဆိုးတို့သည် အလိုရှိတိုင်း ဟင်းလျာလက်သုပ် ပြုလုပ်ရာအဖြစ်သို့ ရောက်သကဲ့သို့လည်းကောင်း ထို့အတူ သတ္တဝါတို့သည် ဘဝအဆက်ဆက် အနမတဂ္ဂသံသရာမှစ၍ အာရုံ ၆-ပါးတို့၌ နန္ဒီရာဂတဏှာဖြင့် ကပ်ငြိခြင်းကြောင့် မိမိကိုယ်ကို နန္ဒီရာဂတဏှာမှ လွတ်စေခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ ဒေဝပုတ္တမာရ်, ကိလေသမာရ်တည်းဟူသော မုဆိုးလက်၌ လက်သုပ်ဟင်းလျာအဖြစ်ဖြင့် ပျက်စီးခြင်းသို့ ရောက်လေ၏။ အလယ်၌ နစ်သော သစ်တုံးသည် မဟာသမုဒ္ဒရာသို့ မရောက်နိုင်သကဲ့သို့ နန္ဒီရာဂတဏှာဖြင့် အာရုံ ၆-ပါးတို့၌ ကပ်ငြိစွဲလမ်း ပင်ပန်းကုန်သော သတ္တဝါတို့သည် နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာသို့ မရောက်နိုင်ကုန်။ ထို့ကြောင့်–

**'မဇ္ဈေ သံသီဒေါ'တိ ခေါ ဘိက္ခု နန္ဒီရာဂဿေတံ အဓိဝစနံ။**

ဟု ဟောတော်မူသည်။   (သံ၊၂။၃၈၇)

## ၄။ မဟာသမုဒ္ဒရာ၏ အလယ်ကျွန်း

အလယ်ကျွန်းဟူသည် အဘယ်နည်းဟူမူကား 'ငါ'-ဟု ထောင်လွှားတတ်သော မာနသည် အလယ်ကျွန်း မည်၏။ ဤလောက၌ အချို့သောသူသည်–

| | |
|---|---|
| ငါသာလျှင် အမျိုးမြတ်၏၊ | ငါသာလျှင် ဥစ္စာများ၏၊ |
| ငါသာလျှင် အခြွေအရံများ၏၊ | ငါသာလျှင် အစိုးရ၏၊ |
| ငါသာလျှင် အဆင်းလှ၏၊ | ငါသာလျှင် အသက်ရှည်၏၊ |
| ငါသာလျှင် ခွန်အားဗလကြီး၏၊ | ငါသာလျှင် အနာရောဂါကင်း၏၊ |

ငါသာလျှင် သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတို့နှင့် ပြည့်စုံ၏။ –

ဟု မိမိကိုယ်ကို ချီးမြှင့်၍ သူတပါးတို့အား မခိုင်းမနိုင်း အင်တူပြုတတ်၏။ အသက်ဖြင့် ကြီးသောသူ, ဂုဏ်ဖြင့် ကြီးသောသူတို့အားလည်းကောင်း၊ ဆရာ, မိဘတို့အားလည်းကောင်း၊ မိကြီး, မိထွေး, ဘကြီး, ဘထွေးတို့အားလည်းကောင်း မာန၏အစွမ်းအားဖြင့်သာလျှင် ပြောဆိုပြုကျင့်လေ့ရှိ၏။ ထိုသူသည် မာနတည်းဟူသော အလယ်ကျွန်း၌ တင်သည် မည်၏။ အလယ်ကျွန်း၌ တင်သော သစ်တုံးသည် မဟာသမုဒ္ဒရာသို့ မရောက်နိုင်သကဲ့သို့ မာနတည်းဟူသော အလယ်ကျွန်း၌ တင်သောသူသည်လည်း နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာသို့ မရောက်နိုင်ရာ။ ထို့ကြောင့်–

**'ထလေ ဥဿာဒေါ'တိ ခေါ ဘိက္ခု အသ္မိမာနဿေ'တံ အဓိဝစနံ။**

ဟု ဟောတော်မူသည်။ (သံ၊၂။၃၈၇)

## ၅။ လူဆယ်ယူထားခြင်း

အဘယ်သို့ လူဆယ်သနည်းမူဟူကား ရဟန်းဖြစ်တုံအံ့၊ လူတို့နှင့် ရောနှောသည် ဖြစ်၍, တကွနှစ်သက်ခြင်း, တကွစိုးရိမ်ခြင်းရှိသည်ဖြစ်၍, လူတို့ချမ်းသာလျှင် ချမ်းသာခြင်း, လူတို့ဆင်းရဲလျှင် ဆင်းရဲခြင်းရှိသည်ဖြစ်၍, လူတို့၏အမှုကိစ္စတို့၌ ကြောင့်ကြဗျာပါရပြုခြင်းသို့ ရောက်၏။ လူ့ဘုံ၌ တပ်စွန်းခြင်း မကင်းသည်ဖြစ်၍ ဒါန, သီလ-အစရှိသော ကုသိုလ်တရားကို ပြု၏။ လူဖြစ်တုံအံ့၊ လူ့ဘုံကို တောင့်တ၍ ဒါန, သီလ-အစရှိသော ကုသိုလ်ကောင်းမှုကို ပြု၏။ ထိုလူ,ရဟန်းတို့အား လူဆယ်၍ထားသော သစ်တုံးသည် မဟာသမုဒ္ဒရာသို့ မရောက်နိုင်သကဲ့သို့ ထို့အတူ တောင့်တတိုင်း လူ့ဘုံသို့ ရောက်၍ နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာသို့ မရောက်နိုင်ရာ။ ထို့ကြောင့်—

**ကတမော စ ဘိက္ခု မနုဿဂ္ဂါဟော။ ဣဓ ဘိက္ခု ဂိဟီဟိသံသဋ္ဌော ဟရတိ၊ သဟနန္ဒီ သဟသောကီ သုခိတေသု သုခိတော ဒုက္ခိတေသု ဒုက္ခိတော။**

အစရှိသည်ဖြင့် ဟောတော်မူသည်။ (သံ၊၂။၃၈၇)

## ၆။ နတ်ဆယ်ယူထားခြင်း

အဘယ်သို့ နတ်ဆယ်သနည်းဟူမူကား ဤလောက၌ အချို့သောသူသည် "ဤဒါနကျင့်ဝတ်, ဤသီလကျင့်ဝတ်, ဤမြတ်သောအကျင့်ဖြင့် ဘုန်းကြီးသော နတ်သည်လည်း ဖြစ်ရလို၏။ ဘုန်းနည်းသော နတ်တို့တွင် ၁-ပါးပါးသော နတ်သည်မူလည်း ဖြစ်ရလို၏"ဟု နတ်ပြည်သို့ တောင့်တ၍ ကုသိုလ်ကောင်းမှုကို ပြု၏။ ထိုသူ တောင့်တတိုင်း နတ်ပြည်သို့

ရောက်၍ နတ်ဆယ်သော သစ်တုံးသည် မဟာသမုဒ္ဒရာသို့ မရောက်နိုင်သကဲ့သို့ နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာသို့ မရောက်နိုင်။ ထို့ကြောင့်—

**ကတမော စ ဘိက္ခု အမနုဿဂ္ဂါဟော။ ဣဓ ဘိက္ခု ဧကစ္စော အညတရံ ဒေဝနိကာယံ ပဏိဓာယ ဗြဟ္မစရိယံ စရတိ။** (သံ၊၂။၃၈၇)

ဟု ဟောတော်မူသည်။

## ၇။ ဝဲလည်ခြင်း

အဘယ်သို့ ဝဲလည်သနည်းဟူမူကား ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ကာမဂုဏ် ၅-ပါး တရားအစုတို့သည် ဝဲ မည်ကုန်၏။ ပြကတေ့သောဝဲသို့ ကျသောသတ္တဝါတို့သည် မိမိကိုယ်ကို ဝဲမှ ထုတ်၍ ကြည်းကုန်းထက်သို့ ရောက်အောင် မတတ်နိုင်။ ထိုဝဲ၌သာလျှင် သေကျေပျက်စီး ပြုန်းတီးခြင်းသို့ ရောက်ရသကဲ့သို့ ထို့အတူ ကာမဂုဏ်ဝဲသို့ ကျသော သတ္တဝါသည်လည်း မိမိကိုယ်ကို ထိုကာမဂုဏ်ဝဲမှ ထုတ်ခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ ထိုကာမဂုဏ်ဝဲ၌သာလျှင် ပျက်စီးပြုန်းတီးခြင်းသို့ ရောက်ရလေ၏။ ဝဲလည်သော သစ်တုံးသည် မဟာသမုဒ္ဒရာသို့ မရောက်သကဲ့သို့ ကာမဂုဏ်ဝဲ၌ကျသော သတ္တဝါသည်လည်း နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာသို့ မရောက်နိုင်။ ထို့ကြောင့်—

**'အာဝဋ္ဋဂ္ဂါဟော'တိ ခေါ ဘိက္ခု ပဉ္စန္နေ'တံ ကာမဂုဏာနံ အဓိဝစနံ။**

ဟု ဟောတော်မူသည်။ (သံ၊၂။၃၈၇)

## ၈။ မြစ်ရေအတွင်း၌ ပုပ်၍ ဆွေးခြင်း

အဘယ်သို့ မြစ်ရေအတွင်း၌ ပုပ်၍ ဆွေးကုန်သနည်းဟူမူကား ဤလောက၌ သီလမရှိသော လူ, ရဟန်းတို့သည် အသက်ရှည်သော်လည်း ပုပ်သည်, ဆွေးသည် မည်၏။ အဘယ်သို့ သီလမရှိသနည်းဟူမူကား လူဖြစ်တုံအံ့၊ လူတို့သည် ဆောက်တည်အပ်သော ပဉ္စင်္ဂသီလ, အဋ္ဌင်္ဂသီလ, ဒသင်္ဂသီလ, ၁၀-ပါးသော သုစရိုက်သီလ, အာဇီဝဋ္ဌမကသီလကို မဖြည့်ကျင့်ကုန်။ သူ့အသက်ကို သတ်ခြင်း, သူ့ဥစ္စာကို ခိုးခြင်း, သူ့သားအိမ်ရာကို ပြစ်မှားခြင်း, မုသားဆိုခြင်း, သေရည်သေရက်ကို သောက်စားခြင်း-အစရှိသော အကုသိုလ်ဒုစရိုက်တရားတို့ကို လွန်ကျူး၍ ကျင့်ကုန်၏။

ရဟန်းဖြစ်တုံအံ့၊ ရဟန်းတို့သည် ကျင့်အပ်သော သီလသိက္ခာပုဒ်တို့ကို လွန်ကျူး၍ ကျင့်ကုန်၏။ ထိုလူ,ရဟန်းတို့သည် အသက်ရှင်သော်လည်း ပုပ်သည် မည်၏။ ဆွေးသည်

လည်း မည်၏။ ထိုလူပုပ်,လူဆွေးအပေါင်းတို့သည် သေလည်း မသေသာ၊ ရှင်လည်း မရှင်သာ ရှိလေကုန်၏။ အဘယ်ကြောင့်နည်းဟူမူကား သေသည်မှ အခြားမဲ့၌ အပါယ် ၄-ပါးသို့ ဧကန်စင်စစ် လားရလတ္တံ့သည်ဖြစ်၍ မသေသာအောင် ရှိလေကုန်၏။ လူ့ပြည်၌ ကြာတိုင်း,ကြာတိုင်း အပါယ် ၄-ပါး၌ ကြာစရာများသောကြောင့် မရှင်သာအောင် ရှိကုန်၏။ သေသာ,ရှင်သာရှိစေခြင်းငှာ သီလတရားနှင့် ပြည့်စုံအောင် အားထုတ်ကုန်ရာသည်။ ပုပ်၍, ဆွေး၍ကုန်သော သစ်တုံးသည် မဟာသမုဒ္ဒရာသို့ မရောက်သကဲ့သို့ လူပုပ်,လူဆွေးအပေါင်းတို့သည်လည်း နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာသို့ မရောက်နိုင်ကုန်ရာ။ ထို့ကြောင့်-

**ကတမော စ ဘိက္ခု အန္တောပူတိဘာဝေါ။ ဣဓ ဘိက္ခု ဧကစ္စော ဒုဿီလော ဟောတိ၊ ပါပဓမ္မော။** (သံ၊၂။၃၈၇)

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုအခါ **နန္ဒ**အမည်ရှိသော နွားကျောင်းသားသည် မြတ်စွာဘုရား၏ အနီး၌ ဝပ်လျက် တရားကို နာ၍ နေလေ၏။ ထိုနန္ဒအမည်ရှိသော နွားကျောင်းသားသည် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ အကျွန်ုပ်သည် ဤမှာဘက်ကမ်းမှာလည်း မတင်လိုပါပြီ၊ ထိုမှာဘက်ကမ်းမှာလည်း မတင်လိုပါ၊ အလယ်၌ နစ်၍လည်း မနေလိုပါပြီ၊ အလယ်ကျွန်းမှာလည်း မတင်လိုပါပြီ၊ လူဆယ်ချက်ကိုလည်း မနှစ်သက်လိုပါပြီ၊ နတ်ဆယ်ချက်ကိုလည်း မနှစ်သက်လိုပါပြီ၊ ဝဲလည်၍လည်း မနေလိုပါပြီ၊ ပုပ်ဆွေး၍လည်း မနေလိုပါပြီ။ မြတ်စွာဘုရားထံတော်၌ ရှင်အဖြစ်ကို ရပါလို၏၊ ပဉ္စင်းအဖြစ်ကို ရပါလို၏"ဟု နားတော်လျှောက်၏။

ထိုအခါ လောကအရာ, ဓမ္မအရာ၌ လိမ္မာတော်မူလှသော မြတ်စွာဘုရားသည် "နန္ဒ၊ သင်သည် သူတပါးတို့ နွားကို အခစားကျောင်းသောသူဖြစ်သောကြောင့် နွားရှင်တို့အား နွားတို့ကို အပ်နှင်းချေ"ဟု မိန့်တော်မူ၏။"ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ လိမ္မာသောနွားတို့သည် ရှေ့မှ သွားကုန်သည်ရှိသော် နွားငယ်အပေါင်းတို့သည် လိုက်ပါကုန်လတ္တံ့"ဟု နားတော်လျှောက်၏။ "နန္ဒ၊ သင်သည် နွားရှင်တို့အား နွားတို့ကို အပ်နှင်းရာသည်သာလျှင်တည်း"ဟု မိန့်တော်မူ၏။

ထိုအခါ နန္ဒအမည်ရှိသော နွားကျောင်းသားသည် နွားရှင်တို့အား နွားတို့ကို အပ်နှင်းခဲ့၍ ဘုရားသခင်အထံတော်၌ ရှင်အဖြစ်, ရဟန်းအဖြစ်ကို ရလေ၏။ ရဟန်းဖြစ်၍ မကြာမြင့်သေးသော ရှင်နန္ဒသည် တစ်ယောက်ထီးတည်း ဆိတ်ငြိမ်ရာအရပ်သို့ ကပ်သည်ဖြစ်၍, မမေ့မလျော့သော သတိရှိသည်ဖြစ်၍, ကိလေသာကို ပူပန်စေတတ်သော လုံ့လနှင့်

ပြည့်စုံသည်ဖြစ်၍, နိဗ္ဗာန်သို့ စေလွှတ်သောစိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ထို့ကြောင့် ယခုအခါ ကိုယ်ကျိုး,ကိုယ့်စီးပွါးကို အလိုရှိသောသူတို့သည် ဤမှာဘက်ကမ်းမှာ မတင်သည်ဖြစ်အံ့၊ ထိုမှာဘက်ကမ်းမှာ မတင်သည်ဖြစ်အံ့၊ အလယ်၌ မနစ်သည်ဖြစ်အံ့၊ အလယ်ကျွန်း၌ မတင်သည်ဖြစ်အံ့၊ လူဆယ်ချက်ကို မနှစ်သက်သည်ဖြစ်အံ့၊ နတ်ဆယ်ချက်ကို မနှစ်သက်သည်ဖြစ်အံ့၊ ဝဲလည်၍ မနေသည်ဖြစ်အံ့၊ ပုပ်ဆွေး၍ မနေသည်ဖြစ်အံ့၊ နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာသို့ ဧကန်စင်စစ် ရောက်လေကုန်ရာသည်။

ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ်ဖြစ်သည်။ (သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၊ ၄-အာသီဝိသဝဂ်၊ ၄- ပဌမဒါရုက္ခန္ဓောပမသုတ်။)

★ ★ ★ ★ ★ ★ ★

## [ ၆ ] သဒ္ဓါ-အစရှိသော တရားတို့ကို လယ်လုပ်ခြင်း ဥပမာဖြင့် ဟောတော်မူကြောင်းတရား

အလုံးစုံသောတရားအပေါင်းတို့ကို သိမြင်တော်မူပြီးသော ဘုရားသခင်သည် တရံရောအခါ မဂဓတိုင်း၊ ဒက္ခိဏဂိရိဇနပုဒ်၌ နာဠကမည်သော ပုဏ္ဏားရွာ၌ သီတင်းသုံး၍ နေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ ကသိဘာရဒွါဇမည်သော ပုဏ္ဏားအား စိုက်ပျိုးအပ်သော ကာလ၌ ၅၀၀-ကုန်သော နွားရှဉ်းတို့ဖြင့် ထွန်အပ်သော ထွန်တို့သည် ဖြစ်ကုန်၏။ ထိုအခါ သဗ္ဗညုဘုရားသခင်သည် နံနက်အခါ သင်းပိုင်ကို အောက်,အထက် ပြန်ဝတ်၍ သပိတ်, သင်္ကန်းတို့ကို ဝတ်ရုံလွယ်တော်မူ၍ ကသိဘာရဒွါဇပုဏ္ဏားသည် လယ်ထွန်ရာအရပ်, လယ်လုပ်သားတို့အား ထမင်းကျွေးရာအရပ်သို့ ကြွတော်မူ၍ တင့်အပ်လျောက်ပတ်သောအရပ်၌ ရပ်တော်မူလေ၏။

ထိုအခါ ကသိဘာရဒွါဇပုဏ္ဏားသည် ဆွမ်းအလို့ငှာ ရပ်တော်မူသော ဘုရားသခင်ကို မြင်လေ၍ "အရှင်ရဟန်း၊ ငါမူကား လယ်ကို ထွန်၏၊ မျိုးကိုလည်း စိုက်ပျိုး၏၊ လယ်ကိုလည်း ထွန်၍, မျိုးကိုလည်း စိုက်ပျိုး၍ ထမင်းအစာအာဟာရကို စားရ၏။ သင်သည်လည်း လယ်ကို ထွန်၍, မျိုးကို စိုက်ပျိုး၍ စားလေလော့"ဟု ဆို၏။ ထိုအခါ သဗ္ဗညုဘုရားသခင်သည် "ကသိဘာရဒွါဇ-အမည်ရှိသော ပုဏ္ဏား၊ ငါဘုရားသည်လည်း လယ်ကိုလည်း ထွန်၏၊ မျိုးကိုလည်း စိုက်ပျိုး၏။ လယ်ကိုလည်း ထွန်၍, မျိုးကိုလည်း စိုက်ပျိုး၍ အစာအာဟာရကို စား၏"ဟု ဆို၏။

ထိုအခါ ကသိဘာရဒွါဇပုဏ္ဏားသည် "အရှင်ဂေါတမ၏ ထမ်းပိုးကိုလည်းကောင်း, ထွန်တုံးကိုလည်းကောင်း, ထွန်သွားကိုလည်းကောင်း, နှင်တံကိုလည်းကောင်း, နွားလားကိုလည်းကောင်း ငါတို့သည် မမြင်ပါကုန်။ ထိုသို့ဖြစ်လျက်လည်း အရှင်ဂေါတမသည် 'ကသိဘာရဒွါဇပုဏ္ဏား၊ ငါဘုရားသည်လည်း လယ်ကိုလည်း ထွန်၏၊ မျိုးကိုလည်း စိုက်ပျိုး၏။ လယ်ကိုလည်း ထွန်၍, မျိုးကိုလည်း စိုက်ပျိုး၍ စားသည်'-ဟု ဆိုတော်မူ၏။ အရှင်ဂေါတမ၏ လယ်လုပ်ခြင်းကို အဘယ်သို့ သိရပါအံ့နည်း"ဟု လျှောက်ထားလိုသည်ဖြစ်၍—

**ကဿကော ပဋိဇာနာသိ၊ န စ ပဿာမိ တေ ကသိံ။**
**ကဿကော ပုစ္ဆိတော ဗြူဟိ၊ ကထံ ဇာနေမု တံ ကသိ'န္တိ။ ။**

ဟူသော ဂါထာကို ဆို၏။ (သံ၊၁။၁၇၅)

"ဘော ဂေါတမ၊ အရှင်ဂေါတမ။ တွံ၊ သင်-အရှင်ဂေါတမသည်။ ကဿကော၊ လယ်လုပ်ယောကျ်ား, လယ်သမား-ဟူ၍။ ပဋိဇာနာသိ၊ ဝန်ခံ၏။ တေ၊ သင်-အရှင်ဂေါတမ၏။ ကသိံ၊ လယ်ထွန်ဘဏ္ဍာကို။ အဟံ၊ အကျွန်ုပ်သည်။ န စ ပဿာမိ၊ မမြင်ပါ။ ကဿကော၊ လယ်လုပ်ယောကျ်ား, လယ်သမား-ဟု ဝန်ခံသော။ ပုစ္ဆိတော၊ အကျွန်ုပ် မေးလျှောက်အပ်သော။ တွံ၊ အရှင်ဂေါတမသည်။ ဗြူဟိ၊ ဖြေဆိုတော်မူပါလော့။ တံ ကသိံ၊ ထိုလယ်ထွန်ဘဏ္ဍာကို။ ကထံ၊ အဘယ်သို့သော အကြောင်းဖြင့်။ မယံ၊ အကျွန်ုပ်တို့သည်။ ဇာနေမု'တိ၊ သိရပါကုန်အံ့နည်း"ဟူသော။ ဂါထာယ၊ ဂါထာဖြင့်။ အဇ္ဈဘာသိ၊ လျှောက်ဆို၏။

ထိုအခါ သဗ္ဗညုဘုရားသခင်သည် "ကသိဘာရဒွါဇပုဏ္ဏား၊ သင်တို့၏ လယ်လုပ်ခြင်းသည် နွားလားကိုလည်း မွေးရ၏။ ထွန်တုံး, ထမ်းပိုး, ဖွဲ့ကြိုး, နှင်တံ, ထွန်သွားတို့ကိုလည်း သိမ်းဆည်းရကုန်၏။ ထွန်သောအခါ၌လည်း သင်တို့၏နွားလားသည် ဤမှာဘက် ကန်သင်းမှသည် ထိုမှာဘက် ကန်သင်းသို့, ထိုမှာဘက် ကန်သင်းမှသည် ဤမှာဘက် ကန်သင်းသို့ သွားတုံ့ပြန်တုံ ဆုတ်နစ်ခြင်းသဘောရှိ၏။

- လယ်၏အတွင်း၌ ဖြစ်ကုန်သော သစ်မှိုက်, မြက်မှိုက်တို့ကို ဆယ်ရခြင်းသဘော ရှိကုန်၏။
- မျိုးစေ့ကို ကြဲရကုန်၏။
- ရေနည်းသောအခါ သွင်းရကုန်၏။
- များသောအခါ ထုတ်ရကုန်၏။
- စည်း, စောင်ရန်း, အရံတို့ကို ပြုလုပ်၍ နွား, ကျွဲ, ဆင်, မြင်း, သမင်, ဒရယ်-အစရှိသော သတ္တဝါတို့သည် မဖျက်ဆီးရအောင် စောင့်ရှောက်ရကုန်၏။

- နောင် ကောက်မှည့်သောအခါ၌ ရိတ်ရကုန်၏။
- ရိတ်ပြီး၍ ကောက်ဆုပ်တို့ကို ဆိုင်ရကုန်၏။
- ဆိုင်ပြီး၍ တလင်းသို့ တိုက်ရကုန်၏။
- တိုက်ပြီး၍ ညီညွတ်စွာ ဖြန့်၍ နယ်ရကုန်၏။
- နယ်ပြီး၍ ကောက်ရိုးတို့ကို ထုတ်ရကုန်၏။
- ထုတ်ပြီး၍ စပါးဖျင်း, ကောက်ရိုးတို့ကို ထုတ်ရကုန်၏။
- ထုတ်ပြီး၍ စပါးဖျင်း, ကောက်ရိုးညက်တို့ကို လွှင့်ရကုန်၏။
- ဤနှစ်၌ မျိုးကို တဖန်ထား၍ နောင်နှစ်၌လည်း ထို့အတူပင် လယ်လုပ်ခြင်းကိစ္စကို ရွက်ဆောင်ရကုန်၏။

သင်သည်လည်းကောင်း၊ သင်၏မိဘ,ဘိုးဘေးအဆက်ဆက်တို့သည်လည်းကောင်း လယ်လုပ်ခြင်းအမှုကိစ္စကို အပြီးအဆုံးသို့ ရောက်စေခြင်းငှာ မစွမ်းနိုင်ကုန်။ သေခြင်းသို့သာ ရောက်ရလေကုန်၏။ ဤကမ္ဘာ၌လည်းကောင်း, ရှေးရှေးသော ကမ္ဘာအဆက်ဆက်တို့၌လည်းကောင်း, နောက်နောက်ဖြစ်လတ္တံ့သော ကမ္ဘာအဆက်ဆက်တို့၌လည်းကောင်း လယ်လုပ်ခြင်းအမှုကိစ္စ၏ အပြီးအဆုံးသို့ ရောက်စေနိုင်သောသူကို ငါဘုရားသည် မြင်တော်မမူ။ သင်၏လယ်လုပ်ခြင်းကား ငါဘုရား-အစရှိသော ပညာရှိတို့ ချီးမွမ်းဖွယ် မရှိ၊ ကဲ့ရဲ့ဖွယ်သာ ဖြစ်၏"ဟု ပုဏ္ဏား၏ လယ်လုပ်ခြင်းကို ဟောကြားတော်မူပြီး၍ ကိုယ်တော်၏လယ်လုပ်ခြင်းကို ဟောကြားတော်မူလိုသော ဘုရားသခင်သည်—

**သဒ္ဓါ ဗီဇံ တပေါ ဝုဋ္ဌိ၊ ပညာ မေ ယုဂနင်္ဂလံ။**
**ဟိရီ ဤသာ မနော ယောတ္တံ၊ သတိ မေ ဖာလပါစနံ။ ။**

**ကာယဂုတ္တော ဝစီဂုတ္တော၊ အာဟာရေ ဥဒရေ ယတော။**
**သစ္စံ ကရောမိ နိဒ္ဒါနံ၊ သောရစ္စံ မေ ပမောစနံ။ ။**

**ဝီရိယံ မေ ဓုရဓောရယှံ၊ ယောဂက္ခေမာဓိဝါဟနံ။**
**ဂစ္ဆတိ အနိဝတ္တန္တံ၊ ယတ္ထ ဂန္တွာ န သောစတိ။ ။**

**ဧဝ'မေသာ ကသီ ကဋ္ဌာ၊ သာ ဟောတိ အမတပ္ဖလာ။**
**ဧတံ ကသိံ ကသိတွာန၊ သဗ္ဗဒုက္ခာ ပမုစ္စတီ'တိ။ ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (သံ၊၁။၁၇၅)

သဒ္ဓါ ဗီဇံ တပေါ ဝုဋ္ဌိ၊ ပညာ မေ ယုဂနင်္ဂလံ။
ဟိရီ ဤသာ မနော ယောတ္တံ၊ သတိ မေ ဖာလပါစနံ။ ။

"ဗြာဟ္မဏ၊ ကသိဘာရဒွါဇပုဏ္ဏား။ မေ၊ ငါဘုရား၏။ သဒ္ဓါ၊ ဒီပင်္ကရာ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ နိယတဗျာဒိတ်ကို ခံတော်မူသောအခါ ထားအပ်သော ကြည်လင်လှစွာသော သဒ္ဓါတရားသည်။ ဗီဇံ၊ မျိုးစေ့တည်း။ မေ၊ ငါဘုရား၏။ တပေါ၊ ဣန္ဒြိယသံဝရသီလသည်။ ဝုဋ္ဌိ၊ မိုးရေတည်း။ မေ၊ ငါဘုရား၏။ ပညာ၊ ဝိပဿနာပညာ, မဂ်ပညာသည်။ ယုဂနင်္ဂလံ၊ ထမ်းပိုး, ထွန်တုံးတည်း။ မေ၊ ငါဘုရား၏။ ဟိရီ၊ ဟိရီ, ဩတ္တပ္ပတရားသည်။ ဤသာ၊ ထွန်သန်တည်း။ မေ၊ ငါဘုရား၏။ မနော၊ သမာဓိစိတ်သည်။ ယောတ္တံ၊ ကြိုးတည်း။ မေ၊ ငါဘုရား၏။ သတိ၊ ဝိပဿနာနှင့်ယှဉ်သော သတိ, မဂ်နှင့်ယှဉ်သော သတိသည်။ ဖာလပါစနံ၊ ထွန်သွား, နှင်တံတည်း။

ကာယဂုတ္တော ဝစီဂုတ္တော၊ အာဟာရေ ဥဒရေ ယတော။
သစ္စံ ကရောမိ နိဒ္ဒါနံ၊ သောရစ္စံ မေ ပမောစနံ။ ။

အဟံ၊ ငါဘုရားသည်။ ကာယဂုတ္တော၊ ကာယသုစရိုက် ၃-ပါးတည်းဟူသော စောင့်ရန်းဖြင့် လုံခြုံသူတည်း။ ဝစီဂုတ္တော၊ ဝစီသုစရိုက် ၄-ပါးတည်းဟူသော စောင့်ရန်းဖြင့် လုံခြုံသူတည်း။ အာဟာရေ၊ ပစ္စည်း ၄-ပါး၌လည်းကောင်း။ ဥဒရေ၊ ဝမ်း၌လည်းကောင်း။ ယတော၊ စောင့်စည်းလုံခြုံသူတည်း။ အဟံ၊ ငါဘုရားသည်။ သစ္စံ၊ မှန်သောစကားဖြင့်။ နိဒ္ဒါနံ၊ ရိတ်ဖြတ်ခြင်းကို။ ကရောမိ၊ ပြု၏။ မေ၊ ငါ၏။ သောရစ္စံ၊ ကောင်းသောနိဗ္ဗာန်၌ မွေ့လျော်သည်၏အဖြစ် အရဟတ္တဖိုလ်သည်။ ပမောစနံ၊ လုပ်ငန်းမှ ထွက်မြောက်ကြောင်းတည်း။

ဝီရိယံ မေ ဓုရဓောရယှံ၊ ယောဂက္ခေမာဓိဝါဟနံ။
ဂစ္ဆတိ အနိဝတ္တန္တံ၊ ယတ္ထ ဂန္တွာ န သောစတိ။ ။

မေ၊ ငါဘုရား၏။ ဝီရိယံ၊ ကာယိကဝီရိယ, စေတသိကဝီရိယသည်။ ဓုရဓောရယှံ၊ လှည်းဦး၌ ဝန်ကို ဆောင်သော နွားလားသဖွယ် ဖြစ်၏။ ယောဂက္ခေမာဓိဝါဟနံ၊ ယောဂကုန်ရာ နိဗ္ဗာန်သို့ ပို့ဆောင်တတ်၏။ ယတ္ထ၊ အကြင်အရပ်သို့။ ဂန္တွာ၊ ရောက်သည်ရှိသော်။ န သောစတိ၊ မစိုးရိမ်ရ။ တတ္ထ၊ ထိုစိုးရိမ်ခြင်းကင်းရာ နိဗ္ဗာန်သို့။ အနိဝတ္တန္တံ၊ ဆုတ်နစ်ခြင်း မရှိသည်ဖြစ်၍။ ဂစ္ဆတိ၊ သွားတတ်၏။

ဧဝမေသာ ကသီ ကဋ္ဌာ၊ သာ ဟောတိ အမတပ္ဖလာ။
ဧတံ ကသိံ ကသိတွာန၊ သဗ္ဗဒုက္ခာ ပမုစ္စတီ'တိ။ ။

ဧဝံ၊ ဤဆိုအပ်ခဲ့သည့်အတိုင်း။ သော ကသိ၊ ဤလယ်ကို။ မယာ၊ ငါဘုရားသည်။ ကဋ္ဌာ၊ ထွန်အပ်ပြီ။ သာ၊ ထိုလယ်သည်။ အမတပ္ဖလာ၊ နိဗ္ဗာန်ဟူသော အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ ဧတံ ကသိံ၊ ဤလယ်ကို။ ကသိတွာန၊ ထွန်သောကြောင့်။ သဗ္ဗဒုက္ခာ၊ အလုံးစုံသောဆင်းရဲမှ။ ပမုစ္စတိ၊ လွတ်မြောက်၏။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

ထိုအခါ ကသိဘာရဒွါဇပုဏ္ဏားသည် အလွန်ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍ –

**ဘုဉ္ဇတု ဘဝံ ဂေါတမော ကဿကော ဘဝံ၊ ယံ ဟိ ဘဝံ ဂေါတမော အမတပ္ဖလမ္ပိ ကသိံ ကသတီတိ။**

ဟူသော ပါဠ်ဖြင့်–

ဘောဂေါတမ၊ အရှင်ဂေါတမ။ ယံ ဟိ၊ အကြင်အကြောင်းကြောင့်။ ဘဝံ ဂေါတ-မော၊ အရှင် ဂေါတမသည်။ အမတပ္ဖလမ္ပိ၊ အမြိုက်နိဗ္ဗာန်-ဟူသော အကျိုးရှိသည်လည်း ဖြစ်သော။ ကသိံ၊ လယ်ကို။ ကသတိ၊ ထွန်တော်မူ၏။ တေန၊ ထိုအကြောင်းကြောင့်။ ဘဝံ ဂေါတမော၊ အရှင်ဂေါတမသည်။ ဘုဉ္ဇတု၊ သုံးဆောင်တော်မူပါလော့။ ဘဝံ၊ အရှင်သည်။ ကဿကော၊ လယ်ထွန်တတ်သော လယ်သမားပါဘုရား။ ဣတိ၊ ဤသို့။ အဝေါစ၊ နားတော်လျှောက်၏။(သံ၊၁။၁၇၅)

ထိုအခါ သဗ္ဗညုဘုရားသခင်သည် "ဝိညတ်ပြု၍ ရအပ်သော ဘောဇဉ်ကို မထိုက်၊ ကိုယ့်ကျိုး, ကိုယ့်စီးပွါးကို အလိုရှိသည် ဖြစ်အံ့။ တပါးသော အရိယာပုဂ္ဂိုလ်တို့၌ လှူဒါန်းပူဇော်လေ"ဟု တိုက်တွန်းတော်မူလိုသည်ဖြစ်၍ –

**ဂါထာဘိဂီတံ မေ အဘောဇနေယျံ၊ သမ္ပဿတံ ဗြာဟ္မဏ နေ'သ ဓမ္မော။**
**ဂါထာဘိဂီတံ ပနုဒန္တိ ဗုဒ္ဓါ၊ ဓမ္မေ သတိ ဗြာဟ္မဏ ဝုတ္တိရေ'သာ။ ။**

**အညေန စ ကေဝလိနံ မဟေသိံ၊ ခီဏာသဝံ ကုက္ကုစ္စဝူပသန္တံ။**
**အန္နေန ပါနေန ဥပဋ္ဌဟဿု၊ ခေတ္တံ ဟိ တံ ပုညပေက္ခဿ ဟောတီ'တိ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (သံ၊၁။၁၇၅)

ဗြာဟ္မဏ၊ ပုဏ္ဏား။ ဂါထာဘိဂီတံ၊ ဂါထာတို့ဖြင့် သီဆို၍ ရအပ်သော ဆွမ်းကို။ မေ၊ ငါသည်။ အဘောဇနေယျံ၊ မသုံးဆောင်ထိုက်။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဧသော၊ ဤဂါထာတို့ဖြင့် သီဆို၍ရအပ်သော ဆွမ်းကို သုံးဆောင်ခြင်းသည်။ သမ္ပဿတံ၊ အကျိုး,အကြောင်းကို သိမြင်ကုန်သော သူတော်ကောင်းတို့၏။ န ဓမ္မော၊ အကျင့်သဘောမဟုတ်။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ဂါထာဘိဂီတံ၊ ဂါထာတို့ဖြင့် သီဆို၍ ရအပ်သော ဆွမ်းကို။ ပနုဒန္တိ၊ ပယ်ကုန်၏။

ဗြာဟ္မဏ၊ ပုဏ္ဏား။ ခမ္မေ၊ အရိယာတို့၏ အကျင့်သဘောသည်။ သတိ၊ ရှိသော်။ ဧသော၊ ဤသူတော်ကောင်းတို့၏ အသက်မွေးခြင်းသည်။ ဝုတ္တိ၊ ကောင်းမြတ်သော အသက်မွေးခြင်း တည်း။

မဟေသိ၊ သီလက္ခန္ဓ-အစရှိသော ဂုဏ်ကျေးဇူးကို ရှာမှီးတတ်သော။ ကုက္ကုစ္စူပ-သန္တံ၊ ငြိမ်းပြီးသော, စက်ဆုပ်ဖွယ် အမူအရာရှိသော။ ကေဝလိနံ၊ အလုံးစုံကိစ္စပြီးပြီးသော။ ခီဏာသဝံ၊ ရဟန္တာပုဂ္ဂိုလ်ကို။ အညေန၊ ဆိုအပ်ခဲ့ပြီးသော ဆွမ်းမှ တပါးသော။ အန္နေန စ၊ ဆွမ်းဖြင့်လည်းကောင်း။ ပါနေန စ၊ အဖျော်ဖြင့်လည်းကောင်း။ ဥပဋ္ဌဟဿု၊ လုပ်ကျွေး လော့။ ဟိ သစ္စံ၊ မှန်၏။ တံ၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ ပုညပေက္ခဿ၊ ကောင်းမှုကို အလိုရှိသော သူ၏။ ခေတ္တံ၊ လယ်မြေကောင်းသဖွယ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

ထိုအခါ ကသိဘာရဒွါဇပုဏ္ဏားသည် အလွန်နှစ်သက်လှသည်ဖြစ်၍ "**အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါတမ**။ ဘော ဂေါတမ၊ အရှင်ဂေါတမ။ အဘိက္ကန္တံ၊ အလွန်နှစ်လိုဖွယ်ရှိပေစွတကား။ ဘော ဂေါတမ၊ အရှင်ဂေါတမ။ အဘိက္ကန္တံ၊ အလွန်နှစ် လိုဖွယ် ရှိပေစွတကား။

- အောက်သို့ မျက်နှာပြု၍ ထားအပ်သောအိုးကို အထက်သို့ မျက်နှာပြု၍ ထားဘိ သကဲ့သို့လည်းကောင်း၊
- မြက်, သစ်ရွက်-အစရှိသည်တို့ဖြင့် ဖုံးလွှမ်း၍ထားအပ်သော ဝတ္ထုကို ဖွင့်လှစ်၍ ပြဘိသကဲ့သို့လည်းကောင်း၊
- ခရီးမှားသောသူအား 'ဤသည်ကား လမ်း, ဤသည်ကား ခရီးဖြစ်သည်'ဟု လက်ညှိုး ညွှန်၍ ပြဘိသကဲ့သို့လည်းကောင်း၊
- မှောင်မိုက်သောအခါ ဆီမီးတန်ဆောင် ထွန်းညှိ၍ ပြဘိသကဲ့သို့လည်းကောင်း၊
- မျက်စိအမြင်နှင့် ပြည့်စုံသောသူတို့သည် ရူပါရုံကို ထင်ထင်တပ်တပ် မြင်ကုန်ဘိ သကဲ့သို့လည်းကောင်း၊ များစွာသော အကြောင်းအားဖြင့် အရှင်ဂေါတမ ပြတော်မူပေ သောကြောင့် သိရပေသည်။

ထို့ကြောင့် အရှင်ဂေါတမကို ကိုးကွယ်ခြင်းသို့ ရောက်ပါ၏။ အရှင်ဂေါတမ ဟောတော်မူသော တရားတော်ကို ကိုးကွယ်ခြင်းသို့ ရောက်ပါ၏။ အရှင်ဂေါတမ၏ တပည့် သား သံဃာတော်ကို ကိုးကွယ်ခြင်းသို့ ရောက်ပါ၏။ ယနေ့ကို အစပြု၍ အသက်ရှည်သရွေ့

ကာလပတ်လုံး ရတနာ ၃-ပါးကို ကိုးကွယ်ရာ-ဟူ၍ သိခြင်းသို့ ရောက်သော ဒါယကာဟူ၍ မှတ်တော်မူပါ”ဟု ဥပါသကာအဖြစ်ကို ဝန်ခံလေ၏။

ထို့ကြောင့် ယခုအခါ သူတော်ကောင်းအပေါင်းတို့သည် လယ်လုပ်ခြင်းအမှုကိစ္စ၏ မဆုံးနိုင်သောအဖြစ်ကို ဆင်ခြင်၍ ကုသိုလ်တရား ပွါးများအောင် အားထုတ်ကုန်ရာသည်။ ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ်ဖြစ်သည်။ (သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ၂-ဥပါသကဝဂ်၊ ၁-ကသိဘာရဒွါဇသုတ်၊၁၇၄။)

★★★★★★★

## [ ၇ ] သမ္မာဒိဋ္ဌိ-စသော တရားတို့ကို ယာဉ်နှင့် ဥပမာပြု၍ ဟောတော်မူကြောင်းတရား

**သမ္မာဒိဋ္ဌိအာဒိကေဟိ အဋ္ဌမဂ္ဂင်္ဂပြဟ္မယာနေဟိ အမတံ နိဗ္ဗာနမဟာဒီပံ ဂစ္ဆတီတိ သုဂတော။**

ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ သမ္မာဒိဋ္ဌိအာဒိကေဟိ၊ သမ္မာဒိဋ္ဌိ-အစရှိကုန်သော။ အဋ္ဌမဂ္ဂင်္ဂပြဟ္မယာနေဟိ၊ မဂ္ဂင် ၈-ပါးတည်းဟူသော ဗြဟ္မယာဉ်တို့ဖြင့်။ အမတံ၊ သေခြင်းကင်းသော။ နိဗ္ဗာနမဟာဒီပံ၊ နိဗ္ဗာန်တည်းဟူသော ကျွန်းကြီးသို့။ ဂစ္ဆတိ၊ ကြွတော်မူတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သုဂတော၊ သုဂတ မည်တော်မူ၏။

ဤသို့လျှင် မြတ်စွာဘုရားသည် သမ္မာဒိဋ္ဌိ-အစရှိကုန်သော ဗြဟ္မယာဉ်တို့ဖြင့် သေခြင်းကင်းသော နိဗ္ဗာန်တည်းဟူသော ကျွန်းကြီးသို့ ကြွသွားတော်မူတတ်သောကြောင့် ၉-တန်သော ဂုဏ်တို့တွင် သုဂတ-ဟူသော ဂုဏ်နှင့် ပြည့်စုံတော်မူသည်။ ထိုသို့ သုဂတ-ဟူသော ဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် တရံရောအခါ သာဝတ္ထိပြည်ကြီးကို ဆွမ်းခံရာ အမှီပြု၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသည်။

ထိုသို့ နေတော်မူသောအခါ **အရှင်အာနန္ဒာ**သည် သာဝတ္ထိပြည်တွင်းသို့ ဆွမ်းအလို့ငှာ ဝင်တော်မူသည်။ ထိုအခါ **ပသေနဒိကောသလမင်းကြီး**၏ အမတ်ဖြစ်သော **ဇာဏုဿောဏိပုဏ္ဏား**သည် မင်း၏အချီးအမြှောက်ကို ခံရ၍ အလုံးစုံဖြူသော, ငွေပြားတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော ရထား၌ အလုံးစုံဖြူသော, သင်အပ်ပြီးသော အတတ်ရှိသော မြင်းတို့ကို က၍, အလုံးစုံဖြူသော ချပ်ဝတ်တန်ဆာတို့ကို ဆင်ယင်၍, အလုံးစုံဖြူသော ခြေနင်း,

ဖိနပ်, သန်လျက်, သားမြီးယပ်-အစရှိသည်တို့ဖြင့် ဇာဏုသောဏိပုဏ္ဏားသည် အလုံးစုံဖြူသော တန်ဆာတို့ကို ဆင်၍ မိမိ၏အခြံအရံဖြစ်သော ဗိုလ်ပါပရိသတ်တို့ကိုလည်း အလုံးစုံဖြူသော တန်ဆာတို့ကို ဆင်စေ၍, အလုံးစုံဖြူသော လက်နက်တို့ကို စွဲကိုင်စေ၍ တင့်တင့်တယ်တယ် ရှုချင်ဖွယ်ဘနန်း သာဝတ္ထိပြည်မှ ထွက်သည်ကို သာဝတ္ထိပြည်သူပြည်သားတို့သည် မြင်သောအခါ အလွန်ဖြူသော ထိုယာဉ်ကို ကြည့်၍—

"ဘော၊ အိုအချင်းတို့။ ဧတံ ယာနံ၊ ထိုယာဉ်သည်။ ဗြဟ္မယာနံ၊ မြတ်သောယာဉ်တည်း။ ဧတံ ဗြဟ္မယာနံ၊ ထိုဗြဟ္မယာဉ်သည်။ ရူပံ ဝတ၊ အဆင်းရှိစွတကား။ ဘော၊ အိုအချင်းတို့။ ဧတံ ယာနံ၊ ထိုယာဉ်သည်။ ဗြဟ္မယာနံ၊ မြတ်သောယာဉ်တည်း။ ဧတံ ဗြဟ္မယာနံ၊ ထိုဗြဟ္မယာဉ်သည်။ ရူပံ ဝတ၊ အဆင်းရှိစွတကား"။

ဤသို့ တပြိုင်နက် အုတ်အုတ်ကျက်ကျက် ချီးမွမ်းကြသောအသံကို အရှင်အာနန္ဒာသည် မှတ်ယူခဲ့ပြီးလျှင် သာဝတ္ထိပြည်တွင်းမှ ပြန်ခဲ့၍ ဆွမ်းစားခြင်းကိစ္စပြီးပြီးသော မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေပြီးသော်, ၅-ပါးသော ရှိခိုးခြင်းဖြင့် ရိုသေစွာ ရှိခိုး၍ "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ အကျွန်ုပ်သည် နံနက်အခါ သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံဝင်ပါသည်။ ထိုသို့ ဝင်သောအခါ သာဝတ္ထိပြည်မှ ဇာဏုသောဏိပုဏ္ဏားသည် အလုံးစုံဖြူသော ယာဉ်ဖြင့် ထွက်သွားသည်ကို မြင်၍ သာဝတ္ထိပြည်သူ့ပြည်သားတို့သည် အံ့ဩချီးမွမ်းကြပါသည် မြတ်စွာဘုရား။ ဤကဲ့သို့ အံ့ဩဖွယ်ရှိသော ဗြဟ္မယာဉ်ကို မြတ်စွာဘုရား၏ သုတ္တန်, ဝိနည်း, အဘိဓမ္မာ-ဟူသော ဒေသနာတော်၌ ပညတ်ခြင်းငှာ သင့်ပါမည်လော မြတ်စွာဘုရား"ဟု လျှောက်ထားသည်။ ထိုသို့ လျှောက်ထားသည်ကို အကြောင်းပြု၍ ဘုရားသခင်သည်—

"ငါ၏ချစ်သား ညီတော်အာနန္ဒာ၊ ဤဗြဟ္မယာဉ်-ဟူသော အမည်သည် ငါဘုရားသည် ဟောတော်မူအပ်သော သမ္မာဒိဋ္ဌိ-အစရှိသော မဂ္ဂင် ၈-ပါး၏ အမည်မျှသာဖြစ်သည်။ **ဓမ္မယာဉ်**-ဟူသောအမည်, **အနုတ္တရသင်္ဂါမဝိဇယ**-ဟူသောအမည်သည် သမ္မာဒိဋ္ဌိ-အစရှိသော မဂ္ဂင် ၈-ပါး၏ အမည်သာဖြစ်သည်။ ဤလောက၌ ဇာဏုသောဏိ-အစရှိသောသူတို့သည် ပြုပြင်လုပ်ဆောင် စီရင်အပ်သော အလွန်ဖြူသော ရတနာ ၇-ပါး, ရတနာ ၁၀-ပါး, အထူးထူးသော ရတနာမျိုးတို့ဖြင့် ဆန်းကြယ်သော ယာဉ်သည် အာဂန္တုကဖြစ်သော မြူကြောင့်လည်းကောင်း, မိမိတို့၏ ကိုယ်၌ဖြစ်သော အညစ်အကြေးကြောင့်လည်းကောင်း ညစ်နွမ်းဟောင်းခြင်းသို့ ရောက်ရာ၏။ အနှစ်-၁၀၀, အနှစ် ၁,၀၀၀-အစရှိသည်ဖြင့် ကာလရှည်လျားသည်ရှိသော် ဆွေးမြည့်ပျက်စီးခြင်းသို့ ရောက်ရာ၏။

ငါဘုရားသည် ဟောတော်မူအပ်သော, ဗောဓိပက္ခိယတရား-အစရှိသော အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော, သမ္မာဒိဋ္ဌိ-အစရှိသော အလွန်ဖြူသော ပြဟ္မယာဉ်သည် အနှစ်-၁၀၀, အနှစ်-၁,၀၀၀၊ ကမ္ဘာ-၁၀၀, ကမ္ဘာ ၁,၀၀၀-အစရှိသဖြင့် ကာလရှည်လျားစွာ ကြာသော်လည်း ဆွေးမြည့်ပျက်စီးခြင်းသို့ မရောက်ရာ။ ထိုဇာဏုသောဏိပုဏ္ဏား အစရှိသောသူတို့သည် ရထားကို စီးသဖြင့် များစွာ ဗိုလ်ပါပရိသတ်တို့ဖြင့် ခြံရံ၍ အထူးထူးသော လက်နက်တို့ကို ယူဆောင်၍သွားသဖြင့် အလုံးစုံသောရန်သူတို့ကို နှိမ်နင်းလျက်-

- ဝါဠကန္တာရ၊ သားရဲရှိသော ခရီးခဲ,
- စောရကန္တာရ၊ ခိုးသူရှိသော ခရီးခဲ,
- နိရုဒကကန္တာရ၊ ရေမရှိသော ခရီးခဲ,
- ဒုဗ္ဘိက္ခကန္တာရ၊ ထမင်းခေါင်းပါးသော ခရီးခဲ၊

ဤ ၄-ပါးသောခရီးခဲမှသည် ဘေးမရှိရာ ဘေးငြိမ်းရာ လွင်သို့ ရောက်သကဲ့သို့ ထို့အတူ သမ္မာဒိဋ္ဌိ-အစရှိသော ပြဟ္မယာဉ်ကို စီးသဖြင့်—

- ဇာတိကန္တာရ၊ ပဋိသန္ဓေနေခြင်းတည်းဟူသော ခရီးခဲ,
- ဇရာကန္တာရ၊ အိုခြင်းတည်းဟူသော ခရီးခဲ,
- ဗျာဓိကန္တာရ၊ ဖျားနာခြင်းတည်းဟူသော ခရီးခဲ,
- မရဏကန္တာရ၊ သေခြင်းဟူသော ခရီးခဲ၊

ဤ ၄-ပါးသောခရီးခဲမှ ဘေးမရှိရာ ဘေးငြိမ်းရာ နိဗ္ဗာန်တည်းဟူသော လွင်သို့ ထွက်မြောက်ရာသည်။

ငါဘုရားသည်လည်း ဤသမ္မာဒိဋ္ဌိ-အစရှိသော မဇ္ဈိမပဋိပတ် အကျင့်မြတ် ပြဟ္မယာဉ်ဖြင့် ရာဂ, ဒေါသ, မောဟ-အစရှိသော ကိလေသာတည်းဟူသော ရန်သူအပေါင်းတို့ကို နှိမ်နင်း၍ နိဗ္ဗာန်တည်းဟူသော ကမ်း ၁-ဘက်သို့ ရောက်တော်မူသည်။

- သာရိပုတြာ, မောဂ္ဂလာန်-အစရှိသော ရဟန္တာတို့သည်လည်းကောင်း၊
- ပစ္စေကဗုဒ္ဓါ, သာဝကတို့သည်လည်းကောင်း၊
- ရှေးရှေး၌ဖြစ်ကုန်သာ ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့သည်လည်းကောင်း၊
- နောက်နောင်၌ ဖြစ်လတ္တံ့ကုန်သော ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့သည်လည်းကောင်း၊

ဤသမ္မာဒိဋ္ဌိ-အစရှိသော မဇ္ဈိမပဋိပတ် အကျင့်မြတ် ပြဟ္မယာဉ်ဖြင့် နိဗ္ဗာန်တည်းဟူသော ကမ်း ၁-ဘက်သို့ ရောက်ကြကုန်လတ္တံ့။ ထို့ကြောင့် ပြဟ္မယာဉ်-ဟူသောအမည်, အနုတ္တရ-

သင်္ဂါမဝိဇယ-ဟူသော အမည်သည် သမ္မာဒိဋ္ဌိ-အစရှိသော မဂ္ဂင် ၈-ပါး၏ အမည်သာ ဖြစ်သည်-ဟု ပြတော်မူလိုသောကြောင့်-

**ဣမသေဝ ခေါ စေတံ အာနန္ဒ အရိယဿ အဋ္ဌင်္ဂိကဿ မဂ္ဂဿ အဓိဝစနံ ဗြဟ္မယာနံ ဣတိပိ ဓမ္မယာနံ ဣတိပိ အနုတ္တရော သင်္ဂါမဝိဇယော ဣတိပီ'တိ။**

**သမ္မာဒိဋ္ဌိ အာနန္ဒ ဘာဝိတာ ဗဟုလီကတာ ရာဂဝိနယပရိယောသာနာ ဟောတိ၊ ဒေါသဝိနယပရိယောသာနာ ဟောတိ၊ မောဟဝိနယပရိယောသာနာ ဟောတိ။**

အစရှိသဖြင့် ဟောတော်မူသည်။(သံ၊၃။၅)

ဤသို့ ဆိုအပ်ခဲ့ပြီးသော မဂ္ဂင် ၈-ပါးတည်းဟူသော ဗြဟ္မယာဉ်၌-

- အခါခပ်သိမ်းယှဉ်သော သဒ္ဓါ, ပညာ တရား ၂-ပါးသည် ဝလာဟကအဿရာဇာ-ကောင်းကင်သို့ ပျံ၍ သွားခြင်းငှာ စွမ်းနိုင်သော မြင်းမင်းနှင့် တူ၏။
- ဥပေက္ခာတရားသည် ရထားထမ်းပိုးနှင့် တူ၏။
- ဟိရီတရားသည် ရထားလှည်းဘောင်, လှည်းသန်နှင့် တူ၏။
- ဝိပဿနာစိတ်, မဂ်စိတ်သည် အလွန်ဖြူသော ဆွဲကြိုးနှင့် တူ၏။
- သတိတရားသည် ရထားထိန်းနှင့် တူ၏။
- သီလတရားသည် အထူးထူးသော တန်ဆာနှင့် တူ၏။
- ဈာန်တရားသည် ဝန်ရိုးနှင့် တူ၏။
- ကာယိကဝီရိယ, စေတသိကဝီရိယသည် ရထားလှည်းဘီးနှင့် တူသည်။
- သမာဓိတရားသည် ရထားလှည်းဦးနှင့် တူ၏။
- အလောဘတရားသည် ရထား၌ အပိုင်းအခြား **အစေ့အစပ်**နှင့် တူ၏။
- မေတ္တာ, ကရုဏာတရား ၂-ပါးသည် ရထား၌တည်သောသူတို့၏ လက်နက်နှင့် တူ၏။
- ခန္တီတရားသည် ချပ်ဝတ်တန်ဆာနှင့် တူ၏။

ဤသို့ ဟောတော်မူအပ်သော ဥပမာ, ဥပမေယျတရားအပေါင်းတို့တွင်-

အဘယ်သို့ သဒ္ဓါ, ပညာ တရား ၂-ပါးသည် ဝလာဟကအဿရာဇာ ကောင်းကင်သို့ ပျံသွားခြင်းငှာ စွမ်းနိုင်သော မြင်းမင်းနှင့် တူလေသနည်းဟူမူကား အားမရှိသော မြင်းသည် ခရီးခဲမှ ဘေးမရှိရာ လွင်သို့ ရထားကို ထုတ်ဆောင်ခြင်းငှာ မစွမ်းနိုင်သကဲ့သို့ ထို့အတူ သဒ္ဓါမရှိသောသူသည် ရတနာ ၃-ပါး၏ ဂုဏ်ကိုလည်းကောင်း၊ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ, ပဋိစ္စသမုပ္ပါဒ်တို့ကိုလည်းကောင်း၊ သူတပါးတို့ ပြောဟောပြသ၍ ကြားနာရသောအခါ သဒ္ဓါတရားဖြင့် ယုံကြည်ခြင်း မရှိ၊ ပညာတရားဖြင့် ထိုးထွင်း၍သိခြင်း မရှိ။

ဝလာဟကအဿရာဇာသည် ခရီးခဲမှ ရထားကို ထုတ်ဆောင်ခြင်းငှာ စွမ်းနိုင်သကဲ့သို့ ထို့အတူ သဒ္ဓါ, ပညာတရား ၂-ပါးရှိသောသူသည် ရတနာ ၃-ပါး၏ ဂုဏ်, ခန္ဓာ, အာယတန-စသည်တို့နှင့် စပ်သော တရားတော်ကို ကြားနာရသောအခါ သဒ္ဓါတရားဖြင့် ယုံကြည်ခြင်း, ပညာတရားဖြင့် အကျိုးရှိသည်, မရှိသည်၊ အကြောင်းဟုတ်သည်, မဟုတ်သည်ကို ဆင်ခြင်ခြင်း-စသည်ဖြင့် ဓမ္မာနုဓမ္မပဋိပတ်ကို ဖြည့်စေ၍ ဘေး ၄-ပါးတို့ ကုန်ရာ နိဗ္ဗာန်တည်းဟူသော လွင်သို့ ဆောင်တတ်သောကြောင့် သဒ္ဓါတရား, ပညာတရား ၂-ပါးသည် ဝလာဟကအဿရာဇာ ကောင်းကင်သို့ ပျံသွားခြင်းငှာ စွမ်းနိုင်သော မြင်းမင်းနှင့် တူသောအဖြစ်ကို "**ယဿ သဒ္ဓါ စ ပညာ စ၊ ဓမ္မာ ယုတ္တာ**"ဟု ဟောတော်မူသည်။

**ဥပေက္ခာတရားသည် အဘယ်သို့ ရထားထမ်းပိုးနှင့် တူသနည်း**ဟူမူကား ရထားထမ်းပိုးသည် အစွန်း ၂-ဖက် ညီသကဲ့သို့ ထို့အတူ ဥပေက္ခာတရားနှင့် ပြည့်စုံသောသူသည် ဣဋ္ဌာရုံ, အနိဋ္ဌာရုံ, ဆင်းရဲသောသတ္တဝါ, ချမ်းသာသော သတ္တဝါတို့၌ တူမျှသောသဘောရှိ၏။ ထို့ကြောင့် ဥပေက္ခာတရားသည် ရထားထမ်းပိုးနှင့် တူသောအဖြစ်ကို "**တတြမဇ္ဈတ္တတာ ယုဂံ**"ဟူ၍ ဟောတော်မူသည်။

**ဟိရီတရားသည် အဘယ်သို့ ရထားလှည်းဘောင်, လှည်းသန်နှင့် တူလေသနည်း**ဟူမူကား လှည်းဘောင်, လှည်းသန် မခိုင်ဆွေးရိ ပျက်စီးသောရထားဖြင့် ဘေးအပေါင်းတို့၏ ကင်းရာ, လိုရာအရပ်သို့ မရောက်နိုင်သကဲ့သို့ ထို့အတူ ဟိရီတရား မရှိသောသူသည် အဟိရိကတရား ဖြစ်သည်။ အဟိရိကတရားဖြစ်သောသူသည် ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်တို့၌ မရှက်။ မရှက်သောသူသည် ဒုစရိုက် ၃-ပါးကို ကျင့်သောကြောင့် ဘေးအပေါင်းတို့၏ ကင်းရာနိဗ္ဗာန်သို့ မရောက်၊ ဒုစရိုက်အကျိုးပေး၍ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ် ၄-ပါးသို့သာ ရောက်ရာ၏။

ဟိရီတရားနှင့် ပြည့်စုံသောသူသည် ဒုစရိုက်ကို ကြဉ်၍ သုစရိုက်ကို ပွါးစေသောကြောင့် လူ,နတ်,နိဗ္ဗာန် ၃-တန်သော ချမ်းသာကို ခံစားရ၏။ ထို့ကြောင့် ဟိရီတရားသည် ရထားလှည်း၊ဘောင် လှည်းသန်နှင့် တူသောအဖြစ်ကို "**ဟိရီ ဤသာ**"ဟူ၍ ဟောတော်မူသည်။

**ဝိပဿနာစိတ်, မဂ်စိတ်သည် အဘယ်သို့ ဆွဲကြိုးနှင့် တူသနည်း**ဟူမူကား မဂ်,ဖိုလ်, နိဗ္ဗာန်ကို အလိုရှိသောသူသည် အနိစ္စ-အစရှိသော ဝိပဿနာကို ပွါးစေ၍ အနိစ္စ-အစရှိသည်တို့ကို သုံးသပ်တတ်သော သမ္မသနဉာဏ်ပြဋ္ဌာန်းသော ကာမာဝစရကုသိုလ်တည်းဟူသော ဝိပဿနာစိတ်မှစ၍ သင်္ခါရုပေက္ခာဉာဏ်ပြဋ္ဌာန်းသော ကာမာဝစရကုသိုလ်စိတ်

တိုင်အောင် ၁၀-ပါးသော ဝိပဿနာဉာဏ်ပြဋ္ဌာန်းသော ကုသိုလ်စိတ်တည်းဟူသော ကြိုးကို ဆွဲ၍သွားသည်ရှိသော် သောတာပတ္တိမဂ်စိတ်-တည်းဟူသော ကြိုးစကို ဆွဲမိသည်။

သောတာပတ္တိမဂ်စိတ်တည်း-ဟူသော ကြိုးမှသည် သကဒါဂါမိမဂ်၊ သကဒါဂါမိမဂ်မှသည် အနာဂါမိမဂ်၊ အနာဂါမိမဂ်မှသည် အရဟတ္တမဂ်တိုင်အောင် ကြိုးစကို ဆွဲ၍သွားသည်ရှိသော် နိဗ္ဗာန်တည်း-ဟူသော လွင်သို့ ရောက်ရာသည်။ ထို့ကြောင့် ဝိပဿနာစိတ်, မဂ်စိတ်သည် ဆွဲကြိုးနှင့် တူသောအဖြစ်ကို **"မနော ယောတ္တံ"**ဟူ၍ ဟောတော်မူသည်။

**သတိတရားသည် အဘယ်သို့ ရထားထိန်းနှင့် တူသနည်း**ဟူမူကား ရထားထိန်းသည် ဆွဲကြိုးကို ကိုင်၍ နှင်သဖြင့် လိုရာအရပ်သို့ ရောက်သကဲ့သို့ ထို့အတူ သတိတရားဖြင့် ဝိပဿနာအာရုံတည်းဟူသော ကြိုး၌ အဖန်တလဲလဲ စိတ်ကို ဖြစ်စေလျက် လိုရာနိဗ္ဗာန်သို့ သွားရသည်။ ထို့ကြောင့် **"သတိ အာရက္ခသာရထိ"**ဟူ၍ ဟောတော်မူသည်။

**သီလတရားသည် အဘယ်သို့ အထူးထူးသောတန်ဆာနှင့် တူသနည်း**ဟူမူကား တန်ဆာကင်းသော လှည်းရထားသည် စစ်အင်္ဂါ ၄-ပါးတို့၏အလယ်၌ မတင့်တယ်သကဲ့သို့ ထို့အတူ သီလကင်းသော ဒုဿီလပုဂ္ဂိုလ်သည် ပရိသတ် ၄-ပါးတို့၏အလယ်၌ တင့်တယ်ခြင်း မရှိ။ ပစ္စုပ္ပန်, သံသရာ၊ လောကီ, လောကုတ္တရာ၌ တင့်တယ်ခြင်း မရှိ။ သီလနှင့် ပြည့်စုံသောသူအားသာ တင့်တယ်သည်။ ထို့ကြောင့် သီလတရားသည် ရထား၌ အထူးထူးသော တန်ဆာနှင့် တူသောအဖြစ်ကို **"ရထော သီလပရိက္ခာရော"**ဟူ၍ ဟောတော်မူသည်။

**ဈာန်တရားသည် အဘယ်သို့ ဝန်ရိုးနှင့် တူသနည်း**ဟူမူကား ဈာန်တရားကို အခြေပြု၍ ဝိပဿနာကို ပွါးသည်ရှိသော် မဂ်,ဖိုလ်ကို ရလွယ်သည်။ ထို့ကြောင့် ဈာန်တရားသည် ဝင်ရိုးနှင့် တူသောအဖြစ်ကို **"ဈာန'က္ခော"**ဟူ၍ ဟောတော်မူသည်။

**ဝီရိယတရားသည် အဘယ်သို့ ရထားလှည်းဘီးနှင့် တူသနည်း**ဟူမူကား ရထားလှည်းဘီးစက် မလည်သည်ရှိသော် လိုရာအရပ်သို့ လျင်မြန်စွာ မရောက်နိုင်သကဲ့သို့ ထို့အတူ ကာယိကဝီရိယ, စေတသိကဝီရိယဖြင့် အကုသိုလ်တရားတို့ကို ပယ်၍ ကုသိုလ်တရားတို့ကို ပွါးစေ၍ အားမထုတ်လျှင် မရောက်၊ အားထုတ်မှသာလျှင် နိဗ္ဗာန်သို့ ရောက်စေနိုင်သည်။ ထို့ကြောင့် ကာယိကဝီရိယ, စေတသိကဝီရိယ ၂-ပါးသည် ရထားလှည်းဘီးနှင့် တူသောအဖြစ်ကို **"စက္ကဝီရိယော"**ဟူ၍ ဟောတော်မူသည်။

**သမာဓိတရားသည် အဘယ်သို့ ရထားလှည်းဦးနှင့် တူသနည်း**ဟူမူကား ရထားလှည်းဦးသည် သွားအပ်သောခရီးသို့သာ ရှေးရှုငြိမ်သက်တည်ကြည်သကဲ့သို့ ထို့အတူ

သမာဓိတရားနှင့် ပြည့်စုံသောသူသည် ဥပစာရသမာဓိ, အပ္ပနာသမာဓိ-အစရှိသည်ဖြင့် ၁-ခုတည်းသော ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကို ထား၍ ဘာဝနာကို ပွါးစေသဖြင့် နိဗ္ဗာန်သို့ ရောက်ရာ၏။ ထို့ကြောင့် သမာဓိတရားသည် ရထားလှည်းဦးနှင့် တူသောအဖြစ်ကို "**ဓုရ-သမာဓိ**"ဟူ၍ ဟောတော်မူသည်။

**အလောဘတရားသည်** အဘယ်သို့ အပိုင်းအခြား **အစေ့အစပ်နှင့် တူသနည်း**ဟူမူကား လောဘမဈ္ဈေရရှိသောသူသည် ဥစ္စာဘဏ္ဍာတို့၌ အလွန်နှမြောခြင်း, ဝန်တိုခြင်းရှိသော ကြောင့် အာမိသပဋိသန္ထာရ မရှိ၊ အာမိသပဋိသန္ထာရ မရှိသောသူအား ဓမ္မပဋိသန္ထာရ မရှိ၊ ထိုပဋိသန္ထာရ ၂-ပါး မရှိသောသူအား နတ်ရွာ, နိဗ္ဗာန်ရခြင်း၏ အကြောင်းမှ ကင်းသည် ဖြစ်ရာ၏။ လောဘမဈ္ဈေရ မရှိသောသူသည် ၂-ပါးသော ပဋိသန္ထာရကို ပြုသဖြင့် နတ်ရွာ, နိဗ္ဗာန် အကျိုး ၂-ပါးကို ပြီးစေ၏။ ထို့ကြောင့် အလောဘတရားသည် အပိုင်းအခြား အစေ့အစပ်နှင့် တူသောအဖြစ်ကို "**အနိ'ဋ္ဌာ ပရိဝါရဏံ**"ဟူ၍ ဟောတော်မူသည်။

**မေတ္တာ, ကရုဏာတရား** ၂-ပါးတို့သည် အဘယ်သို့ **လက်နက်နှင့် တူသနည်း**ဟူမူကား အလွန်ဆန်းကြယ်သော ရထားဖြင့် သူတပါးတို့၏ ရန်သူကို နှိမ်နင်းအံ့သောငှာ သွားသော မင်းတို့သည် ခရီးစခန်းသို့ ရောက်သောအခါ အရပ် ၄-မျက်နှာ, အရပ် ၈-မျက်နှာ တို့ကို ကြီးစွာသော လက်နက်တို့ဖြင့် ပစ်လွှတ်၍ နေသဖြင့် ရောက်လာပြီးသော ရန်သူတို့ သည် မရောက်လာဝံ့ကုန်။ မရောက်လာသေးသော ရန်သူတို့သည် ပျောက်ကုန်သကဲ့သို့ ထို့အတူ အရပ် ၄-မျက်နှာ, အရပ် ၈-မျက်နှာ, အရပ် ၁၀-မျက်နှာတို့၌ သတ္တဝါကို အာရုံပြု၍ "**သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ ဒုက္ခာ မုစ္စန္တု**"အစရှိသည်ဖြင့် လက်နက်သဖွယ်ဖြစ်သော မေတ္တာ, ကရုဏာတို့ကို ၄၄-ကြိမ်ပွါး၍ နေသောသူအား ဖြစ်ပြီးသော ကိလေသာရန်သူတို့ သည် ပျောက်ကုန်သည်။ မဖြစ်သေးသော ကိလေသာရန်သူတို့သည် မဖြစ်ကုန်။ ထို့ကြောင့် မေတ္တာ, ကရုဏာတရား ၂-ပါးတို့သည် လက်နက်နှင့် တူသောအဖြစ်ကို "**အဗျာပါဒေါ အဝိဟိံသာ၊ ဝိဝေကော ယဿ အာဝုဓံ**"ဟူ၍ ဟောတော်မူသည်။

အဘယ်သို့ ခန္တီတရားသည် ချပ်ဝပ်တန်ဆာနှင့် တူလေသနည်းဟူမူကား ချပ်ဝပ် တန်ဆာမိန်ညှိတို့ကို မဝတ်မူ၍ တပါးသော သူရဲတို့နှင့် စစ်ထိုးသောသူသည် လက်နက်ထိပါး ၍ ပျက်စီးလွယ်သကဲ့သို့ ထို့အတူ ခန္တီတရားမရှိသောသူသည် အမနာပ နှစ်သက်ဖွယ်မရှိ သော စကားကို အနည်းငယ်ဆိုသောအခါ အားနည်းသောဒေါသ ဖြစ်၍လာသည်။ ကြမ်း ကြုတ်သောစကားကို ဆိုသောအခါ ကြမ်းတမ်းရုန့်ရင်းသဖြင့် အားကြီးသောဒေါသ ဖြစ်၍ လာသည်။ မနာပစကားကို ဆိုသောအခါ လောဘ,မာနဖြစ်၍ လာသည်။

ဤသို့ ဖြစ်သည်ရှိသော် လက်နက်သဖွယ်ဖြစ်သော လောဘ, ဒေါသ-အစရှိသော တရားတို့သည် အကြောင်းအားလျော်စွာ ဖြစ်သည်။ ခန္တီတရားရှိသောသူသည် "ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်းဖြင့် အထူးမရှိ။ တုတ်, လှံကန်-အစရှိသည်ဖြင့် ပစ်ခတ်သော်လည်း အထူးမရှိ။ ဓား, လှံကန်-စသည်တို့ဖြင့် လက်, ခြေ, အင်္ဂါကြီး,ငယ်တို့ကို ခုတ်ဖြတ်ခြင်း-အစရှိသည်ဖြင့် ညှဉ်းဆဲသော်လည်း အထူးမရှိ။ သည်းခံခြင်းသည်သာလျှင် ငါ၏ ဝန် ဖြစ်ချေသည်"ဟု နှလုံးသွင်း၍ နေကုန်၏။

ဤသို့ ဆိုအပ်ပြီးသော ခန္တီတရားနှင့် ပြည့်စုံသောသူသည် ခန္တီတရားတည်းဟူသော ချပ်ဝတ်တန်ဆာကို ဝတ်သဖြင့် ယောဂ ၄-ပါးတို့၏ကုန်ရာ နိဗ္ဗာန်တည်းဟူသော အောင်မြေ အရပ်သို့ ရောက်သဖြင့် ရန်သူအပေါင်းတို့ကို အောင်ကုန်လျက် ပဋိသန္ဓေနေခြင်း-အစရှိသော ဘေးအပေါင်းတို့၏ ကင်းရာ,ကုန်ရာ, ချုပ်ရာ,ငြိမ်းရာဖြစ်သော အမတသုခကို ခံစား ရရာသည်။ ထို့ကြောင့် ခန္တီတရားသည် ချပ်ဝတ်တန်ဆာနှင့် တူသောအဖြစ်ကို "**တိတိက္ခာ စမ္မသန္နာဟော၊ ယောဂက္ခေမာယ ဝတ္တတိ**"ဟူ၍ ဟောတော်မူသည်။ (သံ၊၃။၅)

ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (မဟာဝဂ္ဂသံယုတ်၊ ၁-အဝိဇ္ဇာဝဂ်၊ ၄-ဇာဏုဿောဏိဗြာဟ္မဏသုတ်၊ နှာ-၅။ ငင်းအဋ္ဌကထာ)

★★★★★★★

## [ ၈ ] သညာ ၇-ပါးတို့ကို ဝေဖန်၍ အကျယ်ပြခြင်းတရား

သစ္စာ ၄-ပါး, ၅-ပါးသော ဥေယျဓမ္မတို့ကို အကုန်အစင် သိမြင်တော်မူပြီးသော သဗ္ဗညုဘုရားသခင်သည်—

> သတ္တိမာ ဘိက္ခဝေ သညာ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောန္တိ မဟာနိ- သံသာ အမတောဂဓာ အမတပရိယောသာနာ။ ကတမာ သတ္တ? အသုဘသညာ, မရဏသညာ, အာဟာရေ ပဋိကူလသညာ, သဗ္ဗလောကေ အနဘိရတသညာ, အနိစ္စ- သညာ, အနိစ္စေ ဒုက္ခသညာ, ဒုက္ခေ အနတ္တသညာ။ ဣမာ ခေါ ဘိက္ခဝေ သတ္တ သညာ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောန္တိ မဟာနိသံသာ အမတောဂဓာ အမတပရိယောသာနာ။ (ဣဒ'မဝေါ စ ဘဂဝါ။ အတ္တမနာ တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။)

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (အံ၊၂၊၄၇၂-၃)

ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိသော ငါ၏ချစ်သား ရဟန်းများတို့။ သတ္တ၊ ၇-ပါးကုန်သော။ ဣမာ သညာ၊ ဤသညာတို့ကို။ ဘာဝိတာ၊ ပွါးစေအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ လေ့လာအပ်ကုန်သည်ရှိသော်။ မဟပ္ဖလာ၊ များသောအကျိုး ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ မဟာနိသံသာ၊ များသောအာနိသင် ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အမတောဂဓာ၊ အမြိုက်နိဗ္ဗာန်သို့ ရောက်စေတတ်ကုန်၏။ အမတပရိယောသာ-နာ၊ နိဗ္ဗာန်သို့ ရောက်မှသာလျှင် အကျိုးဆုံးကုန်၏။ ကတမေ သတ္တ၊ အဘယ် ၇-ပါးတို့နည်း ဟူမူကား။

၁။ အသုဘသညာ၊ မိမိကိုယ်ခန္ဓာ, သူတပါးတို့ ကိုယ်ခန္ဓာ၌ စုံမက်မြတ်နိုးဖွယ်, နှစ်သက်ဖွယ်မရှိ-ဟု မတင့်တယ်သောအဖြစ်ကို အဖန်တလဲလဲရှုသော သညာလည်းကောင်း။

၂။ မရဏသညာ၊ 'နေ့လော,ညလော ငါသည် ဧကန္တ မချွတ်သေရလတ္တံ့'-ဟု အဖန်တလဲလဲရှုသော သညာလည်းကောင်း။

၃။ အာဟာရေ၊ သုံးဆောင်အပ်သော အာဟာရ-ဟူသမျှ၌။ ပဋိကူလသညာ၊ 'အစာဟောင်းအဖြစ်သို့ ရောက်လတ္တံ့သည်၏အဖြစ်ကြောင့် စက်ဆုပ်ရွံရှာဖွယ်ရှိ၏'-ဟု အဖန်တလဲလဲရှုသော သညာလည်းကောင်း။

၄။ သဗ္ဗလောကေ၊ အလုံးစုံသော လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံ၌။ အနဘိရတသညာ၊ 'ပဋိ-သန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်း မကင်းနိုင်သည်၏အဖြစ်ကြောင့် မွေ့လျော်ဖွယ်မရှိ'-ဟု အဖန်တလဲလဲရှုသော သညာလည်းကောင်း။

၅။ အနိစ္စသညာ၊ ခန္ဓာ ၅-ပါး၌ အမြဲမရှိသောအဖြစ်ကို အဖန်တလဲလဲရှုသော သညာလည်းကောင်း။

၆။ အနိစ္စေ၊ အနိစ္စဖြစ်သော ခန္ဓာ ၅-ပါး၌။ ဒုက္ခသညာ၊ 'ဆင်းရဲ၏-ဟု အဖန်တလဲလဲရှုသော သညာလည်းကောင်း။

၇။ ဒုက္ခေ၊ ဒုက္ခဖြစ်သော ခန္ဓာ ၅-ပါး၌။ အနတ္တသညာ၊ အစိုးမရသောအဖြစ်ကို အဖန်တလဲလဲရှုသော သညာလည်းကောင်း။

ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တ၊ ၇-ပါးကုန်သော။ ဣမာ ခေါ သညာ၊ ဤဆိုအပ်ခဲ့ပြီးသော သညာတို့ကို။ ဘာဝိတာ၊ ပွါးစေအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ ပွါးစေအပ်ကုန်သည်ရှိသော်။ မဟပ္ဖလာ၊ များသော အကျိုးရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ မဟာနိသံသာ၊ များသော အာနိသင် ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အမတောဂဓာ၊

အမြိုက်နိဗ္ဗာန်သို့ ရောက်စေတတ်ကုန်၏။ အမတပရိယောသာနာ၊ နိဗ္ဗာန်သို့ ရောက်မှသာလျှင် အကျိုးဆုံးကုန်၏။

ဣဒံ ဝစနံ၊ ဤတရားစကားတော်ကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ ကရုဏာရှေးရှု ဟောကြားတော်မူ၏။ တေ ဘိက္ခူ ထိုတရားဒေသနာတော်ကို ကြားနာရကုန်သော ရဟန်းတို့သည်။ အတ္တမနာ၊ ဝမ်းမြောက်ကုန်သည်ဖြစ်၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘာသိတံ၊ ဟောတော်မူအပ်သော တရားကို။ အဘိနန္ဒုံ၊ နှုတ်မြွက်၍ ကောင်းချီးပေးကြကုန်၏။

ထိုဒေသနာတော်မြတ်၏ အဓိပ္ပါယ်ကား "ငါ၏ချစ်သား ရဟန်းများတို့သည် ၇-ပါးသော သညာကို ပွါးစေအပ်ကုန်သည်ရှိသော်, အဖန်တလဲလဲ လေ့လာကြကုန်သည်ရှိသော် များသောအကျိုးအာနိသင် ရှိကုန်၏။ နိဗ္ဗာန်သို့ ရောက်စေတတ်ကုန်၏။ နိဗ္ဗာန်သို့ ရောက်မှသာလျှင် အကျိုးဆုံးကုန်၏။ ၇-ပါးသောသညာ-ဟူသည် အဘယ်နည်းဟူမူကား-

- အသုဘသညာလည်း ၁-ပါး၊
- မရဏသညာလည်း ၁-ပါး၊
- အာဟာရေပဋိကူလသညာလည်း ၁-ပါး၊
- သဗ္ဗလောကေ အနဘိရတသညာလည်း ၁-ပါး၊
- အနိစ္စသညာလည်း ၁-ပါး၊
- ဒုက္ခသညာလည်း ၁-ပါး၊
- အနတ္တသညာလည်း ၁-ပါး၊

ဤ ၇-ပါးတို့တည်း။

## ၁။ အသုဘသညာ

ထို ၇-ပါးတို့တွင် အသုဘသညာကို ပွါးလိုသောသူသည် အသုဘကို သိရာ၏။ အဘယ်သို့ သိရာသနည်းဟူမူကား အသုဘ ၁၀-ပါး, ဒွတ္တိံသကာယ-ဟု ဆိုအပ်သော ကာယဂတာသတိ၊ ဤ ၁၁-ပါးကို အသုဘ-ဟူ၍ သိအပ်၏။ ထို ၁၁-ပါးသော သဘောတရားတို့သည် စက်ဆုပ်ရွံရှာအပ်သောကြောင့် မတင့်တယ်သည်သာတည်း-ဟု အဖန်တလဲလဲ နှလုံးသွင်းခြင်းသည် **အသုဘသညာ** မည်၏။ (အံ၊၁။၄၃။ သံ၊၃။၁၁၆)

**အသုဘ ၁၀-ပါး-ဟူသည်ကား–**

၁။ လေဖြင့်ပြည့်သော သားရေအိတ်ကဲ့သို့ သေသည်မှ အထက်ဖြစ်သော နောက်ကာလ၌ တက်၍,တက်၍ ဖူးဖူးရောင်သော, စက်ဆုပ်ဖွယ်ရှိသော, အကောင်-ဟု ဆိုအပ်သော ဥဒ္ဓုမာတကလည်း ၁-ပါး၊

၂။ သေသည်မှ ၂-ရက်, ၃-ရက်လွန်ပြီးသောကာလ ညို့ညို့ရှိသော, အကောင်-ဟု ဆိုအပ်သော, စက်ဆုပ်ဖွယ်ရှိသော ဝိနီလကလည်း ၁-ပါး၊

၃။ ယိုသောပြည်ရှိသော, စက်ဆုပ်ဖွယ်ရှိသော, အကောင်-ဟု ဆိုအပ်သော ဝိပုဗ္ဗက လည်း ၁-ပါး၊

၄။ ဓား,လက်နက်တို့ဖြင့် အလယ်၌ ပိုင်းဖြတ်၍ ပစ်အပ်သော, စက်ဆုပ်ဖွယ်ရှိသော, အကောင်-ဟု ဆိုအပ်သော ဝိစ္ဆိဒ္ဒကလည်း ၁-ပါး၊

၅။ ခွေး, မြေခွေး-အစရှိသော သတ္တဝါတို့သည် ကိုက်ခဲအပ်သော, စက်ဆုပ်ဖွယ်ရှိသော, အကောင်-ဟု ဆိုအပ်သော ဝိက္ခာယိတကလည်း ၁-ပါး၊

၆။ ခွေး, မြေခွေး-အစရှိသော သတ္တဝါတို့သည် ကိုက်ခဲ၍ အထူးထူးအပြားပြား ပစ်အပ်သော, စက်ဆုပ်ဖွယ်ရှိသော, အကောင်-ဟု ဆိုအပ်သော ဝိက္ခိတ္တကလည်း ၁-ပါး၊

၇။ ဓားလက်နက်တို့ဖြင့် အပိုင်းပိုင်းဖြတ်၍ အထူးထူးအပြားပြားသောအရပ်၌ ပစ်အပ်သော, စက်ဆုပ်ဖွယ်ရှိသော, အကောင်-ဟု ဆိုအပ်သော ဟတဝိက္ခိတ္တကလည်း ၁-ပါး၊

၈။ ယိုသောသွေးရှိသော, စက်ဆုပ်ဖွယ်ရှိသော, အကောင်-ဟု ဆိုအပ်သော လောဟိတက လည်း ၁-ပါး၊

၉။ ပိုးလောက်အတိပြည့်သော, အကောင်-ဟု ဆိုအပ်သော, စက်ဆုပ်ဖွယ်ရှိသော ပုဠုဝကလည်း ၁-ပါး၊

၁၀။ အရိုးချည်းသာဖြစ်သော, စက်ဆုပ်ဖွယ်ရှိသော, အကောင်-ဟု ဆိုအပ်သော အဋ္ဌိက လည်း ၁-ပါး။

ဤသို့အားဖြင့် ၁၀-ပါး ဖြစ်သတည်း။ (သင်္ဂဟ။၅၉။ ဝိသုဒ္ဓိ၊၁။၁၇၃)

ထို ၁၀-ပါးသော အသုဘတို့ကို မြင်သောကာလ "ငါ၏ကိုယ်သည် ဤကဲ့သို့ ဖူးဖူးရောင်ခြင်း, ညို့ညို့ရှိခြင်း-အစရှိသောသဘောသို့ ရောက်လတ္တံ့။ ထိုသဘောတရားကို မလွန်နိုင်ချေတကား"ဟု အဖန်တလဲလဲ ဆင်ခြင်ခြင်း, အောက်မေ့ခြင်းသည် အသုဘ သညာကို ပွါးစေသည် မည်၏။

ကာယဂတာသတိ-ဟူသည်ကား "**အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော**"အစရှိသည်ဖြင့် ဟောတော်မူအပ်သော ဆံပင်, မွေးညင်း-အစရှိသော ဒွတ္တိံသ ကာယ၌ဖြစ်သော သတိသည် ကာယဂတာသတိ မည်၏။ ထိုကာယဂတာသတိကို အဖန် တလဲလဲအောက်မေ့ဆင်ခြင်ခြင်းသည် အသုဘသညာကို ပွါးစေသည်မည်၏။ (မ၊၁။၇၂)

## ၂။ မရဏသညာ

မရဏသညာကို ပွါးလိုသောသူသည် သေခြင်းအပြားကို သိရာ၏။ အဘယ်သို့ သိရာသနည်းဟူမူကား သေခြင်းသဘောသည် သမ္မုတိမရဏ, ခဏိကမရဏ, သမုစ္ဆေဒမရဏအားဖြင့် ၃-ပါး အပြားရှိ၏။ ထို ၃-ပါးတို့တွင် "သစ်ပင် သေသည်၊ သံ သေသည်၊ ပြဒါး သေသည်၊ သတ္တဝါ သေသည်၊ တိဿ သေသည်၊ ဒတ္တ သေသည်၊ မိန်းမ, ယောကျ်ား, နတ်, သိကြား, ဗြဟ္မာ သေသည်၊ တိရစ္ဆာန် သေသည်"ဟု ခေါ်ဝေါ်ခြင်းသည် အခေါ်အဝေါ် သမုတ်ကာမျှသာ ဖြစ်သောကြောင့် **သမ္မုတိမရဏ** မည်၏။

စိတ်, စေတသိက် ရုပ်တရားတို့သည် တခဏ, တခဏမျှသာဖြစ်၍ ချုပ်ခြင်းသည် **ခဏိကမရဏ** မည်၏။

ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါတို့၏ ပရိနိဗ္ဗာန်ပြုခြင်းသည် **သမုစ္ဆေဒမရဏ** မည်၏။ ထို ၃-ပါးတို့တွင်—

- **သမ္မုတိမရဏကိုသာ ဆင်ခြင်ရာ၏။**
- ထိုသမ္မုတိမရဏတွင်လည်း သတ္တဝါသေသည်ကိုသာ အာရုံပြု၍ ဆင်ခြင်အောက်မေ့ရာ၏။
- သတ္တဝါသေသည်၌လည်း မိမိသေလတ္တံ့သည်ကို အာရုံပြု၍ အောက်မေ့ဆင်ခြင်ရာ၏။
- မိမိသေသည်၌လည်း ယခုဘဝ သေလတ္တံ့သည်ကို အာရုံပြု၍ အောက်မေ့ဆင်ခြင်ရာ၏။ (အံ၊၄၁၁။၄၀၉)

ယခုဘဝ သေလတ္တံ့သော အကြောင်းတရားသည် ၄-ပါးအပြားရှိ၏။ ၄-ပါးဟူသည်ကား—

- အာယုက္ခယလည်း ၁-ပါး,
- ကမ္မက္ခယလည်း ၁-ပါး,
- ဥဘယက္ခယလည်း ၁-ပါး,
- ဥပစ္ဆေဒကမရဏလည်း ၁-ပါး၊

ဤ ၄-ပါးသော အကြောင်းကြောင့် သေရအံ့သည်သာ-ဟု ဆင်ခြင်ရာ၏။ (ဝိသုဒ္ဓိ၊၁။၂၂၂)

၁-ခုသော ခန္ဓာကိုယ်ဝယ် အဖွဲ့တ္တသန္တာန်၌ ဓာတ် ၄-ပါး မညီမညွတ်သောကြောင့်လည်းကောင်း, ပိုးမျိုး ၈၀-ဖျက်သောကြောင့်လည်းကောင်း, ၉၆-ပါးသော ရောဂါဝေဒနာ

တို့တွင် ၁-ပါးပါးစွဲ၍လည်းကောင်း သေရာ၏။ ဗဟိဒ္ဓသန္တာန်၌ ရန်သူမျိုး ၅-ပါးတို့ကြောင့်လည်းကောင်း၊ ဘီလူး, သားရဲ, မြွေ, ကင်း, သန်း-အစရှိသော သတ္တဝါတို့ကြောင့်လည်းကောင်း သေရာ၏။

ဇောတိက, ဇဋိလ-အစရှိသော ဘုန်းကြီးသောသူတို့သည်လည်းကောင်း၊ မန္ဓာတ်မင်း, မဟာဂေါဝိန္ဒ-အစရှိသော အခြံအရံများသောသူတို့သည်လည်းကောင်း၊ ဝါသုဒေဝမင်း, ဗလဒေဝမင်း, တရုရလက်ပမ်းသည်, မုဋ္ဌိကလက်ပမ်းသည်-အစရှိသော အားကြီးသောသူတို့သည်လည်းကောင်း၊ အရှင်မဟာမောဂ္ဂလာန်-အစရှိသော တန်ခိုးကြီးသောသူတို့သည်လည်းကောင်း၊ အရှင်သာရိပုတြာ-အစရှိသော ပညာကြီးသောသူတို့သည်လည်းကောင်း၊ အရှင်ပစ္စေကဗုဒ္ဓါတို့သည်လည်းကောင်း သေမင်းနိုင်ငံသို့ လိုက်ကြရကုန်၏။

ထိုအလုံးစုံသောသူတို့ကို မဆိုထားဘိဦး။ လက္ခဏာတော်ကြီး ၃၂-ပါး, ၈၀-သော လက္ခဏာတော်ငယ်, ၆-သွယ်သော ရောင်ခြည်တော်တို့ဖြင့် တန်ဆာဆင်အပ်သော ရူပကာယကျေးဇူးတော်, သီလ, သမာဓိတည်းဟူသော နာမကာယကျေးဇူးတော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို စင်လျက်လည်း သေမင်းသည် အရှက်အကြောက်မဲ့ရကား မိမိနိုင်ငံသို့သာ လိုက်စေတတ်၏။ ထို့ကြောင့် ငါတို့သူငါကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ သေရအံ့သည်သာတည်း-ဟု "မရဏံ မေ ဘဝိဿတိ၊ ဇီဝိတိန္ဒြိယံ ဉစ္ဆိဇ္ဇိဿတိ"ဟု အဖန်တလဲလဲ နှလုံးသွင်းခြင်းသည် မရဏသညာကို ပွါးစေသည် မည်၏။

## ၃။ အာဟာရေ ပဋိကူလသညာ

အာဟာရေ ပဋိကူလသညာကို ပွါးလိုသော်သူသည် ၁၀-ပါးသော အခြင်းအရာတို့ဖြင့် ပွါးရာ၏။ အဘယ် ၁၀-ပါးတို့ဖြင့် ပွါးရာသနည်းဟူမူကား—

'အစာအာဟာရကို ရှာမှီးအံ့သောငှာ သွားအံ့'-ဟု ညောင်စောင်းအင်းပျဉ်မှ သက်သောအခါ လင်းနို့, ကြောင်, ကြွက်, တက်တူ, အိမ်မြှောင်, တောက်တဲ့-အစရှိသော သတ္တဝါတို့သည် စွန့်အပ်သော မစင်ကို နင်းရ၏။ ကျောင်းမှ သက်သောကာလ မစင်ကြယ်သော မြေအပြင်ကို နင်းရ၏။ ပရိဝုဏ်မှ သက်သောကာလ ရွှေစု, ငွေစု, ရတနာစုနှင့်တူသော စေတီတော်ကိုလည်းကောင်း၊ ဥဒေါင်းမြီးစည်းနှင့်တူသော ဗောဓိပင်ကိုလည်းကောင်း၊ ဆရာ,ဥပဇ္ဈာယ်တို့ကိုလည်းကောင်း နောက်မှီတံကဲ ကျောပေး၍ သွားရ၏။ ခရီးအကြား၌ ရွံ့စေး, ညွန်ပုပ်, ကျင်ကြီး, ကျင်ငယ်-စသည်ကို နင်းရ၏။ ထို့ကြောင့် 'သွားရသောအားဖြင့် စက်ဆုပ်ဖွယ်သာတည်း'-ဟု ဆင်ခြင်ရာ၏။

ရှာမှီးပြန်သောကာလ ရွာတံခါးအနီး တံစည်းအိုးနားသို့ ရောက်သောကာလ စက်ဆုပ်ဖွယ်ကို မြင်ရခြင်း, အနံ့နှိပ်စက်ခြင်းသည် ဖြစ်၏။ ရွာတွင်းသို့ ရောက်သောအခါ သဒ္ဓါသောသူ, မသဒ္ဓါသောသူတို့တွင် မသဒ္ဓါသောသူ၏ အိမ်သို့ ရောက်လေရာ၏။ ထိုသူသည် "ရဟန်းဦးပြည်းတို့ကား ငါတို့ အိမ်သို့ ဥဒ္ဒံကဏ္ဍ လည်တမော့မော့ လာဘိသည်"ဟု ကဲ့ရဲ့ပြစ်တင်ခြင်း, ရေရွတ်ခြင်း ဆိုလိုရာသော စကားကို ဆိုလေရာ၏။ သဒ္ဓါသောသူဖြစ်ငြားသော်လည်း "အတိစ္ဆထ ဘန္တေ"စသည်ဖြင့် ကန်တော့ပါသေး၏-ဟူသော စကားကို ဆို၏။

ဆွမ်း, ဘောဇဉ်, ခဲဖွယ်ကိုပင် ရပါငြားသော်လည်း ရေသွန်ရာ ရွံ့စေး, နွံပုပ်၌ ယင်အပေါင်းတို့သည် အဖန်တလဲလဲ နား၍ တဖန် ရဟန်း၏ဦးခေါင်း သပိတ်, သင်္ကန်း, အင်္ကျီကြီး,ငယ်၌ အဖန်တလဲလဲ နားခြင်းကြောင့် စက်ဆုပ်ဖွယ်သာတည်း။ မကောင်းသော, လူတို့မှ စွန့်ပစ်အပ်သော အညစ်အကြေး, အနံ့တို့ကြောင့်လည်း စက်ဆုပ်ဖွယ်သာတည်း။ ထို့ကြောင့် ရှာမှီး၍ ရသောအားဖြင့်လည်း 'အာဟာရသည် စက်ဆုပ်ဖွယ်သာတည်း'-ဟု အဖန်တလဲလဲ ဆင်ခြင်ရာ၏။

အာဟာရကို သုံးဆောင်အံ့သောငှာ ရောပြွမ်း၍ နယ်သောကာလ စက်ဆုပ်ဖွယ်သော အညစ်အကြေးတို့သည် လက်ကို လိမ်းကျံခြင်း, လျှာကို လိမ်းကျံခြင်း, သွားကို လိမ်းကျံခြင်း, စက်ဆုပ်ဖွယ်ရှိရကား သမ္ဘက္ခနအားဖြင့်လည်း အာဟာရသည် စက်ဆုပ်ဖွယ်သာတည်း-ဟု အဖန်တလဲလဲ ဆင်ခြင်ရာ၏။

သုံးဆောင်သောကာလ လျှာဖျားမှ ကျသော တံတွေးနှင့် ရောပြွမ်း၍ လျှာရင်း၌ အထပ်ထပ်သော တံတွေး, သွားချေး, သလိပ်-စသည်တို့နှင့် ရောပြွမ်းသော အာဟာရတို့ကို သုံးဆောင်ရ၏။ ထို့ကြောင့် သုံးဆောင်ရသောအားဖြင့်လည်း အာဟာရသည် စက်ဆုပ်ဖွယ်သာတည်း-ဟု အဖန်တလဲလဲ ဆင်ခြင်ရာ၏။

မျိုသောအခါ၌လည်း လည်ချောင်းဝ၌ ၁-ခွက်မျှလောက်သော သလိပ်ကို ဖောက်ခွဲ၍ ဝမ်းတွင်း၌ရှိသော သွေးတို့ဖြင့် လိမ်းကျံ၍ တည်သဖြင့် မဟာလှေကားပွင့်, ခေါင်ရမ်းပွင့်, ချိပ်ရည်, ကမ္ဗလာနီအဆင်းကဲ့သို့ ဖြစ်၍ စက်ဆုပ်ဖွယ်သောအဖြစ်သို့ ရောက်၏။ ထို့ကြောင့် မျိုသောအခါ၌လည်း အာဟာရသည် စက်ဆုပ်ဖွယ်သာတည်းဟု အဖန်တလဲလဲ ဆင်ခြင်ရာ၏။ (ထိုအာဟာရသည် အကြောင်းကိုမှီ၍ဖြစ်ရကား အကြောင်းအားဖြင့်လည်း စက်ဆုပ်ဖွယ်သာတည်း-ဟု အဖန်တလဲလဲ ရှုအပ်၏။)

ဝမ်း၌တည်သော အာဟာရကို ဓာတ်မီးချက်သဖြင့် တံစည်းအိုး ကျင်ကြီးတွင်း၌ အမြှုပ်တဖွားဖွား ထလျက် စက်ဆုပ်ဖွယ်ရှိသကဲ့သို့ လွန်စွာ စက်ဆုပ်ဖွယ်ရှိ၏။ ထို့ကြောင့်

အာဟာရသည် အပရိပက္က မကျက်သေးသောအားဖြင့်လည်း စက်ဆုပ်ဖွယ်သာတည်းဟု အဖန်တလဲလဲ ဆင်ခြင်ရာ၏။

ဓာတ်မီးချက်၍ ကျက်ပြီးသော အာဟာရသည် ဝါးကျည်၌ ညွန်စေးပုပ်ကို ထည့်၍ ထားသကဲ့သို့ အစာကျက်အိမ်၌ တည်သဖြင့် လွန်စွာစက်ဆုပ်ဖွယ်ရှိသောအဖြစ်သို့ ရောက်၏။ ထို့ကြောင့် အာဟာရသည် ပရိပက္က၊ ကျက်ပြီးသောအားဖြင့်လည်း စက်ဆုပ်ဖွယ်သာ တည်းဟု အဖန်တလဲလဲ ဆင်ခြင်ရာ၏။

၉-ပါးသော ဒွါရတို့မှ ယိုစီးသောအခါ လက်တို့ဖြင့် ကိုင်ခြင်းငှာ အလိုမရှိ စက်ဆုပ်ဖွယ်ရှိ၏။ ထို့ကြောင့် ယိုစီးသောအားဖြင့်လည်း စက်ဆုပ်ဖွယ်သာတည်းဟု အဖန်တလဲလဲ ဆင်ခြင်ရာ၏။

ဓာတ်မီးချက်၍ မကျက်သဖြင့် ကျန်သော အာဟာရသည် မှည့်မည်း, ဝက်ခြံ, အိုင်းအမာဖြစ်၍ အကျိုးပြီးသောအားဖြင့်လည်း စက်ဆုပ်ဖွယ်သာတည်းဟု အဖန်တလဲလဲ ဆင်ခြင်ရာ၏။

အာဟာရကို သုံးဆောင်သောအခါ အဆွေအမျိုး, မိဘပေါက်ဖော်, သား,သမီး, အခြွေအရံ, အန္တေဝါသိက, သဒ္ဓိဝိဟာရိကနှင့် ပရိသတ်တို့၏အလယ်၌ သောမနဿဝေဒနာဖြင့် သုံးဆောင်ရ၏။ စွန့်သောအခါ ပုန်းကွယ်ရာအရပ်၌ ဒုက္ခဝေဒနာဖြင့် စွန့်ရ၏။ ထို့ကြောင့် စွန့်ရသောအားဖြင့်လည်း အာဟာရသည် စက်ဆုပ်ဖွယ်သာတည်းဟု အဖန်တလဲလဲ ဆင်ခြင်ရာ၏။

ဤ ၁၀-ပါးတို့ဖြင့် စက်ဆုပ်ဖွယ်ရှိ၏-ဟု နှလုံးသွင်းခြင်းသည် အာဟာရေပဋိကူလသညာကို ပွါးစေသည် မည်၏။ (အံ၊၃၊၁၊၄၀၉)

## ၄။ သဗ္ဗလောကေ အနဘိရတိသညာ

သဗ္ဗလောကေ အနဘိရတိသညာကို အဘယ်သို့ ပွါးစေရာသနည်းဟူမူကား ဘုံ ၃-ပါး၌ဖြစ်သော လူ,နတ်,ဗြဟ္မာတို့၏ စည်စိမ်းချမ်းသာသည် မွေ့လျော်ဖွယ်, နှစ်သက်ဖွယ် မရှိသည်သာ ဖြစ်၏။ ထိုသို့ မွေ့လျော်ဖွယ်မရှိသောကြောင့် ဘုံ ၃-ပါး၌ ဖြစ်ရခြင်းသည် မွေ့လျော်ဖွယ် မရှိ။ အဘယ်ကြောင့်နည်းဟူမူကား စက်ဆုပ်အပ်သော ဇာတိ, ဇရာ, မရဏ တို့နှင့်လည်းကောင်း၊ အကုသိုလ်, ကိလေသာတို့နှင့်လည်းကောင်း ရောပြွမ်းသည်ဖြစ်၍ မွေ့လျော်ဖွယ် မရှိသည်သာတည်း။

လောကူပမာဆိုသော်ကား မျက်စိမမြင်သော လူကန်းယောကျ်ားနှင့် တစ်စုံတင် ယောက်သော မျက်စိမြင်သောယောကျ်ားသည် အဝွန့်ရှည်သောခရီးသို့ သွားလေရာ၏၊ အစဉ်သဖြင့် သွားဖန်များ၍ ထမင်း, ရိက္ခာကုန်လတ်သော် ၁-ခုသော လင်ဗန်း၌ ထက်ဝက်ကား ပုပ်ညှီနံစော်လှသည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော မစင်, ထက်ဝက်ကား ကောင်းမြတ် ချိုမြိန်လှသော နှစ်သက်ဖွယ်ရှိသော နတ်သုဓာဘုတ်၊ ဤ ၂-ပါးတို့ဖြင့် ရောပြွမ်းသော ၁-ခုသော လင်ဗန်းကို တွေ့လေရာ၏။

ထိုသူ ၂-ယောက်တို့တွင် မျက်မမြင်သော လူကန်းကား မစင်နှင့် ရောပြွမ်းသော သုဓာဘုတ်ဘောဇဉ်ကို မြိန်မြိန်ရှက်ရှက် နှစ်သက်ဝမ်းသာစွာ သုံးဆောင်စားသောက်လေ၏၊ မျက်စိအမြင်ရှိသော ယောကျ်ားမူကား ထိုဘောဇဉ်၏ စက်ဆုပ်ဖွယ်ကို သိမြင်ငြားသော်လည်း ထိုဘောဇဉ်ရှိခြင်းကြောင့် သေခြင်းဘေးမှ ကင်း၍ ခရီးခဲမှ လွန်မြောက်ခြင်းအကျိုးငှာ သုံးဆောင်၏။ ထို့အတူ ပုထုဇ္ဇန အန္ဓဗာလအပေါင်းတို့သည် လူ,နတ်,ဗြဟ္မာတို့၏ စည်းစိမ် ချမ်းသာကို ရသည်ရှိသော် စက်ဆုပ်အပ်သော ဇာတိ, ဇရာ, မရဏတည်းဟူသော ဘေးရန်. အကုသိုလ်ကိလေသာတည်း-ဟူသော အညစ်အကြေးတို့ကို မမြင်ခြင်းကြောင့် "ငါကား မွန်မြတ်သော စည်းစိမ်ချမ်းသာကို ရပေသည်"ဟု ဝမ်းမြောက်ဝမ်းသာ မေ့မေ့လျော့လျော့ ပျော်ပျော်ပါးပါး ခံစား၍ နေ့,လရှည်ကြာစွာ ကာလကို ကုန်စေ၏။

ပညာမျက်စိအမြင်ရှိသော သူတော်ကောင်းတို့မူကား ဇာတိ-အစရှိသော ဘေးရန်, ရာဂ-အစရှိသော အညစ်အကြေးတို့ကို မြင်ကုန်သည်ဖြစ်၍ "လူ,နတ်,ဗြဟ္မာတို့၏ ချမ်းသာ သည် မစင်နှင့် ရောသော သုဓာဘုတ်ကဲ့သို့ မွေ့လျော်ဖွယ်မရှိ"ဟူ၍ ဘုံ ၃-ပါး၌ဖြစ်သော ချမ်းသာ၌ မက်မောခြင်းကင်းအောင် အားထုတ်၏။ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် "ဘုံ ၃-ပါး၌ဖြစ်သော ချမ်းသာသည် မွေ့လျော်ဖွယ်မရှိ"ဟု နှလုံးသွင်းခြင်းသည် သဗ္ဗ-လောကေ အနဘိရတိသညာကို ပွါးစေသည် မည်၏။

## ၅-၇။ အနိစ္စ, ဒုက္ခ, အနတ္တသညာ

အနိစ္စသညာ,ဒုက္ခသညာ, အနတ္တသညာကို အဘယ်သို့ ပွါးစေရာသနည်းဟူမူကား အနိစ္စသညာ-အစရှိသည်ကို ပွါးလိုသောသူသည် ရှေးဦးစွာ ခန္ဓာ, အာယတန, ဓာတ်တို့ကို သိရာ၏။ ထိုခန္ဓာ, အာယတန, ဓာတ်တို့တွင်–

- ဖောက်ပြန်ခြင်းသဘောရှိသော ရုပ် ၂၈-ခုဟု ဆိုအပ်သော ရူပက္ခန္ဓာလည်း ၁-ပါး၊
- ခံစားခြင်းသဘောရှိသော ဝေဒနာစေတသိက်-ဟု ဆိုအပ်သော ဝေဒနာက္ခန္ဓာလည်း ၁-ပါး၊

- အဖြူ, အနီ-စသည်တို့ကို မှတ်ခြင်းသဘောရှိသော သညာစေတသိက်-ဟု ဆိုအပ်သော သညာက္ခန္ဓာလည်း ၁-ပါး၊
- အပေါင်းအစုပြုခြင်း သဘောရှိသော ဝေဒနာ,သညာမှ ကြွင်းသော စေတသိက် ၅၀-ဟု ဆိုအပ်သော သင်္ခါရက္ခန္ဓာလည်း ၁-ပါး၊
- အာရုံကို သိခြင်း သဘောရှိသော ဝိညာဏက္ခန္ဓာလည်း ၁-ပါး၊

ဤသို့အားဖြင့် ခန္ဓာတို့သည် ၅-ပါး အပြားရှိကုန်၏။

ထိုခန္ဓာ ၅-ပါးတို့သည် အဘယ်အနက်ကြောင့် ခန္ဓာမည်သနည်းဟူမူကား "**ရာသ-ဋ္ဌေန ခန္ဓာ**"ဟူ၍ ဆိုသောကြောင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်, ဒူရ, သန္တိက-အစရှိသော ၁၁-ပါးအပြားရှိကုန်သော ရုပ်,ဝေဒနာ-အစရှိသည်တို့ကို ပေါင်း၍ ထို ၁၁-ပါးအပြားရှိကုန်သော ရုပ်,ဝေဒနာ-အစရှိကုန်သော တရားတို့၏ အပေါင်းအစု-ဟူသော အနက်ကြောင့် ခန္ဓာမည်၏။ ဥပါဒါနိတရား ၄-ပါးတို့၏ အာရုံ-ဟူသော အနက်ကြောင့် လောကီခန္ဓာ ၅-ပါးတို့သည် ဥပါဒါနက္ခန္ဓာ မည်ကုန်၏။

ထိုခန္ဓာ ၅-ပါးတို့တွင် ရူပက္ခန္ဓာသည် အချမ်း,အပူ-ဟူသော အကြောင်းကြောင့် ဖောက်ပြန်တတ်၏။ အဘယ်သို့ ဖောက်ပြန်လေသနည်းဟူမူကား ၃-ခု,၄-ခုသော စကြဝဠာတိုက်တို့၏အကြား၌ ၁-ခုသော လောကန္တရိက်ငရဲသည် ရှိ၏။ ထိုငရဲ၌ လူ့ပြည်က ဆရာ, မိဘတို့၏ စကားကို မနာမယူ။ ဆရာ, မိဘတို့အား ပြစ်မှားသောသူသည် စကြဝဠာတံတိုင်းတို့၏ နံရံကို လင်းနို့ကဲ့သို့ တွဲရရွဲဆွဲလျက် ၂-ယူဇနာ, ၃-ယူဇနာရှိသော အတ္တဘောဖြင့် ဖြစ်၍ ခံကြရကုန်၏။ ထိုသတ္တဝါတို့သည် ၁-ယောက်သည် ၁-ယောက်နှင့် တွေ့၍ အစာဟု ထင်မှတ်ခြင်းကြောင့် ကိုက်ခဲစားသောက်သဖြင့် အလွန်အေးချမ်းသော လောကန္တရိက်-ဟူသော ငရဲထဲသို့ ကျ၍ ဆားကို ရေထဲသို့ ချသကဲ့သို့ ပျက်စီးခြင်းသို့ ရောက်လေကုန်၏။

ဤလူ့ပြည်၌ လူတို့၏ ရုပ်သည်လည်း ချမ်းအေးသော လေ,ရေတို့ကြောင့် မည်းသော အဆင်းရှိသည်ဖြစ်၍ ဖောက်ပြန်ခြင်းသို့ ရောက်လေ၏။ ဤသို့လျှင် အချမ်း,အပူ-ဟူသော အကြောင်းကြောင့် ရုပ်-ဟူသော ရူပက္ခန္ဓာသည် ဖောက်ပြန်ခြင်းသို့ ရောက်၏။ ငရဲပြည်၌ ငရဲသူသတ္တဝါတို့သည် အပူကြောင့် ဖောက်ပြန်ခြင်းသို့ ရောက်၏။ လူ့ပြည်၌ လူတို့၏ ရုပ်-ဟူသော ရူပက္ခန္ဓာသည် မီးပူ, နေပူကြောင့် ဖောက်ပြန်ခြင်းသို့ ရောက်၏။ ပြိတ္တာဘုံ၌ ပြိတ္တာတို့၏ ရုပ်သည်လည်း ငတ်မွတ်ဆာလောင်ခြင်းကြောင့် ဖောက်ပြန်ခြင်းသို့ ရောက်၏။ လူတို့၏ ရုပ်သည်လည်း ထမင်းဆာလောင်ခြင်း, ငတ်မွတ်ခြင်း, ရေသိပ်ခြင်းကြောင့် ဖောက်ပြန်ခြင်းသို့ ရောက်၏။

ထို့ကြောင့်–

**သီတေနပိ ရုပ္ပတိ၊ ဥဏှေနပိ ရုပ္ပတိ၊ ဇိဃစ္ဆာယပိ ရုပ္ပတိ၊ ပိပါသာယပိ ရုပ္ပတိ။**

အစရှိသည်ဖြင့် ဟောတော်မူသည်။ (သံ၊၂။၇၁) ထိုခန္ဓာ ၅-ပါးတို့တွင်–

- ရူပက္ခန္ဓာသည် ရေမြှုပ်နှင့် တူ၏။
- ဝေဒနာက္ခန္ဓာသည် ရေပွက်နှင့် တူ၏။
- သညာက္ခန္ဓာသည် တံလျှပ်နှင့် တူ၏။
- သင်္ခါရက္ခန္ဓာသည် ငှက်ပျောတုံး, လက်ပံတုံးနှင့် တူ၏။
- ဝိညာဏက္ခန္ဓာသည် မျက်လှည့်သည်နှင့် တူ၏။ (သံ၊၂။၁၁၆)

## (၁) ရူပက္ခန္ဓာနှင့် ရေမြှုပ်

အဘယ်သို့ ရူပက္ခန္ဓာသည် ရေမြှုပ်နှင့် တူလေသနည်းဟူမူကား မြစ်ကြီး ၅-သွယ်, မြစ်ငယ် ၅၀၀-တို့မှ စီးဝင်လာသော ရေအပေါင်းတို့သည် သမုဒ္ဒရာအဝသို့ ရောက်၍ တပေါင်းတည်း စုဝေးမိသောအခါ အချင်းချင်းခတ်မိကြ၍ ဆီးသီး, ခုံညင်းပမာဏ၊ ထန်းစေ့, ထန်းသီးပမာဏမှ စ၍ နွား, ကျွဲ, ဆင်, မြင်းပမာဏ၊ တောင်ပမာဏကြီး၍ ၁-ယူဇနာ, ၂-ယူဇနာ, ၃-ယူဇနာ, ၄-ယူဇနာ, ၅-ယူဇနာ အတိုင်းအရှည်ကြီးသော ရေမြှုပ်စိုင်တို့သည် ဖြစ်လေကုန်၏။

ထိုရေမြှုပ်စိုင်သည် အနှစ်သာရမရှိ၊ များစွာသော အပေါက်အပေါက်တို့သည် ရှိကုန်သည်ဖြစ်၍ ပိုးမျိုးတိရစ္ဆာန် သတ္တဝါတို့၏ တည်ရာ, မှီရာ, အိမ်ထောင်ရာ, သားဖွားရာ, ကျင်ကြီး,ကျင်ငယ်စွန့်ရာ, သုသာန်သင်္ချိုင်းပြုရာ ဖြစ်သကဲ့သို့ ဖြစ်၍ ထိုရေမြှုပ်စိုင်သည် အစဉ်သဖြင့် မျော၍မျော၍ သွားသဖြင့် သမုဒ္ဒရာဗလဝါမုခဝဲသို့ ရောက်၍ မှုန့်မှုန့်ညက်ညက် ကြေမွပျက်စီးခြင်းသို့ ရောက်လေ၏။

ထို့အတူ ရူပက္ခန္ဓာသည်လည်း ကရဇကာယ-ဟု ဆိုအပ်သော ဆီကြည်, အမြှုပ်, သားတစ်, သားခဲ, ခက်မ ၅-ဖြာ, ကေသာ, လောမာ, နခါ, စက္ခု, သောတ, ဃာန, ဇိဝှါ- အစရှိသည်တို့သည် အစဉ်သဖြင့် ပျက်ကြလေကုန်၏။

ပထမအရွယ်, ဒုတိယအရွယ်, တတိယအရွယ်, မန္ဒဒသက, ခိဍ္ဍာဒသက, ဝဏ္ဏဒသက, ဗလဒသက, ပညာဒသက, ဟာနိဒသက, ပဗ္ဘာရဒသက, ဝင်္ကဒသက, မောမူဟဒသက, သယနဒသကအားဖြင့် အိုးမင်းထိုင်းမှိုင်းခြင်းသို့ ရောက်လေကုန်၏။ (ဝိသုဒ္ဓိ၊၂။၂၅၄)

ထိုရေမြှုပ်စိုင်သည် အပေါက်အပေါက်ရှိသကဲ့သို့ ထို့အတူ ရူပက္ခန္ဓာသည် ခံတွင်း, နှာခေါင်း, နားတွင်း-အစရှိသော အပေါက်အပေါက်တို့သည် ရှိကုန်၏။ ရေမြှုပ်စိုင်အတွင်း၌ သတ္တဝါ တိရစ္ဆာန်တို့၏ တည်ရာ,မှီရာဖြစ်သကဲ့သို့ ဤရူပက္ခန္ဓာ၏အတွင်း၌လည်း ပိုးမျိုး ၈၀-တို့၏ နေရာ, တည်ရာ, အိမ်ထောင်ရာ, သားဖွားရာ, ကျင်ကြီး,ကျင်ငယ်စွန့်ရာ, သုသာန် သင်္ချိုင်းပြုရာ ဖြစ်၏။ ရေမြှုပ်စိုင်သည် ဆီးသီး, ခုံညင်းပမာဏမှ စ၍ တောင်ပမာဏ တိုင်အောင်ကြီး၍ အကြောင်းအားလျော်စွာ ပျက်စီးသကဲ့သို့ ထို့အတူ–

- ရေကြည်၌ဖြစ်သောအခါ ပျက်စီးသော သတ္တဝါ၊
- အမြှုပ်ဖြစ်၍ ပျက်စီးသော သတ္တဝါ၊
- သားတစ်ဖြစ်၍ ပျက်စီးသော သတ္တဝါ၊
- သားခဲဖြစ်၍ ပျက်စီးသော သတ္တဝါ၊
- ခက်မ ၅-ဖြာဖြစ်၍ ပျက်စီးသော သတ္တဝါ–

တို့သည် မရေမတွက်နိုင်အောင် များကုန်၏။ စက္ခုပသာဒဖြစ်ပြီးမှ ပျက်စီးသော သတ္တဝါ၊ သောတ, ဃာန, ဇိဝှါဖြစ်ပြီးမှ ပျက်စီးသော သတ္တဝါတို့သည် မရေမတွက်နိုင်အောင် များကုန်၏။

ပဌမအရွယ်၌ ပျက်စီးသောသတ္တဝါတို့သည် မရေမတွက်နိုင်အောင် များကုန်၏။ ဒုတိယအရွယ်, တတိယအရွယ်၌ ပျက်စီးသောသတ္တဝါတို့သည် မရေမတွက်နိုင်အောင် များကုန်၏။ မန္ဒဒသကအရွယ်သို့ ရောက်မှ ပျက်စီးသောသတ္တဝါ, ခိဍ္ဍာဒသကအရွယ်-အစ ရှိသည်တို့သို့ ရောက်မှ ပျက်စီးသောသတ္တဝါတို့သည် မရေမတွက်နိုင်အောင် များကုန်၏။

စင်စစ်အားဖြင့်ကား ရေမြှုပ်စိုင်သည် ဗလဝါမုခဝဲသို့ ရောက်၍ ဧကန္တပျက်စီး သကဲ့သို့ ထို့အတူ ရူပက္ခန္ဓာသည်လည်း အသက် ၁၀၀-ဟု ဆိုအပ်သော တတိယအရွယ်, သယနဒသကသို့ ရောက်၍ ပျက်စီးရခြင်းသည် မြဲ၏။ ထို့ကြောင့် ရူပက္ခန္ဓာသည် ရေမြှုပ်နှင့် တူသောအဖြစ်ကို "ဖေဏပိဏ္ဍူပမံ ရူပံ"ဟူ၍ ဟောတော်မူသည်။ (သံ၊၂။၁၁၆)

## (၂) ဝေဒနာက္ခန္ဓာနှင့် ရေပွက်

ဝေဒနာက္ခန္ဓာသည် အဘယ်သို့ ရေပွက်နှင့် တူလေသနည်းဟူမူကား ရေထဲသို့ ကျသော မိုးရေ, မိုးပေါက်ကြောင့်ဖြစ်သော ရေပွက်သည် တခဏ, တခဏဖြစ်၍ ပျက်စီး သကဲ့သို့ ထို့အတူ ဝေဒနာက္ခန္ဓာသည်လည်း တခဏ, တခဏသာဖြစ်၍ ပျက်စီးခြင်းသို့

ရောက်တတ်သောကြောင့် ရေပွက်နှင့် တူ၏။ ထို့ကြောင့် "**ဝေဒနာ ပုဗ္ဗုဠူပမာ**"ဟူ၍ ဟောတော်မူသည်။

## (၃) သညာက္ခန္ဓာနှင့် တံလျှပ်

**သညာက္ခန္ဓာ**သည် အဘယ်သို့ တံလှပ်နှင့် တူသနည်းဟူမူကား နွေလအခါ အပူဖြင့် နှိပ်စက်ခြင်းကြောင့် ပြင်းစွာ ရေငတ်သော သမင်သည် တံလှပ်ကို မြင်၍ "ဤသည်ကား ချမ်းအေးသော ရေပေတည်း"ဟု ထိုထို မြင်ရာအရပ်သို့ အစဉ်လိုက်သဖြင့် ရေကို မတွေ့ မသောက်ရ၍ သေကျေပျက်စီးခြင်းသို့ ရောက်ရသကဲ့သို့ ထို့အတူ လောဘ-အစရှိသော ကိလေသာတို့ဖြင့် ပူပန်ငတ်မွတ် ဆာလောင်ခြင်းဖြင့် ပြင်းစွာနှိပ်စက်၍ ဆင်းရဲအပေါင်းတို့ဖြင့် ခြံရံအပ်သော လူအပေါင်းတို့သည် "ငါတို့မူကား ဤနေ့, ဤလ, ဤနှစ်၌သာ ဆင်းရဲကုန်သေး၏၊ နောက်နောင်သော နေ့, လ, နှစ်တို့၌ ချမ်းသာရသည် ဖြစ်ကုန်လတ္တံ့"ဟူသော သညာအမှတ်ဖြင့် ထိုထိုကောင်းမှု၌ မေ့လျော့၍ နေ့,လ,နှစ်တို့ကို ကုန်စေသည်။ ငြိမ်းအေးသာယာချမ်းသာခြင်းကို မခံစားရ။ သေမင်းနိုင်ငံသို့သာ လိုက်ရကုန်၏။ ထို့ကြောင့် သညာက္ခန္ဓာသည် တံလှပ်နှင့် တူသောအဖြစ်ကို "**မရီစိကူပမာ သညာ**"ဟူ၍ ဟောတော်မူသည်။

## (၄) သင်္ခါရက္ခန္ဓာနှင့် ငှက်ပျောတုံး

**သင်္ခါရက္ခန္ဓာ**သည် အဘယ်သို့ ငှက်ပျောတုံး, လက်ပံတုံးနှင့် တူလေသနည်းဟူမူကား အနှစ်ကိုအလိုရှိသော ယောကျာ်းသည် အနှစ်ကို ရှာလို၍ ငှက်ပျောတုံး, လက်ပံတုံးတို့ကို ပဲခွပ်,ပုဆိန်တို့ဖြင့် ဖြတ်၍ အပြင်ထပ်၌ ခွါ၍ ရှာလေရာ၏။ အလယ်ထပ်၌ ခွါ၍ ရှာလေရာ၏။ အတွင်းထပ်၌ ခွါ၍ ရှာလေရာ၏။ အစိတ်စိတ်ခွဲ၍ ရှာလေရာ၏။ ကျောက်ပြင်၌ ကျောက်သွားဖြင့် ကြိတ်၍ ရှာလေရာ၏။ ထိုသို့ ရှာငြားသော်လည်း အနှစ်ကို မရသကဲ့သို့ ထို့အတူ သင်္ခါရက္ခန္ဓာ ၅၀-တို့တွင် ဖဿ,စေတနာ-အစရှိသော ၁-ခု, ၁-ခုသော တရား၌ အနှစ်သာရကို လိုက်၍ ရှာဖွေကြည့်ရှုဆင်ခြင်သော်လည်း အနှစ်သာရကို မရနိုင်ရာ။ ထို့ကြောင့် သင်္ခါရက္ခန္ဓာသည် ငှက်ပျောတုံး, လက်ပံတုံးနှင့် တူသောအဖြစ်ကို "**သင်္ခါရာ ကဒလူပမာ**"ဟူ၍ ဟောတော်မူသည်။

## (၅) ဝိညာဏက္ခန္ဓာနှင့် မျက်လှည့်သည်

**ဝိညာဏက္ခန္ဓာ**သည် အဘယ်သို့ မျက်နှာလှည့်သည်နှင့် တူသနည်းဟူမူကား မျက်လှည့်သည်တို့သည် မဟုတ်မမှန်သောဝတ္ထုကို အဟုတ်အမှန်ပြု၍ လှည့်ပတ်တတ်သကဲ့သို့

ထို့အတူ ဝိညာဏက္ခန္ဓာသည်လည်း အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘသဘောရှိသော ခန္ဓာကိုယ်ကို နိစ္စ, သုခ, အတ္တ, သုဘအားဖြင့် ထင်မှတ်လေအောင် လှည့်ပတ်တတ်သောကြောင့် မျက်လှည့်သည်နှင့် တူ၏။ ထို့ကြောင့် **"မာယူပမဉ္စ ဝိညာဏံ"**ဟူ၍ ဟောတော်မူသည်။

ထိုခန္ဓာ ၅-ပါးတို့တွင်—

- **ရူပက္ခန္ဓာ**သည် ဝိညာဉ်-ဟူသော သူနာ၏ ဝတ္ထာရမ္မဏအာရုံအားဖြင့် နေရာဌာနဖြစ်သောကြောင့် သူနာတို့၏ တည်ရာ,နေရာ **ဇရပ်**နှင့် တူ၏။
- **ဝေဒနာက္ခန္ဓာ**သည် ကျင်နာစေတတ်သောကြောင့် **အနာ**နှင့် တူ၏။
- **သညာက္ခန္ဓာ**သည် ကာမသညာ-အစရှိသည်တို့၏ အစွမ်းအားဖြင့် ရာဂ-အစရှိသည်တို့နှင့် ယှဉ်သောဝေဒနာကို ဖြစ်စေတတ်သောကြောင့် **အနာပွါးသည်**နှင့် တူ၏။
- **သင်္ခါရက္ခန္ဓာ**သည် ဝေဒနာ၏အကြောင်းဖြစ်သောကြောင့် **မသင့်တင့်မလျောက်ပတ်သော အစာအာဟာရ**နှင့် တူ၏။
- **ဝိညာဏက္ခန္ဓာ**သည် ဝေဒနာ-ဟု ဆိုအပ်သော အနာမှ မလွတ်သောကြောင့် **သူနာ**နှင့် တူ၏။　(ဝိသုဒ္ဓိ၊၂။၁၈၉)

သတ္တဝါတို့သည် ထိုခန္ဓာ ၅-ပါးတို့ကို ထမ်းပိုးရွက်ဆောင်၍ ဘုံ ၃-ပါးသို့ လှည့်လည်ရသောကြောင့် ခန္ဓာ ၅-ပါးတို့သည် လေးလံစွာသော ဝန်နှင့် တူ၏။ ထိုခန္ဓာ ၅-ပါးတို့သည် ဘုံ ၃-ပါး၌ဖြစ်သော သတ္တဝါတို့၏ ပစ္စုပ္ပန်ဘဝ စုတိအဆုံးဖြစ်သောအခါ ဇီဝိတိန္ဒြေပြတ်ခြင်းကို ဖြစ်စေတတ်သောကြောင့် **သူသတ်ယောကျ်ား**နှင့် တူ၏။　(သံ၊၂။ ၂၂၊ ၉၂)

ဤသို့ အစရှိသည်ဖြင့် အဖန်တလဲလဲ ဆင်ခြင်သောသူသည် ခန္ဓာ ၅-ပါး တရားအစုတို့၌ အနှစ်မရှိ အစိုးမရ။ ဤအနှစ်မရှိသည်ကို မြင်သောသူသည် အနိစ္စဖြစ်၍ မမြဲသော အဖြစ်ကိုလည်းကောင်း, ဒုက္ခဖြစ်၍ ဆင်းရဲသော အဖြစ်ကိုလည်းကောင်း, အနတ္တဖြစ်၍ အစိုးမရသော အဖြစ်ကိုလည်းကောင်း မြင်ရာ၏။ ထိုသို့ မြင်သောသူသည် ယထာဘူတဉာဏ်ကို ရရာ၏။ ယထာဘူတဉာဏ်ကို ရသောသူသည်လည်း နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရရာ၏။ အလုံးစုံသော ကိလေသာတို့သည် အမြစ်နှင့်တကွ ပျက်စီးခြင်းသို့ ရောက်သဖြင့် ပဋိသန္ဓေနေခြင်း-အစရှိသော ဘေးအပေါင်းတို့မှ ကင်းလွတ်ရာ၏။

ထို့ကြောင့် ယခုအခါ ပညာရှိအပေါင်း သူတော်ကောင်းတို့သည် ခန္ဓာ ၅-ပါးတို့ကို လေးလံစွာသော ဝန်ကဲ့သို့လည်းကောင်း၊ သူသတ်ယောကျ်ားကဲ့သို့လည်းကောင်း၊ ရေမြှုပ်,

တံလှပ် အစရှိသည်တို့ကဲ့သို့လည်းကောင်း ဆင်ခြင်၍ အနိစ္စ, ဒုက္ခ, အနတ္တ-ဟု အဖန်တလဲလဲ အောက်မေ့ဆင်ခြင်ရာသည်။ ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (သတ္တင်္ဂုတ္တိုရ်ပါဠိတော်၊ ဒုတိယသညာသုတ်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ သမ္မောအဋ္ဌကထာ။)

★★★★★★★

## [ ၉ ] ကာယဂတာသတိကမ္မဋ္ဌာန်းကို စီးဖြန်းရန် အကျယ်ပြခြင်းတရား

အလုံးစုံသောတရားအပေါင်းတို့ကို သိတော်မူပြီးသော ဘုရားသခင်သည် ဟောကြားတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်, ဝိနည်း, အဘိဓမ္မာ-ဟူ၍ ၃-ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင် သုတ္တန်ဒေသနာတော်နည်းအားဖြင့် ဟောကြားတော်မူလိုသည် ဖြစ်၍—

**ဧကဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော မဟတော သံဝေဂါယ သံဝတ္တတိ။ မဟတော အတ္ထာယ သံဝတ္တတိ။ မဟတော ယောဂက္ခေမာယ သံဝတ္တတိ။ မဟတော သတိသမ္ပဇညာယ သံဝတ္တတိ။ ဉာဏဒဿနပဋိလာဘာယ သံဝတ္တတိ။ ဒိဋ္ဌဓမ္မသုခဝိဟာရာယ သံဝတ္တတိ။ ဝိဇ္ဇာဝိမုတ္တိဖလသစ္ဆိကိရိယာယ သံဝတ္တတိ။ ကတမော ဧကဓမ္မော? ကာယဂတာ သတိ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (အံ၊၁။၄၄)

ဘိက္ခဝေ၊ ရဟန်းတို့။ ဘာဝိတော၊ ပွါးစေအပ်သော။ ဗဟုလီကတော၊ အကြိမ်များစွာ အလေ့အလာပြုအပ်သော။ ဧကဓမ္မော၊ ၁-ခုသော တရားသည်။ မဟတော၊ များစွာ။ သံဝေဂါယ၊ ထိတ်လန့်ခြင်း သံဝေဂဉာဏ်ဖြစ်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ မဟတော၊ များစွာ။ အတ္ထာယ၊ လောကီ, လောကုတ္တရာအကျိုးဖြစ်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ မဟတော၊ များစွာ။ ယောဂက္ခေမာယ၊ ယောဂ ၄-ပါးတို့၏ကုန်ရာ နိဗ္ဗာန်ကို ရခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ မဟတော၊ များစွာ။ သတိသမ္ပဇညာယ၊ သတိပညာနှင့် ပြည့်စုံခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ ဉာဏဒဿနပဋိလာဘာယ၊ ဝိပဿနာဉာဏ်အမြင်ကို ရခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ ဒိဋ္ဌဓမ္မသုခဝိဟာရာယ၊ မျက်မှောက်သောကိုယ်၏အဖြစ်၌ ချမ်းသာစွာ နေရခြင်း၏ အကြောင်းဖြစ်သော ပထမဈာန်ကို ရခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ ဝိဇ္ဇာဝိမုတ္တိဖလသစ္ဆိကိရိယာယ၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ ဧကဓမ္မော၊ ၁-ခုသောတရား-ဟူသည်။ ကတမော၊ အဘယ်နည်း။ ကာယဂတာ သတိ၊ ဆံပင်, မွေးညင်း-အစရှိသော ၃၂-ပါးသော ကာယအစုကို အာရုံပြု၍ဖြစ်သော သတိတရားလျှင်တည်း။

အဓိပ္ပါယ်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ အကြိမ်များစွာ အလေ့အလာပြု၍ ပွါးစေအပ်သော တခုသောတရားသည် များစွာ သံဝေဂဉာဏ်ကို ရခြင်းငှာ ဖြစ်၏။ များစွာ လောကီ,လောကုတ္တရာအကျိုးကို ရခြင်းငှာ ဖြစ်၏။ များစွာ ယောဂ ၄-ပါးတို့၏ ကုန်ရာ နိဗ္ဗာန်ကို ရခြင်းငှာ ဖြစ်၏။ ဝိပဿနာဉာဏ်အမြင်, ပစ္စဝေက္ခဏာဉာဏ်အမြင်ကို ရခြင်းငှာ ဖြစ်၏။ မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာနေရခြင်း၏ အကြောင်းဖြစ်သော ပထမဈာန်ကို ရခြင်းငှာ ဖြစ်၏။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရခြင်းငှာ ဖြစ်၏။ တခုသော တရား-ဟူသည် အဘယ်နည်းဟူမူကား ဆံပင်, မွေးညင်း-အစရှိသော ၃၂-ပါးသော ဒွတ္တိံသကာယအစုကို အာရုံပြု၍ဖြစ်သော သတိတရားလျှင်တည်း။

ဤသို့ ကာယဂတာသတိကို ပွါးစေခြင်း၌ များစွာအကျိုးဖြစ်သည်ရှိသော် ထို ကာယဂတာသတိကို အဘယ်သို့ ပွါးရာသနည်း-ဟု တရားနာပရိသတ်တို့ မေးလျှောက်လတ်သည်ရှိသော်-

**ကထံ ဘာဝိတာ စ ဘိက္ခဝေ ကာယဂတာသတိ ကထံ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ။ ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။**

အစရှိသည်ဖြင့် အာနာပါနပဗ္ဗ, ဣရိယာပထပဗ္ဗ, သမ္ပဇာနပဗ္ဗ, ပဋိကူလမနသိကာရပဗ္ဗ, ဓာတုမနသိကာရပဗ္ဗ, နဝသိဝထိကပဗ္ဗ၊ ဤ ၁၄-ပါးသော ပဗ္ဗတို့၏ အစွမ်းအားဖြင့် ကာယဂတာသတိကမ္မဋ္ဌာန်းကို ပြတော်မူ၏။ (မ၁။၇၀။ မ၃။၁၃၁)

ထို ၁၄-ပါးတို့တွင် ဣရိယာပထပဗ္ဗ, သမ္ပဇာနပဗ္ဗ, ဓာတုမနသိကာရပဗ္ဗအားဖြင့် ၃-ပါးသော ပဗ္ဗတို့ကို ဝိပဿနာ၏ အစွမ်းအားဖြင့် ဟောတော်မူအပ်ကုန်၏။ ၉-ပါးသော သိဝထိကပဗ္ဗတို့ကို ဝိပဿနာဉာဏ်တို့တွင် အာဒီနဝါနုပဿနာ၏ အစွမ်းအားဖြင့် ဟောတော်မူအပ်ကုန်၏။

- ဥဒ္ဓုမာတက-အစရှိသည်တို့၌ သမာဓိဘာဝနာ ပြည့်စုံသည်ဖြစ်အံ့၊ အသုဘကမ္မဋ္ဌာန်း၌ ဟောအပ်၏။
- အာနာပါနပဗ္ဗ, ဓာတုမနသိကာရပဗ္ဗတို့ကို သမာဓိ၏အစွမ်းအားဖြင့် ဟောအပ်ကုန်၏။

ထို ၂-ပါးတို့တွင်လည်း အာနာပါနပဗ္ဗသည် အာနာပါနဿတိ၏ အစွမ်းအားဖြင့် အသီးဖြစ်သော ကမ္မဋ္ဌာန်းပင် မည်၏။

ထို ၁၄-ပါးသော ကာယဂတာသတိကမ္မဋ္ဌာန်းအပေါင်းတို့တွင်—

ပုန စ'ပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ဥဒ္ဓံ ပါဒတလာ အဓော ကေသ-
မတ္ထကာ တစပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ "အတ္ထိ
ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော, မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ
ဝက္ကံ, ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ, အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ,
ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ, အဿု ဝသာ ခေဠော သိင်္ဃာဏိကာ
လသိကာ မုတ္တံ, မတ္ထကေ မတ္ထလုင်္ဂ"န္တိ။ - (မ၁။၇၂)

ဟူ၍ ပဋိကူလမနသိကာရ၏ အစွမ်းအားဖြင့် ဟောတော်မူအပ်သော ဒွတ္တိံသကာယ
ကမ္မဋ္ဌာန်းသည် ဤသို့ ဆိုအပ်ခဲ့ပြီးသော—

**ကေမမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော မဟတော သံဝေဂါယ သံဝတ္တတိ ။ပ။ ကတမော ဧကဓမ္မော? ကာယဂတာ သတိ။**

ဟူသော ဒေသနာတော်၏အရ *(ကာယဂတာသတိ)* မည်၏။

ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးတုံ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာ
တော်၌။ ဘိက္ခု၊ သံသရာဘေးကို ရှုလေ့ရှိသော ရဟန်းသည်။ ပါဒတလာ၊ ခြေဖဝါးအပြင်
မှ။ ဥဒ္ဓံ၊ အထက်ဆံဖျားတိုင်အောင်။ ကေသမတ္ထကာ၊ ဆံဖျားမှ။ အဓော၊ အောက်ခြေဖဝါး
အပြင်တိုင်အောင်။ တစပရိယန္တံ၊ အရေလျှင် အဆုံးရှိသော။ နာနပ္ပကာရဿ နာနပကာ-
ရေန၊ အထူးထူးအပြားပြားရှိသော။ အသုစိနော အသုစိနာ၊ မစင်ဖြင့်။ ပူရံ၊ ပြည့်သော။
ဣမမေဝ ကာယံ၊ ဤ ၁-လံမျှလောက်သော ကိုယ်ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ မေ၊
ငါ၏။ ဣမသ္မိံ ကာယေ၊ ဤ ၁-လံမျှလောက်သော ခန္ဓာကိုယ်၌။

ကေသာ၊ ဆံတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။
လောမာ၊ မွေးညင်းတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။
နခါ၊ လက်သည်း, ခြေသည်းတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။
ဒန္တာ၊ သွားတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။
တစော၊ အရေသည်။ အတ္ထိ၊ ရှိ၏။ မံသံ၊ အသားသည်။ အတ္ထိ၊ ရှိ၏။
နှာရု၊ အကြောသည်။ အတ္ထိ၊ ရှိ၏။ အဋ္ဌိ၊ အရိုးသည်။ အတ္ထိ၊ ရှိ၏။
အဋ္ဌိမိဉ္ဇံ၊ ရိုးတွင်းခြင်ဆီသည်။ အတ္ထိ၊ ရှိ၏။ ဝက္ကံ၊ အညို့သည်။ အတ္ထိ၊ ရှိ၏။
ဟဒယံ၊ နှလုံးသည်။ အတ္ထိ၊ ရှိ၏။ ယကနံ၊ အသည်းသည်။ အတ္ထိ၊ ရှိ၏။

ကိလောမကံ၊ အမြှေးသည်။ အတ္ထိ၊ ရှိ၏။ ဝိဟကံ၊ အဖျင်းသည်။ အတ္ထိ၊ ရှိ၏။
ပပ္ဖါသံ၊ အဆုတ်သည်။ အတ္ထိ၊ ရှိ၏။ အန္တံ၊ အူမသည်။ အတ္ထိ၊ ရှိ၏။
အန္တဂုဏံ၊ အူသိမ်သည်။ အတ္ထိ၊ ရှိ၏။
ဥဒရိယံ၊ အစာသစ်သည်။ အတ္ထိ၊ ရှိ၏။
ကရီသံ၊ အစာဟောင်းသည်။ အတ္ထိ၊ ရှိ၏။ ပိတ္တံ၊ သည်းခြေသည်။ အတ္ထိ၊ ရှိ၏။
သေမှံ၊ သလိပ်သည်။ အတ္ထိ၊ ရှိ၏။ ပုဗ္ဗော၊ ပြည်သည်။ အတ္ထိ၊ ရှိ၏။
လောဟိတံ၊ သွေးသည်။ အတ္ထိ၊ ရှိ၏။ သေဒေါ၊ ချွေးသည်။ အတ္ထိ၊ ရှိ၏။
မေဒေါ၊ အဆီခဲသည်။ အတ္ထိ၊ ရှိ၏။ အဿု၊ မျက်ရည်သည်။ အတ္ထိ၊ ရှိ၏။
ဝသာ၊ ဆီကြည်သည်။ အတ္ထိ၊ ရှိ၏။ ခေဠော၊ တံတွေးသည်။ အတ္ထိ၊ ရှိ၏။
သိင်္ဃာဏိကာ၊ နှပ်သည်။ အတ္ထိ၊ ရှိ၏။
လသိကာ၊ အစေးသည်။ အတ္ထိ၊ ရှိ၏။ မုတ္တံ၊ ကျင်ငယ်သည်။ အတ္ထိ၊ ရှိ၏။

မတ္ထကေ၊ ဦးခေါင်း၌။ မတ္ထလုင်္ဂံ၊ ဦးနှောက်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။

အဓိပ္ပါယ်ကား ဒွတ္တိံသကာယ အသုဘပဋိကူလသညာကို ဆင်ခြင်လိုသောသူသည် ခြေဖဝါးအပြင်မှသည် ဆံဖျားတိုင်အောင်, ဆံဖျားမှသည် ခြေဖဝါးတိုင်အောင် အရေဖြင့် ပိုင်းခြားအပ်သော ဤအလုံးစုံသော ငါ၏ကိုယ်၌ တစ်စုံတစ်ခုသော ကောင်းသော ပန်း, နံ့သာ-အစရှိသော ဝတ္ထုသည် မရှိ။ ပုလဲ, ပတ္တမြား-အစရှိသော ရတနာမျိုးသည်လည်း မရှိ။ စင်စစ်အားဖြင့်ကား အထူးထူးသော မစင်ကြယ်သော ဝတ္ထုသာ ရှိ၏။

အဘယ်သို့ မစင်ကြယ်သော အထူးထူးသော ဝတ္ထုသာ ရှိသနည်း။

- ဆံပင်-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- မွေးညင်း-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- လက်သည်း,ခြေသည်း-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- သွား-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- အရေ-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- အသား-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။

- အကြော-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- အရိုး-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- ရိုးတွင်းခြင်ဆီ-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- အညှို့-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- နှလုံး-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- အသည်း-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- အမြှေး-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- အဖျဉ်း-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- အဆုတ်-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- အူမ-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- အူသိမ်-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- အစာသစ်-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- အစာဟောင်း-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- သည်းခြေ-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- သလိပ်-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- ပြည်-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- သွေး-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- ချွေး-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- အဆီခဲ-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- မျက်ရည်-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- ဆီကြည်-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- တံတွေး-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- နှပ်-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- အစေး-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- ကျင်ငယ်-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။
- ဦးနှောက်-ဟူသော စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏။

ဤသို့ ၃၂-ပါးသော ကောဋ္ဌာသအစုတို့ကို ၁-ခုစီ, ၁-ခုစီ စိတ်၍ "စက်ဆုပ်ဖွယ် မစင်ကြယ်သော ဝတ္ထုရှိ၏ သာတကား"ဟု ကြိမ်ဖန်များစွာ အဖန်တလဲလဲ ဆင်ခြင်သော သူအား မိမိ၏ခန္ဓာကိုယ်, သူတပါး၏ ခန္ဓာကိုယ်တို့၌ ၃၂-ပါးသော စက်ဆုပ်ဖွယ်အစုတို့ကို ထင်ရာ၏။ ထင်သောသူအား ယောကျ်ား-ဟူသော အမှတ်သညာ, မိန်းမ-ဟူသော အမှတ်သညာ, လူ-ဟူသော အမှတ်သညာ, တိရစ္ဆာန်-ဟူသော အမှတ်သညာ, သတ္တ-ဇီဝ-ဟူသော အမှတ်သညာ, ငါ-သူတပါး-ဟူသော အမှတ်သညာ ပျောက်၍ ၃၂-ပါးသော ကောဋ္ဌာသ အစု-ဟူသော အမှတ်သညာ ဖြစ်၏။

ထိုအမှတ်သညာဖြစ်သောသူသည် အစာအာဟာရတို့ကို စားသောအခါ ၃၂-ပါး သော ကောဋ္ဌာသအစုသို့ ထည့်သွင်းရသည်-ဟူ၍လည်းကောင်း, ရေကို သောက်သောအခါ ဤကောဋ္ဌာသအစုသို့ ဤရေကို သွင်းရ၏-ဟူ၍လည်းကောင်း မှတ်သောသညာဖြစ်၏။ ဤသို့ ဆင်ခြင်၍ ထင်ပြီးသောသူအား ၃၂-ပါးသော ကောဋ္ဌာသအစုကို အဖန်တလဲလဲ ဆင်ခြင်သဖြင့် ဥပစာရသမာဓိ, အပ္ပနာသမာဓိ ၂-ပါးကို ရ၏။ ထိုသမာဓိ ၂-ပါးကို အခြေပြု၍ ဝိပဿနာပွါးသဖြင့် ဝိပဿနာဉာဏ်အဆက်ဆက် မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကို မျက်မှောက်ပြုရ၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဆင်ခြင်ပါသော်လည်း အမိုက်တရား များလှသော ကြောင့် မိမိခန္ဓာကိုယ်၌ အသုဘသညာကို မထင်ခဲ့သည်ဖြစ်အံ့။ ဗဟိဒ္ဓသန္တာန်၌ ၁၀-ပါး သော အခြင်းအရာတို့ဖြင့် အသုဘသညာကို ပွါးစေရာ၏။ အဘယ်သို့ ပွါးစေရာသနည်း ဟူမူကား—

- သေပြီး၍ ဖူးဖူးရောင်သော ဥဒ္ဓုမာတကအကောင်ကို မြင်သည်ဖြစ်အံ့။" ဥဒ္ဓုမာ-တကံ ပဋိကူလံ၊ ဥဒ္ဓုမာတကံ ပဋိကူလံ"ဟု အဖန်တလဲလဲ ဆင်ခြင်ရာ၏။
- ညို့ညို့ရှိသော အကောင်ကို မြင်သည်ဖြစ်အံ့။ "ဝိနီလကံ ပဋိကူလံ၊ ဝိနီလကံ ပဋိကူလံ" ဟု ဆင်ခြင်ရာ၏။
- ယိုသောပြည်ရှိသော အကောင်ကို မြင်သည်ဖြစ်အံ့၊ "ဝိပုဗ္ဗကံ ပဋိကူလံ၊ ဝိပုဗ္ဗကံ ပဋိကူလံ"ဟု ဆင်ခြင်ရာ၏။
- အလယ်၌ ၂-ပိုင်း ဖြတ်၍ ပစ်အပ်သော အကောင်ကို မြင်သည်ဖြစ်အံ့၊ "ဝိစ္ဆိဒ္ဒကံ ပဋိကူလံ၊ ဝိစ္ဆိဒ္ဒကံ ပဋိကူလံ"ဟု ဆင်ခြင်ရာ၏။
- သေပြီး၍ ခွေး,မြေခွေး-အစရှိသော သတ္တဝါတို့သည် ကိုက်ခဲအပ်သော အကောင်ကို မြင်သည်ဖြစ်အံ့။ "ဝိက္ခာယိတကံ ပဋိကူလံ၊ ဝိက္ခာယိတကံ ပဋိကူလံ"ဟု ဆင်ခြင်ရာ၏။

- ခွေး, မြေခွေး-အစရှိသော သတ္တဝါတို့သည် ကိုက်ခဲ၍ အထူးထူးအပြားပြား ပစ်အပ်သော အကောင်တို့ကို မြင်သည်ဖြစ်အံ့၊ "ဝိက္ခိတ္တကံ ပဋိကူလံ၊ ဝိက္ခိတ္တကံ ပဋိကူလံ"ဟု ဆင်ခြင်ရာ၏။
- ဓား,လက်နက်တို့ဖြင့် အထူးထူးအပြားပြား ပစ်အပ်သော အကောင်တို့ကို မြင်သည် ဖြစ်အံ့၊ "ဟတဝိက္ခိတ္တကံ ပဋိကူလံ၊ ဟတဝိက္ခိတ္တကံ ပဋိကူလံ"ဟု ဆင်ခြင်ရာ၏။
- ယိုသောသွေးရှိသော အကောင်ကို မြင်သည် ဖြစ်အံ့၊ "လောဟိတကံ ပဋိကူလံ၊ လောဟိတကံ ပဋိကူလံ"ဟု ဆင်ခြင်ရာ၏။
- ပိုးလောက်တို့ဖြင့် ပြည့်သောအကောင်ကို မြင်သည် ဖြစ်အံ့၊ "ပုဠုဝကံ ပဋိကူလံ၊ ပုဠုဝကံ ပဋိကူလံ"ဟု ဆင်ခြင်ရာ၏။
- အရိုးချည်းသာရှိသော အကောင်ကို မြင်သည် ဖြစ်အံ့၊ "အဋ္ဌိကံ ပဋိကူလံ၊ အဋ္ဌိကံ ပဋိကူလံ"ဟု ဆင်ခြင်ရာ၏။ (ဝိသုဒ္ဓိမဂ္ဂ၊၁။၁၇၃-၄)

"များစွာသော အခကို ရပေတော့မည်"ဟု ကျူးအပ်သော မစင်ကို မြင်သောအခါ ဝမ်းမြောက်သော ဘင်ကျုံးသမားကဲ့သို့လည်းကောင်း၊ ရောဂါနှိပ်စက်သောသူသည် အော့ဆေး, အန်ဆေး, ဝမ်းကျဆေးကို သောက်ရသောအခါ ဝမ်းမြောက်သကဲ့သို့လည်းကောင်း ထိုအသုဘအာရုံကို မြင်သောအခါ "ဈာန်, ဝိပဿနာ,မဂ်,ဖိုလ်အထူးကို ရပေတော့မည်"ဟု ဝမ်းမြောက်ဝမ်းသာ သဒ္ဓါကြည်လင် ရွှင်လန်းသောစိတ်ဖြင့် အရိုအသေပြု၍ မြင်အပ်သော အာရုံအားလျော်စွာ "ဥဒ္ဓုမာတကံ ပဋိကူလံ- အဋ္ဌိကံ ပဋိကူလံ"ဟု အဖန်တလဲလဲ စီးဖြန်း ပွါးများရာ၏။

ကြိမ်ဖန်များစွာ ကာလရှည်ကြာ စီးဖြန်းသဖြင့် ထို ၁၀-ပါးသော ဗဟိဒ္ဓအသုဘ အာရုံ၌သော်လည်း ဈာန်, ဝိပဿနာ, မဂ်,ဖိုလ်တရားအထူးကို ရရာ၏။ တရားအထူးပင် မရသော်လည်း ဗဟိဒ္ဓအသုဘ၌ ထင်ပြီးသော ပဋိကူလအသုဘသညာရှိသောသူသည် အသက်ရှင်သော မိမိခန္ဓာကိုယ်, သူတပါးခန္ဓာကိုယ်၌ အသုဘသညာသည် ထင်ရာ၏။

မထင်သည်ရှိသော် ဤဆိုလတ္တံ့သောနည်းဖြင့် အဖန်တလဲလဲ ဆင်ခြင်ရာ၏။ အဘယ်သို့ ဆင်ခြင်ရာသနည်းဟူမူကား သေလေပြီးသော အကောင်သည် စက်ဆုပ်ရွံရှာ ဖွယ် မတင့်တယ်သကဲ့သို့ အသက်ရှင်သော မိန်းမ,ယောကျ်ားတို့၏ ခန္ဓာကိုယ်သည်လည်း စက်ဆုပ်ရွံရှာဖွယ် မတင့်တယ်သည်သာလျှင်တည်း။ ထိုသို့ မတင့်တယ်သည်ဖြစ်လျက် ဤမိန်းမ, ယောကျ်ားတို့၏ ခန္ဓာကိုယ်၌ အသုဘလက္ခဏာကို အာဂန္တုကဖြစ်သော အဝတ် တန်ဆာဖြင့် ဖုံးလွှမ်းအပ်သည်၏အဖြစ်ကြောင့် မထင်မမြင်နိုင် ရှိလေသည်။

ပြကတေ့သဘောအားဖြင့် ဤခန္ဓာကိုယ်မည်သည်ကား—

- သွားရိုး အလွန်နှင့်တကွ ၃၀၀-သောအရိုးတို့ဖြင့် စိုက်ဆောက်အပ်၏။
- ၁၈၀-သော အရိုးတို့ဖြင့် ဆက်စပ်အပ်၏။
- ၉၀၀-သော အကြောတို့ဖြင့် ဖွဲ့အပ်၏။
- ၉၀၀-သော သားတစ်တို့ဖြင့် လိမ်းကျံအပ်၏။
- စိုစွတ်သော အရေထူ,အရေပါးတို့ဖြင့် ဖုံးလွှမ်းအပ်၏။
- မျက်ကွင်းပေါက်, နားပေါက်, နှာခေါင်းပေါက်, ခံတွင်းပေါက်, မွေးညင်းပေါက်-အစရှိသည်တို့ဖြင့် အစုတ်စုတ်,အပေါက်ပေါက် ရှိ၏။
- အဆီဖြင့် ပြည့်သောခွက်ကဲ့သို့ အခါမပြတ် ယိုစီးအပ်သော စက်ဆုပ်ရွံရှာဖွယ်ရှိ၏။
- ၈၀-သော ပိုးမျိုးတို့၏ အမြဲနေရာလည်း ဖြစ်၏။
- ၉၆-ပါးသော ရောဂါဝေဒနာတို့၏ တည်ရာလည်း ဖြစ်၏။
- များစွာသော ဆင်းရဲအစုတို့၏ တည်ရာလည်း ဖြစ်၏။
- ပြည်မှည့်ပြီး၍ ပေါက်ပြသော အိုင်းအမာနှင့်လည်း တူ၏။
- ၉-ပါးသော ဒွါရတို့မှ မပြတ်စက်ဆုပ်ဖွယ်တို့ဖြင့် ယိုစီး၏။
- မျက်ကွင်း ၂-ဘက်တို့မှ မျက်ဝတ်တို့သည် ယိုစီး၏။
- နားတွင်း ၂-ဘက်တို့မှ နဖာသည် ယိုစီး၏။
- နှာခေါင်း ၂-ဘက်တို့မှ နှပ်သည် ယိုစီး၏။
- ခံတွင်းမှ စားသောက်အပ်သော အာဟာရ, သလိပ်, သည်းခြေ, သွေး, ပြည်-အစရှိသော စက်ဆုပ်ဖွယ်အပေါင်း မကောင်းသော ဝတ္ထုတို့သည် ယိုစီးကုန်၏။
- အောက်ဒွါရတို့မှ ကျင်ကြီး,ကျင်ငယ်တို့သည် ယိုစီးကုန်၏။
- ၉၉,၀၀၀-သော မွေးတွင်းတို့မှ စက်ဆုပ်ဖွယ် မစင်ကြယ်သော ချွေးတည်းဟူသော အစေးတို့သည် ယိုစီးကုန်၏။
- မစင်စုဉ်သာ မွှေလျော်သောနှလုံးရှိကုန်သော ယင်ညိုတို့သည် ခြံရံကုန်၏။

အကြင်ခန္ဓာကိုယ်ကို တံပူစားခြင်း, မျက်နှာသစ်ခြင်း, ဦးခေါင်းလျှော်ခြင်း, ဆီလိမ်းခြင်း, ရေချိုးခြင်း, အဝတ်ပုဆိုးတို့ဖြင့် မသုတ်သင်မူ၍ မိမွေးတိုင်း, ဖမွေးတိုင်းသာလျှင် ကြမ်းတမ်းရုန့်ရင်းသော ဖရိုဖရဲကဲ့သော ဆံရှိသည်ဖြစ်၍ ၁-ရွာမှသည် ၁-ရွာသို့ သွားသော

မင်းသည်လည်းကောင်း, ဒွန်းစဏ္ဍားသည်လည်းကောင်း တူမျှသော စက်ဆုပ်ဖွယ်သော ကိုယ်ရှိသည်၏အဖြစ်ဖြင့် အထူးမရှိရာ။ ဤခန္ဓာကိုယ်ကို တံပူစားခြင်း, မျက်နှာသစ်ခြင်း, ရေချိုးခြင်း, နံ့သာလိမ်းခြင်း, ပန်းပန်ခြင်း, ဝတ်စားတန်ဆာတို့ဖြင့် ဖုံးလွှမ်းဆင်ယင်၍ 'ငါ, ငါ၏ကိုယ်'-ဟူ၍လည်းကောင်း, 'လှပတင့်တယ် စင်ကြယ်၏'-ဟူ၍လည်းကောင်း စွဲလမ်းခြင်းကို ပြုကုန်၏။ ထိုသို့ စွဲလမ်းခြင်းကြောင့် အာဂန္တုကဖြစ်သော အဝတ်တန်ဆာဖြင့် ဖုံးလွှမ်းအပ်သော ဤခန္ဓာကိုယ်၏ အသုဘလက္ခဏာကို မသိကုန်သော ယောကျ်ားတို့သည် မိန်းမတို့၌, မိန်းမတို့သည် ယောကျ်ားတို့၌ တပ်စွန်းခြင်း, နှစ်သက်မက်မောခြင်းကို ပြုကုန်၏။

ထိုသို့ ပြုကုန်သော်လည်း ပရမတ္ထအားဖြင့် ဤမိန်းမ,ယောကျ်ားတို့၏ ခန္ဓာကိုယ်၌ အဏုမြူမျှ တပ်စွန်းအပ်သော ဝတ္ထုမည်သည် မရှိ။ ဤခန္ဓာမှ ဆံပင်, မွေးညင်း, ခြေသည်း, လက်သည်း, သွား, အရေ, တံတွေး, နှပ်, ကျင်ကြီး, ကျင်ငယ်-အစရှိသော ကောဋ္ဌာသအစုတို့တွင် ၁-ခုသောကောဋ္ဌာသကိုလည်း ကိုယ်မှ အပသို့ ကျသည်ရှိသော် လက်ဖြင့် တို့ခြင်းငှာ အလိုမရှိကုန်။ ငြီးငွေ့စက်ဆုပ် ရွံရှာကုန်၏။ ဤခန္ဓာကိုယ်၌ စက်ဆုပ်ဖွယ်အပေါင်း မကောင်းသောဝတ္ထုသည် ကိုယ်မှ အပသို့ ကျသည်ရှိသော် ဤလူအပေါင်းတို့သည် စက်ဆုပ်ရွံရှာဖွယ်-ဟူ၍လည်း မှတ်ထင်ကုန်၏။ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ-ဟူ၍ မမှတ်ကုန်။

မိမိခန္ဓာကိုယ်၌ ကြွင်းရစ်သော စက်ဆုပ်ရွံရှာဖွယ်အပေါင်း မကောင်းသောဝတ္ထုကိုမူကား စက်ဆုပ်ရွံရှာဖွယ်ဖြစ်သော်လည်း အဝိဇ္ဇာတည်းဟူသော အမိုက်ဖြင့် ဖုံးလွှမ်းပိတ်ပင်ကုန်သည်ဖြစ်၍ မိမိခန္ဓာကိုယ်၌ ရာဂဖြင့် ပြင်းစွာတပ်စွန်းခြင်းရှိကုန်သည်ဖြစ်၍ နှစ်သက်ခြင်းရှိ၏။ "မြင့်ရှည်စွာ အမြဲတည်၏၊ ချမ်းသာ၏၊ ငါ၏ကိုယ်တည်း၊ မိန်းမ, ယောကျ်ားတည်း" ဟု မှတ်ယူစွဲလမ်းကုန်၏။

ထိုသို့ "ခန္ဓာကိုယ်၌ ကြွင်းကျန်သောဝတ္ထုကို ပုဂ္ဂိုလ်, သတ္တဝါ, ငါ,သူတပါး, ယောကျ်ား, မိန်းမ"ဟု မှတ်ယူစွဲလမ်းကုန်သော လူမိုက်တို့သည်- တခုသော တောအုပ်၌ ပင်လုံးကျွတ်ပွင့်သော တောင်ကသစ်ပင်ပေါက်တို့ကို တွေ့၍ "ငါကား ပင်လုံးကျွတ် အသားတစ်တို့ဖြင့် သီးသော သစ်ပင်ကို တွေ့မြင်ပေသည်"ဟု ဝမ်းမြောက်ဝမ်းသာ အမြီးတလှုပ်လှုပ်, ဦးခေါင်းတမော့မော့နှင့် ကြည့်မျှော်လျက်နေစဉ် လေတိုက်၍ သစ်ပင်မှ ကြွေကျတိုင်း, ကြွေကျတိုင်းသော ပေါက်ပွင့်, တောင်ကသစ်ပွင့်တို့ကို ကိုက်ခဲ၍ "ဤသည်ကား သားတစ်မဟုတ်သေး၊ မကြွေမကျသေးသော အပွင့်သည်သာလျှင် သားတစ်တည်း"ဟု မိစ္ဆာလောဘဖြင့် ပင်ပန်းသော မြေခွေးအိုနှင့် တူသောအဖြစ်သို့ ရောက်ကုန်၏။ ။ ထို့ကြောင့်—

ယထာပိ ပုပ္ဖိတံ ဒိသွာ၊ သိင်္ဂါလော ကိံသုကံ ဝနေ။
မံသရုက္ခော မယာ လဒ္ဓေါ၊ ဣတိ ဂန္ဒွာန ဝေဂသာ။

ပတိတံ ပတိတံ ပုပ္ဖံ၊ ခံသိတွာ အတိလောလုပေါ။
န ယိဒံ မံသံ အဒုံ မံသံ၊ ယံ ရုက္ခသ္မိန္တိ ဂဏှတိ။ ။

ကောဋ္ဌာသံ ပတိတံ ယေဝ၊ အသုဘန္တိ တထာ ဗုဓော။
အဂ္ဂဟေတွာန ဂဏှေယျ၊ သရီရဋ္ဌမ္ပိ နံ တထာ။ ။

ဣမဉှိ သုဘတော ကာယံ၊ ဂဟေတွာ တတ္ထ မုစ္ဆိတာ။
ဗာလာ ကရောန္တာ ပါပါနိ၊ ဒုက္ခာ န ပရိမုစ္စရေ။ ။

တသ္မာ ပဿေယျ မေဓာဝီ၊ ဇီဝတော ဝါ မတဿ ဝါ။
သဘာဝံ ပူတိကာယဿ၊ သုဘဘာဝေန ဝဇ္ဇိတံ။ ။

ဒုဂ္ဂန္ဓော အသုစိ ကာယော၊ ကုဏပေါ ဥက္ကရူပမော။
နိန္ဒိတော စက္ခုဘူတေဟိ၊ ကာယော ဗာလာဘိနန္ဒိတော။ ။

အလ္လစမ္မပဋိစ္ဆန္နော၊ နဝဒွါရော မဟာဝဏော။
သမန္တတော ပဂ္ဃရတိ၊ အသုစိပူတိဂန္ဓိယော။ ။

သစေ ဣမဿ ကာယဿ၊ အန္တော ဗာဟိရကော သိယာ။
ဒဏ္ဍံ နူန ဂဟေတွာန၊ ကာကေ သောဏေ နိဝါရယေ။ ။

ဟူ၍ ဟောတော်မူသည်။ (ဝိသုဒ္ဓိ၊၁။၁၉၀)

ယထာပိ ပုပ္ဖိတံ ဒိသွာ၊ သိင်္ဂါလော ကိံသုကံ ဝနေ။
မံသရုက္ခော မယာ လဒ္ဓေါ၊ ဣတိ ဂန္ဒွာန ဝေဂသာ။

သိင်္ဂါလော၊ မြေခွေးအိုသည်။ ဝနေ၊ တော၌။ ပုပ္ဖိတံ၊ ပင်လုံးကျွတ်ပွင့်သော။ ကိံသုကံ၊ ပေါက်ပင်ကို။ ဝါ၊ တောင်ကသစ်ပင်ကို။ ဒိသွာ၊ မြင်၍။ မယာ၊ ငါသည်။ မံသရုက္ခော၊ သားတစ်ပင်ကို။ လဒ္ဓေါ၊ ရပေ၏။ ဣတိ၊ ဤသို့။ ဝေဂသာ၊ လျင်သောအဟုန်ဖြင့်။ ဂန္ဒွာန၊ သွား၍။

ပတိတံ ပတိတံ ပုပ္ဖံ၊ ခံသိတွာ အတိလောလုပေါ။
န ယိ'ဒံ မံသံ အဒုံ မံသံ၊ ယံ ရုက္ခသ္မိန္တိ ဂဏှတိ။ ။

ပတိတံ ပတိတံ၊ ကြွေတိုင်း,ကြွေတိုင်း။ ပုပ္ဖံ၊ အပွင့်ကို။ ခံသိတွာ၊ ကိုက်ခဲ၍။ အတိလောလုပေါ၊ အလွန်လျှပ်ပေါ်သည်ဖြစ်၍။ ဣဒံ၊ ဤသည်ကား။ န မံသံ၊ သားတစ် မဟုတ်။

ရုက္ခသို၊ သစ်ပင်၌။ ယံ၊ အကြင်ဝတ္ထုသည်။ မံသံ၊ အသားတည်း။ က္လတိ၊ ဤသို့ နှလုံးပိုက်၍။ ဂဏှာတိ ယထာ၊ ယူသကဲ့သို့။ တထာ၊ ထို့အတူ။

**ကောဋ္ဌာသံ ပတိတံ ယေဝ၊ အသုဘန္တိ တထာ ဗုဓော။**
**အဂ္ဂဟေတွာန ဂဏှေယျ၊ သရီရဋ္ဌံပိ နံ တထာ။ ။**

ဗုဓော၊ ပညာရှိသည်။ ပတိတံ ယေဝ၊ ကိုယ်မှ ကျပြီးသည်သာလျှင်ဖြစ်သော။ ကောဋ္ဌာသံ၊ ဆံပင်, မွေးညင်း-အစရှိသော ကောဋ္ဌာသကို။ အသုဘန္တိ၊ အသုဘ-ဟူ၍။ အဂ္ဂဟေတွာန၊ မယူမူ၍။ သရီရဋ္ဌံ၊ ကိုယ်၌တည်သော။ နမ္ပိ ကောဋ္ဌာသံ၊ ထိုဆံပင်, မွေးညင်း အစရှိသော အစုကိုလည်း။ တထာ၊ ထိုကိုယ်မှကျသော ကောဋ္ဌာသနှင့်အတူ။ ဂဏှေယျ၊ ယူရာ၏။

**က္လမဥ္စိ သုဘတော ကာယံ၊ ဂဟေတွာ တတ္ထ မုစ္ဆိတာ။**
**ဗာလာ ကရောန္တာ ပါပါနိ၊ ဒုက္ခာ န ပရိမုစ္စရေ။ ။**

ဟိ ယသ္မာ၊ အကြင်ကြောင့်။ က္လမံ ကာယံ၊ ဤစက်ဆုပ်ဖွယ်သော ကာယကို။ သုဘတော၊ သုဘအားဖြင့်။ ဂဟေတွာ၊ မှတ်ယူစွဲလမ်း၍။ တတ္ထ၊ ထိုစက်ဆုပ်ဖွယ်သော ရူပကာယ၌။ မုစ္ဆိတာ၊ မိန်းမောတွေဝေ ငေးကုန်သော။ ဗာလာ၊ သူမိုက်တို့သည်။ ပါပါနိ၊ မကောင်းမှုတို့ကို။ ကရောန္တာ၊ ပြုကုန်သည်ဖြစ်၍။ ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ။ န ပရိမုစ္စရေ၊ မလွတ်ကုန်။

**တသ္မာ ပဿေယျ မေဓာဝီ၊ ဇီဝတော ဝါ မတဿ ဝါ။**
**သဘာဝံ ပူတိကာယဿ၊ သုဘဘာဝေန ဝဇ္ဇိတံ။ ။**

တသ္မာ၊ ထို့ကြောင့်။ မေဓာဝီ၊ ပညာရှိသည်။ ဇီဝတော ဝါ၊ အသက်ရှင်သည်လည်း ဖြစ်သော။ မတဿ ဝါ၊ သေသည်လည်းဖြစ်သော။ ပူတိကာယဿ၊ ခန္ဓာအကောင်ပုပ်၏။ သုဘဘာဝေန၊ သုဘအဖြစ်မှ။ ဝဇ္ဇိတံ၊ ကင်းသော။ သဘာဝံ၊ သဘောကို။ ပဿေယျ၊ ရှုရာ၏။

**ဒုဂ္ဂန္ဓော အသုစိ ကာယော၊ ကုဏပေါ ဥက္ကရူ'ပမော။**
**နိန္ဒိတော စက္ခုဘူတေဟိ၊ ကာယော ဗာလာ'ဘိနန္ဒိတော။ ။**

အယံ ကာယော၊ ဤကိုယ်သည်။ ဒုဂ္ဂန္ဓော၊ မကောင်းသော အနံ့ ရှိ၏။ အသုစိ၊ မစင်ကြယ်။ ကုဏပေါ၊ ပိုးမျိုးတို့ဖြင့် ပြည့်၏။ ဥက္ကရူ'ပမော၊ ကျင်ကြီးတွင်းနှင့် တူ၏။ သော ကာယော၊ ထိုကိုယ်ကို။ စက္ခုဘူတေဟိ၊ ပညာမျက်စိအမြင်ရှိကုန်သော ဘုရား-

အစရှိသော သူတော်ကောင်းတို့သည်။ နိန္ဒိတော၊ ကဲ့ရဲ့အပ်၏။ ဗာလာ *(ဗာလေဟိ)* သူမိုက်တို့သည်။ အဘိနန္ဒိတော၊ အလွန်နှစ်သက်အပ်၏။

**အလ္လစမ္မပဋိစ္ဆန္နော၊ နဝဒွါရော မဟာဝဏော။**
**သမန္တတော ပဂ္ဃရတိ၊ အသုစိပူတိဂန္ဓိယော။ ။**

အလ္လစမ္မပဋိစ္ဆန္နော၊ စိုစွတ်သော အရေထူ, အရေပါးတို့ဖြင့် ဖုံးလွှမ်းအပ်၏။ နဝဒွါရော၊ ၉-ပါးသော ဒွါရရှိ၏။ မဟာဝဏော၊ အိုင်းအမာကြီးနှင့်လည်း တူ၏။ သမန္တတော၊ ထက်ဝန်းကျင်မှ။ အသုစိပူတိဂန္ဓိယော၊ မစင်ကြယ်သော အပုပ်နံ့တို့သည်။ ပဂ္ဃရတိ၊ ယိုစီး၏။

**သစေ ဣမဿ ကာယဿ၊ အန္တော ဗာဟိရကော သိယာ။**
**ဒဏ္ဍံ နူန ဂဟေတွာန၊ ကာကေ သောဏေ နိဝါရယေ။ ။**

ဣမဿ ကာယဿ၊ ဤခန္ဓာကိုယ်ကို။ အန္တောဗာဟိရကော၊ အတွင်းကို အပပြု၍ ထားအပ်သည်။ သစေ သိယာ၊ အကယ်၍ ဖြစ်အံ့။ ဒဏ္ဍံ၊ တုတ်,လှင်ကန်ကို။ ဂဟေတွာန၊ ကိုင်၍။ ကာကေ စ၊ ကျီးတို့ကိုလည်းကောင်း။ သောဏေ စ၊ ခွေးတို့ကိုလည်းကောင်း။ နူန၊ စင်စစ်။ နိဝါရယေ၊ မြစ်ရရာ၏။

ထို့ကြောင့် ပညာရှိသူတော်ကောင်းတို့သည် ရှင်သောသူ, သေသောသူတို့၌လည်းကောင်း၊ မိမိခန္ဓာကိုယ်၌ရှိသော ဝတ္ထု, အပသို့ ကျသော ဝတ္ထုတို့၌လည်းကောင်း အသုဘအားဖြင့် မတင့်တယ်သည်ဖြစ်၍ စက်ဆုပ်ရွံရှာဖွယ်ရှိ၏-ဟု အသင့်အားဖြင့် နှလုံးသွင်း၍ သမထဉာဏ်, ဝိပဿနာဉာဏ်, မဂ်,ဖိုလ်,နိဗ္ဗာန်တရားအထူးတို့ကို ရသည်တိုင်အောင် အားထုတ်ကုန်ရာ၏။ ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။ (အင်္ဂုတ္တိုရ်၊ ကေကနိပါတ်ပါဠိတော်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။၁။၁၉၀)

★★★★★★★

## [ ၁၀ ] ကာယဂတာသတိကမ္မဋ္ဌာန်းကို စီးဖြန်းခြင်း၏ အကျိုးတရား

အလုံးစုံသော တရားအပေါင်းတို့ကို သိတော်မူပြီးသော ဘုရားသခင်သည် ဟောကြားတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်, ဝိနည်း, အဘိဓမ္မာ-ဟူ၍ ၃-ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင် သုတ္တန်ဒေသနာတော်နည်းအားဖြင့် ဟောကြားတော်မူလိုသည်ဖြစ်၍—

**အမတံ တေ ဘိက္ခဝေ န ပရိဘုဉ္ဇန္တိ၊ ယေ ကာယဂတာသတိံ န ပရိဘုဉ္ဇန္တိ။**
**အမတံ တေ ဘိက္ခဝေ ပရိဘုဉ္ဇန္တိ၊ ယေ ကာယဂတာသတိံ ပရိဘုဉ္ဇန္တိ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (အံ၊၁။၄၇)

ဘိက္ခဝေ၊ ရဟန်းတို့။ ယေ၊ အကြင်သူတို့သည်။ ကာယဂတာသတိံ၊ ကာယဂတာသတိကို။ ပရိဘုဉ္ဇန္တိ၊ သုံးဆောင်ကုန်၏။ တေ၊ ထိုသူတို့သည်။ အမတံ၊ အမြိုက်နိဗ္ဗာန်ကို။ ပရိဘုဉ္ဇန္တိ၊ သုံးဆောင်ရကုန်၏။ ယေ၊ အကြင်သူတို့သည်။ ကာယဂတာသတိံ၊ ကာယဂတာသတိကို။ န ပရိဘုဉ္ဇန္တိ၊ မသုံးဆောင်ကုန်။ တေ၊ ထိုသူတို့သည်။ အမတံ၊ အမြိုက်နိဗ္ဗာန်ကို။ န ပရိဘုဉ္ဇန္တိ၊ မသုံးဆောင်ရကုန်။

အဓိပ္ပါယ်ကား "ငါ၏ချစ်သား ရဟန်းများတို့ အကြင်သူတို့သည် ကာယဂတာသတိကို စီးဖြန်းပွါးများ အားထုတ်ကုန်၍ အကျိုးဆက်ကို ခံစားရကုန်၏။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို ခံစားရကုန်၏။ အကြင်သူတို့သည် ကာယဂတာသတိကို စီးဖြန်းပွါးများခြင်း မရှိသည်ဖြစ်၍ အကျိုးဆက်ကို မခံစားရကုန်။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မခံစားရကုန်" ဤသို့လျှင် မြတ်စွာဘုရားသည် ထိုထိုသို့သော သုတ္တန်ဒေသနာတော်တို့၌ များစွာသော အကြောင်းတို့ဖြင့် ချီးမွမ်း၍ ကာယဂတာသတိကမ္မဋ္ဌာန်းကို ဟောကြားတော်မူသည်။

ထိုသို့ ဘုရားသခင်သည် ချီးမွမ်းတော်မူအပ်သော ကာယဂတာသတိကို ပွါးလိုသောသူသည် အာနာပါနပဗ္ဗ, ဣရိယာပထပဗ္ဗ-အစရှိသော ၁၄-ပါးသော ကာယဂတာသတိတို့တွင် ပဋိကူလမနသိကာရပဗ္ဗ၏အစွမ်းအားဖြင့် ကာယဂတာသတိကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများစေလိုတော်မူသော ဘုရားသခင်သည်–

**ဧထ တုမှေ ဘိက္ခဝေ၊ ဣမမေဝ ကာယံ ဥဒ္ဓံ ပါဒတလာ အဓော ကေသမတ္ထကာ တစပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခထ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ ဧထ၊ လာကြကုန်။ ပါဒတလာ၊ ခြေဖဝါးအပြင်မှ။ ဥဒ္ဓံ၊ အထက်ဆံဖျားတိုင်အောင်။ ကေသမတ္ထကာ၊ ဆံဖျားမှ။ အဓော၊ အောက်ခြေဖဝါးအပြင်တိုင်အောင်။ နာနပ္ပကာရဿ၊ အထူးထူးအပြားပြားရှိသော။ အသုစိနော၊ မစင်ကြယ်သော ဝတ္ထုဖြင့်။ ပူရံ၊ ပြည့်သော။ တစပရိယန္တံ၊ အရေဖြင့် ပိုင်းခြားအပ်သော။ ဣမမေဝ ကာယံ၊ ဤမျှလောက်သော ခန္ဓာကိုယ်ကို။ ပစ္စဝေက္ခထ၊ ဆင်ခြင်ကြကုန်လော့။

အဓိပ္ပါယ်ကား "ငါ၏ချစ်သား ရဟန်းများတို့ လာလှည့်ကြကုန်။ သင် ချစ်သားတို့သည် ဘဝအဆက်ဆက်, ကမ္ဘာအဆက်ဆက် အနမတဂ္ဂသံသရာ၌ ပညာစက္ခုဖြင့် တစ်ကြိမ်တဖန် တရံတဆစ်မျှ မကြည့်ရှုသည်ဖြစ်၍ မမြင်ဖူးသော အခြင်းအရာကို ငါဘုရား ပြတော်မူအံ့"ဟု ခေါ်တော်မူ၍ စည်းဝေးလာရောက်ကုန်သော ရဟန်းတို့အား တပါးသောအခြင်းအရာတို့ကို ပြတော်မမူ။ "ငါ၏ချစ်သား ရဟန်းများတို့ ခြေဖဝါးအပြင်မှသည် ဆံဖျားတိုင်အောင် အထူးထူးအပြားပြားရှိသော မစင်ကြယ်သောဝတ္ထုဖြင့် ပြည့်သော အရေဖြင့် ပိုင်းခြားအပ်သော သင်တို့၏ ဤ ၁-လံမျှလောက်သော ခန္ဓာကိုယ်ကို ပညာစက္ခုဖြင့် ကြည့်ရှုဆင်ခြင်ကြကုန်။ ပညာစက္ခုဖြင့် ကြည့်ရှုဆင်ခြင်သည်ရှိသော် တစ်စုံတစ်ခုသော ပုလဲ, ပတ္တမြား, ကြောင်မျက်ရွဲ, အကျော်, နံ့သာ, စမ္ပာ, ကရမက်, ဆုန်း, မှုန့်ညက်, မာလာကျိုကျ, နံ့သာမှုန့်အစရှိသော စင်ကြယ်မွှေးကြိုင်သောဝတ္ထုကို အဏုမြူမျှ မမြင်ရလတ္တံ့။ စင်စစ်အားဖြင့် အသရေ မရှိသည်ဖြစ်၍ အထူးထူးအပြားပြားသော လွန်စွာစက်ဆုပ်ဖွယ်ရှိသော အပေါင်းအစု မကောင်းသောအနံ့ရှိသော ဝတ္ထုကို မြင်ရလတ္တံ့"ဟု ဟောတော်မူသည်။

ထိုသို့ အကျဉ်းအားဖြင့် ဟောကြားတော်မူအပ်သော ဒေသနာတော်၌ ပညာစက္ခုဖြင့် မသိမမြင်ကုန်သောသူတို့သည် ဤခန္ဓာ၏အတွင်း၌ မစင်ကြယ်သော ဝတ္ထု-ဟူသော အမည်သည် အစာဟောင်း ကျင်ကြီး၌သာလျှင် ထင်သောကြောင့် အချို, အချဉ်, အစပ်, အငန်, အဖန်, အခါး ၆-ပါးသော အရသာတို့ဖြင့်ပြီးသော အစာဟောင်းကျင်ကြီးသည်သာ အထူးထူးအပြားပြားရှိသော မစင်ကြယ်သော ဝတ္ထုဖြစ်လေသလော-ဟု တွေးတောယုံမှားဖွယ်ရှိ၍ ပယ်တော်မူလိုသော ဘုရားသခင်သည်—

**အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (မ၁။၇၂)

ထိုဒေသနာတော်ပါဠိဝယ် အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သား ရဟန်းများတို့ အစာဟောင်းကျင်ကြီးကို မစင်ကြယ်သော ဝတ္ထု-ဟူ၍ ဆိုအပ်သကဲ့သို့ ထို့အတူ—

ဆံပင်သည်လည်း မစင်ကြယ်သော ဝတ္ထုမည်၏။

မွေးညင်းသည်လည်း မစင်ကြယ်သော ဝတ္ထုမည်၏။

ခြေသည်း,လက်သည်းသည်လည်း မစင်ကြယ်သော ဝတ္ထုမည်၏။

သွားသည်လည်း မစင်ကြယ်သော ဝတ္ထုမည်၏။

အရေသည်လည်း မစင်ကြယ်သော ဝတ္ထုမည်၏။

အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညှို့၊ နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်၊ အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်၊ သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ၊ မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်၊ ဤအလုံးစုံသော ကောဋ္ဌာသအစုတို့သည် မစင်ကြယ်သောဝတ္ထု မည်ကုန်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ကေသာ, လောမာ-အစရှိကုန်သော ၃၂-ပါးသော ကောဋ္ဌာသအစုတို့ကို အစာဟောင်း ကျင်ကြီးနှင့် အထူးအပြား မရှိ။ တူမျှသော သဘော ရှိ၏-ဟု အစဉ်အတိုင်း ပဋိကူလသညာကို မှတ်၍ လျင်လည်း မလျင်လွန်း၊ နှေးလည်း မနှေးလွန်း၊ ပျံ့လွင့်သောစိတ်ကို တားမြစ်၍ ဆံပင်-ဟူသော ပညတ်ကို လွန်စေ၍ "ဆံပင်သည် စက်ဆုပ်ဖွယ်ရှိ၏၊ မွေးညင်းသည် စက်ဆုပ်ဖွယ်ရှိ၏။ ခြေသည်း,လက်သည်းသည် စက်ဆုပ်ဖွယ်ရှိ၏။ သွားသည် စက်ဆုပ်ဖွယ်ရှိ၏။ အရေသည် စက်ဆုပ်ဖွယ်ရှိ၏"အစရှိသည်ဖြင့် ကာလအရာ, ကာလအထောင် ရှည်မြင့်စွာ စီးဖြန်းပွါးများရာ၏။ ဤသို့ ပွါးများသောသူအား ကောဋ္ဌာသအစုသည် ထင်ခြင်းသို့ ရောက်၏။

အစဉ်အတိုင်း နှလုံးမသွင်းမူ၍ ၁-ခုခြား, ၂-ခုခြား အစရှိသည်ဖြင့် နှလုံးသွင်းသည် ရှိသော် အဘယ်အပြစ်ရှိသနည်းဟူမူကား မလိမ္မာသောသူသည် ၃၂-ခုသော လှေကားခြင် *(လှေကားထစ်)*ရှိသော လှေကားကို ၁-ခုခြား, ၂-ခုခြား တက်သည်ရှိသော် ပင်ပန်းသော ကိုယ်ရှိသည်ဖြစ်၍ ကျလေရာ၏။ တက်ခြင်းကိစ္စကို မပြီးစေနိုင်သကဲ့သို့ ထို့အတူ ၁-ခုခြား, ၂-ခုခြား ပွါးများသောသူအား ပင်ပန်းသော စိတ်ရှိသည်ဖြစ်၍ ကမ္မဋ္ဌာန်းအာရုံမှ ကျ၍ ဘာဝနာ၏ပြည့်စုံခြင်းသို့ မရောက်။

အလွန်လျင်စွာ ပွါးများသည်ရှိသော် အဘယ်အပြစ်ရှိသနည်းဟူမူကား ၃-ယူဇနာ ရှိသောခရီးသို့ သွားသောယောက်ျားသည် သွားအပ်သောခရီး, ကြဉ်အပ်သောခရီးကို မမှတ်မူ၍ လျင်သောအဟုန်ဖြင့် အကြိမ် ၁၀၀-သွားခြင်း, ပြန်ခြင်းကို ပြုသော်လည်း တစ်စုံတစ်ခုကိုမျှ မမှတ်မိသည်ဖြစ်၍သာ သွားအပ်သကဲ့သို့ ထို့အတူ လျင်စွာ နှလုံးသွင်းသောသူအား အကြိမ်များစွာ သရဇ္ဈာယ်ခြင်း, နှလုံးသွင်းခြင်းအဆုံးသို့ကား ရောက်၏။ ကမ္မဋ္ဌာန်းအာရုံကား ထင်ခြင်းသို့ မရောက်။ ထို့ကြောင့် လျင်လည်း မလျင်လွန်း စီးဖြန်းရာ၏။

အလွန်နှေးလွန်းစွာ နှလုံးသွင်းသောသူအား အဘယ်အပြစ်ရှိသနည်းဟူမူကား ၃-ယူဇနာရှိသောခရီးသို့ နေ့ချင်းပြန်သွားလိုသော ယောက်ျားသည် ခရီးအကြား၌ သစ်ပင်, တောင်, တဘက်ဆည်ကန်-အစရှိသည်တို့၌ ပြင်းစွာ *(ကြာမြင့်စွာ)*နေသဖြင့် ခရီး၏အဆုံးသို့ မရောက်ရာ။ ၂-ရက်, ၃-ရက် သွားအပ်သကဲ့သို့ ထို့အတူ အလွန်နှေးလွန်းစွာ နှလုံးသွင်းသောသူအား ကမ္မဋ္ဌာန်း၏အဆုံးသို့ မရောက်ရာ၊ တရားအထူးကို ရခြင်း၏အကြောင်းလည်း မဖြစ်ရာ။

ပျံ့လွင့်သောသူအား အဘယ်အပြစ်ရှိသနည်း ဟူမူကား ၁-ဖဝါးသာ ဆန့်လောက်သော ကမ်းပါးပြတ်ခရီးသို့ သွားသောယောက်ျားသည် ခြေချရာအရပ်ကို မမှတ်မူ၍ ထိုမှ, ဤမှ ကြည့်ရှုလျက် သွားသည်ရှိသော် ခြေချော်၍ အသူတရာနက်သော ချောက်သို့ ကျသကဲ့သို့ ထို့အတူ ဗဟိဒ္ဓသန္တာန်၌ အထူးထူးသောအာရုံကို နှလုံးမူ၍ ပျံ့လွင့်သောစိတ်ရှိသောသူအား ကမ္မဋ္ဌာန်းမှ အပဖြစ်၍ ပွါးတိုင်း,ပွါးတိုင်းသော ဘာဝနာသည် ပျက်စီးခြင်းသို့ ရောက်၏။

ပညတ်ကို လွန်၍ ပဋိကူလသညာဖြင့် နှလုံးသွင်းသည်ရှိသော် အဘယ်အကျိုးရှိသနည်းဟူမူကား- ရေကို ရခဲသောအခါ၌ လူတို့သည် တော၌ ရေတွင်းကို မြင်၍ ထိုရေတွင်း၌ ထန်းရွက်-အစရှိသော ၁-ခုသော အမှတ်ကို ဖွဲ့၍ ထိုအမှတ်ဖြင့် သွား၍ ချိုးခြင်း,သောက်ခြင်းကို ပြုကုန်၏။ သွားဖန်များ၍ ခရီးလမ်း ထင်ရှားသည်ရှိသော် ထန်းရွက်,အစရှိသော အမှတ်ဖြင့် ပြုဖွယ်ကိစ္စ မရှိပြီ။ အလိုရှိတိုင်းသောခဏ၌ သွား၍ ချိုးခြင်း, သောက်ခြင်းကို ပြုကုန်၏။ ထို့အတူ ရှေးအဖို့ကာလ၌ ကေသာ, လောမာ-အစရှိသော ပညတ်၏အစွမ်းအားဖြင့် နှလုံးသွင်း၍ နောက်အဖို့ကာလ၌ ထိုဆံပင်, မွေးညင်း-အစရှိသော ပညတ်ကို လွန်၍ စက်ဆုပ်ရွံရှာဖွယ်-ဟူသော ပဋိကူလသညာဖြင့် ပွါးသည်ရှိသော် အလွန်ထင်ရှားစွာ ဖြစ်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ပွါးသော်လည်း အစဉ်အတိုင်း အလုံးစုံသော ကောဋ္ဌာသတို့သည် အလွန်ထင်ရှားစွာ မဖြစ်မူ၍ ဆံပင်ကို နှလုံးသွင်းသည်ရှိသော် အဆုံးသို့ ရောက်၍ မုတ္တံ-ဟူသော ကောဋ္ဌာသသည် ထင်သည်ဖြစ်အံ့။ မုတ္တံ-ဟု နှလုံးသွင်းသည်ရှိသော် ကေသာ-ဟူသော အစကောဋ္ဌာသသည် ထင်သည်ဖြစ်အံ့။ ဤသို့ အချို့သော ကောဋ္ဌာသသည် ထင်၍ အချို့သော ကောဋ္ဌာသသည် မထင်သည်ရှိသော် မထင်သော ကောဋ္ဌာသတို့ကို လွှတ်၍ ထင်သော ကောဋ္ဌာသကို အဖန်တလဲလဲ နှလုံးသွင်း၍ အပ္ပနာဈာန်ကို ဖြစ်စေအပ်၏။

ဥပမာမည်သည်ကား ၃၂-ပင်ရှိသော ထန်းတော၌ ကျက်စားသော မျောက်ကို ဖမ်းလိုသော မုဆိုးသည် အစဖြစ်သော ထန်းပင်၏အရွက်ကို မြားဖြင့်ပစ်၍ ကြွေးကြော်ခြင်းကို ပြုရာ၏။ ထိုသို့ ပြုသောအခါ မျောက်သည် အစဉ်အတိုင်း ထိုထန်းတော၌ ခုန်၍,ခုန်၍ အဆုံးတိုင်အောင် ပြေးရာ၏။ ထိုအဆုံး ထန်းပင်သို့ လိုက်၍ ထန်းရွက်ကို မြားဖြင့် ပစ်၍ ကြွေးကြော်ပြန်သည်ရှိသော် အစဉ်အတိုင်း အစထန်းပင်တိုင်အောင် ပြေးပြန်လေ၏။ မုဆိုးသည် အစဉ်အတိုင်း လိုက်အပ်သော မျောက်သည် ကြွေးကြော်တိုင်းသော အရပ်မှ ထ၍ အစဉ်သဖြင့် ပြေးဖန်များလေသော် ပန်းမောသည်ဖြစ်၍ ၁-ခုသောထန်းပင်၏ အရွက်တို့ကို ဖက်၍ နေလေရာ၏။ မြားဖြင့် ပစ်၍ ကြွေးကြော်သော်လည်း ခုန်၍ မပြေးရာပြီ။

ဤဥပမာစကား၌—

- ထန်းတော၌ ၃၂-ပင်သော ထန်းပင်တို့ကိုကဲ့သို့ ဤရူပကာယ၌ ၃၂-ပါးသော ကောဋ္ဌာသတို့ကို မှတ်အပ်၏။
- မျောက်ကိုကဲ့သို့ စိတ်ကို မှတ်အပ်၏။
- မုဆိုးကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်ကို မှတ်အပ်၏။
- မျောက်၏ ၃၂-ပင်ရှိသော ထန်းတော၌ နေခြင်းကဲ့သို့ ယောဂီပုဂ္ဂိုလ်၏စိတ်သည် ၃၂-ပါးသော ကောဋ္ဌာသရှိသော ဤရူပကာယ၌ အာရုံပြုသည်၏ အစွမ်းအားဖြင့် အဖန်တလဲလဲဖြစ်ခြင်းကို မှတ်အပ်၏။
- မုဆိုးသည် အစထန်းပင်၏ အရွက်ကို မြားဖြင့် ပစ်၍ ကြွေးကြော်ခြင်းကို ပြုအပ်သော် မျောက်၏ ထိုထိုထန်းပင်ကို ခုန်၍ အဆုံးထန်းပင်သို့ ရောက်သကဲ့သို့ ယောဂီပုဂ္ဂိုလ်သည် ကေသာ-ဟု နှလုံးသွင်းခြင်းကို အားထုတ်သည်ရှိသော် အစဉ်အတိုင်း သွား၍ အဆုံးကောဋ္ဌာသ၌ စိတ်၏ တည်ကြည်ခြင်းကို မှတ်အပ်၏။
- မုဆိုးသည် အဆုံးထန်းပင်၏ အရွက်ကို မြားဖြင့် ပစ်၍ ကြွေးကြော်အပ်သော် မျောက်၏ ထိုထိုထန်းပင်ကို ခုန်၍ အစထန်းပင်သို့ ရောက်သကဲ့သို့ ယောဂီပုဂ္ဂိုလ်သည် အဆုံးကောဋ္ဌာသကို နှလုံးသွင်းသည်ရှိသော် အစဉ်အတိုင်း အစကောဋ္ဌာသသို့ ရောက်၍ တည်လေ၏။
- အဖန်တလဲလဲ မုဆိုးသည် လိုက်အပ်သော မျောက်သည် ကြွေးကြော်ရာအရပ်မှ ထသကဲ့သို့ အဖန်တလဲလဲ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား အမှတ်မရှိသော ကောဋ္ဌာသအစုတို့တွင် မထင်သော ကောဋ္ဌာသအစုကို လွှတ်၍ ထင်သော ကောဋ္ဌာသအစုတို့၌ စီးဖြန်းပွါးများခြင်းကို မှတ်အပ်၏။
- အစဉ်အတိုင်း ပြေးဖန်များ၍ ပန်းမောခြင်းကြောင့် ၁-ခုသောထန်းပင်၏ အရွက်တို့ကို မြဲမြံစွာ ဖက်၍ နေသော မျောက်အား မုဆိုးသည် မြားဖြင့် ပစ်သော်လည်း မထသကဲ့သို့ မထင်သော ကောဋ္ဌာသတို့ကို လွှတ်၍ စီးဖြန်းသောအဆုံး၌ ထင်သော ကောဋ္ဌာသ ၂-ခုတို့တွင် ၁-ခုသော ကောဋ္ဌာသကို လွှတ်၍ အလွန်ထင်သော ၁-ခုသော ကောဋ္ဌာသကို အဖန်တလဲလဲ စီးဖြန်းပွါးများ၍ အပ္ပနာသို့ ရောက်စေအပ်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် စီးဖြန်းပွါးများပါသော်လည်း မထင်ခဲ့သည် ဖြစ်အံ့။ တစပဉ္စက, ဝက္ကပဉ္စက, ပပ္ဖါသပဉ္စက, မတ္ထလုင်္ဂပဉ္စက, မေဒဆက္က, မုတ္တဆက္ကအားဖြင့်

ပိုင်းခြား၍ အနုလောမ, ပဋိလောမအားဖြင့် သရဇ္ဈာယ်ခြင်းကို ပြု၍ စီးဖြန်းပွါးများရာ၏။ အဘယ်သို့ စီးဖြန်းပွါးများရာသနည်းဟူမူကား—

ဆံပင်, မွေးညင်း, ခြေသည်း,လက်သည်း, သွား, အရေ။
အရေ, သွား, ခြေသည်း,လက်သည်း, မွေးညင်း, ဆံပင်။ (၁)

အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညှို့။
အညှို့, ရိုးတွင်းခြင်ဆီ, အရိုး, အကြော, အသား။
အရေ, သွား, ခြေသည်း, လက်သည်း, မွေးညင်း, ဆံပင်။ (၂)

နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်။
အဆုတ်, အဖျဉ်း, အမြှေး, အသည်း, နှလုံး။

အညှို့, ရိုးတွင်းခြင်ဆီ, အရိုး, အကြော, အသား။
အရေ, သွား, ခြေသည်း,လက်သည်း, မွေးညင်း, ဆံပင်။ (၃)

အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်။
ဦးနှောက်, အစာဟောင်း, အစာသစ်, အူသိမ်, အူမ။

အဆုတ်, အဖျဉ်း, အမြှေး, အသည်း, နှလုံး။
အညှို့, ရိုးတွင်းခြင်ဆီ, အရိုး, အကြော, အသား။
အရေ, သွား, ခြေသည်း, လက်သည်း, မွေးညင်း, ဆံပင်။ (၄)

သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ။
အဆီခဲ, ချွေး, သွေး, ပြည်, သလိပ်, သည်းခြေ။

ဦးနှောက်, အစာဟောင်း, အစာသစ်, အူသိမ်, အူမ။
အဆုတ်, အဖျဉ်း, အမြှေး, အသည်း, နှလုံး။

အညှို့, ရိုးတွင်းခြင်ဆီ, အရိုး, အကြော, အသား။
အရေ, သွား, ခြေသည်း-လက်သည်း, မွေးညင်း, ဆံပင်။ (၅)

မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်။

ကျင်ငယ်, အစေး, နှပ်, တံတွေး, ဆီကြည်, မျက်ရည်။
အဆီခဲ, ချွေး, သွေး, ပြည်, သလိပ်, သည်းခြေ။
ဦးနှောက်, အစာဟောင်း, အစာသစ်, အူသိမ်, အူမ။

အဆုတ်, အဖျဉ်း, အမြေး, အသည်း, နှလုံး။
အညို့, ရိုးတွင်းခြင်ဆီ, အရိုး, အကြော, အသား။
အရေ, သွား, ခြေသည်း, လက်သည်း, မွေးညင်း, ဆံပင်။ (၆)

ဤသို့ အနုလောမ, ပဋိလောမအားဖြင့် ကာလအရာ, ကာလအထောင်ပတ်လုံး နှုတ်ဖြင့် သရဇ္ဈာယ်ခြင်းကို ပြု၍ စီးဖြန်းပွါးများရာ၏။

နှုတ်ဖြင့် သရဇ္ဈာယ်ခြင်းကို ပြု၍ စီးဖြန်းပွါးများသောသူအား ကမ္မဋ္ဌာန်းအစဉ်သည် အလေ့အလာဖြစ်၍ ထိုမှ,ဤမှ စိတ်၏ပျံ့လွင့်ခြင်း မရှိ။ လက်သည်း, ခြေသည်းတို့ကဲ့သို့ လည်းကောင်း၊ စောင်ရန်းခြေအစဉ်ကဲ့သို့လည်းကောင်း အလွန်ထင်ရှားသည်ဖြစ်၍ ထင်ခြင်းသို့ ရောက်၏။ နှုတ်ဖြင့် သရဇ္ဈာယ်ခြင်းသည် စိတ်ဖြင့် သရဇ္ဈာယ်ခြင်းအား ကျေးဇူး ပြု၏။ စိတ်ဖြင့် သရဇ္ဈာယ်ခြင်းသည် လက္ခဏာတို့ကို ထိုးထွင်း၍သိသော ဉာဏ်အား ကျေးဇူးပြုသည်ဖြစ်၍ တရားအထူးကို ပြည့်စုံစေတတ်၏။ ထို့ကြောင့် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် အနုလောမ, ပဋိလောမအားဖြင့် စီးဖြန်းပွါးများခြင်းကို ပြုကုန်ရာ၏။

ဤသို့ စီးဖြန်းပွါးများခြင်းကို ပြုကုန်သော်လည်း ကောဋ္ဌာသအစုတို့ကို မထင်နိုင် ကုန်သည်ဖြစ်အံ့။ ထို ၃၂-ပါးသော ကောဋ္ဌာသအစုတို့တွင် တစ်စုံတစ်ခုသော ကောဋ္ဌာသ အစုကို ထုတ်၍—

**ဣမသ္မိံ မေ ကာယေ ဣမေ ကေသာ နာမ ဝဏ္ဏတောပိ သဏ္ဌာနတောပိ ဂန္ဓတောပိ အာသယတောပိ ဩကာသတောပိ အသုဘာ ဇေဂုစ္ဆာ ပဋိကူလာ။**

ဟု စီးဖြန်းရာ၏။ (ဝိသုဒ္ဓိ၊၁။၂၄၁-၂၅၇)

မေ၊ ငါ၏။ ဣမသ္မိံ ကာယေ၊ ဤ ၁-လံမျှလောက်သော ခန္ဓာကိုယ်၌။ ဣမေ ကေသာ နာမ၊ ဤဆံပင်တို့မည်သည်ကား။ ဝဏ္ဏတောပိ၊ အဆင်းအားဖြင့်လည်းကောင်း။ သဏ္ဌာနတောပိ၊ သဏ္ဌာန်အားဖြင့်လည်းကောင်း။ ဂန္ဓတောပိ၊ အနံ့အားဖြင့်လည်းကောင်း။ အာသယတောပိ၊ တည်ရာအားဖြင့်လည်းကောင်း။ ဩကာသတောပိ၊ အရပ်အားဖြင့်လည်း ကောင်း။ အသုဘာ၊ မတင့်တယ်ကုန်။ ဇေဂုစ္ဆာ၊ စက်ဆုပ်ဖွယ်ရှိကုန်၏။ ပဋိကူလာ၊ ရွံရှာ ဖွယ်ရှိကုန်၏။

အဘယ်သို့ အဆင်းအားဖြင့် စက်ဆုပ်ရွံရှာဖွယ်ရှိသနည်းဟူမူကား နှစ်လိုဖွယ် ရှိသော ယာဂုခွက်၌ ဆံပင်-အစရှိသော တစ်ခုခုသောဝတ္ထုကို မြင်၍ "ဤယာဂုထမင်းကား ဆံပင်နှင့်ရောၡ ဤယာဂုထမင်းကိုသာ ဆောင်ပါလေကုန်"ဟု စက်ဆုပ်ရွံရှာကုန်၏။ ဤသို့ လျှင် ဆံပင်သည် အဆင်းအားဖြင့် စက်ဆုပ်ရွံရှာဖွယ်ရှိ၏။

အဘယ်သို့ သဏ္ဌာန်အားဖြင့် စက်ဆုပ်ရွံရှာဖွယ်ရှိသနည်းဟူမူကား ညဥ့်အခါ ထမင်းစားသောသူတို့သည် ဆံပင်သဏ္ဌာန်ရှိသော မုရိုးလျှော်မျှင်, သင်ပန်းလျှော်မျှင်ကို ကိုင်မိ၍ ထို့အတူ စက်ဆုပ်ကုန်၏။ ဤသို့လျှင် ဆံပင်သည် သဏ္ဌာန်အားဖြင့် စက်ဆုပ်ဖွယ် ရှိ၏။

အဘယ်သို့ **အနံ့အားဖြင့်** စက်ဆုပ်ရွံရှာဖွယ်ရှိသနည်းဟူမူကား ခေါင်းလျှော်ခြင်း, ဆီလိမ်းခြင်း, ပန်းပန်ခြင်း, အခိုးအထုံတို့ဖြင့် ထုံမွှမ်းခြင်း-အစရှိသည်တို့မှ ကင်းသော ဆံပင်တို့၏ အနံ့သည် လွန်စွာ စက်ဆုပ်ဖွယ်ရှိ၏။ ဆံပင်သည် အဆင်းသဏ္ဌာန်အားဖြင့် စက်ဆုပ်ဖွယ် မရှိသော်လည်း အနံ့အားဖြင့် စက်ဆုပ်ဖွယ်ရှိ၏။

အဘယ်သို့ရှိသနည်းဟူမူကား—

- သူငယ်၏ကျင်ကြီးသည် အဆင်းအားဖြင့် နနွင်းအဆင်းရှိ၏။ သဏ္ဌာန်အားဖြင့်လည်း နနွင်းစိုင်သဏ္ဌာန်ရှိ၏။
- တံမြက်ချေးစု၌ စွန့်အပ်သော သေပြီး၍ ဖူးဖူးရောင်သော ခွေးနက်၏အကောင်သည် အဆင်းအားဖြင့် လုံး၍ထားအပ်သော မုရိုးစည်သဏ္ဌာန်ရှိ၏။ ထိုခွေးနက်၏အစွယ် သည် မြတ်လေးငုံသဏ္ဌာန်ရှိ၏။

ထို ၂-ပါးစုံသည် အဆင်း,သဏ္ဌာန်အားဖြင့် စက်ဆုပ်ဖွယ် မရှိ။ အနံ့အားဖြင့်ကား စင်စစ်လျှင် စက်ဆုပ်ရွံရှာဖွယ်ရှိသကဲ့သို့ ထို့အတူ ဆံပင်သည် အဆင်း,သဏ္ဌာန်အားဖြင့် စက်ဆုပ်ဖွယ် မရှိသော်လည်း အနံ့အားဖြင့် အလွန်စက်ဆုပ်ဖွယ်ရှိ၏။

အဘယ်သို့ တည်ရာအားဖြင့် စက်ဆုပ်ရွံရှာဖွယ်ရှိသနည်းဟူမူကား မစင်စုရှိရာ ရွာတွင်း,ရွာပြင် ရေ၌ ပေါက်ရောက်ကုန်သော ဟင်းရွက်တို့ကို မြို့နေလူအပေါင်းတို့ သည် စက်ဆုပ်ကုန်သည်ဖြစ်၍ မသုံးဆောင်ကုန်သကဲ့သို့ ထို့အတူ ဦးခေါင်းရေတည်း ဟူသော မစင်စု၌ ပြည်, သွေး, ကျင်ငယ်, ကျင်ကြီး, သည်းခြေ, သလိပ်-အစရှိသော အကျိုးဆက်ဖြင့် ပေါက်ရောက်သော ဆံပင်တို့သည် စက်ဆုပ်ရွံရှာဖွယ်ရှိ၏။ ဤသို့လျှင် ဆံပင်သည် တည်ရာအားဖြင့် စက်ဆုပ်ရွံရှာဖွယ်ရှိ၏။

အဘယ်သို့ အရပ်အားဖြင့် စက်ဆုပ်ရွံရှာဖွယ်ရှိသနည်းဟူမူကား ဤဆံပင်တို့ မည်သည်ကား မစင်စု၌ပေါက်သော မှိုကဲ့သို့လည်းကောင်း, သုသာန်တံမြက်ချေးစု၌ ပေါက် ရောက်သော ဟင်းရွက်ကဲ့သို့လည်းကောင်း, မြို့၏ထက်ဝန်းကျင်မှ ကျုံး-အစရှိသည်တို့၌ ပေါက်ရောက်သော မှော်ပန်း, ကြာပန်း-အစရှိသော ပန်းကဲ့သို့လည်းကောင်း ၃၂-ပါးသော

ကောဋ္ဌာသအစု၌ ပေါက်ရောက်သည်၏အဖြစ်ကြောင့် အလွန်လျှင် စက်ဆုပ်ဖွယ်ရှိ၏။ ဤသို့လျှင် ဆံပင်သည် အရပ်အားဖြင့် စက်ဆုပ်ရွံရှာဖွယ်ရှိ၏။

ဤသို့လျှင် ၁-ခုသော ဆံပင်ကို ထုတ်၍ အဆင်း, သဏ္ဌာန်, အနံ့, တည်ရာ,အရပ်အားဖြင့် ဆင်ခြင်ရာ၏။ ဆံပင်ကို ဆင်ခြင်သည်နှင့်အတူ မွေးညင်း-အစရှိသော ကောဋ္ဌာသအစုတို့ကိုလည်း ၁-ခုစီ, ၁-ခုစီထုတ်၍ အဆင်း, သဏ္ဌာန်, အနံ့, တည်ရာ, အရပ်အားဖြင့်-

**တ္ထမသ္မိံ မေ ကာယေ ကေ္လမေ လောမာ နာမ ဝဏ္ဏတောပိ သဏ္ဌာနတောပိ ဂန္ဓတောပိ အာသယတောပိ ဩကာသတောပိ အသုဘာ ဇေဂုစ္ဆာ ပဋိကူလာ။ —**

ဟု အဖန်တလဲလဲ ဆင်ခြင်ရာ၏။

ဤသို့ အဖန်တလဲလဲဆင်ခြင်သောသူအား မျက်စိအမြင်နှင့်ပြည့်စုံသော ယောကျာ်းသည် ၃၂-ပါးသော အဆင်းရှိသော ပန်းတို့ကို ၁-ခုသော ပန်းသီတံကြိုးဖြင့် ကုံး၍ထားအပ်သော ပန်းကုံးကို ကြည့်သည်ရှိသော် မရှေးမနှောင်း ထင်လေဘိသကဲ့သို့ ထို့အတူ "အတ္ထိ တ္ထမသ္မိံ ကာယေ"အစရှိသည်ဖြင့် နှလုံးသွင်း၍ ဤကိုယ်ကို ဆင်ခြင်သော သူအား ၃၂-ပါးသော ကောဋ္ဌာသအစုတို့သည် မရှေးမနှောင်းသကဲ့သို့ ဖြစ်၍ ထင်ကုန်၏။

အကယ်၍ ဗဟိဒ္ဓသန္တာန်သို့ ဆောင်၍ နှလုံးသွင်းသည် ဖြစ်အံ့။ ကောဋ္ဌာသအစုတို့သည် ထင်ကုန်သည်ဖြစ်၍ လှည့်လည်သွားလာကုန်သော လူ, တိရစ္ဆာန်-အစရှိကုန်သော သတ္တဝါတို့၌ သတ္တဝါ-ဟူသော အမှတ်သညာကို စွန့်၍ ကောဋ္ဌာသအစုသည် ထင်လေကုန်၏။ ထိုသတ္တဝါတို့သည် မျိုအပ်, စားအပ်, သောက်အပ်သော အဖျော်, ဘောဇဉ်-အစရှိသည်ကိုလည်း ၃၂-ပါးသော ကောဋ္ဌာသအစု၌ ထည့်သကဲ့သို့ ထင်လေ၏။ ဤသို့ ထင်ပြီးသော ကောဋ္ဌာသအစုကို အဖန်တလဲလဲ နှလုံးသွင်းသောသူအား အစဉ်အတိုင်း **ဥပစာရသမာဓိ, အပ္ပနာသမာဓိ**သည် ဖြစ်၏။

ထိုသို့ဖြစ်ရာ၌ ဆံပင်-အစရှိသော ကောဋ္ဌာသအစုတို့၏ အဆင်း, သဏ္ဌာန်, အနံ့, တည်ရာ, အရပ်၏အစွမ်းအားဖြင့် ထင်ခြင်းသည် ဥဂ္ဂဟနိမိတ် မည်၏။ ခပ်သိမ်းသောအခြင်းအရာရှိသော ပဋိကူလ၏ အစွမ်းအားဖြင့် ထင်ခြင်းသည် ပဋိဘာဂနိမိတ် မည်၏။ ထိုပဋိဘာဂနိမိတ်ကို အဖန်တလဲလဲ မှီဝဲလိုသောသူအား **အပ္ပနာ**ဈာန်သည် ဖြစ်၏။ ထိုဈာန်ကို အခြေပြု၍ ဝိပဿနာကို ပွါးစေသောသူအား ဝိပဿနာဉာဏ်အဆက်ဆက် မဂ်,ဖိုလ်,နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏။ ထို့ကြောင့် လောကီ,လောကုတ္တရာ ၂-ဖြာသောအကျိုးကို ပြီးစေတတ်သော ကာယဂတာသတိပဋိကူလသညာကို အခါမပြတ် ပွါးစေရာသည်။ ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်ဒေသနာတော်မြတ် ဖြစ်သည်။

(ဝိသုဒ္ဓိမဂ်၊၁။၂၃၂။ ကာယဂတာသတိကထာ)

★ ★ ★ ★ ★ ★ ★

## [ ၁၁ ] အရှင်ကုမာရကဿပသည် ရာဇညမင်းကြီး၏ မိစ္ဆာအယူကို ပယ်ဖျောက်သောတရား

တရံရောအခါ အရှင်ကုမာရကဿပသည် ကောသလတိုင်း၌ ၅၀၀-သော ရဟန်းတို့ဖြင့် ဒေသစာရီ ကြွတော်မူသည်ရှိသော် သေတဗျမြို့သို့ ရောက်၍ သေတဗျမြို့၏ မြောက်အရပ် ယင်းတိုက်တော၌ သီတင်းသုံး၍ နေတော်မူ၏။ ထိုအခါ သေတဗျမြို့ကို အစိုးရသော ရာဇညမင်းကြီးသည် "တမလွန်လောကသည် မရှိ၊ ဥပပတ်*(ဩပပါတိက)*ဖြစ်သော သတ္တဝါ မည်သည် မရှိ၊ ကောင်းမှုကံ, မကောင်းမှုကံတို့၏ အကျိုး,အပြစ်မည်သည် မရှိ"ဟူသော မိစ္ဆာဒိဋ္ဌိအယူသည် ရှိ၏။

သေတဗျမြို့၌ နေကုန်သော ပုဏ္ဏားသူကြွယ်တို့သည် "အရှင်ကုမာရကဿပသည် ၅၀၀-သော ရဟန်းတို့ဖြင့် ခြံရံ၍ ကောသလတိုင်းတို့၌ ဒေသစာရီကြွသည်ရှိသော် သေတဗျမြို့မြောက်၊ ယင်းတိုက်တော၌ သီတင်းသုံး၍ နေတော်မူ၏။ ထိုအခါ 'အရှင်ကုမာရကဿပသည် အပြားအားဖြင့် သိသောပညာနှင့် ပြည့်စုံ၏။ မိုးကြိုးစက်နှင့်တူသော ပညာရှိ၏။ များသော အကြား,အမြင်ရှိ၏။ ဆန်းကြယ်သော တရားစကားကို ဟောတတ်၏။ ကောင်းသော ဉာဏ်အထင်လည်း ရှိ၏။ သာဝကဗုဒ္ဓလည်း ဖြစ်၏။ ရဟန္တာလည်း ဖြစ်၏'-ဟု လူ, နတ်တို့ ချီးမွမ်းအပ်သော အသံသည် နှံ့၍ တက်၏။

ထိုသို့ သဘောရှိသော ရဟန္တာပုဂ္ဂိုလ်အား ကြည်ညိုသောစိတ်ဖြင့် ဖူးမြင်ရခြင်းသည် လူ,နတ်,နိဗ္ဗာန် ၃-တန်သော ချမ်းသာကို ရွက်ဆောင်ပေတတ်၏"ဟု ကောင်းသော အလိုဆန္ဒကို ဖြစ်စေ၍ ဖူးမြင်အံ့သောငှာ မြောက်တံခါးဖြင့် ထွက်သွားကုန်သော ပုဏ္ဏားသူကြွယ်တို့ကို နန်းပြင်ထက်မှ ရာဇညမင်းသည် မြင်၍ အမတ်ကြီးကို ခေါ်၍ "ဤပုဏ္ဏားသူကြွယ်တို့ကား အဘယ်သို့ သွားသနည်း"ဟု မေး၏။

အမတ်ကြီးလည်း အလုံးစုံသောအကြောင်းကို ကြားလျှောက်ပေ၏။ ထိုအကြောင်းကို ကြား၍ ရာဇညမင်းကြီးသည် "အချင်းအမတ်ကြီး၊ အကြင်မျှလောက်သော ကာလပတ်လုံး ရဟန်းကုမာရကဿပသည် သေတဗျမြို့၌ နေကုန်သော မလိမ္မာကုန်သော ပုဏ္ဏားသူကြွယ်တို့ကို **တမလွန်လောကသည် ရှိ၏။ ဥပပတ်*(ဩပပါတိက)*ဖြစ်သော သတ္တဝါသည် ရှိ၏။ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အကျိုး,အပြစ်သည် ရှိ၏**-ဟု မသိစေသေး။ ထိုမျှလောက်သော ကာလပတ်လုံး ငါသည် ပုဏ္ဏားသူကြွယ်တို့နှင့် လိုက်အံ့၊ ငံ့ပါစေကုန်"ဟု ဆို၍ ထိုပုဏ္ဏားသူကြွယ်တို့နှင့်တကွ အရှင်ကုမာရကဿပရှိရာ ယင်းတိုက်တောသို့ သွားလေ၍ အရှင်-

ကုမာရကဿပနှင့်တကွ ဝမ်းမြောက်ဝမ်းသာ ဟောပြောအပ်သော စကားကို ဟောပြောပြီး၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေလေ၏။

သေတဗျမြို့၌ နေကုန်သော အချို့သော ပုဏ္ဏားသူကြွယ်တို့သည်လည်း အရှင်ကုမာရကဿပကို ရှိသေစွာ ရှိခိုး၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေလေကုန်၏။ အချို့သော ပုဏ္ဏားသူကြွယ်တို့သည်လည်း အရှင်ကုမာရကဿပနှင့် ဝမ်းမြောက်ဝမ်းသာ ပြောဟောအပ်သော စကားကို ဆိုစေ၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေလေကုန်၏။ သေတဗျမြို့၌နေကုန်သော အချို့သော ပုဏ္ဏားသူကြွယ်တို့သည်လည်း လက်အုပ်ချီခြင်းမှုကို ပြု၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေလေကုန်၏။ အချို့သော ပုဏ္ဏားသူကြွယ်တို့သည် အမျိုးအနွယ်ကို ကြား၍ နေလေကုန်၏။ အချို့သော ပုဏ္ဏားသူကြွယ်တို့သည်လည်း ဆိတ်ဆိတ်ဖြစ်၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေလေကုန်၏။

တင့်အပ်လျောက်ပတ်သောအရပ်၌ နေပြီးသော ပါယာသိရာဇညမင်းသည် "အရှင်ကုမာရကဿပ၊ အကျွန်ုပ်သည် 'တမလွန်လောက မရှိ၊ ဥပပတ်*(ဩပပါတိက)*သတ္တဝါမည်သည် မရှိ၊ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အကျိုး,အပြစ်သည် မရှိ'-ဟု အယူဝါဒရှိပါသည်" ဟု နားတော်လျှောက်၏။ ထိုအခါ အရှင်ကုမာရကဿပသည် "ရာဇည၊ ငါသည် ဤသို့ ဆိုလေ့ရှိသောသူ, ဤသို့ ယူလေ့ရှိသောသူ*(ကို)* မြင်လည်း မမြင်စဖူး၊ ကြားလည်း မကြားစဖူး၊ အဘယ်ကြောင့် 'ဣတိပိ နတ္ထိ ပရောလောကော'-အစရှိသော (သုတ်မဟာဝါ၊၂၅၅) စကားကို ဆိုလေဘိသနည်း"ဟု မိန့်တော်မူပြီး၍—

### ၁။ လ,နေ ဥပမာ

"ဤအရာ၌ သင့်ကိုပင် မေးအံ့။ ဤ လ,နေတို့သည် ဤလောက၌ဖြစ်သလော၊ တမလွန်လောက၌ ဖြစ်သလော။ နတ်တို့လော, လူတို့လော"ဟု မေးတော်မူ၏။ ထိုအခါ ရာဇညမင်းကြီးသည် "အရှင်ကဿပ၊ ဤလ,နေတို့သည် တမလွန်လောက၌ ဖြစ်၏။ ဤလောက၌ မဖြစ်။ ဤလ,နေတို့သည် နတ်တို့တည်း။ လူတို့ မဟုတ်ပါ"ဟု နားတော်လျှောက်၏။ "ရာဇည၊ သင်သည် ဤအကြောင်းဖြင့်ပင်လျှင် တမလွန်လောက ရှိ၏၊ ဥပပတ်*(ဩပပါတိက)*သတ္တဝါသည် ရှိ၏၊ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အကျိုး,အပြစ်သည် ရှိ၏'-ဟူသော အယူသည် ဖြစ်စေလော့"ဟု မိန့်တော်မူ၏။

"အရှင်ကဿပ၊ သင်သည် အကြောင်းနှင့်တကွ အကယ်၍ကား ဆိုတော်မူပေ၏။ ထိုသို့ဆိုသော်လည်း အကျွန်ုပ်သည် မယူနိုင်"ဟု နားတော်လျှောက်၏။ "ရာဇည၊ သင့်အား

မယူနိုင်ခြင်း၏အကြောင်း ရှိသလော”ဟု မေးတော်မူ၏။ “မယူနိုင်ခြင်း၏အကြောင်း ရှိပါသည်”ဟု နားတော်လျှောက်၏။

“အကြောင်းကား အဘယ်နည်း”ဟု မေးသည်ရှိသော် “၁၀-ပါးသော ဒုစရိုက်တရားတို့ကို ပြုမှားကုန်သော ဆွေမျိုးပေါက်ဖော်တို့သည် ပြင်းစွာနာ၍ သေခါနီးကာလသို့ ရောက်သည်ရှိသော် ထိုသူတို့ကို အကျွန်ုပ်သည် ဤသို့ မှာလိုက်၏။ ‘ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားတို့သည် ဒုစရိုက်တရားကို ပြုမှားသော သူတို့သည် သေလျှင် အပါယ် ၄-ပါးသို့ လားရသည်-ဟု ဆိုလေ့ရှိကုန်၏။ ထိုရဟန်းပုဏ္ဏားတို့ စကားမှန်လျှင် ဧကန်မချွတ် အပါယ် ၄-ပါးသို့ သင်တို့သည် လားရကုန်လတ္တံ့။ လားရသည်ရှိသော် ငါ့အား ပြန်ကြားပါကုန်၊ ပြန်ကြားသည်ရှိသော် တမလွန်လောကရှိ၏၊ ဥပပတ်ဖြစ်သော သတ္တဝါရှိ၏၊ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အကျိုး,အပြစ်ရှိ၏-ဟူ၍ ယူပါမည်’-ဟု မှာလိုက်၏။

ထိုဆွေမျိုးပေါက်ဖော် တော်စပ်သောသူတို့သည် ‘ကောင်းပါပြီ’-ဟု ဝန်ခံပြီး၍ တစ်စုံတစ်ယောက်သောသူမျှ လာ၍ အကြောင်းစကားကို မပြန်မကြားလာ။ တမန်လည်း မစေပါ။ ဤအကြောင်းကြောင့် အကျွန်ုပ်သည် တမလွန်လောက ရှိ၏၊ ဥပပတ်သတ္တဝါရှိ၏၊ ကုသိုလ်ကံ,အကုသိုလ်ကံတို့၏ အကျိုး,အပြစ်ရှိ၏-ဟူ၍ မယူနိုင်ပါ”ဟု နားတော်လျှောက်၏။ (ဒီ၊၂။၂၅၅-၆)

## ၂။ ခိုးသူ ဥပမာ

“ရာဇည၊ ဤအရာ၌ သင့်ကိုပင် ငါ မေးအံ့။ ဤသေတဗျမြို့၌ ရုန့်ရင်းကြမ်းတမ်းသောအမှုကို ပြုလေ့ရှိသော ခိုးသူကို မင်းချင်းယောက်ျားတို့သည် ဖမ်း၍ သင့်အား ပြလာလေရာ၏။ ထိုမင်းချင်းယောက်ျားတို့ကို ‘အချင်းယောက်ျားတို့၊ ဤခိုးသူကို လက်ပြန်ကြိုးချည်၍, သင်တုန်းဖြင့် ၄-ကွက်ကျား ရိတ်၍, ဤခရီးမဖြင့် ဆောင်လေ၍, တောင်တံခါးဖြင့် ထုတ်လေ၍, မြို့၏တောင်အရပ် ခိုးသူသတ်ရာ သင်္ချိုင်း၌ ဦးခေါင်းကို ဖြတ်၍ သတ်လေကုန်’-ဟု သင်သည် စေလေရာ၏။

ထိုမင်းချင်းယောက်ျားတို့သည် သင်ဆိုတိုင်း ခိုးသူသတ်ရာ သင်္ချိုင်းသို့ ဆောင်၍ သတ်ရာအရပ်၌ နေစေကုန်၏။ ထိုအခါ သတ်အပ်သော ခိုးသူသည် ‘အမောင် ခိုးသူသတ်ယောက်ျားတို့၊ ဤမည်သော ရွာနိဂုံး၌ အကျွန်ုပ်၏ မိဘဆွေမျိုးဖြစ်ကုန်သောသူတို့သည် ရှိပါကုန်၏။ ထိုသူတို့ ပြောအပ်သောစကား, ပြုအပ်သောအမှုတို့ကို ပြောဆိုညွှန်ပြ၍ လာပါကုန်အံ့။ အခိုက်အတန့် လွှတ်၍ နေပါကုန်’-ဟု တောင်းပန်လေရာ၏။ ထိုသို့ တောင်းပန်သည်ရှိသော် သင်၏ ခိုးသူသတ်ယောက်ျားတို့သည် လွှတ်ကုန်ရာမည်လော”ဟု မေးတော်

မူ၏။ "ရှင်ကုမာရကဿပ၊ တောင်းပန်၍ရရာသော သဘောမရှိချေ။ တောင်းပန်စဉ်ဆဲဆဲ၌ပင် သတ်ရာချေမည်"ဟု နားတော်လျှောက်၏။

"ရာဇည၊ လူဇာတ်ဖြစ်သော ခိုးသူသည် လူဇာတ်ဖြစ်သော ခိုးသူသတ်ယောက်ျားတို့အား တောင်းပန်၍ မရတုံသေး၏။ ဒုစရိုက်အကုသိုလ်တရားတို့ကို ပြုမှား၍ အပါယ် ငရဲသို့ လားရသော ငရဲသူသည် ငရဲထိန်းတို့အား ပြန်ကြားခြင်းငှာ တောင်းပန်၍ အဘယ်မှာ ရပါအံ့နည်း။ ဤအကြောင်းဖြင့် 'တမလွန်လောကရှိ၏'-အစရှိသော သမ္မာအယူ ဖြစ်စေလော့"ဟု မိန့်တော်မူ၏။

"အရှင်ကဿပ၊ သင်သည် အကြောင်းနှင့်တကွ ဆိုတော်မူပေ၏။ ထိုသို့ ဆိုလေပြားသော်လည်း အကျွန်ုပ်သည် မယူနိုင်ချေ"ဟု နားတော်လျှောက်၏။ "ရာဇည၊ မယူနိုင်ခြင်း၏ အကြောင်းရှိသလော"ဟု မေးသည်ရှိသော် "မယူနိုင်ခြင်း၏ အကြောင်းရှိပါသည်" ဟု နားတော်လျှောက်၏။ "အဘယ်သို့ အကြောင်းရှိသနည်း"ဟု မေးသည်ရှိသော်—

"အရှင်ကဿပ၊ အကျွန်ုပ်၏ ဆွေမျိုးပေါက်ဖော်တော်စပ်သော သူတို့သည် ၁၀-ပါးသော သုစရိုက်တရားတို့ကို ကျင့်လေ့,ပြုလေ့ရှိကုန်၏။ ထိုသူတို့သည် ပြင်းစွာ နာ၍ သေခါနီးဆဲဆဲသို့ ရောက်သည်ရှိသော် အကျွန်ုပ်သည် ဤသို့ မှာလိုက်၏။ 'အချင်းတို့၊ သုစရိုက်တရား ၁၀-ပါးတို့ကို ကျင့်လေ့ရှိသောသူတို့သည် သေသည်မှ အခြားမဲ့၌ နတ်ပြည် သုဂတိဘဝသို့ လားရသည်-ဟု အချို့သော ရဟန်းပုဏ္ဏားတို့သည် ဆိုကုန်၏။ ထိုသို့ဆိုတိုင်း မှန်သည် ဖြစ်အံ့။ သင်တို့သည် သေသည်မှ အခြားမဲ့၌ နတ်ပြည်သို့ ရောက်ကုန်လတ္တံ့၊ ရောက်သည်ရှိသော် ငါ့အား အကြောင်းစကား ပြန်ကြားလှည့်ပါကုန်'-ဟု မှာလိုက်၏။ မှာသော်လည်း ထိုဆွေမျိုးပေါက်ဖော် တော်စပ်သောသူတို့သည် 'ကောင်းပါပြီ'-ဟု ဝန်ခံပြီး၍ တစ်စုံတစ်ယောက်သောသူမျှ *(လာ၍)* မပြန်မကြားလာ၊ တမန်လည်း မစေပါ။ ထို့ကြောင့် အကျွန်ုပ် သည် မယုံကြည်နိုင်ပါ"ဟု နားတော်လျှောက်၏။ (ဒီ၊၂။၂၅၇-၈)

### ၃။ မစင်တွင်း၌ကျသော ယောက်ျားဥပမာ

ထိုသို့ဆိုတပြီးကား "ရာဇည၊ သင့်အား ဥပမာကို ငါပြုအံ့။ ဤဥပမာဖြင့်လည်း လောက၌ ပညာရှိကုန်သောသူတို့သည် ဆိုအပ်သောစကား၏ အနက်ကို သိကုန်၏"ဟု မိန့်တော်မူပြီး၍ "ရာဇည၊ ဥပမာမည်သည်ကား တစ်စုံတစ်ယောက်သော ယောက်ျားသည် ဦးခေါင်းနှင့်တကွ မစင်တွင်း၌ နစ်လေရာ၏။ ထိုသူကို သင်သည် မြင်၍ မင်းချင်းယောက်ျားတို့ကို ခေါ်၍ 'အချင်းယောက်ျားတို့၊ ဤယောက်ျားကို မစင်တွင်းမှ ထုတ်၍, ဝါးခြမ်းစိတ်

တို့ဖြင့် သုတ်၍, ဖျော့တော့သော မြေညက်ဖြင့် သုတ်ပြီးသည်ရှိသော်, ဆီဖြင့် လိမ်းကျံ၍, သိမ်မွေ့သောမြေညက်ဖြင့် လိမ်းကျံကာ ရေချိုးကြလေကုန်။ ရေချိုးပြီးသည်ရှိသော် ဆံမုတ်ဆိတ်တို့ကို ပြုပြင်၍ အဖိုးများစွာ ထိုက်တန်လှစွာသော ပန်းတို့ကို ပန်ဆင်ကာ အဖိုးများစွာ ထိုက်သော အဝတ်တို့ကို ဝတ်စေလျက် မြတ်သောပြာသာဒ်ထက်သို့ တင်ပြီးသော် ၅-ပါးသော ကာမဂုဏ်တို့ဖြင့် လုပ်ကျွေးကြလေကုန်'-ဟု စေလေရာ၏။

သင်၏ မင်းချင်းယောက်ျားတို့သည် မစင်တွင်းမှ ထုတ်သည်ကို အစပြု၍ ပြာသာဒ်ထက်သို့ တင်၍ ကာမဂုဏ် ၅-ပါးတို့ဖြင့် လုပ်ကျွေးသည်တိုင်အောင် ပြုလေကုန်ရာ၏။ ကောင်းစွာရေချိုးပြီး၍ နံ့သာ,ပန်းမန် လိမ်းကျံဆင်ယင်ပြီးကာ ပြုပြင်အပ်သော ဆံမုတ်ဆိတ်ရှိသော် အဝတ်တန်ဆာတို့ဖြင့် ကောင်းစွာဝတ်ဆင်ကာ မြတ်သော ပြာသာဒ်ထက်၌ ၅-ပါးသော ကာမဂုဏ်တို့ဖြင့် ပြည့်စုံခြံရံလျက် စံပယ်သောယောက်ျားသည် တဖန် မစင်တွင်းသို့ သက်ဆင်းငုပ်နစ်ခြင်းငှာ အလိုရှိပါဦးမည်လော"ဟု မေးတော်မူ၏။ "ဤသို့ ဆင်းသက်ငုပ်နစ်ခြင်းငှာ မသင့်ပေ"ဟု နားတော်လျှောက်၏။

"အဘယ်ကြောင့် အလိုမရှိသနည်း"ဟု မေးသည်ရှိသော် "မစင်တွင်းမည်သည်ကား မစင်ကြယ်သည်ဖြစ်၍ စက်ဆုပ်ဖွယ်အပေါင်း မကောင်းသောအနံ့တို့ဖြင့် ရွံရှာဖွယ်ရှိသည်၏ အဖြစ်ကြောင့်ပါတည်း"ဟု နားတော်လျှောက်၏။ ထို့အတူ "ရာဇည၊ လူတို့သည် နတ်တို့၏ စက်ဆုပ်ဖွယ် ဖြစ်ကုန်၏။ မကောင်းသော အနံ့ရှိသော မစင်-ဟူ၍ ဆိုအပ်ကုန်၏။ ယူဇနာ ၁၀၀-အရပ်က လူတို့၏အနံ့သည် နတ်တို့ကို နှိပ်စက်ကုန်၏။ ဆွေမျိုးပေါက်ဖော် စပ်ကုန်သော သူတို့သည် နတ်ပြည်သို့ ရောက်လေကုန်၏။ သင့်အား တဖန်လာ၍ အဘယ်မှာလျှင် အကြောင်းစကား ကြားပါတုံအံ့နည်း။ ဤအကြောင်းဖြင့် သမ္မာဒိဋ္ဌိအယူ ရှိစေလော့"ဟု မိန့်တော်မူ၏။ (ဒီ၊၂။၂၅၉၊၂၆၀။ ဒီဋ္ဌ၊၂။၃၉၈)

"အရှင်ကဿပသည် အကယ်၍ကား အကြောင်းနှင့်တကွသော တရားစကားကို ဟောကြားတော်မူပေ၏။ ထိုသို့ ဟောကြားလေသော်လည်း အကျွန်ုပ်သည် မယူနိုင်"ဟု လျှောက်ထား၏။ "အဘယ်အကြောင်းကြောင့် မယူနိုင်သနည်း"ဟု မေးတော်မူသည်ရှိသော်

"သုစရိုက်တရား ၁၀-ပါးကို ပြုလေ့,ကျင့်လေ့ရှိကုန်သော ဆွေမျိုးပေါက်ဖော်တော်စပ်သောသူတို့သည် ပြင်းစွာနာ၍ သေခါနီးဆဲဆဲသို့ ရောက်သောအခါ 'အကြင်ရဟန်းပုဏ္ဏားတို့သည် ဒုစရိုက်တရားတို့မှ ကြဉ်၍ သုစရိုက်တရားတို့ကို ကျင့်သောသူတို့သည် သေလျှင် နတ်ပြည်သို့ လားရသည်-ဟု ဆိုကုန်၏။ ထိုရဟန်းပုဏ္ဏားတို့ ဆိုသောစကားသည် မှန်သည် ဖြစ်အံ့၊ သင်တို့သည် စင်စစ်နတ်ပြည်သို့ ရောက်ကုန်လတ္တံ့၊ ရောက်သည်ရှိသော်

ကိုယ်တိုင်မူလည်း ငါ့အား ကြားလှည့်ပါကုန်၊ တမန်စေ၍သော်လည်း ကြားလှည့်ပါကုန်’-ဟု မှာလိုက်၏။ ထိုသို့ မှာလိုက်သော်လည်း တစ်စုံတစ်ယောက်သူမျှ အကြောင်းစကား မကြားလာသောကြောင့် မယူနိုင်”ဟု နားတော်လျှောက်၏။ (ဒီ၊၂။၂၅၉၊၂၆၀)

## ၄။ တာဝတိံသာနတ် ဥပမာ

“ရာဇညု၊ လူ့ပြည်၌ အနှစ် ၁၀၀-သည် တာဝတိံသာနတ်တို့၌ ၁-နေ့, ၁-ညဉ့်မျှ ရှိ၏။ ထိုနေ့,ထိုညဉ့် အကြိမ် ၃၀-သည် ၁-လ မည်၏။ ထို ၁၂-လသည် ၁-နှစ် မည်၏။ ထိုနှစ်ပေါင်း ၁,၀၀၀-သည် တာဝတိံသာနတ်တို့၏ အသက်အတိုင်းအရှည် မည်၏။ သင်၏ ဆွေမျိုးပေါက်ဖော် တော်စပ်သောသူတို့သည် တာဝတိံသာနတ်ပြည်သို့ ရောက်၍ ၂-ရက်, ၃-ရက်တို့ပတ်လုံး နတ်ပြည်၌ဖြစ်သော ၅-ပါးသော ကာမဂုဏ်တို့ဖြင့် ပြည့်စုံခြံရံ၍ စံပယ်ကုန်ဦးအံ့။ ထို့နောင်မှ *(သေတဗျမြို့)* ပါယာသိရာဇညမင်းအား သွား၍ ‘ငါတို့သည် အကြောင်း စကားကြားကုန်အံ့’-ဟု ကြံကုန်ရာ၏။ ဤအကြောင်းဖြင့် သမ္မာဒိဋ္ဌိအယူ ရှိစေလော”ဟု မိန့်တော်မူ၏။

“အရှင်ကဿပ၊ အကျွန်ုပ်သည် မယူနိုင်။ အရှင်ကဿပအား တာဝတိံသာနတ်တို့သည် ရှိကုန်၏’ဟူ၍လည်းကောင်း, တာဝတိံသာနတ်တို့သည် ဤမျှ အသက်ရှည်ကုန်၏’ဟူ၍လည်းကောင်း အဘယ်သူ ကြားသနည်း။ ငါတို့ မယုံကြည်နိုင်”ဟု ဆို၏။ (ဒီ၊၂။၂၆၁-၂)

## ၅။ မျက်မမြင် ဥပမာ

ထိုအခါ အရှင်ကုမာရကဿပသည် “ရာဇညု၊ အဖြူ, အနီ-အစရှိကုန်သော ရူပါရုံတို့ကိုလည်းကောင်း၊ ပကတိသွားရာ လမ်းမ, နေ, လ, နက္ခတ်တို့ကိုလည်းကောင်း၊ မမြင်သော အမိဝမ်းတွင်းမှ ကန်းသောသူသည် ‘လောက၌ အဖြူ, အနီ-အစရှိသော ရူပါရုံတို့သည်လည်းကောင်း၊ ပကတိသွားရာ လမ်းမ, နေ, လ, နက္ခတ်တို့သည်လည်းကောင်း မရှိကုန်။ အဘယ်ကြောင့်နည်းဟူမူကား ငါသည် မမြင်အပ်သောကြောင့်တည်း’-ဟု ဆိုလေရာ၏။ ထိုသူကန်းတို့ ဆိုတိုင်း မှတ်ရမည်လော”ဟု မေးတော်မူ၏။

“အရှင်ကဿပ၊ ထိုလူကန်း ဆိုတိုင်း မမှတ်သင့်ပေ။ အဘယ့်ကြောင့်နည်းဟူမူကား အမည်း, အဖြူ-အစရှိသော ရူပါရုံ၊ ပကတိသွားရာ လမ်းမ, နေ, လ, နက္ခတ်တို့သည် ထင်ရှားရှိသောကြောင့်တည်း”ဟု နားတော်လျှောက်၏။ “ရာဇညု၊ တာဝတိံသာနတ်တို့သည် ရှိ၏-ဟူ၍လည်းကောင်း၊ တာဝတိံသာနတ်တို့သည် ဤသို့ အသက်ရှည်၏-ဟူ၍လည်းကောင်း အဘယ်သူ ပြောသနည်း။ အရှင်ကဿပစကားကို ငါတို့ မယူနိုင်’-ဟု ဆိုသော

သင့်အား 'အမိဝမ်းတွင်းမှ ကန်းသောသူနှင့် တူ၏-ဟူ၍ ငါကား မှတ်ထင်၏"ဟု မိန့်တော်မူပြီး၍ "သင်သည် 'မံသစက္ခုဖြင့် မြင်သကဲ့သို့ တမလွန်လောကကို မြင်၏'-ဟု မမှတ်အပ်။ အကြင်ရဟန်း ပုဏ္ဏားတို့သည် ကောင်းသော အကျင့်ပဋိပတ်ဖြင့် ရအပ်သော ဒိဗ္ဗစက္ခု အဘိညာဉ်နှင့် ပြည့်စုံကုန်၏။ ထိုရဟန်း, ပုဏ္ဏားတို့သည် ဤလောကကိုလည်းကောင်း, တမလွန်လောကကိုလည်းကောင်း မြင်ကုန်၏။ ထိုရဟန်း, ပုဏ္ဏားတို့သည် ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် မြင်ကုန်သကဲ့သို့ လောကကို မြင်၏-ဟု မှတ်အပ်၏။ ဤအကြောင်းဖြင့်လည်း သမ္မာဒိဋ္ဌိအယူ ဖြစ်စေလော့"ဟု မိန့်တော်မူ၏။

"အရှင်ကဿပသည် အကယ်၍ကား အကြောင်းနှင့်တကွသော တရားစကားကို ဟောကြားတော်မူပေ၏။ ထိုသို့ ဟောကြားသော်လည်း မယူနိုင်"ဟု နားတော်လျှောက်၏။ "မယူနိုင်ခြင်းအကြောင်းကား ရှိသလော"ဟု မေးသည်ရှိသော် "အရှင်ကဿပ၊ သီလနှင့် ပြည့်စုံကုန်သော အကျင့်ရှိကုန်သော ရဟန်းပုဏ္ဏားတို့သည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ဤလူ့ပြည်ထက် မွန်မြတ်သော နတ်တို့ကို အကယ်၍ မြင်ကုန်သည်ဖြစ်အံ့။ အဆိပ်ကိုမူလည်း စားကုန်ရာ၏။ လက်နက်ကိုမူလည်း ဆောင်ကုန်ရာ၏။ မသိခြင်းကြောင့်သာလျှင် ရဟန်း, ပုဏ္ဏားတို့သည် မသေဝံ့ကုန်သည်ဖြစ်၍ ဆင်းရဲကို စက်ဆုပ်၍ ချမ်းသာကို အလိုရှိသည် ဖြစ်၍ မိမိတို့ ကိုယ်ကို မသတ်ဝံ့ကုန်၊ စောင့်ရှောက်ကုန်၏။ ဤအကြောင်းကြောင့် မစွန့်နိုင်" ဟု နားတော်လျှောက်၏။ (ဒီ၊၂။၂၆၂-၃)

## ၆။ ကိုယ်ဝန်ရှိသော ပုဏ္ဏေးမ ဥပမာ

"ရာဇည၊ သင့်အား ငါသည် ဥပမာကို ပြုအံ့။ ၁-ယောက်သော ပုဏ္ဏားအား ၂-ယောက်သော အလုပ်အကျွေး ပုဏ္ဏေးမတို့သည် ရှိကုန်၏။ ၁-ယောက်သော ပုဏ္ဏေးမအား ၁၀-နှစ်, ၁၂-နှစ်အရွယ်နှင့် ပြည့်စုံသောသားသည် ရှိ၏။ ၁-ယောက်သော ပုဏ္ဏေးမအား ဖွားခါနီးသော ကိုယ်ဝန်သာ ရှိ၏။ ထိုအခါ ပုဏ္ဏားသည် သေလေ၏။ သေသည်ရှိသော် ထိုလုလင်သည် ကိုယ်ဝန်ဆောင်ရှိသော ပုဏ္ဏေးမအား ဤသို့သော စကားကို ဆို၏။ "အဘ အမွေဖြစ်သော ဥစ္စာ,စပါးသည်လည်းကောင်း၊ ရွှေ,ငွေသည်လည်းကောင်း ရှိ၏။ ထိုအလုံးစုံသော အမွေဥစ္စာကို ခွဲခြမ်းဝေဖန် အပ်နှင်းလော့'-ဟု ဆိုလေ၏။

ထိုအခါ ပုဏ္ဏေးမသည် 'အမောင်လုလင်၊ အကြင်မျှလောက်သောကာလ သားငယ်ကို ဖွားလတ္တံ့။ ထိုမျှလောက် ငံ့ပါဦးလော့။ ထိုသားငယ်အားလည်း ထက်ဝက်သောဥစ္စာသည် ဖြစ်ပါလတ္တံ့။ အကယ်၍ သတို့သမီးငယ် ဖြစ်အံ့။ သတို့သမီးငယ်သည် သင်၏အလုပ်အကျွေး ဖြစ်ပါလတ္တံ့'-ဟု ဆိုလေ၏။ ၂-ကြိမ်မြောက်, ၃-ကြိမ်မြောက် အမိ၏ရန်သူဖြစ်သော

ပုဏ္ဏေားမကို 'အဘ၏အမွေဥစ္စာကို အပ်နှင်းလော့'-ဟု ဆိုလေ၏။ ထိုအခါ ပုဏ္ဏေးမသည် သားငယ်ကိုလည်းကောင်း, မိမိကိုယ်ကိုလည်းကောင်း, အလုံးစုံသော ဥစ္စာနှစ်ကိုလည်း ကောင်း ဖျက်ဆီးလေ၏။ ဖျက်ဆီးခြင်းကြောင့် အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်၏။

ထို့အတူ ရာဇည၊ မလိမ္မာသည်ဖြစ်၍ မသင့်သောအားဖြင့် တမလွန်လောကကို ရှာသော သင်သည် အကျိုးမဲ့ပျက်စီးခြင်းသို့ မရောက်စေလင့်။ သီလနှင့် ပြည့်စုံသည်ဖြစ်၍ ကောင်းသောအကျင့်ရှိကုန်သော ရဟန်းပုဏ္ဏားတို့သည် မရင့်သေးသော ကုန္ဓြေကို ရင့်စေ ကုန်၏။ များစွာသောလူတို့၏ အကျိုးစီးပွါးကို ကျင့်ကုန်,စောင့်ရှောက်ကုန်လျက် ရှည်မြင့်စွာ သော ကာလပတ်လုံး တည်ကုန်၏။ ဤအကြောင်းဖြင့်လည်း သမ္မာဒိဋ္ဌိအယူ ရှိစေလော့"ဟု မိန့်တော်မူ၏။

"အရှင်ကဿပသည် အကြောင်းနှင့်တကွသော တရားစကားကို အကယ်၍ကား ဟောကြားတော်မူပေ၏။ ထိုသို့ ဟောကြားသော်လည်း မယူ,မစွန့်နိုင်"ဟု နားတော်လျှောက် ၏။ "မယူနိုင်ခြင်း၏အကြောင်း ရှိသလော"ဟု မေးသည်ရှိသော် "အရှင်ကဿပ၊ ဤ သေတဗျမြို့၌ ရန့်ရင်းကြမ်းတမ်းသော ခိုးမှုကို ပြုလေ့ရှိသော ခိုးသူကို ဖမ်း၍ အကျွန်ုပ်အား ပြလာကုန်၏။ ထိုပြလာကုန်သော ယောကျ်ားတို့ကို 'အချင်းယောကျ်ားတို့၊ ဤခိုးသူကို အိုးစရည်းကြီး၌ အရှင်ထည့်၍ မျက်နှာဝကို ပိတ်၍ စိုသောသားရေဖြင့် မြှေးယှက်၍ မြေညက်ဖြင့် အထပ်ထပ်မံ၍ ခနောက်သို့ တင်ပြီးသော် မီးတိုက်ကြလေကုန်'-ဟု စေ၏။ စေတိုင်းပြုပြီး၍ သေသော နောက်ကာလ၌ 'အသက်ထွက်သည်ကို မြင်ရပြားအံ့လည်း မသိ'-ဟု ရွှံ့-အစရှိသည်တို့ကို ဖြည်းဖြည်းသာသာ ခွါ၍ ကြည့်ပါသော်လည်း အသက်ထွက် သည်ကို မမြင်။ ဤအကြောင်းကြောင့် မယူနိုင်"ဟု နားတော်လျှောက်၏။ (ဒီ၊၂။၂၆၄-၅)

## ၇။ အိပ်မက်မက်သောသူ ဥပမာ

"ရာဇည၊ နေ့အခါ၌ အိပ်သည်ရှိသော် အိပ်မက်၌ နှလုံးမွေ့လျော်ဖွယ်ရှိသော အရပ်, နှလုံးမွေ့လျော်ဖွယ်ရှိသော မြေပြင်, နှလုံးမွေ့လျော်ဖွယ်ရှိသော ရေကန်ကို မြင်ဖူး၏ လော"ဟု မေးတော်မူ၏။ "မြင်ဖူးပါ၏"ဟု နားတော်လျှောက်၏။ "ထိုအခါ သင့်ကို သင်၏ အလုပ်အကျွေးဖြစ်ကုန်သော သတို့သမီးတို့သည် မြင်ကုန်လတ္တံ့လော"ဟု မေးတော်မူ၏။ "မြင်ကုန်ပါ၏"ဟု နားတော်လျှောက်၏။

"ထိုအခါ ထွက်,ဝင်သွားသော သင်၏အသက်ကို သတို့သမီးငယ်တို့သည် မြင်ကုန် လတ္တံ့လော"ဟု မေးတော်မူ၏။ "မမြင်ကုန်လတ္တံ့"ဟု နားတော်လျှောက်၏။ "ရာဇည၊

အသက်ရှင်သော သင်၏အသက် ထွက်,ဝင်သွားသည်ကို မမြင်သည်ရှိသော် သေပြီးသော သူ၏အသက်ကို အဘယ်မှာ မြင်နိုင်ရာအံ့နည်း။ ဤအကြောင်းဖြင့် သမ္မာဒိဋ္ဌိအယူ ရှိစေလော့”ဟု မိန့်တော်မူ၏။ “မယူနိုင်ပါ”ဟု နားတော်လျှောက်၏။ အဘယ်အကြောင်းကြောင့် မယူနိုင်သနည်း”ဟု မေးသည်ရှိသော် “ခိုးသူကို အသက်ရှင်စဉ်ပင် ချိန်ဖြင့် ချိန်၍ ခံတွင်း, နှာခေါင်းတို့ကို ပိတ်၍ သက်သာရာကို မရအောင် ပြု၍ သတ်စေ၏။ သေပြီးသော် တဖန် ချိန်စေ၏။ မသေမီကာလကား ပေါ့သည်ဖြစ်၍ သေပြီးသောကာလကား အလွန်လျှင် လေး၏။ ဤအကြောင်းကြောင့် မယူနိုင်ပါ”ဟု နားတော်လျှောက်၏။ (ဒီ၊၂။၂၆၆)

## ၈။ လောလောပူသော သံတွေဥပမာ

“ရာဇည၊ တစ်စုံတစ်ယောက်သော ယောကျ်ားသည် တစ်နေ့ပတ်လုံး မီးဖုတ်၍ အပူလွန်သော အလျှံနှင့်တကွသော သံချောင်းကို ချိန်လေရာ၏။ ထိုသံချောင်းကိုပင်လျှင် အလွန်အေးသောအခါ ချိန်ပြန်လေရာ၏။ ထိုသံချောင်းသည် အဘယ်ကာလ၌ လေး၍ အဘယ်ကာလ၌ ပေါ့ရာသနည်း”ဟု မေးတော်မူ၏။ “ပူသောကာလ၌ ပေါ့သည်ဖြစ်၍ အေးသောကာလ၌ လေးရာ၏”ဟု နားတော်လျှောက်၏။

ထို့အတူ “ရာဇည၊ အသက်ရှင်သောသူသည် ဇီဝိတိန္ဒြေ, ကမ္မဇတေဇောဓာတ်, ဝိညာဉ်နှင့်တကွ ဖြစ်သောကြောင့် ပေါ့သောသဘော ရှိ၏။ သေလေပြီးသောသူသည် ဇီဝိတိန္ဒြေ, ကမ္မဇတေဇောဓာတ်, ဝိညာဉ်တို့မှ ကင်းသောကြောင့် လေးသောသဘော ရှိ၏။ ဤအကြောင်းဖြင့် သင့်အား သမ္မာဒိဋ္ဌိအယူ ရှိစေလော့”ဟု မိန့်တော်မူ၏။ “အရှင်ကဿပ သည် အကြောင်းနှင့်တကွ ဟောတော်မူသော်လည်း မယူနိုင်ချေသေးပါ”ဟု နားတော်လျှောက်၏။

“မယူနိုင်ခြင်း၏အကြောင်း ရှိသလော”ဟု မေးတော်မူသည်ရှိသော် “အရှင်ကဿပ၊ တစ်စုံတစ်ယောက်သော ခိုးသူကို အရေပါး, အရေထူ, အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီတို့ကို မထိစေမူ၍ သတ်၍ သေသည်ရှိသော် အသက်ထွက်သည်ကို ပြန်လှန်၍ ရှာသော်လည်း မမြင်ကုန်။ လက်ဆုပ်, အုတ်, ကျောက်, တုတ်, လှင်ကန်, ဓား, လက်နက်တို့ဖြင့် ထောင်းထုရိုက်ခတ်,ခုတ်ဖြတ် ခါတွက်၍ ရှာသော်လည်း မမြင်ပါကုန်။ ထိုယောကျ်ား၏ရုပ်ပါရုံ *(စက္ခုပသာဒ)*-အစရှိသော အာယတနတို့သည် ခံစားခြင်းသဘော မရှိကုန်။ ဤအကြောင်းကြောင့် မယူနိုင်ပါ”ဟု နားတော်လျှောက်၏။ (ဒီ၊၂။၂၆၇-၈)

## ၉။ ခရုသင်းမှုတ်တတ်သူ ဥပမာ

“ရာဇည၊ ရှေးလွန်လေပြီးသောအခါ ခရုသင်းမှုတ်တတ်သော တစ်စုံတစ်ယောက်သော ယောကျ်ားသည် ခရုသင်းကို ယူ၍ ၁-ခုသောပစ္စန္တရစ်သို့ သွားလေ၍ ရွာလယ်၌ ရပ်၍ ၃-ကြိမ်မှုတ်ပြီးသည်ရှိသော် မြေ၌ ခရုသင်းကို ချ၍ တင့်အပ်လျောက်ပတ်သော အရပ်၌ နေလေ၏။ ထိုအခါ ပစ္စန္တရစ်ရွာသားတို့သည် ‘ဤအသံကား အဘယ်အသံနည်း၊ နှစ်သက်မြတ်နိုးဖွယ် ရှိ၏’-ဟု စည်းဝေးလာကုန်၍ ခရုသင်းမှုတ်တတ်သော ယောကျ်ားအား မေးလေ၏။

ထိုယောကျ်ားသည်လည်း ‘ဤခရုသင်း အသံတည်း’-ဟု ပြောသည်ရှိသော် ထိုရွာသားအပေါင်းတို့သည် ခရုသင်းကို ပက်လက်ထား၍ ‘အချင်း ခရုသင်း၊ မြည်ပါလော့’-ဟု ဆိုကုန်၏။ မမြည်သည်ရှိသော် နံပါးတစ်ဖက်ဖြင့် ချ၍ ‘မြည်ပါလော့’-ဟု ဆိုပြန်ကုန်၏။ မမြည်သည်ရှိသော် နံပါးတစ်ဖက်ဖြင့် ချ၍ ‘မြည်ပါလော့’-ဟု ဆိုပြန်ကုန်၏။ မမြည်သည်ရှိသော် အထက်သို့ ထောင်ကုန်၏။ မမြည်သည်ရှိသော် အောက်သို့ ဦးစောက်ပြန်ကုန်၏။ မမြည်သည်ရှိသော် လက်ဆုပ်, အုတ်, ကျောက်, တုတ်, လှင်ကန်, ဓား, လက်နက်တို့ဖြင့် ထောင်းထုရိုက်ခတ် ခုတ်ဖြတ်ခါတွက်၍ အသံကို ရှာသော်လည်း မရ။

ထိုအခါ ခရုသင်း မှုတ်တတ်သောသူသည် ‘ဤပစ္စန္တရစ်ရွာ၌နေသော လူတို့ကား အလွန်လျှင် မိုက်ကုန်၏။ အဘယ်ကြောင့် မသင့်သောအကြောင်းဖြင့် ခရုသင်းသံကို ရှာကုန်ဘိသနည်း’-ဟု နှလုံးပြု၍ ၃-ကြိမ်မှုတ်၍ ခရုသင်းကို ယူ၍ ဖဲလေ၏။ ထိုအခါ ပစ္စန္တရစ်ရွာနေ လူတို့သည် ‘အချင်းတို့ ခရုသင်းမြည်သည်ကား ယောကျ်ားနှင့်တကွ ဖြစ်၏။ အားထုတ်ခြင်း လုံ့လနှင့်တကွ ဖြစ်၏။ ဝါယောဓာတ်နှင့်တကွ ဖြစ်၏။ ထိုသို့ ဖြစ်သောအခါ ဤခရုသင်းသည် အသံကို ပြု၏။ အကြင်အခါ ယောကျ်ား၏ အားထုတ်ခြင်းလုံ့လ ဝါယောဓာတ်မှ ကင်း၏၊ ထိုအခါ အသံကို မပြု’-ဟု သိလေကုန်၏။

ထို့အတူ ရာဇည၊ အကြင်အခါ၌ ဤကိုယ်သည် ဇီဝိတိန္ဒြေ, ကမ္မဇတေဇောဓာတ်, ဝိညာဉ်နှင့်တကွ ဖြစ်၏။ ထိုအခါ ရှေ့သို့ တက်ခြင်း, နောက်သို့ ဆုတ်ခြင်း, ရပ်ခြင်း,ထိုင်ခြင်း, အိပ်ခြင်းကို ပြု၏။ စက္ခု-အစရှိသည်ဖြင့် ရူပါရုံ-အစရှိသည်တို့ကို မြင်၏။ အကြင်အခါ၌ ဤကိုယ်သည် ဇီဝိတိန္ဒြေ, ကမ္မဇတေဇောဓာတ်, ဝိညာဉ်တို့မှ ကင်း၏။ ထိုအခါ ရှေ့သို့ တက်ခြင်း, နောက်သို့ ဆုတ်ခြင်း-အစရှိသည်ကို မပြု။ စက္ခု-အစရှိသည်ဖြင့် ရူပါရုံ-အစရှိသည်တို့ကို မမြင်။ ရာဇည၊ ဤအကြောင်းဖြင့်လည်း သင့်အား သမ္မာဒိဋ္ဌိအယူ ရှိစေလော့” ဟု မိန့်တော်မူ၏။

"အရှင်ကဿပသည် အကြောင်းနှင့်တကွ အကယ်၍ကား ဟောတော်မူပေ၏၊ ထိုသို့ ဟောတော်မူသော်လည်း မယူနိုင်"ဟု နားတော်လျှောက်၏။ "မယူနိုင်ခြင်းအကြောင်း ရှိသလော"ဟု မေးသည်ရှိသော် "အရှင်ကဿပ၊ အသက်ရှင်သော ခိုးသူ၏ အသက်ထွက်သည်ကို ရှုအံ့'-ဟု အရေပါးကို ဖြတ်စေသည်ရှိသော် မမြင်ကုန်။ အရေထူကို ဖြတ်စေသည်ရှိသော် မမြင်။ အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီကို ဖြတ်စေ၍ ရှာသော်လည်း မမြင်။ ဤအကြောင်းကြောင့် မယူနိုင်ပါ"ဟု နားတော်လျှောက်၏။ (ဒီ၊၂။၂၆၉)

## ၁၀။ မီးကို ပူဇော်သောရသေ့ ဥပမာ

"ရာဇည၊ သင့်အား ဥပမာကို ငါပြုအံ့။ ရှေးလွန်လေပြီးသောအခါ မီးကို ပူဇော်သော ၁-ဦးသောရသေ့သည် တောကြီး၌ သစ်ရွက်မိုးသော ကုဋီကို ပြု၍ နေ၏။ ထိုအခါ ၁-ဦးသော ဇနပုဒ်၌နေသော လှည်းမှူးကုန်သည်သည် *(ထို)*အရပ်သို့ ရောက်၍ တစ်ညဉ့်မျှ တည်း နေ၍ ဖဲလေ၏။ အရှင်ရသေ့သည် လှည်းမှူးကုန်သည်တို့ လှည်းဝိုင်းချရာ အရပ်သို့ 'တစ်စုံတစ်ခုသော အဆောက်အဦးကို ရရာ၏'-ဟု နှလုံးပြု၍ သွားလေ၏။ လှည်းဝိုင်းချရာ အရပ်၌ ပက်လက်သာ အိပ်တတ်သော, စွန့်အပ်သောသူငယ်ကို မြင်၍ 'ငါမြင်စဉ် လူဇာတ်ဖြစ်သော သူငယ်သည် မသေသင့်ပေ'-ဟု ကြံ၍ သခ်မ်းသို့ ဆောင်၍ မွေးကျွေး၍ ၁၀-နှစ်, ၁၂-နှစ် တိုင်အောင် ကြီးပွါးခြင်းသို့ ရောက်စေ၏။

ထိုအခါ အရှင်ရသေ့သည် ဇနပုဒ်၌ တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စကြောင့် သွားလိုသည်ဖြစ်၍ 'ချစ်သား၊ ငါသည် ဇနပုဒ်သို့ သွားခြင်းငှာ အလိုရှိ၏။ မီးကို မပြတ်ပူဇော်ရစ်လော့၊ မငြိမ်းစေလင့်။ အကယ်၍ ငြိမ်းသည်ဖြစ်အံ့၊ ဤသည်ကား ပဲခွပ်တည်း၊ ဤသည်ကား ထင်းတို့တည်း၊ ဤသည်ကား ပွတ်ခုံ, ပွတ်ကျေတည်း။ ဤအဆောက်အဦတို့ဖြင့် မီးကို ဖြစ်စေ၍ ပူဇော်ရစ်လော့'-ဟု မှာခဲ့၍ သွားလေ၏။

ရသေ့ငယ်၏မေ့လျော့စဉ် မီးငြိမ်းလေသော် 'မီးကို ဖြစ်စေ၍ ပူဇော်အံ့'-ဟု ပွတ်ခုံ, ပွတ်ကျေကို ရွေ၍ရှာသော်လည်း မရ။ ၂-ဖြာခွဲ၍ ရှာသော်လည်း မရ။ ၃-ဖြာ, ၄-ဖြာ, ၅-ဖြာ ခွဲ၍ရှာသော်လည်း မရ။ ၁၀-စိတ်, အစိတ် ၁၀၀-ခွဲ၍ ရှာသော်လည်း မရ။ အပိုင်းအပိုင်းဖြတ်၍ ဆုံငယ်၌ ထောင်း၍, လေ၌ လွှင့်၍ ရှာသော်လည်း မရ။ ထိုရသေ့သည် ဇနပုဒ်မှ ပြန်ခဲ့၍ 'ချစ်သား မီးမငြိမ်းဘဲ ရှိပါ၏လော'-ဟု မေး၏။ မီးငြိမ်းသောကြောင့် ပဲခွပ်ဖြင့် ပွတ်ခုံ, ပွတ်ကျေကို ၂-ဖြာခွဲ၍ ရှာသော်လည်း မရ။ ၃-ဖြာ, ၄-ဖြာ ခွဲသည်မှစ၍ မုန့်မုန့်ညက်ညက်ထောင်း၍ လေ၌ လွှင့်သည်တိုင်အောင် ရှာ၍မရသော အကြောင်းကို ပြောလေ၏။

ထိုအခါ အရှင်ရသေ့သည် 'မိုက်လှစွာသောသူငယ်ကား မသင့်သောအကြောင်းအားဖြင့် မီးကို ရှာလေဘိ၏တကား'-ဟု ကြံ၍ ထိုသူငယ်မြင်စဉ် ပွတ်ခုံ, ပွတ်ကျေတို့ကို ယူ၍ မီးကို ဖြစ်စေ၍ 'မိုက်လှစွာသော သင်သည် မသင့်သောအားဖြင့် မီးကို ရှာသကဲ့သို့ မရှာအပ်၊ ဤသို့ ရှာအပ်၏'-ဟု ဆိုလေ၏။ ထို့အတူ ရာဇည၊ မိုက်လှစွာသော သင်သည် မသင့်သော အကြောင်းအားဖြင့် တမလွန်လောကကို ရှာဘိ၏တကား။ မိစ္ဆာဒိဋ္ဌိအယူကို စွန့်လော့။ သင့်အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးမရှိခြင်းငှာ, ဆင်းရဲပင်ပန်းစေခြင်းငှာ မဖြစ်စေလင့်"ဟု မိန့်တော်မူ၏။

"အရှင်ကဿပသည် အကြောင်းနှင့်တကွ ဟောကြားသော်လည်း အကျွန်ုပ်သည် မိစ္ဆာအယူကို စွန့်ခြင်းငှာ မတတ်နိုင်။ 'ဤပါယာသိရာဇညမင်းသည် တမလွန်လောက မရှိ၊ ဥပပတ်သတ္တဝါ မည်သည် မရှိ၊ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အကျိုး,အပြစ် မရှိ-ဟူသော မိစ္ဆာဒိဋ္ဌိအယူရှိ၏'ဟု ပသေနဒိကောသလမင်းကြီးသည်လည်းကောင်း, တိုင်းတပါးမှ မင်းတို့သည်လည်းကောင်း သိလေကုန်ပြီ။ အကယ်၍ မိစ္ဆာဒိဋ္ဌိအယူကို စွန့်သည် ဖြစ်အံ့၊ ဤပါယာသိရာဇညမင်းသည် အလွန်မိုက်လှသည်ဖြစ်၍ ဤမိစ္ဆာဒိဋ္ဌိအယူကို ယူလေဘိ၏-ဟု ဆိုကုန်ရာ၏။ အမျက်ထွက်ခြင်း, ကျေးဇူးချေခြင်း, အဖျင်းမူခြင်းမှ ကြောက်သောကြောင့်လည်း ထိုမိစ္ဆာဒိဋ္ဌိအယူကို ဆောင်ပါကုန်အံ့"ဟု နားတော်လျှောက်၏။ (ဒီ၊၂။၂၇၀-၂)

## ၁၁။ လှည်းကုန်သည်မှူး ၂-ယောက် ဥပမာ

"ရာဇည၊ ဥပမာကို ငါပြအံ့။ ရှေးလွန်လေပြီးသောအခါ ၁,၀၀၀-သော လှည်းသားကုန်သည်တို့သည် အရှေ့မျက်နှာဇနပုဒ်, အနောက်မျက်နှာဇနပုဒ်သို့ သွားလေ၏။ ထိုလှည်းသားတို့ ရောက်ရာရောက်ရာအရပ်၌ မြက်, ထင်း, ရေတို့သည် တခဏချင်း ကုန်ခြင်းသို့ ရောက်လေကုန်၏။ ထို ၁,၀၀၀-သော လှည်းသားတို့၌ ၂-ဦးသော လှည်းမှူးတို့သည် ရှိကုန်၏။ ထိုလှည်းမှူးတို့သည် 'တပေါင်းတည်း သွားကုန်သည်ရှိသော် ရောက်ရာရောက်ရာ အရပ်၌ မြက်, ထင်း,ရေတို့သည် တခဏချင်း ကုန်ခြင်းသို့ ရောက်လေကုန်၏။ ၂-ဖြာခွဲ၍ ၅၀၀-စီသွားရမူကား ကောင်း၏'-ဟု ကြံ၍ ၅၀၀-စီ သွားကြလေကုန်၏။

တစ်ဦးသော လှည်းမှူးသည် များစွာသော မြက်, ထင်း, ရေတို့ကို တင်၍ လှည်းအပေါင်းကို နှင်လေ၏။ ၂-ရက်, ၃-ရက် နှင်မိသည်ရှိသော် နီသောမျက်စိရှိသော၊ လွယ်အပ်သော မြားတောင့်ရှိသော၊ မှော်ပန်း, ကြာပန်းတို့ကို ပန်၍ ရွံ့ညွန်သည် လိမ်းကျံအပ်သော လှည်းဘီးစက်ရှိသော ကောင်းသောလှည်းကို စီး၍ ခရီးရင်ဆိုင်လာသော ယောကျ်ား

ကို မြင်၍ 'အဘယ်အရပ်မှ လာခဲ့သနည်း'-ဟု မေးသည်ရှိသော် 'ဤမည်သော ဇနပုဒ်မှ လာခဲ့၏'-ဟု ဆိုလေ၏။ 'အဘယ်အရပ်သို့ သွားအံ့နည်း'-ဟု လှည်းသားတို့ကို မေးသည်ရှိသော် 'ဤမည်သော ဇနပုဒ်သို့ သွားအံ့'-ဟု ဆိုပြီး၍ 'အမောင်ယောကျ်ား၊ ရှေ့ခရီးခဲ၌ မိုးကြီးစွာ ရွာသလော'-ဟု မေးသည်ရှိသော် 'ရွာသည်'-ဟု ဆို၍ 'လှည်းဖြင့် တင်ခဲ့သော များစွာသော မြက်, ထင်း, ရေတို့ကို စွန့်ကြကုန်။ ပေ့ါသောလှည်းတို့ဖြင့် လျင်စွာလျင်စွာ သွားကြလေကုန်။ နွားလားတို့ကို မပင်ပန်းစေကုန်လင့်'-ဟု ဆိုလေ၏။

ထိုအခါ လှည်းမှူးသည် လှည်းသားတို့ကို ခေါ်၍ 'ရှေ့ကန္တာရခရီးခဲ၌ မိုးကြီးစွာ ရွာသည်ဖြစ်၍ လမ်းခရီးတို့သည် နွံ့ညွှန်ပုပ် ရှိကုန်၏။ လှည်းဖြင့် တင်အပ်သော မြက်,ထင်း, ရေတို့ကို စွန့်ကြလေကုန်။ ပေ့ါသောလှည်းဖြင့် လျင်စွာ သွားကြလေကုန်။ နွားလားတို့ကို မပင်ပန်းစေကုန်လင့်'-ဟု ဆိုလေ၏။ လှည်းမှူးဆိုတိုင်း မြက်, ထင်း, ရေတို့ကို စွန့်ကြ၍ ပေ့ါသော လှည်းတို့ဖြင့် သွားသည်ရှိသော် ပထမလှည်းစခန်းသို့ ရောက်၍ မြက်,ထင်း,ရေ တို့ကို မမြင်။ ဒုတိယလှည်းစခန်းသို့ ရောက်၍လည်း မမြင်။ တတိယ, စတုတ္ထ, ပဉ္စမ,ဆဋ္ဌ, သတ္တမလှည်းစခန်းသို့ ရောက်၍လည်း မမြင်။ အလုံးစုံသော လှည်းသား, နွားအပေါင်း တို့သည် အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်လေကုန်၏။ အလုံးစုံသော လူ,နွားတို့ကို ဘီလူးတို့ သည် စားလေကုန်၏။ အရိုးတို့သာ ကြွင်းလေကုန်၏။

တစ်ဦးသော လှည်းကုန်သည်သည် 'ရှေ့၌သွားအပ်သော လှည်းကုန်သည်တို့သည် ထွက်သွားသည် ကြာမြင့်ပြီ'-ဟု သိ၍ လှည်းဖြင့် များစွာသော မြက်, ထင်း,ရေတို့ကို တင်၍ လှည်းကို နှင်လေ၏။ ၂-ရက်, ၃-ရက် နှင်မိသည်ရှိသော် ရှေးနည်းအတူ ဘီလူးသည် လှည်းဖြင့် ရင်ဆိုင်လာ၍ လှည့်ပတ်ဖြားယောင်းသော်လည်း ပညာရှိသည်၏အဖြစ်ကြောင့် မယုံကြည်သည်ဖြစ်၍ 'အမောင်တို့၊ ဤသူကား ငါတို့၏မိဆွေ,ဘမျိုး, အဆွေခင်ပွန်း, ချစ်ကျွမ်းဝင်သောသူ မဟုတ်။ တင်တိုင်းသော မြက်,ထင်း,ရေတို့ဖြင့် နှင်ကြကုန်'-ဟု ဆိုလေ၏။

လှည်းမှူးဆိုတိုင်း မစွန့်မူ၍ နှင်သည်ရှိသော် ပထမလှည်းစခန်း၌ မြက်, ထင်း, ရေတို့ကို မမြင်ကုန်။ ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမ, ဆဋ္ဌ, သတ္တမ လှည်းစခန်းတို့၌လည်း မြက်, ထင်း, ရေတို့ကို မမြင်ကုန်။ အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်သော လှည်း, နွားအပေါင်း တို့ကို မြင်၍ လှည်းသားအပေါင်းတို့ကို ခေါ်၍ 'အမောင်တို့၊ ဤမိုက်သော လှည်းမှူးကား အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်လေပြီ။ မကောင်းသော လှည်းတို့ကို စွန့်၍ ကောင်းသော လှည်းတို့ကို ယူကြကုန်'-ဟု ဆို၏။ လှည်းမှူးဆိုတိုင်း မကောင်းသော လှည်းတို့ကို စွန့်၍

ကောင်းသောလှည်းတို့ကို ယူ၍ ခရီးခဲမှ ချမ်းသာစွာ ထွက်မြောက်၍ ဘေးမရှိရာအရပ်သို့ ရောက်လေကုန်၏။ မိုက်လှစွာသော လှည်းမှူးသည် လှည်းသားအပေါင်းတို့နှင့်တကွ ပျက်စီးခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ အကြင်သူသည် သင်၏စကားကို 'နားထောင်အပ်, ယုံကြည်အပ်၏'-ဟု မှတ်ထင်ကုန်၏။ ထိုသူတို့နှင့်တကွ ပျက်စီးခြင်းသို့ မရောက်စေလင့်။ ရာဇညာ မကောင်းသော မိစ္ဆာအယူကို စွန့်လော့"ဟု မိန့်တော်မူ၏။

"အရှင်ကဿပသည် အကြောင်းနှင့်တကွ ဟောတော်မူသော်လည်း စွန့်ခြင်းငှာ မစွမ်းနိုင်။ အကျွန်ုပ်၏အယူကို ပသေနဒိ ကောသလ-အစရှိသော မင်းတို့သည် သိလေကုန်ပြီ။ အမျက်ထွက်ခြင်း, ကျေးဇူးချေခြင်း, အဖျင်းမူခြင်းမှ ကြောက်သောကြောင့် မစွန့်ပါပြီ"ဟု နားတော်လျှောက်၏။ (ဒီ၊၂။၂၇၂-၅)

## ၁၂။ မစင်ထုပ်ကို ရွက်သောယောကျ်ားဥပမာ

"ရာဇညာ သင့်အား ဥပမာကို ငါပြုအံ့။ ရှေးလွန်လေပြီးသောအခါ ၁-ယောက်သော ဝက်ငယ်ကို မွေးသော ယောကျ်ားသည် စွန့်ပစ်အပ်သော များစွာသော မစင်ခြောက်ကို မြင်၍ ဝမ်းမြောက်ဝမ်းသာ 'ဝက်စာသည် ဖြစ်ပေလတ္တံ့'-ဟု နှလုံးပိုက်၍ အပေါ်ရုံကိုယ်ဝတ်စုလျားကို ဖြန့်၍ များစွာသော မစင်ခြောက်ကို ထည့်ကာထုပ်ပြီး ဦးခေါင်းဖြင့် ရွက်သွားလေ၏။ ခရီးအကြား၌ ကြီးစွာသော အခါမဲ့မိုးကြီးရွာ၍ ခြေဖျားတိုင်အောင် မစင်ရည်တို့သည် စီး၍ ကျလေ၏။

ထိုသူကို မြင်သော လူအပေါင်းတို့သည် 'အချင်းယောကျ်ား၊ သင်ကား စိတ်ပျံ့လွင့်သည်ဖြစ်၍ ရူးသလော။ ခြေဖျားတိုင်အောင် မစင်ရေတို့ဖြင့် ယိုစီးလိမ်းကျံသော မစင်ထုပ်ကို ဦးခေါင်းဖြင့် ရွက်ဆောင်ဘိသနည်း'-ဟု မေးကုန်၏။ 'အချင်းတို့သည်သာ ရူးကုန်၏။ သင်တို့သည်သာလျှင် စိတ်ပျံ့လွင့်ကုန်၏။ ငါမူကား ဝက်စာအကျိုးငှာ ရွက်ဆောင်သည်တကား'-ဟု ဆိုလေဘိသကဲ့သို့ ထို့အတူ မစင်ထုပ်ဝန်သဖွယ်ဖြစ်သော ဤမိစ္ဆာဒိဋ္ဌိအယူကို စွန့်ဘိလော့။ သင့်အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးမရှိခြင်းငှာ, ဆင်းရဲပင်ပန်းခြင်းငှာ မဖြစ်စေလင့်"ဟု မိန့်တော်မူ၏။

"အရှင်ကဿပသည် အကြောင်းနှင့်တကွသော တရားစကားကို ဟောကြားတော်မူသော်လည်း အယူကို မစွန့်နိုင်။ ပသေနဒိ ကောသလ-အစရှိသော မင်းတို့သည်လည်း သိလေကုန်ပြီ။ ဤရာဇညမင်းကား အလွန်မိုက်သည်ဖြစ်၍ မိစ္ဆာဒိဋ္ဌိအယူကို ယူလေဘိသည်-ဟု ဆိုတတ်ကုန်သော သူသည် ဖြစ်ပါကုန်လတ္တံ့။ အမျက်ထွက်ခြင်း, ကျေးဇူးချေခြင်း, အဖျင်းမူခြင်းမှ ကြောက်သောကြောင့် မစွန့်ပါပြီ"ဟု နားတော်လျှောက်၏။ (ဒီ၊၂။၂၇၅-၆)

## ၁၃။ အန်လောင်းကြူးသူ ဥပမာ

"ရာဇည၊ ဥပမာကို ပြပါဦးအံ့။ ၂-ယောက်သော အန်လောင်းကြူးကုန်သောသူတို့သည် အန်စာတို့ဖြင့် ပစ်၍ ကစားကုန်၏။ ၁-ယောက်သောသူသည် လာတိုင်း,လာတိုင်းသော အန်စာကို မျိုလေ၏။ ၂-ယောက်မြောက်သော သူသည်မြင်၍ 'အချင်း၊ စင်စစ်အားဖြင့် ငါသိပေ၏။ ပေးလော့'-ဟု ဆိုလေ၏။ ဤသို့ ဆိုသည်ရှိသော် 'ကောင်းပြီ'-ဟု ဝန်ခံ၍ အန်စာကို ပေးလေ၏။ အန်စာရှင်ယောက်ျားသည် အန်စာကို ယူ၍ 'အချင်း၊ လာလှည့်။ ကစားကုန်အံ့'-ဟု ဆိုသည်ရှိသော် 'ကောင်းပြီ'-ဟု ဝန်ခံ၍ ၂-ကြိမ်မြောက် ကစားလေကုန်၏။ ၂-ကြိမ်မြောက်ပင် လာတိုင်း,လာတိုင်းသော အန်စာကို မျိုလေ၏။ ရှေးနည်းအတူ တောင်းပန်၍ ပေးလေ၏။

အန်စာရှင်ယောက်ျားသည် အန်စာကို အဆိပ်ဖြင့် ထုံ၍ 'အဆွေ၊ အန်ကစားကုန်အံ့'-ဟု ဆိုလတ်သော် 'ကောင်းပြီ'-ဟု ဝန်ခံ၍ အန်စာ ကစားကုန်၏။ ထိုယောက်ျားသည် လာတိုင်း,လာတိုင်းသော အန်စာကို မျိုသည်ကို မြင်၍ 'အလွန်ထက်သော အဆိပ်ဖြင့် ထုံအပ်သော အန်စာကို မျိုသောယောက်ျားသည် မသိလေတကား။ အချင်း ပြက်ချော်လှစွာသောသူ အန်စာကို မျိုလေဦးလော့။ နောင်အခါ သိရလတ္တံ့'-ဟု ဆိုလေ၏။

ထို့အတူ ရာဇည၊ အဆိပ်ဖြင့် ထုံသော အန်စာကို မျိုသောယောက်ျားနှင့် တူ၏-ဟု ငါကား ထင်မိ၏။ ဤမိစ္ဆာအယူကို စွန့်၍ သမ္မာဒိဋ္ဌိအယူ ဖြစ်စေလော့။ သင့်အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးချမ်းသာ မရှိခြင်းငှာ မဖြစ်စေလင့်။ ဆင်းရဲပင်ပန်းခြင်းငှာ မဖြစ်စေလင့်"ဟု မိန့်တော်မူ၏။

"အရှင်ကဿပသည် အကြောင်းနှင့်တကွသော တရားစကားကို ဟောကြားတော်မူပေ၏။ ထိုသို့ ဟောကြားသော်လည်း အကျွန်ုပ်သည် မစွန့်နိုင်။ ပသေနဒိကောသလမင်း အစရှိသော သူတို့သည်လည်း သိလေကုန်ပြီ။ ဤရာဇညမင်းသည် အလွန်မိုက်သည်ဖြစ်၍ မိစ္ဆာဒိဋ္ဌိအယူကို ယူလေဘိသည်-ဟု ဆိုတတ်ကုန်သောသူတို့သည် ဖြစ်ပါကုန်လတ္တံ့။ အမျက်ထွက်ခြင်း, ကျေးဇူးချေခြင်း, အဖျင်းမူခြင်းမှ ကြောက်သောကြောင့်လည်း မစွန့်မူ၍ ဆောင်ပါကုန်အံ့"ဟု နားတော်လျှောက်၏။ (ဒီ၊၂။၂၇၆)

## ၁၄။ ပိုက်ဆံလျှော်ကို ထမ်းသူ ဥပမာ

"ထိုသို့တပြီးကား ရာဇည၊ သင့်အား ဥပမာကို ငါပြုအံ့၊ ရှေးလွန်လေပြီးသောအခါ ၁-ခုသောဇနပုဒ်သည် အရပ်တပါးသို့ ပြောင်းလေ၏။ 'ထိုဇနပုဒ်၌ တစ်စုံတစ်ခုသောဥစ္စာကို ရကုန်ရာ၏'-ဟု ၂-ဦးသော အဆွေခင်ပွန်းယောက်ျားတို့သည် သွားကြလေကုန်၏။

၁-ခုသောရွာသို့ ရောက်၍ လူတို့ စွန့်အပ်သော ပိုက်ဆံလျှော်ကို မြင်၍ ဝန်ထုပ်ဖွဲ့၍ ထမ်းပိုးရွက်ဆောင်၍ အစဉ်အတိုင်း သွားကုန်သည်ရှိသော် ၁-ခုသောရွာသို့ ရောက်၍ လူတို့စွန့်အပ်သော ပိုက်ဆံချည်ကို မြင်၍ 'အဆွေ၊ ပိုက်ဆံလျှော်ကို စွန့်၍ ပိုက်ဆံချည်ကို ယူ၍ သွားကုန်စို့အံ့'-ဟု ဆို၏။ ၁-ဦးသောယောက်ျားသည် 'အဆွေ၊ ငါ၏ ဤပိုက်ဆံလျှော်ဝန်ကို ဝေးသောအရပ်မှလည်း ဆောင်အပ်၏။ မြဲမြံစွာလည်း ဖွဲ့အပ်၏။ ငါကား မစွန့်ပြီ။ သင်သည်သာလျှင် သိလေလော့'-ဟု ဆိုလေ၏။

ထို့နောင် အစဉ်အတိုင်း သွား၍ ပိုက်ဆံလျှော်မျှင်ပုဆိုးကို မြင်၍ 'စွန့်ပါလော့'-ဟု ပြောဆိုတောင်းပန်သော်လည်း မစွန့်။ ခေါမမည်သော လျှော်ကို မြင်၍ 'စွန့်ပါလော့'-ဟု ပြောဆိုတောင်းပန်သော်လည်း မစွန့်။

- များစွာသော ခေါမမည်သော လျှော်ဖြင့် ပြုအပ်သောချည်ကို မြင်၍လည်းကောင်း,
- ဝါကို မြင်၍လည်းကောင်း,
- ဝါချည်ကို မြင်၍လည်းကောင်း,
- ဝါချည်ပုဆိုးကို မြင်၍လည်းကောင်း,
- သံကို မြင်၍လည်းကောင်း,
- ကြေးကို မြင်၍လည်းကောင်း,
- သလွဲမည်းကို မြင်၍လည်းကောင်း,
- သလွဲစင်ကို မြင်၍လည်းကောင်း,
- ငွေကို မြင်၍လည်းကောင်း,
- ရွှေကို မြင်၍လည်းကောင်း၊

'အဆွေ၊ သင်သည်လည်း ပိုက်ဆံလျှော်ဝန်ကို စွန့်ပါလော့။ ငါသည်လည်း ငွေဝန်ကို စွန့်၍ ၂-ယောက်သော ငါတို့သည် ရွှေ-ဟူသော ဝန်ကို ထမ်း၍ သွားကုန်စို့အံ့'-ဟု ပြောဆိုတောင်းပန်ပါသော်လည်း 'ငါ၏ ပိုက်ဆံလျှော်ဝန်ကား ဝေးသောအရပ်မှ ဆောင်အပ်၏။ မြဲမြံစွာလည်း ဖွဲ့အပ်၏။ ငါမူကား အလိုမရှိ။ သင်သည်သာလျှင် သိလေလော့'ဟု ဆိုလေ၏။

လိမ္မာသော ယောက်ျားမှာမူကား ငွေဝန်ကို စွန့်၍ ရွှေဝန်ကို ထမ်းပိုးရွက်ဆောင်၍ သွားလေ၏။ ၂-ဦးသောသူတို့သည် မိမိတို့နေရာအရပ်သို့ ရောက်ကုန်၏။ ထို ၂-ယောက်သောသူတို့တွင် အကြင်သူသည် ပိုက်ဆံလျှော်ဝန်ကို ထမ်း၍ လာ၏။ ထိုသူ၏ အမိ,အဘ,

သားမယား, ဆွေမျိုးပေါက်ဖော်, အဆွေခင်ပွန်း, ချစ်ကျွမ်းဝင်သောသူတို့သည် မနှစ်သက်ကုန်။ ထိုပိုက်ဆံလျှော်-ဟူသော အကြောင်းကြောင့် ချမ်းသာသုခ သောမနဿကိုလည်း မရ။

အကြင်သူသည် ရွှေ-ဟူသော ဝန်ကို ထမ်း၍ လာ၏။ ထိုသူ၏ အမိ,အဘ, သား, မယား, ဆွေမျိုးပေါက်ဖော်, အဆွေခင်ပွန်း, ချစ်ကျွမ်းဝင်သောသူတို့သည် အလွန်လျှင် ဝမ်းမြောက်ကုန်၏။ ထိုရွှေ-ဟူသော အကြောင်းကြောင့် ချမ်းသာသုခ သောမနဿကိုလည်း ရ၏။

ထို့အတူ ရာဇည၊ သင့်ကို ပိုက်ဆံလျှော်ဝန်ကို ထမ်းသော ယောကျ်ားနှင့် တူ၏-ဟု ငါကား ထင်မိ၏။ ယုတ်မာစွာသော မိစ္ဆာအယူကို စွန့်ဘိလော့။ သင့်အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးချမ်းသာ မရှိခြင်းငှာ, ဆင်းရဲပင်ပန်းခြင်းငှာ မဖြစ်စေလင့်”ဟု မိန့်တော်မူ၏။ (ဒီ၊၂။၂၇၇-၈)

“အရှင်ကဿပ၊ အကျွန်ုပ်သည် ရှေးဦးစွာ ပြအပ်သော လ,နေဥပမာဖြင့်ပင် အရှင်ကဿပ၏ ဟောတော်မူသော တရားတော်ကို အလွန်ဝမ်းမြောက်ခြင်း နှစ်သက်ခြင်း ရှိပါ၏။ ထိုသို့ ရှိသော်လည်း အကျွန်ုပ်သည် ဆန်းကြယ်သောပြဿနာကို ဖြေ၍ ဟောအပ်သောတရားတို့ကို လိုက်နာလိုသည်ဖြစ်၍ အရှင်ကဿပကို ဆန့်ကျင်ဘက် ပြုအပ်သည်ကို အောက်မေ့သကဲ့သို့ဖြစ်၍ ဆိုမိပေသည်”ဟု လျှောက်ထားပြီး၍—

**အဘိက္ကန္တံ ဘော ကဿပ၊ အဘိက္ကန္တံ ဘော ကဿပ။** (ဒီ၊၂။၂၇၉)

ဘော ကဿပ၊ အရှင်ကဿပ။ အဘိက္ကန္တံ၊ အလွန်နှစ်လိုဖွယ်ရှိပေစွတကား။ ဘော ကဿပ၊ အရှင်ကဿပ။ အဘိက္ကန္တံ၊ အလွန်နှစ်လိုဖွယ်ရှိပေစွတကား။

- မှောက်၍ ထားသောအိုးကို အထက်သို့ မျက်နှာပြု၍ ထားဘိသကဲ့သို့လည်းကောင်း၊
- မြက်,သစ်ရွက်-အစရှိသည်တို့ဖြင့် ဖုံးလွှမ်း၍ ထားအပ်သောဝတ္ထုကို ဖွင့်လှစ်၍ ပြဘိသကဲ့သို့လည်းကောင်း၊
- ခရီးမှားသောသူအား ‘ဤသည်ကား လမ်းခရီးဖြစ်သည်’-ဟု လက်ညှိုးညွှန်ဘိသကဲ့သို့လည်းကောင်း၊
- အမိုက်တိုက်၌ ဆီမီးတန်ဆောင်ကို ထွန်းညှိဘိသကဲ့သို့လည်းကောင်း၊
- မျက်စိအမြင်နှင့် ပြည့်စုံကုန်သောသူတို့သည် ရူပါရုံတို့ကို မြင်ကုန်ဘိသကဲ့သို့လည်းကောင်း၊

များစွာသော အကြောင်းအားဖြင့် အရှင်ကဿပပြု၍ သိရပေသည်။ ထို့ကြောင့် အရှင်-ဂေါတမကို ကိုးကွယ်ခြင်းသို့ ရောက်ပါ၏။ အရှင်ဂေါတမ ဟောတော်မူသော တရားတော်ကို ကိုးကွယ်ခြင်းသို့ ရောက်ပါ၏။ အရှင်ဂေါတမ၏တပည့်သား သံဃာတော်ကို ကိုးကွယ်ခြင်းသို့ ရောက်ပါ၏။ ယနေ့ကို အစပြု၍ အသက်ရှည်သရွေ့ ကာလပတ်လုံး ရတနာ ၃-ပါးကို ကိုးကွယ်ရာ-ဟူ၍ သိခြင်းသို့ ရောက်သော ဒါယကာ-ဟူ၍ မှတ်တော်မူပါ"ဟု ဥပါသကာ အဖြစ်ကို ဝန်ခံလေ၏။ (သုတ်မဟာဝါပါဠိတော်၊ ပါယာသိသုတ်၊ ၂၅၃-၂၇၉)

★★★★★★★

## [ ၁၂ ] ဗုဒ္ဓုပ္ပါဒနဝမခဏကို ရခဲခြင်းတရား

သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်တည်း-ဟူသော ဉေယျဓမ္မတရား ၅-ပါးတို့ကို သဗ္ဗညုတဉာဏ်, သဗ္ဗညုတဉာဏ်ဖြင့် အကြွင်းမရှိ မဖောက်မပြန် သိမြင်တော်မူပြီးသော ဘုရားသခင်သည် ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တန်, ဝိနည်း, အဘိဓမ္မာ-ဟူ၍ ၃-ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင် သုတ္တန်ဒေသနာနည်းအားဖြင့် ဟောကြားတော်မူလိုသည်ဖြစ်၍—

**အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ။**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ (ဒီ၊၂။၁၀၀၊၁၂၈။ဒီဋ္ဌ၊၁။၄၆။အံ၊ဋ္ဌ၊၁။၄၉)

ဘိက္ခဝေ၊ ချစ်သား ရဟန်းများတို့။ အပ္ပမာဒေန၊ မမေ့မလျော့သော သတိရှိသဖြင့်။ သမ္ပာဒေထ၊ ပြည့်စုံကြစေကုန်လော့။ လောကသ္မိံ၊ လောက၌။ ဗုဒ္ဓုပ္ပါဒေါ၊ ဘုရားဖြစ်သော အခါကို။ ဒုလ္လဘော၊ ရခဲ၏။

ထိုဒေသနာတော်မြတ်ပါဠ်ဝယ် အဓိပ္ပါယ်သော်ကား "ငါ၏ချစ်သား ရဟန်းများတို့၊ မမေ့မလျော့သော သတိရှိသည်ဖြစ်၍ ပြည့်စုံစေအပ်သော ဒါန, သီလ, သမထဘာဝနာ, ဝိပဿနာဘာဝနာ, မဂ်,ဖိုလ်တို့ကို ပြည့်စုံစေကုန်လော့။ လောက၌ ဘုရားဖြစ်သောအခါကို ရခဲ၏။ ဘုရားဖြစ်သော ကာလ၌ ကြုံကြိုက်ကုန်သော သင်တို့သည် မေ့လျော့၍ မနေကြကုန်လင့်။ ဗုဒ္ဓုပ္ပါဒနဝမခဏကို မလွန်ကြစေကုန်လင့်"ဟု ဟောတော်မူသည်။ အဘယ်သို့ ဘုရားဖြစ်သောအခါကို ရခဲသနည်းဟူမူကား—

- ဘုရားသခင်တို့သည် ကမ္ဘာအသင်္ချေ လွန်လေသော်လည်း အလုံးစုံသော ကမ္ဘာတို့၌ မဖြစ်ကုန်။ သာရကမ္ဘာ, မဏ္ဍကမ္ဘာ, ဝရကမ္ဘာ, သာရမဏ္ဍကမ္ဘာ, ဘဒ္ဒကမ္ဘာတို့၌သာ

လျှင် ဖြစ်တော်မူကုန်သောကြောင့် ကမ္ဘာအားဖြင့်လည်း ဘုရားဖြစ်သော ကမ္ဘာကို ရခဲ၏။

- အနန္တစကြဝဠာတို့၌ မဖြစ်၊ ဤငါတို့ စကြဝဠာ၌သာလျှင် ဖြစ်သောကြောင့် စကြဝဠာ အားဖြင့်လည်း ရခဲ၏။
- အသက် ၁၀၀-အထက်, အသက် ၁-သိန်းမှအောက် ကာလအတွင်း၌သာလျှင် ဖြစ်သောကြောင့် ကာလအားဖြင့်လည်း ဘုရားဖြစ်သောအခါကို ရခဲ၏။(ဗုဒ္ဓဝံ၊ဋ္ဌ၊၃၁၈)
- နတ်ဘုံ, ပြဟ္မာ့ဘုံတို့၌ မဖြစ်ကုန်။ လူ့ဘုံ၌သာလျှင် ဖြစ်သောကြောင့် ဘုံအားဖြင့် လည်း ဘုရားဖြစ်သောအခါကို ရခဲ၏။
- သူဌေး,သူကြွယ်-အစရှိသော အမျိုးတို့၌ ဘုရားတို့သည် မဖြစ်ကုန်။ မင်းမျိုး, ပုဏ္ဏား မျိုးတို့၌သာလျှင် ဖြစ်သောကြောင့် အမျိုးအားဖြင့်လည်း ရခဲ၏။ (ဗုဒ္ဓဝံ၊ဋ္ဌ။၃၁၉)
- ပစ္စန္တရစ်ဒေသ၌ ဘုရားတို့သည် မဖြစ်ကုန်။ အဝန်း ၉၀၀-ရှိသော မဇ္ဈိမဒေသ၌ သာလျှင် ဖြစ်သောကြောင့် ဒေသအားဖြင့်လည်း ရခဲ၏။ (ဗုဒ္ဓဝံ၊ဋ္ဌ။၃၁၈)
- အဝန်း ၉၀၀-ရှိသော မဇ္ဈိမဒေသ၌လည်း တပါးသော အရပ်ဌာန၌ ဘုရားတို့သည် မဖြစ်ကုန်။ ဗောဓိမဏ္ဍိုင်၌သာလျှင် ဖြစ်သောကြောင့် ဌာနအားဖြင့်လည်း ရခဲ၏။

အဘယ်ကြောင့် ဤသို့စင် ဘုရားဖြစ်သောအခါကို ရခဲလေသနည်းဟူမူကား ဘုရားအဖြစ်သို့ ရောက်အောင် ကျင့်သောသူ ရှားသောကြောင့် ဘုရားဖြစ်သောအခါကို ရခဲ၏။ ဘုရားအဖြစ်သို့ ရောက်အောင် အဘယ်သို့ ကျင့်ရသနည်းဟူမူကား—

ကိုယ်တော်နှင့် အသက် ငဲ့ကွက်ခြင်း မရှိမူ၍ ပါရမီ ၁၀-ပါး, အပြား-၃၀, စွန့်ခြင်း ကြီး ၅-ပါး, စရိယ ၃-ပါးတို့ကို နဟုတအကုဋေတို့ဖြင့် ရေတွက်အပ်သော ၄-သင်္ချေနှင့် ကမ္ဘာ ၁-သိန်း, ၈-သင်္ချေနှင့် ကမ္ဘာ ၁-သိန်း, ၁၆-သင်္ချေနှင့် ကမ္ဘာ ၁-သိန်းတို့ပတ်လုံး မပြတ်မစဲ ဖြည့်ကျင့်ရကုန်၏။ ထိုဘုရားဖြစ်ခြင်းအကြောင်းဖြစ်သော ပါရမီ, စရိယ, စွန့်ခြင်း ကြီးတို့ကို ကိုယ်တိုင်ဆောက်တည်၍ ကျင့်ဝံ့သောသူကို မဆိုထားဘိဦး။ 'ကျင့်အံ့'-ဟု ဆိုဝံ့, ကြံဝံ့သောသူသည်ပင် အလွန်ခဲယဉ်း၏။ ထို့ကြောင့် ဘုရားဖြစ်သောအခါကို ရခဲ၏။

## ၁။ ဒါနပါရမီ

တပါးသော သီလ-အစရှိသော ပါရမီတို့ကို မဆိုထားဘိဦး။ ဒါနပါရမီကို ဖြည့်ကျင့် သော ဘုရားအလောင်းတို့သည်—

- 'ခဲဖွယ်ဘောဇဉ်ကို အလိုရှိသည်'-ဟု ရောက်လာသောသူတို့အား မိမိမစားမူ၍ လှူတော်မူ၏။
- 'နံ့သာ, ပန်းမာလ်, အဝတ်တန်ဆာ, ရွှေ, ငွေ, ဘဏ္ဍာ, ဥစ္စာ, စပါးတို့ကို အလိုရှိသည်'-ဟူ၍ ရောက်လာသောသူတို့အား လှူတော်မူ၏။
- 'နွား, ကျွဲ, ဆင်, မြင်းတို့ကို အလိုရှိသည်'-ဟူ၍ ရောက်လာသောသူတို့အား လှူတော်မူ၏။
- ပြည်,ရွာ,တိုင်းကားကို အလိုရှိသောသူတို့အား လှူတော်မူ၏။
- သား,မယားတို့ကို အလိုရှိသောသူတို့အား လှူတော်မူ၏။
- လက်, ခြေ, အင်္ဂါ, နား, နှာခေါင်း, မျက်စိ, နှလုံး, သည်းပွတ်, အသား, အသွေးတို့ကို အလိုရှိသောသူတို့အား လှူတော်မူ၏။
- စင်စစ်အားဖြင့်ကား ယုန်မင်းဖြစ်တော်မူသော ဘုရားအလောင်းသည် မီးပုံအတွင်း၌ ကိုယ်တော်ကို ချ၍ ပုဏ္ဏားအဟာန် ဖန်သော သိကြားမင်းအား လှူတော်မူ၏။

ဤသို့ ခဲယဉ်းသောအကျင့်ကို ကျင့်မှ ဘုရားအဖြစ်သို့ ရောက်တော်မူ၏။ ထိုခဲယဉ်းသောအကျင့်သည်–

**အဘယ့်ကြောင့် ပါရမီမည်သနည်းဟူမူကား–**

## ၂။ ပါရမီမည်ပုံ

တဏှာ, ဒိဋ္ဌိတို့သည် မနှိပ်စက်, မဖျက်ဆီး, မစွဲလမ်းအပ်သည်ဖြစ်၍ မဟာကရုဏာ ဗောဓိသမ္ဘာရ၏အကြောင်းဖြစ်သော ဥပါယကောသလ္လဉာဏ်ဖြင့် သိမ်းဆည်းအပ်ကုန်သော ဒါန-အစရှိကုန်သော ကျေးဇူးတို့သည် ပါရမီ မည်ကုန်၏။

**အဘယ်အနက်ကြောင့် ပါရမီမည်သနည်းဟူမူကား–**

ပါရံ ဂစ္ဆန္တိ ဧတေဟီတိ **ပါရမီ**။

ဒါနသီလာဒိဂုဏဝိသေသယောဂေန သတ္တုတ္တမတ္တာ ပရမာ မဟာသတ္တာ ဗောဓိသတ္တာ၊ တေသံ ဘာဝေါ ကမ္မံ ဝါ **ပါရမီ**။

ပရံ ဝါ အဓိကတရံ မဇ္ဇတိ သုဇ္ဈတိ သံကိလေသမလတောတိ **ပရမော**။ ပရံ အတိဝိယ သီလာဒိဂုဏဂဏံ အတ္တနော သန္တာနေ မိနာတိ ပက္ခိပတီတိ **ပရမော**။ ပရမဿ အယန္တိ ပါရမီ။ – (စရိယာ၊ဋ္ဌ။၂၆၉)

ဟူသော ဝစနတ္ထနှင့်အညီ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောကြောင့်လည်းကောင်း၊ ဒါန, သီလ-အစရှိသော ဝိသေသနှင့်ယှဉ်သော, သတ္တဝါတို့ထက် မြတ်သောဘုရားအလောင်းတို့၏အဖြစ်, ဘုရားအလောင်းတို့၏အမှုဖြစ်သောကြောင့်လည်းကောင်း၊ တပါးသော သတ္တဝါအပေါင်းကို ကိလေသာတည်း-ဟူသော အညစ်အကြေးမှ သုတ်သင်တတ်သောကြောင့်လည်းကောင်း၊ သီလ-ရှိသော ကျေးဇူးအပေါင်းကို ထည့်သွင်းတတ်သောဘုရားအလောင်းတို့၏ ဥစ္စာဖြစ်သောကြောင့်လည်းကောင်း ပါရမီ မည်ကုန်၏။

ဧတေဟိ၊ ထိုဒါန, သီလ-အစရှိသော တရားတို့ဖြင့်။ ပါရံ၊ နိဗ္ဗာန်တည်းဟူသော ကမ်း ၁-ဘက်သို့။ ဂစ္ဆန္တိ၊ ရောက်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပါရမီ၊ ပါရမီ မည်ကုန်၏။

ဒါနသီလာဒိဂုဏဝိသေသယောဂေန၊ ဒါန, သီလ-အစရှိသော ဂုဏ်အထူးနှင့် ယှဉ်သဖြင့်။ သတ္တုတ္တမတ္တာ၊ သတ္တဝါတို့ထက် မြတ်သည်၏အဖြစ်ကြောင့်။ ပရမာ၊ မြတ်ကုန်သော။ မဟာသတ္တာ ဗောဓိသတ္တာ၊ ဘုရားလောင်းတို့သည်။ ပရမာ၊ ပရမ မည်ကုန်၏။ တေသံ၊ ထိုဘုရားလောင်းတို့၏။ ဘာဝေါ၊ အဖြစ်တည်း။ ဝါ၊ တစ်နည်းကား။ တေသံ၊ ထိုဘုရားလောင်းတို့၏။ ကမ္မံ၊ အမှုတည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပါရမီ၊ ပါရမီ မည်ကုန်၏။

ဝါ၊ တစ်နည်းကား။ ပရံ အဓိကတရံ၊ လွန်စွာ။ ကိလေသမလတော၊ ကိလေသာတည်း-ဟူသော အညစ်အကြေးမှ။ မဇ္ဇတိ သုဇ္ဈတိ၊ စင်ကြယ်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပရမော၊ ပရမ မည်၏။

ဝါ၊ တစ်နည်းကား။ ပရံ အတိဝိယ၊ အလွန်လျှင်။ သီလာဒိဂုဏဂဏံ၊ သီလ-အစရှိသော ဂုဏ်ကျေးဇူးအပေါင်းကို။ အတ္တနော၊ မိမိ၏။ သန္တာနေ၊ သန္တာန်၌။ မိနာတိ ပက္ခိပတိ၊ ထည့်သွင်းတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပရမော၊ ပရမ မည်၏။

ပရမဿ၊ ဘုရားလောင်း၏။ အယံ၊ ဥစ္စာတည်း။ ပါရမီ၊ ဘုရားလောင်း၏ဥစ္စာ။

## ၃။ ပါရမီ ၁၀-ပါး

ထိုပါရမီသည် အဘယ်မျှ အပြားရှိသနည်းဟူမူကား—

**ဒါနံ သီလဉ္စ နေက္ခမ္မံ၊ ပညာ ဝီရိယေန ပဉ္စမံ။**
**ခန္တိ သစ္စ'မဓိဋ္ဌာနံ၊ မေတ္တု'ပေက္ခာတိ တေ ဒသာ'တိ။** (စရိယာ၊ဋ္ဌ။၂၇၀)

ဟူသော ဂါထာနှင့်အညီ ဒါန,သီလ-အစရှိသောအားဖြင့် ၁၀-ပါးအပြားရှိ၏။ ထို ၁၀-ပါးသော ပါရမီတို့တွင် ဒါနပါရမီကို အဘယ်ကြောင့် ရှေးဦးစွာ ဟောတော်မူသနည်းဟူမူကား-

(၁) ရှေးဦးစွာ ဆောက်တည်ခြင်းရှိသောကြောင့်လည်းကောင်း၊ ထိုဆောက်တည်ခြင်း၏ ဆည်းပူးခြင်း, အဖန်တလဲလဲ လေ့ကျက်ခြင်း အကြောင်းရှိသောကြောင့်လည်းကောင်း၊ သီလအား ကျေးဇူးများသောကြောင့်လည်းကောင်း၊ ပြုလွယ်သည်၏ အဖြစ်ကြောင့်လည်းကောင်း ဒါနကို ရှေးဦးစွာ ဟောတော်မူ၏။

(၂) သီလဖြင့် သိမ်းဆည်းအပ်သော ဒါနသည် များသော အကျိုးအာနိသင်ရှိ၏။ ထို့ကြောင့် ဒါန၏အခြားမဲ့၌ **သီလ**ကို ဟောတော်မူ၏။

(၃) နေက္ခမ္မဖြင့် သိမ်းဆည်းအပ်သော သီလသည် များသော အကျိုးအာနိသင်ရှိ၏။ ထို့ကြောင့် သီလ၏အခြားမဲ့၌ **နေက္ခမ္မ**ကို ဟောတော်မူ၏။

(၄) ပညာဖြင့် သိမ်းဆည်းအပ်သော နေက္ခမ္မသည် များသော အကျိုးအာနိသင်ရှိ၏။ ထို့ကြောင့် နေက္ခမ္မ၏အခြားမဲ့၌ **ပညာ**ကို ဟောတော်မူ၏။

(၅) ဝီရိယဖြင့် သိမ်းဆည်းအပ်သော ပညာသည် များသော အကျိုးအာနိသင်ရှိ၏။ ထို့ကြောင့် ပညာ၏အခြားမဲ့၌ **ဝီရိယ**ကို ဟောတော်မူ၏။

(၆) ခန္တီဖြင့် သိမ်းဆည်းအပ်သော ဝီရိယသည် များသော အကျိုးအာနိသင်ရှိ၏။ ထို့ကြောင့် ဝီရိယ၏အခြားမဲ့၌ **ခန္တီ**ကို ဟောတော်မူ၏။

(၇) သစ္စာဖြင့် သိမ်းဆည်းအပ်သော ခန္တီသည် များသော အကျိုးအာနိသင်ရှိ၏။ ထို့ကြောင့် ခန္တီ၏အခြားမဲ့၌ **သစ္စာ**ကို ဟောတော်မူ၏။

(၈) အဓိဋ္ဌာန်ဖြင့် သိမ်းဆည်းအပ်သော သစ္စာသည် များသော အကျိုးအာနိသင်ရှိ၏။ ထို့ကြောင့် သစ္စာ၏အခြားမဲ့၌ **အဓိဋ္ဌာန်**ကို ဟောတော်မူ၏။

(၉) မေတ္တာဖြင့် သိမ်းဆည်းအပ်သော အဓိဋ္ဌာန်သည် များသော အကျိုးအာနိသင်ရှိ၏။ ထို့ကြောင့် အဓိဋ္ဌာန်၏အခြားမဲ့၌ **မေတ္တာ**ကို ဟောတော်မူ၏။

(၁၀) ဥပေက္ခာဖြင့် သိမ်းဆည်းအပ်သော မေတ္တာသည် များသော အကျိုးအာနိသင်ရှိ၏။ ထို့ကြောင့် မေတ္တာ၏အခြားမဲ့၌ ဥပေက္ခာကို ဟောတော်မူ၏။ (စရိယာ၊ဋ္ဌ။၂၇၀၊၂၇၁)

ထို ၁၀-ပါးသော ပါရမီတို့တွင်–

(၁) မဟာကရုဏာ, အကြောင်းဥပါယ၌ လိမ္မာသော ဥပါယကောသလ္လဉာဏ်တို့သည် သိမ်းဆည်းအပ်သော မိမိ၏အဆောက်အဦ, ပစ္စည်းဥစ္စာတို့ကို စွန့်သော ပရိစ္စာဂ စေတနာသည် ဒါနပါရမီ မည်၏။

(၂) မဟာကရုဏာ, ဥပါယကောသလ္လဉာဏ်တို့သည် သိမ်းဆည်းအပ်သော မပြုအပ်သော ဒုစရိုက်တို့မှ ကြဉ်ခြင်း, ပြုအပ်သော သုစရိုက်တို့ကို ပြုခြင်း စေတနာသည် **သီလပါရမီ** မည်၏။

(၃) မဟာကရုဏာ, ဥပါယကောသလ္လဉာဏ်တို့သည် သိမ်းဆည်းအပ်သော အပြစ်ကို မြင်ခြင်းလျှင် ရှေ့သွားရှိသော ကာမဘဝတို့မှ ထွက်မြောက်ကြောင်းဖြစ်သော စိတ္တုပ္ပါဒ်သည် **နေက္ခမ္မပါရမီ** မည်၏။

(၄) မဟာကရုဏာ, ဥပါယကောသလ္လဉာဏ်တို့သည် သိမ်းဆည်းအပ်သော ပရမတ္ထဓမ္မတို့၏ သာမညလက္ခဏာ, ဝိသေသလက္ခဏာကို ထိုးထွင်း၍ သိခြင်းသည် **ပညာပါရမီ** မည်၏။

(၅) မဟာကရုဏာ, ဥပါယကောသလ္လဉာဏ်တို့သည် သိမ်းဆည်းအပ်သော စိတ်တို့ဖြင့် အားထုတ်ခြင်းသည် **ဝီရိယပါရမီ** မည်၏။

(၆) မဟာကရုဏာ, ဥပါယကောသလ္လဉာဏ်တို့သည် သိမ်းဆည်းအပ်သော သတ္တဝါ, သင်္ခါရတို့၌ အပြစ်ကို ပယ်ခြင်းသည်လည်းကောင်း၊ အဒေါသပြဋ္ဌာန်းသော သည်းခံသော အခြင်းအရာအားဖြင့်ဖြစ်သော စိတ္တုပ္ပါဒ်သည်လည်းကောင်း **ခန္တီပါရမီ** မည်၏။

(၇) မဟာကရုဏာ, ဥပါယကောသလ္လဉာဏ်တို့သည် သိမ်းဆည်းအပ်သော ဝီရိယ, စေတနာ-အစရှိသည် အပြားရှိသော မချွတ်မယွင်းခြင်းသည် **သစ္စာပါရမီ** မည်၏။

(၈) မဟာကရုဏာ, ဥပါယကောသလ္လဉာဏ်တို့သည် သိမ်းဆည်းအပ်သော မတုန်မလှုပ်သော မြဲမြံစွာ ဆောက်တည်ခြင်းသည်လည်းကောင်း, ထိုမြဲမြံစွာ ဆောက်တည်သော အခြင်းအရာအားဖြင့်ဖြစ်သော စိတ္တုပ္ပါဒ်သည်လည်းကောင်း **အဓိဋ္ဌာန်ပါရမီ** မည်၏။

(၉) မဟာကရုဏာ, ဥပါယကောသလ္လဉာဏ်တို့သည် သိမ်းဆည်းအပ်သော သတ္တလောက၏ စီးပွါးချမ်းသာကို ကပ်၍ ဆောက်တည်သော တရားကိုယ်အားဖြင့် အဒေါသစေတသိက်သည် **မေတ္တာပါရမီ** မည်၏။

(၁၀) မဟာကရုဏာ, ဥပါယကောသလ္လဉာဏ်တို့သည် သိမ်းဆည်းအပ်သော လောဘ, ဒေါသကို ဖျောက်တတ်သော ဣဋ္ဌာရုံ, အနိဋ္ဌာရုံ, သတ္တဝါသင်္ခါရတို့၌ အညီအမျှဖြစ်သော အခြင်းအရာရှိသော တတြမဇ္ဈတ္တတာစေတသိက်သည် **ဥပေက္ခာပါရမီ** မည်၏။

ထိုအလုံးစုံသော ပါရမီ ၁၀-ပါးတို့သည်—

- သူတပါးတို့အား ချီးမြှင့်ခြင်း **လက္ခဏာ** ရှိကုန်၏။
- သူတပါးတို့အား အထူးမကြံခြင်း **ကိစ္စလည်း** ရှိကုန်၏။
- သတ္တဝါတို့၏ အစီးအပွါးကို ရှာသောအားဖြင့် ဉာဏ်အား **ရှေးရှုထင်သော အခြင်းအရာ**ရှိကုန်၏။
- ဘုရား၏အဖြစ်-ဟူသော **အကျိုး**လည်း ရှိကုန်၏။
- မဟာကရုဏာ-ဟူသော နီးစွာသော**အကြောင်း** ရှိကုန်၏။
- မဟာကရုဏာ, ဥပါယကောသလ္လဉာဏ်-ဟူသော နီးစွာသော**အကြောင်း**လည်း ရှိကုန်၏။ (စရိယာ၊ဋ္ဌ။၂၇၂)

**ဒါန**။ ။ဝိသေသအားဖြင့် ဒါနပါရမီသည် လှူအပ်သောဝတ္ထုတို့ကို စွန့်ခြင်း**လက္ခဏာ** ရှိ၏။ အလှူဝတ္ထုတို့၌ တပ်စွန်းတတ်သော လောဘကို ဖျက်ဆီးခြင်း**ကိစ္စ**ရှိ၏။ အလှူဝတ္ထုတို့၌ မကပ်ငြိသောအဖြစ်လျှင် ဉာဏ်အား ထင်သော**အခြင်းအရာ** ရှိ၏။ ပစ္စည်းဥစ္စာပြည့်စုံခြင်း **အကျိုး**လည်း ရှိ၏။ စွန့်အပ်သောဝတ္ထုလျှင် နီးစွာသော**အကြောင်း**ရှိ၏။ (စရိယာ၊ဋ္ဌ။၂၇၃)

**သီလ**။ ။သီလပါရမီသည် ကာယကံ, ဝစီကံတို့ကို ကောင်းစွာ သိမ်းဆည်းဆောက်တည်သိုမှီးထားခြင်း **လက္ခဏာ**ရှိ၏။ ကုသိုလ်တရားတို့၏ တည်ရာ-ဟူသော **လက္ခဏာ**ရှိ၏။ ဒုသီလအကုသိုလ်တို့ကို ဖျက်ဆီးခြင်း **ကိစ္စ**ရှိ၏။ အပြစ်မရှိသောသူ၏ အဖြစ်လျှင် ပြည့်စုံခြင်း **ကိစ္စ**လည်း ရှိ၏။ ကိုယ်,နှုတ်,နှလုံးတို့ဖြင့် စင်ကြယ်သောသူ၏အဖြစ်လျှင် ထင်သော**အခြင်းအရာ**ရှိ၏။ ဟိရီ, ဩတ္တပ္ပလျှင် နီးစွာသော**အကြောင်း** ရှိ၏။ (စရိယာ၊ဋ္ဌ။၂၇၃)

**နေက္ခမ္မ**။ ။နေက္ခမ္မပါရမီသည် ဝတ္ထုကာမ, ကိလေသာကာမ, ၃-ပါးသော ဘဝတို့မှ ထွက်မြောက်ခြင်း **လက္ခဏာ**ရှိ၏။ ထိုဝတ္ထုကာမ, ကိလေသာကာမ, ၃-ပါးသောဘဝတို့၌ အပြစ်ကို ထင်စွာပြုခြင်း **ကိစ္စ**ရှိ၏။ ထို ၂-ပါးသော ကာမ, ၃-ပါးသောဘဝတို့မှ မျက်နှာလွှဲသောအဖြစ်လျှင် ထင်သော**အခြင်းအရာ** ရှိ၏။ ထိတ်လန့်ခြင်း သံဝေဂလျှင် နီးစွာသော**အကြောင်း**ရှိ၏။ (စရိယာ၊ဋ္ဌ။၂၇၃)

**ပညာ**။ ။ပညာပါရမီသည် မဖောက်မပြန် ဟုတ်မှန်တိုင်းသော သဘောတရားတို့ကို ထိုးထွင်း၍ သိခြင်း**လက္ခဏာ**ရှိ၏။ အာရုံကို ထွန်းလင်းစေခြင်း **ကိစ္စ**ရှိ၏။ မတွေဝေသောအဖြစ်လျှင် ထင်သော**အခြင်းအရာ**ရှိ၏။ သမာဓိလျှင် နီးစွာသော**အ**ကြောင်း ရှိ၏။ *(ဝါ)* သစ္စာ ၄-ပါးလျှင် နီးစွာသော**အကြောင်း**လည်း ရှိ၏။ (စရိယာ၊ဋ္ဌ။၂၇၃)

**ဝီရိယ။** ။ဝီရိယပါရမီသည် အားထုတ်ခြင်း **လက္ခဏာ**ရှိ၏။ သမ္မယုတ်တရားတို့ကို ခိုင်စေခြင်း **ကိစ္စ**ရှိ၏။ မဆုတ်မနစ်သော အဖြစ်လျှင် ထင်သော**အခြင်းအရာ** ရှိ၏။ ၈-ပါးသော အာရဗ္ဘဝတ္ထုလျှင် နီးစွာသော**အကြောင်း** ရှိ၏။ (စရိယာ၊ဋ္ဌ။၂၇၃)

**ခန္တီ။** ။ခန္တီပါရမီသည် သည်းခံခြင်း **လက္ခဏာ**ရှိ၏။ ဣဋ္ဌာရုံ, အနိဋ္ဌာရုံ, သတ္တဝါ သင်္ခါရတို့ကို သည်းခံခြင်း **ကိစ္စ**ရှိ၏။ မိမိအထက်၌ နေစေသောသူ၏အဖြစ်လျှင် ထင်သော**အခြင်းအရာ**ရှိ၏။ ဟုတ်မှန်တိုင်း မြင်ခြင်းလျှင် နီးစွာသော**အကြောင်း**ရှိ၏။ (စရိယာ၊ဋ္ဌ။၂၇၃)

**သစ္စာ။** ။သစ္စာပါရမီသည် မချွတ်မယွင်းခြင်း **လက္ခဏာ**ရှိ၏။ ဟုတ်မှန်တိုင်းသော သဘောကို ထင်စွာပြုခြင်း **ကိစ္စ**ရှိ၏။ ကောင်းသည်၏အဖြစ်လျှင် ထင်သော **အခြင်းအရာ**ရှိ၏။ တင့်တယ်သောအမှု၌ မွေ့လျော်သောသူ၏အဖြစ်လျှင် နီးစွာသော **အကြောင်း**ရှိ၏။ (စရိယာ၊ဋ္ဌ။၂၇၃)

**အဓိဋ္ဌာန်။** ။အဓိဋ္ဌာန်ပါရမီသည် သမ္ဘာရတရား၏ အဆောက်အဦတို့၌ တည်ခြင်း **လက္ခဏာ**ရှိ၏။ ထိုသမ္ဘာရတရား၏ အဆောက်အဦတို့၏ ဆန့်ကျင်ဘက်တို့ကို နှိမ်နင်းခြင်း **ကိစ္စ**ရှိ၏။ ထိုသမ္ဘာရတရား၏ အဆောက်အဦတို့၌ မတုန်မလှုပ်သောအဖြစ်လျှင် ထင်သော**အခြင်းအရာ** ရှိ၏။ သမ္ဘာရတရား အဆောက်အဦလျှင် နီးစွာသော**အကြောင်း**ရှိ၏။ (စရိယာ၊ဋ္ဌ။၂၇၃)

**မေတ္တာ။** ။မေတ္တာပါရမီသည် သတ္တဝါတို့၏ အစီးအပွါးကို လျင်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်း **လက္ခဏာ**ရှိ၏။ သတ္တဝါတို့၌ အစီးအပွါးကို ကပ်၍ဆောင်ခြင်း **ကိစ္စ**ရှိ၏။ ၉-ပါးသော ရန်ငြိုးကို ဖျောက်ခြင်းကိစ္စလည်း ရှိ၏။ ချမ်းအေးသောအဖြစ်လျှင် ထင်သော**အခြင်းအရာ**ရှိ၏။ သတ္တဝါတို့ နှစ်သက်ဖွယ်သောအဖြစ်ကို ရှုသော အခြင်းအရာအားဖြင့် ဖြစ်သော အသင့်အားဖြင့် နှလုံးသွင်းခြင်းလျှင် နီးစွာသော**အကြောင်း**ရှိ၏။ (စရိယာ၊ဋ္ဌ။၂၇၃)

**ဥပေက္ခာ။** ။ဥပေက္ခာပါရမီသည် လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း **လက္ခဏာ**ရှိ၏။ သတ္တဝါတို့၌ အညီအမျှရှုခြင်း **ကိစ္စ**ရှိ၏။ သတ္တဝါတို့၌ အမျက်ထွက်ခြင်း, ချစ်မြတ်နိုးခြင်းကို ငြိမ်းစေသော အဖြစ်အားဖြင့် ထင်သော **အခြင်းအရာ** ရှိ၏။ သတ္တဝါတို့၏ ကံသာလျှင် မိမိဥစ္စာရှိသည်၏အဖြစ်ကို ဆင်ခြင်သောဉာဏ်လျှင် နီးစွာ သော**အကြောင်း**ရှိ၏။ (စရိယာ၊ဋ္ဌ။၂၇၃)

## ၄။ ပါရမီတို့ကို ဖြည့်နိုင်ခြင်းအကြောင်း ၈-ပါး

ထိုပါရမီတို့ကို ဖြည့်နိုင်ခြင်း၏အကြောင်းကား အဘယ်နည်းဟူမူကား ဘုရားအဖြစ်သို့ ရှေးရှုဆောင်သော ဆုတောင်းခြင်း ပတ္ထနာသည် ထိုပါရမီတို့ကို ဖြည့်နိုင်ခြင်း အကြောင်း မည်၏။ ထိုအဘိနီဟာရသည် အဘယ်မျှသော အခြင်းအရာအားဖြင့် ဖြစ်သနည်းဟူမူကား-

**- တိဏ္ဏော တာရေယျံ၊ - မုတ္တော မောစေယျံ။**

**- ဒန္တော ဒမေယျံ။ - သန္တော သမေယျံ။**

**- အဿာသန္တော(*အဿတ္တော*) အဿာသေယျံ၊ - ပရိနိဗ္ဗုတော ပရိနိဗ္ဗာယေယျံ။**

**- သုဒ္ဓေါ သောဓေယျံ၊ - ဗုဒ္ဓေါ ဗောဓေယျံ။**

ဤ ၈-ပါးသော အခြင်းအရာတို့ဖြင့် ဖြစ်သော အဘိနီဟာရသည် အလုံးစုံသော ပါရမီတို့၏ အကြောင်းဖြစ်၏။ (စရိယာ၊၄။၂၇၄)

(၁) တိဏ္ဏော၊ ငါ-သံသရာမှ ကူးမြောက်သည် ဖြစ်အံ့။ တာရေယျံ၊ သတ္တဝါတို့ကို ကူးမြောက်စေအံ့။

(၂) မုတ္တော၊ သံသရာဝဋ်ဆင်းရဲမှ ငါ-လွတ်မြောက်သည် ဖြစ်အံ့။ မောစေယျံ၊ သတ္တဝါအပေါင်းတို့ကို လွတ်မြောက်စေအံ့။

(၃) ဒန္တော၊ ငါ-ယဉ်ကျေးသည် ဖြစ်အံ့။ ဒမေယျံ၊ သတ္တဝါတို့ကိုလည်း ယဉ်ကျေးအောင် ဆုံးမအံ့။

(၄) သန္တော၊ ငါသည် ငြိမ်သက်သည် ဖြစ်အံ့။ သမေယျံ၊ သတ္တဝါတို့ကိုလည်း ငြိမ်သက်စေအံ့။

(၅) အဿာသန္တော(*အဿတ္တော*)၊ ငါသည် သက်သာရာကို ရသည်ဖြစ်အံ့။ အဿာသေယျံ၊ သတ္တဝါတို့ကိုလည်း သက်သာရာကို ရစေအံ့။

(၆) ပရိနိဗ္ဗုတော၊ ကိလေသပရိနိဗ္ဗာန်ဖြင့် ငါ-ငြိမ်းသည် ဖြစ်အံ့။ ပရိနိဗ္ဗာယေယျံ၊ သတ္တဝါတို့ကိုလည်း ငြိမ်းစေအံ့။

(၇) သုဒ္ဓေါ၊ ငါသည် စင်သည်ဖြစ်အံ့။ သောဓေယျံ၊ သတ္တဝါတို့ကိုလည်း စင်စေအံ့။

(၈) ဗုဒ္ဓေါ၊ ငါသည် သစ္စာ ၄-ပါးကို သိသည်ဖြစ်အံ့။ ဗောဓေယျံ၊ သတ္တဝါတို့ကိုလည်း သိစေအံ့။

ဤ ၈-ပါးသော အခြင်းအရာအားဖြင့်ဖြစ်သော အဘိနီဟာရသည် အဘယ်မျှသော အကြောင်းကြောင့် ပြီးပြည့်စုံသနည်းဟူမူကား—

**မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဟေတုသတ္ထာရဒဿနံ။**
**ပဗ္ဗဇ္ဇာ ဂုဏသမ္ပတ္တိ၊ အဓိကာရော စ ဆန္ဒတာ။**
**အဋ္ဌဓမ္မသမောဓာနာ၊ အဘိနီဟာရော သမိဇ္ဈတိ။** (ဗုဒ္ဓဝံ၊၃၁၁။စရိယာ၊ဋ္ဌ။၂၇၄)

ဟူသော ၈-ပါးသော အကြောင်းတို့၏ ပေါင်းမိခြင်းကြောင့် ဖြစ်ကုန်၏။

အဘယ်ကြောင့် **လူ၏အဖြစ်**သည် ဘုရား၏အဖြစ်ကို တောင့်တတိုင်းသော သူ၏ ပတ္ထနာကို ပြည့်စုံစေသနည်းဟူမူကား လူဇာတ်၌ တည်၍ ဘုရားအဖြစ်ကို တောင့်တသောသူ၏ ပတ္ထနာသည်သာလျှင် ဘုရားဖြစ်ခြင်းအား လျောက်ပတ်သည်ဖြစ်၍ ပြည့်စုံစေ၏။ နဂါး, ဂဠုန်-အစရှိသည်တို့၌ တည်သောသူ၏ ပတ္ထနာသည် ဘုရားဖြစ်ခြင်းအား မလျောက်ပတ်သည်ဖြစ်၍ ပြည့်စုံခြင်းသို့ မရောက်။

**ယောကျ်ားအဖြစ်**၌ တည်သောသူ၏ ပတ္ထနာသည်သာလျှင် ဘုရားဖြစ်ခြင်းအား လျောက်ပတ်သည်ဖြစ်၍ ပြည့်စုံ၏။ မိန်းမဖြစ်သောသူ၏ ပတ္ထနာသည် မလျောက်ပတ်သည် ဖြစ်၍ မပြည့်စုံ။

ယခုဘဝပင် အရဟတ္တဖိုလ်သို့ ရောက်ခြင်း၏အကြောင်း **ဥပနိဿယရှိသောသူ၏** ပတ္ထနာသည်သာလျှင် ပြည့်စုံ၏။ ဥပနိဿယမရှိသောသူ၏ ပတ္ထနာသည် မပြည့်စုံ။

**ဘုရားသခင်ကို ကိုယ်တိုင် ဖူးမြင်ရသောသူ၏** ပတ္ထနာသည်သာလျှင် အဇ္ဈာသယ၏ ပြန့်ပြောသောသူ၏အဖြစ်, ကောင်းမှု၏ အားကြီးသည်၏အဖြစ်ကြောင့် ပြည့်စုံ၏။ ပစ္စေကဗုဒ္ဓါ, စေတီ, ဗောဓိတို့၏အထံ၌ ပြုသော ပတ္ထနာသည် အဇ္ဈာသယ၏ မပြန့်ပြောသောကြောင့် မပြည့်စုံ။

**ရဟန်းဖြစ်သောသူ၏** ပတ္ထနာသည်သာလျှင် ဘုရားဖြစ်ခြင်းအား လျောက်ပတ်သောကြောင့် ပြည့်စုံ၏။ လူ၏အသွင်၌ တည်သောသူ၏ ပတ္ထနာသည် ဘုရားဖြစ်ခြင်းအား မလျောက်ပတ်သောကြောင့် မပြည့်စုံ။

ရဟန်းဖြစ်သော်လည်း ၈-ပါးသော **ဈာန်သမာပတ်**, ၅-ပါးသော **အဘိညာဉ်**နှင့် ပြည့်စုံသော ရဟန်း၏ ပတ္ထနာသည်သာလျှင် ပါရမီကို ဖြည့်ဆည်းပူးခြင်းငှာ စွမ်းနိုင်သောကြောင့် ပြည့်စုံ၏။ ဈာန်သမာပတ်, အဘိညာဉ်နှင့် မပြည့်စုံသောရဟန်း၏ ပတ္ထနာသည် ပါရမီဖြည့်ခြင်းငှာ မစွမ်းနိုင်သောကြောင့် မပြည့်စုံ။ (စရိယာ၊ဋ္ဌ။၂၇၄-၅)

ထိုနိယတဗျာဒိတ်ကို ခံသောအခါ မိမိ၏အသက်ကို ဘုရားတို့အား စွန့်၍ လွန်စွာသော ကောင်းမှုကို ပြုသောသူ၏ ပတ္ထနာသည်သာလျှင် ပြည့်စုံ၏။ တရားတို့အား မိမိအသက်ကို စွန့်၍ လွန်စွာသော ကောင်းမှုကို ပြုသောသူ၏ ပတ္ထနာသည်သာလျှင် ပြည့်စုံ၏။ ဘုရား, တရားတို့အား မိမိအသက်ကို စွန့်၍ လွန်စွာသော ကောင်းမှုကို မပြုဝံ့သောသူ၏ ပတ္ထနာသည် မပြည့်စုံ။ (စရိယာ၊ဋ္ဌ။၂၇၅)

ဘုရားအဖြစ်ကို ပြုတတ်ကုန်သော ပါရမီတို့၏အကျိုးငှာ ကြီးစွာသော ကုသိုလ်ဆန္ဒရှိသောသူ၏ ပတ္ထနာသည်သာလျှင် ပြည့်စုံ၏။ ဆန္ဒမကြီးသောသူ၏ ပတ္ထနာသည် မပြည့်စုံ။ ဆန္ဒကြီးသည်၏အဖြစ်၌ ဥပမာမည်သည်ကား– (စရိယာ၊ဋ္ဌ။၂၇၅)

"တပြန့်တည်းသောရေဖြင့် ပြည့်သော စကြဝဠာကို မိမိလက်ရုံးအားဖြင့် ကူး၍ စကြဝဠာကမ်း ၁-ဘက်သို့ ရောက်စေခြင်းငှာ စွမ်းနိုင်သောသူသည် ဘုရားအဖြစ်သို့ ရောက်လတ္တံ့"ဟု ဆိုသောစကားကို ကြား၍ "ထိုစကြဝဠာ ၁-ဘက်သို့ ကူးရအံ့"သည် ခဲယဉ်းသောအားဖြင့် နှလုံးမသွင်းမူ၍ "ငါကူးအံ့"ဟူသော ဆန္ဒသည် ဖြစ်၏။ ဆုတ်နစ်တွန့်တိုခြင်း မရှိ။

"စကြဝဠာတံတိုင်းကို မီးကျီးအပြည့် ထည့်၍ မိမိခြေဖြင့် နင်း၍ သွားသည်ရှိသော် စကြဝဠာ ၁-ဘက်သို့ ရောက်၍ ဘုရားအဖြစ်သို့ ရောက်လတ္တံ့"ဟု ဆိုသော စကားကို ကြား၍ ဆုတ်နစ်တွန့်တိုခြင်း မရှိ၊ ခဲယဉ်း၏-ဟု မမှတ်မူ၍ ယူလိုသော ဆန္ဒသည် ဖြစ်၏။

"စကြဝဠာကို လှံတို့ဖြင့်လည်းကောင်း၊ ခြောင့်,တံကျင်တို့ဖြင့်လည်းကောင်း၊ မပြတ်စပ်ကာ,စပ်ကာ ခင်း၍လည်းကောင်း၊ တခဲနက် ဝါးခြမ်းတို့ဖြင့် ဖုံးလွှမ်းသည်ဖြစ်၍လည်းကောင်း၊ ဆူးနွယ်,တောအုပ်တို့ဖြင့် ဖုံးလွှမ်းသည်ဖြစ်၍လည်းကောင်း၊ ဤအလုံးစုံကို နင်း၍ စကြဝဠာ ၁-ဘက်သို့ သွားဝံ့သောသူတို့သည် ဘုရားအဖြစ်သို့ ရောက်လတ္တံ့"ဟု ဆိုသော စကားကို ကြား၍ ဆုတ်နစ်တွန့်တိုခြင်း မရှိ၊ ခဲယဉ်း၏-ဟု မမှတ်သော ဆန္ဒသည် ဖြစ်၏။

"၄-အသင်္ချေနှင့် ကမ္ဘာ ၁-သိန်း အဝီစိငရဲမှ အောင်း၍ လွတ်သည်ရှိသော် ဘုရားအဖြစ်သို့ ရောက်လတ္တံ့"ဟု ဆိုသောစကားကို ကြား၍ ဆုတ်နစ်တွန့်တိုခြင်း မရှိ၊ ခဲယဉ်း၏-ဟု မမှတ်မူ၍ ယူလိုသောဆန္ဒသည် ဖြစ်၏။ (စရိယာ၊ဋ္ဌ။၂၇၅-၆)

ဤ ၈-ပါးသော **အင်္ဂါ**နှင့် ပြည့်စုံသော အဘိနီဟာရသည် တရားကိုယ်အားဖြင့် ထိုဆိုအပ်ခဲ့ပြီးသော အခြင်းအရာအားဖြင့်ဖြစ်သော ကုသိုလ်စိတ္တုပ္ပါဒ်သာတည်း။

ထိုကုသိုလ်စိတ္တုပ္ပါဒ်ဖြစ်သော အဘိနီဟာရသည် ကောင်းစွာ သဗ္ဗညုတဉာဏ်၌ မြဲမြံစွာ ဖွဲ့သည်ဖြစ်၍ တည်ထားခြင်း လက္ခဏာရှိ၏။ ငါသည် ဘုရားဆုကို တောင်းသည်၏

အခြားမဲ့၌သာလျှင် သမ္မာသမ္ဗောဓိကို သိရပါမူကား ကောင်းလေစွ၊ သတ္တဝါတို့၏ စီးပွါး ချမ်းသာကို ပြီးစေရမူကား ကောင်းလေစွ-ဟု တောင့်တခြင်း ကိစ္စရှိ၏။ သဗ္ဗညုတဉာဏ်၏ အဆောက်အဦအကြောင်း၏အဖြစ်လျှင် ထင်သော**အခြင်းအရာ** ရှိ၏။ မဟာကရုဏာလျှင် နီးစွာသော **အကြောင်း**ရှိ၏။ ထိုဘဝ အရဟတ္တဖိုလ်သို့ ရောက်ခြင်း၏အကြောင်းဥပနိဿယ ပြည့်စုံခြင်းလျှင် နီးစွာသော အကြောင်းလည်း ရှိ၏။ (စရိယာ၊ဋ္ဌ။၂၇၆)

ပါရမီတို့၏ ပစ္စယအကြောင်းသည် အဘိနီဟာရကုသိုလ် မည်၏။ ထိုအဘိနီဟာရ၏အကြောင်းသည် အဘယ်နည်းဟူမူကား ၄-ပါးသော ပစ္စယအကြောင်းတို့သည်လည်း ကောင်း, ၄-ပါးသော ဟေတုအကြောင်းတို့သည်လည်းကောင်း, ၄-ပါးသော အား-ဟူသော ဗလတို့သည်လည်းကောင်း ပါရမီဖြည့်ခြင်း၏အကြောင်းဖြစ်သော အဘိနီဟာရ၏အကြောင်း တို့ မည်ကုန်၏။

## ၅။ ပစ္စယအကြောင်း ၄-ပါး

ထိုပစ္စယ, ဟေတု, ဗလတို့တွင် **ပစ္စယအကြောင်း** ၄-ပါးဟူသည် အဘယ်နည်းဟူမူ ကား—

(၁) အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲသော တန်ခိုးပြာဋိဟာကို ပြတော်မူသော ကြီးမြတ်သော အာနုဘော်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကို ကိုယ်တိုင်ဖူးမြင်ရ၍ သဗ္ဗညုတဉာဏ်၌ နှလုံးသွင်း၍ စိတ်ကို တည်စေခြင်းလည်း ၁-ပါး၊

(၂) ဘုရားရှင်ကိုကား ကိုယ်တိုင် မဖူးမြင်ရ၊ ဘုရားသခင်သည် 'ဤသို့ ကြီးမားမြင့်မြတ်သော အာနုဘော်နှင့် ပြည့်စုံ၏'-ဟု **တဆင့်ကြား**၍ သဗ္ဗညုတဉာဏ်၌ နှလုံးသွင်း၍ စိတ်ကို ဖြစ်စေခြင်းလည်း ၁-ပါး၊

(၃) ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးကို ပြတတ်သော ဘုရားရှင်အာနုဘော်နှင့် စပ်သော **တရားကို နာ**ရ၍ သဗ္ဗညုတဉာဏ်၌ နှလုံးသွင်း၍ စိတ်ကို ဖြစ်စေခြင်းလည်း ၁-ပါး၊

(၄) ဘုရားရှင်တို့၏ အနွယ်အဆက်ကို စောင့်ရှောက်လိုသော အဇ္ဈာသယရှိသည်ဖြစ်၍ သူတော်ကောင်းတရားကို **အလွန်ရိုသေ**သည်ဖြစ်၍ သဗ္ဗညုတဉာဏ်၌ နှလုံးသွင်း၍ စိတ်ကို ဖြစ်စေခြင်းလည်း ၁-ပါး။

ဤသို့အားဖြင့် ၄-ပါးသော **ဥပနိဿယ-ဟု ဆိုအပ်သော ပစ္စယအကြောင်း**တို့သည် ဖြစ်ကုန်၏။ (စရိယာ၊ဋ္ဌ။၂၇၇)

## ၆။ ဟေတုအကြောင်း ၄-ပါး

၄-ပါးသော ဟေတုအကြောင်းတို့-ဟူသည် အဘယ်နည်းဟူမူကား—

(၁) အရဟတ္တဖိုလ်၏အကြောင်း ဥပနိဿယနှင့် ပြည့်စုံခြင်း, ရှေးရှေးသော ဘုရားရှင်တို့အထံ၌ ပြုအပ်သော **အဓိကာရရှိခြင်း**လည်း ၁-ပါး၊

(၂) ကိုယ်အသက်ကို စွန့်၍ သတ္တဝါတို့၏ စီးပွါးချမ်းသာကို ဆောင်လိုသော ကရုဏာဇ္ဈာသယ, ကရုဏာဝိမုတ္တိနှင့် ပြည့်စုံခြင်းလည်း ၁-ပါး၊

(၃) အလိုရှိအပ်သော, တောင့်တအပ်သော သဗ္ဗညုတဉာဏ်ကို မရသမျှ ကြာမြင့်စွာကာလပတ်လုံး လုံ့လပြုသော်လည်း အလုံးစုံသော ဝဋ်ဆင်းရဲမှ မဆန့်ကျင်, မငြီးငွေ့သည်ဖြစ်၍ ပြုနိုင်ခဲသောအကျင့်ကို ကျင့်ခြင်းမှ မထိတ်လန့်ခြင်းလည်း ၁-ပါး၊

(၄) အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော **ကလျာဏမိတ္တ**ကို မှီဝဲခြင်းလည်း ၁-ပါး (စရိယာ၊ဌ။၂၈၀)

ဤသို့အားဖြင့် ဇနကကံ-ဟု ဆိုအပ်သော ဟေတုအကြောင်း ၄-ပါးတို့သည် ဖြစ်ကုန်၏။

သဗ္ဗညုတဉာဏ်ကို ရခြင်း၌ အလွန်ညွတ်သောစိတ်ရှိသည်ဖြစ်၍ ရှေးဘုရားရှင်တို့၏ အထံတော်၌ စိတ်ဖြင့်လည်းကောင်း, နှုတ်ဖြင့်လည်းကောင်း "ငါသည်လည်း ဤဘုရားရှင်နှင့်တူသော ဘုရားဖြစ်၍ သတ္တဝါတို့၏ စီးပွါးချမ်းသာကို ပြီးစေရမူကား ကောင်း၏"ဟု သဗ္ဗညုတဗုဒ္ဓအဖြစ်ကို တောင်းပြီးသော ဥပနိဿယနှင့် ပြည့်စုံသော ဘုရားလောင်းအားသာဝက, ပစ္စေကဗုဒ္ဓါတို့၏ အလောင်းတို့နှင့် မတူသော, အလွန်ထူးသော အသွင်အပြင်တို့သည် ထင်ကုန်၏။ (စရိယာ၊ဌ။၂၇၈-၂၈၀)

အဘယ်သို့ အသွင်အပြင်တို့သည် ထင်ကုန်သနည်းဟူမူကား—

- ဣန္ဒြေအားဖြင့်လည်းကောင်း, - ပဋိပတ်အားဖြင့်လည်းကောင်း,
- ကောသလ္လအားဖြင့်လည်းကောင်း

ထူးသောအဖြစ်သည် ထင်၏။ (စရိယာ၊ဌ။၂၇၈-၉)

အဘယ်သို့ ဣန္ဒြေအားဖြင့် ထူးသနည်းဟူမူကား—

သန့်ရှင်းသော သဒ္ဓါ-အစရှိသော ဣန္ဒြေနှင့် ပြည့်စုံ၏။

အဘယ်သို့ ပဋိပတ်အားဖြင့် ထူးသနည်းဟူမူကား—

သတ္တဝါတို့၏ အစီးအပွါးအကျိုးငှာ ပါရမီအကျင့်ကို ကျင့်တော်မူ၏။ ကိုယ်တော်၏ အကျိုးငှာ ကျင့်တော်မမူ။

ထိုပဋိပတ်အကျင့်၌ အလွန်လိမ္မာသောသူ၏အဖြစ်-ဟု ဆိုအပ်သော ကောသလ္လ ဉာဏ်နှင့် ပြည့်စုံ၏။

သဘောအားဖြင့် ယောက်ျားမြတ်ဖြစ်တော်မူသော ဘုရားလောင်းသည် အလှူပေး ခြင်း၌ အလွန်အလိုရှိတော်မူ၏။ အလှူပေးခြင်း၌ အလွန်မွေ့လျော်တော်မူ၏။ တွန့်တိုဆုတ် နစ်ခြင်း မရှိ။ မပြတ်မစဲ ဝေဖန်ခွဲခြမ်းသော အလေ့ရှိ၏။ များသောအလှူကို ပေး၍လည်း ရောင့်ရဲခြင်း မရှိ။ သူတပါးတို့အားလည်း ဒါနပါရမီတရား၌ အားထုတ်စေခြင်းငှာ ဒါန၏ ကျေးဇူးနှင့်စပ်သော တရားစကားကို ပြောဟောလေ့ရှိ၏။ အလှူပေးကုန်သောသူတို့ကို မြင်၍ အလွန်လျှင် ဝမ်းမြောက်ခြင်းရှိ၏။ ဘေးဖြစ်သောအရာတို့၌ သူတပါးတို့အား ဘေးမရှိ အောင် ပေးတတ်၏။ ဤသို့ အစရှိသည်ဖြင့် အလှူပေးခြင်း၌ မွေ့လျော်သော ဆန္ဒရှိသော ဘုရားလောင်း၏ ဒါနပါရမီ၌ သူတပါးတို့ထက် ထူးသောအသွင်အပြင်သည် ဖြစ်၏။

ပါဏာတိပါတ-အစရှိသော မကောင်းမှုတို့မှ ရှက်ခြင်း,ကြောက်ခြင်း-ဟူသော ဟိရီ, ဩတ္တပ္ပနှင့် ပြည့်စုံ၏။ သတ္တဝါတို့ကို ညှဉ်းဆဲလိုသောသဘော မရှိ။ စဉ်းလဲခြင်း, လှည့်ပတ် ခြင်း မရှိ၊ ဖြောင့်မတ်သည်ဖြစ်၍ ဆိုလွယ်သော စကားရှိ၏။ သတ္တဝါတို့၏ ပြုဖွယ်ကိစ္စတို့၌ အားထုတ်ခြင်း လုံ့လဥဿာဟရှိသောအဖြစ်သို့ ရောက်၍ ပြီးအောင် ရွက်ဆောင်၏။ အကုသိုလ်တရားတို့မှ ဆောလျင်စွာ ကြဉ်၏။ ဤသို့-အစရှိသည်ဖြင့် သီလပါရမီ၌ ထူးသော အသွင်သည် ဖြစ်၏။

နည်းသော ကိလေသာ, နည်းသော နီဝရဏ ရှိ၏။ ဆိတ်ငြိမ်ရာသို့ ကပ်ခြင်းငှာ အလိုရှိ၏။ အကုသိုလ်ဝိတက်တို့သည် စိတ်အစဉ်သန္တာန်သို့ မလိုက်။ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်သော ဘုရားလောင်းအား မဆင်းရဲသဖြင့်သာလျှင် စိတ်၏တည်ကြည်ခြင်းသို့ ရောက်၏။ ဤသို့ အစရှိသည်ဖြင့် နေက္ခမ္မပါရမီ၌ ထူးသောအသွင်သည် ဖြစ်၏။

မိုးကြိုးစက်နှင့် တူသောပညာ ရှိ၏။ သီလ,သမာဓိ-အစရှိသော ကုသိုလ်ဓမ္မတို့၏ အစွမ်းဖြင့်ဖြစ်သော ပညာနှင့် ပြည့်စုံ၏။ ဤသို့ အစရှိသည်ဖြင့် ပညာပါရမီ၌ ထူးသော အသွင်သည် ဖြစ်၏။

အားထုတ်အပ်သော ပါရမီကို ဖြည့်ခြင်းကိစ္စတို့၌ အလွန်အားထုတ်ခြင်း ဝီရိယနှင့် ပြည့်စုံ၏။ ဤသို့အစရှိသည်ဖြင့် ဝီရိယပါရမီ၌ ထူးသောအသွင်သည် ဖြစ်၏။

သတ္တဝါတို့၏ စီးပွါးချမ်းသာကို ပြုခြင်း၌ အလွန်သည်းခံခြင်း ခန္တီကျေးဇူးနှင့် ပြည့်စုံ၏။ အလုံးစုံသော အဇ္ဈတ္တဘေးရန်, ဗဟိဒ္ဓဘေးရန်ကို သည်းခံနိုင်ခြင်း-အစရှိသဖြင့် **ခန္တီပါရမီ**၌ ထူးသော အသွင်သည် ဖြစ်၏။

မဖောက်မပြန် မှန်သောစကားကို ဆိုခြင်း-အစရှိသည်ဖြင့် **သစ္စာပါရမီ**၌ ထူးသော အသွင်သည် ဖြစ်၏။

မတုန်မလှုပ်သော တည်ကြည်ခြင်းဖြင့် မြဲမြံစွာဆောက်တည်ခြင်း-အစရှိသည်ဖြင့် **အဓိဋ္ဌာန်ပါရမီ**၌ ထူးသောအသွင်သည် ဖြစ်၏။

လျစ်လျူရှုအပ်သော ဣဋ္ဌာရုံ, အနိဋ္ဌာရုံ, သတ္တဝါသင်္ခါရ, သုခ, ဒုက္ခတို့၌ အသင့်အားဖြင့် လျစ်လျူရှုခြင်း-အစရှိသည်ဖြင့် **ဥပေက္ခာပါရမီ**၌ ထူးသောအသွင်သည် ဖြစ်၏။

(စရိယာ၊ဋ္ဌ။၂၇၈-၉)

## ၇။ ဗလ ၄-ပါး

အဘယ်သို့ ၄-ပါးသော ဗလတို့နှင့် ပြည့်စုံလေသနည်းဟူမူကား–

(၁) မိမိကိုယ်ကို မှီ၍ရအပ်သော အမှီရှိသည်ဖြစ်၍ ဘုရားဖြစ်သည်တိုင်အောင် သဗ္ဗညုတဉာဏ်၏ အဆောက်အဦဖြစ်သော ကုသိုလ်ပါရမီတို့ကို မဆုတ်မနစ်ပြုနိုင်ခြင်း၏ အကြောင်းဖြစ်သော သဗ္ဗညုတဉာဏ်ကို လိုချင်ခြင်း **အဘိရုစိ**-ဟု ဆိုအပ်သော **အဇ္ဈတ္တိကဗလ**လည်း ၁-ပါး,

(၂) သူတပါးလျှင် အမှီရှိသည်ဖြစ်၍ ဘုရားဖြစ်သည်တိုင်အောင် သဗ္ဗညုတဉာဏ်၏ အဆောက်အဦဖြစ်သော ကုသိုလ်ပါရမီတို့ကို မဆုတ်မနစ်ပြုနိုင်ခြင်း၏ အကြောင်းဖြစ်သော သဗ္ဗညုတဉာဏ်ကို အလွန်လိုချင်ခြင်း အဘိရုစိ-ဟု ဆိုအပ်သော ဗာဟိရဗလလည်း ၁-ပါး,

(၃) အရဟတ္တဖိုလ်၏ အကြောင်းဥပနိဿယလျှင် အမှီရှိသည်ဖြစ်၍ ဘုရားဖြစ်သည်တိုင်အောင် သဗ္ဗညုတဉာဏ်၏ အဆောက်အဦဖြစ်သော ကုသိုလ်ပါရမီတို့ကို မဆုတ်မနစ်ပြုနိုင်ခြင်း၏အကြောင်းဖြစ်သော သဗ္ဗညုတဉာဏ်ကို အလွန်လိုချင်ခြင်း အဘိရုစိ-ဟု ဆိုအပ်သော ဥပနိဿယဗလလည်း ၁-ပါး,

(၄) သဗ္ဗညုတဉာဏ်အား လျော်သော ကြီးမားမြင့်မြတ်သော ပယောဂလျှင် အမှီရှိသည် ဖြစ်၍ ဘုရားဖြစ်သည်တိုင်အောင် သဗ္ဗညုတဉာဏ်၏ အဆောက်အဦဖြစ်သော ကုသိုလ်ပါရမီတို့ကို နိရန္တရ မဆုတ်မနစ် တုန်လှုပ်ခြင်းမရှိ အလွန်မြတ်နိုးစွာ ဖြည့်နိုင်

ခြင်း၏ အကြောင်းဖြစ်သော သက္ကစ္စာကာရ-ဟု ဆိုအပ်သော **ပယောဂဖလလည်း** ၁-ပါး၊

ဤသို့အားဖြင့် ၄-ပါးသော ခွန်အားဗလတို့သည် ဖြစ်ကုန်၏။ (စရိယာ၄။၂၈၀-၂၈၁)

## ၈။ အံ့ဖွယ် ၄-ပါး

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ပစ္စယ ၄-ပါး, ဟေတု ၄-ပါး, ဗလ ၄-ပါးတို့နှင့် ပြည့်စုံသော အဘိနီဟာရရှိသော ဘုရားလောင်းတို့အား—

(၁) အလုံးစုံသော သတ္တဝါအပေါင်းကို မိမိရင်၌ဖြစ်သော သားကိုကဲ့သို့ ချစ်ခင်လှစွာသော စိတ်ဖြင့် သိမ်းမြန်းပိုက်ထုပ်ခြင်း,

(၂) စိတ်တော်၏ တဖန်ညစ်ညူးပူပန်ခြင်း မရှိခြင်း,

(၃) သတ္တဝါတို့၏ စီးပွါးချမ်းသာကို ဆောင်လိုသော ကြီးမြတ်သော အဇ္ဈာသယပယောဂ ရှိခြင်း,

(၄) ကိုယ်တော်၏ ဘုရားအဖြစ်ကို ပြုတတ်သော ဒါန, သီလ-အစရှိသော ကုသိုလ် ပါရမီတို့၏ အဆင့်ဆင့်ကြီးပွါးခြင်း-

ဟု ဆိုအပ်သော အံ့ဖွယ် ၄-ပါးတို့နှင့် ပြည့်စုံကုန်၏။ (စရိယာ၄။၂၈၁)

မြစ်ကြီးရေအလျဉ်ကဲ့သို့ အလျဉ်မပြတ် ဆင့်ကာဆင့်ကာ ကုသိုလ်တရားတို့၏ ပွါးများခြင်း၊ နတ်,လူတို့၏ မြတ်သောအပူဇော်ကို ခံထိုက်ခြင်း-အစရှိသော များစွာသော ဂုဏ်ကျေးဇူးအာနုဘော်နှင့် ပြည့်စုံကုန်၏။

ဤသို့ ပစ္စယ ၄-ပါး, ဟေတု ၄-ပါး, *(ဗလ ၄-ပါး,)* အံ့ဖွယ် ၄-ပါး များစွာသော ကျေးဇူး, များစွာသော အာနိသင်တို့နှင့် ပြည့်စုံသော အဘိနီဟာရသည် ဒါန,သီလ-အစရှိသော ပါရမီတို့ကို မငြိုမငြင် ဖြည့်နိုင်ခြင်း၏အကြောင်း ဖြစ်၏။ ဘုရားအလောင်းတော်တို့အား ပါရမီကို ဖြည့်နိုင်ခြင်း၏အကြောင်းသည် ဤမျှသာ မဟုတ်သေး။

- အလုံးစုံသော သတ္တဝါတို့၌ အလွန်သနားခြင်း-ဟု ဆိုအပ်သော **မဟာကရုဏာ**၊ ဒါန, သီလ-အစရှိသည်တို့ကို သဗ္ဗညုတဉာဏ်၏ အကြောင်းဖြစ်အောင် သိမ်းဆည်းနိုင်ခြင်း ဥပါယကောသလ္လဉာဏ်-ဟု ဆိုအပ်သော **မဟာပညာ**၊ (စရိယာ၄။၂၈၁-၂)
- ပါရမီတို့ကို အလွန်အားထုတ်နိုင်ခြင်း-ဟု ဆိုအပ်သော **မဟုဿာဟ** *(ဥဿာဟ)*၊
- ဥပါယကောသလ္လဉာဏ်တည်းဟူသော ဥမ္မင်္ဂ၊

- မတုန်မလှုပ် ဆောက်တည်ခြင်း-ဟု ဆိုအပ်သော **အဝဋ္ဌာန** *(အဝတ္ထာန)*၊
- မေတ္တာဘာဝနာ, ကရုဏာဘာဝနာ-ဟု ဆိုအပ်သော **ဟိတာစရိယ**၊

ဤ ၄-ပါးသော ဗုဒ္ဓဘူမိတို့သည်လည်းကောင်း။

- အလောဘဇ္ဈာသယ, - အဒေါသဇ္ဈာသယ, - အမောဟဇ္ဈာသယ,
- နေက္ခမ္မဇ္ဈာသယ, - ပဝိဝေကဇ္ဈာသယ, - နိဿရဏဇ္ဈာသယ

အားဖြင့် ၆-ပါးသော **အဇ္ဈာသယ**တို့သည်လည်းကောင်း၊

- ဒါနဇ္ဈာသယ, သီလဇ္ဈာသယ, နေက္ခမ္မဇ္ဈာသယ-အစရှိသော ၁၀-ပါးသော အဇ္ဈာသယတို့သည်လည်းကောင်း၊ (စရိယာ၊ဋ္ဌ။ ၂၈၂)
- ပါရမီကို မဖြည့်ခြင်း၌ အပြစ်, ဖြည့်ခြင်း၌ အကျိုးအာနိသင်ကို ဆင်ခြင်ခြင်း-ဟု ဆိုအပ်သော ၂၀-သော ပစ္စဝေက္ခဏာဉာဏ်တို့သည်လည်းကောင်း၊
- သီလသံဝရ, ဣန္ဒြိယသံဝရ, ဘောဇနေမတ္တညုတာ, ဇာဂရိယာနုယောဂ၊ ၇-ပါးသော သူတော်ကောင်းတရား၊ ၄-ပါးသောဈာန်-ဟု ဆိုအပ်သော အခြံအရံနှင့်တကွ စရဏ ၁၅-ပါးတို့သည်လည်းကောင်း၊
- ၅-ပါးသော အဘိညာဉ်တို့သည်လည်းကောင်း

ပါရမီတို့ကို ဖြည့်နိုင်ခြင်း၏အကြောင်း ဖြစ်ကုန်၏။ (စရိယာ၊ဋ္ဌ။ ၂၈၂-၂၉၃)

- ထိုပါရမီတို့၏ ညစ်ညူးကြောင်း *(စသည်တို့)*ကား အဘယ်နည်းဟူမူ တဏှာ, ဒိဋ္ဌိ-အစရှိသည်တို့ဖြင့် သုံးသပ်စွဲလမ်းခြင်း-အစရှိသည်တို့သည် ပါရမီတို့၏ ညစ်ညူးကြောင်း မည်ကုန်၏။
- တဏှာ,ဒိဋ္ဌိ-အစရှိသည်တို့ဖြင့် မသုံးသပ်, မစွဲလမ်း, မဖျက်ဆီးခြင်း-အစရှိသည်တို့သည် ဖြူစင်သည် မည်ကုန်၏။
- အလုံးစုံသော အကုသိုလ်ကိလေသာတို့သည် ဆန့်ကျင်ဘက်ဘေးရန် မည်ကုန်၏။
- ဒါန-အစရှိသော ပါရမီတို့ကို မဆုတ်မနစ် သဗ္ဗညုတဉာဏ်အကျိုးငှာ ဖြည့်ကျင့်ခြင်းသည် ပဋိပတ္တိ မည်၏။ (စရိယာ၊ဋ္ဌ။ ၂၉၄-၅)

ထိုအပြား ၃၀-သော ပါရမီတို့သည်—

- ဒါန-အစရှိသော ပါရမီ၏အဖြစ်အားဖြင့် ၁၀-ပါး အပြားရှိ၏။ (စရိယာ၊ဋ္ဌ။၃၁၂)

- ဒါန, သီလ, ခန္တီ, ဝီရိယ, နေက္ခမ္မ, ပညာပါရမီတို့၏ အဖြစ်အားဖြင့် ၆-ပါးအပြား ရှိကုန်၏။

အဘယ်သို့ ဖြစ်သနည်းဟူမူကား—

- နေက္ခမ္မပါရမီကို ရဟန်း၏အဖြစ်၌ သီလပါရမီဖြင့် သင်္ဂြိုဟ်အပ်၏။
- ထိုနေက္ခမ္မပါရမီ၏ နီဝရဏတို့မှ ကင်းသောအဖြစ်၌ ဈာနပါရမီဖြင့် သင်္ဂြိုဟ်အပ်၏။
- ထိုနေက္ခမ္မပါရမီတို့၏ ကုသိုလ်ဓမ္မ၏အဖြစ်၌ ၆-ပါးသော ပါရမီတို့ဖြင့် သင်္ဂြိုဟ်အပ်၏။
- သစ္စာပါရမီတို့သည် ဝစီသစ္စာ, ဝိရတိသစ္စာအဖို့၌ သီလပါရမီ ၁-စိတ် မည်၏။ ထိုသစ္စာပါရမီ၏ ဉာဏသစ္စာအဖို့၌ ပညာပါရမီဖြင့် *(သင်္ဂြိုဟ်အပ်၏။)*
ထိုမေတ္တာပါရမီကို ဈာနပါရမီဖြင့်သာ သင်္ဂြိုဟ်အပ်၏။
- ဥပေက္ခာပါရမီကို ဈာနပါရမီ *(ပညာပါရမီ)*တို့ဖြင့် သင်္ဂြိုဟ်အပ်၏။
- အဓိဋ္ဌာန်ပါရမီကို ၆-ပါးသော ပါရမီတို့ဖြင့် သင်္ဂြိုဟ်အပ်၏။ (စရိယာ၊ဋ္ဌ။၃၁၃)
- အလုံးစုံသော ပါရမီတို့ကို ပညာပါရမီဖြင့် သင်္ဂြိုဟ်အပ်၏။
- ၆-ပါးအပြားရှိသော ပါရမီတို့ကို သစ္စာဓိဋ္ဌာန်, စာဂါဓိဋ္ဌာန်, ဥပသမာဓိဋ္ဌာန်, ပညာဓိဋ္ဌာန်အားဖြင့် ၄-ပါးသော အဓိဋ္ဌာန်တို့ဖြင့် သင်္ဂြိုဟ်အပ်၏။

ထို ၄-ပါးတို့တွင်—

၁။ လောကုတ္တရာ၌ ပြုအပ်ပြီးသော ဆုတောင်းခြင်းရှိသော သတ္တဝါတို့၌ အစဉ်စောင့်ရှောက်သနားခြင်းရှိသော ဘုရားလောင်း ဝန်ခံသည်အားလျော်စွာ အလုံးစုံသော ပါရမီတို့ကို သိမ်းဆည်းခြင်းသည် **သစ္စာဓိဋ္ဌာန်** မည်၏။

၂။ အလုံးစုံသော ပါရမီတို့၏ ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်ကို စွန့်ခြင်းသည် **စာဂါဓိဋ္ဌာန်** မည်၏။

၃။ အလုံးစုံသော ပါရမီဂုဏ်တို့ဖြင့် ဆန့်ကျင်ဘက် ကိလေသာတို့၏ ငြိမ်းခြင်းသည် **ဥပသမာဓိဋ္ဌာန်** မည်၏။

၄။ ထိုပါရမီတို့ဖြင့် သတ္တဝါတို့၏အကြောင်း၌ လိမ္မာသောသူ၏အဖြစ်သည် **ပညာဓိဋ္ဌာန်** မည်၏။ (စရိယာ၊ဋ္ဌ။၃၁၄)

အလုံးစုံသော ပါရမီတို့ကို ၄-ပါးသော အဓိဋ္ဌာန်တို့ဖြင့် သင်္ဂြိုဟ်အပ်သကဲ့သို့ ကရုဏာ, ပညာ ၂-ပါးတို့ဖြင့်လည်း သင်္ဂြိုဟ်အပ်၏။ (စရိယာ၊ဋ္ဌ။၃၁၇)

ဤသို့ ဆိုအပ်ခဲ့ပြီးသော အကြောင်းတရားနှင့် ပြည့်စုံသော ဘုရားလောင်းတို့သည်—

- ဥစ္စာ, ပြည်, ရွာ, တိုင်းကား, သား, မယား, ခြေ, လက်, အင်္ဂါ, မျက်စိ, နား, နှာခေါင်း, အသက်တို့ကို ကိုယ်တော်နှင့် အသက်၌ ငဲ့ကွက်ခြင်း မရှိမူ၍ အလိုရှိသောသူတို့အား ပေးကမ်းစွန့်ကြဲခြင်း-ဟု ဆိုအပ်သော, ဒါန-အစရှိသော, သူတပါးတို့သည် ပြုဝံ့သည် မဆိုထားဘိဦး၊ ကြံရုံမျှ မကြံဝံ့သော, ပြုနိုင်ခဲလှစွာသော ပါရမီတို့ကို ၄-သင်္ချေနှင့် ကမ္ဘာ ၁-သိန်း ကာလပတ်လုံး ပြင်းစွာဖြည့်ကျင့် ပွါးများခြင်းတည်း-ဟူသော စိရ-**ကာလဘာဝနာ**၊
- ထို ၄-သင်္ချေနှင့် ကမ္ဘာ ၁-သိန်းတွင်း၌ အစဉ်မပြတ် စပ်ကာစပ်ကာ ဖြည့်ကျင့်ပွါးများခြင်းတည်းဟူသော **နိရန္တရဘာဝနာ**၊
- မဆုတ်မနစ် တုန်လှုပ်ခြင်းမရှိ ရိုသေစွာ ဖြည့်ကျင့်ပွါးများခြင်းတည်းဟူသော **သက္ကစ္စ-ဘာဝနာ**၊
- အလုံးစုံသော ဘုရားကျေးဇူး အဆောက်အဦအကျိုးငှာ အလုံးစုံသော ပါရမီ အဆောက်အဦတို့ကို မကျန်မကြွင်းရအောင် ဖြည့်ကျင့်ပွါးများခြင်းတည်းဟူသော **သဗ္ဗသမ္ဘာရဘာဝနာ**— (စရိယာ၊ဋ္ဌ။၁၉၊၃၁၇)

တို့ဖြင့် ကိုယ်တော်နှင့် အသက်၌ ငဲ့ကွက်ခြင်းမရှိ၊ ဖြည့်တော်မူမှ ရအပ်သော, လောက ၃-ပါးတို့တွင် တစ်စုံတစ်ယောက်သောသူမျှ မကြံနိုင်၊ အံ့ဩချီးမွမ်း၍ မကုန်နိုင်သော, အစိန္တေယျ အပ္ပမေယျ အနန္တ အပရိမာဏဖြစ်သော, ဘုရားဂုဏ်တော်တို့ဖြင့် ခြံရံအပ်သော သဗ္ဗညုတဉာဏ်တော်ကို ရတော်မူသည်။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သူတပါးတို့သည် ပြုဝံ့ခဲလှစွာသော ခဲယဉ်းသော အကျင့်ကို ကျင့်မှသာလျှင် ဘုရားအဖြစ်သို့ ရောက်သောကြောင့် ဘုရားဖြစ်အောင် ကျင့်ဝံ့သောသူသည် အလွန်လျှင် ရှားလှ၏။ ရှားသောကြောင့် ဘုရားဖြစ်သောအခါကား အလွန်လျှင် ရှားလှ၏။

"ငါ၏ချစ်သား ရဟန်းများတို့၊ ဘုရားဖြစ်သောအခါကို ကြုံကြိုက်ကြကုန်သော သင်တို့သည် မေ့လျော့၍ မနေကြကုန်လင့်။ ပြည့်စုံစေအပ်သော ဒါန, သီလ-အစရှိသော ကျင့်ဝတ်ပဋိပတ်တရားတို့ကို ပြည့်စုံအောင် အားထုတ်ကြကုန်"ဟု ဆုံးမတော်မူလိုသည် ဖြစ်၍ "**အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ**"ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

★★★★★★★

## [ ၁၃ ] ပဋိစ္စသမုပ္ပါဒ်တရား

**“တီဟိ ဝိဇ္ဇာဉာဏေဟိ သမ္ပန္နောတိ တိဝိဇ္ဇာဉာဏသမ္ပန္နော”**ဟူသော ဝစနတ္ထနှင့် အညီ–

ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ တီဟိ ဝိဇ္ဇာဉာဏေဟိ၊ ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်-ဟု ဆိုအပ်သော ၃-ပါးသောဉာဏ်တို့နှင့်။ သမ္ပန္နော၊ ပြည့်စုံတော်မူသည်တည်း။ ဣတိ တသ္မာ၊ ထိုသို့ ၃-ပါးသော ဉာဏ်တို့နှင့် ပြည့်စုံတော်မူသော သတ္တိကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ တိဝိဇ္ဇာဉာဏသမ္ပန္နော၊ **တိဝိဇ္ဇာဉာဏသမ္ပန္န** မည်တော်မူ၏။

ဤသို့သော ဝိဂြိုဟ်ဝစနတ် မိန့်အပ်သည်နှင့်လျော်ညီစွာ ဗောဓိအောင်ချာ ရတနာ ရွှေပလ္လင်၌ နေမဝင်မီ ဒေဝပုတ္တမာရ်ကို အောင်မြင်တော်မူပြီး၍–

- ပထမယာမ်၌ ရှေးရှေးသောကမ္ဘာ သံသရာဝယ် မဟာပုရိသဖြစ်တော်မူသော ကိုယ်တော်မြတ်၏ ရှေးရှေးသောဘဝက ဖြစ်တော်မူရသော ခန္ဓာတော်အစဉ်ကို ဆင်ခြင်အောက်မေ့တော်မူနိုင်သော **ပုဗ္ဗေနိဝါသဉာဏ်,**
- မဇ္ဈိမယာမ်ဝယ် သတ္တရဋ္ဌာန်, သီဒါ၊ စက္ကဝါ,မြေထု၊ ရေထု, လေထု၊ စုတိနှင့် ပဋိသန်၊ ၃-တန်သော လောကကို တဝတည်းပိုက်ခြုံ၍ အလုံးစုံသိမြင်နိုင်သော **ဒိဗ္ဗစက္ခုဉာဏ်,**
- အခါသမယ၊ မိုးသောက်ထဝယ်၊ အဝိဇ္ဇာအစ၊ ဇာတိ,ဇရာ, မရဏအဆုံး၊ အလုံးစုံ ၁၂-ပါးသော အင်္ဂါ, ကာလ ၃-ရပ်, အစပ် ၃-ဖြာ, အလ္လာ ၄-သွယ်, ၂၀-သော အခြင်းအရာနှင့်တကွ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တရားကို ပိုင်းခြားကုန်စင် သိမြင်တော်မူနိုင်သော **အာသဝက္ခယဉာဏ်–**

နှင့် ပြည့်စုံတော်မူသည်၏အဖြစ်ကြောင့် တိဝိဇ္ဇာဉာဏသမ္ပန္န-ဟူသော အမည်တော်ဂုဏ်ဖြင့် ၃-ဘုံတိုက်၌ လှိုက်ဆူကြော်ငြာလျက် မဟာမေ့ရာဇ်မင်းဆုံးဖြစ်တော်မူသော မြတ်စွာဘုရားသည် သဗ္ဗညုတအဖြစ်သို့ ရောက်တော်မူသောအခါ ရှေးဦးစွာသော ဗောဓိပလ္လင်၌ သတ္တသတ္တာဟ ၇-ရက်, ၇-လီ၊ ၄၉-ရက် နေတော်မူသည်တွင် ပထမသတ္တာဟဝယ် ဗောဓိပင်၏ အနီးအရင်း၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူပြီးလျှင် ရှေးဦးစွာအစ ပထမဝယ် သံသရာစက်၏ အကွက်အကန့်တို့ကို ဤသို့ ဆင်ခြင်တော်မူ၏။

အဝိဇ္ဇာသည် အရင်းပြု၍ သင်္ခါရဖြစ်၏။ သင်္ခါရကြောင့် ဝိညာဉ်ဖြစ်၏။
ဝိညာဉ်ကြောင့် နာမ်,ရုပ်ဖြစ်၏။ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်၏။
သဠာယတနကြောင့် ဖဿဖြစ်၏။ ဖဿကြောင့် ဝေဒနာဖြစ်၏။
ဝေဒနာကြောင့် တဏှာဖြစ်၏။ တဏှာကြောင့် ဥပါဒါန်ဖြစ်၏။
ဥပါဒါန်ကြောင့် ဘဝ ဖြစ်၏။ ဘဝကြောင့် ဇာတိ ဖြစ်၏။

ဇာတိကြောင့် အိုခြင်း, နာခြင်း, သေခြင်း, ပျက်စီးခြင်းတို့သည် ကမ္ဘာအဆက်ဆက်, ဘဝအဆက်ဆက်ပင် ဖြစ်ကြရကုန်၏။ (သံ၊၁။၂၄၃)

ထိုသံသရာစက်၏ အကွက်အကန့်ဖြစ်၍—

- အဝိဇ္ဇာသည် ကြီးပွါးသော အမိုက်တိုက်ကြီးနှင့် တူ၏။
- သင်္ခါရသည် ပူလောင်စေတတ်သော မီးပုံကြီးနှင့် တူ၏။
- ဝိညာဉ်သည် မီးပုံကြီးကို ဖြစ်စေတတ်သော လောင်စာနှင့် တူ၏။
- နာမ်,ရုပ်သည် မီးပုံကြီးသို့ ဆင်းတတ်သော ပိုးဖလံနှင့် တူ၏။
- သဠာယတနသည် မီးတောက်,မီးလျှံနှင့် တူ၏။
- ဖဿသည် မီးလောင်သည်နှင့် တူ၏။
- ဝေဒနာသည် မီးလောင်၍ စပ်ပူကျင်နာသည်နှင့် တူ၏။
- တဏှာသည် မသင့်သော အစာနှင့် တူ၏။
- ဥပါဒါန်သည် မသင့်သောအစာကို စားမိသည်နှင့် တူ၏။
- ဘဝသည် အစားမှား၍ ငန်းသန္နိပါတ်ရောက်သည်နှင့် တူ၏။
- ဇာတိသည် အနာသစ်ဖြစ်သည်နှင့် တူ၏။
- ဇရာသည် အနာအားကြီးသည်နှင့် တူ၏။
- မရဏသည် အနာအားကြီး၍ ပျက်စီးသည်နှင့် တူ၏။

ထို့ကြောင့်—

**ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။**

ဟူ၍ ဟောတော်မူသည်။ (သံ၊၁။၂၄၃)

ဇဝံ၊ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ကေဝလဿ၊ ချမ်းသာ-အစရှိသည်တို့နှင့် မရောသော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲအပေါင်း၏။ သမုဒယော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ ထင်ရှားဖြစ်၏။

ဤသို့ ဟောတော်မူသောကြောင့်—

- **အဝိဇ္ဇာသည်ကား** ပုဗ္ဗန္တ, အပရန္တ-ဟု ဆိုအပ်သော သံသရာစက်၏ ရှေ့အစွန်း, နောက်အစွန်းတို့ကိုလည်းကောင်း၊ မဂ္ဂန္တ, ဖလန္တ-ဟု ဆိုအပ်သော မဂ်အစွန်း, ဖိုလ်အစွန်းတို့ကိုလည်းကောင်း မသိမမြင်နိုင်အောင် ဖုံးလွှမ်းတတ်သော မောဟသည် **အဝိဇ္ဇာ** မည်၏။
- ထိုအဝိဇ္ဇာကို အမြစ်ပြု၍ ဖြစ်ခြင်း, ပျက်ခြင်းသည် **သင်္ခါရမည်၏**။ ထိုသင်္ခါရသည်လည်း ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရအားဖြင့် ၃-ပါးအပြား ရှိ၏။ (ဝိသုဒ္ဓိ၊၂။၁၆၁-၂)

ထို ၃-ပါးတို့တွင်—

ကုသိုလ်ကံစေတနာကြောင့် လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံတို့၌ ဖြစ်ခြင်း,ပျက်ခြင်းသည် **ပုညာဘိသင်္ခါရ** မည်၏။

အကုသိုလ်ကံစေတနာကြောင့် အပါယ် ၄-ဘုံတို့၌ ဖြစ်ခြင်း,ပျက်ခြင်းသည် **အပုညာဘိသင်္ခါရ** မည်၏။

အရူပကုသိုလ်ကံစေတနာကြောင့် အရူပ ၄-ဘုံ၌ ဖြစ်ခြင်း,ပျက်ခြင်းသည် **အာနေဉ္ဇာဘိသင်္ခါရ** မည်၏။ (ဝိသုဒ္ဓိ၊၂။၂၀၆)

ထို့ကြောင့် ခပ်သိမ်းသောသတ္တဝါတို့သည် အဝိဇ္ဇာ, တဏှာ-ဟူသော ရေသောက်မြစ် အခြေပါဒ မူလ ၂-ပါးကို အမှီသဟဲပြု၍ ကိလေသဝဋ်, ကမ္မဝဋ်တို့၌ ပျော်ပိုက်နှစ်သက်ခြင်းကြောင့် မဂ်,ဖိုလ်,နိဗ္ဗာန်ကို အလိုမရှိဘဲ, ချမ်းသာကို အလိုမရှိဘဲ ဆင်းရဲအတိသာဖြစ်သော ၁၂-ပါးသောအင်္ဂါတို့ကို မြဲမြံစွာ တည်စေခြင်းငှာ လောကီစည်းစိမ်ကို တောင့်တ၍ ကုသိုလ်ကောင်းမှုတို့ကို ပြုကြကုန်၏။

ကုသိုလ်ကံစေတနာကြောင့် လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံတို့၌ ကျင်လည်ရခြင်းသည် သင်္ခါရနှင့် မကင်းခြင်းကြောင့် "ပဋိသန္ဓေ နေခြင်း, အိုခြင်း, နာခြင်း, သေခြင်းတို့ကို အကြိမ်ကြိမ်အဖန်ဖန် တွေ့ပြန်ရပါလို၏"ဟု ဆုမတောင်းသော်လည်း ဆုတောင်းသည် မည်၏။

ဥပမာကား–

- ထက်လှစွာသော သင်တုန်းသွား၌ ပျားရည်စက်ကို လျက်မှားမိသော သူမိုက်ကဲ့သို့လည်းကောင်း၊ (ဝိသုဒ္ဓိ၊၂။၁၆၃)
- ဆီမီးရောင်ကို ရွှေရောင်ထင်၍ တိုးဝင်မှားသော ပိုးဖလံကဲ့သို့လည်းကောင်း၊
- ကျားမကြီးကို အမိမှတ်၍ နို့စို့မှားသော နွားသူငယ်ကဲ့သို့လည်းကောင်း၊
- ရန်သူကို ကိုယ့်လူမှတ်၍ ဝင်မှားမိသော စစ်သူမိုက်ကဲ့သို့လည်းကောင်း

ကြီးစွာသော ဘေးဒဏ်ရန်မာန် အန္တရာယ်အပေါင်းတို့နှင့် တွေ့၍ သေကျေပျက်စီးခြင်းသို့ ရောက်ရလေတော့သည်။

သား,မယားတို့၌ ပျော်ပါးနှစ်ခြိုက်သောသူတို့သည် ဆင်သေကောင်ကို စားသော ကျီးမိုက်နှင့် တူ၏။ အဘယ်ကဲ့သို့ တူလေသနည်းဟူမူကား သမုဒ္ဒရာမြစ်နား၌ ဆင် ၁-ကောင်သေ၍ ရေတွင် ပေါလောမျောလေလျှင် လောဘဇောကပ်ငြိ၍ ဉာဏ်မရှိသောကျီးမိုက်တို့ တွေ့လေလျှင် "ကံတော်စွတကား၊ အရတော်စွတကား"ဟု ဝမ်းမြောက်ဝမ်းသာ ဆင်သေကောင်ကို နား၍ လိုက်ကြလေကုန်၏။ ဆင်သေကောင် မြုပ်သည်ရှိသော် လောဘဇောကပ်ငြိ၍ ဉာဏ်မရှိသောကျီးမိုက်တို့သည် မှီခိုကိုးကွယ်ရာ သောင်ကမ်း,သစ်ပင်မရ၍ သမုဒ္ဒရာဆားငန်ရည်တွင် သေကျေပျက်စီးခြင်း, နစ်မွန်းခြင်းသို့ ရောက်ကြရလေတော့သည်။

ထို့အတူ လောကီစည်းစိမ်ဥစ္စာ သား,မယားတို့၌ ပျော်ပိုက်နှစ်ခြိုက်၍ ကုသိုလ်ကောင်းမှုတို့ကို မပြု၊ မေ့လျော့၍နေသောသူတို့သည်ကား ဆင်သေကောင်ကို စားသော ကျီးမိုက်နှင့် တူကုန်၏။ ထိုသူတို့သည် ရွာစွန်, ရွာနား၌ လှည့်ပတ်၍ အစာဟောင်းကို စား၍ ညွန်အိုင်၌ ပျော်ပိုက်သော ဝက်ကဲ့သို့လည်းကောင်း၊ ကမ္ဘာ့သစ်ငုတ်, ကမ္ဘာ့ခလုတ်ကဲ့သို့လည်းကောင်း မဂ်ကို မမြင်နိုင်, ဖိုလ်ကို မမြင်နိုင်, နိဗ္ဗာန်သို့ မရောက်နိုင်။

ဂေါ်ဝါလု သဲစုမက ပွင့်တော်မူသော မြတ်စွာဘုရားတို့ကို မတွေ့ရဖူးဘဲ ယခုထက်တိုင် အကြံမချ အားမရဘဲ အမဲရိုးကို ခဲသော ခွေးကဲ့သို့ မိမိသွားရည်စွန်း၍ အညှီနံလေ, နှစ်၍ခဲလေ ချင်ရဲမပြေ၊ ရေငတ်သောသူသည် ရေပေါက်ကို လျက်ရသကဲ့သို့သာဖြစ်၍ ဘဝများစွာ သံသရာ၌ ကမ္ဘာအဆက်ဆက် ဘဝအဆက်ဆက် "မမြင်တောရမ်း၊ ဆင်ကန်းတောတိုး၊ ဟုတ်နိုးနိုးသာ"အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ်, ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏတို့သည် အပြန်ပြန်အလှန်လှန် အဖန်ဖန်အကြိမ်ကြိမ် အထပ်ထပ် ချားရဟတ်ကဲ့သို့ အဖန်တလဲလဲ ငရဲ၌ တခါ၊ ပြိတ္တာ၌ တသွယ်၊ အသုရ-

ကာယ်၌ တတန်၊ တိရစ္ဆာန်၌ တစု၊ လူ့ရွာနှံ့စပ်၊ နတ်ရပ်အလာ၊ ပြဟ္မာရူပ၊ အရူပတွင် ဆုံးမမြင်၍ သံသရာဝဋ်ဆင်းရဲ၌ မြဲမြဲစွာ ကျင်လည်ကြရကုန်၏။

ထို့ကြောင့် အစိန္တေယျ သုံးလူ့ထွတ်ထား သဗ္ဗညုဘုရားသခင်သည် ညီတော် အာနန္ဒာကို ခေါ်တော်မူ၍ ဤသို့ မိန့်တော်မူ၏။ "ချစ်သားအာနန္ဒာ၊ ငါဘုရား၏ လက်သည်းဖျား၌ ပါသောမြေနှင့် မပါကျန်သောမြေသည် အဘယ်က များသနည်း"ဟု မေးတော်မူ၏။ "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ကိုယ်တော်အရှင်မြတ်၏ လက်သည်းဖျား၌ ပါသောမြေသည် အနည်းငယ်မျှ ဖြစ်ပါသည်။ မပါကျန်သောမြေက အလွန်များပါ၏"ဟု နားတော်လျှောက်၏။ (သံ၊၁။၃၅၂။ နခသိခါသုတ်)

"ချစ်သားအာနန္ဒာ၊ အကျွတ်တရားကို ရသောသူတို့ကား ငါ၏ လက်သည်းဖျား၌ ပါသောမြေနှင့် တူ၏။ အကျွတ်တရားကို မရသောသူတို့ကား မပါကျန်သော ၂၄၀,၀၀၀- အထုရှိသော မဟာပထဝီမြေကြီးနှင့် တူ၏"ဟု ညီတော် အာနန္ဒာကို မြတ်စွာဘုရား မိန့်တော်မူသည်ကို နှလုံးသွင်း၍ သာသနာတော်တွင်း၌ ကြုံကြိုက်သည်နှင့်အညီ မဒိုမီ, မနာမီ, မသေမီကာလက မဂ်,ဖိုလ်,နိဗ္ဗာန်ကို တောင့်တ၍ ဒါန, သီလ, ဘာဝနာ-စသော ကုသိုလ် ကောင်းမှုတို့ကို အားထုတ်ကြကုန်ရာသည်။

ထိုကုသိုလ်ကောင်းမှုတို့၌ အားထုတ်ကုန်သောသူတို့သည်ကား ၁-နေ့, နောက် ၁-နေ့၊ ၁-ရက်, နောက် ၁-ရက်၊ ၁-လ, နောက် ၁-လ၊ ၁-နှစ်, နောက် ၁-နှစ်၊ ၁-ဘဝ, နောက် ၁-ဘဝ၊ ၁-ကမ္ဘာ, နောက် ၁-ကမ္ဘာ သံသရာစက်မှ ထွက်မြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်း ၁-ဘက်သို့ ရောက်ကုန်ရာ၏။

ဥပမာကား အလွန်တရာ ကျယ်ဝန်းလှစွာသော သမုဒ္ဒရာ၌ သင်္ဘောပျက်၍ နစ်မွန်းမျောပါသောသူတို့သည် ဒွတ္တိံသကာယအစုဖြစ်သော သူကောင်ပုပ်အစုသည် ရေတွင် ပေါ်လောမျောလာသည်ကို တွေ့လျှင် "ဤသူကောင်သည် ငါ၏ကိုးကွယ်ရာ ဖြစ်တော့သည်"ဟု အကြံပြု၍ ထိုသူကောင်ပုပ်ကို စက်ဆုပ်ရွံရှာလျက်ပင် မြဲမြဲစွာဖက်၍ ကူးသည်ရှိသော် လှိုင်းတံပိုးခတ်၍ ကမ်း ၁-ဘက်သို့ ရောက်လေတော့သည်။

ထိုအခါ ထိုသူကောင်ပုပ်ကို စက်ဆုပ်ရွံရှာဖွယ်ရှိ၍ စွန့်သကဲ့သို့ ထိုဥပမာစကား၌–

- မဟာသမုဒ္ဒရာသည်ကား သံသရာနှင့် တူ၏။
- ထိုမဟာသမုဒ္ဒရာ၌ နစ်မွန်းမျောပါသောသူတို့သည်ကား သံသရာ၌ ကျင်လည်ရသော ငါတို့သူငါနှင့် တူ၏။

- ဒွတ္တိံသကာယအစုဖြစ်သော သူကောင်ပုပ်သည်ကား ကူးတို့လှေနှင့် တူ၏။
- နာမ်တရားတို့သည်ကား ကူးတို့စီးသောသူတို့နှင့် တူ၏။
- ဒါန, သီလ-စသော ကုသိုလ်ကောင်းမှုသည်ကား ဤမှာဘက်ကမ်းမှသည် ထိုမှာဘက်ကမ်းသို့ ရောက်အောင် ကူးပို့သော ကူးတို့သူကြီးနှင့် တူ၏။

ထို့ကြောင့် "ယခုတကွ များလှစွာသော ပရိသတ်တို့သည် မအိုမီ, မနာမီ, မသေမီကာလက ဒါန, သီလ, ဘာဝနာ-စသော ကုသိုလ်ကောင်းမှုတို့ကို ကြိုးစားအားထုတ်ကြကုန်ရာသည်"ဟူ၍ လူ,နတ်တို့မှန်ကင်း တရားမင်းအလို အဓိပ္ပါယ်လာသည်။ (အဘိဓမ္မာတပ်၍ အဆုံးသတ်လေ။)

## ဂမ္ဘီရတ္ထဒေသနာ၊ စတုတ္ထပိုင်း၊

## ဤတွင်ရွေ့ အလုံးစုံ ပြီး၏။

✪ ✪ ✪ ✪ ✪ ✪

# ကျမ်းပြီးနိဂုံး

တိဏ္ဏံ မဟာရဋ္ဌာနံ၊ တိုင်းကြီး ၃-တိုင်းတို့တွင်။ တမ္ဗဒီပရဋ္ဌေ၊ တမ္ဗဒီပတိုင်း၌။ ဒီပဲရင်းက္ကစ္စာဘိဓာနသ္မိံ၊ ဒီပဲရင်းအမည်ရှိသော။ နဂရသ္မိံ၊ မြို့၏။ ဤသာနုနိဿိတေ၊ စဉ်းငယ် အရှေ့တောင်ယွန်းထသော။ ဒက္ခိဏာဒိသာဘာဂေ၊ တောင်အရပ်မျက်နှာအဖို့ဖြစ်သော။ သာတိရေကယောဇနိကေ၊ အလွန်နှင့်တကွ ၁-ယူဇနာ ခရီးကွာဝေးသော။ ဌာနေ၊ အရပ်၌။

ထန်းတပင် က္ကတိသမ္ဘတေ၊ ထန်းတပင်-ဟူသော အမည်ရှိသော။ ဂါမေ၊ ရွာ၌။ ဝသန္တော၊ သီတင်းသုံးနေသော။

ဝိစာရိန္ဒနာမကော၊ ဝိစာရိန္ဒအမည်ရှိသော။ ယော ထေရော၊ အကြင်မထေရ်သည်။ အတ္ထိ၊ ရှိ၏။

ဝိနယာစာရယုတ္တော၊ ဝိနည်းအကျင့်နှင့်လည်း ယှဉ်၏။

နိဝါတဝုတ္တိဂုတ္တာဒ္ဓါရော၊ နှိမ့်ချသော အသက်မွေးခြင်း, ဆုံးမချုပ်တည်း စောင့်စည်းအပ်သော က္ကန္ဒြေလည်း ရှိ၏။

ကတညူ၊ သူတပါးတို့၏ ကျေးဇူးကိုလည်း သိတတ်၏။

သန္တမိတ္တဗဟုလော၊ သူတော်ကောင်းတည်းဟူသော အဆွေခင်ပွန်းလည်း များ၏။

သန္တမာမကော၊ သူတော်ကောင်းတို့ကိုလည်း မြတ်နိုးတတ်၏။

သန္တဘာဝပတ္ထိကော၊ သူတော်ကောင်း၏အဖြစ်ကိုလည်း လွန်စွာ တောင့်တလေ့ရှိ၏။

ဗုဒ္ဓမာမကော၊ ဘုရားကိုလည်း မြတ်နိုး၏။

ဓမ္မမာမကော၊ တရားကိုလည်း မြတ်နိုး၏။

သံဃမာမကော၊ သံဃာကိုလည်း မြတ်နိုး၏။

သမန္တဂါမေ၊ ထက်ဝန်းကျင်သော ရွာ၌။ ဥပါသကာနံ၊ ဒါယကာ, ဒါယိကာမတို့အား။ ဓမ္မေန၊ တရားသဖြင့်။ သင်္ဂဟိတော၊ သင်္ဂြိုဟ်ထောက်ပင့် ချီးမြှင့်တတ်၏။

သော ထေရော၊ ထိုမထေရ်သည်။ ဂမ္ဘီရတ္ထဒီပကံ၊ နက်နဲသော အနက်အဓိပ္ပါယ်ကို ပြရာပြကြောင်းဖြစ်သော။ ဓမ္မဒေသနာတန္တိံ၊ တရားဒေသနာအစဉ်ကို။ အာရဗ္ဘတ္ထာယ၊ ရေးသားချီးမြှင့် အားထုတ်စိမ့်သောငှာ။

စန္ဒိမာလင်္ကာရနာမကံ၊ **စန္ဒိမာလင်္ကာရ** အမည်ရှိသော။ မံ၊ ငါ့ကို။ သက္ကစ္စံ၊ ရိုသေစွာ။ အဘိ-ယာစိတော *(အဘိယာစကော)*၊ တောင်းပန်ပြီ။ တသ္မာ အဘိယာစိတတ္တာ *(အဘိယာစ-ကတ္တာ)*၊ ထိုသို့ တောင်းပန်လေသောကြောင့်။

မာပိတသ္မိ၊ **အလောင်းမင်းတရားကြီးသည်** ဖန်ဆင်းအပ်သော။ ရတနာသိခပုရသ္မိ၊ ရတနာမျိုးအပေါင်းတို့၏ ခညောင်းဝပ်စင်း အခွန်တော်သွင်းရာဖြစ်သည်၏အဖြစ်ကြောင့် ရတနာသိခအမည်ရှိသော ကုန်းဘောင်ရွှေပြည်တော်ကြီး၏။

**ဤ**သာနုနိသိတေ၊ စဉ်းငယ် အနောက်မြောက်ထောင့်သို့ ယွန်းထသော။ ပစ္ဆိမဒိသာဘာဂေ၊ အနောက်မျက်နှာအရပ်ဖြစ်သော။ အမုယောဇနိကေ၊ ယူဇနာခွဲခရီး ကွာဝေးသော။

မဟာတဠာကပေါက္ခရဏီခေတ္တဝတ္ထုသမ္ပန္နေ၊ များစွာသော တဖက်ဆည်ကန်, ၄-ထောင့်ကန်, လယ်ယာတို့နှင့်လည်း ပြည့်စုံထသော။ သတိဏကဒ္ဒောဒကေ၊ ပြည့်စုံသော မြက်,ထင်း, ရေလည်းရှိထသော။ နာနာဒုမဂဏာကိဏ္ဏေ၊ အထူးထူးသော သစ်ပင်မျိုးတို့နှင့်လည်း ပြွမ်းထသော။ ဌာနေ၊ အရပ်၌။ ဌိတသ္မိ၊ တည်သော။

သီးလုံးက္ကတိသမ္ဘတသ္မိ၊ သီးလုံးအမည်ရှိသော။ ဂါမသ္မိ၊ ရွာ၏။ ပုရတ္ထိမဒိသာဘာဂေ၊ အရှေ့မျက်နှာအဖို့၌။ ဌိတသ္မိ၊ တည်သော။

နာနာစူဠစေတိယပါသာဒပရိဝါရသ္မိ၊ အထူးထူးသော စေတီငယ်, အထူးထူးသော ပြာသာဒ်, တန်ဆောင်းတို့ဖြင့် ခြံရံအပ်သော။ ပတ္ထနာပုဏ္ဏထူပပဝရသ္မိ၊ **ဆုတောင်းပြည့်စေတီတော်မြတ်၏။** အာသန္နေ၊ အနီးဖြစ်သော။

**သီတစ္ဆာယုဒကသမ္ပန္နေ၊** ချမ်းအေးသော အရိပ်,ရေနှင့်လည်း ပြည့်စုံထသော။ သုဘူမိဘာဂေ၊ ကောင်းသော မြေအဖို့လည်းရှိထသော။ ဌာနေ၊ အရပ်၌။ စာရိတ္တသောဘဏဝိပုလ-ကုလဝတ္တနေန၊ အမျိုး၏အကျင့်ဖြင့် တင့်တယ်သောအမျိုး၌ ဖြစ်ခြင်းရှိထသော။ သဒ္ဓါ-တိဝုဒ္ဓပရိသုဒ္ဓဂုဏောဒယေန၊ သဒ္ဓါဖြင့် အလွန်ပွါးသော *(သန့်ရှင်းစင်ကြယ်သော)* သီလ-စသော ဂုဏ်တို့ဖြင့် ဖြစ်ခြင်းရှိထသော။ တရုဏယောဗ္ဗနေန၊ နုနယ်ပျိုမျစ်သော အဆင်းအရွယ်နှင့်လည်း ပြည့်စုံထသော။ ရတနတ္တယပသန္နေန၊ ရတနာ ၃-ပါးတို့၏ ဂုဏ်၌ ကြည်ညိုခြင်းလည်း ရှိထသော။ ကဥ္စနသိက္ကနာမေန၊ ရွှေဆိုင်းအမည်ရှိသော။ ဥပါသကေန၊ ဒါယကာသည်။ ကာရိတေ၊ ပြုလုပ်ထသော။ သုသမ္ဗဒ္ဓခဒိရသာရထမ္ဘ-သမုဿိတေ၊ ချောမွေ့ပြေပြစ်သော ရှားတိုင်တို့ဖြင့် စိုက်ဆောက်အပ်သော။ မနောရမ္မေ၊ နှလုံးမွေ့လျော်ဖွယ်ရှိသော။ စင်္ကမေ၊ စင်္ကြံကျောင်း၌။ ဝသန္တေန၊ နေသဖြင့်။ မယာ၊ ငါသည်။

ဂမ္ဘီရတ္ထနာမကော၊ ဂမ္ဘီရတ္ထအမည်ရှိသော။ ယော ဂန္ထော၊ အကြင်ကျမ်းကို။ ရစိတော၊ စီရင်
အပ်ပြီ။ သော ဂန္ထော၊ ထိုစီရင်အပ်သော ကျမ်းသည်။

သက္ကရာဇေ ကောဇာသက္ကရာဇ်သည်။ ဇိဗျကယေ၊ ၁၁၉၈(တစ်ထောင့်တစ်ရာကိုးဆယ့်ရှစ်)ခု
သည်။ သမ္ပတ္တော၊ ရောက်လတ်သော်။ နိဋ္ဌာနံ၊ ပြီးဆုံးခြင်းသို့။ ပတ္တော၊ ရောက်ပြီ။

တသ္မ ပုညဿ၊ ထိုကျမ်းကို စီရင်ရသော ကောင်းမှု၏။ အာနုဘာဝေန၊ အစွမ်းအာနုဘော်ကြောင့်။ သဗ္ဗသတ္တာ၊ အလုံးစုံသော သတ္တဝါတို့သည်။ သမမ္မေ၊ မိမိတို့ ကျင့်အပ်သော သူတော်ကောင်းတရား၌။ အဘိရတာ၊ အလွန်မွေ့လျော်ကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ရာဇာ၊ မင်းသည်။ မေဒနိံ၊ မြေ၌နေသော လူအပေါင်းကို။ အတ္တနော၊ မိမိ၏။ ဩရသံ၊ ရင်၌ဖြစ်သော။ ပုတ္တံ ဣဝ၊ သား,သမီးကဲ့သို့။ ဓမ္မေန၊ တရားသဖြင့်။ ရက္ခတု၊ စောင့်ရှောက်ပါစေသတည်း။ ဒေဝေါ၊ မိုးသည်။ ကာလေ၊ ရွာသင့်သောအခါ၌။ သမ္မာ၊ ကောင်းစွာ။ ဝဿတု၊ ရွာပါစေသတည်း။

ဂန္ထကာရေန၊ ကျမ်းကို ပြုရသော။ ပုညေန၊ ကောင်းမှုကြောင့်။ သဒ္ဓမ္မေ၊ သူတော်ကောင်းတရား၌။ အဘိရမေယျံ၊ အလွန်မွေ့လျော်လို၏။ လောကဓမ္မေဟိ၊ လောကဓံတရား ၈-ပါးတို့နှင့်။ ဖုဋ္ဌော၊ တွေ့အပ်သည်ရှိသော်။ သောရစ္စဟဒယေန၊ မွေ့လျော်ကြည်လင်သော စိတ်ဖြင့်။ သဟေယျံ၊ သည်းခံနိုင်လို၏။ သဗ္ဗတ္ထ၊ အလုံးစုံကုန်သော သတ္တဝါ, သင်္ခါရတို့၌။ နန္ဒံ၊ တပ်စွန်းခြင်းတဏှာကို။ န ကရေယျံ၊ မပြုရလို။ ဒသဟိ ဝိပဿနာဉာဏေဟိ၊ ၁၀-ပါးသော ဝိပဿနာဉာဏ်တို့နှင့်။ သဒါ၊ အခါခပ်သိမ်း။ သမ္ပန္နော၊ ပြည့်စုံသည်။ ဘဝေယျံ၊ ဖြစ်ရလို၏။ ဓမ္မာနုဓမ္မပဋိပတ္တိံ၊ မဂ်,ဖိုလ်,နိဗ္ဗာန်နှင့် လျော်ကန်ထိုက်တန်သောအကျင့်ကို။ ယုဉ္ဇေယျံ၊ အားထုတ်နိုင်လို၏။ ယုတ္တပယုတ္တော၊ အားထုတ်အပ်သော ဓမ္မာနုဓမ္မပဋိပတ်ကို အားထုတ်ရာ၌။ ကေနစိ၊ တစ်စုံတစ်ခုသောအကြောင်းကြောင့်။ အန္တရာယိကော၊ အန္တရာယ် မရှိသည်ဖြစ်၍။ ခိပ္ပံ၊ ဆောလျင်စွာ။ ဝိသေသံ၊ တရားထူးကို။ ဂစ္ဆေယျံ၊ ယူနိုင်လို၏။

## ဂမ္ဘီရတ္ထဒေသနာ

### ဤတွင်ရွေ့ အလုံးစုံ ပြီး၏။

✪ ✪ ✪ ✪ ✪ ✪ ✪ ✪ ✪ ✪

**ဂမ္ဘီရတ္ထဒေသနာကျမ်းကြီး တတိယအကြိမ် ပုံနှိပ်ထုတ်ဝေရာတွင် ရရှိသော တရားစာအုပ်များ စုစုပေါင်း အုပ်ရေ (၆၄၀၀)အပေါ် ခွဲဝေလှူဒါန်းမှုအစီအစဉ်ကို ကြည်ညိုဝမ်းမြောက်နိုင်စေရန် တင်ပြအပ်ပါသည်။**

(က) ဤ"ဂမ္ဘီရတ္ထဒေသနာကျမ်း"စာအုပ်ကို ရဟန်း,ရှင်,လူအများ စဉ်ဆက်မပြတ် ဝယ်ယူပူဇော် လှူဒါန်းနိုင်ရန် ဆောင်ရွက်လျက်ရှိသော ဗုဒ္ဓစာပေအဖွဲ့အား အုပ်ရေ (၁၀၀၀) လှူဒါန်းပါမည်။

(ခ) ဒေါသမာန်မာနနည်းပါး၍ ခန္တီတရားနှင့် ပြည့်စုံမှုတို့ကို သီးလုံးဆရာတော် လောင်းလျာ ရှင်စန္ဒိမာ၏ နူနယ်သောနှလုံးသား၌ စွဲဝင်ကူးစက် ကိန်းဝပ်စေခဲ့သော ပထမငါးခုန်ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတို့ကို ရည်မှန်း၍လည်းကောင်း, ဥပဇ္ဈာယ် ဒုတိယနံမော်ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးများကြောင့် အရှင်စန္ဒိမာသည် စာပေပရိယတ်ဘက်၌သာ ကျနစွာတတ်ကျွမ်းခဲ့သည်မဟုတ်ဘဲ အကျင့်သီလ, ဝိနည်း,သိက္ခာဘက်ကလည်း ဆိုဖွယ်ရာမရှိအောင် အချိုးတကျ လိမ္မာကျွမ်းကျင်တော်မူခဲ့ခြင်း၊ ထို့မျှမက ဝိနည်းဇောတဒဂ်ရ အရှင်ဥပါလိမထေရ်၏အနွယ်သို့ သက်ဝင်မိခြင်း အစရှိသော ဂုဏ်ကျေးဇူးများကို ရည်မှန်း၍လည်းကောင်း ထိုဆရာတော်ဘုရားကြီး ၂-ပါး၏ ကျောင်းတိုက်များ (ဆားလင်းကြီးမြို့နယ်၊ ငါးခုန်ကျေးရွာ၊ ဒက္ခိဏာရာမကျောင်းတိုက်နှင့် ဒီပဲရင်းမြို့နယ်၊ ညောင်လှကျေးရွာ၊ နံမော်ကျောင်းတိုက်များ)သို့ အုပ်ရေ (၃၀) လှူဒါန်းပါမည်။

(ဂ) ရွှေဘိုမြို့၊ သီးလုံးရွာ၊ ကန်ရင်းကျောင်းတိုက်နှင့် မဟာဝေယံဘုံသာကျောင်းတိုက်များတွင် မူလကျေးဇူးတော်ရှင် သီးလုံးဆရာတော်ဘုရားကြီး၏ ပေစာ,ကျမ်းစာ,ဓမ္မအမွေများကို ဆက်လက်စောင့်ရှောက်ထိန်းသိမ်း၍ အဓွန့်ရှည်တည်တံ့ စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်လျက်ရှိသော ကျောင်းတိုက်ပဓာနနာယက ဆရာတော်ဘုရား ၂-ပါးအား အုပ်ရေ (၅၀) လှူဒါန်းပါမည်။

(ဃ) ၁၂၀၂-ခုနှစ်၌ သီးလုံးဆရာတော်ဘုရားကြီးထံတော်သို့ ခိုလှုံမိသည်နှင့် တပြိုင်နက် ဝိနည်းဇောတဒဂ်ရ အရှင်ဥပါလိ၏အနွယ်သို့ သက်ဆင်းဝင်ရောက်ခွင့် ရခဲ့သော, ဝိနယနိဝါသ သဒ္ဓမ္မပဇ္ဇောတ ရွှေကျင်ဂိုဏ်းတည်းဟူသော သံဃနိကာယကို ၁၂၂၂-ခုနှစ်မှ စတင်ဦးဆောင်ကာ နှစ်ပေါင်း ၃၃-နှစ်ကျော် ကြာအောင်

တည်ထောင်စောင့်ရှောက်တော်မူခဲ့သော ပထမရွှေကျင်ဆရာတော်ဘုရားကြီး (၁၁၈၄-၁၂၅၅)၏ ကျေးဇူးဂုဏ်အနန္တတို့ကို ရည်မှန်းအာရုံပြု၍ ၁၃၇၂-ခုနှစ်၊ ပြာသိုလ၌ မန္တလေးမြို့၊ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီးတွင် ကျင်းပမည့် ရွှေကျင်နိကာယ သာသနာနှစ် (၁၅၀)ပြည့် အခမ်းအနားသို့ ကြွရောက်လာကြမည့် သာသနာပိုင်ဆရာတော်ကြီးများ အမှူးထားသည့် ဆရာတော်, သံဃာတော်အပါး ၃၀၀-အား တိပိဋကယောဆရာတော်ဘုရားမှတဆင့် အုပ်ရေ (၃၅၀) လှူဒါန်းပါမည်။

(င) ၁၃၇၃-ခုနှစ် တပို့တွဲလ၌ မော်ဘီမြို့၊ ဓမ္မဒူတဆေကိန္ဒာရာမ ကျောင်းတိုက်တွင် ကျင်းပမည့် သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ (၁၈)ကြိမ်မြောက် သံဃာ့အစည်းအဝေးကြီးသို့ ကြွရောက်လာကြမည့် သာသနာပိုင် ဆရာတော်ကြီးများ အမှူးထားသည့် ဆရာတော်,သံဃာတော် အပါး ၁၀၀၀-အား အုပ်ရေ (၁၀၀၀) လှူဒါန်းပါမည်။

(စ) ကျေးဇူးတော်ရှင် ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ သာသနာပြုစွမ်းရည်ကြောင့် ပေါ်ထွန်းလာရသော ရွှေကျင်နိကာယသာသနာကြီးကို နှစ်ပေါင်း (၁၅၀)တိုင် အရှည်တည်တံ့စည်ပင်ပြန့်ပွားအောင် ဦးဆောင်စောင့်ရှောက်တော်မူခဲ့ကြသော ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးများ (၁၅)ပါးနှင့် ဦးဆောင်မှု ပိုမိုပီပြင်စေရန် တွဲဘက်၍ စောင့်ရှောက်တော်မူခဲ့ကြသော တွဲဘက်ရွှေကျင် သာသနာပိုင်ဆရာတော် (၁၃)ပါးတို့၏ ကျောင်းတိုက်များသို့ အုပ်ရေ (၅၀) လှူဒါန်းပါမည်။

(ဆ) ကျောင်းသားဘဝ ငယ်စဉ်မှစ၍ သီးလုံးဆရာတော်ဘုရားကြီး၏ နောက်ပါ ထံနီးမကွာ နေလာခဲ့ရသော တပည့်ရင်းချာဖြစ်သည့်အတိုင်း ဆရာဖြစ်သူ၏ နည်းနာနယသို့ လိုက်ကာ သတိပဋ္ဌာန်ဒေသနာတော်လာ အပ္ပမာဒတရားဖြင့်သာ နေ့ညမကွာ နေထိုင်တော်မူခဲ့ပြီးလျှင်, နိဗ္ဗာန်မြတ်ကို လိုလားသောကြောင့် ပရိယတ္တိစာပေ သင်အံကျက်မှတ်နေသော တပည့်ဖြစ်သူ မူလမင်းကွန်းဇေတဝန်ဆရာတော် လောင်းလျာ အရှင်နာရဒအား အကျင့်ပဋိပတ်နှင့်စပ်သော ဩဝါဒစကားကို မိန့်ကြားတော်မူခဲ့သော ဂုဏ်ကျေးဇူးပိုင်ရှင် မင်းကွန်းအလယ်တောရဆရာတော်ဘုရားကြီး၏ ကျောင်းတိုက်များသို့ အုပ်ရေ (၃၀) လှူဒါန်းပါမည်။

(ဇ) မင်းကွန်းအလယ်တောရဆရာတော်ဘုရားကြီးထံမှ ဩဝါဒခံယူကာ သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ကိုယ်တော်တိုင်ကျင့်ကြံ အားထုတ်တော်မူပြီးလျှင် လွန်ခဲ့သောနှစ်ပေါင်း ၁၀၉-ကျော် (၁၂၇၀-ခုနှစ်)မှ စတင်၍ ရှင်လူအများ

သတိပဋ္ဌာန်တရား ရှုမှတ်ပွားများတတ်စေရန် အခက်အခဲအမျိုးမျိုးတို့ကို သည်းခံကျော်လွှန်ကာ စွန့်ဦးတီထွင် လမ်းညွှန်ပြသတော်မူခဲ့သော ကျေးဇူးဂုဏ် အနန္တတို့ကို ရည်မှန်း၍ ကျေးဇူးတော်ရှင် မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး (၁၂၃၀-၁၃၁၆)၏ ရိပ်သာများသို့ အုပ်ရေ (၃၀) လှူဒါန်းပါမည်။

(ဈ) ၁၂၉၉-ခုနှစ်တွင် ကျေးဇူးတော်ရှင် မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီးထံ၌ သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ၂-နှစ်ခန့် တပည့်ခံနည်းယူပြီးသည်မှ စတင်၍ ခုတင် (၁၃)ပါးနှင့် ဝိပဿနာကမ္မဋ္ဌာန်းတရားများကို အထူးကျင့်ကြံကြိုးကုတ် အားထုတ်တော်မူသော ကမ္ဘာ့သာသနာပြုပုဂ္ဂိုလ်ကျော် ကျေးဇူးတော်ရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီး (၁၂၅၈-၁၃၄၈)၏ ဂုဏ်ကျေးဇူးများကို ရည်မှန်းလျက် ဆရာတော်ဘုရားကြီး၏ ကျောင်းတိုက်များသို့ အုပ်ရေ (၃၀) လှူဒါန်းပါမည်။

(ည) ၁၂၉၃-ခုနှစ်တွင် ကျေးဇူးတော်ရှင် မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး ထံ၌ သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ၄-လခန့် ကိုယ်တော်တိုင် ကြိုးစား အားထုတ်ကာ သိမြင်သဘောပေါက်သည့်အတိုင်း မော်လမြိုင်၊ တောင်ဝိုင်းကလေး တိုက်ကျောင်း၌ ပညာမျက်စိ အမြွန်အစရရှိသည်အထိ ဆက်လက်ကျင့်ကြံအားထုတ် တော်မူပြီးသည့်နောက် ၁၃၀၀-ပြည့်နှစ်၌ ရွှေဘိုနယ်၊ ဆိပ်ခွန်ရွာ၊ အင်ကြင်းတော တိုက်၊ မဟာစည်ကျောင်းတော်တွင် ဟောပြောပြသသော ပွဲဦးထွက်ကမ္မဋ္ဌာန်းမှ စတင်၍ လွန်တော်မူသည်အထိ ၄၄-နှစ်တိုင် သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ကမ္ဘာတဝှမ်း ပျံ့နှံ့ထင်ရှားအောင် ဆောင်ရွက်တော်မူခဲ့သော ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး (၁၂၆၆-၁၃၄၄)၏ ကျေးဇူးဂုဏ်အနန္တတို့ကို ရည်မှန်း၍ ၁၃၇၂-ခုနှစ်၊ နတ်တော်လတွင် ကျင်းပမည့် မဟာစည်သာသနာ့ရိပ်သာ (၆၁)ကြိမ်မြောက် နှစ်ပတ်လည် ဩဝါဒခံယူပူဇော်ပွဲသို့ ကြွရောက်လာကြသော ဩဝါဒါစရိယနာယကအဖွဲ့ ဆရာတော်များ ၉-ပါး၊ ပြည်တွင်း၊ပြည်ပ မဟာစည်ရိပ်သာ ကြီးများ၏ ဩဝါဒစရိယဆရာတော်များနှင့် နာယကဆရာတော်များ အပါး-၇၀၊ မဟာစည် နယ်လှည့်ဓမ္မကထိက အဖွဲ့ဝင်ဆရာတော်များ အပါး-၇၀၊ တိုင်းနှင့် ပြည်နယ်အသီးသီးရှိ မဟာစည်ဩဝါဒခံ ကမ္မဋ္ဌာန်းဌာနများမှ ကမ္မဋ္ဌာနာစရိယ ဆရာတော်များ ၅၀၀-ကျော်၊ မဟာစည် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု သင်တန်းကျောင်း သင်တန်းဆရာများနှင့် သင်တန်းသား ရဟန်းတော်များ ၂၅-ပါး၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ဆရာတော်များ ၁၅-ပါး

အစရှိသော ဆရာတော် အပါး ၇၀၀-ခန့်အား ရွှေမင်းဝံဆရာတော်ဘုရားမှ တဆင့် အုပ်ရေ (၇၀၀) လှူဒါန်းပါမည်။

(ဃ) **ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းဆရာတော်ဘုရားကြီး၏ သက်တော်ရာပြည့် (၁၂၇၃-၁၃၇၃) အထိမ်းအမှတ်အဖြစ်** အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီးများ၏ ကျောင်းတိုက်များနှင့် တိပိဋကဓရ တိပိဋကကောဝိဒဆရာတော် (၁၂)ပါးတို့၏ ကျောင်းတိုက်များသို့ အုပ်ရေ (၅၀) လှူဒါန်းပါမည်။

(င) **နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များအား** အုပ်ရေ (၅၀) လှူဒါန်းပါမည်။

(စ) **သာသနာတော်အတွက် အလွန်ကျေးဇူးများလှသည့် တိပိဋကပါဠိ-မြန်မာအဘိဓာန် ကျမ်းများ၊ ပိဋက ၃-ပုံ ပါဠိတော် မြန်မာပြန်ကျမ်းများနှင့် မဟာဗုဒ္ဓဝင်ကျမ်းများကို ဆဋ္ဌသင်္ဂါယနာ မဟာသဘင် တင်တော်မူသောကာလမှစတင်၍ ၁၀-စုမက နှစ်ပေါင်းများစွာ ဆရာတော် သံဃာတော်များ ညီညီညွတ်ညွတ် စုပေါင်းဆောင်ရွက် ခဲ့ကြသော ဂုဏ်ကျေးဇူးများကို ရည်မှန်းလျက်** နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်၊ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ ပရိယတ္တိစာသင်တိုက်များ၊ ပဋိပတ္တိ ရိပ်သာများနှင့် နိုင်ငံကျော်ဓမ္မကထိကဆရာတော်သံဃာတော်များအား အုပ်ရေ (၁၂၀၀) လှူဒါန်းပါမည်။

(ဆ) **ပြည်ပနိုင်ငံအသီးသီးရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြုဌာနများနှင့် စာကြည့်တိုက်များသို့** အုပ်ရေ (၃၀၀) လှူဒါန်းပါမည်။

(ဇ) **ကျေးဇူးတော်ရှင် သီးလုံးဆရာတော်ဘုရားကြီး၏ ပရိယတ်ပဋိပတ်အမွေခံ တပည့်များ တွင် နှောင်းခေတ် (ယခုခေတ်)၌ ထင်ရှားလှသည့် ရွှေကျင်နိကာယ သာသနာ၀င် ရဟန်းတော်များလည်းဖြစ်ကြသော,** ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ ဥပနိဿယဖြင့် သတိပဋ္ဌာန်ဝိပဿနာတရားတော်များကို အစဉ် တစိုက် ပြသလျက်ရှိသော ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ဘုရား၊ သဒ္ဓမ္မရံသီရိပ်သာဆရာတော်ဘုရား၊ မဟာနန္ဒဝိဟာရဆရာတော် အရှင်သီလာနန္ဒာဘိဝံသ ဆရာတော်ဘုရားနှင့် ချမ်းမြေ့ရိပ်သာဆရာတော်ဘုရား

အစရှိသော ဆရာတော်ဘုရားများ၏ ကျောင်းတိုက်များသို့ အုပ်ရေ (၅၀) လှူဒါန်းပါမည်။

(တ) စစ်ကိုင်း, မင်းကွန်း, မင်းဝံတောင်ရိုးတလျှောက် ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာ သာသနာတော် ၃-ရပ်တို့ကို စဉ်ဆက်မပြတ် ကြိုးပမ်းဆည်းပူး အားထုတ်လျက်ရှိကြကုန်သော သာသနာ့အန္တယ်ဝင် ဆရာတော်သံဃာတော်များ အားလည်းကောင်း သိက္ခာရှင်များအားလည်းကောင်း အစစအရာရာ အဆင်ပြေ ပြည့်စုံအောင် သီတဂူရေအလှူတော်, သီတဂူအာယုဒါနဆေးရုံနှင့် သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်တည်းဟူသော ကောင်းမှုကုသိုလ်တော်များကို စွမ်းစွမ်းတမံ ဆောင်ရွက် လျက်ရှိသော ဂုဏ်ကျေးဇူးများကို ရည်မှန်း၍ သီတဂူဆရာတော်ဘုရားအား အုပ်ရေ (၅၀) လှူဒါန်းပါမည်။

(ထ) ဗုဒ္ဓစာပေအဖွဲ့ မပေါ်ထွန်းမီ ကာလများစွာ ကြာမြင့်စဉ်ကတည်းကစ၍ ယခုထက် တိုင် အဖိုးတန်ဓမ္မစာပေကျမ်းဂန်များကို ပြန်လည်ဖော်ထုတ်ကာ ရဟန်း,ရှင်,လူအများ လက်လှမ်းမီအောင် တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်လျက်ရှိသော ဗုဒ္ဓစာပေအဖွဲ့၏ နာယက ရွှေသုဝဏ်ဆရာတော်ဘုရား၏ ဂုဏ်ကျေးဇူးများကို ရည်မှန်း၍ ဆရာတော် ဘုရား၏ ဓမ္မစာပေ လိုက်စားသူများအတွက် အုပ်ရေ (၁၀၀) လှူဒါန်းပါမည်။

(ဒ) ဤ"ငြိမ်းအေးရာမှန် မြတ်နိဗ္ဗာန် ရည်သန်ပညာပါရမီအလှူတော်"အတွက် အမှူးထားသည့် ဆရာတော်များဖြစ်ကြသော တိပိဋကယောဆရာတော်နှင့် ရွှေမင်းဝံဆရာတော်တို့အား အုပ်ရေ (၅၀)စီ စုစုပေါင်း အုပ် (၁၀၀) လှူဒါန်းပါမည်။

(ဓ) သာသနာရေးဝန်ကြီးဌာနသို့ အုပ်ရေ (၁၀၀) လှူဒါန်းပါမည်။

(န) သာသနာရေးဦးစီးဌာနသို့ အုပ်ရေ (၅၀) လှူဒါန်းပါမည်။

(ပ) သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနနှင့် ယင်းလက်အောက်ရှိ တောင်တန်း သာသနာပြုအဖွဲ့သို့ အုပ်ရေ (၁၀၀) လှူဒါန်းပါမည်။

(ဖ) ပြည်တွင်းပြည်ပ သာသနာပြု သာသနာ့ဗိမာန် သာသနာ့သိပ္ပံ သာသနာ့ရိပ်သာ မဟာဌာနကြီးကို ထွန်းပေါ်စေခဲ့ခြင်း၊ အထက်တန်းအကျဆုံးသော တိပိဋကစရေ ရွေးချယ်ပွဲကြီးကို နှစ်စဉ် ဆင်ယင်ကျင်းပစွမ်းနိုင်ခြင်း၊ ဆဋ္ဌသံဂါယနာ မဟာသဘင် တင်တော်မူကြရာတွင် အစမှ အဆုံးတိုင် မေးစွမ်းနိုင်သော ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် အရှင်သောဘနမဟာထေရ်နှင့် အစမှ အဆုံးတိုင် ဖြေစွမ်းနိုင်သော ဆဋ္ဌသင်္ဂီတိဝိသဇ္ဇက တိပိဋကစရေ ဓမ္မဘဏ္ဍာဂါရိက

မင်းကွန်းဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသမဟာထေရ်တို့ကို အံ့ကျူး အုတ်အော် ထုတ်ဖော်ပေးစွမ်းနိုင်ခြင်း အစရှိသော ကျေးဇူးဂုဏ်အနန္တတို့နှင့် ပြည့်စုံကုံလုံသော (၁၃၀၉)ခုနှစ်မှ စတင်၍ ယနေ့တိုင် သာသနာ့အကျိုးများကို ရွက်ဆောင်လျက်ရှိသော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ ဂုဏ်ကျေးဇူးများနှင့် ထိုအဖွဲ့ကြီးတွင် ဦးစွာပထမ ဥက္ကဋ္ဌအဖြစ် ၁၆-နှစ်တိုင် ဆောင်ရွက်ခဲ့သော သတိုးသီရိသုဓမ္မ သူဌေးကြီးဆာဦးသွင်၏ ဂုဏ်ကျေးဇူးများကို ရည်မှန်း၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးသို့ အုပ်ရေ (၅၀) လှူဒါန်းပါမည်။

(ဗ) ကျေးဇူးတော်ရှင် သီးလုံးဆရာတော်ဘုရား၏ ထေရုပ္ပတ္တိအကျဉ်းကို ကျမ်းကိုးခိုင်မာ ကျမ်းပေါင်းများစွာ ညှိနှိုင်း၍ ရေးသားပူဇော် ချီးမြှင့်ပေးသော ဆရာဦးအောင်မွန် (မြတ်ဆုမွန်)အား ထိုက်သင့်သလို ခွဲဝေဖြန့်ချိလှူဒါန်းရန် အုပ်ရေ (၅၀) လှူဒါန်းပါမည်။

(ဘ) ဗုဒ္ဓဘာသာဆိုင်ရာ စာကြည့်တိုက်များ၊ တက္ကသိုလ် စာကြည့်တိုက်များ၊ ဓမ္မစာပေများဖြင့် လောကကောင်းကျိုးဆောင်ရွက်လျက်ရှိသော စာရေးဆရာ ဆရာတော် သံဃာတော်များ, စာရေးဆရာ လူပုဂ္ဂိုလ်များ၏ ကျေးဇူးဂုဏ်များကို ရည်စူး၍ အုပ်ရေ (၁၀၀) လှူဒါန်းပါမည်။

(မ) ဤ"ဂမ္ဘီရတ္ထဒေသနာ"ကျမ်းကြီးကို ပထမအကြိမ်နှင့် ဒုတိယအကြိမ်များအဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သော ကျေးဇူးဂုဏ်ကို ရည်မှန်း၍ ရန်ကုန်မြို့၊ ကဝိမျက်မှန်ပုံနှိပ်တိုက်နှင့် မန္တလေးမြို့၊ ပဒေသာပုံနှိပ်တိုက်များသို့ အုပ်ရေ (၅၀) လှူဒါန်းပါမည်။

(ယ) ယခု ဤကျမ်းစာအုပ်ကို တတိယအကြိမ် ပြန်လည်ရိုက်နှိပ်ထုတ်ဝေရာတွင် အဖက်ဖက်မှ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးကြသော စာပေပညာရှင်များ၊ ရဟန်း,ရှင်,လူ ပုဂ္ဂိုလ်များနှင့် စုပေါင်းပါဝင်ကူညီအားဖြည့် ဆောင်ရွက်ခဲ့ကြသော အလှူရှင်များအား ထိုက်သည့်အားလျော်စွာ ပြန်လည်ပေးအပ် လှူဒါန်းကြပါမည်။

(ရ) ကျန်ရှိသော စာအုပ်များကို ကျေးဇူးတင်ရှိခြင်းမှတ်တမ်းပါ ဆရာတော်များ၏ ဩဝါဒနှင့် ဦးဆောင်နိုးဆော်ကြသူများ၏ ဆုံးဖြတ်ချက်အရ အကျိုးများမည့် ဌာနများသို့ လှူဒါန်းပါမည်။

## ကျေးဇူးတော်ရှင် သီးလုံးဆရာတော်ဘုရားကြီး၏
## "ဂမ္ဘီရတ္ထဒေသနာ"ကျမ်းစာအုပ် ပြန်လည်ရိုက်နှိပ်ပူဇော်နိုင်ရန် နှိုးဆော်ကြသူများ

## အမြတ်ဆုံး ၄–ပါး

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။ ။

သဗ္ဗဒါနံ၊ အလုံးစုံသော ပေးလှူခြင်း-ဟူသမျှကို။ ဓမ္မဒါနံ၊ တရားအလှူတော်သည်။ ဇိနာတိ၊ အမြတ်ဆုံးဖြစ်၍ အောင်နိုင်၏။ သဗ္ဗရသံ၊ အလုံးစုံသော အရသာ-ဟူသမျှကို။ ဓမ္မရသော၊ တရားအရသာသည်။ ဇိနာတိ၊ အမြတ်ဆုံးဖြစ်၍ အောင်နိုင်၏။ သဗ္ဗရတိံ၊ အလုံးစုံသော မွေ့လျော်ခြင်း-ဟူသမျှကို။ ဓမ္မရတိ၊ တရား၌ မွေ့လျော်ခြင်းသည်။ ဇိနာတိ၊ အမြတ်ဆုံးဖြစ်၍ အောင်နိုင်၏။ တဏှက္ခယော၊ တပ်မက်မှုတဏှာ ကုန်ခန်းခြင်းသည်။ သဗ္ဗဒုက္ခံ၊ အလုံးစုံသော ဆင်းရဲ-ဟူသမျှကို။ ဇိနာတိ၊ နှိမ်နင်းအောင်နိုင်ပေရာ၏။

## ဆုတောင်းအမျှဝေ

ဤသို့ပြုရ၊ မြတ်ပုညကြောင့်၊ ချမ်းမြအေးကြည်၊ ဘေးမဲ့မည်သည်၊ ရွှေပြည်ထုတ်ချောက်၊ လမ်းမကောက်ဘဲ၊ ရောက်ရပါလို၊ ထိုထိုဘဝ၊ ကျင်လည်ရလည်း၊ ဒုက္ခဘေးဒဏ်၊ ရန်မာန်အပေါင်း၊ မကောင်းဟူသမျှ မတွေ့ရဘဲ၊ သဗ္ဗဏ္ဏုဉာဏ် မင်္ဂလာကို ရွယ်ကာတတိုင်း ရစေသောဝ်။ ။

ယနေ့ယခု၊ ပြုပြုသမျှ၊ မြတ်ဘာဂကို၊ မိဘ,ဆရာ၊ မျိုးသဟာနှင့်၊ ကိုယ်မှာ စောင့်ကြပ်၊ ကိုယ်စောင့်နတ်က၊ အရင်းစ၍၊ ရှိသမျှအလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျတို့၊ ရကြပါစေ၊ ပေးငှဝေသည်၊ များထွေသာဓု ခေါ်စေသောဝ်။ ။

အမျှ. . . အမျှ. . . အမျှ. . . ယူတော်မူကြပါကုန်လော့။

သာဓု. . . သာဓု. . . သာဓု

## ကမ္ဘာသူကမ္ဘာသား လူအများအတွက်

## ရှင်မဟာဗုဒ္ဓဃောသမဟာထေရ်၏ ဆောင့်တချက်

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။
ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇန္တိ။

(အဋ္ဌသာလိနီအဋ္ဌကထာ၊ စာ-၄၅၃)

သဒ္ဓမ္မော၊ ဘုရားဟောဖော်၊ သူတော်ကောင်းတရားတော်သည်။ စိရံ ခေတ်အဆင့်ဆင့်၊ ဆောင်ယူကျင့်၍၊ ကြာမြင့်လှစွာ၊ ငါးထောင်သာအောင်။ တိဋ္ဌတု၊ ပါဋ္ဌိအနက်၊ မလျော့ ပျက်ဘဲ၊ ထွန်းတက်၍သာ၊ တည်တံ့ပါစေသတည်း။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဓမ္မေ၊ တရားတော်၌။ သဂါရဝါ၊ ရိုသေလေးစားခြင်း ရှိကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ ဒေဝေါ၊ လူအများ၏ အားထားရာ မိုးယံသည်။ ကာလေန၊ သင့်လျော်လျောက်ပတ်၊ ကောင်းမြတ်သောအခါ၌။ သမ္မာ၊ ကောင်းစွာ။ ပဝဿတု၊ ရွာပါ စေသတည်း။

ပေါရာဏာ၊ ရှေးအထက်က၊ ဆက်ဆက်များလှ၊ ဖြစ်ပေါ်ကြကုန်သော။ သုရာဇာနော၊ ရေမြေထိန်းကျောင်း၊ တိမ်းမစောင်းသည့်၊ မင်းကောင်းမင်းမြတ်တို့သည်။ ပဇံ၊ သတ္တဝါ အပေါင်းကို။ ရက္ခိံသု ယထာ၊ ခိုးသားဒမြ မရှိရအောင်၊ နေ့ညပိုင်းခြဲ၊ စောင့်ရှောက်ကုန် သကဲ့သို့။ တထေဝ၊ ထို့အတူသာလျှင်။ ရာဇာ၊ ငါတို့မင်းသည်။ ဣမံ ပဇံ ဤနိုင်ငံသူ၊ များဗိုလ်လူကို။ အတ္တနော ပဇံ ဣဝ၊ မိမိရင်နှစ်၊ သားစင်စစ်ကဲ့သို့။ ဓမ္မေန၊ တရားသဖြင့်။ ရက္ခတု၊ စောင့်ရှောက်ပါစေသတည်း။

(အဋ္ဌသာလိနီ၊ ဘာသာဋီကာ၊ စတုတ္ထတွဲ၊ စာ-၃၂၉)

ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းပြု၊ သီဟိုဠ်သာသနာပြု ရှင်မဟာဗုဒ္ဓဃောသမဟာထေရ် ပေါ်ထွန်းသောကာလသည် သာသနာတော် ၁၀-ရာစုနှစ် (၉၀၁-၁၀၀၀)အတွင်း ဖြစ်သည်-ဟု မဟာစည် ဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူသော ဝိသုဒ္ဓိမဂ် မြန်မာပြန်၊ ပထမတွဲ (စာမျက်နှာ-ဆဲ)တွင် ဖော်ပြထားပါသည်။

# ဂမ္ဘီရတ္ထဒေသနာကျမ်းကြီး တတိယအကြိမ်
## ပုံနှိပ်ထုတ်ဝေရန်
## ငြိမ်းအေးရာမှန် မြတ်နိဗ္ဗာန် ရည်သန် ပညာပါရမီ အလှူတော်
## စုပေါင်းပါဝင်ကူညီအားဖြည့်ဆောင်ရွက်ကြသူများ

| | |
|---|---|
| ၁။ ရွှေဘိုမြို့နယ်၊ သီးလုံးရွာ၊ ကန်ရင်းကျောင်းနှင့် မဟာဝေယံဘုံသာကျောင်း များမှ ဆရာတော် သံဃာတော်များ။ | ၃၀၀၀၀ |
| ၂။ ဆရာတော် ဦးဝိလာသဂ္ဂ၊ သဒ္ဓမ္မရံသီရိပ်သာ၊ (၈)မိုင်၊ မရမ်းကုန်း။ | ၅၀၀၀၀ |
| ၃။ ဆရာတော် ဦးသုခေမိတ ဓမ္မစေတီကျောင်း၊ရှင်စောပုလမ်း၊စမ်းချောင်း။ | ၁၀၀၀၀ |
| ၄။ ဦးသောဘိတ၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၊ရန်ကုန်။ | ၃၀၀၀၀ |
| ၅။ ဦးဝုဏ္ဏောဒယ (ထေရဝါဒဗုဒ္ဓသာသနာပြု ထိုင်ဝမ်ဘုန်းတော်ကြီး) (MBSC) တရားရိပ်သာဌာန၊ ထိုင်ဝမ်။ | ၁၀၀၀၀ |
| ၆။ အရှင်သုနန္ဒ (မြစ်သား) အရှင်စန္ဒောဘာသ (ရေဦး) ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၊ ရန်ကုန်။ | ၅၀၀၀၀ |
| ၇။ ပြင်ဦးလွင်မြို့၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော် ဦးဝဏ္ဏိသရ အမှူးထား၍ ဦးဘအေး၊ ဒေါ်ကြည်မိသားစု၊ ကြာအင်းရွာ၊ ကောလင်းမြို့။ | ၃၅၀၀၀ |
| ၈။ ပြင်ဦးလွင်မြို့၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော် ဦးဝဏ္ဏိသရ အမှူးထား၍ (ဦးဝင်းမောင်) ဒေါ်ညွန့်ညွန့် မိုးကောင်းမြို့။ | ၃၅၀၀၀ |
| ၉။ အရှင်ပညာစက္က(မြစ်ခြေ) ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာ အမှူးပြု၍ မစန္ဒာ၊ မသီရိ (E-Lan Co.,Ltd) လှိုင်သာယာ။ | ၅၀၀၀၀ |
| ၁၀။ အရှင်ခေမာသာရ အမှူးထား၍ ဒေါ်စိန်မြ မိသားစု၊ ကြည့်မြင်တိုင်။ | ၃၀၀၀၀၀ |
| ၁၁။ အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ရုပ်ရှင်မှတ်တမ်းများ၊ ဓာတ်ပုံမှတ်တမ်းများကို အစဉ်တစိုက် ကြိုးစား ဆောင်ရွက်ခဲ့သောဂုဏ်ကျေးဇူးကိုရည်မှန်း၍ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏အမှုဆောင် ဘဘဦးထွန်းရည် (ပန်းသာရုပ်ရှင်)အား အမှူးထား၍ ဒေါက်တာဝင်းနိုင်ကျော် ဒေါ်မော်မော်ဆန်း၊ သမီး ရတနာကျော်၊ မြတ်သူဇာကျော် မိသားစု။ | ၅၀၀၀၀ |

၁၂။ ဦးကံမြအားရည်စူး၍ မန္တလေးစိန်ပန်းရတနာပုံမဟာစည်သာသနာ့ရိပ်သာ၊ ဝိသာခါအဖွဲ့ ဥက္ကဋ္ဌဒေါ်တင်စိန်၊သားဦးမောင်မောင်၊ဒေါ်ဌေးဌေးမိသားစု။ ၁၀၀၀၀

၁၃။ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာကြီး၏အကျိုးဆောင်များ ဖြစ်ကြသော အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နဲ့ရီနှင့်သားသမီးများ။ ၁၀၀၀၀၀

၁၄။ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာကြီး၏အကျိုးဆောင်များ ဖြစ်ကြသော ဦးတင့်လွင်၊ ဒေါ်ပွင့်မာခိုင် မိသားစု။ ၅၀၀၀၀

၁၅။ ခိပ္ပါဘိညာသဒ္ဓမ္မရံသီရိပ်သာတွင် အကျိုးဆောင်များဖြစ်ကြသော ဦးကောင်းရင်၊ ဒေါ်အေးမြင့် သား,သမီး,မြေးတစ်စု၊ အမှတ်(၁)၊ သမာဓိ (၁)လမ်း၊ အမှတ် (၈)ရပ်ကွက်၊ မရမ်းကုန်း။ ၅၀၀၀၀

၁၆။ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှ သိက္ခာရှင်များ ဖြစ်ကြသော ဒေါ်အရိယဉာဏသီ၊ မဂန္ဓသောဘာ၊ မမနာပိကာ၊ မဝရဉာနီ၊ မသုဓမ္မဝတီ၊ မစန္ဒသောဘာ၊ မမဓုဘာဏီနီ၊ မပုညလက္ခဏာ၊ မကလျာဏဉာနီ၊ မအနုဋ္ဌသာရာ၊ မဝိပုလဉာနီနှင့် နီပေါ်သိက္ခာရှင်များ။ ၁၀၀၅၀၀

၁၇။ သိက္ခာရှင် ဒေါ်ကမလဉာနီနှင့် ဒေါ်ပရမဉာနီ။ ၅၀၀၀၀

၁၈။ ကိုကီစိုး၊ မဒါနီး (မိသားစု) ၁၃/၁၄ ခွဲစိပ်ဆောင်၊ ရန်ကုန်ဆေးရုံကြီး။ ၁၀၀၀

၁၉။ မကေခိုင်လွင် (Supreme Success) ၃၀၀၀

၂၀။ မကေဇာသင်း (Supreme Success) ၇၀၀၀

၂၁။ ဦးကိုကိုအောင်၊ ဒေါ်မိမိခိုင်၊ သမီး လဲ့ယဉ်ကို၊ သား ခိုင်ဖြိုးကိုနှင့် သမီး ပွင့်သဇင်ကို မိသားစု။ ၅၀၀၀၀

၂၂။ ဦးကိုမင်း၊ ဒေါ်ကျင်သန်း တာမွေ။ ၁၀၀၀၀

၂၃။ ဦးကက်စိန်၊ ဒေါ်သန်းသန်းညွန့်တို့ကို အမှူးထား၍ မဝါဝါဝင်းလှိုင်၊ လမ်းမတော်။ ၂၀၀၀၀

၂၄။ ဦးကောင်းကြည်၊ ဒေါ်ဟန်နွဲ့ မိသားစု၊ ဟင်္ဂရော်ကျေးရွာ၊ တောင်တွင်းကြီး။ ၅၀၀၀

၂၅။ (ဦးမောင်လှ)၊ ဒေါ်ကုတ်ဝါ သားသမီးမြေးတစ်စု၊ ရန်ကုန်။ ၃၅၀၀၀

၂၆။ ဦးကွန်ခွေး၊ ဒေါ်ရှုကြူ မိသားစု၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်။ ၁၀၀၀၀၀

၂၇။ ကိုကျော်ကျော်လင်း (Care Myanamar)၊ မလတ်လတ်မြတ်၊ မန္တလေး။ ၃၀၀၀

၂၈။ ဦးကျော်စိုး (ဂျပန်ကွန်ပျူတာစင်တာ)၊ ဒေါ်မြမြဝင်း (တွဲဖက်ပါမောက္ခ၊ ပထဝီဝင်ဌာန၊ မော်လမြိုင်တက္ကသိုလ်) သမီး မဇင်မာဝင်း၊ မဖူးဖူးထက်အောင်၊ သား မောင်စိုးပြည့်ဟိန်း မိသားစု၊ မော်လမြိုင်။ ၃၀၀၀၀၀

| | |
|---|---|
| ၂၉။ ဦးကျော်စွာလှိုင်၊ ဒေါက်တာခိုင်မြင့်ချို၊ သမီး မှူးသစ္စာကျော် မိသားစု၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာ။ | ၁၀၀၀၀ |
| ၃၀။ ဦးကျော်ထွေး၊ ဒေါ်အေးအေးသန်း၊ သမီးသိတာခိုင်၊ သင်းသင်းစိုး မိသားစု၊ ဖက်ခင်း၊ မော်လမြိုင်။ | ၅၀၀၀၀ |
| ၃၁။ ဒုတိယဗိုလ်မှူးကြီးကျော်မြင့် (ငြိမ်း)၊ ဒေါ်ခင်မေစု (Mother Home) မိသားစု၊ ပြင်ဦးလွင်။ | ၃၅၀၀၀ |
| ၃၂။ ဦးကျော်မြင့်သန်း၊ ဒေါ်သိတာမိသားစု၊ ကန်တော်လေး။ | ၅၀၀၀၀ |
| ၃၃။ ဦးကျော်လွင်၊ ဒေါ်ကျင်ညိမ်း၊ သမီး မဖြူဖြူအောင်၊ မခိုင်ချိုယု၊ မယဉ်ယဉ်နွယ် မိသားစု၊ စမ်းချောင်း။ | ၅၀၀၀ |
| ၃၄။ ဦးကျော်လွှမ်းနိုင်၊ ဒေါ်ခင်ခင်ဝင်း၊ သား မောင်ဝဏ္ဏသီဟ၊ သမီး မမေဖူးနဒီ မိသားစု၊ စမ်းချောင်း။ | ၁၀၀၀၀၀ |
| ၃၅။ ဦးကျော်သိန်း၊ မနော်ဟရီလမ်း၊ ဒဂုံ။ | ၅၀၀၀၀ |
| ၃၆။ ဦးကျော်သိန်း၊ ဒေါ်စိုးစိုးရီ၊ သားရဲပြည့်ဖြိုး၊ စိုးပြည့်ဖြိုး၊ မော်လမြိုင်။ | ၅၀၀၀၀ |
| ၃၇။ ဦးကျော်အောင်၊ ဒေါ်ခင်ဝင်းနွယ်၊ သမီး ကေနွယ်ကျော်အောင် (ရွှေရည်ဖူးရွှေဆိုင်) မော်လမြိုင်။ | ၁၀၀၀၀၀ |
| ၃၈။ ဒေါ်ကျင်ယုံ မိသားစု၊ ရန်ကုန်။ | ၅၀၀၀ |
| ၃၉။ ဒေါ်ကြည်ကြည်၊ မြေး ဝေယံမင်း၊ သုဝဏ္ဏ။ | ၅၀၀၀ |
| ၄၀။ မိခင်ဒေါ်ကြည်ကြည်အေးနှင့် သား ကိုစစ်ငြိမ်းချမ်း၊ မန္တလေး။ | ၃၀၀၀၀ |
| ၄၁။ ဦးကြည်ညွန့်၊ ဒေါ်ဝါဝါမိုး၊ သမီးမေသက်နွယ် မိသားစု Dynamic မကွေးမြို့။ | ၁၀၀၀၀ |
| ၄၂။ ဦးကြည်မောင်၊ ဒေါ်ဝင်းဝင်း မိသားစု (ဝင်းဝင်းနိုဆီ) | ၅၀၀၀၀၀ |
| ၄၃။ ဦးကြည်လွင်၊ ဒေါ်ကျင်လှိုင်နှင့် သား ကိုကျော်မိုးလွင်၊ သမီး မသင်းသင်းမိုး၊ သား မောင်ပြည့်ဖြိုးအောင်၊ မော်လမြိုင်။ | ၃၀၀၀၀ |
| ၄၄။ ဦးကြည်ဝှက်၊ ဒေါ်ခင်ညို မိသားစု၊ ပြည်လမ်း၊ ၇-မိုင်ခွဲ၊ ရန်ကုန်။ | ၃၀၀၀၀၀ |
| ၄၅။ ကွယ်လွန်သူဖခင်ကြီး ဦးလွန်းမောင်အား ရည်စူး၍ ဇနီးဒေါ်ခင်ခင်နွယ်နှင့် သမီးများ။ | ၁၀၀၀၀ |
| ၄၆။ မိခင် ဒေါ်ခင်စန်းမြင့်၊ ဒေါက်တာသန်းဦး၊ ဒေါက်တာဖြူဖြူသိမ့်နှင့် သမီး ကံ့ကော်ခင် မိသားစု၊ ရန်ကုန်။ | ၃၀၀၀၀ |
| ၄၇။ ဦးခင်ဇော် မိသားစု။ (Care Myanamar) | ၁၀၀၀ |
| ၄၈။ ဒေါ်ခင်မှိုမှိုဆွေ ကျောက်မြောင်း၊ တာမွေ။ | ၁၀၀၀၀ |

| | |
|---|---|
| ၄၉။ ဦးခင်မောင်စန်း၊ ဒေါ်တင်တင်အေး၊ ကိုနေဦး၊ မယုမိစံနှင့် မြေး မောင်ဝီရဦး၊ ကိုမျိုးသက်စံ၊ မနွဲ့ယဉ်အေးသူနှင့် မြေး မအိမ့်ခြူးချယ်၊ တာမွေ။ | ၁၅၀၀၀၀ |
| ၅၀။ ဦးခင်မောင်ဆန်း၊ ဒေါ်သန်းအိ မိသားစု၊ (ခ)လိုင်း၊ အခန်း(၅)၊ ဆေးတက္ကသိုလ်(၂)၊ ဝန်ထမ်းအိမ်ရာ၊ မြောက်ဥက္ကလာပ။ | ၅၀၀၀ |
| ၅၁။ ဦးခင်မောင်ဆွေ၊ ဒေါက်တာသန်းသန်းမြင့် မိသားစု။ (Care Myanamar) | ၅၀၀၀ |
| ၅၂။ ဦးခင်မောင်ငွေ မိသားစု။ (Care Myanamar) | ၁၀၀၀ |
| ၅၃။ ဦးခင်မောင်လတ်၊ ဒေါ်ဆွေငွေ၊ သား မြတ်ဦးဆွေ၊ သမီး ဝင့်ဝင့်ကျော်လတ် မိသားစု၊ ကျိုက်ထိုမြို့။ | ၃၀၀၀၀ |
| ၅၄။ ဦးခင်မောင်ဝင်း၊ ဒေါ်သင်းသင်းမြ မိသားစု၊ ပတ္တမြားမြို့သစ်။ | ၅၀၀၀ |
| ၅၅။ ဦးခင်မောင်ဦး၊ ဒေါ်ခင်ကြည်၊ သမီး မခင်မြတ်သီတာ၊ မြောက်ဒဂုံ။ | ၁၀၀၀၀ |
| ၅၆။ ဦးခင်မောင်ဦး၊ ဒေါ်ခင်လေးဆွေ၊ ကျောက်မြောင်း၊ တာမွေ။ | ၁၀၀၀၀ |
| ၅၇။ ဖခင် ဦးအာချိဘောအား ရည်စူး၍ မိခင်ဒေါ်ခင်မြ အမှူးထားပြီး ကိုကျော်လင်းထက်၊ မဝါဝါမိုး မိသားစု၊ အင်းစိန်။ | ၅၀၀၀ |
| ၅၈။ ကွယ်လွန်သူ ဖခင်ကြီး ဦးချစ်ခင်နှင့် ဦးအောင်သန်းတို့အား ရည်စူး၍ မိခင် ဒေါ်ခင်လှ၊ ဒေါ်တင်အေးတို့အား အမှူးထားပြီး ဗိုလ်ကြီးအောင်ဇော်မိုး၊ ဒေါ်ခင်အိအိဖြိုး၊ သမီး မသီရိဖြိုးလှိုင် မိသားစု။ | ၅၀၀၀၀ |
| ၅၉။ ဦးခိုင်စိုး၊ ဒေါ်မိုးမြတ်မြတ်အေး၊ သမီး ဆုမြတ်အောင် မိသားစု၊ (၈၆-အေ)၊ ရှင်စောပုလမ်း၊ စမ်းချောင်း။ | ၅၀၀၀ |
| ၆၀။ ဦးချို (ဒေါ်ရွှေခင်) မိသားစု၊ နမ္မတူမြို့။ | ၃၅၀၀၀ |
| ၆၁။ မောင်ချစ်သဲ (Supreme Success) | ၃၀၀၀ |
| ၆၂။ ဒေါ်ချစ်အေး မိသားစု၊ ဆေးတက္ကသိုလ်(၁)၊ လမ်းမတော်။ | ၁၁၅၀၀ |
| ၆၃။ မောင်ချမ်းမြေ့သူ (Supreme Success) | ၅၀၀၀ |
| ၆၄။ မန်းစံသိန်းအား ရည်စူး၍ ဇနီး ဂျဲညိုအေး မိသားစု၊ ငါးဖျင်းသလက်ကျေးရွာ၊ မြောင်းမြ။ | ၁၀၀၀၀ |
| ၆၅။ ဂျင်နီအောင်၊ စမ်းချောင်း။ | ၁၀၀၀၀ |
| ၆၆။ ဦးဂျင်မီကျော်စွာမြင့် (Eisai Co., Ltd.) ဒေါ်ခင်သက်လွင်၊ သား မောင်ဖြိုးပြည့်ကျော် မိသားစု၊ တာမွေ။ | ၁၀၀၀၀၀ |

| | |
|---|---|
| ၆၇။ (Eisai Co., Ltd.) မှ ဝန်ထမ်းများ။ | ၁၀၀၀၀၀ |
| ၆၈။ ဦးငွေစန်း၊ ဒေါ်စန်းနွဲ့ မရမ်းကုန်း။ | ၂၀၀၀၀ |
| ၆၉။ မစုတိ (ခ) နန့်စိန်သိန်း (Supreme Success) | ၅၀၀၀ |
| ၇၀။ ကိုစော၊ မအိ၊ သမီး နွေးထွေးယု မိသားစု၊ အင်းစိန်။ | ၃၀၀၀ |
| ၇၁။ ဦးဆွေရင်အား ရည်စူး၍ ဇနီးဒေါ်စောခင် မိသားစု၊ ထောက်ကြန့်။ | ၅၀၀၀ |
| ၇၂။ ဦးစောလွင်၊ ဒေါ်လှလှ၊ လှိုင်မြို့နယ်။ | ၁၀၀၀၀ |
| ၇၃။ စောသခီနေထူး၊ ညီမ နန်းလင်းဝါစင်ထူး၊ ရတနာဒီပရပ်၊ ဘားအံ။ | ၂၀၀၀၀ |
| ၇၄။ ဗိုလ်မှူးစောအောင်သိုက်၊ နန့်တင်မိုးခိုင်၊ သမီး နန့်မေသက်ခိုင် မိသားစု၊ စမ်းချောင်း။ | ၁၀၀၀၀၀ |
| ၇၅။ ကွယ်လွန်သူ ဖခင်ကြီး ဦးမန်းမြိုင်အေးအား ရည်စူး၍- စောဥက္ကာထူး၊ နန်းငွေငွေမင်းဇင်၊ သား စောသခီနေထူး၊- သမီး နန်းလင်းဝါစင်ထူး မိသားစု၊ ရတနာဒီပရပ်၊ ဘားအံ။ | ၁၀၀၀၀၀ |
| ၇၆။ ဦးစံအေး ၊ ဒေါ်သန်းဆွေ မိသားစု၊ အလုံ။ | ၁၀၅၀၀ |
| ၇၇။ ဦးစံအောင်၊ ဒေါ်ဝင်းရီ၊ တောင်ကြီး။ | ၁၀၀၀၀ |
| ၇၈။ ဦးစိုးမြင့်၊ ဒေါ်မြသန်း အမှူးထား၍ ဦးစိုးလင်း၊ ဒေါက်တာဆင့်ဆင့်မိုး (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး) သားမောင်သိဟန်ညွန့်၊ သမီးမယဉ်ယဉ်မိုး မိသားစု၊ မော်လမြိုင်မြို့။ | ၂၀၀၀၀၀ |
| ၇၉။ ဦးစိုးဝေ၊ ဒေါ်ယဉ်နု၊ လမ်းမတော်။ | ၁၀၀၀၀ |
| ၈၀။ ဦးစိုးဝင်း၊ ဒေါ်ခင်မို့မို့အေး၊ သမီး ချိုဇင်သက် မိသားစု၊ (၈၆-အေ)၊ ရှင်စောပုလမ်း၊ စမ်းချောင်း။ | ၁၀၀၀၀ |
| ၈၁။ ဦးစိုင်းစံသိန်း၊ ဒေါ်အေးအေးမင်း၊ သမီး မအင်ကြင်းဦး၊ မသက်နှင်းသဇင် မိသားစု၊ မန္တလေး။ | ၅၀၀၀၀ |
| ၈၂။ စိုင်းထွန်းအောင်၊ မအိအိဖြိုး၊ တောင်ကြီး။ | ၁၀၀၀၀ |
| ၈၃။ စိုင်းနေမျိုးဇော်၊ မဝင်းအိဖွေး၊ တောင်ကြီး။ | ၁၀၀၀၀ |
| ၈၄။ ဦးစိုင်းမောင်မောင်နိုင်၊ ဒေါ်နီလာရွှေ။ (Care Myanamar) | ၃၀၀၀ |
| ၈၅။ ဦးစည်သူမောင်၊ ဒေါ်ဥမ္မာအောင် သမီး မေစည်သူ (MSI) | ၁၀၀၀၀ |
| ၈၆။ ဖခင်ဦးတင်မောင်၊ မိခင် ဒေါ်အေးဘုံတို့အား ရည်စူး၍ သမီး ဒေါ်စန်းမိသားစု၊ သိမ်ကြီးရပ်ကွက်၊ မိုးညှင်း။ | ၃၀၀၀၀၀ |

၈၇။ ဦးစန်းမောင်၊ ဒေါ်ချိုချိုတင် (စာရေးဆရာ မစန္ဒာ) သမီး အေးငြိမ်းချမ်း သား မောင်ဝင်းထွန်း၊ မောင်မိုးငြိမ်းချမ်း မိသားစု၊ ရန်ကုန်။ ၁၀၀၀၀၀

၈၈။ ဒေါ်စန်းရီ၊ မြေး ဂျူးဂျူးသော်၊ ဟိန်းထက်ထွန်း၊ သုဝဏ္ဏ။ ၁၀၀၀၀

၈၉။ ဒေါ်စန်းဝါ၊ ဗညားဒလလမ်း၊ တာမွေ။ ၃၅၀၀၀

၉၀။ ဦးစန်းဦး၊ ဒေါ်စုစုဝင်း၊ သမီးမဖြူစင်ဦး မိသားစု၊ စမ်းချောင်း။ ၁၀၀၀၀

၉၁။ ဒေါ်စိန်စိန်၊ လမ်းမတော်။ ၁၀၀၀၀

၉၂။ ဖခင်ဦးစိန်မောင်၊ မိခင်ဒေါ်ခင်ကြည်တို့အား အမှူးထား၍ သမီးဒေါ်အေး မိသားစု၊ အရှေ့စုရပ်ကွက်၊ မိုးညှင်း။ ၃၀၀၀၀၀

၉၃။ ဦးစိန်မြင့်၊ ဒေါ်ခင်လေးဆွေ (MSI) ၁၀၀၀၀

၉၄။ ဦးစိန်ဝင်း၊ ဒေါ်မြမြဦး၊ သား မောင်သန့်သူစိုး၊ ၈-ရပ်ကွက်၊ လှိုင်။ ၃၀၀၀၀

၉၅။ ဦးစိန်သန်း၊ ဒေါ်ခင်မြဝင်း၊ သား မင်းခန့်ကျော်၊ အောင်ခန့်ကျော် မိသားစု၊ ဇေယျသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေ။ ၁၀၀၀၀

၉၆။ ဦးစိန်သိန်း၊ ဒေါ်ခင်ညွန့် မိသားစု၊ မော်လမြိုင်။ ၁၀၀၀၀

၉၇။ ဒေါ်စိန်သိန်း၊ ဒေါ်တင်သိန်း မိသားစု၊ တောင်ကုတ်မြို့။ ၁၅၀၀၀၀

၉၈။ ဒေါ်စမ်းရီ၊ တောင်ကြီး။ ၁၀၀၀၀

၉၉။ ဦးဆောင်၊ ဒေါ်ငွေရီ မိသားစု၊ ဆိပ်ဖြူမြို့။ ၅၀၀၀

၁၀၀။ ဦးဆောင်းအား ရည်စူး၍ ဒေါ်ခင်မေရီ သား ကိုစိုးမိုးအောင်၊ ဗိုလ်ကြီးအောင်မြတ်ကျော် မိသားစု၊ မန္တလေးမြို့။ ၃၀၀၀၀

၁၀၁။ ဦးဆန်းထွန်း၊ ဒေါ်မိုးမိုးဆွေ၊ သမီး ဝိုင်းခင်မင် မိသားစု၊ တောင်ငူ။ ၁၀၀၀၀၀

၁၀၂။ မိဘ ၂-ပါးအား အမှူးထား၍ ကိုဆန်းမျိုးအောင်၊ ဗဟန်း။ ၂၀၀၀၀

၁၀၃။ ဦးဆွေဆက်ထွန်း၊ ဒေါ်ခင်မျိုးဝင်း (Flix)၊ သမီး ဝင်းလဲ့ရွှေရည်၊ မထက်မြင့်မိုရ် မိသားစု၊ ရန်ကုန်။ ၂၀၀၀၀

၁၀၄။ ကွယ်လွန်သူ မိဘ ၂-ပါးအားရည်စူး၍ ဒေါ်ဆွေဆွေရင်၊ ဒေါ်ငွေငွေယဉ် မိသားစု၊ ရန်ကုန်။ ၄၀၀၀၀

၁၀၅။ ဦးဇေယျာဦး၊ ဒေါ်သန်းသန်းအေး၊ သား မောင်ငွေလရောင် မိသားစု၊ ကျောက်မြောင်း၊ တာမွေ။ ၂၀၀၀၀

၁၀၆။ ဦးဇော်ညွန့်၊ ဒေါက်တာသီတာကျော် (MSI)၊ သား စွမ်းပြည့်စုံထွန်း ၁၀၀၀၀

၁၀၇။ ဒုတိယဗိုလ်မှူးကြီး ဇော်နိုင်ဦး၊ ဒေါ်သီတာဝေယျ (ဦးစီးမှူး MRTV)၊ လှိုင်မြို့နယ်။ ၁၀၀၀၀၀

| | |
|---|---|
| ၁၀၈။ ကိုဇော်မင်းဌေး၊ မယုဇနခိုင် နေကျော်တန်းလမ်း၊ ပြည်မြို့။ | ၁၀၀၀၀ |
| ၁၀၉။ ဦးဇော်မြင့် (Diethelm & Co., Ltd) ဒေါ်နီနီဟန်၊ သမီး မမေသက်ထားဦး မခိုင်ဇင်သွယ်၊ သား မောင်လူမော် မိသားစု၊ စမ်းချောင်း။ | ၃၅၀၀၀ |
| ၁၁၀။ ဦးဇော်လင်း၊ဒေါ်သင်းသင်းဝင်း၊ သမီးဝင်းမိုးခိုင်၊ သား မောင်ပြည့်စုံ၊ မြောင်းမြ။ | ၂၀၀၀၀ |
| ၁၁၁။ ဦးဇော်သန့်၊ ဒေါက်တာခင်ယုယုဇင် (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး)၊ သား မောင်နေခန့်နိုင်၊ သမီး မအိမ့်ခြူးခင်၊ ထားဝယ်။ | ၅၀၀၀၀ |
| ၁၁၂။ ကိုဇင်လင်းချစ်(Save the Children)၊ မမို့မို့သန်း (Care Myanamar)၊ မန္တလေးမြို့။ | ၁၀၀၀၀ |
| ၁၁၃။ ဦးဇင်အောင်၊ ဒေါ်မိမိတင်၊ သား ဘုန်းပြည့် မိသားစု၊ ရန်ကုန်။ | ၃၀၀၀၀ |
| ၁၁၄။ ကိုညီညီနိုင်၊ မအေးအေးမြတ် မိသားစု၊ သာကေတ။ | ၃၀၀၀ |
| ၁၁၅။ ကိုညီညီအောင်၊ မအေးသွဲ့သူ သမီး ရှင်းသန့်သီရိ၊ သီရိကြည်စင် မိသားစု၊ အလုံ။ | ၃၀၀၀၀ |
| ၁၁၆။ ဦးညဏ်စိုး၊ ဒေါ်သူဇာကျော်၊ သမီး ဇွန်စံပယ်အိမ် မိသားစု သိတာလမ်း၊ ကျောက်မြောင်း။ | ၂၀၀၀၀ |
| ၁၁၇။ ဦးညဏ်ရွှေ၊ ဒေါ်ခင်ကြည်၊ သမီး မမိမိထွန်း မိသားစု၊ မော်လမြိုင်။ | ၂၀၀၀၀ |
| ၁၁၈။ ဦးဌေးလွင်၊ ဒေါ်ပြုံးရီ၊ တာမွေ။ | ၅၀၀၀ |
| ၁၁၉။ ဦးဌေးဝင်း၊ ဒေါ်အုန်းအုန်းမြင့်၊ ကိုရဲရင့်ထွဋ် (ခ) ကိုနေဝင်း၊ မဇွန်ဇာမောင်၊ မြေး ကောင်းထွဋ်ဇေယံ၊ မိသားစု၊ ရန်ကုန်။ | ၃၀၀၀၀ |
| ၁၂၀။ ဦးတိုး၊ ဒေါ်မိုး မိသားစု၊ ရန်ကုန်။ | ၂၀၀၀၀၀ |
| ၁၂၁။ ဦးတင်စိုး၊ ဒေါ်မြမြအေး၊ သမီး နိုးနိုးနှင့် ဖူးဖူး၊ မြောင်းမြ။ | ၁၀၀၀၀ |
| ၁၂၂။ ဦးတင်ထွန်း၊ ဒေါ်မြလတ်မင်း၊ သမီး မအိသဥ္စာဖြိုး မိသားစု၊ လသာ။ | ၅၀၀၀၀ |
| ၁၂၃။ မတင်မိုးသူ (Supreme Success) | ၅၀၀၀ |
| ၁၂၄။ ဦးတင်မောင်လေး၊ ဒေါ်ဝင်းမာ၊ ရန်ကင်း။ | ၂၀၀၀၀ |
| ၁၂၅။ ဦးတင်မြင့်၊ ဒေါ်ကျင်မွှေး၊ ရန်ကုန်။ | ၄၈၀၀၀ |
| ၁၂၆၊ ဒေါ်တင်ရီနှင့် သား ဒေါက်တာထွန်းအောင်၊ မဝင်းအိဖြိုး မိသားစု၊ ထောက်ကြန့်။ | ၅၀၀၀ |
| ၁၂၇။ ဦးခွေးပုအား ရည်စူး၍ ဒေါ်တင်ရွှေ၊ သား ဦးရွှေထွန်း၊ ဦးချစ်ဆန်းမောင်၊ မြောင်းမြ။ | ၂၀၀၀၀ |

၁၂၈။ မတင်သန်း၊ စမ်းချောင်း။ ၅၀၀
၁၂၉။ မတင်သန်းအေး၊ ဇေယျာသုခလမ်း၊ မေတ္တာညွန့်၊ တာမွေ။ ၁၀၀၀၀
၁၃၀။ မိခင်ဒေါ်အယ်နီအား ရည်စူး၍ ဖခင်ဦးတင်အေးအမှူးထားပြီး
ကိုသက်တင်၊ ကိုဝင်းတင်၊ အင်းစိန်။ ၂၀၀၀၀
၁၃၁။ ဦးတင်အောင်လင်း (စူပါဝမ်း)၊ ဒေါ်စုစု၊ သား မောင်ထက်ခိုင်လင်း၊
မောင်ရှင်းသန့်အောင်၊ မင်္ဂလာတောင်ညွန့်။ ၁၀၀၀၀၀
၁၃၂။ ဦးတင်ဦး၊ ဒေါက်တာလွင်မာထိုက် သား ဒေါက်တာဖြိုးထွဋ်ဦး၊
သမီး ဒေါက်တာမေဦးခင်၊ သမီး မပိုး မိသားစု၊ ရန်ကုန်။ ၁၀၀၀၀၀
၁၃၃။ ဦးတင့်လွင် (ခ) ဖိုးတာ (မြင့်သိပ္ပံ)၊ မော်လမြိုင်။ ၁၀၀၀၀၀
၁၃၄။ (ဦးညိုမောင်)အား ရည်စူး၍ ဒေါ်ထူးမိသားစု၊ ခေမာလမ်း၊စမ်းချောင်း။ ၅၀၀၀၀
၁၃၅။ မောင်ထက်နိုင်လင်း၊ မရမ်းကုန်း။ ၁၀၀၀၀
၁၃၆။ ဦးထင်ကျော်၊ ဒေါ်လှလှတင့် မိသားစု၊ မြောက်ဒဂုံ။ ၅၀၀၀
၁၃၇။ ပါမောက္ခဒေါက်တာဒေါ်ထွေးယဉ်၊ ကျောက်မြောင်း၊ တာမွေ။ ၁၀၀၀၀
၁၃၈။ ဦးထွန်းကြည်၊ ဒေါ်ထွားနှင့် ဦးချိန်ကျွမ်း၊ ဒေါ်ထွေးတို့အား ရည်စူး၍
ဒေါ်ထွေးပွဲရုံ မိသားစု၊ မော်လမြိုင်။ ၁၀၀၀၀၀
၁၃၉။ ဦးထွန်းထွဋ်၊ ဒေါ်ပြုံးကြည်၊ သားအောင်မြတ်မင်း၊ အောင်အေးဟန်၊
မိသားစု၊ ရန်ကုန်။ ၁၀၀၀၀
၁၄၀။ နှစ်ဖက်မိဘများအား အမှူးထား၍ ကိုထွန်းနန္ဒအောင်၊ မဝါဝါသက်၊
သားသက်နန္ဒအောင် မိသားစု၊ ဗဟန်း။ ၅၀၀၀၀
၁၄၁။ ဦးထွန်းမြင့်၊ ဒေါ်နုနုအောင်၊ သမီး ရွှေဇင်ဖူး၊ ဖူးသက်ပန် မိသားစု၊ တာမွေ။ ၂၀၀၀၀
၁၄၂။ ဦးထွန်းမြင့်စံ၊ ဒေါ်ဇာဇာမင်း၊ သားအောင်ဘုန်းကျော် မိသားစု (FMI) ၅၀၀၀၀
၁၄၃။ ဦးထွန်းရှိန်၊ ဒေါ်မြကြည်၊ သား ဦးတင်ဝင်း မောင်နှမများ၊ မော်လမြိုင်။ ၅၂၀၀၀
၁၄၄။ ဦးထွန်းလင်း၊ ဒေါ်မြမြအေး၊ လမ်းမတော်။ ၁၀၀၀၀
၁၄၅။ ဦးညွန့်လှိုင်အား ရည်စူး၍ ဒေါ်နီနီ မိသားစု၊ ရန်ကုန်။ ၃၀၀၀၀
၁၄၆။ (ဦးရွှေလှ)၊ ဒေါ်နုနု၊ သား ဒေါက်တာမျိုးမြ
(မေတ္တာမွန်၊ သွားနှင့်ခံတွင်းဆေးခန်း) မိသားစု၊ အင်းစိန်။ ၁၀၀၀၀၀
၁၄၇။ ဒေါ်နုနုခင် (MSI) ၁၀၀၀၀
၁၄၈။ မနေဇာဝင်း (Supreme Success) ၅၀၀၀

၁၄၉။ ဦးနေထွဋ်တင်၊ ဒေါ်နှင်းနှင်းယု၊ သမီး ဆုမြတ်ဦး၊ မလင်းလက်ထွဋ်၊ မိသားစု၊ ဟံသာရိပ်မွန်လုံးချင်းအိမ်ရာ၊ ကမာရွတ်။ ၃၀၀၀၀၀

၁၅၀။ မိဘများအား အမှူးထား၍ ဦးနေလွင်၊ ဒေါ်စန်းစန်းလွင် မိသားစု၊ ၃၃၂၊ နွယ်နီ (၇)လမ်း၊ မြောက်ဥက္ကလာပ။ ၈၄၀၀၀

၁၅၁။ ကိုနေဝင်း၊ မစံအေး မိသားစု (၁၃/၁၄) ခွဲစိပ်ဆောင်၊ ရန်ကုန်ဆေးရုံကြီး။ ၁၀၀၀

၁၅၂။ ဦးနေဝင်း၊ ဒေါ်လှလှ၊ စမ်းချောင်း။ ၁၀၀၀၀

၁၅၃။ ကိုနိုင်အောင်စိုး လှိုင်သာယာ။ ၁၀၀၀

၁၅၄။ မိခင်ကြီး ဒေါ်နန်းနွယ်အား ရည်စူး၍ သမီး နန်းခင်ခင်ဦး၊ နန်းယဉ်ယဉ်အေး၊ နန်းမိုးသီတာနွယ်၊ မန္တလေး။ ၃၅၀၀၀

၁၅၅။ မနွယ်နွယ်ဝင်း (Supreme Success)နှင့် မဝင်းမြင့်အေး၊ အေးရိပ်မွန်၊ လှိုင်မြို့နယ်။ ၆၀၀၀

၁၅၆။ ဦးပိုက်တင်၊ ဒေါ်ကြည်ကြည် မိသားစု၊ မုံရွာ။ ၅၀၀၀

၁၅၇။ ဦးဘိုကြည် (ပန်းချီဘိုကြည်)၊ ဒေါ်ဌေးဌေးမြင့်၊ သမီးမိချယ်၊ သား ဒိုရှိုင်း မိသားစု၊ ပန်းတနော်လမ်း၊ စမ်းချောင်း။ ၁၀၀၀၀၀

၁၅၈။ ဦးဘုန်းမော်ဦး၊ ဒေါ်အေးမြင့်ငြိမ်း (သူနာပြုဆရာမကြီး) သား ကျော်စွာဟိန်း မြတ်ဂေဟာ၊ ဗိုလ်တထောင်။ ၅၀၀၀

၁၅၉။ မမာဆွေ၊ မသင်းသင်း၊ မလှိုင် (သူငယ်ချင်းများ)၊ ရန်ကုန်။ ၅၀၀၀

၁၆၀။ ဒေါ်မိုးမိုး၊ သားမောင်သက်ထွန်းဦး မိသားစု၊ ဒဂုံ။ ၅၀၀၀၀

၁၆၁။ မမိုးမိုးရန်နောင်၊ မိသားစု၊ ရေကျော်လမ်းမကြီး၊ ပုစွန်တောင်။ ၁၀၀၀၀

၁၆၂။ မင်းထင်အောင်ဟန်၊ မိသီသီထွဋ် မိသားစု၊ မော်လမြိုင်။ ၁၀၀၀၀၀

၁၆၃။ ကိုမင်းမင်းဦး၊ ကိုလင်းလင်းဦး (ခေတ္တ ကိုရီးယား) ၂၀၀၀၀

၁၆၄။ ဦးမောင်ကို၊ ဒေါ်စန်းရီ မိသားစု၊ မြောက်ဒဂုံ။ ၅၀၀၀

၁၆၅။ ဦးမောင်မောင်တိုး၊ ဒေါ်မို့မို့ခင် မိသားစု၊ ဗဟန်း။ ၅၀၀၀၀

၁၆၆။ ဦးမောင်မောင်ထွန်း၊ ဒေါ်စိုးစိမ့်စိမ့်အေး၊ သမီးထွန်းအိသက်ကို သားမင်းခန့်ထွန်းနိုင် မိသားစု (၈၆-အေ)၊ ရှင်စောပုလမ်း၊ စမ်းချောင်း။ ၃၀၀၀၀

၁၆၇။ ကျေးဇူးရှင်များအား ရည်စူး၍ ဦးမောင်ဦး၊ ဒေါ်တင်တင်ဝင်း၊ သမီး မခင်ယမုံ၊ မအင်ကြင်းမွှေး မိသားစု၊ ရွှေစင်ဝင်းစတိုး၊ ဝါးခယ်မ။ ၂၀၀၀၀၀

| | |
|---|---|
| ၁၆၈။ မန်းတီးနူး၊ ဂါ့ဝင်းရိ၊ ပျဉ်းကတိုးကျေးရွာ၊ ကံကြီးဒေါင့်မြို့။ | ၁၀၀၀၀ |
| ၁၆၉။ မန်းလှဟန်၊ ဂါ့ကြင်သန်းအား အမှူးထား၍ သမီး နန့်တင်မိုးဟန် (Supreme Success) | ၁၀၀၀၀ |
| ၁၇၀။ မျိုးစန္ဒီအုန်း၊ အိသက်မွန်၊ ဝါဝါလွင်၊ စုမိုမိုဟန်၊ အိချွေစင်၊ လှည်းတန်း၊ ရန်ကုန်။ | ၁၃၀၀၀ |
| ၁၇၁။ ဦးမျိုးဆန်း၊ ဒေါက်တာနန်းသင်းမြင့်အေး မိသားစု၊ မော်လမြိုင်။ | ၁၀၀၀၀ |
| ၁၇၂။ ဦးမျိုးမင်း မောင်နှမ မိသားစု၊ ဖိုးစိန်လမ်း၊ ရန်ကုန်မြို့။ | ၁၅၀၀၀၀ |
| ၁၇၃။ ကိုမျိုးမြင့် မိသားစု၊ တောင်ဥက္ကလာပ။ | ၁၀၀၀၀ |
| ၁၇၄။ ကွယ်လွန်သူအမေ ဒေါ်ခင်သန်းရီနှင့် ကွယ်လွန်သူ ခင်ပွန်း ဦးမောင်မောင်ညွန့် တို့အားရည်စူး၍ ဒေါ်မျိုးမြင့် ကောင်းမှု၊ မောရဝတီလမ်း၊ မရမ်းကုန်း။ | ၅၀၀၀၀ |
| ၁၇၅။ မျိုးလဲ့လဲ့ဝင်း (Supreme Success) | ၁၀၀၀၀ |
| ၁၇၆။ ဦးမျိုးဟိန်းစိုး၊ ဒေါ်အေးအေးကြိုင်၊ သမီး မသက်နွယ်စိုး၊ မအိခိုင်မျိုး မိသားစု၊ မန္တလေး။ | ၅၀၀၀၀ |
| ၁၇၇။ ဦးမျိုးအောင်၊ ဒေါ်နီလာစိုး။ (Care Myanamar) | ၃၀၀၀ |
| ၁၇၈။ ဒေါ်မြစိန်၊ လမ်းမတော်။ | ၁၀၀၀၀ |
| ၁၇၉။ ဒေါ်မြတင် မိသားစု၊ မြောက်ဒဂုံ။ | ၁၀၀၀၀ |
| ၁၈၀။ ဒေါ်မြမြသိန်း၊ မိသားစု (၈၆-အေ)၊ ရှင်စောပုလမ်း၊ စမ်းချောင်း။ | ၅၀၀၀၀ |
| ၁၈၁။ ကွယ်လွန်သူ ဦးထွန်းမြင့်၊ ကိုကျော်မြင့်လွင် (ထူးအိမ်သင်)တို့အား ရည်စူး၍ ဒေါ်မြရင် မိသားစု၊ သီတာလမ်း၊ ကျောက်မြောင်း။ | ၂၀၀၀၀ |
| ၁၈၂။ ဦးမြသောင်း၊ ဒေါ်ခင်ပု၊ မိသားစု၊ လမ်းမတော် (ဒေါ်လာ-၁၀၀)။ | ၉၅၀၀၀ |
| ၁၈၃။ နှစ်ဖက်မိဘအမှူးထား၍ ဦးမြသိန်း (ဒေါ်မြင့်မြင့်) မိသားစု၊ ပုသိမ်။ | ၁၀၀၀၀ |
| ၁၈၄။ ဦးမြသိန်း၊ ဒေါ်အေးရွှေ မိသားစု သထုံမြို့နယ်၊ မရမ်းကုန်းကျေးရွာ။ | ၁၀၀၀၀ |
| ၁၈၅။ ကိုမြင့်ဆွေ၊ မတင်ချိုဝင်း၊ သမီးမအိချိုချိုမြင့်၊ သားမောင်ဝေဖြိုးမြင့်၊ ကန်လမ်း၊ လှိုင်။ | ၂၀၀၀၀ |
| ၁၈၆။ ဦးမြင့်ထွန်း၊ ဒေါ်သဇင်ခိုင်၊ သား မောင်စင်ယသညီ၊ သမီး မစောရှင်မိုးအေး မိသားစု၊ ပြည်မြို့။ | ၃၀၀၀၀၀ |
| ၁၈၇။ ဒေါ်မြင့်မြင့်ဆွေ၊ ဒေါ်နုနုချို၊ ဗဟန်း။ | ၅၀၀၀ |
| ၁၈၈။ ဆရာဦးမြင့်လွင် (မြင့်သိပ္ပံ)၊ ဒေါ်တင်တင်နွဲ့ သားသမီးနှင့် မြေးများ၊ မော်လမြိုင်မြို့။ | ၃၀၀၀၀၀ |

| | |
|---|---|
| ၁၈၉။ ဦးမြင့်လွင်(ခ) ဦးရှိုးတီ၊ ဒေါ်သန်းသန်းမြင့်(ခ) ဒေါ်ချိုချိုမြင့်၊ သမီး မဆုဝေဖြိုး၊ သား မောင်ဝေလင်းထူး၊ မောင်မျိုးမင်းထူးနှင့် မောင်အောင်မာန်ဝင့် မိသားစု၊ မော်လမြိုင်။ | ၅၀၀၀၀ |
| ၁၉၀။ ဦးမြင့်သန်း၊ ဒေါ်ခင်စန်းသိ၊ နေကျော်တန်းလမ်း၊ ပြည်မြို့။ | ၁၀၀၀၀ |
| ၁၉၁။ နှစ်ဖက်မိဘများအမှူးထား၍ ဦးမြင့်အေး၊ ဒေါ်ခင်ခင်ဝင်း မိသားစု၊ ပြင်ရွာ၊ မြောင်းမြ။ | ၁၀၀၀၀၀ |
| ၁၉၂။ ဦးမြင့်အောင်၊ ဒေါ်ဦးဆောက်ပန်း၊ သား မောင်ဖုန်းမြင့်ဇော်၊ တက္ကသိုလ်ဆေးရုံဝင်း၊ ရန်ကုန်။ | ၂၀၀၀၀ |
| ၁၉၃။ ဦးမြတ်လင်းသင်း (ကိုစိုင်း)၊ ဒေါ်တင်မိမိအေး မိသားစု၊ စမ်းချောင်း။ | ၃၀၀၀၀ |
| ၁၉၄။ ဦးယုထော်၊ ဒေါ်ကျင်နု၊ မြောင်းမြ။ | ၁၀၀၀၀ |
| ၁၉၅။ ဆရာမကြီး ဒေါ်ယဉ်နု မိသားစု၊ လှိုင်။ | ၃၀၀၀ |
| ၁၉၆။ ရတနာကျော်နှင့် မြတ်သူဇာကျော်၊ မြေနီကုန်း၊ စမ်းချောင်း။ | ၃၀၀၀၀ |
| ၁၉၇။ ကိုရဲထွဋ်အောင် (Care Myanamar)၊ မန္တလေး။ | ၃၀၀၀ |
| ၁၉၈။ မိဘ ၂-ပါးအား အမှူးထား၍ ကိုရဲမျိုးအောင် မိသားစု၊ ဗဟန်း။ | ၅၀၀၀၀ |
| ၁၉၉။ ကိုရန်နိုင်ထွန်း၊ ဗဟန်း။ | ၂၀၀၀ |
| ၂၀၀။ မရွှေဇင်ဝင်း၊ စမ်းချောင်း။ | ၅၀၀ |
| ၂၀၁။ ဦးရွှေသိန်း မိသားစု။ (Care Myanamar) | ၁၀၀၀၀ |
| ၂၀၂။ ဦးရွှေ၊ ဒေါ်ရှုတင်၊ သမီး မဌေးဌေးကြူ ပန်းသပြေသက်န်းတိုက်၊ အလုံ။ | ၃၅၀၀၀ |
| ၂၀၃။ ဦးလေးလွင်၊ ဒေါ်မိမိလွင်၊ လှိုင်။ | ၁၀၀၀၀ |
| ၂၀၄။ ဦးလှထွန်း၊ ဒေါ်တင်အေး၊ ဦးမြင့်စိုး၊ ဦးစန်းမောင်၊ ဦးလှသိန်း၊ ဦးညွန့်ဝင်း မောင်နှမတစ်စု၊ မော်လမြိုင်။ | ၅၀၀၀၀ |
| ၂၀၅။ ဦးလှဖေ၊ ဒေါ်နုနုစိန်၊ လမ်းမတော်။ | ၅၀၀၀ |
| ၂၀၆။ မိခင်ဒေါ်သီတာအား ရည်စူး၍ ဖခင်ဦးလှမြင့် အမှူးထားပြီး ကိုအောင်ကျော်ထူး၊ မသင်းသင်းနိုင်၊ သမီး မမေသင်းကျော်၊ သားမောင်အာကာကျော်၊ သမီးမလင်းစန္ဒာကျော်၊ မင်္ဂလာဈေး။ | ၁၀၀၀၀၀ |
| ၂၀၇။ ဖခင် ဦးငွေသိန်းအား ရည်စူး၍ မိခင်ဒေါ်လှသိန်း၊ သမီး ဒေါ်ဝင်းဝင်းမော် (သူနာပြုဆရာမကြီး) ချောင်းဆုံ။ | ၁၀၀၀၀၀ |
| ၂၀၈။ ဦးဝင်းကို၊ဒေါ်နွယ်နွယ်စိုး၊ သမီးသဲဦးကို၊သားခန့်မှူးကို၊မိသားစု၊ သယ်န်းကျွန်း။ | ၅၀၀၀၀ |

| | |
|---|---|
| ၂၀၉။ ကိုဝင်းဇော်၊ မမြတ်ချစ်သူဇာ၊ သား ဇွဲပြည့်စုံ မိသားစု။ မြိုင်မာလာလမ်း၊ ဘောက်ထော်။ | ၂၀၀၀၀၀ |
| ၂၁၀။ ဦးဝင်းတွတ် မိသားစု၊ (Care Myanamar) | ၁၀၀၀ |
| ၂၁၁။ ဦးဝင်းနိုင်၊ ဒေါ်ခင်မြတ်မူ မိသားစု၊ ရန်ကုန်။ | ၅၀၀၀ |
| ၂၁၂။ ဦးဝင်းမောင်၊ ဒေါ်သင်းသင်းနွယ်၊ ဗဟန်းမြို့နယ်။ | ၅၀၀၀၀ |
| ၂၁၃။ ဦးဝင်းမြင့် (ဥက္ကဋ္ဌ၊ ကုန်သည်/စက်မှုအသင်းချုပ်) ဒေါ်မြင့်မြင့်သန်း မိသားစု၊ ကမာရွတ်။ | ၃၀၀၀၀၀ |
| ၂၁၄။ ဦးဝင်းမြင့်အောင် (Diethelm & Co., Ltd) ဒေါ်သူဇာ မိသားစု။ | ၅၀၀၀၀ |
| ၂၁၅။ ဦးဝင်းအောင်၊ ဒေါ်သီသီအေး၊ သား မောင်သွန်းထက်ဦး၊ မိသားစု၊ မန္တလေး။ | ၅၀၀၀၀ |
| ၂၁၆။ ဦးဝင်းဦး၊ ဒေါ်ဥမ္မာကျော်၊ သမီး မကြည်ဖြူခင်၊ သား မောင်သားညီ မိသားစု၊ မန္တလေး။ | ၂၀၀၀၀ |
| ၂၁၇။ ဦးဝမ်းနိုင်၊ ဒေါက်တာသန္တာ (ကလေးအထူးကုဆရာဝန်)၊ သမီး မစုရှင်းသန့်၊ သား မောင်ကောင်းရှင်းသန့်မိသားစု၊ မော်လမြိုင်။ | ၁၀၀၀၀၀ |
| ၂၁၈။ ဒေါ်သီသီတင်မိသားစု၊ ရန်ကုန်။ | ၁၀၀၀၀၀ |
| ၂၁၉။ ဦးသူရဝင်းတင်၊ ဒေါ်ခင်သီတာနွယ် မိသားစု၊ စကော်ပူ။ | ၃၀၀၀၀ |
| ၂၂၀။ ကိုသက်နိုင်ထွန်း၊ မအင်ကြင်းခိုင်၊ ပြည်မြို့။ | ၁၀၀၀၀ |
| ၂၂၁။ အဘိုးအဘွားများနှင့် မိဘများအား အမျှထား၍ မောင်သက်နန္ဒအောင် ဗဟန်း။ | ၁၀၀၀၀ |
| ၂၂၂။ ဒေါ်သင်းမြတ်ယဉ် (MSI) | ၁၀၀၀၀ |
| ၂၂၃။ ဦးသောင်းလှ၊ ဒေါ်သီသီလွင် မိသားစု၊ မော်လမြိုင်။ | ၁၀၀၀၀ |
| ၂၂၄။ သားသားမောင်သန့်စင်၊ ဥက္ကလာဆောင်၊ ဆေးတက္ကသိုလ်(၂) | ၁၀၀၀၀ |
| ၂၂၅။ မိခင် ဒေါ်သန်းကျင်အား အမျှထား၍ သမီး ဒေါ်တင်တင်ဝင်း၊ ဒေါ်သန်းသန်းစိုး၊ ဒေါ်ထွေးထွေးစိုး မိသားစု၊ ဗိုလ်မြတ်ထွန်းလမ်း။ | ၅၀၀၀၀ |
| ၂၂၆။ ဒေါ်သန်းကြည် (ခ) နန်းခမ်းရွှက်လန့်၊ မူဆယ်။ | ၅၀၀၀၀ |
| ၂၂၇။ ဒေါ်သန်းကြည်၊ လှိုင်။ | ၃၀၀၀ |
| ၂၂၈။ ဦးတင်ရှိန်၊ ဒေါ်စန်းရင်တို့အား ရည်စူး၍ အစ်မ ဒေါ်သန်းခင်၊ ဦးတင်ရှိန် ပွဲရုံ မိသားစု၊ မော်လမြိုင်။ | ၅၀၀၀၀ |
| ၂၂၉။ ဦးသန်းဆွေ၊ ဒေါ်သိန်းသိန်းဌေး မိသားစု၊ မန္တလေး။ | ၂၀၀၀၀ |
| ၂၃၀။ ကိုသန်းဇော်၊ မသန်းသန်းအေး မိသားစု၊ ကမာရွတ်။ | ၅၀၀၀ |

၂၃၁။ ကိုသန်းဇော်ဦး၊ ၉-ရပ်ကွက်၊ တောင်ဥက္ကလာပ။ ၁၅၀၀၀

၂၃၂။ ကွယ်လွန်သူ ဖခင်ကြီး ဦးမောင်ကိုအား ရည်စူး၍ ဒေါ်သန်းငွေး
မိသားစု၊ ရန်ကုန်မြို့။ ၁၀၀၀၀၀

၂၃၃။ (ဦးထွန်းတင်/စာရေးဆရာမန်းတင်)ရည်စူး၍ ဒေါ်သန်းတင်
မိသားစု၊ ရန်ကုန်။ ၁၅၀၀၀၀

၂၃၄။ ဦးသန်းဝင်း၊ ဒေါ်ခင်လှရီ၊ သမီး မကြည်မာခင်၊ မိသားစု၊
(သန်းဝင်းဆေးဆိုင်) မြောင်းမြ။ ၁၀၀၀၀၀

၂၃၅။ ဦးသန်းဝင်း၊ ဒေါက်တာနိုင်နိုင်အေး၊ သား မောင်ကောင်းနိုင်ဝင်း၊ မိသားစု၊
ရန်ကုန်မြို့။ ၅၀၀၀၀

၂၃၆။ ကိုသိန်းဇော်လတ်၊ မခင်သန္တာဝင်း၊ သမီး လင်းလက်မေ မိသားစု၊ ဒဂုံ။ ၃၀၀၀၀

၂၃၇။ ဦးသိန်းငွေ၊ ဒေါ်တင်တင်အုန်း၊ သမီး ဒေါ်ခင်စန်းငွေ၊ သား မောင်ရန်ပြေ
မိသားစု၊ တာမွေ။ ၁၀၀၀၀

၂၃၈။ နှစ်ဖက်သောမိဘများအား အမှူးထား၍ ကိုသိန်းထွန်း၊ ကိုသိုက်ထွန်း
မိသားစု၊ အင်းစိန်။ ၁၅၀၀၀

၂၃၉။ ဦးသိန်းနိုင်ဦး၊ ဒေါ်သီဂီ၊ သား စွမ်းရည်ထူး မိသားစု၊ စမ်းချောင်း။ ၅၀၀၀

၂၄၀။ ဦးသိန်းဟန်၊ ဒေါက်တာသန်းသန်းနု၊ သမီး မမြတ်သီဂီဟန် မိသားစု၊
(အာရှတော်ဝင်ဆေးရုံ) ၂၀၀၀၀၀

၂၄၁။ ဦးသိန်းမောင်၊ ဒေါ်ပဲ၊ သား ဒေါက်တာအောင်နိုင်၊ မိသားစု၊ ပဲခူးမြို့။ ၁၀၀၀၀၀

၂၄၂။ ဦးဟိုစိန်၊ ဒေါ်အုန်းမြင့်တို့အား အမှူးထား၍ ကိုညီညီစိုး ကောင်းမှု
ထားဝယ်။ ၁၀၀၀၀၀

၂၄၃။ ဦးဟန်ဝင်းအောင်၊ ဒေါ်ဥမ္မာစိုး၊ သား မောင်ကောင်းမြတ်၊
မောင်ထွန်းလင်းအောင်၊ မြောက်ဒဂုံ။ ၅၀၀၀၀

၂၄၄။ ကိုဟိန်းစိုး၊ မအေးအေးသင်း၊ သားလေး အောင်ပြည့်စုံ၊ မြောက်ဥက္ကလာ။ ၂၀၀၀

၂၄၅။ မအိခိုင်၊ စမ်းချောင်း။ ၅၀၀

၂၄၆။ မအိရွှေစင်၊ စမ်းချောင်း။ ၅၀၀

၂၄၇။ ဒေါ်အိရွှေရည်ဝင်း၊ (Care Myanamar) ၅၀၀၀

၂၄၈။ ဦးအေးကို မိသားစု၊ ၈၆(အေ) ရှင်စောပုလမ်း၊ စမ်းချောင်း။ ၁၀၀၀၀

၂၄၉။ မိခင် ဒေါ်အေးငြိမ်း၊ ဦးထွန်းလှိုင်၊ ဒေါ်ကေသီလွင်၊ သမီး ဆုဖြူစင်
မိသားစု၊ မြေနီကုန်း၊ စမ်းချောင်း။ ၃၀၀၀၀

၂၅၀။ ကွယ်လွန်သူ ခင်ပွန်း ဦးမန်းမြိုင်အေးအား ရည်စူး၍ ဒေါ်အေးမြင့် မိသားစု၊ မော်လမြိုင်။ ၁၀၀၀၀

၂၅၁။ (ဦးတင့်ဆွေဦး)၊ ဒေါ်အေးမြင့်၊ အောင်ချမ်းသာ မိသားစု၊ မှော်ဘီ။ ၃၅၀၀၀

၂၅၂။ ဦးအေးမြင့်၊ ဒေါက်တာခင်ဥမ္မာခိုင် (မျက်စိအထူးကုဆရာဝန်ကြီး) သမီး မိုးဆုမွန်၊ သမီး ထက်မြက်စန္ဒီ၊ ဗဟန်း။ ၅၀၀၀၀

၂၅၃။ ဦးအေးလွင်၊ ဒေါ်သင်းသင်းအောင်၊ သမီး မေကြူသင်း မိသားစု၊ (Care Myanamar) ၃၀၀၀၀

၂၅၄။ ဦးအေးလွင်၊ ဒေါ်အေးအေးမော်၊ သား မောင်သက်ဦးလွင်၊ သမီး မသက်ထားဆု မိသားစု၊ တာမွေ။ ၁၀၀၀၀၀

၂၅၅။ ဦးအေးဝင်း၊ ဒေါ်မိမိဝါ၊ မင်္ဂလာတောင်ညွန့်။ ၁၀၀၀၀

၂၅၆။ ဦးအေးဝင်း၊ ဒေါ်မူမူသိန်း မိသားစု၊ ၁၆-ရပ်ကွက်၊ သဃ်န်းကျွန်း။ ၅၀၀၀

၂၅၇။ ကွယ်လွန်သူ ဦးကျော်အုန်းအား ရည်စူး၍ အမိ ဒေါ်အေးသင်၊ သား ဒေါက်တာသိန်းမြို့ (ဆေးရုံအုပ်ကြီး)၊ ဒေးဒရဲမြို့။ ၇၀၀၀၀

၂၅၈။ ဦးအောင်ခင်၊ ဒေါ်မေလာ သား,သမီး,မြေးတစ်စု၊ ကျုံရှင်ရွှေဆိုင်၊ ၂၁-လမ်းထိပ်၊ လသာ။ ၃၀၀၀၀၀

၂၅၉။ ဗိုလ်မှူးအောင်ခိုင် (ငြိမ်း)၊ ဒေါက်တာဝါဝါစိန် မိသားစု၊ ကမာရွတ်။ ၁၀၀၀၀၀

၂၆၀။ ဦးအောင်ဇေယျ၊ ပါမောက္ခဒေါက်တာမိုးသူဇာ (မျက်နှာနှင့်မေးရိုး ခွဲစိပ်အထူးကုဆရာဝန်ကြီး)၊ သမီး အိမ့်မျက်ခြယ် မိသားစု၊ လသာ။ ၅၀၀၀၀

၂၆၁။ ဦးအောင်ဇော်ဦး၊ ဒေါ်ရီရီထွေး၊ သား မောင်သီဟဇော်၊ သမီး မအိမွန်ဟန် မိသားစု၊ မန္တလေးမြို့။ ၂၀၀၀၀၀

၂၆၂။ ဦးအောင်ထင်ကျော်၊ ဒေါ်ချောခင်ခင် မိသားစု၊ ကျုံဟွာရွှေဆိုင်၊ ၂၁-လမ်းထိပ်၊ လသာ။ ၃၀၀၀၀၀

၂၆၃။ ကိုအောင်နိုင်ဝင်း၊ မသန္တာစိုး၊ သား မင်းပြည့်စုံအောင် မိသားစု၊ မင်္ဂလာဒုံ။ ၅၀၀၀

၂၆၄။ မောင်အောင်မင်းမော် (ခ) ဖိုးလပြည့် မော်လမြိုင်မြို့။ ၅၀၀၀၀

၂၆၅။ ဦးအောင်မျိုးတင့်၊ ဒေါက်တာခင်မြင့်ဝေ (MSI) ၁၀၀၀၀

၂၆၆။ ဦးအောင်မြင့်၊ ဒေါ်ရှုပါ၊ သား မောင်တင်အောင်မြင့် မိသားစု၊ ပုသိမ်။ ၅၀၀၀၀

၂၆၇။ ဦးအောင်မြတ်ကို၊ ဒေါ်အေးအေးသန်း၊ သား အောင်ခိုင်မင်း မိသားစု၊ ၈၆(အေ) ရှင်စောပုလမ်း၊ စမ်းချောင်း။ ၃၀၀၀၀

၂၆၈။ ဦးအောင်ဝင်း၊ ဒေါ်နွဲနွဲစန်း မိသားစု၊ ဗဟန်း။ ၅၀၀၀

၂၆၉။ ဦးအောင်သန်း၊ ဒေါ်တင်နွဲ မိသားစု၊ တာမွေ။ ၂၀၀၀၀

၂၇၀။ ဦးအောင်သိန်း၊ ဒေါ်ခင်ညို၊ ပုဇွန်တောင်။ ၁၀၀၀၀

| | |
|---|---|
| ၂၇၁။ ဒေါ်အုန်းကြည်၊ ရန်ကုန်။ | ၁၀၀၀ |
| ၂၇၂။ ဦးအုန်းရှိန်၊ ဒေါ်ညွန့်တင် မိသားစု၊ ကြို့ပင်ကောက်။ | ၃၀၀၀ |
| ၂၇၃။ ဒေါ်ဥဥခင် (MSI) | ၂၀၀၀ |
| ၂၇၄။ ဒေါက်တာကိုကို (သမားတော်ကြီး)၊ ဒေါက်တာချိုချိုခင် (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး)၊ သမီး မသဇင်ကိုကို၊ သား မောင်အာကာကိုကို၊ မိသားစု၊ ဘောဂလမ်း၊ ၉-မိုင်။ | ၅၀၀၀၀ |
| ၂၇၅။ ဒေါက်တာကျော်ကျော်ဇင်၊ ဒေါ်စန်းသန္တာကောင်း၊ သမီး မအိမ့်မျက်ခြယ်၊ သားမောင်ရှင်းသန့်အောင် မိသားစု၊ ရန်ကင်း။ | ၁၀၀၀၀ |
| ၂၇၆။ ဒေါက်တာကျော်ကျော်ဦး၊ ဒေါ်ယဉ်ယဉ်ဝင်း သား မောင်သီဟကောင်းစံ၊ လသာ။ | ၁၀၀၀၀၀ |
| ၂၇၇။ ဒေါက်တာကျော်စွာလင်း၊ ဒေါက်တာသန္တာမြင့်၊ မန္တလေး။ | ၃၀၀၀၀ |
| ၂၇၈။ ဒေါက်တာကျော်တင်မောင်၊ ဒေါ်ဖြူဖြူအောင်၊ သားရဲကျော်သူ၊ ရဲထွန်းကျော်၊ တောင်ဥက္ကလာပ။ | ၅၀၀၀၀ |
| ၂၇၉။ ဒေါက်တာကျော်မင်းသန်း၊ ဒေါ်ဆင့်ဆင့်ခိုင်၊ သား မောင်မင်းသူ၊ မောင်သော်ထက်အောင်၊ မော်လမြိုင်။ | ၁၀၀၀၀၀ |
| ၂၈၀။ ပါမောက္ခ ဦးကျော်မြင့်နိုင် (အရိုးအထူးကုဆရာဝန်ကြီး) ဒေါက်တာဒေါ်ခင်မြတ် (ဒါရိုက်တာဗဟိုရ်စည်ဆေးရုံ) မိသားစု။ | ၁၀၀၀၀၀ |
| ၂၈၁။ ဒေါက်တာကျော်ရွှေ (ညွှန်ကြားရေးမှူး၊ ဆေးသိပ္ပံဦးစီးဌာန၊ နေပြည်တော်) ဒေါ်ခင်နွဲ့အေး၊ သား အောင်သူရဖြိုးကျော်၊ သမီး လင်းသီရိကျော်၊ ခြူးအဥ္စလီကျော် မိသားစု၊ လှိုင်သာယာ။ | ၅၀၀၀၀ |
| ၂၈၂။ ဒေါက်တာကျော်လင်းထက်၊ ဒေါက်တာမြသက်စုမော်။ (Care Myanamar) | ၅၀၀၀ |
| ၂၈၃။ ဒေါက်တာဦးကျော်သူ၊ ဒေါ်ခိုင်ခိုင်တင်၊ သား ကောင်းသန့်ကျော်သူမင်း မိသားစု၊ ရန်ကုန်။ | ၅၀၀၀၀ |
| ၂၈၄။ ဒေါက်တာကြည်မာဦး (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး)၊ ရန်ကုန်။ | ၅၀၀၀၀ |
| ၂၈၅။ ဒေါက်တာကြည်လွင် (လက်ထောက်ညွှန်ကြားရေးမှူး၊ ငှက်ဖျားတိုက်ဖျက်ရေး စီမံချက်၊ နေပြည်တော်) ဒေါ်တင်မိုးဇံ၊ သား မောင်ကံလင်း၊ မောင်ကျော်လင်း၊ မောင်သာဇံ မိသားစု၊ နေပြည်တော်။ | ၂၀၀၀၀ |
| ၂၈၆။ ဒေါက်တာကြည်သန်းဦး (ခွဲစိပ်အထူးကုဆရာဝန်ကြီး)၊ ဒေါ်ခင်စန်းဦး (Asia World)၊ သမီး မအိမြတ်နိုးဦး၊ ဗဟိုစည်၊ လမ်းမတော်။ | ၂၀၀၀၀၀ |

၂၈၇။ ဒေါက်တာခင်ဇော်လှိုင် (ခွဲစိပ်အထူးကုဆရာဝန်ကြီး)၊ ဒေါက်တာနီနီသော် (မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး၊ ဗဟန်း)၊ သမီး မသော်သီရိလှိုင်၊ မအေးရတနာလှိုင် မိသားစု၊ ဗဟန်း။ ၃၀၀၀၀

၂၈၈။ ဒေါက်တာခင်မောင်ချစ်၊ ဒေါက်တာတင်တင်ဝင်း၊ မိသားစု၊ တောင်ငူ။ ၁၀၀၀၀၀

၂၈၉။ ဒေါက်တာခင်မောင်သီ၊ ဒေါ်ခင်သန်းမြင့်၊ ဘောက်ထော်။ ၁၅၀၀၀

၂၉၀။ ဒေါက်တာခင်အောင် (မေ့ဆေးအထူးကုဆရာဝန်ကြီး)၊ ဒေါ်စောဥမ္မာ၊ သား မောင်သီဟထွန်း၊ မောင်ဖြိုးထက်အောင်၊ မောင်ခိုင်ရဲသွေး မိသားစု၊ မင်းဘူး။ ၅၀၀၀၀

၂၉၁။ ဒေါက်တာခင်အောင်ထွန်း (ခွဲစိပ်အထူးကုဆရာဝန်ကြီး)၊ ဒေါက်တာတင်အေးဝင်း (ရောဂါဗေဒ အထူးကုဆရာဝန်ကြီး)၊ သား ခိုင်ခန့်ထွန်း၊ ချမ်းငြိမ်းကျော် မိသားစု၊ အမှတ် (၂) တပ်မတော်ဆေးရုံ ခုတင် (၇၀၀)၊ အောင်ပန်း။ ၅၀၀၀၀

၂၉၂။ ဒေါက်တာ ခိုင်ရွှေဝါ၊ သမီး မြတ်သော်တာထွန်း၊ ဟေသာဇင်ဇင်ထွန်း၊ ခင်နန္ဒာထွန်း၊ ရန်ကုန်။ ၁၀၀၀၀

၂၉၃။ ဒေါက်တာစပယ်ဖြူ (သမားတော်ကြီး)၊ ဗဟန်း။ ၃၀၀၀၀

၂၉၄။ ဒေါက်တာစောဝင်းမောင် လှိုင်ရတနာအိမ်ရာ။ ၁၀၀၀၀

၂၉၅။ ဒေါက်တာစံတင်အား ရည်စူး၍ ဒေါ်လှမြင့်၊ သမီး ဒေါ်သန္တာတင်၊ သား ဒေါက်တာတင်အောင်သန့်၊ ဒေါက်တာခင်မြမြလွင်၊ သမီး ဒေါက်တာစုစုတင် မိသားစု။ ၅၀၀၀၀

၂၉၆။ ဒေါက်တာစိုးငြိမ်း၊ ဒေါက်တာခင်ဝင်းကြည်၊ သား အောင်ဟိန်းကျော်၊ ကုငွေထူးအောင်၊ သမီး မေသီရိကျော် မိသားစု၊ ရန်ကုန်။ ၅၀၀၀၀

၂၉၇။ ဒေါက်တာစိုးထွန်းနိုင်၊ ဒေါက်တာရီရီလွင် သမီး မရွှန်းပြည့်ဦး၊ သား မောင်စိုးဘုန်းပြည့် မိသားစု၊ ကျိုက်လတ်မြို့။ ၂၀၀၀၀၀

၂၉၈။ နှစ်ဖက်မိဘများ အမှူးထား၍ ဒေါက်တာစန်းယု (ခွဲစိပ်အထူးကုဆရာဝန်ကြီး)၊ ဒေါ်သန်းသန်းထွေး၊ သား ညီမင်းထက်၊ သမီးချောချောရတနာ မိသားစု၊ ထားဝယ်မြို့။ ၁၀၀၀၀၀

၂၉၉။ ဒေါက်တာဇော်ဝေထူး (UNICEF)၊ မဟေမာဝင်းမြင့်၊ ရန်ကုန်။ ၅၀၀၀၀

၃၀၀။ ဒေါက်တာညီညီလွင်၊ မလေလေဝါး၊ သား ဟန်ဂျွန်မင်း မိသားစု၊ ရန်ကုန်။ ၃၀၀၀၀

| | |
|---|---|
| ၃၀၁။ ဒေါက်တာညီဝင်းစိုး (MSF, Holland)၊ ဒေါက်တာအေးအေးမိုး (MPH)၊ သားကောင်းဆက်ဝင်း မိသားစု၊ ရန်ကုန်။ | ၁၅၀၀၀၀ |
| ၃၀၂။ ဒေါက်တာငွေးလှိုင်၊ ဒေါ်အေးအေးသော်၊ သုဝဏ္ဏ။ | ၁၀၀၀၀၀ |
| ၃၀၃။ ဒေါက်တာတေဇ၊ ဒေါက်တာခင်မာရီ၊ သား ထက်လှျမ်းအောင်၊ သမီး ရွှန်းလဲ့ခင် မိသားစု၊ ချောင်းဆုံမြို့။ | ၁၀၀၀၀၀ |
| ၃၀၄။ ဒေါက်တာတင်စိုးဉာဏ်ဝင်း၊ ဒေါက်တာယဉ်မိုးခိုင် (သမားတော်ကြီး)၊ သား မောင်မင်းဟိန်းထက်၊ မောင်ဝီရလင်း၊ ရေးမြို့။ | ၂၀၀၀၀၀ |
| ၃၀၅။ ဒေါက်တာတင်မိုးကြည် (မျက်စိအထူးကုဆရာဝန်ကြီး)၊ လားရှိုး။ | ၅၀၀၀၀ |
| ၃၀၆။ ဒေါက်တာတင်မောင်ထွေး (စာရေးဆရာဒေါက်ထွေး)၊ ဒေါက်တာတင်တင်မြင့်၊ သမီး ဝင်နီမောင် မိသားစု၊ ရန်ကုန်။ | ၃၅၀၀၀ |
| ၃၀၇။ ဒေါက်တာတင်လှိုင်၊ ဒေါ်ထက်ထက်အေး၊ သမီး ဆုပြည့်မွန်၊ သင်းသီရိသူ မိသားစု၊ သဃ်န်းကျွန်း။ | ၃၀၀၀၀ |
| ၃၀၈။ ဒေါက်တာဦးတင်အောင် (အရိုးအထူးကုဆရာဝန်ကြီး)၊ ဒေါ်အေးအေးမြင့် မိသားစု (FMI) | ၈၀၀၀၀ |
| ၃၀၉။ ဒေါက်တာတင်အောင်သန့် (MSI)၊ ဒေါက်တာခင်မြမြလွင် (သားဖွားမီးယပ် အထူးကုဆရာဝန်)၊ မြောက်ဒဂုံ။ | ၁၀၀၀၀၀ |
| ၃၁၀။ ဒေါက်တာတင်ဦးလွင်၊ ဒေါက်တာမျိုးမျိုး၊ ထားဝယ်။ | ၁၀၀၀၀၀ |
| ၃၁၁။ ဒေါက်တာထိန်ဝင်း (Trainning Co-ordinator, UNODC)၊ ဒေါ်နန်းမာလာချင်း မိသားစု၊ ဒဂုံ။ | ၅၀၀၀၀ |
| ၃၁၂။ ဒေါက်တာထွေးကြူ (UNODC) မိသားစု၊ ရန်ကုန်။ | ၅၀၀၀၀ |
| ၃၁၃။ ဒေါက်တာထွန်းကျော်၊ ဒေါ်ဥမ္မာ သမီး မစပယ်ကျော့မှူး၊ သား သုခထွန်းကျော်၊ မိသားစု၊ ရန်ကုန်။ | ၁၀၀၀၀၀ |
| ၃၁၄။ ဒေါက်တာနေထွန်းဇော် (MSI)၊ ဒေါ်ခင်ပြည့်စုံကျော် | ၅၀၀၀ |
| ၃၁၅။ ဒေါက်တာနေလင်း၊ ဒေါက်တာညွန့်ညွန့်စိန် မိသားစု (နှင်းဆီကုန်းဆေးရုံ) | ၁၀၀၀၀၀ |
| ၃၁၆။ နှင်းဆီကုန်းဆေးခန်းမှ ဒေါက်တာဝင်းဝင်းမြင့်၊ ဒေါက်တာခင်လေးသန့်၊ ဒေါက်တာခင်မမ၊ ဒေါက်တာခင်အိအိစော၊ ဒေါက်တာရည်မွန်စိုး၊ ဒေါက်တာနှင်းလွင်လွင်ဦး၊ ဒေါက်တာနေလင်း၊ ဒေါက်တာအေးအေးခိုင်၊ ဒေါက်တာအေးဇာဇာမြင့်၊ ဒေါက်တာခိုင်ဝတ်ရည်ကျော် နှင့် ဒေါက်တာအေးအေးနွဲ့ ဆရာဝန်များအဖွဲ့။ | ၂၅၀၀၀ |

| | |
|---|---|
| ၃၁၇။ ဒေါက်တာနိုင်နိုင်၊ ဒေါက်တာစန်းစန်းအေး၊ သမီး ရည်မွန်ဝင့်၊ သား ရန်နောင်ထွဋ်၊ ဓနုဖြူ။ | ၅၀၀၀၀ |
| ၃၁၈။ ဒေါက်တာနိုင်ဦး (အဖွဲ့ခေါင်းဆောင်၊ အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်၊ မွန်ပြည်နယ်)၊ ဒေါက်တာညိမ်းညိမ်းရီ (မေ့ဆေးအထူးကုဆရာဝန်ကြီး)၊ သား မောင်ဆက်ပိုင်ဦးနှင့် သားငယ် မိသားစု၊ မော်လမြိုင်။ | ၅၀၀၀၀ |
| ၃၁၉။ ဒေါက်တာပြည့်ဖြိုးမောင်။ (Care Myanamar) | ၂၀၀၀ |
| ၃၂၀။ ဒေါက်တာဖေဝင်းအောင် (ခွဲစိပ်အထူးကုဆရာဝန်ကြီး)၊ ဒေါက်တာမွေးမြဲမြချန်၊ (ကလေးအထူးကုဆရာဝန်ကြီး) သမီး မရွှန်းလဲ့ယမုံအောင် တာမွေ။ | ၅၀၀၀၀ |
| ၃၂၁။ ဒေါက်တာဖြူဖြူညို (သားဖွားမီးယပ်၊ အထူးကုဆရာဝန်ကြီး)၊ မြောက်ဥက္ကလာပဆေးရုံ။ | ၂၀၀၀၀၀ |
| ၃၂၂။ ဒေါက်တာဘုန်းဆိုင် (ကာကွယ်နှင့်လူမှုရေးဆေးပညာအတိုင်ပင်ခံဆရာဝန်ကြီး) မိသားစု၊ ရန်ကုန်။ | ၅၀၀၀၀ |
| ၃၂၃။ ဒေါက်တာမူမူငြိမ်း (MSI) | ၄၀၀၀၀ |
| ၃၂၄။ ဖခင် ဦးလှစိုး အမှူးထား၍ ဦးတင်ကို၊ ဒေါက်တာမေခင်စိုး (Biochemist)၊ သား မောင်ပဏ္ဏသုတ မိသားစု၊ ရန်ကုန်။ | ၅၀၀၀၀ |
| ၃၂၅။ ဒေါက်တာမိုးကျော်ကျော် (AZG)၊ ဒေါက်တာခင်ငြိမ်းချမ်း (AZG)၊ သမီး မခင်ဘုန်းကျော်၊ သား မောင်ဘုန်းဝေမိုး မိသားစု၊ ဗဟန်း။ | ၂၀၀၀၀ |
| ၃၂၆။ ဒေါက်တာမိုးမိုးတင် (ခွဲစိပ်အထူးကုဆရာဝန်ကြီး)၊ ရန်ကုန်ပြည့်သူ့ဆေးရုံကြီး။ | ၄၀၀၀၀၀ |
| ၃၂၇။ ဒေါက်တာမိုးမိုးအောင် (MSI) | ၁၀၀၀၀၀ |
| ၃၂၈။ ဒေါက်တာမိုးသီတာ၊ ရန်ကုန်။ | ၁၀၀၀၀ |
| ၃၂၉။ ဒေါက်တာမင်းကိုကိုမောင် မိသားစု၊ (Care Myanamar) | ၁၀၀၀ |
| ၃၃၀။ ဒေါက်တာမင်းဦး (ခွဲစိပ်အထူးကုဆရာဝန်ကြီး)၊ ဒေါ်ဥမ္မာဆွေ၊ သားဇော်မင်းထူး၊ ဝေယံမင်း မိသားစု၊ ပုစွန်တောင်။ | ၁၀၀၀၀၀ |
| ၃၃၁။ ဒေါက်တာမောင်မောင်အေး (မိုးဟိန်းကုမ္ပဏီလီမိတက်)၊ ဒေါ်ခင်မိမိလှိုင်၊ သား မောင်ထက်အောင်နိုင်၊ သမီး မအေးချမ်းဖြူ ရန်ကုန်။ | ၉၀၀၀၀၀ |
| ၃၃၂။ ဒေါက်တာမျိုးမြင့် (ခွဲစိပ်အထူးကုဆရာဝန်ကြီး)၊ ဒေါက်တာမြင့်သက်မွန် (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး)၊ သမီး မလွင်လွင်စိုး၊ သား မောင်တိုးလှတိုး၊ စမ်းချောင်း။ | ၁၀၀၀၀၀ |

| | |
|---|---|
| ၃၃၃။ ပါမောက္ခဦးမျိုးမြင့် (အငြိမ်းစားအထူးကုဆရာဝန်ကြီး)၊ ပါမောက္ခဒေါ်တင်တင်အောင် (သမားတော်ကြီး) သား ကိုထွန်းနန္ဒအောင်၊ မဝါဝါသက် နှင့် မြေးမောင်သက်နန္ဒအောင်၊ သား ကိုရဲမျိုးအောင်၊ ကိုဆန်းမျိုးအောင် မိသားစု၊ ဗဟန်း။ | ၁၀၀၀၀၀ |
| ၃၃၄။ ဒေါက်တာမျိုးရာဇာ (MSI) | ၃၀၀၀ |
| ၃၃၅။ ဒေါက်တာမြတ်သူစံ (MSI) | ၅၀၀၀ |
| ၃၃၆။ ဒုတိယဗိုလ်မှူးကြီးမြင့်နိုင်၊ ဒေါက်တာ မြင့်မြင့်အေး၊ သား မျိုးမြင့်ခန့် မိသားစု၊ မြောက်ဥက္ကလာပ။ | ၂၀၀၀၀ |
| ၃၃၇။ ဖခင်(ဆရာဦးလှခင်)၊ မိခင်ဒေါ်မေကင်အား အမှူးထား၍ ဒေါက်တာယုနိုလှ ကောင်းမှု၊ မော်လမြိုင်။ | ၁၀၀၀၀၀ |
| ၃၃၈။ ဒေါက်တာရီရီခင် (ကလေးအထူးကုဆရာဝန်ကြီး)၊ ရန်ကုန်ကလေးဆေးရုံကြီး။ | ၁၀၀၀၀၀ |
| ၃၃၉။ ဖခင် ဦးတင်ဝင်းအား ရည်စူး၍ မိခင် ဒေါ်ကျင်ရီနှင့် ဒေါက်တာရဲမြင့် (သမားတော်ကြီး)၊ ဒေါ်အေးအေးဝင်း၊ သား အုပ်စိုးထိုက်၊ ဘုန်းထက်အောင်၊ သမီး အိနှင်းဖြူ ၁၄လမ်း၊ လမ်းမတော်။ | ၅၀၀၀၀ |
| ၃၄၀။ ဒေါက်တာရဲလွင်၊ ဒေါ်တင်တင်ဝင်း၊ သား သူရိန်ရဲထွဋ်ဇော်၊ အာကာမိုးမြင့်၊ ပဲခူး။ | ၁၀၀၀၀၀ |
| ၃၄၁။ ဒေါက်တာရန်နိုင်စိုး (ခွဲစိပ်အထူးကုဆရာဝန်ကြီး)၊ ဒေါက်တာနှင်းပွင့်ဖြူ၊ သမီး ဆုယွန်းမြတ်စိုး မိသားစု၊ အေးရိပ်မွန်၊ လှိုင်။ | ၅၀၀၀၀၀ |
| ၃၄၂။ ဒေါက်တာလှမြတ်ဦး၊ ဒေါက်တာကြည်ကြည်ဝင်း (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး)၊ သား ကိုအောင်မြတ်သူ သမီး မအေးမို့သူ မိသားစု (ရတနာမွန်အထူးကုဆေးခန်း) မော်လမြိုင်။ | ၁၀၀၀၀၀ |
| ၃၄၃။ ဒေါက်တာလှဝင်း၊ ဒေါက်တာတင်တင်မော်၊ သား ဉာဏ်လင်းအောင် မိသားစု၊ ပန်းလှိုင်အိမ်ရာ။ | ၁၀၀၀၀၀ |
| ၃၄၄။ ဒေါက်တာဝင်းကြိုင်၊ ဒေါ်စန္ဒာ၊ သမီး မအင်ကြင်းခိုင်၊ သား လုလု၊ မိသားစု၊ ထူးဆေးရုံ၊ မြောင်းမြ။ | ၃၅၀၀၀ |
| ၃၄၅။ ဒေါက်တာဝင်းထွန်း (မျက်နှာနှင့် မေးရိုးခွဲစိပ်အထူးကုဆရာဝန်ကြီး)၊ ဒေါက်တာအေးဝင်းဆက် (သမားတော်ကြီး)၊ သမီး မမြဆက်ထွန်း၊ မသန့်ဆက်ထွန်း၊မယုဆက်ထွန်း မိသားစု၊ မောရဝတီလမ်း၊ ၈-မိုင်။ | ၁၀၀၀၀၀ |
| ၃၄၆။ ဒေါက်တာဝင်းနိုင်၊ ဒေါ်ကြူကြူစိုး၊ သမီး သင်းဝေဝေနိုင်၊ မိသားစု၊ မင်္ဂလာတောင်ညွန့်။ | ၁၀၀၀၀၀ |

၃၄၇။ နှစ်ဖက်မိဘများဖြစ်ကြသော ဦးကျော်ကျော်၊ ဒေါ်အုန်းကြင်၊
ဦးမြသောင်း၊ ဒေါ်ငွေစိန်တို့အား ရည်စူး၍
ဒေါက်တာဝင်းနိုင်ကျော်၊ ဒေါ်မော်မော်ဆန်း၊
သမီး ရတနာကျော်၊ မြတ်သူဇာကျော် မိသားစု၊ (Supreme Success) ၂၀၁၅၀၀

၃၄၈။ ကွယ်လွန်သူ ဖခင်ဦးအစိန်အား ရည်စူး၍ မိခင်ဒေါ်ကျင်စိန် (မြောင်းမြ)၊
ဦးဂွမ်ဟုန်၊ ဒေါ်လိုင်ရင် (ထိုင်ဝမ်)တို့အား အမှူးထား၍
ဒေါက်တာဝင်းနိုင်ထွန်း၊ ဒေါ်စုစုထွေး၊ သမီး မေမျက်ခြယ် မိသားစု၊
(Supreme Success) ၃၀၀၀၀၀

၃၄၉။ ဒေါက်တာဝင်းမောင် (UNFPA)၊ ဒေါ်နီနီစိုးလှိုင်၊ သား မောင်စိုးထွန်း၊
သမီး မအိသန့်သန့်ချော၊ တာမွေ။ ၁၀၀၀၀၀

၃၅၀။ ဒေါက်တာဝင်းအောင် (Supreme Success)၊ ဒေါက်တာအေးသီတာ (IOM)၊
သမီး မသင်းသီဟန်၊ မဝင်းလဲ့ရီ မိသားစု။ ၅၀၀၀၀

၃၅၁။ ဒေါက်တာသူရဇော် (သမားတော်ကြီး)၊ မန္တလေးမြို့။ ၂၀၀၀၀၀

၃၅၂။ ဒေါက်တာသံဒိုင် မိသားစု၊ (Care Myanamar) ၁၀၀၀

၃၅၃။ ဒေါက်တာသက်လွင်ဦး (ခွဲစိပ်အထူးကုဆရာဝန်ကြီး)၊ ဒေါ်သျှားလဲ့လဲ့ချို၊
သမီး မဖူးဖူးမျက်ခြယ်၊ သားမြတ်မိုးသိခ်၊ တာမွေ။ ၃၀၀၀၀

၃၅၄။ ဒေါက်တာသက်သက်မာ မိသားစု၊ ရန်ကုန်။ ၁၀၀၀၀၀

၃၅၅။ ဒေါက်တာသက်ဦး (မှိုင်း-ဆေး ၂)၊ ဒေါက်တာရီရီချို (MPH)၊
သမီး သက်ဦးကဗျာ မိသားစု၊ ကျိုက္ကစံအိမ်ရာ၊ တာမွေ။ ၃၀၀၀၀

၃၅၆။ ဦးထွန်းအောင် (SAE, ပြည်သူ့ဆောက်လုပ်ရေး၊ ဟင်္သာတ)၊
ဒေါက်တာသင်းသင်းဝေ (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး)၊
သား မောင်မောင်သူရထွန်းအောင်၊ သမီး မခင်သီရိထွန်းအောင်၊
ဟင်္သာတမြို့။ ၃၀၀၀၀

၃၅၇။ ဒေါက်တာသောင်းတင်ထွန်း (ဆေးရုံအုပ်ကြီး၊ နေပြည်တော်)၊ ဒေါ်ရွှေစင်
မိသားစု၊ နေပြည်တော်။ ၁၀၀၀၀

၃၅၈။ ဒေါက်တာသောင်းနိုင်၊ ဒေါ်ရီရီထွေး၊ သမီး မမိုးချမ်းမြေ့ မိသားစု၊
ကောလင်းမြို့။ ၅၀၀၀၀

၃၅၉။ ဒေါက်တာသန့်ဇာနည်ဇေယျ (နားနှာခေါင်းလည်ချောင်းအထူးကုဆရာဝန်)၊
ဒေါ်ခင်စန္ဒာထွန်း၊ သမီး မြင့်မိုရ်သန့်သန့်ဇေယျထွန်း မိသားစု၊ ရန်ကုန်။ ၁၀၀၀၀၀

၃၆၀။ ဒေါက်တာသန့်ဇင် (ခွဲစိပ်အထူးကုဆရာဝန်ကြီး)၊ ဒေါ်အိအိခိုင်၊ သားအုပ်စိုးခန့်၊
သမီး ရှုပါရှင်းသန့်မိသားစု၊ သမိုင်းလမ်းဆုံ၊ မရမ်းကုန်းမြို့နယ်။ ၁၀၀၀၀၀

၃၆၁။ ဒေါက်တာသန်းဌေး၊ ဒေါ်ခင်မာဝင်း မိသားစု၊ ၁၄-လမ်း၊ လမ်းမတော်။ ၁၀၀၀၀

၃၆၂။ ဒေါက်တာသန်းဌေးတင် (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး)၊ ရန်ကုန်။ ၁၀၀၀၀၀

၃၆၃။ ဒေါက်တာသန်းထွေး၊ ဒေါက်တာနုနုခင် (MPH)၊ သမီး မကေခိုင်ကြွယ်၊
သား မောင်သန်းထိုက်စိုး မိသားစု၊ ဟသာ်တမြို့။ ၃၄၀၀၀

၃၆၄။ ဒေါက်တာသန်းထွေးဦး၊ ဒေါ်ဝင်းစန္ဒာ၊ သား မောင်မင်းခန့်ဦး၊
မောင်ရှင်းသန့်ဦး မိသားစု၊ မြစ်ကြီးနား။ ၁၀၀၀၀၀

၃၆၅။ ဒေါက်တာသန်းထွဋ် (Flix)၊ ဒေါ်တင်မျိုးနွယ်၊ သား စည်သူအောင်၊
သမီး အိမ္မွေရည်လှိုင် မိသားစု၊ ရန်ကုန်။ ၂၅၀၀၀၀

၃၆၆။ ဒေါက်တာသန်းမင်းထွဋ် (ခွဲစိပ်အထူးကုဆရာဝန်ကြီး)၊ ရန်ကုန်။ ၅၀၀၀၀

၃၆၇။ ဒေါက်တာသန်းဝင်း (ခွဲစိပ်အထူးကုဆရာဝန်ကြီး)၊ ဒေါက်တာသင်းသင်းခိုင်၊
သား မောင်သီဟဝင်း၊ မောင်ကောင်းခန့်၊ စမ်းချောင်း။ ၃၀၀၀၀

၃၆၈။ ဒေါက်တာသိန်းမြင့်စိုး၊ ဒေါ်စန္ဒာကျော်၊ သမီး ဒေဒေမိသားစု၊
ရေကျော်၊ ရန်ကုန်။ ၁၀၀၀၀

၃၆၉။ ပါမောက္ခ ဦးသိန်းလွင် (ခွဲစိပ်အထူးကုဆရာဝန်ကြီး)၊ ဒေါ်နီလာဦး၊
သမီး စုမွန်သန့်၊ အလုံ။ ၁၀၀၀၀၀

၃၇၀။ မိခင်ဒေါ်ညိုတင်အား ရည်စူး၍ ဖခင် ဦးစိုးအောင်အား အမှူးထားပြီး
ဒေါက်တာသွယ်သွယ်စိုး (ဓာတ်မှန်ဆိုင်ရာ အထူးကုဆရာဝန်ကြီး)၊
၁၄၅၊ နှင်းဆီဖြူလမ်း၊ ၃၀-ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်း။ ၃၀၀၀၀၀

၃၇၁။ ကျေးဇူးရှင်မိဘ ၂-ပါးအားရည်စူး၍ သမီး ဒေါက်တာအေးအေးလှ
(မေ့ဆေးအထူးကုဆရာဝန်ကြီး) နှင့် မြေးလေး မောင်ထူးလင်းအောင်၊
တောင်ဥက္ကလာပ။ ၁၀၀၀၀၀

၃၇၂။ ဒေါက်တာအောင်ဇော်ညွန့် (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး)၊ ဒေါ်တင်တင်မိုး၊
သမီး ကေရီဇော်၊ သား ဇော်ထက်၊ သမီး ညညဇော်၊ စစ်တွေ။ ၁၀၀၀၀၀

၃၇၃။ ဒေါက်တာအော်ဇော်ဝင်း၊ ဒေါ်သီတာနွယ်၊ သား မောင်ရဲရင့်ဟိန်းအောင်၊
သမီး မဖူးမြတ်နဒီ မိသားစု၊ မော်လမြိုင်။ ၅၀၀၀၀

၃၇၄။ ဒုတိယဗိုလ်မှူးကြီး အောင်နွဲ့အောင် (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး)နှင့် ဇနီး ဒေါ်ဖြူဖြူမြင့်၊ ကျိုင်းတုံမြို့။ ၅၀၀၀၀

၃၇၅။ ဒေါက်တာအောင်မျိုးထွန်း (မူခင်းဆိုင်ရာအထူးကုဆရာဝန်ကြီး)၊ ဒေါ်လှိုင်လှိုင်ထက်၊ သား မောင်နေအောင်လွင်၊ ဆေးတက္ကသိုလ် (၂)၊ မြောက်ဥက္ကလာပ။ ၃၀၀၀၀

၃၇၆။ ဒေါက်တာအောင်လင်း၊ ဒေါ်ခင်ငြိမ်းအေး၊ သား ဒေါက်တာကျော်စွာအောင်၊ သမီး မမြတ်ဆုအောင်၊ မသက်ဆုအောင် မိသားစု၊ ကမာရွတ်။ ၁၀၀၀၀၀

၃၇၇။ ဒေါက်တာအောင်ဝင်း (ဆေးရုံအုပ်ကြီး၊ ပေါင်းတည်မြို့)၊ ဒေါ်ခင်ပြုံး၊ သမီး မနှင်းသီရိအောင်၊ သား မောင်ကျော်ထက်အောင် မိသားစု၊ ဟင်္သာတမြို့။ ၅၀၀၀၀

၃၇၈။ ဒေါက်တာအောင်သူ (နှလုံးခွဲစိတ်အထူးကုဆရာဝန်ကြီး၊ မန္တလေး ပြည်သူ့ဆေးရုံကြီး) ဒေါက်တာစန္ဒာမြင့် (မျက်စိအထူးကုဆရာဝန်)၊ သား မောင်ကောင်းစည်သူ၊ မောင်ဖြိုးစည်သူ မိသားစု၊ မန္တလေး။ ၁၀၀၀၀၀

၃၇၉။ ဒေါက်တာအောင်သက်မင်း၊ တောင်ငူ။ ၁၀၀၀၀

၃၈၀။ ဒေါက်တာအောင်သန့် (Care Myanamar) ၂၀၀၀

၃၈၁။ သီးခြားအမည်မဖော်ပြလိုသူ အလှူရှင်မိသားစု၊ မော်လမြိုင်မြို့။ ၅၀၀၀၀

၃၈၂။ သီးခြားအမည်မဖော်ပြလိုသူ အလှူရှင်မိသားစု၊ ရန်ကုန်။ ၃၀၀၀၀

၃၈၃။ သီးခြားအမည်မဖော်ပြလိုသူ အလှူရှင်မိသားစု၊ သထုံမြို့။ ၁၀၀၀၀၀

စုစုပေါင်း ရရှိသော အလှူငွေမှာ ( ၂၂,၇၀၀,၀၀၀ ) ကျပ်
(နှစ်ရာနှစ်ဆယ့်ခုနစ်သိန်းကျပ်တိတိ) ဖြစ်ပြီးလျှင်
ထိုငွေများမှ ရရှိသော ကျမ်းစာအုပ်စုစုပေါင်းမှာ ( ၆၄၀၀ ) အုပ် ဖြစ်ပါသည်။

## ကျေးဇူးတော်ရှင် သီးလုံးဆရာတော်ဘုရားကြီး လွန်တော်မူ နှစ် (၁၅၀) ပြည့် နှင့်
## ရွှေကျင်နိကာယသာသနာ နှစ် (၁၅၀) ပြည့် အထိမ်းအမှတ်အဖြစ်

သီးလုံးဆရာတော်ဘုရားကြီး(၁၁၄၈-၁၂၂၂) ရေးသားပြုစုတော်မူအပ်သော
ဤဂမ္ဘီရတ္ထဒေသနာကျမ်းကြီးကို စဉ်ဆက်မပြတ်လည်ပတ်ထုတ်ဝေနိုင်စေရန်
ရည်သန်လျက် ရဟန်းတော်များ စောင့်စည်းထိန်းသိမ်းအပ်သည့်
(၂၂၇)သွယ်သော ဝိနည်းသိက္ခာပုဒ်တော်တို့ကို ကြည်ညိုပူဇော်သောအားဖြင့်
လှူဒါန်းငွေကျပ် (၂၂၇)သိန်းတို့ကို စုပေါင်းပါဝင် ကူညီအားဖြည့်ကြသော

## တိပိဋက ယောဆရာတော် နှင့်
## ရွှေမင်းဝံ ဆရာတော်

တို့အား အမှူးထားသည့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့သည်

ဗုဒ္ဓသာသနာ နှစ်ပေါင်း(၅၀၀၀)ကျော် အရှည်တည်တံ့စည်ပင်ပြန့်ပွားနိုင်စေရန် နှင့်
ဗုဒ္ဓဓါတရားတော်များ ကမ္ဘာတဝှမ်း ပျံ့နှံ့ထင်ရှား၍
ထပ်ဆင့်ဟောကြားကြပြီးလျှင် နာယူ, မှတ်သား, ဆောင်ထား, ကျင့်သုံးနိုင်ကြစေရန်

ငြိမ်းအေးရာမှန် မြတ်နိဗ္ဗာန် ရည်သန်ပညာပါရမီ အလှူတော်အဖြစ်

ဤကျမ်းစာအုပ်ပေါင်း (၅၀၀၀)ကျော်ကို ရိုက်နှိပ်ထုတ်ဝေ လှူဒါန်းကြပါကုန်၏။

## စာအုပ်ဝယ်ယူပူဇော်နိုင်သည့်ဌာနများ

၁။ သာသနာရေးဦးစီးဌာန၊ ကျမ်းစာအုပ်အရောင်းဆိုင်၊ ကမ္ဘာအေးကုန်းမြေ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်၊ ဖုန်း ၀၁-၆၆၀၈၄၃။

၂။ သစ္စာမဏ္ဍိုင်စာအုပ်ဆိုင်၊ ရွှေတိဂုံဘုရား တောင်ဘက်မုခ်စောင်းတန်း၊ ဖုန်း ၀၁-၃၈၇၈၄၉၊ ၃၈၃၇၅၂။

ကျေးဇူးတော်ရှင် သီးလုံးဆရာတော်ဘုရားကြီး လွန်တော်မူ နှစ် (၁၅၀) ပြည့် နှင့်

ရွှေကျင်နိကာယသာသနာ နှစ် (၁၅၀) ပြည့် အထိမ်းအမှတ်အဖြစ်

သီးလုံးဆရာတော်ဘုရားကြီး (၁၁၄၈-၁၂၂၂) ရေးသားပြုစုတော်မူအပ်သော

ဤဂမ္ဘီရတ္ထဒေသနာကျမ်းကြီးကို စဉ်ဆက်မပြတ်လည်ပတ်ထုတ်ဝေနိုင်စေရန်

ရည်သန်လျက် ရဟန်းတော်များ စောင့်စည်းထိန်းသိမ်းအပ်သည့်

(၂၂၇)သွယ်သော ဝိနည်းသိက္ခာပုဒ်တော်တို့ကို ကြည်ညိုပူဇော်သောအားဖြင့်

လှူဒါန်းငွေကျပ် (၂၂၇)သိန်းတို့ကို စုပေါင်းပါဝင် ကူညီအားဖြည့်ကြသော

## တိပိဋက ယောဆရာတော် နှင့်

## ရွှေမင်းဝံ ဆရာတော်

တို့အား အမှူးထားသည့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့သည်

ဗုဒ္ဓသာသနာ နှစ်ပေါင်း(၅၀၀၀)ကျော် အရှည်တည်တံ့စည်ပင်ပြန့်ပွားနိုင်စေရန် နှင့်

ဗုဒ္ဓ၏တရားတော်များ ကမ္ဘာတဝှမ်း ပျံ့နှံ့ထင်ရှား၍

ထပ်ဆင့်ဟောကြားကြပြီးလျှင် နာယူ, မှတ်သား, ဆောင်ထား, ကျင့်သုံးနိုင်ကြစေရန်

ငြိမ်းအေးရာမှန် မြတ်နိဗ္ဗာန် ရည်သန်ပညာပါရမီ အလှူတော်အဖြစ်

ဤကျမ်းစာအုပ်ပေါင်း (၅၀၀၀)ကျော်တို့ ရိုက်နှိပ်ထုတ်ဝေ လှူဒါန်းကြပါကုန်၏။

ကောဇာ ၁၃၆၂ သာသနာတော်နှစ် ၂၅၄၄ ခရစ်နှစ် ၂၀၀၀